HUMAN RIGHTS & DIGITAL DIVIDE

လူအခွင့်အရေးနှင့်သတင်းအချက်အလက်နည်းပညာသုံးစွဲနားလည်မှုပိုင်း ကွာဟချက်

First Edition



Anne Peacock

မြန်မာဘာသာပြန် - သစ်မင်းအိမ်

Human Rights and the Digital Divide, 1st Edition

(ISBN: 9780367728175)

authored/edited by Anne Peacock.

Authorised translation from the English language edition published by Routledge, a member of the Taylor & Francis Group.

All rights reserved.

Burmese translation edition copyright © 2024 by PNMD

လူ့အခွင့်အရေးနှင့် သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်

လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်နှင့် အခြားအခွင့်အရေးများအတွက် အင်တာနက်၏ အရေးပါမှုသည် အသုံးပြုသူများထံ ၎င်းအင်တာနက်က အပ်နှင်းထားသည့် စွမ်းဆောင်ရည်မှ ထွက်ပေါ်လာခြင်း ဖြစ်သည်။ သတင်းအချက်အလက်များကို လက်ခံရရှိခြင်းထက် ဖန်တီးကာ မျှဝေနိုင်သည့် အသုံးပြုသူများ၏ စွမ်းဆောင်ရည် ဖြစ်ပါသည်။ တည်ဆဲ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် အာမခံချက်များ၏ အခြေအနေ အတွင်းမှနေ၍ 'သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်' ကို ကျဉ်းမြောင်းစေရေး ပန်းတိုင်ကို ဤစာအုပ်က ကျိုးကြောင်းဆီလျော်စွာ အကဲဖြတ် ဆန်းစစ်ပါသည်။ အဆိုပါ သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ဆိုသည်မှာ အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့် ရရှိသူနှင့် မရရှိသူများ အကြားရှိ ကွာဟချက်ဖြစ်ပါသည်။ ဤလေ့လာဆန်းစစ်ချက်၏ အဓိကအနေဖြင့် မေးခွန်း ၂ ရပ်ကို လေ့လာခြင်း ဖြစ်သည်။ ပထမမေးခွန်းမှာ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ဟူသော အခွင့်အရေး ရှိပါသလား။ အကယ်၍ ရှိပါက အဆိုပါအခွင့်အရေးသည် မည်သို့ အလားသဏ္ဌာန်တူပါသနည်းနှင့် မည်မျှ ကျယ်ကျယ်ပြန့်ပြန့် ရှိပါသနည်း။ ဒုတိယမေးခွန်းမှာ အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်ရှိပါက သတင်းအချက် အလက်နည်းပညာ သုံးစွဲ နားလည်မှုပိုင်း ကွာဟချက်ကို ကျော်လွှားရန် နိုင်ငံများတွင် ဥပဒေအရ တာဝန်ရှိပါသလားဟူသည့် မေးခွန်းများ ဖြစ်သည်။

ဤဆွေးနွေးချက်၏ သမိုင်းကြောင်းကို လေ့လာခြင်းမှတဆင့်သာမက လူ့အခွင့်အရေးဆိုင်ရာ ဥရောပခုံရုံး (European Court of Human Rights) နှင့် အမေရိကနိုင်ငံများ၏ လူ့အခွင့်အရေးဆိုင်ရာ ခုံရုံး (Inter-American Court of Human Rights) ရှိ စီရင်ထုံးဥပဒေများကိုလေ့လာဆန်းစစ်ခြင်းနှင့် ဖြစ်ရပ်အခြေပြုလေ့လာချက်တို့မှ တဆင့် မက္ကဆီကိုနိုင်ငံ Jalisco ပြည်နယ်ရှိ သတင်းအချက်အလက်နည်းပညာ အားလုံးရရှိသုံးစွဲရေးအစီအစဉ် တခုကို ဤစာအုပ်က သုံးသပ်ချက် ချမှတ်ပါသည်။ ၎င်းမှာ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်သည် လက်ရှိ အမှန်တကယ် ရှိနေသော်ငြား လွှမ်းခြုံနယ်ပယ်သည် အလွန်ပင် အကန့်အသတ်သာရှိနေကြောင်း သုံးသပ်ထား သည်။ ၂၀၁၂ ခုနှစ် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်နှင့် အင်တာနက်ဆိုင်ရာ ပူးတွဲကြေညာ စာတမ်းသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေမူဘောင်များဖြင့် အားထုတ် လုပ်ဆောင်ထားသော လက်ရှိ အကာ အကွယ်များကို အနှစ်ချုပ် ထင်ဟပ်ပြသည်ထက် သဘောသဘာဝအားဖြင့် အောင်မြင်မှုရရှိရေး ခိုင်ကျည်သော သန္နိဋ္ဌာန်ရှိနေခြင်းပင် ဖြစ်ပါသည်။ ဤခိုင်ကျည်သော သန္နိဋ္ဌာန်အချို့ကို အနာဂတ်ကာလတွင် အဆင့်မြှင့်တင် နိုင်မည့် အရေးပါသော အခြေခံအုတ်မြစ်တရပ်ကို ဤစာအုပ်က တည်ဆောက်ပေးထားပါသည်။ သတင်းအချက် အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်သည် လူ့အခွင့်အရေးစိန်ခေါ်ချက် တရပ်မျှသာ မဟုတ်ဘဲ လူ့အခွင့်အရေးဥပဒေ တခုတည်းဖြင့်သာ ကျော်လွှားနိုင်ခြင်းလည်း မရှိနိုင်ပေ။ သို့သော်ငြား လူ့အခွင့်အရေး ဥပဒေသည် ယခုအချိန်အထိ ၎င်းထံတွင် ရှိနေသည့် အကာအကွယ်များထက် ပိုသာအောင် အကာအကွယ် ပေးခြင်းများ လုပ်ဆောင်နိုင်သလို လုပ်ဆောင်ရမည်လည်း ဖြစ်ပါသည်။

Anne Peacock သည် သူမ၏ ပါရဂူဘွဲ့ကို Essex တက္ကသိုလ်၊ လူ့အခွင့်အရေးစင်တာမှ ထိုက်ထိုက်တန်တန် ဆွတ်ခူး ရရှိခဲ့ပါသည်။ မက္ကဆီကိုနိုင်ငံ၊ Guadalajara တက္ကသိုလ်တွင် ၅ နှစ်တာကာလမျှ စာပေသင်ကြားပေးခြင်းနှင့် သုတေသနများ ပြုလုပ်ပြီးနောက် အမေရိကန်ပြည်ထောင်စု၊ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် မူဝါဒအကြံပေးအဖြစ် လက်ရှိတွင် လုပ်ကိုင်နေပါသည်။

Routledge မှ ပုံနှိပ်ထုတ်ဝေပြီး လူ့အခွင့်အရေးဥပဒေဆိုင်ရာ သုတေသနစာအုပ်စာတမ်းများ

Comparative Executive Clemency
The Constitutional Pardon Power and the Prerogative of Mercy in Global Perspective
Andrew Novak

Social and Economic Rights in Theory and Practice
Critical Inquiries
Edited by Helena Alviar Garcia, Karl Klare and Lucy A. Williams

Challenging Territoriality in Human Rights Law
Building Blocks for a Plural and Diverse Duty-Bearer Regime
Wouter Vandenhole

Care, Migration and Human Rights
Law and Practice
Edited by Siobhán Mullally

China's Human Rights Lawyers
Advocacy and Resistance
Eva Pils

Indigenous Peoples, Title to Territory, Rights and Resources
The Transformative Role of Free Prior and Informed Consent
Cathal M. Doyle

Civil and Political Rights in Japan
A Tribute to Sir Nigel Rodley
Edited by Saul J. Takahashi

Human Rights, Digital Society and the Law
A Research Companion
Edited by Mart Susi

For more information about this series, please visit:
www.routledge.com/Routledge-Research-in-Human-Rights-Law/book-series/HUMRIGHTSLAW

Human Rights and the Digital Divide

လူ့အခွင့်အရေးနှင့် သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်

Anne Peacock

Routledge
Taylor & Francis Group
LONDON AND NEW YORK

Routledge ၊ 2 Park Square ၊ Milton Park ၊ Abingdon ၊ Oxon OX14 4RN နှင့် Routledge၊ 52 Vanderbilt Avenue၊ New York၊ NY 10017 တို့မှ ၂၀၁၉ ခုနှစ်တွင် ပထမဆုံးအကြိမ်ပုံနှိပ်ထုတ်ဝေသည်။

Routledge သည် Taylor & Francis အုပ်စု၏ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းတခု ဖြစ်သည်။

© 2019 Anne Peacock

၁၉၈၈ ခုနှစ် မူပိုင်ခွင့်၊ ဒီဇိုင်းများနှင့် မူပိုင်ခွင့်မှတ်ပုံတင်ဆိုင်ရာ အက်ဥပဒေ၏ ပုဒ်မ (၇၇) နှင့် (၇၈) တို့နှင့်အညီ ဤသုတေသနစာအုပ်၏ စာရေးသူအဖြစ် ဖော်ပြရန်အလို့ငှာ Anne Peacock ၏ ရုပိုင်ခွင့်ကို အခိုင်အမာ ထည့်သွင်း ဖော်ပြထားသည်။

ပုံနှိပ်ထုတ်ဝေသူများထံမှ စာဖြင့်ရေးသားထားသည့် ခွင့်ပြုချက် မရရှိဘဲ ဤစာအုပ်၏ မည်သည့်အစိတ်အပိုင်းကိုမျှ မည်သည့်ပုံစံဖြင့်မဆို သို့မဟုတ် မည်သည့် အီလက်ထရွန်းနစ်၊ စက်ပစ္စည်းကိရိယာ သို့မဟုတ် အခြားနည်းဖြင့်မဆို ပြန်လည်ပုံနှိပ်ခြင်း သို့မဟုတ် ထုတ်ဝေခြင်း သို့မဟုတ် အသုံးပြုခြင်း မပြုလုပ်ရ။ မိတ္တူကူးယူခြင်း သို့မဟုတ် မှတ်တမ်းမှတ်ရာ ရယူခြင်းအပါအဝင် လက်ရှိ သိရှိပြီး နည်းလမ်းများ သို့မဟုတ် နောင်ကာလ တီထွင်ပေါ်ပေါက်လာမည့် နည်းလမ်းများအသုံးပြု၍လည်း ပြန်လည် ပုံနှိပ်ခြင်း သို့မဟုတ် ထုတ်ဝေခြင်း သို့မဟုတ် အသုံးပြုခြင်း မပြုလုပ်ရ။ ထို့အပြင် သတင်းအချက်အလက် သိုလှောင်သိမ်းဆည်းသည့် စနစ် သို့မဟုတ် သိမ်းဆည်းထားသည့် အချက်အလက်များကို ပြန်လည်ထုတ်ယူသုံးစွဲသည့် စနစ်ဖြင့်လည်း မပြုလုပ်ရ။

အမှတ်တံဆိပ်အသိပေးချက် - ထုတ်ကုန်ပစ္စည်း သို့မဟုတ် ကော်ပိုရိတ်အမည်များသည် အမှတ်တံဆိပ်များ သို့မဟုတ် မှတ်ပုံတင်ထားသည့် အမှတ်တံဆိပ်များဖြစ်နိုင်သည်။ ထို့အပြင် မူပိုင်ခွင့် ချိုးဖောက်လိုသည့် ရည်ရွယ်ချက် မရှိမှသာလျှင် ၎င်းအမှတ်တံဆိပ်များကို ဖော်ပြချက်နှင့် ရှင်းလင်းချက်များအတွက် အသုံးပြုနိုင်ကြသည်။

ဗြိတိသျှစာကြည့်တိုက် စာအုပ်စာတမ်းများစာရင်းဆိုင်ရာ အချက်အလက်စာရင်းစု (*British Library Cataloguing-in-Publication Data*) - ဤစာအုပ်အတွက် စာအုပ်အချက်အလက်မှတ်တမ်းကို ဗြိတိသျှစာကြည့်တိုက်တွင် ရရှိနိုင်ပါသည်။

လွှတ်တော်စာကြည့်တိုက် စာအုပ်စာတမ်းများစာရင်းဆိုင်ရာ အချက်အလက်စာရင်းစု (*Library of Congress Cataloging-in-Publication Data*) - ဤစာအုပ်အတွက် စာအုပ်အချက်အလက်မှတ်တမ်းကို တောင်းခံနိုင်ပါသည်။

ISBN: 978-1-138-48606-5 (hbk)

ISBN: 978-1-351-04679-4 (ebk)

အိန္ဒိယနိုင်ငံ၊ ချင်နိုင်းမြို့ရှိ Global Publishing Services မှ Galliard တွင် စာစီစာရိုက်သည်။

In Memoriam

Kevin Boyle

Without whose inspiration and instruction this work would not exist

“Ave atque vale”

– Catullus 101

Kevin Boyle အတွက် ဂုဏ်ပြုအမှတ်တရအနေဖြင့် ဤစာအုပ်ကို ရေးသားပြုစုခြင်း ဖြစ်ပါသည်။

သူ၏ အားပေးမှုနှင့် လမ်းညွှန်ပြသမှု မရှိပါက ယခုသုတေသနစာအုပ် ဖြစ်မြောက်လာနိုင်မည် မဟုတ်ပေ။

“သင့်အား ဦးညွှတ်ဂုဏ်ပြု၍ နှုတ်ဆက်အပ်ပါသည်”

– Catullus 101

မာတိကာ

ကျေးဇူးတင်လွှာ i

အမှုစာရင်း iv

အတိုကောက်စကားလုံးများ viii

အခန်း ၁။ အနှစ်ချုပ်မိတ်ဆက် ၁

၁-၁။ စာအုပ်၏ လွှမ်းခြုံသည့်နယ်ပယ် ၅

၁-၂။ နည်းပညာပိုင်းချဉ်းကပ်မှု ၁၁

၁-၃။ အနက်ဖွင့်ဆိုမှုဆိုင်ရာ စိန်ခေါ်ချက်များ ၁၆

၁-၄။ စာအုပ်၏ အဓိကဆိုလိုချက်များ ၂၄

၁-၅။ စာအုပ်၏ ဖွဲ့စည်းပုံ ၃၀

အခန်း ၂။ သတင်းအချက်အလက်နည်းပညာ လက်လှမ်းမီ ရရှိသုံးစွဲခွင့်နှင့် သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်အပေါ် နိုင်ငံတကာ ဆွေးနွေးချက်များ၏ သမိုင်းကြောင်းဆိုင်ရာ အခြေအနေ ၃၅

၂-၁။ အဆင့် (၁) - ကုလသမဂ္ဂ၏ အစောပိုင်းနှစ်ကာလများ ၃၈

၂-၂။ အဆင့် (၂) - ခေတ်သစ်ကမ္ဘာ့သတင်း အချက်အလက်နှင့် ဆက်သွယ်ရေး အစီအစဉ်နှင့် MacBride အစီရင်ခံစာ ၄၉

၂-၃။ အဆင့် (၃) - အင်တာနက် စီမံအုပ်ချုပ်မှု ဖိုရမ်နှင့် WSIS အကောင်အထည်ဖော်ခြင်းလုပ်ငန်းစဉ် ၆၇

၂-၄။ နိဂုံးချုပ်သုံးသပ်ချက် - လူ့အခွင့်အရေးဥပဒေ မူဘောင်တရပ်မှတဆင့် သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက် ဖြစ်စဉ်ကို လေ့လာဆန်းစစ်ရန် လိုအပ်ချက် ၉၀

အခန်း ၃။ မလုပ်ဆောင်ရမည့် တာဝန်များ ၉၃

၃-၁။ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို အနှစ်ချုပ်မိတ်ဆက်ခြင်း - ဥရောပ လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (ECHR) ၏ အပိုဒ် (၁၀) ၉၆

၃-၂။ Yildirim v. Turkey ၁၁၁

၃-၃။ အမေရိကန်နိုင်ငံများစနစ် - တူညီချက်များနှင့် ကွဲလွဲချက်များ ၁၃၈

၃-၄။ နိဂုံးချုပ်သုံးသပ်ချက် - အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့် တားမြစ်ချက်နှင့် အင်တာနက်ကို ဆက်စပ် စိစစ်ဖြတ်တောက်မှုကို တားမြစ်ခြင်း ၁၅၇

အခန်း ၄။ အင်တာနက်လက်လှမ်းမီသုံးစွဲခွင့် အဆင့်ပြေချောမွေ့စေရေး လုပ်ဆောင်ရမည့် တာဝန်များ.....၁၆၀

၄-၁။ လုပ်ဆောင်ရမည့် တာဝန်ရှိ မရှိ မည်သို့ သတ်မှတ်မည်၊ အနက်အဓိပ္ပာယ်နှင့် လွှမ်းခြုံနယ်ပယ် ၁၆၆

၄-၂။ တတိယအင်အားစု၏ တားမြစ်ချက်ကို အကာအကွယ်ပေးမည့် လုပ်ဆောင်ရမည့် တာဝန်များ ၁၇၂

၄-၃။ ဗဟုဝါဒကို လုံခြုံစိတ်ချစေရေး လုပ်ဆောင်ရမည့် တာဝန်များ..... ၁၉၅

၄-၄။ သတင်းအချက်အလက်လက်လှမ်းမီ ရရှိခွင့် စီမံပေးရေး လုပ်ဆောင်ရမည့် တာဝန်များ..... ၂၂၃

၄-၅။ လူတိုင်းအင်တာနက် လက်လှမ်းမီ သုံးစွဲခွင့် အဆင့်ပြေချောမွေ့စေရေးအတွက် လုပ်ဆောင်ရမည့် တာဝန်များအပေါ် ဖြစ်နိုင်ခြေရှိသည့် အကျိုးသက်ရောက်မှုများ.....၂၃၃

၄-၆။ သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကို ကိုင်တွယ်ဖြေရှင်းရန် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်အတွက် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ ၂၃၈

အခန်း ၅။ သတင်းအချက်အလက်နည်းပညာ အားလုံး ရရှိသုံးစွဲမှု အာမခံချက်များ အားကောင်း ခိုင်မာရေးအတွက် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်ကို အသေအချာ လေ့လာခြင်း.....၂၄၁

၅-၁။ ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် မရှိမဖြစ်လိုအပ်သော အခွင့်အရေးများ ၂၄၃

၅-၂။ လူ့အဖွဲ့အစည်းရှိ အင်တာနက်၏ အခန်းကဏ္ဍနှင့် ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံမူ ၂၅၆

၅-၃။ ခွဲခြားမှုမရှိခြင်း - တန်းတူညီမျှမှုဖြင့် ‘အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်’ ကို ပုံဖော်ခြင်း.....၂၆၄

၅-၄။ နိဂုံးချုပ်သုံးသပ်ချက် - သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက် ကျဉ်းမြောင်းစေရေး ပို၍ ပြည့်စုံသည့် လူ့အခွင့်အရေးဥပဒေမူဘောင်တရပ် ဖန်တီးခြင်း ၂၇၂

အခန်း ၆။ သတင်းအချက်အလက်နည်းပညာ အားလုံး ရရှိသုံးစွဲရေး ဆိုင်ရာ ဖြစ်ရပ်အခြေပြု လေ့လာမှု.....၂၇၅

ရည်ရွယ်ချက်နှင့် လွှမ်းခြုံနယ်ပယ် ၂၇၇

၆-၁။ ၂၀၁၃ ခုနှစ် La Agenda Digital Jalisco အတွက် Jalisco ၏ ဥပဒေမူဘောင်.....၂၇၈

၆-၂။ JDA ၏ သတင်းအချက်အလက်နည်းပညာ အားလုံးရရှိသုံးစွဲရေး အကောင်အထည်ဖော်ခြင်းဆိုင်ရာ မူဘောင် ၂၈၃

၆-၃။ ရပ်ရွာအခြေပြုသတင်းအချက်အလက်နည်းပညာ စင်တာများ၏ သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှု တက်မြောက်ရေး မြှင့်တင်ခြင်း၊ လူပ်ရှားမှုများနှင့် ဝန်ဆောင်မှုများကို ပိုမို လက်လှမ်းမီ ရရှိခြင်း ၂၉၀

၆-၄။ သတင်းအချက်အလက်နည်းပညာ အားလုံး ရရှိသုံးစွဲရေး အစီအစဉ် ထိထိရောက်ရောက် အကောင်အထည်ဖော်ရေးကို တားဆီးနေသည့် စိန်ခေါ်ချက်များ သို့မဟုတ် အဆီးအတားများ ၃၀၃

၆-၅။ နိဂုံးချုပ်သုံးသပ်ချက် - သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက် ကျဉ်းမြောင်းစေရေးအထောက်အပံ့ပေးမည့် အပြန်အလှန် အားဖြည့်ပေးနေသည့် သုတေသနအလားအလာများ ၃၁၃

အခန်း ၇။ နိဂုံးချုပ်သုံးသပ်ချက်..... ၃၁၆

၇-၁။ အခြေခံအဆောက်အဦလက်လှမ်းမီ သုံးစွဲခွင့်နှင့် အကြောင်းအရာ လက်လှမ်းမီ ရရှိခွင့် ၃၁၇

၇-၂။ အွန်လိုင်းပေါ်ရှိ ထုတ်ဖော်ပြောဆိုချက်များကို အမျိုးအစား သတ်မှတ်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ.....၃၂၅

၇-၃။ အပြည်ပြည်ဆိုင်ရာဥပဒေစံနှုန်းများကို အသေးစိတ်လေ့လာခြင်း.....၃၂၇

၇-၄။ သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်နှင့် လူ့အခွင့်အရေး ကာကွယ် စောင့်ရှောက်ခြင်းကို ချိတ်ဆက်ခြင်း - သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက် ကျဉ်းမြောင်းစေရေးအတွက် ပညာရပ်စုံချိတ်ဆက်ထားသည့် အစီအစဉ်ချမှတ်ခြင်း.....၃၃၂

ကိုးကားသည့် စာစုစာရင်း..... ၃၃၅

ကျေးဇူးတင်လွှာ

*လူ့အခွင့်အရေးနှင့် သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်*သည် ၁၀ နှစ် ကျော်မျှ သုတေသနပြုကာ ရေးသားပြုစုရသည့် အလုပ် ဖြစ်ပါသည်။ ကျွန်မအနေဖြင့် ကျေးဇူးဥပကာရ တင်ရှိလို သူများနှင့် စိတ်ရောကိုယ်ပါ ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ပြောကြားလိုသူ အများအပြား ရှိပါသည်။ ကျေးဇူး ဥပကာရ တင်ရှိကြောင်း ကျွန်မအနေဖြင့် ဖော်ပြလိုသည့် အဖွဲ့အစည်းများလည်း ရှိပါသည်။

ဤစာအုပ်သည် Essex တက္ကသိုလ်၊ လူ့အခွင့်အရေးစင်တာတွင် ပါရဂူဘွဲ့ယူကျမ်းအဖြစ် စတင် မွေးဖွားခဲ့ ပါသည်။ ကျွန်မကို ပထမဆုံး လမ်းညွှန်ပြသပေးသည့် ဆရာဖြစ်သူ Kevin Boyle သည် ဤသုတေသန၏ အစောပိုင်း အဆင့်များကတည်းက ကွယ်လွန်အနိစ္စရောက်ရှိခဲ့ပါသည်။ ဆရာ၏ ကြီးကြပ်လမ်းညွှန်မှုအောက်မှ နေ၍ ရေးသားခဲ့သည့် မဟာဝိဇ္ဇာဘွဲ့ယူကျမ်းတွင် တင်ပြခဲ့သည့် အယူအဆများကို ပြီးမြောက်အောင် ဆောင်ရွက် ရန်အတွက် Essex တက္ကသိုလ်သို့ ပြန်လာရန် ကျွန်မရွေးချယ်ရာတွင် ဆရာသည် ကျွန်မအား စိတ်ခွန်အားပေး တိုက်တွန်းခဲ့သူ ဖြစ်ပါသည်။ သုတေသနဆက်လက်လုပ်ဆောင်ရန် ဆရာပေးခဲ့သည့် ယုံကြည်မှု၊ ခွန်အားများနှင့် အလုပ်ကို ပြီးမြောက်အောင်ဆောင်ရွက်ခြင်းသည် ဤအခါသမယသို့ ရောက်ရှိစေသည့် အတော်ပင် အတိုင်းအတာ ကြီးမားသည့် စိတ်ခွန်အားပင် ဖြစ်ပါသည်။ စွမ်းဆောင်ရည်အမျိုးမျိုးဖြင့် သုတေသနကို စီမံကြီးကြပ် ပေးခဲ့သည့် လူ့အခွင့်အရေးစင်တာ မဟာဌာနအဖွဲ့ဝင် အများအပြား၏ အထောက်အပံ့နှင့် ဝေဖန်ဆန်းစစ်ချက်များ အတွက်လည်း ကျွန်မသည် ကျေးဇူးတင်ရှိပါသည်။ Chris Marsden ၊ Rohan Kariyawasam ၊ Sabine Michalowski ၊ Lorna McGregor နှင့် Lorna Woods တို့သာမက နောက်ပိုင်း ကျွန်မ၏ စာစစ်သူများဖြစ်သည့် Sir Nigel Rodley နှင့် Rachel Crauford Smith တို့ကို ကျေးဇူးတင်ရှိပါသည်။ Essex တက္ကသိုလ်သည် လူ့အခွင့်အရေး အလုပ်အပေါ် ချစ်မြတ်နိုးစိတ်ကို ကျွန်မဘဝအတွင်း ဆောင်ကြဉ်းပေးသည့် အဖွဲ့အစည်း ဖြစ်ပါသည်။ ထိုမျှသာမက အတော်ဆုံးနှင့် စေတနာ အညီအမျှထားရှိကာ သဘောကောင်းကြင်နာတတ်သော လူအချို့ကိုလည်း ကျွန်မဘဝ အတွင်း ယူဆောင်လာပေးပါသည်။ Jackie Dugard ၊ Richard Hamilton ၊ Guillermo Luevano-Martinez ၊ Kirsten Melling ၊ Sarah Richardson ၊ Alex Wilks တို့နှင့် ဝမ်းမြောက်ပျော်ရွှင်ဖွယ် သူငယ်ချင်း ဖြစ်ခွင့်ရရှိခဲ့ ပါသည်။ လွန်ခဲ့သည့် ၇ နှစ်တာကာလတလျှောက်လုံး အမေရိကန်ပြည်ထောင်စု၏ နိုင်ငံခြားရေးဝန်ကြီးဌာနသည် ကျွန်မအလုပ်လုပ်ကိုင်သည့် နေရာဌာနဖြစ်ခဲ့ပြီး ကျွန်မ၏ ချစ်မြတ်နိုးရသည့် ပညာရပ်ဖြစ်သော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေကို လက်တွေ့ အကောင်အထည်ဖော်နိုင်သည့် အခွင့်အရေးကို ကျွန်မအား ပေးအပ်ပါသည်။ ထို့အပြင် နိုင်ငံများနှင့် ဒေသများအကြောင်း အနှံ့အစပ် နားလည်သဘောပေါက်မှုကို မြှင့်တင်ပေးခဲ့ပါသည်။ ပြည်သူ့ရေးရာလုံခြုံရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆိုင်ရာ တွဲဖက်ဒုတိယအတွင်းဝန်ဟောင်းဖြစ်သူ Dr Sarah Sewall နှင့် သံအမတ်ကြီး Kathleen Fitzpatrick ကို အထူးပင် ကျေးဇူးတင်ရှိပါသည်။ ဤစာအုပ်ဖြစ်လာမည့် ကျွန်မ၏ ပါရဂူဘွဲ့ သုတေသနနှင့် ရေးသားပြုစုခြင်း၏ နောက်ဆုံးအဆင့် ပြီးမြောက်စေရန် လိုအပ်သည့် အကြံဉာဏ်ပေးသည်သာမက အချိန်နှင့် လွတ်လွတ်လပ်လပ် လုပ်ကိုင်ခွင့်ကိုလည်း ခွင့်ပြုပေးသည့်အတွက် ဖြစ်ပါသည်။ ထို့အပြင် ကျွန်မ၏ အထက်အရာရှိများထံမှ ရရှိသည့် အကူအညီများအတွက် ရင်နှင့်အမျှ ကျေးဇူးတင်ရှိသည့်အပြင် ကျွန်မ၏ လုပ်ဖော်ကိုင်ဖက်များဖြစ်သော Gusty Babson ၊ Col. Gregg Brinsfield၊ Ambassador Luis CdeBaca၊ Lucy Chang၊ Melissa Dymek၊ Heather Flynn၊ Alison Kiehl Friedman၊ Julia

Fromholz၊ Doug Grob၊ Col. Joseph Jackie၊ Molly Jackson၊ Courtney Nelson၊ Charlotte Oldham-Moore၊ Maria Olson နှင့် Brooke Spelman တို့ကို အထူးကျေးဇူးတင် သဝဏ်လွှာ ပေးပို့လိုပါသည်။ ထို့အပြင် လုပ်ရိုးလုပ်စဉ် လုပ်ငန်းခွင်အထောက်အပံ့ထက်ပို၍ အကူအညီပေးခဲ့ပြီး နှစ်လိုဖွယ် သူငယ်ချင်းများဖြစ်လာကြသည့် အခြားသော မရေမတွက်နိုင်အောင် များပြားသည့် လုပ်ဖော်ကိုင်ဖက်များကိုလည်း အထူးပင် ကျေးဇူးတင်ကြောင်း ပြောကြား လိုပါသည်။

ကျွန်မ၏ သုတေသနကို နေရာပေါင်းစုံတွင် ပြုလုပ်ခဲ့ပါသည်။ ဗြိတိန်နိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် မက္ကဆီကိုနိုင်ငံတို့ ပါဝင်သည်။ မက္ကဆီကိုနိုင်ငံသည် ကျွန်မ ၅ နှစ်ကြာ နေထိုင်ခဲ့ပြီး ကွင်းဆင်း လေ့လာမှုများ ဆောင်ရွက်ခဲ့သည့် နေရာလည်း ဖြစ်သည်။ လူ့အလွှာအမျိုးမျိုးမှ စာကြည့်တိုက်မှူးများ၊ ရပ်ရွာခေါင်းဆောင်များနှင့် အင်တာဗျူးဖြေဆိုသူများအားလုံးကို အလွန်ပင် ကျေးဇူးဥပကာရ တင်ရှိပါသည်။ ကျွန်မ၏ သုတေသနအတွက် အရေးပါသည့် အချက်အလက်ကုန်ကြမ်းများဖြစ်သည့် သတင်းအချက်အလက်များနှင့် သွားရေးလာရေးကို စီမံပေးခဲ့ကြသည့်အတွက် ဖြစ်ပါသည်။ ၎င်းတို့၏ အမြင်ရှုထောင့်များနှင့် အတွေ့အကြုံများသည် ဤစာအုပ်တွင် ဆွေးနွေးထားသည့် ကိစ္စရပ်များ၏ အခြေအနေမှန်ကို ဖော်ထုတ်ပြသပေးပါသည်။ Nathalie Brauxi Dr Manuel Moreno Castañeda၊ Diana Ferrari၊ Guadalupe Gonzalez၊ Stacey Pastor၊ Rodrigo Sedano နှင့် Pablo Ugalde တို့ကို အထူးကျေးဇူးတင်ရှိပါသည်။

နေရာများစွာနှင့် နည်းလမ်းပေါင်းစုံတို့ဖြင့် တွေ့ဆုံခဲ့သည့် သူငယ်ချင်းများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် တခဏတာ တွေ့ဆုံရသူများအပါအဝင် လူပေါင်းများစွာသည် စိတ်ဝင်တစားရှိကြောင်းနှင့် အားပေးကြောင်း ဖော်ပြလျက် ရှိကြသည်။ အဆိုပါသူများမှ ဆောင်ကြဉ်းပေးလာသည့် ဤစိတ်ဝင်တစားတုံ့ပြန်မှုများနှင့် အားထုတ်မှုများအတွက် ကျွန်မသည် စိတ်ထဲမှတ်မှတ်ထင်ထင်ရှိကာ အမြဲပင် ကျေးဇူးတင်ရှိနေမည် ဖြစ်ပါသည်။ ဤစိတ်ထဲမှတ်မှတ်ထင်ထင် ရှိနေမည့် အမည်များအနက် အချို့မှာ Mary ElShammaa၊ Nathaniel Mason၊ Justin Irwin၊ Jon Peha၊ Romuald Prouteau၊ John Saveland နှင့် Phillipa Tucker တို့ ဖြစ်ကြသည်။

ကျွန်မ၏ တည်းဖြတ်သူဖြစ်သော Jennifer Miller ကို သူမ၏ မည်သည်းမည်သျှအားစိုက်ထုတ်မှုများနှင့် အဆုံးစွန် အကူအညီပေးမှုများအတွက် အထူးပင် ကျေးဇူးတင်ပါသည်။ သတ်မှတ်ချိန် တခုပြီး တခု အပြီးသတ် ဆောင်ရွက်ခြင်းဖြင့် ကျွန်မကို ရှေ့ဆက်နိုင်စေခဲ့ပါသည်။ သူမ၏ အကူအညီသာ မရရှိပါက အားထည့်လုပ်ကိုင်ရသည့် အချိန်ပြည့်အလုပ်ကို လုပ်ကိုင်နိုင်မည်မဟုတ်သကဲ့သို့ပင် ဤသုတေသနကိုလည်း ဘယ်သော အခါမျှ ပြီးစီးနိုင်မည် မဟုတ်ပေ။ ထုတ်ဝေရေးလုပ်ငန်း၏ တည်းဖြတ်သူများသာမက ၎င်းတို့၏ အမည်နာမ မဖော်လိုသော ဝေဖန်စိစစ်သူများ၏ အကြံပြုချက်များနှင့် အားပေးတိုက်တွန်းမှုတို့အတွက်လည်း အလွန်ပင် ကျေးဇူး ဥပကာရ တင်ရှိပါသည်။

နောက်ဆုံးအနေဖြင့် ရေတွက်နိုင်သည်ထက် များပြားသည့် နည်းဖြင့် ကျွန်မကို အထောက်အပံ့ပေးလျက်ရှိသည့် ကျွန်မ၏ မိသားစုကို အမြဲထာဝရ ကျေးဇူးတင်ရှိနေပေမည်။ စကားလုံးဖြင့် ဖော်ပြမရနိုင်လောက်အောင် အလှလှူက်သည်းလှူက် ကျေးဇူးတင်ရှိနေခြင်းကို မိသားစုဝင်များက ခံစားနိုင်မည်ဟု ကျွန်မ ယုံကြည်နေမိသည်။ စိတ်လွတ်လပ်ပေါ့ပါးစွာ အမှီအခိုကင်းကင်း နေထိုင်တတ်ပြီး စူးစမ်းလိုစိတ်ရှိသည့် ကျွန်မ၏ စရိုက်ကို အမြဲပင် ထောက်ခံပေးနေသည့် ကျွန်မ၏ မိဘများဖြစ်သော Robert Peacock နှင့် Phoebe Peacock တို့ကို

ကျေးဇူးတင်ရှိပါသည်။ အစဉ်အလာထုံးတမ်းများကို အာခံပြီး အိမ်မက်များကို အကောင်အထည်ဖော်ကာ ဘဝတလျှောက်လုံး ရှင်သန်ရေးအတွက် မိဘများက အားပေးလျက်ရှိခြင်းကြောင့်လည်း ကျေးဇူးတင်ပါသည်။ အမည်နာမ နှစ်ခုကို ခေါ်ဆိုပြီး ကျေးဇူးတင်လွှာ အဆုံးသတ်မည်ကို မိသားစုဝင်အားလုံးက နားလည်ပါလိမ့်မည်။ ကျွန်မနှင့် ချွတ်စွပ်တူသည့် အမွှာညီအစ်မ Mary Peacock နှင့် ခဲအိုဖြစ်သူ Philip Gentry တို့သည် ဤသုတေသနကြိုးတင် စီစဉ်သည့်အဆင့်ကတည်းက အကြံပေးလမ်းညွှန်ကြပြီး တိုင်ပင်ဆွေးနွေးပေးပါသည်။ နိမ့်တုံမြင့်တုံ လောကဓံကြုံတွေ့ရသည့် နှစ်များစွာကို ကျွန်မအား တည်တည်ငြိမ်ငြိမ် ဖြတ်သန်းကျော်လွှားသွားစေရန် ပြုစုစောင့်ရှောက်ခဲ့ကြသည်။ ကျွန်မ၏ အချစ်ဆုံး တူနှင့် တူမ ဖြစ်သော Wilfred နှင့် Amelia တို့သည် အဒေါ်ဖြစ်သူနှင့် အားလပ်ချိန် အနည်းငယ်ကို မကြာမီတွင် ပို၍ ရလာနိုင်မည်ဟုလည်း မျှော်လင့်ရပါသည်။ ကျွန်မနေဖြင့် များစွာ ကျေးဇူး ဥပကာရ တင်ရှိပါသည်။

အမှုစာရင်း

လူ့အခွင့်အရေးဆိုင်ရာ ဥရောပခုံရုံး (European Court of Human Rights)

Adali v. Turkey App no 38187/97 (ECtHR, 31 March 2005).

Airey v. Ireland (1979) Series A no 32.

Akdeniz v. Turkey App no 20877/10 (ECtHR, 3 November 2014).

Alekseyev v. Russia App nos 4916/07, 25924/08 and 14599/09 (ECtHR, 21 October 2010).

Animal Defenders International v. United Kingdom App no 48876/08 (ECtHR, 22 April 2013), para 8.

Appleby v. United Kingdom ECHR 2003-VI, para 35.

Association Ekin v. France ECHR 2001-VIII.

Autronic AG v. Switzerland (1990) Series A no 178.

Barthold v. Germany (1985) Series A no 90, para 58.

Belgian Linguistic Case (No. 2) (1968) Series A no 6, para 3.

Castells v. Spain (1992) Series A no 236, para 43.

Centro Europa 7 S.R.L and Di Stefano v. Italy ECHR 2012, para 156.

Chassagnou and Others v. France ECHR 1999-III.

Christians against Racism and Fascism v. the United Kingdom (1980) DR 21.

Delfi AS v. Estonia App no 64569/09 (ECtHR, 10 October 2013), Judgment section.

Dink v. Turkey App nos 2668/07, 6102/08, 30079/08, 7072/09 and 7124/09 (ECtHR, 14 September 2010).

Frasila and Ciocirlan v. Romania App no 25329/03 (ECtHR, 10 May 2012), para 63.

Freedom and Democracy Party (ÖZDEP) v. Turkey ECHR 1999-VIII.

Fuentes Bobo v. Spain App no 39293/98 (ECtHR, 29 February 2000).

Gorzelik and Others v. Poland ECHR 2004-I.

Guerra and Others v. Italy ECHR 1998-I.

Handyside v. the United Kingdom (1976) Series A no 24.

Hirst v. the United Kingdom (no. 2) ECHR 2005-IX.

Informationsverein Lentia and Others v. Austria (1993) Series A no 276.

Jankovskis v. Lithuania App no. 21575/08 (ECtHR, Communicated Case, 27 September 2010).

Jersild v. Denmark (1994) Series A no 15.

Jersild v. Denmark (1994) Series A no 298.

Kalda v. Estonia App no 17429/10 (ECtHR, Communicated Case, 16 March 2010).

Kenedi v. Hungary App no 31475/05 (ECtHR, 26 May 2009).

Khurshid Mustafa & Tarzibachi v. Sweden App no 23883/06 (ECtHR, 16 December 2008).

Lingens v. Austria (1986) Series A no 103.

Lyashko v. Ukraine App no. 21040/02 (ECtHR, 08 October 2006).

Manole and Others v. Moldova ECHR 2009.

Marckx v. Belgium (1979) Series A no 31.

Markt Intern Verlag and Klaus Beerman v. the Federal Republic of Germany (1987) Series A no 165.

Monnat v. Switzerland ECHR 2006-X.

Mouvement Raëlien Suisse v. Switzerland ECHR 2012.

Muller and Others v. Switzerland (1998) Series A no 133.

Neij and Sunde Kolmisoppi v. Sweden App no 40397/12 (ECtHR, 19 February 2012).

Oberschlick v. Austria (1991) Series A no 204.

Observer and Guardian v. the United Kingdom (1991) Series A no 216.

Özgür Gündem v. Turkey ECHR 2000-III.

RTBF v. Belgium ECHR 2011 (extracts).

Sdružení Jihočeské Matky c. la République tchèque (dec), App no 19101/03 (ECtHR, 10 July 2006).

Sejdić and Finci v. Bosnia and Herzegovina ECHR 2009.

Silver and Others v. the United Kingdom (1983) Series A no 61.

Sitaropoulos and Giakoumopoulos v. Greece ECHR 2012.

Stankov and the United Macedonian Organisation Ilinden v. Bulgaria ECHR 2001-IX.

Steel and Morris v. the United Kingdom ECHR 2005-II.

Stoll v. Switzerland ECHR 2007-V.

Sunday Times v. United Kingdom (1979) Series A no 30.

Társaság a Szabadságjogokért v. Hungary App no 37374/05 (ECtHR, 14 April 2009).

Thorgeirson v. Iceland (1992) Series A no 239.

Times Newspapers Ltd v. the United Kingdom (nos. 1 and 2) ECHR 2009.

United Communist Party of Turkey and Others v. Turkey ECHR 1998-I.

VgT Verein gegen Tierfabriken v. Switzerland ECHR 2001-VI. VgT Verein gegen Tierfabriken v. Switzerland (no. 2) App no 32772/02 (ECtHR, 30 June 2009).

Wingrove v. the United Kingdom ECHR 1996-V.

Women on Waves and others v. Portugal App no 31276/05 (ECtHR, 02 March 2009).

Yildirim v. Turkey App no 3111/10 (ECtHR, 18 December 2012).

Young, James and Webster v. the United Kingdom (1981) Series A no 44.

Youth Initiative for Human Rights v. Serbia App no 48135/06 (ECtHR, 25 June 2013).

အမေရိကန်ိုင်ငံများ၏ လူ့အခွင့်အရေးဆိုင်ရာ ခုံရုံး (Inter-American Court of Human Rights)

Castaneda Gutman v. Mexico (2008) Series C no 184.

Claude-Reyes et al. v. Chile (2006) Series C no 151.

Compulsory Membership in an Association Prescribed by Law or the Practice of Journalism (Article 13 and 29 American Convention on Human Rights) Advisory Opinion OC-5/85 (1985) Series A no 5.

Herrera-Ulloa v. Costa Rica (2004) Series C no 107.

Ivcher-Bronstein v. Peru (2001) Series C no 74.

Kimel v. Argentina (2008) IACtHR Series C no 177.

Lopez Alvarez v. Honduras (2013) Series C no 269.

Olmedo Bustos et al. v. Chile ('The Last Temptation of Christ' case) (2001) Series C no 73.

Palamara-Iribarne v. Chile (2005) Series C no 135.

Ricardo Canese v. Paraguay (2004) Series C no 111.

ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီ (United Nations Human Rights Committee)

Shin v. Republic of Korea, Communication No. 926/2000.

Zundel v. Canada, Communication No. 1341/2005. Views adopted on 20 March 2007.

Shchetoko et al. v. Belarus, Communication No. 1009/2001, Views adopted on 11 July 2006.

Kivenmaa v. Finland, Communication No. 412/1990, Views adopted on 31 March 1994.

Fernando v. Sri Lanka, Communication No. 1189/2003.

အမေရိကန်ပြည်ထောင်စု (United States)

Abrams v. United States (1919) 250 US 616, 40S Ct 17, 63 L Ed 1173. Ward v. Rock against Racism (1989) 491 US 781, 791.

အတိုကောက်စကားလုံးများ

2011 SR REPORT	၂၀၁၁ ခုနှစ် အထူးအစီရင်ခံတင်သွင်းသူ၏ အစီရင်ခံစာ (2011 Special Rapporteur Report)
ACHPR	လူသားနှင့် ပြည်သူ့အခွင့်အရေးဆိုင်ရာ အာဖရိက ကော်မရှင် (African Commission on Human and Peoples' Rights)
ACHR	လူ့အခွင့်အရေးဆိုင်ရာ အမေရိကနိုင်ငံများ၏ သဘောတူစာချုပ် (American Convention on Human Rights)
ACHRPR	အာဖရိက လူသားနှင့် ပြည်သူ့အခွင့်အရေးများဆိုင်ရာ ပဋိညာဉ် (African Charter of Human Rights and Peoples' Rights)
ADRDM	လူသားအခွင့်အရေးနှင့် တာဝန်များဆိုင်ရာ အမေရိကနိုင်ငံများ၏ ကြေညာစာတမ်း (American Declaration of the Rights and Duties of Man)
AU	အာဖရိက သမဂ္ဂ (African Union)
CASA	Comunidades de Aprendizaje y Servicios Académicos
COM	ဝန်ကြီးများကော်မတီ (Committee of Ministers)
DCC	ရပ်ရွာအခြေပြု သတင်းအချက်အလက်နည်းပညာ စင်တာများ (Digital Community Centres)
DIF	ပေါင်းစည်းညီညွတ်သော မိသားစုဆိုင်ရာ အတွင်းရေးမှူး (Secretary of the Integral Family)
ECHR	ဥရောပ လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (European Convention on Human Rights)
ECOSOC	ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီ (United Nations Economic and Social Council)
ECTHR	လူ့အခွင့်အရေးဆိုင်ရာ ဥရောပခုံရုံး (European Court of Human Rights)
GC25	အထွေထွေမှတ်ချက် ၂၅ (General Comment 25)

GC34	အထွေထွေမှတ်ချက် ၃၄ (General Comment 34)
HRC	ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီ (United Nations Human Rights Committee)
IACTHR	အမေရိကနိုင်ငံများ၏ လူ့အခွင့်အရေးဆိုင်ရာ ခုံရုံး (Inter-American Court of Human Rights)
ICCPR	ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (International Covenant on Civil and Political Rights)
ICESCR	စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (International Covenant on Economic, Social and Cultural Rights)
ICT	သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ (information communication technologies)
ICT4D	ဖွံ့ဖြိုးတိုးတက်မှုအတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ (information communication technology for development)
IEEA	သက်မွေးပညာသိပ္ပံ (မက္ကဆီကိုနိုင်ငံ) (Institute for Adult Education (Mexico))
IGF	အင်တာနက်စီမံအုပ်ချုပ်မှုဖိုရမ် (Internet Governance Forum)
IRPDC	အင်တာနက်အခွင့်အရေးနှင့် အခြေခံမူများဆိုင်ရာ တက်ကြွသည့် မဟာမိတ်အဖွဲ့ (Internet Rights and Principles Dynamic Coalition)
ISP	အင်တာနက်ဝန်ဆောင်မှုပေးသူများ (Internet Service Provider)
ITU	အပြည်ပြည်ဆိုင်ရာတယ်လီဆက်သွယ်ရေးအဖွဲ့ (International Telecommunication Union)
JDA	La Agenda Digital Jalisco
MDG	ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များ (Millennium Development Goals)
NAM	ဘက်မလိုက်လှုပ်ရှားမှု (Non-Aligned Movement)

NGO	အစိုးရမဟုတ်သော အဖွဲ့အစည်းများ (Non-governmental organization)
NIEO	အပြည်ပြည်ဆိုင်ရာစီးပွားရေးအစီအစဉ်သစ် (New International Economic Order)
NWICO	ခေတ်သစ်ကမ္ဘာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး အစီအစဉ် (New World Information and Communication Order)
OAS	အမေရိကန်နိုင်ငံများအဖွဲ့ (Organization of American States)
OAU	အာဖရိကသွေးစည်းညီညွတ်ရေးအဖွဲ့ (Organization of African Unity)
OGP	ပွင့်လင်းအစိုးရမိတ်ဖက် (Open Government Partnership)
OHCHR	လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (Office of the High Commissioner for Human Rights)
OSCE	ဥရောပ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ (Organization for Security and Co-operation in Europe)
PSB	အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုပေးသည့် ထုတ်လွှင့်ရေး (Public Service Broadcasting)
PSM	အများပြည်သူဆိုင်ရာဝန်ဆောင်မှုမီဒီယာ (Public Service Media)
TIB	တူရကီ တယ်လီဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ ဦးစီးဌာန (Turkish Telecommunications and Information Technology Directorate)
TRM	တယ်လီရေဒီယို-မော်လဒိုဗာ (Teleradio-Moldova)
UDHR	ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (Universal Declaration of Human Rights)
UN	ကုလသမဂ္ဂ (United Nations)
UNESCO	ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (United Nations Educational, Scientific and Cultural Organization)
UNGA	ကုလသမဂ္ဂ အထွေထွေညီလာခံ (United Nations General Assembly)
USSR	ဆိုဗီယက်ဆိုရှယ်လစ် ပြည်ထောင်စု သမ္မတနိုင်ငံ (Union of Soviet Socialist Republics)

WIMAX	မိုက်ခရိုဝေ့ဗ် လက်လှမ်းမီ ရရှိရေးအတွက် ကမ္ဘာလုံးဆိုင်ရာ သတင်းအချက်ဖလှယ်ရေးဆိုင်ရာ ဆက်သွယ်ရေးစနစ်များ၏ စွမ်းဆောင်ရည် (Worldwide Interoperability for Microwave Access)
WSIS	သတင်းအချက်အလက်အဖွဲ့အစည်းဆိုင်ရာ ကမ္ဘာ့ထိပ်သီးအစည်းအဝေး (World Summit on an Information Society)

အခန်း ၁။ အနှစ်ချုပ်မိတ်ဆက်

ခေတ်သစ်ဆက်သွယ်ရေးနည်းပညာ၏ ကြီးကျယ်ခမ်းနားသော ဖြစ်လာနိုင်ခြေများကို ၁၉၃၀ ပြည့်နှစ်ကာလတွင် Bertolt Brecht က အောက်ပါအတိုင်း ရေးသား ဖော်ပြခဲ့ပါသည်-

> ရေဒီယိုသည် အံ့သြလောက်စရာအကောင်းဆုံး အများပြည်သူဆိုင်ရာ ဆက်သွယ်ရေးစနစ် ဖြစ်နိုင်ကြောင်း စိတ်ကူးမှန်းဆနိုင်သည် .... ဆိုလိုသည်မှာ အကယ်၍ ရေဒီယိုသည် ထုတ်လွှင့်နိုင်သည်သာမက လက်ခံနိုင်စွမ်း ရှိပါက သောတရှင်များကို နားသောတဆင်ရုံမျှသာမက စကားပြောဆိုနိုင်အောင် ပြုလုပ်နိုင်ပေသည်။ သောတရှင်များကို တသီးတခြားမဖြစ်စေဘဲ အချင်းချင်းဆက်သွယ်နိုင်စေပါသည်။[၁]

ရုပ်သံထုတ်လွှင့်သည့် မီဒီယာများက မလုပ်ဆောင်နိုင်သည့် အရာကို အင်တာနက်ဆက်သွယ်ရေးဖြင့် ရရှိပါသည်။ အင်တာနက်သည် အင်တာနက်အသုံးပြုသူများအားလုံးအတွက် အချက်အလက်များကို ဖန်တီး၍ မျှဝေခွင့် ပြုပါသည်။ တနည်းဆိုရသော် အသုံးပြုသူများသည် 'အချင်းချင်း' ဆက်သွယ်ဆက်ဆံရာတွင် အချက်အလက်များကို လက်ခံရရှိသူအဖြစ်သာမက အချက်အလက်စီစဉ်သူများပါ ဖြစ်နိုင်ကြသည်။ အချက်အလက်စီစဉ်သူ ပညာရှင်တဦးက လက်ခံရရှိသူအများအပြားအတွက် ထမ်းဆောင်ပေးသည့် အစဉ်အလာ ရုပ်သံထုတ်လွှင့်မှု ဆက်ဆံရေးနှင့် ဆန့်ကျင်ဘက် ဖြစ်ပါသည်။ ထို့အပြင် ရုပ်သံထုတ်လွှင့်မှုနှင့် မတူသည်မှာ အင်တာနက်တွင် အချက်အလက်များသည် ကမ္ဘာအနှံ့ လွယ်လင့်တကူ ပျံ့နှံ့နိုင်ခြင်းနှင့် ထုတ်လွှင့်ပြီး ကာလအတန်ကြာသည်အထိ လက်ခံရရှိနိုင်ခြင်း ဖြစ်သည်။ အချိန်နှင့် နေရာ အတားအဆီးများကို ဖယ်ရှားနိုင်သည်သာမက ရုပ်သံထုတ်လွှင့်သည့် မီဒီယာများ၏ အစဉ်အလာ ထုတ်နှုတ်တည်းဖြတ်သူများကို ရှောင်ရှားနိုင်ပါသည်။ ကမ္ဘာတဝန်းရှိ လူများအကြား အချိန်နှင့်တပြေးညီ ဆက်နွယ်မှုကြောင့် 'ကမ္ဘာလုံးဆိုင်ရာ သတင်းအချက်အလက် အသိုက်အဝန်း (global information society)' ကို ဖန်တီးနိုင်ခဲ့ပါသည်။

ဤကမ္ဘာလုံးဆိုင်ရာ သတင်းအချက်အလက် အသိုက်အဝန်းသည် အချင်းချင်း ဆက်သွယ်မှုကို အင်တာနက်မှတဆင့် အဆင်ပြေချောမွေ့အောင် ဆောင်ရွက်လျက်ရှိသည်။ ဤအချင်းချင်း ဆက်သွယ်မှုသည် ယခုအခါ စျေးကွက်စီးပွားရေး၏ အခြေခံဖြစ်လာသည့်အတွက်ကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ချိတ်ဆက်နေပါသည်။[၂] ဒီမိုကရေစီနည်းလမ်းကျ ရွေးကောက်ပွဲများ ကျင်းပ၍ အနိုင်ရသည့် နည်းလမ်းများကို ပြောင်းလဲလျက် နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းများအကြောင်း လွတ်လပ်သည့် အချက်အလက်များ ကျွန်ုပ်တို့ထံတွင်

---

[၁] Bertolt Brecht, 'Radio as a Means of Communication: A Talk in the Function of Radio' (1979) 20 *Screen* 24.

[၂] Yochai Benkler, *The Wealth of Networks: How Social Production Transforms Markets and Freedom* (Yale University Press 2006) 59–91.

ယခုအခါ ရရှိနေပါသည်။[၄] တူညီသည့်အခြေအနေရှိ လူများနှင့် မကျေနပ်မှုများအကြောင်း ဆွေးနွေးခြင်းကိုလည်း ကမ္ဘာလုံးဆိုင်ရာ သတင်းအချက်အလက် အသိုက်အဝန်းက ခွင့်ပြုပါသည်။ ဤဆွေးနွေးခြင်းက လူမှုအဖွဲ့အစည်းအတွက် အခြေခံဖြစ်ပါသည်။[၄] ပို၍ ယေဘုယျကျကျ ဆိုရသော် နယ်မြေဒေသမရွေး လူ့အဖွဲ့အစည်းများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့အဖွဲ့အစည်းများ၏ ကွန်ယက်ချိတ်ဆက်မှုများကို ဖြစ်ပေါ်စေပါသည်။ အင်တာနက်ကို လက်လှမ်းမီရရှိပြီး အကျိုးမျှဝေခံစားရသူများအတွက် ကောင်းကျိုးများစွာကို ယူဆောင်လာပေးနေစဉ် လူအများအပြားသည် ချန်ထားခံနေရပါသည်။[၅] လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်ခုအတွင်း အင်တာနက်ကို လက်လှမ်းမီရရှိအသုံးပြုသူများနှင့် လက်လှမ်းမီမရရှိသူအကြား ကွာဟချက်ကို 'သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက် (digital divide)' ဟု သိရှိလာကြသည်။[၆]

အင်တာနက်လက်လှမ်းမီရရှိ အသုံးပြုမှုသည် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှု လိုအပ်ကြောင်း အကျိုးသင့်အကြောင်းသင့် ချေပပြောဆိုကြလျက်ရှိသည်။ တစိတ်တပိုင်းသောအကြောင်းရင်းမှာ အင်တာနက်ရရှိ အသုံးပြုခြင်းသည် လူတဦးချင်းစီက ၎င်းတို့၏ ရှိနှင့်ပြီး အခွင့်အရေးများကို ကျင့်သုံးမှုအပေါ် သက်ရောက်မှု ရှိခြင်းကြောင့် ဖြစ်ပြီး လူများနှင့် လူ့အဖွဲ့အစည်းအပေါ် အင်တာနက်၏ အရေးပါသည့် သက်ရောက်မှုများ ပိုမို များပြားလာခြင်းကြောင့်လည်း ဖြစ်ပါသည်။ အင်တာနက်၏ သက်ရောက်မှုအကြောင်း လေ့လာချက်စာပေသည် ၁၉၉၀ ပြည့်နှစ် အဆိုပါ လေ့လာမှုများ၏ ကနဦးမျိုးဆက်ကတည်းကပင် မသိမသာ ကွဲပြားလာကြသည်။ အင်တာနက်တွင် ဒီမိုကရေစီအလေ့အကျင့်စွမ်းအားများရှိကြောင်း စိတ်ကူးယဉ်ဆန် အမြင်ကြောင့် အင်တာနက်၏ သက်ရောက်မှုကို သတိထားမိလာကြသည်။[၇] ၎င်း၏ အကျိုးကျေးဇူးများအပြင် အင်တာနက်သည် ဒီမိုကရေစီ နည်းလမ်းကျရှိနေသည့် လူမှုဘဝနှင့် လူ့အဖွဲ့အစည်းအပေါ် ဘေးဒုက္ခဖြစ်စေကြောင်း အချေအတင် ပြောဆိုမှု

---

၄ Randolph Kluver et al. (eds), *The Internet and National Elections: A Comparative Study of Web Campaigning* (Routledge 2014) 1–5.

၅ Rikke Frank Jørgensen, 'Framing the Net: How Discourse Shapes Law and Culture' (PhD thesis, Roskilde University, Denmark, 2012) 41–45. See generally, W. Van De Donk et al. (eds), *Cyberprotest: New Media, Citizens and Social Movements* (Routledge 2004).

၆ Karen Mossberger, Caroline J. Tolbert, and Mary Stansbury, *Virtual Inequality: Beyond the Digital Divide* (Georgetown University Press 2003) 1–15.

၆ ibid. Mossberger (n. 5) အပြင် သတင်းအချက်အလက်သုံးစွဲ နားလည်မှုပိုင်း ကွာဟချက်၏ အရေးပါသည့် အစိတ်အပိုင်း များအကြောင်း လေ့လာသုံးသပ်ချက်ကောင်းတွင် P. Norris, *Digital Divide: Civic Engagement, Information Poverty, and the Internet Worldwide* (CUP 2001)၊ K. Mun-cho and K. Jong-Kil, 'Digital Divide: Conceptual Discussions and Prospect' in W. Kim et al., *The Human Society and the Internet: Internet Related Socio-Economic Issues* (Springer 2001) တို့ ပါဝင်သည်။

၇ Zisi Papacharissi, 'The Virtual Sphere: The Internet as a Public Sphere' (2002) 4 *New Media & Society* 9၊ Rikke Frank Jørgensen, 'Framing the Net: How Discourse Shapes Law and Culture' (PhD thesis, Roskilde University, Denmark, 2012) 134. အင်တာနက် အကောင်းမြင်ဝါဒအကြောင်း ဆန်းစစ်ချက် အပြည့်အစုံအတွက် E. Morozov, *The Net Delusion: The Dark Side of Internet Freedom* (Public Affairs 2011) ကို ယေဘုယျအားဖြင့် ကြည့်ပါ။

ကြီးကြီးမားမားလည်း ယခုအခါ ဖြစ်ပေါ်လျက်ရှိသည်။[၈] သို့ရာတွင် ဤစာအုပ်နှင့် သက်ဆိုင်သည့် နယ်ပယ်နှစ်ခုတွင် ယေဘုယျသဘောတူညီချက် ရှိသည်။ (၁) အခြားမီဒီယာများနှင့် မတူကွဲပြားသည့် အင်တာနက်၏ ထူးခြားသည့် လုပ်ဆောင်ချက်ဝိသေသများနှင့် (၂) ၎င်း၏ ရှေးဦးမီဒီယာများအတိုင်း ထပ်တူနီးပါး ပုံတူကူးချထားသည့် အင်တာနက်၏ အသုံးဝင်မှုများနှင့် ပါဝင်သည့်အကြောင်းအရာများသာမက ပုံတူမကူးချထားသည့် အသုံးဝင်မှုများနှင့် ပါဝင်သည့်အကြောင်းအရာများဟူသည့် နယ်ပယ်နှစ်ရပ် ဖြစ်ပါသည်။[၉] တနည်းဆိုရသော် ရုပ်မြင်သံကြားနှင့် ဆင်တူသည့် အရာကို အင်တာနက်ပေါ်တွင် ကြည့်ရှုနိုင်သည်။ ရေဒီယိုနှင့် ဆင်တူသည့် အရာကို နားထောင်နိုင်သည်။ သတင်းစာနှင့် ဆင်တူသည့် အရာကို ဖတ်ရှုနိုင်သည်။ ထို့နောက် ယခင်မီဒီယာတွင် မည်သည့် အခါတုန်းကမျှ မပြုလုပ်နိုင်သည့် အရာများကို ပြုလုပ်နိုင်ကြသည်။ ဥပမာအားဖြင့် (အီးမေးလ်ဖြင့်) လူတဦးစီ သို့မဟုတ် လူအုပ်စုများဆီသို့ စာကို တပြိုင်နက်တည်း ပေးပို့နိုင်သည်။ (ဘလော့ဂ်များ၊ Facebook ၊ Twitter မှတဆင့်) ပုဂ္ဂိုလ်ရေး သတင်းစကားများကို ရေးသားပြောဆိုနိုင်သည်။ အကြောင်းအရာပိုင်း လူအများ ဦးစားပေး သတ်မှတ်ခြင်းတွင် ပါဝင်နိုင်သည် (ဥပမာ Reddit)။ ထို့အပြင် (Yelp ၊ Amazon reviews ၊ Facebook နှင့် Twitter တို့မှ) အမြင်သဘောထားများကို မျှဝေနိုင်သည်။

လူ့အခွင့်အရေးရှုထောင့်မှဆိုသော် လူ့အဖွဲ့အစည်းအပေါ် အင်တာနက်၏ သက်ရောက်မှုနှင့် အင်တာနက်ကို လက်လှမ်းမီ ရရှိအသုံးပြုမှု တိုးတက်ရေး လိုအပ်ချက်ကို ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီ (United Nation's Human Rights Committee - HRC) က တရားဝင်အသိအမှတ်ပြုထားသည်မှာ ထင်ရှားပါသည်။[၁၀] လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခြင်းနှင့် အမြင်သဘောထားဆိုင်ရာအခွင့်အရေးအပေါ် လူ့အခွင့်အရေး ကော်မတီ၏ အထွေထွေမှတ်ချက် ၃၄ (GC34) က 'အတွေးအမြင်များနှင့် သဘောထားများ ဖလှယ်ခြင်းအတွက် သမားရိုးကျလူထုဆက်သွယ်ရေးယန္တရား ကြားခံနယ်များအပေါ် မှီတည်ရန် မလိုအပ်သည့် ကမ္ဘာလုံးဆိုင်ရာ ကွန်ယက်သည် ယခုအခါ ရှိနေသည်' ဟု ဖော်ပြထားသည်။[၁၁] ရှေ့တန်းဖြစ်သည့် ၂၀၁၁ ခုနှစ်တွင် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခြင်းဆိုင်ရာ အထူးစီရင်ခံစာတင်သွင်းသူ Frank La Rue က အန္တရာယ် အတော်ကလေး နည်းပါးသည့် ချည်ကပ်နည်းကို ကျင့်သုံးခဲ့သည်။ မီဒီယာ၏ ထူးခြားသည့် အရည်အချင်းများကိုသာမက လူတဦးစီ

---

[၈] Cass R. Sunstein, 'Democracy and the Internet' in J. van den Hoven and J. Weckert (eds), *Information Technology and Moral Philosophy* (CUP 2008) 93၊ Judith Dueck and Michael Rempel, 'Human Rights and Technology: Lessons from Alice in Wonderland' in J. Lannon and E. Halpin (eds), *Human Rights and Information Communication Technologies: Trends and Consequences of Use* (IGI Global 2012) 1–20.

[၉] E. Morozov, *The Net Delusion: How Not to Liberate the World* (Penguin UK 2011) 321.

[၁၀] Michael O'Flaherty, 'Freedom of Expression: Article 19 of the International Covenant on Civil and Political Rights and the Human Rights Committee's General Comment No 34' (2012) 12 *Human Rights Law Review* 25.

[၁၁] UNHRC 'General Comment No 34: Article 19: Freedom of Opinion and Expression' (12 September 2011) UN Doc CCPR/C/GC/34, para. 15 [ဤနေရာမှစ၍ GC34 ဟု ရေးသားသွားမည်]

နှင့် လူ့အဖွဲ့အစည်းသည် သတင်းအချက်အလက်များကို ပေါင်းစုဖလှယ်မှုအပေါ် မီဒီယာ၏ သက်ရောက်မှုကိုလည်း အခိုင်အမာပြောဆိုသည့် ချဉ်းကပ်နည်းဖြစ်ပါသည်။[၁၂] သူ၏ ၂၀၁၁ ခုနှစ် အထူး အစီရင်ခံစာက ဖော်ပြသည်မှာ-

> အင်တာနက်ဖန်တီးမှုကဲ့သို့ သတင်းအချက်အလက်နည်းပညာများတွင် အနည်းငယ်မျှသော မည့်သည့် ဖွံ့ဖြိုးတိုးတက်မှုမဆို အပြောင်းအလဲ အပြည့်အဝ ဖြစ်ပေါ်စေသည့် သက်ရောက်မှုများ ရှိသည်။ သတင်းအချက်အလက်များကို တဖက်သက် ပေးပို့ချက်အပေါ် အခြေခံထားသည့် ရေဒီယို၊ ရုပ်မြင်သံကြားနှင့် ပုံနှိပ်ထုတ်ဝေမှုများကဲ့သို့ အခြားသော သတင်းဆက်သွယ်မှုဆိုင်ရာ မီဒီယာနှင့် မတူသည်မှာ အင်တာနက်သည် အပြန်အလှန်တုံ့ပြန်နိုင်သည့် မီဒီယာတခုအဖြစ် သိသိသာသာ ရှေ့သို့ ခုန်ပျံကျော်လွှားတိုးတက်လာမှုကို ကိုယ်စားပြုပါသည်။ အမှန်အားဖြင့် အင်တာနက်ကွန်ယက်စာမျက်နှာ ၂.၀ ဝန်ဆောင်မှု ပေါ်ပေါက်လာခြင်းနှင့်အတူ သို့မဟုတ် အကြောင်းအရာဖန်တီးမှုတွင် ပူးပေါင်းပါဝင်ကာ အချက်အလက်များကို ပူးပေါင်းမျှဝေခြင်းကို လွယ်ကူချောမွေ့စေသည့် သတင်းအချက်အလက်ဆက်သွယ်ရေးလမ်းကြောင်းများ ပေါ်ပေါ်လာခြင်းနှင့်အတူ လူတိုင်းသည် တဆင့်ခံ ရရှိသူများ မဟုတ်ကြတော့ပေ။ သို့သော် အချက်အလက်များကို ကိုယ်တိုင် ထုတ်ဝေသူများလည်း ဖြစ်လာကြသည်။ အဆိုပါ သတင်းအချက်အလက်ဆက်သွယ်ရေးလမ်းကြောင်းများသည် လွတ်လပ်သည့် မီဒီယာများ မရှိသည့် နိုင်ငံများတွင် အထူးပင် တန်ဖိုးကြီးမားသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းသတင်းအချက်အလက်ဆက်သွယ်ရေးလမ်းကြောင်းများက လူတိုင်းအတွက် ဆန်းစစ်ဝေဖန်မှုရှိသည့် အမြင်များကို မျှဝေနိုင်စေပြီး ဓမ္မဓိဋ္ဌာန်ကျသည့် သတင်းအချက်အလက်များကို ရှာဖွေစေနိုင်ခြင်းကြောင့် ဖြစ်သည်။ ထို့အပြင် အစဉ်အလာ မီဒီယာများရှိ ထုတ်လုပ်သူများသည် သာမန်ကုန်ကျစရိတ်မျှဖြင့်ပင် ၎င်းတို့၏ ပရိသတ်များကို အများအပြား ရရှိရန်အတွက် အင်တာနက်ကို အသုံးပြုနိုင်သည်။ ပို၍ ယေဘုယျကျကျ ဆိုရသော် နိုင်ငံများ၏ နယ်နိမိတ်များကို ကျော်လွန်၍ သတင်းအချက်အလက်များနှင့် အမြင်သဘောထားများကို တပြိုင်နက်တည်းနှင့် ကုန်ကျစရိတ်သက် သက်သာသာဖြင့် လူတိုင်း ဖလှယ်နိုင်ခြင်းကြောင့် ယခင်ကာလ၌ မရရှိနိုင်သည့် သတင်းအချက်အလက်များနှင့် အသိပညာများကို အင်တာနက်မှတဆင့် လက်လှမ်းမီ ရရှိစေသည်။ အပြန်အလှန်အားဖြင့် လူ့အဖွဲ့အစည်းတရပ်လုံးအနေဖြင့် အမှန်တရားကို ရှာဖွေကာ တိုးတက်ဖြစ်ထွန်းမှုကို ပံ့ပိုးပေးပါသည်။[၁၃]

ထို့အပြင် လူတိုင်းသည် ၎င်းတို့၏ လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်ကို ကျင့်သုံးမည့် ကြားခံနယ်ပယ်အသစ်များကို ထည့်သွင်းရန် မြော်မြင်မှုဖြင့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (UDHR) နှင့် ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICCPR) တို့ကို ရေးသားခဲ့ကြောင်း ၎င်းက ဆွေးနွေးသည်။[၁၄] အင်တာနက်၏ ကောင်းကျိုးများအကြောင်း Frank La Rue ၏ အလွန်အမင်း အကောင်းဘက်က ရှုမြင်သည့် အမြင်ရှုထောင့်အကြောင်း အချို့က အမှန်အတိုင်း ဝေဖန်ဆန်းစစ်

---

[၁၂] UNGA ‘Report of the Special Rapporteur on the Promotion and Protection of the Right to Freedom of Opinion and Expression, Frank La Rue’ (16 May 2011) UN Doc A/HRC/17/27, para. 19 [hereafter 2011 SR Report].

[၁၃] ibid, para. 19.

[၁၄] ibid, para. 21.

နေစဉ်တွင်ပင် မီဒီယာသည် သံသယဖြစ်ဖွယ်မလိုလောက်အောင် အရေးပါလာသည်။ သို့ဖြစ်၍ La Rue က အချေအတင် ဆွေးနွေးသကဲ့သို့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေမူဘောင်သည် ယနေ့တိုင် ဆီလျော်နေမြဲဖြစ်ကာ အင်တာနက်အတွက်လည်း အတူအညီ အသုံးချနိုင်ပါသည်။[၁၅] လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်ကို အနက်ပြန်ဆိုသည့် ဥပဒေပညာရပ်များက အင်တာနက်ကဲ့သို့ သတင်းအချက်အလက် နည်းပညာ အသစ်များကို ထည့်သွင်းရန် အာမခံကြောင်းကို ယခုအဆိုသာမက GC34 သည်လည်း ထောက်ခံပေးပါသည်။[၁၆] သို့ရာတွင် ဤကာကွယ်ပြောဆိုချက်များ၏ ဖြစ်နိုင်ခြေရှိသမျှ အကြောင်းအရာနှင့် နယ်ပယ်ကိုသာမက သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်၏ 'မှားယွင်းသည့်အပိုင်း' ရှိ အကြောင်းအရာနှင့် နယ်ပယ်များအတွက် လုံလောက်မှု ရှိမရှိကိုလည်း ပြောဆိုရန် စောလွန်းပါသေးသည်။

၁-၁။ စာအုပ်၏ လွှမ်းခြုံသည့်နယ်ပယ်

ဤစာအုပ်၏ လွှမ်းခြုံသည့် နယ်ပယ်ကို အပိုင်း ၃ ပိုင်းဖြင့် သတ်မှတ်ထားသည်-

- အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေမူဘောင်အကြောင်းအရာအတွင်းမှနေ၍ 'အင်တာနက် လက်လှမ်းမီ ရရှိသုံးစွဲမှု' ကို မည်သို့ အနက်အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကို နားလည်သဘော ပေါက်ခြင်း၊
- အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စောင့်ကြည့်ရေး အဖွဲ့အစည်းများ၏ လက်ရှိ ဥပဒေ စနစ်နှင့် ကိုက်ညီသည့် 'အင်တာနက် လက်လှမ်းမီ ရရှိသုံးစွဲခွင့်' ဆွေးနွေးချက်ရှိ အစိတ်အပိုင်းများကို ဖော်ထုတ်ခြင်း၊
- အင်တာနက် လက်လှမ်းမီ ရရှိသုံးစွဲခွင့်၏ လက်ရှိ လွှမ်းခြုံမှုနယ်ပယ်တွင် ပါဝင်ခြင်း မရှိသော်ငြား အင်တာနက် လက်လှမ်းမီ ရရှိသုံးစွဲမှုကို စီမံပေးလျက်ရှိသော အရေးပါသည့် အစိတ်အပိုင်းများကို လူ့အခွင့်အရေး အခြေခံ ဖွံ့ဖြိုးတိုးတက်မှုမူဘောင်များတွင် မည်သို့ ထည့်သွင်းရမည်ကို ဆန်းစစ်အကဲဖြတ်ခြင်း။

အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲမှုသည် ရှိနှင့်ပြီးသား လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်၏ အစိတ်အပိုင်းတရပ်တွင် ပါဝင်ပြီး ကိုယ်တိုင်လည်း အခွင့်အရေးတခုဖြစ်သည် သို့မဟုတ် အခွင့်အရေး လုံးဝ မဟုတ်ဟူသည့် အချက်အပေါ် ရေပန်းစားသည့် ဆွေးနွေးချက်များ ရှိကြသည်။[၁၇] ဥရောပနှင့် လက်တင်အမေရိက

---

[၁၅] ibid.

[၁၆] Molly K. Land, 'Toward an International Law of the Internet' (2013) 54 *Harvard International Law Journal* 399.

[၁၇] လက်ရှိ နမူနာများတွင် Land (n. 16)၊ P. De Hert and D. Kloza, 'Internet (Access) as a New Fundamental Right: Inflating the Current Rights Framework?' (2012) 3 *European Journal of Law and Technology*၊ Stephen Tully, 'A Human Right to Access the Internet? Problems and Prospects' (2014) 14 *Oxford Human Rights Law Review* 175၊ Robin Elizabeth Herr, 'Can Human Rights Law Support Access to Communication Technology? A Case

ဒေသရှိ လက်တဆုပ်စာသော နိုင်ငံအနည်းမျှသာ အင်တာနက် လက်လှမ်းမီ ရရှိသုံးစွဲမှုကို အခြေခံဥပဒေအရ အာမခံချက်များ သို့မဟုတ် လူတိုင်းအတွက် ဝန်ဆောင်မှုပေးရမည့် တာဝန်များ (universal service obligations) အဖြစ် ဥပဒေစနစ်အတွင်း သွတ်သွင်းထားကြသည်။[၁၈] လက်ရှိကာလတွင် ဤကဲ့သို့ ပေါ်ထွက်လာသည့် နိုင်ငံ၏ ကျင့်သုံးမှုသည် နည်းပါးသည်။ သို့သော်ငြား ဥရောပနှင့် အမေရိကနိုင်ငံများ၏ လူ့အခွင့်အရေး စောင့်ကြည့် ကွပ်ကဲရေးစနစ်များကို အခြားသောစနစ်များကြားထဲမှ အထူးအလေးပေး လေ့လာရန် ဤစာအုပ်က ရွေးချယ် ရာတွင် အခြေခံအဖြစ် အသုံးပြုရန် အတော်ပင် လုံလောက်ပါသည်။ နည်းပညာပိုင်း ရွေးချယ်မှုအကြောင်းကို နောက်တွင် ဆွေးနွေးသွားပါမည်။ သို့ရာတွင် ဤကဲ့သို့ အလွန်ပင် နည်းပါးသော်ငြား ကျင့်သုံးစ နိုင်ငံ၏ ကျင့်သုံးပုံကို မှတ်သားထားရန် အရေးကြီးသည်။ အဘယ့်ကြောင့်ဆိုသော် ဤကဲ့သို့ တိုးတက်ဖြစ်ထွန်းမှုများကို ယခုစာအုပ်တွင် ကိုင်တွယ်ခြင်း မရှိသည့်အတွက်ကြောင့် ဖြစ်သည်။ ထို့အစား လက်ရှိ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး မူဘောင်များ အထူးသဖြင့် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်ဆိုင်ရာ မူဘောင်သည် လက်ရှိကာလနှင့် နောင်ကာလတို့တွင် အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲခွင့်ကို အထောက်အပံ့ပေးနိုင်မှုအပေါ် ဤစာအုပ်က ဦးတည် လေ့လာထားပါသည်။

ပုဂ္ဂလဓိဋ္ဌာန်ကျကျ မဖြေရှင်းထားသော်ငြား De Hert နှင့် Kloza တို့က အောက်ပါအတိုင်း သုံးသပ်ထား ပါသည်-

> ဆိုးကျိုးထက် အသိအမှတ်ပြုခြင်း၏ ကောင်းကျိုးများကို ကျွန်ုပ်တို့ မြင်တွေ့လိုသော်ငြား အင်တာနက် အသုံးပြုမှုကို ကာကွယ်ရန် သတ်သတ်မှတ်မှတ်ရှိသည့် လူ့အခွင့်အရေးသည် သင့်လျော်သည့် နည်းလမ်း တခု ဖြစ်မည်လားဆိုသည့် မေးခွန်းကို ကျွန်ုပ်တို့ ဖြေဆိုနိုင်ခြင်း မရှိသေးပေ။ လူ့အခွင့်အရေးသည် မူဝါဒချမှတ်ခြင်းကို ဖြစ်စေသည်ဆိုလျှင် မည်သည့်အတွက်ကြောင့် မဖြစ်နိုင်ရမည်နည်း။ နိုင်ငံရေး

Study under Article 10 of the Right to Receive Information' (2013) 22 *Information & Communications Technology Law* 1၊ Nicola Lucchi, 'Freedom of Expression and the Right of Access to the Internet' in Monroe E. Price, Stefaan Verhulst, and Libby Morgan (eds), *Routledge Handbook of Media Law* (Routledge 2013) 158၊ Vinton G. Cerf, Op-Ed, 'Internet Access Is Not a Human Right' *New York Times* (5 January 2012) A25 တို့ ပါဝင်သည်။

[၁၈] လူတိုင်းအတွက် ဝန်ဆောင်မှုပေးရမည့် တာဝန်များအတွက် Estonia (Art. 70 of the *Electronic Communications Act 2004*), Finland (Art. 60c(2) of the *Communications Market Act 2003*) and Spain (Art. 52 of the *Sustainable Economy Act 2011*)၊ အခြေခံဥပဒေအရ အာမခံချက်များအတွက် ဂရိနိုင်ငံ (ဂရိနိုင်ငံ၏ အခြေခံဥပဒေ (၇ ကြိမ်မြောက် ပြင်ဆင်ရေးပါလီမန်၏ ၂၀၀၁ ခုနှစ် ဧပြီလ ၆ ရက်နေ့ ပါလီမန်ဆုံးဖြတ်ချက်ဖြင့် ပြင်ဆင်သည်) www.n is.gr /npim ages/ docs/ Const ituti on_EN .pdf ကို ကြည့်ပါ)၊ ပြင်သစ်နိုင်ငံသည် အထူးသတိပြုဖွယ်အနေဖြင့် အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲခွင့်သည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုတင်ပြခွင့်နှင့် အတိအကျ ဆက်နွယ်ကြောင်း ကြေညာခဲ့သည် (Conseil constitutionnel, Décision n° 2009-580 DC du 10 juin 2009, § 12, see <www.c onsei l-con stitu tionn el.fr /deci sion/ 2009/ 20095 80dc. htm>)၊ ကော်စတာရီကာနိုင်ငံ (Sala Constitucional De La Corte Suprema De Justicia, Judgment of 30 July 2010, sentencia: 12790, expediente: 09-013141-0007-CO)။

(ဆင်ဆာဖြတ်တောက်ခြင်း) မှသည် လူမှုရေး (သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်) အထိ [...] အမျိုးစုံလင်လှသော စိုးရိမ်ပူပန်မှုများကို အမြော်အမြင်ရှိရှိ စီမံထားသည့် အခွင့်အရေးအသစ်တခုတည်းဖြင့် ဖြေရှင်းနိုင်ပါသည်။ အဖြေရသည်ဖြစ်စေ မရသည်ဖြစ်စေ အင်တာနက်ကို လွတ်လွတ်လပ်လပ် အသုံးပြုမည့် အဆိုပါ အခွင့်အရေးအသစ်ကို အသိအမှတ်မပြုမီ မည်သည့်အရာကို ကာကွယ်ထားပြီးဖြစ်သည်နှင့် မည်သို့ ကာကွယ်ထားပြီးဖြစ်သည်ကို ထည့်သွင်းစဉ်းစားရမည်။[၁၉]

အင်တာနက် လက်လှမ်းမီရရှိသုံးစွဲခွင့် အသုံးပြုခြင်းနှင့် အင်တာနက်အသုံးပြုမှုကို ကာကွယ်သည့် နည်းလမ်းများကို De Hert နှင့် Kloza တို့က ဖလှယ်အသုံးပြုသည်။ ဤပြောဆိုချက်နှစ်ခုတွင် တူညီသည့် အနက်အဓိပ္ပာယ် ရှိကြောင်း အနက်ပြန်ဆိုသည်ကို ရှင်းရှင်းလင်းလင်း သတ်မှတ်ခြင်းမရှိဘဲ ၎င်းတို့က လုပ်ဆောင်ကြသည်။ ဤနေရာတွင် အနက်အဓိပ္ပာယ် ရှင်းလင်းမှု မရှိခြင်းသည် အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲခွင့်အကြောင်း လက်ရှိဆွေးနွေးချက်နှင့်အတူ အနက်အဓိပ္ပာယ်ဆိုင်ရာ စိန်ခေါ်မှု ကျယ်ကျယ်ပြန့်ပြန့် ပို၍ ရှိကြောင်း ဖော်ပြနေသည်။ ဤအခန်းနောက်ပိုင်းတွင် ဆွေးနွေးသွားပါမည်။ သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်နှင့် စပ်လျဉ်း၍ ယခုစာအုပ်၏ အဓိက ဦးတည်ချက်မှာ သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှု အာမခံချက်များ၏ မည်သည့်အပိုင်းကို ကာကွယ်ပြီးသားဖြစ်သည်နှင့် မည်သို့ ကာကွယ်ထားသည်တို့ကို သတ်မှတ်ဖော်ထုတ်ခြင်း ဖြစ်သည်။ လက်တလောတွင် ကာကွယ်ထားခြင်းမရှိသော်ငြား အနာဂတ်ကာလတွင် ကာကွယ်ရမည့် အာမခံချက်များကိုလည်း ဤလေ့လာဆန်းစစ်ချက်က ဖော်ထုတ်သတ်မှတ်ပါမည်။

အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ အင်တာနက် လက်လှမ်းမီ ရရှိသုံးစွဲရေးကို အသေအချာရရှိစေရန် နိုင်ငံများအား GC34 နှင့် ၂၀၁၁ ခုနှစ် အထူးအစီရင်ခံတင်သွင်းသူ၏ အစီရင်ခံစာနှစ်ခုစလုံးက တိုက်တွန်းထားသည်။ ၎င်းတိုက်တွန်းချက်သည် အခြေခံမျှပင် ဖြစ်သော်ငြား ဤစာအုပ်အတွက် လိုအပ်သည့် စတင်မှတ်အဖြစ် ဆောင်ရွက်ပါသည်။ အခန်း (၃) တွင် လေ့လာသွားမည် ဖြစ်သည့် အွန်လိုင်းအကြောင်းအရာများနှင့် အသုံးချခြင်းများအတွက် ဖြစ်ပေါ်လာနိုင်မည့် ရရှိသုံးစွဲရေး ကန့်သတ်ချက်များကို အံ့ခွင်ဝင်ကျ ရှင်းလင်းအောင်ပြုလုပ်ရာတွင် GC34 က အထူးပင် အထောက်အကူပြုပေလိမ့်မည်။[၂၀] လက်လှမ်းမီ ရရှိသုံးစွဲရာတွင် မညီမမျှဖြစ်ခြင်းကို ဖြေရှင်းရန် အလို့ငှာ လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခြင်း၏ လွှမ်းခြုံနယ်ပယ်နှင့် ပါဝင်သည့် အကြောင်းအရာအကြောင်းပို၍ ကျယ်ပြန့်သည့် လိုအပ်ချက်တရပ်ကို ၂၀၁၁ ခုနှစ် အထူးအစီရင်ခံစာတင်သွင်းသူ၏ အစီရင်ခံစာက ရှင်းလင်းတိကျစွာ ဖော်ထုတ်ပါသည်။[၂၁] အစီရင်ခံစာအရဆိုသော် အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲမှု၏ အစိတ်အပိုင်းများသည် အခြေခံအဆောက်အဦ၊ သင့်လျော်သည့်အကြောင်းအရာ လက်လှမ်းမီ ရရှိမှုနှင့် အင်တာနက်သုံးစွဲတတ်မှု

---

[၁၉] De Hert and Kloza (n. 17) 15.

[၂၀] GC 34 (n. 11), para. 43.

[၂၁] 2011 SR Report (n. 12), 60–66, 85–88.

စွမ်းရည်များနှင့် သက်ဆိုင်သော မညီမျှမှုများကို ဖြေရှင်းရန် လိုအပ်သည်။ အစီရင်ခံစာက အောက်ပါအတိုင်း ဖော်ပြထားသည်-

> လူ့အခွင့်အရေးအများအပြားကို သိမြင်ခြင်းအတွက်လည်းကောင်း၊ မညီမျှမှုကို တားမြစ်ခြင်းအတွက်လည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် လူသားတိုးတက်မှုတို့ကို အရှိန်မြှင့်တင်ခြင်းအတွက်လည်းကောင်း အင်တာနက်သည် မရှိမဖြစ်ကိရိယာတခု ဖြစ်လာသည်ဟူသည့် သတ်မှတ်ချက်အရ အင်တာနက်ကို လူတိုင်း အသေအချာ လက်လှမ်းမီ ရရှိသုံးစွဲရေးသည် နိုင်ငံအားလုံးအတွက် ဦးစားပေးတရပ် ဖြစ်သင့်ပေသည်။ ထို့ကြောင့် လူဦးရေ၏ အစိတ်အပိုင်းအားလုံးအတွက် အင်တာနက်ကို ကျယ်ကျယ်ပြန့်ပြန့် လက်လှမ်းမီ ရရှိနိုင်စေရန် သက်ဆိုင်သည့် အစိုးရဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကကဏ္ဍများအပါအဝင် လူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းအားလုံးမှ တဦးချင်းစီနှင့် ဆွေးနွေးတိုင်ပင်ခြင်းဖြင့် ပြည့်စုံ၍ ထိရောက်မှုရှိသည့် မူဝါဒကို နိုင်ငံတခုချင်းစီမှ ရေးဆွဲရပေမည်။[JJ]

ဆီလျော်သည့် အွန်လိုင်းအကြောင်းအရာကို အသေအချာ လက်လှမ်းမီ ရရှိသုံးစွဲနိုင်ရေးနှင့် စပ်လျဉ်း၍ နိုင်ငံများသည် အောက်ပါတို့ကို လုပ်ဆောင်သင့်ကြောင်း ၂၀၁၁ ခုနှစ် အထူးအစီရင်ခံစာတင်သွင်းသူ၏ အစီရင်ခံစာက အခိုင်အမာ ဆိုထားပါသည်-

> မသန်စွမ်းသူများနှင့် အသုံးနည်းသည့် ဘာသာစကားအသုံးပြုသူများ အပါအဝင် လူဦးရေ၏ အစိတ်အပိုင်းအားလုံးသည် အွန်လိုင်း သတင်းအချက်အလက်များကို အကျိုးရှိသည့် နည်းလမ်းဖြင့် ရရှိသုံးစွဲနိုင်ရေး သေချာစေမည့် ကနဦး အစီအမံများကို ထောက်ပံ့ရမည်။

အစီရင်ခံစာသည် 'အကျိုးရှိသည့်နည်းလမ်း' ကို ဝေါဟာရဖွင့်ဆိုခြင်း သို့မဟုတ် လိုအပ်ချက်များ၏ မတူညီသည့် အဆင့်များကို ရှင်းလင်းအောင်ပြုလုပ်ခြင်းမရှိဘဲ အစီရင်ခံစာက အသားပေးကြောင်း သတိချပ်ရန် အရေးကြီးသည်။

နောက်ဆုံးတွင် အင်တာနက်အသုံးပြုနိုင်စွမ်းနှင့်ချိတ်ဆက်၍ နိုင်ငံများသည် အောက်ပါတို့ကို ဆောင်ရွက်သင့်ကြောင်း အစီရင်ခံစာက အကြံပြုထားသည်-

> ကျောင်းသင်ခန်းစာတွင် အင်တာနက်အသုံးပြုနိုင်စွမ်းများကို ထည့်သွင်း၍ ကျောင်းပြင်ပတွင် အလားတူ သင်ကြားရေး အစီအစဉ်များကို အထောက်အပံ့ပေးရမည်။ အခြေခံစွမ်းရည်သင်တန်းအပြင် အင်တာနက်တွင် သတင်းအချက်အလက်များကို ရရှိသုံးစွဲခြင်းနှင့် တာဝန်သိသိ ဖြန့်ဖြူးခြင်း၏ အကျိုးကျေးဇူးများကို သင်ခန်စာများက ရှင်းရှင်းလင်းလင်း ဖော်ပြသင့်သည်။ အန္တရာယ်ရှိသည့် အကြောင်းအရာများမှ မည်သို့ ကာကွယ်မည်ကို တဦးချင်းစီမှ သင်ယူရန် သင်တန်းက အထောက်အပံ့ပေးနိုင်သည်။ ထို့အပြင်

[JJ] ibid, para. 85.

အင်တာနက်ပေါ်တွင် ပုဂ္ဂိုလ်ရေးသတင်းအချက်အလက်များကို ဖော်ပြခြင်း၏ ဖြစ်လာနိုင်ခြေရှိသော နောက်ဆက်တွဲ အကျိုးဆက်များကို ရှင်းပြရန် အထောက်အကူပြုနိုင်ပါသည်။[၂၄]

အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲမှုအတွက် မည်သည့် အစိတ်အပိုင်းများ ပါဝင်သင့်သည်ကို ၂၀၁၁ အထူး အစီရင်ခံစာတင်သွင်းသူ၏ အစီရင်ခံစာက အဆိုပြုထားသည်။ သို့သော် လူ့အခွင့်အရေး စောင့်ကြပ်ကွပ်ကဲခြင်း အနေဖြင့် ကာကွယ်မှုအဆင့်အတန်းများကို မည်သို့ စီစဉ်ထားရှိသင့်ကိုမူ မဖြေရှင်းထားပေ။

အတိအကျမဟုတ်သော်ငြား အင်တာနက်၏ အရေးပါပုံကို GC34 ကလည်း အလားတူ အသိအမှတ်ပြုထားသည်။ 'ဤမီဒီယာအသစ်များ၏ လွတ်လပ်ခွင့်ကို အားပေးမြှင့်တင်ရန်နှင့် လူတိုင်း လက်လှမ်းမီ ရရှိသုံးစွဲမှု သေချာစေရေး လိုအပ်သည့် အဆင့်အားလုံးကို အဖွဲ့ဝင်နိုင်ငံများက ဆောင်ရွက်*ရမည်*'။[၂၄] လူ့အခွင့်အရေး စောင့်ကြည့်ရေး အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေမူဘောင်သည် ဤအဆိုနှင့် မည်သို့ ဆက်နွယ်သည်ကိုမူ GC34 က ရှင်းရှင်းလင်းလင်း ဖော်ပြမထားပေ။ ထို့ကြောင့် အင်တာနက် လက်လှမ်းမီ ရရှိသုံးစွဲမှုအကြောင်း ဥပဒေကြောင်းအရ အနက်ဖွင့်ဆိုမှုကို မြှင့်တင်ရန် ကနဦးအလုပ်များအနက် တခုမှာ ရှိနှင့်ပြီးသား အခွင့်အရေးများကို စံနမူနာပြုရရှိခံစားနိုင်ရေး အကြံပြုချက်မှ အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲရေးကို 'ဥပဒေအရ အခွင့်အရေး' တရပ်ဟု စဉ်းစားမည့် အရာကို ပိုင်းခြားရန် ဖြစ်သည်။

အင်တာနက် လက်လှမ်းမီ ရရှိသုံးစွဲရေးနှင့် စပ်လျဉ်း၍ 'ဖြစ်မြောက်အောင်ဆောင်ရွက်ပေးသည်' ဆိုသည်ထက် 'အသေအချာဖြစ်စေသည်' ဟူသည့် စကားလုံးကို ၂၀၁၁ ခုနှစ် အထူးအစီရင်ခံစာတင်သွင်းသူ၏ အစီရင်ခံစာနှင့် GC34 နှစ်ခုစလုံးက အသုံးပြုထားသည်ကို သတိပြုရန်လည်း အရေးကြီးသည်။ အင်တာနက် လက်လှမ်းမီ ရရှိသုံးစွဲရေးအတွက် ဥပဒေအရ အခွင့်အရေး၏ လွှမ်းခြုံမှုနယ်ပယ်ကို မည်သို့ အသေအချာ သက်ရောက်ကြောင်းကို သိရှိနိုင်သည့် ဥပဒေစနစ် အနည်းငယ်မျှသာ ရှိကြသည်။ သို့စဉ်တွင် 'အသေအချာ ဖြစ်စေသည်' ကို ရွေးချယ်ခြင်းသည် ပိုမို ခိုင်မာသော ကာကွယ်မှုပုံစံကို အကြွင်းမဲ့ ဖြစ်ပေါ်စေသည်။ 'လက်လှမ်းမီ ရရှိသုံးစွဲမှု' သည် ယေဘုယျအားဖြင့် မည်သို့ဆိုလိုကြောင်းဟူသည့် ဥပဒေလမ်းညွှန်ချက် နည်းပါးသည်ကို မှတ်သားထားလျှက် စကားလုံးရွေးချယ်မှုများကို အခန်း (၄) တွင် အနီးကပ် လေ့လာသွားပေမည်။ အဘယ့်ကြောင့်ဆိုသော် ပူးတွဲကြေညာချက်သည် 'ဖြစ်မြောက်အောင် ဆောင်ရွက်ပေးသည်' ကို အသုံးပြုရန် ရွေးချယ်ခြင်းကြောင့်ပင် ဖြစ်သည်။ ဥပဒေစနစ်နှင့် အခြားသော တရားဝင်ဥပဒေလမ်းညွှန်ချက် ပေါ်ထွက်လာသည့်အတွက် စကားလုံးရွေးချယ်မှုသည် ပို၍ အရေးကြီးလာသည်။ သို့ရာတွင် လွှမ်းခြုံဆိုရသော် တည်ရှိဆဲ လူ့အခွင့်အရေးဥပဒေမူဘောင်အတွင်း သတင်းအချက်အလက်နည်းပညာ ထည့်သွင်းရေး အာမခံချက်များ၏ လွှမ်းခြုံနယ်ပယ် အကျယ်အဝန်းကို သတ်မှတ်ရာတွင် တည်ရှိနေသည့် ပို၍ အခြေခံကျသည့် အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုဆိုင်ရာ စိန်ခေါ်မှုများကို ပိုမို နားလည်သဘောပေါက်စေရေးအပေါ် ဤစာအုပ်က ဦးတည်ထားပါသည်။

---

[၂၄] ibid, para. 88.

[၂၄] GC 34 (n. 11), para. 15. အလေးထားချက်ကို ထည့်သွင်းထားသည်။

အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲခွင့်ရှိကြောင်း လူမှုအဖွဲ့အစည်းနှင့် ပညာရှင်များအကြား ဆွေးနွေးချက်နှင့် ဤသို့ ကုလသမဂ္ဂ အသိအမှတ်ပြုမှုတို့မှတဆင့် သိသာထင်ရှားသည့် သုတေသနဟာကွက် (၃) ရပ် ပေါ်ထွက်လာပါသည်။ ပထမဟာကွက်မှာ သတင်းအချက်အလက်နည်းပညာကို လက်လှမ်းမီ ရရှိသုံးစွဲခွင့် မညီမမျှ ဖြစ်ခြင်းကို လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်အာမခံချက်များနှင့် မည်သို့ ချိတ်ဆက်ထားရှိပြီး ဖြစ်ပါသနည်း။ အင်တာနက်ဆက်သွယ်ရေးသည် ရှင်းရှင်းလင်းလင်းဆိုရသော် အသစ်ဖြစ်ပြီး တမူထူးခြားပါသည်။ သို့ရာတွင် အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲခွင့်ရှိကြောင်း လက်တလောအဆိုများကို ယခင်ဆွေးနွေးချက်များဖြစ်သည့် သတင်းအချက်အလက်နည်းပညာကို လက်လှမ်းမီ ရရှိသုံးစွဲရာတွင် မညီမမျှဖြစ်ခြင်းတို့နှင့် ချိတ်ဆက်ရန် လိုအပ်သည်။

ဒုတိယဟာကွက်မှာ ဤဆွေးနွေးချက်အပေါ် လက်ရှိ လူ့အခွင့်အရေးဆိုင်ရာ လေ့လာဆန်းစစ်ချက်သည် ဆက်နွယ်ချက်တခုကိုသာလျှင် ထပ်မံအတည်ပြုပါသည်။ ၎င်းမှာ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ သဘောတူစာချုပ်များရှိ လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်ဆိုင်ရာ အပိုဒ်များနှင့် အင်တာနက် လက်လှမ်းမီ ရရှိသုံးစွဲခွင့်ကို အားပေးထောက်ခံထားသည့် အခြားအပိုဒ်များအကြား ဆက်နွယ်ချက် ဖြစ်ပါသည်။[၂၅] ထို့ကြောင့် သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်နှင့် ဆက်စပ်စဉ်းစားရမည့် အကြောင်းအရာရှိ အဆိုပါ အခွင့်အရေးများကို ကျွန်ုပ်တို့၏ အနက်ပြန်ဆိုခြင်း သို့မဟုတ် နားလည်သဘောပေါက်ခြင်းကို အားကောင်း ခိုင်မာစေရန်အတွက် အခွင့်အရေးများအကြားရှိ တည်ဆဲဆက်နွယ်ချက်များကို အသုံးပြုရန် လိုအပ်သည်။ လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့် တိုးတက်ဖြစ်ပေါ်လာရန် မည်သို့ လိုအပ်သည်နှင့် ပို၍ အားကောင်း ခိုင်မာသည့် သတင်းအချက်အလက်နည်းပညာရရှိသုံးစွဲခွင့် ထည့်သွင်းရေး အာမခံချက်များကို အားပေးရန် မည်သည့် အခြေခံမူများ လိုအပ်မည်တို့ကို ဤလေ့လာဆန်းစစ်ချက်က ပို၍ ရှင်းလင်းအောင် ပြုလုပ်မည် ဖြစ်သည်။[၂၆] လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်နှင့် အင်တာနက်တို့အပေါ် အလေးထားသည့် စီရင်ထုံးဥပဒေသည် အတော်ကလေး နည်းပါးသည့်အတွက်ကြောင့် သီအိုရီပိုင်းဆွေးနွေးချက်များသည် ပုံစံမျိုးစုံ ရှိနိုင်ပါသည်။ သို့ဖြစ်သည့်အတွက် (အင်တာနက်ကဲ့သို့) သတင်းအချက်အလက်နည်းပညာကို လက်လှမ်းမီ ရရှိသုံးစွဲခွင့် အညီအမျှ မရှိခြင်းနှင့် ၎င်း၏ အကျိုးဆက်များက အပြည်ပြည်ဆိုင်ရာရှိ လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့် အာမခံချက်များအား အနက်ပြန်ဆိုခြင်းကို မည်သို့ အထောက်အပံ့ပြုသည်ကို ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်ရန် လိုအပ်သည်။ သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကို ကျဉ်းမြောင်းစေရေး အထောက်အပံ့ပေးရန်

---

[၂၅] လက်ရှိ စစ်တမ်းဆောင်းပါးများတွင် De Hert and Kloza (n. 17)၊ Stephen Tully (n. 17)၊ Land (n. 16) တို့ ပါဝင်သည်။ လက်ရှိ ဥပဒေစနစ် အသေးစိတ် လေ့လာဆန်းစစ်ချက်ကို ချွင်းချက်အချို့ဖြင့် Herr (n. 17) တွင် ပါဝင်သည်။ ဥရောပစနစ်အတွင်း ဆွေးနွေးချက်အပေါ် Herr က ဦးတည်ထားသည်။ သူမ၏ အမြင်များကို စာအုပ်၏ အဓိကအပိုင်းတွင် ဆွေးနွေးသွားပေမည်။ သို့ရာတွင် ဤအလုပ်၏ အခြေခံအားနည်းချက်မှာ ဥပရောပခုံရုံးအပေါ် အလေးထားသော်ငြား အင်တာနက် လက်လှမ်းမီ ရရှိသုံးစွဲခွင့်ကို အလေးပေးထားသည့် သူမ၏ ဆွေးနွေးချက် နှစ်ခု (Autronic နှင့် Mustafa) ကို ဤဆောင်းပါးက လေ့လာဆန်းစစ်သည်။ သို့သော် *Yildirim v. Turkey* အကြောင်း ဆွေးနွေးချက်ကို ချန်လှပ်ထားသည်။ *Autronic* လေ့လာဆန်းစစ်ချက်မှတဆင့် သူမ ကိုးကားထားသည့် ဆွေးနွေးချက်အချို့ကို ခုံရုံးက တိုက်ရိုက် ဆွေးနွေးပါသည်။

[၂၆] De Hert and Kloza (n. 17) 15၊ Land (n. 16) 394.

အလို့ငှာ အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲခွင့်ကို သီအိုရီပိုင်း အခြေခံထားသည့် အကြောင်းအရာကို ယခုစာအုပ်က လေ့လာဆန်းစစ်ခြင်း ဖြစ်ပါသည်။ ဤသို့လေ့လာဆန်းစစ်ရာတွင် အင်တာနက် လက်လှမ်းမီ ရရှိသုံးစွဲခွင့်၏ လွှမ်းခြုံနယ်ပယ်ကို ရှင်းလင်းအောင်ပြုလုပ်ရန် လိုအပ်သည်။ အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲခွင့်သည် လက်တွေ့ကျကျ မည်သို့ ဆိုလိုသည်ကို ၂၀၁၁ ခုနှစ် အထူး အစီရင်ခံစာတင်သွင်းသူ၏ အစီရင်ခံစာနှင့် GC34 တို့က ဖော်ပြထားခြင်းမပြုဘဲ ထိုကဲ့သို့ရရှိသုံးစွဲခွင့်ကို ရရှိရန်အတွက် နိုင်ငံများ၏ အားထုတ်မှုများကိုသာ အသားပေးထားကြသည်။ ဤလေ့လာချက်၏ အစိတ်အပိုင်းအဖြစ် သတင်းအချက်အလက် နည်းပညာ ရရှိသုံးစွဲခွင့် ထည့်သွင်းရေး အစပျိုးလုပ်ဆောင်ချက်များ၏ ရှိရင်းစွဲ အခက်အခဲများကိုသာ တိုက်ရိုက် ကိုင်တွယ်ဖြေရှင်းထားသည်။ နိုင်ငံ၏ မလုပ်ဆောင်ရမည့် တာဝန်များ (negative obligations) (အင်တာနက် လက်လှမ်းမီရရှိသုံးစွဲခွင့်ကို မပိတ်ပင်ရန်) နှင့် ဆန့်ကျင်ဘက်အဖြစ် လုပ်ဆောင်ရမည့် တာဝန်များ (positive obligations) (အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲခွင့်ပြဋ္ဌာန်းခြင်း) ကို ကျယ်ကျယ်ပြန့်ပြန့် ဖြစ်စေရန်တို့အတွက် အစပျိုးလုပ်ဆောင်မှုများ ဖြစ်ကြသည်။ ပုဂ္ဂလိကကဏ္ဍ လုပ်ဆောင်သူများသည် အခြေခံ အဆောက်အဦများအတွက် ဆီလျော်မှု သို့မဟုတ် ၎င်းတို့သည် ကြားခံဆောင်ရွက်သူများအဖြစ် ဆီလျော်မှုတို့အရ သတင်းအချက်အလက် နည်းပညာ ရရှိသုံးစွဲရေး အာမခံချက်များကို အသက်ဝင်လိုက်နာအောင် ကိုင်တွယ်သည့်အခါတွင် ဤတာဝန်ရှိမှုများသည် အထူးပင် ကိုက်ညီပါသည်။

တတိယဟာကွက်အနေဖြင့် သတင်းအချက်အလက်နည်းပညာ ရရှိသုံးစွဲခွင့်ကို ထည့်သွင်းမည့် အစီအမံများကို ရေးဆွဲပြုစုခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် သုံးသပ်ခြင်းဆိုင်ရာ လူ့အခွင့်အရေးအခြေခံ စံနှုန်းများအတွက် အခြေခံကို ယခုစာအုပ်က ရေးဆွဲ၍ တိုးတက်စေပါသည်။ ၎င်းအစီအမံများမှာ လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်နှင့် အခြားဆက်စပ်အခွင့်အရေးများကို အနက်ပြန်ဆိုရာတွင် နောက်ဆုံးဖွံ့ဖြိုးတိုးတက်မှုကို တပြိုင်နက်တည်း ဖြစ်စေသည့် အစီအမံများ ဖြစ်ပါသည်။ အင်တာနက် လက်လှမ်းမီ ရရှိသုံးစွဲခွင့်ကို စီစဉ်ဆောင်ရွက်ရေး နိုင်ငံများအတွက် အကြံပြုထားသည့် တာဝန်များ ရှိသည်။ ၎င်းတာဝန်များသည် အခွင့်အရေး အခြေခံ ဆန်းစစ်ချက်အတွက် လမ်းညွှန်ချက်များ ဖြစ်လာမည့် နည်းလမ်းများကို စီစဉ်ပေးပါသည်။ သို့သော်ငြား အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲခွင့်ကို စီစဉ်ပေးရမည့် နိုင်ငံ၏ 'လုပ်ဆောင်ရမည့် တာဝန်များ' ကမူ အခိုင်အမာ ရှိပါသည်။ ဤအမြင်အရဆိုသော် ထိုကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုကို ပို၍ အခြေပြုသည့် သုတေသနသည် နောင်တွင် လူ့အခွင့်အရေး စောင့်ကြည့်ရေး အဖွဲ့အစည်းများအတွက် အသုံးဝင်လာပေလိမ့်မည်။ ထို့အပြင် သတင်း အချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကို ကိုင်တွယ်ဖြေရှင်းရာတွင် ဤဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့အခွင့်အရေးနယ်ပယ်များကြောင့် အပြန်အလှန် အထောက်အပံ့ဖြစ်နေသည့် နည်းလမ်းများကို ပို၍ အသေအချာ ပေါ်ပေါက်လာစေပါသည်။ အထူးသဖြင့် လူ့အသိုက်အဝန်းအတွင်းရှိ အပယ်ခံထားရသည့် ထိခိုက်လွယ်လူများနှင့် ပတ်သက်၍ ဖြစ်ပါသည်။

၁-၂။ နည်းပညာပိုင်းချဉ်းကပ်မှု

အမျိုးမျိုးသော လူ့အခွင့်အရေးစောင့်ကြည့်ရေး အဖွဲ့အစည်းများကိုသာမက လူ့အခွင့်အရေးဆိုင်ရာ မလုပ်ဆောင်ရမည့် တာဝန်များနှင့် လုပ်ဆောင်ရမည့် တာဝန်များကိုပါ လေ့လာဆန်းစစ်ရန်အတွက် အခန်း (၃)၊ (၄) နှင့် (၅) တို့တွင် အသုံးပြုထားသည့် နည်းပညာပိုင်း ချဉ်းကပ်နည်းကို ဤအပိုင်းတွင် ဖော်ပြပါသည်။ သတင်းအချက်အလက်နည်းပညာနှင့် မီဒီယာများအား လက်လှမ်းမီ ရရှိသုံးစွဲခွင့်ကို လူ့အခွင့်အရေးတရပ်အဖြစ်

အထောက်အပံ့ပေးသည့် ဥပဒေအရ အကျိုးသင့်ကြောင်းသင့်ဆွေးနွေးချက်၏ အခြေခံသည် ကုလသမဂ္ဂ လူ့အခွင့်အရေးကြေညာစာတမ်း၏ အပိုဒ် (၁၉) ဖြစ်ပါသည်။[၂၇] နောက်ပိုင်း၌ ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့် ဒေသဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များပါ အလားတူ ပြဋ္ဌာန်းချက်များတွင် လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့်နှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ အာမခံချက်များကို ဥပဒေအရ စည်းနှောင်ရန်အတွက် အပိုဒ် (၁၉) သည် အခြေခံ ဖြစ်လာသည်။ ဒေသဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များပါ ပြဋ္ဌာန်းချက်များတွင် ဥရောပ လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (European Convention on Human Rights - ECHR) ၏ အပိုဒ် (၁၀)၊ လူသား အခွင့်အရေးနှင့် တာဝန်များဆိုင်ရာ အမေရိကန်နိုင်ငံများ၏ ကြေညာစာတမ်း (American Declaration of the Rights and Duties of Man -ADRDM) ၏ အပိုဒ် (၄)၊ လူ့အခွင့်အရေးဆိုင်ရာ အမေရိကန်နိုင်ငံများ၏ သဘောတူစာချုပ် (American Convention of Human Rights - ACHR) ၏ အပိုဒ် (၁၃)၊ အာဖရိက လူသားနှင့် ပြည်သူ့အခွင့်အရေးများ ပဋိညာဉ် (African Charter of Human Rights and Peoples' Rights - ACHRPR) ၏ အပိုဒ် (၉) တို့ ပါဝင်သည်။[၂၈] ကုလသမဂ္ဂ လူ့အခွင့်အရေးကြေညာစာတမ်း၏ အပိုဒ် (၁၉) က အောက်ပါအတိုင်း ဖော်ပြထားသည်-

> လူတိုင်းတွင် လွတ်လပ်စွာ ထင်မြင်ယူဆခွင့်နှင့် အမြင်သဘောထား ထုတ်ဖော်တင်ပြပြောဆိုခွင့် ရှိရမည်။ ဤအခွင့်အရေးတွင် အမြင်သဘောထားများကို အဟန့်အတားမရှိဘဲ လွတ်လပ်စွာ ကိုင်စွဲခွင့် ပါဝင်သည်။ ထို့အပြင် နယ်မြေအပိုင်းအခြား မရှိဘဲ မည်သည့်မီဒီယာမှတဆင့် သတင်းအချက်အလက်များနှင့် အယူအဆများကို ရှာဖွေ၊ လက်ခံပြီး ဆက်သွယ်ပြောကြားခွင့်လည်း ပါဝင်သည်။[၂၉]

'နယ်မြေအပိုင်းအခြား မရှိဘဲ မည်သည့်မီဒီယာမှတဆင့် ..... သတင်းအချက်အလက်များနှင့် အယူအဆများကို ရှာဖွေ၊ လက်ခံပြီး ဆက်သွယ်ပြောကြားရန် ..... လွတ်လပ်ခွင့်' ဟူသည့် အစိတ်အပိုင်းအပေါ်

---

[၂၇] ibid. Land.

[၂၈] ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (၁၉၆၆ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ပြဋ္ဌာန်းပြီး ၁၉၇၆ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် အသက်ဝင်သည်) 999 UNTS 171 (ICCPR)၊ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ ကာကွယ်ရေး သဘောတူစာချုပ် (ပြင်ဆင်ဖြည့်စွက်ချက်အရ ဥရောပ လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်) (ECHR) 213 UNTS 221 ၏ အပိုဒ် (၁၀)၊ အမေရိကန်နိုင်ငံများ၏ ၉ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကွန်းဖရင့် (၁၉၄၈ ခုနှစ်) မှ ပြဋ္ဌာန်းထားသည့် လူသား အခွင့်အရေးနှင့် တာဝန်များဆိုင်ရာ အမေရိကန်နိုင်ငံများ၏ ကြေညာစာတမ်း၊ အမေရိကန်နိုင်ငံများစနစ်အတွင်းရှိ လူ့အခွင့်အရေးနှင့် ဆက်စပ်သည့် စာအုပ်စာတမ်းများအဖြစ် ထပ်မံပုံနှိပ်သည် OEA/Ser L V/II.82 Doc 6 Rev 1 at 17 (1992)၊ လူ့အခွင့်အရေးဆိုင်ရာ အမေရိကန်နိုင်ငံများ၏ သဘောတူစာချုပ် 'Pact of San Jose, Costa Rica' (၁၉၆၉ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ပြဋ္ဌာန်းပြီး ၁၉၇၈ ခုနှစ် ဇူလိုင်လ ၁၈ ရက်နေ့တွင် အသက်ဝင်သည်) OAS Treaty Series No 36 (ACHR) <www.u nhcr. org/r efwor ld/do cid/3 ae6b3 6510. html> accessed 3 March 2010၊ အာဖရိက လူသားနှင့် ပြည်သူ့အခွင့်အရေးများ ပဋိညာဉ် (၁၉၈၁ ခုနှစ် ဇွန်နလ ၂၇ ရက်နေ့တွင် ပြဋ္ဌာန်းပြီး ၁၉၈၆ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် အသက်ဝင်သည်) (1982) 21 ILM 58 (အာဖရိကပဋိညာဉ်).

[၂၉] ကုလသမဂ္ဂလူ့အခွင့်အရေးကြေညာစာတမ်း (၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ပြဋ္ဌာန်းသည် UNGA Res 217 A(III) (UDHR).

ဤစာအုပ်သည် အလေးထားသည်။ 'နယ်မြေအပိုင်းအခြား မရှိဘဲ' နှင့် 'မည်သည့်မီဒီယာမှတဆင့်' ဟူသည့် စကားရပ်များသည် သတင်းအချက်အလက်ဆိုင်ရာ မီဒီယာ၏ လက်လှမ်းမီ ရရှိမှုကို လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်ကို အမှန်တကယ် ဖြည့်ဆည်းမှုနှင့် ချိတ်ဆက်ပါသည်။ UDHR ထုတ်ပြန်ချိန်တွင် တီထွင်ခြင်း မပြုရသေးသော သတင်းအချက်အလက် မီဒီယာလည်း ပါဝင်သည်။

ICCPR ၏ အပိုဒ် (၁၉) တွင် အောက်ပါအတိုင်း ဖော်ပြထားသည်-

၁။ လူတိုင်းတွင် အမြင်သဘောထားများကို အဟန့်အတားမရှိဘဲ လွတ်လပ်စွာ ကိုင်စွဲခွင့် ရှိရမည်။

၂။ လူတိုင်းတွင် လွတ်လပ်စွာ ထင်မြင်ယူဆခွင့်နှင့် အမြင်သဘောထား ထုတ်ဖော်တင်ပြပြောဆိုခွင့် ရှိရမည်။ ဤအခွင့်အရေးတွင် အမြင်သဘောထားများကို အဟန့်အတားမရှိဘဲ လွတ်လပ်စွာ ကိုင်စွဲခွင့် ပါဝင်သည်။ ထို့အပြင် နယ်မြေအပိုင်းအခြား မရှိဘဲ မည်သည့်မီဒီယာမှတဆင့် သတင်းအချက်အလက်များနှင့် အယူအဆများကို ရှာဖွေ၊ လက်ခံပြီး ဆက်သွယ်ပြောကြားခွင့်လည်း ပါဝင်သည်။

၃။ ဤအပိုဒ်၏ စာပိုဒ် (၂) တွင် ဖော်ပြထားသည့် အခွင့်အရေးများအား ကျင့်သုံးခြင်းကို ၎င်း၏ တာဝန်ဝတ္တရားများနှင့် အတူ အထူးဂရုပြု ဆောင်ရွက်ရမည်။ ထို့ကြောင့် ကန့်သတ်ချက်အချို့ကိုလည်း ကြုံတွေ့ရသော်လည်း ၎င်းတာဝန်ဝတ္တရားများကို ဥပဒေဖြင့် သတ်မှတ်ရမည်ဖြစ်ပြီး အောက်ပါတို့လိုအပ်ပါသည်-

(က) အခြားသူများ၏ အခွင့်အရေးများ သို့မဟုတ် ဂုဏ်သိက္ခာကို လေးစားခြင်း၊

(ခ) ပြည်တွင်းလုံခြုံရေး သို့မဟုတ် အစိုးရအမိန့် (ordre public) ကို ကာကွယ်ခြင်း၊ သို့မဟုတ် ပြည်သူ့ကျန်းမာရေး သို့မဟုတ် ပြည်သူ့နိတိများကို ကာကွယ်ခြင်း။

ICCPR ၏ အပိုဒ် (၁၉) နှင့် ၂၀၁၁ ခုနှစ် အထူးအစီရင်ခံစာတင်သွင်းသူ၏ အစီရင်ခံစာသည် ကမ္ဘာလုံးဆိုင်ရာ မူဘောင်ကို ဖန်တီးပေးမည်ဖြစ်ပြီး ဆီလျော်ပါက အခြားအခန်းများက ၎င်းကို ကိုးကားပေလိမ့်မည်။ သို့ရာတွင် စာအုပ်၏ အဓိကအပိုင်းသည် ဒေသဆိုင်ရာ လူ့အခွင့်အရေး စောင့်ကြည့်ရေး အဖွဲ့အစည်းနှစ်ခု ဖြစ်သည့် လူ့အခွင့်အရေးဆိုင်ရာ ဥရောပခုံရုံး (European Court of Human Rights - ECtHR) နှင့် အမေရိကန်နိုင်ငံများ၏ လူ့အခွင့်အရေးဆိုင်ရာ ခုံရုံး (Inter-American Court of Human Rights - IACtHR) တို့၏ ဥပဒေစနစ်ကို လေ့လာပါသည်။ ECtHR ၏ လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်၏ ဥပဒေစနစ် ပင်မအပိုင်းသည် အဓိကကျသည်။ အဘယ့်ကြောင့်ဆိုသော် အခြားသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စောင့်ကြည့်ရေး အဖွဲ့အစည်းများ၏ ဥပဒေစနစ်ထက် အတော်ပင် သာလွန်နေခြင်းကြောင့် ဖြစ်သည်။[၃၀] အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲခွင့်ကို

[၃၀] David Harris and others, *Harris, O'Boyle and Warbrick: Law of the European Convention on Human Rights*, 2nd edn (OUP 2009) 30–31၊ John Graham Merrills, *The Development of International Law by the European Court of Human Rights* (Manchester University Press 1995).

ငြင်းပယ်ခြင်းကို နိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနှင့် စပ်လျဉ်း၍ လိုက်နာရမည့် တာဝန်များကို ချိုးဖောက်ခြင်းအဖြစ် ၎င်း၏ *Yildirim v. Turkey* ဆုံးဖြတ်ချက်ဖြင့် အတိအကျ သတ်မှတ်ထားပါသည်။ ထိုသို့ သတ်မှတ်သည့် ပထမဆုံးသော ခုံရုံးဖြစ်သလို ယနေ့ထိတိုင် ထိုသို့ သတ်မှတ်သည့် တခုတည်းသော ခုံရုံး ဖြစ်ပါသည်။[၃၀] IACtHR ၏ အဖွဲ့ဝင်ဖြစ်သည့် မက္ကဆီကိုနိုင်ငံတွင် ဤစာအုပ်အတွက် ကွင်းဆင်းသုတေသနပြုခဲ့ခြင်း ဖြစ်ရာ IACtHR ကိုလည်း လေ့လာရပေမည်။[၃၂] အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေနှင့် ဆက်စပ်သည့် အကြောင်းအရာအတွက် ကွင်းဆင်းသုတေသန၏ တွေ့ရှိချက်များကို အသုံးပြုရန်အလို့ငှာ အာမခံချက်များ၏ အတိုင်းအတာအပေါ် လွှမ်းမိုးနိုင်သည့် ECtHR နှင့် IACtHR တို့၏ တူညီချက်များနှင့် ကွဲပြားချက်များကို လေ့လာရန် အသုံးတည့်ပါသည်။ ECtHR နှင့် တူညီသည့် နည်းလမ်း သို့မဟုတ် ကွဲပြားသည့် နည်းလမ်းဖြင့် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့် အာမခံချက်များ၏ အစိတ်အပိုင်းအဖြစ် အင်တာနက် လက်လှမ်းမီ ရရှိသုံးစွဲခွင့် ဖြစ်နိုင်ခြေကို IACtHR က မည်သို့ ချဉ်းကပ်သည်ကို ဤလေ့လာချက်မှ ထွက်ပေါ်လာသည့် သုံးသပ်ချက်များက လေ့လာဆန်းစစ်ခွင့်ပြုသည်။

ဤခုံရုံးများသည် ၎င်းတို့၏ စီရင်ချက်များကို သီးခြား ချမှတ်လေ့ မရှိကြောင်း မှတ်သားထားရန် အရေးကြီး သည်။ ယခင်ကာလများတွင် အခြားခုံရုံး၏ စီရင်ချက်များကို အသုံးပြုသည့် လိုက်နာကိုးကားရမည့် စီရင်ထုံး သို့မဟုတ် အပြည်ပြည်ဆိုင်ရာနှင့် သက်ဆိုင်သည့် အခြေအနေများ သို့မဟုတ် ပြည်တွင်းအခြေအနေများတွင် ချမှတ်သည့် လိုက်နာကိုးကားရမည့် စီရင်ထုံးများကို ခုံရုံးတခုစီတွင် ချမှတ်ထားပါသည်။ ရှင်းလင်းဖော်ပြပြီး ဖြစ်သည့်အတိုင်း ဥရောပနှင့် အမေရိကနိုင်ငံများ၏ စနစ်နှစ်ခုစလုံးတွင် နိုင်ငံအဆင့် အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲခွင့်သေချာစေရေး လိုအပ်ချက်ကို ဖြေရှင်းထားသည့် ကျင့်သုံးပုံသည် လက်ရှိတွင် တည်ရှိနေပါသည်။[၃၃] ထို့ကြောင့် အခြားသော လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများထံမှ သင့်လျော်သည့် စီရင်ထုံးဥပဒေကို မည်သည့် လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့အစည်းမဆို လေ့လာမည်မှာ ဖြစ်နိုင်ခြေရှိသည်။ အင်တာနက် လက်လှမ်းမီ ရရှိသုံးစွဲရေး ကိစ္စရပ်ကို လေ့လာဆန်းစစ်ရာတွင် လူ့အခွင့်အရေး စောင့်ကြည့်ရေး အဖွဲ့အစည်းသည် ၎င်းတို့၏ တရားစီရင်ရေးအတွင်းနှင့် အပြည်ပြည်ဆိုင်ရာရှိ သင့်လျော်သည့် နိုင်ငံကျင့်သုံးပုံကို ကနဦး လေ့လာရပေမည်။[၃၄]

---

၃၀ *Yildirim v. Turkey* App no 3111/10 (ECtHR, 18 December 2012).

၃၂ လူ့အခွင့်အရေးဆိုင်ရာ အမေရိကနိုင်ငံများ၏ သဘောတူစာချုပ်ကို မက္ကဆီကို နိုင်ငံသည် ၁၉၈၁ ခုနှစ် မတ်လ ၂ ရက်နေ့တွင် အဖွဲ့ဝင်အဖြစ် တရားဝင်အတည်ပြုပါသည်။ အမေရိကနိုင်ငံများ၏ လူ့အခွင့်အရေးဆိုင်ရာ ခုံရုံး၏ တရားစီရင်ပိုင်ခွင့်ကို ၁၉၉၈ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် အသိအမှတ်ပြု လက်ခံပါသည်။ OAS website, www.c idh.o as.or g/bas icos/engli sh/Ba sic4. Amer. Conv. Ratif .htm မှ အချက်အလက် ရရှိသည်။ Accessed 23 September 2014.

၃၃ 2011 SR Report (n. 12), para. 65၊ ဥရောပကောင်စီအဖွဲ့ဝင် နမူနာများတွင် အက်စတိုးနီးယား၊ ပြင်သစ်နှင့် ဖင်လန်နိုင်ငံတို့ ပါဝင်သည်။ OAS အဖွဲ့ဝင် နမူနာများတွင် ကော်စတာရီကာနှင့် ချီလီနိုင်ငံတို့ ပါဝင်သည်။

၃၄ Anne-Marie Slaughter, 'A Global Community of Courts' (2003) 44 *Harvard International Law Journal* 191. For a more cautious analysis, see Antoine Buyse, 'Tacit Citing – The Scarcity of Judicial Dialogue between the Global and the Regional Human Rights Mechanisms in Freedom of Expression Cases' in Tarlach McGonagle

ထို့အပြင် ကုလသမဂ္ဂနှင့် ဒေသဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူများသည် ၎င်းတို့၏ ၂၀၁၁ ခုနှစ် ပူးတွဲထုတ်ပြန်ကြေညာချက်အပေါ် အခြေခံ၍ ဤကိစ္စရပ်ကို ပေါင်းစပ်စဉ်းစားထားပြီးသား ဖြစ်သည်မှာ ရှင်းပါသည်။[၃၅] ဥရောပနှင့် အမေရိကနိုင်ငံများ၏ စနစ်များသည် ပူးတွဲကြေညာချက်ကို ၎င်းတို့၏ ဆုံးဖြတ်ချက်များ (ECtHR ၏ အမှုတွင် ဖြစ်သည်) သို့မဟုတ် ၎င်းတို့၏ အစီရင်ခံစာများ (IACtHR ၏ အမှုဖြစ်သည်) တွင် ကိုးကားလျက် ရှိကြသည်။ သို့ဖြစ်၍ အခန်းတခုချင်းစီ၏ ချဉ်းကပ်နည်းကို ပုံဖော်ရန်အတွက် အခန်း (၃)၊ (၄)၊ (၅) နှင့် (၆) တို့သည် ပူးတွဲကြေညာချက်ကို စမှတ်အဖြစ် အသုံးပြုကြသည်။ သို့မှသာ ဤစာအုပ်၏ လေ့လာဆန်းစစ်ချက်သည် စနစ်နှစ်ခုကိုသာ ဦးတည်ထားသော်ငြား ဤအကြောင်းအရာနှင့် သက်ဆိုင်သည့် စနစ် ၄ ခုအနက် တခုစီတွင် နောင်ကာလ လေ့လာဆန်းစစ်ချက် ပြုနိုင်ရန်အတွက် အသုံးတည့်သည့် အမြင်အချို့ကို အခန်းတစ်ခုချင်းစီမှ သုံးသပ်ချက်များသည် ပေးစွမ်းနိုင်မည် ဖြစ်သည်။

အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲရေးကို နိုင်ငံများက သေချာအောင် ပြုလုပ်ပေးရမည်ဟူသည့် GC34 ၏ အဆိုနှင့် ၂၀၁၁ ခုနှစ် အထူးအစီရင်ခံစာတင်သွင်းသူ၏ အစီရင်ခံစာပါ အကြံပြုချက်များအရသာမက လူတိုင်း အင်တာနက်ကို လက်လှမ်းမီ ရရှိသုံးစွဲရေး အဆင်ပြေအောင် ဆောင်ရွက်မည့် မူဝါဒများနှင့် မဟာဗျူဟာများကို နိုင်ငံများက ရေးဆွဲရမည်ဟူသော ပူးတွဲကြေညာချက်၏ အကြံပြုချက်များအရဆိုသော် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး အသိုက်အဝန်းအတွက် ရှင်းလင်းတိကျသည့် လိုအပ်ချက် ရှိပါသည်။ ၎င်းလိုအပ်ချက်မှာ ကျေးလက်ဒေသနေ လူများ သို့မဟုတ် လူမှုစီးပွား အကျိုးမခံစားရသူများအတွက် အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲရေး စီစဉ်ရန် ရည်ရွယ်ထားသည့် ဤသတင်းအချက်အလက်နည်းပညာ ရရှိသုံးစွဲရေး ထည့်သွင်းထားသည့် မူဝါဒများနှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေမူဘောင်သည် မည်သို့ ကိုက်ညီသည်ကို စတင် လေ့လာရမည့် လိုအပ်ချက် ဖြစ်သည်။ အင်တာနက်အသုံးပြုနေစဉ်တွင် လူ့အခွင့်အရေးချိုးဖောက်ခြင်းများကို အလေးထား လေ့လာထားသည့် သိသိသာသာ အရေးပါ၍ သင့်လျော်သော ပညာရပ်စာပေများရှိပါသည်။ ထို့အတူ အပစ်ပယ်ခံရဆုံး အသိုက်အဝန်းမှ အင်တာနက် လက်လှမ်းမီ ရရှိသုံးစွဲရေးနှင့် အွန်လိုင်းတွင် ၎င်းတို့၏ အခွင့်အရေးများ ကျင့်သုံးနိုင်ရေးကို အကောင်းဆုံး ကာကွယ်ပေးမည့် လူ့အခွင့်အရေးဆိုင်ရာ ဥပဒေအာမခံချက်များ အသေအချာ ရှိရန်လည်း ပြိုင်တူ လိုအပ်သည်။

ပြည်နယ်မြို့တော်အတွင်းနှင့် ပြင်ပတွင် နေထိုင်နေကြသည့် ကျေးလက်နေနှင့် ဌာနေ တိုင်းရင်းသား လူ့အဖွဲ့အစည်းများအကြား ကြွယ်ဝချမ်းသာမှု အလွန်အမင်း ကွာခြားနေသည့် မက္ကဆီကိုနိုင်ငံ၊ Jalisco ရှိ ဖြစ်ရပ်

---

and Yvonne Donders, *The United Nations and Freedom of Expression and Information: Critical Perspectives* (Cambridge University Press, 2015).

၃၅ UN OSCE ၏ 'လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်နှင့် အင်တာနက်ဆိုင်ရာ ပူးတွဲကြေညာချက် (Joint Declaration on Freedom of Expression and the Internet)' (၂၀၁၁ ခုနှစ် ဇွန်လ ၁ ရက်) [ဤနေရာမှစ၍ ပူးတွဲကြေညာချက်ဟု ခေါ်ဆိုသွားမည်]

အခြေပြု လေ့လာမှုတခုအပေါ် ဤစာအုပ်က အခြေခံထားပါသည်။[၃၆] ပြည်တွင်းအသားတင်ထုတ်လုပ်မှု (GDP) အရဆိုသော် Jalisco ၏ မြို့တော်ဖြစ်သည့် Guadalajara သည် မက္ကဆီကိုနိုင်ငံနှင့် လက်တင်အမေရိက ဒေသတွင် အချမ်းသာဆုံး မြို့ပြ ၁၀ ခုအနက် တခု ဖြစ်ပါသည်။[၃၇] ဤသို့ကြွယ်ဝချမ်းသာမှု ရှိသော်ငြား နိုင်ငံအတွင်း အဆင်းရဲဆုံး လူ့အဖွဲ့အစည်းသည်လည်း Jalisco တွင် ရှိနေပါသည်။ ဒေသန္တရအုပ်ချုပ်ရေးနယ်မြေ ၁၃၃ ခုအနက် ၈၉ ခုတွင် လူဦးရေ၏ ၅၀ ရာခိုင်နှုန်း သို့မဟုတ် ထို့ထက်ပိုသည့် လူဦးရေသည် ဆင်းရဲမွဲတေမှု မြင့်မားသည့် သို့မဟုတ် အလွန်အကျူးဆင်းရဲမွဲတေသည့် အနေအထားတွင် နေထိုင်လျက်ရှိပါသည်။[၃၈] ဤမညီမျှမှု ပုံစံများသည် သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်အတွက် ကျယ်ပြန့်သည့် မေးခွန်းကို ကိုယ်စားပြုနေသည်။ ထို့အပြင် သတင်းအချက်အလက် နည်းပညာ ရရှိသုံးစွဲနိုင်ရေး အစပျိုးလုပ်ဆောင်ချက်များသည် ဤဆင်းရဲမွဲတေသည့် လူ့အဖွဲ့အစည်းများအတွက် တန်ဖိုးရှိသည့် သတင်းအချက်အလက်များနှင့် အကြောင်းအရာများကို လက်လှမ်းမီ ရရှိသုံးစွဲနိုင်စေသည့် အတိုင်းအတာကိုလည်း ကိုယ်စားပြုပါသည်။ Guadalajara တွင် ကျွန်ုပ် နေထိုင်ခဲ့သည့် ၅ နှစ်တာ ကာလအတွင်း ကျွန်ုပ်၏ ပညာရေး နောက်ခံဖြစ်သည့် ကွန်ပျူတာသိပ္ပံပညာကို အစိုးရနှင့် ဒေသန္တရ အစိုးရအရာရှိများ၊ လူ့အခွင့်အရေး အဖွဲ့အစည်းများနှင့် အလုပ်လုပ်ကိုင်ရာတွင် အသုံးချခဲ့သည်။ ကျေးလက်နေ အဖွဲ့အစည်း သို့မဟုတ် ရွှေ့ပြောင်းအခြေချ အဖွဲ့အစည်းများသည် ၎င်းတို့၏ နေ့စဉ်ရှင်သန် ရပ်တည်ရေးအတွက် သတင်းအချက်အလက် နည်းပညာကို အကောင်းဆုံးအသုံးချနိုင်သည့် နည်းလမ်းများဖြင့် မည်သို့ ထည့်သွင်းပေါင်းစပ်မည်အပေါ် ကျွန်ုပ်၏ နောက်ခံပညာရေးကို အသုံးချခဲ့ခြင်း ဖြစ်သည်။ ယခင်အခန်းများ၏ သီအိုရီပိုင်း ဥပဒေ လေ့လာဆန်းစစ်ချက်ကို လက်တွေ့အခြေအနေတွင် ပေါင်းစပ်ရန်အတွက် ဤကိုယ်စားပြုဖြစ်ရပ်အခြေပြုလေ့လာမှုကို အခန်း (၆) တွင် အသုံးပြုထားပါသည်။ ထို့နောက် လူ့အခွင့်အရေး ဥပဒေ မူဘောင်သည် အချက်အလက်ပြည့်စုံကာ အသုံးတည့်ကြောင်း အယူအဆကို ဤအခန်းက ဖော်ထုတ်ပါသည်။ အခွင့်အရေးအခြေပြု ချဉ်းကပ်နည်းကို အသုံးပြုထားသည့် အခြားသော ပညာရပ်များသည် ဤသုတေသနများ ပြုလုပ်သည့် အဖွဲ့အစည်းအတွက် ပို၍ အသုံးတည့်ကြောင်း အမြင်ကိုလည်း ဤအခန်းက တင်ပြပါသည်။

၁-၃။ အနက်ဖွင့်ဆိုမှုဆိုင်ရာ စိန်ခေါ်ချက်များ

သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ဆိုင်ရာ ကိစ္စရပ်များအတွက် လူ့အခွင့်အရေးဆိုင်ရာ ဥပဒေ မူဘောင်များ၏ ဆီလျော်မှုကို ဆွေးနွေးရာတွင် ပညာရှင်များနှင့် ကျင့်သုံးသူများ အသုံးပြုသည့် အဓိက ယူဆချက်များနှင့် ဝေါဟာရများ၏ မရေမရာ အနက်ဖွင့်ဆိုမှုများ (သို့မဟုတ် လုံးဝ အနက်ပြန်ဆိုမှု မရှိခြင်း) တို့နှင့် သက်ဆိုင်သည့် စိန်ခေါ်မှုများ ရှိနေသည်မှာ အသေအချာပင် ဖြစ်သည်။ အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲမှု

---

[၃၆] Government of Jalisco, Mexico '2012 Report on Poverty and Inequality within the State of Jalisco' www.coneval.gob.mx/coordinacion/entidades/Paginas/Jalisco/desigualdad.aspx Accessed on 25 September 2014.

[၃၇] ibid. See generally, Government of Jalisco, Mexico website: <www.jalisco.gob.mx/es/jalisco/guadalajara> Accessed on 25 September 2014.

[၃၈] ibid.

နှင့် သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်နှင့် အတူ အင်တာနက် လက်လှမ်းမီ ရရှိသုံးစွဲရေး၏ လိုအပ်သည့် ထပ်ဆင့် အစိတ်အပိုင်းများလည်း ပါဝင်သည်။ ဤပြဿနာများကို သိမြင်လက်ခံရန် အရေးကြီးသည်။ သို့သော်ငြား ဤယူဆချက်များသည် လူ့အခွင့်အရေးဆိုင်ရာ ဥပဒေမူဘောင်နှင့် မည်သို့ ချိတ်ဆက်နေသည်ကို ပိုမို နားလည်သဘောပေါက်ခြင်းကို တိုးပွားစေရန် လိုအပ်ချက်ကိုမူ ယုတ်လျော့စေမည် မဟုတ်ပါ။ သို့ဖြစ်၍ ဘေးကျပ်နံကျပ်ဖြစ်ခြင်းကို လက်ခံခြင်းဖြင့် အပြည်ပြည်ဆိုင်ရာ မူဘောင်သည် သတင်းအချက်အလက် နည်းပညာ ရရှိသုံးစွဲခွင့် အာမခံချက်များကို အထောက်အပံ့ ပြုသည့် သို့မဟုတ် ပြုရမည့် လက်ရှိနည်းလမ်းများကို ပိုမို ရှင်းလင်းစေရန် ဤစာအုပ်က ဆောင်ကြဉ်းပေးနိုင်မည် ဖြစ်သည်။

၁-၃-၁။ အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲခွင့်နှင့် သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်

ဤနေရာတွင် အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲခွင့်အတွက် ချဉ်းကပ်နည်းသည် ယေဘုယျကျသည့် 'လက်လှမ်းမီ ရရှိသုံးစွဲခွင့်' နှင့် သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ဟူသည့် အယူအဆတို့အကြား ဆုံမှတ်ကို လေ့လာပါသည်။ အင်တာနက် လက်လှမ်းမီ ရရှိသုံးစွဲခွင့်ကို လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်၏ ဆင့်ပွားအာမခံချက်အဖြစ်သာ လေ့လာဆန်းစစ်လိမ့်မည်ဖြစ်သည်။ ပို၍ အကျဉ်းရုံး ဆိုရသော် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များတွင် တခုချင်းစီ ဖော်ပြထားသည့် အခြားအခွင့်အရေးများကိုလည်း လေ့လာသွားပါမည်။ အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းအဆင့် နှစ်ခုစလုံးတွင် သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်သည် အချက်အလက်ပြည့်စုံကြွယ်ဝမှုနှင့် ရှားပါးမှုအကြား မညီမျှချက်ကို ကိုယ်စားပြုသည်။ အထူးသီးသန့်ချည်းမဟုတ်သော်ငြား အင်တာနက်ကဲ့သို့ သတင်းအချက်အလက် နည်းပညာကို လက်လှမ်းမီ ရရှိသုံးစွဲရာတွင် မညီမျှမှုများ ပါဝင်သည်။[၃၉] အယူအဆနှစ်ရပ်စလုံးကို ပြည့်ပြည့်စုံစုံ ဆွေးနွေးရန်မှာ ဤစာအုပ်၏ လွှမ်းခြုံနယ်ပယ်ထက် များစွာ ကျော်လွန်နေပါသည်။ ဤအဆင့်တွင် ဤသို့ ဆွေးနွေးခြင်းသည် အသုံးတည့်လိမ့်မည် မဟုတ်ပါ။ ယူဆချက်၏ အနည်းငယ်မျှကိုသာ လူ့အခွင့်အရေးဆိုင်ရာ ဥပဒေ အဖွဲ့အစည်းများက ချိတ်ဆက် ဖြေရှင်းလျက်ရှိနေခြင်းကြောင့် ဖြစ်ပါသည်။ ယခုအပိုင်းနှင့် နောင်လာမည့် အပိုင်းတွင် သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကို အလေးထား၍ အသေးစိတ် ရှင်းပြသွားမည် ဖြစ်ပါသည်။

နမူနာဆိုရသော် ကမ္ဘာ့တိုက်ကြီးများနှင့် နိုင်ငံများအကြား၊ မြို့ပြနှင့် ကျေးလက်အကြား၊ လူအဖွဲ့အစည်း တခုလုံးနှင့် အမျိုးသမီး၊ မသန်စွမ်းနှင့် လူငယ်များအပါအဝင် ထိခိုက်လွယ်လူအုပ်စုများ သို့မဟုတ် လူနည်းစုများ အကြား နိုင်ငံတကာအနေဖြင့် ခြားနားချက်များကဲ့သို့ အများအပြားအကြား သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်အယူအဆကို ပိုင်းခြားနိုင်ပါသည်။ ၂၀၁၁ ခုနှစ် အထူးအစီရင်ခံစာတင်သွင်းသူ၏ အစီရင်ခံစာတွင် အထူးအစီရင်ခံစာတင်သွင်းသူ Frank La Rue သည် သတင်း အချက်အလက်နည်းပညာ

---

[၃၉] Michael L. Best, 'Can the Internet be a Human Right?' (2004) 4 *Human Rights & Human Welfare* 23.

သုံးစွဲနားလည်မှုပိုင်း ကွာဟချက်၏ ယေဘုယျအယူအဆကို အင်တာနက် လက်လှမ်းမီ ရရှိသုံးစွဲခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်နှင့် ဤမညီမျှမှုများကို နည်းပါးစေရန်အတွက် ဆောင်ရွက်ရမည့် နိုင်ငံများ၏ တာဝန်ဝတ္တရားများနှင့် တိုက်ရိုက် ချိတ်ဆက်ထားပါသည်။ အောက်ပါအတိုင်း ဖော်ပြထားပါသည်-

> အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲမှုကို လူတိုင်းရရှိရန် ထိရောက်သည့် မူဝါဒများ ရေးဆွဲရမည့် ၎င်းတို့၏ ကတိကဝတ်များကို နိုင်ငံများက လက်ခံမှသာလျှင် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်ကို ကျင့်သုံးနိုင်သည့် ကြားခံနယ်ဖြစ်သည့် အင်တာနက်သည် ၎င်း၏ ရည်မှန်းချက်အတိုင်း ထမ်းဆောင်နိုင်ပေမည်။ ရှင်းလင်းသေချာသည့် မူဝါဒများနှင့် အကောင်အထည်ဖော်မည့် အစီအစဉ်များ မရှိပါက အင်တာနက်သည် လူ့မလိုင်အချို့အတွက်သာ လက်လှမ်းမီ သုံးစွဲနိုင်မည့် နည်းပညာကိရိယာဖြစ်လာပြီး သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကို ဖြစ်စေမည် ဖြစ်သည်။[၄၀]

အပြည်ပြည်ဆိုင်ရာရှိ သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်များကို အစီရင်ခံစာက ဆက်လက် အသိအမှတ်ပြုပြီးနောက် ကမ္ဘာ့တိုက်ကြီးများအလိုက် အင်တာနက်အသုံးပြုသူများ အရေအတွက်ကို ကိုးကားပါသည်။ အာဖရိကဒေသတွင် အင်တာနက် လက်လှမ်းမီ ရရှိသုံးစွဲနိုင်မှုမှာ နေထိုင်သူ ၁၀၀ ဦးတွင် ၉.၆ ဦးသာ လျှင် ရှိပါသည်။[၄၁] ကမ္ဘာ့တိုက်ကြီးများအကြားနှင့် အချင်းချင်းအကြား နိုင်ငံတကာအနေဖြင့် သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်၏ အရေးပါပုံကို အသိအမှတ်ပြုသော်ငြား ဤနေရာတွင် အလေးထားသွားမည် မဟုတ်ပါ။ တိုင်းပြည်အတွင်း ကွာဟချက်ကိုသာ အခြေခံကျကျ လေ့လာခြင်း ဖြစ်သည်။ နိုင်ငံ၏ နယ်နိမိတ်အတွင်း အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲမှုကို သေချာစေရေး နိုင်ငံတွင် တာဝန်ရှိခြင်း မရှိခြင်းတို့ အပေါ်သာ ဤစာအုပ်က ဦးတည်လေ့လာသွားမည် ဖြစ်ခြင်းကြောင့် ဖြစ်သည်။

ပြည်တွင်း သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်၏ 'မရရှိသည့်' အပိုင်းရှိ လူဦးရေ၏ အစိတ်ပိုင်းအတိအကျကို ၂၀၁၁ ခုနှစ် အထူးအစီရင်ခံစာတင်သွင်းသူ၏ အစီရင်ခံစာက ဖော်ထုတ်ထားသည်။ အစီရင်ခံစာက အောက်ပါအတိုင်း ဖော်ပြထားသည်-

> နိုင်ငံများအတွင်းတွင် သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်သည် ကြွယ်ဝချမ်းသာမှု၊ ကျားမ၊ နေရာဒေသနှင့် လူမှုရေးအဆင့်အတန်းများနှင့် ယှဉ်တွဲ တည်ရှိနေပါသည်။ အမှန်အားဖြင့် သတင်းအချက်အလက်နည်းပညာများကို မည်သူက လက်လှမ်းမီ သုံးစွဲနိုင်သည်ကို ဆုံးဖြတ်ရာတွင် အရေးပါသည့် အချက်များအနက် တရပ်ဖြစ်သည့် ကြွယ်ဝချမ်းသာမှုအရဆိုသော် အင်တာနက် လက်လှမ်းမီမှုသည် လူမှုစီးပွားအရ အထက်တန်းလွှာများအကြားတွင်သာ စုပုံနေနိုင်ခြေ ရှိသည်။ အထူးသဖြင့် အင်တာနက် သုံးစွဲသူနည်းပါးသည့် နိုင်ငံများတွင် ဖြစ်သည်။ ထို့အပြင် ကျေးလက်ဒေသနေထိုင်သူများသည် အင်တာနက် ရရှိသုံးစွဲရာတွင် အတားအဆီးများ ကြုံတွေ့ရလေ့ရှိသည်။ နည်းပညာပိုင်း ရရှိမှု မရှိခြင်း၊ အင်တာနက်ဆက်သွယ်မှုနှေးကွေးခြင်း နှင့်/ သို့မဟုတ် စျေးနှုန်းကြီးမြင့်ခြင်း

---

[၄၀] 2011 SR Report (n. 12), para. 60.

[၄၁] ibid., para. 61.

ကဲ့သို့ အတားအဆီးများ ဖြစ်သည်။ ထို့အပြင် အင်တာနက်ဆက်သွယ်ရေး ရရှိသော်ငြား မသန်စွမ်း အပါအဝင် လူနည်းစုနှင့် သက်ဆိုင်သူများကဲ့သို့ အကျိုးမခံစားရသည့် အုပ်စုများသည် အင်တာနက် ရရှိသုံးစွဲရာတွင် အတားအဆီးများ ကြုံတွေ့ရလေ့ ရှိပါသည်။ ၎င်းတို့၏ နေ့စဉ်ဘဝတွင် ၎င်းတို့အတွက် အဓိပ္ပာယ်ရှိရှိ ဆီလျော်အသုံးတည့်သော နည်းလမ်းအတိုင်း သုံးစွဲနိုင်ရန် အခက်ကြုံရခြင်း ဖြစ်သည်။[၄၂]

လူနည်းစုများ၊ မသန်စွမ်းများနှင့် ကျေးလက်နေပြည်သူများကို အလေးထားလျက် အင်တာနက် လက်လှမ်းမီ ရရှိသုံးစွဲမှုနှင့် ပြင်ပ လူမှုစီးပွားရေးကွာဟချက်များအကြား ဆက်နွယ်ချက်ကို ဤနေရာတွင် အစီရင်ခံစာက အသိအမှတ်ပြုထားသည်။ လူ့အသိုက်အဝန်းတခုအတွင်း အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲမှုနှင့် လူမှုစီးပွားမညီမျှချက်များအကြား ပြင်ပပြိုင်တူဖြစ်နေမှုများကြောင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စောင့်ကြည့်ရေး အဖွဲ့အစည်းများသည် 'အင်တာနက် လက်လှမ်းမီ ရရှိသုံးစွဲခွင့်' ဆိုင်ရာ ပြည်တွင်းဆွေးနွေးချက်များအတွင်း ဤမညီမျှချက်များကို လေ့လာဖို့ လိုအပ်လာစေသည်။ သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကို နည်းပါးစေသည့် အမြင်မှတဆင့် လေ့လာဆန်းစစ်ရန် လိုအပ်သည်။ ထိခိုက်လွယ်လူများ၏ အင်တာနက်ရရှိသုံးစွဲမှုကို လက်လှမ်းမမီခြင်းကြောင့် ဤ ရှိရင်းစွဲ လူမှုစီးပွား မညီမျှချက်များကို ပိုမိုမဆိုးရွားစေရေး သို့မဟုတ် တွန်းအားမပေးရေး သေချာစေသည့် နည်းလမ်းအတိုင်း လူ့အခွင့်အရေး စာချုပ်များကို အနက်ပြန်ဆိုသင့်ကြောင်း ယခုစာအုပ်က ဆွေးနွေးထားသည်။ ၂၀၁၁ ခုနှစ် အထူးအစီရင်ခံစာတင်သွင်းသူ၏ အစီရင်ခံစာတွင် အပယ်ခံလူများသည် အင်တာနက်ကို လက်လှမ်းမီ ရရှိသုံးစွဲနိုင်စွမ်း သေချာစေရန် ပြည်တွင်းဆက်သွယ်ရေးကို တိုးမြှင့် ဆောင်ရွက်မည့် အားထုတ်မှုများအပေါ် နိုင်ငံသည် အလေးထားသင့်ကြောင်း အထူးအစီရင်ခံစာတင်သွင်းသူက အခိုင်အမာ ဆိုပါသည်။ ဤယူဆချက်ကို ဖွံ့ဖြိုးစေခြင်းဖြင့် လူတဦးချင်းစီသည် သတင်းအချက်အလက်များ ရရှိရန်သာမက ၎င်းတို့ကိုယ်ပိုင် သတင်းအချက်အလက်နှင့် အယူအဆများကို အများပြည်သူသို့ ပေးပို့နိုင်ရန်အတွက် အင်တာနက်၏ စွမ်းရည်အပေါ် သူက အထူးအလေးထားပါသည်။[၄၃] စွန့်ပယ်ခံလူများသည် ၎င်းတို့၏ အခွင့်အရေးများ အထူးသဖြင့် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်ကို ထိရောက်စွာ ရရှိခံစားရေး အကာအကွယ်ပေးခြင်းကို လူ့အခွင့်အရေး ဥပဒေစနစ်က အများအားဖြင့် မည်သို့ အလေးထားကြကြောင်း ဆိုသည်မှာ ဤစာအုပ်အနှံ့တွင် ပါရှိသော အဓိကအာဘော် ဖြစ်ပါသည်။ ထို့အပြင် သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက် နည်းပါးစေရန်အတွက် အနာဂတ် အာမခံချက်များ အားကောင်းခိုင်မာစေရန် ဤ လိုက်နာကိုးကားရမည့် စီရင်ထုံးများကို အခြေခံ အသုံးပြုမည့် အခွင့်အလမ်းများ တရားစီရင်ရေးစနစ်အတွင်း မည်သည့်နေရာတွင် ရှိနိုင်မည်ကိုလည်း အသားပေးထားပါသည်။

၁-၃-၂။ 'အင်တာနက် လက်လှမ်းမီ ရရှိသုံးစွဲမှု' နှင့် 'အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲခွင့်'

'အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲမှု' အတွက် တိကျသည့် အနက်အဓိပ္ပာယ် မရှိပါ။ 'အင်တာနက် လက်လှမ်းမီ ရရှိသုံးစွဲမှု' ကို ဖန်တီးပေးရန် မည်သည့် အခြေခံအဆောက်အဦလိုအပ်သည်နှင့် စပ်လျဉ်း၍

---

[၄၂] ibid.

[၄၃] ibid., para. 62.

မတူညီသည့် အမြင်များ ရှိကြသည်။ ဖွံ့ဖြိုးတိုးတက်မှုအတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ (ICT4D) ဆိုင်ရာ ပညာရပ်စာပေအများစုတွင် အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲမှုသည် အခြေခံ အဆောက်အဦနှင့် လုံးလုံးလျားလျား မသက်ဆိုင်ကြောင်း အသိအမှတ်ပြုထားသည်။ သို့သော် သင့်လျော်သည့် အကြောင်းအရာနှင့် သတင်းအချက်အလက်များကို ရရှိသုံးစွဲနိုင်သည့် စွမ်းရည်ကို လက်လှမ်းမီခြင်းလည်း ပါဝင်သည်။ ဤကျယ်ပြန့်သည့် ဆွေးနွေးချက်ရှိ အစိတ်အပိုင်းများကို အသားပေး ဖော်ပြထားသော်ငြား အင်တာနက် လက်လှမ်းမီ ရရှိသုံးစွဲခွင့်၏ တိကျသည့် အနက်ဖွင့်ဆိုမှုကို ဤစာအုပ်တွင် မပြုစုထားပေ။ ထို့အစား ပူးတွဲကြေညာချက်တွင် ဖော်ထုတ်ထားသည့် အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲမှု၏ လိုအပ်ချက်များကိုသာ လေ့လာထားသည်။[၄၄] ပူးတွဲကြေညာချက်၏ စာပိုဒ် (၆) တွင် အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲမှုနှင့် လွတ်လပ်စွာ ဖော်ထုတ်တင်ပြပြောဆိုခွင့်ဆက်နွယ်ချက်ကို အောက်ပါအတိုင်း အကြမ်းဖျင်း ဖော်ပြထားသည်-

(က) လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်ကို အကောင်အထည်ဖော်ခြင်းဖြင့် လူတိုင်း အင်တာနက် လက်လှမ်းမီ ရရှိသုံးစွဲမှုကို မြှင့်တင်ရန် တာဝန်ဝတ္တရားကို နိုင်ငံများအပေါ် ချမှတ်ပါသည်။ အင်တာနက် လက်လှမ်းမီ ရရှိသုံးစွဲမှုသည် အခြားအခွင့်အရေးများကို လေးစားမှုမြှင့်တင်ရန်အတွက်လည်း လိုအပ်သည်။ ပညာသင်ကြားခွင့်၊ ကျန်းမာရေးစောင့်ရှောက်မှု ရပိုင်ခွင့်၊ အလုပ်လုပ်ခွင့်၊ စုဝေးခွင့်နှင့် အသင်းအဖွဲ့ ဖွဲ့စည်းခွင့်နှင့် လွတ်လပ်စွာရွေးကောက်ပွဲများတွင် ပါဝင်ခွင့်စသည့် အခွင့်အရေးများဖြစ်သည်။

(ခ) ပြည်သူအားလုံး သို့မဟုတ် ပြည်သူအချို့အတွက် အင်တာနက် သို့မဟုတ် အင်တာနက် အစိတ်အပိုင်းများကို လက်လှမ်းမီ ရရှိသုံးစွဲခွင့် ဖြတ်တောက်ခြင်း (အင်တာနက်ပိတ်ခြင်း) ကို အစိုးရအမိန့် သို့မဟုတ် ပြည်တွင်းလုံခြုံရေးအကြောင်းပြချက်များအပါအဝင် မည်သည့် အကြောင်းနှင့်မျှ လုံးဝ မဆောင်ရွက်ရပေ။ အင်တာနက် သို့မဟုတ် အင်တာနက်၏ အစိတ်အပိုင်းများအပေါ် နှေးကွေးအောင်လည်း အလားတူ ဘယ်သောအခါမျှ မဆောင်ရွက်ရပေ။

(ဂ) ပြစ်ဒဏ်တရပ်အနေဖြင့် လူတဦးချင်းစီကို အင်တာနက်ရရှိသုံးစွဲမှု တားမြစ်ခြင်းသည် ပြင်းထန်သည့် အရေးယူမှု ဖြစ်သည်။ တရားရုံးက အမိန့်ချမှတ်သည့်အခါနှင့် အနည်းငယ်တင်းကျပ်သည့် အရေးယူမှုများ မရှိသည့်အခါ လူ့အခွင့်အရေးရရှိခံစားမှုအပေါ် ဤအရေးယူချက်၏ သက်ရောက်မှုကို ထည့်သွင်းစဉ်းစားလျက် လက်ခံအောင် ဆောင်ရွက်နိုင်သည်။

(ဃ) နိုင်ငံတကာဥပဒေအောက်ရှိ လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခြင်းအပေါ် ကန့်သတ်ချက်များအတွက် စမ်းသပ်ချက်ကို လိုက်နာဆောင်ရွက်ရသည်မှတပါး မှတ်ပုံတင်ရန် သတ်မှတ်ခြင်း

---

[၄၄] Joint Declaration (n. 35): UN (Frank La Rue)၊ OSCE (Dunja Mijatovic)၊ OAS (Catalina Botero Marino)၊ AU (Faith Pansy Tlakula).

သို့မဟုတ် ဝန်ဆောင်မှုပေးသူများအပေါ် အခြားလိုအပ်ချက်များ ချမှတ်ခြင်းကဲ့သို့ အင်တာနက် လက်လှမ်းမီ ရရှိသုံးစွဲမှုကို ကန့်သတ်သည့် အခြား အရေးယူမှုများသည် တရားမဝင်ပါ။

(c) အင်တာနက်ကို လူတိုင်း လက်လှမ်းမီ ရရှိသုံးစွဲရေး အဆင်ပြေစေရန်အတွက် နိုင်ငံများသည် လုပ်ဆောင်ရန် တာဝန်ရှိကြသည်။ အနိမ့်ဆုံးအနေဖြင့် နိုင်ငံများသည် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(c-၁) ထိန်းသိမ်းကြပ်မတ်သည့် ယန္တရားများကို တည်ဆောက်ရမည်။ ၎င်းယန္တရားတွင် စျေးနှုန်းသတ်မှတ်သည့် စနစ်များ၊ လူတိုင်း လက်လှမ်းမီနိုင်သည့် ဝန်ဆောင်မှု လိုအပ်ချက်များနှင့် လိုင်စင်သဘောတူညီချက်များ ပါဝင်သည်။ ဆင်းရဲသားများနှင့် ကျေးလက်ဒေသများတွင် 'အိမ်တိုင်ရာရောက်' အပါအဝင် အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲမှုကို မြန်ဆန်တိုးမြှင့်စေသည့် ယန္တရားများ တည်ဆောက်ရပေမည်။

(c-၂) လက်လှမ်းမီ ရရှိသုံးစွဲမှုကို အဆင်ပြေချောမွေ့စေရန် ရပ်ရွာအခြေပြု သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ စင်တာများနှင့် အခြား ပြည်သူများ ရယူအသုံးပြုနိုင်သည့် နေရာများ တည်ဆောက်ပေးခြင်းအပါအဝင် တိုက်ရိုက်အထောက်အပံ့များ စီစဉ်ရမည်။

(c-၃) အင်တာနက်ကို မည်သို့ အသုံးပြုမည်နှင့် ၎င်းက ဆောင်ကြဉ်းပေးသည့် အကျိုးကျေးဇူးများအကြောင်း လုံလောက်သည့် အသိပညာမြှင့်တင်ခြင်းကို တိုးမြှင့်ဆောင်ရွက်ရမည်။ အထူးသဖြင့် ဆင်းရဲသားများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများနှင့် ဝေးလံခေါင်သီသည့်နေရာမှ ကျေးလက်ပြည်သူများအကြားတွင် ဖြစ်သည်။

(c-၄) မသန်စွမ်းများနှင့် ပညာရေး၊ လူမှုရေးနောက်ခံ ချို့ငဲ့သူများအတွက် အင်တာနက် လက်လှမ်းမီ ရရှိသုံးစွဲမှု တန်းတူညီမျှ အသေအချာရရှိစေရေး အထူးအရေးယူဆောင်ရွက်ချက်များ ချမှတ်ထားရမည်။

(စ) အထက်ပါအချက်များကို အကောင်အထည်ဖော်ရန်အတွက် အင်တာနက်လက်လှမ်းမီ ရယူသုံးစွဲနိုင်မှု တိုးတက်လာရေးအတွက် အသေးစိတ်ကျသည့် နှစ်ရှည်လုပ်ငန်းများပါဝင်သည့် အစီအမံများကို နိုင်ငံများက ချမှတ်ရမည်။ ရှင်းလင်းတိကျသည့် ပန်းတိုင်များသာမက ပွင့်လင်းမြင်သာမှု၊ အစီရင်ခံတင်ပြခြင်းနှင့် စောင့်ကြည့်ကွပ်ကဲခြင်း စနစ်များအတွက် စံနှုန်းများလည်း ပါဝင်သည်။[၄၅]

ဤလိုအပ်ချက် အများစုကို တရားရုံးများက ယခုအချိန်အထိ ရှင်းလင်းတိကျစွာ ကိုင်တွယ်ခြင်း မရှိသေးပေ။ ထို့နည်းတူ ဤလိုအပ်ချက်များအနက် အချို့သည် အခြားလိုအပ်ချက်များထက် သတင်း အချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်နှင့် တိုက်ရိုက် ပို၍ ချိတ်ဆက်သည်။ လိုအပ်ချက် (က)၊ (ခ)၊ (c) နှင့်

---

[၄၅] Joint Declaration (n. 35), Section 6.

(စ) အပေါ် ဤစာအုပ်က အထူးအလေးထားပါသည်။ ဤသို့ဖြင့် သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကို ကျဉ်းမြောင်းစေရန် အာမခံချက်များကို ပံ့ပိုးနိုင်သည့် လက်ရှိ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေစနစ်ကို ပိုမို နားလည်သဘောပေါက်စေမည့် စမှတ်များအဖြစ် ဤလိုအပ်ချက်များကို ယခုစာအုပ်က အသုံးပြုပါသည်။

ထို့အပြင် အချိန်ကြာမြင့်စွာ ရှိနှင့်ပြီးဖြစ်သည့် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့် အခြေခံမူများကို အနက်ပြန်ဆိုချက်များ ဆင့်ကဲ ဖြစ်ပေါ်လာခြင်းသည် အနာဂတ်ကာလတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အတွင်း အင်တာနက် ရရှိသုံးစွဲမှုကို ထည့်သွင်းမည့် ချဉ်းကပ်နည်းအား မည်သို့ အထောက်အပံ့ပြုသည်ကို ဆန်းစစ်ရာတွင် ဤလိုအပ်ချက်များအား ကိုးကားချက်အဖြစ် အသုံးပြုပါသည်။ ယနေ့အချိန်အထိ လက်ရှိ ပညာရပ်စာပေ အနည်းငယ်မျှသာ ယေဘုယျအဆိုများနှင့် ဆက်နွယ်ပါသည်။ ၎င်းအဆိုများမှာ အင်တာနက် လက်လှမ်းမီ ရရှိသုံးစွဲခွင့်သည် လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့များက ပေးထားသည့် သင့်လျော်သည့် အကာအကွယ်များကြောင့်သာ တည်ရှိနေခြင်း ဖြစ်ဟူသည့် အဆိုဖြစ်သည်။

နောက်ဆုံးတွင် အင်တာနက်လက်လှမ်းမီရရှိသုံးစွဲမှုကို စီစဉ်ရန်အတွက် နိုင်ငံ၏ လုပ်ဆောင်ရမည့် တာဝန်များအပေါ် ပူးတွဲကြေညာချက်၏ လမ်းညွှန်ချက်များသာမက နှစ်ရှည် လုပ်ငန်းအစီအမံများ ရေးဆွဲရန် ပူးတွဲကြေညာချက်၏ အကြံပြုချက်သည် သတင်းအချက်အလက်အဖွဲ့အစည်းဆိုင်ရာ ကမ္ဘာ့ထိပ်သီးအစည်းအဝေး (World Summit on an Information Society - WSIS) နှင့် အင်တာနက်စီမံအုပ်ချုပ်မှုဖိုရမ် (Internet Governance Forum - IGF) တို့တွင် ချမှတ်ထားသည့် လမ်းညွှန်ချက်များနှင့် မည်မျှ အတိုင်းအတာအထိ ဆက်နွယ်ကြောင်းကို ဤစာအုပ်က လေ့လာပါသည်။[၄၆] အထက်တွင် အသားပေးဖော်ပြထားသကဲ့သို့ ပူးတွဲကြေညာချက်၏ စာပိုဒ် ၆ (c) တွင် 'သေချာအောင်ဆောင်ရွက်' ဟူသည့် အသုံးအနှုန်းကို အသုံးမပြုထားပေ။ သို့သော် 'အင်တာနက်ကို *လူတိုင်း လက်လှမ်းမီ ရရှိသုံးစွဲနိုင်ရေး အဆင်ပြေချောမွေ့အောင်* လုပ်ဆောင်ရန် နိုင်ငံများတွင် တာဝန်ရှိကြောင်း' ဖော်ပြထားပါသည်။ ဤစာအုပ်တွင် လုပ်ဆောင်ရမည့် တာဝန်များကို လေ့လာရာတွင် ပူးတွဲကြေညာချက်၏ စကားရပ်များကို အသုံးပြုနိုင်သည်။ သို့သော် ဥပဒေစနစ် ဖွံ့ဖြိုးတိုးတက်မှုသည် လုပ်ဆောင်ရမည့် တာဝန်၏ လွှမ်းခြုံနယ်ပယ်ကို ရှင်းလင်းအောင် ပြုလုပ်ပေးသည့်အတွက် 'အဆင်ပြေချောမွေ့

---

[၄၆] ပညာရပ်နယ်ပယ်များစွာသည် ဆက်နွယ်ချက်ကို အသားပေးထားကြသည်။ သို့သော် လက်ရှိ စံသတ်မှတ်ထားသော မူဘောင်များကို ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဝါဒများနှင့်သာမက ဆက်စပ်ပညာရပ်များနှင့်ပါ ချိတ်ဆက်ခြင်းအပေါ် အချိန်အကုန်မခံထားပေ။ လူ့အခွင့်အရေးအမြင်ရှုထောင့်အတွက် De Hert and Kloza (n. 17) 15၊ Land (n. 16) 394. မီဒီယာပညာရပ် အမြင်ရှုထောင့်အတွက် Robin Mansell, 'The Life and Times of the Information Society' (2010) 28 *Prometheus* 167၊ Daithí Mac Síthigh, 'From Freedom of Speech to the Right to Communicate' in M. E. Price, S. Verhulst, and L. Morgan (eds), *Routledge Handbook of Media Law* (Routledge 2013) 187–188. ICT4D အမြင်ရှုထောင့်အတွက် Rolf H. Weber, 'ICT Policies Favouring Human Rights' in J Lannon and E Halpin (eds), *Human Rights and Information Communication Technologies: Trends and Consequences of Use* (IGI Global 2012) 24–25 တို့ ဖြစ်ပါသည်။

စေသည်' သို့မဟုတ် 'သေချာစေသည်' ဟူသည့် စကားလုံးများကို ရွေးချယ်မှုသည် သတင်းအချက်အလက် နည်းပညာရရှိသုံးစွဲမှုအာမခံချက်များ၏ အနက်ဖွင့်ဆိုမှုကို ပို၍ ကျဉ်းမြောင်း သို့မဟုတ် ကျယ်ပြန့်စေနိုင်အောင် အထောက်အပံ့ ပြုပေလိမ့်မည်။

ထောင်စုနှစ်ပန်တိုင်းများ (Millennium Development Goals - MDGs) ကို ဆက်ခံသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ (Sustainable Development Goals - SDGs) နှင့် WSIS နှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေမူဘောင်တို့ရှိ သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကို ကျဉ်းမြောင်းစေရန်အတွက် နိုင်ငံတကာစံနှုန်းများအား အများစု သဘောတူသည့် အချက်များအကြားရှိ ဆက်နွယ်ချက်ကို ထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။ ထို့အတွက် ပို၍ အသေးစိတ်ကျသည့် လေ့လာချက် လိုအပ်ပါသည်။ ၂၀၁၁ ခုနှစ် အထူးအစီရင်ခံစာတင်သွင်းသူ၏ အစီရင်ခံစာသည် ဆွေးနွေးပွဲများ၏ ဆီလျော်ကိုက်ညီမှုကိုသာမက ဤစာအုပ်အနှံ့ ဖြန့်ကျက်ထားသည့် အယူအဆဆိုင်ရာ ချိတ်ဆက်မှု ဖန်တီးချက်ကိုလည်း အသားပေးဖော်ပြထားပါသည်။

> သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကို ကျဉ်းမြောင်းစေရေး အားထုတ်ရာတွင် အစပျိုးလုပ်ဆောင်ချက်အများအပြားကို အကောင်အထည်ဖော်နေကြပါသည်။ အပြည်ပြည်ဆိုင်ရာအဆင့်၌ ထောင်စုနှစ်ပန်းတိုင်များ၏ ဦးတည်ချက် ၈ (စ) တွင် "ပုဂ္ဂလိကကဏ္ဍနှင့် ဆွေးနွေးတိုင်ပင်၍ နည်းပညာအသစ်များ အထူးသဖြင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာများ၏ ကောင်းကျိုးများ ရရှိအောင် ပြုလုပ် [ရန်]" နိုင်ငံများကို ပန်ကြားထားသည်။ ဤဦးတည်ချက်ကို ရရှိစေရန် လိုအပ်ချက်ကို သတင်းအချက်အလက်အသိုက်အဝန်းဆိုင်ရာ ဂျနီဗာ ကမ္ဘာ့ထိပ်သီးညီလာခံတွင် ချမှတ်ခဲ့သည့် ၂၀၀၃ ခုနှစ် လုပ်ငန်းအစီစဉ်တွင် ထပ်လောင်း ပြောဆိုထားပါသည်။ ၎င်းလုပ်ငန်းအစီအစဉ်တွင် ပန်းတိုင်များနှင့် ဦးတည်ချက်များကို အသေးစိတ် ချမှတ်ထားသည်။ "နိုင်ငံတကာတွင် သဘောတူညီထားသည့် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များကို ရရှိရန်အတွက် သတင်းအချက်အလက်နှင့် အသိပညာ အသုံးပြုမှုကို မြှင့်တင်ရန်၊ ဝန်ဆောင်မှု ဖွံ့ဖြိုးတိုးတက်ရေးတွင် အသိပညာနှင့် [သတင်းအချက်အလက်၊ ဆက်သွယ်ရေး နည်းပညာများ] (ICTs) ၏ အလားအလာကို ထည့်သွင်းရန်၊ အားလုံးပါဝင်သည့် သတင်း အချက်အလက်နည်းပညာအသိုက်အဝန်းကို တည်ဆောက်ရန်" အတွက် ချမှတ်ထားခြင်း ဖြစ်သည်။[၄၇]

သို့ရာတွင် အကောင်အထည်ဖော်ရေးလမ်းညွှန်ချက်များအပေါ် အများစု သဘောတူခြင်းအပြင် ဤလမ်းညွှန်ချက်များကို အကောင်အထည်ဖော်ရန် နည်းလမ်းများစွာရှိကြောင်း သတိပြုရန် အရေးကြီးပါသည်။ ကျေးလက်ဒေသဆက်သွယ်ရေး တည်ဆောက်ရန် သို့မဟုတ် ထိရှလွယ်လူအုပ်စုများအတွက် ဝန်ဆောင်မှုပေးရန် အတွက် အစိုးရများက လုပ်ဆောင်ရမည့် 'ပြည်သူလူထု ဆက်သွယ်ရေး နေရာများ' သို့မဟုတ် 'တယ်လီစင်တာများ'

---

[၄၇] 2011 SR Report (n. 12), para. 63.

တည်ထောင်ခြင်း နည်းလမ်းပေါင်းစုံကို ၂၀၁၁ ခုနှစ် အထူးအစီရင်ခံစာတင်သွင်းသူ၏ အစီရင်ခံစာက စာရင်းပြုစုထားပါသည်။[၄၈]

၂၀၁၁ ခုနှစ် အထူးအစီရင်ခံစာတင်သွင်းသူ၏ အစီရင်ခံစာမှ ဤကောက်နှုတ်ချက်များသည် ယေဘုယျဆက်နွယ်ချက်များကို သရုပ်ဖော်တင်ပြပါသည်။ ၎င်းတို့မှာ လူ့အဖွဲ့အစည်းရှိ အစိတ်အပိုင်းအားလုံးအတွက် အင်တာနက် ပိုမို လက်လှမ်းမီ ရရှိသုံးစွဲမှုကို ဖန်တီးရေးဆွဲရန် လက်ရှိ အသုံးပြုသည့် ဖွံ့ဖြိုးရေးလမ်းညွှန်ချက်များနှင့် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်ဖြည့်ဆည်းပေးခြင်းတို့အကြား ဆက်နွယ်ချက်များ ဖြစ်သည်။ သို့ရာတွင် ဤသို့ ဆက်စပ်သော်ငြား သီးခြားထင်ရှားသည့် ဦးတည်ချက်နှစ်ရပ်ကို လက်တွေ့ကျကျ မည်သို့ စတင် ပေါင်းစပ်ရမည်ဟူသော လမ်းညွှန်ချက်ကို ၂၀၁၁ ခုနှစ် အထူးအစီရင်ခံစာတင်သွင်းသူ၏ အစီရင်ခံစာက မဖော်ပြထားပေ။ ဤသို့ မဖော်ပြထားသည့်အတွက် အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ လူ့အခွင့်အရေးမူဘောင်တရပ်သည် မည်မျှ အတိုင်းအတာအထိ အသုံးတည့်ကြောင်း နားလည်သဘောပေါက်ခြင်းကို ပို၍ ရှင်းရှင်းလင်းလင်း ကွဲပြားသိမြင်ရန် လိုအပ်သည်။ အကောင်အထည်ဖော်နိုင်စွမ်းရှိသည့် အခင်းအကျင်း ကျယ်ကျယ်ပြန့်ပြန့် ရှိပါသည်။ သို့ဖြစ်၍ လူ့အခွင့်အရေးလိုအပ်ချက်များနှင့် အပြိုင် သို့မဟုတ် ဆက်စပ်နေသည့် WSIS ဆိုင်ရာ အကောင်အထည်ဖော်မည့် လမ်းညွှန်ချက်များရှိ အစိတ်အပိုင်းများကို ကိုင်တွယ်ဖြေရှင်းရပေလိမ့်မည်။ ဤဆက်နွယ်ချက်ကို တည်ဆောက်ခြင်းဖြင့် ၂၀၁၁ ခုနှစ် အထူးအစီရင်ခံစာတင်သွင်းသူ၏ အစီရင်ခံစာနှင့် ပူးတွဲကြေညာချက်တို့က အစပျိုးထားသည့် အယူအဆဆိုင်ရာ နားလည်သဘောပေါက်မှုကို ယခုစာအုပ်က မြှင့်တင်ပေးလိမ့်မည်။ အပြန်အလှန်အားဖြင့် အနာဂတ်ကာလတွင် သတင်းအချက်အလက်နည်းပညာ နားလည်သုံးစွဲမှုပိုင်း ကွာဟချက်ကို ကျဉ်းမြောင်းစေရန် အထောက်အပံ့ပေးသည့် လူ့အခွင့်အရေး အာမခံချက်များကို မည်သို့ ပိုမို များပြားအောင် ပြုလုပ်မည်ကို တိုင်းတာရန် ဤနားလည်သဘောပေါက်မှုက အကူအညီပေးလိမ့်မည်။ ထို့အပြင် ဤဖြစ်နိုင်ခြေများကို အခြားအခွင့်အလမ်းများနှင့် ကွဲပြားစေရန် လေ့လာဆန်းစစ်ချက်က အထောက်အကူပြုလိမ့်မည်။ သတင်းအချက်အလက်နည်းပညာ ရရှိသုံးစွဲရေး အစီအစဉ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ အကောင်အထည်ဖော်ရေးနှင့် အကဲဖြတ် ဆန်းစစ်ခြင်းတို့အတွက် အခွင့်အရေး အခြေပြုချဉ်းကပ်နည်းများ ပိုမို လိုအပ်ကြောင်းကို အကြံပြုနိုင်မည့် ပိုမို အသုံးတည့်မည့် အခြားသော အခွင့်အလမ်းများ ဖြစ်ပါသည်။

၁-၄။ စာအုပ်၏ အဓိကဆိုလိုချက်များ

အင်တာနက်၏ ထူးခြားသည့် အခြေခံ တည်ဆောက်ပုံသည် လူတဦးစီအတွက် လုပ်ငန်းမျိုးစုံ ဆောင်ရွက်နိုင်စွမ်းကို စီမံပေးပါသည်။ ထို့အပြင် မရေမတွက်နိုင်အောင် များပြားလှသည့် အကြောင်းအရာ ပမာဏကို လက်လှမ်းမီ ရရှိနိုင်စွမ်း သို့မဟုတ် ဖန်တီးနိုင်စွမ်းကိုလည်း စီမံပေးသည်။ လူ့အခွင့်အရေးခုံရုံးများတွင် ဥပဒေစနစ် ဖွံ့ဖြိုးလာစေသည့် နည်းလမ်းများကို ဖော်ထုတ်ရန် စေ့ဆော်မှုကို ဖန်တီးပေးသည်။ ဤသို့ဖြင့် သတင်းအချက်အလက်နည်းပညာ ရရှိသုံးစွဲရေးအာမခံချက်များကို ခိုင်မာအားကောင်းစေရန်အတွက် နယ်ပယ်ပေါင်းစုံရှိ

[၄၈] ibid, para. 64.

ပညာရှင်များနှင့် လက်တွေ့ကျင့်သုံးသူများ အသုံးပြုနိုင်မည့် လုပ်ငန်းစဉ်အတွက် စည်းမျဉ်းအရ အခြေခံကို ဤတွေ့ရှိချက်များက စီမံပေးနိုင်သည်။ အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲခွင့်ဆိုင်ရာ အမှုများသည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးခုံရုံးများအတွက် အရေးပါသည့်အတွက် အဆိုပါ အာမခံချက်များကို အဆင့်ဆင့် ဖွံ့ဖြိုးလာရန် သို့မဟုတ် ပြောင်းလဲရန် လိုအပ်ပေသည်။ ယခုဆွေးနွေးချက်၏ အစိတ်အပိုင်းတရပ်အဖြစ် လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့အစည်းများ၏ ဥပဒေစနစ်ကို လေ့လာဆန်းစစ်ရာတွင် အဓိကဆိုလိုချက် နှစ်ရပ် ပေါ်ထွက်လာသည်။ ပထမ ဆိုလိုချက်မှာ လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့် အမှုများကို လေ့လာဆန်းစစ်ရာတွင် ပါဝင်သည့်အကြောင်းအရာကို လက်လှမ်းမီသုံးစွဲမှုနှင့် အခြေခံအဆောက်အဦး လက်လှမ်းမီသုံးစွဲခွင့်တို့အကြား ခွဲခြားခြင်း ဖြစ်သည်။ ဒုတိယဆိုလိုချက်မှာ အွန်လိုင်းပြောဆိုချက်များကို အမျိုးအစားခွဲခြားရာတွင် အခက်အခဲများနှင့် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုမှုအခြေခံမူများ အသုံးပြုမှုအပေါ် ၎င်းတို့၏ သက်ရောက်မှုတို့ဖြစ်သည်။

၁-၄-၁။ ပါဝင်သည့်အကြောင်းအရာကို လက်လှမ်းမီ ရရှိသုံးစွဲမှုနှင့် အခြေခံအဆောက်အဦးကို လက်လှမ်းမီ ရရှိသုံးစွဲမှု

လူ့အခွင့်အရေးစောင့်ကြည့်ရေး အဖွဲ့အစည်းများ၏ ချဉ်းကပ်နည်းနှင့် WSIS အစီအစဉ်ကို အကောင်အထည်ဖော်ခြင်းနှစ်ခုအရ ပါဝင်သည့်အကြောင်းအရာနှင့် အခြေခံအဆောက်အဦတို့၏ အရေးပါမှုကို ထုတ်နှုတ်သွားပါမည်။ 'အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲခွင့်' ဆွေးနွေးချက်အကြောင်း ကိုးကားချက်အများဆုံး ဝေဖန်ချက်များအနက် တခုမှာ အင်တာနက် 'တည်ထောင်သူများ' အနက် တဦးဖြစ်သည့် Vince Cerf ၏ *New York Times* သတင်းစာပါ ရှင်းလင်းချက်မှတ်စုမှ ပေါ်ထွက်လာခြင်း ဖြစ်သည်။ အင်တာနက်သည် ဖော်ထုတ်တင်ပြ ပြောဆိုရန် နည်းလမ်းတစ်ခုမျှသာဖြစ်ပြီး အဆုံးသတ်မဟုတ်သည့်အတွက် အင်တာနက် ရရှိသုံးစွဲခွင့်သည် မရှိကြောင်း သူက ငြင်းချက်ထုတ်ပါသည်။[၄၉] 'နည်းပညာသည် အခွင့်အရေးကို ဖြစ်ပေါ်စေသည့်အရာ ဖြစ်ပြီး ၎င်းကိုယ်တိုင်က အခွင့်အရေး မဟုတ်ကြောင်း' သူက ဖော်ပြသည်။[၅၀] သူ၏ အနက်ဖွင့်ဆိုချက်သည် မှားယွင်းချက်များပါဝင်ကြောင်း Land က မှန်မှန်ကန်ကန် ထောက်ပြပါသည်။ လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့်သည် နည်းလမ်းများကိုသာမက ပါဝင်သည့်အကြောင်းအရာကိုပါ အကာအကွယ်ပေးထားကြောင်းအား ဥပဒေအရ စည်းနှောင်မှုရှိသည့် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာသဘောတူစာချုပ်များတွင် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်ကို အလွန်ပင် ရှင်းလင်းတိကျစွာ ဖော်ပြထားပါသည်။[၅၁] GC34 ၏ စာပိုဒ် (၁၂) တွင် ရှင်းလင်းပြထားသကဲ့သို့ပင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆို တင်ပြခွင့်သည် ထုတ်ဖော်ပြောဆိုသည့် သတင်းအချက်အလက်နှင့် အယူအဆများကို ကာကွယ်ပေးသည်သာမက ထုတ်ဖော်ပြောဆိုမှုကို သယ်ဆောင်ပေးသည့် ပုံစံများ သို့မဟုတ် နည်းလမ်းများကိုလည်း ချဲ့ထွင်ပေးပါသည်။

---

[၄၉] Vinton G Cerf, Op-Ed, 'Internet Access Is Not a Human Right' *New York Times* (5 January 2012) A25.

[၅၀] ibid.

[၅၁] Land (n. 16) 413.

ထုတ်ဖော်တင်ပြပြောဆိုမှု ပုံစံအားလုံးနှင့် ၎င်းတို့ကို ဖြန့်ဝေနည်းများကို စာပိုဒ် (၂) က ကာကွယ်ပေးပါသည်။ အဆိုပါပုံစံများတွင် ပြောဆိုချက်၊ ရေးသားချက်နှင့် သင်္ကေတဘာသာစကားများပါဝင်သည်။ ရုပ်ပုံများနှင့် အနုပညာအရာဝတ္ထုများကဲ့သို့ စကားလုံးမဟုတ်သည့် ဖော်ပြချက်လည်း ပါဝင်သည်။[၁၂] ထုတ်ဖော်တင်ပြပြောဆိုနည်းများတွင် စာအုပ်များ၊ သတင်းစာများ[၁၃]၊ လက်ကမ်းစာစောင်များ[၁၄]၊ ပိုစတာများ၊ နဖူးစည်းစာတန်းများ[၁၅]၊ အဝတ်အစားများနှင့် ဥပဒေတင်သွင်းချက်များ[၁၆] ပါဝင်သည်။ ရုပ်မြင်သံကြားသာမက အီလက်ထရွန်းနစ်နှင့် အင်တာနက်အခြေခံ ထုတ်ဖော်တင်ပြနည်းများ ပုံစံအားလုံးလည်း ပါဝင်သည်။

သို့ရာတွင် တတိယအဖွဲ့အစည်းများ (third parties) သို့ လက်လှမ်းမီ ရရှိသုံးစွဲခွင့်ပေးရန် အလို့ငှာ ပုဂ္ဂလိကကဏ္ဍ ဆောင်ရွက်သူများကို လိုအပ်သည့် သို့မဟုတ် အခြေခံအဆောက်အဦများကို ချဲ့ထွင်ရန် သို့မဟုတ် ဖန်တီးရန် တာဝန်ဝတ္တရားများအတွက် လက်ရှိ ဥပဒေစနစ်က မည်မျှအထိ ထင်ဟပ်နေသည်ကို စိတ်ဖြာလေ့လာရန် လိုအပ်ကြောင်း Vince Cerf ၏ ဝေဖန်ချက်က ဖော်ပြပါသည် (ဆိုလိုသည်မှာ အားလုံးအတွက် ဝန်ဆောင်မှု တာဝန်ဝတ္တရားများ ဖြစ်သည်)။ ဤကိစ္စရပ်နှင့် စပ်လျဉ်း၍ အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲမှုကို အဆင်ပြေအောင် ဆောင်ရွက်မည့် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုမှု အာမခံချက်များမှ အခြေခံလာသည့် လုပ်ဆောင်ရမည့် တာဝန်များ အလားအလာကို လေ့လာဆန်းစစ်ရန် လိုအပ်သည်။

လုပ်ဆောင်ရမည့် တာဝန်များနှင့် မလုပ်ဆောင်ရမည့် တာဝန်များသည် လုံးဝခြားနားသည့် တာဝန်ဝတ္တရား နှစ်ရပ်ဖြစ်သည့်အတွက် ၎င်းတို့ကို ရှင်းရှင်းလင်းလင်း အနက်အဓိပ္ပာယ် သတ်မှတ်ထားခြင်း မရှိပေ။[၁၇] အမှန်အားဖြင့် မပြည့်စုံသော်ငြား အသုံးချမှုအချို့ရှိနေသည့်တိုင်အောင် လုပ်ဆောင်ရန် - မလုပ်ဆောင်ရန် ခြားနားချက်ကို Alston နှင့် Goodman တို့က ဖော်ပြထားပြီး ဖြစ်သည်။[၁၈] ဤတာဝန်ဝတ္တရားများ၏ အခြေခံဆွေးနွေးချက်ကို သီးခြားအခန်း (၂) ခုအဖြစ် ခွဲခြားထားပါသည်။ တာဝန်တခု ပြီးဆုံးပြီးနောက် တာဝန်တခု စတင်သည့် ရှင်းလင်းတိကျသည့် အချက်အရ ၎င်းတို့သည် နှစ်မျိုးစလုံးပါဝင်သည့် ယူဆချက်များမဟုတ်ကြပေ။ အများစုသော အခြေခံအသုံးအနှုန်းများတွင် မလုပ်ဆောင်ရန် တာဝန်ရှိခြင်းများကို အခွင့်အရေးပိုင်ရှင်၏

---

၁၂ ဆက်သွယ်ပြောကြားချက် No. 926/2000, *Shin v. Republic of Korea* ကို ကြည့်ပါ။

၁၃ ၂၀၀၇ ခုနှစ် မတ်လ ၂၀ ရက်နေ့တွင် ပြဋ္ဌာန်းသည့် ဆက်သွယ်ပြောကြားချက် No. 1341/2005, *Zundel v. Canada* ကို ကြည့်ပါ။

၁၄ ၂၀၀၆ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့တွင် ပြဋ္ဌာန်းသည့် ဆက်သွယ်ပြောကြားချက် No. 1009/2001, *Shchetoko et al. v. Belarus* ကို ကြည့်ပါ။

၁၅ ၁၉၉၄ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ပြဋ္ဌာန်းသည့် ဆက်သွယ်ပြောကြားချက် No. 412/1990, *Kivenmaa v. Finland* ကို ကြည့်ပါ။

၁၆ ဆက်သွယ်ပြောကြားချက် No. 1189/2003, *Fernando v. Sri Lanka* ကို ကြည့်ပါ။

၁၇ Philip Alston and Ryan Goodman, *International Human Rights* (OUP 2012) 183–184.

၁၈ ibid. 183.

အခြေအနေကို လေးစားရန် သို့မဟုတ် ပိုမိုမဆိုးဝါးစေရန်တာဝန်များအဖြစ် အမျိုးအစားသတ်မှတ်ပါသည်။[၅၉] တနည်းဆိုရသော် လူတဦးချင်းစီ၏ လူ့အခွင့်အရေးများကို လေးစားရန်အလို့ငှာ အစိုးရက *မဆောင်ရွက်ရမည့်* အရာကို မလုပ်ဆောင်ရမည့် တာဝန်များအဖြစ် ဖော်ပြပါသည်။[၆၀] အခြားတဖက်တွင်လည်း လူတဦးချင်းစီ၏ လူ့အခွင့်အရေးများကို မြှင့်တင်ရန် သို့မဟုတ် ဖြည့်ဆည်းရန်အလို့ငှာ နိုင်ငံက *ဆောင်ရွက်ရမည့်* လုပ်ဆောင်ချက်များသည် လုပ်ဆောင်ရမည့် တာဝန်များ ဖြစ်ကြသည်။[၆၁] လူတဦးချင်းစီ၏ အခွင့်အရေးကို လေးစားရန် တာဝန်နှင့် မတူသည်မှာ အထူးသဖြင့် အင်တာနက်ကဲ့သို့ ဝန်ဆောင်မှု သို့မဟုတ် ကုန်ပစ္စည်း စီမံပေးသည့် အကြောင်းအရာအတွင်းတွင် လုပ်ဆောင်ရမည့် တာဝန်များသည် အခွင့်အရေးပိုင်ရှင်၏ အခြေအနေကို ပိုမို ကောင်းမွန်စေပါသည်။[၆၂]

ဤတာဝန်ရှိမှုပုံစံ နှစ်မျိုးကို ပူးတွဲကြေညာချက်တွင် တင်ပြထားသည်။ ဥပမာအားဖြင့် လူတဦး၏ အင်တာနက် လက်လှမ်းမီ ရရှိသုံးစွဲခွင့်ကို လေးစားရန်အလို့ငှာ နိုင်ငံက မဆောင်ရွက်နိုင်သည့် မလုပ်ဆောင်ရမည့် တာဝန်များ ၃ ရပ်ကို ပူးတွဲကြေညာချက်က ကျယ်ကျယ်ပြန့်ပြန့် အဆိုပြုထားသည်။ အင်တာနက်ကို မပိတ်ပင်မတားဆီးနိုင်ပါ။ အင်တာနက် လက်လှမ်းမီ ရရှိသုံးစွဲခွင့် ပိတ်ပင်ခြင်းကို ပြစ်ဒဏ်အနေဖြင့် မလုပ်သင့်ပါ။ သို့မဟုတ် အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲမှုကို ကန့်သတ်မည့် အခြား အရေးယူချက်များ မချမှတ်နိုင်ပါ။[၆၃] အခြားတဖက်တွင်လည်း အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲခွင့် ဖြည့်ဆည်းပေးရန် ဆောင်ရွက်ရမည့် ကျယ်ပြန့်သည့် လုပ်ဆောင်ချက် ၄ မျိုး နိုင်ငံများတွင် ရှိကြောင်း ပူးတွဲကြေညာချက်က ထုတ်ဖော်ကြေညာထားသည်။ မသန်စွမ်းများနှင့် ကျေးလက်ပြည်သူများအပါအဝင် ထိခိုက်လွယ် အုပ်စုများအတွက် ထိရောက်မှုရှိသည့် အင်တာနက် လက်လှမ်းမီ ရရှိသုံးစွဲရေး သေချာစေရန်အတွက် ထိန်းကြောင်းကွပ်ကဲသည့် ယန္တရားများကို နိုင်ငံများက စီစဉ်ရမည်။ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ အထောက်အပံ့ ပစ္စည်းများကို တိုက်ရိုက် စီမံပေးရမည်။ အသိပညာမြှင့်တင်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပြီး အင်တာနက်၏ အကျိုးကျေးဇူးများကို တိုင်းတာရမည်။ အခြားသော နည်းလမ်းများကိုလည်း ဖွဲ့စည်းစီစဉ်ရမည်။[၆၄]

ဤလေ့လာချက်မှတဆင့် အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲပိုင်ခွင့်ကို ဆက်သွယ်ရေးနည်းလမ်းတခုအဖြစ် ကိုင်တွယ်ဖြေရှင်းသည့်အခါ အရေးပါသည့် အကြောင်းရင်းများအဖြစ် မည်သည့်အရာကို လက်ရှိ ဥပဒေစနစ်အဖွဲ့အစည်းက အလေးထားဆောင်ရွက်သည်ကို ပို၍ နားလည်သဘောပေါက်စေရန် ယခုစာအုပ်က ကူညီပေးသည်။ လက်ရှိ လူ့အခွင့်အရေးဥပဒေစနစ်အဖွဲ့အစည်းကို အခြေခံ၍ အသုံးပြုထားသည့် 'အင်တာနက် လက်လှမ်းမီ ရရှိသုံးစွဲမှု' နယ်ပယ်များအတွက် အစိုးရများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ သို့မဟုတ် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ မူဝါဒ၊ စည်းမျဉ်းမူဘောင် သို့မဟုတ် ဥပဒေအထောက်အကူပြု မဟာဗျူဟာများ

---

[၅၉] ibid.

[၆၀] ibid. 184.

[၆၁] ibid.

[၆၂] ibid.

[၆၃] Joint Declaration (n. 35), Section 6, paras b, c, d.

[၆၄] ibid, Section 6, paras d and e.

ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဤအချက်က အထူးပင် အရေးပါသည်။ ထို့အပြင် အခြေခံအဆောက်အဦများအား လက်လှမ်းမီ သုံးစွဲမှု ကိစ္စရပ်များကို စူးစမ်းရာတွင် အင်တာနက်၏ ထူးခြား ဝိသေသလက္ခဏာရပ်များကြောင့် ပို၍ အခက်အခဲများ ဆက်လက် ဖြစ်စေလိမ့်မည်။ ၎င်းအင်တာနက်၏ ထူးခြား ဝိသေသများသည် အွန်လိုင်းပုံစံများဖြင့် တည်ရှိနေသော အစဉ်အလာမီဒီယာ၏ လွှမ်းခြုံမှုအပါအဝင် အခြားသောမီဒီယာများနှင့် အင်တာနက်ကို ကွာခြားအောင် ပြုလုပ်ထားပါသည်။

ထို့အပြင် အင်တာနက်လက်လှမ်းမီရရှိသုံးစွဲမှုအတွက် လူ့အခွင့်အရေးအာမခံချက်များကို ဤတွေ့ရှိချက်များက အားကောင်းခိုင်မာစေပါသည်။ အင်တာနက်နှင့် ၎င်းတွင် ပါရှိသည့် အကြောင်းအရာများအား လက်လှမ်းမီရရှိသုံးစွဲခွင့်ကို စီစဉ်ပေးသည့် သတင်းအချက်အလက် နည်းပညာ ရရှိသုံးစွဲရေး စီမံချက်များကို ပေါ်ပေါက်စေခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် အကဲဖြတ်ခြင်းတို့တွင် လူ့အခွင့်အရေး အခြေခံမူများအား ထည့်သွင်းပေါင်းစပ်သည့် နည်းလမ်းများကိုလည်း ဖော်ထုတ်ပေးသည်။ ထို့ကြောင့် အစိုးရ ဦးဆောင်သည့် သတင်းအချက်အလက် နည်းပညာ ရရှိသုံးစွဲရေး စီမံချက်များကို တိုင်းတာခြင်းနှင့် အကဲဖြတ်ခြင်းတို့အတွင်း၌ လူ့အခွင့်အရေးဖြည့်ဆည်းပေးရေး အတွက် အင်တာနက် လက်လှမ်းမီ ပိုမို ရရှိသုံးစွဲမှု၏ အကျိုးကျေးဇူးများကို ယေဘုယျဆန်ဆန် အသိအမှတ်ပြုချက်များနှင့် ချိတ်ဆက်ရန် လိုအပ်သည်။ WSIS ကို အကောင်အထည်ဖော်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များသည် တည်ဆဲ လူ့အခွင့်အရေးဥပဒေစနစ်နှင့် သဟဇာတဖြစ်ဖြစ် ဆက်နွယ်မှုကိုလည်း သေချာအောင် ပြုလုပ်ရမည်။[၆၅] ဤလေ့လာဆန်းစစ်ချက်သည် အနာဂတ်သုတေသနနှင့် တိုက်ရိုက် ပို၍ချိတ်ဆက်နိုင်မည့် အခြေခံကို တည်ဆောက်ပေးသည်။ ဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်သည့် အသိုက်အဝန်းက အသုံးပြုသည့် လက်တွေ့ကျကျ သတင်းအချက်အလက် နည်းပညာ ရရှိသုံးစွဲရေးလမ်းညွှန်ချက်များအတွင်း လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုမှု အာမခံချက်များကို သတင်းအချက်အလက်နည်းပညာ ရရှိသုံးစွဲရေး စီမံချက်များက အကောင်အထည်ဖော်သည့် နည်းလမ်းအတိုင်း ချိတ်ဆက်ပေးပါသည်။[၆၆] အထူးသဖြင့် စာအုပ်၏ လက်တွေ့ကွင်းဆင်းသုတေသနအပိုင်းသည် အဓိကကျသည့် နယ်ပယ်များကို ဖော်ထုတ်ပေးသည်။ ဆီလျော်သည့် လူ့အခွင့်အရေးဥပဒေစနစ် လေ့လာဆန်းစစ်ချက်မှနေ၍ အဓိကကျကျ တွေ့ရှိချက်များအထဲမှ သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်းကွာဟချက်ကို ကျဉ်းမြောင်းစေမည့် ဖွံ့ဖြိုးရေးအစီအစဉ်များသည် သွေဖည်သွားသည့် နယ်ပယ်များ သို့မဟုတ် ကိုက်ညီသည့် နယ်ပယ်များကို ဖော်ထုတ်ပေးပါသည်။ ဤတွေ့ရှိချက်များသည် ဖွံ့ဖြိုးရေးအစီအစဉ်များအတွက် လူ့အခွင့်အရေးမူဘောင်က ဖြည့်ဆည်းပေးသည့် အဓိကအချက်များ ဖြစ်ကြသည်။ တပြိုင်နက်တည်းတွင်

---

[၆၅] William J. Drake and Rikke Frank Jorgensen, 'Introduction' in RF Jorgensen (ed), *Human Rights in the Global Information Society* (MIT Press 2006) 25–26.

[၆၆] 'လူ့အခွင့်အရေးကို ဖော်ထုတ်ရန်အတွက် လူ့အခွင့်အရေးစံနှုန်းများကို အပြည်ပြည်ဆိုင်ရာ ဥပဒေက တမူထူးခြားစွာ ပေါင်းစပ်ပံ့ပိုးထားပါသည်။ သို့ရာတွင် ဤစံနှုန်းများသည် ယူဆချက်၏ မူလရင်းမြစ်အပိုင်းအဖြစ်သာလျှင် ပါဝင်ကြောင်း' Todd Landman နှင့် Eliza Carvalho တို့က ရှင်းပြပါသည်။ ဤလက်ခံထားပြီးသား စံနှုန်းများကို အကောင်အထည်ဖော်ခြင်းကို ဥပဒေဆိုင်ရာ လက္ခဏာရပ်များအဖြစ် စဉ်းစားရမည်။ Todd Landman and Eliza Carvalho, *Measuring Human Rights* (Routledge 2010) 16.

ပိုကြီးမားကျယ်ပြန့်သည့် ဥပဒေစနစ်ဆိုင်ရာ အဖွဲ့အစည်းအတွက် ၎င်းအစီအစဉ်အမျိုးအစားများကို ပိုမို ကိုက်ညီအောင် ပြုလုပ်ခြင်းဖြင့် ဤနယ်ပယ်သည် ဖွံ့ဖြိုးတိုးတက်လာသည်။[၆၇]

၁-၄-၂။ အွန်လိုင်းပေါ်ရှိ ပြောဆိုချက်များကို အမျိုးအစားသတ်မှတ်ခြင်း

အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲခွင့်၏ လက်ရှိ လွှမ်းခြုံမှုကို ပို၍ နက်နက်နဲနဲ နားလည်သဘောပေါက်ရန် အတွက် အရေးပါသည့် အစိတ်အပိုင်းရှိပါသည်။ ၎င်းမှာ နိုင်ငံရေးပြောဆိုချက်သာမက အခြားပြောဆိုချက်ပုံစံများ ပါဝင်ရန်အတွက် သတင်းအချက်အလက်နှင့် အယူအဆများကို လက်ခံရရှိ၍ ဖြန့်ဝေခွင့်သည် မည်မျှအတိုင်းအတာ အထိ ချဲ့ထွင် ကာကွယ်နိုင်သည်ကို နားလည်သဘောပေါက်ခြင်း ဖြစ်သည်။ ဤအခွင့်အရေးများ၏ ပြောင်းလဲ တိုးတက်မှုသည် လူ့အခွင့်ရေး စောင့်ကြည့်ရေး အဖွဲ့အစည်းများကို ပြုပြင်ပြောင်းလဲခြင်း သို့မဟုတ် နောက်ဆုံး အပိုင်းအဖြစ် အဓိပ္ပာယ်သက်ရောက်မည်လားကို ယခုလေ့လာဆန်းစစ်ချက်က ရှင်းရှင်းလင်းလင်း ဖြစ်အောင် ကူညီပေးသည်။ သမိုင်းကြောင်းအရဆိုသော် အဆိုပါ လူ့အခွင့်အရေး စောင့်ကြည့်ရေး အဖွဲ့အစည်းများသည် အခြားပြောဆိုချက်အမျိုးအစားများထက် နိုင်ငံရေးပြောဆိုချက်များဆိုင်ရာ ကန့်သတ်ချက်များကို ပို၍ စေ့စေ့စပ်စပ် စောင့်ကြည့်ခဲ့ကြသည်။ သမိုင်းကြောင်းအရဆိုသော် ဒီမိုကရေစီကို ကာကွယ်ပေးသည့် အယူအဆများ ထွက်ပေါ်ရာ သက့ဲသို့ အများပြည်သူပိုင်နေရာတွင် ပြောဆိုချက်များကို ဦးစားပေးထားသည့် သီအိုရီပိုင်း ဆွေးနွေးငြင်းခုံချက် များသည် နိုင်ငံရေးပြောဆိုချက်ကို ဦးစားပေးသတ်မှတ်ခြင်းဟု အဓိပ္ပာယ်သက်ရောက်သည်။[၆၈] သို့ရာတွင် ပြောဆိုချက်ဟူသည် မည်သည့်အရာဟု စဉ်းစားသင့်ကြောင်း လွှမ်းခြုံပါဝင်မှုနှင့် အကြောင်းအရာကို ကိုယ်ပိုင် အခြေခံ အနက်ပြန်ဆိုခြင်းများကြောင့် မည်သည့် ပြောဆိုချက်အမျိုးအစားသည် အရေးပါကြောင်း ရှုမြင်သည့် လွှမ်းခြုံပါဝင်သည့်နယ်ပယ်ကို ချဲ့ထွင်နိုင်ပါသည်။ ထို့အပြင် ဤဆွေးနွေးငြင်းခုံချက်များသည် ပုဂ္ဂလိက ပြောဆိုချက်ကိုပင်လျှင် အကြောင်းရှာပေလိမ့်မည်။ အများပြည်သူသိရှိစေရန် ပြောဆိုသည့် ပြောဆိုချက်၏ တန်ဖိုးထက် လူ့ပြောစကား (သို့မဟုတ် အချက်အလက်ရှာဖွေခြင်း) အပေါ် ဦးတည်ထားခြင်းကြောင့် ဖြစ်သည်။[၆၉] ပြောဆိုချက်နှင့် အကြောင်းအရာ အနက်ပြန်ဆိုခြင်းဆိုင်ရာ ပြောင်းလဲတိုးတက်လာမှုအပေါ် ပိုမို နားလည်သဘော

---

[၆၇] Jalisco ၏ သတင်းအချက်အလက်နည်းပညာဆိုင်ရာ အစီအစဉ်သည် အမျိုးသား သတင်းအချက်နည်းပညာ ရရှိသုံးစွဲရေး မဟာဗျူဟာဖြစ်သည့် e-Mexico နှင့် သီးခြားဖြစ်ပါသည်။ Jalisco ၏ အစီအစဉ်နှင့် e-Mexico တွင် ရပ်ရွာလူထုအခြေပြု ဆက်သွယ်မှု စင်တာကဲ့သို့ ထပ်နေသည့် နယ်ပယ်အချို့ ရှိပါသည်။ သို့သော် ၎င်းတို့၏ သက်ဆိုင်ရာ ချဉ်းကပ်နည်းသည် အလွန်ပင် ကွာခြားပါသည်။

[၆၈] Guy E. Carmi, 'Dignity–The Enemy from Within: A Theoretical and Comparative Analysis of Human Dignity as a Free Speech Justification' (2006) 9 *University of Pennsylvania Journal of Constitutional Law*။ Kent Greenwalt, 'Free Speech Justifications' (1989) 89 *Columbia Law Review* 130–147. See generally, Eric Barendt, *Freedom of Speech* (OUP 2005).

[၆၉] Carmi, n. 68, 957၊ ပြည်သူ့ရေးရာနှင့် ပုဂ္ဂလိက ကြော်ငြာထုတ်လွှင့်သည့် အစီအစဉ်အကြောင်းအရာအတွင်း ရှိ လွတ်လပ်စွာ ပြောဆိုနိုင်မှု အယူအဆအချို့ကို သတ်မှတ်ခြင်းတွင် ပြည်သူ့ရေးရာနှင့် ပုဂ္ဂလိက နယ်ပယ်အကြား ကွဲပြားချက်သည် မည်သည့် အခန်းကဏ္ဍမှ ပါဝင်ခြင်းအတွက် Eric Barendt, Broadcasting Law: A Comparative Study (Clarendon Press 1995) 50–95 ကို ကြည့်ပါ။

ပေါက်ခြင်းသည် အင်တာနက် နယ်ပယ်တွင် အလွန်ပင် အရေးပါသည်။ သတင်းအချက်အလက် အသုံးပြုသည့် ပုံစံများကို လူတဦးစီက တပြိုင်နက်တည်းလုပ်ဆောင်သည့် ပြောဆိုချက်အမျိုးအစား အများအပြားအဖြစ် ခွဲခြား သတ်မှတ်ရေး ပိုမို ခက်ခဲအောင် နည်းပညာက ပြုလုပ်ခြင်းကြောင့် ဖြစ်သည်။ ထို့အပြင် အခန်း (၅) တွင် ဆွေးနွေးသကဲ့သို့ အွန်လိုင်းတွင် ပြုလုပ်သည့် လုပ်ဆောင်ချက်များနှင့် ပြောဆိုချက်အမျိုးအစား အများအပြား ရှိပါသည်။ အခြားအခွင့်အရေးကို လေးစားမှုပြုရေး ဆောင်ရွက်နိုင်သည့် ကိရိယာနှင့် အခွင့်အရေးအဖြစ် အင်တာနက်နှင့် လွတ်လပ်စွာ ဖော်ထုတ်တင်ပြပြောဆိုခွင့်များကို အသားပေးဖော်ပြခြင်းကြောင့် ဖြစ်သည်။ ဤလေ့လာဆန်းစစ်ချက်မှတဆင့် အခြေအနေများကို ဖော်ထုတ်သည်။ ၎င်းအခြေအနေများတွင် လူ့အခွင့်အရေး စောင့်ကြည့်ရေး အဖွဲ့အစည်းများသည် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်အား အကာအကွယ်ပေးခြင်းများ အပေါ် ၎င်းတို့၏ အနက်ပြန်ဆိုချက်ကို ချဲ့ထွင်သွားရမည်ဖြစ်သည်။ နိုင်ငံရေးပြောဆိုချက်သာမက ဖျော်ဖြေရေး၊ ဓလေ့ထုံးတမ်း ထိန်းသိမ်းစောင့်ရှောက်ရေး သို့မဟုတ် အပန်းဖြေရေးကဲ့သို့ အခြားသော ပြောဆိုချက်နှင့် သတင်းအချက်အလက်ပုံစံများကို ထည့်သွင်းရန် ချဲ့ထွင်သွားရမည် ဖြစ်ပါသည်။

၁-၅။ စာအုပ်၏ ဖွဲ့စည်းပုံ

ဤစာအုပ်ကို အခန်း (၅) ခန်း ဆက်တိုက် ဖွဲ့စည်းထားပြီး တွေ့ရှိချက်များကို အနှစ်ချုပ်ကာ နောင်ကာလ သုတေသနအတွက် အကြံပြုချက်များ ပေးထားသည့် အခန်းဖြင့် အဆုံးသတ်ထားသည်။ အခန်း (၂) တွင် အင်တာနက် လက်လှမ်းမီ ရရှိသုံးစွဲမှုသည် လူ့အခွင့်အရေး ဟုတ် မဟုတ်ဟူသည့် လက်တလော ဆွေးနွေးချက်ကို သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်နှင့် ဆင်တူယိုးမှားဖြစ်သည့် ယခင် နိုင်ငံတကာ ဆွေးနွေးချက်များနှင့် ချိတ်ဆက်ထားပါသည်။ အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲမှုနှင့် ဆက်စပ်သည့် နိုင်ငံများ၏ လုပ်ဆောင်ရမည့် တာဝန်များနှင့် မလုပ်ဆောင်ရမည့် တာဝန်များ၏ လက်ရှိလွှမ်းခြုံနယ်ပယ်ကို အခန်း (၃) နှင့် (၄) တွင် လေ့လာပါသည်။ လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့် မူဘောင်အတွင်း တည်ရှိဆဲဖြစ်သော်ငြား အကန့်အသတ်သာရှိသည့် အာမခံချက်များကို အထောက်အပံ့ပြုသည့် သို့မဟုတ် အားကောင်းခိုင်မာစေသည့် အခြားသော အခွင့်အရေးဆိုင်ရာ မူဘောင်များကို အခန်း (၅) တွင် လေ့လာပါသည်။ အခန်း (၆) သည် ယခင် အခန်းအားလုံးကို အသုံးပြု၍ ဤဥပဒေနှင့် သီအိုရီဆိုင်ရာ သုံးသပ်ချက်များကို မက္ကဆီကိုနိုင်ငံ၊ Jalisco ပြည်နယ်တွင် ပြုလုပ်သည့် ကွင်းဆင်းသုတေသနနယ်ပယ်အတွင်း လက်တွေ့ ထည့်သွင်းပါသည်။ သုံးသပ်ချက်သည် အခန်းတခန်းစီ၏ အဓိက တွေ့ရှိချက်များကို အနှစ်ချုပ်ပါသည်။ အနာဂတ်တွင် သတင်းအချက်အလက်နည်းပညာ ရရှိသုံးစွဲမှုအာမခံချက်များ ပိုမိုအားကောင်းခိုင်မာရန် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်နှင့် အခြားအခွင့်အရေး မူဘောင်များကို မည်သို့ အသုံးပြုနိုင်သည့် နောက်ထပ်သုတေသနကို လမ်းညွှန်ပေးမည့် အကြံပြုချက်များ ချမှတ်ရန် အနှစ်ချုပ်ပါသည်။

မီဒီယာဖွံ့ဖြိုးမှုအားလုံးတွင် တူညီသည့် သတင်းအချက်အလက် နည်းပညာ သုံးစွဲ နားလည်မှုပိုင်း ကွာဟချက် ရှိကြသည်။ ဤဖြစ်စဉ်သည် အသစ်မဟုတ်သော်ငြား အမြဲတည်ရှိနေသည့် အရှိတရား ဖြစ်ပြီး သတင်းအချက်အလက် မီဒီယာအသစ်ပေါ် ပေါက်လာတိုင်း ဖြစ်ပေါ်လာပါသည်။ သတင်းအချက်အလက် လက်လှမ်းမီ ရရှိသုံးစွဲမှုနှင့် မညီမမျှ ရရှိသုံးစွဲမှုတို့ကို ဖြေရှင်းကိုင်တွယ်သည့် အဓိက အပြည်ပြည်ဆိုင်ရာ ဆွေးနွေးချက်များနှင့် အစပျိုးလုပ်ဆောင်ချက်များ၏ သမိုင်းကြောင်းဆိုင်ရာ အဓိကကျသည့် အချိန်ကာလများကို

အခန်း (၂) က ဦးတည်ထားသည်။ အထူးသဖြင့် သတင်းအချက်အလက်စီးဆင်းမှု လက်လှမ်းမီ ရရှိခြင်း၊ ထိန်းချုပ်ခြင်းတို့နှင့် စပ်လျဉ်း၍ အစွန်းနှစ်ဖက်အမြင်၊ စစ်အေးခေတ်၊ အရှေ့-အနောက် အမြင်များ၏ ဆီလျော်ကိုက်ညီမှုကို ၎င်းအခန်းက လေ့လာဆန်းစစ်ပေလိမ့်မည်။ ထို့အတူ ၁၉၇၀ ပြည့်လွန်နှင့် ၁၉၈၀ ပြည့်လွန်နှစ်များအတွင်း ခေတ်သစ်ကမ္ဘာ့ ဆက်သွယ်ရေးအစီအစဉ် (New World Communication Order) ထုတ်ပြန်မှုကို ဦးတည် ဖြစ်ပေါ်စေသည့် ဘက်မလိုက်နိုင်ငံများမှ အခြေခံလာသည့် အမြင်ရှုထောင့်များ ဖွံ့ဖြိုးလာမှုကိုလည်း လေ့လာ ဆန်းစစ်သည်။ ဤလေ့လာချက်မှတဆင့် ခေတ်သစ်ကမ္ဘာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး အစီအစဉ် (New World Information and Communication Order - NWICO) နှင့် ၎င်း၏ ကော်မရှင် (MacBride Commission)[၇၀] ၏ အခြေခံ အကြောင်းချင်းရာများကို အဆိုပါအခန်းက ဖော်ထုတ်ပါသည်။ ထောင်စုနှစ်ကြေညာချက် (Millennium Declaration)[၇၁] (နှင့် ဆက်စပ် MDGs နှင့် SDGs)[၇၂] ကဲ့သို့ ရာစုနှစ်အစည်းအဝေးများ ပြန်လည်ကျင်းပခြင်းနှင့်အတူ ပြန်လည် ထွက်ပေါ်လာသည့် အင်တာနက်ကဲ့သို့ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကို ပို၍ လက်လှမ်းမီ ရရှိရေး ဖန်တီးခြင်းအတွက် လူ့အခွင့်အရေးများသည် မရှိမဖြစ် အခြေခံတရပ်အဖြစ် မည်သို့ တည်ရှိ နေကြောင်းနှင့် ဆက်စပ်သည့် အကြောင်းချင်းရာများကိုလည်း ရှာဖွေသည်။ သို့ရာတွင် MacBride အစီရင်ခံစာကို ထုတ်ပြန်သည့် အချိန်ကတည်းကပင် လက်ရှိ အစပျိုးလုပ်ဆောင်ချက်များသည် ဆွေးနွေးချက်ကို မည်သည့် လူ့အခွင့်အရေးမူဘောင်ဖြင့် ဖြည့်ဆည်းပေးသည်ဟူသော ၎င်းတို့၏ အနက်ပြန်ဆိုမှုများကို အဆင့်မြှင့်တင်ခြင်း မပြုကြပေ။ ထို့အစား လက်ရှိ အပြည်ပြည်ဆိုင်ရာ ဆွေးနွေးချက်များသည် အခွင့်အရေးဦးတည်ခြင်းထက် ဖွံ့ဖြိုးရေးဆိုင်ရာ ဦးတည်နေခြင်းအပေါ် ပိုအလေးထားနေကြသည်။ ရလဒ်အနေဖြင့် လူ့အခွင့်အရေးနှင့် ဆက်နွယ်နေသည့် MacBride အစီရင်ခံစာ၏ အစိတ်အပိုင်းအဖြစ် အဓိက အကြောင်းချင်းရာများကို လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့များက မည်သို့ အနက်ပြန်ဆိုကြောင်းကို လေ့လာရန် လိုအပ်သည်။ နောက်ဆုံးတွင် လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့်ကို အခြေခံမူအဖြစ် ဤအစပျိုးလုပ်ဆောင်ချက်များက ထည့်သွင်းထားသည်ကို အဆိုပါအခန်းက လေ့လာပါသည်။ သို့သော် WSIS ရည်ရွယ်ချက်များကို အသက်ဝင်အောင်ပြုလုပ်၍ လက်ရှိ WSIS ဦးတည်ချက်များကို အကောင်အထည်ဖော်နေစဉ် ဤအခြေခံမူများကို ထည့်သွင်းပေါင်းစပ်ရန် ပျက်ကွက်ခြင်းကိုလည်း လေ့လာပါသည်။

အခန်း (၃)၊ (၄)၊ (၅) နှင့် (၆) တို့သည် ပူးတွဲကြေညာချက်ကို ဆွေးနွေးချက် စတင်ရာအဖြစ် အခန်းအားလုံး အသုံးပြုကြသည်။ လူတိုင်း အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲမှုကို အဆင်ချောမွေ့အောင်ပြုလုပ်ရန် နိုင်ငံများ၏ လုပ်ဆောင်ရမည့် တာဝန်များနှင့် မလုပ်ဆောင်ရမည့် တာဝန်များ၏ လက်ရှိ လွှမ်းခြုံနယ်ပယ်ကို ဖော်ထုတ်သတ်မှတ်ခြင်းအပေါ် အခန်း (၃) နှင့် (၄) တို့၏ လေ့လာဆန်းစစ်ချက်ဖြင့် အလေးထား လေ့လာပါသည်။ အမှု ၃ ခုတွင် အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲမှုကို မပိတ်ပင်ရဟူသည့် နိုင်ငံ၏ မလုပ်ဆောင်ရမည့် တာဝန်များ

---

[၇၀] International Commission for the Study of Communication Problems, *Many Voices, One World* (UNESCO 1980) [ဤနေရာမှ စ၍ MacBride အစီရင်ခံစာဟု သုံးနှုန်းသွားမည်].

[၇၁] UNGA 'United Nations Millennium Declaration' (18 September 2000) A/RES/55/2.

[၇၂] ibid.

ပါဝင်သည်။ ၎င်းတို့မှာ *Yildirim v. Turkey* ၊ *Kalda v. Estonia* နှင့် *Jankovskis v. Lithuania* တို့ ဖြစ်သည်။ ပူးတွဲကြေညာချက်မှ အဆိုပြုထားသည့် မလုပ်ဆောင်ရမည့် တာဝန်များကို အကြောင်းအရာပိုင်း ထည့်သွင်းစဉ်းစားရန်အလို့ငှာ ဤအမှုတခုစီရှိ ဆုံးဖြတ်ချက်များကို အခန်း (၃) က လေ့လာဆန်းစစ်ပါသည်။ အပိုဒ် (၁၀) အာမခံချက်များ၏ အစိတ်အပိုင်းဖြစ်သည့် အကျုံးဝင်သည့် မလုပ်ဆောင်ရမည့် တာဝန်များကို အလေးထား လေ့လာခြင်းနှင့်အတူ ဆောင်ရွက်ပါသည်။ ဤလေ့လာဆန်းစစ်ချက်သည် အဓိကနယ်ပယ် ၃ ခုကို အသေးစိတ် လေ့လာသည်။ ပထမအနေဖြင့် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်နှင့် အင်တာနက် လက်လှမ်းမီ ရရှိသုံးစွဲမှုကို ပိုမို ကျယ်ကျယ်ပြန့်ပြန့် ကာကွယ်ခြင်းအပေါ် လက်ရှိ ဥပဒေစနစ်က အထောက်အကူပြုသည်ကို ၎င်းအခန်းက ဖော်ထုတ်သည်။ ဒုတိယအနေဖြင့် သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက် ကျဉ်းမြောင်းစေမည့် အာမခံချက်များကို ပံ့ပိုးပေးရန်အတွက် ဤအမှုများအား မည်သို့အသုံးပြု နိုင်သည်ကို ကျိုးကြောင်းဆီလျော်စွာ အကဲဖြတ်ဆန်းစစ်ပါသည်။ နောက်ဆုံးတွင်မူ သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကို ကိုင်တွယ်ဖြေရှင်းရာတွင် အရေးပါသည့် ဆုံးဖြတ်ချက် (၃) ရပ်တွင် မပါရှိသည့် အခြားသော လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုတင်ပြခွင့် အခြေခံမူများ၏ ဆီလျော်ကိုက်ညီမှုကို အဆိုပါအခန်းက လေ့လာပါသည်။

ဤသို့ဆောင်ရွက်ရာတွင် အခြားသော အခြေခံမူများအား နမူနာအဖြစ် ပို၍ ကျယ်ကျယ်ပြန့်ပြန့် အခြေခံနိုင်မည့် နည်းလမ်းများအတွက် ဤပထမဆုံးသောအမှုများတွင် တင်ပြထားသည့် လက်ရှိ လွှမ်းခြုံ နယ်ပယ်ကို အဆိုပါအခန်းက ဖော်ထုတ်ပါသည်။ အခြား အခြေခံမူများတွင် သတင်းအချက်အလက်လက်လှမ်းမီ ရရှိမှုနှင့် ဗဟုဝါဒများ ပါဝင်သည်။ IACtHR က အနက်ဖွင့်ဆိုထားသည့်အတိုင်း ACHR ၏ အပိုဒ် (၁၃) ပါ လွှမ်းခြုံနယ်ပယ်နှင့် အကြောင်းအရာကိုလည်း အခန်း (၃) က လေ့လာပါသည်။ လက်ရှိစီရင်ထုံးဥပဒေတွင် ဖော်ပြ ထားသည့် အဓိကကျသည့် အကာအကွယ်များကို အနှစ်သာရရှိရှိ မည်သို့ ချမှတ်ထားသည်ကို ဤလေ့လာချက်က ထည့်သွင်းစဉ်းစားသည်။ သို့သော် အပိုဒ် (၁၃) ပါ အကာအကွယ်များကို ယနေ့အချိန်အထိ ECtHR က အနက်ပြန်ဆို ထားသည်ထက် IACtHR က မည်သို့ ပို၍ ကျယ်ကျယ်ပြန့်ပြန့် အနက်ဖွင့်ဆိုထားနိုင်ခြေ ရှိသည်ကိုလည်း လေ့လာပါသည်။

အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲမှုကို စီစဉ်ပေးသည့် လုပ်ဆောင်ရမည့် တာဝန် တရပ် ပါဝင်သည့် အမှုတခုမျှ ယနေ့အချိန်အထိ မရှိသည့်အတွက် အခန်း (၄) ပါ ဆွေးနွေးချက်သည် ပို၍ သီအိုရီပိုင်း ဆန်ပါသည်။ ပူးတွဲကြေညာချက်တွင် ထည့်သွင်းထားသည့်အတိုင်း ဖြစ်နိုင်ခြေရှိသော လုပ်ဆောင်ရမည့် တာဝန်ရှိမှုများဖြစ်သည့် လူတိုင်း အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲရေးကို အဆင်ပြေချောမွေ့စေရန် နိုင်ငံက ဆောင်ရွက်ရမည့် လုပ်ဆောင်ချက်များနှင့် အခန်း (၄) က တိုက်ရိုက်ပို၍ သက်ဆိုင်ပါသည်။ ၎င်းအခန်းတွင် လေ့လာဆန်းစစ်ချက်ကို အပိုင်း (၃) ပိုင်းခွဲ၍ ဆောင်ရွက်ထားသည်။ ပထမအပိုင်းမှာ ပူးတွဲကြေညာချက်ကို အသုံးပြုထားပြီး အစိုးရ မဟုတ်သည့် လုပ်ဆောင်သူများ၏ အခန်းကဏ္ဍအပေါ် အခြေခံထားသည်။ အင်တာနက် လက်လှမ်းမီ ရရှိသုံးစွဲရေး နှင့် ဆက်စပ်သည့် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်ကို တတိယအဖွဲ့အစည်း (third parties) က ချိုးဖောက်ခြင်းများအတွက် ကာကွယ်မည့် လုပ်ဆောင်ရမည့် တာဝန်များ ဖြစ်နိုင်ခြေကို လေ့လာဆန်းစစ်ပါသည်။ တတိယအဖွဲ့အစည်းမှာ အင်တာနက် ကြားခံဆောင်ရွက်သူများကဲ့သို့ အစိုးရမဟုတ်သည့် လုပ်ဆောင်သူများ ဖြစ်ကြသည်။ လူတိုင်း အင်တာနက် လက်လှမ်းမီ ရရှိသုံးစွဲမှုကို အဆင်ပြေချောမွေ့အောင် အစိုးရများက

လုပ်ဆောင်ရမည်ဟု ထည့်သွင်းထားသည့် ပူးတွဲကြေညာချက်၏ ဆောင်ရွက်ချက် ၄ ရပ်ကို ဗဟုဝါဒနှင့် သတင်းအချက်အလက် လက်လှမ်းမီ ရရှိသုံးစွဲခွင့် အခြေခံမူများမှတဆင့် အခြားအပိုင်း ၂ ပိုင်းကို လေ့လာဆန်းစစ်ပါသည်။

လူ့အခွင့်အရေးခုံရုံးများဆီသို့ နယ်ပယ်နှစ်ခုနှင့် သက်ဆိုင်သည့် အမှုများ ပိုမို ရောက်ရှိလာသည့်အခါ ပို၍ အသေးစိတ်ကျသည့် လေ့လာဆန်းစစ်ချက်စတင်နိုင်မည့် စမှတ်ကို အခန်း (၄) ၏ လေ့လာဆန်းစစ်ချက်က တည်ဆောက်ပါသည်။ ၎င်းနယ်ပယ်နှစ်ခုသည် အခြေခံအဆောက်အဦးကို လက်လှမ်းမီ သုံးစွဲမှု၏ အရေးပါပုံအား အကြောင်းအရာ လက်လှမ်းမီ သုံးစွဲမှုနှင့် ချိတ်ဆက်ထားပါသည်။ ပထမနယ်ပယ်အနေဖြင့် လုပ်ဆောင်ရမည့် တာဝန်များ မည်သည့်နေရာတွင် ရှိသင့်ကြောင်းနှင့် အရှင်းလင်းဆုံး နမူနာများသည် မည်သည့်အခြေအနေတွင် ရှိသင့်ကြောင်း ဖြစ်သည်။ ထို့ကြောင့် လူ့အခွင့်အရေးခုံရုံးများမှ ပေးသည့် အကာအကွယ်များကို ပို၍ ရရှိနိုင်ခြေ ရှိပါမည်လား။ ဒုတိယနယ်ပယ်မှာ လူ့အသိုက်အဝန်းအတွင်းရှိ ၎င်းတို့၏ ရပ်တည်ချက် သို့မဟုတ် အခန်းကဏ္ဍ အပေါ် အခြေခံ၍ လူ့အသိုက်အဝန်း၏ မည့်သည့်လူမှုအပိုင်း သို့မဟုတ် မည်သူတို့သည် မြင့်မားသည့် စိစစ်ခြင်းတို့ကို ရရှိနိုင်ခြေ ရှိကြသနည်း။ ဤလေ့လာဆန်းစစ်ချက်မှတဆင့် သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်၏ အစိတ်ပိုင်းများစွာ ပါဝင်သည့် ယူဆချက်၏ မည်သည့်အပိုင်းများကို လွတ်လပ်စွာ ထုတ်ဖော် တင်ပြပြောဆိုခွင့်အာမခံချက်များအတွင်း ပထမဆုံး ပေါင်းစပ်နိုင်ခြေရှိကြောင်းကို ဖော်ထုတ်နိုင်မည် ဖြစ်သည်။

လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်သည် အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲခွင့်အကြောင်း ဆွေးနွေးချက်များနှင့် ဆက်နွယ်မှုအရှိဆုံး အခွင့်အရေး ဖြစ်နေစဉ်တွင် အခြားအခွင့်အရေးများအတွက်လည်း အသုံးဝင်ကြောင်းအား ပညာရပ်စာပေများတွင် ဖော်ပြထားသည်ကို အခန်း (၅) တွင် ဆွေးနွေးထားသည်။ ဥပမာ အားဖြင့် လွတ်လပ်စွာ စုဝေးခွင့်နှင့် အသင်းအပင်း ဖွဲ့စည်းခွင့်၊ ပညာသင်ကြားခွင့် စသည့်အခြားအခွင့်အရေးများ ဖြစ်သည်။[၇၃] အမှန်အားဖြင့် အင်တာနက်သည် အခွင့်အရေးများကို ကျင့်သုံးနိုင်စွမ်းရှိသည့် နည်းပညာအဖြစ် ၂၀၁၁ ခုနှစ် အထူးအစီရင်ခံစာတင်သွင်းသူ၏ အစီရင်ခံစာတွင်သာမက ပူးတွဲကြေညာချက်တွင်ပါ အသားပေးဖော်ပြ ထားသည်။ အခန်း (၃) နှင့် (၄) ကဲ့သို့ပင် စာအုပ်စာတမ်းများတွင် ရှင်းရှင်းလင်းလင်း ဖော်ပြထားသည့် အခွင့်အရေး များအကြောင်း ဆွေးနွေးချက်များကို အလေးထား၍ အသေးစိတ် ဆွေးနွေးရာတွင် အခန်း (၅) သည် ပူးတွဲ ကြေညာချက်ကို အသုံးပြုထားသည်။ အသင်းအဖွဲ့လွတ်လပ်ခွင့်၊ လွတ်လပ်စွာ စုဝေးခွင့်၊ ပြည့်သူ့ရေးရာကိစ္စ များတွင် ပူးပေါင်းပါဝင်ခွင့်တို့သာမက ကျန်းမာရေးစောင့်ရှောက်မှု ရပိုင်ခွင့်၊ စာပေသင်ကြားခွင့်နှင့် အလုပ်လုပ် ကိုင်ခွင့် အပါအဝင် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ ဖြစ်ကြသည်။ ယဉ်ကျေးမှု ဓလေ့ ထုံးတမ်းများ ရရှိကျင့်သုံးနိုင်ခွင့်နှင့် သိပ္ပံပညာတိုးတက်မှု ရရှိခံစားခွင့်နှင့် ခွဲခြားဆက်ခံခြင်းမရှိစေရေး အခြေခံမူ တို့ကိုလည်း သတင်းအချက်အလက်နည်းပညာ ရရှိသုံးစွဲမှု အာမခံချက်များ ခိုင်မာအားကောင်းစေရေးကူပံ့နိုင်သည့် မူဘောင်အစိတ်အပိုင်းအဖြစ် လေ့လာပါသည်။

---

[၇၃] Tully (n. 17)၊ Land (n. 16)၊ De Hert and Kloza (n. 17).

ဤခေါင်းစဉ်ဖြင့် ထင်ရှားကျော်ကြားသည့် ဆွေးနွေးချက်သည် နည်းပါးသွားခြင်းမရှိဘဲ ပို၍ တိုးပွားလာပါသည်။ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့အစည်းများအတွက် အမှုများ ပို၍သာ တင်ပြလာနိုင်ခြေရှိပါသည်။[၇၄] ထို့ကြောင့် သတင်းအချက်အလက်နည်းပညာ ရရှိသုံးစွဲရေး အစပျိုးလုပ်ဆောင်ချက်များကို လူ့အခွင့်အရေးအခြေပြု လေ့လာဆန်းစစ်ချက်ကို အယူအဆပြန်လည်ဆန်းစစ်ပြီးမှသာ အသုံးပြုခြင်းသည် အရေးပါလာပါသည်။ သတင်းအချက်အလက်နည်းပညာကို လက်လှမ်းမီ ရရှိသုံးစွဲမှုနှင့် စပ်လျဉ်း၍ နိုင်ငံတခုချင်းစီသည် ၎င်းတို့၏ ဖြစ်နိုင်ခြေရှိသည့် ဥပဒေပိုင်း တာဝန်ရှိမှုများနှင့် လိုက်နာမှုရှိခြင်း မရှိခြင်းသည် အနက်အဓိပ္ပာယ်ပြည့်ဝသည့် လေ့လာဆန်းစစ်ချက်အတွက် အရေးပါသည်။ လက်ရှိ အပြည်ပြည်ဆိုင်ရာ ဥပဒေမူဘောင်သည် သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း အာမခံချက်အချို့ကို ပံ့ပိုးနိုင်ကြောင်း ယခင် အခန်းများက တွေ့ရှိခဲ့သည်။ နိုင်ငံများမှ ဆောင်ရွက်ရန် တာဝန်ရှိသည့် ဖြစ်နိုင်သော အရာနှင့် နိုင်ငံများမှ ဆောင်ရွက်ရမည့် ဖြစ်နိုင်ခြေရှိသော အရာတို့အကြား ကွဲပြားချက် ရှင်းရှင်းလင်းလင်း ရှိကြောင်းကို အခန်း (၃)၊ (၄) နှင့် (၅) တို့တွင် ဖော်ပြသည်။ အစိုးရဌာနီးစီး ဆောင်ရွက်သည့် မက္ကဆီကိုနိုင်ငံ သတင်းအချက်အလက်နည်းပညာ ရရှိသုံးစွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ရှေ့ပိုင်းအခန်းများမှ ဤအယူအဆပိုင်းနှင့် သီအိုရီပိုင်း သုံးသပ်ချက်များကို မည်သို့ အသုံးပြုသည်ကို အခန်း (၆) တွင် လေ့လာပါသည်။ ဥပဒေစနစ်နှင့် အညွှန်းကိန်းများနှစ်ခုစလုံးတွင် အမြင်သဘောထားများကို ထည့်သွင်းပေါင်းစပ်ရန် မည်သည့် နည်းလမ်းများက အသုံးတည့်ဆုံး ဖြစ်သည်ကို ၎င်းအခန်းတွင် ဖော်ထုတ်ပါသည်။ သို့ဖြစ်သည့်အတွက် လူ့အခွင့်အရေးရည်ရွယ်ချက်များနှင့် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များသည် အပြန်အလှန် အားဖြည့်ထောက်ကန်နေကြမည် ဖြစ်သည်။

စာအုပ်၏ နောက်ဆုံးအခန်းသည် အခန်းတခုစီမှတဆင့် ထုတ်နှုတ်ထားသည့် အဓိက ဆွေးနွေးချက်များကို အနှစ်ချုပ်ပါသည်။ သတင်းအချက်အလက်နည်းပညာ သုံးစွဲမှုပိုင်းကွာဟချက်ကို ကျဉ်းမြောင်းစေရန်အတွက် လူ့အခွင့်အရေးအာမခံချက်များ၏ လက်ရှိအခြေအနေကိုသာမက ၎င်းတာဝန်ရှိမှုများကို ချဲ့ထွင်နိုင်မည့် နောင်ကာလ ဖြစ်နိုင်ခြေ အလားအလာများကိုလည်း အနှစ်ချုပ်ပါသည်။ ဤသို့ ပြုလုပ်ခြင်းဖြင့် အွန်လိုင်းတွင် သာမက အင်တာနက် မရရှိသည့်နေရာများတွင်ပါ လူ့အခွင့်အရေးအသေအချာ ရရှိစေရေးအတွက် သင့်လျော်နေဆဲ ဖြစ်သော လူ့အခွင့်အရေးဥပဒေ အသေအချာ ရှိနေစေရေး လေ့လာဆန်းစစ်ချက်ကို မြှင့်တင်ဆောင်ရွက်မည့် နောက်ထပ်သုတေသနကို ယခုစာအုပ်က ဖော်ပြပါသည်။

---

[၇၄] Tully (n. 17)၊ Land (n. 16)၊ De Hert and Kloza (n. 17).

အခန်း ၂။ သတင်းအချက်အလက်နည်းပညာ လက်လှမ်းမီရရှိသုံးစွဲခွင့်နှင့် သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်အပေါ် နိုင်ငံတကာ ဆွေးနွေးချက်များ၏ သမိုင်းကြောင်းဆိုင်ရာ အခြေအနေ

သတင်းအချက်အလက် လက်လှမ်းမီရရှိသုံးစွဲမှုနှင့် ၎င်းသတင်းအချက်အလက်ကို ထုတ်လွှင့်သည့် နည်းပညာကို ရရှိသုံးစွဲမှုသည် အနည်းဆုံးအနေဖြင့် ၁၈၆၅ ခုနှစ်ကတည်းကပင် စိတ်ဝင်တစား ရှိခဲ့သည့် ကိစ္စရပ်ဖြစ်ပါသည်။ နိုင်ငံများ၏ နယ်နိမိတ်များအကြား စံသတ်မှတ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအတွက် လိုအပ်ကြောင်း အသိအမှတ်ပြုလျှက် အဆိုပါနှစ်တွင် အပြည်ပြည်ဆိုင်ရာကြေးနန်းစာအဖွဲ့ (International Telegram Union) (ယခုအခါ ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာတယ်လီဆက်သွယ်ရေးအဖွဲ့ (UN International Telecommunication Union) ဟု ခေါ်သည်) ကို တည်ထောင်ခဲ့သည်။[၁] သတင်းအချက်အလက် စီးဆင်းမှုနှင့် သတင်းအချက်အလက်ဆက်သွယ်ရေးနည်းပညာ၏ အရေးပါမှုကို နိုင်ငံများက တရားဝင် အသိအမှတ်ပြုသည့် ပထမဆုံးသော အဓိကကျသည့် အချိန်ကာလအဖြစ် သတ်မှတ်ပါသည်။[၂] နိုင်ငံပေါင်းချုပ်အသင်းကြီး (၁၉၁၉-၁၉၄၆) ၏ ကာလအတွင်း အများအားဖြင့် သတင်းစာနှင့် သတင်းထုတ်လွှင့်ခြင်းတို့မှတဆင့် နိုင်ငံတကာ သတင်းစီးဆင်းမှုနှင့် သတင်းအချက်အလက်စီးဆင်းမှုတို့ကို အသုံးပြု၍ ပြည်သူ့ရေးရာ အမြင်သဘောထား ဖွံ့ဖြိုးမှုအပေါ် နိုင်ငံတကာအသိုက်အဝန်းက ဦးတည်ထားခဲ့ပါသည်။[၃] သို့သော် သတင်းအချက်အလက် နည်းပညာကို လက်လှမ်းမီရရှိသုံးစွဲမှု မညီမမျှဖြစ်ခြင်းနှင့် လူ့အခွင့်အရေးတို့အကြား ဆက်နွယ်ချက်အပေါ် အသားပေးထားသည့် အဓိကကျသော သမိုင်းဝင် အချိန်ကာလ ၄ ခု ရှိပါသည်။ ဤအချိန်ကာလများသည် မတူညီသည့် အလေးထားမှုနှင့် အောင်မြင်မှုအတိုင်းအတာများကို ကိုယ်စားပြုသည်။

ဤအချိန်ကာလများ၏ သမိုင်းကြောင်းကို ယခုအခန်းက ခြေရာကောက်ပြီးနောက် ကာလတစ်ခုစီ၏ တူညီချက်များ၊ အောင်မြင်မှုများနှင့် အားနည်းချက်များကို ဖော်ထုတ်ပါသည်။ သမိုင်းကြောင်းဆိုင်ရာ၊

---

[၁] International Telegraph Conference (Paris, 1865). ITU ၏ သမိုင်းကြောင်း အပြည့်အစုံအတွက် ၎င်း၏ ဝဘ်ဆိုက် www.itu.int/en/history/Pages/PlenipotentiaryConferences.aspx?conf=1&dms=S0201000001 ကို ကြည့်ပါ။ accessed 24 September 2014.

[၂] Kaarle Nordenstreng, 'The Forgotten History of Global Communication Negotiations at the League of Nations' in Daniel Stauffacher and Wolfgang Kleinwächter (eds), *The World Summit on the Information Society: Moving from the Past into the Future* (UN ICT Task Force 2005) 120.

[၃] Nordenstreng (n. 2) 120.

အယူအဆပိုင်းနှင့် သီအိုရီပိုင်း ပါဝင်သည့် အကြောင်းအရာများကို ခြေရာခံသည့် အခန်းများကို လေ့လာဆန်းစစ်ရန်အတွက် ဖြစ်ပါသည်။[၄] ပထမဆုံးအနေဖြင့် ကုလသမဂ္ဂ စတင် တည်ထောင်ချိန်တွင် သတင်းအချက်အလက် စီးဆင်းမှုများနှင့် ဖြန့်ဝေမှုများ၏ မညီမမျှဖြစ်ခြင်းအကြောင်း ဆွေးနွေးချက်ကို ယခုအခန်းက လေ့လာဆန်းစစ်ပါသည်။ ခေတ်ပြိုင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေစာချုပ်များနှင့် စံနှုန်းများသည် သတင်းအချက်အလက်လွတ်လပ်ခွင့်ကို ၎င်းတို့၏ နောက်ဆုံးမူကြမ်းတွင် မည်သို့ ထည့်သွင်းသည်အပေါ် လွှမ်းမိုးမှု ရှိခဲ့ပါသည်။ ဤအပိုင်းတွင် ဆွေးနွေးချက်၏ သဘောသဘာဝကိုသာမက ဆွေးနွေးသည့် အကြောင်းအရာနှင့် ၎င်း၏ ရလဒ်များကို ပုံဖော်သည့် အဓိကကျသော ပထဝီနိုင်ငံရေးအကြောင်းရင်းများကို ယခုအခန်းက လေ့လာပါသည်။[၅]

ဒုတိယမြောက်အနေဖြင့် ခေတ်သစ်ကမ္ဘာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးအစီအစဉ် (NWICO) ဆွေးနွေးချက်ကို ဤအခန်းက လေ့လာသည်။ UNESCO ၏ လူထုဆက်သွယ်ရေးမီဒီယာအခြေခံမူများ ကြေညာစာတမ်း (Declaration of Principles on Mass Media) ချမှတ်ခြင်း၊ MacBride ကော်မရှင် တည်ထောင်ခြင်းနှင့် ၎င်း၏ *တခုတည်းသောကမ္ဘာ၊ အသံများစွာ* (*Many Voices, One World*) အစီရင်ခံစာ ထုတ်ပြန်ခြင်းတို့ကို အထူးအလေးပေး၍ လေ့လာထားပါသည်။ သတင်းအချက်အလက်ကို ပို၍ အညီအမျှနှင့် သမာသမတ်ရှိရှိ ဖြန့်ဖြူးရေးကို သေချာစေသည့် နည်းအတိုင်း လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့် အာမခံချက်များကို ပို၍ ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ရန် လိုအပ်ချက်ကို ကော်မရှင်၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။[၆] *အချက်များစွာ အနက်မှ* သတင်းအချက်အလက်နည်းပညာကို တဦးချင်းစီမှ လက်လှမ်းမီ ရရှိသုံးစွဲခွင့် ပါဝင်သည့် ဆက်သွယ်မှုဆိုင်ရာ အခွင့်အရေး ‘အသစ်’ ကို ဤအစီရင်ခံစာက အတည်ပြုကြောင်းကို ပညာရှင်အချို့က ငြင်းခုံ ဆွေးနွေးခဲ့ကြသည်။[၇] အစီရင်ခံစာ၏ တွေ့ရှိချက်များနှင့် အကြံပြုချက်များအပေါ် လေ့လာဆန်းစစ်ရာတွင် အကြောင်းအရာများကို ထုတ်နှုတ်၍ ဤစာအုပ်အနှံ့တွင် လေ့လာသွားလိမ့်မည် ဖြစ်သည်။ အခြေခံအဆောက်အဦကို ရရှိသုံးစွဲမှုနှင့် အကြောင်းအရာကို ရရှိသုံးစွဲမှုတို့အကြား ဆက်နွယ်ချက်၊ ဆက်သွယ် ပြောဆိုပြီး ကိစ္စရပ်အမျိုးမျိုးကို ဖော်ပြရန် အတွက် လူမှုအဖွဲ့အစည်းနှင့် တဦးချင်းစီက နေ့စဉ် အသုံးပြုသည့် အကြောင်းအရာပိုင်းအမျိုးစုံလင်မှု၊ စာနယ်ဇင်းများ၏ အခန်းကဏ္ဍနှင့် သတင်းအချက်အလက်ကို လက်လှမ်းမီ ရရှိသုံးစွဲမှု၏ အရေးပါပုံတို့ ပါဝင်သည်။ အခြေခံအဆောက်အဦနှင့် အကြောင်းအရာတို့ကို ရရှိသုံးစွဲခွင့် မညီမမျှဖြစ်ခြင်းကို လူ့အခွင့်အရေးအာမခံချက်များ၏ အစိတ်အပိုင်းအဖြစ် အနက်ပြန်ဆိုသည့်အခါတွင် ဤအကြောင်းအရာများနှင့် အစီရင်ခံစာ၏ တွေ့ရှိချက်များသည်

---

၄ Daithí Mac Síthigh, ‘From Freedom of Speech to the Right to Communicate’ in M.E. Price, S. Verhulst, and L. Morgan (eds), *Routledge Handbook of Media Law* (Routledge 2013) 187–188.

၅ Robin Mansell, ‘The Life and Times of the Information Society’ (2010) 28 Prometheus 167.

၆ C. Hamelink and J. Hoffmann, ‘The State of the Right to Communicate’ (2008) 7 Global Media Journal 6.

၇ Mac Síthigh (n. 4) 187–188; Alan McKenna, ‘The Right to Communicate: A Continuing Victim of Historical Links to the NWICO and UNESCO?’ in D. Frau-Meigs and others (eds), *From NWICO to WSIS: 30 Years of Communication Geopolitics-Actors and Flows, Structures and Divides* (Intellect 2012) 96; Hamelink and Hoffmann (n. 6) 6; ဆက်သွယ်တင်ပြခွင့်ကို ‘Toronto School’ နှင့် Jean D’Arcy တို့ထံမှ ပထမဆုံး ဖော်ထုတ်ထားကြောင်း ဤသုတေသနကျမ်းတွင် ကောင်းစွာ သက်သေပြ၍ အသိအမှတ်ပြုထားသည်။

ဗဟုဝါဒ၏ အခြေခံမူကို အရင်းခံရန် လိုအပ်ကြောင်းကိုလည်း ဖော်ပြပါသည်။ ထို့အပြင် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်ကို အကာအကွယ် ပေးရမည့် အာမခံချက်များ (negative guarantees) အရသာ အနက်ပြန်ဆိုခြင်း၏ မပြည့်စုံမှုများကိုလည်း ဖော်ပြထားသည်။ နောက်ဆုံးတွင် ထပ်တိုးအခွင့်အရေးဖြစ်သည့် ပြောဆိုဆက်သွယ်ခြင်းဆိုင်ရာ လူ့အခွင့်အရေးကို ရေးဆွဲဖွံ့ဖြိုး သို့မဟုတ် တည်ဆောက်သည့် လွတ်လပ်စွာ ထုတ်ဖော် တင်ပြပြောဆိုခွင့်ကို ပိုမို ကျယ်ကျယ်ပြန့်ပြန့် အနက်ပြန်ဆိုရန် လိုအပ်ချက်ကိုလည်း ဖော်ပြပါသည်။

တတိယအနေဖြင့် ရာစုနှစ် သတင်းအချက်အလက်အသိုက်အဝန်းဆိုင်ရာ ကမ္ဘာ့ထိပ်သီးညီလာခံ ကျင်းပချိန်တွင် ထွက်ပေါ်လာသည့် ဆွေးနွေးချက်ကို ယခုအခန်းက သဲကွဲအောင် ကြိုးစားပါသည်။ ဤညီလာခံသည် အားလုံးပိုမို ပါဝင်သည့် သတင်းအချက်အလက်အသိုက်အဝန်းကို ဖန်တီးရန် လိုအပ်ချက်ကို ဆက်သွယ်ပေးပြီး ထောင်စုနှစ်ပန်းတိုင်များကို ဖြည့်ဆည်းခြင်းနှင့်အတူ သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကို နည်းပါးစေပါသည်။[၈] MacBride ကော်မရှင် ထားရစ်ခဲ့သည့်အရာကို ဤတတိယအဆင့်က ပြန်ကောက်မယူပါ။ သို့သော် အခြေခံအဆောက်အဦ မညီမမျှဖြစ်ခြင်းကို လူ့အခွင့်အရေးစိန်ခေါ်မှုထက် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စိန်ခေါ်မှုအဖြစ်သာ အလေးထားပါသည်။ သို့ဖြစ်၍ လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့်သည် ကော်မရှင်၏ တရားဝင်စာအုပ်စာတမ်းများကို မူဘောင်ချပေးသည့် အခြေခံ အခွင့်အရေးအဖြစ်သာ ဆက်လက်ထားရှိသည်။ သို့သော် WSIS အစီအစဉ်ကို အမှန်အကန် အကောင်အထည်ဖော်ရာတွင် ၎င်း၏ အရေးပါမှုသည် အလွန်ပင် နည်းပါးပါသည်။ ၎င်းအစီအစဉ်မှာ နိုင်ငံတကာအသိုက်အဝန်းက ၂၀၀၃ ခုနှစ်နှင့် ၂၀၀၅ ခုနှစ်တို့တွင် အပိုင်း ၂ ပိုင်းခွဲ ဆောင်ရွက်မည့် ထိပ်သီးညီလာခံ၏ လမ်းကြောင်းကို အလွန်ပင် ဖွံ့ဖြိုးတိုးတက်စေပါသည်။

နောက်ဆုံးတွင် နိုင်ငံတကာအသိုက်အဝန်းဆွေးနွေးချက်၏ လေးခုမြောက်နှင့် လက်ရှိအဆင့်ကို ယခုအခန်းက လေ့လာဆန်းစစ်ပါသည်။ နောင်တွင် အကောင်အထည်ဖော်သည့် လုပ်ငန်းစဉ် (‘WSIS အကောင်အထည်ဖော်ခြင်း လုပ်ငန်းစဉ်’ အဖြစ် ရည်ညွှန်းသွားမည်) သည် သတင်းအချက်အလက်အသိုက်အဝန်းအတွက် နိုင်ငံတကာအသိုက်အဝန်း၏ ဆွေးနွေးချက်ကို ဆက်လက် လမ်းကြောင်းပေးပါသည်။[၉] WSIS ၏ သိသာထင်ရှားသည့် ရလဒ်မှာ အင်တာနက်စီမံအုပ်ချုပ်မှုဖိုရမ် (Internet Governance Forum - IGF) ဖန်တီးခြင်း ဖြစ်သည်။ အင်တာနက်နှင့် ဆက်နွယ်သည့်အတွက် သတင်းအချက်အလက်အသိုက်အဝန်းအပေါ် အထူးတလည် အလေးထားထားပါသည်။[၁၀] WSIS အကောင်အထည်ဖော်ဆောင်ရေးလုပ်ငန်းစဉ်အတွင်း အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးအဖွဲ့အစည်းများအထူးသဖြင့် ကုလသမဂ္ဂလူ့အခွင့်အရေး မဟာမင်းကြီးရုံးမှ အဆင့်မြင့်ပိုင်း ပူးပေါင်းပါဝင်မှု သို့မဟုတ် ထိတွေ့ဆက်ဆံမှုမရှိခြင်းသည် WSIS လုပ်ငန်းစဉ်အတွင်း အခွင့်အရေး အခြေပြု လွှမ်းခြုံချဉ်းကပ်နည်းများ ထည့်သွင်းပေါင်းစပ်နိုင်စွမ်းကို ကန့်သတ်နေပါသည်။ MacBride ကော်မရှင် စတင်ကတည်းက ဆယ်စုနှစ် ၃ ခုစာ ဥပဒေ

---

[၈] WSIS ‘WSIS +10 High-Level Event Outcomes Document’ (2014) [ဤနေရာမှစ၍ ၂၀၁၄ ခုနှစ် ရလဒ်စာရွက်စာတမ်းများဟု ရေးသားသွားမည်].

[၉] Joanna Kulesza, ‘Freedom of Information in the Global Information Society–The Question of the Internet Bill of Rights’ (2008) 1 University of Warmia and Mazury in Olsztyn Law Review 85.

[၁၀] ibid. 84.

စနစ်အတိုင်းအတာ ရှိပြီးဖြစ်ကြောင်း မှတ်သားထား၍ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေစံနှုန်းများသည် ဖြစ်သင့်သည်ထက် အနည်းအကျဉ်းနှင့် ကြုံရာကျပန်းသာ ဖွံ့ဖြိုးလာကြောင်းဟူသည့် ဆွေးနွေးချက်ကိုသာ ချန်ရစ်ထားပါသည်။[၁၁] အင်တာနက်အတွက် အခွင့်အရေး ပိုမို အခြေပြုချဉ်းကပ်နည်းတရပ်ကို ပိုမိုကောင်းမွန်စွာ ထည့်သွင်းပေါင်းစပ်ရန် လိုအပ်သည့် အဆင့်များကို ဖော်ထုတ်ခြင်းဖြင့် အခန်းကို နိဂုံးချုပ်သည်။[၁၂]

၂-၁။ အဆင့် (၁) - ကုလသမဂ္ဂ၏ အစောပိုင်းနှစ်ကာလများ

သတင်းအချက်အလက်ရယူသုံးစွဲမှုဆိုင်ရာ လူ့အခွင့်အရေး၏ အစိတ်အပိုင်းအဖြစ် သတင်းအချက်အလက် ဖြန့်ဖြူးခြင်းနှင့် လက်လှမ်းမီ ရရှိသုံးစွဲခြင်းသာမက သတင်းအချက်အလက်နည်းပညာအကြောင်း နိုင်ငံတကာ အသိုက်အဝန်း၏ ဆွေးနွေးချက်ရှိ ပထမဆုံးသော အချိန်ကာလသည် လက်ရှိ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်များ ရေးဆွဲပြုစုလျက်ရှိနေစဉ်ကပင် စစချင်း ပေါ်ထွက်လာသည်။ အချို့ကိစ္စရပ်များတွင်မူ ၎င်းစာချုပ်များ မတည်ရှိမီကပင် ပေါ်ထွက်လာခဲ့ကြသည်။[၁၃] 'သတင်းအချက်အလက် လွတ်လပ်ခွင့်သည် အခြေခံလူ့အခွင့်အရေး ဖြစ်သည်'၊ 'ကုလသမဂ္ဂမှ ဆည်းကပ်သည့် လွတ်လပ်မှုအားလုံး၏ မှတ်ကျောက်' နှင့် 'ကမ္ဘာကြီး၏ ငြိမ်းချမ်းရေးနှင့် တိုးတက်မှုကို မြှင့်တင်ရန် မည်သည့် အလေးထားအားထုတ်မှုတွင်မဆို မရှိမဖြစ် လိုအပ်သည့် အကြောင်းရင်း တရပ်' ဖြစ်ကြောင်း ကုလသမဂ္ဂ အထွေထွေညီလာခံမှ ၁၉၄၆ ခုနှစ်တွင် တညီတညွတ်တည်း ကြေညာခဲ့သည်။[၁၄] ဆုံးဖြတ်ချက်အမှတ် ၅၉ (၁) တွင် သတင်းအချက်အလက်လွတ်လပ်ခွင့်နှင့် စပ်လျဉ်း၍ ညီလာခံတရပ် ကျင်းပရန် အထွေထွေညီလာခံက စီးပွားရေးနှင့် လူမှုရေးကောင်စီကို ပန်ကြားခဲ့သည်။ 'သတင်းအချက်အလက် လွတ်လပ်ခွင့် အယူအဆတွင် ထည့်သွင်းသင့်သည့် အခွင့်အရေးများ၊ တာဝန်ရှိမှုများနှင့် ကျင့်သုံးပုံများ' နှင့် စပ်လျဉ်းသည့် အမြင်များကို ဖော်ထုတ်ပြုစုရန် ရည်ရွယ်ချက်အတွက် ပန်ကြားပါသည်။[၁၅]

---

[၁၁] ibid. 94; Mansell (n. 5) 178.

[၁၂] Mansell (n. 5) 178.

[၁၃] See generally Hilding Eek, *Freedom of Information: As a Project of International Legislation* (Lundequistska 1953) Chapter 1. စာရေးသူသည် ကုလသမဂ္ဂ၏ အဖွဲ့အစည်းအမျိုးမျိုး၏ အလုပ်ကို နီးနီးကပ်ကပ် လေ့လာကာ အထွေထွေအတွင်းရေးမှူးရုံးတွင် ၄ နှစ် အချိန်ကုန်ခံပြီးနောက် ဤစာအုပ်ကို ရေးသားပါသည်။ ကမ္ဘာ့အနှံ့အပြားတွင် သတင်းအချက်အလက်လွတ်လပ်ခွင့်ကို မြှင့်တင်ရန်အတွက် နည်းလမ်းနှင့် နည်းနာများ ရှာဖွေသည့် အလုပ်ကို ပေးထားသည့် အဖွဲ့အစည်းများအကြောင်း ဖြစ်သည် (ဤစာအုပ်၏ စကားချီးတွင် ကြည့်ပါ)။ သတင်းအချက်အလက်လွတ်လပ်ခွင့်ဆိုင်ရာ ပထမဆုံး အပြည်ပြည်ဆိုင်ရာ ဥပဒေစံနှုန်းများထွက်ပေါ်လာခြင်းကို စာအုပ်က မှတ်တမ်းပြုစုထားသည်။ Kaarle Nordenstreng, 'Legal Status and Significance' in George Gerbner, Hamid Mowlana, Kaarle Nordenstreng (eds), *The Global Media Debate: Its Rise, Fall and Renewal* (Ablex 1993) 65.

[၁၄] Calling of an International Conference on Freedom of Information, UNGA Resolution 59 (14 December 1946) www.un.org/documents/ga/res/1/ares1.htm accessed 3 September 2013.

[၁၅] UN 'United Nations Conference on Freedom of Information Final Act' Res no 1 (23 March–21 April 1948) E/CONF.6/79.

လူ့အခွင့်အရေးကြေညာစာတမ်း (UDHR) သာမက လူ့အခွင့်အရေးသဘောတူစာချုပ် (Covenant of Human Rights) ကို မူကြမ်းရေးဆွဲသည့် လုပ်ငန်းစဉ်အတွင်း သတင်းအချက်အလက် ထုတ်လွှင့်ရေးဆိုင်ရာ အခြေခံအဆောက်အဦ မညီမမျှဖြစ်ခြင်းနှင့် သတင်းအချက် လွတ်လပ်ခွင့် မညီမမျှဖြစ်ခြင်းတို့အကြား ဆက်နွယ်ချက်ကို နိုင်ငံများက အသိအမှတ်ပြုခဲ့သည်။[၁၆] ၁၉၄၈ ခုနှစ်တွင် အသစ်ဖွဲ့စည်းပေါ်ပေါက်လာသည့် ကုလသမဂ္ဂသည် သတင်းအချက်အလက်နှင့် စာနယ်ဇင်း လွတ်လပ်ခွင့်ဆိုင်ရာ ကော်မရှင်ခွဲကို ဖန်တီးခဲ့ပြီး ဂျနီဗာ မြို့တွင် ပထမဆုံးသော သတင်းလွတ်လပ်ခွင့်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ညီလာခံကို ကျင်းပခဲ့သည်။[၁၇] ညီလာခံ၏ အဓိက ရည်ရွယ်ချက်မှာ သတင်းအချက်အလက်လွတ်လပ်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းကို မူကြမ်း စတင်ရန် ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာနယ်နိမိတ်များကို ကျော်လွန်၍ အချက်အလက်များကို ပေးပို့သည့် နည်းလမ်းများကို မြှင့်တင်ပေးမည့် နည်းလမ်းများကို သတ်မှတ်ရန်လည်း ဖြစ်သည်။[၁၈] ညီလာခံမတိုင်မီကလေးတွင်ပင် သတင်းအချက်အလက် ယူဆချက်တွင် ထည့်သွင်းရန်အတွက် အခွင့်အရေးများ၊ တာဝန်ရှိမှုများနှင့် ကျင့်သုံးပုံများ ကြေညာချက်ကို ကော်မရှင်ခွဲက ထုတ်ပြန်ခဲ့ပါသည်။[၁၉] ရည်ရွယ်ချက်မှာ 'နောင်ကာလဆွေးနွေးချက်ကို အလေးထားရန်နှင့် အကြောင်းအရာအတွက် မိတ်ဆက်နိဒါန်းကို တင်ပြရာတွင် ဆောင်ရွက်ပေးရန်' ဖြစ်သည်။[၂၀] သတင်းအချက်အလက် ဖြန့်ဝေခြင်း နည်းပညာရပ်များကို ရရှိသုံးစွဲရေးနှင့် ဖြန့်ဖြူးရေး အညီအမျှဖြစ်ခြင်း၏ အရေးပါမှုကို ကြေညာချက်က မီးမောင်ထိုးပြခဲ့ပြီး အောက်ပါအတိုင်း မှတ်သားထားပါသည်-

> သတင်းအချက်အလက်များကို ပြည်တွင်းနှင့် နိုင်ငံတကာတို့တွင် မျှဝေရေးအတွက် ရုပ်ပိုင်းပစ္စည်းများနှင့် နည်းပညာပိုင်းကိရိယာတို့ကို ကျိုးကြောင်းဆီလျော်ပြီး တန်းတူညီမျှမှုရှိသည့် အခြေခံဖြင့် ဖြန့်ဖြူးရမည်။ ဤတန်းတူညီမျှမှု မရှိပါက သတင်းအချက်အလက်သည် လိုအပ်သည့် ပြီးပြည့်စုံမှုနှင့် ကိုယ်စားပြုမှု အရည်အသွေးများ မပါရှိနိုင်ပေ။ အချက်အလက်ထုတ်ပြန်သည့်နည်းလမ်းများကို ကျိုးကြောင်းဆီလျော်စွာနှင့် ညီတူညီမျှ လက်လှမ်းမီ ရရှိသုံးစွဲနိုင်မှုကို နေရာတကာတွင် တည်ဆောက်ပေးရမည်။[၂၁]

---

[၁၆] လူ့အခွင့်အရေးသဘောတူစာချုပ်ကို နောက်ပိုင်းတွင် သီးခြား စာချုပ် ၂ ခုအဖြစ် ပိုင်းခြားခဲ့သည်။ လက်ရှိတွင် အသက်ဝင်နေသည့် ဤစာချုပ်များမှာ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (the International Covenant on Civil and Political Rights - ICCPR) နှင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (International Covenant on Economic, Social and Cultural Rights - ICESCR) တို့ ဖြစ်ကြသည်။

[၁၇] John B. Whitton, 'The United Nations Conference on Freedom of Information and the Movement Against International Propaganda' (1949) 43 *The American Journal of International Law* 73.

[၁၈] ibid.

[၁၉] Eek (n. 13) 173.

[၂၀] ibid.

[၂၁] ibid.

လူ့အခွင့်အရေးသဘောတူစာချုပ်၏ စာသားများဆိုင်ရာ ကနဦးဆွေးနွေးပွဲများအတွင်း သတင်းအချက်အလက် လွတ်လပ်ခွင့်နှင့် သက်ဆိုင်သည့် မူကြမ်းအပိုဒ်ပါ စာပိုဒ်ကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

> သတင်းအချက်အလက်များ လွတ်လွတ်လပ်လပ် စီးဆင်းမှုကို အနှောင့်အယှက်ပေးနိုင်ခြေရှိသည့် နိုင်ငံရေး၊ စီးပွားရေး၊ နည်းပညာနှင့် အခြားအတားအဆီးများကို ဖယ်ရှားခြင်းဖြင့် သတင်းအချက်အလက် လွတ်လပ်ခွင့်ကို မြှင့်တင်ပေးမည့် အရေးယူဆောင်ရွက်ချက်များ လုပ်ဆောင်ရမည်။[JJ]

အနောက်အုပ်စုနှင့် အရှေ့အုပ်စု နိုင်ငံများအကြား သတင်းအချက်အလက် 'လွတ်လပ်စွာ စီးဆင်းသည်' ဟူသည့် စကားရပ်သည် မည်သည့် အနက်အဓိပ္ပာယ်ဆောင်သည်ကို ဖွင့်ဆိုရန် အားထုတ်သည့်အခါတွင် သတင်းအချက်အလက် လွတ်လပ်ခွင့်ဆိုင်ရာ အသေးစိတ်ဆွေးနွေးချက်ထက် ပို၍ ကျယ်ပြန့်သည့် အယူအဆရေးရာ ဝိရောဓိဖြစ်ခြင်းသည် ပဋိပက္ခဖြစ်ခဲ့ပါသည်။[JK] အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်ပြည်ထောင်စုတို့သည် သတင်းအချက်အလက် 'လွတ်လပ်စွာ စီးဆင်းသည်' ဟူသည့် အနက်အဓိပ္ပာယ်ဆိုင်ရာ ဆွေးနွေးချက်များအပေါ် လွှမ်းမိုးခဲ့ကြသည်။[JL] သတင်းအချက်အလက်များ (သတင်းစာများ၊ စာအုပ်များ စသည်) တို့သည် အစိုးရကြားဝင်တားဆီးခြင်း သို့မဟုတ် ဆင်ဆာဖြတ်တောက်ခြင်း မရှိမှသာ နိုင်ငံများအတွင်း လွတ်လပ်စွာ ဝင်ရောက်နိုင်စွမ်းရှိသည်ဟု သတင်းအချက်အလက် 'လွတ်လပ်စွာ စီးဆင်းမှု' ကို အမေရိကန်ပြည်ထောင်စုမှ အနက်ဖွင့်ဆိုသည်။[JM] သတင်းအချက်အလက်များ အကန့်အသတ်မရှိဘဲ လွတ်လပ်စွာ စီးဆင်းမှုကို 'အယူအဆများ လွတ်လွတ်လပ်လပ် အရောင်းအဝယ်ပြုသည့် နေရာ' ဟု အစဉ်အဆက်လက်ခံထားသည့် အမေရိကန်၏ အယူအဆမှ ဆင်းသက်

[JJ] ကုလသမဂ္ဂ 'အထွေထွေအတွင်းရေးမှူးချုပ်၏ မှတ်စု၊ [အပြည်ပြည်ဆိုင်ရာ အခွင့်အရေးများ ကြေညာစာတမ်း] မူကြမ်း၏ အပိုဒ် ၁၇ နှင့် ၁၈ အပေါ် နှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးသဘောတူစာချုပ်မူကြမ်း၏ အပိုဒ် ၁၇ အပေါ် သတင်းအချက်အလက် လွတ်လပ်ခွင့်ဆိုင်ရာ ကုလသမဂ္ဂ ညီလာခံ၏ အမြင်သဘောထား (၁၉၄၈ ခုနှစ် ဧပြီလ ၃၀ ရက်) E/CN.4/84.

[JK] Eek (n. 13) 13.

[JL] Whitton (n. 17) 76.

[JM] Eek (n. 13) 84–85.

လာကြောင်း ယူဆထားသည်။[၂၆] အမေရိကန်၏ ပြည်တွင်း 'စာနယ်ဇင်းလွတ်လပ်ခွင့်' အယူအဆကို ကမ္ဘာ့နိုင်ငံအနှံ့ အဆင်သင့်အသုံးပြုခြင်း (internationalization) အဖြစ် ဤအယူအဆက ကိုယ်စားပြုပါသည်။[၂၇]

သို့ရာတွင် 'လွတ်လပ်စွာ စီးဆင်းမှု' အပေါ် အမေရိကန်၏ အနက်ပြန်ဆိုချက်ကို ဝေဖန်ဆန်းစစ်သည့် ပညာရှင်များအနေဖြင့် သိမြင်ထားသည့် ပြဿနာတရပ်မှာ သတင်းအချက်အလက် လွတ်လပ်စွာစီးဆင်းမှုသည် ကမ္ဘာလုံးဆိုင်ရာနှင့် ပြည်တွင်း မည်မျှမှုများကို ဖယ်ထုတ်ခြင်းထက် ပို၍ အားကောင်းလာစေခြင်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ကမ္ဘာ့အဆင့် သတင်းများနှင့် အချက်အလက်များကို ဖြန့်ဝေသည့် နည်းပညာနှင့် စွမ်းဆောင်ရည်သည် အနောက်နိုင်ငံများ အထူးသဖြင့် အမေရိကန်အခြေပြု ကုမ္ပဏီများတွင်သာ မှီတည်နေခြင်းကြောင့် ဖြစ်ပါသည်။[၂၈] နမူနာဆိုရသော် Nordenstreng နှင့် Schiller တို့က အောက်ပါအတိုင်း တွေ့ရှိသည်-

> အများပြည်သူဆိုင်ရာ နေရာများ၊ အိမ်များနှင့် တဦးချင်းလက်ခံရရှိသူများဆီသို့ ကမ္ဘာအနှံ့ လက်တွေ့ကျကျ တပြိုင်နက်တည်း ရွှေ့လျားနေသည့် သတင်းအချက်အလက်များသည် လူမှုရေးဆက်နွယ်ချက်များ ထုတ်ဖော်ပြသခြင်းအဖြစ်သာ အများစု ဖြစ်လေ့ရှိကြသည်။ အဆင့်မြင့် စက်မှုစွေးကွက် အသိုက်အဝန်းများရှိ လွှမ်းမိုးနေသည့်အလွှာနှင့် အခြား လူမှုအတန်းအစားများအကြား တည်ရှိသည့် ဆက်နွယ်ချက်များ ဖြစ်သည်။ အကြမ်းဖျင်းဆိုရသော် ဒေသအဆင့်နှင့် နိုင်ငံတကာအဆင့် ပျံ့နှံ့နေသည့် သတင်းအချက်

---

[၂၆] Kaarle Nordenstreng, 'Media Policy' in Robin Mansell and Marc Raboy (eds), *The Handbook of Global Media and Communication Policy* (Wiley-Blackwell 2011) 79. အယူအဆများဖလှယ်ခြင်း သီအိုရီကို ၁၉၁၉ ခုနှစ်တွင် အမေရိကန်နိုင်ငံ ဗဟိုတရားရုံး တရားသူကြီး Oliver Wendell Holmes မှ စစချင်း ဖော်ထုတ်ခဲ့သည်။ (in *Abrams v United States*, 1919, 250 U.S. 616, 40S.Ct.17, 63 L. Ed. 1173) တွင် သူက ဖော်ပြခဲ့သည်။ သို့သော် အချိန်သည် တိုက်ခိုက်သည့် ယုံကြည်မှုကို ကမောက်ကမ ဖြစ်စေကြောင်း လူများက သိရှိသည့်အခါ ၎င်းတို့ ကိုယ်တိုင် ပြုမူနေထိုင်မှု၏ အခြေခံ ဖြစ်သည့် ယုံကြည်ချက်ထက်ပို၍ ယုံကြည်လာကြသည်။ ၎င်းယုံကြည်ချက်မှာ အလိုဆန္ဒရှိသည့် အကောင်းမွန်ဆုံးကို အယူအဆများအကြား လွတ်လွတ်လပ်လပ် ဖလှယ်ခြင်းဖြင့် ပို၍ ကောင်းကောင်း ရရှိကြောင်း ဖြစ်သည်။ အမှန်တရားကို အကောင်းဆုံး စမ်းသပ်ချက်မှာ စွေးကွက်အတွင်း ယှဉ်ပြိုင်ရာတွင် လက်ခံမှု ရရှိရန် အတွေးအခေါ်၏ စွမ်းအားဖြစ်သည်။ ထို့အပြင် လူများ၏ သဘောဆန္ဒကို လုံလုံခြုံခြုံ ဆောင်ရွက်နိုင်သည့် အခြေခံသည် အမှန်တရားဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ ဤသည်က ကျွန်ုပ်တို့ အခြေခံဥပဒေ၏ သီအိုရီ ဖြစ်ပါသည်။ စမ်းသပ်ချက်သာဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဘဝတခု လုံးသည်ပင် စမ်းသပ်ချက်တရပ် ဖြစ်သည်။

[၂၇] C. Hamelink, *The Politics of World Communication: A Human Rights Perspective* (Sage Publications 1994); အများအားဖြင့် M. Blanchard, *Exporting the First Amendment: The Press-Government Crusade of 1945–1952* (Longman 1986) ကို ကြည့်ပါ။ အမေရိကန်ပုံစံအပေါ် အခြေခံ၍ စာနယ်ဇင်းလွတ်လပ်ခွင့် အာမခံချက်များကို ကိုင်စွဲထားခြင်းမှတဆင့် အပြည်ပြည်ဆိုင်ရာ လွတ်လပ်စွာပြောဆိုခွင့်ကို ရှာဖွေရန်အတွက် အမေရိကန် နိုင်ငံခြားရေးဌာနနှင့် အမေရိကန် သတင်းအဖွဲ့အစည်းများ၏ ကြိုးပမ်းမှုများအကြောင်း အကောင်းဆုံးနှင့် ကောင်းစွာ မှတ်တမ်းပြုစုထားသည့် သဘောထားအမြင်မှာ ဤစာအုပ်ဖြစ်သည်။

[၂၈] Bella Mody and Anselm Lee, 'Differing Traditions of Research on International Media Influence' in William B. Gudykunst and Bella Moly (eds) *Handbook of International and Intercultural Communication* 2nd edn (Sage Publications Inc. 2002) 387–88.

> အလက်ဆိုင်ရာ အထောက်အကူပြုပစ္စည်းများနှင့် စီးဆင်းမှုများသည် မပြောပလောက်သည့် ချွင်းချက် အနည်းငယ်ဖြင့်သာ စိတ်ပါဝင်စားမှု ရှိကြပါသည်။ ဤသို့မဟုတ်ပါက အာဏာသည် လွှမ်းမိုးနေသည့် နိုင်ငံများတွင်သာ ဗဟိုပြုနေပေမည်။ ဤဗဟိုပြုမှုများနှင့် ၎င်းတို့ကို ပိုင်ဆိုင်ပြီး စီမံခန့်ခွဲနေသည့် အုပ်စုများသည် အနောက်ကမ္ဘာ၏ ကော်ပိုရိတ် ပိုင်ဆိုင်မှုအလွှာတွင် ပါဝင်သည်။[၂၉]

သို့ဖြစ်၍ အနောက်မီဒီယာ၏ လွတ်လပ်စွာ စီးဆင်းမှုနှင့် သတင်းအချက်အလက် တဖက်သတ် စီးဆင်းမှုကို ဆိုလိုရန်အတွက် သတင်းအချက်အလက်၏ 'လွတ်လပ်စွာ စီးဆင်းမှု' ကို အများအပြားက အနက်ပြန်ဆိုထားကြသည်။[၃၀]

ဆန့်ကျင်ဘက်အားဖြင့် အနောက်မီဒီယာ အရင်းအမြစ်များကို ပုဂ္ဂလိကကုမ္ပဏီအနည်းငယ်ဖြင့်သာ ထိန်းချုပ်ထားသည့် အချိန်တွင် သတင်းအချက်အလက် 'လွတ်လပ်စွာ စီးဆင်းမှု' သည် မတည်ရှိနိုင်ကြောင်း ဆိုဗီယက်ရုရှားက ငြင်းချက်ထုတ်သည်။[၃၁] အနောက်သတင်းဌာနများကို လက်ဝါးကြီးအုပ်ချုပ်ကိုင်မှုများအဖြစ် သတ်မှတ်ထားသည်။ ၎င်းတို့သည် ဖွံ့ဖြိုးဆဲနိုင်ငံများမှ သတင်းများနှင့် ၎င်းနိုင်ငံများသို့ သတင်းများ စီးဆင်းမှုကို ထိန်းချုပ်ထားကြသည်။[၃၂] အနောက်အယူအဆပိုင်းဆိုင်ရာ အကျိုးစီးပွားများနှင့် ကုမ္ပဏီများအတွက် အကျိုးဖြစ်ထွန်းစေရန်အတွက် ဆက်သွယ်ရေးဈေးကွက်ကို ကမ္ဘာလုံးဆိုင်ရာ လွှမ်းမိုးချုပ်ကိုင်နိုင်ရေး မဟာဗျူဟာ တရပ်အဖြစ် အနောက်၏ အမြင်သဘောထားကို ဆိုဗီယက်ပြည်ထောင်စုက ရှုမြင်သည်။[၃၃] Eek က အောက်ပါအတိုင်း ရှင်းပြသည်-

> ဆိုဗီယက်ပြည်ထောင်စုရှိ စာနယ်ဇင်းများနှင့် သတင်းအချက်အလက်ဆိုင်ရာ အခြားမီဒီယာများသည် ဆိုဗီယက်လူ့အဖွဲ့အစည်း၏ ပန်းတိုင်များကို သတ်မှတ်ပေးသည့် ကွန်မြူနစ်ပါတီ၏ မူဝါဒများကို ထင်ဟပ်ပြီး ရှင်းပြသည်။ ပါတီမှ အသုံးတည့်အောင် ရွေးချယ်ထားသည့် အယူအဆများနှင့်အညီ အမြင်

---

[၂၉] Kaarle Nordenstreng and Herbert Schiller (eds), *National Sovereignty and International Communication* (Ablex Publishing Company 1979) xi–xii.

[၃၀] Mody and Lee (n. 28) 387–88. Also see generally, H.I. Schiller, 'Transnational Media and National Development' in Kaarle Nordenstreng and Herbert Schiller (eds), *National Sovereignty and International Communication* (Ablex Publishing Company 1979) 21–32.

[၃၁] Khadija Haq, *Dialogue for a New Order* (Pergamon Press 1980); Michael Nelson, *War of the Black Heavens: The Battles of Western Broadcasting in the Cold War* (Brassy's 2003).

[၃၂] Michael Palmer, 'NWICO and the Cold War: Issues and Perspectives' (UNESCO History Conference: UNESCO and the Cold War, Heidelberg, March 2010) 1–2.

[၃၃] United Nations Document E/Conf.6/C.1/SR/8, para. 2 ff. 'အမေရိကန် ပြည်ထောင်စုတွင် 'အမေရိကန်ပြည်သူများ လေလှိုင်းပေါ်တွင် နားဆင်သင့်သည်ကို သတ်မှတ်သည့် ကြော်ငြာလုပ်ငန်းရှင်အကြီးစားများ၏ လက်ထဲတွင် ရေဒီယိုသည် အစိတ်အပိုင်းအများစု ရှိနေကြောင်း' ချက်ကိုစလိုဗက်ကီးယား ကိုယ်စားလှယ်က ကြေညာသည်။

သဘောထားများကိုကို ဖြန့်ဖြူးပြီးနောက် ၎င်းပါတီ၏ နိုင်ငံရေး အယူအဆအရသာ သတင်းများကို ရှင်းလင်းတင်ပြပါသည်။[၃၄]

အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်ပြည်ထောင်စုတို့၏ အမြင်များသည် နှစ်ဖက်စလုံးရှိ နိုင်ငံများမှ သဘောတူညီချက်ကို ပေါက်ဖွားစေသည့် အမြင်များဆိုသည်ထက် မတူညီသည့် အနက်ပြန်ဆိုချက်များ ပါဝင်သည့် အယူအဆိုင်ရာ စဉ်ဆက်မပြတ်ရှိနေသည့် နယ်ပယ်၏ အဆုံးသတ်များ ဖြစ်သည်။[၃၅] အနောက်ဒီမိုကရေစီ နိုင်ငံများအားလုံးသည် အမေရိကန်၏ အမြင်ရှုထောင့်ကို သဘောတူကြသည် မဟုတ်ပေ။ 'ဆိုဗီယက်၏ အဆိုပြုချက်များဖြစ်သည့် သတင်းအချက်အလက်လွတ်လပ်ခွင့်ကို ကန့်သတ်ခြင်းအပေါ် အစိုးရအများစုက ဆန့်ကျင်ခြင်းသည် ကျွန်ုပ်တို့၏ ကိုယ်ပိုင်ယူဆချက်နှင့် ယေဘုယျအားဖြင့် တူညီမှုမရှိကြောင်း ကျွန်ုပ်တို့ အနေဖြင့် သတိမထားနိုင်သည့်အဖြစ်သို့ လမ်းကြောင်းလွဲသွားမည့် အန္တရာယ် ရှိကြောင်း' ကို ၁၉၄၉ ခုနှစ်တွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန အရာရှိတဦးက မှတ်ချက်ပြုခဲ့သည်။[၃၆] နောက်ဆုံးတွင် သတင်းအချက်အလက်လွတ်လပ်စွာ စီးဆင်းမှု အနက်အဓိပ္ပာယ်ကို အားလုံးသဘောတူညီမှု မရောက်ရှိနိုင်မှုသည် သတင်းအချက်အလက်လွတ်လပ်ခွင့်ဆိုင်ရာ သဘောတူညီချက်မူကြမ်းအကောင်အထည်ဖော်မည့် မည်သည့်အခွင့်အလမ်းကိုမဆို ဖယ်ရှားခဲ့ပါသည်။ သို့သော် ၎င်းတွင် ပါဝင်သည့် အကြောင်းအရာအချို့ကို ကုလသမဂ္ဂလူ့အခွင့်အရေးစာချုပ်များတွင် အောင်အောင်မြင်မြင် ပေါင်းစပ်ထည့်သွင်းခဲ့သည်။[၃၇]

၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည့် လူ့အခွင့်အရေးကြေညာစာတမ်းတွင် အပိုဒ် (၁၉) ၌ သတင်းအချက်အလက်လွတ်လပ်ခွင့်ကို ထည့်သွင်းထားပါသည်။[၃၈] ၎င်းအပိုဒ်က အောက်ပါအတိုင်း ဖော်ပြထားသည်-

> လူတိုင်းတွင် လွတ်လပ်စွာ ထင်မြင်ယူဆခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ခွင့် ရှိသည်။ အဆိုပါ အခွင့်အရေးများတွင် ထင်မြင်ယူဆချက်များကို အနှောင့်အယှက်ကင်းစွာဖြင့် လွတ်လပ်စွာ စွဲကိုင်ခွင့်အပြင် သတင်း

---

[၃၄] Eek (n. 13) 14. See also, Alex Inkeles, *Public Opinion in Soviet Russia: A Study in Mass Persuasion* (Harvard University Press 1950) 135.

[၃၅] Eek (n. 13) 17.

[၃၆] ibid.

[၃၇] Whitton (n. 17) 73–87. ယေဘုယျအားဖြင့် U. Carlsson, *News and the Third World: A Study of International News Flows* (Studentlietteratur 1981); U. Carlsson, *A New International Information Order? The Work of the MacBride Commission* (Goteborgs Universitet, Institutionen for Journalistik Och Masskommunikation 1991); K. Nordenstreng, *New International Information and Communication Order: Sourcebook* (International Organization of Journalists 1991); K. Nordenstreng, *The Mass Media Declaration of UNESCO* (Ablex 1984); K. Nordenstreng, 'Defining the New International Information Order' in G. Gerbner and M. Siefert (eds), *World Communications: A Handbook* (Longman 1984) ကို ကြည့်ပါ။

[၃၈] Universal Declaration of Human Rights (adopted 10 December 1948 UNGA Res 217 A(III) (UDHR) Resolutions p 71, 43 AJIL Supp 127 (1949).

အချက်အလက်နှင့် အတွေးအခေါ် အယူအဆများကို သတင်းမီဒီယာတရပ်ရပ်မှတဆင့် နယ်နိမိတ် အပိုင်းအခြား မရှိ ရှာဖွေဆည်းပူးခွင့်၊ လက်ခံခွင့်နှင့် ဖြန့်ချိခွင့်တို့လည်း ပါဝင်သည်။[၃၆]

အခြားသော ဥပဒေအရ စည်းနှောင်မှုရှိသည့် လူ့အခွင့်အရေး စာချုပ်များသည် မူကြမ်းပြင်ဆင်ဆဲ ဖြစ်သည်။ အထူးသဖြင့် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICCPR) ကို ၁၉၆၆ ခုနှစ် ဒီဇင်ဘာလတွင် ကုလသမဂ္ဂ အထွေထွေညီလာခံက တညီတညွတ်တည်း ချမှတ်ခဲ့ပါသည်။[၄၀] အလားတူအချိန်တွင်ပင် အလားတူပြဋ္ဌာန်းချက်များပါဝင်သည့် ဒေသဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များကိုလည်း မူကြမ်းပြင်ဆင်ခဲ့ကြသည်။ သဘောတူစာချုပ်မူကြမ်းသည် လုံးဝ မအောင်မြင်ဖြစ်ခဲ့ရသော်ငြား အဆိုပါ သဘောတူစာချုပ်များတွင် ပါဝင်သည့် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်နှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များ၏ ပါဝင်သည့် အကြောင်းအရာအပေါ် လွှမ်းမိုးခဲ့ပါသည်။[၄၁] Thorgeirsdóttir က အောက်ပါအတိုင်း အသိအမှတ်ပြုခဲ့ပါသည်-

> လူ့အခွင့်အရေးကြေညာစာတမ်း၊ ဥရောပ လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့် နောက်ဆုံးအနေဖြင့် ရည်ရွယ်ထားသည့် သတင်းအချက်အလက်လွတ်လပ်ခွင့်သဘောတူစာချုပ်တို့ကို မူကြမ်းရေးဆွဲသည့် အဆင့်များအတွင်း ဆွေးနွေးငြင်းခုံအငြင်းပွားမှုများ အများအပြားဖြစ်ခဲ့သည့် သတင်းအချက်လွတ်လပ်ခွင့် အသစ် ပေါ်ထွက်လာသည်။ ၎င်းနှင့်အတူ ထုတ်ဝေသူများ၏ အစဉ်အလာအရ အနှောင့်အယှက်များမှ ကင်းလွတ်ခွင့် (negative freedom) တွင် အမြင်ရှုထောင့်အသစ်ကို ထည့်သွင်းပေါင်းစပ်ပါသည်။ ကြိုတင်ကန့်သတ်ချက်များ မရှိဘဲ ထုတ်ဝေနိုင်ခွင့် အယူအဆသည် တည်ရှိပြီးဖြစ်ကာ ၎င်းအတွင်း သတင်းအချက်အလက် လွတ်လပ်ခွင့်ကို ပေါင်းစပ်ခြင်းသည် ဤလွတ်လပ်ခွင့်၏ အဆက်ဖြစ်ပါသည်။ ရည်ရွယ်ထားသည့် သတင်းအချက်အလက် လွတ်လပ်ခွင့်သဘောတူစာချုပ်ကို ပြင်ဆင်နေစဉ်တွင် ဖြစ်ပေါ်ခဲ့သည့် အကျိုးများသော ဆွေးနွေးချက်များမတိုင်မီ စာနယ်ဇင်းလွတ်လပ်ခွင့်ကို သိရှိခဲ့ပါသည်။ ပုံနှိပ်ထုတ်ဝေခြင်းအပေါ် ယခင် မည်သည့် ကန့်သတ်ချက်များ မထားရှိခြင်းနှင့် ကိုက်ညီကြောင်းကို Blackstone က ပြောဆိုသည်နှင့် ကိုက်ညီသည့် နည်းလမ်းအတိုင်း သိရှိခဲ့ပါသည်။[၄၂]

---

[၃၆] ibid., Article 19.

[၄၀] International Covenant on Civil and Political Rights (၁၉၆၆ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ချမှတ်ပြီး ၁၉၇၆ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် အသက်ဝင်သည်) 999 UNTS 171 (ICCPR).

[၄၁] Convention for the Protection of Human Rights and Fundamental Freedoms (European Convention on Human Rights အဖြစ် ပြင်ဆင်သည်) (ECHR) 213 UNTS 221; American Convention on Human Rights, 'Pact of San Jose, Costa Rica' (၁၉၆၉ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ချမှတ်ပြီး ၁၉၇၈ ခုနှစ် ဇူလိုင်လ ၁၈ ရက်နေ့တွင် အသက်ဝင်သည်) OAS Treaty Series No 36 (ACHR).

[၄၂] H. Thorgeirsdóttir, *Journalism Worthy of the Name: Freedom Within the Press and the Affirmative Side of Article 10 of the European Convention on Human Rights* (Martinus Nijhoff Publishers 2005) 83–84.

ဤမှတ်ချက်ပြုသည့်အခါ သဘောတူစာချုပ်မူကြမ်းကို မည်သည့်အခါမျှ လက်မှတ်ရေးထိုးခြင်း မရှိသော်ငြား အပိုဒ် (၁၉) ၏ စာသားတွင် စကားလုံး 'သတင်းအချက်အလက်' ကို ထည့်သွင်းခြင်းဖြင့် ယခင် ကန့်သတ်ချက်၏ လွှမ်းခြုံမှုကို ချဲ့ထွင်ရာတွင် အောင်မြင်မှုရရှိခဲ့ပါသည်။ သို့ဖြစ်သည့်အတွက် လွတ်လပ်စွာ ထုတ်ဖော်ခွင့်တွင် 'နှုတ်ပြော၊ အရေးအသား သို့မဟုတ် ပုံနှိပ်ထုတ်ဝေသည့် ပုံစံ၊ အနုပညာပုံစံ သို့မဟုတ် ရွေးချယ်ထားသည့် အခြားသော မည်သည့်မီဒီယာမှတဆင့် သတင်းအချက်အလက်နှင့် အယူအဆအမျိုးအစား အားလုံးကို နယ်စည်းမခြားဘဲ လွတ်လွတ်လပ်လပ် ရှာဖွေ၊ လက်ခံ၍ ပေးနိုင်မှုပါဝင်သည်'။[၄၄] ထို့ကြောင့် ကြိုတင် ဆင်ဆာဖြတ်ခြင်း သို့မဟုတ် ကန့်သတ်ချက်ကို တားမြစ်ရန် တာဝန်များနှင့် ဝတ္တရာများကို သတ်မှတ်နိုင်သည့် မူဘောင်ကို မူကြမ်းက စီစဉ်ထားရှိပါသည်။ အထက်ဖော်ပြပါ စာချုပ်များရှိ လွတ်လပ်စွာ ထုတ်ဖော်ခွင့် အပိုဒ်များတွင် အကျုံးဝင်သည့် လွှမ်းခြုံအခွင့်အရေး၏ အစိတ်အပိုင်းအဖြစ် ထားရှိပါသည်။[၄၅] ဤစာအုပ်ပါ ဆက်တိုက်အခန်းများသည် လူ့အခွင့်အရေးခုံရုံးများ၏ ကြိုတင်ကန့်သတ်ချက်အပေါ် လက်ရှိ အနက်ပြန်ဆိုချက်များကို ကိုင်တွယ်ဆွေးနွေးသွားပေလိမ့်မည်။ ထို့နည်းတူ အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲခွင့် အပါအဝင် နောင်ကာလ ကိစ္စရပ်များတွင် ဤအခြေခံမူကို မည်သို့ အနက်ပြန်ဆိုမည်ကိုလည်း ဆန်းစစ်ခြင်းကို ကိုင်တွယ်ထားပါသည်။

၁၉၅၀ နှင့် ၁၉၆၀ ပြည့်လွန်နှစ်များတွင် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား သတင်းအချက်အလက် စီးဆင်းမှု အတူအမျှရှိစေရန် ကုလသမဂ္ဂသည် ဆက်လက် အလေးပေးခဲ့ပါသည်။[၄၆] ဥပမာအားဖြင့် ၁၉၅၂ ခုနှစ် ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက်သည် အောက်ပါအတိုင်း ထည့်သွင်း စဉ်းစားခဲ့ပါသည်-

> ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပြည်သူ့ရေးရာ အမြင်သဘောထား ဆီလျော်စွာ ဖွံ့ဖြိုးတိုးတက်ရန် မရှိမဖြစ်လိုအပ်သည်။ လွတ်လပ်သည့် ပြည်တွင်း သတင်းအချက်အလက်ဆိုင်ရာ အဖွဲ့အစည်းများကို အထောက်အပံ့ ပစ္စည်းများနှင့် အထောက်အပံ့များ ပေးရမည်။ သတင်းအချက်အလက် ပျံ့နှံမှု၊ အမျိုးသား ယဉ်ကျေးမှု ဓလေ့ထုံးတမ်း ဖွံ့ဖြိုးမှုနှင့် အပြည်ပြည်ဆိုင်ရာ နားလည်သဘောပေါက်မှုတို့ကို အထောက်အကူပြုနိုင်ရန် အတွက် ဖြစ်သည်။

ထို့အပြင် 'ဤအချက်အရ ခိုင်မာသော လုပ်ငန်းဆိုင်ရာ အစီအမံနှင့် အစီအစဉ်များကို အသေးစိတ် စီစဉ်ရန် အတွက် အချိန်ကျပြီ ဖြစ်ကြောင်း' ကိုလည်း အလေးပေး ပြောဆိုထားသည်။[၄၇] 'ကမ္ဘာ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် လုံလောက်သည့် သတင်းအချက်အလက်ဆိုင်ရာ အထောက်အကူပြုပစ္စည်းများ မရရှိကြသည့်အတွက် ထိရောက်သည့် သတင်းအချက်အလက် ရပိုင်ခွင့်ကို ငြင်းပယ်ခြင်းခံနေရကြောင်း' အသိအမှတ်ပြုလျက်

---

[၄၄] UDHR ၏ အပိုဒ် ၁၉၊ ECHR နှင့် ACHR တို့တွင် ဤစာသား၏ စကားလုံး အသုံးအနှုန်း ကွဲပြားမှုများရှိသည်။ နောက်ပိုင်း အခန်းများတွင် ဤအကြောင်းကို အသေးစိတ် ဆွေးနွေးသွားပါမည်။

[၄၅] Thorgeirsdóttir (n. 42) 84.

[၄၆] Leo Gross, 'Some International Law Aspects of the Freedom of Information and the Right to Communicate' in Kaarle Nordenstreng and Herbert Schiller (eds), *National Sovereignty and International Communication* (Ablex Publishing Company 1979) 201–205.

[၄၇] Nordenstreng, 'Defining the New International Information Order' (n. 37) 32.

ဤအလေးပေးရမည့် အချက်များကို အစောကတည်းကပင် အထွေထွေညီလာခံကလည်း အသိအမှတ်ပြုလက်ခံထားသည်။[၄၇]

ဖွံ့ဖြိုးမှုနည်းပါးသည့်နိုင်ငံများတွင် သတင်းအချက်အလက်မီဒီယာများ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ချက်ကို ECOSOC ကလည်း အသားပေးထားသည်။[၄၈] ၁၉၆၁ ခုနှစ်တွင် ဖွံ့ဖြိုးမှုနည်းပါးသည့်နိုင်ငံများတွင် သတင်းအချက်အလက် နောက်ထပ် ဖွံ့ဖြိုးတိုးတက်ရေး UNESCO ၏ အလုပ်ကို ECOSOC ၏ ဆုံးဖြတ်ချက်က ချီးမွမ်းထားသည်။ ထို့နည်းတူ ပညာရေး၊ စီးပွားရေးနှင့် လူမှုရေးတိုးတက်မှုကို ရရှိရန် သတင်းအချက်အလက် မီဒီယာ၏ အရေးပါမှုအပေါ် အဖွဲ့၏ အလေးထားမှုကိုလည်း ချီးမွမ်းထားပါသည်။[၄၉] ဖွံ့ဖြိုးမှုနည်းပါးသည့် နိုင်ငံများတွင် ပြည်တွင်း သတင်းအချက်အလက် မီဒီယာ ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရာတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် လုပ်ဆောင်ချက်အတွက် ဖြစ်နိုင်ခြေများကိုလည်း အဖွဲ့ဝင်နိုင်ငံများအတွက် ဤ ၁၉၆၁ ခုနှစ် ဆုံးဖြတ်ချက်က စီစဉ်ထားရှိသည်။ ဤလုပ်ဆောင်ချက်အချို့တွင် အောက်ပါတို့ ပါဝင်သည်-

> (က) စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း၏ အစိတ်အပိုင်းအဖြစ် ပြည်တွင်း သတင်းအချက်အလက် မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအမံများ၊ (ခ) သတင်းအချက်မီဒီယာ ဖွံ့ဖြိုးရေးအတွက် အစီအမံများကို ရေးဆွဲအကောင်အထည်ဖော်ရာတွင် အကူအညီပေးရန် ပြည်တွင်းကော်မတီများကို ဖွဲ့စည်းတည်ထောင်ခြင်း၊ (ဃ) သတင်းအချက်အလက်မီဒီယာအသုံးပြုရာတွင် ပညာရှင်နှင့် နည်းပညာရှင်များ၊ သုတေသနများအတွက် ပြည်တွင်း သင်တန်းပေးခြင်းအစီအမံကို တည်ဆောက်ခြင်း၊ (င) ဆက်သွယ်ရေးနှင့် ပို့ဆောင်ရေးဝန်ဆောင်မှုများ စီမံကိန်းတွင် သတင်းအချက်အလက် မီဒီယာအတွက် လက်ရှိနှင့် အနာဂတ်ကာလ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားခြင်း။[၅၀]

ဤကဲ့သို့ အစောပိုင်းကာလ ကုလသမဂ္ဂ၏ အားထုတ်မှုများသည် သတင်းအချက်အလက်လွတ်လပ်ခွင့်နှင့် သတင်းအချက်အလက်မီဒီယာလက်လှမ်းမီ ရရှိရေး စီစဉ်ပေးရန် ဒီဇိုင်းပြုစုထားသည့် လူမှုရေးနှင့် နည်းပညာပိုင်း ဖွံ့ဖြိုးရေးအစီအစဉ်များအကြား ချိတ်ဆက်မှုကို ပို၍ ရှင်းလင်းစေသည်။ သို့ရာတွင် နိုင်ငံများအကြား သတင်းအချက်အလက် 'လွတ်လပ်စွာ စီးဆင်းမှု' ၏ အနက်အဓိပ္ပာယ်သစ်ကို ဖော်ပြရန် နိုင်ငံများ အုပ်စုအသစ် ထွက်ပေါ်လာသည့်အခါ ဤကြေညာချက်သည် ပို၍ အားကောင်းခိုင်မာလာသည်။

---

[၄၇] UNGA 'International Co-operation to Assist in the Development of Information Media in Less Developed Countries' (7 December 1962) Res 1778 (XVII).

[၄၈] UN ECOSOC 'Freedom of Information' (28 April 1961) 819, para. 4, http://daccessddsny.un.org/doc/UNDOC/GEN/NR0/758/66/IMG/NR075866.pdf?OpenElement

[၄၉] ibid., para. 1.

[၅၀] ibid.

၂-၁-၁။ ပညာရှင်များနှင့် NWICO ကို ဆက်သွယ်ခြင်း

၁၉၆၀ ပြည့်လွန် အလယ်ကာလတွင် တိုးတက်လာသည့် ပညာရပ်ပိုင်းဆိုင်ရာ အဖွဲ့အစည်းသည် သတင်းအချက်အလက်များနှင့် အသိပညာကို လက်လှမ်းမီ ရရှိသုံးစွဲနိုင်သည့် အခြေခံအဆောက်အဦနှင့် စွမ်းဆောင်ရည်တို့၏ အရေးပါမှုကို လေ့လာရန် စတင်လာကြသည်။[၁၁] နောင်အခါတွင် ဤချိတ်ဆက်မှုများသည် 'သတင်းအချက်အလက်လွတ်လပ်စွာ စီးဆင်းမှု' ဆိုင်ရာ ဆွေးနွေးချက်များနှင့် သာမက သတင်းအချက်အလက် *လွတ်လွတ်လပ်လပ်* စီးဆင်းမှုထက် *မညီမမျှ* စီးဆင်းမှု၏ လူမှုနိုင်ငံရေးနှင့် လူမှုစီးပွားဆိုင်ရာ ကျယ်ပြန့်သော အကျိုးဆက်များနှင့်ပါ ချိတ်ဆက်လာကြသည်။[၁၂] ရည်ညွှန်းကိုးကားမှုအများဆုံး ပညာရှင်များအနက် တဦးဖြစ်သူ Harold Innis က အသိပညာ သို့မဟုတ် သတင်းအချက်အလက်ကို လက်လှမ်းမီ ရရှိသုံးစွဲမှုကို လေ့လာဆန်းစစ်သည့်အခါ မီဒီယာ၏ အရေးပါမှုကို အလေးထားခဲ့သည်။[၁၃] 'အချိန်နှင့် နေရာမရွေး အသိပညာများကို ဖြန့်ဖြူးခြင်းအပေါ် သတင်းအချက်အလက်မီဒီယာတခုသည် အရေးပါသည့် လွှမ်းမိုးမှု ရှိကြောင်း၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းတွင် ၎င်းမီဒီယာ၏ လွှမ်းမိုးမှုကို နှိုင်းချိန်သုံးသပ်ရန်အလို့ငှာ ၎င်းမီဒီယာ၏ ဝိသေသ လက္ခဏာရပ်များကို လေ့လာရန် လိုအပ်လာကြောင်း' Harold Innis က အဆိုပြုခဲ့ပါသည်။[၁၄] ဤနေရာတွင် Innis သည် အရေးပါသည့် အခန်းကဏ္ဍကို ချိတ်ဆက်ထားပါသည်။ သတင်းအချက်အလက်များကို ရရှိသုံးစွဲရန်သာမက အသိပညာကို ဆည်းပူးရန် အတွက်ပါ လူတဦးချင်း သို့မဟုတ် လူ့အဖွဲ့အစည်း၏ စွမ်းဆောင်ရည်နှင့် ကျင့်သုံးပုံများကို မီဒီယာ သို့မဟုတ် အခြေခံ အဆောက်အဦ၏ လက္ခဏာရပ်များအနေဖြင့် ဆောင်ရွက်ရမည့် အခန်းကဏ္ဍ ဖြစ်ပါသည်။[၁၅] Innis ၏ အလုပ်ကို အီလက်ထရွန်းနစ်မီဒီယာနှင့် ပို၍တိုက်ရိုက် ချိတ်ဆက်ကာ ချဲ့ထွင်ခြင်းဖြင့် ပါဝင်သည့် အကြောင်းအရာနှင့် အခြေခံ အဆောက်အဦအကြောင်း တစုံလုံး စဉ်းစားခြင်း၏ အရေးပါပုံကို McLuhan က အချေအတင် ဆွေးနွေးသည်။[၁၆] မီဒီယာသည် အမှာစကားပါးခြင်း ဖြစ်ကြောင်း ဆွေးနွေးလျက် သူက အသားပေးပြောဆိုသည်မှာ-

> အီလက်ထရွန်းနစ်အမြန်နှုန်းနှင့် total field မတိုင်မီတွင် မီဒီယာသည် အမှာစကားပါးခြင်းအကြောင်း သိသာထင်ရှားမှု မရှိပေ။ အမှာစကားသည် 'ပါဝင်သည့်အကြောင်းအရာ' ဟု ထင်မြင်ယူဆရသည်။ ပန်းချီကားသည် *မည်သည့်အရာ*ကို ရေးဆွဲထားကြောင်း လူများက မေးမြန်းခြင်းကဲ့သို့ပင် ဖြစ်သည်။ သီချင်းသံစဉ်သည် မည်သည့်အရာကို ရေးဖွဲ့ထားကြောင်း သို့မဟုတ် အိမ် သို့မဟုတ် ဝတ်စုံတစုံသည် မည်သည့်အရာဖြစ်သည်ကို မေးမြန်းရန် ဘယ်သောအခါမျှ မတွေးတောခဲ့ကြပေ။ အဆိုပါအကြောင်းအရာ

---

[၁၁] Mansell (n. 5) 170.

[၁၂] Hamelink and Hoffmann (n. 6) 3; Mac Síthigh (n. 4) 178–179.

[၁၃] Harold Innis, *Bias of Communication* (University of Toronto Press 1951) 1–5.

[၁၄] ibid., 1–5.

[၁၅] Mac Síthigh (n. 4) 176–177.

[၁၆] Mansell (n. 5) 167.

များတွင် အဆင်ဒီဇိုင်းတခုလုံး၊ ပုံစံတခုလုံးနှင့် လုပ်ဆောင်ချက်တခုလုံးကို ယူနစ်တခုအဖြစ် လူများက နားလည်မှုအချို့ ရှိကြသည်။[၁၇]

၁၉၆၉ ခုနှစ်တွင် ကုလသမဂ္ဂ ရေဒီယိုနှင့် ရုပ်မြင်ဆိုင်ရာ ဝန်ဆောင်မှုဌာန၏ ညွှန်ကြားရေးမှူးဖြစ်သူ Jean d'Arcy သည် 'တိုက်ရိုက်ထုတ်လွှင့်သည့် ဂြိုဟ်တုများနှင့် ဆက်သွယ်ရေးဆိုင်ရာ အခွင့်အရေး' ဆောင်းပါးကို ရေးသားခဲ့သူဖြစ်သည်။ သို့ဖြစ်၍ သူသည် ဆက်သွယ်ရေးဆိုင်ရာ အခွင့်အရေးအသစ်အတွက် အသိမြှင့်တင်ပေးသည့် ပထမဆုံးသူများအနက် တဦးဖြစ်သည်။[၁၈] ဤဆောင်းပါးတွင် လုပ်ငန်းစဉ်ထက် ပါဝင်သည့် အကြောင်းအရာကိုသာလျှင် ကန့်သတ်အလေးထားနေသည့် အချက်အလက်ဆက်သွယ်ရေးလုပ်ငန်းစဉ်များကို ကိုင်တွယ်ဖြေရှင်းရန် ရည်ရွယ်ထားသည့် တည်ဆဲ စံပြမူဘောင်များကို သူက ဝေဖန်ဆန်းစစ်ထားသည်။[၁၉] လုပ်ငန်းစဉ်နှင့် ပါဝင်သည့်အကြောင်းအရာနှစ်ခုစလုံးအပေါ် D'Arcy ၏ အလေးထားချက်သည် တိုက်ရိုက် ထုတ်လွှင့်သည့် ဂြိုဟ်တု အပါအဝင် နည်းပညာအသစ် ဖွံ့ဖြိုးတိုးတက်မှုများမှ ပေါက်ဖွားလာသည်။ သူ ဆွေးနွေးသည့် ၎င်းနည်းပညာအသစ်များသည် အပြန်အလှန်သက်ရောက်မှုရှိပြီး ပူးပေါင်းပါဝင်သည့် ဆက်သွယ်ရေးအတွက် အခွင့်အလမ်းအသစ်များကို စီစဉ်ပေးပါသည်။[၆၀] လူ့အဖွဲ့အစည်းက အပြန်အလှန် တုံ့ပြန် ဆက်သွယ်နိုင်သည့် ဤနည်းပညာသစ်နှင့် နည်းလမ်းသစ်များ၏ အကျိုးကျေးဇူးများသည် လူတိုင်း၏ အခွင့်အရေးကို အသိအမှတ်ပြုမှု လိုအပ်ကြောင်း သူက အခိုင်အမာ ပြောဆိုသည်။ ၎င်းအခွင့်အရေးမှာ လူတိုင်းသည် သတင်းအချက်အလက် ဆက်သွယ်ရေး၊ ဒီဇိုင်းမူဝါဒနှင့် ဥပဒေများတွင် သင့်လျော်သလို ပါဝင်ခွင့် ဖြစ်သည်။[၆၁] ရုပ်သံ-အမြင်ဆိုင်ရာ မီဒီယာသည် လူ့အဖွဲ့အစည်းအတွင်း လွှမ်းမိုးနေသည့် ဖော်ထုတ်တင်ပြပြောဆိုသည့် ပုံစံ ဖြစ်လာနေချိန် Innis ၊ McLuhan နှင့် d'Arcy တို့၏ လေ့လာချက်များကို ပုံနှိပ်ထုတ်ဝေသည့်အခါ အကြောင်းအရာများကို လက်ခံရရှိ၍ သတင်းပေးသည့် အခြေခံအဆောက်အဦတို့မှ ပါဝင်သည့် အကြောင်းအရာကို သီးသန့်ထားရှိသည့် အခက်အခဲ အကြောင်းကိုလည်း ၎င်းတို့က မိတ်ဆက်တင်ပြပါသည်။ ၎င်းအချက်သည် အင်တာနက် လက်လှမ်းမီ ရရှိသုံးစွဲရေး ဆွေးနွေးချက်များနှင့် ယခုတိုင် ဆီလျော်နေသည့်အတွက် ဤစာအုပ်အနှံ့တွင်လည်း ဆွေးနွေးသွားမည် ဖြစ်ပါသည်။[၆၂] ခေတ်ပြိုင် ရှင်းလင်းချက်တွင် အခြားသူများအနက် Hamelink ၊ Mansell နှင့် Mac Síthigh တို့ အပါအဝင် ဆက်သွယ်ရေးပညာရှင်များသည် အခြေခံကျသည့် အယူအဆများကို သီးခြားအရည်အသွေးအဖြစ် စဉ်းစားဆွေးနွေးပါသည်။ ၎င်းဆွေးနွေးချက်မှ Innis ၊ McLuhan နှင့် d'Arcy တို့အတွက် ဆက်သွယ်ရေးဆိုင်ရာ အခွင့်အရေးဆွေးနွေးချက် ပေါ်ထွက်လာခဲ့ပါသည်။[၆၃]

---

[၁၇] Marshall McLuhan, *Understanding Media: The Extensions of Man* (MIT Press 1994) 41.

[၁၈] Jean d'Arcy, 'Direct Broadcast Satellites and the Right to Communicate' (1969) 118 *EBU Review* 14.

[၁၉] ibid.; Hamelink and Hoffmann (n. 6) 2.

[၆၀] d'Arcy (n. 58); Hamelink and Hoffmann (n. 6) 2–3.

[၆၁] d'Arcy (n. 58); Hamelink and Hoffmann (n. 6) 1–2.

[၆၂] Mac Síthigh (n. 4) 177–178.

[၆၃] Mac Síthigh (n. 4) 178–180; Hamelink and Hoffmann (n. 6); Mansell (n. 5) 167.

ဘက်မလိုက်လှုပ်ရှားမှုများ (Non-Aligned Movements - NAM) သည် ဆွေးနွေးမှုအတွင်း ပို၍ အားကောင်းလာသည့်အခါတွင် Innis ၊ McLuhan နှင့် d'Arcy တို့၏ ပညာရပ်ဆိုင်ရာ လေ့လာချက်များသည် သတင်းအချက်အလက် စီးဆင်းမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ နိုင်ငံရေးဆွေးနွေးချက်အတွက် ပို၍ ကိုက်ညီလာပါသည်။ ဘက်မလိုက်လှုပ်ရှားမှုများသည် အာဖရိက၊ အာရှနှင့် အမေရိကဒေသတို့ရှိ ပူပူနွေးနွေး လွတ်လပ်ခါစ နိုင်ငံများပါဝင်သည့် အဖွဲ့ဖြစ်သည်။ ၎င်းတို့ကိုယ်ပိုင် အာဏာအနည်းအကျဉ်းသာ ရှိသော်ငြား မဟာမိတ်တခုအဖြစ် ပေါင်းစပ်ခဲ့ကြသည်။[၆၄] အဓိက အကြောင်းရင်း ၂ ရပ်ကြောင့် ဤနိုင်ငံအများစုသည် အပြည်ပြည်ဆိုင်ရာ ဆွေးနွေးပွဲများမှ ယခင်ကာလများတွင် ဖယ်ထုတ်ခံထားရသည်။[၆၅] ပထမအချက်အနေဖြင့် ၁၉၄၀ နှင့် ၁၉၆၀ ကျော် နှစ်များတွင် ဤဆွေးနွေးပွဲများသည် ကမ္ဘာ့အင်အားကြီး နှစ်နိုင်ငံအကြားရှိ ပြင်းထန်သည့် အာဏာလွန်ဆွဲပွဲကို ထင်ဟပ်နေခြင်းကြောင့်ဖြစ်သည်။[၆၆] အကျိုးဆက်အားဖြင့် ဆွေးနွေးပွဲ၏ တဖက်ဖက်တွင် ပါဝင်ရန်အတွက် အသစ်ပေါ်ထွက်လာသည့် လွတ်လပ်စ နိုင်ငံများ၏ လွှမ်းမိုးမှုနှင့် လိုအပ်ချက်သည် နည်းပါးခဲ့ပါသည်။ ဒုတိယ အချက်မှာ ဤလွတ်လပ်ခါစ နိုင်ငံများတွင် ၎င်းတို့၏ ပြည်တွင်း အရေးတကြီး လိုအပ်ချက်များ ရှိကြသည်။ ၎င်းတို့မှာ နိုင်ငံရေး တသားတည်းဖြစ်အောင်ပြုလုပ်ခြင်းနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုတို့အပေါ် အလေးထားခြင်း ဖြစ်သည်။[၆၇] ပညာရပ်ဆိုင်ရာ ရေးသားချက်နှင့် နိုင်ငံတကာ အခင်းအကျင်းတွင် ဘက်မလိုက်လှုပ်ရှားမှု၏ တိုးမြှင့် ပါဝင်လာမှုနှစ်မျိုးစလုံးသည် ခေတ်သစ်ကမ္ဘာ့သတင်း အချက်အလက်နှင့် ဆက်သွယ်ရေးအစီအစဉ် (NWICO) အတွက် တောင်းဆိုရာတွင် အဓိက အစိတ်အပိုင်းများ ဖြစ်လာပါသည်။

၂-၂။ အဆင့် (၂) - ခေတ်သစ်ကမ္ဘာ့သတင်း အချက်အလက်နှင့် ဆက်သွယ်ရေး အစီအစဉ်နှင့် MacBride အစီရင်ခံစာ

၁၉၇၃ ခုနှစ်တွင် သတင်းအချက်အလက် ပို၍ အညီအမျှနှင့် ဟန်ချက်ညီညီ စီးဆင်းမှုကို ဖန်တီးရန်အလို့ငှာ ဘက်မလိုက်လှုပ်ရှားမှုဟု အမည်ရသည့် ကိုလိုနီလက်အောက်မှ အသစ်ပေါ်ထွက်လာသည့် နိုင်ငံများ အုပ်စုသည် ခေတ်သစ်ကမ္ဘာ့သတင်း အချက်အလက်နှင့် ဆက်သွယ်ရေးအစီအစဉ်ကို တောင်းဆိုပါသည်။[၆၈] စစ်အေးကာလ အခြေအနေအတွင်းတိုင်အောင် NWICO 'ဆွေးနွေးပွဲ' သို့မဟုတ် 'လုပ်ငန်းစဉ်' အဖြစ် သိရှိလာသည့် အကြောင်းအရာသည် ပြင်းပြင်းထန်ထန် ကန့်သတ်ခံထိပါသည်။ ကျယ်ပြန့်သည့် နိုင်ငံရေးပွတ်တိုက်မှုများ၏

---

[၆၄] K. Nordenstreng, 'MacBride Report as a Culmination of NWICO' (2010) *Les Enjeux de l'information et la communication* 3–4; see generally, Peter Willets, *The Non-Aligned Movement: The Origins of a Third World Alliance* (F. Pinter 1978).

[၆၅] ibid. Nordenstreng; see generally, Robert Mortimer, *The Third World Coalition in International Politics* (Praeger 1980).

[၆၆] Nordenstreng, 'MacBride Report as a Culmination of NWICO' (n. 64) 3–4.

[၆၇] ibid. Nordenstreng; see generally, George Gerbner, Hamid Mowlana, Kaarle Nordenstreng (eds), *The Global Media Debate: Its Rise, Fall and Renewal* (Ablex 1993).

[၆၈] Kaarle Nordenstreng, 'The History of NWICO and its Lessons' in Divina Frau-Meigs and others (n. 7) 31.

လောင်းရိပ်လွှမ်းမိုးခံမထိဘဲ သတင်းအချက်အလက်ရရှိသုံးစွဲခွင့်ကို နိုင်ငံများ၊ အုပ်စုများနှင့် တဦးချင်းစီအကြား မညီမမျှဖြစ်နေခြင်းကို ဆွေးနွေးနိုင်ခွင့် ကန့်သတ်ခံရခြင်း ဖြစ်သည်။[၆၉] အားလုံးပိုမို ပါဝင်သည့် သတင်းအချက်အလက် ဖြန့်ဖြူးမှု သေချာရေးသာမက လိုအပ်သည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကို လက်လှမ်းမီ ရရှိစေရန်အတွက် မဟာဗျူဟာတရပ်အပေါ် အားလုံးသဘောတူညီချက် ရရှိရန် NWICO က မစွမ်းဆောင်နိုင်အောင် ဤအချက်များက ပြုလုပ်ခဲ့ပါသည်။[၇၀]

NWICO အတွက် လိုအပ်ချက်ကို ဆက်လက်မြှင့်တင်ခြင်းဖြင့် NAM သည် အပြည်ပြည်ဆိုင်ရာ ကော်မရှင်တရပ် ပေါ်ထွက်လာအောင် ပြုလုပ်နိုင်ခဲ့ပါသည်။ ၎င်းကော်မရှင်တွင် အပိုင်း ၂ ပိုင်း ရှိသည်။ ပထမအပိုင်းမှာ ခေတ်ပြိုင် လူ့အဖွဲ့အစည်းတွင် ဆက်သွယ်ရန်အတွက် လိုအပ်သည့် ဆက်သွယ်ရေးနည်းပညာနှင့် သတင်းအချက်အလက် လက်လှမ်းမီ ရရှိသုံးစွဲရေးနှင့် စပ်လျဉ်းသည့် မညီမျှချက်များကို လေ့လာဆန်းစစ်ရန် ဖြစ်သည်။ ဒုတိယအပိုင်းမှာ ဤပြဿနာရပ်များကို ဖြေရှင်းရန် နိုင်ငံတကာအသိုက်အဝန်းအတွက် လိုအပ်သည့် ဖြေရှင်းနည်းများကို အကဲဖြတ် ဆန်းစစ်ရန် ဖြစ်သည်။[၇၁] သတင်းအချက်အလက်စီးဆင်းမှုများ၊ ဖြန့်ဝေရာတွင် မညီမျှမှု၊ သတင်းအချက်အလက် မီဒီယာနှင့် သတင်းအချက်အလက် လွတ်လပ်ခွင့်ကို ပို၍ ကျယ်ကျယ်ပြန့်ပြန့် လက်လှမ်းမီရရှိမှုတို့နှင့် ဆက်နွယ်သည့် မေးခွန်းများကို ECOSOC အတွင်း အစောပိုင်း ထည့်သွင်းစဉ်းစားချက်များ၊ ၁၉၄၈ ခုနှစ် သတင်းအချက်အလက်လွတ်လပ်ခွင့်ဆိုင်ရာ ကုလသမဂ္ဂ ညီလာခံ၊ ၁၉၄၇ ခုနှစ် ကုလသမဂ္ဂ အထွေထွေ ညီလာခံ၏ ဒုတိယပိုင်းတွင် မိတ်ဆက်ခဲ့သည့် အကြောင်းအရာများနှင့် ယခင် ဆွေးနွေးပွဲများကို NWICO ဆွေးနွေးပွဲက ပို၍ သက်ဝင်လှုပ်ရှားစေခဲ့ပါသည်။[၇၂] တည်ဆဲ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေမူဘောင် အထူးသဖြင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်စံနှုန်းများကို ဆွေးနွေးပွဲက စိန်ခေါ်ခဲ့သည်။ ဆက်သွယ်ရေးအခြေခံ အဆောက်အဦကို လက်လှမ်းမီ ရရှိရာတွင် မညီမမျှဖြစ်နေခြင်းကို ဖြေရှင်းရန် ဤမူဘောင်စံနှုန်းများသည် မလုံလောက်

---

[၆၉] Pippa Norris, 'The Restless Searchlight: Network News Framing of the Post-Cold War World' (1995) 12 *Political Communication* 367. See generally, Hamid Mowlana, *International Flow of Information: A Global Report and Analysis* (UNESCO 1985); Annabelle Sreberny-Mohammadi and others (eds), *Foreign News in the Media: International Reporting in Twenty-Nine Countries* (UNESCO 1985); Robert L. Stevenson and Donald Lewis Shaw (eds), *Foreign News and the New World Information Order* (Iowa State University Press 1984); K. Kyloon Hur, 'A Critical Analysis of International News Flow Research' (1984) 1 *Critical Studies in Mass Communication* 365.

[၇၀] Ulla Carlsson, 'From NWICO to Global Governance of the Information Society' in Oscar Hemer and Thomas Tufte (eds), *Media and Glocal Change: Rethinking Communication for Development* (CLACSO 2005) 194; Divina Frau-Meigs and others (n. 7) 81.

[၇၁] M. Masmoudi, 'Correlations between NWICO and Information Society: Reflections of a NWICO actor' in D. Frau-Meigs and others (n. 7) 17.

[၇၂] William Fitzmaurice, 'The New World Information and Communication Order: Is the International Programme for the Development of Communication the Answer?' (1982) 15 *NYU Journal of International Law and Politics* 960–61 and 968.

ကြောင်း စောဒကတက်ခဲ့ပါသည်။[၇၄] NWICO ၏ ကနဦးအဆင့်များ၏ သမိုင်းဆိုင်ရာ နောက်ခံဖြစ်ရပ်သည် နိုင်ငံတကာအသိုက်အဝန်း၏ စွမ်းဆောင်ရည်ကို ကျဉ်းမြောင်းစေခဲ့သည်။ ၎င်းစွမ်းဆောင်ရည်မှာ သတင်းအချက်အလက် မီဒီယာ လက်လှမ်းမီ ရရှိမှုနှင့် သတင်းအချက်အလက် စီးဆင်းမှု မညီမမျှဖြစ်ခြင်းအပေါ် အားလုံးသဘောတူညီချက် ရရှိနိုင်စွမ်းဖြစ်သည်။[၇၅] ဤမအောင်မမြင်ဖြစ်ရခြင်းမှတပါး ဆက်တိုက်ဖြစ်ပေါ်သည့် သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက် ဆွေးနွေးပွဲများနှင့် ဆက်စပ်သည့် အဓိကကျသော အောင်မြင်မှုများစွာကို NWICO နှင့် MacBride ကော်မရှင်တို့က ရရှိခဲ့သည်။

Nordenstreng မှ ဖော်ပြသကဲ့သို့ပင် နိုင်ငံတကာ သတင်းအချက်အလက် စီးဆင်းမှုနှင့် အတူ NAM ၏ ကျယ်ပြန့်သော နိုင်ငံရေးမဟာဗျူဟာ၊ အသိဉာဏ်ပိုင်း ယူဆချက်များနှင့် ကျယ်ကျယ်ပြန့်ပြန့် ချိတ်ဆက်ထားသည့် ယူဆချက်များစွာ ပေါ်ထွက်လာမှုအပေါ် NWICO ၏ အဦးအစသည် အခြေခံထားပါသည်။[၇၆] အင်တာနက် စီမံအုပ်ချုပ်မှုပညာရှင်များဖြစ်သည့် Milton Mueller ၊ Brenden Kuerbis နှင့် Christiane Pagé တို့သည် NWICO အကြောင်း ဆွေးနွေးချက်ထွက်ပေါ်လာမှုနှင့် NAM ၏ ပို၍ ကြီးမားလာသည့် နိုင်ငံတကာ လုပ်ငန်းစဉ်တို့အကြား ချိတ်ဆက်မှုကို ရှင်းပြထားသည်။ 'စစ်အေးခေတ်တွင် ဆိုဗီယက်ပြည်ထောင်စု သို့မဟုတ် အမေရိကန်ပြည်ထောင်စုဘက် ရပ်တည်ရန် ငြင်းဆန်ခြင်းဖြင့် ဤနိုင်ငံများသည် အပြည်ပြည်ဆိုင်ရာ စီးပွားရေး အစီအစဉ်အသစ်ကို ရှာဖွေကြောင်း၊ ထို့နောက် ဤလိုလားချက်များ၏ အဆက်အဖြစ် ခေတ်သစ်ကမ္ဘာ့သတင်း အချက်အလက်နှင့် ဆက်သွယ်ရေးအစီအစဉ်ကို ရှာဖွေကြောင်း' ဖော်ပြထားသည်။[၇၆] 'NWICO' ဟူသော အသုံးအနှုန်း၏ အရင်းခံသည် စစ်အေးခေတ်၏ ပထဝီနိုင်ငံရေးပွတ်တိုက်မှုများကို ကောင်းစွာ ထင်ဟပ်နေပါသည်။ ၎င်းပွတ်တိုက်မှုများသည် NWICO အကြောင်း ဆွေးနွေးချက် အဦးအစနှင့် ၂၀ ရာစုအဆုံးတို့အတွက် နောက်ခံအကြောင်းခြင်းရာ ဖြစ်ကြပါသည်။[၇၇]

၂-၂-၁။ UNESCO ၏ လူထုဆက်သွယ်ရေးကြေညာစာတမ်း

လူထုဆက်သွယ်ရေးကြေညာစာတမ်း၏ ပထမဆုံးမူကြမ်းကို UNESCO အထွေထွေညီလာခံသို့ ၁၉၇၄ ခုနှစ်တွင် တင်သွင်းခဲ့ပြီး နောက်ဆုံးမူကြမ်းကို ၁၉၇၆ ခုနှစ် နိုင်ရိုဘီမြို့တွင် ကျင်းပသည့် UNESCO ၏ ၁၈ ကြိမ်မြောက် အထွေထွေညီလာခံ၌ တင်သွင်းခဲ့ပါသည်။ သို့ရာတွင် UNESCO ၏ ၁၉၇၈ ခုနှစ် အထွေထွေ

---

[၇၄] Claudia Padovani and Kaarle Nordenstreng, 'From NWICO to WSIS: Another World Information and Communication Order?' (2005) 1 *Global Media and Communication* 264.

[၇၅] Gerbner and others (n. 67) 1–3.

[၇၆] Nordenstreng, 'MacBride Report as a Culmination of NWICO' (n. 64) 3–4.

[၇၆] M.L. Mueller, B.N. Kuerbis, and C. Pagé, 'Democratizing Global Communication? Global Civil Society and the Campaign for Communication Rights in the Information Society' (2007) 1 *International Journal of Communication* 272.

[၇၇] NWICO အမည်သည် မည်ကဲ့သို့ ဖွံ့ဖြိုးလာသည့်အကြောင်း သုံးသပ်ရန်အတွက် Gerbner and others (n. 67) Part 1, pp. 1–35 ကို ကြည့်ပါ။

ညီလာခံတိုင်အောင် ကြေညာစာတမ်း ချမှတ်နိုင်ရန် လိုအပ်သည့် သဘောတူညီချက်ကို မတွေ့ရှိရပေ။ ၁၉၇၆ ခုနှစ် မူကြမ်းသည် နိုင်ငံရေးသဘောဆန်လွန်းကြောင်း အနောက်နိုင်ငံသတင်းအဖွဲ့အစည်းများက အလွန်ပင် ဝေဖန်ကြသည်။[၇၈] ၎င်းကြေညာစာတမ်း၏ ပြဋ္ဌာန်းချက်များနှင့် ကိုးကားချက်များသည် အလွန်အမင်း ကန့်ကွက်စရာများ ဖြစ်နေကြောင်း အနောက်အုပ်စုက တွေ့မြင်ကြသည်။[၇၉] ၁၉၇၆ ခုနှစ် မူကြမ်းသည် နိုင်ငံ၏ အချုပ်အခြာအာဏာ ပိုင်ဆိုင်ခွင့်နှင့် ကြားဝင်မနှောင့်ယှက်ရေးကို အလွန်အမင်း အသားပေးထားသည်။ ထို့အပြင် လက်ခံထားပြီး ဖြစ်သော ဖွံ့ဖြိုးဆဲနိုင်ငံများမှ 'သတင်းအချက်အလက်များ လှည့်လည်ရာတွင် တည်ဆဲ မညီမျှချက်' ကို ကိုးကားထားသည့်အပြင် 'သတင်းအချက်အလက် ဖလှယ်ရာတွင် ဘက်ညီမျှမှု' ကို ရရှိရန် လိုအပ်ချက်ကို ကိုးကားထားပါသည်။[၈၀] ၁၉၈၀ ပြည့်နှစ် UNESCO အစီရင်ခံစာတွင် UNESCO ၏ လူထုဆက်သွယ်ရေး ကြေညာစာတမ်း ဆန့်ကျင်ချက်အကြောင်း Seán MacBride က အောက်ပါအတိုင်းဖော်ပြလျက် ရေးသားခဲ့သည်-

> သဘောတူစာချုပ်ပါ အကြောင်းအရာများ၊ ဖော်ပြရမည့် အခြေခံမူများကို ရေးဆွဲ ပြုစုခြင်းနှင့် ၎င်းအခြေခံမူများကို အသုံးချသည့် နည်းလမ်းများကို ဆန့်ကျင်သည်သာမက ကမ္ဘာတွင် ဤအမျိုးအစား စာသားကို မူကြမ်းပြုစုနိုင်စွမ်းနှင့် စပ်လျဉ်း၍လည်း သံသယ ရှိကြသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့၏ကြေညာစာတမ်းကို ပိုင်းခြားထားပါသည်။ ဤဆန့်ကျင်ခြင်းသည် အစိုးရအချို့နှင့် နိုင်ငံအများအပြားရှိ ပညာရပ် အသိုက်အဝန်းများမှ ပေါ်ပေါက်လာကြပြီး အားကောင်းသည့်အတွက် ၁၉ ကြိမ်မြောက် အထွေထွေညီလာခံ (၁၉၇၆ ခုနှစ် နိုင်ရိုဘီမြို့) တွင် ပြဿနာကို လေ့လာရန် အားထုတ်ကြိုးပမ်းမှုနှင့် ဆုံးဖြတ်ချက်အားလုံးကို လိုက်လျောရန်အတွက် လက်တွေ့ကျသော ဖြေရှင်းချက် ထွက်ပေါ်လာခဲ့သည်။[၈၁]

၁၉၇၈ ခုနှစ် မူကြမ်းကို အားလုံးသဘောတူညီမှု ရရှိခဲ့ပြီးနောက် 'ငြိမ်းချမ်းရေးနှင့် အပြည်ပြည်ဆိုင်ရာ နားလည်သဘောပေါက်မှု အားကောင်းခိုင်မာရေးအတွက် လူထုဆက်သွယ်ရေး၏ ပံ့ပိုးမှုနှင့် စပ်လျဉ်းသော အဓိက အခြေခံမူများဆိုင်ရာ ကြေညာစာတမ်း (Declaration on the Fundamental Principles concerning the Contribution of the Mass Media to Strengthening Peace and International Understanding)' ကို အဆိုပါနှစ်တွင် ကျင်းပသည့် UNESCO ၏ အထွေထွေ ညီလာခံတွင် ချမှတ်ခဲ့သည်။[၈၂] ဤကြေညာစာတမ်း၏ စကားချီးတွင် UDHR ၏ ပုဒ်မ (၁၉) နှင့် ICCPR နှစ်ခုစလုံးကို မှတ်မှတ်ရရ ပြန်လည် ဖော်ပြထားသည်။[၈၃] ထို့အပြင်

---

[၇၈] Gross (n. 45) 213–14.

[၇၉] ibid.

[၈၀] ibid.

[၈၁] International Commission for the Study of Communication Problems, *Many Voices, One World* (UNESCO 1980) 41 [ဤနေရာမှစ၍ MacBride အစီရင်ခံစာဟု ရေးသားသွားမည်]

[၈၂] UNESCO 'Declaration on Fundamental Principles concerning the Contribution to the Mass Media to Strengthening Peace and International Understanding, to the Promotion of Human Rights and to Countering Racialism, Apartheid and Incitement to War' (22 November 1978) [ဤနေရာမှစ၍ လူထုဆက်သွယ်ရေးမီဒီယာ ကြေညာစာတမ်းဟု ရေးသားသွားမည်]

[၈၃] ibid, Preamble.

သတင်းအချက်အလက်လွတ်လပ်ခွင့်သည် ကုလသမဂ္ဂက လက်ခံထားသည့် အခြားသော လွတ်လပ်မှု အားလုံး၏ မှတ်ကျောက်ဖြစ်သည်ကို ကြေညာချက်က ပြန်လည်ဖော်ထုတ်ထားသည်။[၈၄] ဤ လူ့အခွင့်အရေးစံနှုန်းများကို ပြန်လည် ထပ်လောင်းအတည်ပြုခြင်းဖြင့် ကြေညာစာတမ်းသည် ၎င်း၏ စကားချီးတွင် 'သစ်လွင်ကာ ပို၍ တန်းတူညီမျှရှိသော၊ ပို၍ အကျိုးထိရောက်မှုရှိသော ကမ္ဘာ့ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး အစီအစဉ်ကို တည်ဆောက်ရန်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဆန္ဒပြင်းပြမှုများ' ကို အသိအမှတ်ပြုထားသည်။[၈၅] ကြေညာ စာတမ်း၏ အပိုဒ် (၁-၂) က ဖော်ပြထားသည်မှာ-

> လူထု၏ သတင်းအချက်အလက် လက်လှမ်းမီ ရရှိခွင့်ကို အရင်းအမြစ် အမျိုးစုံလင်မှုနှင့် သတင်းအချက်အလက် ရရှိနိုင်သည့် နည်းလမ်းများဖြင့် အာမခံပေးရမည်။ သို့ဖြစ်၍ တဦးချင်းစီသည် အချက်အလက်များ၏ မှန်ကန်တိကျမှုကို စစ်ဆေးကာ ဖြစ်ရပ်များကို ဓမ္မဓိဋ္ဌာန်ကျကျ စစ်ဆေးနိုင်ပါသည်။ ဤရည်ရွယ်ချက်ကို ရရှိရန်အလို့ငှာ စာနယ်ဇင်းသမားများတွင် လွတ်လပ်စွာ အစီရင်ခံတင်ပြခွင့်နှင့် သတင်းအချက်အလက်များကို လက်လှမ်းမီ ရရှိရန် အကူအပံ့ပစ္စည်းများ ဖြစ်နိုင်သမျှ အပြည့်ဝဆုံး ရရှိရမည် ဖြစ်သည်။ အလားတူပင် လူများနှင့် လူတဦးချင်းစီ၏ သက်ဆိုင်သည့် ကိစ္စရပ်များကို လူထု ဆက်သွယ်ရေးက မဆိုင်းမတွ တုံ့ပြန်ရန် အရေးကြီးသည်။ သို့မှသာ သတင်းအချက်အလက်ကို အသေးစိတ် ချဲ့ထွင်ရာတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှု တိုးမြှင့်နိုင်မည် ဖြစ်သည်။[၈၆]

ဤအပိုဒ်သည် လူထုနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်ကို လူတဦးချင်းစီ လက်လှမ်းမီ ရရှိခွင့်နှင့် ချိတ်ဆက်ထားသည်။ အဆိုပါ အချက်အလက်များကို ရရှိနိုင်ရေး လိုအပ်သည့် အခြေခံအဆောက်အဦကို လက်လှမ်းမီနိုင်စွမ်းကိုလည်း ရရှိရမည်။ ဤကြေညာစာတမ်း ချမှတ်စဉ်ကတည်းက အလေးထား ထည့်သွင်းထားသည့် အခြေခံမူများဖြစ်ကြသည့် သတင်းသမားများ၊ သတင်းအချက်အလက် လက်လှမ်းမီ ရရှိခွင့်နှင့် ဗဟုဝါဒ အကြောင်းအရာရှိ ဤဆက်နွယ်ချက်ကိုလည်း အသားပေးဖော်ပြထားသည်။

နိုင်ငံများအချင်းချင်းအကြားနှင့် နိုင်ငံအတွင်း သတင်းအချက်အလက် စီးဆင်းမှု၏ မညီမျှမှုကို ပြင်ဆင်ရန် လိုအပ်ကြောင်းကိုလည်း လူထုဆက်သွယ်ရေးဆိုင်ရာ ကြေညာစာတမ်းက ထပ်လောင်းအတည်ပြုထားသည်။[၈၇] ထို့အပြင် အပိုဒ် (၁၁) ဖော်ပြသည်မှာ-

---

[၈၄] ibid.

[၈၅] ibid.

[၈၆] ibid, Article 1.2.

[၈၇] လူထုဆက်သွယ်ရေး မီဒီယာ ကြေညာစာတမ်း၏ အပိုဒ် (၆) - ဖွံ့ဖြိုးဆဲနိုင်ငံများအကြားနှင့် ၎င်းနိုင်ငံများသို့နှင့် ၎င်းနိုင်ငံများမှ သတင်းအချက်အလက် စီးဆင်းမှုတွင် မညီမမျှဖြစ်ခြင်းများကို ပြင်ဆင်ရန် လိုအပ်သည်။ ဤရည်ရွယ်ချက်ကို ရရှိရန်အတွက် ၎င်းတို့၏ လူထုဆက်သွယ်ရေးမီဒီယာတွင် သတ်မှတ်ချက်များနှင့် အရင်းအမြစ်များ ရှိရန် မရှိမဖြစ် လိုအပ်သည်။ ကြံ့ခိုင်သန်စွမ်းမှုရရှိရန်နှင့် ကျယ်ပြန့်ရန်၊ ဖွံ့ဖြိုးဆဲနိုင်ငံများအကြားနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများရှိ လူထုဆက်သွယ်ရေးမီဒီယာများနှင့် ပူးပေါင်းဆောင်ရွက်ရန် မဖြစ်မနေ လိုအပ်သည်။

ဤကြေညာစာတမ်းသည် အပြည့်အဝ သက်ရောက်မှုရှိစေရန်အတွက် အဖွဲ့ဝင်နိုင်ငံများ၏ တရားစီရင်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် အခြား တာဝန်ရှိမှုများကို အပြည့်အဝ လေးစားခြင်းနှင့်အတူ လူထုဆက်သွယ်ရေး သက်ဝင်လည်ပတ်စေရန်အတွက် အထောက်အပံ့ပေးသည့် အခြေအနေများ တည်ရှိရေး အာမခံချက်ပေးရန် လိုအပ်သည်။ လူ့အခွင့်အရေးကြေညာစာတမ်းပါ ပြဋ္ဌာန်းချက်များနှင့် သာမက ၁၉၆၆ ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံက ချမှတ်ခဲ့သည့် ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်တွင် ကြေညာထားသည့် ဆက်စပ် ပတ်သက်သော အခြေခံမူများနှင့်ပါ ကိုက်ညီရမည် ဖြစ်သည်။[၈၈]

နိုင်ငံသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးအခြေခံမူများနှင့် ကိုက်ညီသည့် တရားစီရင်ရေးနှင့် စီမံအုပ်ချုပ်မှုပြဋ္ဌာန်းချက်များကို စီစဉ်ရန် လိုအပ်ကြောင်းကို ကြေညာစာတမ်း၏ စကားအသုံးအနှုန်းတွင် ရှင်းရှင်းလင်းလင်း ဖော်ပြထားသည်။ ဤလိုအပ်ချက်များကို UDHR နှင့် ဥပဒေအရ စည်းနှောင်မှုရှိသော ICCPR တို့နှင့် အပိုဒ်သည် ချည်နှောင်ထားသည်။ ဤကြေညာစာတမ်းထုတ်ပြန်သည်မှစ၍ ဆယ်စုနှစ်ကာလများအတွင်း လုပ်ဆောင်ရမည့် တာဝန်များကို ဥပဒေစနစ် သို့မဟုတ် အုပ်ချုပ်မှုမူဘောင်များတွင်း ထည့်သွင်းရန်အတွက် လူ့အခွင့်အရေးဥပဒေစနစ်သည် တိုးတက်ဖြစ်ထွန်းလာသည်။ လက်လှမ်းမီ ရရှိမှု မညီမမျှဖြစ်ခြင်းကို ဖြေရှင်းရန်အတွက် လွတ်လပ်စွာ ထုတ်ဖော်တင်ပြခွင့် အာမခံချက်ဆိုင်ရာ လုပ်ဆောင်ရမည့် တာဝန်များ ဖြစ်သည်။ ဤအကြောင်းအရာကို အခန်း (၄) တွင် ဆွေးနွေးထားသည်။

UNESCO ကြေညာစာတမ်း ချမှတ်ရာတွင် နောက်ဆုံး၌ 'သတင်းအချက်အလက် လွတ်လပ်စွာ စီးဆင်းမှု' စကားရပ်ကို မတို့မထိဘဲ ချန်လှပ်ထားခဲ့သည်။ သို့သော် မီဒီယာဖြန့်ဖြူးမှု၏ မညီမမျှဖြစ်ခြင်းနှင့် ဘက်မမျှမှုများကိုမူ မှတ်ချက်ပြုခဲ့သည်။[၈၉] သို့ဖြစ်သည့်အတွက် 'လွတ်လပ်စွာ စီးဆင်းမှု' စာသားကို သတင်းအချက်အလက် ဖြန့်ဖြူးရာတွင် 'ပို၍ ကျယ်ကျယ်ပြန့်ပြန့်နှင့် ကောင်းမွန်သည့် ဘက်မျှမှု' နှင့် ကြေညာစာတမ်းက တွဲစပ်ခဲ့ပါသည်။[၉၀] တွဲစပ်ထားသည့် စာသားအသုံးအနှုန်းသည် လူထုဆက်သွယ်ရေးကြေညာစာတမ်းကို အောင်အောင်မြင်မြင် ချမှတ်ခြင်းကို ဦးတည်ဖြစ်ပေါ်စေခဲ့သည်။ ထို့အပြင် ၁၉၇၈ ခုနှစ် နိုဘယ်ဆုရှင် Seán MacBride (MacBride ကော်မရှင်အဖြစ် ရည်ညွှန်းလေ့ရှိသည်) ၏ သဘာပတိအဖြစ် ဦးစီးမှုအောက်တွင် ဆက်သွယ်ရေးပြဿနာများ လေ့လာမှုအတွက် အပြည်ပြည်ဆိုင်ရာ ကော်မရှင် (International Commission for the Study of Communication Problems) ဖြစ်ပေါ်လာရန် အဖွဲ့ဝင်များထံမှ သဘောတူညီချက်ဆီ ဦးတည်စေခဲ့ပါသည်။[၉၁] ကော်မရှင်၏ ရည်ရွယ်ချက်မှာ ပို၍ သာတူညီမျှနှင့် အကျိုးရှိထိရောက်သည့် ကမ္ဘာ့သတင်းအချက်အလက် အစီအစဉ် တည်ထောင်ရေးကို ဦးတည်စေသည့် ပြီးပြည့်စုံ၍ လက်တွေ့ကျကျ လုပ်ဆောင်မှုများကို လေ့လာ

---

[၈၈] လူထုဆက်သွယ်ရေး မီဒီယာကြေညာစာတမ်း၏ အပိုဒ် (၁၁)

[၈၉] လူထုဆက်သွယ်ရေးမီဒီယာကြေညာစာတမ်း (n. 82)။ စကားချီး၊ အပိုဒ် (၁)၊ (၆)၊ (၉) နှင့် (၁၀)

[၉၀] ibid, Articles 1, 9, 10.

[၉၁] Nordenstreng, 'The History of NWICO and its Lessons' (n. 68) 37.

ဆန်းစစ်ခြင်းဖြင့် အဆိုပြုရန် ဖြစ်သည်။[၈၂] ကမ္ဘာလုံးဆိုင်ရာ ဆက်သွယ်ရေး၏ အခန်းကဏ္ဍ၊ ရည်ရွယ်ချက်နှင့် အနေအထားများကို အသေးစိတ်ကျကျ ထည့်သွင်းစဉ်းစားရန်အတွက် UNESCO အဖွဲ့ဝင်နိုင်ငံများ၏ အများစုသော ဆန္ဒကို မှတ်သားလျက် သတင်းအချက်အလက် စီးဆင်းမှုများ၏ မညီမျှမှုနှင့် ဘက်မညီမှုတို့၏ ဖြစ်စဉ်ကို လေ့လာ၍ ရှင်းလင်းအောင်ပြုလုပ်ရန် MacBride ကော်မရှင်၏ အဖွဲ့ဝင် ၁၆ ဦးကို ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ M'Bow က အလုပ်ပေးပါသည်။[၈၃] ကော်မရှင် တည်ထောင်ခြင်းကို 'နိုင်ငံရေး အကျပ်အတည်းကို ရှောင်ရှားသည့် နည်းတရပ် အဖြစ် "ပြန်ပြောင်းဆင်ခြင်သုံးသပ်မည့် ပညာရှင်အုပ်စု" ဖွဲ့စည်းရန် [ညွှန်ကြားရေးမှူးချုပ် M'Bow ၏] ကျွမ်းကျင်သော နည်းဗျူဟာအရွေ့' ဟု ယူဆပါသည်။ မီဒီယာအတွက် စံနမူနာပြု စံနှုန်းများကို သတ်မှတ်ရန် အဖွဲ့၏ အရည်အချင်းကို သဘောမမျှမှုများ မြောက်များစွာ ထွက်ပေါ်လာခြင်းကြောင့် UNESCO တွင် ၎င်းအကျပ်အတည်း စုပုံလာခဲ့ပါသည်။[၈၄]

၂-၂-၂။ လွတ်လပ်စွာ ထုတ်ဖော်တင်ပြခွင့် အာမခံချက်များ၏ လွှမ်းခြုံမှုနယ်ပယ် ချဲ့ထွင်သည့် လမ်းကြောင်း - MacBride ကော်မရှင်အစီရင်ခံစာ၏ အဓိက အစိတ်အပိုင်းများနှင့် တွေ့ရှိချက်များ

MacBride ကော်မရှင်သည် ၎င်း၏ အစီရင်ခံစာကို ၂ နှစ်ကြာပြီးနောက် ထုတ်ဝေခဲ့သည်။ သတင်းအချက်အလက် လွတ်လပ်စွာ စီးဆင်းမှုအကြောင်း နိုင်ငံတကာအသိုက်အဝန်း၏ ဆွေးနွေးချက်ကို လူ့အဖွဲ့အစည်းအတွင်း ဆက်သွယ်ရေး၏ အရေးပါမှုနှင့် လုပ်ဆောင်ချက်များနှင့် ချိတ်ဆက်ထားသည်။[၈၅] နိုင်ငံတကာနှင့် ပြည်တွင်းအဆင့်များတွင် ဆက်သွယ်ရေးနှင့် သက်ဆိုင်သည့် ပြဿနာများ သို့မဟုတ် ကိစ္စရပ်များကို ကော်မရှင်အစီရင်ခံစာက ရှင်းရှင်းလင်းလင်း ဖော်ပြထားသည်။[၈၆] ဤတွေ့ရှိချက်များမှတဆင့် ခေတ်သစ်ကမ္ဘာ့ ဆက်သွယ်ရေး အစီအစဉ်သည် မည်သည့်အရာနှင့် တူညီကြောင်းအတွက် မူဘောင်တရပ်ကို ချမှတ်ပေးသည်။ ထို့အပြင် ဤတွေ့ရှိချက်များကို နောက်ထပ် သုတေသနအတွက် မည်သို့ စီမံမည့်အကြောင်း အကြံပြုချက်များကိုလည်း အကြံပြုပါသည်။[၈၇]

MacBride အစီရင်ခံစာ၏ ဆီလျော်သည့် တွေ့ရှိချက်များ ခြုံငုံသုံးသပ်ချက်သည် ဆက်သွယ်ရေးကို တွေ့ရှိရသည့် အပြန်အလှန် ချိတ်ဆက်နေသော အခြေခံအဆောက်အဦ၊ အကြောင်းအရာပိုင်း တိုးတက်မှုနှင့် ဖြန့်ဖြူးမှုနှင့် လူမှုရေးအခြေအနေအကြောင်း တွေ့ရှိချက်များကို အာရုံစိုက်ခြင်းဖြင့် စတင်သည်။ တွေ့ရှိချက်များ၏

---

[၈၂] UNGA Res 33/115 (18 December 1978).

[၈၃] Masmoudi (n. 71) 20; MacBride Report (n. 81) 41.

[၈၄] Nordenstreng, 'MacBride Report as a Culmination of NWICO' (n. 64) 8.

[၈၅] Masmoudi (n. 71) 20.

[၈၆] ibid.

[၈၇] MacBride Report (n. 81) xviii.

အဓိက အစိတ်အပိုင်းများသည် လွတ်လပ်စွာ ထုတ်ဖော်တင်ပြခွင့် သို့မဟုတ် ဆက်သွယ်တင်ပြခွင့်ကို ဖန်တီးခြင်း ဆိုင်ရာ အနက်ပြန်ဆိုချက်အပေါ် ချဲ့ထွင်ခြင်းအတွက် လိုအပ်ချက်ကို ပြသပါသည်။

၂-၂-၂-၁။ ဆက်သွယ်ရေးနည်းလမ်းနှင့် ပါဝင်သည့်အကြောင်းအရာသည် အရေးပါသော်ငြား ဆက်သွယ်ရေး၏ လူမှုရေးရာ အခြေအနေသည် အဓိကဖြစ်ခြင်း

McLuhan ၏ 'ဆက်သွယ်ရေးနည်းလမ်းသည် အမှာစကားပါးခြင်း' ကို စဉ်းစားရမည့် နည်းတနည်းအဖြစ် MacBride ကော်မရှင်က လက်ခံပါသည် (ဆိုလိုသည်မှာ အကြောင်းအရာကို ပေးပို့ သို့မဟုတ် လက်ခံရရှိသည့် အခြေခံ အဆောက်အဦမှ အကြောင်းအရာပိုင်းကို ခွဲခြားမရခြင်း ဖြစ်သည်)။ ထို့နည်းတူ ကာကွယ်ရမည့် ဆက်သွယ်ရေး၏ အရေးပါဆုံး အပိုင်းသည် အကြောင်းအရာ ဖြစ်သည်ဟူ၍ စွဲကိုင်ထားသူများကိုလည်း အသိအမှတ်ပြုလက်ခံသည်။[၉၅] သို့ရာတွင် အမြင်ရှုထောင့်နှစ်ရပ်စလုံးအပေါ် အလေးထားသည့် ပို၍ မသိမသာ ကွဲပြားသည့် အနက်ပြန်ဆိုချက်ကို MacBride အစီရင်ခံစာက ရွေးချယ်ပါသည်။[၉၆] သတင်းစကားပါ အကြောင်းအရာ ဖွံ့ဖြိုးလာသည့် လူမှုရေးရာ အခြေအနေနှင့် ၎င်းအကြောင်းအရာကို ထုတ်လွှင့်ရန် အသုံးပြုသည့် ဆက်သွယ်ရေး နည်းလမ်းသည် အထင်ရှားဆုံး အကြောင်းရင်းများဖြစ်ကြောင်း အစီရင်ခံစာက အချေအတင် ဆွေးနွေးပါသည်။[၁၀၀] ထိုသို့ဖြင့် ကိုယ်တိုင်သာမက လူ့အသိုက်အဝန်းဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီလောကတွင် ပူးပေါင်းပါဝင်ခြင်းရှိ အစိတ်အပိုင်းများတွင် ဆက်သွယ်ရေးသည် မရှိမဖြစ် အရေးပါလာသည်။[၁၀၁] ထို့အပြင် အခြေခံအဆောက်အဦများကို လက်လှမ်းမီ ရရှိရေး စီမံပေးသည့် အခြေခံအဆောက်အဦနှင့် အစိုးရ၏ ဖွံ့ဖြိုးရေး စီမံကိန်းများသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက ဒီမိုကရေစီအတွက်ပါ အသက်တမျှ အရေးပါလာကြသည်။ အစီရင်ခံစာက ရှင်းပြသည်မှာ-

> အတော်ပင်ကွဲပြားခြားနားသည့် နည်းလမ်းများဖြင့် ဆက်သွယ်ရေးသည် နေရာဒေသတိုင်းရှိ လူမှုဘဝများနှင့် ဖွံ့ဖြိုးတိုးတက်ရေး အားထုတ်မှုများ၏ ပိုင်းခြားမရသည့် အစိတ်ပိုင်း ဖြစ်လာသည်။ ဤအမြင်ဖြင့် ဆက်သွယ်ရေးနည်းလမ်း ဖွံ့ဖြိုးရေး လုပ်ဆောင်ချက်များသည် မည်သည့်နည်းဖြင့်ပင်မဆို ပို၍ လွတ်လပ်သည့် သတင်းစီးဆင်းမှုများအတွက် 'ခြိမ်းခြောက်မှု' မဟုတ်ပေ။ သို့သော် ဆန့်ကျင်ဘက်အားဖြင့် ဒီမိုကရေစီအတွက် လိုအပ်ချက်များအနက် တရပ် ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်ရေး ရွေးချယ်မှုများနှင့် လုပ်ငန်းများတွင် ပို၍ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ခြင်းသည် ဒီမိုကရေစီနည်းလမ်းတကျ ရှင်သန်မှု၏ အစိတ်အပိုင်း ဖြစ်သည်။[၁၀၂]

---

[၉၅] ibid. 12.

[၉၆] ibid.

[၁၀၀] ibid.

[၁၀၁] ibid. 54.

[၁၀၂] ibid.

လိုအပ်သည့် ပံ့ပိုးပစ္စည်းများ သို့မဟုတ် အခြေခံအဆောက်အဦ ဖန်တီးခြင်းအတွက် တာဝန်ရှိမှုသည် ဒေသဆိုင်ရာ အစပျိုးလုပ်ဆောင်ရန် အပြည့်အဝ တာဝန်ရှိခြင်း မဟုတ်နိုင်ပေ။[၁၀၃] အစိုးရများသာမက ကျယ်ကျယ်ပြန့်ပြန့် ဆိုရသော် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများကိုလည်း ၎င်းတို့မှ ထည့်ဝင်ရန် မျှော်လင့်ရမည်။[၁၀၄] ထို့အပြင် သတင်းအချက်အလက် ထုတ်လွှင့်ခြင်းနည်းပညာကို လက်လှမ်းမီအသုံးပြုရာတွင် တည်ဆဲ မညီမျှမှုများကြောင့် သတင်းအချက်အလက်နှင့် အကြောင်းအရာ စီးဆင်းမှု ပျံ့နှံ့ရောက်ရှိခြင်းအပေါ် အကျိုးဆက်အားဖြင့် မညီမျှမှုများ ရှိပါသည်။[၁၀၅] ဤစာအုပ်အနှံ့တွင် ဖော်ပြထားလိမ့်မည် ဖြစ်သည့်အတိုင်း လူ့အသိုက်အဝန်းအတွင်း ဤမညီမျှချက်များကို ပြင်ဆင်ခြင်းနှင့် ဗဟုဝါဒကို သေချာစေခြင်းတို့သည် အခရာကျသည့် အစိတ်အပိုင်းများ ဖြစ်ကြသည်။ အခြားအခွင့်အရေးများနှင့်အတူ လွတ်လပ်စွာ ထုတ်ဖော်တင်ပြခွင့်ကို နိုင်ငံက ဖြည့်ဆည်းပေးရမည့် တာဝန်ရှိမှုများ၏ လွှမ်းခြုံမှုအတိုင်းအတာကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးခုံရုံးများက မည်သို့ သတ်မှတ်မည်အတွက် အခရာကျပါသည်။

အစီရင်ခံစာ အနှံ့အပြားတွင် လူ့အဖွဲ့အစည်းနှင့် လူတဦးချင်းစီက အသုံးပြုသည့် အကြောင်းအရာနှင့် သတင်းအချက်အလက်များ၏ အမျိုးစုံလင်များပြားမှုကို ကော်မရှင်က အလေးထားဖော်ပြသည်။[၁၀၆] တွေ့ရှိချက်များသည် ဖွံ့ဖြိုးမှုနှင့် ဒီမိုကရေစီ ရည်ရွယ်ချက်များအတွက် ဆက်သွယ်ရေး၏ အရေးပါမှုကို အလေးထားသည်သာမက ဖျော်ဖြေရေးနှင့် အပန်းဖြေနားနေမှုများအတွက် ဆက်သွယ်ရေး၏ အရေးပါမှုကိုလည်း အလေးထားပါသည်။[၁၀၇] နောက်ထပ်အခန်းများတွင် လေ့လာဆန်းစစ်မှုကို အထူးအလေးထားသည့်အနေဖြင့် ဆက်သွယ်ရေးသည် လူ့အဖွဲ့အစည်းတွင် အရေးပါသည့် အခန်းကဏ္ဍများဖြစ်သည့်အတွက် လူမှုရေးထည့်သွင်း ပေါင်းစပ်ခြင်းနှင့် ယဉ်ကျေးမှုထိန်းသိမ်းခြင်းတို့အပေါ် အစီရင်ခံစာက အသားပေးထားပါသည်။[၁၀၈] ကော်မရှင်က အကြံပြုသည်မှာ -

> လူ့အဖွဲ့အစည်းတိုင်းရှိ ယဉ်ကျေးမှုဓလေ့ဆိုင်ရာ ကိုယ်ပိုင်လက္ခဏာကို ထိန်းသိမ်းရန်အတွက် အခြေအနေများကို မြှင့်တင်ခြင်းသည် အခြားယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့် သဟဇာတဖြစ်ပြီး ဖန်တီးနိုင်စွမ်းရှိသော အပြန်အလှန်ဆက်နွယ်ချက်ကို ရရှိခံစားနိုင်စေရန် လိုအပ်သည်။ ယဉ်ကျေးမှု လွှမ်းမိုးခံရသည့် ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အခြေအနေများကိုလည်း ပြင်ဆင်မွမ်းမံရန်လည်း အညီအမျှ လိုအပ်ပါသည်။ [....] ယဉ်ကျေးမှု ဓလေ့ထုံးတမ်းတခုစီသည် ၎င်း၏ ကိုယ်ပိုင် ဝိသေသ လက္ခဏာကို မြှင့်တင်သည့် အခြားအရာများနှင့် ဆက်နွယ်လျက် ရှိပါသည်။[၁၀၉]

---

[၁၀၃] ibid. 96.

[၁၀၄] ibid.

[၁၀၅] ibid. 132.

[၁၀၆] ibid. 16, 22–24, 37, 41, 80, 88, 126, 146, 242.

[၁၀၇] ibid. 31, 72, 97.

[၁၀၈] ibid. 97.

[၁၀၉] ibid. 259.

လူ့အဖွဲ့အစည်းအတွက် ဖြည့်ဆည်းပေးသည့် ဆက်သွယ်ရေး၏ အကြောင်းအရာနှင့် ရည်ရွယ်ချက်များ ရောစပ်ခြင်းသည် နောက်ပိုင်း ဆွေးနွေးချက်များအတွက် အထူးပင် သင့်လျော်ပါသည်။ ဥရောပနှင့် အမေရိက နိုင်ငံများဆိုင်ရာ လူ့အခွင့်အရေး ခုံရုံးများသည် ၎င်းတို့၏ စီရင်ထုံးဥပဒေတွင် ယဉ်ကျေးမှုဓလေ့ဆိုင်ရာ ကိုယ်ပိုင် လက္ခဏာနှင့် ထိန်းသိမ်းရေးကို လွတ်လပ်စွာ ထုတ်ဖော်တင်ပြခွင့် အာမခံချက်များ၏ အစိတ်အပိုင်းအနေဖြင့် မည်သို့ ကိုင်တွယ်ထားသည်ကို ဆွေးနွေးထားပါသည်။[၁၁၀]

သတင်းအချက်အလက် နယ်ပယ် ကျယ်ကျယ်ပြန့်ပြန့်ကို လက်လှမ်းမီရရှိရေး အရေးပါသည့် စာနယ်ဇင်း၏ လုပ်ဆောင်ချက်များနှင့် အခန်းကဏ္ဍအပေါ် ကော်မရှင်၏ ချဉ်းကပ်နည်းသည် စာနယ်ဇင်း၏ 'စောင့်ကြည့် လေ့လာသည့် အဖွဲ့အစည်း' အဖြစ် အရေးပါမှုကိုသာမက လူ့အဖွဲ့အစည်းအတွက် အခြားသော လုပ်ဆောင်ချက် အများအပြားကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ထမ်းဆောင်ပေးသည့် အရေးပါမှုကိုလည်း ထင်ရှားစေသည်။[၁၁၁] ဥပမာ ဆိုရသော် အချိန်ကာလတလျှောက် ဆက်သွယ်ရေးနည်းလမ်းများအသုံးပြုသည့် လက်ရှိ အနေအထားကို ထင်ဟပ်လျှက် လူ့အဖွဲ့အစည်းအတွင်း စာနယ်ဇင်းနှင့် မီဒီယာ ရှိနေသည့် အဓိက အခန်းကဏ္ဍများကို အစီရင်ခံစာက အောက်ပါအတိုင်း ဖော်ပြလျက် အသားပေးထားပါသည်-

> သတင်းများကို ဖြန့်ဝေရာတွင် သတင်းစာများ၏ အခန်းကဏ္ဍသည် နိမ့်ပါးလာလျက်ရှိသည်။ ရုပ်သံ ထုတ်လွှင့်ခြင်းများ အထူးသဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများရှိ ရုပ်မြင်သံကြားများသည် ၎င်းတို့၏ အစီရင်ခံ ထုတ်လွှင့်ခြင်းကို တိုးမြှင့်လာပြီး သတင်းအရင်းအမြစ်တခုအဖြစ် ၎င်းတို့၏ ဆွဲဆောင်မှုကို မြှင့်တင်လာ ခြင်းကြောင့် ဖြစ်သည်။ သို့သော် လူ့အဖွဲ့အစည်းရှိ ဖြစ်ရပ်များအပေါ် ရှင်းလင်းခြင်း၊ အနက်ပြန်ဆိုခြင်းနှင့် မှတ်ချက်ပြုခြင်းတို့တွင် သတင်းစာများသည် တန်ဖိုးရှိသည့် အခန်းကဏ္ဍအဖြစ် တိုး၍ တိုး၍ ဆောင်ရွက် လာကြပါသည်။ အထူးသဖြင့် အဓိကကျသည့် လူမှုရေးရာ ရည်ရွယ်ချက်များ သို့မဟုတ် ကမ္ဘာ့ရေးရာများ အပေါ် ကျယ်ပြန့်သည့် ဆွေးနွေးချက်များ ဖြစ်ပေါ်လာသည့်အခါတွင် ဖြစ်သည်။ လွယ်ကူရိုးစင်းသည့် အစီရင်ခံခြင်းနှင့် ဆန့်ကျင်ဘက်အနေဖြင့် ပို၍ ကျယ်ပြန့်သည့် လေ့လာဆန်းစစ်ချက်လိုအပ်သည့် အခါတွင် ဖြစ်သည်။ ဤသို့ဖြစ်သည့်အခါတွင် စာနယ်ဇင်း၏ လုပ်ဆောင်ချက်အကြောင်း ယုံကြည်လက်ခံ ထားသည့် အချက်အချို့ကို ပြန်လည် ဆန်းစစ်ရမည် ဖြစ်ပြီး အားပေးထောက်ခံထားသည့် စာနယ်ဇင်း သမားများ၏ လုပ်ဆောင်ချက်အမျိုးမျိုးကိုလည်း အသေးစိတ်သတ်မှတ်ရန် လိုအပ်သည်။ [….] အပတ်စဉ် (သို့မဟုတ်) လစဉ်ထုတ် စာနယ်ဇင်းသည် အမျိုးစုံလင်ပါဝင်သည့် နယ်ပယ် ဖြစ်သည်။ ၎င်း၏ ဖွဲ့စည်းပုံ၊ အကြောင်းအရာ သို့မဟုတ် အရွယ်အစားနှင့် ၎င်း၏ လွှမ်းမိုးသက်ရောက်မှုကို ခန့်မှန်းရန်နှင့် ခြုံငုံ သုံးသပ်ရန် မဖြစ်နိုင်ပေ။ အရွယ်အစားပမာဏအပြင် ပါဝင်သည့် မရေမတွက်နိုင်သော အကြောင်းအရာ မျိုးစုံနှင့် ပရိသတ်မျိုးစုံကို အပတ်စဉ်ထုတ် စာနယ်ဇင်းက အသုံးတော်ခံသည်မှာ ထင်ရှားပါသည်။ လွှမ်းမိုးပြီး ဆွဲဆောင်နိုင်စွမ်းရှိသည့် အပတ်စဉ်ထုတ် စာနယ်ဇင်းသည် လူထုသတင်းစကားများကို

---

[၁၁၀] အခန်း (၃)၊ (၄) နှင့် (၅) *Mustafa* အမှု ဆွေးနွေးချက်ကို ကြည့်ပါ။

[၁၁၁] MacBride Report (n. 81) 57, 68.

တူညီအောင် တည့်မတ်ပေးခြင်းနှင့် ချိန်ညှိပေးခြင်းဖြစ်ပြီး နိုင်ငံအများအပြားရှိ အမှတ်အသား သင်္ကေတများ ဖြစ်သည်။[၁၁၂]

လူ့အဖွဲ့အစည်းများအတွင်းသာမက လူ့အဖွဲ့အစည်းအချင်းချင်း ပြောဆိုဆက်သွယ်ရေး အချိန်ကာလများရှိ ဤဆက်သွယ်ရေးနည်းလမ်း၏ အခန်းကဏ္ဍများနှင့် သတင်းအချက်အလက် ဆက်သွယ်ရေး နည်းပညာအသစ်များနှင့် ၎င်းတို့က မည်သို့ လိုက်လျောညီထွေ ဖြစ်စေသည် သို့မဟုတ် ပြောင်းလဲစေသည်တို့ကို ဤစာအုပ်အနှံ့အပြားတွင် အကြောင်းအရာတရပ်အဖြစ် ဆွေးနွေးထားပေလိမ့်မည်။ လူ့အဖွဲ့အစည်းအတွင်းရှိ အကြောင်းအရာနှင့် ပရိသတ်များအပေါ်ရှိ သတင်းအချက်အလက်ဆက်သွယ်ရေး နည်းလမ်း၏ ထူးခြားသည့် ဝိသေသများသည် လွတ်လပ်စွာ ထုတ်ဖော်တင်ပြခွင့် ဖွံ့ဖြိုးလာစေရေး လွှမ်းမိုးနေသည့် အကြောင်းအရာများ ဖြစ်ကြသည်။ သတင်းဆက်သွယ်ခွင့်ကို အထောက်အပံ့ပြုသည့် ဆွေးနွေးချက်ကို ဦးတည်စေပါသည်။

၂-၂-၂-၂။ အခြေခံအဆောက်အဦကို လက်လှမ်းမီ ရရှိရာတွင် မညီမမျှဖြစ်ခြင်းများအတွက် လူ့အခွင့်အရေး ကာကွယ်မှုများကို ကျယ်ကျယ်ပြန့်ပြန့် လိုအပ်ခြင်း

အစီရင်ခံစာမှ ပြောဆိုဆက်သွယ်မှုအတွက် ချဉ်းကပ်ရာတွင် အခြေခံအဆောက်အဦများကို လက်လှမ်းမီရရှိရေး မညီမမျှဖြစ်ခြင်းက လူတဦးချင်းအပေါ်တွင်သာမက လူ့အဖွဲ့အစည်းအတွင်း ဆက်သွယ်ရေး၏ ပေါင်းစုလုပ်ဆောင်ချက်များအပေါ်တွင်ပါ ဆိုးကျိုးသက်ရောက်စေကြောင်း အလေးထား ဖော်ပြပါသည်။ အထက်မှအောက် ဆက်သွယ်ရေးသည် နိုင်ငံရေးခေါင်းဆောင်များ၊ အာဏာရှိသူများ သို့မဟုတ် အရေးပါထင်ရှားသူများ၏ အသံကိုသာ ပိုမို ကျယ်လောင်စေသည်။ အဆိုပါ ဆက်သွယ်ရေး၏ ဘေးအန္တရာယ်များတွင် 'သာမန်ပြည်သူများ' သည် 'ပြုသမျှခံရသူ' ဖြစ်လာကြသည်။ ဤသို့ ပြုသမျှ ခံရခြင်းတွင် လူတဦးချင်းစီ၏ စိုးရိမ်ပူပန်စိတ်များ၊ သဘောဆန္ဒများ သို့မဟုတ် အတွေ့အကြုံများကို အလေးထားမှု နည်းပါးသည်။[၁၁၃] အစီရင်ခံစာက ရှင်းပြသည်မှာ-

> ထို့အပြင် အထက်တန်းစား၀ါဒ၏ အန္တရာယ်နှင့် ဒွန်တွဲလျက် ဗဟိုချုပ်ကိုင်မှု အန္တရာယ် ဖြစ်ပေါ်လာသည်။ အကယ်၍ ဆက်သွယ်ရေးနည်းလမ်းလက်လှမ်းမီ ရရှိခွင့်ကို နိုင်ငံရေးအရ သို့ဟုတ် ယဉ်ကျေးမှုအရ လွှမ်းမိုးသည့် အုပ်စုများအတွက်သာ ပြည်တွင်းအဆင့် သို့မဟုတ် နိုင်ငံတကာအဆင့်တွင် ဖြစ်စေကန့်သတ်ထားပါက လူမျိုးစုငယ်များ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းဆိုင်ရာနှင့် ဘာသာရေးအုပ်စုငယ်များ၏ တန်ဖိုးများနှင့် ပဋိပက္ခ ဖြစ်သည့် ပုံစံများကို တွန်းအားပေးသည့် စိုးရိမ်ဖွယ် အန္တရာယ် ရှိပါသည်။ ဤတန်ဖိုးများကို ခိုင်ခိုင်မာမာ ခွင့်ပြုရန် ၎င်းတို့ကို လှုံ့ဆော်မှုပေးရန် လိုအပ်ချက်သည် ဗဟု၀ါဒအတွက် နောက်ထပ် လိုအပ်ချက်ဖြစ်ပါသည်။[၁၁၄]

ဗဟု၀ါဒကို ကော်မရှင်က အလေးထားပါသည်။ အထူးသဖြင့် အထိခိုက်ခံရဆုံးသူများနှင့် စပ်လျဉ်း၍ ဖြစ်သည်။ အကြောင်းအရာအမျိုးစုံလင်မှု၏ အရေးပါမှုကိုသာမက ဆက်သွယ်ရေးမီဒီယာကို လူတိုင်း လက်လှမ်းမီ

---

[၁၁၂] ibid.

[၁၁၃] MacBride Report (n. 81) 25.

[၁၁၄] ibid.

ရရှိနိုင်မည့် အခွင့်အရေးကိုလည်း ကိုင်တွယ်ဖြေရှင်းသည့် ဆီလျော်သည့် အခြေခံမူတရပ်အဖြစ် အလေးထားပါသည်။[၁၁၅] ဥပမာအားဖြင့် ဤအချက်ကို အသေးစိတ် ဖော်ပြရှင်းလင်းရန်အတွက် အောက်ပါအတိုင်း ဖော်ပြလျက် လူနည်းစု အုပ်စုများအတွက် အထူး အသုံးပြုပါသည်-

> သတင်းအချက်အလက် ပြည့်စုံသည့် နယ်ပယ်အတိုင်းအတာနှင့် အမြင်သဘောထား မျိုးစုံကို တင်ပြခြင်း အပေါ် အခြေခံ၍ လူတိုင်းသည် သူ၏ အကဲဖြတ်ချက်များကို ပုံဖော်နိုင်ရမည်။ ပညာရှင်ဖြစ်စေ သို့မဟုတ် ပညာရှင်မဟုတ်သူ ဖြစ်စေ ဆက်သွယ်ပြောကြားသူအတွက် ဤဗဟုဝါဒသည် ဒီမိုကရေစီအခွင့်အရေးများအတွက် လိုအပ်သည့် တူညီသော အနေအထားတရပ် ဖြစ်သည်။ အစောပိုင်းကတည်းက ထောက်ပြထားသကဲ့သို့ပင် ဆက်သွယ်ရေးအပေါ် အာဏာဗဟိုပြုခြင်းသည် နိုင်ငံ့အာဏာပိုင်၏ လက်ထဲတွင် ရှိသည်ဖြစ်စေ သို့မဟုတ် ပုဂ္ဂလိက အကျိုးစီးပွား၏ လက်ထဲတွင် ရှိသည်ဖြစ်စေ ထိုသို့ အာဏာဗဟိုပြုခြင်းကြောင့် ဗဟုဝါဒသည် ထိခိုက်နစ်နာရပါသည်။ ဒီမိုကရေစီသည် မတူညီသည့် အမြင်သဘောထားများ ထုတ်ဖော်ဖွင့်ဟခြင်း ဖြစ်ကြောင်းကို ညွှန်းဆိုသည့်အတွက်ကြောင့် အသံတခုတည်းဖြင့် စနစ်တခုလုံး၏ ပြောဆိုချက်အပေါ် ဒီမိုကရေစီအရ ထိန်းချုပ်သည့် တီထွင်ဖန်တီးသော ပုံစံသည်ပင် အမှန်တကယ် ဒီမိုကရေစီကျင့်သုံးခြင်းနှင့် မည်သို့မျှ တူညီခြင်း မရှိပေ။ [.....] သာမန်ဆက်သွယ်ရေးလမ်းကြောင်းများမှ အကျိုးမခံစားရသူအုပ်စုများကို ဖယ်ကြဉ်ခြင်းသည် အဓိက ပြဿနာ ဖြစ်ပါသည်။ ၎င်းတို့၏ ပါဝင်ဖွဲ့စည်းမှုနှင့် အရွယ်အစားသည် နိုင်ငံ တနိုင်ငံနှင့် တနိုင်ငံ ကွာခြားနိုင်ပေသည်။ ၎င်းတို့၏ ပြဿနာများသည်လည်း အနည်းနှင့် အများဆိုသလို အသက်တမျှ အရေးကြီးသည်။ သို့သော် ကမ္ဘာ့မည်သည့်နေရာတွင်မဆို ၎င်းတို့ တည်ရှိကြသည်။ လူမှုရေး၊ ယဉ်ကျေးမှု သို့မဟုတ် စီးပွားရေးအရ ခွဲခြားခံရသည့် လူဆင်းရဲ၊ မသန်စွမ်းသူများ သို့မဟုတ် ဝေးလံခေါင်သီသည့်အရပ်တွင် နေထိုင်သူများ၊ ပြည်တွင်း၊ လူမျိုးစု၊ ဘာသာစကားနှင့် ဘာသာရေး လူနည်းစုများ၊ အမျိုးသမီးများ၊ ကလေးနှင့် လူငယ်များ ဖြစ်ကြသည်။[၁၁၆]

'သာမန်ဆက်သွယ်ရေးလမ်းကြောင်းများမှ ..... ဖယ်ကြဉ်ခြင်း' သည် အယူအဆနှင့် သတင်းအချက်အလက်များကို ပေးရန် လိုအပ်သည့် အခြေခံအဆောက်အဦကို လက်လှမ်းမီ မရရှိခြင်း ပုံစံ ဖြစ်နိုင်သည်။ သို့ရာတွင် အခြားဖြစ်နိုင်ခြေရှိသည့် အတားအဆီးများကိုလည်း အစီရင်ခံစာက မှတ်သားပါသည်။ 'သတင်းစကားများကို အဓိပ္ပာယ်ပြန်ဆိုခြင်း သို့မဟုတ် နားလည်သဘောပေါက်ခြင်း' အတွက် လိုအပ်သည့် အသိပညာ သို့မဟုတ် ကျွမ်းကျင်မှုများ ပါဝင်သည်။ ထို့မျှသာမက စာတက်မြောက်မှု သို့မဟုတ် တစိတ်ပိုင်းစာတက်မြောက်မှုကဲ့သို့ သာမန် အဆီးအတားများလည်းပါဝင်သည်။ အောက်ပါအတိုင်း ဖော်ပြထားသည်-

> သတင်းစကားများကို အနက်ပြန်ဆိုရန် သို့မဟုတ် နားလည်သဘောပေါက်ရန် လူများတွင် အသိမရှိသည့် အခါ ဆက်သွယ်ရေးလုပ်ငန်းစဉ်တွင် သတင်းစကားများကို လက်ခံရရှိသူနှင့် ပေးသူတို့အကြား အခြား

---

[၁၁၅] ibid. 22, 24, 35, 146, 190.

[၁၁၆] ibid. 146–7.

အတားအဆီး တခု ထွက်ပေါ်လာသည်။ ၎င်းတို့အနက် စာမတက်သူများသာမက စာဖြင့် ရေးသားသည့် ဘာသာစကားကို နားမလည်နိုင်သူများ၊ သို့တည်းမဟုတ် ရုပ်မြင် အသံကြား သတင်းစကားကို အနက်မပြန်ဆိုနိုင်သူများ (ခုတိုင် အများအပြားရှိကြသည်) သို့မဟုတ် ၎င်းသတင်းစကားများကို အပြည့်အစုံ အနက်မပြန်ဆိုနိုင်သူများသာမက သင်္ကေတများကို ချောချောမွေ့မွေ့ မခံစားနိုင်သူများအားလုံးနှင့် ဤသင်္ကေတများကို အနက်ပြန်ဆို၍ နားလည် သဘောပေါက်ရာတွင် သို့မဟုတ် ၎င်းသင်္ကေတများ၏ သိသာထင်ရှားမှုကို လက်ခံ၍ ထိထိရောက်ရောက် အသုံးပြုရာတွင် တစိတ်တပိုင်း တက်မြောက်သူအဖြစ် ယူဆသူများ ပါဝင်ကြသည်။ သင်ယူ၍ နားလည်သဘောပေါက်ရမည့် ဆက်သွယ်ရေးဆိုင်ရာ ဘာသာစကား အသစ် အမှန်ပင် ရှိပါသည်။ ဆက်သွယ်ရေးတွင် ဒီမိုကရေစီကျင့်သုံးခြင်း အယူအဆကို ထည့်သွင်းစဉ်းစား သည့်အခါ ဤအချက် အားလုံးကို ထည့်သွင်းစဉ်းစားရမည်။[၁၁၇]

'ဆက်သွယ်ရေးများကို ဒီမိုကရေစီကျင့်သုံးခြင်း' အတွက် ဤအတားအဆီးများကို အခန်း (၅) နှင့် (၆) တို့တွင် လေ့လာသွားမည် ဖြစ်သည်။ ယနေ့ ကာလ အထင်ရှားဆုံး သတင်းအချက်အလက် ဆက်သွယ်ရေး နည်းလမ်းဖြစ်သည့် အင်တာနက်ကို လက်လှမ်းမီ ရရှိသုံးစွဲခွင့်တွင် မည်သည့်အရာကို ထည့်သွင်းရန် လိုအပ်မည့် အကြောင်း အနက်အဓိပ္ပာယ်များကို ၎င်းအခန်းများက လေ့လာဆန်းစစ်ပါသည်။

ဆက်သွယ်ရေး၏ အမျိုးစုံလင်များပြားသည့် အခန်းကဏ္ဍများနှင့် လုပ်ဆောင်ချက်များကို ကိုင်တွယ်ဖြေရှင်းလျက် အစီရင်ခံစာသည် လူ့အဖွဲ့အစည်း၏ ဆက်သွယ်ရေးလုပ်ငန်းစဉ်ရှိ တက်ကြွသည့် အခန်းကဏ္ဍအဖြစ် ထမ်းဆောင်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများသည် သတင်းအချက်အလက်များနှင့် အယူအဆများကို ရှာဖွေ၊ လက်ခံပြီး ဝေမျှသည့် လူတဦးချင်းစီ၏ အခွင့်အရေး ချိုးဖောက်မှုနှင့် ညီမျှသည်။[၁၁၈] ကော်မရှင်သည် အောက်ပါတို့ကို တွေ့ရှိခဲ့သည်-

'တခြားရွေးချယ်စရာ ဆက်သွယ်ရေး' ၏ နမူနာအများအပြားအတွက် တန်ဖိုးမြင့်မြင့်မားမား ထားရှိရမည်။ ၎င်းဆက်သွယ်ရေးသည် အထက်အောက်ဆက်သွယ်ခြင်းအစား ဘေးတိုက်ဆက်သွယ်ရေးအဖြစ် လုပ်ဆောင်ပြီး ဆက်သွယ်ရေး လုပ်ငန်းစဉ်တွင် လူတိုင်းကို သက်ဝင်လှုပ်ရှားသည့်အခန်းကဏ္ဍတရပ် အဖြစ် မှတ်ယူနိုင်စေသည်။ အတားအဆီးများစွာ ရှိကြသော်ငြား လူများ အထူးသဖြင့် ဖွဲ့စည်းထား ရှိပြီးသား လူမှုရေးအုပ်စုများ၊ လူငယ်အစုအဖွဲ့နှင့် ဖယ်ကြဉ်ခံထားရသည့် အစုအဖွဲ့များ၏ စိတ်ကူးမျှော်မှန်း ချက်က ဆက်သွယ်ရေးနည်းလမ်းများသည် လူများ၏ လွတ်လွတ်လပ်လပ် အစပျိုးလုပ်ဆောင်မှုများ အတွက် ကိရိယာများ ဖြစ်လာကြကြောင်း ပြသသည်။ ၎င်းဆက်သွယ်ရေးနည်းလမ်းများမှာ ပုံနှိပ်မီဒီယာ၊ ဒေသဆိုင်ရာရေဒီယို၊ အပျော်တမ်းရုပ်ရှင်များ၊ ပြည်သူများ၏ ခေတ်ပေါ်တေးဂီတ ရေဒီယို၊ ကောဘယ်လ် ရုပ်မြင်သံကြား၊ ကွန်ပျူတာဂေမ်များ စသည်တို့ ဖြစ်ကြသည်။[၁၁၉]

---

[၁၁၇] ibid.

[၁၁၈] ibid. 94.

[၁၁၉] ibid.

ဆက်သွယ်ရေးကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးမူဘောင်ဖြင့် အကာအကွယ်ပေးရမည် ဖြစ်ကြောင်း အစီရင်ခံစာက ဆွေးနွေးသည်။ အဆိုပါအချိန်တွင် လွတ်လပ်စွာ ထုတ်ဖော်တင်ပြခွင့်မပြုနိုင်သည့်အတွက် ဆက်သွယ်တင်ပြခွင့် ပေါ်ထွက်လာသည့် နည်းဖြင့် အကာအကွယ်ပေးရမည် ဖြစ်သည်။[၁၂၀] ဤဆွေးနွေးချက်ကို ပြုလုပ်ရန်အတွက် ဆက်သွယ်ရေးသည် သတင်းအချက်အလက်လက်ခံရရှိခွင့် သို့မဟုတ် သတင်းအချက်အလက် ပေးခွင့်ထက်ကျော်လွန်ရမည်ဖြစ်ကြောင်း ထပ်လောင်းပြောဆိုပါသည်။[၁၂၁] ထို့အပြင် ၎င်းသည်

> နှစ်လမ်းသွားလုပ်ငန်းစဉ်ဖြစ်သည်။ တဦးချင်းစီနှင့် ပေါင်းစုထားသည့် မိတ်ဖက်များသည် ဒီမိုကရေစီ နည်းကျနှင့် ဟန်ချက်ညီ အပြန်အလှန်ဆွေးနွေးပွဲများကို ဆက်လက်ဆောင်ရွက်သည်။ တဦးတည်းပြောဆိုခြင်းနှင့် ဆန့်ကျင်ဘက်အနေဖြင့် အပြန်အလှန်ဆွေးနွေးခြင်းအယူအဆသည် ခေတ်ပြိုင်တွေးခေါ်မှုအများစု၏ အသည်းနှလုံး ဖြစ်သည်။ ၎င်းသည် လူမှုရေးရာ အခွင့်အရေးများ၏ နယ်ပယ်အသစ်ကို ဖွံ့ဖြိုးစေသည့် လုပ်ငန်းစဉ်ကို ဦးတည်စေပါသည်။[၁၂၂]

ဤအမြင်ရှုထောင့်ဖြင့် လူ့အဖွဲ့အစည်းတွင် လက်လှမ်းမီပါဝင်ခြင်းအတွက်၊ လွတ်လပ်စွာ ဖလှယ်ခြင်းအတွက်၊ အပြန်အလှန်စီးဆင်းမှုအတွက် လိုအပ်ကြောင်း အသိအမှတ်ပြုလျှက် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်သည် '"လွတ်လပ်စွာစီးဆင်းမှု" ကို ပို၍ မြင့်မားသောအဆင့်ထိရောက်အောင် ဆွေးနွေးမှု တရပ်လုံးကို မြှင့်တင်ပါသည်'။[၁၂၃]

ဆက်သွယ်တင်ပြခွင့်ကို အစီရင်ခံစာ၏ ထောက်ခံချက်အပြင် အယူအဆသည် ၎င်း၏ နောက်ဆုံးပုံစံနှင့် အကြောင်းအရာ အပြည့်အဝကို မရရှိကြောင်း သတိချပ်ရမည် ဖြစ်သည်။[၁၂၄] ဆက်သွယ်တင်ပြခွင့်သည် 'အချို့က သိသိသာသာ ကိုင်စွဲထားသကဲ့သို့ ကောင်းစွာရှိနှင့်ပြီးဖြစ်သည့် အခြေခံမူနှင့် များစွာ ကွာဝေးနေဆဲဖြစ်သည်။ ၎င်းမူမှ ကျိုးကြောင်းလျော်ညီသည့် အကျိုးဆက်များကို လက်ရှိအချိန်တွင် ထုတ်နှုတ်ရမည်ဖြစ်သည်။ ၎င်းအခွင့်အရေး အားလုံးကို အသုံးချခြင်းနှင့် တဖြည်းဖြည်း ပြည့်စုံလာခြင်းဖြင့် စဉ်းစားနေဆဲအဆင့်မှာပင် ရှိနေသေးသည်။'[၁၂၅] နောက်လာမည့် အခန်းများတွင် လွတ်လပ်စွာ ထုတ်ဖော်တင်ပြခွင့်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေစနစ်ကို နှစ် ၄၀ ကျော် လေ့လာချက်ဖြင့် လိုအပ်သည့် အမြင်များကို ပြဋ္ဌာန်းပေးသည်။ ဆက်သွယ်တင်ပြခွင့်၏ အစိတ်အပိုင်းများ ပါဝင်ရန်အတွက် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်သည် မည်မျှအတိုင်းအတာအထိ တိုးတက်ဖြစ်ထွန်းလာသည်ဟူသော အမြင်များ ဖြစ်သည်။

---

[၁၂၀] ibid. 149–50.

[၁၂၁] ibid.

[၁၂၂] ibid.

[၁၂၃] ibid.

[၁၂၄] ibid. 149–50.

UNESCO မှ အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့ နှုတ်ထွက်ခြင်းသည် နိုင်ငံစုံဝါဒမှ မဟာဗျူဟာမြောက် အရွေ့အဖြစ် ထင်ရှားခဲ့ပါသည်။ ဤနိုင်ငံများသည် ကမ္ဘာ့နိုင်ငံအများစု၏ ဆန္ဒမဲအသာဖြင့် အနိုင်ရလိမ့်မည်မဟုတ်တော့ကြောင်း နိုင်ငံတကာအသိုက်အဝန်းကို ရှင်းလင်းသည့် သတိပေးချက် ပေးပို့ခြင်း ဖြစ်သည်။[၁၂၆] NWICO နှင့် MacBride ကော်မရှင်ကို ရည်ညွှန်းကိုးကားချက်များသည် နိုင်ငံစုံပါဝင်သည့် စင်မြင့်တွင် မှေးမှိန်သွားသော်ငြား 'ကုလသမဂ္ဂနှင့် နိုင်ငံတကာအစည်းအဝေး အမျိုးမျိုးတွင် ခေတ်သစ်ကမ္ဘာ့ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးအစီအစဉ်ကို ဆင့်ကဲတိုးတက်ပြီး စဉ်ဆက်မပြတ် လုပ်ငန်းစဉ်တရပ်အဖြစ် ရှုမြင် သတ်မှတ်ရန် အတွက် ဤအနေအခြေတွင် တိုက်တွန်းကြောင်း' ကို ကုလသမဂ္ဂ အထွေထွေညီလာခံက အသိအမှတ်ပြုခဲ့ပါသည်။[၁၂၇] ၎င်း၏ အစီရင်ခံစာကို ထုတ်ပြန်ခြင်းနှင့်အတူ MacBride ကော်မရှင်သည် ၎င်းကိုယ်တိုင် ရှုံးနိမ့်ခြင်း အဖြစ်သာမက ဆက်လက်ဆောင်ရွက်ရန် အခွင့်အလမ်း မည်သောအခါမျှ မရရှိကြောင်း ရှုမြင်ခံရသည်။ အဘယ့်ကြောင့်ဆိုသော် အစီရင်ခံစာနှင့် ၎င်း၏ သုံးသပ်အကြံပြုချက်များကို ဘယ်သောအခါမျှ အမှန်တကယ် အကောင်အထည်မဖော်ခဲ့ခြင်းကြောင့် ဖြစ်သည်။[၁၂၈] စစ်အေးခေတ် ပြီးဆုံးခြင်းသည် သမိုင်းတွင် အခန်းကဏ္ဍသစ် ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သလို သတင်းအချက်အလက်အသိုက်အဝန်းဆိုင်ရာ ကမ္ဘာ့ထိပ်သီးညီလာခံကို ၂၁ ရာစုတွင် စတင်သည့်အချိန်အထိ NWICO အပေါ် နိုင်ငံတကာ၏ အာရုံစိုက်မှု မရှိသည့်အချိန်ကာလသည်လည်း ပြီးဆုံးသွားပါသည်။

အစီရင်ခံစာ ထုတ်ပြန်ပြီးနောက် ၁၃ နှစ် ကြာမြင့်ပြီးချိန်တွင် ဗီယင်နာတွင် ကျင်းပသည့် လူ့အခွင့်အရေးဆိုင်ရာ ကမ္ဘာ့ညီလာခံတွင် ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးရုံးကို ကုလသမဂ္ဂက တည်ထောင်ခဲ့ပါသည်။[၁၂၉] *များပြားလှသည့် အချက်များအနက်* မဟာမင်းကြီး၏ အထူးတာဝန်ဝတ္တရားများမှာ -

- ဖွံ့ဖြိုးတိုးတက်မှုရပိုင်ခွင့် (right to development) အပါအဝင် ပြည်သူ့ရေးရာ၊ ယဉ်ကျေးမှု၊ စီးပွားရေး၊ နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာ အခွင့်အရေးများအားလုံးကို ထိထိရောက်ရောက် ခံစားရရှိမှုကို မြှင့်တင်ရန်နှင့် ကာကွယ်ရန်၊
- တောင်းခံထားသည့် နိုင်ငံများအတွက် လူ့အခွင့်အရေးနယ်ပယ်နှင့် သက်ဆိုင်သော အကြံဉာဏ်ပေးခြင်းများ၊ နည်းပညာနှင့် ငွေကြေးအထောက်အပံ့များ စီစဉ်ပေးရန်၊
- လူ့အခွင့်အရေးနယ်ပယ်ရှိ ကုလသမဂ္ဂ ပညာရေးနှင့် ပြည်သူ့ရေးရာ သတင်းအချက်အလက် အစီအစဉ်များကို ပေါင်းစပ်ဆောင်ရွက်ရန်၊

---

[၁၂၆] Nordenstreng, 'The History of NWICO and its Lessons' (n. 68) 37.

[၁၂၇] Gerbner and others (n. 67) xii.

[၁၂၈] G. Tremblay, 'The MacBride Report, Always Topical' in *25 Years of the MacBride Report* (2005) www.p ortal comun icaci on.co m/inf orme_ macbr ide/e ng/ar ticle s.asp ; E.S. Ruiz, 'Current Aspects of the MacBride Report: A Latin American Viewpoint' in *25 Years of the MacBride Report* (2005).

[၁၂၉] UNGA 'High Commissioner for the Promotion and Protection of All Human Rights' (20 December 1993) A/RES/48/141.

- လူ့အခွင့်အရေး အပြည့်အဝ ဖြစ်ထွန်းမှုအတွက် အတားအဆီးများကို ဖယ်ရှားခြင်းနှင့် ကမ္ဘာအနှံ့ရှိ လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ဖြစ်ပွားနေမှုအား တားဆီးခြင်းတို့တွင် တက်ကြွသည့် အခန်းကဏ္ဍမှ ပါဝင်ရန်၊
- လူ့အခွင့်အရေးကို လေးစားတန်ဖိုးထားရန်အလို့ငှာ အစိုးရများနှင့် အပြန်အလှန် ဆွေးနွေးခြင်းကို ထိတွေ့ဆောင်ရွက်ရန်၊
- လူ့အခွင့်အရေးမြှင့်တင်ခြင်းနှင့် ကာကွယ်ခြင်းတို့အတွက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုကို မြှင့်တင်ရန်၊
- ကုလသမဂ္ဂစနစ်အနှံ့အပြားရှိ လူ့အခွင့်အရေးမြှင့်တင်ခြင်းနှင့် အကာအကွယ်ပေးခြင်း လုပ်ဆောင်ချက်များတွင် ပူးပေါင်းပါဝင်ရန်၊
- ကုလသမဂ္ဂယန္တရား၏ အကျိုးရှိထိရောက်မှုနှင့် စွမ်းဆောင်နိုင်မှုတို့ကို မြှင့်တင်ရန် အလို့ငှာ အဆိုပါ ယန္တရားကို လူ့အခွင့်အရေးနယ်ပယ်အတွင်း ပို၍ ထိရောက်၊ ခိုင်မာအားကောင်းအောင် ဆောင်ရွက်ပြီး တိုးမြှင့်သွားရန်။[၁၃၀]

ဤဖွံ့ဖြိုးတိုးတက်မှုနှင့် အပြိုင် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ကော်မရှင်သည် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်နှင့် လွတ်လပ်စွာထင်မြင်ယူဆခွင့်ဆိုင်ရာ ကုလသမဂ္ဂ အထူးအစီရင်ခံစာတင်သွင်းသူ (UN Special Rapporteur on Freedom of Expression and Opinion) ရာထူးကို ဖန်တီးခဲ့သည်။[၁၃၁] *အခြားသော အရာများအနက်* အထူးအစီရင်ခံစာတင်သွင်းသူ၏ အခန်းကဏ္ဍမှာ 'လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်နှင့် လွတ်လပ်စွာထင်မြင်ယူဆခွင့်တို့ကို ၎င်း၏ သရုပ်သကန်အားလုံးအတွင်း ပို၍ကောင်းမွန်စွာ မြှင့်တင်ရန်နှင့် ကာကွယ်ရန် နည်းလမ်းများနှင့် နည်းစနစ်များ' နှင့် စပ်လျဉ်း၍ အကြံပြုချက်များ ပေးရန် ဖြစ်သည်။[၁၃၂] တတိယ မြောက် ကုလသမဂ္ဂ အထူးအစီရင်ခံစာတင်သွင်းသူ Frank La Rue သည် အစီရင်ခံစာတင်သွင်းသူ ၃ ဦးအနက် အင်တာနက် လက်လှမ်းမီ ရရှိသုံးစွဲခွင့်ကို လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်အား ဖြည့်ဆည်းသည့် အစိတ်အပိုင်းအဖြစ် ထည့်သွင်းသည့် ပထမဆုံးသူ ဖြစ်ပါသည်။ လူ့အခွင့်အရေးကောင်စီထံသို့ တင်သွင်းသည့် သူ၏ ၂၀၁၁ ခုနှစ် အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြခဲ့ပါသည်။[၁၃၃] အင်တာနက်စီမံအုပ်ချုပ်မှုဖိုရမ်တွင် သူ၏ ပူးပေါင်း

---

[၁၃၀] ibid.

[၁၃၁] UNCHR 'Right to Freedom of Opinion and Expression' (5 March 1993) Res 1993/45; UNHRC 'Mandate of the Special Rapporteur on the Promotion and Protection of the Right to Freedom of Opinion and Expression' (28 March 2008) Res 7/36 [hereafter HRC resolution 7/36].

[၁၃၂] HRC resolution 7/36 (n. 131), Mandate para. (c).

[၁၃၃] UNGA 'Report of the Special Rapporteur on the Promotion and Protection of the Right to Freedom of Opinion and Expression, Frank La Rue' (16 May 2011) UN Doc A/HRC/17/27, para. 19.

ပါဝင်မှုကို ဤအခန်းနောက်ပိုင်းတွင် အသားပေး ဖော်ပြသွားမည် ဖြစ်ပြီး သူ၏ အားစိုက်ထုတ်မှုသည် ဥပဒေ ဖွံ့ဖြိုးရေးအတွက် သက်ဆိုင်မှု ရှိပါသည်။[၁၃၄]

၂-၃။ အဆင့် (၃) - ၂၀၀၃ ခုနှစ် နှင့် ၂၀၀၅ ခုနှစ် သတင်းအချက်အလက် အသိုက်အဝန်းဆိုင်ရာ ကမ္ဘာ့ထိပ်သီး ညီလာခံ (WSIS)

၂၀၀၃ ခုနှစ်နှင့် ၂၀၀၅ ခုနှစ်တို့တွင် သတင်းအချက်အလက်အသိုက်အဝန်းဆိုင်ရာ ကမ္ဘာ့ထိပ်သီး ညီလာခံ (WSIS) ကို အဆင့် ၂ ဆင့်ဖြင့် ကုလသမဂ္ဂမှ ကြီးမှူးကျင်းပသည့်အချိန် ရာစုနှစ်အကူးအပြောင်းကာလတွင် NWICO အကြောင်း ဆွေးနွေးပွဲများ ပြန်လည် ပေါ်ပေါက်လာသည်။[၁၃၅] ထိပ်သီးညီလာခံ၏ အဆင့် ၂ ဆင့်စလုံးတွင် ပါဝင်သူများသည် နိုင်ငံများ၊ လူမှုအဖွဲ့အစည်းနှင့် စီးပွားရေးလုပ်ငန်းရှင်များဖြစ်ကြသည့်အတွက် WSIS ၏ အဆင့်များကို 'သက်ဆိုင်သူမျိုးစုံ' ပါဝင်သည့် အစီအစဉ်တခုအဖြစ် ယူဆပါသည်။[၁၃၆] ပါဝင်သည့် ကနဦး ကုလသမဂ္ဂ အဖွဲ့အစည်း ၃ ခုတွင် ITU (အိမ်ရှင်နှင့် ဦးဆောင်သူ)၊ UNESCO နှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် (UNDP) တို့ ပါဝင်သည်။ သတင်းအချက်အလက်နည်းပညာ လက်လှမ်းမီ ရရှိရေး သေချာစေမည့် ဖွံ့ဖြိုးမှုအခြေပြု ချဉ်းကပ်နည်းကို ပိုဦးတည်ထားသည့် အလှည့်အပြောင်းသည် ကုလသမဂ္ဂ ဆုံးဖြတ်ချက် ၅၆/၁၈၃ တွင် ထင်ရှားပေါ်လွင်နေပါသည်။ ၎င်းဆုံးဖြတ်ချက်သည် WSIS အတွက် တောင်းဆိုပါသည်။ ၎င်း၏ စကားချီးတွင် ဆုံးဖြတ်ချက်က ဖော်ပြသည်မှာ -

> ကမ္ဘာလုံးဆိုင်ရာ သဘောတူညီမှုနှင့် သန္နိဋ္ဌာန်ကို နိုင်ငံရေးအရ အမြင့်ဆုံးအဆင့်တွင် ထိန်းကျောင်းရေး လိုအပ်ချက်ကို လက်ခံစေရမည်။ ဖွံ့ဖြိုးတိုးတက်မှုအတွက် သတင်းအချက်အလက်၊ အသိပညာနှင့် ဆက်သွယ်ရေး နည်းပညာကို နိုင်ငံအားလုံးက လက်လှမ်းမီ ရရှိစေခွင့် အရေးပေါ် လိုအပ်ချက်ကို မြှင့်တင်ရန် လိုအပ်သည့် သန္နိဋ္ဌာန်များ ဖြစ်သည်။ သို့မှသာ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ တိုးတက်ပြောင်းလဲမှု၏ အကျိုးစီးပွားများကို ခံစားနိုင်မည်ဖြစ်သည်။ ထို့အပြင် သတင်းအချက်အလက် အသိုက်အဝန်းနှင့် ဆက်စပ်သည့် သင့်လျော်သော ကိစ္စရပ်များနယ်ပယ် တခုလုံးကို

---

[၁၃၄] ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် David Kaye သည် လက်ရှိ လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်နှင့် လွတ်လပ်စွာ ထင်မြင်ယူဆခွင့်ဆိုင်ရာ ကုလသမဂ္ဂ အထူးအစီရင်ခံစာတင်သွင်းသူ ဖြစ်ကြောင်း မှတ်သားထားရန် အရေးကြီးသည်။ နောက်ထပ်အချက်အလက်များအတွက် www.ohchr.org/EN/ISSUES/FREEDOMOPINION/Pages/OpinionIndex.aspx ကို ကြည့်ပါ။

[၁၃၅] Claudia Padovani, 'Debating Communication Imbalances from the MacBride Report to the World Summit on the Information Society: An Analysis of a Changing Discourse' (2005) 1 *Global Media and Communication* 316–18.

[၁၃၆] William H. Dutton and Malcolm Peltu, 'The New Politics of the Internet. Multi-Stakeholder Policy-Making and the Internet Technocracy' in A. Chadwick and P.N. Howard (eds), *Routledge Handbook of Internet Politics* (Routledge 2009) 385.

ကိုင်တွယ်နိုင်မည် ဖြစ်သည်။ အစိုးရများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် လူမှုအဖွဲ့အစည်းများ၏ ကဏ္ဍအားလုံးများက သတင်းအချက်အလက် အသိုက်အဝန်း၏ ဘုံမျှော်မှန်းချက်နှင့် နားလည်သဘော ပေါက်မှုကို ဖွံ့ဖြိုးမှု၊ ကြေညာချက် ထုတ်ပြန်ခြင်းနှင့် အကောင်အထည်ဖော်မည့် ဆောင်ရွက်ချက်အစီအမံ ချမှတ်ခြင်းတို့မှတဆင့် ကိုင်တွယ်သွားမည် ဖြစ်သည်။[၁၃၇]

အဆင့်တခုစီကို ဖြစ်ပေါ်စေသည့် ကနဦးအဆင့်များတွင် အရပ်ဖက် လူအဖွဲ့အစည်းများထံမှ OHCHR သို့ ပေးပို့ထားသည့် တရားဝင်စာတစောင် ရှိခဲ့ပါသည်။ ထိပ်သီးညီလာခံတွင် ၎င်းတို့ပူးပေါင်းပါဝင်ခွင့်နှင့် လူ့အခွင့်အရေးအပေါ် ပို၍ အားကောင်းမောင်းသန် အလေးထားရေး သေချာစေရန် ၎င်းတို့မှ အကူအညီပေးခွင့် ရရှိရန် တောင်းခံစာဖြစ်ပါသည်။[၁၃၈] ၂၀၀၃ ခုနှစ် အဆင့်တွင် တရားဝင် အခန်းကဏ္ဍ မရှိသေးသော်ငြား ထိပ်သီးညီလာခံတွင် ပူးပေါင်းပါဝင်ခဲ့သည်။ မျက်နှာစုံညီဆွေးနွေးပွဲအပိုင်းများအနက် တခုတွင် ခေတ္တမဟာမင်းကြီးသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုတင်ပြခွင့်အကြောင်း ပြောဆိုခဲ့သည်။ သို့သော် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်၏ အခန်းကဏ္ဍကို အစီရင်ခံစာက အသားပေးဖော်ပြပုံနှင့် များစွာ ခြားနားသည့် နည်းအတိုင်း ပြောဆိုပါသည်။[၁၃၉] သူ၏ မိန့်ခွန်းတွင် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်၏ အခန်းကဏ္ဍကို အစဉ်အလာအားဖြင့် 'မလုပ်ဆောင်ရမည့် တာဝန်များ' အမြင်ရှုထောင့်မှ အသားပေးဖော်ပြပြီး သတင်းအချက်အလက်များနှင့် ဝန်ဆောင်မှုများကို လူတိုင်းလက်လှမ်းမီ ရရှိသုံးစွဲခွင့်ကို ဖွံ့ဖြိုးတိုးတက်မှု အမြင်ရှုထောင့်မှ နေ၍ အကြံပြုထားပါသည်။ သူက ဖော်ပြထားသည်မှာ -

> တယ်လီဆက်သွယ်ရေးများ၊ ရုပ်သံထုတ်လွှင့်မှုနှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာများ၏ အခြားသောပုံစံများရှိ အံ့အားသင့်ဖွယ် တိုးတက်မှုများတွင် လူ့အခွင့်အရေးအပေါ် ဆိုးကျိုးသက်ရောက်နိုင်ခြေကို ကျွန်ုပ်တို့အားလုံး စိုးရိမ်ကြရမည်။ စုံစမ်းစစ်ဆေးရေးနှင့် လုံခြုံရေးဆိုင်ရာ အလျင်အမြန် တိုးတက်မှုများသည် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်နှင့် အသင်းအဖွဲ့ ဖွဲ့စည်းခွင့် အပေါ် ကျောချမ်းဖွယ် အကျိုးသက်ရောက်မှုရှိနိုင်သည်။ ထို့အပြင် သတင်းအချက်အလက် လက်လှမ်းမီရရှိ သုံးစွဲခွင့်ကို ကန့်သတ်ရာတွင် နည်းပညာအသစ်များကို အသုံးပြုနိုင်ကြသည်။ တပြိုင်နက်တည်းမှာပင် လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့်ကြောင့် အမုန်းစကားများနှင့် လူမျိုးရေးခွဲခြားသည့် စကားများ ဖြန့်ဝေခြင်း၊ ကလေးညစ်ညမ်းရုပ်ပုံနှင့် အခြား လူ့ဂုဏ်သိက္ခာ အလွဲသုံးစွဲပြုခြင်းများကို တားမြစ်ရန် အတွက် နည်းလမ်းရှာဖွေရာတွင် အစိုးရများက အသေအချာ စိတ်ဝင်စားကြပေသည်။ [....] လူတဦးချင်းစီ၊ လူ့အဖွဲ့အစည်းများနှင့် လူများအားလုံးသည် အနာဂတ်ကာလ သတင်းအချက်အလက် အသိုက်အဝန်းတွင် အပြည့်အဝနှင့် အညီအမျှ အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့် ရှိနိုင်ရမည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ သို့မဟုတ် စီးပွားရေး

---

[၁၃၇] UN General Assembly Resolution 56/183 World Summit on the Information Society (emphasis added).

[၁၃၈] အရပ်ဖက်လူ့အဖွဲ့အစည်းထံမှ စာမူကြမ်းကို ဤနေရာတွင် တွေ့နိုင်သည် http://www.iris.sgdg.org/actions/smsi/hrwsis/list/2002/msg00156.html

[၁၃၉] WSIS 'Statement by Mr. Bertrand Ramcharan, Acting High Commissioner for Human Rights, Geneva' (11 December 2003).

စပ်ကူးမပ်ကူးနိုင်ငံများရှိ လူများအတွက် ဤနည်းပညာများသည် မြောက်များစွာသော အကျိုးကျေးဇူးများကို ဆောင်ကြဉ်းနိုင်ပါသည်။ ထို့အပြင် အစိုးရကိုလည်း လက်လှမ်းမီ လွယ်ကူကာ ပွင့်လင်းမြင်သာ၍ ဒီမိုကရေစီနည်းလမ်းတကျ ဖြစ်အောင် ပိုမို လုပ်ဆောင်နိုင်ပါသည်။[၁၄၀]

၂၀၀၅ ခုနှစ်တွင် OHCHR ၏ ပူးပေါင်းပါဝင်မှုသည် အတော်ပင် နည်းပါးပါသည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုတင်ပြခွင့်နှင့် ထင်မြင်ယူဆခွင့်ဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr Ambeyi Ligabo နှင့် ကုလသမဂ္ဂ လူ့အခွင့်အရေး အရာရှိ Mr Luca Lupoli တို့ နှစ်ဦးသာလျှင် ပါဝင်ပါသည်။[၁၄၁] ကုလသမဂ္ဂ၏ ဦးဆောင် လူ့အခွင့်အရေးအဖွဲ့အစည်း၏ အတော်ပင်နည်းပါးသော ကိုယ်စားပြုမှု ရှိသည်သာမက WSIS ခေါင်းဆောင်အဖြစ် ITU နှင့်အတူ လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်အပါအဝင် လူ့အခွင့်အရေး၏ အခန်းကဏ္ဍကို မူဘောင်သတ်မှတ်သည့် အခြေခံမူအဖြစ် အသိအမှတ်ပြုသော်ငြား 'အကောင်အထည်ဖော် ဆောင်ရွက်ရမည့် နယ်ပယ်များ (Action Lines)' ကို ပုံဖော်ရာတွင် အနည်းငယ်မျှသာ အသုံးပြုကြသည်။ ဤကဲ့သို့ အားလုံးပိုမို ပါဝင်သည့် သတင်းအချက် အလက် အသိုက်အဝန်းကို မည်သို့ ရရှိနိုင်မည့်အကြောင်း ပါဝင်သူများအတွက် လမ်းညွှန်ချက်ကို ဤအကောင် အထည်ဖော် ဆောင်ရွက်ရမည့် နယ်ပယ်များက ချမှတ်ပေးပါသည်။[၁၄၂]

ဤအချက်ကို ထပ်မံလေ့လာရန်အတွက် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်ကို ၂၀၀၃ ခုနှစ်နှင့် ၂၀၀၅ ခုနှစ် WSIS အဆင့်နှစ်ခုစလုံး၏ တရားဝင်စာရွက်စာတမ်းများအတွင်း မည်သို့ ထည့်သွင်းပေါင်းစပ်ထားသည်ကို ကြည့်ရှုရန် လိုအပ်ပါသည်။ ထိပ်သီးညီလာခံရှိ အရပ်ဖက်လူ့အဖွဲ့အစည်း၏ အခန်းကဏ္ဍကိုလည်း သတိပြုရန် အရေးကြီးပါသည်။ MacBride ကော်မရှင်၏ တွေ့ရှိချက်များကို ပိုမို ပေါင်းစပ်ထည့်သွင်းရန် ကြိုးစားထားသည့် စင်ပြိုင်ကြေညာစာတမ်းကို ချမှတ်ခြင်း ပါဝင်သည်။ ဤကြေညာစာတမ်းများတွင် ဥပဒေအရ စည်းနှောင်မှု အခွင့်အာဏာ မရှိကြသော်ငြား သတင်းအချက်အလက် နည်းပညာကို လက်လှမ်းမီ ရရှိအောင် အစီအမံများကို အစိုးရများက မည်သို့ အကောင်အထည်ဖော်သည်ကို ပုံဖော်ကြသည်။ သတင်းအချက်အလက် နည်းပညာကို လူတိုင်း လက်လှမ်းမီ ရရှိရန် အစိုးရများက မည်သို့ စွမ်းဆောင်ခြင်းအတွက် WSIS အကောင်အထည်ဖော်ရေး မူဘောင်အတွင်း လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့်၏ အခန်းကဏ္ဍနှင့် လူ့အခွင့်အရေး ဥပဒေ မူဘောင်ကို မည်သည့်နေရာတွင် ပြန်လည်ထည့်သွင်းနိုင်သည်ကို ဖော်ထုတ်ခြင်းဖြင့် WSIS ၏ ပန်းတိုင်များကို လူ့အခွင့်အရေးသုတေသနက အထောက်အပံ့ပြုနိုင်ပါသည်။ ထို့နောက် ဤကျယ်ပြန့်သည့် အပြည်ပြည်ဆိုင်ရာ မူဘောင်များ ဖွံ့ဖြိုးလာရေးကို အစီအစဉ်ရေးဆွဲရာတွင် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်နှင့် အခြားအခွင့်

---

[၁၄၀] ibid.

[၁၄၁] WSIS Official List of Participants: www.itu.int/wsis/docs2/tunis/final-list-participants.pdf accessed 27 September 2014.

[၁၄၂] R. Mansell and K. Nordenstreng, 'Great Media and Communication Debates: WSIS and the MacBride Report' (2006) 3 *Information Technologies and International Development* 25–27.

အရေးများက ပို၍ ကြီးမားသည့် အခန်းကဏ္ဍအဖြစ် မည်သည့်နေရာမှ ပါဝင်နိုင်သည်နှင့် ပါဝင်သင့်သည်ကို ဦးတည်၍ လေ့လာဆန်းစစ်ချက်က အဖြေပေးပါသည်။

၂-၃-၁။ ၂၀၀၃ ခုနှစ် ထိပ်သီးညီလာခံ - NWICO နှင့် WSIS တို့အကြား မတူညီသည့် ရေရှည်မျှော်မှန်းချက်များနှင့် ကွဲပြားသည့် ချဉ်းကပ်နည်းများ

WSIS ၏ လုပ်ငန်းဆောင်တာနှင့် ပူးပေါင်းပါဝင်မှုများကို ဤအပိုင်းက ဦးစွာ မိတ်ဆက်ပြီးနောက် ၂၀၀၃ ခုနှစ် WSIS ၏ တရားဝင် စာရွက်စာတမ်းများနှင့် ၂၀၀၃ ခုနှစ် အရပ်ဖက်လူ့အဖွဲ့အစည်းကြေညာစာတမ်းတို့ အကြား ကွာခြားချက်များကို ထုတ်နှုတ်ပါသည်။ တည်ဆဲ လူ့အခွင့်အရေးမူဘောင်များကို လေ့လာသည့် နောက်ပိုင်း အခန်းများအတွက် ဤကွာခြားချက်များသည် အသင့်လျော်ဆုံး ဖြစ်သည်။[၁၄၃] အစီရင်ခံစာ၏ တွေ့ရှိချက်များသည် ၂၀၀၃ ခုနှစ် နှင့် ၂၀၀၅ ခုနှစ် WSIS ၏ အလေးထားမှုနယ်ပယ်တွင် အကျုံးမဝင် ရှိနေဆဲ ဖြစ်သည်။[၁၄၄] WSIS တွင် ပူးပေါင်းပါဝင်ကြသည့် အရပ်ဖက်လူ့အဖွဲ့အစည်းမှ ချမှတ်သည့် ကြေညာစာတမ်းသည် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်နှင့် လူ့အခွင့်အရေးများ[၁၄၅]၊ ဒီမိုကရေစီနှင့် ယဉ်ကျေးမှုနယ်ပယ်များတွင် ပါဝင်ပူးပေါင်းခြင်း[၁၄၆]နှင့် လူတိုင်းပိုမိုပါဝင်ခွင့် ရှိသည့် သတင်းအချက်အလက် အသိုက်အဝန်း၏ တခုချင်းစီနှင့် ပေါင်းစု အကျိုးကျေးဇူးများ[၁၄၇]ကို ယေဘုယျအားဖြင့် ပိုမို အသားပေးထားသည်။

၂-၃-၁-၁။ WSIS ၏ လုပ်ငန်းဆောင်တာနှင့် ပူးပေါင်းပါဝင်သူများ

၂၀၀၃ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ တယ်လီဆက်သွယ်ရေးအဖွဲ့၏ အဆိုပါကာလ အထွေထွေ အတွင်းရေးမှူးဖြစ်သူ Yoshio Utsumi သည် သတင်းအချက်အလက် လွတ်လပ်စွာ စီးဆင်းမှု ဆိုင်ရာ NWICO ဆွေးနွေးပွဲများတွင် ၂၀၀၃ ခုနှစ် WSIS ၏ ရလဒ်များ အထူးသဖြင့် ထောင်စုနှစ် ကြေညာစာတမ်း (Millennium Declaration) နှင့် ချိတ်ဆက်ခဲ့ပါသည်။ သူက ဖော်ပြသည်မှာ -

> သိသာအထင်ရှားဆုံးမှာ အဓိကကျသည့် လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေး ပြဿနာ အများအပြားကို ကိုင်တွယ်ဖြေရှင်းရာတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ၏ အရေးပါမှုကို ကမ္ဘာ့ခေါင်းဆောင်များက သဘောတူခဲ့ကြသည်။ ထို့အပြင် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များကို ရရှိရန် အဓိက

---

[၁၄၃] Hamelink and Hoffmann (n. 6) 8.

[၁၄၄] ibid.

[၁၄၅] WSIS 'Shaping Information Societies for Human Needs: Civil Society Declaration to the World Summit on the Information Society' (8 December 2003), section 2 www.itu.int/wsis/docs/geneva/civil-society-declaration.pdf.

[၁၄၆] ibid.

[၁၄၇] ibid.

ကျသည့် သတင်းအချက်အလက်၊ အယူအဆနှင့် အသိပညာများ လွတ်လပ်စွာ စီးဆင်းသည့် အရေးပါသော အခန်းကဏ္ဍကို ထောင်စုနှစ် ကြေညာစာတမ်းတွင် ထည့်သွင်းထားခဲ့ပါသည်။[၁၄၈]

ITU ၏ ဝက်ဆိုက်စာမျက်နှာအရဆိုသော် ဂျနီဗာမြို့တွင်ကျင်းပသည့် WSIS ၏ အစည်းအဝေးကဏ္ဍတွင် ၁၇၆ နိုင်ငံမှ တက်ရောက်သူ ၁၁,၀၀၀ ဦး ရှိခဲ့ပြီး နိုင်ငံခေါင်းဆောင်များနှင့် ဒုတိယသမ္မတ ၅၀ ဦး၊ ဝန်ကြီး ၈၂ ဦး၊ ဒုတိယဝန်ကြီးနှင့် နိုင်ငံ့ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ၂၆ ဦးတို့ ပါဝင်သည်။[၁၄၉] အခြေခံမူများဆိုင်ရာ ဂျနီဗာ ကြေညာစာတမ်း၏ အပိုဒ် ၂၀ က ဖော်ပြသည်မှာ-

> သတင်းအချက်အလက် အသိုက်အဝန်း ဖွံ့ဖြိုးရေးနှင့် သင့်လျော်ပါက ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်တွင် အစိုးရများသာမက ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဖက်လူ့အဖွဲ့အစည်းနှင့် ကုလသမဂ္ဂနှင့် အခြား အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများတွင် အရေးပါသည့် အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ ရှိကြသည်။ ပြည်သူဗဟိုပြု သတင်းအချက်အလက်အသိုက်အဝန်း တည်ဆောက်ခြင်းသည် ပူးတွဲအားထုတ်မှုဖြစ်ပြီး သက်ဆိုင်သူများအားလုံးအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်လုပ်ဆောင်မှု လိုအပ်သည်။[၁၅၀]

၂၀၀၃ ခုနှစ်တွင် WSIS ၏ ဥက္ကဋ္ဌ ဖြစ်သူ Pascal Couchepin သည် အခြေခံမူများဆိုင်ရာ ကြေညာစာတမ်း (Declaration of Principles) နှင့် လုပ်ငန်းအစီအစဉ် (Plan of Action) တို့အကြား ကွာခြားချက်ကို အောက်ပါ အတိုင်း ရှင်းပြပါသည်-

> ကြေညာစာတမ်းသည် သတင်းအချက်အလက်အသိုက်အဝန်းအတွက် အခြေခံဥပဒေနှင့် အလားသဏ္ဌာန်တူပါသည်။ ၎င်းတွင် နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးရှုထောင့်များ ရှိကြသည်။ ထောင်စုနှစ် ကြေညာစာတမ်းတွင် ဖော်ပြထားသည့် ပန်းတိုင်များကို ရရှိရန်အတွက် သတင်းအချက်အလက်နှင့် နည်းပညာသည် ကိရိယာတခု ဖြစ်ကြောင်း သတ်မှတ်သည်။ အားလုံးလက်လှမ်းမီပြီး မျှဝေထားကြသည့် အသိပညာအပေါ် အခြေခံထားသည့် သတင်းအချက်အလက် အသိုက်အဝန်းအတွက် နည်းလမ်းဖြစ်ကြောင်းကိုလည်း ထောက်ပြပါသည်။ ဤအခြေခံမူများကို ကျင့်သုံးရန်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန် ဦးတည်ချက်နှင့်အတူ ပြည့်စုံ၍ အကောင်အထည်ပြနိုင်သည့် ရည်မှန်းချက်များကို ရရှိရန်တို့အတွက် အနက်ပြန်ဆိုရာတွင် လုပ်ငန်းအစီအစဉ်သည် ရှင်းလင်းသည့် သန္ဓိဋ္ဌာန်ကို အသေးစိတ် ချမှတ်ပါသည်။[၁၅၁]

---

[၁၄၈] UN ‘WSIS Geneva Declaration of Principles’ (10–12 December 2003) WSIS-03/GENEVA/DOC/0004-E [ဤနေရာမှစ၍ အခြေခံမူများဆိုင်ရာ WSIS ကြေညာစာတမ်းဟု ရေးသားသွားမည်]; WSIS ‘The Geneva Declaration of Principles and Plan of Action’ (10–12 December 2003), Pascal Couepin ၏ မိတ်ဆက်စာ www.itu.int/wsis/docs/promotional/brochure-dop-poa.pdf

[၁၄၉] အချက်အလက်အားလုံးကို ITU WSIS website: www.itu.int/wsis/participation/index.html မှ ကောက်ယူထားသည်။

[၁၅၀] WSIS Declaration of Principles (n. 148), para. 20.

[၁၅၁] WSIS ‘The Geneva Declaration of Principles and Plan of Action’ (10–12 December 2003), Pascal Couepin ၏ မိတ်ဆက်စာ www.itu.int/wsis/docs/promotional/brochure-dop-poa.pdf

ပါဝင်သူများကို လုပ်ဆောင်ရန်လိုအပ်သည့် အချက်များကို ပြောပြသည့် ရလဒ်စာရွက်စာတမ်းများသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုတင်ပြခွင့်ကို စံပြုမူဘောင်အဖြစ် အလွန်ပင် နည်းပါးစွာ ရည်ညွှန်းကိုးကားထားသည့်အတွက် ဤအချက်သည် အရေးပါသည့်ခြားနားချက်ဖြစ်သည်။ UNESCO မှသည် ကုလသမဂ္ဂ၏ ITU သို့ ဦးဆောင်မှု အပြောင်းအလဲက WSIS ၏ ခေတ်ကာလသည် လူ့အခွင့်အရေးကို ဦးတည်ချက်ထားသည်ထက် ဖွံ့ဖြိုးရေးကို ဦးတည်ချက်ထားကြောင်း ကနဦး ညွှန်ပြချက် ဖြစ်ပါသည်။[၁၅၂]

၂-၃-၁-၂။ ၂၀၀၃ ခုနှစ် အခြေခံမူများဆိုင်ရာ ဂျနီဗာ ကြေညာစာတမ်း

WSIS ရှိ လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်၏ အခြေခံကျသည့် အခန်းကဏ္ဍကို ၂၀၀၃ ခုနှစ် အခြေခံမူများဆိုင်ရာ ကြေညာစာတမ်းက ထပ်လောင်းအတည်ပြုပါသည်။ လူ့အခွင့်အရေး ဖြည့်ဆည်းပေးရန် အတွက်သာမက လူ့အဖွဲ့အစည်းတွင် ပူးပေါင်းပါဝင်နိုင်ရန်အလို့ငှာ ဆက်သွယ်ရေး၏ အရေးပါမှုကို အသိအမှတ်ပြုထားသည်။ ကြေညာစာတမ်းက ဖော်ပြသည်မှာ -

> သတင်းအချက်အလက်အသိုက်အဝန်း၏ မရှိမဖြစ် အရေးပါသည့် အခြေခံတခုအဖြစ်သာမက လူ့အခွင့်အရေးကြေညာစာတမ်း၏ အပိုဒ် (၁၉) တွင် ဖော်ပြထားသည့်အတိုင်း လူတိုင်းတွင် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့် ရှိသည်။ အဆိုပါ အခွင့်အရေးတွင် ထင်မြင်ယူဆချက်များကို အနှောင့်အယှက်မရှိ လွတ်လပ်စွာ ကိုင်စွဲခွင့်နှင့် နယ်စည်းမခြား မည်သည့် ဆက်သွယ်ရေးနည်းလမ်းမှတဆင့် သတင်းအချက်အလက်နှင့် အယူအဆများကို လွတ်လပ်စွာ ရှာဖွေ၊ လက်ခံ၊ ဝေမျှခွင့်တို့ ပါဝင်သည်။ ဆက်သွယ်ရေးသည် အခြေခံကျသည့် လူမှုရေးရာ လုပ်ငန်းစဉ်၊ အခြေခံ လူသားလိုအပ်ချက်နှင့် လူမှုအဖွဲ့အစည်းအားလုံး၏ အခြေခံဖြစ်သည်။ သတင်းအချက်အလက် အသိုက်အဝန်းအတွက် ဗဟိုချက် ဖြစ်သည်။ လူတိုင်း နေရာမရွေး ပူးပေါင်းပါဝင်နိုင်သည့် အခွင့်အရေး ရှိရမည်ဖြစ်ပြီး သတင်းအချက်အလက်အသိုက်အဝန်းက ပေးစွမ်းသည့် အကျိုးကျေးဇူးများမှ မည်သူ တဦးတယောက်မျှ ဖယ်ကြဉ်ခံရခြင်း မရှိစေရပါ။[၁၅၃]

'ကျွန်ုပ်တို့၏ ဘုံသဘောဆန္ဒနှင့် သန္နိဋ္ဌာန် [မှာ] ပြည်သူဗဟိုပြု၊ အားလုံးပါဝင်၍ ဖွံ့ဖြိုးရေး အခြေပြု သတင်းအချက်အလက်အသိုက်အဝန်းကို တည်ဆောက်ရန် ဖြစ်ကြောင်း' ကိုလည်း ကြေညာစာတမ်းက ဖော်ပြခဲ့ပါသည်။[၁၅၄] အခြေခံမူများဆိုင်ရာ WSIS ၏ ကြေညာစာတမ်းသည် အခြေခံအဆောက်အဦလက်လှမ်းမီ ရရှိသူများအကြား မညီမျှချက်များကို ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ကြောင်း အသားပေးပါသည်။ သို့သော် MacBride အစီရင်ခံစာ ဆောင်ရွက်ခဲ့သည့်အတိုင်း ရရှိနိုင်သည့် အကြောင်းအရာအပေါ် အကျိုးသက်ရောက်မှုများကိုမူ မချိတ်ဆက်ထားပါ။ အဘယ့်ကြောင့်ဆိုသော် လူ့အဖွဲ့အစည်းအတွင်းရှိ အစိတ်အပိုင်းများက သတင်းအချက်အလက်နည်းပညာကို လက်လှမ်းမီ မရရှိကြခြင်းကြောင့် ဖြစ်ပါသည်။[၁၅၅]

---

[၁၅၂] Mac Síthigh (n. 4) 184.

[၁၅၃] WSIS Declaration of Principles (n. 148), para. 4.

[၁၅၄] ibid., para. 1.

[၁၅၅] ibid., para. 10.

WSIS ၏ ၂၀၀၃ ခုနှစ် အခြေခံမူများဆိုင်ရာ ဂျနီဗာကြေညာစာတမ်းသည် 'ဆက်သွယ်တင်ပြခွင့်' ကို ရှင်းရှင်းလင်းလင်း ထည့်သွင်းထားခြင်း မရှိပေ။[၁၅၆] ၂၀၀၃ ခုနှစ် ဂျနီဗာတွင် ကျင်းပသည့် ပထမဆုံး အစည်းအဝေး၏ အဓိက ရည်ရွယ်ချက်မှာ သတင်းအချက်အလက်အသိုက်အဝန်း၏ ပေါင်းစုအနက်အဓိပ္ပာယ်ကို ပြုစုရန် ဖြစ်ပြီး ၎င်းအနက်အဓိပ္ပာယ်ကို ပို၍ ပါဝင်မှုရှိရန် လိုအပ်သည့် အဆင့်များကို ရေးဆွဲပြုစုရန် ဖြစ်သည်။[၁၅၇] အခြေခံမူများဆိုင်ရာ ဂျနီဗာ ကြေညာစာတမ်းသည် သတင်းအချက်အလက်နည်းပညာများကို ဘက်မညီ ဖြန့်ဖြူးခြင်းဆိုင်ရာ NWICO ဆွေးနွေးချက်များကို ရှင်းရှင်းလင်းလင်း ရည်ညွှန်းထားပါသည်။[၁၅၈] သတင်းအချက်အလက်အသိုက်အဝန်း၏ မရှိမဖြစ် အခြေခံအဖြစ် လွတ်လပ်စွာ ထုတ်ဖော်တင်ပြခွင့်နှင့် UDHR ၏ အပိုဒ် (၁၉) ကိုလည်း ထပ်လောင်းအတည်ပြုပါသည်။[၁၅၉]

WSIS ၏ ၂၀၀၃ ခုနှစ် အခြေခံမူများဆိုင်ရာ ကြေညာစာတမ်းသည် စာနယ်ဇင်း၊ သတင်းအချက်အလက် လွတ်လပ်ခွင့်နှင့် ဗဟုဝါဒတို့၏ အခန်းကဏ္ဍကို အတူတကွ အောက်ပါအတိုင်း လိုရင်းအနှစ်ချုပ် ဖော်ပြခဲ့သည်-

> စာနယ်ဇင်းလွတ်လပ်ခွင့်နှင့် သတင်းအချက်အလက်လွတ်လပ်ခွင့်တို့၏ အခြေခံမူများကိုသာမက သတင်းအချက်အလက်အသိုက်အဝန်းအတွက် မရှိမဖြစ် အရေးပါသည့် ဆက်သွယ်ရေးနည်းလမ်း၏ လွတ်လပ်ခွင့်၊ ဗဟုဝါဒနှင့် အမျိုးစုံလင်မှုတို့၏ အခြေခံမူများကိုပါ ကတိကဝတ်ပြုကြောင်း ကျွန်ုပ်တို့ ထပ်လောင်းအတည်ပြုပါသည်။ အသိပညာ ဖန်တီးခြင်း၊ စုဆောင်းခြင်းနှင့် ဖြန့်ဖြူးခြင်းတို့အတွက် သတင်းအချက်အလက်များကို ရှာဖွေ၊ လက်ခံ၊ မျှဝေ၊ သုံးစွဲခွင့်သည် သတင်းအချက်အလက် အသိုက်အဝန်းအတွက် အရေးပါသည်။ ကျင့်ဝတ်နှင့် ပညာရှင်ဆန်ဆန် စံနှုန်းအမြင့်ဆုံးနှင့် အညီ မီဒီယာများက သတင်းအချက်အလက်များကို တာဝန်သိသိ အသုံးပြု၍ ပြုပြင်စီမံရန် ကျွန်ုပ်တို့ တိုက်တွန်းသည်။ အစဉ်အလာ ဆက်သွယ်ရေးနည်းလမ်းသည် ၎င်းတို့၏ ပုံစံအားလုံးအနေဖြင့် သတင်းအချက်အလက် အသိုက်အဝန်း၌ အရေးပါသည့် အခန်းကဏ္ဍရှိပြီး ဤအတွက် သတင်းအချက်အလက်နှင့် နည်းပညာသည် ထောက်ပံ့ပေးသည့် အခန်းကဏ္ဍမှ ပါဝင်သင့်သည်။ ပြည်တွင်း ဥပဒေနှင့် ကိုက်ညီစေရန်သာမက သင့်လျော်သည့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များကိုပါ ထည့်သွင်းစဉ်းစားခြင်းဖြင့် ဆက်သွယ်ရေးနည်းလမ်းပိုင်ဆိုင်ခွင့် မျိုးစုံကို အားပေးအားမြှောက်ပြုရမည်။ ဆက်သွယ်ရေးနည်းလမ်းအပေါ် သက်ရောက်မှုရှိနေသည့် အပြည်ပြည်ဆိုင်ရာ ဘက်မညီမျှမှုများကို လျှော့ချရန် လိုအပ်ကြောင်းကို ကျွန်ုပ်တို့ ထပ်လောင်းအတည်ပြုသည်။ အထူးသဖြင့် အခြေခံ အဆောက်အဦ၊ နည်းပညာပိုင်း အရင်းအမြစ်များနှင့် လူသားစွမ်းရည် ဖွံ့ဖြိုးတိုးတက်မှုများတွင် ဖြစ်သည်။[၁၆၀]

---

[၁၅၆] Hamelink and Hoffmann (n. 6) 8.

[၁၅၇] WSIS 'Resolution 73 of the ITU Plenipotentiary Conference' (Minneapolis 1998).

[၁၅၈] WSIS Declaration of Principles (n. 148), paras 10, 17, 61, 64.

[၁၅၉] Paula Chakravartty, 'Governance Without Politics: Civil Society, Development and the Postcolonial State' (2007) 1 *International Journal of Communication* 302.

[၁၆၀] WSIS Declaration of Principles (n. 148), para. 55.

ထို့အပြင် WSIS ၏ ၂၀၀၃ ခုနှစ် ကြေညာစာတမ်းသည် နိုင်ငံများအကြား ဓနကြွယ်ဝမှုရှိ ဘက်မညီမှုကို အသားပေး၍ မဖော်ပြထားပါ။ ပိုမို ပါဝင်မှုရှိသည့် သတင်းအချက်အလက် အသိုက်အဝန်းကို ဖန်တီးရန် အားထုတ်မှုများကို အဆင်ပြေချောမွေ့စေရန်အတွက် နိုင်ငံများ၏ စွမ်းဆောင်ရည်အပေါ် ကြွယ်ဝမှုက သက်ရောက်မှုရှိနိုင်ပေသည်။ သို့ရာတွင် အစဉ်အလာအရ ဖယ်ကြဉ်ခံရသည့် သီးသန့် လူ့အဖွဲ့အစည်းများ၏ လိုအပ်ချက်များကို အထူးအလေးထားရန်နှင့် စွမ်းဆောင်ရန်မြှင့်တင်ရန် အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းက အထူးပင် စိတ်ပိုင်းဖြတ်လုပ်ဆောင်ရမည်ကိုလည်း ပြောထားပါသည်။ ဖယ်ကြဉ်ခံရသည့် သီးသန့် လူ့အဖွဲ့အစည်းများတွင် ဌာနေတိုင်းရင်းသား၊ အမျိုးသမီး၊ မသန်စွမ်းများ၊ လူနည်းစု၊ ကျေးလက်ပြည်သူများနှင့် ဆင်းရဲသားများ သို့မဟုတ် အခွင့်အရေးမရရှိသူများ ပါဝင်သည်။[၁၆၀]

၂-၃-၁-၃။ ဂျနီဗာ လုပ်ငန်းအစီအစဉ်

ပိုမို ပါဝင်ခွင့်ရှိသည့် သတင်းအချက်အလက်အသိုက်အဝန်း အသေအချာ ဖြစ်စေရေးလိုအပ်သည့် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် နယ်ပယ် ၁၁ ခုကို ဂျနီဗာလုပ်ငန်းအစီအစဉ်က ပြုစုထားပါသည်။[၁၆၂] သို့ရာတွင် လုပ်ငန်းအစီအစဉ်သည် ဆက်သွယ်ရေးနည်းလမ်းအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် နယ်ပယ် အမှတ် (၉) တွင် လွတ်လပ်စွာ ထုတ်ဖော်တင်ပြခွင့်ကို တကြိမ်သာလျှင် ဖော်ပြထားပါသည်။[၁၆၃] အကောင်အထည်ဖော် ဆောင်ရွက်ရမည့် နယ်ပယ်အတွင်း လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်ကို နှစ်ကြိမ်သာ ဖော်ပြထားပါသည်။ ပထမတခုအနေဖြင့် လုပ်ဆောင်ချက်၏ အဖွင့်အပိုဒ်တွင် ဖော်ပြထားသည်မှာ-

> ပုံစံမျိုးစုံနှင့် ပိုင်ဆိုင်မှု အမျိုးမျိုးဖြင့် ဆက်သွယ်ရေးနည်းလမ်းသည် လုပ်ဆောင်သူတဦးအနေဖြင့် သတင်းအချက်အလက် အသိုက်အဝန်း ဖွံ့ဖြိုးရာတွင် မရှိမဖြစ် အခန်းကဏ္ဍ ရှိကြသည်။ ထို့အပြင် လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့်နှင့် သတင်းအချက်အလက် ပုံနှိပ်ခြင်းအတွက် အရေးပါသည့် အကူအပံ့ အဖြစ်လည်း အသိအမှတ်ပြုပါသည်။

ဆက်သွယ်ရေးနည်းလမ်းအကြောင်းအရာရှိ တရားမဝင်နှင့် အန္တရာယ်ရှိသည့် အကြောင်းအရာများကို ဖယ်ရှားရန် ဒုတိယမြောက် ကိုးကားချက်သည် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်နှင့် အညီ သင့်လျော်သည့် အရေးယူချက်များကို လုပ်ဆောင်ရန် နိုင်ငံများကို တွန်းအားပေးသည်။ လုပ်ငန်းအစီအစဉ်တွင် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်ကို အတော်ပင် အကန့်အသတ်ဖြင့် ကိုကားထားသည်နှင့် နှိုင်းယှဉ်ခြင်းဖြင့် ကြေညာစာတမ်းပါ ပိုမို ကျယ်ပြန့်သည့် တရားဝင် ထုတ်ပြန်ချက်များအကြား ရှေ့နောက်မညီညွတ်မှုသည် WSIS ၏ အကောင်အထည်ဖော်ခြင်းဆိုင်ရာ အားထုတ်မှုများအတွက် အရေးပါကြောင်း လက်ခံထားသည့် နယ်ပယ်ကို

---

[၁၆၀] ibid., paras 12–14.

[၁၆၁] UN ‘WSIS Geneva Plan of Action’ (10–12 December 2003) WSIS-03/GENEVA/DOC/0005 Section C; ဤသည်တို့ကို UN ‘WSIS Tunis Agenda for the Information Society’ တွင် ထပ်လောင်းအတည်ပြုသည် (18 November 2005) WSIS-05/TUNIS/DOC/6 (rev. 1)-E, para. 29 [ဤနေရာမှစ၍ WSIS တူးနစ်အစီအစဉ်ဟု ရေးသားသွားမည်]

[၁၆၂] ibid. Geneva Plan of Action.

လျော့နည်းစေသည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစံနှုန်းများနှင့် ကိုက်ညီစေရေး အားထုတ်မှုများ ဖြစ်သည်။ ထို့အစား လုပ်ငန်းအစီအစဉ်သည် ၎င်း၏ အားစိုက်ထုတ်မှုများကို ထောင်စုနှစ်ဖွံ့ဖြိုးရေးပန်းတိုင်များနှင့်သာ ကိုက်ညီအောင် ပိုမို အားစိုက်ထုတ်ထားသည်။ ထို့အပြင် လုပ်ငန်းအစီအစဉ်ကို အကောင်အထည်ဖော်ရန် တာဝန်ရှိမှုသည် နိုင်ငံများတွင်သာမကဘဲ WSIS အတွင်း ပူးပေါင်းပါဝင်သူများအားလုံးတွင် ရှိပါသည်။

၂-၃-၁-၄။ WSIS တွင် ထုတ်ပြန်ခဲ့သည့် ၂၀၀၃ ခုနှစ် အရပ်ဖက်လူ့အဖွဲ့အစည်းကြေညာစာတမ်း

၂၀၀၃ ခုနှစ်ကျင်းပသည့် WSIS အဆင့်တွင် အရပ်ဖက်လူ့အဖွဲ့အစည်းများသည် တရားဝင် ပူးပေါင်း ပါဝင်ခဲ့ကြသည်။ သို့ရာတွင် ၎င်းတို့၏ အမြင်များသည် ဖယ်ကြဉ်ခံထားရကြောင်း ယုံကြည်ထားသည်ကို အတော်ပင် ရှင်းရှင်းလင်းလင်းနှင့် ကွဲကွဲပြားပြား ဖော်ပြခဲ့ကြသည်။[၁၆၄] သို့ရာတွင် WSIS ၏ အရပ်ဖက်လူ့အဖွဲ့အစည်း ကြေညာစာတမ်းသည် အခြေခံအဆောက်အဦကို လက်လှမ်းမီ ရရှိခွင့်၏ အရေးပါမှုနှင့် အမှန်ပင် ချိတ်ဆက်ထားသည်။ ထို့အပြင် အထိခိုက်လွယ်လူအုပ်စုများအပေါ် အထူးအလေးထားမှုနှင့်အတူ အမျိုးစုံလင်သည့် အကြောင်းအရာ ရရှိမှုကိုလည်း ချိတ်ဆက်ထားသည်။ ဥပမာ ၂၀၀၃ ခုနှစ် အရပ်ဖက် လူ့အဖွဲ့အစည်း ကြေညာစာတမ်းက ဖော်ပြထားသည်မှာ -

> သတင်းအချက်အလက်များကို လက်လှမ်းမီရရှိ၊ ပေးပို့၊ လက်ခံရန် လိုအပ်ချက်သည် အထိခိုက်လွယ်လူများအတွက် အထူးပင် အဓိကကျသည့် စိန်ခေါ်ချက်တရပ်အဖြစ် ကိုယ်စားပြုသည်။ ဒုက္ခသည်များ၊ စစ်ပွဲကြောင့် နေရပ်ပြောင်းရွှေ့ရသူများ၊ ခိုလှုံခွင့်တောင်းခံသူများကဲ့သို့ ဖြစ်ကြပြီး ၎င်းတို့၏ အခွင့်အရေးများကို မသိရှိကြဘဲ ချိုးဖောက်ခံကြရလေ့ရှိသည်။ အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အညီ တရားဝင်နည်းလမ်းတကျ တောင်းဆိုချက်များကို ပြုနိုင်ရန်အလို့ငှာ ဤအုပ်စုများအတွက် ဆက်သွယ်ရေးနည်းလမ်းများကို လက်လှမ်းမီ ရရှိခွင့်သည် ၎င်းတို့၏ အခွင့်အရေးများကို ကာကွယ်ခြင်းနှင့် မြှင့်တင်ခြင်းအတွက် လိုအပ်သည်။[၁၆၅]

ထို့အပြင် UDHR ၏ အပိုဒ် (၁၉) ကို ကျိုးကြောင်းဆီလျော်စွာ ညွှန်းဆို၍ အရပ်ဖက်လူ့အဖွဲ့အစည်းကြေညာစာတမ်းက ဖော်ပြသည်မှာ -

> အယူအဆများ လွတ်လပ်စွာ ဖြန့်ဝေခြင်း၊ သတင်းအချက်အလက်များနှင့် ဆက်သွယ်ရေးနည်းလမ်း၏ အရင်းအမြစ်များဗဟုဝါဒ၊ စာနယ်ဇင်းလွတ်လပ်ခွင့်နှင့် သတင်းအချက်အလက် လက်လှမ်းမီ ရရှိသုံးစွဲခွင့်နှင့် အသိပညာမျှဝေခွင့် နည်းလမ်းများ ရရှိခွင့်တို့ ဖြစ်သည်။ အင်တာနက်တွင် လွတ်လပ်စွာ ထုတ်ဖော်

---

[၁၆၄] WSIS, 'Shaping Information Societies for Human Needs: Civil Society Declaration to the World Summit on the Information Society' (8 December 2003), Preamble www.itu.int/wsis/docs/geneva/civil-society-declaration.pdf. 'လုပ်ငန်းစဉ်၏ ဤအဆင့်ဖြစ်သော ၂၀၀၃ ခုနှစ် ဒီဇင်ဘာလတွင် ဂျနီဗာ၌ ကျင်းပသည့် ထိပ်သီးညီလာခံ၏ ပထမဆုံးအဆင့်တွင် ကျွန်ုပ်တို့ ပေါင်းစည်းဖော်ပြသည့် ဘုံအကျိုးစီးပွားနှင့် ကျွန်ုပ်တို့၏ အသံများကို ထိပ်သီညီလာခံ၏ စာရွက်စာတမ်းများတွင် အပြည့်အစုံ ထင်ဟပ်ဖော်ပြခြင်း မရှိပေ'။

[၁၆၅] WSIS Civil Society Declaration, section 2.1.5.

တင်ပြပြောဆိုခွင့်ကို ကိုယ်တိုင်ထိန်းချုပ်နည်းလမ်းနှင့် ကျင့်ဝတ်စည်းမျဉ်းများမှတဆင့်ထက် ဥပဒေ စည်းမျဉ်းများဖြင့် အကာကွယ်ပေးရမည်။ ဆက်သွယ်ရေးလုပ်ငန်းစဉ် သို့မဟုတ် သတင်းအချက်အလက် အကြောင်းအရာ၊ ထုတ်လွှင့်ခြင်းနှင့် ဖြန့်ဝေခြင်းတို့တွင် ကြိုတင်ဆင်ဆာဖြတ်တောက်ခြင်း၊ တဖက်သတ် ထိန်းချုပ်ခြင်း သို့မဟုတ် တားဆီးခြင်းမပြုရပေ။ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းလမ်း အရင်းအမြစ်များ၏ ဗဟုဝါဒကို ကာကွယ်ပေးပြီး မြှင့်တင်ရမည်။[၁၆၆]

ထိပ်သီးညီလာခံ နှစ်ခုအကြား အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲခွင့်အတွက် ဆွေးနွေးငြင်းခုံကြရာတွင် 'WSIS ကြေညာစာတမ်းသာမက ဂျနီဗာရှိ အများအားဖြင့် အကျယ်တဝင့် ဆွေးနွေးချက်တို့သည် လူ့အခွင့်အရေး ကြေညာစာတမ်းကို ဤသို့ ရိုးရိုးစင်းစင်း ကိုးကားချက်ထက် ကျော်လွန်ကာ ဆွေးနွေးခြင်းဖြင့် အဆင့်မြှင့်တင်ခြင်း မပြုခဲ့ကြပေ။ ထို့ကြောင့် ၂၁ ရာစုတွင် သတင်းအချက်အလက်အသိုက်အဝန်းနှင့် လူ့အခွင့်အရေးတို့ကို အတူတကွ ဆောင်ကြဉ်းရန် အခွင့်အရေး ပျောက်ဆုံးခြင်း ဖြစ်သည်' ဟု Best က ရေးသားခဲ့ပါသည်။[၁၆၇]

၂-၃-၂။ ၂၀၀၅ ခုနှစ် ထိပ်သီးညီလာခံ - အကောင်အထည်ဖော်ခြင်းအတွက် အစီအစဉ် ချမှတ်ခြင်း

၂၀၀၅ ခုနှစ်တွင် တူးနစ်မြို့တွင် ကျင်းပသည့် WSIS ထိပ်သီးညီလာခံ၏ ရည်ရွယ်ချက်များမှာ အင်တာနက် စီမံအုပ်ချုပ်မှုနှင့် ဘဏ္ဍာရေးယန္တရားများအတွက် ဖြေရှင်းနည်းများ၊ ဂျနီဗာနှင့် တူးနစ်မြို့တို့တွင် ရရှိထားသည့် သဘောတူညီချက်များကို အကောင်အထည်ဖော်ခြင်း အပါအဝင် နောက်ထပ် ဘုံသဘောတူညီချက်နှင့် အများဆန္ဒ ရရှိရန် ဖြစ်ပါသည်။[၁၆၈] ညီလာခံသို့ နိုင်ငံပေါင်း ၁၇၄ နိုင်ငံမှ တက်ရောက်သူ ၁၉,၀၀၀ ကျော် ရှိပါသည်။ ထွက်ပေါ်လာသည့် စာရွက်စာတမ်းများမှာ သန္နိဋ္ဌာန်များဆိုင်ရာကြေညာစာတမ်း (Declaration of Commitments) နှင့် သတင်းအချက်အလက် အသိုက်အဝန်းအတွက် တူးနစ်အစီအစဉ် (Tunis Agenda for the Information Society) တို့ ဖြစ်ကြသည်။[၁၆၉]

ဤအဆင့်၏ တရားဝင် စာရွက်စာတမ်း ၂ ခုဖြစ်သည့် တူးနစ်သန္နိဋ္ဌာန်နှင့် တူးနစ်လုပ်ငန်းအစီအစဉ်တို့တွင် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်နှင့် အားလုံးပါဝင်သည့် သတင်းအချက်အလက် အသိုက်အဝန်း ဖန်တီးခြင်းတို့အကြား တိုက်ရိုက်ဆက်နွယ်ချက်များ မပါရှိပေ။ တူးနစ် သန္နိဋ္ဌာန်တွင် UDHR ၏ အပိုဒ် (၁၉) ကို တခုတည်းသော ကိုးကားချက်မှာ အခြေခံမူများဆိုင်ရာ ဂျနီဗာ ကြေညာစာတမ်းပါ သက်ဆိုင်သည့် စာပိုဒ်ကိုသာ သန္နိဋ္ဌာန်က ကိုးကားထားခြင်း ဖြစ်သည်။ 'လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်နှင့် သတင်း အချက်အလက်၊ အယူအဆများနှင့် အသိပညာများ လွတ်လပ်စွာ စီးဆင်းမှုသည် သတင်းအချက်အလက်အသိုက်အဝန်းအတွက်

---

[၁၆၆] ibid., section 2.2.1.

[၁၆၇] Michael L. Best, 'Can the Internet be a Human Right?' (2004) 4 *Human Rights and Human Welfare* 25.

[၁၆၈] WSIS Geneva Plan of Action (n. 162), para. 29.

[၁၆၉] UN 'WSIS Tunis Commitment' (18 November 2005) WSIS-05/TUNIS/DOC/7-E, para. 4. WSIS Declaration of Principles (n. 148), para. 48–49; WSIS Tunis Agenda (n. 162), para. 29.

မရှိမဖြစ် လိုအပ်ပြီး ဖွံ့ဖြိုးရေးအတွက် အကျိုးဖြစ်ထွန်းစေကြောင်း' ဖော်ပြထားသည့် စာပိုဒ် ဖြစ်သည်။[၁၇၀] အင်တာနက်ကို ယနေ့ခေတ် သတင်းအချက်အလက်အသိုက်အဝန်း၏ အခြေခံကျသည့် အဆောက်အဦ အဖြစ်လည်း အသိအမှတ်ပြုထားသည်။[၁၇၁] ၂၀၀၅ ခုနှစ် တူးနစ်အစီအစဉ်သည် လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့်ကို အင်တာနက်စီမံအုပ်ချုပ်မှုအပိုင်းအောက်ရှိ အပိုဒ် ၄၂ တွင် တကြိမ်သာ ကိုးကားထားပါသည်။ အောက်ပါအတိုင်း ဖော်ပြထားပါသည် -

> သတင်းအချက်အလက်ကို လွတ်လပ်စွာ ရှာဖွေ၊ လက်ခံ၊ ဖြန့်ဝေ၊ အသုံးပြုရန် အထူးသဖြင့် အသိပညာ ဖန်တီးခြင်း၊ စုဆောင်းခြင်းနှင့် ဖြန့်ဝေခြင်းများအတွက် ကျွန်ုပ်တို့၏ သန္နိဋ္ဌာန်ကို ထပ်လောင်း အတည်ပြုပါသည်။ အင်တာနက် တည်ငြိမ်မှုနှင့် လုံခြုံရေးသေချာစေရန်၊ ဆိုင်ဘာရာဇဝတ်မှုများကို တိုက်ဖျက်ရန်နှင့် မသင့်လျော်မလိုလားသော သတင်းစကားများကို တန်ပြန်ရန်လုပ်ဆောင်သည့် အရေးယူချက်များသည် ပုဂ္ဂိုလ်ရေး လုံခြုံမှုနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုတင်ပြခွင့်အတွက် ပြဋ္ဌာန်းချက်များကို အကာကွယ်ပေးကာ လေးစားရမည် ဖြစ်သည်။ လူ့အခွင့်အရေးကြေညာစာတမ်းနှင့် အခြေခံမူများဆိုင်ရာ ဂျနီဗာ ကြေညာစာတမ်း၏ သင့်လျော်သည့် အပိုင်းများတွင် ပါဝင်ပါသည်။[၁၇၂]

WSIS လုပ်ငန်းစဉ်အတွက် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်၏ လျော်ကန်သင့်မြတ်မှုကို ကျဉ်းမြောင်းစွာ အနက်ပြန်ဆိုခြင်း ဖြစ်ပြီး MacBride အစီရင်ခံစာ၏ တွေ့ရှိချက်များမှ အလှမ်းဝေးကွာပါသည်။ ဆက်သွယ်ရေးပညာရှင် Alfonso Gumucio-Dagron သည် ၂၀၀၅ ခုနှစ်တွင် ရေးသားခဲ့သည်မှာ -

> သတင်းအချက်အလက်နည်းပညာပိုင်း သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကိစ္စရပ်နှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသစ်များ လက်လှမ်းမီ ရရှိမှုကို သတင်းအချက်အလက် အသိုက်အဝန်း၏ အဓိကျတွန်းအားအဖြစ် တင်ပြကြပြီး လူ့အဖွဲ့အစည်း၏ ဒီမိုကရေစီဖြစ်ထွန်းမှု၏ ပြင်ပတွင် ဆွေးနွေးခြင်း မပြုနိုင်ပေ။ ဆက်သွယ်တင်ပြခွင့်များနှင့် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့် ပြင်ပတွင် နည်းပညာသစ်များကို ချဲ့ထွင်ခြင်းနှင့် ခြုံငုံကောက်ချက်ချခြင်းကိုသာလျှင် တန်ဖိုးထားသည့် ဆွေးနွေးချက်ကို ခဲယဉ်းစွာ ကျွန်ုပ်တို့ လက်ခံကြပေလိမ့်မည်။[၁၇၃]

ထိပ်သီးညီလာခံ၏ ဤအဆင့် ၂ ဆင့်သည် အခြေခံအားဖြင့် သရုပ်ဖော်ပြသည်မှာ လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်သည် ဆွေးနွေးပွဲတွင် အဓိကကျနေဆဲပင် ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ဆွေးနွေးပွဲရှိ ယခင် အဓိကကျသည့် အချိန်ကာလနှစ်ခုကဲ့သို့ပင် ဖြစ်သည်။ သို့ရာတွင် နိုင်ငံများအကြားနှင့် နိုင်ငံအချင်းချင်းအကြား အခြေခံအဆောက်အဦ လက်လှမ်းမီ ရရှိခွင့် မညီမမျှဖြစ်ခြင်းကို ကိုင်တွယ်ဖြေရှင်းရန်အတွက် လွတ်လပ်စွာ

---

[၁၇၀] ibid. WSIS Tunis Commitment.

[၁၇၁] WSIS Declaration of Principles (n. 148), para. 48–49; WSIS Tunis Agenda (n. 162), para. 29.

[၁၇၂] WSIS Tunis Agenda (n. 162).

[၁၇၃] A Gumucio-Dagron, 'Right to Communicate – From the Summit to the People' in *Information for Development – Human Rights and ICTs* (Vol 3, No 7 2005).

ထုတ်ဖော် တင်ပြပြောဆိုခွင့်အာမခံချက်များကို ချဲ့ထွင်ရန် လိုအပ်ချက်အပေါ် အလေးထားသည့် MacBride ကော်မရှင်မှ ၂၀၀၃ ခုနှစ်နှင့် ၂၀၀၅ ခုနှစ် WSIS အဆင့်များသည် ကွဲပြားခြားနားပါသည်။ ဤအမြင်အရ ဆိုသော် ပို၍ အားလုံးပါဝင်သည့် သတင်းအချက်အလက် အသိုက်အဝန်းကို ဖန်တီးရာတွင် လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့်က အကူအပံ့ဖြစ်သည့် အခန်းကဏ္ဍကို အနက်မဖွင့်ဆိုဘဲ WSIS အဆင့်က ချန်လှပ်ထားခဲ့ပါသည်။ ထောင်စုနှစ်ပန်းတိုင်များ (MDGs) နှင့် WSIS သည် NWICO ၏ သတင်းအချက်အလက်နည်းပညာပိုင်းပါဝင်ခွင့် အကြောင်းအရာများကို ပြန်၍ ဖွံ့ဖြိုးလာစေသောအခါ ဆွေးနွေးပွဲ၏ ဆီလျော်ကိုက်ညီမှုကို အသိအမှတ်ပြုခြင်းနှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေမူဘောင်အတွင်း ၎င်းကို ထည့်သွင်းခြင်းတို့အကြား ကွာဟချက် ရှိနေပါသည်။[၁၇၄] သို့ဖြစ်သည့်အတွက်ကြောင့် WSIS သည် MacBride အစီရင်ခံစာနှင့် ကွာခြားပါသည်။ သတင်းအချက်အလက် ဖြန့်ဖြူးခြင်း နည်းပညာကို ဖြန့်ဝေခြင်းနှင့် လက်လှမ်းမီ ရရှိခြင်းတွင် မညီမမျှ ဖြစ်ခြင်းကို ဖွံ့ဖြိုးရေးနှင့် လူ့အခွင့်အရေး စိန်ခေါ်မှု နှစ်ခုစလုံးအဖြစ် ၎င်းအစီရင်ခံစာက အလေးထားခဲ့သည်။ ဆက်လက်၍ လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့် အာမခံချက်များတွင် အင်တာနက်ကဲ့သို့ သတင်းအချက်အလက် နည်းပညာ လက်လှမ်းမီ ရရှိခွင့်ကို မည်သို့ ထည့်သွင်းထားသည်အား အမှန်တကယ် ရှင်းရှင်းလင်းလင်း ဖော်ထုတ် ခြင်းထက် MacBride အစီရင်ခံစာ၏ ဖွံ့ဖြိုးရေး အစိတ်အပိုင်းများအပေါ်သာ WSIS သည် ပိုမို အလေးထား ဦးတည်လာသည်။ WSIS နှင့် MDGs နှစ်ခုစလုံး၏ အကြောင်းအရာအတွင်း ပညာရပ်ဆိုင်ရာ ရှင်းလင်း ဝေဖန်ချက်သည် လူ့အခွင့်အရေး စံနှုန်းများကို ပို၍ အလေးထားရန် ပိုမို လုပ်ဆောင်ခြင်းကို အလေးထား ပါသည်။[၁၇၅]

ထိပ်သီးညီလာခံ၏ ဤအဆင့်တွင် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို အကန့်အသတ်ဖြင့်သာ ထည့်သွင်းပေါင်းစပ်ထားသော်ငြား တူးနစ်အစီအစဉ်သည် အင်တာနက် စီမံခန့်ခွဲမှုဖိုရမ်ကို ဖန်တီးခဲ့ပါသည်။ ပို၍ ပါဝင်ခွင့်ရှိသော သတင်းအချက်အလက်အသိုက်အဝန်းကို ရရှိရန်အတွက် အစီအစဉ်ကို ပုံဖော်ရာတွင် အထောက် အကူဖြစ်ရန် အဓိပ္ပာယ်ရှိသော နည်းလမ်းများအတိုင်း လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့်ဆိုင်ရာ ဥပဒေမူဘောင်ကို ပြန်လည် ထည့်သွင်းရန်အတွက် အဆိုပါ ဖိုရမ်တွင် အခွင့်အလမ်းများ ထွက်ပေါ်လာပါသည်။ အထူးသဖြင့် ခွဲခြားဆက်ဆံမှုမရှိခြင်း၊ သတင်းအချက်အလက်ကို လက်လှမ်းမီ ရရှိခွင့်၊ ဗဟုဝါဒကဲ့သို့ မျှဝေ

---

[၁၇၄] Marc Raboy, 'The WSIS as a Political Space in Global Media Governance' (2004) 18 *Continuum: Journal of Media & Cultural Studies* 348.

[၁၇၅] ယေဘုယျအားဖြင့် Philip Alston, 'Ships Passing in the Night: The Current State of the Human Rights and Development Debate Seen through the Lens of the Millennium Development Goals' (2005) 27 *Human Rights Quarterly* 755; Sakiko Fukuda-Parr, 'A Right to Development Critique of Millennium Development Goal 8' in UNCHR, *Realizing the Right to Development: Essays in Commemoration of 25 Years of the United Nations Declaration on the Right to Development* (2013) HR/PUB/12/4, pp. 201, 203 ကို ကြည့်ပါ။

လက်ခံထားသည့် မူဝါဒများ တည်ရှိပြီး အင်တာနက် စီမံအုပ်ချုပ်မှုနှင့် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့အစည်း အကြား တိုးမြှင့်၍ အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်ရန်အတွက် စမှတ်အဖြစ် လုပ်ဆောင်ပေးပါသည်။[၁၇၆]

၂-၄။ အဆင့် (၄) - အင်တာနက် စီမံအုပ်ချုပ်မှု ဖိုရမ်နှင့် WSIS အကောင်အထည်ဖော်ခြင်းလုပ်ငန်းစဉ်

သက်ဆိုင်သူအားလုံးပါဝင်သည့် ဖိုရမ်အဖြစ် ၂၀၀၆ ခုနှစ်ကတည်းကပင် အားလုံးပါဝင်သည့် သတင်းအချက်အလက်အသိုက်အဝန်း အထူးသဖြင့် အင်တာနက်နှင့် ချိတ်ဆက်နေသည့် အသိုက်အဝန်းကို ဖန်တီးရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်ချက်များကို WSIS ရှိ စုံလင်များပြားသည့် ဆောင်ရွက်သူများက ဆွေးနွေးသည့် နေရာအဖြစ် IGF က ထမ်းဆောင်ပေးပါသည်။ IGF ၏ သက်ဆိုင်သူအားလုံး ပါဝင်သည့် ပုံစံသည် အင်တာနက် မူဝါဒများကို ဆွေးနွေးရာတွင် စည်းနှောင်အားရှိသည့် ရလဒ်များထက် အချေအတင်ဆွေးနွေးရသည့် ရလဒ်များ ဖြစ်နေသည့်တိုင် အသုံးတည့်သည့် နည်းလမ်းအဖြစ် ကျယ်ကျယ်ပြန့်ပြန့် လက်ခံလာကြပါသည်။ သို့ရာတွင် သတင်းအချက်အလက်နည်းပညာ အထူးသဖြင့် အင်တာနက်ကို လက်လှမ်းမီ ရရှိရာတွင် မညီမမျှဖြစ်ခြင်းနှင့် ဘက်မမျှဖြစ်ခြင်းကို ကိုင်တွယ်ဖြေရှင်းရန် WSIS နှင့် IGF တို့က လုပ်ဆောင်သည့် တိုးတက်မှုအပေါ် သဘောတူညီမှု နည်းပါးပါသည်။[၁၇၇] IGF သို့မဟုတ် WSIS အကောင်အထည်ဖော်မှုကို အသေးစိတ် လေ့လာဆန်းစစ်ရန်အတွက် ၎င်းသည် ယခုအခန်းနှင့် စာအုပ်၏ လွှမ်းခြုံမှုနယ်ပယ်ထက် ကျော်လွန်နေပါသည်။ သို့သော် ဤအပိုင်းသည် NWICO ဆွေးနွေးချက်များကို နောက်ဆုံးပေါ် WSIS နှင့် IGF လုပ်ငန်းစဉ်မှ ထပ်မံ ပိုင်းခြားထားပါသည်။ သတင်း အချက်အလက်နည်းပညာပိုင်း သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကို နည်းပါးအောင်ပြုလုပ်ရန်အတွက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေ မူဘောင်၏ ဆီလျော်ကိုက်ညီမှုကို ပို၍ နားလည်သဘောပေါက်မှုကို မြှင့်တင်ရာတွင် WSIS အကောင်အထည် ဖော်ခြင်း လုပ်ငန်းစဉ်နှင့် နှစ်ခုစလုံးတို့သည် ယနေ့အချိန်အထိ အကန့်အသတ်ဖြင့်သာ အောင်မြင်မှု ရရှိပါသည်။

၂-၄-၁။ သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကို ကိုင်တွယ်ရန်အတွက် အခွင့်အရေးအခြေပြုအမြင်ရှုထောင့်ကို IGF အတွင်း ပေါင်းစပ်ထည့်သွင်းခြင်း

'အင်တာနက်၏ ရေရှည်တည်တံ့မှု၊ ကောင်းမွန်ပြည့်စုံမှု၊ လုံခြုံမှု၊ တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးမှုတို့ကို မြန်ဆန်စေရန်အလို့ငှာ အင်တာနက် စီမံခန့်ခွဲမှု၏ အဓိက အစိတ်အပိုင်းများနှင့် ဆက်စပ်သည့် ပြည်သူ့ရေးရာ မူဝါဒ

---

[၁၇၆] WSIS Tunis Agenda (n. 162), para. 72; Milton Mueller, John Mathiason, and Hans Klein, 'The Internet and Global Governance: Principles and Norms for a New Regime' (2007) 13 *Global Governance* 237.

[၁၇၇] Alain Modoux, 'Past Witnesses' Present Comments' in Divina Frau-Meigs and others (n. 7) 141; J.P. Singh, 'Towards Knowledge Societies in UNESCO and Beyond' in D. Frau-Meigs and others (eds), *From NWICO to WSIS: 30 Years of Communication Geopolitics- Actors and Flows, Structures and Divides* (Intellect 2012)153.

ကိစ္စရပ်များကို ဆွေးနွေးရန် … သက်ဆိုင်သူအားလုံးပါဝင်သည့် မူဝါဒဆိုင်ရာ အပြန်အလှန် ဆွေးနွေးချက်အတွက်' IGF တွင် လုပ်ပိုင်ခွင့် ရှိပါသည်။[၁၇၈] WSIS လုပ်ငန်းစဉ်အဆက်အဖြစ် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်အရ IGF ကို 'အင်တာနက်စီမံအုပ်ချုပ်မှုလုပ်ငန်းစဉ်များတွင် WSIS အခြေခံမူများ၏ ပြယုဂ်ကို စဉ်ဆက်မပြတ် အခြေခံဖြင့် မြှင့်တင်ရန်နှင့် လက်လှမ်းမီ ရရှိရန်' နေရာအဖြစ် တည်ဆောက်ပါသည်။[၁၇၉] အင်တာနက်နှင့် စပ်လျဉ်း၍ ကွဲပြားသော အပြည်ပြည်ဆိုင်ရာ ပြည်သူ့ရေးရာ မူဝါဒများနှင့် ဆက်စပ်နေသည့် အဖွဲ့အစည်းများအကြား ဆွေးနွေးချက်ကို ဖိုရမ်က အဆင်ပြေချောမွေ့စေရမည်' ဖြစ်ကြောင်း IGF ၏ လုပ်ပိုင်ခွင့်က ဖော်ပြပါသည်။ အဘယ့်ကြောင့်ဆိုသော် 'သတင်းအချက်အလက်အသိုက်အဝန်း၏ အဓိကကျသည့် အခြေခံ အဆောက်အဦ' ဖြစ်ခြင်းကြောင့် ဖြစ်ပါသည်။[၁၈၀]

IGF ဖန်တီးခြင်းကို အင်တာနက်စီမံအုပ်ချုပ်မှုနယ်ပယ်တွင် 'ဆွေးနွေးပြောဆိုချက် အလှည့်အပြောင်း' ဖြစ်ပွားသည့် အချိန်ကာလအဖြစ် Katzenbach က ဖော်ပြသည်။[၁၈၁] တူးနစ်အစီအစဉ်က ဖော်ပြသည်မှာ -

> အင်တာနက်စီမံအုပ်ချုပ်မှု၏ အလုပ်ဖြစ်သည့် အနက်ဖွင့်ဆိုမှုမှာ ဖွံ့ဖြိုးမှုနှင့် အစိုးရများ၊ ပုဂ္ဂလိကကဏ္ဍနှင့် အရပ်ဖက် လူ့အဖွဲ့အစည်းများမှ အသုံးချမှုတို့ ဖြစ်သည်။ အင်တာနက်၏ အသုံးပြုမှုနှင့် ဆင့်ကဲ တိုးတက်မှုကို ပုံဖော်သည့် ၎င်းတို့၏ သက်ဆိုင်ရာ အခန်းကဏ္ဍများ၊ အချင်းချင်းကြား မျှဝေထားသည့် အခြေခံမူများ၊ စံနှုန်းများ၊ စည်းမျဉ်းများ၊ ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ထုံးလုပ်နည်းများနှင့် အစီအမံများ အတိုင်း အသုံးချကြသည်။[၁၈၂]

WSIS ၏ အခြေခံကျသည့် စံပြုမူဘောင်၏ အစိတ်အပိုင်းတရပ်အဖြစ် လူ့အခွင့်အရေးသည် IGF တွင် ဆွေးနွေးကြသည့် အကြောင်းအရာတခု ဖြစ်သည်။ သို့ရာတွင် လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် ပထမဆုံး ပင်မ အစည်းအဝေးကို ၂၀၁၃ မှသာလျှင် ကျင်းပပါသည်။[၁၈၃] လူ့အခွင့်အရေးကို အလေးထားဆွေးနွေးရန် လိုအပ်ကြောင်း အားလုံးသဘောဆန္ဒရှိကြသည့် ကိစ္စရပ်များသည် ၂၀၁၂ ခုနှစ် IGF ၏ ပင်မအစည်းအဝေးတွင်သာ ဖိုရမ်၏

---

[၁၇၈] WSIS Tunis Agenda (n. 162), para. 72.

[၁၇၉] ibid.

[၁၈၀] ibid.

[၁၈၁] Christian Katzenbach, 'Media Governance and Technology' in M.E. Price, S. Verhulst, and L. Morgan (eds), *Routledge Handbook of Media Law* (Routledge 2013) 399, 404.

[၁၈၂] WSIS Tunis Agenda (n. 162), para. 34.

[၁၈၃] IGF 'Draft Programme 2014 Internet Governance Forum Istanbul, Annex III' p. 44. ဆွေးနွေးချက် အနှစ်ချုပ်ကိုလည်း ကြည့်ပါ။ www.intgovforum.org/cms/Chair%27s%20Summary%20IGF%202013%20Final.Nov1v1.pdf

အဓိကအစည်းအဝေးများအနက် တခုအဖြစ် ထွက်ပေါ်လာခဲ့ပါသည်။[၁၈၄] ဤအစည်းအဝေးအတွင်း ဆွေးနွေးရန် လိုအပ်ချက်ကို သဘာပတိက အောက်ပါအတိုင်း မှတ်ချက်ပြုခဲ့ပါသည်-

> အင်တာနက်ခေတ်တွင် နည်းပညာနှင့် နိုင်ငံရေးနည်းလမ်းသစ် အသုံးပြုမှု၏ မည်သည့် ဂယက်ရိုက်ခတ်မှုများရှိသနည်း။ [……] ဤမေးခွန်းများအပေါ် အပြန်အလှန်ဆွေးနွေးချက်သည် ကိစ္စရပ်အများအပြား ကျယ်ကျယ်ပြန့်ပြန့်ကို လွှမ်းခြုံပါဝင်ရမည်။ သတင်းအချက်အလက် လွတ်လပ်စွာ စီးဆင်းမှု၊ လူ့အခွင့်အရေး၊ လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်၊ သတင်းအချက်အလက် လက်လှမ်းမီ ရရှိခွင့်၊ စီးပွားရေးပုံစံသစ်များ စသည်ကဲ့သို့ ကိစ္စရပ်များသည် ဆက်သွယ်ရေးနည်းလမ်းအသစ်နှင့် အဟောင်းတို့အတွက် အများစုကြုံတွေ့ရသော စိန်ခေါ်မှုများ ဖြစ်သည်။ အသုံးပြုသူသည် အွန်လိုင်းအပေါ် အကြောင်းအရာကို ထုတ်လုပ်ရာတွင် ၎င်းအကြောင်းအရာသည် မည်မျှ ယုံကြည်စိတ်ချရသည်၊ စျေးနှုန်းသက်သက်သာသာဖြင့် အင်တာနက်ကို မိုဘိုင်းဖုန်းမှ ရရှိသုံးစွဲမှု၏ သက်ရောက်မှုစသည့် ကိစ္စရပ်များလည်း ပါဝင်သည်။ အင်တာနက်ဝန်ဆောင်မှုအသစ်များနှင့် ရုပ်မြင်သံကြားနှင့် ရေဒီယိုကို မတူညီသည့် စည်းမျဉ်းများဖြင့် ထုတ်လွှင့်ခြင်းကဲ့သို့ အစဉ်အလာ ဆက်သွယ်ရေးနည်းလမ်းများက တူညီသည့်မြင်ကွင်းကို အသုံးပြုခြင်းကဲ့သို့ ကိစ္စရပ်လည်း ပါဝင်သည်။[၁၈၅]

၂၀၁၃ ခုနှစ်တွင် အပြန်အလှန်တက်တက်ကြွကြွဆွေးနွေးကြသည့် ပင်မအစည်းအဝေးတွင် အင်တာနက် ဒီမိုကရေစီစီမံကိန်းမှ Anja Kovacs ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ Mr Johan Hallenborg နှင့် တိုးတက်သော ဆက်ဆံရေးအတွက် အဖွဲ့အစည်း (APC) ၏ အလုပ်အမှုဆောင်ညွှန်ကြားရေးမှူး Anriette Esterhuysen တို့က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြသည်။[၁၈၆] ဆွေးနွေးသည့် လူ့အခွင့်အရေး အကြောင်းအရာများသည် အင်တာနက်တွင် အနိုင်ကျင့်ခြင်းမှသည် စုံစမ်းထောက်လှမ်းခြင်း၊ အင်တာနက်ကြားနေရေးဝါဒနှင့် သတင်းအချက်အလက် လက်လှမ်းမီ ရရှိမှုတို့အထိ များပြားသည်။ လွှမ်းခြုံသည့် အကြောင်းအရာတို့၏ နယ်ပယ်မှာ ကျယ်ပြန့်သော်ငြား ဤအကြောင်းအရာများကိုမူ အသေးစိတ်ကျကျ အနည်းအကျဉ်းသာ ဆွေးနွေးကြသည်။[၁၈၇] အဆင့်မြင့် ဆွေးနွေးပွဲတွင် ပျက်ကွက်သူမှာ လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ မဟာမင်းကြီးဖြစ်သည်။ သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကို ဖြေရှင်းနည်းများကို ဖန်တီးရာတွင် အပြည်ပြည်ဆိုင်ရာ

---

[၁၈၄] IGF 2012 Transcript for the Main Session on Emerging Issues, www.intgovforum.org/cms/component/content/article/114-preparatory-process/1254-igf-2012-emerging-issues-main-session accessed on 27 September 2014.

[၁၈၅] ibid.

[၁၈၆] IGF 'Transcript of the 2013 Main Session on Human Rights, Freedom of Expression, and Free Flow of Information' (24 October 2013), www.intgovforum.org/cms/2013-bali/igf-2013-transcripts/121-igf-2013/preparatory-process-42721/1421-focus-session-openness-human-rights-freedom-of-expression-and-free-flow-of-information-on-the-internet

[၁၈၇] ibid.

လူ့အခွင့်အရေးဥပဒေမူဘောင် (နှင့် ဥပဒေဆိုင်ရာ လိုက်နာကိုးကားရမည့် စီရင်ထုံး၏ ဆယ်စုနှစ် ၄ ခုစာ) ကို မည်သို့ အသုံးပြုသင့်သည်၊ အသုံးပြုရမည်တို့နှင့် သက်ဆိုင်သည့် ရေရှည်မျှော်မှန်းချက်ကို မဟာမင်းကြီးက မူဘောင်ချမှတ် ဖန်တီးနိုင်ပါသည်။ တက်တက်ကြွကြွ နားထောင်သည့် ပရိသတ်များတွင် UNESCO ကိုယ်စားလှယ် ဖြစ်သူ Guy Berger နှင့် ဥရောပကောင်စီ ကိုယ်စားလှယ်ဖြစ်သူ Lee Hibbard တို့ ဖြစ်သည်။ ၎င်းတို့နှစ်ဦးစလုံးသည် ဥရောပစီရင်ထုံးဥပဒေသစ် ပေါ်ထွက်လာမှုကို လက်ခံပြီး အလေးထားကြသည်။[၁၈၈] သို့သော် ဤလိုက်နာကိုးကားရမည့် စီရင်ထုံးများသည် မည်သည့်အဓိပ္ပာယ်သက်ရောက်ကြောင်း အသေးစိတ်သွားခြင်းအစား ဥပဒေစနစ်အသစ် ပေါ်ထွက်လာခြင်းကိုသာ ဆွေးနွေးပွဲက အသိအမှတ်ပြုသည်။[၁၈၉] အသေးစိတ်ဆွေးနွေးခြင်းအစား အင်တာနက် စီမံအုပ်ချုပ်မှုအပေါ် လူ့အခွင့်အရေး၏ ဆီလျော်ကိုက်ညီမှုကို အပြည်ပြည်ဆိုင်ရာအသိုက်အဝန်းမှ တိုးပွားလာသည့် စိတ်ပါဝင်စားမှုနှင့် အသိအမှတ်ပြုမှုကို အစည်းအဝေးကို ထင်ဟပ်ပြခဲ့ပါသည်။ သို့ရာတွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေ မူဘောင်ကို မှန်မှန်ကန်ကန် အသုံးချပါက လူ့အခွင့်အရေး စောင့်ကြည့်ရေး အဖွဲ့များနှင့် ဥပဒေ ပညာရှင်များမှ ပိုမို ပူးပေါင်းပါဝင်မှု လိုအပ်ကြောင်းကိုလည်း အသိအမှတ်ပြုမှု လိုအပ်လာပါသည်။

IGF ၏ အင်တာနက်အခွင့်အရေးနှင့် အခြေခံမူများဆိုင်ရာ တက်ကြွသည့် မဟာမိတ်အဖွဲ့ (Internet Rights and Principles Dynamic Coalition - IRPDC) ကို ၂၀၀၇ ခုနှစ်တွင် တည်ထောင်ခဲ့ပါသည်။ WSIS အကောင်အထည်ဖော်ရေး မူဝါဒအတွင်း လူ့အခွင့်အရေးအခြေခံမူများနှင့် စံနှုန်းများကို အကောင်အထည်ဖော်ရန်၊ အနာဂတ်ကာလတွင် တည်ဆဲ ဥပဒေမူဘောင်၏ ဥပဒေလေ့လာဆန်းစစ်ချက်ကို IGF အတွင်း ပိုမို ထည့်သွင်းရန် အကောင်းဆုံးအခွင့်အလမ်း ဖန်တီးပေးရန် တည်ထောင်ခြင်း ဖြစ်သည်။[၁၉၀] IRPDC ၏ ပထမဆုံးလုပ်ငန်းမှာ အင်တာနက်အတွက် လူ့အခွင့်အရေးအခြေခံမူများ ပဋိညာဉ် စာတမ်း (Charter of Human Rights Principles for the Internet) ကို မူကြမ်းပြုစု၍ ထုတ်ပြန်ခြင်း ဖြစ်သည်။ UDHR ကို အသုံးပြုထားသည့် အခြေခံမူများကို ၎င်းက စာရင်းပြုစုထားပါသည်။ ဥပဒေနှင့် နိုင်ငံတကာဆက်ဆံရေးပညာရှင် Wolfgang Benedek သည် ပဋိညာဉ် စာတမ်း၏ တည်းဖြတ်သူအဖြစ် မဟာမိတ်အဖွဲ့က ရွေးချယ်ထားသူ ဖြစ်သည်။ စည်းနှောင်အားရှိသည့် အခြားအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များထက် UDHR ကို အသုံးပြုရန် ရွေးချယ်ခြင်းကို သူက ရှင်းပြပါသည်။ အဘယ်ကြောင့်ဆိုသော် UDHR ကို 'WSIS ၏ ဂျနီဗာနှင့် တူးနစ်စာတမ်းများတွင် ကိုးကားထားသည့် အတွက်ကြောင့် သဘောတူထားသည့် အခြေခံကို တည်ဆောက်ခြင်း' ဖြစ်ပါသည်။[၁၉၁] IGF တွင် ကနဦး စတင်ကတည်းက ပါဝင်လျက်ရှိသူ ပညာရှင် Rikke Frank Jorgensen က ပဋိညာဉ်စာတမ်း၏ ရည်ရွယ်ချက်ကို ရှင်းပြပါသည်။

---

[၁၈၈] ibid.

[၁၈၉] ibid.

[၁၉၀] R.F. Jørgensen, 'Framing the Net: How Discourse Shapes Law and Culture.' (PhD thesis, Roskilde University 2012) 356–7. Note: the coalition in 2007 was named the Dynamic Coalition on an Internet Bill of Rights.

[၁၉၁] Wolfgang Benedek and Matthias C. Kettemann, *Freedom of Expression and the Internet* (Council of Europe 2013) 68.

'သတင်းအချက်အလက် အသိုက်အဝန်း အနေအထားအတွင်း တည်ဆဲ လူ့အခွင့်အရေးစံနှုန်းများကို ထည့်သွင်းရန်၊ သို့ဖြစ်သည့်အတွက် ဥပဒေအရစည်းနှောင်အား ရှိသည့် စာတမ်းဖွံ့ဖြိုးရန်ထက် ဆင့်ကဲတိုးတက်လာသည့် စီရင်ထုံးဥပဒေနှင့် ကျင့်သုံးပုံအပေါ် အခြေခံထားသည့် ယုံကြည်လက်ခံဖွယ် ဆွေးနွေးချက်ကို စီစဉ်ရန်' ဖြစ်သည်။[၁၈၂] ပဋိညာဉ်စာတမ်း၏ အစပိုင်းတွင် အင်တာနက်ကို လက်လှမ်းမီ ရရှိခွင့်သည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆို တင်ပြခွင့် အပါအဝင် အခြားအခွင့်အရေးများအားလုံးကို အထောက်အပံ့ပေးပါသည်။[၁၉၃]

IRPDC ၏ ၂၀၁၃ ခုနှစ် IGF အစည်းအဝေးတွင် ဥရောပကောင်စီမှ Lee Hibbard သည် လူ့အခွင့်အရေး လေ့လာဆန်းစစ်ချက်ကို ထပ်မံ ဖွံ့ဖြိုးရန် လိုအပ်ကြောင်း မှတ်ချက်ပြုခဲ့သည်။ အထူးသဖြင့် ပဋိညာဉ်စာတမ်းသည် ဥပဒေတရပ်ကို မည်သို့ ပြောင်းလဲရမည် သို့မဟုတ် အခွင့်အရေးတရပ်ကို ရှင်းလင်းအောင် မည်သို့ ပြုရမည်နှင့် စပ်လျဉ်း၍ ဖြစ်သည်။[၁၉၄] အွန်လိုင်းဝန်းကျင်အတွက် အခွင့်အရေးအခြေပြု အရေးယူ ဆောင်ရွက်ချက်များ အသုံးပြုခြင်းကို မြင့်မားစေရန် ဤရှင်းလင်းအောင်ပြုလုပ်ခြင်းက အကူအပံ့ဖြစ်လိမ့်မည် ဖြစ်ကြောင်း သူက အကြံပြုခဲ့ပါသည်။[၁၉၅] သို့ဖြစ်သည့်အတွက် Hibbard နှင့် Jorgensen တို့၏ တွေးခေါ်ချက်အတိုင်း တည်ဆဲ စည်းနှောင်အား ရှိသည့် ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ စာချုပ်များကိုသာမက ဆက်စပ် စီရင်ထုံးဥပဒေနှင့် ဥပဒေ ရှင်းလင်းချက်တို့ကို လေ့လာခြင်းက WSIS အကောင်အထည်ဖော်ခြင်း၏ လူ့အခွင့်အရေး ဝေဖန်ချက်ကို အဆင့်မြင့်စေနိုင်သည်။ ပဋိညာဉ်စာတမ်းသည် အခွင့်အရေးများကို စည်းနှောင်အားမရှိသည့် ချိတ်ဆက်မှုအတွင်း ဆွေးနွေးပါသည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၆၀ ကာလတလျှောက် MacBride ကော်မရှင် ဆွေးနွေးပွဲများအတွင်း ချမှတ်ခဲ့သည့် ချိတ်ဆက်မှုဖြစ်သည်။ ၂၀၁၆ ခုနှစ် IGF တွင် IRPDC သည် ပညာရေးဆိုင်ရာ အရင်းမြစ်စီမံကိန်းကို စတင်ဆောင်ရွက်ခဲ့သည်။ IRPDC ၏ အခြေခံမူ တခုချင်းစီနှင့် ချိတ်ဆက်ထားသည့် ဆုံးဖြတ်ချက်များ၊ ကြေညာချက်များနှင့်အတူ စီရင်ထုံးဥပဒေဖွံ့ဖြိုးလာခြင်းကို ခြေရာခံရန် စီမံကိန်းက အားထုတ်ပါသည်။[၁၉၆]

ဤသည်က သုတေသီများအတွက် အရေးပါ၍ အသုံးတည့်သော အဆင့်ဖြစ်နေစဉ်တွင် လူ့အခွင့်အရေး ဆိုင်ရာ ကုလသမဂ္ဂ မဟာမင်းကြီးရုံးမှ အဆင့်မြင့်အရာရှိများ၏ ပူးပေါင်းပါဝင်မှု မရှိသေးပေ။ IGF ၏ ဆက်စပ် လွှမ်းခြုံနေနသော အကြောင်းအရာများကို ပုံဖော်ရန် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေ အသိုက်အဝန်း၏ စွမ်းဆောင်ရည်ကို တားမြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေတွင် အင်တာနက် စီမံခန့်ခွဲမှု နယ်ပယ်ကို ကျယ်ကျယ်ပြန့်ပြန့် ပါရှိမည့် မရှိမဖြစ် အခန်းကဏ္ဍကို အောင်မြင်ပြီးမြောက်အောင် လုပ်ဆောင်နိုင်စွမ်းကိုလည်း ကန့်သတ်ပါသည်။ ကုလသမဂ္ဂ၏ အမြင့်ဆုံး လူ့အခွင့်အရေး အရာရှိထံမှ ဤသို့ ဦးဆောင်မှု

---

[၁၈၂] Jorgensen (n. 190) 366.

[၁၉၃] ibid. 356.

[၁၉၄] IGF Internet Rights and Principles Dynamic Coalition, *Annual Report and Minutes of the Annual Meeting* (2013) p. 5.

[၁၉၅] ibid.

[၁၉၆] https://www.intgovforum.org/multilingual/content/the-charter-of-human-rights-and-principles-for-the-internet-educational-resource-guide-v2

မရှိခြင်းကြောင့် လူ့အခွင့်အရေးဆွေးနွေးချက်များသည် ကြုံရာကျပန်း ဖြစ်ပြီး စနစ်တကျမဖြစ်သည့် နည်းလမ်းဖြင့် တဖြည်းဖြည်း ဖွံ့ဖြိုးလာသည်။ သတင်းအချက်အလက် အသိုက်အဝန်း၏ အခြေခံအဆောက်အဦကို အသေအချာ လက်လှမ်းမီ ရရှိခြင်း (ဆိုလိုသည်မှာ အင်တာနက်) သည် WSIS လုပ်ငန်းစဉ်၏ ပန်းတိုင် ဖြစ်ပါက လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်သာမက အခြားအခွင့်အရေးများသည် WSIS ၏ လမ်းညွှန် အခြေခံမူများဖြစ်ကြသည်။ ထို့နောက် WSIS ၏ ပန်းတိုင်အတွင်း လက်ရှိ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေ မူဘောင်ကိုလက်လှမ်းမီ ရရှိရေးဆောင်ရွက်ရန် အထူးပင် လိုအပ်သည်။

အင်တာနက်ကို လက်လှမ်းမီ ရရှိခွင့်သည် လူ့အခွင့်ရေး ဟုတ် မဟုတ် IGF အတွင်း လက်ရှိ အချေအတင် ပြောဆိုမှုကို ဆွေးနွေးလျက်ရှိသည်။ သို့သော် အသင့်လျော်ဆုံး လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့များ၏ ဥပဒေ စနစ်ကို အနက်ပြန်ဆိုရာတွင် ဤဆွေးနွေးပွဲများသည် စနစ်တကျ လေ့လာမှု မရှိပေ။ လက်တလော IGF ဖိုရမ်များတွင် အစိတ်စိတ်အမွှာမွှာ ကွဲထွက်ခြင်းအချို့ကို တွေ့ရသည်။ အထူးသဖြင့် Snowden ၊ ဖန်တီးဉာဏ်ရည်၊ စုံစမ်းထောက်လှမ်းရေးနှင့် ပုဂ္ဂိုလ်ရေးလုံခြုံမှုတို့သည် အင်တာနက်စီမံအုပ်ချုပ်မှုတွင် အများအားဖြင့် နိုးထလာချိန်တွင် ဖြစ်သည်။ တစုတစည်းတည်း မရှိသည့် ဆွေးနွေးပွဲများသည် သေးစိတ် ကိစ္စရပ်များကို လမ်းဖွင့်ပေးမည် ဖြစ်သော်ငြား သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်းဆိုင်ရာ ဖြေရှင်းချက်များအတွက် လူ့အခွင့်အရေးဥပဒေနှင့် မူဝါဒ မူဘောင်များကို အသုံးပြုခြင်း၏ ကိုက်ညီမှုနှင့် တန်ဖိုးကို များစွာ ရှင်းရှင်းလင်းလင်း မချိတ်ဆက်ထားပေ။ လူ့အခွင့်အရေးဆိုင်ရာ ဦးဆောင် နိုင်ငံစုံအဖွဲ့အစည်းများ၏ အဆင့်မြင့် အရာရှိများထံမှ ခေါင်းဆောင်မှုမရှိခြင်းကြောင့် ဤအစိတ်စိတ်ကွဲထွက်ခြင်းများသည် WSIS ၏ ရလဒ်များကို အကောင်အထည် ဖော်နိုင်စွမ်းကို လျော့ကျစေလိမ့်မည်။[၁၉၇] တည်ဆဲအခြေခံကျသည့် ဥပဒေ စံနှုန်းများကို လေ့လာခြင်းသည် ပို၍ အရေးပါသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းက နိုင်ငံများ၏ လူ့အခွင့်အရေးဆိုင်ရာ တာဝန်ရှိမှုများကို ရှင်းလင်း ပြတ်သားစေနိုင်ခြင်းကြောင့် ဖြစ်သည်။

၂-၄-၂။ အင်တာနက်လက်လှမ်းမီ ရရှိခွင့်ကို လူ့အခွင့်အရေးစိန်ခေါ်ချက်ထက် ဖွံ့ဖြိုးရေးဆိုင်ရာ စိန်ခေါ်ချက်အဖြစ် WSIS လုပ်ငန်းစဉ်က အလေးထားခြင်း

လူ့အခွင့်အရေးကိစ္စရပ်ထက် ဖွံ့ဖြိုးရေးကိစ္စရပ်အဖြစ် သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှု ပိုင်း ကွာဟချက်ကို ကျဉ်းမြောင်းအောင် ကိုင်တွယ်ရန် WSIS လုပ်ငန်းစဉ်သည် ရှေ့ဆက်၍ ကြီးကြီးမားမား လုပ်ဆောင်ပါသည်။ MacBride အစီရင်ခံက ထုတ်ဖော်သကဲ့သို့ပင် ဖွံ့ဖြိုးရေးကိစ္စအဖြစ်သာ ကိုင်တွယ်ဖြေရှင်းပါက သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကို နည်းပါးခြင်းသည် ပြဿနာတရပ် ဆိုသည်ထက် လက်လှမ်းမီရရှိသများကို 'အမှီလိုက်ခြင်း' ကိစ္စရပ် ဖြစ်လာသည်။ လူ့အဖွဲ့အစည်း အထူးသဖြင့်

---

[၁၉၇] ibid.; Internet Society 'Internet Society Submission to the Office of the High Commissioner for Human Rights in Response to the Consultation on the Right to Privacy in the Context of the UN General Assembly Resolution 68/167' www.internetsociety.org/sites/default/files/ISOC-OHCHR%20submission-2014.pdf accessed 27 September 2014.

ဒီမိုကရေစီလူ့အဖွဲ့အစည်းသည် မည်သို့ ပုံကြီးချဲ့ အသုံးပြုသည်အပေါ် ၎င်းကိစ္စရပ်က သက်ရောက်မှု ရှိပါသည်။ အများစုသည် ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ အသေအချာဖြစ်ကြသည့်အတွက် သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကို နည်းပါးစေရန် WSIS မှ အားစိုက်လုပ်ဆောင်မှုများ၏ မည်သည့် အစိတ်အပိုင်းများအပေါ် ပို၍ လေ့လာဆန်းစစ်ရန် လိုအပ်ချက်များ ရှိပါသည်။ သို့ရာတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ အခြေခံအဆောက်အဦ (အထူးသဖြင့် အင်တာနက်) ကို လက်လှမ်းမီ ရရှိရေး သေချာစေရန် WSIS ၏ အရေးပါဆုံး ပန်းတိုင်ကို အကောင်အထည်ဖော်ခြင်းအပေါ် ပိုမို အားကောင်းသည့် လူ့အခွင့်အရေး လေ့လာဆန်းစစ်ချက်ကို စတင်မည့် နည်းလမ်းများ ရှိပါသည်။ ပထမဆုံးအဆင့်မှာ WSIS အကောင်အထည် ဖော်ရေး လမ်းညွှန်ချက်များ၏ အစိတ်အပိုင်းများကို ဖော်ထုတ်ခြင်း ဖြစ်သည်။ ၎င်းလမ်းညွှန်ချက်များသည် လက်တလောတွင် ဖွံ့ဖြိုးရေးအခြေပြုများ ဖြစ်ကြသည်။ သို့သော် MacBride အစီရင်ခံစာက ဆက်သွယ်တင်ပြခွင့်အတွက် အခြေခံအဖြစ် သတ်မှတ်ထားသည့် အစိတ်အပိုင်းများ သို့မဟုတ် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့် သို့မဟုတ် အခြားအခွင့်အရေးများကို ပိုမို ကျယ်ပြန့်စေခြင်းအတွက် လိုအပ်သည့် အစိတ်အပိုင်းများနှင့် တူညီချက်များ ရှိသည်။

လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ယေဘုယျအချက်အဖြစ် Fukuda-Parr က ကျိုးကြောင်းပြ ဆွေးနွေးသည်မှာ -

> အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှု မူဝါဒများကို ပြင်ဆင်ရေးဆွဲရာတွင် လူ့အခွင့်အရေးအတွက် တာဝန်ရှိမှုအခြေခံမူသည် နိုင်ငံများ၊ ပညာရှင်များနှင့် အားပေးထောက်ခံသူများ၏ စဉ်းစားတွေးခေါ်ချက်အပေါ် လွှမ်းမိုးမှု အနည်းငယ်သာ ရှိနေသည် [.....] လူများသည် ၎င်းတို့၏ အခွင့်အရေးများကို ခံစားပျော်ရွှင်ကြပြီး ၎င်းတို့၏ လူသားဂုဏ်သိက္ခာနှင့် လွတ်လပ်မှုများကို သိရှိရေး သေချာစေရန် အတွက် လူမှုရေးရာ ဖွဲ့စည်းမှု အစီအစဉ်များအတွင်း ထည့်သွင်းရန် လိုအပ်ချက်များနှင့် တာဝန်ရှိသူများ၏ တာဝန်ရှိမှုများကို လူ့အခွင့်အရေးက သတ်မှတ်ပေးပါသည်။[၁၉၈]

ပြောင်းလဲရန်အတွက် လိုအပ်ချက်ရှိကြောင်း အင်တာနက်စီမံအုပ်ချုပ်မှုဆိုင်ရာ ဥပဒေပညာရှင် Joanna Kulesza က ကျိုးကြောင်းပြ ဆွေးနွေးပါသည်။ 'ဖွံ့ဖြိုးလျက်ရှိသည့် သတင်းအချက်အလက်အသိုက်အဝန်းသည် လူ့အခွင့်အရေးကိစ္စရပ်များဆီ ဦးတည်သည့် ချဉ်းကပ်နည်းအသစ် လိုအပ်သည်မှာ အတော်ပင် ရှင်းလင်းပါသည်။ လက်ရှိ အခွင့်အရေးများကို ပြန်လည်သတ်မှတ်ရန် လိုအပ်ပြီး အခွင့်အရေးအသစ်များကို ဖော်ထုတ်ကာ တူညီသည့် နည်းအတိုင်း အသုံးချရမည်' ဖြစ်ကြောင်း ဖော်ပြသည်။[၁၉၉] လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်၏ လွှမ်းခြုံနယ်ပယ်ကို ချဲ့ထွင်ရန် သို့မဟုတ် အခွင့်အရေးသစ်ဖြစ်သည့် ဆက်သွယ်တင်ပြခွင့်ကို ဖန်တီးရန် လိုအပ်ကြောင်း အစီရင်ခံစာ၏ အကြံပြုချက်ကို Kulesza က ဤနေရာတွင် ရှင်းရှင်းလင်းလင်း ထုတ်နှုတ်ထားသည်။ အမှန်အားဖြင့် သတင်းအချက်အလက် လက်လှမ်းမီ ရရှိရန် အားထုတ်မှုများကို အထောက်အပံ့ပေးမည့် အစီအစဉ်တခုလုံးသည်

---

[၁၉၈] Fukuda-Parr (n. 175).

[၁၉၉] Kulesza (n. 9) 94.

လူ့အခွင့်အရေးဥပဒေမူဘောင်ကို ပို၍ အသေးစိတ်ကျသော လေ့လာဆန်းစစ်ချက် တရပ် လိုအပ်သည်။ ဥပဒေကို ရှေ့သို့ရောက်အောင် အကူအညီပေးနိုင်သည့် အသေးစိတ် လုပ်ဆောင်ချက်များကို ဖော်ထုတ်ခြင်းဖြင့် လေ့လာဆန်းစစ်သည်။

ဖွံ့ဖြိုးရေးအမြင် အလွန်အမင်းအသားပေးထားသည့် အမျိုးအစားဖြစ်သော WSIS ၏ ရလဒ်စာရွက်စာတမ်းများတွင် အစီရင်ခံစာ၏ တွေ့ရှိချက်များကို အထောက်အပံ့ပေးသည့်အပြင် လူ့အခွင့်အရေး မူဘောင်၏ လက်ရှိတစိတ်တပိုင်းဖြစ်ကြသည့် အပိုင်းများ ပါဝင်ကြသည်။ WSIS အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်အပေါ် ပို၍ ပြည့်စုံသည့် လူ့အခွင့်အရေးဝေဖန်ချက်ကို ဖန်တီးရန် ကနဦးအခြေခံသည် ဤအစိတ်အပိုင်းများတွင် ပါဝင်ဖွဲ့စည်းထားသည်။

'လူများ၏ ဘဝများ တိုးတက်မြင့်မားရေးနှင့် သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကို ကျဉ်းမြောင်းစေရန် နည်းပညာအသုံးပြုမှုကို တိုးမြှင့်ရန်' မှာ WSIS လုပ်ငန်းစဉ်၏ အခြေခံကျကျဦးတည်ချက် ဖြစ်ကြောင်း WSIS ၏ ရလဒ်စာရွက်စာတမ်းများက နှစ်စဉ် ထပ်လောင်းအတည်ပြုပါသည်။[၂၀၀] မျှော်မှန်းထားသည့် 'သတင်းအချက်အလက်အသိုက်အဝန်း' ၏ စာရင်းပြုစုထားသည့် လက္ခဏာရပ်များအနက် UDHR နှင့် သင့်လျော်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်ရေးသဘောတူစာချုပ်များအကြား ဆက်နွယ်ချက်ကို စာရွက်စာတမ်းများက တခါတရံ ထပ်လောင်း အတည်ပြုပါသည်။ သင့်လျော်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်ရေးသဘောတူစာချုပ်များတွင် ICCPR နှင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (International Covenant on Economic Social and Cultural Rights - ICESCR) တို့ပါဝင်သည်။[၂၀၁] အထိခိုက်လွယ်လူများ၊ မသန်စွမ်းများနှင့် အခြား အကျိုးမခံစားရသည့် လူများကို အသားပေး စဉ်းစားခြင်းဖြင့် အားလုံးအတွက် သတင်းအချက်အလက်နှင့် အသိပညာ လက်လှမ်းမီ ရရှိရေး စီမံရန်၊ အားလုံးအတွက် သတင်းအချက်အလက်နှင့် နည်းပညာ ဆက်သွယ်ရေးစွမ်းဆောင်ရည် တည်ဆောက်ရန်နှင့် ၎င်းနည်းပညာများကို အသုံးပြုရာတွင် ယုံကြည်စိတ်ချရမှုကို တည်ဆောက်ရန် သန္နိဋ္ဌာန်ကိုလည်း ထပ်လောင်း အတည်ပြုပါသည်။[၂၀၂] ဤအားစိုက်ထုတ်မှုများ၏ ရည်ရွယ်ချက်မှာ 'သတင်းအချက်အလက်အသိုက်အဝန်း တည်ဆောက်သည့် လုပ်ငန်းစဉ်တွင် အထိခိုက်လွယ်လူများ၏ ပူးပေါင်းပါဝင်မှုကို တိုးမြှင့်ရန်နှင့် မတူညီသည့် အဆင့်များရှိ သက်ဆိုင်သူများနှင့် မူဝါဒချမှတ်သူများမှ ၎င်းတို့၏ အသံကို ကြားအောင်ပြုလုပ်ရန်' ဖြစ်ပါသည်။[၂၀၃] WSIS ရလဒ်စာရွက်စာတမ်းများသည် ၎င်းတို့၏ စီးပွားရေးများအတွင်း ပိုမို ပေါင်းစပ်ထည့်သွင်းလာကြောင်း သေချာစေရေးကို အလေးထားသည့်အခါ ဤအခြေခံမူများ (ခွဲခြားဆက်ဆံမှုမပြုခြင်း၊ သတင်းအချက်အလက် လက်လှမ်းမီ

---

[၂၀၀] WSIS 'WSIS+10 Outcome Documents: Geneva 2014' (ITU 2014) 26 [ဤနေရာမှစ၍ WSIS ရလဒ်စာရွက်စာတမ်းများဟု ရေးသားသွားမည်] See also WSIS Tunis Agenda (n. 162), para. 35.

[၂၀၁] ibid. WSIS Outcome Documents.

[၂၀၂] ibid. 27.

[၂၀၃] ibid.

ရရှိမှု၊ ဗဟုဝါဒနှင့် ကျေးလက်ပြည်သူ၊ ဖယ်ကြဉ်ခံလူ သို့မဟုတ် အထိခိုက်လွယ်လူများအပေါ် အလေးထားမှု) သည် လူ့အခွင့်အရေးဥပဒေနှင့် ပေါ်လစီမူဘောင်များ၏ အစိတ်အပိုင်းများကို ပိုမို သိသာ ထင်ရှားစေပါသည်။

သတင်းအချက်အလက်နည်းပညာတွင် ပါဝင်ခွင့်ရှိခြင်းသည် ဆက်စပ်ကိစ္စရပ်ဖြစ်ကြောင်း WSIS ၏ ရလဒ် စာရွက်စာတမ်းများကလည်း အသိအမှတ်ပြုထားသည်။သတင်းအချက်အလက်နည်းပညာ 'လက်လှမ်းမီ' အောင် ပြုလုပ်ခြင်း သို့မဟုတ် 'သတင်းအချက်အလက်နည်းပညာကွန်ယက်များကို လက်လှမ်းမီရရှိအောင်' ဖန်တီးခြင်းသာ ပါဝင်သည့် လက်လှမ်းမီ ရရှိသုံးစွဲမှုဆိုင်ရာ ကျဉ်းမြောင်းသည့် အနက်ဖွင့်ဆိုမှုထက် သာလွန်ပါသည်။ 'သတင်း အချက်အလက်နည်းပညာ ရရှိသုံးစွဲမှု၊ နည်းပညာ၊ အသိပညာပိုင်း ကွာဟချက်' ကို နည်းပါးစေခြင်းဖြင့် လူ့အဖွဲ့ အစည်းများ၏ ဘဝများကို 'ပြောင်းလဲရန်' အတွက် လက်လှမ်းမီ ရရှိနိုင်သည့် ဝန်ဆောင်မှုများနှင့် အသုံးချ ပရိဂရမ်များကို ၎င်းတို့က အလေးထားပါသည်။[၂၀၄] ယဉ်ကျေးမှုဓလေ့ထုံးတမ်း အမျိုးစုံလင်မှုနှင့် ထိန်းသိမ်းမှု တို့ကိုလည်း အလေးထားပါသည်။ 'လူတိုင်းတွင် ကိုယ့်ကိုကိုယ် ဖော်ထုတ်ခွင့်ရှိပြီး ၎င်းတို့ ရွေးချယ်သည့် ဘာသာစကားဖြင့် ၎င်းတို့၏ လုပ်ဆောင်မှုနှင့် ဒေသအကြောင်းအရာတို့ကို ဖန်တီး၍ ဖြန့်ဝေခွင့် ရှိကြောင်း၊ သတင်းအချက်အလက်အသိုက်အဝန်းတွင် သတင်းအချက်အလက်အမွေအနှစ်ကို အသေအချာ ထိန်းသိမ်းထားရှိ ရမည်ဖြစ်ကြောင်း' ပြောဆိုထားသည်။[၂၀၅] နောက်ဆုံးတွင် WSIS ရလဒ်စာရွက်စာတမ်းများသည် အသိအမှတ် ပြုထားသည်မှာ -

> ၁၂။ လူအားလုံး အထူးသဖြင့် ဖယ်ကြဉ်ခံရသူနှင့် အထိခိုက်လွယ်သူများအတွက် လက်လှမ်းမီ ရရှိသုံးစွဲခွင့်အပြင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကို တက်နိုင်သမျှ လက်လှမ်းမီ အသေအချာ ရရှိရန် ဥပဒေပြုရေးနှင့် စည်းမျဉ်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများက မျှတသည့် ယှဉ်ပြိုင်မှုကို စေ့ဆော်ပေးပါမည်။ လူများနှင့် လူ့အဖွဲ့အစည်းများ၏ ဘဝများကို ပြုပြင်ပြောင်းလဲရန် အလားအလာ မရှိပေ။ ထိုမျှသာမက ကျေးလက်ဒေသနှင့် နယ်စွန်နယ်ဖျားဒေသများအပါအဝင် အထိခိုက်လွယ်နှင့် ဖယ်ကြဉ်ခံလူများကို ၎င်းတို့နှင့် ၎င်းတို့၏ လူ့အဖွဲ့အစည်းများကို စွမ်းရည်မြှင့်မားအောင် ဆောင်ရွက်ခြင်း၊ ၎င်းတို့၏ အခွင့်အရေးများနှင့် တာဝန်များကို ချဲ့ထွင်ခြင်းတို့ဖြင့် ကူညီနိုင်ရန် အလားအလာလည်း မရှိပေ။[၂၀၆]

တိကျသည့် ဥပဒေပြုရေး သို့မဟုတ် စည်းမျဉ်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ မလိုအပ်ဘဲ လူ့အခွင့်အရေး ထက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် ပို၍ ရှင်းရှင်းလင်းလင်း အလေးထားသည့်တိုင်အောင် အင်တာနက် လက်လှမ်းမီ ရရှိရေးကို လူ့အခွင့်အရေးအာမခံချက်တရပ်အဖြစ် အနက်ပြန်ဆိုပါက ဤအချက်သည် နိုင်ငံအနေဖြင့် အကောင်အထည်ဖော်ရန် လိုအပ်သည့် လုပ်ငန်းတရပ် ဖြစ်နေပါသေးသည်။ အထူးသဖြင့် အထိခိုက်လွယ် လူအုပ်စုများ သို့မဟုတ် ကျေးလက်နေပြည်သူများတွင် ဖြစ်ပါသည်။ လူ့အခွင့်အရေးဥပဒေစနစ်မရှိသည့်အခါ

---

[၂၀၄] ibid.

[၂၀၅] ibid.

[၂၀၆] ibid. 28.

ဥပဒေပြုရေးနှင့် စည်းမျဉ်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၏ သဘောသဘာဝနှင့် အတိုင်းအတာအရ နိုင်ငံ၏ ရွေးချယ်သည့် လွှမ်းခြုံ နယ်ပယ်သည် အတော်ပင် ကျယ်ပြန့်ပါသည်။

မျှော်မှန်း သတင်းအချက်အလက်အသိုက်အဝန်းကို အကောင်အထည်ဖော်ရန်အတွက် WSIS သည် လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် နယ်ပယ် ၁၁ ခုကို ရေးဆွဲခဲ့ပါသည်။ ၎င်းတို့အနက် WSIS အကောင် အထည်ဖော်ရေးလုပ်ငန်းစဉ်အတွင်း လူ့အခွင့်အရေးစံနှုန်းများကို ထည့်သွင်းပေါင်းစပ်နိုင်သည့် စမှတ်များစီစဉ်ရန် နယ်ပယ်အားလုံးသည် ကိုက်ညီဆီလျော်နိုင်ပါသည်။ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် နယ်ပယ် ၁၁ ရပ်မှာ အောက်ပါအတိုင်း ဖြစ်သည် -

၁။ ဖွံ့ဖြိုးရေးအတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာများကို မြှင့်တင်ရာတွင် ပြည်သူ့ရေးရာ စီမံအုပ်ချုပ်မှုအာဏာပိုင်များနှင့် သက်ဆိုင်သူအားလုံး၏ အခန်းကဏ္ဍ၊

၂။ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး အခြေခံအဆောက်အဦ၊

၃။ သတင်းအချက်အလက်နှင့် အသိပညာကို လက်လှမ်းမီ ရရှိသုံးစွဲခွင့်၊

၄။ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊

၅။ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာများ အသုံးပြုရာတွင် ယုံကြည်စိတ်ချရမှုနှင့် လုံခြုံရေး တည်ဆောက်ခြင်း၊

၆။ အကောင်အထည်ဖော်နိုင်သည့်ဝန်းကျင်တည်ဆောက်ခြင်း၊

၇။ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ အသုံးချခြင်းများ - ဘဝ၏ ဘက်ပေါင်းစုံရှိ အကျိုးကျေးဇူများ၊

၈။ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအမျိုးစုံလင်မှုနှင့် ကိုယ်ပိုင်လက္ခဏာ၊ ဘာသာစကားအမျိုးစုံလင်မှုနှင့် ဒေသအကြောင်းအရာ၊

၉။ မီဒီယာ

၁၀။ သတင်းအချက်အလက်အသိုက်အဝန်း၏ ကျင့်ဝတ်ပိုင်းအမြင်ရှုထောင့်များ၊

၁၁။ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု။

ဤလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် နယ်ပယ်အားလုံးတွင် အသုံးပြုပါက လူ့အခွင့်အရေး ဥပဒေစနစ်သည် လမ်းညွှန်ချက်များကို ထောက်ပံ့ပေးပါသည်။ ဤလုပ်ငန်းဆောင်ရွက်ချက်များကို အကောင် အထည်ဖော်ရန် စည်းမျဉ်း၊ မူဝါဒနှင့် အုပ်ချုပ်မှုမူဘောင်များကို အစိုးရက မည်သို့ ဖွံ့ဖြိုးအောင် ဆောင်ရွက်သင့် သည်ဟူသော လမ်းညွှန်ချက်များ ဖြစ်သည်။ WSIS ၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် နယ်ပယ် များကို လူ့အခွင့်အရေးစံနှုန်းများနှင့် ဥပဒေစနစ်တို့ဖြင့် ချိတ်ဆက်ထားသည့် လက်ရှိ ပညာရပ်စာပေများ အလွန်ပင် နည်းပါး ပါသည်။ သတင်းအချက်အလက်နှင့် အသိပညာကိုသာမက စွမ်းဆောင်ရည်မြှင့်တင်ခြင်းကို လက်လှမ်းမီ ရရှိခွင့်နှင့် ဆက်နွယ်သည့် အစိုးရအာဏာပိုင်များက ဆောင်ရွက်ရမည့် အဆင့်များနှင့် ယေဘုယျလုပ်ငန်းဆိုင်ရာ

အချက်များကို ဖော်ပြထားသည့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် နယ်ပယ်အချို့ကို ဤအပိုင်းက လေ့လာပါသည်။

ပြည်သူ့ရေးရာ စီမံအုပ်ချုပ်မှု အာဏာပိုင်များနှင့် သက်ဆိုင်သူများအားလုံး၏ အခန်းကဏ္ဍကို ၂၀၁၄ ခုနှစ် WSIS အစီရင်ခံစာက အောက်ပါအတိုင်း သတ်မှတ်ထားသည်-

> သတင်းအချက်အလက်အသိုက်အဝန်းကို မြန်ဆန်တိုးတက်စေရန်နှင့် လက်ရှိနှင့် နောင်ဖြစ်ပေါ်လာမည့် လူမှုစီးပွားမညီမျှမှုများကို ကျဉ်းမြောင်းစေရေး အထောက်အပံ့ပြုရန်အတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ သတင်းအချက်အလက်အကြောင်းအရာ လက်လှမ်းမီမှုကို မြှင့်တင်ရန်။[၂၀၇]
>
> သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို လူတိုင်း လက်လှမ်းမီရရှိခြင်းမှတဆင့် လူသားအားလုံးအတွက် အီလက်ထရွန်းနစ်ဝန်ဆောင်မှုများကို လုံလုံလောက်လောက် စီမံနိုင်ရေး သေချာစေရန်။ တို့ပြန်မှုရှိသည့် လုပ်ငန်းစဉ်ကိုသာမက စောင့်ကြပ်ကြည့်ရှုရှု အကဲဖြတ်ဆန်းစစ်ခြင်း ယန္တရားကိုပါ အားပေးခြင်းတို့မှတဆင့် အသေအချာစီမံရန်။[၂၀၈]

ဤ WSIS အခြေခံအဆောက်အဦကို လက်လှမ်းမီ ရရှိခွင့် (လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် နယ်ပယ် ၂) ကို အကြောင်းအရာ လက်လှမ်းမီ ရရှိခွင့် (လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် နယ်ပယ် ၃၊ ၇ နှင့် ၈) တို့နှင့် ချိတ်ဆက်ထားသည်။ ထို့အပြင် အထူးသဖြင့် လက်ရှိ သို့မဟုတ် နောင်ဖြစ်ပေါ်လာမည့် လူမှုစီးပွား မညီမျှချက်များကို နည်းပါစေရေးနှင့်အတူ အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်၏ အစိတ်အပိုင်းအဖြစ် လက်လှမ်းမီရရှိနိုင်သည့်နေရာများကို 'မြှင့်တင်ရန်' လိုအပ်ချက်ကို ထည့်သွင်းထားသည်။ ဤစာအုပ်၏ နောင်ဆက်တိုက်အခန်းများရှိ လေ့လာဆန်းစစ်ချက်တွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေသည် ယနေ့အချိန်အထိ ဤတာဝန်ဝတ္တရားများနှင့် မည်မျှအတိုင်းအတာ သဘောညီမျှမှုရှိသည် သို့မဟုတ် ပြည့်စုံသည်ကို ဖော်ထုတ်ရန် ရှာဖွေပါသည်။ သင့်လျော်ကိုက်ညီသည့် အကြောင်းအရာကို လက်လှမ်းမီ ရရှိရန်အလို့ငှာ အခြေခံ အဆောက်အဦ လက်လှမ်းမီ ရရှိမှုကို အဆင်ပြေချောမွေ့စေရန် နိုင်ငံများတွင် မည်သည့် တာဝန်များ အတိအကျ ရှိသည်ကို ရှင်းလင်းကွဲပြားစေရန်လည်း ဖော်ထုတ်ပါသည်။

လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် နယ်ပယ် ၃ ၏ အစိတ်အပိုင်းအဖြစ် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာအတွက် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုမှုများကို WSIS က အသိအမှတ်ပြုထားသည်။ အဆိုပါ လုပ်ငန်းနယ်ပယ်တွင် ကမ္ဘာပေါ်ရှိ မည်သည့်နေရာမှမဆို လူများသည် သတင်းအချက်အလက်နှင့် အသိပညာကို တပြိုင်နက်တည်း လက်လှမ်းမီ ရရှိသုံးစွဲခွင့် ပြုထားပါသည်။[၂၀၉] ဤလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် နယ်ပယ်သည် လုပ်ငန်းမျိုးစုံကို အသိအမှတ်ပြုခြင်းဖြင့် လူတိုင်းလက်လှမ်းမီ ရရှိရန်

---

[၂၀၇] WSIS Outcome Documents (n. 200) 35.

[၂၀၈] ibid.

[၂၀၉] ibid. 36.

လိုအပ်သည့်အင်တာနက်၏ ကွဲပြားထင်ရှားသည့် ဝိသေသလက္ခဏာများကို ရှင်းရှင်းလင်းလင်း အသားပေး ထားသည်။ လူတိုင်း လက်လှမ်းမီ ရရှိရန်အလို့ငှာ အကောင်အထည်ဖော်ရေး လမ်းညွှန်ချက်များကို သက်ဆိုင်သူ များအားလုံးအတွက် ချမှတ်ထားသည်-

(က) သတင်းအချက်အလက်နှင့် အသိပညာကို လူတိုင်း လက်လှမ်းမီ ရရှိရေး ချဲ့ထွင်ရန်နှင့် မြှင့်တင်ရန် အတွက် နိုင်ငံ့အခြေအနေများနှင့်အညီ မူဝါဒများ၊ မဟာဗျူဟာများနှင့် အစီအမံများကို အားလုံး ပါဝင်ပြီး ပွင့်လင်းမြင်သာသော နည်းဖြင့် ခိုင်မာအားကောင်းအောင် ပြုလုပ်ရန်၊

(ခ) လူမှုရေး၊ ယဉ်ကျေးမှုနှင့် စွန့်ဦးတီထွင်လုပ်ငန်းများ၏ သတင်းအချက်အလက် အခြေပြု ဖွံ့ဖြိုးရေးကို မြှင့်တင်ရန် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို လူတိုင်းအတွက် အဆင်ပြေချောမွေ့စေရေး အစပျိုးလုပ်ငန်းများကို ဆက်လက်မြှင့်တင်ရန်နှင့် အထောက်အပံ့ ပေးရန်၊

(ဂ) ဘာသာစကားမျိုးစုံနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်း အမျိုးစုံလင်သည့် အကြောင်းအရာနှင့် ကိရိယာ များအတွက် သက်ဆိုင်သူအားလုံး၏ ကြိုးစားအားထုတ်မှုကို မြှင့်တင်ရန် (ယဉ်ကျေးမှုဓလေ့မျိုးစုံနှင့် စပ်လျဉ်းသည့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် နယ်ပယ် ၈ ကိုလည်း ကြည့်ပါ)

(ဃ) သတင်းအချက်အလက်အမွေအနှစ်ကို ရေရှည်ထိန်းသိမ်းကာကွယ်ခြင်းသည် ယဉ်ကျေးမှု၊ ပညာရေး၊ သုတေသနနှင့် သတင်းအချက်အလက်မူဝါဒ၏ မရှိမဖြစ် အစိတ်အပိုင်းဖြစ်ကြောင်း သေချာစေရန်၊ ပို၍ ယေဘုယျကျကျ ဆိုရသော် ဖြစ်နိုင်ပါက သက်ဆိုင်သည့် လူ့အဖွဲ့အစည်းနှင့် တဦးချင်းစီ၏ သဘောဆန္ဒနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ သတင်းအချက်အလက် အသိုက် အဝန်း တည်ဆောက်ခြင်း၏ မရှိမဖြစ် အစိတ်အပိုင်း ဖြစ်ကြောင်း သေချာစေရန်၊

(င) လူတိုင်းအတွက် သတင်းအချက်အလက်နှင့် အသိပညာကို ငွေကြေးမပေးဆောင်ရဘဲ လက်လှမ်းမီ သုံးစွဲခွင့်ပြုသည့် ရေရှည်တည်တံ့သော ဘက်စုံသုံး ရပ်ရွာအခြေပြု ဆက်သွယ်ရေးဌာနများကို ဆက်လက် ဖွံ့ဖြိုးစေရန်နှင့် အထောက်အပံ့ပေးရန်၊

(စ) အသုံးပြုသူများက ထုတ်လုပ်သည့် အကြောင်းအရာနှင့် ဤအကြောင်းအရာ အချက်အလက်များကို လက်လှမ်းမီ ထုတ်ပြန်ရာတွင် ခွဲခြားဆက်ဆံခြင်းကို ဆက်လက် ရှောင်ကြဉ်ရန်နှင့် ဖယ်ရှားရန်၊ ဤပန်းတိုင်ကို ရရှိရန်အတွက် သက်ဆိုင်သူများသည် ၎င်းတို့နှင့် ဆက်စပ်သည့် အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများအတိုင်း ပူးပေါင်း ဆောင်ရွက်ရမည်။[၂၁၀]

ဤအကြံပြုချက်များတွင် အခြေခံအဆောက်အဦကို လက်လှမ်းမီ ရရှိခွင့်၏ အရေးပါမှုကို အခြေခံ အဆောက်အဦတခုတည်းထက် အကြောင်းအရာ၏ အရေးပါမှုနှင့် ချိတ်ဆက်ထားသည်။ ယဉ်ကျေးမှုဓလေ့ထုံးတမ်း

---

[၂၁၀] ibid.

အမျိုးစုံလင်မှုနှင့် ထိန်းသိမ်းကာကွယ်ခြင်းနှင့် ဆက်စပ်သည့် အကြောင်းအရာ၏ အရေးပါမှုလည်း ပါဝင်သည်။ လက်လှမ်းမီမှုဆိုသည်မှာ နည်းပညာလက်လှမ်းမီမှုကိုသာ ဆိုလိုခြင်းမဟုတ်ကြောင်းကိုလည်း အလေးထားသည်။ ထိုမျှသာမက ဒီမိုကရေစီ လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ရန်နှင့် ဘဝများကို မြှင့်တင်ရန်အတွက် နည်းပညာကို လူတိုင်း ထိထိရောက်ရောက် အကျိုးရှိရှိ သုံးစွဲနိုင်စေရန် အကူအပံ့ဖြစ်သည့် စွမ်းရည် ဖွံ့ဖြိုးမှုကိုလည်း အလေးထားပါသည်။ ဤသည်ကို သီးခြား လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် နယ်ပယ်တခုဖြင့် ထပ်မံ အားဖြည့်ပါသည်။ အားလုံးပါဝင်သည့် သတင်းအချက်အလက် အသိုက်အဝန်းအတွက် လိုအပ်သည့် သီးခြားအစိတ်အပိုင်း အဖြစ် စွမ်းဆောင်ရည်မြှင့်တင်ခြင်းကို ၎င်းနယ်ပယ်က ကိုင်တွယ်ဖြေရှင်းပါသည်။[၂၁] လက်လှမ်းမီရရှိမှုကို မြှင့်တင်ရန်အတွက် အများပြည်သူသုံး ဆက်သွယ်ရေးနေရာများအတွက် လိုအပ်ချက်နှင့် ဤအစိတ်အပိုင်း အားလုံးကို လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် နယ်ပယ်နှင့် ချိတ်ဆက်ထားသည်။ ဤလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် နယ်ပယ်များရှိ ရှင်းရှင်းလင်းလင်း ဖော်ပြထားသည့် လူ့အခွင့်အရေး အခြေခံမူများတွင် သတင်းအချက်အလက် လက်လှမ်းမီ ရရှိခွင့်၊ ဗဟုဝါဒ၊ ခွဲခြားဆက်ဆံခြင်းမပြုရေးနှင့် အထိခိုက်အလွယ်ဆုံး လူများကို ကာကွယ်ပေးခြင်းတို့ ပါဝင်သည်။ သို့ဖြစ်၍ ဤအကောင်အထည်ဖော်ရေး လမ်းညွှန်ချက်များနှင့် ဤနောက်ခံ အကြောင်းရင်း လူ့အခွင့်အရေး အခြေခံမူများသည် လေ့လာဆန်းစစ်ချက်အား စတင်ရန် အသုံးတည့်သည့် စမှတ်များကို စီစဉ်ပေးသည်။ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်နှင့် အခြား လူ့အခွင့်အရေး အာမခံချက်များတွင် သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကို မည်သို့ ကျဉ်းမြောင်းစေကြောင်း လေ့လာဆန်းစစ်ချက် ဖြစ်သည်။

လူ့အခွင့်အရေးအမြင်ရှုထောင့် အထူးသဖြင့် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်အရဆိုသော် WSIS လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် နယ်ပယ်များ၏ အခြေခံ အားနည်းချက်မှာ ၂၀၀၃ ခုနှစ် ဂျနီဗာ အခြေခံမူများဆိုင်ရာ ကြေညာစာတမ်းတွင် ချမှတ်ထားသည့် အခြေခံမူများနှင့် အဆိုပါ အခြေခံမူများကို အကောင်အထည်ဖော်သည့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် နယ်ပယ်များအကြား တည်ရှိနေသည့် ချိတ်ဆက်မှုမရှိခြင်း ဖြစ်သည်။[၂၂] ဤအမြင်အရ ဆိုသော် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်၏ လွှမ်းခြုံမှု နယ်ပယ်ကို ချဲ့ထွင်ရန် လိုအပ်ချက်အပေါ် MacBride အစီရင်ခံစာ၏ တွေ့ရှိချက်များသည် လက်ရှိခေတ် သတင်းအချက်အလက်အသိုက်အဝန်း ဆွေးနွေးပွဲများမှတဆင့် ပြန်လည်ရှင်သန် သက်ဝင်လာခြင်းမရှိကြောင်း ထင်မြင်ရသည်။ မည်မျှမှုများ အထူးသဖြင့် သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက် ရှိနေကြောင်း အသိအမှတ်ပြုသည်မှ လွဲ၍ ပြန်လည်အသက်ဝင်လာခြင်း မရှိပေ။[၂၃] ၂၀၁၇ ခုနှစ် ညီလာခံတွင် အပိုဒ် (၁၉) ကိုယ်စားလှယ် ဖြစ်သူ Mehwish Ansari က ပြောဆိုသကဲ့သို့ပင် -

---

[၂၁] ibid.

[၂၂] Masmoudi (n. 71) 13; Alston (n. 175) 762.

[၂၃] Kaarle Nordenstreng, 'The New World Information and Communication Order: Testimony of an Actor' in F. Deppe, W. Meixner, and G. Pallaver (eds), *Widerworte. Philosophie Politik Kommunikation. Festschrift für Jörg Becker* (Innsbruck University Press 2011) 233.

သတင်းအချက်အလက်နှင့် အသိပညာ လက်လှမ်းမီ ရရှိခွင့်နှင့် အားလုံးပါဝင်မှုကို သေချာစေရေးအတွက် လူ့အခွင့်အရေးကို ထည့်သွင်းစဉ်းစားခြင်းသည် မရှိမဖြစ် လိုအပ်သည်မှာ ထင်ရှားပါသည်။ အဆုံးစွန်ဆိုရသော် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှု စဉ်ဆက်မပြတ် တည်တံ့ရေး သေချာစေရေးအတွက်လည်း လိုအပ်သည်။ သို့တိုင်အောင် WSIS ဖိုရမ်၏ ဆွေးနွေးပွဲများတွင် UDHR နှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးမူဘောင်ကို ဤအားထုတ်မှုများ၏ အစိတ်အပိုင်းအဖြစ် အမှန်တကယ် ထည့်သွင်းထားသည့် တိုင်အောင် လိုအပ်ပါသည်။[၂၁၄]

အထက်ပါလေ့လာဆန်းစစ်ချက်မှတဆင့် သုတေသနအသစ်ပြုရန်အတွက် အခွင့်အရေး တခု ရှိနေပါသည်။ အကောင်အထည်ဖော်ရေး လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် နယ်ပယ်များနှင့် ၎င်းနယ်ပယ်တခုစီအတွင်း ရှင်းရှင်းလင်းလင်း ဖော်ပြထားသည့် အခြေခံမူများနှင့် ချိတ်ဆက်၍ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေစနစ်ကို စတင် လေ့လာဆန်းစစ်မည့် သုတေသန ဖြစ်ပါသည်။

၂-၅။ နိဂုံးချုပ်သုံးသပ်ချက် - လူ့အခွင့်အရေးဥပဒေ မူဘောင်တရပ်မှတဆင့် သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက် ဖြစ်စဉ်ကို လေ့လာဆန်းစစ်ရန် လိုအပ်ချက်

သတင်းအချက်အလက်နှင့် သတင်းအချက်အလက်နည်းပညာ၏ အရေးပါမှုအပေါ် နိုင်ငံတကာ အဖွဲ့အစည်း၏ ဆွေးနွေးချက်ရှိ အဓိက အချိန်ကာလများကို ဤအခန်းက လေ့လာပါသည်။ ထိုမျှသာမက သတင်းအချက်အလက်နည်းပညာ လက်လှမ်းမီ ရရှိမှု မညီမမျှဖြစ်ခြင်းကို လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မရှိမဖြစ် အရေးပါသည့်အရာအဖြစ် ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ချက်အဖြစ်လည်း အရေးပါကြောင်း ဆွေးနွေးပါသည်။ ၎င်းအရေးပါသည့် အချိန်ကာလများမှာ လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့် ကွန်ဗင်းရှင်း မူကြမ်း ပြင်ဆင်သည့် အချိန်၊ NWICO ဆွေးနွေးချက်၊ WSIS ထိပ်သီးညီလာခံနှင့် WSIS အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်တို့ ဖြစ်ကြသည်။ မတူညီသည့် အတိုင်းအတာများဖြင့် သတင်းအချက်အလက် နည်းပညာ လက်လှမ်းမီ ရရှိခွင့် မညီမမျှဖြစ်ခြင်းများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် အချိန်ကာလ ၄ ခုစလုံးသည် ဖွံ့ဖြိုးရေးနှင့် လူ့အခွင့်အရေး နှစ်မျိုးစလုံးနှင့် ချိတ်ဆက်ပါသည်။ အချိန်ကာလ ၄ ခုစလုံးအတွက် သတင်းအချက်အလက် ဖြန့်ဝေခြင်း နည်းပညာ လက်လှမ်းမီ ရရှိမှု မညီမမျှဖြစ်ခြင်းသည် သင့်လျော်သည့် အကြောင်းအရာနှင့် သတင်း အချက်အလက်ကို တဦးချင်းစီ၏ လက်လှမ်းမီ ရရှိမှုအပေါ် သက်ရောက်မှု ရှိပါသည်။ အလားတူပင် အချိန်ကာလ ၄ ခုစလုံး အတွက် အခြေခံအဆောက်အဦကို လက်လှမ်းမီ ရရှိမှု မညီမမျှဖြစ်ခြင်းကို ကိုင်တွယ်ဖြေရှင်းသည့် ကြိုးစားမှုများ

---

[၂၁၄] 2017 Outcomes Documents, https://www.itu.int/en/itu-wsis/Documents/wf17/WSISForum201_7HighLevelTrackOutcomesStatements.pdf

ရှိပြီး လူမှုစီးပွားမညီမျှမှုများအပေါ် ဦးတည်သင့်ကြောင်း နိဂုံးတကာအသိုက်အဝန်းအနေဖြင့် အလေးထား ပြောကြားပါသည်။

လူ့အခွင့်အရေးအာမခံချက်များသည် အထိခိုက်လွယ်ဆုံး လူများ၏ သတင်းအချက်အလက် လက်လှမ်းမီ ရရှိမှုကို ကာကွယ်ပေးပြီး သေချာအောင် မည်သည့်အတွက်ကြောင့်နှင့် မည်သို့ ဆောင်ရွက်သင့်ကြောင်းကို NWICO ဆွေးနွေးပွဲနှင့် ၎င်း၏ MacBride အစီရင်ခံစာတို့သည် WSIS လုပ်ငန်းစဉ်ထက်ပို၍ ရှင်းရှင်းလင်းလင်း ဖော်ထုတ် ပါသည်။ ထို့အပြင် ၎င်းအထိခိုက်လွယ်ဆုံးလူများကို အများပြည်သူဆိုင်ရာ ဆွေးနွေးပွဲများတွင် ပူးပေါင်းပါဝင်နိုင်ပြီး သင့်လျော်သည့် သတင်းအချက်အလက်ဆက်သွယ်ရေးမှတဆင့် ၎င်းတို့ကိုယ်ပိုင် သတင်းအချက်အလက်နှင့် အကြောင်းအရာကို မည်သည့်အတွက်ကြောင့်နှင့် မည်သို့ ဖြန့်ဝေနိုင်ကြောင်းကိုလည်း ဖော်ထုတ်ပါသည်။ MacBride အစီရင်ခံစာ၏ တွေ့ရှိချက်များကို အများအားဖြင့် အကောင်အထည် မဖော်ခဲ့ကြပေ။ အကြောင်းမှာ စစ်အေးခေတ် ကျယ်ပြန့်သည့် အားပြိုင်မှုများကြောင့် ဖြစ်သည်။ WSIS လုပ်ငန်းစဉ်နှင့် IGF ကျင်းပသည့် လက်တလော ဆွေးနွေးပွဲများအတွက် အစီရင်ခံစာသည် သင့်လျော်နေပါသည်။

သို့ဖြစ်၍ ဆက်နွယ်ချက်သည် သုတေသနနယ်ပယ်အသစ်အတွက် အခွင့်အရေးကို ဖန်တီးပေးသည်။ အကောင်အထည်ဖော်ခြင်းသည် လူ့အခွင့်အရေးအာမခံချက်များကို မည်သို့ လွှမ်းခြုံမိစေမည်အပေါ် အလေးထား လေ့လာမည့် သုတေသနဖြစ်သည်။ WSIS နှင့် IGF ဆွေးနွေးပွဲအတွင်း အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေ မူဘောင်ကို ပို၍ ပေါင်းစပ်ထည့်သွင်းရန် လိုအပ်ချက်အား အင်တာနက် စီမံအုပ်ချုပ်မှုနှင့် ဆက်သွယ်ရေး ပညာရှင်များသည် ရှင်းလင်းစွာ ဖော်ထုတ်ထားသည်။ Mansell က အချေအတင် ဆွေးနွေးထားသည့်အတိုင်း 'သတင်းအချက်အလက်အသိုက်အဝန်းကို ပုံဖော်ရန်အတွက် လုပ်နိုင်ကိုင်နိုင်စွမ်းများ ရရှိခြင်းမှ မတူကွဲပြားသည့် လူမှုရေးရာအုပ်စုများကို ကန့်သတ်ထားသည့် ဥပဒေနှင့် အခြားအခြေအနေများကို ခရေစေ့တွင်းကျ လေ့လာ ဆန်းစစ်ရန် လိုအပ်ပါသည်'။[၂၁] စည်းနှောင်အားရှိသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး မူဘောင်၏ ပိုမို ထိရောက်သော ထည့်သွင်းပေါင်းစပ်မှုကို အဆင့်မြှင့်တင်ရန် အကူအညီပေးရေး စတင်သည့် ဤလေ့လာ ဆန်းစစ်ချက် အမျိုးအစားအတွက် စတင်မှတ်များကို MacBride အစီရင်ခံစာက ဖော်ထုတ်ကြောင်းကို ဤအခန်းက ပြသပါသည်။ လုပ်ငန်းစဉ်ကို လေ့လာဆန်းစစ်ခြင်းသာမက အင်တာနက် လက်လှမ်းမီ ရရှိမှုအကြောင်း IGF ၏ ဆွေးနွေးချက်သည် ဖွံ့ဖြိုးရေး အမြင်ရှုထောင့်ကို ပိုမို ဖွံ့ဖြိုးတိုးတက်စေကြောင်း တွေ့ရှိရသည်။ ထို့အပြင် အားလုံးပါဝင်သည့် သတင်းအချက်အလက်အသိုက်အဝန်း ဖန်တီးခြင်း၏ လူ့အခွင့်အရေးအမြင်ရှုထောင့်များကို အနည်းဆုံး ဖြစ်စေသည်ကို တွေ့ရှိရပါသည်။ သို့ရာတွင် ခွဲခြားဆက်ဆံမှု မရှိခြင်း၊ ဗဟုဝါဒ၊ သတင်းအချက်အလက် လက်လှမ်းမီရရှိမှုနှင့် လူ့အဖွဲ့အစည်း၏ အထိခိုက်လွယ်ဆုံး သို့မဟုတ် နယ်စွန်နယ်ဖျားမှ လူများကို အကာအကွယ် ပေးခြင်းအပါအဝင် ဖွံ့ဖြိုးရေး၊ အင်တာနက် စီမံအုပ်ချုပ်မှုနှင့် လူ့အခွင့်အရေးအသိုက်အဝန်းများအကြား မျှဝေ ထားသည့် အခြေခံမူများသည် ပို၍ အသေးစိတ်ကျကျ လေ့လာဆန်းစစ်ချက်ကို စတင်ရန် အုတ်မြစ်များအဖြစ် စီမံပေးပါသည်။ WSIS ၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် နယ်ပယ်များ အကောင်အထည်

[၂၁] Mansell (n. 5) 180.

ဖော်ခြင်းကို ပုံဖော်ရာတွင် လူ့အခွင့်အရေး ဥပဒေ မူဘောင်နှင့် ဥပဒေစနစ်၏ ဆီလျော်ကိုက်ညီမှုကို အသေးစိတ် လေ့လာခြင်း ဖြစ်သည်။

သတင်းအချက်အလက်နည်းပညာ လက်လှမ်းမီ ရရှိမှု မညီမမျှဖြစ်ခြင်းအကြောင်း ယခင်ဆွေးနွေးပွဲများ၏ သမိုင်းဆိုင်ရာနှင့် လူမှုရေးအခြေအနေများကို ခြေရာခံခြင်းဖြင့် လက်ရှိ ဖွံ့ဖြိုးရေးအစီအစဉ်များသည် သတင်း အချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကို မည်သို့ ကိုင်တွယ်ဖြေရှင်းသည်အပေါ် သုတေသန ပြုခြင်းနှင့် ၎င်းကွာဟချက်ကို ကျဉ်းမြောင်းစေရေး အကူအညီပေးသည့် အလားအလာရှိသော လူ့အခွင့်အရေး တာဝန်ရှိမှုများအကြား ကွာဟချက်ရှိနေသည်မှာ ထင်ရှားပါသည်။ သတင်းအချက်အလက် အသိုက်အဝန်းအတွင်း ဝင်ရောက်မှုကို ကန့်သတ်ထားသည့် ဥပဒေနှင့် အခြား အခြေအနေများကို ပိုမို နားလည် သဘောပေါက်ရန်အလို့ငှာ ပိုမို လိုအပ်သည်။ ၎င်းမှာ MacBride အစီရင်ခံစာနှင့် WSIS လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် နယ်ပယ်အချို့တွင် ထည့်သွင်းရန်တွက် လူ့အခွင့်အရေး စောင့်ကြည့်ရေး ဦးဆောင်အဖွဲ့များမှ လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့် အာမခံချက်များကို မည်သို့ အနက်ပြန်ဆိုထားသည်ကို နားလည်သဘောပေါက်ရန် လိုအပ်သည်။ နမူနာအနေဖြင့် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့များသည် မည်သို့ လုပ်ဆောင်ကြောင်း ပါဝင်သည်-

- သတင်းအချက်အလက်နှင့် အကြောင်းအရာကို လက်လှမ်းမီ ရရှိမှုနှင့် အခြေခံအဆောက်အဦ လက်လှမ်းမီ ရရှိမှုတို့၏ ဆက်နွယ်ချက်ကို လက်ရှိ မည်သို့ ဆွေးနွေးနေသနည်း။
- ထူးခြားသည့် သို့မဟုတ် အထူးပင် အရေးပါသည့် အင်တာနက်အကြောင်း အသေးစိတ် ဝိသေသ လက္ခဏာများကို မည်သို့ ဖော်ထုတ်သနည်း။
- အင်တာနက်အသုံးပြုကြရသည့် လုပ်ဆောင်ချက် အမျိုးမျိုးကို လူတဦးချင်းစီက မည်သို့ ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုသနည်း။
- သတင်းအချက်အလက်လက်လှမ်းမီ ရရှိခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့်ကို စာနယ်ဇင်း၏ အခန်းကဏ္ဍနှင့် မည်သို့ ချိတ်ဆက်ထားသနည်း။
- အထူးပင် အထိခိုက်လွယ်အုပ်စုများ သို့မဟုတ် ဖယ်ကြဉ်ခံလူများအတွက် စေ့စေ့စပ်စပ် စစ်ဆေးခြင်းကို မည်သို့ မြင့်မြင့်မားမား ပေးထားသနည်း။
- လူ့အခွင့်အရေး အာမခံချက်များကို ချဲ့ထွင်ရန် သို့မဟုတ် ကျယ်ပြန့်ရန် ဗဟုဝါဒနှင့် ခွဲခြား ဆက်ဆံခြင်း မရှိစေရ အခြေခံမူကို မည်သို့ အသုံးပြုသနည်း။

ဤသို့ဖြင့် လွတ်လပ်စွာထုတ်ဖော်တင်ပြ ပြောဆိုခွင့်ကို ကျယ်ပြန့်စေရန် လိုအပ်ချက်အတွက် အကြောင်းရင်းများအဖြစ် ၁၉၈၀ ပြည့်နှစ် အစီရင်ခံစာတွင် မိတ်ဆက်ထားသည့် ဤအကြောင်းအရာများကို အပြည် ပြည်ဆိုင်ရာ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့များက မည်သို့ ဆန်းစစ်သည်ကို နောင်အခန်းများတွင် ဆင်ခြင် သုံးသပ်ထားသည်။ အထူးသဖြင့် လူ့အခွင့်အရေးဆိုင်ရာ ဥရောပ ခုံရုံးနှင့် အမေရိကန်ိုင်ငံများ၏ လူ့အခွင့်အရေး ဆိုင်ရာ ခုံရုံးတို့မှ မည်သို့ ဆန်းစစ်သည်ကို လေ့လာသုံးသပ်ပါသည်။

အခန်း ၃။ မလုပ်ဆောင်ရမည့် တာဝန်များ

ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများကဲ့သို့ပင် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်သည် သမိုင်းကြောင်းအရဆိုသော် *အကာအကွယ်ပေးရမည့်*အခွင့်အရေး (*negative* right) အမျိုးအစားတွင် အရင်းခံအားဖြင့် ကျရောက်ပါသည်။ နိဒါန်းတွင် ရှင်းပြထားသကဲ့သို့ နိုင်ငံက မလုပ်ဆောင်ရမည့်အရာကို သတ်မှတ်ခြင်းဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုတင်ပြခွင့် လေးစားခြင်းကို အဓိကအားဖြင့် အသေအချာ ရရှိစေပါသည်။[၁] (ဤစာအုပ်တွင် ဖော်ပြထားသကဲ့သို့) ဤချဉ်းကပ်နည်းတွင် အားနည်းချက်များ ရှိသော်ငြား သတင်းအချက်အလက် လက်လှမ်းမီ ရရှိသုံးစွဲခွင့် (Digital Inclusion*) အာမခံချက်များကို လေ့လာဆန်းစစ်ရန်အတွက် အခြေခံတရပ်အဖြစ် စီမံပေးပါသည်။ ထို့အပြင် အင်တာနက်လက်လှမ်းမီ ရရှိမှုကို ပိတ်ပင်ခြင်းသည် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်နှင့် မည်သို့ ချိတ်ဆက်ထားကြောင်း အမြင်ကိုလည်း ပေးပါသည်။

အထွေထွေမှတ်ချက် အမှတ် (၃၄) တွင် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ (United Nations Human Rights Council - UNHRC) သည် ဝက်ဆိုက်အင်တာနက် စာမျက်နှာများ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုအပေါ် တားမြစ်ကန့်သတ်ချက်များနှင့် ၎င်းတို့သည် ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (International Covenant on Civil and Political Rights - ICCPR) ၏ အပိုဒ် (၁၉) နှင့် သဟဇာတ ဖြစ် မဖြစ်ကို အောက်ပါအတိုင်း ဖော်ပြလျက် ဖြေရှင်းထားသည်-

> ဝက်ဆိုက်အင်တာနက်စာမျက်နှာများ၊ ဘလော့များ သို့မဟုတ် အခြားသော အင်တာနက်အခြေခံ၊ အီလက်ထရွန်းနစ် သို့မဟုတ် ထိုသို့ သတင်းအချက်အလက် ဖြန့်ဖြူးရေးစနစ်တို့အပေါ်ရှိ မည်သည့် ကန့်သတ်တားမြစ်ချက်မှန်သမျှကို အပိုဒ် (၃) နှင့် ၎င်းတို့ ကိုက်ညီနေသမျှကာလပတ်လုံးသာလျှင် ခွင့်ပြုပါသည်။ သတင်းအချက်အလက် ဖြန့်ဖြူးရေးစနစ်တွင် အဆိုပါ ဆက်သွယ်ရေးကို အင်တာနက် ဝန်ဆောင်မှုစီစဉ်ပေးသူများ သို့မဟုတ် ရှာဖွေရေးအင်ဂျင်များ အပါအဝင် အထောက်အပံ့ပေးသည့် စနစ်များ ပါဝင်သည်။ ခွင့်ပြုနိုင်သည့် ကန့်သတ်ချက်များသည် အများအားဖြင့် အကြောင်းအရာအလိုက် ဖြစ်ရမည်။ ဝက်ဆိုက်နှင့် စနစ်အချို့၏ လည်ပတ် ဆောင်ရွက်ချက်များကို ယေဘုယျဆန်ဆန် တားမြစ်ခြင်းများသည် အပိုဒ် (၃) နှင့် မကိုက်ညီပေ။ ဝက်ဆိုက်တခု သို့မဟုတ် သတင်းအချက်အလက် ဖြန့်ဖြူးရေးစနစ်တခုကို အချက်အလက်မူကြမ်းများ ထုတ်ဝေခြင်းမှ တားမြစ်ခြင်းသည် အပိုဒ် (၃) နှင့် မညီညွတ်ပေ။ အစိုးရ

---

[၁] အခန်း (၁-၄) ကို ကြည့်ပါ။

* သတင်းအချက်အလက် လက်လှမ်းမီ ရရှိသုံးစွဲခွင့် (Digital inclusion) ဆိုသည်မှာ "လူတိုင်း မည်သည့်နေရာတွင် မဆို သတင်းအချက်အလက်နည်းပညာ၊ ဝန်ဆောင်မှုများနှင့် ဆက်စပ်အခွင့်အလမ်းများကို သုံးစွဲ၊ ဦးဆောင်၊ ဒီဇိုင်းပြုစုရာတွင် အညီအမျှရှိပြီး အဓိပ္ပာယ်ပြည့်ဝကာ လုံခြုံစိတ်ချမှုရှိသည့် လက်လှမ်းမီ ရရှိသုံးစွဲမှု" အဖြစ် အဓိပ္ပာယ်ဖွင့်ဆိုပါသည်။

သို့မဟုတ် အစိုးရမှ ပါဝင်ထောက်ပံ့ပေးထားသည့် နိုင်ငံရေးလူမှုရေးစနစ်အတွက် အရေးကြီးကြောင်း အခြေခံချက်အပေါ်သာလျှင် လုံးလုံးလျားလျား မှီတည်၍ တားမြစ်ခြင်းဖြစ်သည်။[၂]

ပူးတွဲကြေညာစာတမ်းသည် အင်တာနက်လက်လှမ်းမီ ရရှိခွင့်ကို ပိတ်ပင်ခြင်း သို့မဟုတ် တားမြစ်ခြင်းများကို ၎င်း၏ နိဒါန်းတွင် ဖြေရှင်းထားသည်။ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို ကျင့်သုံးရာတွင် ဥပဒေဖြင့် သတ်မှတ်ထားသည့် တားမြစ်ချက်အကန့်အသတ်ဖြင့်သာမက လိုအပ်ပါက တားမြစ်ရမည်ကို အလေးထား ဖော်ပြထားသည်။ ဥပမာအားဖြင့် ရာဇဝတ်မှုကြိုတင်တားဆီးခြင်းနှင့် ကလေးများ အပါအဝင် အခြားသူများ၏ အခြေခံရပိုင်ခွင့်များကို ကာကွယ်ခြင်းအတွက် လိုအပ်သည့်အခါတွင် ဖြစ်သည်။ သို့ရာတွင် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်နှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာဥပဒေနှင့် မည်သည့် ကန့်သတ်တားမြစ်ချက်များသည် ချိန်ညှိ၍ လိုက်နာရမည်ဖြစ်ကြောင်းကိုလည်း နိဒါန်းက အလေးပေးထားသည်။[၃] အင်တာနက်ကို တိုက်ရိုက် ရည်ရွယ်ထားသည့် ဤကန့်သတ်ချက်များကို ပူးတွဲကြေညာချက်က အောက်ပါအတိုင်း ဖော်ပြလျက် ထည့်သွင်းထားသည် -

> အင်တာနက်ပေါ်တွင် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် ကန့်သတ်ချက်၏ အချိုးညီဖြစ်မှုကို ဆန်းစစ်သည့်အခါ အပြုသဘောဆောင်သည့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုတင်ပြခွင့်ကို ပေးစွမ်းရန် အတွက် အင်တာနက်၏ စွမ်းဆောင်ရည်အပေါ် အဆိုပါကန့်သတ်ချက်၏ သက်ရောက်မှုကို ချိန်ဆရမည် ဖြစ်သည်။ အခြားအကျိုးစီးပွားများကို ကာကွယ်ခြင်းဖြင့် ၎င်း၏ အကျိုးကျေးဇူးများနှင့် ချိန်ဆရပေမည်။[၄]

အတိအကျဆိုရသော် အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲခွင့်နှင့် စပ်လျဉ်း၍ နိုင်ငံများမှ လုပ်ဆောင်ခြင်းအပေါ် တားမြစ်ထားသည့် လုပ်ဆောင်ချက် ၃ ရပ်ကို ပူးတွဲကြေညာချက်က စာရင်းပြုစုထားသည်-

> (က) လူဦးရေတရပ်လုံး သို့မဟုတ် လူဦးရေ၏ အစိတ်အပိုင်းများအတွက် အင်တာနက် သို့မဟုတ် အင်တာနက်၏ အစိတ်အပိုင်းများ လက်လှမ်းမီ ရရှိမှုကို ဖြတ်တောက်ခြင်း (အင်တာနက် ပိတ်ပစ်ခြင်း) [....]
>
> (ခ) ပြစ်ဒဏ်တရပ်အနေဖြင့် လူတဦးချင်းစီအား အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲခွင့်ကို ပိတ်ပင်ခြင်းသည် အလွန်ပြင်းထန်သည့် အပြစ်ပေးအရေးယူမှု ဖြစ်သည် [....]

---

[၂] General Comment 34, para. 43.

[၃] UN OSCE 'Joint Declaration on Freedom of Expression and the Internet' (1 June 2011), Preamble [ဤနေရာမှစ၍ ပူးတွဲကြေညာချက် ၉ Joint Declaration) ဟု ရေးသားသွားမည်]

[၄] ibid., para. 1.b.

(ဂ) ဝန်ဆောင်မှုပေးသူများအပေါ် မှတ်ပုံတင်ခိုင်းခြင်း သို့မဟုတ် အခြားလိုအပ်ချက်များ ချမှတ်ခြင်းကဲ့သို့ အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲခွင့်ကို ကန့်သတ်သည့် အခြားအပြစ်ပေးအရေးယူမှုများ [….]။[၅]

လက်လှမ်းမီ ရရှိမှုကို ပိတ်ပင်ခြင်း ဟူသော ပထမအမျိုးအစားကို ဤအခန်းက ဦးတည်ထားသည်။ ခုချိန်ထိ အင်တာနက်လက်လှမ်းမီ ရရှိခွင့် ပိတ်ပင်ခြင်းကို တိုက်ရိုက် ကိုင်တွယ်ထားသည့် ခုံရုံးအမှု ၃ ရပ်နှင့် ကိုက်ညီသည့် အတွက်ကြောင့် ဖြစ်သည်။ ၎င်းတို့မှာ *Yildirim v. Turkey*၊ *Kalda v. Estonia* နှင့် *Jankovskis v. Lithuania* တို့ ဖြစ်ကြသည်။[၆] ခုံရုံးတခုအတွက် အမှု ၃ ခုသည် တိကျသည့် အဖြေများကို အနည်းငယ်မျှသာ ပေးနိုင်သော်ငြား အခြားသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့များထက် လူ့အခွင့်အရေးဆိုင်ရာ ဥရောပ ခုံရုံးသည် အမှု ၃ ခုအနက် တခုစီတွင် အနည်းငယ်မျှ အတည်ပြုသည်မှာ အင်တာနက်လက်လှမ်းမီ ရရှိမှုကို ပိတ်ပင်ခြင်းသည် ECHR ၏ အပိုဒ် (၁၀) ကို ချိုးဖောက်ခြင်းအဖြစ် စီရင်ချက်ချမှတ်နိုင်ကြောင်း ဖြစ်သည်။

လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်၏ အဓိကကျသော အစိတ်အပိုင်းများ ရှိကြသည်။ ထုတ်ဖော်ပြောဆိုချက်နှင့် အခြေခံအဆောက်အဦအမျိုးအစားများကို ရရှိခွင့် ပိတ်ပင်ခြင်း၊ ကြိုတင်ကန့်သတ်ချက်နှင့် သတင်းအချက်အလက်နှင့် အယူအဆများ ထုတ်ဖော် လက်ခံခွင့် ပိတ်ပင်ခြင်းတို့ ပါဝင်သည်။ အင်တာနက် လက်လှမ်းမီရရှိခွင့်အာမခံချက်များကို ဖြေရှင်းရန်အလို့ငှာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုတင်ပြခွင့်၏ အစဉ်အလာအတိုင်း အနက်ပြန်ဆိုချက်များသည် ဆင့်ကဲတိုးတက်ရမည် ဖြစ်သည်။ လက်လှမ်းမီ ရရှိခွင့်ကို ပိတ်ပင်ခြင်းများအကြား လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုတင်ပြခွင့်အာမခံချက်များသည် မည်သို့ ကွာခြားသည်ကို သင့်လျော်သည့်နေရာတွင် ဤအခန်းက ထုတ်နှုတ်တင်ပြပါသည်။ သီးသန့်အွန်လိုင်း အကြောင်းအရာ လက်လှမ်းမီ ရရှိခွင့်ကို ကန့်သတ်ခြင်း သို့မဟုတ် တားမြစ်ခြင်းနှင့် ပြည်သူများက စိတ်ဝင်တစားရှိသည့် သတင်းအချက်အလက်များကို လက်လှမ်းမီ ရရှိခွင့်အား ကန့်သတ်ခြင်း သို့မဟုတ် တားမြစ်ခြင်းတို့အကြား ဖြစ်သည်။ ဒုတိယအနေဖြင့် သီးခြား ထုတ်ဖော်ပြောဆိုမှု အမျိုးအစားများကို ကဏ္ဍသတ်မှတ်ခြင်းနှင့် ဦးစားပေး အဆင့်သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ အင်တာနက်ကို မီဒီယာအဖြစ် တင်ပြခြင်းဆိုင်ရာ စိန်ခေါ်မှုများကို ဤအခန်းက ထည့်သွင်းစဉ်းစားသည်။ ဥပမာဆိုရသော် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ထုတ်ဖော်ပြောဆိုချက်ထက် နိုင်ငံရေးထုတ်ဖော်ပြောဆိုချက်ကို လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့များက သမိုင်းတလျှောက် ပို၍ အကာအကွယ်ပေးလျက် ရှိကြသည်။ အင်တာနက်ပေါ်တွင် လူတဦးချင်းစီ၏ သတင်းအချက်အလက် သုံးစွဲမှုကို လေ့လာသည့်အခါ ဤသို့ အမျိုးအစားခွဲခြားသည့် နည်းလမ်းများကို ပြုလုပ်ရန် များစွာ ခက်ခဲကြောင်း ဤဆွေးနွေးချက်က ပြသပါသည်။ ထို့အပြင် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့များသည် ထုတ်ဖော်ပြောဆိုမှု အမျိုးအစားများကို အင်တာနက် နယ်ပယ်အတွင်း ဆက်လက် အမျိုးအစားခွဲခြားနိုင်မည်လား သို့မဟုတ် အမျိုးအစား ခွဲခြားသင့်ပါသလား။ သို့တည်းမဟုတ် အင်တာနက်နှင့် ချိတ်ဆက်၍ ဤအမျိုးအစားခွဲခြားခြင်း လေ့လာဆန်းစစ်ချက်နည်းလမ်းကို ဤလူ့အခွင့်အရေးစာချုပ်များက

---

[၅] ibid., para. 6.b, c, d; စာရင်းအပြည့်အစုံအတွက် အခန်း (၁) ကို ကြည့်ပါ။

[၆] *Yildirim v. Turkey* App no 3111/10 (ECtHR, 18 December 2012); *Kalda v. Estonia, Application no. 17429/10* (ECHR 19 January 2016); *Jankovskis v. Lithuania*, no. 21575/08, (ECHR 17 January 2017).

အသုံးမပြုသင့်ကြောင်းကို မီဒီယာက အတင်းအကျပ် ကောက်ချက်ချပါသလား။ နောက်ဆုံးတွင် လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့များက အသိအမှတ်ပြုထားသည့် သို့မဟုတ် အသိအမှတ်မပြုထားသည့် အင်တာနက်၏ သိသာထင်ရှားသည့် ဝိသေသ လက္ခဏာရပ်နှင့် အစိတ်အပိုင်းများသည် ကျယ်ပြန့်သည့် အနက်ဖွင့်ဆိုမှုများ သို့မဟုတ် ကျဉ်းမြောင်းသည့် အနက်ဖွင့်ဆိုမှုများ မည်သို့ ဖြစ်လာနိုင်မည်ကို ယခုအခန်းက လေ့လာဆန်းစစ်ပါသည်။ ၎င်းအနက်ဖွင့်ဆိုမှုတွင် ကြိုတင်တားမြစ်ကန့်သတ်ချက်သာမက လူတဦးချင်းစီမှ သတင်းအချက်အလက်များကို လက်ခံပေးပို့ခွင့်များအဖြစ် စဉ်းစားထားသည်။

၃-၁။ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို အနှစ်ချုပ်မိတ်ဆက်ခြင်း - ဥရောပ လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (ECHR) ၏ အပိုဒ် (၁၀)

လူ့အခွင့်အရေးဆိုင်ရာ ဥရောပ ခုံရုံး (ECtHR) သည် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် ဥပဒေစနစ်အတွက် ဦးဆောင်အဖွဲ့ ဖြစ်နေဆဲဖြစ်ပါသည်။ ၎င်းက ကိုင်တွယ်ခဲ့သည့် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်အမှု အရေအတွက်အများအပြားသည် သဘောတူစာချုပ်အာမခံချက်များအပေါ် ၎င်း၏ အနက်ပြန်ဆိုချက်အား တဖြည်းဖြည်း တိုးတက်လာနိုင်စေပါသည်။[၇] ဥပဒေစနစ်၏ ဤရပ်တည်ချက်ကို အပိုဒ် (၁၀) အပေါ် ၎င်း၏ ခွဲခြမ်းစိတ်ဖြာလေ့လာချက်နှင့် ချိတ်ဆက်ရန်အတွက် တည်ဆဲမူဘောင်ကို ဤအပိုင်းက အကြမ်းဖျဉ်း ဖော်ပြပါသည်။ ECHR ၏ အပိုဒ် (၁၀) က ဖော်ပြသည်မှာ -

> ၁။ လူတိုင်းတွင် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် ရှိသည်။ အစိုးရအာဏာပိုင်မှ နှောင့်ယှက်ခြင်း မရှိဘဲ ထင်မြင်ယူဆချက်ကို လွတ်လပ်စွာ ကိုင်စွဲခွင့်နှင့် သတင်းအချက်အလက်နှင့် အယူအဆကို နယ်စည်းမခြားဘဲ လက်ခံ ပေးပို့ခွင့်တို့သည် ဤအခွင့်အရေးတွင် ပါဝင်ရမည်။ နိုင်ငံများအနေဖြင့် ရုပ်သံထုတ်လွှင့်ခြင်း၊ ရုပ်မြင်သံကြားနှင့် ရုပ်ရှင်လုပ်ငန်းများ လိုင်စင်ပြုလုပ်ရန် လိုအပ်ခြင်းကို ဤအပိုဒ်က တားမြစ်ခြင်း မပြုရ။
>
> ၂။ ဤလွတ်လပ်ခွင့်များကို တာဝန်နှင့် ဝတ္တရားရှိရှိဖြင့် ဆောင်ရွက်ရမည် ဖြစ်ခြင်းကြောင့် ဤလွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် ဥပဒေအရ ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများ၊ သတ်မှတ်ချက်များ၊ ကန့်သတ်ချက်များ သို့မဟုတ် ပြစ်ဒဏ်များအရ ဆောင်ရွက်နိုင်သည်။ ဒီမိုကရေစီ လူ့အဖွဲ့အစည်း၊ အမျိုးသားလုံခြုံရေး အကျိုးစီးပွား၊ နယ်မြေပိုင်ဆိုင်မှုဂုဏ်သိက္ခာ သို့မဟုတ် ပြည်သူ့ လုံခြုံရေးအရ လိုအပ်သလို ဆောင်ရွက်နိုင်သည်။ အဓိကရုဏ်း သို့မဟုတ် ရာဇဝတ်မှုကို တားမြစ်ရန်အတွက်၊ ကျန်းမာရေး သို့မဟုတ် ကျင့်ဝတ်ပိုင်း ကာကွယ်ရန်အတွက်၊ အခြားသူများ၏ ဂုဏ်သိက္ခာ သို့မဟုတ် အခွင့်အရေးများကို ကာကွယ်ရန်အတွက်၊ လျှို့ဝှက်ချက် သတင်းအချက်အလက်များ ပေါက်ကြားမှုမှ

---

[၇] Yonatan Lupu and Erik Voeten, 'Precedent in International Courts: A Network Analysis of Case Citations by the European Court of Human Rights' (2012) 42 *British Journal of Political Science* 414.

ကာကွယ်ရန်အတွက်၊ သို့မဟုတ် တရားစီရင်ရေး၏ လုပ်ပိုင်ခွင့်နှင့် ဘက်မလိုက်မှုကို ထိန်းသိမ်းရန် အတွက် ဖြစ်ပါသည်။[၈]

အပိုဒ်၏ ပထမဆုံးစာပိုဒ်သည် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် အကြောင်းအရာကို ဖော်ပြထားသည်။ အပိုဒ် (၁၀-၁) ၏ လွှမ်းခြုံနယ်ပယ်ကို အနက်ပြန်ဆိုရာတွင် ခုံရုံးသည် ကျယ်ပြန့်သည့် ချဉ်းကပ်နည်းကို အစဉ်အလာအရ ဆောင်ရွက်ပါသည်။ ထုတ်ဖော်တင်ပြမှုကို ပေးပို့သည့် အခြေခံ အဆောက်အဦသာမက ထုတ်ဖော်တင်ပြချက် အကြောင်းအရာကိုယ်တိုင်နှစ်ခုစလုံးကို ၎င်းအပိုဒ်က လွှမ်းခြုံသည်။[၉] ပြည်သူများက သတင်းအချက်အလက် ရရှိခွင့်သာမက ပြည်သူများအတွက် အများစုအကျိုးစီးပွားနှင့် သက်ဆိုင်သော သတင်းအချက်အလက်များ ပေးပို့ခွင့်သည်လည်း အခွင့်အရေးတွင် ပါဝင်သည်။[၁၀] 'ဒီမိုကရေစီ လူ့အဖွဲ့အစည်း၏ တိုးတက်မှုနှင့် လူတဦးချင်းစီ၏ ဖွံ့ဖြိုးမှုတို့အတွက် အခြေခံကျကျ စည်းကမ်းချက်များအနက် တခု' အဖြစ် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို ခုံရုံးက သတ်မှတ်ထားသည်။[၁၁] အစဉ်အလာအရဆိုသော် ဒီမိုကရေစီလူ့အဖွဲ့အစည်းအတွင်းရှိ ၎င်းအခန်းကဏ္ဍ၏ အစိတ်အပိုင်းအဖြစ် လွတ်လပ်စွာထုတ်ဖော်တင်ပြ ပြောဆိုခွင့်သည် စာနယ်ဇင်း၏ အခန်းကဏ္ဍ၊ အများအကျိုးစီပွားနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များနှင့် အယူအဆများကို ပြည်သူများသို့ ပေးပို့ခွင့်၊ ၎င်းသတင်းအချက်အလက်နှင့် အယူအဆများကို ပြည်သူများက ရရှိခွင့်တို့နှင့်လည်း ဆက်နွယ်လေ့ရှိသည်။[၁၂] အမြင်သဘောထားများ၏ ဗဟုဝါဒတည်ရှိမှုသည် ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် မရှိမဖြစ် အရေးပါကြောင်းကိုလည်း ခုံရုံးက အသိအမှတ်ပြုသည့်အပြင် လွတ်လပ်စွာထုတ်ဖော်တင်ပြ ပြောဆိုခွင့်ကို ဖြည့်ဆည်းရန်နှင့် ကျင့်သုံးရန်အတွက်လည်း အသိအမှတ် ပြုပါသည်။[၁၃] သို့ရာတွင် လွတ်လပ်စွာထုတ်ဖော်တင်ပြ ပြောဆိုခွင့်နှင့် ဗဟုဝါဒတို့သည် လက်တွေ့တွင်မူ တခုနှင့် တခု အမြဲတစေ အတွဲအစပ် မရှိကြပေ။[၁၄]

---

[၈] Convention for the Protection of Human Rights and Fundamental Freedoms (European Convention on Human Rights အဖြစ် ပြင်ဆင်သည်) (ECHR) 213 UNTS 221 www.refworld.org/docid/3ae6b3b04.html accessed 9 March 2014.

[၉] *Autronic AG v. Switzerland* (1990) Series A no 178, para. 47.

[၁၀] *Observer and Guardian v. the United Kingdom* (1991) Series A no 216, para. 59(b); *Guerra and Others v. Italy* ECHR 1998-I, para. 53.

[၁၁] *Handyside v. the United Kingdom* (1976) Series A no 24, para. 49.

[၁၂] *Observer and Guardian* (n. 10), para. 59.

[၁၃] *Informationsverein Lentia and Others v. Austria*, 24 November 1993, Series A no 276, para. 38 [ဤနေရာမှစ၍ *Lentia* ဟု ရေးသားသွားမည်].

[၁၄] *Lentia* (n. 13), para. 39; R. Craufurd Smith, 'Do Human Rights Require Private Broadcasting? The Case of *Informationsverein Lentia and Others v Austria*' (1995) 2 *Maastricht Journal of European and Comparative Law* 65.

Lentia တွင် သတင်းထုတ်လွှင့်ခြင်းအပေါ် အစိုးရက လက်ဝါးကြီးအုပ်မှုကို ခုံရုံးက ပထမဆုံးအကြိမ် လေ့လာခဲ့ရာ ဩစတီးယားနိုင်ငံသည် အပိုဒ် (၁၀) ကို ချိုးဖောက်ကြောင်း တွေ့ခဲ့သည်။[၁၅] ဤအမှုတွင် ဩစတီးယားနိုင်ငံ၏ လက်ဝါးကြီးအုပ်စနစ်သည် အစီအမံများဆောင်ရွက်ခြင်း၏ အရည်အသွေး၊ ဘက်ညီမှုနှင့် အမျိုးစုံလင်မှုတို့ကို ထောက်ပံ့ပေးနိုင်ကြောင်းကို ခုံရုံးက လက်ခံခဲ့သည်။[၁၆] တရားဝင်ဦးတည်ချက်ကို ထမ်းဆောင်ရန် စဉ်းစားချက်ရှိသည့် ရုပ်သံထုတ်လွှင့်မှုလက်ဝါးကြီးအုပ်ခြင်းသည် အပိုဒ် (၁၀-၁) ပါ တတိယမြောက် ဝါကျနှင့် ကိုက်ညီသည်။ ဤအမှုကို လေ့လာဆန်းစစ်ချက်တွင် ဥပဒေပညာရှင် Rachael Craufurd Smith က အလေးထားဖော်ပြသည်မှာ -

> အပိုဒ် (၁၀) ၏ ပထမဆုံး အပိုဒ်သည် လွတ်လပ်စွာထုတ်ဖော်တင်ပြခွင့်နှင့် စပ်လျဉ်းသည့် လူတဦးချင်းစီ၏အခွင့်အရေးကို ရုပ်သံထုတ်လွှင့် လုပ်ငန်းအတွက် လိုင်စင်ထုတ်ခွင့်ရှိသည့် နိုင်ငံ၏ အခွင့်အာဏာနှင့် ပေါင်းစပ်ထားသည်။ ၎င်း၏ ဒုတိယမြောက် ဝါကျတွင် ပါရှိသည့် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်၏ အနက်ဖွင့်ဆိုချက်သည် အစိုးရအာဏာပိုင်များ၏ နှောင့်ယှက်ခြင်းမရှိဘဲ ပေးပို့ခွင့်သာမက လက်ခံရရှိခွင့်ပါ အကျုံးဝင်သည်။ အနက်အဓိပ္ပာယ်သည် နောက်ထပ် အားပြိုင်မှုကို စတင်ဖြစ်ပေါ်စေကြောင်း မှတ်ယူနိုင်သည်။ ၎င်းမှာ သတင်းအချက်အလက်အချို့ကို လူတဦးချင်းစီမှ လက်ခံရရှိခွင့်နှင့် ၎င်းသတင်းအချက်အလက်ကို ပေးမည်၊ မပေးမည်ကို ရွေးချယ်ရန်အတွက် ဆက်သွယ်တင်ပြမှု နည်းလမ်းများကို ထိန်းချုပ်ခွင့်တို့အကြား ဖြစ်သည်။[၁၇]

ထို့အပြင် *Lentia* အမှုတွင် အပိုဒ် (၁၀-၁) ၏ တတိယမြောက်ဝါကျ၏ ရည်ရွယ်ချက်ကို ခုံရုံးက ပြန်လည်အမှတ်ရအောင် ပြုလုပ်သည်-

> လိုင်စင်စနစ်ဖြင့် စည်းမျဉ်းစည်းကမ်းထိန်းရန် နိုင်ငံများသည် ခွင့်ပြုချက်ရှိကြောင်းမှာ ရှင်းလင်းသည်။ ရုပ်သံထုတ်လွှင့်ခြင်းကို ၎င်းတို့၏ နယ်မြေပိုင်နက်အတွင်း အထူးသဖြင့် နည်းပညာပိုင်း ထိန်းသိမ်းသည့် နည်းဖြစ်သည်။ ….. နည်းပညာပိုင်းများသည် ဆိုစရာမရှိအောင် အရေးပါသော်ငြား လိုင်စင်ပေးခြင်း သို့မဟုတ် ပိတ်ပင်ခြင်းသည် အခြားစဉ်းစားစရာများကို ဖြစ်စေနိုင်သည်။ အဆိုပြုအသံလွှင့်ရုံ၏ သဘောသဘာဝနှင့် ရည်ရွယ်ချက်များ၊ ပြည်တွင်း၊ ဒေသတွင်းနှင့် ရပ်ရွာအဆင့် ရှိ ၎င်း၏ အလားအလာရှိ ပရိသတ်၊ သီးသန့်ပရိသတ်များ၏ အခွင့်အရေးများနှင့် လိုအပ်ချက်များနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေစာချုပ်များမှ ဆင်းသက်လာသည့် လိုက်နာရန် တာဝန်ရှိမှုများစသည့် ကိစ္စရပ်များကဲ့သို့ စဉ်းစားချက်များ ပါဝင်သည်။[၁၈]

Lentia အမှုတွင် အပိုဒ် (၁၀-၂) ကို အနက်ပြန်ဆိုသည့် ခုံရုံး၏ ချဉ်းကပ်နည်းကို နောက်လာမည့် အပိုင်းတွင် ထပ်မံ ဆွေးနွေးသွားလိမ့်မည်။ နိုင်ငံသည် ဗဟုဝါဒကို အဆုံးစွန် အာမခံချက်ပေးသူအဖြစ် ခုံရုံးက သတ်မှတ်

---

[၁၅] *Lentia* (n. 13), para. 39.

[၁၆] ibid., para. 38–39.

[၁၇] Craufurd Smith, R. (n. 14) 65.

[၁၈] *Lentia* (n. 13), para. 32.

ထားသည်။ ရေဒီယိုနှင့် ရုပ်သံထုတ်လွှင့်ခြင်းဆိုင်ရာ သတင်းအချက်အလက် ဆက်သွယ်ရေး နည်းလမ်းများ၏ အရေးပါမှုကို ဤအခန်းကဏ္ဍနှင့် ချိတ်ဆက်ထားပါသည်။[၁၉] ၎င်းက ဖော်ပြသည်မှာ -

> ဗဟုဝါဒ အခြေခံမူများတွင် အခြေမခံထားပါက ထိုကဲ့သို့ အကောင်အထည်ဖော်ခြင်းသည် အောင်အောင်မြင်မြင် မပြီးမြောက်နိုင်ပေ။ ၎င်းတို့အနက် နိုင်ငံသည် အဆုံးစွန် အာမခံချက်ပေးသူ ဖြစ်ပါသည်။ အစီအစဉ်များကို အလွန်ပင် ကျယ်ကျယ်ပြန့်ပြန့် ထုတ်လွှင့်လေ့ရှိသည့် အသံပိုင်း-ရုပ်ပိုင်းမီဒီယာနှင့် စပ်လျဉ်း၍ ဤလေ့လာတွေ့ရှိချက်သည် အထူးပင် ကျိုးကြောင်းညီညွတ်ခိုင်မာပါသည်။[၂၀]

'ခုံရုံး၏ ဆုံးဖြတ်ချက်ရပ်တည်မှုသည် စာနယ်ဇင်းလွတ်လပ်ခွင့်အတွက် ဗဟုဝါဒသည် ခွဲခြား၍ မရနိုင်ကြောင်း စံနှုန်းနှင့် အပိုဒ် (၁) အပေါ် ၎င်း၏ အင်တိုက်အားတိုက် အနက်ပြန်ဆိုမှုကို သရုပ်ဖော်ပြနေကြောင်း' Thorgeirsdóttir က ထောက်ပြသည်။[၂၁] နိုင်ငံ၏ အခန်းကဏ္ဍကို ဗဟုဝါဒ အာမခံသူအဖြစ် ခုံရုံးမှ အနက်ပြန်ဆိုရာတွင် *Lentia* ၏ အရေးပါမှုနှင့် သက်ရောက်မှုသည် နိုင်ငံများ၏ လုပ်ဆောင်ရမည့် တာဝန်များအတွက် သင့်လျော်ပါသည်။ နောက်အခန်းတွင် ဆွေးနွေးသွားပါမည်။

ပြီးနောက် တနှစ်ကြာမြင့်ချိန်၌ *Jersild v. Denmark* တွင် အပိုဒ် (၁၀) ကို ဖောက်ဖျက်ကြောင်း ခုံရုံးက တွေ့ရှိခဲ့သည်။ လူငယ်အုပ်စုတခုကို အင်တာဗျူးပြုလုပ်ခြင်းအတွက် ငွေကြေးထောက်ပံ့ခဲ့ခြင်းကြောင့် သတင်းသမားတဦးကို ဒိန်းမတ် ပြည်တွင်း တရားရုံးများက ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ၎င်းအင်တာဗျူးတွင် လူမျိုးရေး ခွဲခြားသည့် မှတ်ချက်များ ပြုလုပ်ခဲ့ပါသည်။[၂၂] လူမျိုးရေးခွဲခြားသည့် အယူအဆများနှင့် အမြင်သဘောထားများကို ဝါဒဖြန့်ချိခြင်းအဖြစ် အစီရင်ခံစာ၏ ရည်ရွယ်ချက်ကို ဓမ္မဓိဋ္ဌာန်ကျကျ မရှုမြင်နိုင်ကြောင်း ခုံရုံးက သုံးသပ်ခဲ့သည်။

> [....] ဓမ္မဓိဋ္ဌာန်ကျကျနှင့် ဘက်မှုမရှိသည့် အစီရင်ခံတင်ပြခြင်း နည်းလမ်းများသည် အခြားအရာများအနက် မေးခွန်းထုတ်ဖွယ်ရာဖြစ်သည့် မီဒီယာအပေါ် အခြေခံ၍ အတော်ပင် ကွဲပြားပါသည်။ ဤခုံရုံးအတွက်သာမကဘဲ ပြည်တွင်း တရားရုံးများအတွက်လည်း စာနယ်ဇင်းများ၏ ကိုယ်ပိုင်အမြင်များအား အဆိုပါကိစ္စရပ်အတွက် တရားရုံးများ၏ ကိုယ်ပိုင်အမြင်များနှင့် အစားထိုးရန် မဖြစ်နိုင်ပါ။ စာနယ်ဇင်းသမားများနေဖြင့် အစီရင်ခံတင်ပြရာတွင် မည်သည့် နည်းစနစ်ကို ချမှတ်သင့်သည်ဟူသော ကိစ္စရပ်အလို့ငှာ ဖြစ်ပါသည်။[၂၃]

---

[၁၉] *Lentia* (n. 13), para. 38.

[၂၀] ibid.

[၂၁] Herdís Thorgeirsdóttir, *Journalism Worthy of the Name: Freedom Within the Press and the Affirmative Side of Article 10 of the European Convention on Human Rights* (Martinus Nijhoff Publishers 2005) 63.

[၂၂] *Jersild v. Denmark* (1994) Series A no 15, para. 37.

[၂၃] ibid., para. 31.

ဤလေ့လာဆန်းစစ်ချက်တွင် ပုံနှိပ်ဆက်သွယ်ရေးနည်းလမ်းနှင့် လေ့လာဆန်းစစ်ချက်ပါ ရုပ်သံပိုင်း ဆက်သွယ်ရေးနည်းလမ်းတို့အကြား ကွာခြားချက်များကိုလည်း ခုံရုံးက နှိုင်းချင့်ပါသည်။ အောက်ပါအတိုင်း ဖော်ပြထားသည်-

> သက်ဆိုင်သည့် ဆက်သွယ်ရေးနည်းလမ်း၏ ဖြစ်နိုင်သော သက်ရောက်မှုမှာ အရေးကြီးသည့် အကြောင်းရင်း ဖြစ်ပြီး ရုပ်သံပိုင်းမီဒီယာတွင် ပုံနှိပ်မီဒီယာထက် လက်ငင်းနှင့် အားပြင်းသည့် အကျိုးဆက် ပို၍ ရှိကြောင်းကိုလည်း အများအားဖြင့် အသိအမှတ်ပြုလက်ခံပါသည်။ ..... ပုံနှိပ်မီဒီယာများက မပေးပို့နိုင်သည့် ရုပ်ပုံအနက်အဓိပ္ပာယ်များမှတဆင့် ပေးပို့သည့် နည်းလမ်းများ ရုပ်သံပိုင်း မီဒီယာတွင် ရှိကြသည်။[၂၄]

လက်တလောအနေဖြင့် အပိုဒ် (၁၀) မှတဆင့် စာနယ်ဇင်း၏ ဖွဲ့စည်းတည်ဆောက်ပုံထက် မီဒီယာ၏ *အခန်းကဏ္ဍ* ကို ခုံရုံးက အလေးထားလျက်ရှိသည်။ အဘယ့်ကြောင့်ဆိုသော် လူ့အဖွဲ့အစည်းအတွက် ဆောင်ရွက်ပေးနေသည့် စောင့်ကြည့်ရေးဆိုင်ရာ အခန်းကဏ္ဍကြောင့် ဖြစ်သည်။[၂၁] သို့ဖြစ်သည့်အတွက် ပညာရှင် သတင်းသမားများ မဟုတ်ကြသည့် အရပ်ဖက်လူ့အဖွဲ့အစည်းများကို ထည့်သွင်းရန် စောင့်ကြည့်ရေး အခြေခံမူအောက်မှ အပိုဒ် (၁၀) ကာကွယ်ချက်များကို ခုံရုံးက အနက်ပြန်ဆိုပါသည်။ သို့သော် ၎င်းအဖွဲ့များ၏ လုပ်ဆောင်ချက်များသည် စာနယ်ဇင်း၏ အခန်းကဏ္ဍကဲ့သို့ အတူအညီ လုပ်ဆောင်သည်။[၂၆] ပြည်သူ့ရေးရာစောင့်ကြည့်ရေးအဖွဲ့ကို အကာအကွယ်ပေးခြင်းများသည် တရားဝင်စာရွက်စာတမ်းများကို လက်လှမ်းမီ ရရှိရေး အပိုဒ် (၁၀) အောက်ရှိ တာဝန်ရှိမှုများနှင့်လည်း ပိုင်းခြားထားကြောင်း ခုံရုံးက ပြဋ္ဌာန်းပါသည်။[၂၇] ထိုစဉ်အချိန်က ဥရောပ လူ့အခွင့်အရေးကောင်စီ၏ မဟာမင်းကြီးဖြစ်သူ Hammarberg က ရှင်းပြသည်မှာ -

> [ဗ]ဟုဝါဒ ဒီမိုကရေစီများသည် ပွင့်လင်းမြင်သာမှုနှင့် ရိုးသားပွင့်လင်းမှုတို့မှတဆင့်သာ ရှင်သန်နိုင်မည်မှာ ရှင်းပါသည်။ အစိုးရနှင့် ပုဂ္ဂလိက လုပ်ငန်းနှစ်ရပ်စလုံးတွင် အာဏာအလွဲသုံးစားလုပ်ငန်းကို ဆန့်ကျင်ရန်အတွက် 'ပြည်သူ့ရေးရာစောင့်ကြည့်အဖွဲ့များ' သည် ၎င်းတို့၏ အရေးပါသော အခန်းကဏ္ဍကို လုပ်ဆောင်နိုင်ရန် အာဏာရှိသူများသည် မည်သည့်အရာကို လုပ်ဆောင်ပြီး ဆုံးဖြတ်နေကြောင်း သတင်းအချက်အလက်များကို ၎င်းတို့သည် လက်လှမ်းမီ ရရှိရမည်။ ထို့အပြင် ၎င်းတို့ တွေ့မြင်ရန် လိုအပ်သည့် စာရွက်စာတမ်းများကိုလည်း ရှာဖွေနိုင်ရမည်။[၂၈]

---

[၂၄] *Jersild v. Denmark* (n. 22), para. 31; Thorgeirsdóttir (n. 21) 37.

[၂၁] *Observer and Guardian* (n. 10), para. 59.

[၂၆] *Társaság a Szabadságjogokért v. Hungary* App no 37374/05 (ECtHR, 14 April 2009), para. 27; *Youth Initiative for Human Rights v. Serbia* App no 48135/06 (ECtHR, 25 June 2013), para. 20.

[၂၇] ibid.

[၂၈] Thomas Hammarberg, 'Media Freedom and Human Rights in Europe' in Josep Casadevall and others (eds), *Freedom of Expression: Essays in Honor of Nicolas Bratza, President of the European Court of Human Rights* (Wolf Legal Publishers 2012) 56.

အပိုဒ် (၁၀) အောက်ရှိ တာဝန်များကို နိုင်ငံက ဖြည့်ဆည်းပေးရန်အလို့ငှာ ခုံရုံးက ကြိမ်ဖန်များစွာ ဖော်ပြခဲ့ပါသည်။ ၎င်းမှာ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်သည် အခြေခံအားဖြင့် အကာအကွယ်ပေးရမည့် အခွင့်အရေးတရပ်ဖြစ်သည့်အတွက် အခွင့်အရေးများသည် သီအိုရီ သို့မဟုတ် စိတ်ကူးအရသာမဟုတ်ဘဲ ထိထိရောက်ရောက်နှင့် လက်တွေ့ကျကျ အသေအချာ ဖြစ်စေမည့် အပြုသဘောဆောင်သောနည်းလမ်းများကို အကောင်အထည်ဖော်ရန် နိုင်ငံများက လိုအပ်မည်ပင် ဖြစ်ပါသည်။[၂၆] မလုပ်ဆောင်ရမည့် တာဝန်နှင့် လုပ်ဆောင်ရမည့် တာဝန်တို့အကြား ဤကွာခြားချက်သည် မရှင်းလင်းဘဲ သဘောမတူညီသည့် အချက် အမြောက်အများ ရှိနေသည့် အကြောင်းအရာ ဖြစ်ပါသည်။ ဤအခန်းတွင် အသားပေးဖော်ပြသလိုပင် နောက်လာမည့် အခန်းတွင်လည်း ပို၍ အသေးစိတ် လေ့လာသွားမည် ဖြစ်သည်။[၃၀]

၃-၁-၁။ ကန့်သတ်တားမြစ်ချက်များ အပိုဒ်ငယ်

အခွင့်အရေးကို တားမြစ်ခြင်းသည် လျော်ကန်သင့်မြတ်မှု ရှိ မရှိ သတ်မှတ်သည့် စံနှုန်းများကို အပိုဒ် (၁၀)၏ ဒုတိယမြောက်စာပိုဒ်က အသေးစိတ်ဖော်ပြထားသည်။[၃၁] လျော်ကန်သင့်မြတ်သည့် တားမြစ်ချက်ကို တိကျသည့် ဥပဒေ ရည်မှန်းချက်ထားရှိကာ ဥပဒေဖြင့် ပြဋ္ဌာန်းကြောင်း တွေ့ရှိရမည် ဖြစ်ပြီး ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် လိုအပ်ကြောင်း တွေ့ရှိရပေမည်။[၃၂] ဤလေ့လာဆန်းစစ်ချက်များတွင် စာပိုဒ် (၁)၏ အကြောင်းအရာနှင့် စာပိုဒ် (၂) ပါ ကန့်သတ်တားမြစ်ချက်များအကြား ဟန်ချက်ညီမျှမှုကို ခုံရုံးက ကြိုးစားရှာဖွေ ပါသည်။[၃၃] အပိုဒ် (၁၀-၂)၏ အရေးပါမှုကို ရှင်းပြရာတွင် 'သဘောတူစာချုပ်စီရင်ထုံးဥပဒေသည် မီဒီယာလွတ်လပ်ခွင့်တွင် မည်သည့်အရာကို အမှန်ပါဝင်ဖွဲ့စည်းထားကြောင်း ရှင်းလင်းဖော်ပြခြင်းထက် ကန့်သတ်ချက်များ သတ်မှတ်ခြင်းသည်သာ အခြေခံကျကျ တဖြည်းဖြည်းဖွံ့ဖြိုးလာကြောင်း' Thorgeirsdóttir က ခုခံချေပပါသည်။[၃၄] Thorgeirsdóttir ၏ အမြင်သည် ဤအခန်းနှင့် စာအုပ်အတွက် အတော်ပင် ထင်ရှားသည်။ အင်တာနက်လက်လှမ်းမီ ရရှိခွင့် ပိတ်ပင်ခြင်းကို လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်၏ အစိတ်အပိုင်းအဖြစ် ခုံရုံးက မည်သို့နှင့် မည်သည့်အခြေအနေတွင် ထည့်သွင်းစဉ်းစားကြောင်း နားလည်သဘောပေါက်ရန် လိုအပ်သည့်အတွက်ကြောင့် ဖြစ်သည်။ ထို့အပြင် အင်တာနက်လက်လှမ်းမီ ရရှိခွင့်ကို ပိတ်ပင်ခြင်းသည် မည်သည့်အချိန်တွင် အပိုဒ် (၁၀) အာမခံချက်များနှင့် မချိတ်ဆက်ကြောင်းကိုလည်း သိရှိ နားလည်ရန် လိုအပ်သည်။ အခန်း (၁) တွင် ဖော်ပြသည့်အတိုင်း အင်တာနက်လက်လှမ်းမီ ရရှိခွင့်ကို အနက်ဖွင့်ဆိုရာ၌ ပညာရပ်နယ်ပယ်အားလုံးတွင် များစွာ ကွာခြားသည်။[၃၅] လွတ်လပ်စွာ

---

[၂၆] *Marckx v. Belgium* (1979) Series A no 31, para. 31; see also *Young, James and Webster v. the United Kingdom* (1981) Series A no 44, para. 49.

[၃၀] အခန်း (၁-၄) နှင့် အခန်း (၄-၁) ကို ကြည့်ပါ။

[၃၁] Thorgeirsdóttir (n. 21) 26.

[၃၂] *The Sunday Times v. the United Kingdom (no. 1)* (1979) Series A no 30, para. 45.

[၃၃] Thorgeirsdóttir (n. 21) 28.

[၃၄] ibid. 26.

[၃၅] အခန်း (၁-၃) ကို ကြည့်ပါ။

ထုတ်ဖော်တင်ပြပြောဆိုခွင့်ကို အခြေခံအားဖြင့် အကာကွယ်ပေးရမည့် အခွင့်အရေးအဖြစ် သတ်မှတ်ထားသည့် အတွက် ဥပဒေအရ အာမခံချက်ရှိသည့် အင်တာနက်လက်လှမ်းမီ ရရှိခွင့်၏ အနက်အဓိပ္ပာယ်သည် မလုပ်ဆောင်ရမည့် တာဝန်များ အမြင်ရှုထောင့်မှ ဆင့်ပွားလာကြောင်း ဖြစ်နိုင်ပေသည်။ အင်တာနက်ကို ပိတ်ပင်သည့် အမှုများကို ခုံရုံးက လေ့လာဆန်းစစ်သည့် အစောပိုင်းအဆင့်များတွင် အွန်လိုင်းသတင်း အချက်အလက်များ လက်ခံပေးပို့ခွင့်ကို ကန့်သတ်ခြင်းများအတွက် ခုံရုံး၏ ချဉ်းကပ်နည်းရှိ မသိမသာကွဲပြားချက်များကို ကြိုတင် ဖော်ထုတ်ခြင်းဖြင့် အထောက်အကူပြုလိမ့်မည်။ ၎င်းမှာ လက်ရှိ အင်တာနက်လက်လှမ်းမီ ရရှိခွင့်တွင် မည်သည့်အရာများ ဖွဲ့စည်း ပါဝင်သည်နှင့် အနာဂတ်တွင် ၎င်းသည် မည်သို့ တဖြည်းဖြည်း ဖွံ့ဖြိုးလာနိုင်သည် သို့မဟုတ် ဖွံ့ဖြိုးလာသင့်သည်ကို ရှင်းလင်းစေမည် ဖြစ်သည်။ ဤစာအုပ်ပါ ကွင်းဆင်းသုတေသနသည်လည်း ဤအရှိတရား၏ အားနည်းချက်များကို စိတ်ကူးမှန်းဆရာတွင် အထောက်အကူ ဖြစ်စေသည်။ ထို့အပြင် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို ကျယ်ကျယ်ပြန့်ပြန့် အနက်ဖွင့်ဆိုရန် လိုအပ်ချက်အတွက်လည်း အကျိုးသင့်အကြောင်းသင့် ဆွေးနွေးပါသည်။[၃၆]

အပိုဒ် (၁၀-၁) ကို တားမြစ်နေကြောင်း ခုံရုံးက တွေ့ရှိသည့်အတွက် ဤပေါင်းစု လိုအပ်ချက် ၃ ရပ် (ဥပဒေဖြင့် ပြဋ္ဌာန်းခြင်း၊ ဥပဒေအရရည်ရွယ်ချက်များကို ဖြည့်ဆည်းခြင်းနှင့် ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် မရှိမဖြစ် လိုအပ်ခြင်း) ကို အနက်ပြန်ဆိုပါသည်။ အပိုဒ် (၁) ရှိ အခွင့်အရေးများအပေါ် တားမြစ်ခြင်းကို ဆင်ခြင်သုံးသပ်နိုင်ပေမည်။[၃၇] ဤအနက်ပြန်ဆိုချက်၏ အစိတ်အပိုင်းအဖြစ် 'အပိုဒ် (၁) စူးစမ်းလေ့လာချက်သည် အချက်အလက်အသားပေးဖြစ်ပြီး စေ့စေ့စပ်စပ်စစ်ဆေးခြင်းဖြင့် တားမြစ်ချက်၏ ဖြစ်နိုင်ခြေရှိသော "နှောင့်ယှက်ဟန့်တားသည့် သက်ရောက်မှု" ကို စနစ်တကျ လေ့လာရမည်' ဖြစ်ကြောင်း Early က ရှင်းပြသည်။[၃၈] ကန့်သတ်ချက်အတွက် လိုအပ်ချက်ကို အာမခံချက်ပေးထားသည့် အခွင့်အရေး၏ သဘောသဘာဝဖြင့် ဆန်းစစ်ရမည်။ 'တားမြစ်ချက်၏ ပမာဏ၊ တားမြစ်ချက်နှင့် ရယူမည့် ရည်ရွယ်ချက်အကြား အချိုးအစားညီမျှမှု၊ ပြည်သူ့အကျိုးစီးပွား၏ သဘောသဘာဝနှင့် အမှုအခြေအနေများတွင် အကာအကွယ်လိုအပ်သည့် အတိုင်းအတာ' တို့ဖြင့် ဆန်းစစ်ရမည်။[၃၉]

ပထမဆုံးလိုအပ်ချက်ဖြစ်သည့် 'ဥပဒေဖြင့် ပြဋ္ဌာန်းခြင်း' ကို လေ့လာဆန်းစစ်ရာတွင် ကြိုတင် သိမြင်နိုင်မှုနှင့် မှန်ကန်တိကျမှုအခြေခံမူများကို ခုံရုံးက အသုံးပြုသည်။[၄၀] ဤလိုအပ်ချက်နှင့် ဥပဒေအရ ရည်ရွယ်ချက်များ

---

[၃၆] အခန်း (၆-၄)

[၃၇] Thorgeirsdóttir (n. 21) 29.

[၃၈] Lawrence Early, 'Article 10 Issues of Fairness, Proof and Evidence' in Josep Casadevall and others (eds) *Freedom of Expression: Essays in Honor of Nicolas Bratza, President of the European Court of Human Rights* (Wolf Legal Publishers 2012) 556.

[၃၉] Thorgeirsdóttir (n. 21) 29.

[၄၀] *Dink v. Turkey* App nos 2668/07, 6102/08, 30079/08, 7072/09 and 7124/09 (ECtHR, 14 September 2010), para. 114; *RTBF v. Belgium* ECHR 2011 (extracts), para. 103.

ရရှိရန်လိုအပ်ချက်တို့ကို လိုက်နာဆောင်ရွက်မှု၏ အစိတ်အပိုင်းအဖြစ် ယူဆသည့်တိုင်အောင် 'ဥပဒေဖြင့် ပြဋ္ဌာန်းခြင်း' ဆိုသည်မှာ ပြည်တွင်းဥပဒေထုတ်ပြန်ခြင်းဖြင့် လုံလောက်လိမ့်မည်ဟု မဆိုလိုပါ။ ဥပမာအားဖြင့် *Muller* တွင် ခုံရုံးက ရှင်းပြသည်မှာ -

> ခုံရုံး၏ စီရင်ထုံးဥပဒေအရဆိုသော် "ကြိုတင်သိမြင်နိုင်မှု" သည် သဘောတူစာချုပ်၏ အပိုဒ် (၁၀-၂) တွင် ပါဝင်သော 'ဥပဒေဖြင့် ပြဋ္ဌာန်းခြင်း' စကားစုရှိ ရှိရင်းစွဲ လိုအပ်ချက်များအနက် တရပ် ဖြစ်သည်။ စံနှုန်းတခုကို လုံလောက်သည့် မှန်ကန်တိကျမှုဖြင့် ရေးဆွဲထားခြင်း မရှိပါက 'ဥပဒေ' တရပ်အဖြစ် မသတ်မှတ်နိုင်ခြေ။ လိုအပ်ပါက လုံလောက်သည့်အကြံဉာဏ်ဖြင့် ပြည်သူများအတွက် လုပ်ဆောင်ချက် တရပ်တွင် ပါရှိသည့် နောက်ဆက်တွဲများကို ကြိုတင်သိမြင်စေနိုင်ရန် ဖြစ်သည်။ အခြေအနေများတွင် ကျိုးကြောင်းဆီလျော်သည့် အတိုင်းအတာတခုအထိ ကြိုတင်သိမြင်စေရမည်။ [.....] သို့ရာတွင် ဥပဒေများကို ဘောင်သတ်မှတ်ရာတွင် အပြည့်အဝ တိကျမှုရရှိရန် မဖြစ်နိုင်သည်ကို ခုံရုံးက အသားပေး ထားသည်။ အထူးသဖြင့် လူ့အဖွဲ့အစည်း၏ ရေပန်းစားသည့် အမြင်များအရ အခြေအနေ ပြောင်းလဲသည့် နယ်ပယ်များတွင် ဖြစ်သည်။ ..... အလွန်အမင်း တင်းကျပ်မှုကို ရှောင်ကြဉ်ရန်နှင့် ပြောင်းလဲသည့် အခြေအနေများနှင့် တိုးတက်ဖြစ်ထွန်းရန်အတွက် လိုအပ်ချက်ဆိုသည်မှာ ဥပဒေ အများအပြားသည် ရှောင်လွဲနိုင်ခြင်း မရှိဘဲ အနည်းနှင့် အများဆိုသလို တင်းတင်းကျပ်ကျပ် မသတ်မှတ်ထားသည့် ပုံစံများအပေါ် အခြေတည်ထားကြောင်းကို ဆိုလိုပါသည် [.....]။[၄၁]

သို့ဖြစ်၍ ဥပဒေကို ၎င်း၏ ယေဘုယျအရိုးတရားအတွက်မဟုတ်ဘဲ ၎င်း၏ ထိရောက်မှုရှိသည့် အကျိုးကျေးဇူးများအပေါ် အခြေခံ၍ အနက်ပြန်ဆိုရမည်။[၄၂] သို့ရာတွင် ပြည်တွင်းဥပဒေများကို အနက်ပြန်ဆို၍ အသုံးချခြင်းအတွက် ပြည်တွင်းတရားရုံးများတွင် မူလဘူတ တာဝန်ရှိကြောင်း ခုံရုံးက ရှင်းရှင်းလင်းလင်း မှတ်ချက် ပြုထားသည်။[၄၃] Thorgeirsdóttir က သတိပေးထားသည်မှာ -

> ကိုယ်ပိုင်ဆုံးဖြတ်ခွင့် အပ်နှင်းထားသည့် ဥပဒေတရပ်သည် ၎င်းကိုယ်တိုင် ဤလိုအပ်ချက်နှင့် မကိုက်ညီပေ။ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်၏ နယ်ပယ်နှင့် ၎င်းကို ကျင့်သုံးပုံ ကျင့်သုံးနည်းတို့ကို လုံလောက်သည့် ရှင်းလင်းတိကျမှုဖြင့် ထိန်းကြောင်းပဲ့ကိုင်ထားသည့် ဥပဒေမှသာ တဖက်သက်အဟန့်အတားမှ လူတဦးချင်းစီကို လုံလုံလောက်လောက် အကာအကွယ်ပေးထားနိုင်မည်ဖြစ်သည်။ ဆွေးနွေးလျက်ရှိသည့် ဥပဒေနှင့် ကိုက်ညီသည့် ရည်ရွယ်ချက်များကို ၎င်းဥပဒေက အလေးထားမှုလည်း ရှိသည်။[၄၄]

ဥပဒေနှင့်ကိုက်ညီသော ရည်ရွယ်ချက်များကို အပိုဒ် (၂) တွင် အသေးစိတ် ဖော်ပြထားသည်။ သို့ရာတွင် *Lentia* တွင် ဤသို့ အသေးစိတ် သတ်မှတ်ချက်များ၏ ပြင်ပရှိ ရည်ရွယ်ချက်တရပ်ကို ဆင်ခြင်သုံးသပ်နိုင်သည့်

---

[၄၁] *Muller and Others v. Switzerland*, 24 May 1998, Series A no 133, para. 27.

[၄၂] *Association Ekin v. France* ECHR 2001-VIII, para. 46.

[၄၃] *Silver and Others v. the United Kingdom* (1983) Series A no 61, para. 46.

[၄၄] Thorgeirsdóttir (n. 21) 29.

အခြေအနေအချို့လည်း ရှိနိုင်ကြောင်း ခုံရုံးက ရှင်းလင်းသည်။[၄၅] ရုပ်သံထုတ်လွှင့်ခွင့် လိုင်စင်စနစ်များနှင့် အပိုဒ် (၁၀-၁) ရှိ ဝါကျသုံးကြောင်း၏ မိတ်ဆက်ထားပြီးသား အားပြိုင်မှုများ၏ အကြောင်းအရာတွင် ခုံရုံးက ဖော်ပြသည်မှာ -

> စာပိုဒ် (၁) ၏ တတိယမြောက် ဝါကျအောက်တွင် ရည်ရွယ်ချက်များသည် ဥပဒေနှင့်ကိုက်ညီနိုင်မည် ဖြစ်သည့် အဟန့်အတားများဆီ ဦးတည်နိုင်ပေသည်။ သို့သော်ငြား ၎င်းတို့သည် စာပိုဒ် (၂) အောက်တွင် အသေးစိတ် ဖော်ပြထားသည့် မည်သည့် ရည်ရွယ်ချက်များနှင့်မှ မသက်ဆိုင်ပေ။ အဆိုပါ အဟန့်အတားများသည် သဘောတူစာချုပ်နှင့် အံဝင်ဂွင်ကျဖြစ်မှုကို စာပိုဒ် (၂) ၏ အခြားလိုအပ်ချက်များအရ မည်သည့်အခါမျှ လေ့လာဆန်းစစ်ခြင်း မပြုရပေ။[၄၆]

ထို့ကြောင့် ခုံရုံးက ပိတ်ပင်ထားသည့် ပန်းတိုင်များကို ရရှိရန်အလို့ငှာ ရုပ်သံထုတ်လွှင့်ခြင်းအပေါ် ကန့်သတ်ချက် ထားရှိရန် နိုင်ငံများ၏ လွတ်လပ်ခွင့်အပေါ် ခုံရုံး၏ အနက်ပြန်ဆိုချက်ကို ဟန့်တားပိတ်ပင်ခြင်း မပြုနိုင်ပေ။ မီဒီယာဗဟုဝါဒကဲ့သို့ ဖြစ်သည်။[၄၇] အကယ်၍ တားမြစ်ချက်သည် ဥပဒေနှင့် ကိုက်ညီသော ရည်ရွယ်ချက်ကို လိုက်နာပြီး ဥပဒေဖြင့် ပြဋ္ဌာန်းထားသည်ဟု ခုံရုံးအနေဖြင့် တွေ့ရှိရပါက တားမြစ်ချက်သည် 'ဒီမိုကရေစီ လူ့အဖွဲ့အစည်းတွင် လိုအပ်ချက်' ဖြစ်ကြောင်းကို ခုံရုံးက သတ်မှတ်ရမည်။ ထိုသို့ သတ်မှတ်ခြင်းသည် အရေးတကြီး လူမှုရေးလိုအပ်ချက်အဖြစ် သွယ်ဝိုက် ညွှန်းဆိုခြင်း ဖြစ်ပါသည်။[၄၈] သို့ရာတွင် ပြည်သူများ၏ အရေးတကြီး လိုအပ်ချက်ကို ပြည့်မီမှသာလျှင် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်အပေါ် အစိုးရမှ လက်ဝါးကြီးအုပ်ကာ ချမှတ်ထားသည့် တားမြစ်ချက်များ၏ အနှံ့အပြားသက်ရောက်နိုင်စွမ်းရှိသည့် လက္ခဏာရပ်ကို ခုံရုံးက မတွေ့ရှိရခြင်း ဖြစ်သည်။ အထူးသဖြင့် ဤအမှုတွင် ဖြစ်သည်။[၄၉] နိုင်ငံ၏ ကျင့်သုံးပုံကို စစ်တမ်းကောက်ယူခြင်း၊ နည်းပညာတိုးတက်မှုနှင့် ကန့်သတ်ချက်နည်းပါးသည့် တခြားနည်းလမ်းကို လေ့လာဆန်းစစ်ခြင်းဖြင့် အစိုးရ၏ လက်ဝါးကြီးအုပ်မှုကြောင့် ဖြစ်ပွားသည့် လျှောက်လဲသူများ၏ လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်အပေါ်ရှိ အနှောင့်အယှက်အဟန့် အတားများသည် အပိုဒ် (၁၀-၂) အောက်တွင် ကျိုးကြောင်းခိုင်လုံမှုမရှိသည်ကို ခုံရုံးက တွေ့ရှိခဲ့သည်။ ၎င်းအပိုဒ် (၁၀-၂) ၏ အပိုဒ်ငယ် ဖြစ်သော 'ဒီမိုကရေစီ လူ့အဖွဲ့အစည်းတွင် လိုအပ်ချက်' အရ ဖြစ်ပါသည်။[၅၀]

'လိုအပ်သော (necessary)' ဟူသည့် စကားလုံး၏ ရွေးချယ်မှုအကြောင်း ပညာရပ်စာပေနှင့် ခုံရုံး ကိုယ်တိုင်က ကျယ်ကျယ်ပြန့်ပြန့် မှတ်ချက်ပြုကြပါသည်။ ၎င်းစကားလုံးသည် 'မရှိမဖြစ် (indispensable)' နှင့် မတူညီပါ သို့မဟုတ် 'အသုံးတည့်သော (useful)'၊ 'အလိုရှိသော (desirable)' စသည့် စကားလုံးများကဲ့သို့

---

[၄၅] *Lentia* (n. 13), para. 32.

[၄၆] ibid.

[၄၇] Craufurd Smith (n. 14) 65.

[၄၈] *Sunday Times* (n. 32), para. 65.

[၄၉] *Lentia* (n. 13), paras. 39 and 43.

[၅၀] *Lentia* (n. 13), para. 39 and 43.

ပြောင်းလွယ်ပြင်လွယ်လည်း မရှိပါ။[၁၁] ဥပမာဆိုရသော် *Lingens v. Austria* တွင် ဤအထင်ကရ အသရေဖျက်မှုသည် အသရေဖျက်ခံရသည့် လျှောက်လဲသူ သတင်းသမားသည် လျှောက်လဲသူ၏ လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့်ကို အဟန့်အတားပြုခံရကြောင်း ဟုတ် မဟုတ်နှင့် ဆက်စပ်ပါသည်။[၁၂] သတင်းသမား အပေါ် ငွေဒဏ်ချမှတ်ခြင်းဖြင့် အဟန့်အတားပြုခြင်းသည် 'ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် လိုအပ်ချက်' ဖြစ်ခြင်း မဖြစ်ခြင်းအပေါ် အမှု၏ အဓိကအချက်အဖြစ် အလေးထားခဲ့သည်။[၁၃] ခုံရုံး၏ လေ့လာချက်၌ ဒီမိုကရေစီ လူ့အဖွဲ့အစည်းတွင် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်၏ အရေးပါမှုအပေါ် *Handyside* တရားသူကြီး၏ အလေးထားမှုကို ထပ်လောင်း ပြောဆိုထားသည်။

> လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် .... ဒီမိုကရေစီ လူ့အဖွဲ့အစည်း၏ မရှိမဖြစ် လိုအပ်သော အခြေခံအုတ်မြစ်များအနက် တခု ဖြစ်ပြီး လူ့အဖွဲ့အစည်းတိုးတက်မှုနှင့် လူတဦးချင်းစီ၏ လူ့အဖြစ် ရရှိခြင်း၏ ပြီးပြည့်စုံမှုအတွက် အခြေခံကျကျ အနေအထားများအနက် တခုလည်း ဖြစ်သည်။ [ဥပဒေအရ တားမြစ်ချက်များ] အရဆိုသော် ထိခိုက်မှုမရှိစေကြောင်း မှတ်ယူထားသည့် သို့မဟုတ် လိုလိုလားလား လက်ခံထားသည့် သို့မဟုတ် ဘေးဒုက္ခမရှိသည့် "သတင်းအချက်အလက်များ" သို့မဟုတ် "အယူအဆများ" နှင့်သာမက စိတ်အနှောင့်အယှက် ဖြစ်စေသည့်၊ တုန်လှုပ်ခြောက်ခြားစေသည့် သို့မဟုတ် အဟန့်အတား ဖြစ်သည့် သတင်းအချက်အလက်များ သို့မဟုတ် အယူအဆများနှင့်လည်း သက်ဆိုင်သည်။ ၎င်းတို့သည် ဗဟုဝါဒ၊ စိတ်ရှည်သည်းခံမှုနှင့် စိတ်နှလုံးသား သဘောထားပြည့်ဝမှုတို့၏ လိုလားချက်များ ဖြစ်ကြပြီး ၎င်းတို့ မရှိပါက "ဒီမိုကရေစီ" လူ့အဖွဲ့အစည်းလည်း ရှိမည် မဟုတ်ပေ။[၁၄]

ဒီမိုကရေစီလူ့အဖွဲ့အစည်းရှိ စာနယ်ဇင်းနှင့် နိုင်ငံရေးဆွေးနွေးပွဲ၏ အခန်းကဏ္ဍကိုသာမက ပြည်သူများ၏ ၎င်းကို လက်ခံရရှိခွင့်ကိုလည်း ခုံရုံးက ထောက်ပြပါသည်။ အောက်ပါအတိုင်း ဖော်ပြထားသည်မှာ -

> "အခြားသူများ၏ ဂုဏ်သိက္ခာ အကာအကွယ်ပေးခြင်း" အတွက် ချမှတ်ထားသည့် စည်းမျဉ်းကို စာနယ်ဇင်းသည် ဘောင်မကျော်ရပေ။ သို့သော်လည်း ပြည်သူ့အကျိုးစီးပွား၏ အခြားသောနယ်ပယ်များကဲ့သို့ပင် နိုင်ငံရေးဆိုင်ရာ ကိစ္စရပ်များအပေါ် သတင်းအချက်အလက်နှင့် အယူအဆများကို ပေးပို့ရန် တာဝန်ရှိသည်။ အဆိုပါ သတင်းအချက်အလက်နှင့် အယူအဆများကို ပေးပို့သည့် အလုပ်များသည် စာနယ်ဇင်းတွင် ရှိသည်သာမက ၎င်းသတင်းအချက်အလက်များကို လက်ခံရရှိခွင့်သည်လည်း ပြည်သူများတွင် ရှိသည်။[၁၅]

---

၁၁ Thorgeirsdóttir (n. 21) 31; Thomas A. O'Donnell, 'The Margin of Appreciation Doctrine: Standards in the Jurisprudence of the European Court of Human Rights' (1982) 4 *Human Rights Quarterly* 491.

၁၂ *Lingens v. Austria* (1986) Series A no 103, para. 34–35.

၁၃ ibid., para. 37.

၁၄ ibid., para. 41.

၁၅ ibid.

ခုံရုံး၏ စီရင်ထုံးဥပဒေမှတဆင့် တည်ဆောက်ထားသည့် အခြေခံမူများအား ခုံရုံး၏ အသုံးပြုပုံကို ဤအမှုများက ပြသနေပါသည်။ ဒီမိုကရေစီ လူ့အဖွဲ့အစည်းအတွင် မရှိမဖြစ်လိုအပ်ခြင်း၊ ဗဟုဝါဒ၊ လူတဦးချင်းစီ၏ သတင်းအချက်အလက် ပေးပို့ခွင့်နှင့် ပြည်သူများ၏ သတင်းအချက်အလက် လက်ခံခွင့်၊ စာနယ်ဇင်း၏ အခန်းကဏ္ဍ သာမက ဆွေးနွေးလျက်ရှိသည့် ဆက်သွယ်ရေးနည်းလမ်း၏ သက်ရောက်မှုတို့ ပါဝင်သည်။ Thorgeirsdóttir က ကျိုးကြောင်းပြ ဆွေးနွေးထားသည်မှာ -

> အပိုဒ် (၁၀-၁) တွင် တင်ပြထားသည့် အခြေခံမူဖြင့် ပေးထားသော အကာအကွယ်ကို လျော့နည်းစေသည့် ဘုံသဘောထားအမြင်နှင့် ဆန့်ကျင်ဘက်အဖြစ် ကန့်သတ်တားမြစ်ထားသည့် အပိုဒ်ငယ်သည် ဆန့်ကျင်ဘက် သက်ရောက်မှုကို ဖြစ်စေသည်။ မီဒီယာလွတ်လပ်ခွင့်ကို အကာအကွယ်ပေးမှု မြှင့်တင်ပေးသည့် အခရာကျသော ပန်းတိုင်ကို ဆောင်ကြဉ်းပေးလိမ့်မည်။[၁၆]

ဤစာအုပ်၏ ရည်ရွယ်ချက်များအတွက် Thorgeirsdóttir ၏ အမြင်များနှင့် ကန့်သတ်တားမြစ်ချက် အပိုဒ်ငယ်ကို ခုံရုံး၏ အသုံးပြုခြင်းတို့ကြောင့် အခြားမီဒီယာများနှင့် မတူသည့် အင်တာနက်၏ တမူထူးခြားမှုကို အသိအမှတ်ပြုခြင်း၏ အရေးပါပုံကို မီးမောင်းထိုးပြပါသည်။ လူတဦး၏ လူ့အခွင့်အရေးကို ကျင့်သုံးရန်အတွက် အင်တာနက်အား လူတဦးချင်းစီ အသုံးပြုမှုများကို မှတ်တမ်းတင်ထားသည့် စာပေများ ခိုင်ခိုင်မာမာ ရှိပါသည်။ လူ့အဖွဲ့အစည်းတွင် လူတဦးချင်းစီ၏ ပူးပေါင်းပါဝင်မှုနှင့် သက်ဆိုင်သည့် အခွင့်အရေးများနှင့် (ပညာရေး၊ အလုပ်အကိုင်၊ ကျန်းမာရေးကဲ့သို့) ကိုယ်တိုင်ဖွံ့ဖြိုးတိုးတက်မှုအတွက် ကိုယ်ပိုင် ပန်းတိုင်များကို လှမ်းဆွတ်သည့် နည်းများလည်း ပါဝင်သည်။[၁၇] ဥပမာအားဖြင့် လူမှုကွန်ယက်စာမျက်နှာ (SNS) အခြေအနေတွင် SNS ၏ ရှိရင်းစွဲ တည်ဆောက်ပုံသည် သတင်းအချက်အလက်များ လက်လှမ်းမီ ရရှိခွင့်ကို အဆင်ပြေချောမွေ့စေသည်သာမက အသက်ရှင်သန်မှု၏ ရှုထောင့်ပေါင်းစုံတွင် ဤသတင်းအချက်အလက်များ၏ အရေးပါမှုနှင့် ဆီလျော်မှုတို့ကြောင့် လူတဦးချင်းစီ၏ ဆွေးနွေးနိုင်စွမ်းကိုလည်း တိုးမြှင့်စေနိုင်ကြောင်း Gil de Zúñiga ၊ Jung နှင့် Valenzuela တို့က ကျိုးကြောင်းပြ ဆွေးနွေးသည်။[၁၈] ၎င်းတို့၏ လေ့လာချက်က တွေ့ရှိသည်မှာ -

> အင်တာနက်က စီမံပေးနိုင်သည့် အပြန်အလှန်တုံ့ပြန်နိုင်စွမ်းရှိသည့် အစိတ်အပိုင်းကိုလည်း SNS က မြင့်မြင့်မားမား ရရှိစေသည်။ သတင်းအချက်အလက်များကို ဖွဲ့စည်းစီစဉ်နိုင်သည့် ရိုးစင်းမှုကိုလည်း နှစ်ဆ တိုးပွားစေသည်။ တူညီသည့် အကြောင်းအရာများနှင့် ချိတ်ဆက်မှုသည်လည်း လူများက သတင်းအချက်အလက် ရရှိနိုင်သည့် နည်းလမ်းကို မြှင့်မားစေနိုင်သည်။ ဆက်လက်၍ အရင်းအမြစ်များကို အဆင်ပြေချောမွေ့စွာ အသုံးချနိုင်သည့် လုပ်ငန်းစဉ်ကို ဖြစ်အောင် ပြုလုပ်ပေးနိုင်သည်။ SNS အသုံးပြုမှု၊ လူမှု

---

[၁၆] Thorgeirsdóttir (n. 21) 32.

[၁၇] ယေဘုယျအားဖြင့် M. Xenos and P. Moy, 'Direct and Differential Effects of the Internet on Political and Civic Engagement (2007) 57 *Journal of Communication* 704–18; Z. Papacharissi, 'The Virtual Sphere: The Internet as a Public Sphere' (2002) 4 *New Media & Society* 9 ကို ကြည့်ပါ။

[၁၈] Gde Zúñiga, N.J. Homero, and S. Valenzuela, 'Social Media Use for News and Individuals' Social Capital, Civic Engagement and Political Participation' (2012) 17 *Journal of Computer- Mediated Communication* 334.

> အရင်းအနှီးနှင့် ပြည်သူများပါဝင်မှုတို့အကြား အပြုသဘောဆောင် ဆက်နွယ်ချက်အတွက် ဆက်စပ်ရှင်းလင်းချက်ကို မီဒီယာရည်ရွယ်ချက် ပြည့်မြောက်ရန်အတွက် အသုံးပြုသည့်ချဉ်းကပ်နည်းတွင် တွေ့မြင်နိုင်ပါသည် (Katz & Gurevitch, ၁၉၇၄; Ruggiero, ၂၀၀၀)။ လူအချင်းချင်းအကြား မှတ်ချက်ပြုခြင်းနှင့် အချင်းချင်း လက်ခံခြင်းတို့အတွက် လိုင်းပေါင်းများစွာ ရှိစေခြင်းဖြင့် SNS သည် ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိုယ်ပိုင်လက္ခဏာ တည်ဆောက်ခြင်းကို အကူအညီပေးနိုင်သည်။ လူမှုအရင်းအနှီးကို ထုတ်လုပ်ခြင်းနှင့် ဆက်နွယ်ကြောင်း တွေ့မြင်ရပါသည်။[၁၉]
>
> (Harter, ၁၉၉၉)

ဤအွန်လိုင်းကို ကျင့်သုံးပုံများသည် လူတဦးချင်းစီ အထူးသဖြင့် ဖယ်ကြဉ်ခံလူအုပ်စုများ သို့မဟုတ် အထိခိုက်လွယ် လူအုပ်စုများက နောင်ကာလအမှုများတွင် အခြား သတင်းအချက်အလက် မီဒီယာကို အသုံးပြုပုံနှင့် မည်သို့ ကွာခြားသည်ကို ဖော်ထုတ်ခြင်းဖြင့် အပိုဒ် (၁၀) ၏ စာပိုဒ် (၂) နှင့် ကိုက်ညီကြောင်း တွေ့ရသည်။ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို အဟန့်အတားအနှောင့်အယှက် ဖြစ်စေသည့် အတိုင်းအတာကို သတ်မှတ်သည့်အခါ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့များက ထည့်သွင်းစဉ်းစားရေး မလိုအပ်မီ ဖော်ထုတ်ရမည် ဖြစ်သည်။ သို့မဟုတ်ပါက အပိုဒ် (၁၀-၂) ၏ အနက်အဓိပ္ပာယ်အတွင်း တားမြစ်မှု လိုအပ်သည်ကို ခုံရုံးက မတိုင်းတာနိုင်ပါ။ အွန်လိုင်းပေါ်တွင် ထုတ်ဖော်တင်ပြပြီး ဆက်သွယ်သည့် လုပ်ဆောင်ချက်များ၏ လွှမ်းခြုံနယ်ပယ်ကို အပြည့်အဝ အသေအချာ ကာကွယ်နိုင်ရေး လွတ်လပ်စွာ ထုတ်ဖော် တင်ပြပြောဆိုခွင့်ကို အနက်ပြန်ဆိုရာတွင် တဖြည်းဖြည်း တိုးတက်လာစေရေးအတွက် ဤအခြေခံမူများကို ခွင့်ပြုသည့် နည်းလမ်းအတိုင်း ခုံရုံးက တိုင်းတာခြင်း မပြုနိုင်ပေ။ Handyside တွင် ခုံရုံးက မိတ်ဆက်ထားသည့် 'လုပ်ပိုင်ခွင့် နယ်ပယ် (margin of appreciation)' ဟု ခေါ်သည့် အနက်ပြန်ဆိုမှုအခြေခံမူသည် သဘောတူစာချုပ်ပါ အခွင့်အရေးများ၏ လွှမ်းခြုံမှုနှင့် ချဲ့ထွင်မှုကို ခုံရုံးက မည်သို့ သတ်မှတ်ကြောင်းအပေါ် လည်း သက်ရောက်မှု ရှိပါသည်။[၆၀]

၃-၁-၂။ မျှတမှုရှိခြင်းနှင့် လုပ်ပိုင်ခွင့် နယ်ပယ်အကြားရှိ ဆက်နွယ်ချက်

'လုပ်ပိုင်ခွင့် နယ်ပယ်' ဟူသည့် အသုံးအနှုန်းသည် ECtHR ကြောင့် ဖြစ်ပေါ်လာခဲ့သည်။[၆၁] ဤနေရာတွင် ၎င်း၏ သရုပ်ဖော်ရှင်းလင်းချက်က *Yildirim* ရှိ ECtHR ၏ လေ့လာဆန်းစစ်ချက်အကြောင်း ဆွေးနွေးချက်အတွက် နောက်ခံအကြောင်းရင်းကို စီမံပေးပါသည်။[၆၂] သို့သော် ခုံရုံးအားလုံးသည် ဤအသုံးအနှုန်းကို ရှင်းရှင်းလင်းလင်း သုံးသည်လား သို့မဟုတ် အသုံးမပြုသည်လား မသေချာသော်ငြား ချိန်ညှိသည့် တူညီသော လေ့လာဆန်းစစ်ချက်

---

၁၉ ibid.

၆၀ Pablo Contreras, 'National Discretion and International Deference in the Restriction of Human Rights: A Comparison Between the Jurisprudence of the European and the Inter-American Court of Human Rights' (2012) 11 *Northwestern Journal of International Human Rights* 37.

၆၁ ibid.

၆၂ *Handyside* (n. 11).

ပုံစံများကို ဆောင်ရွက်ပါသည်။[၆၃] အမေရိကန်ိုင်ငံများဆိုင်ရာ လူ့အခွင့်အရေး ခုံရုံး (IACtHR) နှင့် ကုလသမဂ္ဂ လူ့အခွင့်အရေး ခုံရုံး (UNHRC) ကဲ့သို့ အခြားသော လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့များတွင် လုပ်ပိုင်ခွင့် နယ်ပယ်ကို အသုံးချရာတွင် ဖြစ်နိုင်သည့် အကန့်အသတ်များကို ဤမိတ်ဆက်တင်ပြခြင်းက လေ့လာခွင့်ပြုပါသည်။[၆၄]

ဖြစ်လာနိုင်ခြေရှိသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို အပိုဒ် (၁၀) အောက်မှနေ၍ လေ့လာဆန်းစစ်ရာတွင် ECtHR က အသုံးပြုသည့် အနက်ဖွင့်ဆိုမှုကိရိယာ နှစ်ခုမှာ လုပ်ပိုင်ခွင့်နယ်ပယ်နှင့် မျှတမှုရှိခြင်း (proportionality) တို့ ဖြစ်သည်။[၆၅] ဖြစ်ရပ်မှန်အခြေအနေများကို လေ့လာဆန်းစစ်ရာတွင်နှင့် သဘောတူစာချုပ်ပါ မျှော်မှန်းထားသည့် ပြဋ္ဌာန်းချက်များကို အသုံးချရာတွင် စာချုပ်ချုပ်ဆိုထားသည့် နိုင်ငံ၏ အခွင့်အာဏာကို 'လုပ်ပိုင်ခွင့် နယ်ပယ်' က ရည်ညွှန်းပါသည်။[၆၆] နိုင်ငံများအတွက် ဤအမှားခံနိုင်သည့် အတိုင်းအတာ သို့မဟုတ် ကင်းလွတ်ချက်သည် လူ့အခွင့်အရေးဆိုင်ရာ ဥရောပခုံရုံး၏ ကြီးကြပ်မှုဖြင့် နီးနီးကပ်ကပ် ချိတ်ဆက်သွားပါသည်။ လွတ်လပ်သည့် ခုံရုံးက ပေးထားသည့်တိုင်အောင် ၎င်းကို အသုံးချသည့် ဥပဒေပြုခြင်းနှင့် ဆုံးဖြတ်ချက် နှစ်မျိုးစလုံးကို လက်ခံပါသည်။[၆၇]

မျှတမှုရှိခြင်းအခြေခံမူကို လုပ်ပိုင်ခွင့်နယ်ပယ်၏ ဆန့်ကျင်ဘက်အဖြစ် Yutaka Arai-Takahashi က အနက်ဖွင့်ဆိုပါသည်။[၆၈] အလားတူပင် 'လုပ်ပိုင်ခွင့်နယ်ပယ်ကို ပြုပြင်တည့်မတ်ပေးပြီး ကန့်သတ်သည့် အခြေခံမူ' အဖြစ် မျှတမှုရှိခြင်း အခြေခံမူကို တရားသူကြီး Matscher က ဖော်ပြပါသည်။[၆၉] အမှုအမျိုးအစား သို့မဟုတ် ချိတ်ဆက်သည့် အခွင့်အရေးအပေါ် အခြေခံ၍ ကင်းလွတ်ချက်အတွက် ခိုင်မာသည့် အခြေခံများ သို့မဟုတ် အားပျော့သည့် အခြေခံများအလိုရှိခြင်းဖြင့် အချိုးအစား ညီမျှခြင်းသည် လုပ်ပိုင်ခွင့်နယ်ပယ်ကို အသေအချာ ချဲ့ထွင်သို့မဟုတ် ချုံ့ပစ်ရသည်။[၇၀]

---

[၆၃] ယေဘုယျအားဖြင့် Anne-Marie Slaughter, 'A Typology of Transjudicial Communication' (1994) 29 *University of Richmond Law Review* 99; Lupu and Voeten (n. 7) ကို ကြည့်ပါ။

[၆၄] Andrew Legg, *The Margin of Appreciation in International Human Rights Law: Deference and Proportionality* (OUP 2012) 3–14.

[၆၅] Yutaka Arai-Takahashi, *The Margin of Appreciation Doctrine and the Principle of Proportionality in the Jurisprudence of the ECHR* (Intersentia 2002).

[၆၆] Legg (n. 64) Chapter 3.

[၆၇] ibid.

[၆၈] Yutaka Arai-Takahasi, 'The Margin of Appreciation Doctrine: A Theoretical Analysis of Strasbourg's Variable Geometry' in A. Føllesdal, B. Peters, and G. Ulfstein (eds), *Constituting Europe: The European Court of Human Rights in a National, European and Global Context* (CUP 2013) 62.

[၆၉] Arai-Takahashi (n. 65).

[၇၀] Legg (n. 64) 175.

နမူနာဆိုရသော် လုပ်ပိုင်ခွင့်နယ်ပယ်ကို ချဲ့နိုင် သို့မဟုတ် ချဲ့ထွင်ပေးနိုင်သည့် အခြေအနေများ၏ လိုလားချက်အရ လိုက်လျောညီထွေ ပြောင်းလဲပေးသည့် စကေး ရှိကြောင်း Pellonpaa က တွေ့ရှိခဲ့သည်။[၇၁] 'နိုင်ငံရေးသမားကို နိုင်ငံရေးဆန်လွန်းသည့် အနေအထားဖြင့် ဝေဖန်သည့်အတွက် သတင်းသမားတဦးက အပြစ်ပေးခံရသည့် *Lingens v. Austria* ကဲ့သို့ အတော်ပင် ရှင်းလင်းပြတ်သားသည့် နမူနာများမှသည် နိုင်ငံရေးအစိတ်အပိုင်းများ အားနည်းလာပြီး အခြားယှဉ်ပြိုင်သည့် အကျိုးစီးပွားများ အလေးသာချက် အားကောင်းလာသည့် အခြေအနေများအထိ' စကေးသည် ကျယ်ပြောကြောင်း သူမက ဖော်ပြသည်။[၇၂] အခြားအားပြိုင်မှုရှိသည့် အကျိုးစီးပွားများ၏ အားသာမှုသည် ပိုမို အားကောင်းလာသည့်အခါ စာချုပ်အဖွဲ့ဝင် နိုင်ငံ၏ လုပ်ပိုင်ခွင့်နယ်ပယ်သည် ပိုမို ကျယ်ပြန့်လာလေ့ ရှိသည်။[၇၃]

လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့် အခြေအနေတွင် ဒီမိုကရေစီလူ့အဖွဲ့အစည်းအတွင်းနှင့် ၎င်းကိုယ်တိုင်ရှိ မီဒီယာ၏ အခန်းကဏ္ဍနှင့် နိုင်ငံရေးပြောဆိုချက်များသည် ကျဉ်းမြောင်းသည့် လုပ်ပိုင်ခွင့် နယ်ပယ်အတွက် အကြောင်းပြချက်ကောင်း ဖြစ်သည်ဟု ECtHR က ပြောကြားပါသည်။[၇၄] သဘောတူစာချုပ်၏ အခြေခံအယူဝါဒနှင့် ဤအချက်ကို Mahoney က ချိတ်ဆက်ပြသည်။ '[သ]ဘောတူစာချုပ်သည် နိုင်ငံရေး အယူဝါဒအချို့အပေါ် အခြေခံထားသည်။ အခြေခံလွတ်လပ်ခွင့်များနှင့် လူ့အခွင့်အရေးများကို အသေအချာ လေးစားလိုက်နာရေးအတွက် နိုင်ငံရေးဒီမိုကရေစီသည် အကောင်းဆုံးအစိုးရစနစ် ဖြစ်ကြောင်း ဟူသည့် အယူဝါဒဖြစ်သည်' ဟု ဆွေးနွေးထားသည်။[၇၅] Pellonpaa သည် ဆွေးနွေးငြင်းခုံရန်အတွက် Mahoney ကို ကိုးကားထားသည်မှာ -

> ဤသည်မှနေ၍ သဘောပေါက်နားလည်သည်မှာ နိုင်ငံရေးဆွေးနွေးချက်အပေါ် ဖိနှိပ်ခြင်း သို့မဟုတ် ကန့်သတ်တားမြစ်ခြင်းဖြစ်လာသည့်အခါ မတူကွဲပြားသည့် နိုင်ငံများအကြား အကြီးအကျယ် ကွဲလွဲခြားနားချက် မရှိခြင်းကို သည်းခံနိုင်သော်ငြား ခုံရုံးသည် နောက်ထပ် တင်းကျပ်သည့်ထိန်းချုပ်မှုကို ကျင့်သုံးရမည်။ တဆက်တည်း ဆိုသလို ပြည်တွင်း လုပ်ပိုင်ခွင့်နယ်ပယ်သည် နည်းပါးပြီး ဘက်မျှအောင် ကျင့်သုံးသည်။ လုပ်ပိုင်ခွင့်နယ်ပယ်ကို အကောင်အထည်ဖော်ရမည်ဆိုပါက လွတ်လပ်စွာ ထုတ်ဖော်တင်ပြ

---

[၇၁] Matti Pellonpaa, 'The Principle of Subsidiarity and Margin of Appreciation' in Josep Casadevall and others (eds), *Freedom of Expression: Essays in Honor of Nicolas Bratza, President of the European Court of Human Rights* (Wolf Legal Publishers 2012) 523.

[၇၂] ibid.

[၇၃] ibid.

[၇၄] *Lingens* (n. 52), para. 39–42; *Oberschlick v. Austria* (1991) Series A no 204, para. 57–8; *Lyashko v. Ukraine* App no 21040/02 (ECtHR, 08 October 2006), para. 41.

[၇၅] Paul Mahoney, 'Marvellous Richness of Diversity or Invidious Cultural Relativism' (1998) 19(1) *Human Rights Law Journal* 1–6.

ပြောဆိုခွင့်ကိုလည်း အပြန်အလှန်ဆိုသလို အပြည့်အစုံ နှိုင်းချင့်ရပေမည်။ ဆိုပါစို့။ ကျူးလွန်ခံရသည့် နိုင်ငံရေးသမား၏ ခံစားချက်ကိုလည်း နှိုင်းချင့်ရမည် ဖြစ်သည်။[၇၆]

လူ့အဖွဲ့အစည်းအတွင်း အခွင့်အရေး၏ လက်တွေ့ကျကျ ကိုက်ညီမှုသေချာစေရန် အလို့ငှာ အခွင့်အရေး၏ အကြောင်းအရာနယ်ပယ်ကို ချဲ့ထွင်ရာတွင် လုပ်ပိုင်ခွင့်နယ်ပယ်ကို နည်းလမ်းအချို့ဖြင့် အသုံးပြုသည်။ သို့သော်ငြား စာချုပ်အဖွဲ့ဝင်နိုင်ငံသည် အခွင့်အရေးကို အကောင်အထည်ဖော်ရန် ၎င်းတို့ မည်သို့မည်ပုံ ရွေးချယ်ရာတွင် လုပ်သာကိုင်သာ ရှိရမည်။[၇၇] ဥပမာဆိုရသော် *Lentia* တွင် နည်းပညာပိုင်း တိုးတက်မှုကို ခုံရုံးက အသိအမှတ်ပြု အလေးထားခဲ့သည်။ ထုတ်လွှင့်မှုလိုင်းများနှင့် ရုပ်သံလိုင်းများ အရေအတွက် များပြားလာသည့် အတွက် ရုပ်သံ ထုတ်လွှင့်မှုလက်ဝါးကြီးအုပ်မှုများကို အဆိုပါ စဉ်းစားချက်များနှင့် နောက်ထပ် နှိုင်းချင့်၍ မရနိုင်ကြောင်း ခုံရုံးက ၎င်းတို့ကို ခွင့်ပြုလာပါသည်။ သို့သော်လည်း နိုင်ငံများအား ၎င်းတို့၏ မီဒီယာမူဝါဒကို သတ်မှတ်ခြင်းနှင့် အကောင်အထည်ဖော်ရာတွင် လုပ်ပိုင်ခွင့်နယ်ပယ်ကို ခုံရုံးက ကျယ်ကျယ်ပြန့်ပြန့် ပေးအပ်ထားသည်။ ထို့နောက် ၎င်းအကောင်အထည်ဖော်ခြင်းကို လူ့အခွင့်အရေးဆိုင်ရာ ဥရောပခုံရုံး၏ ကြီးကြပ်မှုနှင့် ချိတ်ဆက်လုပ်ဆောင်သွားသည်။[၇၈]

ထို့အပြင် စာချုပ်အဖွဲ့ဝင်နိုင်ငံများအကြား တည်ဆဲ အများစုသဘောထားဆန္ဒရှိ၊ မရှိအပေါ် အခြေခံ၍ လုပ်ပိုင်ခွင့်နယ်ပယ်သည် နည်းပါးသွားသည် သို့မဟုတ် ကျယ်ပြန့်လာသည်။ ဥပမာအားဖြင့် ပုဒ်မ (၁၀) အာမခံချက်များ၏ အစိတ်အပိုင်းအဖြစ် တရားဝင်သတင်းအချက်အလက်များကို လက်လှမ်းမီ ရရှိခွင့် တဖြည်းဖြည်း တိုးတက်လာသည်ကို များစွာ တွေ့ရှိရသည်။ အကြောင်းမှာ စာချုပ်အဖွဲ့ဝင်နိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာ သဘောဆန္ဒတူညီချက် များပြားလာသည့်အတွက် ဖြစ်သည်။ သတင်းအချက်အလက် လက်လှမ်းမီ ရရှိခွင့်ကို လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် အာမခံချက်များ၏ အစိတ်အပိုင်းအဖြစ် ၎င်းတို့၏ ဥပဒေနှင့် မူဝါဒများတွင် အနက်ပြန်ဆိုထားကြောင်း အတည်ပြုထားကြသည်။[၇၉] တနည်းဆိုရသော် နိုင်ငံများအကြား သဘောတူညီချက်သည်သာမက အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းသည်လည်း အချိန်နှင့်အမျှ ကျယ်ပြန့်ကြီးထွားလာသည့်အခါ နိုင်ငံများအတွက် ပို၍ နည်းပါးသည့် လုပ်ပိုင်ခွင့်နယ်ပယ်ကို ကျင့်သုံးရန် လိုအပ်၊ မလိုအပ်ကို ခုံရုံးက ထည့်သွင်းစဉ်းစားရန် လိုအပ်လာပေမည်။ အခြားနိုင်ငံများက အသိအမှတ်ပြုလက်ခံထားသည့် စံနှုန်းများနှင့် ခုံရုံးများက ချမှတ်ထားသည့် စံနှုန်းများနှင့် ကိုက်ညီသည့် နည်းအတိုင်း နိုင်ငံများ၏ ဥပဒေများနှင့် မူဝါဒများကို အကောင်အထည်ဖော်ရန် ဖြစ်ပါသည်။[၈၀]

---

[၇၆] Pellonpaa (n. 71) 523.

[၇၇] *Lentia* (n. 13).

[၇၈] Thorgeirsdóttir (n. 21) 121; *Lentia* (n. 13), para. 39–40.

[၇၉] ယေဘုယျအားဖြင့် Maeve McDonagh, 'The Right to Information in International Human Rights Law' (2013) 13 *Human Rights Law Review* 25 ကို ကြည့်ပါ။

[၈၀] Richard Clayton and Hugh Tomlinson, *The Law of Human Rights*, 2nd edn (OUP 2009) 308; Chapter 6.5.

ၦင်းနှင့်စပ်လျဉ်းပြီး အခန်း၏ နိဒါန်းပိုင်းတွင် ဖော်ပြထားသည့်အတိုင်း အင်တာနက် လက်လှမ်းမီ ရရှိခွင့်သည် မည်သည့်အနက်အဓိပ္ပာယ်ရှိကြောင်း ဖြစ်နိုင်ခြေရှိသည့် အနက်ဖွင့်ဆိုမှု အများအပြား နိုင်ငံများအကြား ရှိကြသည်။ ထို့ကြောင့် အကျိုးဆက်အားဖြင့် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်၏ လက်ရှိ အာမခံချက်များ အောက်တွင် အင်တာနက်ကို လက်လှမ်းမီ ရရှိခွင့် ပိတ်ပင်မှုကို ပြုလုပ်နိုင်သည့် လုပ်ပိုင်ခွင့်နယ်ပယ်သည်လည်း ကျယ်ကျယ်ပြန့်ပြန့် ရှိပါသည်။[၈၁] အင်တာနက် လက်လှမ်းမီ ရရှိခွင့်ကို ခုံရုံးက ပို၍ ကြိမ်ဖန်များစွာ ကိုင်တွယ်လာသည့်အခါ အမှုတခုရှိ သီးသန့်အချက်အလက်များကို အကဲဖြတ်ရာတွင် ခုံရုံးက အသုံးပြုသည့် လွတ်လပ်စွာထုတ်ဖော်တင်ပြ ပြောဆိုခွင့် အခြေခံမူများကို လေ့လာဆန်းစစ်ရန် အထူးပင် အရေးကြီးလာသည်။ ထိုမျှသာမက အပိုဒ် (၁) အာမခံချက်များနှင့် ချိတ်ဆက်သည့် တားမြစ်ချက်ရှိ၊ မရှိကို သတ်မှတ်ရာတွင် အသုံးပြုသည့် လုပ်ပိုင်ခွင့် နယ်ပယ်နှင့် မျှတမှုရှိခြင်း အခြေခံမူအား အသုံးချခြင်းကိုလည်း အကဲဖြတ်ရန် အရေးကြီးသည်။ အကယ်၍ ဤသို့ တားမြစ်ချက်ရှိပါက ၎င်းတားမြစ်ချက်ကို ဥပဒေဖြင့် ပြဋ္ဌာန်းထားသည်၊ ဥပဒေနှင့် ကိုက်ညီသော ရည်ရွယ်ချက်များကို ရရှိစေသည်နှင့် ဒီမိုကရေစီ လူ့အဖွဲ့အစည်းတွင် လိုအပ်သည်တို့ကိုလည်း အကဲဖြတ်ရန် အရေးကြီးသည်။

၃-၂။ Yildirim v. Turkey

လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်တွင် လူတဦးချင်းစီ၏ အင်တာနက်လက်လှမ်းမီ ရရှိခွင့်ကို အဟန့်အတားပြုခြင်းများ ပါဝင်မှု ရှိ၊ မရှိ တိုက်ရိုက် ကိုင်တွယ်ထားသည့် ECtHR ၏ အထင်ကရ အမှုမှာ *Yildirim v. Turkey* ဖြစ်သည်။ ၎င်းသည် အထင်ကရဖြစ်သော်ငြား သီးသန့်အမှုအဖြစ် နားလည်ရမည်။ တွေ့ရှိရသည့် ချို့ယွင်းချက်မှုကို သုံးသပ်ရန်အတွက် လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့် အခြေခံမူများကို အသုံးပြုမှုများသို့မဟုတ် အနက်ပြန်ဆိုချက်အသစ်များကို ၎င်းအမှုတွင် ခုံရုံးအနေဖြင့် မလိုအပ်ခဲ့ပေ။ သို့သော်ငြားလည်း လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်၏ အစိတ်အပိုင်းများနှင့် အားပြိုင်သည့် အကျိုးစီးပွားများကို *Yildirim* တွင် ခုံရုံးက မည်သို့ ချိန်ဆထားသည်ကို နားလည်သဘောပေါက်ခြင်းသည် ဤအခန်းအတွက် အရေးကြီးပါသည်။ ပို၍ ပြီးပြည့်စုံသည့် မူဘောင်တရပ် ဖွံ့ဖြိုးလာရေးအတွက် ၎င်းက စမှတ်အဖြစ် ဖန်တီးပေးခြင်းကြောင့် ဖြစ်သည်။ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့များသည် အင်တာနက်လက်လှမ်းမီ ရရှိခွင့်ပိတ်ပင်သည့် အမှုများကို ကြားနာရမည့် အနာဂတ် ချဉ်းကပ်နည်းများကို ၎င်းမူဘောင်မှ တဆင့် လေ့လာဆန်းစစ်ရန် ဖြစ်သည်။[၈၂] အသေးစိတ်ဆိုရသော် အင်တာနက်လက်လှမ်းမီ ရရှိခွင့်သည် လွတ်လပ်စွာထုတ်ဖော်တင်ပြ ပြောဆိုခွင့် အာမခံချက်များနှင့် အပြန်အလှန် ချိတ်ဆက်နေကြောင်းအား မည်သို့ လေ့လာဆန်းစစ်သည်နှင့် ခုံရုံး သို့မဟုတ် အခြားခုံရုံးများသည် နောင်အမှုများတွင် ဤအကြောင်းရင်းများကို မည်သို့ ချိန်ဆမည်တို့အတွက် ခုံရုံး၏ ပထမဆုံး အနက်ပြန်ဆိုခြင်းကို မြင်သာအောင် ဆောင်ကြဉ်းပေးပါသည်။

---

[၈၁] အခန်း (၁-၃) ကို ကြည့်ပါ။

[၈၂] အနာဂတ်တွင် ဤမှုများကိုကိုယ်တွယ်ရန်အတွက် အခြေခံ ချဉ်းကပ်နည်းကို တရားသူကြီး Albuquerque က သူ၏ သဘောကိုက်ညီသည့် အမြင်သဘောထားစာတမ်းတွင် တိုက်တွန်းထားသည်။ *Yildirim* (n. 6), Concurring Opinion 24.

အင်တာနက်လက်လှမ်းမီ ရရှိခွင့်ကို ကိုင်တွယ်ရန် ချဉ်းကပ်နည်းတခုအတွက် ဆုံးဖြတ်ချက်က စီစဉ်ပေးသည့် နယ်ပယ်များကို ဤအပိုင်းက ဖော်ထုတ်ပါသည်။ ခုံရုံးက မကိုင်တွယ်ရန် ရွေးချယ်သည့် အရေးပါသော အမြင်ရှုထောင့်များကိုလည်း မြင်သာဆောင် ဆောင်ကြဉ်းပေးသည့် နယ်ပယ်များကိုလည်း ဖော်ထုတ်သတ်မှတ်ပါသည်။ *Yildirim* အတွင်း အာမခံထားသည့် အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲခွင့်၏ အစိတ်အပိုင်းများကို ခွဲခြားရန်အလို့ငှာ လေ့လာဆန်းစစ်ချက်နှစ်ခုစလုံးကို လိုအပ်သည်။

၃-၂-၁။ အမှုနှင့် ဆုံးဖြတ်ချက် အကြောင်းအချက်များ

၂၀၁၉ ခုနှစ် ဇွန်လတွင် တူရကီနိုင်ငံရှိ ရာဇဝတ်ခုံရုံးတခုသည် တားမြစ်မိန့်တရပ်ကို ထုတ်ပြန်ခဲ့သည်။ ၎င်းမှာ တူရကီအခြေပြု အင်တာနက်သုံးစွဲသူများအားလုံးအတွက် Google ဝက်ဆိုက်ဒိုမိန်းတခုလုံး သုံးစွဲမှုကို ပိတ်ပင်ခြင်း ဖြစ်သည်။[၈၄] ဤတားမြစ်မိန့်၏ ရည်ရွယ်ချက်မှာ တူရကီသမ္မတနိုင်ငံ တည်ထောင်သူ Mustafa Kemal Ataturk အကြောင်း စော်ကားသည်ဟု ယူဆရသည့် အကြောင်းအရာပါဝင်သည့် တခုတည်းသော ဝက်ဆိုက်ကို ဝင်ရောက်ခွင့်ကို တားမြစ်ရန် ဖြစ်ပါသည်။[၈၄] ၎င်း၏ ပညာရေးအလုပ်နှင့် အခြား စိတ်ပါဝင်စားမှုများအကြောင်း သတင်းအချက်အလက် မျှဝေထားသည့် ကိုယ်ပိုင် ဝက်ဆိုက်တခုကို ဖန်တီး လုပ်ဆောင်နေသည့် ပါရဂူကျောင်းသား တဦးဖြစ်သူ Ahmet Yildirim သည် အားလုံးသိမ်းကျုံးထားသည့် တားမြစ်ချက်ကြောင့် ဤဝက်ဆိုက်ကို ဝင်ရောက်အသုံးပြုခွင့် ဆုံးရှုံးခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ၎င်း၏ ဝက်ဆိုက်ကို အချိန်နှင့် တပြေးညီ မွမ်းမံရန်နှင့် အင်တာနက်တွင် တင်ရန် Google ဝက်ဆိုက်များကို မှီတည်နေရခြင်းကြောင့် ဖြစ်သည်။[၈၅] သူ၏ ဝက်ဆိုက်သို့ ဝင်ရောက်ရန် ကြိုးစားသည့်အခါ အထက်ပါ ခုံရုံးအမိန့်အပေါ် အခြေခံ၍ ဝက်ဆိုက်သို့ ဝင်ရောက်ခွင့် ပိတ်ပင်ထားကြောင်း သတိပေးချက်ကို ကွန်ပျူတာမျက်နှာပြင်တွင် လက်ခံရရှိခဲ့သည်။[၈၆] ဝက်ဆိုက် ဒိုမိန်း၏ အစိတ်အပိုင်းများဖြစ်သည့် ဝက်ဆိုက်အားလုံးတွင် ဤသတိပေးချက်က ထွက်ပေါ်လာခဲ့သည်။[၈၇]

၂၀၁၉ ခုနှစ် ဇူလိုင်လတွင် Ahmit Yildirim သည် တားမြစ်မိန့်ကို အယူခံဝင်ခဲ့သည်။ သူ၏ ဝက်ဆိုက်သည် စော်ကားပြောဆိုထားသည့် ဝက်ဆိုက်နှင့် စပ်လျဉ်း၍ မည်သည့်အရာမျှ မပြုလုပ်ထားကြောင်း ငြင်းဆန်ထားသည်။[၈၈] ထို့အပြင် Google ဝက်ဆိုက်ဒိုမိန်းကို ပိတ်ပင်ခြင်းသည် ပြင်းထန်လွန်းပြီး တရားဥပဒေနှင့် မညီသည့်အပြင် တူရကီ အခြေခံ ဥပဒေနှင့် ECHR နှစ်ခုစလုံးကို ချိုးဖောက်ခြင်းဖြစ်ကြောင်းကိုလည်း ခုခံပြောဆိုသည်။[၈၉] အယူခံတွင် ဝက်ဆိုက် တခုတည်းကိုသာ သုံးစွဲခွင့် ပိတ်ပင်ခြင်းသည် နည်းပညာပိုင်းအရ မဖြစ်နိုင်ကြောင်းအပေါ်

---

[၈၄] *Yildirim* (n. 6), para. 8.

[၈၄] ibid., para. 43.

[၈၅] ibid., para. 12.

[၈၆] ibid.

[၈၇] ibid.

[၈၈] ibid., para. 13–14.

[၈၉] ibid., para. 13–14.

အခြေခံ၍ ပိတ်ပင်သည့် အမိန့်ကို Denizli ခုံရုံးက ကိုင်စွဲထားခဲ့သည်။[၉၀] သို့ဖြစ်သောကြောင့် စော်ကားပြောဆိုသည့် ဝက်ဆိုက်တခုကို ပိတ်ပင်ရန် အလို့ငှာ ဝက်ဆိုက်ဒိုမိန်းတခုလုံး ပိတ်ပင်ခြင်းကို ခုံရုံးက မှန်ကန်မျှတကြောင်း ပြသပါသည်။ တူရကီ အစိုးရသည် ECtHR သို့ ခုခံချေပချက် မပို့သော်ငြား Google ဝက်ဆိုက်ဒိုမိန်းကို ပိုင်ဆိုင်ကာ လည်ပတ်လုပ်ဆောင်နေသည့် Google Inc. ကုမ္ပဏီကို ဆက်သွယ်ရန် တူရကီအာဏာပိုင်များက မည်သည့် အားထုတ်မှုကိုမျှ ပြုလုပ်ခဲ့ကြောင်း အရိပ်အမြွက် မတွေ့ရှိခဲ့ပေ။[၉၁] စော်ကားပြောဆိုသည့်ဝက်ဆိုက်ကို ဖယ်ရှားရန် သို့မဟုတ် ပိတ်ပင်ရန် Google Inc. ကို ဆက်သွယ်ခြင်းသည် တားမြစ်မိန့်တခုလုံး၏ လွှမ်းခြုံနယ်ပယ်နှင့် သက်ရောက်မှုနည်းပါးစေရန် တူရကီအစိုးရ၏ အားထုတ်မှုကို ပြသပေနိုင်သည်။

၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလတွင် လျှောက်လဲသူသည် ECtHR သို့ တိုင်ကြားချက် တစောင် ပေးပို့ခဲ့သည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် တားမြစ်သည့်လုပ်ဆောင်ချက်သည် အပိုဒ် (၁၀) အောက်ရှိ လျှောက်လဲသူ၏ လွတ်လပ်စွာထုတ်ဖော်တင်ပြ ပြောဆိုခွင့်များကို ချိုးဖောက်ကြောင်း ECtHR က သုံးသပ်ခဲ့သည်။[၉၂] တူရကီ တရားရုံး၏ ဥပဒေကျင့်သုံးခြင်း၏ ရလဒ်ဖြစ်သည့် တားမြစ်ချက်သည် 'သဘောတူစာချုပ် အောက်ရှိ ကြိုတင် သိမြင်ရန် လိုအပ်ချက်ကို မဖြည့်ဆည်းသည့်အပြင် ဒီမိုကရေစီ လူ့အဖွဲ့အစည်းတွင် ဥပဒေစိုးမိုးမှုအရ ကာကွယ် စောင့်ရှောက်ခံခွင့် အတိုင်းအတာကို လျှောက်လဲသူအတွက် ရရှိရန် အားထုတ်မှု မရှိခဲ့ကြောင်း' ခုံရုံးက တွေ့ရှိခဲ့ရသည်။[၉၃] မေးခွန်းထုတ်ဖွယ် ပြဋ္ဌာန်းချက်သည် အပိုဒ် (၁၀) ၏ စာသားအသုံးအနှုန်း ဖြစ်သည့် 'နယ်စည်းမခြား' နှင့် တိုက်ရိုက် ဝိရောဓိဖြစ်ခဲ့သည်။[၉၄] အပိုဒ်၏ စာသားအသုံးအနှုန်းသည် အပိုဒ် (၁၀) တွင် အသေးစိတ် ဖော်ပြထားသည့် အခွင့်အရေးများကို ခုံရုံးက သေချာစေသည့် နည်းလမ်းများ ဖြစ်သည်။[၉၅] အရေးယူဆောင်ရွက်ချက်သည် အာဏာရှင်ဆန်ဆန် သက်ရောက်မှုများ (ဆိုလိုသည်မှာ Google စာမျက်နှာများမှ စီစဉ်ထားပေးသည့် ဝက်ဆိုက်အားလုံးကို ပိတ်ပင်ခဲ့သည်) ကို ဖြစ်ပေါ်စေခြင်းကြောင့် ဝက်ဆိုက်တခုတည်းကိုသာ ပိတ်ပင်ရန် ရည်ရွယ်ကြောင်းကို ယုံကြည်လက်ခံလာအောင် အစိုးရက မခုခံနိုင်ပေ။[၉၆] ထို့အပြင် အင်တာနက် စာမျက်နှာများကို ပိတ်ပင်ခြင်းနှင့် သက်ဆိုင်သည့် ဥပဒေအရ စိစစ်သည့် လုပ်ထုံးလုပ်နည်းများသည် မလုံလောက်ကြောင်း ခုံရုံးက သုံးသပ်ခဲ့သည်။ ဝက်ဆိုက်တခုအတွက် တားမြစ်မိန့်များသည် အင်တာနက် လက်လှမ်းမီ ရရှိခွင့်ကို မပိတ်ပင်အောင် သေချာစေရေး ချမှတ်ထားသည့် အကာအကွယ်များမရှိသည့် အတွက်ကြောင့် ဖြစ်သည်။[၉၇] *Yildirim* တွင် ခုံရုံး၏ လေ့လာဆန်းစစ်ချက်သည် ဆက်စပ် စိစစ်ဖြတ်တောက်မှုကိုသာ ဦးတည်ထားသည်။ လျှောက်လဲသူ၏

---

[၉၀] ibid.

[၉၁] ibid., para. 41, para. 62.

[၉၂] ibid., para. 69.

[၉၃] ibid., para. 67.

[၉၄] ibid.

[၉၅] ibid.

[၉၆] ibid.

[၉၇] ibid., para. 68.

လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့်ကို တားမြစ်မှု ရှိ မရှိ နှင့် တားမြစ်မှုသည် 'ဥပဒေဖြင့် ပြဋ္ဌာန်းခြင်း' ဟုတ် မဟုတ်ကိုသာ သက်သေပြသည့်အခါတွင် ဖြစ်သည်။

တရားသူကြီး Albuquerque ၏ တူညီသည့် သဘောထားနှင့် ဆုံးဖြတ်ချက်တို့တွင် UNHRC အထွေထွေ မှတ်ချက် ၃၄ ၏ ဆွေးနွေးချက်ဖြစ်သည့် ICCPR ၏ အပိုဒ် ၁၉ နှင့် မကိုက်ညီမှုကိုသာမက ဝက်ဆိုက်များ အသုံးပြုခွင့်ကို တားမြစ်ချက် သို့မဟုတ် ပိတ်ပင်ခြင်းတို့ကိုပါ ခုံရုံးက အသားပေးဖော်ပြသည်။ 'လူအားလုံးအတွက် သို့မဟုတ် ပြည်သူများ၏ အစိတ်အပိုင်းအချို့အတွက် အင်တာနက် သို့မဟုတ် အင်တာနက်၏ အစိတ်အပိုင်းများကို လက်လှမ်းမီ သုံးစွဲခွင့် ပိတ်ပင်ခြင်းသည် တရားမျှတမှု၊ အစိုးရအမိန့် သို့မဟုတ် အမျိုးသားလုံခြုံရေး အပါအဝင် မည်သည့်အကြောင်းပြချက်နှင့်မဆို ဘယ်သောအခါမျှ အကြောင်းမခိုင်လုံနိုင်ပေ' ဟု Albuquerque က ရှင်းပြပါသည်။[၉၅]

သို့ဖြစ်သည့်အတွက်ကြောင့် ဆက်စပ်စိစစ်ဖြတ်တောက်မှု (Collateral censorship) အပေါ် ခုံရုံး၏ လေ့လာဆန်းစစ်ချက်နှင့် အလေးထားမှုကို ဤခန်းက ခရေစေ့တွင်းကျ လေ့လာသွားမည် ဖြစ်သည်။ ဤလေ့လာချက်၏ ရည်ရွယ်ချက်မှာ လူ့အခွင့်အရေးဆိုင်ရာ ဥရောပခုံရုံးသာမက အခြားသော လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့များက အနာဂတ်ကာလတွင် ဤဆုံးဖြတ်ချက်ကို ကျိုးကြောင်းလျော်ညီစွာ အသုံးပြုရမည့် နည်းလမ်းများကို ထုတ်နှုတ်ရန် ဖြစ်သည်။ ထို့အပြင် အခြားသော စောင့်ကြည့်ရေးအဖွဲ့များက အကာအကွယ် ပေးသည့်နယ်ပယ်တွင် ပို၍ ကျယ်ကျယ်ပြန့်ပြန့်ထည့်သွင်းနိုင်မည့် နည်းလမ်းများကိုလည်း ဖော်ထုတ်သတ်မှတ်ရန် ဖြစ်ပါသည်။

၃-၂-၂။ ဆက်စပ်စိစစ်ဖြတ်တောက်မှု - အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့် တားမြစ်ချက်ကို အကဲဖြတ်ခြင်းအတွက် စံနှုန်းများ ဆင့်ကဲတိုးတက်ခြင်း

အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့် ပိတ်ပင်မှုကို ဖြစ်ပေါ်စေသည့် ဆက်စပ်စိစစ်ဖြတ်တောက်မှုသည် ဤအခန်း၏ အဓိကမေးခွန်းဖြစ်ပြီး ၎င်းအတွက် *Yildirim v. Turkey* သည် အဘယ့်ကြောင့် အရေးပါသလဲ ဆိုသည်ပင် ဖြစ်သည်။ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကို ပိတ်ပင်ခြင်းသည် လူတဦးချင်းစီ၏ လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့်ကို ချိုးဖောက်ခြင်း ဖြစ်ပါသလား။ ဆက်စပ်စိစစ်ဖြတ်တောက်မှု အသုံးအနှုန်းကို ခုံရုံးမှ အသုံးပြုခြင်းဖြင့် လက်လှမ်းမီ သုံးစွဲခွင့်ပိတ်ပင်ခြင်း၏ အခြားမည်သည့်ပုံစံများက ဆက်စပ်စိစစ်ဖြတ်တောက်မှု အပေါ် သက်ရောက်မှုရှိကြောင်း ယူဆနိုင်သနည်းဟူသော မေးခွန်းကို ဦးတည်စေပါသည်။ သို့ဖြစ်သည့်အတွက်ကြောင့် တွေ့ရှိရသည့် အပိုဒ် (၁၀) အပေါ် တားမြစ်ချက်နှင့် ဤတားမြစ်ချက်သည် လက်သင့်ခံဖွယ် ဖြစ် မဖြစ်ကို ခုံရုံးက မည်သို့ သက်သေပြကြောင်းကို ဤအပိုင်းက စိတ်ဖြာလေ့လာပါသည်။ အပိုဒ် (၁၀) ကို ချိတ်ဆက်ထားခြင်း ရှိ မရှိနှင့် တားမြစ်ချက်သည် လက်သင့်ခံဖွယ် ဟုတ် မဟုတ် လေ့လာရန် အသုံးပြုသည့် အခြေခံမူများ ပေါင်းစပ်ထားခြင်းက အနက်ပြန်ဆိုချက်အသစ် လိုအပ်သည်ကို ပြသနေသည်။ ကြိုတင်တားမြစ်ချက်နှင့် ဆက်စပ်စိစစ်

[၉၅] ibid., Concurring opinion, Judge Albuquerque, footnote 19.

ဖြတ်တောက်ခြင်းတို့သည် အင်တာနက်အကြောင်းအရာတွင် မည်သို့ ဆိုလိုသည်နှင့် အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့် ပိတ်ပင်ခြင်းကို နောင်အမှုများတွင် မည်သို့ အနက်ဖွင့်ဆိုမည့် လွှမ်းခြုံနယ်ပယ်ကို ချဲ့ထွင်နိုင်မည်တို့ အတွက် ဖြစ်ပါသည်။

၃-၂-၂-၁။ တားမြစ်ချက်ကို သက်သေပြရန် အသုံးပြုသည့် လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့်ရှိ အဓိကအချက်များ

Yildirim အမှုတွင် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်နှင့် အင်တာနက်၏ အချက် ၆ ချက်သည် ခုံရုံး၏ လေ့လာဆန်းစစ်ချက်တွင် အဓိက ဖြစ်သည်။ အပိုဒ် (၁) အောက်ရှိ လျှောက်လဲသူ၏ အခွင့်အရေးကို တားမြစ်မှု ရှိ မရှိ ဆန်းစစ်ခြင်း ဖြစ်သည်။ (၁) [လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်] သည် ဖော်ပြထားသည့် အတိုင်း ပုံနှိပ်ထုတ်ဝေခြင်းအပေါ် ကြိုတင်တားမြစ်ချက်များကို မပိတ်ပင်ပါ[၉၉]၊ (၂) စာနယ်ဇင်း၏ အခန်းကဏ္ဍနှင့် သက်ဆိုင်ပါက တင်းကျပ်သည့် စိစစ်မှုကို အထူးသီးသန့်အနေဖြင့် [ခုံရုံးက အသုံးပြုလိမ့်မည်][၁၀၀]၊ (၃) ပြည်သူများ၏ သတင်းများ လက်လှမ်းမီ ရရှိခွင့်ကို မြှင့်တင်ခြင်းနှင့် အများအားဖြင့် သတင်းအချက်အလက်များ ဖြန့်ဖြူးခြင်းကို အဆင်ပြေချောမွေ့အောင် ပြုလုပ်ရာတွင် အင်တာနက်၏ အရေးပါမှု[၁၀၁]၊ (၄) လူတိုင်းအတွက် အသုံးချသည့် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်[၁၀၂]၊ (၅) [လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်] ကို အကြောင်းအရာ အတွက်သာမက ဖြန့်ဖြူးရေးနည်းလမ်းများအတွက်ပါ အသုံးပြုခြင်း[၁၀၃]၊ [လွတ်လပ်စွာ ထုတ်ဖော် တင်ပြပြောဆိုခွင့်တွင်] သတင်းအချက်အလက် ပေးပို့ခွင့်သာမက ၎င်းတို့ကို ပြည်သူများက လက်ခံရရှိခွင့်တို့လည်း ပါဝင်သည်[၁၀၄]။ ဤအခြေခံမူများအား ခုံရုံး၏ အသုံးပြုပုံကို ဤအပိုင်းက လေ့လာဆန်းစစ်သည်။ ထို့အပြင် အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်အား လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် အာမခံချက်များအောက်တွင် မည်သို့ ကာကွယ် ပေးထားသည်ကို ခုံရုံးက မည်သို့ ရှင်းလင်းအောင်ပြုလုပ်သည် သို့မဟုတ် မဖြေဆိုထားသည်ကိုလည်း လေ့လာ ပါသည်။

၃-၂-၂-၁-၁။ ကြိုတင်တားမြစ်ချက်နှင့် စာနယ်ဇင်း၏ အခန်းကဏ္ဍ

သူ၏ ဝက်ဆိုက်နှင့် လုံးဝ မသက်ဆိုင်သည့် ပိတ်ပင်သည့် အရေးယူချက်ကြောင့် သူ၏ ဝက်ဆိုက်ကို မသုံးစွဲနိုင်ခြင်းသည် ကြိုတင်တားမြစ်ချက်သဘော သက်ရောက်သည်ဟု လျှောက်လဲသူက အခိုင်အမာ ဆိုသည်။ ခုံရုံး၏ လေ့လာဆန်းစစ်ချက်တွင် အပိုဒ် (၁၀) ၏ စာသားအသုံးအနှုန်းသည် ကြိုတင်တားမြစ်ချက်ကို မတားမြစ်

---

[၉၉] ibid., para. 46, 47; 'စကားလုံးစိစစ်ဖြတ်တောက်ခြင်း၏ ဥပဒေအမြင်အရ အနက်အဓိပ္ပာယ်မှာ ဥပဒေမဲ့ကိစ္စရပ်များကို ပေးပို့ခြင်းအတွက် နောက်ဆက်တွဲ အပြစ်ပေးခြင်းထက် ပေးပို့သည့် လုပ်ငန်းစဉ်တွင် ကြိုတင်တားမြစ်ချက်များဟု အများအားဖြင့် ဆိုလိုသည်' Thorgeirsdóttir (n. 21) 292 ကို ကြည့်ပါ။

[၁၀၀] *Yildirim* (n. 6), para. 47 and 50.

[၁၀၁] ibid., para. 48.

[၁၀၂] ibid., para. 50.

[၁၀၃] ibid.

[၁၀၄] ibid., paras 50, 66.

ထားသည်ကို သတိပြုမိသည်။ သို့သော် ခုံရုံးသည် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်၏ အချက်ကို ၎င်း၏ စီရင်ထုံးဥပဒေမှတဆင့် အထူးပြုထားသည်။[၁၀၅] အထူးဂရုတစိုက် ဆောင်ရွက်ရမည့် စိစစ်ခြင်း လိုအပ်သည့် ကြိုတင်တားမြစ်ချက်၏ ရှိရင်းစွဲအန္တရာယ်များကို တရားရုံးက သတိပေးတားမြစ်ရန် စတင်သည်။[၁၀၆] *Sunday Times v. United Kingdom* နှင့် *Markt Intern* အမှုများကို အသုံးပြု၍ ခုံရုံးက အန္တရာယ်များ အထူးသဖြင့် စာနယ်ဇင်းနှင့် စပ်လျဉ်းသည့် အန္တရာယ်များကို အသားပေးဖော်ပြသည်။ အဘယ့်ကြောင့်ဆိုသော် 'သတင်းသည် ပုပ်သိုးလွယ် ပစ္စည်းဖြစ်ပြီး ၎င်းကို ပုံနှိပ်ထုတ်ဝေရာတွင် တခဏမျှပင် နှောင့်နှေးပါက ၎င်း၏ တန်ဖိုးနှင့် အကျိုးစီးပွားအားလုံးသည် များစွာ ကျဆင်းနိုင်ပေသည်။ ရေပန်းစားသည့် အကြောင်းအရာနှင့် ဆက်စပ်သည့် အပတ်စဉ်/ လစဉ်ထုတ်များထက် ပုံနှိပ်ထုတ်ဝေမှုများအတွက် အန္တရာယ်လည်း ရှိပါသည်'[၁၀၇]။ ရေပန်းစားသည့် အကြောင်းအရာ၏ လွှမ်းခြုံနယ်ပယ်အတွင်း မည်သည့် အကြောင်းအရာ ပါဝင်ရမည်ကို ခုံရုံးက အသေးစိတ် မဖော်ပြသော်ငြား နိုင်ငံရေး သို့မဟုတ် ယေဘုယျ ဝါသနာပါရာ အကြောင်းများထက် သာလွန်ကြောင်း ထင်မြင်ရသည်။ ပညာရေး အထောက်အကူပြုစာပေလည်း ပါဝင်သည်။ အဘယ့်ကြောင့်ဆိုသော် လျှောက်လဲသူ၏ ဝက်ဆိုက်ကို ၎င်း၏ ပညာရေးအလုပ်၏ အစိတ်အပိုင်းအဖြစ် အသုံးပြုခဲ့ခြင်းကြောင့် ဖြစ်သည်။[၁၀၈]

အပတ်စဉ်/လစဉ်ထုတ်များမှတဆင့်သာမက ရေပန်းစားအကြောင်းအရာနှင့် သက်ဆိုင်သည့် အခြား ထုတ်ဝေမှုများမှလည်းတဆင့် ပေးပို့သည့် သတင်းများကိုလည်း စိစစ်ချက်များ မြင့်မြင့်မားမား ပေးသင့်ကြောင်းကို လည်း ခုံရုံးက အလေးထား ပြောကြားသည်။[၁၀၉] စာနယ်ဇင်းကိုသာမက စာနယ်ဇင်း၏ လုပ်ဆောင်ချက်ကိုပါ ခုံရုံးက ရည်ရွယ်ချက်ရှိရှို အလေးထားကြောင်း ဤနေရာတွင် မြင်သာပါသည်။[၁၁၀] စီးပွားရေးဆိုင်ရာ ထုတ်ဖော်ပြောဆိုချက် ထက် နိုင်ငံရေး ထုတ်ဖော်ပြောဆိုချက်ကို များစွာ စိစစ်ထားသည့် ယခင် စီရင်ထုံး ဥပဒေကို ရှောင်ရှားပါသည်။[၁၁၁] စာနယ်ဇင်း၏ အခန်းကဏ္ဍနှင့် ဆက်စပ်နေသည့် အရင်းခံ အခြေခံမူများကို သီးသန့်အမှုပါ အချက်များနှင့် ခုံရုံးက ချိတ်ဆက်ပါသည်။ ၎င်းအမှုသည် လျှောက်လဲသူ၏ ဖန်းတီးတီထွင်မှုနှင့် ၎င်းကိုယ်ပိုင်ဝက်ဆိုက်ကို အသုံးပြုမှုနှင့် ဆက်စပ်ပါသည်။ သတင်းအချက်အလက်လက်လှမ်းမီ ရရှိသုံးစွဲခွင့်နှင့် စပ်လျဉ်းသည့် လက်တလော စီရင်ထုံး ဥပဒေအတွက် အသုံးပြုထားသည့် စောင့်ကြည့်ရေးအဖွဲ့ဆိုင်ရာ အခြေခံမူကို ကျယ်ကျယ်ပြန့်ပြန့် အနက်ပြန်ဆို ချက်များနှင့် ကိုက်ညီပါသည်။ ၎င်း စီရင်ထုံးဥပဒေကို ဤအခန်းနောက်ပိုင်းတွင် လေ့လာသွားပါမည်။[၁၁၂]

---

[၁၀၅] ibid., para. 47.

[၁၀၆] ibid.

[၁၀၇] ibid.

[၁၀၈] ibid., paras 7, 12, 48, 51, 54, 55, 61.

[၁၀၉] ibid., para. 47.

[၁၁၀] ibid.

[၁၁၁] ibid., para. 48.

[၁၁၂] အပိုင်း ၃-၂-၃ နှင့် ၃-၃ ကို ကြည့်ပါ။

၃-၂-၂-၁-၂။ အင်တာနက်၏ အရေးပါပုံ

လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို လက်တလောကာလ ကျင့်သုံးရန်အတွက် ခုံရုံးသည် ဤအခြေခံမူများကို အင်တာနက်ဝက်ဆိုက်များ၏ ထူးခြားအရေးပါမှုနှင့် ချိတ်ဆက်ထားသည်။[၁၁၃] *Times Newspaper Ltd v. United Kingdom (အမှတ် ၁ နှင့် ၂)* ကို ခုံရုံးက ထပ်လောင်း ပြောဆိုသည်။ ၎င်းက ဖော်ပြသည်မှာ -

> သတင်းအချက်အလက်ပမာဏ အများအပြားကို သိုလှောင်ပြီး ဆက်သွယ်တင်ပြနိုင်သည့် ၎င်း၏ နားလည်ရလွယ်ကူခြင်းနှင့် စွမ်းဆောင်ရည်အရ သတင်းများကို ပြည်သူများက လက်လှမ်းမီ ရရှိခွင့်ကို မြှင့်တင်ပေးရန်နှင့် သတင်းအချက်အလက်များကို ဖြန့်ဖြူးရာတွင် လွယ်ကူချောမွေ့စေရန် အင်တာနက်သည် အရေးပါသည့် အခန်းကဏ္ဍအဖြစ် အများအားဖြင့် ထမ်းဆောင်ပေးပါသည်။[၁၁၄]

အမှု၏ လက်ရှိအခြေအနေများအတွက် ဤအခြေခံမူကို ခုံရုံးက အသုံးပြုသည်။ အုပ်စုတခုအတွင်း ဝက်ဆိုက်များကို ဖန်တီးခြင်းနှင့် မျှဝေခြင်းကို လွယ်ကူချောမွေ့စေရန် ဒီဇိုင်းထုတ်ထားသည့် ဝန်ဆောင်မှု ဖြစ်ခြင်းကြောင့် Google ဝက်ဆိုက်များတွင် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို ကျင့်သုံးသည့် နည်းလမ်းတခု ပါရှိခြင်းကြောင့် ဖြစ်သည်။[၁၁၅]

သတင်းအချက်အလက်လက်လှမ်းမီ သုံးစွဲခွင့်နှင့် ဖြန့်ဖြူးခြင်းအတွက် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကိုသာမက လူတဦး၏ လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့်ကို ကျင့်သုံးသည့် နည်းတခု၏ အရေးပါမှုနှင့် အသုံးပြုမှုတို့ကို တရားရုံးက အသိအမှတ်ပြုသည်မှာ ထင်ရှားသည်။ သို့သော်ငြား အင်တာနက် မတိုင်မီကတည်းက ရှိနှင့်ပြီးသော အခြားဆက်သွယ်ရေးနည်းလမ်းနှင့် မတူကွဲပြားသည့် ဝိသေသလက္ခဏာရပ်များကိုမူ ရှင်းရှင်းလင်းလင်း မဖော်ထုတ်ထားပါ။ ထို့ကြောင့် *Yildirim* တွင် ဆက်သွယ်ရေးနည်းလမ်းတခုဖြစ်သည့် အင်တာနက်၏ သက်ရောက်မှုအပေါ် ခုံရုံး၏ ရေးသားပုံသည် *Jersild v. Denmark* တွင်ထက် ပို၍ သမာရိုးကျ ဆန်လွန်းပါသည်။ *Jersild v. Denmark* အမှုတွင် ပုံနှိပ်မီဒီယာနှင့် ရုပ်သံမီဒီယာတို့အကြား ကွာခြားချက်ကို လေ့လာဆန်းစစ်ချက်တွင် ခုံရုံးက နှိုင်းချင့်ပါသည်။[၁၁၆]

၃-၂-၂-၁-၃။ လူတိုင်းအသုံးပြုခြင်း၊ ဖြန့်ချိရေးနည်းလမ်းများ အကာအကွယ်ပေးခြင်းနှင့် ပေးပို့ခွင့်နှင့် လက်ခံရရှိခွင့်[၁၁၇]

'ယနေ့ခေတ် အခြေအနေများ' အရ ဝက်ဆိုက်များသည် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို ကျင့်သုံးသည့် နည်းလမ်းတစ်ခုအဖြစ် ယူဆကြောင်း ပြောဆိုပြီးနောက် အပိုဒ် (၁၀) အာမခံချက်များကို

---

[၁၁၃] *Yildirim* (n. 6), para. 48.

[၁၁၄] ibid.

[၁၁၅] ibid., para. 49.

[၁၁၆] *Jersild* (n. 22), para. 31.

[၁၁၇] *Yildirim* (n. 6), paras 50, 66.

လူတိုင်းအတွက် လွှမ်းခြုံကြောင်း *Autronic* ကို ကိုးကားလျက် ခုံရုံးက ထပ်လောင်းပြောကြားသည်။[၁၁၈] အပိုဒ် (၁၀) သည် 'သတင်းအချက်အလက်၏ အကြောင်းအရာကိုသာမက သတင်းအချက်အလက် ဖြန့်ဖြူးရေးနည်းလမ်းများ အတွက်ပါ အာမခံချက်ပေးကြောင်း၊ ဖြန့်ဖြူးရေးနည်းလမ်းအပေါ် ချမှတ်သည့် မည်သည့် တားမြစ်ချက်မဆို သတင်းအချက်အလက် လက်ခံရရှိခွင့်နှင့် ပေးပို့ခွင့်ကို သေချာပေါက် တားမြစ်ခြင်းကြောင့် ဖြစ်ကြောင်း' ကို ခုံရုံးက ထပ်မံ ပြောကြားသည်။[၁၁၉] ဤအခြေအနေတွင် 'လူတိုင်း' ဆိုသည်မှာ လျှောက်လဲသူဟု အဓိပ္ပာယ် သက်ရောက်သည်။ ၎င်းသည် ကျောင်းသားတဦးဖြစ်သည့်အပြင် သတင်းသမားလုပ်ငန်းဆောင်တာကို ဆောင်ရွက်နေသည့် သတင်းသမား မဟုတ်သူလည်း ဖြစ်သည်။ သို့ရာတွင် အကျိုးစီးပွားအတွက် လုပ်ကိုင်သည့် ကုမ္ပဏီများကိုလည်း ခုံရုံးက ရှင်းရှင်းလင်းလင်း ထည့်သွင်းထားကြောင်း သတိချပ်ရမည်။ အဘယ့်ကြောင့်ဆိုသော် အပိုဒ် (၁၀) တွင် သာမန်လူ သို့မဟုတ် ဥပဒေသမား မည်သူကိုမဆို ပါဝင်ခြင်းကြောင့် ဖြစ်သည်။[၁၂၀] နိုင်ငံမဟုတ်ဘဲ လူတဦးချင်းစီအကြား အင်တာနက်လက်လှမ်းမီ ရရှိခွင့် ပိတ်ပင်နိုင်သည့် အလားအလာလည်း သိသိသာသာ ရှိသည်။ ဤအချက်ကို လူအသိအများဆုံး အသုံးချမှုမှာ 'လူတိုင်းအတွက် အဆီးအတားမရှိ ညီမျှသည့် အင်တာနက် (Net Neutrality)' အယူအဆ ဖြစ်ပါသည်။[၁၂၁] အကယ်၍ ကုမ္ပဏီများသည် အင်တာနက်အပေါ်တွင် ရရှိနိုင်သည့် အကြောင်းအရာနှင့် သတင်းအချက်အလက်များကို လက်လှမ်းမီ ရရှိခွင့်ကို တားမြစ်ကြောင်း တွေ့ရှိရပါက ခုံရုံး၏ လေ့လာဆန်းစစ်ချက်သည် နိုင်ငံ၏ လုပ်ဆောင်ရမည့် တာဝန်ရှိမှုများအပေါ် အလေးထားလိမ့်မည် ဖြစ်သည်။ လူများမှ အပိုဒ် (၁၀) ပါ အာမခံချက်များကို ကျင့်သုံးရာတွင် အခြားသူများ၏ တားမြစ်မှုမှ အကာအကွယ်ပေးရန် ဖြစ်သည်။[၁၂၂] အင်တာနက် လက်လှမ်းမီ သုံးစွဲမှုကို ပိတ်ပင်ခြင်းနှင့် နိုင်ငံမဟုတ်သူများ၏ တားမြစ်မှုကို နောက်လာမည့်အခန်းဖြစ်သည့် လုပ်ဆောင်ရမည့် တာဝန်ရှိမှုများအကြောင်းတွင် လေ့လာထားပါသည်။[၁၂၃]

အကြောင်းအရာပိုင်းသာမက ဖြန့်ဖြူးရေးနည်းလမ်းများကိုလည်း ခုံရုံးက အလေးထား လေ့လာသည်။ အကြောင်းမှာ နည်းလမ်းများအပေါ် ချမှတ်ထားသည့် မည်သည့် ကန့်သတ်တားမြစ်ချက်မဆို သတင်းအချက်အလက်များ လက်ခံရရှိခွင့်နှင့် ပေးပို့ခွင့်တို့ကို သေချာပေါက် အဟန့်အတားဖြစ်စေခြင်းကြောင့် ဖြစ်သည်။[၁၂၄] အယူအဆများနှင့် သတင်းအချက်အလက်များကို ပြည်သူများမှ ပေးပို့ခွင့်နှင့် လက်ခံရရှိခွင့်တို့အကြား မရှိမဖြစ် လိုအပ်သည့် ပြောင်းလဲစေနိုင်သော အင်အားကို ပြန်လည်ဖော်ထုတ်ရာတွင် လွတ်လပ်စွာ ထုတ်ဖော်တင်ပြ

---

[၁၁၈] ibid.

[၁၁၉] ibid., para. 50; also see *Autronic AG* (n. 9), para. 47.

[၁၂၀] *Autronic AG* (n. 9), para. 47.

[၁၂၁] ယေဘုယျအားဖြင့် Nicolas Economides, '"Net Neutrality," Non-Discrimination and Digital Distribution of Content through the Internet' (2008) 4 I/S: *A Journal of Law and Policy for the Information Society* 209, 212 ကို ကြည့်ပါ။

[၁၂၂] Molly K. Land, 'Toward an International Law of the Internet' (2013) 54 *Harvard International Law Journal* 399.

[၁၂၃] အခန်း (၄-၂) ကို ကြည့်ပါ။

[၁၂၄] *Yildirim* (n. 6), para. 50.

ပြောဆိုခွင့်၏ အစိတ်အပိုင်းကို ခုံရုံးက အသုံးပြုပါသည်။[၁၂၅] ဤနေရာတွင် ဤပြောင်းလဲစေနိုင်သော အင်အားကို ခုံရုံးက အကြွင်းမဲ့ လက်ခံထားသည်။ လျှောက်လဲသူ၏ လက်ခံရရှိခွင့်နှင့် ပေးပို့ခွင့်သည် လူတဦးချင်းစီ၏ ပေးပို့ခွင့်နှင့် ပြည်သူများ၏ လက်ခံရရှိခွင့်ထက်ပို၍ တားမြစ်ခံရကြောင်း ဖော်ပြခြင်းဖြင့် အသိအမှတ်ပြုသည်။ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်အပေါ် ခုံရုံး၏ ဥပဒေစနစ်တွင် အစဉ်အလာအားဖြင့် မှန်ကန်သည့်အတွက် ဖြစ်သည်။ လျှောက်လဲသူ၏ ဝက်ဆိုက်ပါ အကြောင်းအရာနှင့် စပ်လျဉ်း၍ အကန့်အသတ် ရှိသည့် လေ့လာဆန်းစစ်ချက်တွင် လူမှုမီဒီယာ၏ အကြောင်းအရာ၊ ပြည်သူများ၏ ဘလော့ရေးသားခြင်းကိုသာမက အွန်လိုင်းပေါ်တွင် ထုတ်ဖော်တင်ပြချက်ကို 'လုပ်ဆောင်သူများ' နှင့် 'လက်ခံသူများ' အကြား အွန်လိုင်းအချက်အလက် သိမ်းဆည်းခြင်းလုပ်ငန်းကွဲပြားချက်များကိုလည်း မည်သို့ လေ့လာဆန်းစစ်မည်ကိုမူ ခုံရုံးက အနက် မဖွင့်ဆိုဘဲ ချန်လှပ်ထားသည်။

ဤအခြေခံမူ ၆ ရပ်ကို ခုံရုံးမှ မိတ်ဆက်ပြီးသည့်နောက် တားမြစ်သည့် အရေးယူဆောင်ရွက်ချက်၏ အကျိုးဆက်သည် အဓိက အကြောင်းရင်းဖြစ်ကြောင်း သုံးသပ်သည်။ အရေးယူဆောင်ရွက်ချက်သည် တိုက်ရိုက်ဖြစ်စေ သို့မဟုတ် သွယ်ဝိုက်ဖြစ်စေ တားမြစ်ချက်တရပ် ဖြစ်ကြောင်း ယူဆမည် မယူဆမည်ကို သတ်မှတ်သည့် အကြောင်းရင်း ဖြစ်သည်။[၁၂၆] တားမြစ်သည့် အရေးယူဆောင်ရွက်ချက်သည် လျှောက်လဲသူ၏ သတင်းအချက်အလက်နှင့် အယူအဆများ လက်ခံရရှိခွင့်နှင့် ပေးပို့ခွင့်တို့ကို သက်ရောက်ခဲ့ကြောင်း ခုံရုံးက တွေ့ရှိပါသည်။[၁၂၇] သို့ဖြစ်သည့်အတွက် တားမြစ်သည့် အရေးယူဆောင်ရွက်ချက်ကြောင့် ဖြစ်ပေါ်သည့် ဆက်စပ်စိစစ်ဖြတ်တောက်ခြင်းသည် အမှု၏ အခရာဖြစ်ကြောင်း ခုံရုံးက သတ်မှတ်သည်။[၁၂၈] 'Google ဝက်ဆိုက်များက လက်ခံဆောင်ရွက်နေသည့် ဝက်ဆိုက်၏ တရားမဝင် အကြောင်းအရာကို ဖယ်ရှားပြီး သို့မဟုတ် ကောင်းကျိုးများအပေါ် မူတည်၍ ဆုံးဖြတ်ချက်ကို ချမှတ်သည့် အချိန်အထိ အရေးယူဆောင်ရွက်ချက်ကို မဖယ်ရှားဘဲ ရှိနေမြဲဖြစ်သည်။ ထို့ကြောင့် ကောင်းကျိုးများအတွက် စည်းမျဉ်းများမချမှတ်မီ တားမြစ်ချက်ကို ချမှတ်ခဲ့ခြင်းကြောင့် ကြိုတင်တားမြစ်ချက်အဖြစ် ယူဆပါသည်' ဟု ခုံရုံးက ဖော်ပြသည်။[၁၂၉] တားမြစ်ပိတ်ပင်သည့် အရေးယူဆောင်ရွက်ချက်ရှိသည့် မည်သည့် ဥပဒေအခြေခံတွင်မဆို အင်တာနက်လက်လှမ်းမီ ရရှိမှုအပေါ် သက်ရောက်မှု ရှိနိုင်သည့်အတွက် အပိုဒ် (၁၀) အောက်ရှိ နိုင်ငံ၏ တာဝန်ဝတ္တရားကို စီစဉ်ဆောင်ရွက်ရမည် ဖြစ်ကြောင်း ခုံရုံးက ဆက်လက် ပြောဆိုသည်။[၁၃၀] အပြည့်အဝအရေးယူဆောင်ရွက်ချက် မဟုတ်သည့်တိုင်အောင် တားမြစ်ချက်၏ သက်ရောက်မှုရှိ လွန်ကဲပြင်းထန်သော သဘောသဘာဝကို ခုံရုံးက အလေးထားသည်။ 'လူတိုင်းသည် ၎င်းတို့၏ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်နှင့် သတင်းအချက်အလက် လွတ်လပ်ခွင့်တို့ကို ကျင့်သုံးသည့် အခြေခံ နည်းလမ်းများ' အနက်

---

[၁၂၅] ibid.

[၁၂၆] ibid.

[၁၂၇] ibid.

[၁၂၈] ibid., para. 52.

[၁၂၉] ibid.

[၁၃၀] ibid., para. 53.

အင်တာနက်သည် တခုဖြစ်လာသည့်အတွက် အထူးပင် အရေးကြီးကြောင်း' ပြောဆိုသည်။ 'နိုင်ငံရေးအကြောင်းအရာများသာမက စိတ်ပါဝင်စားသည့် ယေဘုယျအကြောင်းအရာများနှင့်ပါ သက်ဆိုင်သည့် ဆွေးနွေးချက်များနှင့် လုပ်ဆောင်ချက်များတွင် ပူးပေါင်းပါဝင်ရန် မရှိမဖြစ် လိုအပ်သည့် ကိရိယာများအဖြစ် စီမံပေးသည့်အတွက်ကြောင့်' ဖြစ်ပါသည်။[၁၃၁] တားမြစ်ချက်အမိန့်သည် လျှောက်လဲသူအား ၎င်းကိုယ်ပိုင် ဝက်ဆိုက်ကို အသုံးပြုခွင့် တားမြစ်ခဲ့ကြောင်း ခုံရုံးက သုံးသပ်ပါသည်။ 'စဉ်းစားလျက်ရှိသည့် အရေးယူဆောင်ရွက်ချက်သည် လျှောက်လဲသူ၏ လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့်ကို 'အစိုးရအာဏာပိုင်မှ တားမြစ်မှု' ဖြစ်ကြောင်း ခုံရုံးက သုံးသပ်ရန် လုံလောက်ခဲ့ပါသည်။ သတင်းအချက်အလက်နှင့် အယူအဆများကို ရရှိပေးပို့ခွင့်သည်လည်း ခွဲထုတ်မရသည့် အစိတ်အပိုင်း ဖြစ်ပါသည်။[၁၃၂]

ခြုံငုံရသော် 'ဆက်စပ်စိစစ်ဖြတ်တောက်မှု' အသုံးအနှုန်းအား ခုံရုံး၏ အရေးပါပါ အသုံးပြုမှုကို အသေးစိတ် လေ့လာဆန်းစစ်ချက်အတွက် ဤအစိတ်အပိုင်း ၆ ရပ်အပေါ် ဆုံးဖြတ်ချက်၏ အလေးထားမှုသည် စမှတ်အဖြစ် ဖန်တီးပေးပါသည်။ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့် ပိတ်ပင်ခြင်းကို ခုံရုံးအနေဖြင့် နောင်ကာလတွင် အနက်ပြန်ဆိုခြင်းအပေါ် မည်သည့် အဓိပ္ပာယ်သက်ရောက်မည်ကိုလည်း အသေးစိတ် လေ့လာဆန်းစစ်ခြင်းအတွက် စမှတ်ဖြစ်စေပါသည်။[၁၃၃] အပိုဒ် (၁၀) ကို တားမြစ်ကြောင်း ခုံရုံးက ယူဆသည့်အခါ တားမြစ်မှုသည် 'ဥပဒေအရ ပြဋ္ဌာန်း' ခြင်း ဟုတ်ကြောင်း၊ မဟုတ်ကြောင်း လေ့လာဆန်းစစ်ရပေမည်။[၁၃၄]

၃-၂-၂-၂။ ဥပဒေဖြင့် ပြဋ္ဌာန်းခြင်း - မှန်ကန်တိကျမှုနှင့် ကြိုတင်သိမြင်နိုင်မှုအခြေခံမူများကို အသုံးပြုခြင်း

ဥပဒေဖြင့် ပြဋ္ဌာန်းထားသည့် အရေးယူဆောင်ရွက်ချက်အတွက် စဉ်းစားလျက်ရှိသည့် ဥပဒေ၏ အရည်အသွေးကို လေ့လာဆန်းစစ်ရန် မှန်ကန်တိကျမှုနှင့် ကြိုတင်သိမြင်နိုင်မှုအခြေခံမူများကို ခုံရုံးက အသုံးပြုပါသည်။[၁၃၅] ခုံရုံး၏ ဝေဖန်ချက်ရှိ 'ဥပဒေဖြင့် ပြဋ္ဌာန်းခြင်း' စကားရပ်သည် သံသယဖြစ်ဖွယ် ဥပဒေ ပြဋ္ဌာန်းချက်တွင် 'ပြည်တွင်းဥပဒေ၌ တစိတ်တပိုင်း အခြေခံရမည်' ကို လိုအပ်သည်။ ထိုမျှသာမက 'စဉ်းစားလျက်ရှိသည့် ဥပဒေ၏ အရည်အသွေးကို ကိုးကားရမည် ဖြစ်သည်။ သက်ဆိုင်သူများအတွက်လည်း လက်လှမ်းမီရမည် ဖြစ်သလို ၎င်းဥပဒေ၏ နောက်ဆက်တွဲများကိုလည်း ကြိုတင်သိမြင်နိုင်ရန် လိုအပ်သည်....'။[၁၃၆] 'ကြိုတင်သိမြင်နိုင်မှု' လိုအပ်ချက် ပြည့်မီရန်အတွက် 'မည်သူတဦးတယောက်ချင်းကိုမဆို ၎င်း၏ လုပ်ဆောင်ချက်ကို ထိန်းညှိနိုင်စေရန် အလို့ငှာ လိုအပ်ပါက သင့်လျော်သည့် အကြံဉာဏ်ဖြင့်သာမက လုံလောက်သည့် တိကျမှန်ကန်မှုဖြင့် ဖော်ထုတ်'

---

[၁၃၁] ibid., para. 54.

[၁၃၂] ibid., para. 55.

[၁၃၃] အမေရိကန်တရားရုံးချုပ်တွင် အစတည်ဖြစ်ပေါ်လာပြီး ပွင့်လင်းလူ့အဖွဲ့အစည်း၏ တရားမျှတမှုအစပျိုး အကျဉ်းချုပ် (Open Society's Justice Initiative Brief) တွင် အသုံးပြုခဲ့သည့် အသုံးအနှုန်း ဖြစ်သည်။ www.opensocietyfoundations.org/litigation/yildirim-v-turkey accessed on 21 September 2014.

[၁၃၄] *Yildirim* (n. 6), para. 57.

[၁၃၅] ibid.

[၁၃၆] ibid.

ရမည် ဖြစ်သည်။ 'အာဏာအလွဲသုံးစားလုပ်ခြင်းကို တားဆီးရန် ထိရောက်သည့် ဥပဒေစနစ်ကို ပြန်လည် ဆန်းစစ်သုံးသပ်' ရမည် ဖြစ်ပြီး 'တားမြစ်ထားသည့် ကန့်သတ်ချက်များကို အသုံးပြုခြင်းနှင့် စပ်လျဉ်းသည့် ရှင်းလင်းတိကျ၍ အသေးစိတ်ကျသော စည်းမျဉ်းများ' ရှိရမည် ဖြစ်သည်။[၁၃၇]

Yildirim တွင် ဤအခြေခံမူများကို အသုံးပြုခြင်းဖြင့် 'အခြားအစိတ်အပိုင်းများအနက် အကြောင်းအချက် တခုကို တူရကီတရားရုံးများက ထည့်သွင်းစဉ်းစားရမည်' ကို ECtHR က များစွာ ချိန်ဆထားသည်။ 'သတင်းအချက် အလက် အရေအတွက် အမြောက်အများကို လက်လှမ်းမီ မရရှိစေသည့် အဆိုပါ အရေးယူဆောင်ရွက်ချက်သည် အင်တာနက်အသုံးပြုသူများ၏ အခွင့်အရေးကို အဓိက တားမြစ်ပြီး သိသာ ထင်ရှားသည့် ဆက်စပ်သက်ရောက်မှု ရှိပါသည်'။[၁၃၈] သို့ဖြစ်သည့်အတွက် ဒေသအဆင့် တရားရုံးများနှင့် တရားစီရင်ရေးလုပ်ငန်းစဉ်များသည် ECtHR မှ ဆုံးဖြတ်ချက် ချမှတ်ရာတွင် အထူးပင် အရေးပါသည်။ 'စော်ကားပြောဆိုသည့် ဝက်ဆိုက်ကို လက်လှမ်းမီ သုံးစွဲခွင့် အတွက်သာ အထူးပြု ပိတ်ပင်ရန်အတွက် ဝက်ဆိုက်အားလုံးအတွက် သက်ရောက်မှု နည်းပါးသည့် အရေးယူ ဆောင်ရွက်ချက်ကို လုပ်ဆောင်လျက် ရှိ မရှိ' ကို တူရကီ တရားရုံးများက သေချာအောင် လေ့လာမစိစစ်နိုင်ခြင်းကို ကိုးကားထားပါသည်။[၁၃၉] တူရကီ တယ်လီဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ ဦးစီးဌာန (Turkish Telecommunications and Information Technology Directorate - TIB) ၏ စိစစ်သတ်မှတ်ချက် များပေါ် တူရကီတရားရုံးများက များစွာ မှီတည်နေမှုမှ ကျဆုံးမှု ထွက်ပေါ်လာသည်။ 'စော်ကားပြောဆိုသည့် ဝက်ဆိုက်အား လက်လှမ်းမီ သုံးစွဲခွင့်ကို ပိတ်ပင်သည့် တခုတည်းသော နည်းလမ်းများမှာ ဝန်ဆောင်မှုကို လက်ခံ ဆောင်ရွက် ပေးနေသည့် Google ဝက်ဆိုက်များသုံးစွဲခွင့်ကို ပိတ်ပင် တားမြစ်ရန်သာ ဖြစ်ကြောင်း' ၎င်းဦးစီးဌာနက ယူဆပါသည်။[၁၄၀] 'နိုင်ငံရပ်ခြားတွင် နေထိုင်သည့် တရားခံ၏ လိပ်စာနှင့် အထောက်အထား' ကို သတ်မှတ်ရန် မဖြစ်နိုင်ကြောင်းကိုလည်း TIB က ယူဆပါသည်။[၁၄၁] သုံးစွဲခွင့်ကို တားမြစ်ချက်များနှင့် တားမြစ်မိန့်များအကောင် အထည်ဖော်ခြင်းနှင့် စပ်လျဉ်း၍ နည်းပညာပိုင်း စိစစ်သတ်မှတ်ခြင်းအတွက် ပြည်တွင်းတရားရုံးများသည် အုပ်ချုပ်ရေးဆိုင်ရာ အင်တာနက် စီမံခန့်ခွဲရေးအဖွဲ့များထံသို့ ဆုံးဖြတ်ခွင့်အာဏာ လက်လွတ်စပယ် မပေးသင့် ကြောင်း ECtHR က ရှင်းရှင်းလင်းလင်း ပြောကြားပါသည်။[၁၄၂]

တားမြစ်ချက်၏ မျှတမှုမရှိခြင်းကို လေ့လာဆန်းစစ်ရာတွင် 'အထူးသဖြင့် Google ဝက်ဆိုက်များကို လက်လှမ်းမီ သုံးစွဲခွင့်အားလုံးကို ပိတ်ပင်ရန် လိုအပ်ချက်တွင် အကျိုးစီးပွား အမျိုးမျိုးကို လေ့လာ အကဲခတ်ရန်' တူရကီတရားရုံးများက အားထုတ်ကြိုးစားကြောင်း သက်သေပြသည့် အထောက်အထားများ မရှိကြောင်း ခုံရုံးက

---

[၁၃၇] ibid., para. 64.

[၁၃၈] ibid., Concurring Opinion, para. 1.

[၁၃၉] *Yildirim* (n. 6), para. 64.

[၁၄၀] ibid., para. 13.

[၁၄၁] ibid., para. 14.

[၁၄၂] ibid., para. 61–6.

အလေးထား ပြောဆိုသည်။[၁၄၄] 'သဘောတူစာချုပ်၏ အပိုဒ် (၁၀) အောက်တွင် ခုံရုံးက ထူထောင်၍ အသုံးပြုထားသည့် စံနှုန်းများနှင့် ချိတ်ဆက်၍ ဝက်ဆိုက်အားလုံးကို ပိတ်ပင်ခြင်းသည် လိုအပ် မလိုအပ်ကို လေ့လာမည့် ပြည်တွင်းတရားရုံးများအတွက် တာဝန်များ ချမှတ်ရန်' တူရကီဥပဒေက ပျက်ကွက်ခဲ့ပါသည်။[၁၄၅]

စီရင်ချက်သည် သီးသန့်စဉ်းစားလျက်ရှိသည့် တူရကီဥပဒေနှင့် ချိုးဖောက်မှုတို့အပေါ် ဦးတည်ထားခဲ့သည်။ တရားသူကြီး၏ သဘောကိုက်ညီသည့် အမြင်သဘောထားစာတမ်း (Concurring Opinion) တွင် တရားသူကြီး Pinto de Albuquerque သည် ခုံရုံး၏ အားလုံးသဘောညီသည့် စီရင်ချက်ကို ဖြည့်စွက်ပါသည်။ အဘယ့်ကြောင့် ဆိုသော် 'ခုံရုံး၏ မပြည့်မစုံ၍နည်းပါးသော စီရင်ထုံးဥပဒေ' အရနှင့် နိုင်ငံ၏ 'ချို့ယွင်းနေသည့် ဥပဒေစနစ်မူဘောင်' ကို ကုစားရန် တူရကီဥပဒေစနစ်ပြုပြင်ပြောင်းလဲရေး လိုအပ်ချက်အရ အင်တာနက် ဝက်ဆိုက်များကို လက်လှမ်းမီသုံးစွဲခွင့် ပိတ်ပင်ခြင်းနှင့် စပ်လျဉ်း၍ 'ရှင်းလင်းသည့် လမ်းညွှန်ချက်များ' နှင့် 'အခြေခံကျကျ ချဉ်းကပ်နည်း တခု' ကို စီမံပေးရန် အရေးကြီးကြောင်း သူက စဉ်းစားသည့်အတွက် ဖြစ်သည်။[၁၄၆] အပိုဒ် (၁၀) အာမခံချက်များနှင့် ကိုက်ညီနိုင်သည့် ဥပဒေစနစ်နှင့် စီမံအုပ်ချုပ်မှုမူဘောင်တရပ်ရှိ ကနဦးစံနှုန်းများကို သူက အကြမ်းဖျင်း ဖော်ပြသည်။[၁၄၆] '[ဥ]ပဒေစနစ် ပြုပြင်ပြောင်းလဲရေး လိုအပ်မည်ဖြစ်သော သက်ဆိုင်သည့် နိုင်ငံ၏ ချို့ယွင်းသည့် ဥပဒေစနစ်မူဘောင်အရဆိုသော် ဤနယ်ပယ်တွင် အသုံးပြုနိုင်သော ခုံရုံး၏ စံနှုန်းများနှင့်အညီ ရှင်းလင်းသည့် လမ်းညွှန်ချက်များကို အရေးတကြီး လိုအပ်ကြောင်း' သူက အချေအတင်ဆွေးနွေးပါသည်။[၁၄၇] 'ဤအကြောင်းအရာအပေါ် ခုံရုံး၏ မပြည့်စုံ၍နည်းပါးသော စီရင်ထုံးဥပဒေသည် ဤဆန်းသစ်၍ ရှုပ်ထွေးသော ကိစ္စရပ်များအတွက် အခြေခံကျသည့် ချဉ်းကပ်နည်းကို လိုအပ်သည်။ စနစ်တကျစီစဉ်ဖွဲ့စည်းထားမှု မရှိသော သို့မဟုတ် ဆန့်ကျင်ဘက်ဖြစ်နေသည့် စီရင်ထုံးဥပဒေကို ရှောင်ရှားရန် အလို့ငှာ ဖြစ်ပါသည်' ဟု တရားသူကြီး Albuquerque က မှတ်ချက်ပြုထားသည်။[၁၄၈] ဥရောပနိုင်ငံများမှ အများစု သဘောတူညီကြသည့် စံနှုန်းများကို စစ်တမ်းကောက်ယူချက်တခုအပေါ် အခြေပြုထားသည့် စံနှုန်းစာရင်းတခုကို သူ၏ သဘောကိုက်ညီသည့် အမြင်သဘောထား စာတမ်းက မိတ်ဆက်ထားပါသည်။[၁၄၉] ဥရောပကောင်စီ (Council of Europe) နှင့် ဝန်ကြီးများကော်မတီ (Committee of Ministers) တို့ထံမှ လွတ်လပ်စွာထုတ်ဖော်တင်ပြ ပြောဆိုခွင့်နှင့် စပ်လျဉ်းသည့် လမ်းညွှန်ချက်၊ စံနှုန်းများ၊ အကြံပြုချက်များနှင့် ကျွမ်းကျင်မှုကို ဤစံနှုန်းများက ပေါင်းစပ်ထားသည်။ နောင်ကာလ ချိုးဖောက်မှုများ၏ သင့်တင့်လျောက်ပတ်မှုကို အကဲဖြတ်ဆန်းစစ်ရန် တသမတ်တည်းဖြစ်သည့် ချဉ်းကပ်နည်းဖြင့် နောင်ကာလ

---

[၁၄၄] ibid., para. 66.

[၁၄၅] ibid., para. 66.

[၁၄၆] ibid., Concurring Opinion of Judge Pinto de Albuquerque, para. 1.

[၁၄၆] ibid., Concurring Opinion, pp. 24–35 of the decision.

[၁၄၇] ibid., Concurring Opinion, p. 24 of the decision.

[၁၄၈] ibid.

[၁၄၉] *Yildirim* (n. 6), paras 30–7, and Concurring Opinion, pp. 23–6 of the decision.

အမှုများကို လေ့လာဆန်းစစ်နိုင်ရေး စတင်မှတ်အဖြစ် ဆောင်ရွက်ပေးသည်။[၁၅၀] ဤစံနှုန်းများတွင် အောက်ပါတို့ ပါဝင်သည် -

(၁) လူများနှင့် ၎င်းတို့၏ ပုံနှိပ်ထုတ်ဝေမှုများကို ပိတ်ပင်ရန် ဥပဒေအရ တာဝန်ရှိသော အဖွဲ့အစည်း အမျိုးအစားများ၏ အနက်ဖွင့်ဆိုချက်၊ တရားမဝင် အကြောင်းအရာ၊ ဝက်ဆိုက်များ သို့မဟုတ် ဆက်သွယ်ရေးလမ်းကြောင်းများကို ပိုင်ဆိုင်သူ နိုင်ငံသားများ သို့မဟုတ် နိုင်ငံခြားသားများနှင့် ၎င်းတို့က ထောက်ခံထားသည့် တရားမဝင် ဝက်ဆိုက်များ သို့မဟုတ် ဆက်သွယ်ရေးနည်းလမ်း များနှင့် သာလွန်ချိတ်ဆက်မှုများ စီစဉ်ပေးသူများကဲ့သို့ ဖြစ်သည်။ (၂) တားမြစ်မိန့် အမျိုးအစားများ ၏ အနက်ဖွင့်ဆိုချက်။ ဝက်ဆိုက်တခုလုံး၊ လိပ်စာများ၊ ဆော့ဝဲလ်ကူးပြောင်းပေးသည့် နေရာများ၊ အသုံးပြုသည့် ကွန်ယက် အမျိုးအစားများ သို့မဟုတ် ကျင့်ထုံးများ၊ လူမှုကွန်ယက်များကို ပိတ်ပင်တားမြစ်ခြင်းကဲ့သို့ ဖြစ်သည်။ (၃) တားမြစ်မိန့်၏ နယ်မြေပိုင်စိုးမှု ပြဋ္ဌာန်းချက်၊ ၎င်းသည် ဒေသအဆင့်၊ နိုင်ငံအဆင့် သို့မဟုတ် ကမ္ဘာအနှံ့ ဖြန့်ကျက် သက်ရောက်မှု ရှိနိုင်ပေသည်။ (၄) တားမြစ်မိန့်၏ အချိန်ကာလ သက်တမ်းဆိုင်ရာ အကန့်အသတ်၊ (၅) တားမြစ်မိန့်ကို ချင့်ချိန်နိုင်သည့် သဘောတူစာချုပ်၏ အပိုဒ် ၁၀ (၂) တွင် ထည့်သွင်းထားသည့် စံနှုန်းတခု သို့မဟုတ် ထို့ထက်ပိုသည့် အမြင်အရ 'အကျိုးစီးပွားများ' ၏ ညွှန်ပြချက်၊ (၆) မျှတမှုရှိခြင်း စံနှုန်းကို တွေ့ရှိရမှု၊ လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်နှင့် အပြိုင်ဖြစ်သော လက်ကိုင်ထားသည့် 'အကျိုးစီးပွားများ' ၏ ဆီလျော်သည့် ဟန်ချက်ညီမှုမျှအတွက် စီစဉ်ပေးပါသည်။ လွတ်လပ်စွာထုတ်ဖော်တင်ပြ ပြောဆိုခွင့် ၏ အနှစ်သာရ (သို့မဟုတ် အနှစ်သာရအနည်းဆုံး) ကို လေးစားရန် သေချာစေရပေမည်။ (၇) လိုအပ်ချက် အခြေခံမူအတိုင်း လိုက်နာမှု။ ၎င်းက လေ့လာဆန်းစစ်ချက်ပြုလုပ် နိုင်စေသည်။ လွတ်လပ်စွာထုတ်ဖော်တင်ပြ ပြောဆိုခွင့်ကို တားမြစ်မှုသည် လက်ကိုင်စွဲထားသည့် 'အကျိုး စီးပွားများ' ကို အလုံအလောက် အဆင့်မြှင့်တင်မှု ရှိ မရှိနှင့် ဆိုခဲ့ပါ 'လူမှုရေးလိုအပ်ချက်' ကို ပြည့်မီရန် လိုအပ်ချက်ထက် ကျော်လွန်မှု ရှိ၊ မရှိ လေ့လာဆန်းစစ်ခြင်း ဖြစ်သည်။ (၈) ကျိုးကြောင်း ဆီလျော်သည့် တားမြစ်မိန့်ထုတ်ပြန်ရန် အခွင့်အာဏာရှိသည့် အာဏာပိုင်များမှ အနက်ဖွင့်ဆိုချက်။ (၉) အဆိုပါ အမိန့်ထုတ်ပြန်မှုအတွက် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်း၊ တားမြစ်မိန့် အတွက် တောင်းဆိုချက်ကို အထောက်အပံ့ပေးထားသည့် အမှုဖိုင်ကို အာဏာပိုင်အဖွဲ့မှ လေ့လာ ဆန်းစစ်ခြင်း ပါဝင်သည်။ လက်ကိုင်စွဲထားသည့် 'အကျိုးစီးပွားများ' နှင့် သဟဇာတ မဖြစ်သေး သို့မဟုတ် မဖြစ်နိုင်သေးပါက ထိခိုက်မှုရှိသည့် လူ သို့မဟုတ် အဖွဲ့အစည်းထံမှ သက်သေ အချက်အလက်များကို ကြားနာခြင်းတို့လည်း ပါဝင်သည်။ (၁၀) တားမြစ်မိန့်နှင့် ၎င်းအတွက် အကြောင်းပြချက်များကို သက်ရောက်မှုရှိသည့် လူ သို့မဟုတ် အဖွဲ့အစည်းသို့ အကြောင်းကြား

---

[၁၅၀] ibid., Concurring Opinion, pp. 27–8 of the decision.

ချက်နှင့် (၁၁) တားမြစ်မိန့်ကို စောဒကတက်ရန်အတွက် ဥပဒေအရ အယူခံဝင်နိုင်သည့် လုပ်ထုံးလုပ်နည်း။[၁၅၁] ***[ချန်လှပ်ထားသည့် အောက်ခြေမှတ်စု]***

ဤနေရာတွင် အဆိုပါ တားမြစ်မိန့်များနှင့် ၎င်းကို မှန်ကန်တိကျစွာ အလေးထား၍ ထုတ်ပြန်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းအတွက် တာဝန်ရှိသည့် ဥပဒေရေးရာနှင့် စီမံအုပ်ချုပ်မှုအဖွဲ့များ၏ အခွင့်အာဏာကို အထက်ပါအတိုင်း အသိအမှတ်ပြုသော်လည်း ခုံရုံးက နိုင်ငံများကို များစွာလေးစားလိုက်နာခွင့် မပြုထားပါ။ လူတဦးချင်းစီနှင့် ၎င်းတို့၏ လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့် ကျင့်သုံးမှုအပေါ် ဤတားမြစ်မိန့်များ၏ ဆက်စပ်သက်ရောက်မှုကြောင့် ဖြစ်သည်။[၁၅၂] အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲခွင့်နှင့် အဆိုပါ သုံးစွဲခွင့်ကို တားမြစ်ရာတွင် လုပ်ဆောင်နိုင်သည့် အကန့်အသတ်မရှိ လိုက်နာခြင်းတို့နှင့် စပ်လျဉ်း၍ နိုင်ငံများ၏ အနာဂတ် ကာလ ဖြစ်နိုင်ခြေရှိသော တားမြစ်ချက်များ၏ သင့်တင့်လျောက်ပတ်မှုကို လေ့လာဆန်းစစ်ရန်အတွက် အမြင်သစ်များကို *Yildirim* အမှုက ဆောင်ကြဉ်းပေးနိုင်ပါသည်။

Yildirim v. Turkey သည် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့် ပိတ်ပင်ခြင်းကို တိုက်ရိုက်ကိုင်တွယ်သည့် ပထမဆုံး အမှုဖြစ်သော်ငြား ပေါ်လွင်ထင်ရှားသည့် အနက်ပြန်ဆိုချက်များကို ခုံရုံးက မပြုလုပ်ခဲ့ပါ။ အနှစ်ချုပ်ဆိုရသော် ဤစာအုပ်တွင် ဆောင်ရွက်လျက်ရှိသည့် နားလည်သဘောပေါက်မှုကို အမှုက မြင့်မားစေသည့် သိသာထင်ရှားသော အချက် ၂ ချက် ရှိပါသည်။ ပထမဆုံးအချက်မှာ အမှုတွင်လျှောက်လဲသူမှာ ပါရဂူတန်း ကျောင်းသားတဦးဖြစ်ပြီး ဝက်ဆိုက်သည် သူ၏ ကိုယ်ပိုင် ဝက်ဆိုက်ဖြစ်သည်။ ၎င်းသည် သဘောသဘာဝအားဖြင့် နိုင်ငံရေးမဟုတ်ပေ။ အမှန်အားဖြင့် နိုင်ငံရေးတန်ဖိုး သို့မဟုတ် ပြည်သူများ၏ ယေဘုယျ အကျိုးစီးပွားထက် ပညာရပ်ပိုင်းအကြောင်းအရာကို ခုံရုံးက အသားပေးခဲ့ပါသည်။ လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့် အာမခံချက်များ၏ လွှမ်းခြုံနယ်ပယ်ကို ချဲ့ထွင်သည့် စာအုပ်၏ အဓိက ဆိုလိုရင်းအတွက် အရေးပါသည်။ နိုင်ငံရေး သို့မဟုတ် စီးပွားရေးဆိုင်ရာ ထုတ်ဖော်ပြောဆိုချက်များကို ယခင်က အမျိုးအစားခွဲခြားခြင်းများ ဖြစ်သည်။ *Yildirim* တွင် အနည်းအကျဉ်းသောအကြောင်းအရာ အသေးစိတ် ရှင်းလင်းပြောဆိုချက်ကို ခုံရုံးက လက်ခံကြောင်း ထင်မြင်ရပြီး ဝက်ဆိုက်အပေါ်သာ အတော်ကလေး အလေးထားထားသည်။ ဒုတိယအချက်မှာ လက်ခံရရှိခွင့်အပေါ် ၎င်း၏ အနက်ပြန်ဆိုချက်ကို ခုံရုံးက အဆင့်မြှင့်တင်ခဲ့သည်။ အပိုဒ် (၁၀) အာမခံချက်များကို တားမြစ်ချက်များ ရှိကြောင်း သက်သေပြသည့်အခါ လျှောက်လဲသူကို သူ၏ ကိုယ်ပိုင် ဝက်ဆိုက်ကို အသုံးပြုခွင့် တားမြစ်ခြင်းသည် သူ၏ လက်ခံရရှိခွင့်နှင့် ပေးပို့ခွင့်ကို တားမြစ်ခြင်း ဖြစ်ကြောင်းကို ခုံရုံးက တွေ့ရှိခဲ့သည်။ ဤတွေ့ရှိချက်သည် နောင်ကာလ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့် အမှုများတွင် သိသာထင်ရှား လာနိုင်ပေသည်။ သတင်းအချက်အလက်များနှင့် အယူအဆများကို လူတဦးချင်းစီမှ တပြိုင်နက်တည်း လက်ခံရရှိ ပေးပို့ခွင့်ကို အင်တာနက်က အဆင်ပြေချောမွေ့စေကြောင်း မှတ်ယူထားခြင်းကြောင့် ဖြစ်သည်။ နောက်ဆုံးတွင် အပိုဒ် (၁၀) ကို ချိုးဖောက်ကြောင်း ခုံရုံးက တွေ့ရှိရချက်သည် နိုင်ငံ၏ မလုပ်ဆောင်ရမည့် တာဝန်များအပေါ် အခြေခံထားပါသည်။

---

[၁၅၁] ibid.

[၁၅၂] ibid., para. 47; ibid., Concurring Opinion, p. 31 and p. 32 footnote 21 citing *Observer v. UK*.

၎င်းတာဝန်ရှိမှုမှာ အင်တာနက် လွတ်လပ်စွာ သုံးစွဲခွင့်ရရှိရန် လျှောက်လဲသူအား ဖိအားပေး ပိတ်ပင်ခြင်း မပြုရန် ဖြစ်ပါသည်။ သို့ရာတွင် တားမြစ်မှုသည် 'ဥပဒေဖြင့် ပြဋ္ဌာန်းခြင်း' ဟုတ် မဟုတ် ခုံရုံး၏ လေ့လာဆန်းစစ်ချက်ဖြင့် အစိုးရမှ ဆောင်ရွက်ရမည့် လုပ်ဆောင်ချက်များကို ခုံရုံးက အလေးထား ကြည့်ရှုပါသည်။ အစိုးရမှ လုပ်ဆောင်ရမည့် တားမြစ်မှုသည် အပိုဒ် ၁၀ (၂) အောက်တွင် ကျိုးကြောင်းခိုင်လုံစေရန် ဖြစ်သည်။

ဤလိုက်နာကိုးကားရမည့် စီရင်ထုံးအပြင် အမှုကို ဆက်လက် အသုံးပြုမှုသည် မရှင်းလင်းပေ။ *Yildirim* နှင့် ဆက်စပ်သည့် ၂၀၁၄ ခုနှစ် အမှုဖြစ်သည့် *Akdeniz v. Turkey* တွင် အခြားတေးရေးသူများ၏ အခွင့်အရေးကို လေးစားလိုက်နာမှု မရှိဘဲ တေးဂီတအလုပ်များကို ဖြန့်ဖြူးသည့် ဝက်ဆိုက်အချို့ သုံးစွဲခွင့်ကို တားမြစ်ခြင်းသည် အပိုဒ် (၁၀) အာမခံချက်များနှင့် သက်ဆိုင်ခြင်းမရှိသည့်အတွက် ခွင့်မပြုသင့်ကြောင်း ကြေညာခဲ့သည်ကို ခုံရုံးက တွေ့ရှိခဲ့သည်။[၁၅၄] အမှုနှစ်ခုအကြားရှိ အဓိက ကွဲလွဲခြားနားချက်များတွင် သက်ဆိုင်သည့် ဝက်ဆိုက်များကို သုံးစွဲလိုစိတ်၊ ထုတ်ဖော်ပြောဆိုချက် အမျိုးအစားနှင့် အခွင့်အရေးများအကြားရှိ အကျိုးစီးပွား အားပြိုင်မှုများ နောက်ကွယ်ရှိ လျှောက်လဲသူများ၏ စေ့ဆော်မှုများ ပါဝင်သည်။ ပထမဆုံးအနေဖြင့် *Akdeniz* တွင် လျှောက်လဲသူသည် တေးဂီတဝက်ဆိုက် ၂ ခုကို လက်လှမ်းမီ သုံးစွဲခွင့် ရရှိရန် လိုအပ်ချက်ကို ဖြစ်ပေါ်စေသော 'တိကျသည့် အကျိုးစီးပွား' ကို ဦးစားမပေးထားပေ။ သို့တည်းမဟုတ် တားမြစ်သည့် အရေးယူ ဆောင်ရွက်ချက်များတွင် 'သတင်းအချက်အလက်ဆက်သွယ်ရေး၏ အဓိက ရင်းမြစ်ကို ပိတ်ပင်ခြင်း၏ သက်ရောက်မှု' ရှိကြောင်း ခုခံ ပြောဆိုပါသည်။[၁၅၅] ဒုတိယပိုင်းအနေဖြင့် အကြောင်းအရာကို စီးပွားရေးအတွက်ချည်း သပ်သပ်သာ မဟုတ်ကြောင်း ခုံရုံးက ခွင့်ပြုသည့်တိုင်အောင် စီးပွားရေးဆိုင်ရာကိစ္စရပ်များရှိ ထုတ်ဖော်ပြောဆိုချက်ကို ထိန်းကွပ်ရာတွင် ကျယ်ကျယ်ပြန့်ပြန့် ဝေဖန်သုံးသပ်ဆန်းစစ်ခြင်းကို စီရင်ချက်က အလေးထားပါသည်။[၁၅၆] နောက်ဆုံးတွင် အားပြိုင်နေသည့် အကျိုးစီးပွားများကို ဘက်ညီအောင် ထိန်းညှိရမည် ဖြစ်သည်။ '"သတင်းအချက်အလက် လွတ်လပ်စွာ လက်ခံရရှိခွင့်" နှင့် "မူပိုင်ခွင့်ကာကွယ်ခြင်း" ကဲ့သို့ အလားအလာရှိသော အားပြိုင်နေသည့် အကျိုးစီးပွားနှစ်ရပ်ကို အလေးထား ချိန်ညှိခြင်းဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဝေဖန်သုံးသပ်ဆန်းစစ်မှုပြုရန် ပြည်တွင်းအာဏာပိုင်များကို ခွင့်ပြုရမည်'။[၁၅၇] သို့ဖြစ်သည့်အတွက်ကြောင့် လွတ်လပ်စွာထုတ်ဖော်တင်ပြ ပြောဆိုခွင့် အာမခံချက်များအောက်တွင် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့် ပိတ်ပင်ခြင်းကို အကာအကွယ် ပေးထားသည့် နယ်ပယ် အကန့်အသတ်ရှိကြောင်း ဆိုလိုနိုင်ပါသည်။

---

[၁၅၄] *Akdeniz v. Turkey* App no 20877/10 (ECtHR, 3 November 2014).

[၁၅၅] ibid.

[၁၅၆] ibid.

[၁၅၇] ibid.

၃-၂-၃။ ခုံရုံး၏ *Yildirim* လေ့လာဆန်းစစ်ချက်တွင် မရှိသော်ငြား *Kalda v. Estonia* နှင့် *Jankovski v. Lithuania* တို့တွင် ရှိသည့် ဆီလျော်သော အခြေခံမူများ

အမှုနှစ်ခုဖြစ်သည့် *Kalda v. Estonia* နှင့် *Jankovskis v. Lithuania* တို့က နောက်ထပ် ညွှန်ကြားချက်ကို ပေးနိုင်သည့် အခွင့်အရေးကို ECtHR အား ပေးထားပါသည်။ ၎င်းမှာ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့် ပိတ်ပင်ခြင်း၏ အနက်အဓိပ္ပာယ်သည် မည်သည့်အချိန်တွင် အပိုဒ် (၁၀) နှင့် ထိပ်တိုက်တွေ့လာကြောင်းပင် ဖြစ်ပါသည်။ နမူနာနှစ်ရပ်စလုံးတွင် အကျဉ်းသားများကို အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့် ပိတ်ပင်ခြင်းသည် အပိုဒ် (၁၀) ကို ချိုးဖောက်ခြင်းဖြစ်ကြောင်း ခုံရုံးက စီရင်ချက် ချမှတ်ခဲ့သည်။ တပြိုင်နက်တည်းမှာပင် အကျဉ်းသားများအတွက် အင်တာနက်သုံးစွဲခွင့် ပေးရန် ယေဘုယျအားဖြင့် တာဝန်မရှိကြောင်း အလေးထား ဖော်ပြထားသည်။ ထို့အပြင် *Yildirim* နှင့် မတူသည်မှာ လျှောက်လဲသူတဦးချင်းစီ၏ သတင်းအချက်အလက် လက်ခံရရှိခွင့်အပေါ် အက်စတိုးနီးယားနိုင်ငံနှင့် လစ်သူရေးနီးယား နိုင်ငံတို့၏ တားမြစ်မှုတို့သည် ဥပဒေဖြင့် ပြဋ္ဌာန်း ထားကြပြီး ဥပဒေအရ ရည်ရွယ်ချက်များကို လက်ကိုင်ပြထားခြင်း ဖြစ်သည်။ သို့ဖြစ်သည့်အတွက် အမှုနှစ်ခုစလုံးတွင် တားမြစ်မှုသည် 'ဒီမိုကရေစီ လူ့အဖွဲ့အစည်းတွင် လိုအပ် မလိုအပ်' ကို ခုံရုံးအနေဖြင့် ပြောင်းရွှေ့ လေ့လာခဲ့သည်။ အင်တာနက် ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲခွင့်ပြုခြင်း၏ ကြုံတွေ့ရသည့် လုံခြုံရေးဆိုင်ရာ ဘေးအန္တရာယ်များနှင့် ချိန်ညှိရမည် ဖြစ်သည်။ ဤလေ့လာဆန်းစစ်ချက်အတွက် လျှောက်လဲသူတဦးချင်းစီက လက်ခံရရှိလိုခဲ့သည့် သတင်းအချက်အလက် ပုံစံအပေါ်နှင့် ရှာဖွေသည့် သတင်းအချက်အလက်များ လက်ခံရရှိနိုင်မည့် အခြားဆက်သွယ်ရေးနည်းလမ်း ရှိ မရှိကို ခုံရုံးက အလေးထားခဲ့သည်။

၃-၂-၃-၁။ အခြားရွေးချယ်စရာ နည်းလမ်းများကို လေ့လာဆန်းစစ်ခြင်းနှင့် အင်တာနက်၏ ထူးခြားသည့် စွမ်းဆောင်ရည်များ

သတင်းအချက်အလက်များ သိုလှောင်သိမ်းဆည်း၍ လက်လှမ်းမီ သုံးစွဲနိုင်သည့် အင်တာနက်၏ ကြီးမားသည့် စွမ်းဆောင်ရည်များကို *Yildirim* တွင် ခုံရုံးက အသိအမှတ်ပြု လက်ခံခဲ့သည်။ လူ့အဖွဲ့အစည်းက အသုံးပြုသည့် ထင်ရှားသော သတင်းအချက်အလက်ဆက်သွယ်ရေးနည်းလမ်းလည်း ဖြစ်ကြောင်း လက်ခံခဲ့သည်။ သို့ရာတွင် အင်တာနက်၏ ထူးခြားသည့် ဝိသေသလက္ခဏာရပ်များကိုမူ ခုံရုံးက မထုတ်ဖော်ခဲ့ပေ။ ထို့သို့ ဖော်ထုတ်မှု မပြုခဲ့ခြင်းကြောင့် တူညီသည့် အလားတူဆက်သွယ်ရေးနည်းလမ်းများရှိသည်ဟူသည့် ဆွေးနွေးငြင်းခုံချက်ကို အနိမ့်ဆုံးအနေဖြင့် ပို၍ ခက်ခဲစေသည် သို့မဟုတ် ပျက်ပြယ်စေပါသည်။ တားမြစ်မိန့်၏ တပြေးညီ သက်ရောက်သည့် သဘောသဘာဝအရ အင်တာနက်နှင့် ရုပ်မြင်သံကြား သို့မဟုတ် ပုံနှိပ်မီဒီယာတို့အကြား ကွာခြားချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြန်ရန် လိုအပ်သည်ကို *Yildirim* အမှုတွင် ခုံရုံးသည် မယူဆခဲ့ပေ။ *Kalda* နှင့် *Jankovskis* တို့တွင် လျှောက်လဲသူက ရှာဖွေသည့် သတင်းအချက်အလက်ပုံစံကို ပေးနိုင်သည့် အခြားမီဒီယာ ရှိ၊ မရှိ ဆန်းစစ်ချိန်၌ အင်တာနက်၏ ထူးခြားမှုကို အသေးစိတ် ဖော်ပြရှင်းလင်းခဲ့ပါသည်။

Kalda တွင် လျှောက်လဲသူသည် ဥရောပသတင်းအချက်အလက်ကောင်စီရုံး (Council of Europe Information Office) အပါအဝင် အင်တာနက် စာမျက်နှာများကို အထူးသီးသန့် လက်လှမ်းမီ သုံးစွဲခွင့်ကို ရှာဖွေခဲ့ပါသည်။ အဘယ့်ကြောင့်ဆိုသော် အခြားအင်တာနက်စာမျက်နှာများတွင် အင်္ဂလိပ်ဘာသာစကားဖြင့်သာ ရရှိနိုင်သည့် အမှုများစွာကို အက်စတိုးနီးယားဘာသာပြန်ဖြင့် ၎င်းစာမျက်နှာတွင် ထည့်သွင်းထားခြင်းကြောင့် ဖြစ်ပါသည်။

အင်တာနက်ကို မသုံးစွဲနိုင်ခြင်းသည် ၎င်း၏ အယူခံများကို အထောက်အပံ့ဖြစ်ရန် လိုအပ်သည့် သတင်းအချက်အလက်များကို အသုံးပြုနိုင်စွမ်းအပေါ် သက်ရောက်ခဲ့ကြောင်း သူက ခုခံပြောဆိုသည်။ အထူးသဖြင့် အက်စတိုးနီးယားဘာသာပြန်ဆိုထားသော လူ့အခွင့်အရေးဆိုင်ရာ ဥရောပခုံရုံး၏ အမှုများနှင့် ဥရောပ ကောင်စီ၏ အက်စတိုးနီးယားဘာသာဝက်ဆိုက်တွင်သာ ရရှိနိုင်သည့် အမှုများ ဖြစ်ကြသည်။ သတင်းအချက်အလက်များကို လက်လှမ်းမီ သုံးစွဲနိုင်သည့် အခြားနည်းလမ်းများလည်း မရှိကြောင်းကိုလည်း သူက ချေပပြောဆိုခဲ့သည်။ 'မသေမသပ် ကိုးယိုးကားယားနိုင်ပြီး ဝေဝိုက်ကာ ကျိုးကြောင်းလျော်ညီမှု' ရှိနေသည့် သတင်းအချက်အလက်များ ဖြစ်ပါသည်။ သို့ဖြစ်သည့်အတွက် ဤသို့ မသေမသပ် ကိုးယိုးကားယားနိုင်ပြီး ဝေဝိုက်ကာ ကျိုးကြောင်း မလျော်ညီ ဖြစ်နေသည့် အင်တာနက်စာမျက်နှာများကို တားမြစ်ခြင်းသည် ၎င်း၏ သတင်းအချက်အလက် သုံးစွဲခွင့်ကို တားမြစ်သည့် သဘောသက်ရောက်နေပါသည်။ သတင်းအချက်အလက်များကို ရရှိရန်အတွက် အင်တာနက် သုံးစွဲခွင့်ပေးရန် လူတိုင်း အထူးသဖြင့် အကျဉ်းသားများအတွက် အခွင့်အရေး မရှိကြောင်း အစိုးရက ခုခံပြောဆိုခဲ့သည်။ အကျဉ်းသားများက တလွဲအသုံးပြုမည့် အန္တရာယ် ရှိသည့် ဤဝက်ဆိုက်များကို သုံးစွဲရန် အာမခံချက်ပေးရန်လည်း မလိုအပ်ကြောင်း ခုခံပြောဆိုပါသည်။ ထို့အပြင် ဤအင်တာနက်စာမျက်နှာများကို သုံးစွဲခွင့် ပိတ်ပင်ခြင်းသည် သတင်းအချက်အလက်များကို ရရှိနိုင်သည့် အခြား ဆက်သွယ်ရေးလမ်းကြောင်းများ အတွက်လည်း ဘေးအန္တရာယ်ကြုံစေပါသည်။

အပိုဒ် (၁၀-၂) ၏ အနက်အဓိပ္ပာယ်အရ တားမြစ်မှု လိုအပ်သည် မလိုအပ်သည်ကို ဆန်းစစ်ရာတွင် အကျဉ်းသားများက သုံးစွဲလိုသည့် အင်တာနက်စာမျက်နှာများ၏ အကြောင်းအရာနှင့် သတင်းအချက်အလက် သုံးစွဲနိုင်သည့် အခြားနည်းလမ်းများကို ခုံရုံးက ဦးတည်လေ့လာပါသည်။ ပထမဦးစွာ ရှာဖွေ ပြီးစီးပြီ ဖြစ်သော အင်တာနက်စာမျက်နှာများ၏ အကြောင်းအရာနှင့် စပ်လျဉ်း၍ ခုံရုံးက မှတ်ချက်ပြုသည်မှာ -

> လျှောက်လဲသူက သုံးစွဲလိုသည့် Tallinn ရှိ ဥရောပသတင်းအချက်အလက်ကောင်စီရုံး၊ တရားဝန်ကြီးချုပ်နှင့် Riigikogu တို့၏ ဝက်ဆိုက်များသည် ဥပဒေသတင်းအချက်အလက်နှင့် အကျဉ်းသားများ၏ အခွင့်အရေးများအပါအဝင် အခြေခံရပိုင်ခွင့်များနှင့် ဆက်စပ်သည့် သတင်းအချက် အလက်များသာ အဓိက ပါဝင်သည်။ ... အဆိုပါ သတင်းအချက်အလက်များ လက်လှမ်းမီ ရရှိခြင်းသည် လူ့အခွင့်အရေးအတွက် ပြည်သူများ၏ အသိပညာနှင့် လေးစားတန်ဖိုးထားမှုကို မြှင့်တင်ပေးခြင်း ဖြစ်ကြောင်း ခုံရုံးက ယူဆသည်။ ထို့အပြင် အက်စတိုးနီးယား တရားရုံးများက အဆိုပါ သတင်းအချက်အလက်များကို အသုံးပြုခဲ့ပြီး တရားရုံး၏ တရားခွင်များတွင် သူ၏ အခွင့်အရေးကို ကာကွယ်ရန်အတွက် သုံးစွဲရန် လျှောက်လဲသူက လိုအပ်ကြောင်းဟူသည့် လျှောက်လဲသူ၏ ခုခံချေပချက်ကိုလည်း ခုံရုံးက အထူးပင် ထည့်သွင်းစဉ်းစားသည်။ (သင့်လျော်သည့် သတင်းအချက်အလက်များကို ရှာဖွေရန် အလို့ငှာ) ရရှိနိုင်သည့် သတင်းအချက်အလက်များမှတဆင့် လေ့လာသည့် ပုံစံဖြင့် ဥပဒေသုတေသနပြုခြင်းနှင့် သတင်းအချက်အလက်အတွက် အထူးသီးသန့် တောင်းဆိုခြင်းတို့သည် မတူညီသည့် ကိစ္စရပ်များ ဖြစ်ကြောင်း လျှောက်လဲသူ၏ ခုခံချေပချက်ကို ခုံရုံးက အလေးထားပါသည်။ ဝက်ဆိုက်များသည် အထူးသီးသန့် တောင်းဆိုချက်များဆိုသည်ထက် ဥပဒေသုတေသနများအတွက် ဖြစ်ကြောင်းကိုလည်း အလေးထားသည်။ အမှန်အားဖြင့်

အထူးသီးသန့် တောင်းဆိုမှု ပြုလုပ်ရန်အလို့ငှာ ပထမဦးစွာ မည်သည့် သီးသန့်အချက်အလက်များကို ရရှိနိုင်သည်ကို သိရှိရမည် ဖြစ်ပါသည်။[၁၅၇]

သင့်လျော်မည့် သတင်းအချက်အလက်များကို လိုအပ်သလို ရှာဖွေနိုင်မည့် အခွင့်အလမ်း ကြီးကြီးမားမား ကို အင်တာနက်က မည်သို့ မြန်မြန်ဆန်ဆန် ပေးသည်ကို ခုံရုံးက ဤနေရာတွင် တိတိပပ အသိအမှတ်ပြုထား ပါသည်။ *Jersild v. Denmark* တွင် အခြားနည်းလမ်းများအပေါ် ခုံရုံး၏ လေ့လာဆန်းစစ်ချက်နှင့် အလားတူပင် အခြားနည်းလမ်းများကို အသုံးပြုသည့်အခါ မဖြစ်နိုင်သည့် သတင်းအချက်အလက် ရရှိနိုင်သည့် နည်းလမ်းများကို အကြောင်းအရာနှင့် ဆက်သွယ်ရေးနည်းလမ်းက မည်သို့ အဆင်ပြေချောမွေ့ဆောင် ဆောင်ရွက်သည့်အကြောင်း လျှောက်လဲသူ၏ တင်ပြချက်နှင့်လည်း ကိုက်ညီသည်။ အခြားနည်းလမ်းများရှိကြောင်း အစိုးရ၏ ခုခံချေပချက်ကို ခုံရုံးက ဆက်လက်အသိအမှတ်ပြုသော်လည်း အခြားနည်းလမ်းများ၏ ကုန်ကျစရိတ်များကို အင်တာနက်ချဲ့ထွင် သုံးစွဲမှုကြောင့် တွေ့ကြုံရနိုင်ဖွယ်ရှိသည့် ထပ်တိုး ကုန်ကျစရိတ်များနှင့် အက်စတိုးနီးယားအစိုးရက နှိုင်းယှဉ်မှု မပြုထားကြောင်း ဖော်ပြသည်။

ဥရောပကောင်စီ၏ ဥပဒေသဘောတူစာချုပ်များကိုသာမက ကုလသမဂ္ဂ အထူးအစီရင်ခံစာတင်သွင်းသူ Frank La Rue ၏ အစီရင်ခံစာကို တိတိပပ ကိုးကားလျက် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်နှင့် သတင်းအချက် အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကို ကျော်လွှားခြင်း၏ အရေးပါမှုကို အောက်ပါအတိုင်း ဖော်ပြလျက် ပို၍ ကျယ်ကျယ်ပြန့်ပြန့် အလေးပေးထားသည်-

> အင်တာနက်လက်လှမ်းမီသုံးစွဲခွင့်ကို အခွင့်အရေးတရပ်အဖြစ် တိုး၍ နားလည်သဘောပေါက်လာပြီး အင်တာနက်ကို လူတိုင်းလက်လှမ်းမီ သုံးစွဲခွင့် ရရှိရန်နှင့် "သတင်းအချက် အလက်နည်းပညာ သုံးစွဲ နားလည်မှုပိုင်း ကွာဟချက်" ကို ကျော်လွှားရန် ထိရောက်သည့် မူဝါဒများ ဖွံ့ဖြိုးလာရေး လုပ်ဆောင်ရန် တောင်းဆိုလာကြသည် (အထက်တွင် ဖော်ပြထားသည့် စာပိုဒ် ၂၃ မှ ၂၅ ကို ကြည့်ပါ)။ လူများ၏ နေ့စဉ် ဘဝရှင်သန်မှုများတွင် အင်တာနက်၏ အခန်းကဏ္ဍသည် အရေးတကြီး ပါဝင်ကြောင်းကို ဤတိုးတက် ဖြစ်ထွန်းမှုများက ထင်ဟပ်နေသည်ဟု ခုံရုံးက ယူဆသည်။ အမှန်အားဖြင့် ဝန်ဆောင်မှုများနှင့် သတင်း အချက်အလက် ပမာဏ အများအပြားကို အင်တာနက်တွင်သာ ရရှိသည်။ အက်စတိုးနီးယားတွင် တရားဝင် ပုံနှိပ်ထုတ်ပြန်ထားသည့် ဥပဒေများကို Riigi Teataja ၏ အွန်လိုင်းစာမူမှတဆင့်သာ လက်တွေ့အားဖြင့် ရရှိပြီး ပုံနှိပ်စာမူဖြင့် မရရှိသည့် အချက်ဖြင့် သက်သေပြသည့်အတိုင်းပင် ဖြစ်သည် (အထက်တွင် ဖော်ပြထားသည့် စာပိုဒ် ၇ ကို ကြည့်ပါ)။ Riigi Teataja ၏ အွန်လိုင်းစာမူသည် ခုံရုံး ဆုံးဖြတ်ချက်များ၏ အက်စတိုးနီးယားဘာသာပြန်များနှင့် အက်စတိုးနီးယား ဘာသာပြန် အနှစ်ချုပ်များကို လက်တလောတွင် ဖော်ပြထားကြောင်း ခုံရုံးက ထပ်လောင်း အတည်ပြုပါသည်။[၁၅၈]

---

[၁၅၇] *Kalda* (n. 6), para. 50.

[၁၅၈] ibid., para. 52.

(အထက်တွင်ဖော်ပြထားသည့် စာပိုဒ် ၄၀ ကို ကြည့်ပါ)

အက်စတိုးနီးယား၏ လက်ရှိဥပဒေမူဘောင်သည် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကို အကန့်အသတ်ဖြင့်သာ အာမခံထားကြောင်းကို ခုံရုံးက ထပ်လောင်းပြောကြားသည်။ အဆိုပါ ရည်ရွယ်ချက်အတွက် သီးသန့် ပြုပြင်ထားသော ကွန်ပျူတာများနှင့် အကျဉ်းထောင်အာဏာပိုင်များ၏ ကြီးကြပ်မှုအောက်မှတဆင့်သာ အကန့်အသတ်ဖြင့် သုံးစွဲခွင့်ပြုခြင်း ဖြစ်သည်။ ထို့ကြောင့် သုံးစွဲခွင့် စီစဉ်ရာတွင် ကုန်ကျစရိတ်ကို အစိုးရက ကျခံပေးထားပြီး ဖြစ်ကြောင်းကို ခုံရုံးက သုံးသပ်ခဲ့သည်။ လျှောက်လဲသူက တောင်းခံသည့် ထပ်တိုးဝက်ဆိုက်များသည် ကုန်ကျစရိတ်များ သိသိသာသာ ထပ်မံလိုအပ်သည်ဟူသော ခုခံငြင်းဆိုမှုကို မပြုလုပ်ပေ။[၁၅၉]

တနှစ်ကြာမြင့်ပြီးသော် ပညာရေးဆိုင်ရာ ဝက်ဆိုက်များ သုံးစွဲခွင့် တားမြစ်ခံရသည့် အကျဉ်းသားတဦး၏ အမှုဖြစ်သည့် *Jankovskis v. Lithuania* တွင် *Kalda* ဆုံးဖြတ်ချက်ကို ခုံရုံးက အားပေးထောက်ခံခဲ့သည်။ တားမြစ်ချက်သည် 'ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် လိုအပ်' ကြောင်း လေ့လာဆန်းစစ်ချက်တွင် လေ့လာနေသည့် သတင်းအချက်အလက်ကို သုံးစွဲရန် နည်းလမ်းများ (ဆိုလိုသည်မှာ အင်တာနက်) ကို တသီးတသန့် ပိတ်ပင်တားမြစ်ခြင်းသည် အပိုဒ် (၁၀) ကို ချိုးဖောက်ခြင်း ဖြစ် မဖြစ်အပေါ်ကိုလည်း ခုံရုံးက အလေးထားသည်။ လျှောက်လဲသူက တောင်းခံထားသည့် သတင်းအချက်အလက် အမျိုးအစား (စာပိုဒ် ၅၉)၊ သတင်းအချက်အလက်များကို သုံးစွဲသည့် အခြားနည်းလမ်းများ (စာပိုဒ် ၆၀-၆၁)၊ ဆက်သွယ်ရေးနည်းလမ်း၏ ထူးခြားမှုနှင့် တဦးချင်းစီအတွက် စီမံပေးသည့် ပြည်သူ့ဝန်ဆောင်မှုတန်ဖိုး (စာပိုဒ် ၆၂) နှင့် တောင်းခံသည့် သတင်းအချက်အလက်၏ အကြောင်းအရာနှင့် ဆက်စပ်သည့် လုံခြုံရေးအန္တရာယ် (စာပိုဒ် ၆၂) တို့အပေါ် အလေးထားပါသည်။

လျှောက်လဲသူက သုံးစွဲခွင့်ရရန် တောင်းခံထားသည့် ဝက်ဆိုက်များ၏ အကြောင်းအရာအပေါ် ခုံရုံး၏ လေ့လာဆန်းစစ်ချက်တွင် ဤသတင်းအချက်အလက်၏ ပညာရေးဆိုင်ရာနှင့် စိတ်အပန်းဖြေမှုဆိုင်ရာ သဘော သဘာဝကို အလေးထားပါသည်။ ခုံရုံးက ဖော်ပြသည်မှာ -

> ၅၉။ လျှောက်လဲသူက သုံးစွဲခွင့် ရလိုသည့် ဝက်ဆိုက်တွင် လစ်သူရေးနီးယားနိုင်ငံရှိ သင်ကြား သင်ယူမှု အစီအစဉ်များအကြောင်း သတင်းအချက်အလက်များ ပါဝင်သည်ကို ခုံရုံးက မှတ်ချက်ပြုသည်။ အဆိုပါ ဝက်ဆိုက်ရှိ သတင်းအချက်အလက်များကို ပုံမှန် အသစ်ဖြည့်စွက်ပါသည်။ ဥပမာအားဖြင့် လက်ရှိ ပညာသင်ကြားရေးနှစ်အတွက် ဝင်ခွင့်လိုအပ်ချက်များကို ဖော်ပြထားသည်။ လစ်သူရေးနီးယားအလုပ်သမား ဖလှယ်ရေးဌာနမှ အလုပ်ခေါ်စာများနှင့် အလုပ်လက်မဲ့ဆိုင်ရာ အချက်အလက်များကိုလည်း အချိန်နှင့်တပြေးညီ တင်ဆက်ပေးသည် (အထက်တွင် ဖော်ပြထားသည့် စာပိုဒ် ၇ ကို ကြည့်ပါ)။ ပညာရေးရရှိရန် လျှောက်လဲသူ၏ စိတ်ပါဝင်စားမှုနှင့် တိုက်ရိုက် သင့်လျော်သည့် အဆိုပါ သတင်းအချက်အလက်များကို ကိုင်စွဲထားရန် ကျိုးကြောင်းလျော်ညီပါသည်။ အပြန်အလှန်အားဖြင့် သူ၏ ပြန်လည်ထူထောင်ရေးနှင့်

---

[၁၅၉] ibid., para. 53–4.

ဆက်တိုက်ဆိုသလို လူ့အဖွဲ့အစည်းနှင့် တသားတည်း ဖြစ်အောင် ပြန်လည်ပြုလုပ်ခြင်းအတွက်လည်း ဆီလျော်ပါသည်။

အင်တာနက်၏ ထူးခြား ဝိသေသလက္ခဏာရပ်များအနက် တရပ်ကို ဤနေရာတွင် ခုံရုံးက အသိအမှတ်ပြုထားသည်။ လက်ရှိနှစ်ကာလ၏ လိုအပ်ချက်များကို ဖော်ပြရန်အတွက် အဆိုပါဝက်ဆိုက်များသည် ပုံမှန် အချက်အလက်အသစ်များ တင်ဆက်ကြသည်ကို သိရှိလျက် အသိအမှတ်ပြုပါသည်။ ဤသို့ အချက်အလက် အသစ် တင်ဆက်ခြင်းသည် ပုံနှိပ်ဆက်သွယ်ရေးနည်းလမ်းများကဲ့သို့ အခြားဆက်သွယ်ရေးနည်းလမ်းများဖြင့် ဖြစ်နိုင်ခြေ မရှိပေ။ အင်တာနက်တိုးချဲ့သုံးစွဲခွင့်သည် နိုင်ငံအတွက် နောက်ထပ် ကုန်ကျစရိတ်များ မရှိကြောင်း လစ်သူရေးနီးယား အစိုးရက ခုခံမချေပသည်ကို ခုံရုံးက ဆက်လက် မှတ်သားထားသည်။ ဤနေရာတွင် အကယ်၍ အင်တာနက်သုံးစွဲခွင့်ကို စီမံရာတွင် ကုန်ကျစရိတ်များပြားပါက နိုင်ငံအတွက် ပိုမို လေးစားလိုက်နာမှု ပေးရမည် ဖြစ်ကြောင်းကို ခုံရုံးက အရိပ်အမြွက်ပြောကြားပါသည်။

အခြားသော သတင်းအချက်အလက်ဆက်သွယ်ရေး မီဒီယာအားလုံးနှင့် ကွဲပြားခြားနားသည့် အင်တာနက်၏ ဤထူးခြား ဝိသေသလက္ခဏာရပ်များတွင် ရုပ်မြင်သံကြားနှင့် ရုပ်ရှင်များ ကြည့်ရှုနိုင်မှု၊ ရေဒီယို နားထောင်နိုင်မှု၊ သတင်းစာများနှင့် အခြား ပုံနှိပ်စာအုပ်များ ဖတ်ရှုနိုင်မှုတို့လည်း ပါဝင်သည်။ ထို့နည်းတူ ပုဂ္ဂိုလ်ရေး၊ နိုင်ငံရေး၊ ပညာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကိစ္စရပ်များဆိုင်ရာ သတင်းစကားများကို တပြိုင်နက်တည်း ပေးပို့နိုင်မှုနှင့် လက်ခံနိုင်မှုတို့လည်း ပါဝင်သည်။[၁၆၀] မီဒီယာ၊ လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးရေး ပညာရှင်များက အသိအမှတ်ပြုထားသည့် ပြည်သူ့ရေးရာ မူဝါဒတွင် ဤသို့ ကွဲလွဲခြားနားရသည့် အကြောင်းရင်းမှာ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့် မရရှိခြင်းသည် အခြားမီဒီယာများကို သုံးစွဲခွင့် မရရှိခြင်းနှင့် များစွာကွာခြားကြောင်းကို ဆိုလိုသည်။[၁၆၁] နောက်လာမည့် အခန်းများတွင် အချင်းချင်း အပြန်အလှန် တုံ့ပြန်ချိတ်ဆက်နိုင်ရန်အတွက် တဦးချင်းစီက အင်တာနက်ကို အသုံးပြုသည့် နည်းလမ်းပေါင်းစုံ၊ သတင်းအချက်အလက်နှင့် အယူအဆများကို တပြိုင်နက်တည်း လက်ခံပေးပို့သည့် နည်းလမ်းပေါင်းစုံတို့ကို လေ့လာသွားပါသည်။[၁၆၂] လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့်အတွက် လူများက အင်တာနက်ကို အသုံးပြုသည့် အခြေခံနည်းလမ်းများသည် လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့များက အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်ကို မည်သို့ အနက်ဖွင့်ဆိုထားသည်နှင့် ချိတ်ဆက်ထားရမည်။ အခြားဆက်သွယ်ရေးနည်းလမ်းများမှတဆင့် ထုတ်ဖော်တင်ပြခြင်းသည် အရေးပါကြောင်း သိသာထင်ရှားသော်ငြား ယခုအခါတွင် သတင်းအချက်အလက်များကို လက်ခံသူများနှင့် ပေးပို့သူများအဖြစ် နှစ်မျိုးစလုံး ဖြစ်နေသည့် အသုံးပြုသူများအတွက် အွန်လိုင်းတွင် ထုတ်ဖော်တင်ပြခြင်းသည် ကျယ်ကျယ်ပြန့်ပြန့် အာမခံချက်

---

[၁၆၀] အခန်း (၁)၊ အခန်း (၆-၃)၊ အခန်း (၄)

[၁၆၁] ယေဘုယျအားဖြင့် Lisa J Servon, *Bridging the Digital Divide: Technology, Community and Public Policy* (John Wiley & Sons 2008); William McIver, William Birdsall, and Merrilee Rasmussen, 'The Internet and the Right to Communicate' (2003) *First Monday* 8; P.T.H. Unwin (ed), *ICT4D: Information and Communication Technology for Development* (CUP 2009) ကို ကြည့်ပါ။

[၁၆၂] အခန်း (၁)၊ အခန်း (၅-၁)၊ (၅-၂)၊ အခန်း (၆-၃)

မရှိပါက ကွဲပြားခြားနားရန် လိုအပ်သည်မှာ အငြင်းပွားဖွယ် မရှိပေ။[၁၆၃] ထို့အပြင် ဤအမှုများရှိ အွန်လိုင်း လုပ်ဆောင်မှုမျိုးစုံသည် နိုင်ငံရေးပြောဆိုချက်ကို အခြားပြောဆိုချက်အမျိုးအစားများမှ ပိုင်းခြားရန် ခက်ခဲသည်ကို သရုပ်ဖော်ပြနေသည်။ ယခင် သတင်းအချက်အလက် မီဒီယာအတွက် ပြဿနာမရှိသည့် နည်းလမ်းဖြင့် ပိုင်းခြားရမည် ဖြစ်သည်။ အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်ကို တားမြစ်ခြင်းအပေါ် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့များက မလုပ်ဆောင်မီကပင် ဖြစ်ပေါ်လာသည့် ပထမဆုံး အမှုများမှာ *Yildirim* ၊ *Kalda* နှင့် *Jankovskis* တို့ ဖြစ်ကြသည်။ အနာဂတ်ကာလတွင် အင်တာနက်၏ တပြိုင်နက်တည်း နှစ်မျိုး ဆက်သွယ်နိုင်သည့် လမ်းကြောင်းကို ခုံရုံးက မည်သို့ အသိအမှတ်ပြုသည် သို့မဟုတ် လျစ်လျူရှုသည်က အပိုဒ် (၁၀) အောက်မှနေ၍ အခွင့်ရရှိနိုင်မည့် အကာအကွယ်များ၏ လွှမ်းခြုံမှုအပေါ် သိသိသာသာ သက်ရောက်နိုင်လိမ့်မည် ဖြစ်သည်။ ထို့အပြင် ပုံနှိပ်မီဒီယာနှင့် ရုပ်သံမီဒီယာတို့ကဲ့သို့ အခြားသော မီဒီယာအမျိုးအစားများကို အတူအကွ ပေါင်းစပ်နိုင်သည့် အင်တာနက်၏ စွမ်းဆောင်ရည်ကိုလည်း ခုံရုံး၏ အသိအမှတ်ပြုမှု သို့မဟုတ် လျစ်လျူရှုမှုကလည်း သက်ရောက်ပေလိမ့်မည်။[၁၆၄] ထို့အပြင် အင်တာနက်၏ ဤထူးခြားသော သီးသန့်ဝိသေသလက္ခဏာရပ်များကို ခုံရုံးက အသိအမှတ်ပြုသည့်အခါ သို့မဟုတ် အသုံးပြုသည့်အခါတွင် သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကို ကျဉ်းမြောင်းစေရေး ပါဝင်သည့် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်အတွက် ဆွေးနွေးချက်များသည် ပို၍ အားကောင်းလာရမည်။ အဘယ့်ကြောင့်ဆိုသော် လုပ်ဆောင်ချက်ပိုင်းတွင် ထပ်တူဖြစ်နေသည့် အခြားမီဒီယာများ မရှိခြင်းကြောင့် ဖြစ်သည်။[၁၆၅]

၃-၂-၄။ ခုံရုံး၏ ပထမဆုံးလေ့လာဆန်းစစ်ချက်များတွင် မပါရှိသော ဆီလျော်သည့် အခြေခံမူများ

ဤအမှုတွင် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကဲ့သို့ ပြဿနာများကို ဆွေးနွေးရာတွင် ယေဘုယျနည်း သို့မဟုတ် အကျဉ်းချုံးနည်းတွင် လုပ်ဆောင်သကဲ့သို့ ခုံရုံးအနေဖြင့် ဆောင်ရွက်ရန် မလိုပေ။ သို့သော် 'သီးသန့် အမှု၏ အချက်အလက်များနှင့် သက်ဆိုင်နေသမျှသာလျှင်' ဆောင်ရွက်ရန် လိုအပ်သည်။[၁၆၆] သို့ဖြစ်သည့်အတွက် နမူနာ ၃ ခုစလုံးတွင် ခုံရုံးသည် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကို ယေဘုယျအားဖြင့် မကိုင်တွယ်ခဲ့ပေ။ သို့သော်ငြား အမှုတခုစီ၏ အချက်များအပေါ် အခြေခံ၍ လေ့လာဆန်းစစ်ချက်ပြုရန် အလို့ငှာ လိုအပ်သမျှ ခုံရုံးက ကိုင်တွယ်ခဲ့ပါသည်။ ခုံရုံးမှ ယေဘုယျဆန်ပြီး ရှင်းလင်းသည့် လမ်းညွှန်ချက် မရှိသော်ငြား အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်ကို တားမြစ်ခြင်း မေးခွန်းနှင့် စပ်လျဉ်းပြီး အမြင်သစ်ရရှိရန် ခုံရုံး၏ ကနဦး လေ့လာဆန်းစစ်ချက်များကို အသုံးပြုနိုင်ပါသည်။ ထို့နည်းတူ အရေးကြီးသည်မှာ ဤအမှုများတွင် ခုံရုံးက အသုံးမပြုခဲ့သည့် အခြေခံမူများ

---

[၁၆၃] အခန်း (၆-၃)

[၁၆၄] အခန်း (၁)၊ အခန်း (၆-၆)၊ အခန်း (၅-၃)

[၁၆၅] အခန်း (၆)၊ အပိုင်း (၆-၃) နှင့် (၆-၅)

[၁၆၆] *Markt Intern Verlag and Klaus Beerman v. the Federal Republic of Germany* (1987) Series A no 165, para. 225.

ဖြစ်ကြသည်။ သို့သော် အင်တာနက်သုံးစွဲခွင့်ကို တားမြစ်သည့် နောင်ကာလ အမှုများကို အနက်ဖွင့်ဆိုရာတွင် ၎င်းအခြေခံမူများသည် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ပါသည်။ ဗဟုဝါဒ အခြေခံမူ၊ ပြည်သူ့ရေးရာ စောင့်ကြည့်ရေးရည်ရွယ်ချက်များအတွက် သတင်းအချက်အလက် ရရှိသုံးစွဲခွင့်ကို လွှမ်းခြုံ အကျုံးဝင်စေရန် သတင်းအချက်အလက် ကျယ်ကျယ်ပြန့်ပြန့် လက်ခံရရှိခွင့်တို့ ပါဝင်သည်။ ထို့အပြင် လွတ်လပ်စွာ ထုတ်ဖော် တင်ပြပြောဆိုခွင့် အာမခံချက်များကို အသေအချာ ဖြည့်ဆည်းရန်အတွက် နိုင်ငံ၏ မလုပ်ဆောင်ရမည့် တာဝန်များကို ၎င်း၏ လုပ်ဆောင်ရမည့် တာဝန်များမှ ကွဲကွဲပြားပြား ခွဲခြားရာတွင် ကြုံတွေ့ရသည့် အခက်အခဲများလည်း ပါဝင်သည်။

ခုံရုံးက အတိအကျ မဖော်ပြထားသော်ငြား လူတဦးချင်းစီ၏ လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့်၏ အစိတ်အပိုင်းအဖြစ် စော်ကားပြောဆိုခြင်းမှ အကာအကွယ်ပေးခြင်းနှင့် ဗဟုဝါဒ၏ စံနမူနာ အခြေခံမူတို့သည် *Yildirim* အမှုတွင် ပါဝင်သည်။[၁၆၇] အမှုသည် တူရကီအစိုးရမှ ထုတ်ပြန်သည့် တားမြစ်မိန့်ကြောင့် စတင် ပေါ်ပေါက်လာသည်။ ၎င်းတားမြစ်မိန့်မှာ 'Atatürk ဂုဏ်ပြုအမှတ်တရကို စော်ကားမော်ကား ပြုလုပ်သည့် တရားခံဖြစ်သည့် "မတော်တရော်ဝက်ဆိုက်၏" ပိုင်ရှင်ကို ဖမ်းဆီးရန်အတွက် ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုနိုင်ရေး ကြိုတင် တားဆီးသည့် အရေးယူဆောင်ရွက်ချက်တရပ်' အဖြစ် တားမြစ်မိန့်ကို ချမှတ်ခြင်း ဖြစ်သည်။[၁၆၈] 'မစော်ကား' သည့် ပြောဆိုချက်နှင့် ဆန့်ကျင်လျက် 'စော်ကားမော်ကား' ပြောဆိုချက်အတွက် အကာအကွယ်ပေးခြင်းများ၏ သဘောသဘာဝကို ရှင်းရှင်းလင်းလင်း မဖော်ပြထားခြင်းသည် အမှုတွင် ရှင်းရှင်းလင်းလင်း ရှိနေသည့် အခြေခံအချက် ဖြစ်သည်။ အမှုတွင် လျှောက်လဲသူသည် ဆက်စပ်သည့် 'မတော်တရော် ဝက်ဆိုက်' ၏ ပိုင်ရှင် မဟုတ်သည့်အပြင် စွပ်စွဲခံရသူနှင့် လုံးဝ မသက်ဆိုင်သူလည်း ဖြစ်သည်။ ထို့ကြောင့် အမှု၏ အကြောင်းအရာသည် အမှု၏ အချက်များနှင့် သက်ဆိုင်သည့် အခြေခံမူများနှင့် တိတိကျကျ ချိတ်ဆက်ထားသော်ငြား ခုံရုံး၏ ဦးတည်ချက်မှာ ဗဟုဝါဒ အခြေခံမူကို အသုံးပြုခြင်း မဟုတ်ပေ။ အထက်တွင် မိတ်ဆက် တင်ပြပြီး ဖြစ်သည့်အတိုင်း ဗဟုဝါဒ အခြေခံမူသည် နောင်လာမည့် အမှုများတွင် လုပ်ပိုင်ခွင့် နယ်ပယ်ကို ကျဉ်းမြောင်းစေရမည်။ ၎င်းအမှုများသည် *Yildirim* ထက် ထူးခြားမှု နည်းပါးသော်ငြား အပိုဒ် (၁၀) အာမခံချက်များနှင့် သက်ဆိုင်သေးကြောင်း တွေ့ရှိနိုင်သည်။

ခုံရုံးသည် *Kalda* နှင့် *Jankovskis* တို့တွင် ဆွေးနွေးသကဲ့သို့ *Yildirim* တွင် များစွာ ဆွေးနွေးခြင်း မပြုသော်ငြား တဦးချင်းစီ၏ သတင်းအချက်အလက် လက်ခံရရှိခွင့်၏ အရေးပါမှုကို အနက်ပြန်ဆိုရာတွင် ခုံရုံးက အမှု ၃ ခုစလုံးတွင် ချဲ့ထွင်လာပါသည်။ *Tarsasag* နှင့် *Youth Initiative* ကဲ့သို့ သတင်းအချက်အလက်လက်ခံရရှိခွင့် အမှုများတွင် ဤ ပြောင်းလဲမှုကို ခုံရုံးက အသိအမှတ်ပြုပါသည်။ ၎င်းအမှုများသည် အစိုးရ၏ မလုပ်ဆောင်ရမည့် တာဝန်များနှင့် လုပ်ဆောင်ရမည့် တာဝန်များအကြား ရှိ ခွဲခြားထားသည့်မျဉ်းကို ဝေဝါးစေသည်။ လျှောက်လဲသူသည် လူ့အဖွဲ့အစည်းအတွင်း စောင့်ကြည့်ရေး အခန်းကဏ္ဍကို ဖြည့်ဆည်းပေးသူအဖြစ် ယူဆသည့်အခါ သတင်းအချက်အလက်လက်ခံ ရရှိခွင့်နှင့် လက်လှမ်းမီ သုံးစွဲခွင့်ကို မည်သို့ အားကောင်း ခိုင်မာစေသည်ကို လေ့လာ

---

[၁၆၇] *Jersild* (n. 22), para. 31; *Handyside* (n. 11), para. 49 ကို ကြည့်ပါ။

[၁၆၈] *Yildirim* (n. 6), para. 8.

ပါသည်။[၁၆၉] အမှုနှစ်ခုစလုံးတွင် သတင်းအချက်အလက်လက်လှမ်းမီ သုံးစွဲခွင့်ကို နိုင်ငံမှ တားမြစ်ချက် ပါဝင်သော်ငြား တောင်းခံထားသည့် သတင်းအချက်အလက်များကို လျှောက်လဲသူအတွက် စီစဉ်ပေးရန် နိုင်ငံမှ ပယ်ချခြင်း ပါဝင်ကြောင်းအဖြစ် အမှုနှစ်ခုစလုံးကို ရှုမြင်နိုင်ပါသည်။[၁၇၀]

Társaság a Szabadságjogokért v. Hungary တွင် လူ့အခွင့်အရေးမြှင့်တင်ရာ၌ တက်တက်ကြွကြွ ပါဝင်နေသော အထူးသဖြင့် ဟန်ဂေရီ အစိုးရ၏ မူးယစ်ဆေးဝါး မူဝါဒများကို စောင့်ကြည့်လျက်ရှိသော အစိုးရ မဟုတ်သည့် အဖွဲ့အစည်း (NGO) သည် ဟန်ဂေရီ အခြေခံ ဥပဒေခုံရုံးတွင် အယူခံဝင်ခွင့်ရရှိရန်အတွက် လမ်းစရာ ဖွေခဲ့ပါသည်။ မူးယစ်ဆေးဝါးမူဝါဒများအပေါ် နိုင်ငံ၏ ပါလီမန်အဖွဲ့ဝင်တဦး၏ အမြင်သဘောထားကို အထောက် အထားပြုကာ အယူခံဝင်ရန် လမ်းစရာဖွေခြင်း ဖြစ်သည်။[၁၇၁] ဟန်ဂေရီတရားရုံးသည် NGO ၏ အယူခံကို ပါလီမန် အဖွဲ့ဝင်၏ ပုဂ္ဂိုလ်ရေးရပိုင်ခွင့်များဖြစ်ကြောင်းနှင့် အဆိုပါ အချက်အလက်များကို ပါလီမန်အဖွဲ့ဝင်၏ ခွင့်ပြုချက် မရှိဘဲ မဖြန့်ချိနိုင်ကြောင်း ကိုးကားလျက် ငြင်းပယ်ခဲ့ပါသည်။ အဆိုပါ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို အကာအကွယ်ပေးခြင်းကို ပြည်သူ့ရေးရာ သတင်းအချက်အလက်များ ရရှိခွင့် အပါအဝင် အခြားသော ဥပဒေက ခွင့်ပြုထားသည့် အကျိုးစီးပွားများဖြင့် မပယ်ဖျက်နိုင်ကြောင်း တရားရုံးက ခုခံပြောဆိုသည်။[၁၇၂]

ECtHR တွင် ၎င်း၏ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို တားမြစ်ကြောင်း လျှောက်လဲသူက ခုခံပြောဆိုပါသည်။ အဘယ့်ကြောင့်ဆိုသော် သတင်းအချက်အလက်အတွက် သူ၏ တရားဝင်လျှောက်လွှာကို အစိုးရက ပယ်ချခဲ့ခြင်းကြောင့် ဖြစ်သည်။[၁၇၃] ဤသို့ သတင်းအချက်အလက်များကို တားမြစ်သည့်အတွက် လူတဦး ချင်းစီ၏ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို သေချာစေရေးအတွက် ဤသတင်းအချက်အလက်များကို စီမံပေးရမည့် အစိုးရ၏ လုပ်ဆောင်ရမည့် တာဝန်များကို အစိုးရကိုယ်တိုင် ချိုးဖောက်ခဲ့ပါသည်။[၁၇၄] ခုံရုံး၏ လေ့လာဆန်းစစ်ချက်တွင် စာနယ်ဇင်းနှင့် စပ်လျဉ်း၍ ဖြစ်ပေါ်လာခဲ့သည့် စီရင်ထုံးဥပဒေကို အသုံးပြုပါသည်။ အများပြည်သူအကျိုးစီးပွားနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို ပြည်သူက ရပိုင်ခွင့်ရှိကြောင်း ၎င်းစီရင်ထုံးဥပဒေက အသိအမှတ်ပြုထားသည်။[၁၇၅] လူ့အဖွဲ့အစည်း၏ စောင့်ကြည့်ရေးအဖွဲ့များအနက် တခု ဖြစ်သည့် သတင်းသမားကို ဥပဒေနှင့် သက်ဆိုင်သည့် ကိစ္စရပ်များအကြောင်း ပြည်သူ့ရေးရာ ဆွေးနွေးပွဲတွင်

---

[၁၆၉] *Társaság a Szabadságjogokért* (n. 26); *Youth Initiative* (n. 26).

[၁၇၀] အခန်း (၄) တွင် နိုင်ငံ၏ လုပ်ဆောင်ရန် တာဝန်ရှိမှု အမြင်ရှုထောင့်မှနေ၍ အလားတူ အမှုကို IACtHR သည် ရွေးချယ် ရှုမြင်သည်။ တနည်းဆိုရသော် ECtHR နှင့် မတူသည်မှာ လက်လှမ်းမီ သုံးစွဲခွင့်ကို နိုင်ငံမှ တားမြစ်ချက်မဟုတ်ဘဲ နိုင်ငံမှ လျစ်လျူရှုခြင်းအမြင်ရှုထောင့်မှနေ၍ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် အာမခံချက်များအပေါ် တားမြစ်ချက်ကို လေ့လာဆန်းစစ်ရန် IACtHR သည် ရွေးချယ်ပါသည်။ အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့် ပါဝင်သည့် အမှုများကို ခုံရုံး နှစ်ခုစလုံးက မည်သို့ချဉ်းကပ်ရမည်အရ သိသာထင်ရှားမှုရှိကြောင်း ဆွေးနွေးငြင်းခုံ ရပေမည်။

[၁၇၁] *Társaság a Szabadságjogokért* (n. 26), para. 9.

[၁၇၂] ibid., paras 13, 15.

[၁၇၃] ibid., paras 6–16, 17, 22.

[၁၇၄] ibid., para. 23.

[၁၇၅] ibid., para. 26.

ပါဝင်ခွင့် မရှိစေရန် နိုင်ငံ အာဏာပိုင်များက အလားအလာရှိရှိ တားမြစ်သည့်အခါတွင် လက်ခံရရှိခွင့်ကို အထူး ဂရုတစိုက် စေ့စေ့စပ်စပ် စိစစ်ရမည်ဖြစ်ကြောင်း ခုံရုံးက ဤနေရာတွင် အလေးထားပြောကြားသည်။[၁၇၆] လက်ခံ ရရှိခွင့်နှင့် သတင်းသမားကဲ့သို့ NGO ၏ လုပ်ငန်းဆောင်တာဖြစ်သော ပြည်သူ့ရေးရာစောင့်ကြည့်ရေး အလုပ်တို့မှ တဆင့် လုပ်ဆောင်ရမည့် တာဝန်အကြောင်း လျှောက်လဲသူ၏ ခုခံချေပချက်ကိုလည်း ခုံရုံးက အသိအမှတ်ပြုသည်။ သို့ရာတွင် အပိုဒ် (၁၀) ရှိ အစိုးရ၏ မလုပ်ဆောင်ရမည့် တာဝန်များကို ခုံရုံးက လေ့လာဆန်းစစ်ခြင်းဖြင့် ချဉ်းကပ်သည်။ အဘယ့်ကြောင့်ဆိုသော် သတင်းအချက်အလက် လက်ဝါးကြီးအုပ်မှုတွင် စိစစ်ဖြတ်တောက်သည့် အခွင့်အာဏာ ရှိသည့်အတွက် ဖြစ်သည်။[၁၇၇] သတင်းအချက်အလက် လက်လှမ်းမီ ရရှိခွင့်ကို ပို၍ နှေးကွေးအောင် အစိုးရမှ ပြုလုပ်သည့် အရေးယူဆောင်ရွက်ချက်များကို တရားဥပဒေနှင့် သက်ဆိုင်သည့် ပြည်သူ့ရေးရာ ဆွေးနွေးပွဲတွင် စောင့်ကြည့်ရေးအဖွဲ့များ၏ ပူးပေါင်းပါဝင်မှုကို ဟန့်တားခြင်းအဖြစ် ယူဆနိုင်ကြောင်းကိုလည်း ရှင်းပြသည်။[၁၇၈]

အစိုးရ၏ သတင်းအချက်အလက်မှတ်တမ်းကို အသုံးပြုခွင့် သို့မဟုတ် အစိုးရချုပ်ကိုင်ထားသည့် သတင်း အချက်အလက်များကို ရရှိသုံးစွဲခွင့်ကို ပြည်သူများ၏ လက်ခံရရှိခွင့်၏ အစိတ်အပိုင်းအဖြစ် အပိုဒ် (၁၀) က အပ်နှင်း ထားသည်ကို ခုံရုံးက မတွေ့ရှိခဲ့ကြောင်း ယခင်စီရင်ထုံးဥပဒေက သက်သေပြပါသည်။[၁၇၉] သို့ရာတွင် ဤအမှုတွင် ယခင်စီရင်ထုံးဥပဒေကို ခုံရုံးမှ ကိုးကားရာတွင် ပြည်သူများ၏ လက်ခံရရှိခွင့်ကို ကျယ်ကျယ်ပြန့်ပြန့် အနက် ဖွင့်ဆိုမှုကို ကျင့်သုံးပါသည်။ ထိုသို့ အနက်ဖွင့်ဆိုခြင်းဖြင့် သတင်းအချက်အလက် လက်လှမ်းမီ ရရှိခွင့်ကို အသိ အမှတ်ပြုခြင်းဆီသို့ ဦးတည်စေသည်။[၁၈၀] 'ဒီမိုကရေစီ လူ့အဖွဲ့အစည်းတွင် လိုအပ်သည်' ဟူသော စမ်းသပ်ချက်ကို ကျင့်သုံးရာတွင် ခုံရုံးက အောက်ပါအတိုင်း ဖော်ပြသည်-

> အစကတည်းကပင် ခုံရုံးက ပြန်လည်ကိုးကားသည်မှာ "ပုဂ္ဂိုလ်ရေးအခြေအနေနှင့်သက်ဆိုင်သော အချက် အလက်များပါဝင်သည့် မှတ်တမ်းကို အသုံးပြုခွင့်ကို လူတဦးချင်းစီအား အပိုဒ် (၁၀) က …. မအပ်နှင်း ထားပေ။ ထို့အတူ အဆိုပါသတင်းအချက်အလက်များကို လူတဦးချင်းစီသို့ ပေးပို့ရန် အစိုးရက တာဝန် တရပ်အနေဖြင့် အကောင်အထည်ဖော်ရမည်လည်း မဟုတ်ပေ" (*Leander v. Sweden*, 26 March 1987, § 74 *in fine*, Series A no. 116)။ ထို့အပြင် "စီမံအုပ်ချုပ်ရေးဆိုင်ရာ အချက်အလက်များနှင့် စာအုပ် စာတမ်းများကို ရရှိအသုံးပြုမှုအတွက် အများပြည်သူဆိုင်ရာအခွင့်အရေးကို သဘောတူစာချုပ်မှ ဆင့်ပွားရယူရန် ခက်ခဲကြောင်း" ကိုလည်း ပြန်လည်ကိုးကားထားသည် (*Loiseau v. France* (dec.), no. 46809/99, ECHR 2003-XII (extracts))။ သို့သော်လည်း "သတင်းအချက်အလက်ကို လွတ်လပ်စွာ

---

[၁၇၆] ibid.

[၁၇၇] ibid., para. 36.

[၁၇၈] ibid.

[၁၇၉] ibid., para. 35.

[၁၈၀] ibid. *Sdružení Jihočeské Matky c. la République tchèque* (dec), App no 19101/03 (ECtHR, 10 July 2006) ကိုလည်း ကြည့်ပါ။

လက်ခံရရှိခွင့်” အယူအဆကို ပို၍ ကျယ်ကျယ်ပြန့်ပြန့် အနက်ဖွင့်ဆိုရန် ခုံရုံးက လက်တလော တိုးမြှင့်လုပ်ဆောင်လျက်ရှိသည် (*Sdružení Jihočeské Matky c. la République tchèque* (dec.), no. 19101/03, 10 July 2006 ကို ကြည့်ပါ)။ ထို့အပြင် သတင်းအချက်အလက် လက်လှမ်းမီ ရရှိခွင့်ကို အသိအမှတ်ပြုလက်ခံရန်အတွက်လည်း ဤနည်းဖြင့် ဦးတည်ဆောင်ရွက်သည်။[၁၈၁]

ထို့အပြင် ဤအမှုကို သတင်းအချက်အလက်လက်လှမ်းမီ ရရှိခွင့်နှင့်စပ်လျဉ်းသည့် ယခင် အမှုများနှင့် အောက်ပါအတိုင်း ဖော်ပြလျက် ခုံရုံးက ခွဲခြားပါသည်-

> သတင်းအချက်အလက်လက်ဝါးကြီးအုပ်မှုတွင် စိစစ်ဖြတ်တောက်မှုအခွင့်အာဏာ ရှိသည့်အတွက်ကြောင့် တရားဝင်စာအုပ်စာတမ်းများကို အများပြည်သူ အသုံးပြုခွင့် တားမြစ်ချက်ဆိုသည်ထက် စာနယ်ဇင်းကဲ့သို့ လူမှုရေးရာ စောင့်ကြည့်ရေးလုပ်ဆောင်ချက်များ ကျင့်သုံးမှုအပေါ် တားမြစ်ချက်နှင့် ဤအမှုက အခြေခံအားဖြင့် သက်ဆိုင်သည်။[၁၈၂]

စာနယ်ဇင်းကို ၎င်း၏ လုပ်ဆောင်ချက်များ ဆောင်ရွက်ခြင်းမှ တားမြစ်ရန် အစိုးရ အာဏာပိုင်များမှ အကန့်အသတ်များ ဖန်တီးသည့် အခြေအနေများနှင့် ဆက်စပ်သည့် ခုံရုံး၏ စီရင်ထုံးဥပဒေကို အသုံးပြုခြင်းဖြင့် အထူး ကြပ်မတ် စိစစ်ခြင်းကို အသုံးပြုရန် ခုံရုံးက အခိုင်အမာ ဆိုပါသည်။ ၎င်းစိစစ်ခြင်းတွင် စာနယ်ဇင်းလုပ်ငန်းများကို ကျင့်သုံးရန် အဆီးအတားများကို ဖယ်ရှားခြင်း ပါဝင်သည်။[၁၈၃] ခုံရုံးက သုံးသပ်သည်မှာ -

> အများပြည်သူအကျိုးစီးပွားဆိုင်ရာ သတင်းအချက်အလက်များကို လက်လှမ်းမီ ရရှိခွင့်ကို ဟန့်တားရန် အလို့ငှာ ဖန်တီးထားသည့် အဆီးအတားများသည် မီဒီယာ သို့မဟုတ် အဆိုပါကိစ္စရပ်များကို ရရှိအောင် အားထုတ်ခြင်းအတွက် သက်ဆိုင်သည့် နယ်ပယ်များတွင် အလုပ်လုပ်ကိုင်နေသူများကို စိတ်ပျက်အားလျော့စေသည်။ အကျိုးဆက်အားဖြင့် ၎င်းတို့၏ အရေးပါသည့် အခန်းကဏ္ဍ ဖြစ်သည့် ‘ပြည်သူ့ရေးရာ စောင့်ကြည့် အဖွဲ့များ’ အဖြစ် ကြာရှည်ဆောင်ရွက်နိုင်ခြင်း မရှိတော့ဘဲ မှန်ကန်တိကျ၍ ယုံကြည်စိတ်ချရသော သတင်းအချက်အလက်များ ပေးနိုင်စွမ်းသည်လည်း ဆိုးဆိုးရွားရွား ထိခိုက်စေနိုင်ပေမည်။ (*mutatis mutandis*, *Goodwin v. the United Kingdom*, judgment of 27 March 1996, *Reports* 1996-II, p. 500, § 39 ကို ကြည့်ပါ)။[၁၈၄]

သို့ဖြစ်သည့်အတွက်ကြောင့် ဟန်ဂေရီအစိုးရ၏ သတင်းအချက်အလက် တားမြစ်ချက်သည် လျှောက်ထားသူ၏ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို တားမြစ်ခြင်း ဖြစ်ကြောင်း၊ ဒီမိုကရေစီ လူ့အဖွဲ့အစည်းတွင် မလိုအပ်ကြောင်း၊ ထို့ကြောင့် ECHR ၏ အပိုဒ် (၁၀) ကို ချိုးဖောက်ခြင်းဖြစ်ကြောင်းကို ခုံရုံးက တွေ့ရှိခဲ့ပါသည်။[၁၈၅]

---

[၁၈၁] ibid.

[၁၈၂] *Társaság a Szabadságjogokért* (n. 26), para. 36.

[၁၈၃] ibid.

[၁၈၄] ibid., para. 38.

[၁၈၅] ibid., para. 39.

ထို့နည်းတူ ပညာရှင်များက ထောက်ပြသကဲ့သို့ပင် နိုင်ငံကထိန်းချုပ်ထားသည့် စာအုပ်စာတမ်းများကို အသုံးပြုခွင့် စီစဉ်ပေးရန် အစိုးရတွင် လုပ်ဆောင်ရန် တာဝန်ရှိ မရှိနှင့် စပ်လျဉ်းသည့် ခုံရုံး၏ သဘောထားသည် အချိန်နှင့်အမျှ ဖွံ့ဖြိုးလာလျက်ရှိသည်။ ထို့အပြင် စာနယ်ဇင်းမဟုတ်သည့် စောင့်ကြည့်ရေး အဖွဲ့များကို အသိအမှတ်ပြုခြင်းမှသည် သတင်းအချက်အလက် ရရှိသုံးစွဲနိုင်ခွင့် ဖြစ်နိုင်ခြေကို အသိအမှတ်ပြုခြင်းဆီသို့ ခုံရုံး၏ ဤဦးတည်မှုကို *Tarsasag* က ကိုယ်စားပြုနေပါသည်။[၁၈၆] အမှန်အားဖြင့် ခုံရုံး၏ *Tarsasag* ဆုံးဖြတ်ချက်ချမှတ်ပြီး တလမျှ မကြာသည့် အချိန်တွင် မတူညီသည့် နောက်အမှုဌ် ခုံရုံး၏ ဆုံးဖြတ်ချက်ကို ထပ်လောင်းအတည်ပြုပါသည်။ နိုင်ငံပိုင် စာရွက်စာတမ်းများကို အသုံးပြုခွင့် ငြင်းပယ်ခြင်းသည် လျှောက်လဲသူ၏ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆို ခွင့်ကို ချိုးဖောက်ခြင်းဖြစ်ကြောင်း ကိုင်စွဲထားပါသည်။ သို့ဖြစ်၍ *Leander* တွင် ဖော်ပြထားသကဲ့သို့ ခုံရုံး၏ ယခင်ချဉ်းကပ်နည်းမှ သွေဖည်ခြင်းသည် တသက်တွင် တခါသာ ဖြစ်ပေါ်သည့် ဖြစ်ရပ် မဟုတ်ပါ။[၁၈၇] ဒုတိယ အနေဖြင့် (NGO များ အပါအဝင်) ပြည်သူ့ရေးရာစောင့်ကြည့်အဖွဲ့များကို ပြည်သူများအတွက် သတင်းအချက်အလက် ဖွင့်ချခြင်းမှ တားမြစ်သည့် သတင်းအချက်အလက် လက်လှမ်းမီ ရရှိမှုကို တားမြစ်ချက်မှန်သမျှသည် ပြည်သူများ၏ လက်ခံရရှိခွင့်ကို တားမြစ်ချက်ဖြစ်ကြောင်း ခုံရုံးက အသိအမှတ် ပြုသည်။ ထို့နည်းတူ ဥပဒေ ပညာရှင်များဖြစ်သည့် Fathaigh နှင့် Voorhoof တို့ကလည်း အသိအမှတ်ပြုသည်။[၁၈၈] *Tarsasag* အမှုဆိုသည်မှာ တဦးချင်း၏ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို တားမြစ်ခြင်းမပြုရေး အစိုးရ၏ မလုပ်ဆောင်ရမည့် တာဝန်အကြောင်းဖြစ်သော်ငြား တဦးချင်း၏ လက်ခံရရှိခွင့်၏ အစိတ်အပိုင်းအဖြစ် တာဝန်ရှိမှုများကို ခုံရုံးမှ အားကောင်းခိုင်မာအောင် ပြုလုပ်ခြင်းကို နောက်ဆက်တွဲ အမှုများတွင် အသုံးပြုပါသည်။ ၎င်းတို့မှာ သတင်း အချက်အလက်ကို လက်လှမ်းမီ ရရှိခွင့်တွင် အစိုးရများမှ လုပ်ဆောင်ရမည့် တာဝန်များ ပါဝင်ခြင်း ရှိ မရှိကို ကိုင်တွယ်သည့် အမှုများဖြစ်သည်။[၁၈၉]

အနှစ်ချုပ်ဆိုရသော် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကို တားမြစ်ခြင်းသည် ကာလကြာရှည် တည်ရှိနေဆဲဖြစ်သည့် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်အာမခံချက်များနှင့် ဆက်နွယ်မှုအပေါ် လူ့အခွင့် အရေးဆိုင်ရာ ဥရောပခုံရုံးနှင့် နောင်ကာလ အခြားသော လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့များက မည်သို့ ကိုင်တွယ်သည့်အကြောင်း ပထမဆုံးသော အမြင်သစ်များကို *Yildirim*၊ *Kalda* နှင့် *Jankovskis* တို့က ပေးပါသည်။

---

[၁၈၆] Päivi Tiilikka, 'Access to Information as a Human Right in the Case Law of the European Court of Human Rights' (2013) 5 *Journal of Media Law* 79; Rónán Ó Fathaigh and Dirk Voorhoof, 'The European Court of Human Rights, Media Freedom and Democracy' in Monroe E. Price, Stefaan Verhulst, and Libby Morgan (eds), *Routledge Handbook of Media Law* (Routledge 2013) 107; Dirk Voorhoof and Hannes Cannie, 'Freedom of Expression and Information in a Democratic Society: The Added but Fragile Value of the European Convention on Human Rights' (2010) 72 *International Communication Gazette* 407.

[၁၈၇] *Kenedi v. Hungary* App no 31475/05 (ECtHR, 26 May 2009); Roy Peled and Yoram Rabin, 'The Constitutional Right to Information' (2010) 42 *Columbia Human Rights Law Review* 388.

[၁၈၈] Fathaigh and Voorhoof (n. 186) 112.

[၁၈၉] ibid.

အပိုဒ် (၁၀) အောက်ရှိ တာဝန်ရှိမှုများကို ချိုးဖောက်ခြင်းမရှိဘဲ စာချုပ်ချုပ်ဆိုသည့်နိုင်ငံက မလုပ်ဆောင်နိုင်သည့် လုပ်ဆောင်ချက်များအပေါ် အမှု ၃ ခုစလုံးက မူတည်ထားသည်။ သို့ရာတွင် ဤအမှုများတွင် အသုံးပြုသည့် အဓိက အခြေခံမူများအနက် အချို့သာမက ဤဆုံးဖြတ်ချက်များတွင် ချန်ရစ်ထားသည့် အဓိက အခြေခံမူများသည် စာချုပ်ချုပ်ဆိုသည့် နိုင်ငံများက ဆောင်ရွက်ရမည့် လုပ်ဆောင်ချက်များ အချို့ ရှိနိုင်ကြောင်းကို အကြံပြုထားသည်။ အနာဂတ်ကာလတွင် တဦးစီ၏ အင်တာနက်ကို လက်လှမ်းမီ သုံးစွဲခွင့်ကို ကာကွယ်ရန်အလို့ငှာ ဖြစ်ပါသည်။ ဥပမာအားဖြင့် စီရင်ချက်အတွက် တရားသူကြီး Pinto de Albuquerque ၏ သဘောကိုက်ညီသည့် အမြင်သဘောထားစာတမ်းတွင် တူရကီနိုင်ငံ၏ ဥပဒေစနစ်ပြုပြင်ပြောင်းလဲရေး ပြုလုပ်ရန် တရားသူကြီးက တိုက်တွန်းပါသည်။ အပိုဒ် (၁၀) အာမခံချက်များနှင့် အသေအချာ ကိုက်ညီရန်အတွက် တူရကီအစိုးရသည် ၎င်းတို့၏ ဥပဒေစနစ်နှင့် စီမံအုပ်ချုပ်ရေးမူဘောင်ကို ပြင်ဆင်ရန် လိုအပ်သည်မှာ ရှင်းပါသည်။[၁၉၀] ဤသဘောကိုက်ညီသည့် အမြင်သဘောထားစာတမ်းတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အတွက် လုပ်ကိုင်နိုင်စွမ်းရှိသည့် ဝန်းကျင်ကို ဖန်တီးရန် (*Dink v. Turkey*) အလို့ငှာ နိုင်ငံအတွက် လုပ်ဆောင်ရမည့် တာဝန်များနှင့် စပ်လျဉ်းသည့် အမှုများကို သူက ဆက်လက် ဆွေးနွေးပါသည်။ သို့တည်းမဟုတ် အမှုသည် လုပ်ဆောင်ရမည့် တာဝန် သို့မဟုတ် မလုပ်ဆောင်ရမည့် တာဝန် ဟုတ်ခြင်း မဟုတ်ခြင်းအပေါ် တရားသူကြီးများက ဝိဝါဒကွဲပြားနေပြီး သဘောမတူသည့် ဝန်းကျင်ဖန်တီးပေးရန် (*Movement Suisse*) လည်း တာဝန်ရှိမှုနှင့် စပ်လျဉ်းသည့် အမှုများကိုလည်း ဆွေးနွေးသည်။[၁၉၁] ဤသဘောထားစာတမ်းနှင့် မနီးယိုးစွဲ ဆုံးဖြတ်ချက်တွင် ပြီးပြည့်စုံသည့် အကြံပြုချက် ၂ ရပ် ရှိသည်။ အင်တာနက်ကို တပြေးညီ ပိတ်ပင်ခြင်း မပြုရန်အတွက် မလုပ်ဆောင်ရန် တာဝန်ရှိကြောင်းနှင့် အပိုဒ် (၁၀) တွင် ပါဝင်သည့် အာမခံချက်များကို သေချာစေရေး အရေးယူဆောင်ရွက်ချက်များကို နိုင်ငံက ချမှတ်ရန် အတွက် လုပ်ဆောင်ရန် တာဝန်ရှိကြောင်းတို့ ဖြစ်သည်။ နောက်လာမည့် အခန်းတွင် ဆွေးနွေးသွားမည် ဖြစ်သော်ငြား အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်နှင့် စပ်လျဉ်းသည့် နိုင်ငံ၏ လုပ်ဆောင်ရမည့် တာဝန်နှင့် မလုပ်ဆောင်ရမည့် တာဝန်ကို သီးခြားစီခွဲထားခြင်းကြောင့် ပေါ်ထွက်လာသည့် အခက်အခဲကို အသားပေး ဖော်ပြရန် အရေးကြီးပါသည်။[၁၉၂]

ဤကနဦးအမှုများကို အထက်ပါအတိုင်း လေ့လာဆန်းစစ်ချက်သည် အမေရိကနိုင်ငံများစနစ်ရှိ တူညီချက်များနှင့် ကွဲလွဲချက်များကို လေ့လာရန် စတင်မှတ်အဖြစ် ဖန်တီးပေးသည်။ စံပြုလေ့လာချက်အတွက် အခြေခံအဖြစ် နောက်လာမည့် အခန်းများတွင်လည်း အသုံးပြုသွားမည် ဖြစ်သည်။ အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်ကို စီမံပေးရန်၊ ပြင်ဆင်ရန်နှင့် တည်မြဲစေရန် နိုင်ငံများအတွက် လုပ်ဆောင်ရမည့် တာဝန်များ တည်ရှိနေကြောင်းကို စံပြု လေ့လာခြင်း ဖြစ်သည်။ ECtHR တွင် နောင်လာမည့် ဆုံးဖြတ်ချက်များအနေဖြင့် ဤအမှုများကို လိုက်နာကိုးကားသည့် အတိုင်းအတာကိုသာမက IACtHR ဆုံးဖြတ်ချက်များတွင် လိုက်နာကိုးကားသည့် အတိုင်းအတာကိုပါ လူ့အခွင့်အရေးပညာရှင်များက နီးနီးကပ်ကပ် အကဲဖြတ်သုံးသပ်ရပေမည်။ စောင့်ကြည့် ကွပ်ကဲရေး

---

[၁၉၀] *Yildirim* (n. 6), Concurring opinion Albuquerque.

[၁၉၁] အခန်း (၁-၄)၊ အခန်း (၄)

[၁၉၂] အခန်း (၄)

ဖွံ့ဖြိုးမှုနှင့် နည်းပညာရှင်များကလည်း အနီးကပ် အကဲဖြတ် သုံးသပ်ရမည်။ *Yildirim* အပေါ် သဘောကိုက်ညီသည့် အမြင်သဘောထားစစ်တမ်းတွင် တရားသူကြီး Albuquerque က ဖော်ပြသည့်အတိုင်း အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်နှင့် ဆိုင်သည့် စည်းမျဉ်းများ၊ မူဝါဒများနှင့် အစီအမံများသည် နယ်ပယ်တခုစီကို တခုချင်းစီနှင့် ပေါင်းစု၍ မည်သို့ သက်ရောက်သည်ကို ပို၍ ယုတ္တိရှိရှိ နားလည်သဘောပေါက်ရန်အတွက် လိုအပ်ပါသည်။

၃-၃။ အမေရိကန်နိုင်ငံများစနစ် - တူညီချက်များနှင့် ကွဲလွဲချက်များ

လူ့အခွင့်အရေးဆိုင်ရာ အမေရိကန်နိုင်ငံများ၏ သဘောတူစာချုပ်၏ အပိုဒ် (၁၃) ပါ အကာအကွယ်ပေးချက်များ၏ လွှမ်းခြုံမှုနယ်ပယ်ကို ဤအပိုင်းက လေ့လာပါသည်။ အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်ကို အကာအကွယ်ပေးခြင်းတွင် မည်မျှ အတိုင်းအတာအထိ ထည့်သွင်းထားသည်နှင့် ဆွေးနွေးချက် အတိအကျ မရှိပါက ယေဘုယျအာမခံချက်များကို အင်တာနက်အတွက် မည်သို့ အသုံးပြုနိုင်သည်တို့ ပါဝင်သည်။ အပိုဒ် (၁၃) ၏ တားမြစ်ချက်အပိုဒ်ငယ်ကို ဆက်လက် လေ့လာဆန်းစစ်ပြီး လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်ကို အကောင်အထည်ဖော်ရန် စာချုပ်ချုပ်ဆိုသည့်နိုင်ငံမှ လေးစားလိုက်နာမှုနှင့် မျှတမှုရှိခြင်း အခြေခံမူများကို အသုံးပြုလျက် ဝိရောဓိဖြစ်နေသည့် အခွင့်အရေးများနှင့် အကျိုးစီးပွားများကို မည်သို့ ချိန်ညှိသည်ကိုလည်း ဆက်လက် လေ့လာသည်။ လုပ်ပိုင်ခွင့်နယ်ပယ်ကို ခုံရုံးက ရှင်းရှင်းလင်းလင်း လက်ခံထားခြင်းမရှိသည့်အပြင် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ဆိုင်ရာ စီရင်ထုံးဥပဒေတွင် အကြိမ်ရေ အနည်းငယ်မျှသာ တရားဝင် ဆွေးနွေးထားသည့်အတွက် IACtHR ၏ လုပ်ဆောင်ချက်များကို ချိန်ညှိရာတွင် အမေရိကန်နိုင်ငံများ၏ သဘောတူ စာချုပ်ပါ အခွင့်အရေးများကို နိုင်ငံများက အကောင်အထည်ဖော်ရမည့် နယ်ပယ် သို့မဟုတ် အနေအထားကို ဆွေးနွေးခြင်း ပါဝင်သည်။ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်အပေါ် တားမြစ်ချက်များကို မည်သို့ အကျိုးသင့် အကြောင်းသင့် ရှင်းပြနိုင်မည်ကို လေ့လာဆန်းစစ်ရန်မှာ ဤလေ့လာဆန်းစစ်ချက်၏ ရည်ရွယ်ချက် ဖြစ်သည်။ ပထမဆုံးလေ့လာဆန်းစစ်ချက်များတွင် ECtHR အသုံးပြုသည့် အခြေခံမူများကို IACtHR ၏ ဥပဒေစနစ်တွင် တင်ပြထားသည်။ ဥရောပစနစ်နှင့် အမေရိကန်နိုင်ငံများ၏ စနစ်များအကြား ယေဘုယျ တူညီချက်များ ရှိသော်ငြား IACtHR သည် အလားတူ လူ့အခွင့်အရေးဆိုင်ရာ ဥရောပခုံရုံးနှင့် မည်သို့ ကွာခြားသည်အပေါ် ဤအပိုင်းက အလေးထားပါသည်။ ထို့ကြောင့် အင်တာနက်ကို တားမြစ်ခြင်းသည် တဦးချင်း၏ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို ချိုးဖောက်ခြင်းအဖြစ် ကိုင်တွယ်ထားသည့် နောင်အမှုများအတွက် IACtHR ၏ ချဉ်းကပ်နည်းကို မည်သို့ ပြောင်းလဲစေသည်ကိုလည်း ဦးတည်လေ့လာပါသည်။

၃-၃-၁။ လူ့အခွင့်အရေးဆိုင်ရာ အမေရိကနိုင်ငံများ၏ သဘောတူစာချုပ်ပါ အပိုဒ် (၁၃) ၏ လွှမ်းခြုံနယ်ပယ်နှင့် အကြောင်းအရာ

လွတ်လပ်စွာတွေးခေါ်ခွင့်နှင့် ထုတ်ဖော်တင်ပြပြောဆိုခွင့်ဆိုင်ရာ အပိုဒ် (၁၃)[၁၆၃] က ဖော်ပြထားသည်မှာ-

၁။ လူတိုင်းတွင် လွတ်လပ်စွာတွေးခေါ်ခွင့်နှင့် ထုတ်ဖော်တင်ပြပြောဆိုခွင့် ရှိသည်။ နှုတ်ပြော၊ အရေးအသား၊ ပုံနှိပ်စာပေ၊ အနုပညာပုံစံ သို့မဟုတ် လူတဦးက ရွေးချယ်သည့် အခြားသော ဆက်သွယ်ရေးနည်းလမ်းမှတဆင့် သတင်းအချက်အလက်နှင့် အယူအဆ အမျိုးအစားအားလုံးကို နယ်စည်းမထားဘဲ လွတ်လပ်စွာ ရှာဖွေခွင့်၊ လက်ခံရရှိခွင့်နှင့် ပေးပို့ခွင့်တို့သည် ဤအခွင့်အရေးတွင် ပါဝင်သည်။

၂။ အထက်ဖော်ပြပါစာပိုဒ်တွင် ဖော်ပြထားသည့် အခွင့်အရေးကို ကျင့်သုံးခြင်းအပေါ် ကြိုတင်စိစစ်ဖြတ်တောက်ခြင်း မပြုရပေ။ သို့သော် နောက်ဆက်တွဲတာဝန်ယူမှုကို ပြဋ္ဌာန်းရမည်။ ၎င်းကို ဥပဒေဖြင့် အတိအကျ ပြဋ္ဌာန်းရမည်။ (က) အခြားသူများ၏ အခွင့်အရေး သို့မဟုတ် ဂုဏ်သိက္ခာများကို လေးစားရေး သို့မဟုတ် (ခ) အမျိုးသားလုံခြုံရေး၊ အစိုးရအမိန့် သို့မဟုတ် ပြည်သူ့ကျန်းမာရေး သို့မဟုတ် ကျင့်ဝတ်များကို ကာကွယ်ရေးတို့ သေချာစေရန် လိုအပ်သည့် အတိုင်းအတာအထိ သတ်မှတ်ပြဋ္ဌာန်း ပေးရမည်။

၃။ ထုတ်ဖော်တင်ပြပြောဆိုခွင့်ကို သွယ်ဝိုက်နည်း သို့မဟုတ် နည်းလမ်းများဖြင့် မတားမြစ်ရပေ။ သတင်းစာ ထုတ်ဝေခြင်း၊ ရေဒီယိုထုတ်လွှင့်သည့်လေလှိုင်းများ၊ သို့မဟုတ် သတင်းအချက်အလက် ဖြန့်ချိရာတွင် အသုံးပြုသည့် ကိရိယာများကို အစိုးရ သို့မဟုတ် ပုဂ္ဂလိကမှ အလွဲသုံးစား ထိန်းချုပ်ခြင်းတို့သည် ၎င်းသွယ်ဝိုက်နည်းလမ်းများတွင် ပါဝင်သည်။ သို့တည်းမဟုတ် အယူအဆများနှင့် အမြင်သဘောထားများကို ဆက်သွယ်ခြင်းနှင့် လှည့်လည်ဖြန့်ချိခြင်းတို့ကို ဟန့်တားလိုသည့် အခြားသော နည်းများလည်း ပါဝင်သည်။

ACHR ၊ ECHR နှင့် ICCPR တို့အကြား အသိသာဆုံး ကွာခြားချက်မှာ ကြိုတင်စိစစ်ဖြတ်တောက်ခြင်းကို အပိုဒ် (၁၃) တွင် အတိအကျ တားမြစ်ထားခြင်း ဖြစ်သည်။[၁၆၄] IACtHR ၏ အမှုများစွာတွင် ဤကွာခြားချက်ကို ထောက်ပြပြီး လေ့လာထားပါသည်။ အခြားလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့အစည်းများထက် ပို၍ ကျယ်ပြန့်

---

[၁၆၃] American Convention on Human Rights, 'Pact of San Jose, Costa Rica' (၁၉၆၉ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ပြဋ္ဌာန်းပြီး ၁၉၇၈ ခုနှစ် ဇူလိုင်လ ၁၈ ရက်နေ့တွင် အသက်ဝင်သည်) OAS Treaty Series No 36 (ACHR) , Article 13.

[၁၆၄] Compulsory Membership in an Association Prescribed by Law or the Practice of Journalism (Article 13 and 29 American Convention on Human Rights) Advisory Opinion OC-5/85 (1985) Series A no 5 [hereafter Compulsory Membership].

သည့် အာမခံချက်များကို ပေးအပ်လျက် အနက်ပြန်ဆိုထားပါသည်။[၁၉၅] အပိုဒ် (၁၃) ၏ တားမြစ်ချက် အပိုဒ်ငယ် အကြောင်း နောက်လာမည့် အပိုင်းတွင် ဤအချက်ကို အသေးစိတ် လေ့လာသွားပါမည်။ အပိုဒ် (၁၃) ၏ လွှမ်းခြုံနယ်ပယ်နှင့် အကြောင်းအရာကို အနက်ပြန်ဆိုရန် IACtHR က ရရှိသည့် ပထမဆုံးအခွင့်အရေးမှာ ကော်စတာရီကာ အစိုးရမှ တောင်းခံထားသည့် သဘောထားအကြံပြုချက်တွင် ဖြစ်သည်။ ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများတွင် သတင်းသမားများ၏ မဝင်မနေရအဖွဲ့ဝင်ဖြစ်ရန် လိုအပ်ရာတွင် အစိုးရမှ အပိုဒ် (၁၃) ကို လိုက်နာမှုနှင့် သက်ဆိုင်ပါသည်။[၁၉၆] *ဥပဒေအရ အသင်းအပင်းဖွဲ့စည်းခြင်း* (*Compulsory Association*) ဆိုင်ရာ သဘောထားအကြံပြုချက်သည် အထင်ကရ အမှုဖြစ်သည်။ ခုံရုံး၏ ဥပဒေစနစ်ကို တိုးတက်ဖြစ်ထွန်းမှုကို ပုံဖော်ပေးသည့် အမှုဖြစ်သည့် အတွက်ကြောင့် အပိုဒ် (၁၃) ၏ လွှမ်းခြုံနယ်ပယ်နှင့် အကြောင်းအရာကို ဆွေးနွေးချက် ဘောင်သတ်မှတ်ရန် ဤအပိုင်းတွင် အသုံးပြုထားပါသည်။

ဥပဒေအရ အသင်းအပင်းဖွဲ့စည်းခြင်း (*Compulsory Association*) ဆိုင်ရာ သဘောထား အကြံပြုချက်တွင် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် အာမခံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားသည်။ စာနယ်ဇင်းလွတ်လပ်ခွင့်၊ ရရှိလက်ခံခွင့်နှင့် ပေးပို့ခွင့်၊ ထုတ်ဖော်တင်ပြချက်သာမက အကြောင်းအရာကို ဖြန့်ချိရေးနည်းလမ်းများကို အကာအကွယ်ပေးခြင်းနှင့် လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့်၏ လုပ်ဆောင်ချက်များ သို့မဟုတ် အမြင်ရှုထောင့်နှစ်ခု၏ လွှမ်းခြုံနယ်ပယ်တွင် လူတိုင်း အကျုံးဝင်ခွင့်တို့ ပါဝင်သည်။[၁၉၇] လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ရှိ အမြင်ရှုထောင့် နှစ်မျိုး၏ အခြေအနေတွင် ဒီမိုကရေစီရှင်သန်ရေးနှင့် ဗဟုလူ့အဖွဲ့အစည်းကို အာမခံချက်ပေးခြင်းများအတွက် အခွင့်အရေး၏ အရေးပါမှုကို အဆိုပြုထားပါသည်။[၁၉၈] 'ဒီမိုကရေစီလူ့အဖွဲ့အစည်းရှိ အစိုးရအမိန့်၏ အဆိုပါတူညီသည့် အယူအဆသည် သတင်း၊ အယူအဆများနှင့် အမြင်သဘောထားများကို အဖြစ်နိုင်ဆုံး ဖြန့်ချိရေးကို အာမခံချက် လိုအပ်သည်။ ထို့နည်းတူ လူ့အဖွဲ့အစည်း တရပ်လုံးမှ သတင်းအချက်အလက်များကို အကျယ်ပြန့်ဆုံး ရရှိနိုင်မှုလည်း လိုအပ်သည်' ဟု ခုံရုံးက ၎င်း၏ အမြင်သဘောထားကို ဖော်ပြခဲ့ပါသည်။[၁၉၉]

၃-၃-၁-၁။ အပိုဒ် (၁၃) ၏ လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့်ရှိ အမြင်ရှုထောင့်နှစ်ရပ်

နိုင်ငံများသည် ၎င်းတို့၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ကတိကဝတ်များကို ဖြည့်ဆည်းရာတွင် တပြိုင်နက်တည်း ထည့်သွင်းစဉ်းစားရမည့် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်ရှိ တဦးချင်းအမြင် ရှုထောင့်

---

[၁၉၅] *Herrera-Ulloa v. Costa Rica* (2004) Series C no 107, para. 101(5) b–c; *Ricardo Canese v. Paraguay* (2004) Series C no 111, para. 95; Compulsory Membership (n. 194), para. 98, Piza Opinion para. 9, Nikkon Opinion para. 5.

[၁၉၆] Compulsory Membership (n. 194), para. 11.

[၁၉၇] ibid., paras 30–4.

[၁၉၈] ibid., paras 34, 78.

[၁၉၉] ibid., para. 69.

နှင့် လူ့အဖွဲ့အစည်းဆိုင်ရာ အမြင်ရှုထောင့်နှစ်ရပ်စလုံးကို IACtHR က အလေးပေးထားသည်။[၂၀၀] တဦးချင်းအမြင်ရှုထောင့်တွင် လူတဦးစီက ၎င်းတို့ကိုယ်ပိုင် အတွေးအခေါ်များ၊ အယူအဆများနှင့် သတင်းအချက်အလက်များကို ဖော်ထုတ်ခွင့်ပါဝင်သည်။ ပေါင်းစုအမြင်ရှုထောင့် သို့မဟုတ် လူ့အဖွဲ့အစည်းဆိုင်ရာ အမြင်ရှုထောင့်တွင် အခြားသူများ၏ အတွေးအခေါ်များ၊ အယူအဆများနှင့် သတင်းအချက်အလက်များကို သိရှိရန်နှင့် သတင်းအချက်အလက်ကောင်းစွာ ရရှိစေရန်မည်သည့် သတင်းအချက်အလက်ကိုမဆို လူ့အဖွဲ့ အစည်းမှ လက်ခံရရှိခွင့်များ ပါဝင်သည်။[၂၀၁] လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့်ရှိ ဤအမြင်ရှုထောင့် နှစ်ရပ်သည် လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့်ဆိုင်ရာ စီရင်ထုံး ဥပဒေ အားလုံးမဟုတ်တောင် အများစုကို ချမှတ်ပေးပါသည်။ အပိုဒ် (၁၃) သည် မည်သည့်အတွက်ကြောင့် ထည့်သွင်းထားကြောင်းကို ခုံရုံးက မည်သို့ ရှင်းပြခြင်းအပေါ် လွှမ်းမိုးသည်သာမက တားမြစ်ချက်သည် အပိုဒ် (၁၃) ၏ အာမခံချက်များနှင့် မည်သည့်အတွက်ကြောင့် မကိုက်ညီသည်ကိုလည်း ဝေဖန်ဆန်းစစ်ပါသည်။[၂၀၂]

> *ဥပဒေအရ အသင်းအပင်း ဖွဲ့စည်းခြင်း အမှု* တွင် IACtHR က ဖော်ပြထားသည်မှာ -
>
> စိစစ်ဖြတ်တောက်ခြင်းအမြင်အရ မမှန်ကန်ဟု ထင်မြင်ယူဆသည့် သတင်းအချက်အလက်များကို ဖယ်ရှားရန် တဖက်သတ် ရည်ရွယ်ချက်အတွက် ကြိုတင်စိစစ်ဖြတ်တောက်ခြင်းစနစ်ကို ချမှတ်ရန်အလို့ငှာ လူ့အဖွဲ့အစည်းမှ သတင်းအချက်အလက်များ အညီအမျှ ရရှိခွင့်အပေါ် ဥပဒေအရ အမှီမပြုနိုင်ပေ။[၂၀၃]

စာနယ်ဇင်း၏ အခန်းကဏ္ဍနှင့် လူတိုင်းအခွင့်ရှိသည့် လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့် အာမခံချက်များနှင့် ပို၍ ကျယ်ကျယ်ပြန့်ပြန့် ချိတ်ဆက်မှုကိုလည်း ခုံရုံးက ရှင်းရှင်းလင်းလင်း ဖော်ပြထားသည်။[၂၀၄] ခုံရုံးက ရှင်းပြသည်မှာ -

> ဤဆက်စပ်စဉ်းစားရမည့် အကြောင်းအရာအတွင်း အတွေးအခေါ်ကို လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့်၏ ကနဦးနှင့် အခြေခံကျသည့် သရုပ်သကန်မှာ သတင်းပညာဖြစ်သည်။ အဆိုပါ တွေးခေါ် စဉ်းစားချက်အတွက် ၎င်းသည် လူတဦးချင်းစီ၏ မွေးရာပါ ရပိုင်ခွင့်ဖြစ်သော လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်နှင့် ချိတ်ဆက်နေခြင်းကြောင့် သတင်းပညာကို ပြည်သူအတွက် ဝန်ဆောင်မှုပေးခြင်းမျှသာ ဖြစ်သော ပညာရပ်တခုနှင့် တန်းတူ မထားနိုင်ပေ။ တကယ်သိုလှောင် ဆည်းပူးသည့် သင်တန်း သို့မဟုတ် အသိပညာအချို့ကို အသုံးချခြင်းမှတဆင့် ရရှိခြင်း သို့တည်းမဟုတ် သက်မွေးပညာ “ကျောင်း” အချို့တွင် စာရင်းသွင်းတက်ရောက်ခြင်းမှတဆင့် ရရှိခြင်း ဖြစ်သည့် ပညာရပ်နှင့် တန်းတူမထားနိုင်ခြင်း ဖြစ်သည်။

---

[၂၀၀] ibid., para. 77; OAS ‘IACHR 2011 Annual Report, Volume 2’ (2011) OEA/Ser.L/V/II ကိုလည်း ကြည့်ပါ။

[၂၀၁] Compulsory Membership (n. 194), paras 30–3.

[၂၀၂] *Claude-Reyes et al. v. Chile* (2006) Series C no 151, para. 75.

[၂၀၃] Compulsory Membership (n. 194), para. 33.

[၂၀၄] ibid., paras 70–5.

> သတင်းသမားများကို မဖြစ်မနေ လိုင်စင်လျှောက်ရန် ဥပဒေပြဋ္ဌာန်းခြင်းသည် အခြားသော ပညာရှင်များကို အလားတူ ဥပဒေပြဋ္ဌာန်းခြင်းနှင့် မတူညီကြောင်း ဆွေးနွေးချက်ကို အခြေခံပြဿနာအဖြစ် ထည့်သွင်းမစဉ်းစားပေ။ အဆိုပါဥပဒေနှင့် သဘောတူစာချုပ်အကြား ကိုက်ညီမှုနှင့်စပ်လျဉ်း၍ တင်ပြထားသည့် အခြေခံပြဿနာ ဖြစ်သည်။ 'ပြောစကား၊ အရေးအသား၊ ပုံနှိပ် ..... ဖြစ်စေ ပုံစံမျိုးစုံဖြင့် တင်ပြထားသော သတင်းအချက်အလက်နှင့် အယူအဆများကို လွတ်လပ်စွာ ရှာဖွေ၊ လက်ခံ၊ ပေးပို့ခွင့်' ကို အပိုဒ် (၁၃) က အတိအကျ ကာကွယ်ထားသည်ဟူသော အချက်မှ ဤပြဿနာ ပေါ်ပေါက်လာသည်။ သတင်းသမားများ ပြုလုပ်သည့် သတင်းပညာတွင် သတင်းအချက်အလက်များကို ရှာဖွေခြင်း၊ လက်ခံခြင်းနှင့် ပေးပို့ခြင်းတို့ အတိအကျ ပါဝင်သည်။ သို့ဖြစ်သည့်အတွက် သတင်းပညာကျင့်သုံးရာတွင် သဘောတူစာချုပ်က အာမခံထားသည့် လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့်ကို သတ်မှတ်သည့် သို့မဟုတ် လက်ခံယုံကြည်သည့် လုပ်ဆောင်ချက်များတွင် လူတိုင်း ပါဝင်ရန် လိုအပ်သည်။[၂၀၅]

Ivcher-Bronstein တွင် ပီရူးအစိုးရသည် လျှောက်လဲသူ၏ နိုင်ငံသားဖြစ်မှုကို ပြန်လည်ရုပ်သိမ်းပြီးနောက် သူ၏ ရုပ်မြင်သံကြားလိုင်းကို တည်းဖြတ်ထိန်းချုပ်မှု မရရှိတော့ခြင်းသည် လက်စားချေမှုတရပ်ဖြစ်ကြောင်း ခုံရုံးက လေ့လာဆန်းစစ်ခဲ့သည်။ အကျင့်ပျက်ခြစားမှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို စွပ်စွဲထားသော လျှောက်ထားသူ၏ ထုတ်လွှင့်ချက်များအတွက် လက်စားချေခြင်းဖြစ်သည်။ ဤလေ့လာဆန်းစစ်ချက်တွင် လူ အရေအတွက် အများဆုံးကို ဖြန့်ချိနိုင်စွမ်း၏ အရေးပါမှုကို ရှင်းပြသည့်အခါ လက်ခံရရှိခွင့်နှင့် ပေးပို့ခွင့်တို့၏ ပိုင်းခြား၍ မရခြင်းကို ခုံရုံးက အလေးထားခဲ့သည် -

> ဆိုခဲ့ပါအပိုဒ်တွင် ဖွဲ့စည်းထားသည့် အခွင့်အရေး၏ ပထမဆုံးအမြင်ရှုထောင့်ဖြစ်သည့် လူတဦးချင်းစီ၏ အခွင့်အရေးနှင့် စပ်လျဉ်း၍ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို ပြောဆိုခွင့် သို့မဟုတ် ရေးသားခွင့်ကို သီအိုရီအရ အသိအမှတ်ပြုရာတွင် အပြည့်အဝ အသုံးမပြုထားပေ။ သို့သော် အတွေးအခေါ်ကို ဖြန့်ချိရာတွင်နှင့် လူအများဆုံးဆီ ရောက်ရှိရာတွင် ခွင့်ပြုသည့် သင့်လျော်သည့် မည်သည့် နည်းလမ်းကိုမဆို အသုံးပြုခွင့် တပေါင်းတည်း ပါဝင်သည်။ သို့ဖြစ်၍ အတွေးအခေါ်နှင့် သတင်းအချက်အလက်များကို ထုတ်ဖော်တင်ပြခြင်းနှင့် ဖြန့်ချိခြင်းတို့သည် ပိုင်းခြား၍ မရသည့်အတွက် ဖြန့်ချိနိုင်ခွင့်များကို တားမြစ်ချက်သည် လွတ်လပ်စွာထုတ်ဖော်တင်ပြ ပြောဆိုခွင့် ကန့်သတ်ချက်ကို တိုက်ရိုက် တူညီစွာ ကိုယ်စားပြုပါသည်။[၂၀၆]

ဒုတိယမြောက်အမြင်ရှုထောင့်ကို ရှင်းပြရာတွင် 'ခရစ်တော်၏ နောက်ဆုံးဆန္ဒ' အမှုဖြစ်သည့် *Olmedo-Bustos et al. v. Chile* ၌ IACtHR က ဖော်ပြသည်မှာ -

---

[၂၀၅] ibid., paras 71–2.

[၂၀၆] *Ivcher-Bronstein v. Peru* (2001) Series C no 74, para. 147; see also *Herrera-Ulloa* (n. 195), para. 109; *Olmedo Bustos et al v Chile ('The Last Temptation of Christ' case)* (2001) Series C no 73, para. 65; *Ricardo Canese* (n. 195), para. 78; Compulsory Membership (n. 194), para. 31.

သဘောတူစာချုပ်၏ အပိုဒ် (၁၃) တွင် ဖွဲ့စည်းပါဝင်သည့် အခွင့်အရေး၏ ဒုတိယမြောက် အမြင်ရှုထောင့် [လူ့အဖွဲ့အစည်းဆိုင်ရာ] ဖြစ်သည့် လူ့အဖွဲ့အစည်းဆိုင်ရာ အစိတ်အပိုင်းအရ လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့်သည် လူများအကြား အယူအဆများနှင့် သတင်းအချက်အလက်များကို ဖလှယ်သည့် နည်းလမ်း ဖြစ်သည်။ လူတဦး၏ အမြင်သဘောထားရည်တည်ချက်ကို အခြားသူများသို့ ကြိုးစား ဆက်သွယ်ခွင့် ပါဝင်သည်။ သို့သော် အမြင်သဘောထားများ၊ အစီရင်ခံတင်ပြချက်များနှင့် သတင်းများကို လူတိုင်း သိရှိခွင့်ကိုလည်း သွယ်ဝိုက် ညွှန်းဆိုသည်။ သာမန်ပြည်သူများအတွက် အခြားသူများ၏ အမြင် သဘောထားများနှင့် သတင်းအချက်အလက်များကို သိရှိခြင်းသည် ၎င်းတို့ကိုယ်ပိုင် အမြင်သဘောထားနှင့် သတင်းအချက်အလက်များကို ပေးပို့ခွင့်ကဲ့သို့ပင် အရေးကြီးပါသည်။[၂၀၇]

Palamara Iribarne v. Chile တွင် နိုင်ငံများအတွက် ပြဋ္ဌာန်းထားသည့် အာမခံချက်ကို အသုံးပြုလျက် ခုံရုံးသည် ၎င်း၏ အစောပိုင်းဥပဒေစနစ်ကို ကိုင်စွဲခဲ့ပါသည်။ လူတိုင်းကို နှုတ်ပြောဖြင့်သော်လည်းကောင်း သို့မဟုတ် စာအရေးအသားဖြင့်သော် လည်းကောင်း ထုတ်ဖော်တင်ပြပြောဆိုခွင့် ပြုသည်သာမက ၎င်းတို့၏ အယူအဆများကို ပုံနှိပ်ထုတ်ဝေပြီး ဖြန့်ချိခြင်းကို အဆင်ပြေချောမွေ့စေရန် နိုင်ငံက ခွင့်ပြုရမည်။[၂၀၈] ခုံရုံးက သုံးသပ်သည်မှာ -

လွတ်လပ်စွာ တွေးခေါ်ခွင့်နှင့် ထုတ်ဖော်တင်ပြပြောဆိုခွင့်ကို Mr Palamara Iribarne က ထိရောက်စွာ ကျင့်သုံးနိုင်ရေး သေချာစေရန်အလို့ငှာ ထိုသူကို သူ၏ အယူအဆများနှင့် အမြင်သဘောထားများကို နိုင်ငံက ရေးသားခွင့်ပြုခြင်းသည် မလုံလောက်ပေ။ အဆိုပါ အခွင့်အရေးကို အကာအကွယ်ပေးခြင်းသည် ၎င်းတို့ကို ဖြန့်ချိခွင့်ကို မတားမြစ်ရန် နိုင်ငံတွင် တာဝန်ရှိကြောင်းကိုလည်း သွယ်ဝိုက် ညွှန်းဆိုသည်။ လူအရေအတွက် အများဆုံးသို့ သူ၏ အယူအဆများနှင့် အမြင်သဘောထားများကို ရောက်ရှိစေရန် သင့်လျော်သည့် နည်းလမ်းများဖြင့် သူ၏ စာအုပ်ကို ဖြန့်ဝေနိုင်ခြင်းကိုလည်း ညွှန်းဆိုသည်။ ဆက်လက်၍ အဆိုပါလူများကို ဤသတင်းအချက်အလက်များကို လက်ခံရရှိခွင့်ပြုခြင်းကိုလည်း သွယ်ဝိုက်ညွှန်းဆိုပါသည်။[၂၀၉]

ဤအမှုတွင် ခုံရုံးက ရှင်းရှင်းလင်းလင်း မပြောဆိုထားသော်ငြား လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့်ကို တားမြစ်ချက်များနှင့် ဆက်စပ်၍ အကြံပြုထားသည့် လုပ်ဆောင်ရမည့် တာဝန်များကို ခုံရုံးက စတင် မိတ်ဆက်ပါသည်။ နောင်လာမည့် အခန်းတွင် ဤအကြောင်းကို ဆွေးနွေးသွားမည် ဖြစ်သည်။

Herrera-Ulloa v. Costa Rica တွင် အပိုဒ် (၁၃) ကို ချိုးဖောက်ကြောင်း သတင်းသမားတဦးက စွပ်စွဲခဲ့သည်။ ဂုဏ်ထူးဆောင် ကော်စကာရီကာ သံတမန်များက ရရှိနေသည့် ပြစ်ဒဏ်ကင်းလွတ်ခွင့်အပေါ် ရေးသားထားသည့် သူ၏ ဆောင်းပါးများကို ပုံနှိပ်ထုတ်ဝေခြင်းအတွက် ဥပဒေအရ သူက အရေးယူခံရခြင်းကြောင့် ဖြစ်သည်။ အမှုကို လေ့လာဆန်းစစ်ရာတွင် *Ivcher-Bronstein* နှင့် ၎င်း၏ *ဥပဒေအရအသင်းအပင်း ဖွဲ့စည်းခြင်း*

---

[၂၀၇] *Olmedo-Bustos et al.* (n. 206), para. 66.

[၂၀၈] *Palamara-Iribarne v. Chile* (2005) Series C no 135, para. 73.

[၂၀၉] ibid.

ဆိုင်ရာ အကြံပြုစာတမ်းမှ ကောက်နှုတ်ခြင်းဖြင့် ခုံရုံးသည် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်၏ လက်ခံရရှိခွင့်နှင့် ပေးပို့ခွင့်ရှိ အကြောင်းအရာကို ရေးသားဖော်ပြပါသည်။ တဦးချင်းစီအမြင်ရှုထောင့်နှင့် လူ့အဖွဲ့အစည်းဆိုင်ရာ အမြင်ရှုထောင့်နှစ်ရပ်စလုံးအသုံးပြု၍ ရေးသားပါသည်-

> သူ၏ ကိုယ်ပိုင် အတွေးအခေါ်များကို ထုတ်ဖော်တင်ပြရာတွင် မည်သူကမျှ တရားလက်လွတ်ကန့်သတ်ခြင်း သို့မဟုတ် တားမြစ်ခြင်း မပြုရန် တဖက်တွင် လိုအပ်သည်။ ဤအမြင်သည် လူတိုင်းနှင့် သက်ဆိုင်သည့် အခွင့်အရေး ဖြစ်သည်။ အခြားတဖက်တွင်လည်း ၎င်း၏ ဒုတိယမြောက်အပိုင်းသည် ပေါင်းစု အခွင့်အရေးကို သွယ်ဝိုက်ညွှန်းဆိုထားသည်။ မည်သည့် သတင်းအချက်အလက်ပင်ဖြစ်စေ လက်ခံရရှိခွင့်နှင့် အခြားသူများက ထုတ်ဖော်ထားသည့် အတွေးအခေါ်များကို လက်လှမ်းမီ ရရှိခွင့်တို့နှင့် သက်ဆိုင်သည့် ပေါင်းစု အခွင့်အရေးဖြစ်သည်။[၂၁၀]

ဤအခွင့်အရေးသည် သာမန်ပြည်သူများ၏ ရပိုင်ခွင့် ဖြစ်ကြောင်း ဤနေရာတွင် ခုံရုံးက ရှင်းရှင်းလင်းလင်း ဖော်ပြသည်။ အခြားသူများ၏ အမြင်သဘောထားများနှင့် သတင်းအချက်အလက်များကို သိရှိခြင်းသည် ၎င်းတို့ကို ပေးပို့ခွင့်နှင့် အတူအမျှ အရေးကြီးပါသည်။ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်အပေါ် ဤသို့ အနက်ပြန်ဆိုခြင်းကို အမှုများစွာတွင် ကိုးကားထားလျက်ရှိသည်။ လွတ်လပ်စွာထုတ်ဖော်တင်ပြ ပြောဆိုခွင့်ကို ဖြည့်ဆည်းခြင်းရှိ လူ့အဖွဲ့အစည်းဆိုင်ရာ အစိတ်အပိုင်းကို နိုင်ငံမှ ဤအခွင့်အရေးအား အကောင်အထည် ဖော်ခြင်းတွင် အသိအမှတ်ပြုထားသည်။[၂၁၁]

Lopez- Alvarez v. Honduras တွင် သတင်းအချက်အလက်လက်လှမ်းမီ ရရှိခွင့်ကို ပိုမို နားလည်သဘောပေါက်စေရန်အတွက် အခြားအမှုများအနက် *Herrera* ၊ *Canese* နှင့် *Palamara-Iribarne* တို့ ပါဝင်သည့် ကိုယ်ပိုင် စီရင်ထုံးဥပဒေကို IACtHR က အသုံးပြုခဲ့သည်။ အပိုဒ် (၁၃) နှင့် (၂၄) တို့အောက်ရှိ လျှောက်လဲသူ၏ လွတ်လပ်စွာ ကိုယ်တိုင်ထုတ်ဖော်တင်ပြပြောဆိုခွင့်နှင့် ခွဲခြားဆက်ဆံရေးမပြုခြင်းတို့သည် အမှုတွင် ပါဝင်သည်။ အစိုးရကိုယ်စားလှယ်များသည် ဌာနေတိုင်းရင်းသား Garífuna တို့၏ ခေါင်းဆောင်ကို သူ၏ ခေါင်းဆောင်နေရာနှင့် ဆက်နွယ်သော မြေပိုင်ဆိုင်မှုကိစ္စများနှင့် တရားမဝင်မူးယစ်ဆေးများ ပိုင်ဆိုင်ခြင်းအတွက် စုံစမ်းစစ်ဆေးရန် ဖမ်းဆီးခဲ့သည်။ ထိုအစိုးရကိုယ်စားလှယ်များက ဌာနေတိုင်းရင်းသားခေါင်းဆောင်ကို သူ၏ ဌာနေတိုင်းရင်းသား ဘာသာစကားကို အသုံးမပြုရန် တားမြစ်ခဲ့ကြသည်။[၂၁၂] ခုံရုံးက ဖော်ပြသည်မှာ -

> သတင်းအချက်အလက်များကို နှုတ်ဖြင့် လွတ်လပ်စွာ ပေးပို့ခွင့်ကို အပိုဒ် ၁၃ (၁) က အတိအကျ အကာအကွယ်ပေးထားသည်။ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်၏ အဓိကအစိတ်အပိုင်းများအနက် တခုမှာ အတိအကျဆိုရသော် ပြောဆိုခွင့် ဖြစ်ကြောင်း ခုံရုံးက ယူဆသည်။ ထို့အပြင် ပြောဆိုခွင့်ဆိုသည်မှာ

---

[၂၁၀] *Herrera-Ulloa* (n. 195), para. 108.

[၂၁၁] *Olmedo-Bustos et al.* (n. 206), para. 66; *Ricardo Canese* (n. 195), para. 79; *Herrera-Ulloa* (n. 195), para. 110; *Ivcher-Bronstein* (n. 206), para. 148.

[၂၁၂] *Lopez Alvarez v. Honduras* (2013) Series C no 269, paras 168–74.

> လူများသည် ၎င်းတို့၏ အတွေးအခေါ်များကို ထုတ်ဖော်တင်ပြသည့်အခါတွင် ၎င်းတို့ ရွေးချယ်သည့် ဘာသာစကားကို အသုံးပြုခွင့် ရှိသည်ကို အသေအချာ ညွှန်းဆိုထားသည်။ အတွေးအခေါ်များနှင့် အယူအဆများကို ထုတ်ဖော်တင်ပြခြင်းနှင့် ဖြန့်ချိခြင်းတို့သည် ပိုင်းခြားမရပါ။ ထို့ကြောင့် သတင်းအချက်အလက်များ ပျံ့နှံ့ခွင့်များကို တားမြစ်ချက်သည် လူတဦးက လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်ကို ကန့်သတ်ချက်ဖြစ်ကြောင်း တိုက်ရိုက် ဖော်ပြပါသည်။[၂၃၃]

IACtHR သည် ၎င်း၏ အထင်ကရ ဆုံးဖြတ်ချက်ဖြစ်သည့် *Claude-Reyes v. Chile* တွင် *Lopez Alvarez v. Honduras* ၏ စီရင်ထုံးကို နောင်တွင် အသုံးပြုခဲ့သည်။ ၎င်းအမှုတွင် နိုင်ငံက ထိန်းချုပ်ထားသည့် သတင်းအချက်အလက်များကို လက်လှမ်းမီ အသုံးပြုခွင့်၏ အရေးပါပုံကို အလေးထားထားသည်။[၂၃၄] *Claude-Reyes v. Chile* တွင် လွတ်လပ်စွာ တွေးခေါ်ခွင့်နှင့် ထုတ်ဖော်တင်ပြပြောဆိုခွင့်ကို လွှမ်းခြုံထားသည့် လူ့အခွင့်အရေးဆိုင်ရာ အမေရိကနိုင်ငံများ၏ သဘောတူစာချုပ်ပါ အပိုဒ် (၁၃) ရှိ လျှောက်လဲသူ၏ အခွင့်အရေးကို ချီလီနိုင်ငံက ချိုးဖောက်ကြောင်း ခုံရုံးက တွေ့ရှိခဲ့သည်။[၂၃၅] ချီလီနိုင်ငံရှိ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများနှင့် သက်ဆိုင်သည့် ချီလီအစိုးရ၏ ပိုင်ဆိုင်မှု စာအုပ်စာတမ်းများကို ရရှိရန် လျှောက်လဲသူများ၏ အားထုတ်မှုများသည် အမှုတွင် ပါဝင်သည်။[၂၃၆] Reyes သည် ချီလီနိုင်ငံတွင် အခြေစိုက်သည့် ပတ်ဝန်းကျင်ဆိုင်ရာအဖွဲ့အစည်းဖြစ်သည့် Terram ဖောင်ဒေးရှင်း၏ အမှုဆောင် ဒါရိုက်တာဖြစ်သည်။[၂၃၇] အထူးသဖြင့် အပိုဒ် (၁၃) က အာမခံချက်ပေးထားသည့် သတင်းအချက်အလက်နှင့် အယူအဆပုံစံအားလုံးကို လွတ်လပ်စွာ ရှာဖွေခွင့်၊ လက်ခံခွင့်နှင့် ပေးပို့ခွင့်ကို ချီလီနိုင်ငံက ချိုးဖောက်ကြောင်း ခုံရုံးက သတ်မှတ်ခဲ့သည်။ လျှောက်လဲသူများက တောင်းခံထားသည့် သတင်း အချက်အလက်အားလုံးကို ဝေဖန်ဆန်းစစ်ခြင်းမရှိဘဲ ငြင်းပယ်ခဲ့သည့်အတွက် ဖြစ်သည်။[၂၃၈]

Yildirim ၊ *Kalda* နှင့် *Jankovskis* တို့ကို ECtHR ၏ လေ့လာဆန်းစစ်ချက်တွင် ပါဝင်သည့် အဓိက အခြေခံမူများကို IACtHR ၏ ဥပဒေစနစ်တွင် ပါရှိကြောင်း IACtHR ၏ လွှမ်းခြုံနယ်ပယ်နှင့် အကြောင်းအရာပိုင်း အကျဉ်းချုပ်ဆွေးနွေးချက်က တဖက်တွင် ဖော်ပြပါသည်။ IACtHR သည် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကို တိုက်ရိုက် ကိုင်တွယ်သည့်တိုင် ဖြစ်ပါသည်။ ထို့ကြောင့် အလားတူအမှုများကို လက်ခံရရှိပါက အပိုဒ် (၁၃) ကို ချိုးဖောက်သည်ကို IACtHR က တွေ့ရှိရကြောင်း သုံးသပ်ရန် ကျိုးကြောင်းညီညွတ်ပါသည်။ သို့ရာတွင် IACtHR ၏ အကြောင်းအရာနှင့် ချဉ်းကပ်နည်းကို ECtHR နှင့် နှိုင်းယှဉ်၍ ဆွေးနွေးချက်က ခွဲခြားထားပါသည်။ လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့် အာမခံချက်များရှိ အပြန်အလှန် ချိတ်ဆက်ကာ မှီတည်နေသည့် အမြင်ရှုထောင့်

---

[၂၃၃] ibid., para. 164; *Palamara-Iribarne* (n. 208), para. 72*; Ricardo Canese* (n. 195), para. 78; *Herrera-Ulloa* (n. 195), para. 109 ကိုလည်း ကြည့်ပါ။

[၂၃၄] *Claude-Reyes et al.* (n. 202), para. 77; see also IACHR 2011 Annual Report (n. 200).

[၂၃၅] *Claude-Reyes et al.* (n. 202), para. 103.

[၂၃၆] ibid., para. 6 and 8.

[၂၃၇] ibid., para. 49 a.1.

[၂၃၈] ibid. *Claude-Reyes et al.*; IACHR 2011 Annual Report (n. 200), paras 59 (a), 61, 65.

နှစ်ရပ်ကို IACtHR ၏ ချဉ်းကပ်နည်းက အထူးပင် အလေးပေးထားသည်။ ထို့အပြင် အပိုဒ် (၁၃) ၏ အကြောင်းအရာတွင် ကြိုတင်ကန့်သတ်ချက်သည် အတိအကျ ပါဝင်ပြီး နိုင်ငံ၏ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအပေါ် တားမြစ်ချက်ကို များစွာ ကန့်သတ်ထားပါသည်။ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ရှိ အမြင်ရှုထောင့် နှစ်ရပ်နှင့် လုပ်ဆောင်ချက်များအပေါ် အလေးထားခြင်းဖြင့် အမေရိကနိုင်ငံများစနစ်၏ ချဉ်းကပ်နည်းသည် သဘောတူစာချုပ်အောက်တွင် မည်သည့် ကန့်သတ်ချက်များ ဖြစ်နိုင်ခြေရှိသည်ထက် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့် အကြောင်းအရာ ဖွံ့ဖြိုးလာမှုအပေါ် အလေးထားပါသည်။[၂၁၉] ထို့ကြောင့် အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်၏ အကြောင်းအရာအပေါ် အသေးစိတ် ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြရန် အခွင့်အလမ်းများကို ECtHR ထက် IACtHR က ပို၍ ဖန်တီးပေးသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်း၏ ချဉ်းကပ်နည်းသည် အကြောင်းအရာပိုင်းထက် တားမြစ်ကန့်သတ်ချက်အပေါ် အများအားဖြင့် အာရုံစိုက်ထားသည့်အတွက်ကြောင့် ဖြစ်သည်။

၃-၃-၁-၂။ တားမြစ်ချက်များအပိုဒ်ငယ် - အပိုဒ် ၁၃ (၂)

IACtHR ၏ ဦးတည်ချက်မှာ အပိုဒ် (၁၃) ၏ အကြောင်းအရာနှင့် လွှမ်းခြုံနယ်ပယ် ဖြစ်သည့်အတွက် တားမြစ်ချက် အပိုဒ်ငယ်သာမက ACHR သည်လည်း လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်တားမြစ်ချက်များကို အနက်ဖွင့်ဆိုသည့် နည်းလမ်းတွင် IACtHR သည် လူ့အခွင့်အရေးဆိုင်ရာ ဥရောပခုံရုံးနှင့် မည်သို့ ကွာခြားကြောင်း အမြင်သစ်ကို ထပ်မံ ဆောင်ကြဉ်းပေးပါသည်။ တားမြစ်ချက်များကို နိုင်ငံများအား ပြဋ္ဌာန်းခွင့်အာဏာ အပ်နှင်းထားသည့် အပိုဒ် ၁၃ (၂) တွင် ဖော်ပြထားသည့် ခြွင်းချက်များနှင့် ဆန့်ကျင်လျက် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်၏ လွှမ်းခြုံ အလားအလာကို ခုံရုံးက စဉ်းစား၍ ဟန်ချက်ညီမျှအောင် ပြုလုပ်ပါသည်။[၂၂၀] သို့ရာတွင် ECHR ၏ အပိုဒ် (၁၀) နှင့် မတူသည်မှာ စာနယ်ဇင်းကို သွယ်ဝိုက်ထိန်းချုပ်မှုနှင့် သတင်းအချက်အလက်၊ အမြင်သဘောထားနှင့် အယူအဆများကို ဖြန့်ချိရန် အသုံးပြုသည့် မည်သည့် နည်းလမ်းကိုမဆို တားမြစ်ကြောင်း အပိုဒ် ၁၃ (၃) က အတိအကျ ဖော်ပြထားသည်။ ECHR ၏ အပိုဒ် (၁၀) နှင့် ICCPR ၏ အပိုဒ် (၁၉) ရှိ ၎င်း၏ အလားတူအပိုဒ်များနှင့် မတူသည်မှာ အပိုဒ် (၁၃) သည် သတင်းသမားများကို မည္ဆန်းဆိုထားသော်ငြား အပိုဒ် ၁၃ (၃) တွင်မူ ပုံနှိပ်စာနယ်ဇင်းနှင့် ထုတ်လွှင့်ချက်များကို တားမြစ်သည့် မည်သည့် သွယ်ဝိုက်နည်းလမ်းများကိုမဆို အတိအကျ တားမြစ်ထားသည်။ သို့တည်းမဟုတ် အယူအဆများနှင့် အမြင်သဘောထားများကို ဆက်သွယ်တင်ပြခြင်းနှင့် ဖြန့်ဝေခြင်းတို့ကို ဟန့်တားလိုသည့် အခြားနည်းလမ်းများကိုလည်း အတိအကျ တားမြစ်ထားသည်။ ဤကိုးကားချက်နှင့်အတူ ပုဂ္ဂလိကအဖွဲ့များက ဤအခွင့်အရေးကို အလွဲသုံးစားမှုကို တားမြစ်ရန် အပိုဒ် ၁၃ (၃) က များစွာ အားစိုက်ထုတ် ထားသည်။[၂၂၁] အခြားသော စနစ်နှစ်ခုသည် ၎င်းတို့၏ စီရင်ထုံးဥပဒေမှတဆင့်

---

[၂၁၉] Contreras (n. 60) 77–8; Thorgeirsdóttir (n. 21) 26; အခန်း (၃-၁) ကို ကြည့်ပါ။

[၂၂၀] *Palamara-Iribarne* (n. 208), paras 59, 64, 69, 70, 95, 97, 100; *Ricardo Canese* (n. 195), para. 98; *Herrera-Ulloa* (n. 195), para. 128; *Ivcher-Bronstein* (n. 206), para. 155.

[၂၂၁] Thorgeirsdóttir (n. 21) 42.

ရှင်းလင်းထားသည့်အတိုင်း အမေရိကနိုင်ငံများစနစ်သည် ၎င်း၏ အခြေခံကိရိယာတွင် တိုက်ရိုက် အသေးစိတ် ရှင်းပြထားသည်။

ဥပဒေအရ အသင်းအပင်းဖွဲ့စည်းခြင်း အကြံပြုစာတမ်းတွင် အစောပိုင်းဥ၌ အပိုဒ် (၁၃) ၏ စာပိုဒ် (၂) နှင့် (၃) အကြား ဆက်နွယ်ချက်၏ သိသာထင်ရှားမှုကို IACtHR က ရှင်းလင်းအောင် ပြုလုပ်ပါသည်။ ခုံရုံးက ရှင်းပြသည်မှာ -

> ပြဋ္ဌာန်းချက် အပိုဒ် ၁၃ (၂) ပြီးသည်နှင့် တပြိုင်နက် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်ကို ကျင့်သုံးမှု အပေါ် ခွင့်ပြုနိုင်သည့် ကန့်သတ်ချက်များနှင့် သက်ဆိုင်သည့် အပိုဒ် ၁၃ (၃) ကို ထားရှိသည်မှာ သိသာထင်ရှားသည်။ အပိုဒ် ၁၃ (၂) ၏ စာသားများကို မှားယွင်းစွာ အနက်ပြန်ဆိုခြင်းမပြုနိုင်ရေး သေချာစေရန် ဆန္ဒရှိကြောင်း ဤအခြေအနေက ယူဆသည်။ တင်းတင်းကြပ်ကြပ် လိုအပ်သည့် အတိုင်းအတာမှတပါး လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်၏ လွမ်းခြုံမှုနယ်ပယ်အပြည့်အဝကို ကန့်သတ်သည့် နည်းဖြင့် အနက်မဖွင့်ဆိုရန် ဖြစ်သည်'။[JJJ]

အလားတူ အကြံပြုချက်စာတမ်းတွင် အပိုဒ် ၁၃ (၃) ကို ACHR ၏ အပိုဒ် (၁) နှင့် အတူယှဉ်တွဲ ဖတ်ရှုသင့်ကြောင်းကိုလည်း ခုံရုံးက ရှင်းရှင်းလင်းလင်း ပြောကြားသည်။ '(သဘောတူစာချုပ်တွင်) အသိအမှတ် ပြုထားသည့် ရပိုင်ခွင့်များနှင့် လွတ်လပ်ခွင့်ကို လေးစားရန် …….. နှင့် နိုင်ငံများ၏ ဥပဒေစနစ်အတွင်း အဆိုပါ ရပိုင်ခွင့်များနှင့် လွတ်လပ်ခွင့်များကို လွတ်လွတ်လပ်လပ်နှင့် အပြည့်အဝ ကျင့်သုံးနိုင်ရေး သေချာစေရန်' အဖွဲ့ဝင်နိုင်ငံများက လုပ်ဆောင်ရမည် ဟူသည့် အပိုဒ်ဖြစ်သည်။[JJ၃] သဘောတူစာချုပ်ကို ချိုးဖောက်ခြင်းသည် နိုင်ငံက "အယူအဆများနှင့် အမြင်သဘောထားကို ဆက်သွယ်တင်ပြခြင်းနှင့် ဖြန့်ဝေခြင်း" ကို ဟန့်တားလိုသည့် သွယ်ဝိုက်သဘောဆောင်သည့် တားမြစ်ချက်များကို ချမှတ်ခြင်းကြောင့် ထွက်ပေါ်လာသည့် ရလဒ် ဖြစ်နိုင်သည် သာမက

> "အပိုဒ် (၁၃) ၏ စာပိုဒ် (၃) ကို ကိုးကားထားသည့် "ပုဂ္ဂလိက ထိန်းချုပ်မှုများ" မှ မဟုတ်သည့် ချိုးဖောက်မှု ဖြစ်စေရေးသေချာစေရေး နိုင်ငံတွင်လည်း တာဝန်ရှိပါသည်။[JJ၄]

အစိုးရမှ လုပ်ဆောင်ခြင်းမဟုတ်သည့် တားမြစ်ချက်မှ ကာကွယ်ရန် နိုင်ငံများတွင် လုပ်ဆောင်ရန် တာဝန်ရှိကြောင်း လိုအပ်ချက်ကို ဤအချက်က ညွှန်ပြသည်။ ဤလုပ်ဆောင်ရမည့် တာဝန်များကို နောက်လာမည့် အခန်းတွင် ဦးတည်ဆွေးနွေးလိမ့်မည်။ အမေရိကနိုင်ငံများစနစ်သည် ပို၍ သဘောထားပျော့ပျောင်းပြီး အယူအဆများကို လွတ်လပ်စွာဖြန့်ဝေခြင်းကို ဟန့်တားလျက်ရှိသည့် တားမြစ်ချက်များကို အနိမ့်ဆုံးအခြေခံအထိ လျော့ချကြောင်း ခုံရုံးက ဤနေရာတွင် ဖော်ပြသည်။[JJ၅]

[JJJ] Compulsory Membership (n. 194), para. 47.

[JJ၃] American Convention on Human Rights (n. 193), Article 1.

[JJ၄] Compulsory Membership (n. 194), para. 48.

[JJ၅] ibid., para. 50.

သတင်းအချက်အလက်၊ အယူအဆများနှင့် အမြင်သဘောထားများကို ဖြန့်ဝေခြင်းအပေါ် ဖြစ်နိုင်ခြေ ရှိသော တားမြစ်ချက်များ၏ လွှမ်းခြုံနယ်ပယ်ကို အကြံပြုစာတမ်းက ထပ်မံ၍ ရှင်းလင်းပါသည်။ အောက်ပါ အချိန်တွင် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို ဆိုးဆိုးရွားရွား ချိုးဖောက်ပါသည်-

> သတင်းအချက်အလက်၊ အယူအဆများ၊ အမြင်သဘောထားများ သို့မဟုတ် သတင်းများကို လွတ်လပ်စွာ ဖြန့်ဝေခြင်းကို ဟန့်တားခြင်း၏ ရည်ရွယ်ချက်အတွက် အစိုးရအခွင့်အာဏာကို အသုံးပြုသည်။ ဤသို့ ချိုးဖောက်ခြင်း ပုံစံ၏နမူနာများမှာ ကြိုတင်စိစစ်ဖြတ်တောက်ခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်းများကို တားဆီးခြင်း သို့မဟုတ် ချုပ်ကိုင်ခြင်းနှင့် အများအားဖြင့် သတင်းအချက်အလက်ဖြန့်ချိခြင်း သို့မဟုတ် ထုတ်ဖော်တင်ပြခြင်းကို အစိုးရ၏ ထိန်းချုပ်မှုခံရစေရရန် လုပ်ဆောင်သည့် မည်သည့် စည်းမျဉ်းမဆို ဖြစ်ကြသည်။[၂၂၆]

သို့ရာတွင် သဘောတူစာချုပ်ပါ အကာအကွယ်ပေးခြင်းများနှင့် ကိုက်ညီရန်အလို့ငှာ တားမြစ်ချက်သည် ပြင်းပြင်းထန်ထန် မဖြစ်ရပေ။ 'သတင်းအချက်အလက်နှင့် အယူအဆများကို ရှာဖွေခွင့်၊ လက်ခံရရှိခွင့်နှင့် ပေးပို့ခွင့်ကို များပြားသည့် အတိုင်းအတာတခုအထိ တားမြစ်ချက် ပါဝင်သည့် သို့မဟုတ် သဘောတူစာချုပ်မှ အခွင့်အာဏာအပ်နှင်းထားသည့်နည်းထက် ကျော်လွန်သည့်နည်းဖြင့် အစိုးရ၏ မည်သည့် လုပ်ဆောင်ချက်မဆို သဘောတူစာချုပ်ကို ဆန့်ကျင်မည်ဖြစ်ကြောင်း' အကြံပြုစာတမ်းက ပြောထားသည်။[၂၂၇] တရားရုံးက ဆက်လက် ပြောဆိုသည်မှာ -

> နိုင်ငံ၏ တိုက်ရိုက် ကြားဖြတ်လုပ်ဆောင်ချက် မရှိသည့်တိုင်အောင် လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့်ကို သက်ရောက်မှုရှိနိုင်ပါသည်။ ဥပမာအားဖြင့် သတင်းအချက်အလက် ဆက်သွယ်ရေး မီဒီယာပိုင်ဆိုင်မှုတွင် လက်ဝါးကြီးအုပ်မှု သို့မဟုတ် လူတစုထိန်းချုပ်ထားမှုများ ရှိသည့်အခါတွင် အယူအဆများနှင့် အမြင်သဘောထားများကို ဆက်သွယ် ဖြန့်ချိရေးကို ဟန့်တားလိုသည့် နည်းလမ်းများကို လက်တွေ့တွင် ချမှတ် ကျင့်သုံးလာသည်မှာ အမှန်ပင် ဖြစ်သည်။[၂၂၈]

ဗဟုဝါဒကို ဆွေးနွေးသည့်အခါတွင် နောက်လာမည့်အခန်းသည် ဤအချက်ကို ပြန်လည်ဆွေးနွေး ပါလိမ့်မည်။[၂၂၉] *ဥပဒေအရ အသင်းအပင်းဖွဲ့စည်းခြင်း* အမှုကိုသာမက ECtHR ၏ စီရင်ထုံးဥပဒေကို ကိုးကားသည့် အခါ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်အပေါ် တားမြစ်ချက်သည် ခွင့်ပြုသင့်ကြောင်း သတ်မှတ်ရန်အတွက် အပိုင်း ၃ ပိုင်း ပါဝင်သည့် စမ်းသပ်ချက်ကို IACtHR က အနှစ်ချုပ်ထားသည် -

> လူ့အခွင့်အရေးဆိုင်ရာ အမေရိကနိုင်ငံများ၏ သဘောတူစာချုပ်၏ အပိုဒ် ၁၃ (၂) သည် လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့် ချမှတ်နိုင်ခြေကို ပေးအပ်ထားသည်။ လွတ်လပ်စွာထုတ်ဖော်တင်ပြ

---

[၂၂၆] ibid., para. 55.

[၂၂၇] ibid.

[၂၂၈] ibid., para. 56.

[၂၂၉] အခန်း (၄-၃) ကို ကြည့်ပါ။

ပြောဆိုခွင့်ကို တလွဲကျင့်သုံးခြင်းကြောင့် နောက်ဆက်တွဲတာဝန်ယူမှုပြဋ္ဌာန်းပေးရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ သို့ရာတွင် တင်းတင်းကြပ်ကြပ် လိုအပ်သည်ထက် ကျော်လွန်၍ အဆိုပါ တားမြစ်ချက်များသည် လွတ်လပ်စွာထုတ်ဖော်တင်ပြ ပြောဆိုခွင့်၏ ပြည့်စုံသည့် လွှမ်းခြုံနယ်ပယ်ကို ကန့်သတ်ခြင်း မပြုရပေ သို့မဟုတ် ကြိုတင်စိစစ် ဖြတ်တောက်သည့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက် နည်းလမ်းများ မဖြစ်လာရပေ။ နောက်ဆက်တွဲ တာဝန်များ သတ်မှတ်ရန်အလို့ငှာ လိုအပ်ချက် ၃ ရပ်ကို ပြည့်မီရမည်။ (၁) တားမြစ်ချက်သည် ယခင်ကတည်းက ဥပဒေဖြင့် ပြဋ္ဌာန်းပြီး ဖြစ်ရမည်။ (၂) ၎င်းတားမြစ်ချက်များသည် အခြားသူများ၏ အခွင့်အရေးများ သို့မဟုတ် ဂုဏ်သိက္ခာကို သေချာစေရေး သို့မဟုတ် အမျိုးသားလုံခြုံရေး၊ အစိုးရအမိန့် သို့မဟုတ် ပြည်သူ့ကျန်းမာရေး သို့မဟုတ် ကျင့်ဝတ်များကို အကာအကွယ်ပေးရန် ရည်ရွယ်ရမည်။ (၃) ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် ၎င်းတားမြစ်ချက်များကို လိုအပ်မှု ရှိရမည်။[၂၃၀]

ယှဉ်ပြိုင်အကျိုးစီးပွားများအပေါ် တားမြစ်ချက်ကို ချိန်ညှိသည့်အခါ ECtHR ကို IACtHR က အသုံးပြုသော်ငြား တားမြစ်သည့် နယ်ပယ် (သို့မဟုတ် လုပ်ပိုင်ခွင့်နယ်ပယ်) သည် ECtHR တွင် ပါရှိသည်ထက် ပို၍ ကျဉ်းမြောင်းသည်ကို ဥပဒေပညာရှင်များက အသိအမှတ်ပြုခဲ့သည်။[၂၃၁] နောက်ဆုံးတွင် ACHR ၏ အပိုဒ် (၂၉) သည် တားမြစ်ချက်များအပေါ် သဘောတူစာချုပ်က မည်သို့ အသေးစိတ် အနက်ပြန်ဆိုသည်ကို အောက်ပါအတိုင်း ဖော်ပြထားသည်[၂၃၂] -

> သဘောတူစာချုပ်၏ မည်သည့်ပြဋ္ဌာန်းချက်ကိုမဆို အောက်ပါကဲ့သို့ အနက်ပြန်ဆိုခြင်း မပြုရပါ-

---

[၂၃၀] *Herrera-Ulloa* (n. 195), Preliminary Objections, Merits, Reparation and Costs, para. 120. Other examples of Inter-American cases which adopt this test include *Ricardo Canese* (n. 195), paras 95–6; *Claude-Reyes et al.* (n. 202), Merits, Reparations and Costs, paras 89–91. Contreras အတွက် တားမြစ်ချက်များစမ်းသပ်ချက်ကို ပထမဆုံး အနေဖြင့် ခုံရုံးက အတိအကျ ထုတ်ဖော်သည့် *Claude Reyes et al v. Chile* ကို သူက ခုခံချေပသည်။ အောက်ခြေမှတ်စုရှိ *Herrera* သည် အပိုဒ် ၁၀၁(၁) ကို ကိုးကားသော်ငြား အပိုဒ် (၁၂၀) ကို မကိုးကားကြောင်း သူက သတိပြုမိသည်။ အထက်တွင် ဖော်ပြထားသည့်အတိုင်း တားမြစ်ချက်များကို ခုံရုံးက အတိအကျ ဖော်ပြထားသည့်နေရာဖြစ်သည်။

[၂၃၁] See generally, Antonio Cancado Trindade, 'Reflexiones Sobre el Future del Sistema Interamericano de Proteccion de los Derechos Humanos' in Juan E. Mendez and Francisco Cox (eds), *El Futuro del Sistema Interamericano de Proeccion a los Derecho Humanos* (1998). ဤဆောင်းပါးတွင် အသိအမှတ်ပြုလက်ခံသည့် နယ်ပယ် အယူအဆကို တရားသူကြီး Cancado က လုံးဝ ပယ်ချသည်။ အလယ်အလတ် အမြင်ရှုထောင့်အတွက် အများအားဖြင့် Ximena Fuentes Torrijo, 'La Proteccion de la Libertad de Expresion en el Sistema Interamericano de Derechos Humanos y la Promocion de la Democracia (2002) 13 *Revista de Derecho* (Universidad de Valdivia) 225; Victor Abramovich, 'Automonia y Subsidiariedad: El Sistema Interamericano de Derechos Humanos frente a los Sistemas de Justicia Nacionales' in Cesar Rodiguez Garavito (coordinador), *El Derecho en America Latina: Un Mapa para el Pensamiento Juridico del Diglo XXI* (Siglo XXI 2011) ကို ကြည့်ပါ။

[၂၃၂] American Convention on Human Rights (n. 193), Article 29.

(က) ဤသဘောတူစာချုပ်တွင် အသိအမှတ်ပြုထားသည့် အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ရရှိခံစားခြင်း သို့မဟုတ် ကျင့်သုံးခြင်းတို့ကို ဖိနှိပ်ရန် အဖွဲ့ဝင်နိုင်ငံ၊ အုပ်စု သို့မဟုတ် လူများကို ခွင့်ပြုခြင်း၊ သို့မဟုတ် ဤနေရာတွင် ပေးအပ်ထားသည်ထက် ပို၍ များပြားသည့် အတိုင်းအတာ အထိ ၎င်းအခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို တားမြစ်ရန် ခွင့်ပြုခြင်း။

(ခ) မည်သည့် အဖွဲ့ဝင်နိုင်ငံ၏ ဥပဒေများအရ သို့မဟုတ် ဆိုခဲ့ပါ နိုင်ငံများက အဖွဲ့ဝင်ဖြစ်သည့် အခြားသော သဘောတူစာချုပ်အရ အသိအမှတ်ပြုထားသည့် မည်သည့် အခွင့်အရေး သို့မဟုတ် လွတ်လပ်ခွင့်ကို ရရှိခံစားမှု သို့မဟုတ် ကျင့်သုံးမှုတို့ကို တားမြစ်ခြင်း။

(ဂ) လူသားဖြစ်တည်မှုတွင် ပါဝင်သည့် ရှိရင်းစွဲ အခြားသော အခွင့်အရေးများ သို့မဟုတ် အာမခံချက်များ၊ သို့မဟုတ် အစိုးရပုံစံဖြစ်သည့် ကိုယ်စားပြုဒီမိုကရေစီမှ ဆင်းသက်လာသည့် အခြားသော အခွင့်အရေးများ သို့မဟုတ် အာမခံချက်များကို ကြိုတင်တားဆီးခြင်း။ သို့မဟုတ်

(ဃ) လူသားအခွင့်အရေးနှင့် တာဝန်များဆိုင်ရာ အမေရိကနိုင်ငံများ၏ ကြေညာစာတမ်းနှင့် သဘော သဘာဝတူညီသည့် အခြားသော အပြည်ပြည်ဆိုင်ရာ ဥပဒေများတွင် ရှိနိုင်သည့် အကျိုးသက်ရောက်မှုကို ဖယ်ထုတ်ခြင်း သို့မဟုတ် ကန့်သတ်ခြင်း။

IACtHR က ရှင်းလင်းတိကျစွာ အသိအမှတ်ပြုထားသည့် ဤအပိုဒ်နှင့် တူညီသည့် အချက်သည် ဥရောပ သဘောတူစာချုပ်တွင် မရှိပါ။[၂၃၃] အထက်တွင် မိတ်ဆက်တင်ပြထားပြီး ဖြစ်သည့်အတိုင်း IACtHR သည် အမှုကို ဖြစ်နိုင်ခြေရှိရှိ ချဉ်းကပ်နိုင်ပါသည်။ တားမြစ်ချက်အမြင့်ရှုထောင့်မှ ဆိုသည်ထက် အပိုဒ် ၁၃ (၁) တွင် ပါဝင်သည့် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်၏ အကြောင်းအရာကို လေ့လာဆန်းစစ်သည့် နည်းလမ်းများအတိုင်း ချဉ်းကပ်သည်။ တားမြစ်ချက်၏ မျှတမှုဖြစ်ခြင်းကို ထည့်သွင်းစဉ်းစားသည့်အခါ ECtHR ကဲ့သို့ပင် တူညီသည့် စမ်းသပ်ချက်ကို အသုံးပြုသည်။ သို့ရာတွင် ကြိုတင်တားမြစ်ချက်ကို အတိအကျ တားမြစ်ခြင်းသာမက အပိုဒ် (၂၉) ၏ သတ်မှတ်ချက်များသည် အပိုဒ် (၁၃) အာမခံချက်များအပေါ် တားမြစ်ချက်များကို ချိန်ညှိရန် နိုင်ငံများအတွက် တားမြစ်ချက်နယ်ပယ်ကို ပို၍ ကျဉ်းမြောင်းစေပါသည်။ သို့ဖြစ်သည့်အတွက် အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့် ဖြစ်နိုင်ခြေရှိရှိ ပါဝင်နေသည့် အမှုဖြင့် တင်ပြပါက အကာအကွယ်ပေးသည့် လွှမ်းခြုံနယ်ပယ်သည် ပို၍ ကျယ်ပြန့်လာနိုင်ပေသည်။ သို့သော်ငြား တားမြစ်ချက်ကို ချိန်ညှိမည့် တားမြစ်ချက် နယ်ပယ်သည် ECtHR က လုပ်ကိုင်ခဲ့သည့် ကနဦးချဉ်းကပ်နည်းထက် ပို၍ ကျဉ်းမြောင်းလာနိုင်ပါသည်။

၃-၃-၁-၃။ လူ့အခွင့်အရေးဆိုင်ရာ ဥရောပခုံရုံးပြင်ပ လုပ်ပိုင်ခွင့် နယ်ပယ်ရှိ အခြေခံမူများ၏ အကန့်အသတ်များ

ဤကိစ္စအကြောင်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးချက်သည် ယခုစာအုပ်၏ ပါဝင်သည့် အကြောင်းအရာ ပြင်ပဖြစ်သည့်အတွက် သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်၏ အရေးပါမှုအပေါ်

---

[၂၃၃] Compulsory Membership (n. 194), para. 44.

ဆွေးနွေးရာတွင် အသေးစိတ် အပိုင်းများ ရှိကြသည်။ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ဖြင့် ပါဝင်စေသည့် အရာကို လုပ်ပိုင်ခွင့်နယ်ပယ်က မည်သို့ ပိုမို နားလည်သဘောပေါက်စေသည်ကို ၎င်းကွာဟချက်ဖြင့် ကန့်သတ်ရပေမည်။ အခန်း (၁) နှင့် ယခုအခန်း၏ နိဒါန်းပိုင်းတွင် ဖော်ပြထားသည့်အတိုင်း လေ့လာဆန်းစစ်ချက်သည် လူ့အခွင့်အရေး ဆိုင်ရာ ဥရောပခုံရုံးနှင့် အမေရိကန်နိုင်ငံများ၏ လူ့အခွင့်အရေးဆိုင်ရာ ခုံရုံးတို့၏ ဆုံးဖြတ်ချက်များအပေါ် ဦးတည်ထားပါသည်။ သို့ရာတွင် UNHRC သည် လုပ်ပိုင်ခွင့် နယ်ပယ်ဟူသော အခြေခံမူကို အတိအလင်းပင် လက်ခံခြင်း မပြုပေ။[၂၃၄] IACtHR သည် ၎င်းအခြေခံမူကို အတိအလင်း မြင်းပယ်သော်ငြား အခြေခံမူ အသုံးပြုခြင်းကိုမူ အလွန်ပင် ကန့်သတ်ထားသည်။ ACHR ၏ အပိုဒ် (၂၉)၊ ဗဟုဝါဒကို သေချာစေရေး လုပ်ဆောင်ရာတွင် IACtHR ၏ မြင့်မြင့်မားမား ထားရှိသည့် အသေးစိတ် လေ့လာဆန်းစစ်ခြင်း၊ လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်၏ လူ့အဖွဲ့အစည်းဆိုင်ရာ အမြင်ရှုထောင့်နှင့် အထိခိုက်လွယ်လူအုပ်စုကို အကာအကွယ်ပေးရေး အလေးထားမှုတို့အရ ဖြစ်ပါသည်။ လုပ်ပိုင်ခွင့် နယ်ပယ်ဆိုင်ရာ အခြေခံမူအား ECtHR ၏ အသုံးပြုမှုကို IACtHR က အသိအမှတ်ပြုထားကြောင်း ဤအပိုင်းက အချေအတင် ဆွေးနွေးပါသည်။ သို့သော်ငြား လိုအပ်ပြီး အချိုးအစားညီမျှရမည့် နယ်ပယ်အကျယ်အဝန်းကို IACtHR က အနက်ဖွင့်ဆိုသည့် အတိုင်းအတာသည် နိုင်ငံများမှ ကျင့်သုံးသည့် အများသဘောတူညီမှုအပေါ် ပို၍ အခြေခံနိုင်ခြေ ရှိသည်။ လုပ်ပိုင်ခွင့် နယ်ပယ်ဆိုင်ရာ ECtHR ၏ အခြေခံမူအပေါ် မူတည်ခြင်း မဟုတ်ပေ။

လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် တားမြစ်ချက်များကို ယှဉ်ပြိုင်အကျိုးစီးပွား၊ ရပိုင်ခွင့်များနှင့် IACtHR က နှိုင်းချင့်ပါသည်။ အဖွဲ့ဝင်နိုင်ငံများအား မည်သည့်နေရာတွင် တားမြစ်ချက်ကို ပို၍ တိုးမြှင့်ခွင့် သို့မဟုတ် လျှော့ချခွင့် ပေးသည်ကို ဖော်ထုတ်ရန်နှင့် ခုံရုံးနှစ်ခု၏ ချဉ်းကပ်နည်းများအကြား တူညီချက်များနှင့် ကွာခြားချက်များသည် မည်မျှ အတိုင်းအတာရှိသည်ကို ဖော်ထုတ်ရန် ရည်ရွယ်ချက်များဖြင့် နှိုင်းချင့်ပါသည်။ 'လုပ်ပိုင်ခွင့် နယ်ပယ်အယူအဆကို အသုံးချခြင်းသည် အပိုဒ် (၁၉) က အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အယူအဆက တောင်းခံသည့် တားမြစ်ချက်နှင့် မည်မျှ အတိုင်းအတာအထိ ကိုက်ညီသည်ကို ထည့်သွင်းစဉ်းစားရမည် ဖြစ်ကြောင်း' Contreras က တွေ့ရှိပါသည်။[၂၃၅] အထက်တွင် တွေ့ရှိသည့်အတိုင်း လုပ်ပိုင်ခွင့် နယ်ပယ်အပေါ် အတိအကျ မှီတည်ထားသည့် IACtHR ၏ ဆုံးဖြတ်ချက် အနည်းငယ်မျှသာ ရှိပါသည်။[၂၃၆] အယူအဆသည် အငြင်းပွားဖွယ်ဖြစ်ပြီး IACtHR သည် အယူအဆ သို့မဟုတ် အလားတူအရာကို ချမှတ်သင့်၊ မသင့်အပေါ် ကွဲပြားသည့် အမြင်သဘောထားများ ရှိကြသည်။[၂၃၇] ဤစာအုပ်နှင့် ဤအခန်း၏ ရည်ရွယ်ချက်များအတွက် အဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့၏ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးတာဝန်ဝတ္တရားများကို အကောင်အထည် ဖော်ရန် လျှော့ပေါ့ ပေးအပ်ထားသည့် နယ်ပယ် သို့မဟုတ် အတိုင်းအတာ ရှိသည်ကို ဤဆွေးနွေးချက်က လေ့လာပါသည်။ Contreras က ခုခံဆွေးနွေးသည်မှာ -

---

[၂၃၄] အခန်း (၁-၂)၊ အထွေထွေမှတ်ချက် (၃၄)၊ အပိုဒ် (၃၆) ကို ကြည့်ပါ။

[၂၃၅] Contreras (n. 60) 65.

[၂၃၆] Legg (n. 64) 31; Contreras (n. 60) 65.

[၂၃၇] Contreras (n. 60) 57.

> အမေရိကနိုင်ငံများ၏ လူ့အခွင့်အရေးဆိုင်ရာ ခုံရုံး၏ ဥပဒေစနစ်အတွင်းရှိ လုပ်ပိုင်ခွင့် နယ်ပယ်ကို ကနဦး ပြင်ဆင် ရေးဆွဲချက်များသည် ဥရောပအယူအဆအတိုင်း လိုက်နာပါသည်။ လူ့အခွင့်အရေးဆိုင်ရာ ဥရောပခုံရုံးကို အတိအကျ ကိုးကားခြင်း မရှိသော်ငြား နိုင်ငံများအတွက် သတ်မှတ်ထားသည့် နယ်ပယ်သည် ပြည်တွင်း ကိုယ်ပိုင်ဆုံးဖြတ်ခွင့် အချို့ကို ခွင့်ပြုပေးသည် [……]။ အခွင့်အရေးများကို နိုင်ငံ၏ ထိန်းကွပ်ခြင်းနှင့် တားမြစ်ခြင်း လုပ်ဆောင်ချက်များအပေါ် နိုင်ငံတကာ၏ ကြီးကြပ်မှုကို ကျင့်သုံးသည့် အခွင့်အာဏာကို (လူ့အခွင့်အရေးဆိုင်ရာ ဥရောပခုံရုံးနှင့် အလားတူပင်) ခုံရုံးသည်လည်း စွဲကိုင်ထားသည်။[၂၃၈]

Herrera Ulloa v. Costa Rica တွင် လွတ်လပ်စွာ ပြောဆိုခွင့်အပေါ် နိုင်ငံ၏ ချိုးဖောက်ခြင်းများကို လေ့လာဆန်းစစ်ရန် IACtHR သည် လုပ်ပိုင်ခွင့် နယ်ပယ်ကို ပထမဆုံး အသုံးပြုခဲ့သည်။ ၎င်းအမှုတွင် အသရေဖျက်မှု ပါဝင်သည့် စိတ်အနှောင့်အယှက်ဖြစ်စရာများကို ပုံနှိပ်ထုတ်ဝေသည့် ပြစ်မှုများအတွက် သတင်းသမားတဦးသည် အပြစ်ပေးခံရသည်။[၂၃၉] ECtHR ၏ *Handyside* via *the Sunday Times* အမှုကို ကိုးကားလျက် ဗဟုဝါဒကို သေချာစေရေးအတွက် အသေးစိတ်ဂရုတစိုက် လေ့လာဆန်းစစ်ခြင်းကို မြင့်မြင့်မားမားလုပ်ဆောင်ရန် ခုံရုံးက ထပ်လောင်းအတည်ပြုသည်။[၂၄၀] ခုံရုံးက ထပ်မံ ဖော်ပြသည်မှာ -

> ဤအခြေအနေတွင် ပြည်သူတရပ်လုံးနှင့် သက်ဆိုင်သည့် လုပ်ငန်းဆောင်တာများကို ဆောင်ရွက်နေသည့် အစိုးရ အရာရှိများ၊ အခြားသူများနှင့် သက်ဆိုင်သည့် ထွက်ဆိုချက်များကို သဘောတူစာချုပ်၏ အပိုဒ် ၁၃ (၂) အရ လုပ်ပိုင်ခွင့်အချို့ကို အပ်နှင်းရမည်။ စစ်မှန်သည့် ဒီမိုကရေစီ စနစ် သက်ဝင်လှုပ်ရှားစေရန်အတွက် မရှိမဖြစ် လိုအပ်သည့် ပြည်သူ့အကျိုးစီးပွားများအပေါ် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးရာတွင် လုပ်ပိုင်ခွင့် အပ်နှင်းရခြင်း ဖြစ်သည်။ အစိုးရအရာရှိများ သို့မဟုတ် ထင်ရှားကျော်ကြားသူများ၏ ဂုဏ်သိက္ခာကို ဥပဒေဖြင့် အကာအကွယ်မပေးသင့်ကြောင်းကို အထက်ဖော်ပြပါ စဉ်းစားချက်များက မည်သည့်နည်းနှင့်မျှ အဓိပ္ပာယ် မသက်ရောက်စေပါ။ သို့သော် ဒီမိုကရေစီနည်းကျ ဗဟုဝါဒ၏ အခြေခံမူများအရ ၎င်းကို အကာအကွယ်ပေးရမည်။[၂၄၁]

ပြည်တွင်းတားမြစ်ချက်ကို ထပ်မံ၍ ကန့်သတ်တားဆီးခြင်းဖြင့် IACtHR အောက်တွင် ရေးဆွဲဖွံ့ဖြိုးလာသည့် လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့်၏ လူ့အဖွဲ့အစည်းဆိုင်ရာ အမြင်ရှုထောင့်သည် ECtHR ထက်

---

[၂၃၈] Contreras (n. 60) 58.

[၂၃၉] ibid. 59; *Herrera-Ulloa* (n. 195), paras 120–9.

[၂၄၀] *Herrera-Ulloa* (n. 195), Preliminary Objections, Merits, Reparation and Costs, paras 126–7.

[၂၄၁] ibid., para. 128.

ပို၍ လက်ခံရရှိခွင့် ဖွံ့ဖြိုးလာခြင်းကို ခွင့်ပြုပေးလျက်ရှိသည်။ နိုင်ငံအပေါ် လုပ်ဆောင်ရမည့် တာဝန်များကို ထားရှိခြင်းဖြင့် ခွင့်ပြုသည်။ ဤအကြောင်းကို နောက်အခန်းတွင် ဆွေးနွေးသွားမည် ဖြစ်သည်။[၂၄၂]

အထိခိုက်လွယ်လူအုပ်စုများအခြေအနေတွင် IACtHR သည် ကျူးလွန်ခံရသူဗဟိုပြု ချဉ်းကပ်နည်းကို အသုံးပြုပြီး ဒေသတွင်း တွေ့ရှိရသည့် မညီမျှမှုနှင့် လူမှုအဖွဲ့အစည်းတွင် ပါဝင်ခွင့်မပေးခြင်း ပုံစံများကို အမှတ်မထားနိုင်ကြောင်းကို Hennebel နှင့် Abramovich တို့နှစ်ဦးစလုံးက ဆွေးနွေးပါသည်။[၂၄၃] Abramovich ၏ အချက်အလက်များကို အသုံးပြုလျက် နိုင်ငံများက သမိုင်းအစဉ်အလာအရ သို့မဟုတ် ဖွဲ့စည်းပုံအရ ခွဲခြားဆက်ဆံခံရလျက်ရှိသည့် အုပ်စုအချို့ကို အကာအကွယ်ပေးခြင်းအပေါ် အမေရိကနိုင်ငံများစနစ်သည် မှန်မှန်ကန်ကန် ဦးစားပေးထားကြောင်း Contreras က အနှစ်ချုပ်ဖော်ပြသည်။ ၎င်းခွဲခြားဆက်ဆံခံရသည့် အုပ်စုများတွင် ဌာနေတိုင်းရင်းသားများ၊ အမျိုးသမီးများ၊ အထောက်အထားမဲ့ ပြောင်းရွှေ့အခြေချနေထိုင်သူများ၊ တပိုင်တနိုင် လယ်သမားများ သို့မဟုတ် အိမ်ခြေယာမဲ့ကလေးများတို့ ပါဝင်သည်။[၂၄၄] ဤအမှုများတွင် 'စာချုပ်အဖွဲ့ဝင် နိုင်ငံများမှ ဤအုပ်စုများအတွက် ပြည်တွင်းအကာအကွယ်ပေးမှုများရှိ ချို့ယွင်းချက်ကို ပြင်ဆင်ရန်' အမေရိကန နိုင်ငံများစနစ်သည် ၎င်း၏ အပြည်ပြည်ဆိုင်ရာ ကြီးကြပ်မှုကို အသုံးပြုကြောင်း သူက အကြံပြုပါသည်။[၂၄၅]

နောက်ဆုံးတွင် IACtHR ၏ ဟန်ချက်ညီညီ စဉ်းစားချင့်ချိန်ခြင်းများ၏ အစိတ်အပိုင်းအဖြစ် အဖွဲ့ဝင် နိုင်ငံများအကြား ဘုံသဘောတူညီမှုကို *Claude Reyes v. Chile* တွင် ခုံရုံးက များစွာ ချိန်ဆခဲ့ပါသည်။[၂၄၆] ခုံရုံးက အတိအကျ မဖော်ပြခဲ့သော်ငြား လျှောက်လဲသူ၏ အကျိုးစီးပွားတွင် အသေအချာ ဆန်းစစ်လေ့လာချက်ကို တိုးမြှင့်ဆောင်ရွက်သည့် လက်ရှိ နိုင်ငံ၏ ကျင့်သုံးပုံအပေါ် ခုံရုံး၏ ပြန်လည်စိစစ်ချက်သည် နိုင်ငံများသို့ ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်ကို နည်းပါးစေခဲ့ပါသည်။ ACHR ၏ အပိုဒ် (၁၃) ရှိ ၎င်းတို့၏ တာဝန်များကို ဖြည့်ဆည်းရန်အတွက် မည်သည့်အရာက လိုအပ်သည်နှင့် မည်သည့်အရာက အချိုးအစားညီမျှသည်တို့ကို သတ်မှတ်ရန် ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်ဖြစ်သည်။[၂၄၇] ဤကိစ္စရပ်အပေါ် အလေးပေးရာတွင် နိုင်ငံများအကြား

---

[၂၄၂] Contreras (n. 60) 71; *Claude-Reyes et al.* (n. 202), Merits, Reparations and Costs, paras 75–7. သတင်းအချက်အလက်စီစဉ်ပေးရန် နိုင်ငံမှ တစိတ်တပိုင်း တားမြစ်ချက်ရှိသော်ငြား နိုင်ငံများအတွက် လုပ်ဆောင်ရန် တာဝန်ရှိမှုများကို *Claude-Reyes* က ထားရှိကြောင်း ဖော်ပြရန် အရေးကြီးသည်။ ချိုးဖောက်မှုအတွက် ပြန်လည်ကုစားချက်အဖြစ် သို့မဟုတ် နောင်ချိုးဖောက်မှုများကို ကာကွယ်ရန်အတွက် တာဝန်ရှိမှုများဖြစ်သည်။ လုပ်ဆောင်ရန် တာဝန်ရှိမှုများအကြောင်း ဖော်ပြမည့် နောက်အခန်းတွင် ဤအကြောင်းကို အသေးစိတ် ဆွေးနွေးသွားပါမည်။

[၂၄၃] Ludovic Hennebel, 'The Inter-American Court of Human Rights: The Ambassador of Universalism' (2011) *Quebec Journal of International Law Special Edition* 57, 60, 60–5; Abramovich (n. 231) 217.

[၂၄၄] Contreras (n. 60) 66.

[၂၄၅] Contreras (n. 60) 66.

[၂၄၆] *Claude-Reyes et al.* (n. 202), para. 78; see Legg (n. 64) 121.

[၂၄၇] လက်ရှိ နိုင်ငံ၏ ကျင့်သုံးပုံကို လေ့လာဆန်းစစ်ပြီးနောက် နိုင်ငံများတွင် အသိအမှတ်ပြုလက်ခံသည့် နယ်ပယ် ကျယ်ကျယ်ပြန့်ပြန့်ရှိမည် ဖြစ်ကြောင်းကိုလည်း IACtHR က သတ်မှတ်သည်။ ဥပမာအနေဖြင့် *Castaneda Gutman v. Mexico* (2008) Series C no 184. See Legg (n. 64) 120 တွင် ဖြစ်သည်။

ဘုံသဘောဆန္ဒ ရှင်းရှင်းလင်းလင်းရှိခြင်းသည် လျှောက်လဲသူ၏ အကျိုးစီးပွားအတွက် အသေအချာ လေ့လာဆန်းစစ်ချက်သည် လိုအပ်ကြောင်း ဆိုလိုပါသည်။[၂၄၈] 'အမေရိကနိုင်ငံများအဖွဲ့အစည်း၏ အဖွဲ့ဝင်များ ဖြစ်ကြသည့် နိုင်ငံများအကြား ဒေသလုံးဆိုင်ရာ ဘုံသဘောတူညီချက်ရှိကြောင်းကို အလေးအနက်ထားရန် အရေးကြီးသည် ..... ပြည်သူ့ရေးရာသတင်းအချက်အလက်များကို လက်လှမ်းမီ ရရှိခွင့်နှင့် ၎င်းကို အကာအကွယ်ပေးရန် လိုအပ်ချက်၏ အရေးပါမှုအကြောင်း ဖြစ်သည်' ဟု IACtHR က ဖော်ပြခဲ့ပါသည်။[၂၄၉] စာချုပ်အဖွဲ့ဝင် မဟုတ်သည့် နိုင်ငံများအကြားရှိ ကမ္ဘာလုံးဆိုင်ရာ နိုင်ငံ၏ ကျင့်သုံးပုံကိုလည်း ခုံရုံးက ဆက်လက် စစ်တမ်းကောက်ပါသည်။ 'အစိုးရထိန်းချုပ်ထားသည့် သတင်းအချက်အလက်များအတွက် သဘောတူညီခွင့်ကို ထိန်းကွပ်ရန်နှင့် ကာကွယ်ရန် ရေးဆွဲထားသည့် ဥပဒေများကို ကမ္ဘာ့အဆင့်တွင် နိုင်ငံအများအပြားက ချမှတ်ကြသည်မှာ အထူးပင်ဆီလျော်သည်ကိုလည်း ခုံရုံးက တွေ့ရှိပါသည်'။[၂၅၀] နိုင်ငံ၏ သဘောထားဆန္ဒကို ဒုတိယအကြောင်းရင်းအဖြစ် ချိန်ညှိခြင်းသည် အပိုဒ် (၁၃) ချိုးဖောက်ခြင်းကို ခွင့်ပြုရေး ပြဋ္ဌာန်းရန်အတွက် IACtHR အပေါ် လွှမ်းမိုးမှု အထင်အရှား ရှိပါသည်။ အထူးသဖြင့် ACHR ကို လက်မှတ်ရေးထိုးထားသည့် နိုင်ငံများနှင့် အနည်းအကျဉ်းအနေဖြင့် ကမ္ဘာ့အဆင့် အများသဘောတူရာတွင် ဒုတိယအကြောင်းရင်း ဖြစ်သည်။[၂၅၁]

၃-၃-၁-၄။ အင်တာနက်၏ အခန်းကဏ္ဍ

၂၀၁၃ ခုနှစ်တွင် OAS ၏ အထူးအစီရင်ခံစာတင်သွင်းသူ Catalina Botero Marino သည် ပူးတွဲကြေညာချက်ကို ကိုးကားလျက် အွန်လိုင်းတွင် ကြိုတင်စိစစ်ဖြတ်တောက်ခြင်းအပေါ် သူမ၏ အနက်ပြန်ဆိုချက်ကို အောက်ပါအတိုင်း ဖော်ပြလျက် ရှင်းပြပါသည်-

> ကာကွယ်ရမည်ဟု ယူဆနိုင်သည့် မည်သို့သော အကြောင်းအရာ ဖြန့်ချိရေးကို တားမြစ်ပိတ်ပင်ရန် ကြိုတင်အရေးယူဆောင်ရွက်ချက်များကို မည်သောအခါမျှ ချမှတ်ခြင်း မပြုနိုင်ပါသလား။ အမှန်တကယ် သုံးစွဲသူက ထိန်းချုပ်မရသည့် အစိုးရများ သို့မဟုတ် စီးပွားရေးဝန်ဆောင်မှုပေးသူများမှ ချမှတ်ထားသည့် အကြောင်းအရာ စစ်ထုတ်သည့် စနစ်များတွင် ကြိုတင်စိစစ်ဖြတ်တောက်ခြင်းပုံစံ ပါဝင်သည့်အပြင် လွတ်လပ်စွာ ထုတ်ဖော် တင်ပြပြောဆိုခွင့်အပေါ် ဝေဖန်သုံးသပ်၍ တားမြစ်ခြင်းလည်း မဟုတ်ပေ။[၂၅၂]

ECtHR စီရင်ချက်များ၏ အထွေထွေသုံးသပ်ချက်ကို ဤရေးသားချက်က ထောက်ခံသည်ဟု ထင်မြင်ရသော်ငြား အစိုးရ၏ တားမြစ်ပိတ်ပင်သည့် အရေးယူဆောင်ရွက်ချက်များအပြင် စီးပွားရေးဝန်ဆောင်မှု ပေးသူများကိုပါ အထူးအစီရင်ခံစာတင်သွင်းသူ Marino က ဆက်လက်ထည့်သွင်းပါသည်။[၂၅၃] IACtHR ၏ အမြင်ရှုထောင့်

---

[၂၄၈] *Claude-Reyes et al.* (n. 202), para. 78.

[၂၄၉] *Claude-Reyes et al.* (n. 202), para. 78.

[၂၅၀] ibid., para. 82.

[၂၅၁] ibid., para. 78–82.

[၂၅၂] OAS 'Freedom of Expression and the Internet, Office of the Special Rapporteur for Freedom of Expression, Catalina Botero Marino' (2013), para. 88.

[၂၅၃] ibid., para. 36–7.

နှစ်မျိုး အခြေခံမူကို အင်တာနက်၏ သီးသန့်လက္ခဏာရပ်များနှင့် အထူးအစီရင်ခံစာတင်သွင်းသူ Marino က ချိတ်ဆက်ကာ အောက်ပါအတိုင်း ရှင်းပြပါသည်-

> အင်တာနက်၏ ဘက်ပေါင်းစုံနှင့် အပြန်အလှန် တုံ့ပြန်ဆောင်ရွက်တက်သော သဘောသဘာဝ၊ ၎င်း၏ အမြန်နှုန်း၊ နည်းပါးသည့် ကုန်ကျစရိတ်ဖြင့် တကမ္ဘာလုံး လွှမ်းခြုံနိုင်မှုသဘောသဘာဝအရသာမက ဗဟိုချုပ်ကိုင်မှုမရှိဘဲ လွတ်လပ်ပွင့်လင်းသည့် ဒီဇိုင်းအရပါ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်တွင် မကြုံစဖူး အလားလာ ရှိပါသည်။ တဦးချင်းစီနှင့် လူ့အဖွဲ့အစည်းဆိုင်ရာ အမြင်ရှုထောင့်နှစ်မျိုးစလုံးတွင် သတင်းအချက်အလက် ရှာဖွေခွင့်၊ လက်ခံရရှိခွင့်နှင့် ဖြန့်ချိခွင့်ကို ထိထိရောက်ရောက် ဖြစ်ထွန်းမှုအတွက် အလားအလာ ရှိခြင်း ဖြစ်သည် [.....] ထို့ကြောင့် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို ထိထိရောက်ရောက်နှင့် လူတိုင်း အသုံးပြုနိုင်ရေးသေချာစေရန် လူတိုင်းအတွက် အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်ကို တဆင့်ထက်တဆင့် အာမခံပေးနိုင်ရေး အဆင့်များကို ဆောင်ရွက်ရမည်။ ၎င်းအဆင့်များမှာ သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကို အသေအချာ ထည့်သွင်းရေး သို့မဟုတ် နည်းပါးစေရေး အကောင်အထည်ဖော်ရမည့် လုပ်ငန်းများ၊ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများကို လူတိုင်းလက်လှမ်းမီ အဆင့်ဆင့် ရရှိရေးသေချာစေသည့် အစီအမံများကို ရေးဆွဲရန် အားထုတ်မှုများ၊ ထို့နည်းတူ အောက်တွင်ဖော်ပြထားသည့် အခြေအနေများနှင့်အညီ အင်တာနက် သို့မဟုတ် ၎င်း၏ မည်သည့်အစိတ်အပိုင်းကိုမဆို လက်လှမ်းမီ သုံးစွဲခွင့် ပိတ်ပင်ခြင်း သို့မဟုတ် ကန့်သတ်ခြင်းကို တားမြစ်သည့် အရေးယူဆောင်ရွက်ချက်များ ပါဝင်သည်။[၂၅၄]

နိုင်ငံက ဆောင်ရွက်ရမည့် လုပ်ငန်းများကို ကိုင်တွယ်သည့် ပထမဆုံး အရေးယူဆောင်ရွက်ချက် ၂ ရပ်ကို လုပ်ဆောင်ရမည့် တာဝန်များအကြောင်း ရှင်းပြထားသည့် နောက်လာမည့် အခန်း၏ ဆီလျော်သည့် အပိုင်းများတွင် အသားပေးဖော်ပြသွားပါလိမ့်မည်။ သို့ရာတွင် ACHR အောက်ရှိ ၎င်းတို့၏ တာဝန်များနှင့် ကိုက်ညီသည့် နည်းလမ်းအတိုင်းသာ နိုင်ငံများသည် အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်ကို တားမြစ်နိုင်ကြောင်းကိုလည်း တတိယမြောက် အရေးယူဆောင်ရွက်ချက်က အသိအမှတ်ပြုထားသည်။ လူအားလုံးအတွက် သို့မဟုတ် ပြည်သူလူထု၏ သီးသန့် အစိတ်အပိုင်းအနေအထားတွင် အင်တာနက် လက်လှမ်းမီ ရရှိခွင့်အား အနှောင့်အယှက်ပေးခြင်း သို့မဟုတ် တားမြစ်ခြင်းကို အထူးအစီရင်ခံစာတင်သွင်းသူ Marino က ဤနေရာတွင် ဖော်ထုတ်ထားသည်။ အပိုဒ် (၁၃) အတွင်း ပါဝင်သည့် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် အာမခံချက်များ၏ လွှမ်းခြုံနယ်ပယ်အတွင်း သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်၏ အစိတ်အပိုင်းများက မည်သို့ ကျရောက်ကြောင်း ကနဦး အနက်ဖွင့်ဆိုချက်ကို ဤအပိုင်းက စီမံပေးထားသည်။ အထူးအစီရင်ခံစာတင်သွင်းသူက ထပ်လောင်း ပြောကြားသည်မှာ -

> အသိအမှတ်ပြုထားပြီး ဖြစ်သကဲ့သို့ အင်တာနက် သို့မဟုတ် ၎င်း၏ မည်သည့်အစိတ်အပိုင်းကို မဆို လက်လှမ်းမီ သုံးစွဲခွင့်အပေါ် အနှောင့်အယှက်ပေးခြင်းကို လူတိုင်းအတွက် သို့မဟုတ် ပြည်သူများ၏

---

[၂၅၄] ibid., para. 88.

> သီးသန့်အစိတ်အပိုင်းများအတွက် အသုံးပြုပါက တားမြစ်ထားသည်။ အပြစ်ပေးခြင်းပုံစံ တရပ်အနေဖြင့် အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်ကို တားမြစ်ခြင်းကိုလည်း တားမြစ်ထားသည်။ အင်တာနက်လိုင်း ကျပ်တည်းမှုကို ကျိုးကြောင်းလျော်ညီစွာ စီမံခြင်းထက် အခြားအကြောင်းပြချက်များအတွက် အင်တာနက် သို့မဟုတ် ၎င်း၏ အစိတ်အပိုင်းများ၏ မြန်နှုန်းကို လျော့ချရန် ဆောင်ရွက်ချက်များကိုလည်း တားမြစ်ထားသည်။ ဤဆောင်ရွက်ချက်များအားလုံးသည် အင်တာနက်တွင် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို အကြီးအကျယ် ချိုးဖောက်ပေလိမ့်မည်။[၂၅၁]

အထက်ပါ ဆွေးနွေးချက်တွင် အသားပေးဖော်ပြထားပြီး ဖြစ်သကဲ့သို့ လုပ်ဆောင်ရမည့် တာဝန်များနှင့် မလုပ်ဆောင်ရမည့် တာဝန်များအကြား ပိုင်းခြားမှုကို နိုင်ငံက လုပ်ဆောင်ရန်မှတ်ယူထားသည့် အရာ နှင့် နိုင်ငံက မလုပ်ဆောင်နိုင်သည့်အရာတို့မှ ခွဲခြားရန် မလွယ်ကူပေ။ အထူးအစီရင်ခံစာတင်သွင်းသူ၏ အစီရင်ခံစာတွင် တားမြစ်ချက် အရေးယူဆောင်ရွက်မှုများနှင့် ချိတ်ဆက်၍ ရှင်းပြသည့်အခါ ဤဝိရောဓိဖြစ်မှုသည် ပါဝင်သည်။ 'ပုဂ္ဂလိက အဖွဲ့အစည်းများနှင့် ကော်ပိုရေးရှင်းများက ချမှတ်ထားသည့် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်အပေါ် တရားမဝင် တားမြစ်ချက်များကို တားဆီးရန် သို့မဟုတ် ဖယ်ရှားရန် နိုင်ငံများမှ အရေးယူဆောင်ရွက်ချက်များကို ချမှတ်ရမည်။ လူတိုင်းအတွက် အဆီးအတားမရှိ ညီမျှသည့် အင်တာနက်ကို ခြိမ်းခြောက်သည့် သို့မဟုတ် ယှဉ်ပြိုင်လိုစိတ်ကို လျှော့ချသည့် အလေ့အကျင့်များကို မြန်ဆန်စေသည့် မူဝါဒများကဲ့သို့ ဖြစ်ပါသည်'။[၂၅၆] နိုင်ငံများက စီမံခန့်ခွဲရမည့် တရားဝင်မှုဆိုင်ရာ ဘုံလိုအပ်ချက်အဖြစ် အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်ကို သတ်မှတ်သင့်ကြောင်း ကြေညာသည့် နိုင်ငံများသည် တိုး၍ ပေါ်ထွက်လာသည့်အတွက် IACtHR က ဤအချက်ကို အသုံးပြုပါသည်။ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်သည် အခြေခံမေးခွန်းဖြစ်သည့်အမှု၏ အသေးစိတ် အချက်အလက်များကို လေ့လာဆန်းစစ်သည့်အခါတွင် ဖြစ်သည်။ မည်သို့ပင်ဆိုစေ အထက်တွင် ဆွေးနွေးထားသကဲ့သို့ ၎င်း၏ ကျယ်ပြန့်သော ဥပဒေစနစ်နှင့် ဆက်လက် ကိုက်ညီစေရန်အလို့ငှာ အထိခိုက်လွယ်လူအုပ်စုများကို အကာအကွယ်ပေးရေး သေချာစေရေးအပေါ် IACtHR က အမြင့်မားဆုံး အလေးထားပေလိမ့်မည်။ တနည်းဆိုရသော် တားမြစ်ချက်တရပ်၏ မျှတမှုရှိခြင်းကို လေ့လာဆန်းစစ်ရာတွင် ထိခိုက်လွယ်ဖြစ်နေသည့် လူအုပ်စုများအပေါ် သက်ရောက်လျက်ရှိသည့် တားမြစ်ချက်များအပေါ် ပို၍ အရေးထားသည်။ သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်အခြေအနေတွင် ဤသို့ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးချက်သည် သိသာထင်ရှားစွာ ကိုက်ညီသည်။ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကို လူ့အဖွဲ့အစည်းမှ တားမြစ်ခြင်းကြောင့် သမိုင်းအစဉ်အလာအရ သို့မဟုတ် ဖွဲ့စည်းပုံအရ ဖယ်ကြဉ်ခံထားရသည့် လူအုပ်စုများအတွင်းရှိ လူတဦးချင်း သို့မဟုတ် လူအုပ်စုတစုနှင့် သက်ဆိုင်သည့် အမှုများကို တင်ပြသည့်အခါတွင် အပိုဒ် (၁၃) ရှိ တားမြစ်ချက်ကို ဝေဖန်သုံးသပ်ရန်အတွက် ခုံရုံးသည် ပို၍ ကျဉ်းမြောင်းသည့် လုပ်ပိုင်ခွင့်နယ်ပယ်ကို အသုံးပြုနိုင်ခြေ ရှိပေမည်။ ပိုမို ကျယ်ပြန့်သည့်

---

[၂၅၁] ibid., para. 49.

[၂၅၆] ibid., para. 55.

ဆွေးနွေးချက်၏ အယူအဆအတိုင်း နိုင်ငံအဆင့်တွင် တွေ့ရှိရသည့် ချို့ယွင်းချက်များကို ပြင်ဆင်ရန်အလို့ငှာ ခုံရုံးသည် ၎င်း၏ အပြည်ပြည်ဆိုင်ရာ ကြီးကြပ်မှုလုပ်ပိုင်ခွင့်ကို အသုံးပြုနိုင်ခြေ ရှိပါသည်။

ECtHR နှင့် မတူသည်မှာ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ရှိ တဦးချင်းနှင့် လူ့အဖွဲ့အစည်းဆိုင်ရာ အစိတ်အပိုင်းများကို IACtHR က ပို၍ အလေးထားခြင်း ဖြစ်သည်။ နောင်ကာလတွင် အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့် တားမြစ်ခြင်းအမှုများနှင့် ဆက်စပ်စိစစ်ဖြတ်တောက်ခြင်းကို ပို၍ ကျယ်ကျယ်ပြန့်ပြန့် အနက်ဖွင့်ဆိုရန် ၎င်းအစိတ်အပိုင်းများက IACtHR ကို ခွင့်ပြုပေးလိမ့်မည်။ ထို့အပြင် အပိုဒ် (၁၃) ရှိ လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့်အပေါ် တားမြစ်ချက်များ အထူးသဖြင့် ကြိုတင်တားမြစ်ချက်ကို ECtHR ထက်စာပါက IACtHR က ပို၍ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးငြင်းခုံလျက်ရှိသည်။[၂၅၇] *Yildirim* ၊ *Kalda* နှင့် *Jankovskis* တို့တွင် ကိုင်တွယ်ဖြေရှင်းထားသည့် နယ်ပယ်အားလုံးတွင် ကျယ်ကျယ်ပြန့်ပြန့် မဟုတ်သည့်တိုင် အကာအကွယ်ပေးသည့် နယ်ပယ်နှင့် IACtHR သည် သဘောကိုက်ညီကြောင်း ထင်မြင်ယူဆနိုင်သည်။

၃-၄။ နိဂုံးချုပ်သုံးသပ်ချက် - အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့် တားမြစ်ချက်နှင့် အင်တာနက်ကို ဆက်စပ် စိစစ်ဖြတ်တောက်မှုကို တားမြစ်ခြင်း

အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်အား လက်တလော တားမြစ်ချက်သည် လူတဦးစီ၏ လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်အပေါ် ချိုးဖောက်ခြင်းအဖြစ် မှတ်ယူသည့် အတိုင်းအတာသည် ဆိုးရွားသည့် အမှုများအတွက် အကန့်အသတ်ဖြစ်နေကြောင်း ဤအခန်းက အခိုင်အမာ သက်သေပြပါသည်။ လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့် အာမခံချက်များ၏ လက်ရှိ လွှမ်းခြုံနယ်ပယ် ပြင်ပရှိ အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့် တားမြစ်ခြင်းဆိုင်ရာ အမှုအများအပြားကို ဤသုံးသပ်ချက်က သုံးသပ်ရန် ကျန်ရစ်သည်။[၂၅၈] ဤလက်ရှိ အကန့်အသတ်ဖြစ်နေသည့် အနက်ပြန်ဆိုချက်အပြင် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့် တားမြစ်ခြင်းကို ပို၍ ပြည့်ပြည့်စုံစုံ ကိုင်တွယ်ဖြေရှင်းရန် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့များက တဆင့်ပြီး တဆင့် တိုးတက်လာစေမည့် နည်းလမ်းများကိုလည်း ဤအခန်းက ရှာဖွေပါသည်။ ECtHR ၏ လွတ်လပ်စွာထုတ်ဖော်တင်ပြ ပြောဆိုခွင့် မူဘောင်ကို ဤအခန်း၏ လေ့လာဆန်းစစ်ချက်အနေဖြင့် ကနဦး ဦးတည်ထားသည်။ ထို့အပြင် *Yildirim v. Turkey* ၊ *Kalda v. Estonia* နှင့် *Jankovskis v. Lithuania* တို့ကို လေ့လာဆန်းစစ်ရာတွင် ခုံရုံးက အသုံးပြုသည့် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်၏ အဓိကအချက်များ သို့မဟုတ် အခြေခံမူများကို ဖော်ထုတ်သည်။ ကြိုတင်တားမြစ်ချက်၊ စာနယ်ဇင်း၏ အခန်းကဏ္ဍနှင့် သတင်းအချက်အလက်များကို လက်ခံရရှိခွင့်နှင့် ပေးပို့ခွင့်တို့ ပါဝင်သည်။ ထို့နည်းတူ ထုတ်ဖော်တင်ပြသည့် အကြောင်းအရာကို ကာကွယ်ရေး အာမခံချက်များသာမက အဆိုပါ ထုတ်ဖော်တင်ပြချက်ကို ဖြန့်ချိသည့် နည်းလမ်းများကိုလည်း အကာအကွယ်ပေးရေး အာမခံချက်များလည်း

---

[၂၅၇] Compulsory Membership (n. 194), para. 50.

[၂၅၈] *Akdeniz* (n. 153).

ပါဝင်သည်။ နောက်ဆုံးတွင် အဆိုပါ အကာအကွယ်ပေးမှုများသည် လူတိုင်းအတွက် ဖြစ်စေမည့် အာမခံချက်များလည်း ပါဝင်သည်။

ECtHR ၏ ဆုံးဖြတ်ချက်များ လေ့လာဆန်းစစ်ချက်အပေါ် အခြေခံ၍ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်နှင့် စပ်လျဉ်းသည့် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် အာမခံချက်များ၏ လွှမ်းခြုံနယ်ပယ်ကို ပို၍ ကျယ်ပြန့်စေသည့် ချဉ်းကပ်နည်းကို ဖွံ့ဖြိုးစေရေး ယခုအခန်း၏ လေ့လာဆန်းစစ်ချက်က အထောက်အကူ ပြုပါသည်။ အင်တာနက်၏ ထူးခြားဝိသေသများကို တိုက်ရိုက် အသိအမှတ်ပြုခြင်းဖြင့်သာမက ခုံရုံး၏ ကနဦး လေ့လာဆန်းစစ်ချက်များတွင် အသုံးမပြုထားသော်ငြား ECtHR ၏ ဥပဒေစနစ်တွင် ရှိနေသေးသည့် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့် အခြေခံမူအချို့ကို အသုံးပြုခြင်းဖြင့်လည်း ချဉ်းကပ်သည်။ သတင်းအချက်အလက်များနှင့် အယူအဆများကို တပြိုင်နက်တည်း လူတဦးချင်းစီမှ လက်ခံရရှိခွင့်နှင့် ပေးပို့ခွင့်၊ သတင်းအချက်အလက် လက်လှမ်းမီရရှိခွင့်ကို ထပ်မံ အားကောင်းခိုင်မာစေခြင်းနှင့် ဗဟုဝါဒကို အာမခံပေးသူအဖြစ် နိုင်ငံ၏ အခန်းကဏ္ဍတို့ ပါဝင်သည်။

ထို့အပြင် IACtHR သည် ၎င်း၏ ဆုံးဖြတ်ချက်များတွင် အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့် တားမြစ်ခြင်းကို အတိအကျ မဖြေရှင်းထားသော်ငြား အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့် တားမြစ်ချက်ဆိုင်ရာ ECtHR ၏ ကနဦး စီရင်ထုံး ဥပဒေကို ထောက်ခံကြောင်း ယူဆပါသည်။ အမှန်အားဖြင့် ၎င်း၏ ထူးခြားသည့် အစိတ်အပိုင်းများကို အသုံးပြုထားသည့် IACtHR ၏ ဥပဒေစနစ်အပေါ် ပြည့်ပြည့်စုံစုံ လေ့လာဆန်းစစ်ခြင်းဖြင့် ECtHR ထက်ပို၍ အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်ကို ပိုမို ကျယ်ကျယ်ပြန့်ပြန့် အကာအကွယ်ပေးခြင်းများ ထည့်သွင်းရန် IACtHR အတွက် အခွင့်အလမ်းကို ဖန်တီးပေးလိမ့်မည်။ အဆိုပါ ထူးခြားသည့် အစိတ်အပိုင်းများတွင် ကြိုတင်စိစစ်ဖြတ်တောက်ခြင်းနှင့် အမြင့်ရှုထောင့်နှစ်မျိုးအခြေခံမူ ပါဝင်သည်။ အထူးသဖြင့် အပိုဒ် (၁၃) တွင် ကြိုတင် စိစစ်ဖြတ်တောက်မှုကို အတိအလင်း ဖော်ထုတ်ထားခြင်းကို အသိအမှတ်ပြုခြင်းဖြင့်သာမက လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်ရှိ အမြင့်ရှုထောင့်နှစ်မျိုးအပေါ် အလေးထားခြင်းဖြင့်လည်း ပို၍ ကျယ်ပြန့်သည့် အမြင်ကို IACtHR က ရရှိပေလိမ့်မည်။ ၎င်းအမြင်မှာ *Yildirim* အမှုရှိ အဓိက မေးခွန်းဖြစ်သည့် ဆင်ပွားစိစစ်ဖြတ်တောက်မှုအဖြစ် မည်သည့်အရာကို သတ်မှတ်နိုင်မည်နည်း ဖြစ်သည်။

နောက်ဆုံးတွင် စိန်ခေါ်မှုများကို ဤအခန်းက ဖော်ထုတ်ပါသည်။ ၎င်းစိန်ခေါ်မှုများမှာ အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့် တားမြစ်ခြင်းသည် မည်သည့်အရာဖြစ်သည်ကို ဖြစ်နိုင်ခြေရှိသော အနက်အဓိပ္ပာယ် အများအပြားသာမက မည်သည့်အကြောင်းအရာသည် အကာအကွယ်များကို ရရှိပြီး မည်သည့် အကြောင်းအရာက မရရှိသည်တို့ ပါဝင်သည်။ သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ဖြစ်စဉ်သည် အခြားသော အရာဖြစ်သည်ဟူသော *Yildirim* သည် ထူးခြားသော အမှုဖြစ်သည်။ *Kalda* နှင့် *Jankovskis* အမှုများသည် အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့် တားမြစ်ချက်၏ အခြားသော အနည်းငယ်ထူးခြားမှုရှိသည့် နမူနာများကို တင်ပြပါသည်။ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်အပေါ် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့များက မည်သို့ ရွေးချယ်အနက်ဖွင့်ဆိုသည်အပေါ် အခြေခံထားသည်။ လူတဦး၏ ဝက်ဆိုက်မှတဆင့် ရရှိသည့် အကြောင်းအရာ (*Yildirim*) သို့မဟုတ် လူ့အခွင့်အရေးဆိုင်ရာ စီရင်ထုံးဥပဒေကို အကျဉ်းသားတဦးမှ လက်လှမ်းမီ ရရှိခွင့် (*Kalda*) သို့မဟုတ် ပညာရေးဝက်ဆိုက်များကို သုံးစွဲခွင့် (*Jankovskis*) တို့ကို ECtHR မှ အမျိုးစုံကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုထားသည်။ ၎င်းအသိအမှတ်ပြုခြင်းက အကာအကွယ်ပေးသည့် အကြောင်းအရာ၏ လွှမ်းခြုံနယ်ပယ်ကို ဖြစ်နိုင်ခြေရှိရှိ ချဲ့ထွင်နိုင်ရေးကို ညွှန်ပြပါသည်။ သို့ပါလျက် တေးဂီတ ဝက်ဆိုက်များကို လက်လှမ်းမီ သုံးစွဲခွင့်

တားမြစ်ချက်သည် အပိုဒ် (၁၀) ပါ အကာအကွယ်ပေးခြင်းများနှင့် သက်ဆိုက်သည်ဟု မယူဆကြောင်း ခုံရုံးက ကွဲပြားသည့် အမှုတခုတွင် ရှင်းရှင်းလင်းလင်း ဖော်ပြထားသည်။[၂၁၉] သို့ဖြစ်သည့်အတွက် အခြေခံအဆောက်အဦနှင့် အကြောင်းအရာကို လက်လှမ်းမီ ရရှိခွင့် စီမံပေးရန် အာမခံချက်များသည် ဤယူဆချက်များကို နောင်ကာလ အနက်ပြန်ဆိုချက်များအပေါ် မူတည်၍ ကျယ်ပြန့်လာနိုင်ပေသည် သို့မဟုတ် ဆက်လက် ကျဉ်းမြောင်းပေလိမ့်မည်။ ထို့အပြင် လွတ်လပ်စွာထုတ်ဖော် တင်ပြပြောဆိုခွင့်ဖြင့် အကာအကွယ်ပေးနိုင်သည့် သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်အတိုင်းအတာအပေါ်လည်း လွှမ်းမိုးနိုင်ပေမည်။ အွန်လိုင်းတွင် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်ကို ဖြည့်ဆည်းရန်အတွက် မည်သည့်အရာများ လုပ်ဆောင်ရန် အစိုးရကို တားမြစ်ထားသည် (မလုပ်ဆောင်ရမည့် တာဝန်) နှင့် မည်သည့်လုပ်ဆောင်ချက်များကို အစိုးရမှ လုပ်ဆောင်ရမည် (လုပ်ဆောင်ရမည့် တာဝန်) တို့အကြား ကွာခြားချက်များသည် မရှင်းလင်းပေ။ သို့ဖြစ်သည့်အတွက် နောက်ထပ် ရှင်းလင်းချက်များ မရရှိသည်အထိ အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်ကို သေချာစေမည့် အလားအလာရှိသော အကာအကွယ်များကို အကန့်အသတ်ဖြစ်စေပါသည်။

---

[၂၁၉] *Akdeniz* (n. 153).

အခန်း ၄။ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့် အဆင်ပြေချောမွေ့စေရေး လုပ်ဆောင်ရမည့် တာဝန်များ

အခြေခံအဆောက်အဦကို လက်လှမ်းမီ သုံးစွဲရာတွင် မညီမမျှဖြစ်မှုများ၊ အယူအဆများနှင့် သတင်းအချက်အလက် ပျံ့နှံ့ရောက်ရှိ စီးဆင်းခြင်းတို့အပေါ် ၎င်း၏ သက်ရောက်မှုကို ကိုယ်တွယ်ဖြေရှင်းရန် လိုအပ်ချက်နှင့် စပ်လျဉ်း၍ နိုင်ငံတကာအသိုက်အဝန်း၏ ဆွေးနွေးချက်များ ဖွံ့ဖြိုးလာခြင်းအကြောင်းကို အခန်း (၂) တွင် လေ့လာခဲ့ပါသည်။[၁] ဖွံ့ဖြိုးလာသည့် အစောပိုင်း ကာလများတွင် ရေးသားခဲ့သည့် MacBride အစီရင်ခံစာသည် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်ကို ကျယ်ပြန့်စေရန် သို့မဟုတ် ဆက်သွယ်တင်ပြခွင့်ကို ပေါင်းထည့်ရန် လက်ရှိ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့များအား တိုက်တွန်းခဲ့ပါသည်။[၂] အခန်း (၂) က သုံးသပ်ခဲ့သည့်အတိုင်း လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်၏ လက်ရှိဥပဒေမူဘောင်ကို ပြည့်ပြည့်စုံစုံ လေ့လာသုံးသပ်ချက် လိုအပ်သည်။ အစီရင်ခံစာ၏ တိုက်တွန်းနှိုးဆော်ချက်သည် ယခုတိုင် လိုအပ်နေသည့် အတိုင်းအတာကို အကဲဖြတ်ရန်အတွက် ဖြစ်သည်။ သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်၏ အကြောင်းအရာပိုင်းအတွင်း ရှိမြဲရှိနေသည့် မညီမျှမှုများအကြောင်းအရာများ၏ ဆက်စပ်မှုကို သိမြင်ထားလျက် အကဲဖြတ်ပါသည်။[၃] နောက်ဆုံးအနေဖြင့် အခန်း (၃) တွင် ဆွေးနွေးထားသကဲ့သို့ နိုင်ငံက ထောက်ပံ့ထားသည့် စိစစ်ဖြတ်တောက်မှုကို နှိမ်နင်းရန် တာဝန်များတွင် မညီမျှမှုကို ကိုင်တွယ်ဖြေရှင်းရန် အပြုသဘော လုပ်ဆောင်ရာတွင် နိုင်ငံများ၏ မအောင်မြင်ဖြစ်ရခြင်းများအကြောင်း အနည်းငယ်သာ ပြောကြားပါသည်။ သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်းကို အဓိက ဖြစ်ပေါ်စေကြောင်း ထင်ရှားရသည့်အချက်ကို ဤမအောင်မြင်ဖြစ်မှုက ဖြစ်ပေါ်စေသည်။[၄]

အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကို လူတဦးချင်းစီ အသေအချာ ရရှိနိုင်ရေး နိုင်ငံများက အကောင်အထည်ဖော်ရမည့် အပြုသဘောဆောင် လုပ်ငန်းများ သို့မဟုတ် တာဝန်များ၏ အကြောင်းအရာအတွင်းရှိ အင်တာနက်လက်လှမ်းမီ ရရှိခွင့်ကို ယခုအခန်းက လေ့လာပါသည်။ ၂၀၁၂ ခုနှစ်တွင် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ (UNHRC)၊ ကုလသမဂ္ဂ၊ OSCE ၊ OAS နှင့် AU တို့အတွက် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်ဆိုင်ရာ ဒေသအဆင့် အထူးအစီရင်ခံစာတင်သွင်းသူများအားလုံးတို့သည် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်သာမက အခြား လူ့အခွင့်အရေးများကို ဖြည့်ဆည်းရာတွင် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်၏ အရေးပါမှုကို အသာပေး ထားကြသည်။ အခြားအခွင့်အရေးများတွင် ပညာသင်ကြားခွင့်၊ ကျန်းမာရေးစောင့်ရှောက်မှု ရပိုင်ခွင့်၊ အလုပ်

---

[၁] အခန်း (၂-၃) ကို ကြည့်ပါ။
[၂] အခန်း (၂-၂) ကို ကြည့်ပါ။
[၃] အခန်း (၂-၅) ကို ကြည့်ပါ။
[၄] အခန်း (၁-၅)၊ အခန်း (၃) နိဒါန်းနှင့် အခန်း (၃-၄) ကို ကြည့်ပါ။

လုပ်ခွင့်၊ စုဝေးခွင့်နှင့် အသင်းအဖွဲ့ ဖွဲ့စည်းခွင့်များ၊ လွတ်လပ်စွာရွေးကောက်ခွင့်တို့ကဲ့သို့ ပါဝင်သည်။[၅] အင်တာနက်နှင့် ဆက်သွယ်ရေးနည်းလမ်းကို လက်လှမ်းမီ သုံးစွဲခွင့်တို့၏ အရေးပါမှုကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့များက အသိအမှတ်ပြုထားသော်ငြား အဆိုပါ စောင့်ကြည့်ရေးအဖွဲ့များနှင့် ပညာရပ်ဆိုင်ရာ စာပေများသည် ဆိုခဲ့ပါ လုပ်ဆောင်ရမည့် တာဝန်များကို ဖြည့်ဆည်းရန် နိုင်ငံများက ဆောင်ရွက်ရမည့် အချက်ကို အနည်းငယ်မျှသာ အတိအကျ ဖော်ထုတ်ခဲ့ကြသည်။ အခန်း (၅) တွင် အကြံပြုထားသည့်အတိုင်း အဆိုပါ တာဝန်ရှိမှုများကို လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်ဖြင့် လုံးလုံးလျားလျား သတ်မှတ်ထားခြင်း သို့မဟုတ် ကန့်သတ်ထားခြင်း ရှိ မရှိကိုလည်း အနည်းငယ်မျှသာ ဖော်ထုတ်ကြပါသည်။[၆]

လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်အပေါ် ကုလသမဂ္ဂနှင့် ဒေသအဆင့် အထူးအစီရင်ခံစာတင်သွင်းသူများ၏ ပေါင်းစုအမြင်များကို ကိုယ်စားပြုလျက် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကို ဆောင်ကြဉ်းပေးရန်အတွက် နိုင်ငံများ၏ လုပ်ဆောင်ရမည့် တာဝန်ပါ အကြောင်းအရာနှင့် စပ်လျဉ်းသည့် အမြင်ကို ပူးတွဲကြေညာစာတမ်းက ပေးအပ်ပါသည်။ အပိုင်း (၆)၊ အပိုဒ် (၄) တွင် ကြေညာစာတမ်းက ဖော်ပြထားသည်မှာ -

> အင်တာနက်ကို လူတိုင်းလက်လှမ်းမီ သုံးစွဲခွင့် အဆင်ပြေချောမွေ့စေရန် နိုင်ငံများတွင် လုပ်ဆောင်ရန် တာဝန်ရှိသည်။ အနည်းဆုံးအနေဖြင့် နိုင်ငံများက ဤအချက်များဆောင်ရွက်ရမည်။ (၁) စည်းမျဉ်းစည်းကမ်းဖြင့် ထိန်းကွပ်သည့် ယန္တရားကို ချမှတ်ရမည်။ (၂) ရပ်ရွာအခြေပြုသတင်းအချက်အလက်၊ ဆက်သွယ်ရေးနည်းပညာ စင်တာများနှင့် အခြားသော ပြည်သူများအသုံးပြုနိုင်သည့် နေရာများ တည်ဆောက်ခြင်း အပါအဝင် လက်လှမ်းမီ သုံးစွဲခွင့်ကို ချောမွေ့စေရေး တိုက်ရိုက် အထောက်အပံ့ စီစဉ်ပေးရမည်။ (၃) အင်တာနက်ကို မည်သို့ အသုံးပြုမည်နှင့် အကျိုးကျေးဇူးများအကြောင်း လုံလောက်သည့်

---

၅ အခန်း (၁) ကို ကြည့်ပါ။ UN OSCE ၏ 'လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်နှင့် အင်တာနက်ဆိုင်ရာ ပူးတွဲကြေညာစာတမ်း' (၂၀၁၁ ခုနှစ် ဇွန်လ ၁ ရက်)၊ စာပိုဒ် ၆(က) [ဤနေရာမှစ၍ ပူးတွဲကြေညာစာတမ်းဟု ရေးသားသွားမည်။] ကုလသမဂ္ဂ အထူးအစီရင်ခံစာတင်သွင်းသူ Frank La Rue ၊ မီဒီယာလွတ်လပ်ခွင့်ဆိုင်ရာ OSCE ကိုယ်စားလှယ် Dunja Mijatovic ၊ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခြင်းဆိုင်ရာ OAS အထူးအစီရင်ခံစာတင်သွင်းသူ Catalina Botero Marino နှင့် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်နှင့် သတင်းအချက်အလက် ရရှိခွင့်ဆိုင်ရာ ACHPR အထူးအစီရင်ခံစာတင်သွင်းသူ Faith Pansy Tlakula တို့က ဤကြေညာစာတမ်းကို ပူးတွဲလက်မှတ်ရေးထိုးခဲ့ကြသည်။ Matthias C. Kettemann, 'The UN Human Rights Council Resolution on Human Rights on the Internet: Boost or Bust for Online Human Rights Protection?' (2012) 1 *Human Security Perspectives* 145.

၆ P. De Hert and D. Kloza, 'Internet (Access) as a New Fundamental Right: Inflating the Current Rights Framework?' (2012) 3 *European Journal of Law and Technology*; Stephen Tully, 'A Human Right to Access the Internet? Problems and Prospects' (2014) 14 *Oxford Human Rights Law Review*; Robin Elizabeth Herr, 'Can Human Rights Law Support Access to Communication Technology? A Case Study under Article 10 of the Right to Receive Information' (2013) 22 *Information & Communications Technology Law* 1; Nicola Lucchi, 'Freedom of Expression and the Right of Access to the Internet' in Monroe E. Price, Stefaan Verhulst, and Libby Morgan (eds), *Routledge Handbook of Media Law* (Routledge 2013) 158.

အသိပညာ မြှင့်တင်ပေးရမည်။ (၄) မသန်စွမ်းများနှင့် အကျိုးမခံစားရသူများအတွက် အင်တာနက် လက်လှမ်းမီသုံးစွဲမှု အညီအမျှအသေအချာရရှိရေး အထူးအရေးယူဆောင်ရွက်ချက်များကို ထားရှိရမည်။[၇,၈]

ဆင်းရဲသားများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဝေးလံခေါင်သီသည့် ကျေးလက်နေပြည်သူများအကြား လက်လှမ်းမီ သုံးစွဲခွင့် ချောမွေ့စေရေးအပေါ် ဤလုပ်ဆောင်ရမည့် တာဝန်များက အလေးထားရမည်ကို ပူးတွဲကြေညာစာတမ်းက အလေးထားဖော်ပြသည်။[၉]

အင်တာနက်ဆိုင်ရာ လူ့အခွင့်အရေးကို မြှင့်တင်ကာကွယ် သုံးစွဲရေးအတွက် ၂၀၁၂ ခုနှစ် UNHRC ၏ ဆုံးဖြတ်ချက်သည် ကုလသမဂ္ဂ အထူးအစီရင်ခံစာတင်သွင်းသူ၏ အစီရင်ခံစာကို 'အရေးပါကြောင်း အလေးထား' ပါသည်။ ၎င်းအစီရင်ခံစာကို ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီနှင့် အထွေထွေညီလာခံ နှစ်ခုစလုံးအတွက် တင်သွင်းခြင်း ဖြစ်သည်။ သို့သော်ငြား အင်တာနက်ကို လူတိုင်း လက်လှမ်းမီသုံးစွဲခွင့် ချောမွေ့စေရန် နိုင်ငံများ၏ လုပ်ဆောင်ရမည့် တာဝန်များကို ရှင်းရှင်းလင်းလင်း ရည်ညွှန်းထားခြင်း မရှိပါ။[၁၀] 'နိုင်ငံများအားလုံးတွင် မီဒီယာ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးအထောက်အပံ့ပစ္စည်းများ ဖွံ့ဖြိုးရေးဦးတည်လျက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်ကို မြှင့်တင်ရန်နှင့် အဆင်ပြေချောမွေ့စေရန်' အတွက် နိုင်ငံများကို ဆုံးဖြတ်ချက်က တိုက်တွန်းထားသည်။[၁၁] Matthias Kettemann က ခုခံချေပထားသည့် အတိုင်း အွန်လိုင်းတွင် လူ့အခွင့်အရေးအပေါ် နိုင်ငံ၏ ကန့်သတ်တားမြစ်ချက်များ၏ နယ်ပယ် အတိုင်းအတာကို သတ်မှတ်ရာတွင် ကောင်စီက မအောင်မမြင်ဖြစ်ခဲ့ပါသည်။ သို့ရာတွင် အွန်းလိုင်းပေါ်တွင် လူ့အခွင့်အရေးကို

---

[၇] ပူးတွဲကြေညာစာတမ်း (n. 5), para. ၎င်း၏ နိဒါန်းတွင် ၂၀၁၁ ခုနှစ် LaRue အစီရင်ခံစာက ထောက်ပြထားပါသည်။ 'အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်၏ အညီအမျှအရေးပါသည့် အပိုင်း ၂ ရပ်မှတဆင့် ပြဿနာကို အစီရင်ခံစာက ကိုင်တွယ်ဖြေရှင်းထားသည်။ ၎င်းတို့မှာ အွန်လိုင်းအကြောင်းအရာကို လက်လှမ်းမီ ရရှိခွင့် (အပိုင်း ၃) နှင့် အင်တာနက်ဆက်သွယ်ရေး လက်လှမ်းမီ သုံးစွဲခွင့် (အပိုင်း ၄) တို့ ဖြစ်သည်။ အင်တာနက်လက်လှမ်းမီ ရရှိမှု ကျယ်ကျယ်ပြန့်ပြန့် ရရှိနေသည့် နိုင်ငံများ ရှိနေသော်ငြား အွန်လိုင်းအကြောင်းအရာကို များစွာ ကန့်သတ်ထားကြသည်။ အခြားနိုင်ငံများတွင် အွန်လိုင်းအကြောင်း အရာများကို စိစစ်ဖြတ်တောက်ခြင်း မရှိဘဲ လူတိုင်း လက်လှမ်းမီ သုံးစွဲနိုင်ကြသော်ငြား လူအများအပြားအတွက် အင်တာနက် ဆက်သွယ်ရေးသည် ကျယ်ကျယ်ပြန့်ပြန့် မရရှိနိုင်ကြပေ။ ထို့ကြောင့် လက်လှမ်းမီ ရရှိခွင့်၏ အစိတ်အပိုင်း နှစ်ရပ်စလုံးကို နိုင်ငံအားလုံးက ထိထိရောက်ရောက် သေချာစေရမည် ဖြစ်ကြောင်း အထူးအစီရင်ခံစာတင်သွင်းသူက အလေးထားခြင်း ဖြစ်သည်။ လွတ်လပ်စွာ ထင်မြင်ယူဆခွင့်နှင့် ထုတ်ဖော်တင်ပြ ပြောဆိုခွင့်ကို လေးစားကာကွယ်၍ ဖြည့်ဆည်းရန် နိုင်ငံများက ၎င်းတို့၏ တည်ဆဲ တာဝန်၏ အစိတ်အပိုင်းအဖြစ် သေချာစေရမည် ဖြစ်သည်။'

[၈] ibid.

[၉] ibid.

[၁၀] UNGA 'Resolution on The Promotion, Protection and Enjoyment of Human Rights on the Internet' (29 June 2012) UN Doc A/HRC/20/L.13 [hereinafter 2012 HRC Resolution]; Susan Park, 'The United Nations Human Rights Council's Resolution on Protection of Freedom of Expression on the Internet as a First Step in Protecting Human Rights Online' (2013) 38 *North Carolina Journal of International Law and Commercial Regulation* 1129.

[၁၁] 2012 HRC Resolution (n. 10).

ကျင့်သုံးနိုင်ရေးအတွက် 'စမှတ်' အဖြစ် ဆုံးဖြတ်ချက်က ထမ်းဆောင်ပါသည်။[၁၂] အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်နှင့် စပ်လျဉ်း၍ ကြိယာဖြစ်သည့် 'သေချာအောင်လုပ်သည် (ensure)' ကို အသုံးပြုထားသည့် ၂၀၁၁ ခုနှစ် အစီရင်ခံစာနှင့် အထွေထွေမှတ်ချက် မတူသည်မှာ ၂၀၁၂ ခုနှစ် ပူးတွဲကြေညာစာတမ်းနှင့် ၂၀၁၂ ခုနှစ် ဆုံးဖြတ်ချက်သည် ကြိယာ 'အဆင်ပြေချောမွေ့စေသည် (facilitate)' ကို ရွေးချယ် အသုံးပြုကြောင်း အရေးတကြီး သတိပြုရမည်။ အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်အတွက် လုပ်ဆောင်ရမည့် တာဝန်တွင် မည်သည့်အရာများ လိုအပ်သည်ကို ရှင်းလင်းချက် မရှိခြင်းက လက်ရှိ ဤကဲ့သို့ ရွေးချယ်ရာတွင် အသေးစိတ် အလေးထားရန် ခက်ခဲစေပါသည်။ သို့ရာတွင် ကြိယာ 'သေချာအောင်လုပ်သည်' က ကြိယာ 'အဆင်ပြေချောမွေ့စေသည်' ထက် ပို၍ ကျယ်ပြန့်သည့် အကာအကွယ်နယ်ပယ်ကို အတိအကျ ဖော်ပြပါသည်။ ဥပဒေစနစ် ဖွံ့ဖြိုးလာသည်နှင့်အမျှ ဤကဲ့သို့လွဲချက်ကို ပို၍ အသေးစိတ် လေ့လာရန် ဖြစ်နိုင်ခြေ ရှိပေသည်။ သို့သော် ဤအချက်တွင် ကြိယာရွေးချယ်မှုသည် အနက်ဖွင့်ဆိုရာတွင် ရှိနေသည့် စိန်ခေါ်မှုများကို သရုပ်ဖော်ပါသည်။ လူ့အခွင့်အရေးများစွာကို ကျင့်သုံးရန် အလို့ငှာ ဥပဒေအရ စည်းနှောင်ထားသည့် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်တွင် မည်သည့်အချက်များ ထည့်သွင်းထားသည်နှင့် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့် စံနမူနာတွင် မည်သည့်အချက်များ ပါဝင်ဖွဲ့စည်းသည်ဆိုသော အနက် ဖွင့်ဆိုချက်များ ဖြစ်သည်။

ဤအနက်ဖွင့်ဆိုချက်ဆိုင်ရာ စိန်ခေါ်ချက်များကို လျစ်လျူရှုလျက် လက်လှမ်းမီ ရရှိခွင့်သည် လူ့အခွင့်အရေးကာကွယ်ခြင်း၏ အဓိက အစိတ်အပိုင်းများအနက် တခုဖြစ်ကြောင်း ရှင်းလင်းဝေဖန်ချက်က ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်ခဲ့ပါသည်။ သို့သော် ဤသုံးသပ်ချက်ကို အထောက်အပံ့ဖြစ်စေရန်အတွက် မည်သည့် ဥပဒေအာဏာပိုင်များ၏ ဥပဒေစနစ်ကိုမျှ ကိုးကားခြင်းမပြုကြပေ။ အထူးသဖြင့် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့များ၏ ဥပဒေစနစ်ကို ကိုးကားခြင်း မပြုကြပေ။[၁၃] အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ဆိုင်ရာ လူ့အခွင့်အရေးကို ကိုင်တွင်ဖြေရှင်းသည့် ပညာရှင် အနည်းငယ်မျှသာ အကြောင်းအရာကို ထည့်သွင်းစဉ်းစားလိုကြသည်။ အွန်လိုင်းတွင် လူ့အခွင့်အရေးအကာအကွယ် ပေးခြင်းနှင့် ဆက်စပ်သည့် ကျယ်ပြန့်သော ကိစ္စရပ်များ၏ အစိတ်အပိုင်းအဖြစ်သာ ထည့်သွင်းစဉ်းစားခြင်း ဖြစ်သည်။[၁၄] စီရင်ထုံးဥပဒေကို ထိတွေ့လေ့လာနေသည့် အခြားပညာရှင်များသည် လေ့လာဆန်းစစ်ချက်ကို အတော်ပင် သာမန်ကာလျှံကာမျှသာ စီစဉ်ပေးသည်။ လက်ရှိ လူ့အခွင့်အရေး ဥပဒေသည် အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်ကို မည်သို့ စီစဉ်ပေးသည် သို့မဟုတ် မစီစဉ်ပေးသည်ကို လေ့လာဆန်းစစ်ခြင်း ဖြစ်သည်။[၁၅]

သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကို ကျဉ်းမြောင်းစေခြင်းနှင့် စပ်လျဉ်း၍ အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့် ဆွေးနွေးပွဲများနှင့် ဆက်လက် ကိုက်ညီစေရန် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်

---

[၁၂] Kettemann (n. 5) 145.

[၁၃] ibid 150.

[၁၄] Lucchi (n. 6) 158; Tully (n. 6); Molly K. Land, 'Toward an International Law of the Internet' (2013) 54 *Harvard International Law Journal* 399.

[၁၅] ယေဘုယျအားဖြင့် Herr (n. 6); De Hert and Kloza (n. 6) ကို ကြည့်ပါ။

အရေးစောင့်ကြည့်ရေး အဖွဲ့အစည်းများသည် ၎င်းတို့၏ ချဉ်းကပ်နည်းကို လိုက်လျောညီထွေ ဖြစ်စေရန် မည်မျှ လိုအပ်မည်နှင့် မည်သည့်နည်းလမ်းဖြင့် လိုအပ်မည်အပေါ် ရေးသားထားသည့် ပညာရပ်စာပေ အနည်းငယ်သာ ရှိကြသည်။[၁၆] အဆိုပါ ဝေဖန်ဆန်းစစ်ချက်၏ အနည်းငယ်သော နမူနာများအနက် တခုကို Kettemann က ထောက်ခံပါသည်။ ရုပ်ပိုင်းဆိုင်ရာ လက်လှမ်းမီ သုံးစွဲခွင့် (ဆိုလိုသည်မှာ အင်တာနက် ဆက်သွယ်မှုကို လက်လှမ်းမီ ရရှိခြင်း) နှင့် အွန်လိုင်းအကြောင်းအရာကို လက်လှမ်းမီ သုံးစွဲခွင့် (စိစစ်တားမြစ်ခြင်း မပြုထားသည့် အွန်လိုင်း သတင်းအချက်အလက်များ) ကို အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ရှိ အမြင်ရှုထောင့် နှစ်ရပ်အဖြစ် သူက ဖော်ထုတ်ပါသည်။[၁၇] အွန်လိုင်းအကြောင်းအရာ လက်လှမ်းမီ သုံးစွဲခွင့်ကို အောက်ပါအတိုင်း သူက ဖော်ပြပါသည် -

> လူ့အခွင့်အရေးဥပဒေဖြင့် အကာအကွယ်ပေးထားသည်။ အထူးသဖြင့် နိုင်ငံ၏ စိစစ်ဖြတ်တောက်မှုကို ကန့်သတ်သည့် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို ဖြစ်ပါသည်။ ရုပ်ပိုင်းဆိုင်ရာလက်လှမ်းမီ သုံးစွဲခွင့်ကို သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကျဉ်းမြောင်းစေရေးအပေါ် အခြေခံထားသည်။ ၎င်းကွာဟချက်ဆိုသည်မှာ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့် ရရှိသူနှင့် မရရှိသူများ အကြား ကွာဟချက် ဖြစ်သည်။ သို့သော် ၎င်းတို့ကို ကျင့်သုံးရန်အတွက် မရှိမဖြစ်လိုအပ်ချက်တရပ်အဖြစ် အခြားလူ့အခွင့်အရေးများအားလုံးနှင့် ပင်ကိုယ်အားဖြင့် ချိတ်ဆက်ထားပါသည်။[၁၈]

သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကို ကျဉ်းမြောင်းစေရေး အကူအညီ ပေးရန်အတွက် နိုင်ငံတကာ အသိုက်အဝန်းအပေါ် တာဝန်ရှိမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် ဤယူဆချက်များကို Kettemann က ချိတ်ဆက်ထားသည်။[၁၉]

အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့် သေချာစေရေးနှင့် သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကို ကျဉ်းမြောင်းစေရေးအတွက် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်၏ အခန်း

---

[၁၆] Karol Jakubowicz, *Media Revolution in Europe: Ahead of the Curve* (Council of Europe 2011) 144. ဆိုင်ဘာကွန်ယက်တွင် သို့မဟုတ် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဝန်းကျင်တွင် လူ့အခွင့်အရေး ကာကွယ်ခြင်းနှင့် စပ်လျဉ်း၍ 'ပြည်တွင်း [သို့မဟုတ် အမှန်ဆိုရသော် အပြည်ပြည်ဆိုင်ရာ] ဥပဒေတွင် စာသားလိုအပ်ချက်/အကျအပေါက် အတိအကျ' ရှိသည့် ဖြစ်နိုင်ခြေသည် ဤနေရာတွင် အထူးပင် သင့်လျော်ပါသည်။ လူ့အခွင့်အရေးစနစ်မှ အဆိုပါ စာသား အကျအပေါက်ကို ဖယ်ထုတ်ရန် စာချုပ်အဖွဲ့ဝင်နိုင်ငံများ (နှင့် နိုင်ငံတကာအသိုက်အဝန်း) တွင် အနည်းဆုံး အနေဖြင့် တာဝန်ရှိကြောင်း ညွှန်းဆိုပါသည်။ ချဲ့ဆိုရသော် ထိုကဲ့သို့ စာသားအကျအပေါက် ကိစ္စရပ်တွင် သတင်းအချက်အလက် အဖွဲ့အစည်းတွင် လူ့အခွင့်အရေးကို အကာအကွယ်ပေးရေး ပြဋ္ဌာန်းရန် နိုင်ငံတွင် လုပ်ဆောင်ရန် တာဝန်ရှိကြောင်းလည်း အဓိပ္ပာယ်ရပါသည်။ သို့ဖြစ်၍ ဥရောပကောင်စီနှင့် အခြားအပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများအပေါ် ဤတာဝန်ရှိမှုသည် မှီတည်နေပါသည်။

[၁၇] Kettemann (n. 5) 151.

[၁၈] ibid.

[၁၉] ibid.

ကဏ္ဍကို အလွန်ရိုးစင်းစွာ လေ့လာဆန်းစစ်ချက် ဖြစ်ပါသည်။[၂၀] ယခုစာအုပ်သည် (အကြောင်းအရာကို ဦးတည်လေ့လာကြောင်း ထင်ရသည့်) မလုပ်ဆောင်ရမည့် တာဝန်များကို သီးခြားအခန်းတွင် ကိုင်တွယ်ဖြေရှင်းထားသည့်အတွက် (အခန်း ၃ ကို ကြည့်ပါ) အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်နှင့် သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်တို့အကြား လုံးဝ မချိတ်ဆက်ခြင်းကို ဖော်ပြရန် မရည်ရွယ်ပါ။ သေချာသည်မှာ အွန်လိုင်း သတင်းအချက်အလက်နှင့် အကြောင်းအရာလက်လှမ်းမီ ရရှိခွင့် အကာအကွယ် ပေးခြင်းအား ၎င်းတို့ကို ဖြန့်ချိရန် လိုအပ်သည့် အခြေခံအဆောက်အဦ လက်လှမ်းမီ ရရှိခွင့်မှ လွယ်လင့်တကူ မခွဲခြားနိုင်ပေ။

သင့်လျော်သည့် ဥပဒေစနစ်သည် သတင်းအချက်အလက် သို့မဟုတ် အကြောင်းအရာပိုင်း လက်လှမ်းမီ သုံးစွဲခွင့်နှင့် အခြေခံအဆောက်အဦလက်လှမ်းမီ ရရှိခွင့်တို့ကို ဆွေးနွေးလေ့ရှိသည်။ လက်လှမ်းမီ ရရှိခွင့် ပုံစံ နှစ်မျိုး အကြား ပိုင်းခြားထားသည့် မျဉ်းများကို ဝေဝါးစေသည့် နည်းလမ်းများအတိုင်း ဖြစ်ပါသည်။ တပြိုင်နက်တည်းမှာပင် 'သတင်းအချက်အလက် လက်လှမ်းမီ သုံးစွဲခွင့်' ဆိုသည်မှာ မည်သည့်အရာကို ဆိုလိုကြောင်း အနက်ဖွင့်ဆိုချက် ရှင်းရှင်းလင်းလင်း မရှိခြင်းသည် နိုင်ငံတကာအသိုက်အဝန်း၏ ဆွေးနွေးချက်မှ ပေါ်ထွက်လာသည်။ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့် တည်ရှိသည် မရှိသည် ဆိုသည့်အကြောင်း ဆွေးနွေးချက် ဖြစ်သည်။[၂၁] ဆွေးနွေးချက်ကို ပြုလုပ်ရန်အတွက် ပူးတွဲကြေညာစာတမ်း၏ အစိတ်အပိုင်းများကို အသုံးပြုနိုင်သည်။ 'အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်' အနက်ဖွင့်ဆိုချက်သည် အခြေခံအဆောက်အဦ သို့မဟုတ် အကြောင်းအရာထက် ပို၍ ပေါင်းစပ်ပါဝင်ကြောင်း ဆွေးနွေးချက်ဖြစ်သည်။ လက်လှမ်းမီ သုံးစွဲခွင့်ကို မည်သို့ အနက်ဖွင့်ဆိုကြောင်း တိုင်းတာသည့် အချက်များအကြား ကွာဟချက် ရှင်းရှင်းလင်းလင်း ရှိနေဆဲဖြစ်သည်။ ၎င်းတိုင်းတာချက်များမှာ အင်တာနက် လူတိုင်း လက်လှမ်းမီ သုံးစွဲခွင့်ကို အဆင်ပြေချောမွေ့စေရေး နိုင်ငံတွင် လုပ်ဆောင်ရန် တာဝန်ရှိကြောင်း အသိအမှတ်ပြုခြင်းနှင့် ဤတာဝန်ကို ဖြည့်ဆည်းရန်နိုင်ငံက အကောင်အထည်ဖော်ရမည့် လက်တွေ့ကျကျ ဆောင်ရွက်ချက်များတို့ ဖြစ်ကြသည်။[၂၂] သို့ဖြစ်သည့်အတွက် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်အတွက် လုပ်ဆောင်ရမည့် တာဝန်သည် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့များ၏ လက်ရှိ ဥပဒေစနစ်မှ မည်သို့ သွေဖည်နေသည် သို့မဟုတ် ဖြည့်စွက်သည်တို့အကြောင်း ပို၍ ကောင်းကောင်း နားလည်သဘောပေါက်ရန် ဤအခန်းက ထောက်ပံ့ပေးသည်။ အခြေခံအားဖြင့် လူ့အခွင့်အရေးဆိုင်ရာ ဥရောပခုံရုံး (ECtHR) မှ သွေဖယ်ခြင်း ဖြစ်သည်။

လုပ်ဆောင်ရမည့် တာဝန်များအပေါ် လက်ရှိ ချဉ်းကပ်နည်းကို ယခုအခန်းက လေ့လာထားသည်။ ဗဟုဝါဒကို ဘေးရန်ဆီးကာရန်အတွက် လူတဦးချင်းစီအကြား လွတ်လပ်စွာထုတ်ဖော် တင်ပြပြောဆိုခွင့် ချိုးဖောက်ခြင်းများကို အကာအကွယ်ပေးမည့် လုပ်ဆောင်ရမည့် တာဝန်များကို အထူး အလေးပေးလျက် လေ့လာထားပါသည်။ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကို ကိုင်တွယ်ဖြေရှင်းရန် လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့များက အသိအမှတ်ပြုလက်ခံထားပြီးဖြစ်သည့် သင့်လျော်သည့် သတင်းအချက်အလက် လက်လှမ်းမီ ရရှိရန်လည်း

---

[၂၀] Nicola Lucchi, 'Internet Content Governance and Human Rights' (2013) 16 *Vanderbilt Journal of Entertainment and Technology Law* 40.

[၂၁] အခန်း (၁-၄) ကို ကြည့်ပါ။

[၂၂] အခန်း (၆) ကို ကြည့်ပါ။

ရည်ရွယ်ပါသည်။ ဤနေရာတွင် ဆွေးနွေးထားသည့် အမှုများသည် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကို တိုက်ရိုက် ဦးတည်မထားပေ။ သို့သော် ရုပ်မြင်သံကြား ထုတ်လွှင့်မှုများ၊ ဂြိုဟ်တုနှင့် ရေဒီယိုများကို ပို၍ ဦးတည်ထားသည်။ ကာလကြာရှည်တည်ရှိနေသည့် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် အခြေခံမူများကို အသုံးပြုရာတွင် ဗဟုဝါဒ၊ သတင်းအချက်အလက် လက်လှမ်းမီ ရရှိခွင့်နှင့် အခြေခံအဆောက်အဦလက်လှမ်းမီ သုံးစွဲခွင့်ဆိုင်ရာ မေးခွန်းများသည် အသုံးတည့်ပါသည်။ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့် အမှုများအတွက် ဤကာလ ကြာရှည် တည်ရှိသည့် အခြေခံမူများကို မည်သို့ အသုံးပြုရမည်အတွက် အသုံးတည့်စေသည်။ အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့် သေချာစေသည့် လုပ်ဆောင်ရမည့် တာဝန်သည် မည်သည့် အဓိပ္ပာယ်ရှိကြောင်းကို ဤလေ့လာဆန်းစစ် ချက်မှတဆင့် ပို၍ နားလည်သဘောပေါက်စေသည်။ ထို့အပြင် ဤချဉ်းကပ်နည်းကို ခုံရုံးက မည်သို့ ချဲ့ထွင် သင့်ကြောင်း နောက်ထပ် သုတေသနပြုရန် လိုအပ်သည့် လစ်ဟာချက်များ သို့မဟုတ် ရှေ့နောက် မညီချက်များကို ဖော်ထုတ်ပါသည်။

၄-၁။ လုပ်ဆောင်ရမည့် တာဝန်ရှိ မရှိ မည်သို့ သတ်မှတ်မည်၊ အနက်အဓိပ္ပာယ်နှင့် လွှမ်းခြုံနယ်ပယ်

လူ့အခွင့်အရေးသဘောတူစာချုပ်များသည် အချိန်မရွေးပြန်လည်ပြင်ဆင်ဖြည့်စွက်နိုင်သည့် စာချုပ်များ ဖြစ်ကြသည်။ ၎င်းတို့ကို ယနေ့ခေတ်အခြေအနေများအရ အနက်ဖွင့်ဆိုနိုင်ကြပါသည်။[၂၃] ဤအခြေခံမူဖြင့် လိုက်နာရန် ECtHR အားထုတ်မှု၏ အစိတ်အပိုင်းအဖြစ် လုပ်ဆောင်ရမည့် တာဝန်များကို ခုံရုံးက ပထမဆုံး ရေးဆွဲခဲ့သည်။ လုပ်ဆောင်ရမည့် တာဝန်များသည် အတိအကျ ဖော်ပြထားခြင်းမရှိသော်ငြား သဘောတူစာချုပ် အနှံ့အပြားတွင် နဂိုကတည်းက ပါရှိထားပြီးဖြစ်သည်။[၂၄] ထို့အတွက်ကြောင့် လုပ်ဆောင်ရမည့် တာဝန်အတွက် အနက်ဖွင့်ဆိုချက် အတိအကျ မရှိသော်ငြား သဘောတူစာချုပ်ကို မချိုးဖောက်ရန် အလို့ငှာ လုပ်ငန်းများကို နိုင်ငံက အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း ဆိုလိုသည်ဟု ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားကြသည်။[၂၅] *Belgium Linguistic* အမှု[၂၆]တွင် ECtHR က ပထမဆုံး မိတ်ဆက်ထားသည်မှာ 'လုပ်ဆောင်ရမည့် တာဝန်များ' ဟူသည့်

---

[၂၃] Alistair Mowbray, 'The Creativity of the European Court of Human Rights' (2005) 5 *Human Rights Law Review* 57; Eyal Benvenisti, 'Margin of Appreciation, Consensus, and Universal Standards' (1999) 31 *Journal of International Law and Politics* 843, 852; George Letsas, *A Theory of Interpretation of the European Convention on Human Rights* (OUP 2007) 79; see Chapter 6.

[၂၄] Alastair Mowbray, *The Development of Positive Obligations under the ECHR by the European Court of Human Rights* (Hart 2004); Jean-François Akandji-Kombe, *Positive Obligations under the European Convention on Human Rights* (Council of Europe 2007) 6.

[၂၅] ibid.

[၂၆] *Belgian Linguistic Case (No. 2)* (1968) Series A no 6, para. 3; Mowbray, *Creativity in the European Court* (n. 23) 72; De Hert and Kloza (n. 6) 10.

အသုံးအနှုန်းသည် သဘောတူစာချုပ်ပါ အခွင့်အရေးများ၏ သက်ရောက်မှုကို ပေးစွမ်းရန်အတွက် ခုံရုံးက ဖော်ထုတ်ထားသည့် ယူဆချက်တရပ် ဖြစ်သည်။[၂၇] ထို့အပြင် ဥရောပ ကောင်စီ၏ အစီရင်ခံစာက ဖော်ပြသည်မှာ -

> လုပ်ဆောင်ရမည့် တာဝန် အယူအဆကို မတတ်သာသည့်အဆုံး ကျင့်သုံးခြင်းဖြင့် ဥရောပ လူ့အခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ်ပါ စာသား၏ အခြေခံလိုအပ်ချက်များကို ခုံရုံးမှ အားကောင်းခိုင်မာစေပြီး တခါတရံတွင် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာနိုင်စေပါသည်။ ၎င်းတာဝန်ရှိမှုများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း စည်းကမ်းများအရ တာဝန်ရှိမှုများနှင့် ချိတ်ဆက်ပါသည် [.....] လူတဦးချင်းစီတိုင်းအတွက် အခွင့်အရေးများကို ထိထိရောက်ရောက် လုံခြုံစိတ်ချစွာဖြင့် ခံစားရရှိရေး အာမခံချက်ပေးရန် ရည်ရွယ်ပါသည်။[၂၈]

ထို့ကြောင့် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် အခြေအနေရှိ ဤအခြေခံမူကို လက်တွေ့ကျကျ အသုံးပြုထားသည့် စီရင်ထုံးဥပဒေ၏ အဓိကဆိုလိုရင်းသည် ECtHR မှ သက်ဆင်းလာသည်။[၂၉]

လုပ်ဆောင်ရမည့် တာဝန် တရပ်သည် မလုပ်ဆောင်ရမည့် တာဝန်နှင့် မည်သို့ ကွာခြားကြောင်း ကွဲပြားခြားနားစေရန် ကြိုးစားရာမှ ဤယူဆချက်ကို လက်တွေ့ကျကျ အသုံးချရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများသည် စတင်ပေါ်ထွက်လာပါသည်။[၃၀] နိုင်ငံ၏ လုပ်ဆောင်ရမည့် တာဝန်ကို ၎င်း၏ မလုပ်ဆောင်ရမည့် တာဝန်မှ ဥပဒေပညာရှင် Cordula Dröge သည် အောက်ပါအတိုင်း ခွဲခြားထားပါသည် -

> လုပ်ဆောင်ရမည့် တာဝန်ဟူသည့် ဝေါဟာရသည် နိုင်ငံမှ အကာအကွယ်ပေးရမည့် တာဝန်ဟု သတ်မှတ်ပါသည်။ လူ့အခွင့်အရေးကို အမှန်တကယ် ဖြစ်မြောက်စေရန်အတွက် နိုင်ငံ၏ တာဝန်ရှိမှုကို လုပ်ဆောင်ရန် တာဝန်ရှိမှုများက အမြဲတစေ ထင်ဟပ်နေပါသည်။ နိုင်ငံ၏ ကိစ္စသည် လူ့အခွင့်အရေး ချိုးဖောက်သူထက် လူ့အခွင့်အရေးကို အာမခံချက်ပေးသူအဖြစ် လုပ်ဆောင်ရမည့် တာဝန်များက ကိုင်တွယ်ပါသည်။ မလုပ်ဆောင်ရမည့် တာဝန်များဆိုသည်မှာ နိုင်ငံ၏ တားမြစ်ချက်မှ ရှောင်ကြဉ်ရန် နိုင်ငံ၏ တာဝန်များဖြစ်သည့်အတွက် လုပ်ဆောင်ရမည့် တာဝန်များသည် နိုင်ငံ၏ ဥပဒေအရ မှားယွင်းစွာ မလိုက်နာမှုများကို ကိုင်တွယ်ဖြေရှင်းပါသည်။ ဤအဓိပ္ပာယ်အရဆိုသော် မလုပ်ဆောင်ရမည့် တာဝန်သည် နိုင်ငံမှ မလုပ်

---

[၂၇] Mowbray, *Creativity in the European Court* (n. 23) 72.

[၂၈] Akandji-Kombe (n. 24) 7–8.

[၂၉] လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် စီရင်ချက်များ အထူးသဖြင့် သတင်းအချက်အလက်လက်လှမ်းမီ သုံးစွဲခွင့်နှင့် စပ်လျဉ်းသည့် လုပ်ဆောင်ရမည့် တာဝန်များကို IACtHR က အလေးထားပါသည်။ ယေဘုယျဆွေးနွေးချက်များအတွက် Lucas Lixinski 'Treaty Interpretation by the Inter-American Court of Human Rights: Expansionism at the Service of the Unity of International Law' (2010) 21 European Journal of International Law 601; Rónán Ó Fathaigh and Dirk Voorhoof, 'The European Court of Human Rights, Media Freedom and Democracy' in Monroe E Price, Stefaan Verhulst, and Libby Morgan (eds), Routledge Handbook of Media Law (Routledge 2013) 107 ကို ကြည့်ပါ။ အခန်း (၆-၅) ကို ကြည့်ပါ။

[၃၀] အခန်း (၁-၃)၊ အခန်း (၃-၄)၊ အခန်း (၆-၄) နှင့် (၆-၅) တို့ကို ကြည့်ပါ။

ဆောင်ရန် တားမြစ်တားသည့် အခွင့်အရေးဖြစ်ပြီး လုပ်ဆောင်ရမည့် တာဝန်သည် အထောက်အပံ့အတွက် လိုလားချက် ဖြစ်ပါသည်။ လုပ်ဆောင်ခြင်းမှ ရှောင်ကြဉ်ရန် တာဝန်ရှိမှုတရပ်အဖြစ် မလုပ်ဆောင်ရမည့် တာဝန်ကို သတ်မှတ်နိုင်ပါသည်။ အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းကို ဆောင်ရွက်ရန် တာဝန်သည် လုပ်ဆောင်ရမည့် တာဝန် ဖြစ်ပါသည်။[၃၁]

သို့ဖြစ်သည့်အတွက် နိုင်ငံ၏ လုပ်ဆောင်ရမည့် တာဝန်အတွက် ရည်ရွယ်ချက်မှာ လူ့အခွင့်အရေးသည် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် အမှုတွင် သီအိုရီပိုင်း သို့မဟုတ် စိတ်ကူးထင်မြင်ချက်မဟုတ်သော်ငြား ကျင့်သုံးပုံ၏ အစိတ်အပိုင်းနှင့် အကျိုးရှိထိရောက်မှုရှိရေး သေချာစေရန် ဖြစ်သည်။[၃၂] မလုပ်ဆောင်ရန် တာဝန်ရှိမှုများ (တစုံတခုကို *မလုပ်ဆောင်ရန်* တာဝန်) နှင့် လုပ်ဆောင်ရမည့် တာဝန် များ (တစုံတခုကို *ပြုလုပ်ရန်* နိုင်ငံ၏ တာဝန်) တို့အကြား ကွဲလွဲခြားနားချက်၏ အခြေခံကျသော အယူအဆပိုင်းဆိုင်ရာ ဤဖော်ပြချက်အပေါ် ယေဘုယျ ဆွေးနွေးချက်ရှိပါသည်။ ၎င်းဆွေးနွေးချက်အပြင် ခုံရုံးမှ လက်တွေ့ကျင့်သုံးရာတွင် နိုင်ငံ၏ လုပ်ဆောင်ရန် တာဝန် သို့မဟုတ် မလုပ်ဆောင်ရန် တာဝန်ကို ချိုးဖောက်မှု ရှိ မရှိ ခုံရုံးက မည်သို့ ကိုင်တွယ် သင့်သည် သို့မဟုတ် မည်သည့် အချိန်တွင် ကိုင်တွယ်သင့်သည်အပေါ် တစုတစည်းတည်းသော အမြင်ရှိသည်ဟု မထင်မြင်ရပေ။[၃၃]

ခုံရုံးအတွင်း ဝိရောဓိဖြစ်နေသည့် အမြင်များကို *Mouvement Raëlien Suisse v. Switzerland* အမှုက ရှင်းရှင်းလင်းလင်း သရုပ်ဖော်ပြပါသည်။[၃၄] ဤအမှုတွင် အများပြည်သူဆိုင်ရာနေရာတွင် လျှောက်လဲသူ၏ ဝက်ဆိုက် ကြေညာချက် ပိုစတာကို ပြသခြင်းအပေါ် နိုင်ငံက တားမြစ်သည့် လုပ်ပိုင်ခွင့်အာဏာကို ခုံရုံးက ဤအမှုတွင် ဆန်းစစ်ခဲ့ပါသည်။[၃၅] ထည့်သွင်းထားသည့် လုပ်ဆောင်ရမည့် တာဝန် သို့မဟုတ် မလုပ်ဆောင်ရမည့် တာဝန်အကြား ခြားနားချက်သည် မရှင်းလင်းကြောင်း အမြင်သဘောထား အများစုက အသားပေးထားသည်။ မလုပ်ဆောင်ရမည့် တာဝန်များနှင့် လုပ်ဆောင်ရမည့် တာဝန်များအကြားရှိ နယ်နိမိတ်များသည် 'တိကျ ရှင်းလင်း

---

၃၀ Cordula Dröge, *Positive Verpflichtungen der Staaten in der Europäischen Menschenrechtskonvention* (Springer 2003) 380.

၃၁ *Airey v Ireland* (1979) Series A no 32, para. 24; Dimitris Xenos, *The Positive Obligations of the State under the European Convention of Human Rights* (Routledge 2012) 26; အခန်း (၆-၅) ကို ကြည့်ပါ။

၃၂ Xenos (n. 32) Sections 2.1.1, 2.1.4, 3.1.1, 5.2; Laurens Lavrysen, 'Protection by the Law: The Positive Obligation to Develop a Legal Framework to Adequately Protect ECHR Rights' in Yves Haeck and Eva Brems (eds), *Human Rights and Civil Liberties in the 21st Century* (Springer 2014); အခန်း (၁) ကို ကြည့်ပါ။

၃၃ *Mouvement Raëlien Suisse v. Switzerland* ECHR 2012. တရားသူကြီး Bratza ၏ သဘောကိုက်ညီသည့် အမြင်သဘောထားစာတမ်း စာပိုဒ် (၃၈)၊ (၄၁)၊ (၄၉)၊ (၅၀)၊ (၅၁)၊ (၃-၄) တွင် ပါဝင်သည့် မလုပ်ဆောင်ရန်နှင့် လုပ်ဆောင်ရမည့် တာဝန်များ၊ တရားသူကြီး Albuquerque ၏ ကွဲပြားသည့်အမြင်သဘောထားစာတမ်း တားမြစ်ချက် အပေါ် ကြီးကြပ်မှုနှင့် သဘောသဘာဝ၊ ၎င်း၏ သုံးသပ်ချက်များအကြောင်းကို စီရင်ချက်များက ချမှတ်ပါသည်။

၃၄ ibid., para. 10–13.

သည့် အနက်ဖွင့်ဆိုချက်အတွက် မလျော်ကန်' သည်ကို အသိအမှတ်ပြုထားပါသည်။[၃၆] မလုပ်ဆောင်ရန် တာဝန်ရှိမှုများအမြင်ရှုထောင့်မှ အများပြည်သူဆိုင်ရာနေရာအသုံးပြုခြင်းကိုတားမြစ်ချက်အပေါ် လေ့လာဆန်းစစ်ချက်က အလေးထားပါသည်။ လုပ်ဆောင်ရမည့် တာဝန်များအရဆိုသော် အမှုမှာ အများပြည်သူဆိုင်ရာ နေရာ အသုံးပြုရန် လျှောက်လဲသူ၏ တောင်းခံမှုကို အတည်ပြုရန်လိုအပ်သည့် အစိုးရ၏ လုပ်ဆောင်ချက်အကြောင်း ဖြစ်ပါသည်။

တရားသူကြီး Bratza ၏ သဘောကိုက်ညီသည့် အမြင်သဘောထားစာတမ်းက ခုခံချေပသည်မှာ ချိုးဖောက်ခြင်းကို 'တိုက်ရိုက်တားမြစ်ချက်' တရပ်အဖြစ်နှင့် မလုပ်ဆောင်ရမည့် တာဝန်အဖြစ် အများစုက အတိအကျ သတ်မှတ်ကြောင်း ဖြစ်ပါသည်။[၃၇] တပြိုင်နက်တည်းမှာပင် နိုင်ငံ၏ လုပ်ဆောင်ရမည့် တာဝန်များသည် အခြေခံအားဖြင့် ဆီလျော်ပြီး ၎င်း၏ မလုပ်ဆောင်ရမည့် တာဝန်များမဟုတ်ကြောင်း အမှုပါ အစိတ်အပိုင်းများက အကြံပြုထားသည်ကို Bratza က တွေ့ရှိခဲ့သည်။[၃၈] အသင်းအပင်းဖွဲ့စည်းခြင်းဆိုင်ရာ လုပ်ငန်းများအပေါ် ယေဘုယျ တားမြစ်ချက်ကို မထည့်သွင်းထားကြောင်း သူက သတိပြုမိသည်။[၃၉] ထို့အစား အများပြည်သူဆိုင်ရာနေရာ (မြို့တော်၏ အခြားနေရာများတွင် လုံးဝမဟုတ်ပေ) တွင် ကြော်ငြာရန်တွက် အသင်းအဖွဲ့သည် ခွင့်ပြုမိန့်ကို လျှောက်တင်ခြင်း ဖြစ်သည့်အတွက် လျှောက်တင်ချက်ကို အတည်ပြုရန်အတွက် နိုင်ငံ၏ လုပ်ဆောင်ရမည့် တာဝန်လိုအပ်ကြောင်း တရားသူကြီး Bratza က ယူဆခဲ့သည်။[၄၀] *Appleby* တွင် တင်ပြချက်များနှင့် အချက်များကို သူက နှိုင်းယှဉ်ပြပါသည်။ ၎င်းအမှုတွင် လျှောက်တင်သူသည် စျေးဝယ်ကုန်တိုက်အတွင်း လက်ကမ်း စာစောင်များကို အနှံ့အပြား ဖြန့်ဝေရန် တောင်းခံခြင်းဖြစ်ပြီး ဝင်ပေါက်များနှင့် လူသွားလမ်းများတွင် လုံးဝ မဟုတ်ပေ။[၄၁] ဆန့်ကျင်ဘက်အားဖြင့် Drögе ၏ မူဘောင်တွင် Bratza ၏ လေ့လာဆန်းစစ်ချက်သည် များစွာ ယုံကြည်မရလောက်ပေ။ အကြောင်းရင်းမှာ နိုင်ငံထံမှ ရရှိရန် လိုအပ်သည့် လုပ်ဆောင်ရမည့် တာဝန်အဖြစ် သူက ကိုးကားထားသည့် ကြော်ငြာခွင့်ပြုခြင်းကို ကြိုတင်တည်ရှိနေသည့် တားမြစ်ချက်ကြောင့်သာလျှင် လိုအပ်ခြင်း ဖြစ်သည့်အတွက် ဖြစ်ပါသည်။

တာဝန်ရှိမှုများကို ပိုင်းခြားရန်အတွက် အကောင်းဆုံး လေ့လာဆန်းစစ်ချက်မူဘောင်ကို တရားသူကြီး Pinto de Albuquerque က သဘောထားကွဲလွဲစွာဖြင့် ပြုစုခဲ့ပါသည်။[၄၂] သူ၏ အမြင်သဘောထားတွင်

---

[၃၆] ibid., para. 49–51. ဤအပိုင်းနှင့် စပ်လျဉ်း၍ ယေဘုယျဆွေးနွေးချက်အတွက် Xenos (n. 32) အပိုင်း ၂.၁.၂ (လုပ်ဆောင်ရမည့် တာဝန်များနှင့် မလုပ်ဆောင်ရမည့် တာဝန်များကို ပေါင်းစပ်ခြင်း - သင့်တင့်သောဘက်မျှစမ်းသပ်ချက်) နှင့် အပိုင်း ၂.၁.၄ (လုပ်ဆောင်ရမည့် တာဝန်များနှင့် မလုပ်ဆောင်ရမည့် တာဝန်များအကြား တိကျသည့် ပိုင်းခြားမှု) ကို ကြည့်ပါ။

[၃၇] ibid., Bratza concurring opinion, para. 3.

[၃၈] ibid., para. 4. Pinto de Albuquerque ၏ ကွဲပြားသည့် အမြင်သဘောထား စာတမ်း၊ တားမြစ်ချက် သဘောသဘာဝ အပိုင်း။

[၃၉] ibid.

[၄၀] ibid.

[၄၁] ibid.

[၄၂] ibid., Pinto de Albuquerque's dissenting opinion, nature of interference section. ၏

ကွာခြားချက်သည် သိသာထင်ရှားပါသည်။ အဘယ့်ကြောင့်ဆိုသော် မလုပ်ဆောင်ရမည့် တာဝန် ပါဝင်သည့် ကျဉ်းမြောင်းသော လုပ်ပိုင်ခွင့်နယ်ပယ်ကို နိုင်ငံသို့ အပ်နှင်းထားခြင်းကြောင့် ဖြစ်သည်။[၄၄] Neuchatel အတွက် ပိုစတာကို ခွင့်ပြုရန် ငြင်းဆိုမှုသည် အမှု၏ ကိစ္စရပ်အနေဖြင့် ပါဝင်သည့်အတွက် မလုပ်ဆောင်ရမည့် တာဝန် ပါဝင်ကြောင်း သူက ယူဆသည်။[၄၅] တရားသူကြီး Albuquerque အရဆိုသော် ဥရောပ လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (ECHR) ဖြင့် အာမခံချက်ပေးထားသည့် အခွင့်အရေးတရပ်ကို အကာအကွယ်ပေးသည့် အပြုသဘောဆောင် အရေးယူဆောင်ရွက်ချက်များကို လုပ်ဆောင်ရန် နိုင်ငံက ပျက်ကွက်သည့်နေရာတွင် လုပ်ဆောင်ရန် တာဝန်ရှိမှုကို ထည့်သွင်းရပေမည်။[၄၆] သူ၏ ကွဲလွဲချက်အမြင်သဘောထားတွင် ဖော်ပြထားသည့် အတိုင်း -

> အကယ်၍ ချိုးဖောက်မှုတရပ်တွေ့မြင်ရခြင်းဖြင့် အစိုးရအနေဖြင့် ပို၍ ကောင်းမွန်စေသည့် လုပ်ဆောင်ချက်ကို အကောင်အထည်ဖော်ရန် လိုအပ်သည်ဟု မဆိုလိုပါက မလုပ်ဆောင်ရမည့် တာဝန်ကို ဖော်ပြပါသည်။ အကယ်၍ ချိုးဖောက်မှုတရပ်ကို တွေ့မြင်ခြင်းဖြင့် အစိုးရအနေဖြင့် နောက်ထပ် ပိုမို ကောင်းမွန်စေသည့် လုပ်ဆောင်ချက်ကို လိုအပ်ကြောင်း ဆိုလိုပါက ၎င်းသည် လုပ်ဆောင်ရမည့် တာဝန်ကို ဖော်ညွှန်းပါသည်။[၄၆]

Mouvement Raëlien Suisse v. Switzerland အမှုတွင် ပို၍ ကောင်းမွန်စေသည့် လုပ်ဆောင်ချက်သည် ဖြစ်နိုင်ခြေမရှိပေ။ ပိုစတာတားမြစ်ချက်ကို ပယ်ဖျက်ရန် နိုင်ငံက ဆောင်ရွက်ခဲ့ပါသည်။[၄၇]

လုပ်ဆောင်ရမည့် တာဝန် ရှိခြင်း မရှိခြင်းကို ခုံရုံးက ဆုံးဖြတ်သည့်အခါ မျှတသည့် ဟန်ချက်ညီမှုမှုစမ်းသပ်ချက်ကို အသုံးပြုထားသည်။[၄၈] ဤအချက်သည် ချိတ်ဆက်နေသည့် အကောင်အထည်ဖော်ရမည့် လုပ်ငန်း ၂ ရပ်အနက် တခု ဖြစ်ကြောင်း Mowbray နှင့် Arai-Takahashi တို့က ခုခံချေပထားသည်။ သက်ဆိုင်သူနိုင်ငံ၏ လုပ်ဆောင်ချက်၏ မျှတမှုရှိခြင်းကို ခုံရုံးက မည်သို့ လေ့လာဆန်းစစ်သည်နှင့် စပ်လျဉ်း၍ ခုခံချေပသည်။[၄၉] ဥပမာအားဖြင့် *Frasila and Ciocirloan v. Romania* တွင် လုပ်ဆောင်ရမည့် တာဝန်အပေါ် ခုံရုံးမှ လေ့လာဆန်းစစ်ချက်အား အောက်ပါပုံစံဖြင့် ခုံရုံးက ရှင်းပြခဲ့ ပါသည်-

---

[၄၄] ibid.

[၄၅] ibid.

[၄၆] ibid.

[၄၇] ibid; လုပ်ဆောင်ရမည့် တာဝန်များနှင့် မလုပ်ဆောင်ရမည့် တာဝန်များအကြား ကွဲကွဲပြားပြား ကွာခြားချက်မရှိခြင်းကို ဖော်ပြထားသည့် *Yildirim* လေ့လာဆန်းစစ်ချက်ကို အခန်း (၃) တွင် ကြည့်ပါ။

[၄၈] Alastair Mowbray, 'A Study of the Principle of Fair Balance in the Jurisprudence of the European Court of Human Rights' (2010) 10 *Human Rights Law Review* 289.

[၄၉] ibid., 308; Y Arai-Takahashi, *The Margin of Appreciation Doctrine and the Principle of Proportionality in the Jurisprudence of the ECHR* (Intersentia 2002) 193.

လုပ်ဆောင်ရမည့် တာဝန် ရှိ မရှိကို သတ်မှတ်ရာတွင် အလေးထားမှုသည် လူ့အသိုက်အဝန်း၏ ယေဘုယျ အကျိုးစီးပွားနှင့် လူတဦးချင်းစီ၏ အကျိုးစီးပွားများအကြား မျှတသည့်ဟန်ချက်ညီမှုဖြစ်ရမည်ကို ခုံရုံးက ထပ်လောင်းအတည်ပြုသည်။ ၎င်းအား ရှာဖွေခြင်းကို သဘောတူစာချုပ်အနှံ့အပြား အစဉ်တစိုက် ထည့်သွင်းထားသည်။ စာချုပ်ချုပ်ဆိုသည့် နိုင်ငံများတွင် ရှိနေသည့် အခြေအနေများ၏ အမျိုးစုံ ကွဲပြားမှုနှင့် ချိတ်ဆက်လျက် ဤတာဝန်ရှိမှု၏ လွှမ်းခြုံနယ်ပယ်သည် မလွဲကောန်ပင် ပြောင်းလဲပေ လိမ့်မည်။ ခေတ်မီလူ့အဖွဲ့ အစည်းများကို ထိန်းသိမ်းကြပ်မတ်ရာတွင် ပါဝင်သည့် အခက်အခဲများ၊ ဦးစားပေးလုပ်ငန်းများနှင့် အရင်းအမြစ်များအပေါ် အခြေခံ၍ လုပ်ဆောင်ရမည့် ရွေးချယ်မှုများအရလည်း ပြောင်းလဲနိုင်ပေသည်။ အာဏာပိုင်များအပေါ် မဖြစ်နိုင်သည့် သို့မဟုတ် အချိုးမညီ ဝန်ထုပ်ဝန်ပိုး ဖြစ်စေသည့် နည်းလမ်းအတိုင်း အဆိုပါ တာဝန်ရှိမှုကို အနက်ပြန်ဆိုခြင်း မပြုရပေ။ နောက်ဆုံးတွင်မူ သဘောတူစာချုပ်၏ အပိုဒ် (၁၀) တွင် လုပ်ဆောင်ရမည့် တာဝန် ရှိခြင်း မရှိခြင်းကို သတ်မှတ်ရာတွင် စဉ်းစားလျက် ရှိသည့် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်၏ သဘောသဘာဝကို ခုံရုံးက ထည့်သွင်း စဉ်းစားပါသည်။ ထို့အပြင် ပြည်သူ့အကျိုးစီးပွားနှင့် သက်ဆိုင်သော အကြောင်းအရာနှင့် စပ်လျဉ်းသည့် ဆွေးနွေးချက်တွင် ပါဝင်နိုင်စွမ်း၊ အဆိုပါ လွတ်လပ်မှုအပေါ် ပြဋ္ဌာန်းထားသည့် တားမြစ်ချက်များ၏ သဘောသဘာဝနှင့် လွှမ်းခြုံနယ်ပယ်၊ အခြားနည်းလမ်းများ ရရှိမှုနှင့် တတိယအင်အားစုများ သို့မဟုတ် ယေဘုယျအားဖြင့် ပြည်သူများ၏ ယှဉ်ပြိုင်ရပိုင်ခွင့်များကို ချိန်ညှိခြင်းတို့နှင့်လည်း ထည့်သွင်းစဉ်းစား ရမည်။[၅၀]

သို့ဖြစ်သည့်အတွက်ကြောင့် အစိတ်အပိုင်း ၃ ရပ်ကို ချင့်ချိန် တွက်ဆခြင်းဖြင့် လုပ်ဆောင်ရမည့် တာဝန် ရှိခြင်း မရှိခြင်းကို ခုံရုံးက အကဲဖြတ်ပါသည်။ (၁) လူ့အသိုက်အဝန်း၏ ယေဘုယျ အကျိုးစီးပွားနှင့် လူတဦးချင်းစီ၏ အကျိုးစီးပွားများအကြား ဟန်ချက်ညီ မျှမှုကို ဖော်ထုတ်ရန် လိုအပ်ချက်၊ (၂) စာချုပ်ချုပ်ဆိုသည့် နိုင်ငံရှိ အမျိုးစုံ ကွဲပြားသည့် အခြေအနေများအရ တာဝန်ရှိမှု၏ လွှမ်းခြုံနယ်ပယ်ဖြစ်ပြီး ၎င်းသည် မုချကောန် ပြောင်းလဲမှု ရှိခြင်းကြောင့် ဦးစားပေးလုပ်ငန်းများနှင့် အရင်းအမြစ်များအရ နိုင်ငံများက ရွေးချယ်မှုများကို မည်သို့ ပြုလုပ်သည်ကို အကဲဖြတ်ဆန်းစစ်ရာတွင် အခက်အခဲများ ပေါ်ပေါက်စေသည်၊ (၃) မျှတသည့် ဝန်ထုပ်ဝန်ပိုး၊ ဆိုလိုသည်မှာ နိုင်ငံပေါ် ချမှတ်ထားသည့် လုပ်ဆောင်ရန် မည်သည့် တာဝန်ရှိမှုကိုမဆို အာဏာပိုင်များအပေါ် မဖြစ်နိုင်သော သို့မဟုတ် ဘက်မမျှသည့် ဝန်ထုပ်ဝန်ပိုးများကို ချမှတ်ရန် အနက်မပြန်ဆိုနိုင်ကြောင်း ဖြစ်သည်။[၅၁] အခြေခံလိုအပ်ချက်များသာမက ဥပဒေစည်းမျဉ်းစည်းကမ်းအရ လိုအပ်ချက်များအပါအဝင် လွတ်လပ်စွာ ထုတ်ဖော် တင်ပြပြောဆိုခွင့်ကို ကာကွယ်ပေးမည့် လုပ်ဆောင်ရမည့် တာဝန်များ၏ အကြောင်းအရာသည် အမှု တခုနှင့် တခု

---

[၅၀] *Frasila and Ciocirlan v. Romania* App no 25329/03 (ECtHR, 10 May 2012), para. 55 (အောက်ခြေမှတ်စုများကို ချန်လှပ်ထားခဲ့သည်)

[၅၁] ibid., para. 55.

အပြောင်းအလဲ ရှိပါသည်။ ဥပဒေဆိုင်ရာ လေ့လာချက်များပြုလုပ်ရာတွင် အထက်တွင် ဖော်ပြထားသည့် အကြောင်းရင်းများအပေါ် အခြေခံထားပါသည်။[၁၂]

အင်တာနက်ချိတ်ဆက်ပေးမှုများ၏ အရေးပါပုံနှင့် အရေအတွက်ကို ပူးတွဲကြေညာစာတမ်းက အလေးထားကာ အသိအမှတ်ပြုပါသည်။[၁၃] သတင်းအချက်အလက်လက်လှမ်းမီ ရရှိခွင့်နှင့် ဗဟုဝါဒ၏ လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်ဆိုင်ရာ အခြေခံမူများကိုလည်း ပူးတွဲကြေညာစာတမ်းက အသုံးပြုပါသည်။ 'ကမ္ဘာ အနှံ့အပြားရှိ လူသန်းထောင်ပေါင်းများစွာအတွက် ပြောဆိုခွင့်ပေးခြင်းဖြင့် အင်တာနက်၏ ပိုကောင်းသည့်ဘက်သို့ ပြောင်းလဲစေတတ်သည့် သဘောသဘာဝသည် လူများ၏ သတင်းအချက်အလက်လက်လှမ်းမီ ရရှိနိုင်စွမ်းကို သိသိသာသာ မြင့်မားစေသည့်အပြင် ဗဟုဝါဒနှင့် အစီရင်ခံတင်ပြခြင်းကိုလည်း သိသိသာသာ မြင့်မားစေကြောင်း' ကို အလေးထား ထည့်သွင်းထားသည်။[၁၄] သို့ဖြစ်၍ ယခုအခန်းသည် ECHR ၏ အပိုဒ် (၁၀)၊ လူ့အခွင့်အရေးဆိုင်ရာ အမေရိကန်သဘောတူစာချုပ် (ACHR) ၏ အပိုဒ် (၁၃) နှင့် အလားတူပင် ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICCPR) ၏ အပိုဒ် (၁၉) ဟူ၍ အပိုင်း ၃ ပိုင်းခွဲကာ လေ့လာထားပါသည်။ တတိယအင်အားစုမှ ထိန်းချုပ်ထားသည့်တိုင်အောင် သီးသန့် ဆက်သွယ်ရေးနည်းလမ်းသို့မဟုတ် ပြောဆိုဆက်သွယ်ရာနေရာကို လက်လှမ်းမီ ရရှိရန် နိုင်ငံမှ စီစဉ်ပေးရေးအတွက် လုပ်ဆောင်ရမည့် တာဝန်ကို အဆိုပါ သဘောတူစာချုပ်များ၏ ထက်ပါအပိုဒ်များက ၎င်းတို့၏ လွှမ်းခြုံနယ်ပယ်အတွင်း ထည့်သွင်းရန် သို့မဟုတ် မထည့်သွင်းရန် မည်သို့ အနက်ဖွင့်ဆိုသည်ကို ၃ ပိုင်းခွဲ၍ ထည့်သွင်းစဉ်းစားပါသည်။ ထို့အပြင် ဗဟုဝါဒနှင့် သတင်းအချက်အလက်လက်လှမ်းမီ ရရှိခွင့်ကို သေချာစေရေး အစိတ်အပိုင်းအဖြစ်လည်း ထည့်သွင်းစဉ်းစားပါသည်။

၄-၂။ တတိယအင်အားစု၏ တားမြစ်ချက်ကို အကာအကွယ်ပေးမည့် လုပ်ဆောင်ရမည့် တာဝန်များ

လူတဦးချင်းစီ၏ ထုတ်ဖော်တင်ပြမှု၊ ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးမှုနှင့် ဒီမိုကရေစီလုပ်ငန်းစဉ်များအပေါ် အင်တာနက်၏လွှမ်းခြုံသက်ရောက်မှုကို အစိုးရများက တိုး၍သိမြင်လာသည့်အတွက် ဆက်သွယ်ရေး နည်းလမ်းကို လက်လှမ်းမီ ရရှိခွင့် အတိုင်းအတာအချို့အား ပုဂ္ဂလိကကုမ္ပဏီများက စီစဉ်ပေးရေး သေချာစေမည့် တာဝန်တရပ်ကို ဤအချက်က ဖန်တီးပါသလား။ ကုလသမဂ္ဂ အထူးအစီရင်ခံစာ တင်သွင်းသူ Frank La Rue က ဖော်ပြသည်မှာ -

> [အင်တာနက်ပေါ်တွင်] သတင်းအချက်အလက် ပေးပို့သည့် နည်းလမ်းသည် ကြားခံဆက်သွယ်ပေးသူများအပေါ် များစွာ မှီတည်နေပါသည်။ သို့တည်းမဟုတ် တတိယအင်အားစုများအကြား အွန်လိုင်းဆက်သွယ်ရေး သို့မဟုတ် အရောင်းအဝယ်လုပ်ငန်းကို ချောမွေ့စေသည့် ဝန်ဆောင်မှုများနှင့်

---

[၁၂] Xenos (n. 32) 90.

[၁၃] Joint Declaration (n. 5), Preamble.

[၁၄] ibid.

ဆက်သွယ်ရေးနည်းလမ်းများကို စီစဉ်ပေးသူ ပုဂ္ဂလိက ကော်ပိုရေးရှင်းများအပေါ် များစွာ မှီတည်နေသည်။ အကြောင်းအရာလက်လှမ်းမီ သုံးစွဲခွင့်ပေးခြင်း၊ လက်ခံခြင်း၊ ပေးပို့ခြင်းနှင့် အညွှန်းစီစဉ်ခြင်းတို့ ပါဝင်သည်'။[၁၁]

ယေဘုယျအားဖြင့် အင်တာနက်ထိန်းသိမ်းကြပ်မတ်ခြင်းနှင့် စီမံအုပ်ချုပ်မှုအပေါ် ပုဂ္ဂလိကကဏ္ဍ၏ ဩဇာသက်ရောက်မှုအတွက် လူ့အခွင့်အရေးအခြေပြုချဉ်းကပ်နည်း လိုအပ်ကြောင်းကိုလည်း အစီရင်ခံစာက ဆွေးနွေးသည်။[၁၆]

ဤနယ်ပယ်နှင့် ကိုက်ညီသည့် ဥပဒေစနစ်အနည်းငယ်သာ ရှိသည့် အခြားသော လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့များနှင့် မတူသည်မှာ နိုင်ငံများတွက် လုပ်ဆောင်ရမည့် တာဝန်များနှင့် ဆက်စပ်သည့် မေးခွန်းများအပေါ် စည်းမျဉ်းများကို လူ့အခွင့်အရေးဆိုင်ရာ ဥရောပ ခုံရုံးက ချမှတ်ထားခဲ့ပြီး ဖြစ်သည်။ သတင်း အချက်အလက်မီဒီယာကို လူတဦးချင်းစီမှ လက်လှမ်းမီ သုံးစွဲခွင့်အပေါ် တတိယအင်အားစုမှ တားမြစ်ခြင်းအတွက် နိုင်ငံအနေဖြင့် လုပ်ဆောင်ရန် တာဝန်ရှိခြင်း ဖြစ်သည်။[၁၇] '[အင်]တာနက် ထိန်းကွပ်ကြပ်မတ်ခြင်းအတွက် အဓိက စိန်ခေါ်ချက်မှာ သီးသန့်ပိုင်ဆိုင်မှုနှင့် အင်တာနက်အခြေခံ အဆောက်အဦကို ထိန်းကွပ်ကြပ်မတ်ခြင်း ဖြစ်သည်' ဟု ပညာရပ်ပိုင်း ရေးသားချက်က ဆွေးနွေးထားသည်။[၁၈] ဥပမာအားဖြင့် ၂၀၀၉ ခုနှစ် ဖင်လန်နိုင်ငံ၏ ဥပဒေက အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်သည် လူ့အခွင်အရေး ဖြစ်ကြောင်း ကြေညာခဲ့သည့်အတိုင်း ကြိုးမဲ့အင်တာနက် ချိတ်ဆက်မှုဆိုင်ရာ သီးသန့် အမြန်နှုန်းများကို အင်တာနက်ဝန်ဆောင်မှုပေးသူများ (Internet Service Providers - ISPs) က စီစဉ်ပေးရန် လိုအပ်ပါမည်လား။[၁၉] အွန်လိုင်းမူပိုင်ခွင့်ချိုးဖောက်မှု ထိန်းချုပ်ရေးဥပဒေများသည် ISPs ကို အဆိုပါဥပဒေများ အာဏာသက်ရောက်မှုရှိစေသည့် နည်းအတိုင်း ဆောင်ရွက်စေရန် လိုအပ်ပါမည်လား။[၆၀] ISPs ၏

---

၁၁ UNGA 'Report of the Special Rapporteur on the Promotion and Protection of the Right to Freedom of Opinion and Expression, Frank La Rue' (16 May 2011) UN Doc A/HRC/17/27, para. 38.

၁၆ ibid., paras 63, 64, 66 (အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ရှိ ပုဂ္ဂလိက အခန်းကဏ္ဍအပေါ် အလေးထားသည့် စာပိုဒ်များ ဖြစ်သည်) အင်တာနက် စီမံအုပ်ချုပ်မှုရှိ ပုဂ္ဂလိက ကဏ္ဍ၏ အခန်းကဏ္ဍအကြောင်း ယေဘုယျ ဆွေးနွေးချက်အတွက် Milton Mueller, John Mathiason, and Hans Klein, 'The Internet and Global Governance: Principles and Norms for a New Regime' (2007) 13 *Global Governance* 237 ကို ကြည့်ပါ။

၁၇ Walter Berka and Hannes Trettner, 'Public Service Media Under Article 10 of the European Court of Human Rights. A Study on Behalf of the European Broadcasting Union, December 2013' (2013) 9 http://www3.ebu.ch/files/live/sites/ebu/files/Knowledge/Publication%20Library/Art%2010%20Study_final.pdf accessed 28 September 2014.

၁၈ Land (n. 14) 443.

၁၉ Tully (n. 6) 3; Jasper P. Sluijs, 'From Competition to Freedom of Expression: Introducing Article 10 ECHR in the European Network Neutrality Debate' (2012) *Human Rights Law Review* 523. See Chapter 6.3.

၆၀ Tully (n. 6) 3; Abbe Brown, 'Human Rights, Competition Law, and Access to Essential Technologies' in Ian Brown (ed), *Research Handbook on Governance of the Internet* (Elgar 2013) 374; Ian Brown and Christopher

ကွန်ယက်စီမံခန့်ခွဲမှုသည် အသုံးပြုသူများ၏ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို ချိုးဖောက်ပါလား။[၆၁] ဤမေးခွန်းများအားလုံးကို လွှမ်းခြုံထည့်သွင်းခြင်းသည် ပို၍ ကျယ်ပြန့်သော ဆွေးနွေးချက်ဖြစ်ပါသည်။ 'လူတိုင်းအတွက် အဆီးအတားမရှိ ညီမျှသည့် အင်တာနက် (network neutrality)' ကို သေချာစေရေးအတွက် အစိုးရများသည် ဥပဒေစည်းမျဉ်းများကို ချမှတ်သင့် မချမှတ်သင့်ကို ဆွေးနွေးခြင်း ဖြစ်သည်။ လူ့အခွင့်အရေး ဥပဒေနှင့် အကိုက်ညီဆုံး ဖြစ်သော လူတိုင်းအတွက် အဆီးအတားမရှိ ညီမျှသည့် အင်တာနက်၏ အဓိက အစိတ်အပိုင်းမှာ 'အင်တာနက်ဝန်ဆောင်မှုပေးသူများသည် သတင်းအချက်အလက်စီးဆင်းမှုအချို့ သို့မဟုတ် အခြားဝန်ဆောင်မှုသုံးစွဲသူများကို မျက်နှာသာပေးရန် ခွင့်ပြုပေးသင့်သည့် အတိုင်းအတာ' ဖြစ်ပါသည်။ စီစဉ်ပေးသူ၏ ကွန်ယက်တွင် မည်သည့် အကြောင်းအရာ၊ လုပ်ငန်းသုံးပရိဂရမ်များ သို့မဟုတ် ကိရိယာများကို အသုံးပြုခြင်းအပေါ် သက်ရောက်မှုရှိသည်။[၆၂] နောက်ဆုံးတွင် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်အတွက် အထောက်အကူပြုပစ္စည်းများနှင့် အခြားအခြေခံအဆောက်အဦတို့ကို အစိုးရများက စီမံပေးသင့်ကြောင်း ပူးတွဲကြေညာစာတမ်းက အဆိုပြုသည့်အခါ ဤအဆိုပြုချက်ကို သေချာစေရန် ပုဂ္ဂလိကကဏ္ဍသည် မည်သည့်နေရာမှ ပါဝင်ရမည်နည်း။[၆၃] ခုံရုံး၏ လက်ရှိ ဥပဒေစနစ်ကို ထပ်မံ နားလည်သဘောပေါက်ခြင်းသည် ပညာရပ်စာပေကို တိုးတက်မြင့်မားပေလိမ့်မည်။ လူတဦးချင်းစီမှ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်အပေါ် တတိယအင်အားစု၏ တားမြစ်ခြင်းမှ ကာကွယ်ရန် အလို့ငှာ နိုင်ငံများ၏ လုပ်ဆောင်ရမည့် တာဝန်များကို ခုံရုံးက မည်သို့ ချဉ်းကပ်သင့်ကြောင်းဟူသည့် ပညာရပ်စာပေများကို တိုးတက်စေရမည်။ ထို့အပြင် လက်ရှိချဉ်းကပ်နည်းနှင့် ခုံရုံးမှ လက်လှမ်းမမီ၍ ကျန်ရှိအချက်များအကြား တည်ရှိနေသည့် ကွာဟချက်မည်မျှ ရှိကြောင်းဟူသည့် ပညာရပ်စာပေများကိုလည်း တိုးပွားစေလိမ့်မည်။

ခုံရုံးရှေ့မှောက်တွင် အစိုးရနှင့် လူတဦးချင်းအကြားရှိ အထက်အောက်ဆက်ဆံရေးများတွင်သာမက တဦးချင်းများအကြားရှိ အချင်းချင်းဆက်ဆံရေးများ (*Drittwirkung*) တွင်ပါ အပိုဒ် (၁၀) ကို မှီငြမ်းကိုးကားနိုင်သည်။[၆၄] ဂျာမနီဥပဒေအမိန့်တွင် အခြေပြုလျက် Xenos က *Drittwirkung* ကို အောက်ပါအတိုင်း အနက်ဖွင့်ဆိုပါသည် -

> နိုင်ငံ့အခြေခံဥပဒေပါ လူ့အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို ပုဂ္ဂလိက တဦးချင်းစီများက မှီငြမ်းကိုးကားခွင့်ပြုထားသည့် တရားသူကြီးများက အခြေခံဥပဒေအရ ဖန်တီးထားသော အာမခံချက် ဖြစ်ပါ

T Marsden, *Regulating Code: Good Governance and Better Regulation in the Information Age* (MIT Press 2013) 70–91; *Neij and Sunde Kolmisoppi v. Sweden* App no 40397/12 (ECtHR, 19 February 2012) p. 9.

[၆၁] Sluijs (n. 59) 513–14.

[၆၂] Jon M Peha, William H Lehr, and Simon Wilkie, 'The State of the Debate on Network Neutrality' (2007) Carnegie Mellon University, Department of Engineering and Public Policy, Paper 29. https://repository.cmu.edu/epp/29.

[၆၃] Tully (n. 6) 3; အခန်း (၆-၃) ကို ကြည့်ပါ။

[၆၄] For general reading on *Drittwirkung*, see Andrew Clapham, *Human Rights in the Private Sphere* (OUP 1993). လက်တလောဆွေးနွေးချက်များအတွက် Xenos (n. 32) အပိုင်း ၁-၄-၄-၂ ကို ကြည့်ပါ။

သည်။ နိုင်ငံ၏ ပုဂ္ဂလိကဥပဒေကို အခြေအနေအရ ကျင့်သုံးသည်ဖြစ်စေ မကျင့်သုံးသည်ဖြစ်စေ အခြား ပုဂ္ဂလိက တဦးချင်း၏ လုပ်ဆောင်ချက်များကို ပြည်တွင်းတရားရုံးများတွင် စောဒကတက်ရန် မှီငြမ်း ကိုးကားခြင်း ဖြစ်သည်။[၆၅]

ECHR အဖွဲ့ဝင်ဖြစ်ပြီး *Drittwirkung* ကို ချမှတ်ကျင့်သုံးသည့် နိုင်ငံအရေအတွက်ကို ရေတွက်ခြင်းဖြင့် ခုံရုံးသည် ၎င်း၏ စီရင်ချက်များတွင် ဤအခြေခံမူကို ထည့်သွင်းပေါင်းစပ်ရန် တဖြည်းဖြည်းတိုးတက်လာသည်။[၆၆] လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်၏ အစိတ်အပိုင်းအဖြစ် သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက် ကျဉ်းမြောင်းစေရေးအလို့ငှာ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့် ဖြစ်နိုင်သည့် အနေအထားတွင် ဤကိစ္စရပ်သည် တဖြည်းဖြည်း တိုးတက်လာသည့်တိုင်အောင် လုံးလုံးလျားလျား ရှင်းလင်းခြင်းတော့ မဟုတ်ပေ။ သို့သော် လူတိုင်းသည် ၎င်းတို့၏ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို အသေအချာ ကျင့်သုံးနိုင်ရေးအတွက် အစိုးရများတွင် တာဝန်များ ရှိသည်မှာ ရှင်းပါသည်။ ဤနေရာတွင် ကော်ပိုရေးရှင်းများသည် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်ပြီး ဤတာဝန်များကို ဖြည့်ဆည်းရေး ၎င်းတို့မှ အကူအညီပေးရပေမည်။ အခြားတဖက်တွင် အမှုအချို့တွင် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် ရရှိခံစားမှုကို ကော်ပိုရေးရှင်းများက တားဆီး သို့မဟုတ် ဖျက်ဆီးနိုင်ပေသည်။ ထို့ကြောင့် အွန်လိုင်းတွင် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် ကျင့်သုံးမှုကို အကာအကွယ်ပေးရန် နိုင်ငံများမှ လုပ်ဆောင်ရမည့် တာဝန်ကို အကောင်အထည်ဖော်ရန် တွန်းပို့ပေးပါသည်။[၆၇] အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်အတွက် လုပ်ဆောင်ရမည့် တာဝန်များကို ခုံရုံးက တိုက်ရိုက် မကိုင်တွယ်သည့် အတွက် ဤအပိုင်းရှိ လေ့လာဆန်းစစ်ချက်သည် ဂြိုဟ်တုရုပ်မြင်သံကြား၊ ရုပ်သံလိုင်းနှင့် ရေဒီယိုအပါအဝင် အခြားသောသတင်းအချက်အလက်နည်းပညာ လက်လှမ်းမီ သုံးစွဲခွင့်ကို ခုံရုံးက မည်သို့ ကိုင်တွယ်ဖြေရှင်းသည့် အပေါ် ဦးတည်ပါမည်။ ဤအခန်းရှိ မေးခွန်းကို ချဉ်းကပ်ရန် ခုံရုံးက ဤအမှုများကို မည်သို့ အသုံးပြုသည်ကို ထည့်သွင်းစဉ်းစားရန် ဖြစ်ပါသည်။

လူတဦးချင်းစီ၏ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို တတိယအင်အားစုက ချိုးဖောက်ခြင်းမှ လူတဦးချင်းစီကို အကာအကွယ်ပေးရန်အတွက် နိုင်ငံ၏ လုပ်ဆောင်ရမည့် တာဝန်ရှိမှုများကို အရှင်းဆုံး ထုတ်ဖော်ချက်သည် သတင်းသမား၏ လုံခြုံရေး၊ အသက်ရှင်သန်မှု သို့မဟုတ် ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်နှင့် ဆက်စပ်သည့် အမှုများမှ ထွက်ပေါ်လာပါသည်။[၆၈] ပြည်တွင်းတရားရုံး၏ ဖိအားပေး၊ ကျိုးကြောင်းမညီသည့် သို့မဟုတ် မညီမျှသည့် ဥပဒေပြဋ္ဌာန်းခြင်းသည် သဘောတူစာချုပ်၏ အခြေခံမူများကို ချိုးဖောက်နေပါက ထိုကဲ့သို့ ပြုသမျှခံနေလိမ့်မည် မဟုတ်ကြောင်း ခုံရုံးက ထောက်ပြသည်။ အငြင်းပွားမှုနှင့် အဖွဲ့ဝင်များ၏ သဘောသဘာဝ

---

[၆၅] Xenos (n. 32) 42.

[၆၆] ibid.

[၆၇] ISPs ၏ အကြောင်းအရာရှိ ဤကိစ္စရပ်ပိုင်း လေ့လာဆန်းစစ်ချက်အတွက် Sluijs (n. 59) ကို ကြည့်ပါ။ Andrew Clapham, *Human Rights Obligations of Non-state Actors* (OUP 2006) ကို ယေဘုယျအားဖြင့် ကြည့်ပါ။

[၆၈] *Dink v. Turkey* App nos. 2668/07, 6102/08, 30079/08, 7072/09 and 7124/09 (ECtHR, 14 September 2010); *Özgür Gündem v. Turkey* ECHR 2000-III, para. 43.

ကိုလည်း ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။[၆၉] စော်ကားသည့်မှတ်ချက်များကြောင့် အလုပ်ရှင်မှ အလုပ်ဖြုတ်ခံရသည့် သတင်းသမားများကို အကာအကွယ်ပေးရန်အတွက် နိုင်ငံမှ လုပ်ဆောင်ရမည့် တာဝန်များ ရှင်းရှင်းလင်းလင်း ပါဝင်သည့်အမှုနမူနာများသည် ပေါ်ပေါက်လာပါသည်။[၇၀] သို့တည်းမဟုတ် သတင်းသမားများ၊ ထုတ်ဝေသူများနှင့် သတင်းစာဖြန့်ချိသည့်နေရာများ အတိုက်ခိုက်ခံရခြင်းမှလည်း အကာအကွယ်ပေးရန် ပါဝင်သည်။[၇၁] တတိယအင်အားစု၏ တားမြစ်ချက်ပါဝင်သည့် အခြားနမူနာများသည် သတင်းစာတစောင်၏ တာဝန်မကင်းမှုနှင့် ဆက်စပ်ပါသည်။ ၎င်း၏ ဝက်ဆိုက်အပေါ် ရေးတင်သည့် တတိယအင်အားစု၏ မှတ်ချက်များအတွက် တာဝန်မကင်းခြင်း ဖြစ်သည်။[၇၂]

အကြမ်းဖက်မှုအပါအဝင် ဥပဒေနှင့် မညီသည့် လုပ်ဆောင်ချက်များကို ထိထိရောက်ရောက် စုံစမ်းဖော်ထုတ်ရန်နှင့် လိုအပ်ပါက အကာအကွယ်ပေးရန်အတွက် နိုင်ငံများသည် လုပ်ဆောင်သင့်သည်ကို ခုံရုံးက တွေ့ရှိပါသည်။[၇၃] ဤသို့လုပ်ဆောင်ရန် ပျက်ကွက်ခြင်းဖြင့် လူတဦးချင်းစီသည် ၎င်းတို့၏ လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်ကို ကျင့်သုံးရာတွင် အကာအကွယ်ပေးမည့် နိုင်ငံ၏ လုပ်ဆောင်ရမည့် တာဝန်များနှင့် လိုက်လျောညီထွေ ဆောင်ရွက်ရာတွင် မအောင်မြင် ဖြစ်စေပါသည်။[၇၄] ထို့အပြင် ဤစီရင်ထုံးဥပဒေတွင်လည်း နိုင်ငံသည် လုပ်နိုင်ကိုင်နိုင်သည့် ဝန်းကျင်ကို ဖန်တီးရမည်ဖြစ်ကြောင်း ခုံရုံးက အလေးထားဖော်ပြသည်။ သက်ဆိုင်သူများအားလုံးသည် ပြည်သူ့ရေးရာဆွေးနွေးချက်တွင် ပူးပေါင်းပါဝင်နိုင်ရေးနှင့် ၎င်းတို့၏ အမြင်သဘောထားနှင့် ယူဆချက်များကို ကြောက်ရွံ့မှုမရှိ ဖော်ထုတ်တင်ပြနိုင်ရေးအတွက် လုပ်ကိုင်နိုင်စွမ်းရှိသည့် ဝန်းကျင်ကို ဖန်တီးပေးရမည်။[၇၅]

သို့ဖြစ်သည့်အတွက် လေ့လာသည့်သီးခြားနယ်ပယ်နှင့် တိုက်ရိုက် ချိတ်ဆက်မထားသော်ငြား ဤအမှုများသည် အခြေခံမူကို ရှင်းရှင်းလင်းလင်း ဖော်ထုတ်ခြင်းအတွက် အသုံးဝင်ပါသည်။ အခွင့်အရေးများသည် အခြားအကျိုးစီးပွားများနှင့် ပဋိပက္ခဖြစ်နေပါက ၎င်းတို့ကို အသေအချာ ထည့်သွင်းစဉ်းစားခြင်းဖြင့် အခွင့်အရေးများကို နိုင်ငံက ကာကွယ်ပေးရမည့် အခြေခံမူ ဖြစ်သည်။ သို့ဖြစ်၍ ဤယေဘုယျအခြေခံမူများကို သီးသန့်အကြောင်းအရာအတွက် ဤအခန်းက အသုံးချပါသည်။ ပုဂ္ဂလိက တဦးချင်းစီများအကြားမှာပင်လျှင် လူတိုင်းအင်တာနက် လက်လှမ်းမီ သုံးစွဲခွင့် အဆင်ပြေချောမွေ့စေရန်အတွက် လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့်မှ အခြေခံထွက်ပေါ်လာသည့် လုပ်ဆောင်ရန် တာဝန်ရှိရမည့် အကြောင်းအရာ ဖြစ်ပါသည်။

---

[၆၉] ibid., para. 33.

[၇၀] *Fuentes Bobo v. Spain* App no 39293/98 (ECtHR, 29 February 2000).

[၇၁] *Özgür Gündem* (n. 68).

[၇၂] *Delfi AS v. Estonia* App no 64569/09 (ECtHR, 10 October 2013), Judgment section.

[၇၃] *Özgür Gündem* (n. 68).

[၇၄] ibid.

[၇၅] *Dink* (n. 68) and *Özgür Gündem* (n. 68); အခန်း (၆-၄) ကို ကြည့်ပါ။

ဤသို့ လေ့လာရာတွင် ချိန်ညှိရမည့် အဓိက အကြောင်းရင်းများကို ဖော်ပြထားသည့် အမှု ၅ ခုကို ဤအပိုင်းတွင် ဆွေးနွေးသွားပါမည်။ ၎င်းအမှုများမှာ *Khurshid Mustafa & Tarzibachi v. Sweden*၊ *Appleby v. UK*၊ *Frasila and Ciocirloan v. Romania*၊ *VgT v. Switzerland* နှင့် *VgT 2 v. Switzerland* တို့ ဖြစ်သည်။[၇၆] နိုင်ငံက အခြေခံရပိုင်ခွင့်အရသော်လည်းကောင်း သို့မဟုတ် ဥပဒေစည်းမျဉ်းအရသော်လည်းကောင်း လုပ်ဆောင်ရမည့် တာဝန် သို့မဟုတ် သီးသန့်လုပ်ငန်းတရပ်ဖြစ်ရန်အတွက် ခုံရုံးက ယခင်က မည်သည့်အချက်ကို ပြဋ္ဌာန်းခဲ့သည်ကိုလည်း လေ့လာပါသည်။ လူတဦးချင်းစီ၏ သတင်းအချက်အလက်မီဒီယာ လက်လှမ်းမီ သုံးစွဲခွင့်ကို တတိယအင်အားစု၏ တားမြစ်ချက်မှ အကာအကွယ်ပေးရန် နိုင်ငံသည် ၎င်း၏ လုပ်ဆောင်ရမည့် တာဝန်ကို လိုက်နာစေရေး ဆောင်ရွက်ရမည် ဖြစ်သည်။

လူတဦးချင်းစီအကြားပင်လျှင် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်၏ ဤအပိုင်းကို ကာကွယ်မည့် နိုင်ငံ၏ တာဝန်ရှိမှုကို ကိုင်တွယ်ဖြေရှင်းသည့်အခါတွင် အမြင်သဘောထားများနှင့် အယူအဆများ ကျယ်ကျယ်ပြန့်ပြန့် လက်ခံရရှိနိုင်စွမ်း၏ အရေးပါပုံကို ခုံရုံးက မီးမောင်းထိုးပြပါသည်။[၇၇] ဥပမာအနေဖြင့် *Khurshid Mustafa & Tarzibachi v. Sweden* အမှု ဖြစ်ပါသည်။ အာရေးဗီးယားနှင့် ဖာရစီ ဘာသာစကားဖြင့် ထုတ်လွှင့်သည့် ရုပ်သံများကို ဖမ်းယူနိုင်သည့် ဂြိုဟ်တုဇန်းကို ဖယ်ရှားရန် ပျက်ကွက်သည့်အတွက် အီရတ်နိုင်ငံဖွား ဆွီဒင်နိုင်ငံသားများကို နှင်ထုတ်ခြင်း ပါဝင်သည့် အမှု ဖြစ်သည်။[၇၈] ဤလေ့လာဆန်းစစ်ချက်တွင် နိုင်ငံရေးနှင့် လူမှုရေးသတင်းများသည် အပိုဒ် (၁၀) ဖြင့် အကာအကွယ်ပေးထားသည့် အရေးအပါဆုံး သတင်း သို့မဟုတ် သတင်းအချက်အလက်ပုံစံအဖြစ် အသားပေးဖော်ပြထားသည်။ သို့သော်ငြား ခုံရုံးသည် သတင်းအချက်အလက် လွတ်လပ်စွာ လက်ခံရရှိခွင့်သည် ပြည်သူများနှင့် ဆိုင်သည့် ဖြစ်ရပ်များကို အစီရင်ခံစာတင်ပြရန်အပြင် ယဉ်ကျေးမှု ဓလေ့ထုံးတမ်း ဖော်ထုတ်တင်ပြပြောဆိုချက်သာမက ဖျော်ဖြေရေးသက်သက်ကိုပါ လွှမ်းခြုံရန်အတွက် မချဲ့ထွင်သင့်ပေ။[၇၉] ဤသတင်းအချက်အလက်အမျိုးအစားသည် အရေးပါကြောင်း သတ်မှတ်ခြင်းဖြင့် ယခင်စီရင်ထုံးဥပဒေမှ ခုံရုံးသည် ဤနေရာတွင် သွေဖယ်ခဲ့ပါသည်။ သူ၏ မွေးဖွားရာဇာတိ၏ ယဉ်ကျေးမှု၊ ဘာသာစကားနှင့် ဆက်လက်ထိတွေ့လိုသည့် လျှောက်လဲသူရှိ သဘောဆန္ဒ၏ အရေးပါပုံကိုလည်း ထားရှိပါသည်။[၈၀] ခုံရုံးက ဖော်ပြသည်မှာ -

---

[၇၆] *Khurshid Mustafa & Tarzibachi v. Sweden* App no 23883/06 (ECtHR, 16 December 2008); *Frasila* (n. 50); *Appleby v. United Kingdom* ECHR 2003-VI, para. 35; *VgT Verein gegen Tierfabriken v. Switzerland* ECHR 2001-VI, Judgment; *VgT Verein gegen Tierfabriken v. Switzerland (no 2)* App no 32772/02 (ECtHR, 30 June 2009).

[၇၇] *Mustafa* (n. 76), para. 45; T McGonagle, 'Promoting Cultural Diversity in the Irish Broadcasting Sector: An Assessment of International Standards and Best Practices with a View to Their Operationalisation in an Irish Context' (Research paper, Amsterdam Law School 2012) 20.

[၇၈] *Mustafa* (n. 76), para. 5 and 44.

[၇၉] ibid., para. 44; see also Chapter 6.3.

[၈၀] *Mustafa* (n. 76), para. 44; for previous case law, see *Lingens v. Austria* (1986) Series A no 103, para. 42; *Castells v. Spain* (1992) Series A no 236, para. 43; *Thorgeirson v. Iceland* (1992) Series A no 239, para. 63; *Wingrove v. the United Kingdom* ECHR 1996-V, para. 58; *Monnat v. Switzerland* ECHR 2006-X, para. 58. အခန်း (၃-၃) တွင်

> ထို့အပြင် အဆိုပါ [နိုင်ငံရေးနှင့် လူမှုရေး] သတင်းများသည် အပိုဒ် (၁၀) က အကာအကွယ်ပေးထားသည့် အရေးအပါဆုံး သတင်းအချက်အလက်များဖြစ်နေစဉ်တွင် သတင်းအချက်အလက် လွတ်လပ်စွာ လက်ခံ ရရှိခွင့်သည် ပြည်သူများနှင့် သက်ဆိုင်သည့် ဖြစ်ရပ်များကို အစီရင်ခံစာတင်ပြရန်အပြင် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းဖော်ထုတ်တင်ပြပြောဆိုချက်သာမက ဖျော်ဖြေရေးသက်သက်ကိုပါ လွှမ်းခြုံရန်အတွက် မချဲ့ထွင်သင့်ပေ။ နောက်ပိုင်း သတင်းအချက်အလက်များ၏ အရေးပါပုံကို လျှော့မတွက်သင့်ပေ။ အထူးသဖြင့် ၎င်းတို့ မူရင်းဒေသရှိ ယဉ်ကျေးမှုနှင့် ဘာသာစကားများနှင့် ဆက်သွယ်မှုမပြတ်စေလိုသည့် ကလေး ၃ ဦး ရှိသော ရွှေ့ပြောင်းမိသားစုအတွက် ဖြစ်ပါသည်။ ထို့ကြောင့် ဆွေးနွေးလျက်ရှိသည့် အခွင့်အရေးသည် လျှောက်လဲသူများအတွက် အထူးပင် အရေးပါပါသည်။[၈၁]

အချက်အလက်ဖြန့်ချိခြင်း အခြားနည်းလမ်းပုံစံများသည် ရုပ်မြင်သံကြား ထုတ်လွှင့်သည့် ရုပ်သံလိုင်းများမှ တဆင့် ရရှိနိုင်သည့် အရာများ၏ အစိတ်အပိုင်းများကို လွှမ်းခြုံနိုင်မှု ရှိသည့်အချက်ကို ခုံရုံးသည် များစွာ ချိန်ဆ ထားပါသည်။ ထို့ကြောင့် ရုပ်သံဖမ်းယူသည့် ဂြိုဟ်တုဗဒန်းနှင့် တန်းတူမထားနိုင်ခြင်း ဖြစ်သည်။[၈၂]

ထို့အပြင် မြေပိုင်ရှင်သည် ဆက်သွယ်ရေးကွန်ယက်နှင့် အင်တာနက် ဆက်သွယ်ရေး သို့မဟုတ် အခြား နည်းလမ်းများကို တပ်ဆင်ခဲ့ခြင်း မရှိသည်ကို ခုံရုံးက ထောက်ပြခဲ့သည်။ ထိုသို့ တပ်ဆင်ခြင်းဖြင့် အဆောက် အဦတွင် နေထိုင်သူ အိမ်ငှားများကို ဤရုပ်မြင်သံကြားအစီအစဉ်များကို ဖမ်းယူရရှိနိုင်စွမ်း ရှိစေပါသည်။[၈၃] ၎င်းက အောက်ပါအတိုင်း ဖော်ပြထားပါသည် -

> ရုပ်မြင်သံကြား ရုပ်သံထုတ်လွှင့်မှုများကို လက်ခံရရှိရာတွင် လျှောက်လဲသူများ၏ အကျိုးစီးပွားကို ထည့်သွင်းစဉ်းစားသည့်အခါတွင် ၎င်းတို့၏ သတင်းအချက်အလက် လွတ်လပ်စွာ ရရှိခွင့်သည် အမှန်ပင် အရေးကြီးကြောင်း ယူဆသည့် အပြုအမူ မရှိသည်ကို အယူခံခုံရုံးက တွေ့ရှိပါသည်။ ဤထုတ်ဖော်ချက်မှ အယူခံခုံရုံးသည် ပါဝင်သည့်အကျိုးစီးပွားများကို ချိန်ဆရာတွင် အပိုဒ် (၁၀) နှင့် ကိုက်ညီသည့် စံနှုန်းများကို အသုံးပြုရန် ပျက်ကွက်ခဲ့ကြောင်းကို ခုံရုံးက သုံးသပ်ခဲ့ပါသည်။[၈၄]

တနည်းဆိုရသော် ECHR ၏ အခြေခံမူများနှင့် ရပိုင်ခွင့်များကို ထည့်သွင်းစဉ်းစားသည့် နည်းအတိုင်း လုပ်ဆောင်ရန် ဆွီဒင်တရားရုံးသည် ပျက်ကွက်ခဲ့ပါသည်။

သို့ဖြစ်၍ အယူခံဝင်သူ၏ အပိုဒ် (၁၀) အရ ရပိုင်ခွင့်များကို ကာကွယ်ပေးရန် ဆွီဒင်နိုင်ငံသည် ၎င်း၏ လုပ်ဆောင်ရမည့် တာဝန်ကို ပျက်ကွက်ခဲ့ကြောင်း ခုံရုံးက သုံးသပ်ခဲ့ပါသည်။ ထို့အပြင် လျှောက်လဲသူများမှ

ဆွေးနွေးထားသည့်အတိုင်း IACtHR ၏ ချည်းကပ်နည်းနှင့် ဤအချက်သည် ကိုက်ညီသည်။ အခန်း (၆-၃) ကိုလည်း ကြည့်ပါ။

[၈၁] *Mustafa* (n. 76), para. 44.

[၈၂] ibid., para. 45. အခန်း (၆-၃) ကိုလည်း ကြည့်ပါ။

[၈၃] ibid.

[၈၄] ibid., para. 48.

တားမြစ်ခံရ၍ နှင်ထုတ်ခံရခြင်းသည် မည်သည့် ဥပဒေရည်ရွယ်ချက်များနှင့် မဆို မမျှမတဖြစ်ပြီး ဒီမိုကရေစီ လူ့အဖွဲ့အစည်းတွင် မလိုအပ်ပေ။[၈၅] အခြားပညာရပ်စာပေတွင် အသိအမှတ်ပြုထားသကဲ့သို့ပင် ယခုအခန်း၏ လေ့လာချက်အတွက် ဤအမှုသည် သိသာထင်ရှားပါသည်။ အဘယ့်ကြောင့်ဆိုသော် သတင်းအချက်အလက် ဆက်သွယ်ရေးနည်းလမ်းတရပ်ကို လူနည်းစုတစု သို့မဟုတ် ဖယ်ကြဉ်ခံလူများမှ လက်လှမ်းမီ သုံးစွဲခွင့်အပေါ် ခုံရုံးက အထူးအလေးထားခဲ့သည့် နမူနာတခု ဖြစ်ခြင်းကြောင့် ဖြစ်ပါသည်။[၈၆] ထို့ကြောင့် ရွှေ့ပြောင်းအခြေချ နေထိုင်သူများသည် ၎င်းတို့၏ဓေတိမြေမှ လူမှုရေးရာနှင့် ယဉ်ကျေးမှုသတင်းအချက်အလက်ကို လက်ခံရရှိခြင်း၏ အရေးပါမှုအပေါ် ခုံရုံးက အလေးအနက်ထားသည့် နမူနာတရပ်အဖြစ် အမှုက လုပ်ဆောင်ပေးပါသည်။ ထို့အပြင် အင်တာနက် လက်လှမ်းမီရရှိရေး စီစဉ်ပေးရန် နိုင်ငံမှ လိုအပ်ချက်နှင့် သက်ဆိုင်သည့် အလားတူ လေ့လာဆန်းစစ်ချက်ကို ခုံရုံးက ပြုလုပ်ခြင်းကိုလည်း အထောက်အပံ့ဖြစ်စေပါသည်။[၈၇] ဥပမာဆိုရသော် လူ့အဖွဲ့အစည်းတခုအတွင်းရှိ လူများသည် အင်တာနက်မှသာ အရေးပါသည့် ယဉ်ကျေးမှု သို့မဟုတ် လူမှုရေးအရ သိသာထင်ရှားသူများ၊ အစီအစဉ်များနှင့် အခြားသော အကြောင်းအရာများကို ဆက်သွယ်နိုင်ပါသည်။ သို့ဖြစ်ပါက ဤအခွင့်အရေးကို အကာအကွယ်ပေးပြီး အသေအချာ ရရှိခံစားနိုင်ရေးအတွက် အပြုသဘောဆောင် အရေးယူ ဆောင်ရွက်ချက်များကို နိုင်ငံ၏ လိုအပ်ချက်အဖြစ် စောဒကတက်နိုင်ပါသည်။[၈၈]

Khurshid Mustafa & Tarzibachi v. Sweden နှင့် မတူသည်မှာ *Appleby* ၊*VgT* ၊ *VgT2* နှင့် *Frasila* အမှုများသည် လက်ခံရရှိခွင့်ထက် သတင်းအချက်အလက် ပေးပို့ခွင့်အပေါ် အသားပေးထားသည်။ ဤအမှုများကို ပေါင်းစုလေ့လာဆန်းစစ်ချက်သည် လွတ်လပ်စွာထုတ်ဖော်တင်ပြခွင့်၏ လက်ခံရရှိခွင့်နှင့် ပေးပို့ခွင့်နှစ်မျိုးစလုံးကို အလေးထား လေ့လာထားသည်။ သတင်းအချက်အလက်များကို တပြိုင်နက်တည်း လက်ခံရရှိခွင့်နှင့် ပေးပို့ခွင့် ပြုထားသည့် ဆက်သွယ်ရေးနည်းလမ်း၏ ထူးခြားဝိသေသလက္ခဏာအရ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့် အနေအထားတွင် ဤပေါင်းစုလေ့လာဆန်းစစ်ချက်သည် မှတ်သားဖွယ်ကောင်းပါသည်။[၈၉] သို့ဖြစ်သည့်အတွက် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ချိုးဖောက်မှုကို လေ့လာဆန်းစစ်ရာတွင် ဤသတင်းအချက်အလက်ကို လက်လှမ်းမီ ရရှိခွင့်သည် အရေးပါသည့် အစိတ်အပိုင်းဖြစ်ကြောင်း ခုံရုံး၏ အသိအမှတ်ပြုမှုကို လေ့လာ ဆန်းစစ်ချက်က လေ့လာထားသည်။ သတင်းအချက်အလက်ပေးပို့သူများနှင့် လက်ခံသူများ၏ အမြင်ရှုထောင့်

---

[၈၅] ibid., para. 32.

[၈၆] Land (n. 14) 422; Dirk Voorhoof and Hannes Cannie, 'Freedom of Expression and Information in a Democratic Society: The Added but Fragile Value of the European Convention on Human Rights' (2010) 72 *International Communication Gazette* 407; Tarlach McGonagle, 'Representation of Minorities: Rights of Access' (February 7, 2012) in *Media and Human Rights*, London, (Clemens Nathan Research Centre 2009) 106–126; Amsterdam Law School Research Paper No. 2012–18; Institute for Information Law Research Paper No. 2012–14. Available at SSRN: https://ssrn.com/abstract=2000616.

[၈၇] *Mustafa* (n. 76), para. 44; အခန်း (၆-၃) ကို ကြည့်ပါ။

[၈၈] အခန်း (၆-၃) ကို ကြည့်ပါ။

[၈၉] အခန်း (၁)၊ အခန်း (၂-၄) နှင့် အခန်း (၂-၅)၊ အခန်း (၃-၁)၊ (၅-၂)၊ (၅-၃)၊ အခန်း (၆-၃) နှင့် (၆-၆)

နှစ်ရပ်စလုံးမှ လေ့လာထားခြင်း ဖြစ်သည်။[၉၀] အခြားမီဒီယာများက မလုပ်ဆောင်နိုင်သည့် နည်းလမ်းဖြင့် အင်တာနက်သည် သတင်းအချက်အလက်ဆက်သွယ်ရေးနည်းလမ်းအဖြစ် ပြည်သူများ၏ လက်ခံရရှိခွင့်နှင့် ပေးပို့ခွင့် နှစ်ရပ်စလုံးကို တပြိုင်နက်တည်း ဖွဲ့စည်းပါဝင်စေသည်။[၉၁]

အထင်ကရ ဖြစ်သည့် *Appleby* အမှုတွင် တားမြစ်ချက်အတွက် နိုင်ငံမှ လုပ်ဆောင်ရမည့် တာဝန်များ ရှိခြင်း မရှိခြင်းကို ခုံရုံးက လေ့လာခဲ့သည်။ သတင်းအချက်အလက်များ ဝေမျှရန် ရည်ရွယ်ချက်အတွက် ပုဂ္ဂလိက ကုမ္ပဏီများက စီမံနေသည့် စီးပွားရေးဈေးဝယ်စင်တာများတွင် အများပြည်သူဆိုင်နေရာများကို သုံးစွဲခွင့် ပေးရန် အလို့ငှာ ဖြစ်သည်။[၉၂] မေးခွန်းထုတ်ဖွယ်ဖြစ်သည့် ပိုင်ရှင်၏ တားမြစ်ချက်မှ လျှောက်လဲသူ၏ အပိုဒ် (၁၀) ရပိုင်ခွင့်များ ကျင့်သုံးခြင်းကို အကာအကွယ်ပေးရမည့် လုပ်ဆောင်ရမည့် တာဝန်ကို နိုင်ငံအနေဖြင့် ပျက်ကွက်ခဲ့ခြင်း ရှိ မရှိဟူသော အဓိက မေးခွန်းကို ခုံရုံးက ဖော်ထုတ်ခဲ့ပါသည်။[၉၃] ဈေးဝယ်စင်တာသည် ၎င်း၏ မြို့လယ်ခေါင်တွင် တည်ရှိနေခြင်းကြောင့် အများပြည်သူဆိုင်နေရာ တစိတ်တပိုင်းဖြစ်လာကြောင်း လျှောက်လဲသူများ၏ ခုခံချေပချက်များကို ခုံရုံးက အသိအမှတ်ပြုခဲ့ပါသည်။[၉၄] လူမှုဖွဲ့စည်းပုံ၊ လူမှုရေးရာနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုများ ပြောင်းလဲလာသည့်နည်းများက လူများသွားလာလှုပ်ရှားပြီး တဦးနှင့်တဦး ထိတွေ့ ဆက်ဆံသည့် နည်းလမ်းများကိုလည်း အရေးပါပါ ပြောင်းလဲလာကြောင်းကိုလည်း အသိအမှတ်ပြုခဲ့ပါသည်။[၉၅] သို့ရာတွင် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်သည် ၎င်းရပိုင်ခွင့်ကို ကျင့်သုံးရန်အတွက် မည်သည့် 'လွတ်လပ်စွာစုရုံးခွင့် (freedom of forum)' ကိုမျှ မအပ်နှင်းထားကြောင်းကို ခုံရုံးက ရှင်းရှင်းလင်းလင်း ဖော်ထုတ်ပါသည်။[၉၆] *Mouvement Raëlien Suisse* နှင့် *Women on Waves* တို့တွင် တွေ့မြင်နိုင်သကဲ့သို့ ဤအကြောင်းရင်းများသည် ပုဂ္ဂလိကပိုင်အဆောက်အဦ သို့မဟုတ် ပြည်သူပိုင်အဆောက်အဦအားလုံးကို ဝင်ထွက်သွားလာခွင့်ကို အလို အလျောက် ဖန်တီးပေးမှု မလိုအပ်ပါ။[၉၇] ပြည်သူများသို့ ၎င်းတို့၏ အမြင်များကို ပေးပို့ရန် ထိရောက်မှုရှိသော အခြားနည်းလမ်းများကို လျှောက်လဲသူများက ရရှိရမည်ဟူသော စီရင်ထုံးကို ခုံရုံးက အလေးပေးထားသည်။[၉၈]

စီရင်ချက်အပြင် မတူညီသည့် အခြေအနေများတွင် ချိုးဖောက်မှုရှိနိုင်သည်ဟု ခုံရုံးအနေဖြင့် စီရင်ချက်ချမှတ် နိုင်ခြေမရှိကြောင်းကို ခုံရုံးက မဖော်ပြခဲ့ပါ။ ခုံရုံးက သတိပေးထားသည်မှာ -

---

၉၀ အခန်း ၃-၂ (*Yildirim* ဆွေးနွေးချက်)၊ အခန်း (၆-၃) ကို ကြည့်ပါ။

၉၁ ibid.

၉၂ *Appleby* (n. 76), para. 35.

၉၃ ibid., para. 41.

၉၄ ibid., para. 44.

၉၅ အခန်း ၆.၁-၃၊ အခန်း ၅-၂၊ အခန်း ၂.၂-၂.၅ ကို ကြည့်ပါ။

၉၆ *Appleby* (n. 76), para. 47.

၉၇ ibid; *Mouvement Raëlien Suisse v. Switzerland* (n. 34) para. 76–7; *Women on Waves and others v. Portugal* App no 31276/05 (ECtHR, 02 March 2009), Judgment (Merits and Just Satisfaction), para. 47.

၉၈ *Appleby* (n. 76), para. 48.

အဆောက်အဦသုံးစွဲခွင့် တားမြစ်ချက်သည် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် ထိထိရောက်ရောက် ကျင့်သုံးမှုမရှိစေခြင်းကို ဖြစ်ပေါ်စေပါက ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်များကို ထိန်းချုပ်ခြင်းဖြင့် သဘောတူစာချုပ်ပါ ရပိုင်ခွင့်များအား ရရှိခံစားမှုကို အကာအကွယ်ပေးရန် နိုင်ငံအတွက် လုပ်ဆောင်ရမည့် တာဝန်ဖြစ်ပေါ်စေနိုင်ခြေမရှိကြောင်း ခုံရုံးက သတ်မှတ်ခြင်း မပြုနိုင်ပေ။[၉၉]

Galleries ၏ ဝင်ပေါက်နေရာများနှင့် ဈေးဝယ်စင်တာဝင်ရောက်သည့် ပြည်သူပိုင်လမ်းများတွင် လက်ကမ်းစာစောင်များ ဖြန့်ဝေရန် လျှောက်လဲသူများကို ခွင့်ပြုထားကြောင်း ခုံရုံးက သတိပြုမိခဲ့သည်။[၁၀၀]

ခုံရုံး၏ ဤဆုံးဖြတ်ချက်သည် အင်တာနက်ကဲ့သို့သော သတင်းအချက်အလက် ဆက်သွယ်ရေး သီးခြားနည်းလမ်းကို သုံးစွဲခွင့်ကို အဆုံးစွန် အခြေအနေများတွင်ပင် စီမံပေးနိုင်ကြောင်း ခုခံချေပရန် ခက်ခဲစေပါသည်။[၁၀၁] အင်တာနက်အကြောင်းအရာအတွက် ခုံရုံး၏ ဆုံးဖြတ်ချက်ကို Benedek နှင့် Kettemann တို့က အသုံးချပါသည်။ အင်တာနက်ဝန်ဆောင်မှုပေးသူများကဲ့သို့ လက်ဝါးကြီးအုပ်ထားသည့် အနေအထားအတွင် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်ကို ထိထိရောက်ရောက် ကျင့်သုံးခြင်းဟူသော ခုံရုံး၏ လေ့လာတွေ့ရှိချက်သည် ဆီလျော်လာကြောင်း ခုခံချေပပါသည်။ ဝန်ဆောင်မှုသတ်မှတ်ချက်များအရ အင်တာနက် ဝန်ဆောင်မှုပေးသူများသည် မည်သည့် အကြောင်းပြချက်အတွက်မဆို သို့မဟုတ် မည်သည့်အကြောင်းပြချက်မျှမပေးဘဲ ၎င်းတို့၏ ဝန်ဆောင်မှုများကို လွတ်လွတ်လပ်လပ် ငြင်းပယ်ခွင့် ရှိသည်။ မည်သည့်အချိန်တွင်ဆို Google သည် ဝန်ဆောင်မှု ရပ်တန့်နိုင်သည်ဟူသော stablish.me နှင့် Gmail အကောင့်များ အမှုကဲ့သို့ ဖြစ်ပါသည်။[၁၀၂] အဆိုပါအမှုများတွင် လက်ဝါးကြီးအုပ်မှုအခန်းကဏ္ဍအတွက် ရှင်းရှင်းလင်းလင်း ချမှတ်ထားပါက ၎င်းဝန်ဆောင်မှုများကို သုံးစွဲနိုင်သည့် အနည်းဆုံးသောကာလအား စီစဉ်ပေးရမည်ကို အာဏာပိုင်များက ဥပဒေဖြင့် ပြဋ္ဌာန်းနိုင်ပါသည်။[၁၀၃] လက်ဝါးကြီးအုပ်ခြင်းသည် ခုံရုံးက ထည့်သွင်းစဉ်းစားရမည့် အကြောင်းရင်းတချက် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် လက်တွေ့အားဖြင့် အခြားနည်းလမ်း မရှိသည်ဟု ဆိုလိုခြင်းကြောင့် ဖြစ်သည်။ သို့ရာတွင် ဤအယူအဆ အာဏာသက်ရောက်သည့် အခြေအနေများသည် အကန့်အသတ်ရှိနေကြောင်း အဓိပ္ပာယ်ရပါသည်။[၁၀၄] *Appleby* ကို 'လူတိုင်းအတွက် အဆီးအတားမရှိ ညီမျှသည့် အင်တာနက်' နှင့် ချိတ်ဆက်၍ အလားတူသုံးသပ်ချက်ကို Sluijs ကလည်း ချမှတ်ပါသည်။ 'ကွန်ယက်စီမံခန့်ခွဲမှုအတွက် Appleby ၏ ကျိုးကြောင်းဆီလျော်မှုကို အနက်ပြန်ဆိုရာတွင် ISP သည် အင်တာနက်ကွန်ယက်ပေါ်တွင် ထုတ်ဖော်တင်ပြချက်အားလုံးကို ပိတ်ပင်ပါမှသာ ပြည်သူ့အာဏာပိုင်များမှ ကြားဝင်ဆောင်ရွက်မည့် လုပ်ဆောင်ရန်တာဝန် ရှိနိုင်မည်ဟု ထင်မြင်ရကြောင်း' ဖော်ပြပါ

---

[၉၉] ibid., para. 47.

[၁၀၀] ibid., para. 48.

[၁၀၁] အခန်း (၆-၅) ကို ကြည့်ပါ။

[၁၀၂] Wolfgang Benedek and Matthias C Kettemann, *Freedom of Expression and the Internet* (Council of Europe 2013) 28.

[၁၀၃] ibid.

[၁၀၄] Dröge (n. 31) 382.

သည်။[၁၀၅] သို့ရာတွင် ISP သည် တစိတ်အပိုင်းအားဖြင့် နိုင်ငံပိုင်ဖြစ်သည့်အခါ သို့မဟုတ် သတင်းအချက်အလက် စီးဆင်းမှုကို တားမြစ်ခြင်း၊ လျော့ချခြင်း သို့မဟုတ် ဦးစားပေးသတ်မှတ်ခြင်းဖြင့် သုံးစွဲသူများကို ISPs က တားမြစ်ကြောင်း တွေ့ရသည့်အခါမှသာ အပိုဒ် ၁၀ (၁) အောက်ရှိ လူတဦးချင်းစီ၏ လွတ်လပ်စွာထုတ်ဖော်တင်ပြ ပြောဆိုခွင့်ပေါ် တားမြစ်ချက်ရှိလိမ့်မည် ဖြစ်ကြောင်းကိုလည်း Sluijs က ဆွေးနွေးပါသည်။[၁၀၆] ၂၀၁၀ ပြည့်နှစ်တွင် ဥရောပကောင်စီ၏ ဝန်ကြီးများ ကော်မတီ၏ လူတိုင်းအတွက် အဆီးအတားမရှိ ညီမျှသည့် အင်တာနက်ဆိုင်ရာ ကြေညာစာတမ်း (Council of Europe's Committee of Ministers' Declaration on Network Neutrality) သည် နောက်ပိုင်းအချက်ကို အောက်ပါအတိုင်း ရှင်းရှင်းလင်းလင်း ဖော်ပြထားသည်-

> အသုံးပြုသူများသည် ၎င်းတို့ ရွေးချယ်သည့် အင်တာနက်အခြေခံ အကြောင်းအရာ၊ အသုံးချမှုများနှင့် ဝန်ဆောင်မှုများကို ၎င်းတို့ ရွေးချယ်သည့် သင့်လျော်သော ကိရိယာစက်ပစ္စည်းများအသုံးပြု၍ အကောင်းဆုံး ဖြစ်နိုင်ခြေရှိရှိ လက်လှမ်းမီ ရရှိရမည်။ ငွေကြေးပေးဆောင်ရန် လိုအပ်သည်ဖြစ်စေ မလိုအပ်သည်ဖြစ်စေ ရရှိသုံးစွဲနိုင်ရမည်။ အဆိုပါ ယေဘုယျ အခြေခံမူကို လူတိုင်းအတွက် အဆီးအတားမရှိ ညီမျှသည့် အင်တာနက်အဖြစ် အများအားဖြင့် ညွှန်းဆိုကြပြီး အင်တာနက်ဆက်သွယ်ရေးအတွက် အသုံးပြုသည့် အခြေခံအဆောက်အဦ သို့မဟုတ် ကွန်ယက်မရွေး ဤအခြေခံမူကို အသုံးချရမည်။ ဤရည်ရွယ်ချက် အောင်မြင်ရန်အတွက် အခြေခံ အဆောက်အဦ လက်လှမ်းမီ ရရှိခွင့်သည် မရှိမဖြစ် လိုအပ်ချက် ဖြစ်သည်။[၁၀၇]

ဗဟုဝါဒနှင့် ခွဲခြားဆက်ဆံမှုမရှိရေး အခြေခံမူများအကြောင်း ဆွေးနွေးသည့်အခါ ECHR ၏ အပိုဒ် (၁၀) နှင့် ချိတ်ဆက်လာမည်ဖြစ်သော လူတိုင်းအတွက် အဆီးအတားမရှိ ညီမျှသည့် အင်တာနက်နှင့် ဆက်စပ်သည့် နမူနာများကို ဖြစ်နိုင်ခြေရှိရှိ ယခုအခန်းက ဖော်ထုတ်ပါသည်။ လူတိုင်းအတွက် အဆီးအတားမရှိ ညီမျှသည့် အင်တာနက် အသေအချာဖြစ်စေရေး လိုအပ်သည့် ထိန်းကွပ်ကြပ်မတ်မှုမူဘောင်များ သို့မဟုတ် စီမံအုပ်ချုပ်ရေး မူဘောင်များကို ချမှတ်ရန် စာချုပ်အဖွဲ့ဝင်နိုင်ငံသည် ပျက်ကွက်ကြောင်း တွေ့ရှိခဲ့ရသည်။

အနည်းဆုံး ၁၀ နှစ် ကြာပြီးနောက် *Frasila and Ciocirlan v. Romania* တွင် ပုဂ္ဂလိကပိုင်အဆောက်အဦ သုံးစွဲခွင့်ကို လွတ်လပ်စွာထုတ်ဖော်တင်ပြ ပြောဆိုခွင့်အတွက် တဦးချင်းစီ၏ အခွင့်အရေးတစိတ်တပိုင်းအဖြစ် ထပ်မံ၍ ခုံရုံးက လေ့လာခဲ့ပါသည်။ *Frasila* နှင့် *Appleby* နှစ်ခုစလုံးသည် အခြေခံအားဖြင့် ပုဂ္ဂလိကပိုင် အဆောက်အဦ (*အခြေခံအဆောက်အဦ*) သုံးစွဲခွင့် အကြောင်း ဖြစ်ပြီး အမှုနှစ်ခုစလုံးတွင် လျှောက်လဲသူများကို ဒီမိုကရေစီ

---

[၁၀၅] Sluijs (n. 59) 526.

[၁၀၆] Sluijs (n. 59) 526.

[၁၀၇] Declaration on Network Neutrality (29 September 2010): ကြေညာစာတမ်းကို ၂၀၁၀ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့တွင် ကျင်းပသည့် ၁၀၉၄ ကြိမ်မြောက် ဒုဝန်ကြီးများအစည်းအဝေးတွင် ချမှတ်ခဲ့ပါသည်။ https://wcd.coe.int/com.instranet.InstraServlet?Index=no&command=com.instranet.CmdBlobGet&InstranetImage=1647862&SecMode=1&DocId=1631194&Usage=2 Para. 4 တွင် ရရှိနိုင်ပါသည်။

လူ့အဖွဲ့အစည်းအတွင်းရှိ စောင့်ကြည့်ရေးအခန်းကဏ္ဍကို ဖြည့်ဆည်းသူများအဖြစ် အသိအမှတ်ပြုထားသော်ငြား[၁၀၈] အမှုတစ်ခုချင်းစီအတွက် မတူကွဲပြားသည့် သုံးသပ်ချက်များကို ခုံရုံးက ချမှတ်ခဲ့သည်။

ဤအမှုတွင် တရားရုံးအမိန့်ကို ထိန်းသိမ်းရန် ပျက်ကွက်မှုအတွက် ရိုမေးနီးယားနိုင်ငံသည် ၎င်း၏ လုပ်ဆောင်ရမည့် တာဝန်ကို ချိုးဖောက်ကြောင်း တွေ့ရှိရပါသည်။ လက်လှမ်းမီ ရရှိခွင့်ကို သေချာစေရေး ထိရောက်သည့် အစိုးရ ယန္တရားမရှိခြင်းကြောင့် ဖြစ်ပါသည်။ *Appleby* နှင့် မတူသည်မှာ *Frasila* ရှိ လျှောက်လဲသူ နှစ်ဦး စလုံးနှင့် နိုင်ငံတို့သည် ရေဒီယိုထုတ်လွှင့်ရေးဌာနပိုင် စက်ပစ္စည်းများကို အသုံးပြုရန် လျှောက်လဲသူများကို ခွင့်ပြုပေးသည့် ပုဂ္ဂလိက အဖွဲ့နှစ်ခုအကြား 'ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်' ကို အသိအမှတ်ပြုခဲ့ပါသည်။[၁၀၉] ရေဒီယိုထုတ်လွှင့်ရေးဌာနသည် သုံးစွဲခွင့်ကို ငြင်းပယ်ပြီးနောက် လျှောက်လဲသူများနှင့် ပူးပေါင်း ဆောင်ရွက်ရေး သဘောတူညီချက်ကို ချိုးဖောက်သည့်အခါ ရိုမေးနီးယားတရားရုံးသည် လျှောက်လဲသူကို အနိုင်ပေးကြောင်း စီရင်ချက်ချမှတ်ခဲ့ပြီး တရားရုံးအမိန့်ချမှတ်ခဲ့သည့်အတွက် လျှောက်လဲသူများသည် ရေဒီယို ထုတ်လွှင့်ရေးဌာနကို အသုံးပြုနိုင်ခဲ့ကြသည်။[၁၁၀] သည့်အပြင် ရေဒီယိုအသံလွှင့်ဌာနသည် လျှောက်လဲသူများကို ၎င်းတို့၏ ဥပစာအတွင်း ဝင်ရောက်ရန်ကိုလည်း ဆက်လက် ငြင်းဆိုခဲ့သည်။[၁၁၁] ဤနေရာတွင် လိုအပ်သည့် အခြေခံအဆောက်အဦ သို့မဟုတ် ပစ္စည်းများ (ရေဒီယိုထုတ်လွှင့်ရေးဌာန၏ စတူဒီယိုစက်ပစ္စည်း) ကို သုံးစွဲခွင့် မရှိခြင်းသည် တရားရုံးအမိန့်ကို အသေအချာ အကောင်အထည်ဖော်ရန် မစွမ်းဆောင်နိုင်ခြင်းကြောင့် ဖြစ်သည်။[၁၁၂] သို့ဖြစ်၍ လျှောက်လဲသူများသည် ရေဒီယိုသတင်းသမားများအဖြစ် ၎င်းတို့၏ လွတ်လပ်စွာထုတ်ဖော်တင်ပြ ပြောဆိုခွင့်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို မကျင့်သုံးနိုင်ခြင်း ဖြစ်သည်။[၁၁၃] ပုဂ္ဂလိက အဖွဲ့နှစ်ခုအကြား တားမြစ်ချက်ရှိကြောင်း အသိအမှတ်ပြုလျက် သဘောတူစာချုပ်အောက်ရှိ လုပ်ဆောင်ရမည့် တာဝန်ကို နိုင်ငံက ပြဋ္ဌာန်းရမည်ဖြစ်ကြောင်း လျှောက်လဲသူများက ခုခံချေပသည်။ ၂၀၀၂ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့တွင် ၎င်းတို့အနိုင်ရကြောင်း ချမှတ်ထားသည့် တရားရုံးဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရာတွင် ၎င်းတို့ကို အကူအညီပေးမည့် လိုအပ်သော အားထုတ်မှုကို နိုင်ငံက ပျက်ကွက်ခြင်း ဖြစ်သည်။[၁၁၄] လျှောက်လဲသူများသည် ၎င်းတို့ကိုယ်ပိုင် အစပျိုး အကောင်အထည်ဖော်ရမည့် လုပ်ငန်းများအတွက် လိုအပ်သည့် အဆင့်များကို ဆောင်ရွက်ခဲ့ပြီး အမိန့်ကို အသက်ဝင်ရန် လိုအပ်သည့် အားထုတ်မှုများ ဆောင်ရွက်ခဲ့သည်ကို ခုံရုံးက ရှင်းလင်းပါသည်။ သို့ရာတွင် ရရှိနိုင်သည့် အဓိက တရားရေးဆိုင်ရာ နည်းလမ်းများဖြစ်သည့် ဘီလစ်စာရေးစနစ် (bailiff system) သည် မပြည့်မစုံနှင့် ထိရောက်မှုမရှိကြောင်း သက်သေပြပါသည်။[၁၁၅] ရေဒီယိုထုတ်လွှင့်ရေးဌာနကို သုံးစွဲခွင့် စီစဉ်ပေးရန် လိုအပ်သည့် တဦးချင်း

---

[၁၀၈] *Frasila* (n. 50) para. 63.

[၁၀၉] ibid., para. 13–15.

[၁၁၀] ibid., para. 16–18.

[၁၁၁] ibid., para. 22.

[၁၁၂] ibid., para. 22–7.

[၁၁၃] ibid., para. 49–51.

[၁၁၄] ibid., para. 44; 49–51.

[၁၁၅] ibid., para. 66–7.

စီသည် အကူအညီမပေးကြသည့်အတွက် ဘိလစ်စာရေးသည် ရဲ၏ အကူအညီကို တောင်းခံရန် လိုအပ်သော်ငြား မတောင်းခံခဲ့ကြောင်း ခုံရုံးက တွေ့ရှိခဲ့သည်။ ဤအချက်ကြောင့် ခုံရုံးသည် ရိုမေးနီးယားနိုင်ငံအပေါ် အမိန့်ချမှတ်ခဲ့ပါသည်။[၁၁၆] တားမြစ်ချက်ကို ပြန်လည် ကုစားရန် ဥပဒေ စည်းမျဉ်းအရ အာမခံချက်နှင့် အမှားမှားအယွင်းယွင်း ပေယျာလကန်ပြုချက်အဖြစ် Dröge က ဖော်ပြသည့်အရာနှင့် ဤသည်က ချိတ်ဆက်ပါသည်။ ဥပဒေစည်းမျဉ်းအရ အာမခံချက်များသည် တရားဝင် အာမခံချက်များအဖြစ် 'အထောက်အကူပြုသော လုပ်ဆောင်ချက်တရပ် ရှိသည့်အပြင် – မလုပ်ဆောင်ရန် သို့မဟုတ် လုပ်ဆောင်ရန် – အဆိုသည် ရှိနှင့်ပြီးသား ဖြစ်သည့်အခါမှသာလျှင် အကောင်အထည်ဖော်နိုင်သည် [.....] နိုင်ငံ၏ တားမြစ်ချက်ကို အကာအကွယ်ပေးမည့် အာမခံချက်များ ဖြစ်ကြပြီး လုပ်ဆောင်ရမည့် တာဝန်များအတွက် အကောင်အထည်ဖော်ရေး အာမခံချက်များလည်း ဖြစ်ကြသည်'။[၁၁၇]

သို့ရာတွင် *Appleby* တွင် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို အကာအကွယ်ပေးသည့် ဥပဒေ စည်းမျဉ်းအရ အကာအကွယ်ပေးခြင်းထက် အခြေခံရပိုင်ခွင့် အကာအကွယ်ပေးခြင်းကို လျှောက်လဲသူက ပို၍ စောဒက တက်ပါသည်။[၁၁၈] ပုဂ္ဂလိက ကုမ္ပဏီက လျှောက်လဲသူနှင့် လူသွားလမ်းသဘောတူညီချက်ကို အကောင်အထည်ဖော်စေရေး အစိုးရမှ လုပ်ဆောင်ရန် လိုအပ်ကြောင်း *Appleby* တွင် လျှောက်လဲသူများက ခုခံချေပခဲ့သည်။ ဈေးဝယ်စင်တာအတွင်း ၎င်းတို့၏ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို အကာအကွယ်ပေးရန် အလို့ငှာ လူသွားလမ်းများသုံးစွဲခွင့်ကို ဥပဒေအရ အကာအကွယ်ပေးခြင်းကို တိုးချဲ့နိုင်ပေမည် ဖြစ်သည်။[၁၁၉] လျှောက်လဲသူ၏ ခုခံချေပချက်ကို ခုံရုံးက ပယ်ချသော်ငြား အထက်တွင် အသားပေး ဖော်ပြခဲ့ပြီး ဖြစ်သည့်အတိုင်း အနာဂတ်ကာလတွင် ထိုကဲ့သို့ ထိန်းသိမ်းကြပ်မတ်သည့် အရေးယူဆောင်ရွက်ချက်များ ဖြစ်လာနိုင်ခြေမရှိကြောင်း မဖော်ပြခဲ့ပေ။

အမှုနှစ်ခုစလုံးအတွက် ခုံရုံး၏ သုံးသပ်ချက်များရှိ ကွာခြားချက်များသည် ဤအခန်း၏ ဆွေးနွေးချက်များအတွက် သိသာထင်ရှားပါသည်။ ဆွေးနွေးလျက်ရှိသည့် ဆက်သွယ်ရေးနည်းလမ်း သို့မဟုတ် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ဆိုင်ရာ အခြားနည်းလမ်းများနှင့် အကောင်အထည်ဖော်ရမည့် လုပ်ငန်းကို လျှောက်လဲသူများ၏ သုံးစွဲခွင့်ကို လေ့လာဆန်းစစ်ချက်နှင့် ချိတ်ဆက် ဆွေးနွေးပါသည်။[၁၂၀] *Appleby* တွင် အများအကျိုးစီးပွားဆိုင်ရာ ကိစ္စရပ်အကြောင်း ၎င်းတို့၏ အမြင်သဘောထားများကို အများပြည်သူသို့ ကြိုးစား ချိတ်ဆက်သည့် လျှောက်လဲသူများအနေဖြင့် အတော်အသင့် တူညီသည့် အခြားဆက်သွယ်ရေးနည်းလမ်းသည် လျှောက်လဲသူများတွင် ရှိကြောင်း ခုံရုံးက ချိန်ဆထားပါသည်။ ၎င်းအခြားနည်းလမ်းသည် ၎င်းတို့၏ အဖွဲ့ဝင် ပြည်သူများထံသို့ ဆက်သွယ်တင်ပြခွင့် ရှိစေသည်။[၁၂၁] ခုံရုံးက အသားပေးဖော်ပြထားသည့် နောက်လိုက် ပြည်သူများထံ ရောက်ရှိ

---

[၁၁၆] ibid.

[၁၁၇] Dröge (n. 31) 383.

[၁၁၈] အခန်း (၆-၅) ကို ကြည့်ပါ။

[၁၁၉] *Appleby* (n. 76), para. 33–4.

[၁၂၀] အခန်း (၆-၃) ကို ကြည့်ပါ။

[၁၂၁] *Appleby* (n. 76), para. 48.

စေမည့် အခြားနည်းလမ်းများတွင် အများပြည်သူဆိုင်ရာ စကြံ့လမ်းများနှင့် မြို့ဟောင်း၏ မြို့လယ်တွင် ၎င်းတို့၏ လက်ကမ်းစာစောင်များကို ဖြန့်ဝေခြင်း ပါဝင်သည်။ ထို့နည်းတူ ဒေသတွင်းရှိ သတင်းစာ စာစောင်၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားများတွင် ကြော်ငြာခြင်း သို့မဟုတ် တအိမ်တက်တအိမ်ဆင်း ဖြန့်ဝေခြင်းတို့လည်း ပါဝင်သည်။[၁၂၂] တားမြစ်ချက်အပြင် ၎င်းတို့၏ အမြင်သဘောထားကို ထောက်ခံကြောင်း ရေးသားထားသည့် စာ ၃၂၀၀ စောင်ကို လက်ခံရရှိကြောင်း ဖော်ပြခြင်းဖြင့် ဤသုံးသပ်ချက်ကို ခုံရုံးက ထောက်ပံ့ခဲ့ပါသည်။[၁၂၃] ထို့ကြောင့် အများပြည်သူနှင့် တိုး၍ ထိတွေ့ ဆက်ဆံသင့်ကြောင်း လျှောက်လဲသူများ၏ ခုခံချေပချက်သည် ထင်ကြေးသာ ဖြစ်သည်။ ထို့အပြင် ၎င်းတို့၏ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို အဓိပ္ပာယ်ရှိရှိ မကျင့်သုံးနိုင်ကြောင်း ခုံရုံးကို သုံးသပ်ခွင့်ပြုရန် လုံလောက်မှု မရှိပေ။[၁၂၄] *Frasila* တွင် ဆက်သွယ်ရေး အခြားနည်းလမ်းများ မရှိသည့်အတွက် ခုံရုံးက ကွဲပြားစွာ စီရင်ချက်ချမှတ်ခဲ့ပါသည်။ ဗဟုဝါဒကို စောင့်ရှောက်သူ အဖြစ် နိုင်ငံ၏ အခန်းကဏ္ဍအပေါ် *Frasila* က အလေးထားခဲ့သည်။ ရုပ်သံမီဒီယာသည် အလွန်များပြားသည့် ပရိသတ်အတွက်သာမက ဒေသခံပြည်သူများအတွက်ပါ ထုတ်လွှင့်ပေးလေ့ ရှိကြောင်းကို အသားပေးထားသည်။[၁၂၅] ထို့အပြင် စာနယ်ဇင်း၏ အခန်းကဏ္ဍကို ခုံရုံးက အလေးထားဖော်ပြခဲ့သည်။ ထို့အပြင် နိုင်ငံရေးနှင့် စီးပွားရေးအာဏာ ကိုင်စွဲထားသူများကြောင့် စာနယ်ဇင်း တိုက်ခိုက်ခံရကြောင်း ယူဆရချိန်တွင် ၎င်း၏ အမှီအခိုကင်းမှုသည် ပို၍ အရေးပါကြောင်းကိုလည်း ခုံရုံးက အလေးထားဖော်ပြခဲ့ပါသည်။[၁၂၆] 'အကောင်အထည်ဖော်ရမည့် လုပ်ငန်း နယ်ပယ် (margin of action)' အကြောင်း Dröge ၏ သရုပ်ဖော်ပြချက်နှင့် ဤသည်က ဆက်စပ်ပါသည်။ လူတဦးချင်းစီအတွက် အကောင်အထည်ဖော်ရမည့် လုပ်ငန်းနယ်ပယ် ရှိနေသေးသည့် ဆိုခဲ့ပါ နည်းလမ်းအတိုင်း လွတ်လပ်စွာ ရွေးချယ်ခွင့်နှင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်တို့သည် ပြဿနာ ဖြစ်စေပါက နိုင်ငံ၏ တာဝန်သည် ဥပဒေ စည်းမျဉ်းအရ အာမခံချက်များ သို့မဟုတ် အခြားနည်းအား စီမံပေးခြင်းကို ခွင့်မပြုရပေ။[၁၂၇]

Mustafa ဆုံးဖြတ်ချက်နှင့် *Appleby* ကို နှိုင်းယှဉ်လျက် *Khurshid Mustafa & Tarzibachi v. Sweden* တွင် ခုံရုံး၏ စီရင်ချက်ကို ပို၍ မသိမသာကွဲပြားသည့် ချဉ်းကပ်နည်းဖြင့် ချမှတ်ခဲ့ကြောင်း McGonagle က ခုခံချေပပါသည်။ မတူညီသည့် မီဒီယာများသည် လုပ်ငန်းဆောင်တာများအရ မည်သို့ တူညီသည် သို့မဟုတ် ကွဲပြားသည်ကို လေ့လာခြင်းဖြင့် ချဉ်းကပ်ခဲ့သည်။[၁၂၈] *Frasila and Ciocirlan v. Romania* အမှုသည်လည်း *Mustafa* တွင် ခုံရုံး၏ ချဉ်းကပ်နည်းကို ထောက်ခံပါသည်။ လုပ်ဆောင်ရမည့် တာဝန်များအတွက် McGonagle ၏

---

[၁၂၂] ibid.

[၁၂၃] ibid.

[၁၂၄] ibid.

[၁၂၅] *Frasila* (n. 50), para. 64.

[၁၂၆] ibid., para. 63; အခန်း (၃-၃) ကို ကြည့်ပါ။

[၁၂၇] Dröge (n. 31) 389.

[၁၂၈] Tarlach McGonagle, 'The Council of Europe's Standards on Access to the Media for Minorities: A Tale of Near Misses and Staggered Successes' in Merris Amos, Jackie Harrison, and Lorna Woods (eds), *Freedom of Expression and the Media* (Martinus Nijhoff Publishers 2012); *Mustafa* (n. 76), para. 45.

ခုခံချေပချက်နှင့် Dröge ၏ ခုခံချေပချက်တို့ကို ဤအမှုအတွက်လည်း အသုံးချနိုင်ပါသည်။ အချက်အလက် ဖြန့်ချိခြင်း၏ အခြားပုံစံများကို ရရှိနိုင်မှုသည် ဤအမှု ၃ ခုအတွက် ခုံရုံး၏ စီရင်ချက်များ ချမှတ်ရာတွင် အဓိက ဆုံးဖြတ်ပေးသည့်အရာ ဖြစ်ပါသည်။ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ဆိုင်ရာ အမှုများသည် ခုံရုံးမှ ကိုင်တွယ် ဖြေရှင်းရန်အတွက် ပေါ်ပေါက်လာသည့်အခါတွင်လည်း အဓိကကျပါသည်။[၁၂၉] အင်တာနက်၏ အရေးပါပုံနှင့် ထူးခြားချက်ကို သတင်းအချက်အလက် ဆက်သွယ်တင်ပြရေး နည်းလမ်းတခုအဖြစ် ခုံရုံး၊ နိုင်ငံများ၊ အရပ်ဘက် အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့က ဆက်လက် အသိအမှတ်ပြုထားသည့်အတွက် မီဒီယာအတွက် တူညီသည့် အခြားပုံစံများ ရရှိခြင်းကို ခုခံချေပရန် ခက်ခဲပေလိမ့်မည်။[၁၃၀] ထို့အပြင် လူတိုင်းအတွက် အဆီးအတားမရှိ ညီမျှသည့် အင်တာနက် သို့မဟုတ် သတင်းအချက်အလက် ရရှိသုံးစွဲခွင့် စီမံပေးသော အခြေခံအဆောက်အဦဖွံ့ဖြိုးမှု သေချာစေမည့် ဥပဒေစည်းမျဉ်းများကို ဖော်ထုတ်ရန်အတွက် အင်ဂျင်နီယာနယ်ပယ်များတွင် နောက်ထပ် သုတေသနပြုလုပ်ခြင်းသည်လည်း အရေးကြီးပါသည်။ အခြားနည်းလမ်းများမှတဆင့် ရရှိရန် မဖြစ်နိုင်သည့် နည်းလမ်းအတိုင်း သတင်းအချက်အလက်များကို လူတဦးချင်းစီမှ လက်ခံရရှိနိုင်စွမ်း သို့မဟုတ် ပေးပို့နိုင်စွမ်း အတွက် အဆိုပါ ဥပဒေစည်းမျဉ်းများသည် အခရာကျပါသည်။ 'လူတိုင်းအတွက် အဆီးအတားမရှိ ညီမျှသည့် အင်တာနက်'ဆိုင်ရာ ဥပဒေစည်းမျဉ်းများအပါအဝင် ISPs နှင့်သက်ဆိုင်သည့် တည်ဆဲ ဥပဒေစည်းမျဉ်းများသည် အခြားနည်းဖြင့် မရရှိနိုင်သော အကြောင်းအရာနှင့် ဝန်ဆောင်မှုများ ရရှိသုံးစွဲခွင့်ကို စီမံပေးရန် မည်သို့ အထောက် အကူ ဖြစ်ကြောင်းဟူသော သုတေသနသည် တိုးတက်လာသည်။ ထို့အတွက် လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့် အာမခံချက်များအတွက် ISPs နှင့် သက်ဆိုင်သည့် အစိုးရ၏ ဥပဒေစည်းမျဉ်းများ ထည့်သွင်းရန် ပို၍ အားကောင်း ခိုင်မာသည့် ရပ်တည်ချက်ကို ချမှတ်ရပေမည်။

Appleby နှင့် *Frasila* တို့တွင်ကဲ့သို့ *VgT* နှင့် *VgT 2* တို့အပေါ် ကနဦးဦးတည်ချက်မှာ ဆက်သွယ်ရေး နည်းလမ်းတရပ်ကို ရရှိသုံးစွဲခွင့် (ဆိုလိုသည်မှာ အခြေခံအဆောက်အဦ) နှင့် ၎င်း၏ ထုတ်ဖော်တင်ပြမှု ပုံစံ (ရုပ်မြင်သံကြားထုတ်လွှင့်မှု) တို့အပေါ် ထပ်မံ အလေးထားပါသည်။ ထို့နောက် ဒုတိယအနေဖြင့် လျှောက်လဲသူ များက ပေးပို့လိုသည့် အကြောင်းအရာအမှန်အပေါ် အလေးထားပါသည်။[၁၃၁] ပေးပို့မည့် သတင်းအချက်အလက် သာမက သတင်းအချက်အလက်ကို ပေးပို့လိုသည့် လူတဦးချင်းစီ၏ အခန်းကဏ္ဍ သို့မဟုတ် အဆင့်အတန်း

---

[၁၂၉] အခန်း (၆-၃) ကို ကြည့်ပါ။

[၁၃၀] Chapter 1; Dröge (n. 31) 390 ကို ကြည့်ပါ။ ဥရောပစံနှုန်းများသည် အရေးပါသည့် အကြောင်းရင်းတရပ်အဖြစ် Dröge က အလေးထားသည့် အနက်ပြန်ဆိုချက်ဆိုင်ရာ အခြေခံမူဖြစ်ပါသည်။ Strasburg အစိတ်အပိုင်းများသည် တည်ရှိနှင့် ပြီးသား ဥရောပဘုံစံနှုန်း ချိတ်ဆက်ခြင်းထက် သဘောတူစာချုပ်၏ အနက်ပြန်ဆိုချက်ကို နောက်ထပ် အဆင့်မြင့်ရန် အများစုသည် တွန့်ဆုတ်နေကြကြောင်း Dröge က မှတ်သားထားပါသည်။ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်နှင့် စပ်လျဉ်းသည့် လုပ်ဆောင်ရန် မည်သည့်တာဝန်ရှိမှုကိုမဆို ECtHR သည် မည်သို့ ချည်းကပ်လိမ့်မည်ဖြစ်ကြောင်းသည် မှန်ကန်ကြောင်း ထင်မြင်ရသည်။ *Yildirim v. Turkey* တွင် ECtHR သည် ၎င်း၏ လေ့လာဆန်းစစ်ချက်ကို ပြုလုပ်သည့် အခါတွင် နိုင်ငံများနှင့် နိုင်ငံတကာကျင့်သုံးပုံကို လေ့လာပါသည်။ *Yildirim v. Turkey* App no 3111/10 (ECtHR, 18 December 2012), para. 31–7 ကို ကြည့်ပါ။

[၁၃၁] *VgT* (n. 76); *VgT (No 2)* (n. 76), para. 38.

အခြေအနေတခုစီတွင် ခုံရုံးက ကွဲပြားစွာ ချိန်ဆပါသည်။ *Mustafa* ကဲ့သို့ပင် ရရှိနိုင်သည့် အကြောင်းအရာကို အခြေခံအဆောက်အဦက ဖန်တီးပေးကြောင်းကို တရားရုံးက လက်ခံကြောင်း ထင်မြင်ရသည့် အခြေအနေများ ဆိုင်ရာ နမူနာများ ရှိကြပါသည်။ ထို့ကြောင့် တခုချင်းစီကို သီးခြား ဆွေးနွေးခြင်းအား ခက်ခဲစေပါသည်။

လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်တွင် 'ထုတ်လွှင့်ခွင့်' ပါဝင်ကြောင်းကို *VgT* တွင် သီးသန့်တရားရုံး (Chamber Court) က ကိုင်တွယ်ဖြေရှင်းခဲ့သည်။[၁၃၂] ပုဂ္ဂလိက တဦးချင်းစီအကြား လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့် ချိုးဖောက်ခြင်း ဖြစ်လာနိုင်ခြေကို ကိုင်တွယ်ဖြေရှင်းသည့်အခါတွင် လုပ်ဆောင်ရမည့် တာဝန်များနှင့် မလုပ်ဆောင်ရမည့် တာဝန်များအကြား ရှင်းရှင်းလင်းလင်း ပိုင်းခြားမှုမရှိခြင်းကို အမှုက ဖော်ပြထားသည်။ *VgT* တွင် လျှောက်လဲသူသည် အစိုးရမဟုတ်သောအဖွဲ့အစည်းဖြစ်ပြီး ၎င်း၏ မျှော်မှန်းချက်မှာ တိရစ္ဆာန်များကို အကာအကွယ်ပေးခြင်းနှင့် ကြင်ကြင်နာနာဆက်ဆံခြင်းတို့ ပါဝင်ပါသည်။[၁၃၃] ရေဒီယိုနှင့် ရုပ်မြင်သံကြား ထုတ်လွှင့်သည့် မီဒီယာများတွင် ငွေကြေးပေးဆောင်၍ ကြော်ငြာတခုကို ထုတ်ပြန်ရန် အစိုးရမဟုတ်သော အဖွဲ့အစည်းက တောင်းခံခဲ့ပါသည်။[၁၃၄] ၎င်းတို့၏ အပိုဒ် (၁၀) အရ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်များသည် ချိုးဖောက်ခံရကြောင်း လျှောက်လဲလျက် တားမြစ်ချက်ကို အစိုးရမဟုတ်သော အဖွဲ့အစည်းက စောဒက တက်ခဲ့ပါသည်။ ကြော်ငြာ၏ 'နိုင်ငံရေးဂုဏ်သိက္ခာ' ကြောင့် တားမြစ်ချက်သည် ဆီလျော်ကြောင်း ဆွစ်ဇာလန်အစိုးရက ယူဆခဲ့ပါသည်။[၁၃၅] ပြည်သူများ၏ အမြင်သဘောထားပေါ်ပေါက်မှုကို အကာအကွယ်ပေးရန် တားမြစ်ချက်သည် လိုအပ်ကြောင်း အသားပေး ဖော်ပြခဲ့ပါသည်။ ထို့အပြင် အာဏာရှိ အကျိုးစီးပွားဆက်နွယ်နေသည့် အုပ်စုများ၏ လွန်ကဲသော လွှမ်းမိုးမှု မရှိစေဘဲ ထုတ်လွှင့်ရေးမီဒီယာ၏ အမှီအခို ကင်းမှကိုလည်း မြင့်မားစေပါသည်။ ထို့နည်းတူ ဗဟုဝါဒ၊ တန်းတူညီမျှရှိရေးနှင့် လွတ်လပ်စွာရွေးကောက်ခွင့်တို့ကိုလည်း မြှင့်တင်ရန် ဖြစ်ပါသည်။[၁၃၆] ထို့အပြင် အစိုးရက ခုခံချေပသည်မှာ -

---

[၁၃၂] *VgT* (n. 76), Judgment, paras 64 and 78. ခုံရုံး၏ *Animal Defenders* စီရင်ချက်သည် *VgT* စီရင်ချက်ကို အငြင်းပွားဖွယ် ပြောင်းပြန်လှန်ပစ်ပါသည်။ အမှုနှစ်ခုစလုံးသည် နိုင်ငံရေးဆိုင်ရာ ကြော်ငြာခြင်းနှင့် ဆက်စပ်နေပါသည်။ သို့ရာတွင် *Animal Defenders* စီရင်ချက်နှင့် မတူသည်မှာ *VgT* တွင် ခုံရုံးသည် စားသုံးသူများအတွက် ထုတ်လွှင့်ခွင့်ကို တိုက်ရိုက် ကိုင်တွယ်ထားပါသည်။ ဤအချက်က ယခုအခန်း၏ လေ့လာဆန်းစစ်ချက်ဖြစ်သော သတင်းအချက်အလက် ဖြန့်ချိရေး မီဒီယာကို လက်လှမ်းမီ သုံးစွဲခွင့်နှင့် စပ်လျဉ်းသော နိုင်ငံ၏ လုပ်ဆောင်ရမည့် တာဝန်များကို ခုံရုံးက သမိုင်းကြောင်းအရ မည်သို့ ကိုင်တွယ်သည်ဟူသည့် ဆန်းစစ်ချက်နှင့် ကိုက်ညီပါသည်။ *VgT* နှင့် *ADI* အမှုကို နှိုင်းယှဉ်ဆွေးနွေးချက်အတွက် Jacob Rowbottom, 'Animal Defenders International: Speech, Spending, and a Change of Direction in Strasbourg' (2013) 5 *Journal of Media Law* 1. *Animal Defenders International v. United Kingdom* App no 48876/08 (ECtHR, 22 April 2013) ကို ကြည့်ပါ။

[၁၃၃] *VgT* (n. 76), para. 8.

[၁၃၄] ibid., para. 35 and *Animal Defenders International* (n. 132), para. 76.

[၁၃၅] ibid.

[၁၃၆] *VgT* (n. 76), paras 21, 60–1, 66, 72–3.

> ပုဂ္ဂလိကဥပဒေအောက်တွင် ထွက်ပေါ်လာသည့် မေးခွန်းမှာ လူများအကြား လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို သေချာစေရေး ထိထိရောက်ရောက် လုပ်ဆောင်ရန် ဆွစ်ဇာလန်အာဏာပိုင်များတွင် တာဝန်ရှိမည်လားပင် ဖြစ်ပါသည်။ အများပြည်သူဆိုင်ဥပဒေအောက်တွင် ထွက်ပေါ်လာသည့် ကိစ္စရပ်မှာ ဖက်ဒရယ်ရေဒီယိုနှင့် ရုပ်မြင်သံကြားဥပဒေ၏ ပုဒ်မ ၁၈(၅) အောက်မှ ကြော်ငြာတားမြစ်ချက်သည် သဘောတူစာချုပ်၏ အပိုဒ် (၁၀) နှင့် သဟဇာတဖြစ်ခြင်းနှင့် သက်ဆိုင်ပါသည်။[၁၃၇]

'အခြားသူများ၏ ရပိုင်ခွင့်များကို ..... အကာအကွယ်ပေးခြင်း' အတွက် တားမြစ်ချက်၏ ရည်ရွယ်ချက်သည် အပိုဒ် (၁၀)၊ အပိုင်း (၂) ၏ အနက်အဓိပ္ပာယ်အတွင်း ဥပဒေနှင့် ကိုက်ညီသည်ကို ခုံရုံးက သဘောတူခဲ့ပါသည်။[၁၃၈] ခုံရုံးသည် လျှောက်လဲသူများကို ထောက်ခံသည်ဟု တွေ့ရှိရပါက စီရင်ချက်သည် 'ထုတ်လွှင့်ခွင့်' ကို အခြေခံအားဖြင့် ဖန်တီးနိုင်မည်ဖြစ်ကြောင်း အစိုးရက ခုခံချေပခဲ့သည်။ အစိုးရက အကိုးအကားဖြင့် ဖော်ပြသည်မှာ-

> ၆၄။ လက်ရှိအမှုတွင် ၁၉၉၇ ခုနှစ် ဩဂုတ်လ (၂၀) ရက်နေ့တွင် ချမှတ်ခဲ့သည့် ၎င်း၏ စီရင်ချက်နှင့် တူညီသည့် အခြေခံရပိုင်ခွင့်ဖြင့် အကာအကွယ်ပေးထားသည့် ဝိရောဓိဖြစ်နေသောအကျိုးစီးပွားများကို လေ့လာရန် ဖက်ဒရယ်တရားရုံးအား တိုက်တွန်းထားပါသည်။ အယူအဆများကို ထုတ်လွှင့်ရန်အတွက် လျှောက်လဲသူ၏ လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခွင့်၊ စီးပွားဖြစ် ရုပ်မြင်သံကြား ကုမ္ပဏီနှင့် ဆွစ်ဇာလန် ရေဒီယိုနှင့် ရုပ်မြင်သံကြားကုမ္ပဏီတို့၏ သတင်းအချက်အလက် လွတ်လပ်စွာ ဆက်သွယ်တင်ပြခွင့်တို့ ဖြစ်ကြသည်။ လျှောက်လဲသူ၏ အသင်းအပင်းဖွဲ့စည်းခွင့် အမြင်ရှုထောင့်ကို ခွင့်ပြုခြင်းသည် 'ထုတ်လွှင့်ခွင့်' ကို အာမခံခြင်း ဖြစ်နိုင်ပေသည်။ ၎င်းထုတ်လွှင့်ခွင့်သည် စီးပွားဖြစ် ရုပ်မြင်သံကြား ကုမ္ပဏီသာမက ဆွစ်ဇာလန်ရေဒီယိုနှင့် ရုပ်မြင်သံကြား ကုမ္ပဏီတို့မှ ပြည်သူများ၏ အာရုံစိုက်မှု ရရှိရန် မည်သည့် သတင်းအချက်အလက်ကို ရွေးချယ်ရန် ဆုံးဖြတ်ခွင့်ကို အခြေခံအားဖြင့် ဟန့်တားစေနိုင်သည်။ အမှန်အားဖြင့် တတိယအင်အားစုအား ၎င်းဆန္ဒမရှိသည့် သတင်းအချက်အလက်များကို ထုတ်လွှင့်ရန် အပိုဒ် (၁၀) က ခွင့်ပြုထားသည်။ နောက်ဆုံးတွင်မူ ရုပ်မြင်သံကြား အစီအစဉ်များတွင် ကြော်ငြာများ၏ အချိန်မတော် အနှောင့်အယှက်ပေးခြင်းမှ ပြည်သူများကို အကာအကွယ်ပေးရမည် ဖြစ်သည်။[၁၃၉]

ခုံရုံးက လျှောက်လဲသူများကို အနိုင်ပေးသည့် စီရင်ချက်တွင် အစိုးရမှ တင်ပြချက် အဆိုကို အောက်ပါအတိုင်း ဖော်ပြလျက် အထူးအလေးထား ကိုင်တွယ်ခဲ့ပါသည်-

> ၇၈။ ၎င်း၏ စီရင်ချက်သည် အခြေခံအားဖြင့် အလေးအနက် ကြေညာစာတမ်းဖြစ်သည်ကို ခုံရုံးက ပြန်လည် အမှတ်ရပါသည်။ သဘောတူစာချုပ်က တောင်းဆိုထားသည့် ရလဒ်ကို စာချုပ်အဖွဲ့ဝင်နိုင်ငံများက အောင်အောင်မြင်မြင် ရရှိနိုင်ကြောင်းကို လေ့လာရန်မှာ ၎င်း၏ အလုပ် ဖြစ်ပါသည်။ ရုပ်မြင်သံကြား

---

[၁၃၇] ibid., para. 41 (emphasis added).

[၁၃၈] ibid., para. 62.

[၁၃၉] ibid., para. 64.

ထုတ်လွှင့်ရေး လုပ်ငန်းများ၏ အစီအစဉ်အဖြစ် သတ်မှတ်ထားသည့် ဖြစ်နိုင်ခြေအမျိုးမျိုး ရှိနိုင်ပါသည်။ နိုင်ငံ၏ ရုပ်သံထုတ်လွှင့်မှု အစီအစဉ်များနှင့် သက်ဆိုင်သော တာဝန်များကို ဆွစ်ဇာလန်အာဏာပိုင်များက ပုဂ္ဂလိက ကုမ္ပဏီတခုတည်းကိုသာ တာဝန်အပ်နှင်းထားခဲ့သည်။ သဘောတူစာချုပ်များပါ ၎င်း၏ တာဝန်များကို အကောင်အထည်ဖော်ရန်အလို့ငှာ နိုင်ငံက မည်သည့်နည်းလမ်းများကို အသုံးပြုသင့် ကြောင်းကို ဖော်ပြရန်မှာ ခုံရုံး၏ အလုပ်မဟုတ်ပေ (*De Cubber v. Belgium*, judgment of 26 October 1984, Series A no. 86, p. 20, § 35 ကို ကြည့်ပါ)။[၁၄၀]

အခြေခံအားဖြင့် *VgT* တွင် နိုင်ငံ၏ လုပ်ဆောင်ရမည့် တာဝန်များနှင့် ဆက်စပ်သည့် ကိစ္စရပ်များကို နောက်ထပ်ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ကြောင်း ခုံရုံးက မယူဆခဲ့ပေ။ လူ့အခွင့်အရေးအာမခံချက်များကို အသုံးပြုရေးနှင့် ပုဂ္ဂလိက အဖွဲ့များအကြား 'အထက်အောက်' အသက်သွင်း သေချာစေမည့် တာဝန်များ ဖြစ်ကြသည်။[၁၄၁] အစိုးရမဟုတ်သော အဖွဲ့အစည်းသည် အာဏာရှိ၍ လွှမ်းမိုးချုပ်ကိုင်နိုင်သော အုပ်စု မဟုတ်သည်ကို ခုံရုံးက ထပ်၍ အသိအမှတ်ပြုခဲ့သည်။ တားမြစ်ချက်အတွက် ကနဦး အကြောင်းပြချက်သည် လျှောက်လဲသူ၏ အခြေအနေများတွင် အသုံးမပြုနိုင်ကြောင်းကိုလည်း ခုံရုံးက တွေ့မြင်မိခဲ့ပါသည်။[၁၄၂] ၂၀၀၁ ခုနှစ် *VgT* အမှုတွင် ဆွစ်ဇာလန်နိုင်ငံ၏ တားမြစ်ချက်သည် မျှတမှုမရှိဘဲ ဒီမိုကရေစီလှုပ်အဖွဲ့အစည်းတွင် မလိုအပ်ကြောင်းကို ကိုင်စွဲထားသည်။ အထူးသဖြင့် တင်းကျပ်မှုနည်းပါးသည့် တားမြစ်အရေးယူဆောင်ရွက်ချက်ရှိသည့်အခါတွင် မလိုအပ်ပေ။ ထို့ကြောင့် ဆွစ်ဇာလန်နိုင်ငံ၏ တားမြစ်ချက်သည် လျှောက်လဲသူ၏ အပိုဒ် (၁၀) ပါ ရပိုင်ခွင့်များကို ချိုးဖောက်ကြောင်း လက်ခံပါသည်။[၁၄၃]

တရားသူကြီး၏ စီရင်ချက်ချပြီးနောက် အဖွဲ့အစည်းသည် ၎င်းတို့၏ ကြော်ငြာကို ဆွစ်ဇာလန်ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ခွင့် ရရှိရန် ကြိုးစားပါသည်။ သို့သော် ၎င်း၏ ကြော်ငြာကို ထုတ်လွှင့်ရန် အာဏာပိုင်များက ထပ်မံ၍ ငြင်းဆန်ပါသည်။ သို့ဖြစ်သည့်အတွက် အဖွဲ့အစည်းသည် ဒုတိယမြောက် လျှောက်လဲချက်ကို ခုံရုံးသို့ တင်သွင်းခြင်းကို ဖြစ်စေပါသည်။[၁၄၄] တရားသူကြီး၏ စီရင်ချက်ကို အကောင်အထည်ဖော်ခြင်း၏ အရေးပါမှုအရ တရားသူကြီးချုပ်က ကိုင်တွယ်ရမည့် အဓိက မေးခွန်းမှာ အောက်ပါအတိုင်း ဖြစ်သည်-

> ခုံရုံး၏ တွေ့ရှိချက်ဖြစ်သော အပိုဒ် (၁၀) ကို ချိုးဖောက်ခြင်းကို လိုက်နာ၍ ထုတ်လွှင့်ရမည့် ကိစ္စရပ်တွင် ရုပ်မြင်သံကြားတွင် ကြော်ငြာကို ခွင့်ပြုရေး လိုအပ်သည့် လုပ်ဆောင်ချက်များကို ဆောင်ရွက်ရန် တိုင်တန်းခံရသည့်နိုင်ငံတွင် လုပ်ဆောင်ရမည့် တာဝန် ရှိခြင်း မရှိခြင်းဟူသော မေးခွန်းဖြစ်သည်။ အဆိုပါ တာဝန် ရှိခြင်း မရှိခြင်း သတ်မှတ်ရာတွင် မျှတသောဘက်ညီမှုဖြစ်ရန် အလေးထားရမည်။ လူ့အသိုက်အဝန်း၏

---

[၁၄၀] ibid., para. 78.

[၁၄၁] ibid., paras 46–7.

[၁၄၂] ibid., para. 75.

[၁၄၃] ibid., para. 79.

[၁၄၄] *VgT (no 2)* (n. 76), para. 38.

ယေဘုယျ အကျိုးစီးပွားနှင့် လူတဦးချင်းစီ၏ အကျိုးစီးပွားများအကြား ရှာဖွေတွေ့ရှိမည်ဖြစ်သော ဘက်မျှမှု ဖြစ်သည်။[၁၄၅]

ဤစမ်းသပ်ချက်ကို အသုံးပြုသည့်အခါ နိုင်ငံရေးထုတ်ဖော်ပြောဆိုချက် သို့မဟုတ် ပြည်သူ့အကျိုးစီးပွား ကိစ္စရပ်တခုကို တားမြစ်သည့် နယ်ပယ် အနည်းအကျဉ်းသာရှိကြောင်း တရားသူကြီးချုပ်က ပြန်ဖော်ထုတ်ခဲ့ပါသည်။[၁၄၆] ထုတ်လွှင့်ချက်ကို မည်သည့်အခါမျှ ရုပ်မြင်သံကြားတွင် မထုတ်လွှင့်ခဲ့ကြောင်းကိုလည်း ခုံရုံးက သတိပြုခဲ့မိပါသည်။ အများစုသဘောဖြင့် ခုံရုံး၏ ပထမဆုံးစီရင်ချက်ကို လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် အဆင့်များကို ဆွစ်ဇာလန်အစိုးရသည် ဆောင်ရွက်ခဲ့ခြင်းမရှိခဲ့ကြောင်း ခုံရုံးက ဆုံးဖြတ်ခဲ့ပါသည်။ အပိုဒ် (၁၀) တွင် ပါဝင်သော လုပ်ဆောင်ရမည့် တာဝန်များကို ချိုးဖောက်ကြောင်းကိုလည်း ဆုံးဖြတ်ခဲ့သည်။

အထူးသဖြင့် တရားသူကြီး Sajo ၏ ကွဲပြားသည့်အမြင်သဘောထားစာတမ်း (dissenting opinion) တွင် ထုတ်လွှင့်ခွင့်နှင့် စပ်လျဉ်း၍ နိုင်ငံ၏ လုပ်ဆောင်ရမည့် တာဝန်များကို မလုပ်ဆောင်ရမည့် တာဝန်များနှင့် နှိုင်းယှဉ် အသုံးပြုခြင်းကို သူမက လေ့လာပါသည်။ 'လုပ်ပိုင်ခွင့်အာဏာများပြားသော' ပြောဆိုသူနှင့် 'လုပ်ပိုင်ခွင့်အာဏာ နည်းပါးသော' ပြောဆိုသူများအကြား ကွာခြားချက်ကို နည်းပါးအောင်ပြုလုပ်လျက် လေ့လာပါသည်။[၁၄၇]

> အပိုဒ် (၁၀) အတိုင်း လိုက်နာဆောင်ရွက်မှုကို လေးစားခြင်းအားဖြင့် နိုင်ငံ၏ လုပ်ဆောင်ရမည့် တာဝန်များကို အထူးပင်ဂရုစိုက်ကာ အနက်အဓိပ္ပာယ်ကောက်ယူရမည် ဖြစ်သည်။ 'လုပ်ပိုင်ခွင့်အာဏာ များပြားသော' ပြောဆိုသူများနှင့် 'လုပ်ပိုင်ခွင့်အာဏာနည်းပါးသော' ပြောဆိုသူများအကြား ကွာခြားချက်ကို နည်းပါး အောင်ပြုလုပ်ခြင်းအတွက် ချီးမွမ်းထိုက်သော်ငြား မည်သည့်သဘောသဘာဝရှိသည့် ကြော်ငြာများကို ဖြစ်စေ ထုတ်လွှင့်ရန် တာဝန်ရှိမှုကို ပြဋ္ဌာန်းလာသည့်အခါတွင် ဖြစ်ပါသည်။ နိုင်ငံအတွက်၊ လုပ်ပိုင်ခွင့် အာဏာအရှိဆုံး ပြောဆိုသူအတွက်နှင့် အဆိုပါကိစ္စရပ်အပေါ် ကြားမနေသူအတွက် မည်သူက အခွင့် အရေးရှိသည့် 'လုပ်ပိုင်ခွင့်အာဏာနည်းပါးသော' ပြောဆိုသူ ဖြစ်ကြောင်း သို့မဟုတ် မည်သည့်ရာထူး နေရာသည် ဦးစားပေးလက်လှမ်းမီ ရရှိမှုကို လိုအပ်ကြောင်းကို လေ့လာရန် ဖြစ်ပေလိမ့်မည်။ ထုတ်လွှင့်ရန် တာဝန်ရှိမှုသည် *ပင်ကိုယ်အားဖြင့်* ပြောဆိုခွင့်ကို တားမြစ်ချက်ဖြစ်သည်သာမက အမှန်အားဖြင့် ထိန်းချုပ် ကန့်သတ်ခံရသည့် ထုတ်ဖော်ပြောဆိုချက်ပုံစံတမျိုးလည်း ဖြစ်သည်။ အခြေခံအားဖြင့် ကြော်ငြာ ဖြစ်ကြောင်း အရိပ်လက္ခဏာသည် ထုတ်လွှင့်သူ၏ လုပ်ပိုင်ခွင့်အနေအထားနှင့် ထုတ်လွှင့်မည့် ကြော်ငြာ၏ အမြင်ရှုထောင့်တို့အကြား ခြားနားချက်အချို့ကို ထုတ်နှုတ်ခွင့်ပြုသည့်တိုင်အောင် လေ့လာရန် လိုအပ်သည်။[၁၄၈]

---

[၁၄၅] ibid., para. 81.

[၁၄၆] ibid., para. 92.

[၁၄၇] ibid. တရားသူကြီး Sajo ၏ ကွဲပြားသည့်အမြင်သဘောထားစာတမ်း၊ အခန်း (၅-၁) နှင့် (၅-၅)၊ အခန်း (၆-၅) ကို ကြည့်ပါ။

[၁၄၈] ibid. တရားသူကြီး Sajo ၏ ကွဲပြားသည့်အမြင်သဘောထားစာတမ်း

ဗဟုဝါဒ၏ အခြေခံမူကို တရားသူကြီး Sajo က အတိအကျ အသုံးမပြုသော်ငြား အယူအဆ အမျိုးစုံလင်များပြားမှုနှင့် အကြောင်းအရာ အမျိုးစုံလင်များပြားမှုတို့အကြား ဆက်နွယ်ချက်၊ ဤသတင်းအချက်အလက်များကို လက်ခံရန် အသုံးပြုသည့် အခြေခံအဆောက်အဦနှင့် ပေးပို့ရန် အသုံးပြုသည့် အခြေခံအဆောက်အဦအကြား ဆက်နွယ်ချက်၊ လူ့အဖွဲ့အစည်း၏ 'လွှမ်းမိုးချုပ်ကိုင်နိုင်သော' ပြောဆိုသူများနှင့် 'လွှမ်းမိုးချုပ်ကိုင်မှုအားနည်းသော' ပြောဆိုသူများအကြား ဆက်နွယ်ချက်တို့သည် ဤဆွေးနွေးချက်သာမက နောက်လာမည့် အပိုင်းတွင် ဆွေးနွေးသွားမည့် ဗဟုဝါဒ၏ အခြေခံမူတို့အတွက် အခရာကျပါသည်။

> ဤအမှု နှစ်ခု၏ သိသာထင်ရှားမှုကို Mowbray က အောက်ပါအတိုင်း ဖော်ပြလျက် မှတ်ချက်ပြုထားသည်-
>
> အပိုဒ် (၁၀) ရှိ လုပ်ဆောင်ရမည့် တာဝန်ကို ချိုးဖောက်ခြင်းကို အခိုင်အမာပြောဆိုထားသည့် တိုင်တန်းချက်ကို ခုခံရန် ခုံရုံးအတွက် အလွန်ပင် ရှားပါသည်။ သို့ရာတွင် ပထမဆုံး အမှုတွင် ခုံရုံးက စီရင်ချက်ချထားသည့်တိုင်အောင် ကြော်ငြာကို ထုတ်လွှင့်ခွင့်ပြုရန် ဆွစ်ဇာလန်အာဏာပိုင်များက တောက်လျှောက် ငြင်းဆိုခြင်းကြောင့် တရားစွဲဆိုခံရသည့် နိုင်ငံမှ ဟုတ်မှန်ကြောင်း အကောင်အထည်ဖော်ရမည့် လုပ်ငန်းလိုအပ်သည့် အခြေအနေ ဖြစ်သည်ဟု တရားသူကြီးချုပ်က ပြတ်ပြတ်သားသား ယူဆခဲ့ပါသည်။[၁၄၉]

Dröge ၏ ခုခံချေပချက်ဖြစ်သည့် နိုင်ငံ၏ မှားယွင်းစွာ ပေယျာလကန်ပြုခြင်းကို ကိုင်တွယ်ရန်အတွက် လုပ်ဆောင်ရမည့် တာဝန်များ လိုအပ်ကြောင်းကို ထောက်ခံသည့် အခြား နမူနာတခုကို ဖန်တီးပေးပါသည်။[၁၅၀] ထို့အပြင် ဤအခန်းအတွက် အဆိုပါ အမှုနှစ်ခု၏ သိသာထင်ရှားမှုလည်း ရှိသည်။ ၎င်းမှာ အင်တာနက်လက်လှမ်းမီသုံးစွဲခွင့်ကို ငြင်းပယ်ခြင်းမှတဆင့် ဆိုးကျိုးဖြစ်စေသော တားမြစ်ချက်ပါဝင်သည့် နောင်ကာလ အမှုများတွင် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကို ပြန်လည် ရရှိစေရေး သေချာစေသည့် နိုင်ငံ၏ လုပ်ဆောင်ရမည့် တာဝန်ကို ချိုးဖောက်ခြင်းအဖြစ် ရှုမြင်နိုင်ပါသည်။ နိုင်ငံက ပြန်လည်မကုစားသည့်အခါတွင် ချိုးဖောက်ခြင်းအဖြစ် ရှုမြင်ပါသည်။[၁၅၁] ရှင်းရှင်းလင်းလင်းဆိုရသော် အခြားမီဒီယာများကို လက်လှမ်းမီ သုံးစွဲခွင့်နှင့် အင်တာနက်အသုံးပြုခြင်း၏ ရည်ရွယ်ချက်တို့ အပါအဝင် အခြားသော အကြောင်းရင်းများစွာအပေါ် မူတည်ပါလိမ့်မည်။

ဤနေရာတွင် *VgT* အမှု ၂ ခုနှင့် *Mustafa* တို့သည် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို အကာအကွယ်ပေးသည့် လုပ်ဆောင်ရမည့် တာဝန်များကို အကောင်အထည်ဖော်နိုင်သည့် ပုံစံကို လက်တွေ့တွင် အနည်းဆုံး ပြောင်းလဲရပေမည်။ အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲခွင့် အခြေအနေတွင် ဖြစ်သည်။ *VgT* စီရင်ချက်အရဆိုသော် လူတဦးချင်းစီတွင် သီးသန့်ရည်ရွယ်ချက်များအတွက် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကိုသာ ရရှိကြောင်း သို့မဟုတ် သီးသန့်ရည်ရွယ်ချက်များကို ပို၍ နည်းပါးသည့် လုပ်ပိုင်ခွင့်နယ်ပယ်ဖြင့် လေ့လာရမည် ဖြစ်ကြောင်း တဦးတယောက်က စောဒကတက်နိုင်ပါသည်။[၁၅၂] *Mustafa* တွင် ခုံရုံးအနေဖြင့် ပို၍ ကျယ်ပြန့်သည့်

---

[၁၄၉] Mowbray (n. 48) 92.

[၁၅၀] Dröge (n. 31) 380.

[၁၅၁] အခန်း (၃-၂) ကို ကြည့်ပါ။

[၁၅၂] Herr (n. 6).

အနက်ပြန်ဆိုချက် ရှိကြောင်း ထင်မြင်ရသည်။ ရည်ရွယ်ချက်များမှာ ယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ဖျော်ဖြေရေးအဖြစ် သုံးသပ်သည့် အနက်ပြန်ဆိုချက် ဖြစ်သည်။[၁၅၃] ဤဥပဒေစနစ်နှင့် ဆက်လက်ကိုက်ညီစေရန် အလို့ငှာ ရည်ရွယ်သည့် ပရိသတ်သည် လူ့အဖွဲ့အစည်းအတွင်းရှိ အထူးပင် အထိခိုက်လွယ်လူအုပ်စုဖြစ်ကြောင်း ကဲ့သို့ အချက်များကို ခုံရုံးက ထည့်သွင်းစဉ်းစားပေလိမ့်မည် (ဥပမာ အမှုတွင် ကျေးလက်ပြည်သူ သို့မဟုတ် အမှုတွင် ရွှေ့ပြောင်းအခြေချ နေထိုင်သူများ ပါဝင်သည်လား)။[၁၅၄] အင်တာနက်၏ နှစ်လမ်းသွား ဆက်သွယ်ရေး စွမ်းဆောင်မှုအရ အင်တာနက်မှတဆင့်သာ ရရှိနိုင်သည့် အကြောင်းအရာများကို ပေးပို့ခြင်း နှင့်/သို့မဟုတ် လက်ခံခြင်း နှစ်ရပ်စလုံး ပြုလုပ်လိုသည့် ကျေးလက်ပြည်သူ သို့မဟုတ် အခြား အကျိုးမခံစားရသည့် လူအုပ်စုများကို ခုံရုံးက အထူးပင် လေ့လာချိန်ဆမည်မှာ ဖြစ်လာနိုင်ခြေရှိသည်။[၁၅၅] ဤသို့ထည့်သွင်းမစဉ်းစားပါက အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကို စီစဉ်ပေးမည့် လုပ်ဆောင်ရမည့် တာဝန်ကို ထောက်ခံသည့် ခုခံချေပချက်ကို အခိုင်အမာသက်သေပြရန် ဤအမှုနှစ်ခုကို အသုံးပြုနိုင်သည်မှာ ဖြစ်နိုင်ပေသည်။ တူညီသည့် သတင်းအချက်အလက် ဆက်သွယ်ရေးနည်းလမ်း မရရှိကြောင်း ပြသနိုင်သည့်နေရာတွင် အသုံးပြုနိုင်သည်။[၁၅၆] ဤအမှုများမှ တဆင့် ခုံရုံးသည် ၎င်း၏ ကျိုးကြောင်းဆင်ခြင်မှုကိုလည်း သရုပ်ဖော်ပြပါသည်။ လူ့အဖွဲ့အစည်းအတွင်းရှိ လူဦးရေအချို့ သို့မဟုတ် လူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းအချို့ကို *လက်ရှိအာဏာပိုင်များ*၏ တားမြစ်ချက်များမှ ခုံရုံးအနေဖြင့် မြင့်မြင့်မားမား အကာအကွယ် ပေးရမည်ဟူသော ဆင်ခြင်တွေးတောချက်ဖြစ်သည်။ ၎င်းလက်ရှိ အာဏာပိုင်များ၏ တားမြစ်ချက်များသည် လူများ၏ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို အတင်းအကျပ် တားမြစ်ချက်များ ဖြစ်ပေါ်စေသည်။[၁၅၇]

ဤအပိုင်းတွင် အမှုများကို လေ့လာဆန်းစစ်ခြင်းဖြင့် ပုဂ္ဂလိပိုင် အဆောက်အဦ သို့မဟုတ် ပြည်သူပိုင် အဆောက်အဦအားလုံးသည် ဝင်ရောက်ခွင့်များကို အလိုအလျောက် ဖန်တီးခြင်း မဟုတ်ကြောင်းကို တပြေးညီ ရှင်းလင်းစေပါသည်။[၁၅၈] သို့ရာတွင် အချိန်ကြာလာသည်နှင့်အမျှ *Mustafa* နှင့် *Frasila* တို့ကိုသာမက *VgT* နှင့် *VgT2* တို့ကိုပါ *Appleby* တွင် အခြေခံအဖြစ် အသုံးပြုခြင်းဖြင့် မီဒီယာအတွက် အထူးသီးသန့် စီရင်ချက် ၃ ရပ်ကို ခုံရုံးက ရေးဆွဲခဲ့ကြောင်း ထင်မြင်ရပါသည်။ နောက်လာမည့် အပိုင်း ၂ ပိုင်းတွင် ၎င်းတို့ကို ပို၍ အသေးစိတ် ဆွေးနွေးသွားပါမည်။

ကနဦးအနေဖြင့် အယူအဆများနှင့် သတင်းအချက်အလက်များကို လက်လှမ်းမီ သုံးစွဲခွင့်၊ ၎င်းသတင်းအချက်များကို လက်ခံရရှိနိုင် သို့မဟုတ် ဖြန့်ဖြူးနိုင်သည့် အခြေခံအဆောက်အဦကို လက်လှမ်းမီ ရရှိခွင့်မှ

---

၁၅၃ ibid; McGonagle (n. 77), 20.

၁၅၄ အခန်း (၃-၃)။ ဆွေးနွေးပြီး ဖြစ်သကဲ့သို့ ECtHR ထက်ပို၍ IACtHR သည် ပိုမိုအားကောင်းသည့် အကာအကွယ်ပေးခြင်းကို စီမံပေးနိုင်ခြေ ရှိပါသည်။

၁၅၅ Ibid. အခန်း (၁)၊ အခန်း (၂-၅)၊ အခန်း (၃-၃) နှင့် အခန်း (၃-၃)၊ အခန်း (၅-၁)၊ အခန်း (၅-၂)၊ အခန်း (၆-၅)။

၁၅၆ အခန်း (၆-၅)၊ အခန်း (၃-၃) ကို ကြည့်ပါ။

၁၅၇ အခန်း (၃-၃) နှင့် အခန်း (၅-၁) နှင့် (၅-၂)၊ အခန်း (၆-၄)

၁၅၈ *Appleby* (n. 76), para. 47.

အဆိုပါအမှုများသည် သေသေသပ်သပ် ခြားနားခြင်း မပြုထားပေ။[၁၅၉] ခုံရုံး၏ လေ့လာဆန်းစစ်ချက် အစိတ်အပိုင်း အဖြစ် လျှောက်လဲသူများမှ ပေးပို့ရန် သို့မဟုတ် လက်ခံရရှိရန် ရှာဖွေသည့် သတင်းအချက်အလက်၏ အကြောင်း အရာ (ဆိုလိုသည်မှာ ၎င်းတို့၏ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန် အာရေးဗီးယားနှင့် ဖာရစီ ဘာသာစကားဖြင့် ရုပ်သံထုတ်လွှင့်မှုများ၊ ၎င်းတို့၏ မြို့လယ်အနီးတဝိုက်တွင် ဆောင်ရွက်မည့် အဆိုပြုဖွံ့ဖြိုးရေး လုပ်ငန်းကို ဆန့်ကျင်ရေးလုပ်ရှားမှု၊ ဩဇောတိက္ကမရှိသော ရုပ်ရှာနိုင်ငံရေးသမားအကြောင်း အစီရင်ခံစာများ၊ တိရိစ္ဆာန်အခွင့်အရေးအကြောင်း အသိပညာမြှင့်တင်ခြင်း တို့ဖြစ်သည်) သည် ခုံရုံးက ချိန်ဆလေ့လာနေသည့် အချက်များဖြစ်သည်။ လျှောက်လဲသူများအတွက် သတင်းအချက်အလက် ဆက်သွယ်ရေး နည်းလမ်းကို လက်လှမ်းမီ ရရှိခွင့်ကို သေချာစေရေး နိုင်ငံများရှိ လုပ်ဆောင်ရမည့် တာဝန်များကို ထည့်သွင်းစဉ်းစားသည့် အခါတွင် ချိန်ဆလေ့လာမည့် အချက်များ ဖြစ်ကြသည်။[၁၆၀]

ဒုတိယအနေဖြင့် အကြောင်းအရာများကို လျှောက်လဲသူများက ပေးပို့ သို့မဟုတ် လက်ခံရာတွင် အသုံးပြုနိုင်သည့် အတော်ပင် တူညီသည့် အခြားဆက်သွယ်ရေးနည်းလမ်း ရှိသည် မရှိသည်ကို ခုံရုံးက အထူးအလေးထား ချိန်ဆပါသည်။[၁၆၁] *Mustafa* ၊ *VgT* နှင့် *Frasila* တို့တွင် လျှောက်လဲသူများတွင် တူညီသည့် သတင်းအချက်အလက် ဆက်သွယ်ရေးနည်းလမ်းကို မရရှိကြောင်း ခုံရုံးမှ ယုံကြည်လက်ခံလာစေရန် လျှောက်လဲသူများက ကြိုးစားကြပါသည်။ ၎င်းအမှုများတွင် ဆွေးနွေးလျက်ရှိသည့် ဆက်သွယ်ရေးနည်းလမ်းမှတဆင့် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်ကို အကာအကွယ်ပေးရေး သေချာစေမည့် ပို၍ အားကောင်းခိုင်မာသော တာဝန်ရှိမှုကို ခုံရုံးက သတ်မှတ်ပါသည်။ *Frasila* နှင့် *Appleby* ဆွေးနွေးချက်တွင် ထောက်ပြထားသကဲ့သို့ပင် လက်ကမ်းစာစောင် သို့မဟုတ် ပုံနှိပ်စာအတွက် သင့်လျော်သည့် အခြားဆက်သွယ်ရေးနည်းလမ်းမှာ ရေဒီယို သို့မဟုတ် ရုပ်မြင်သံကြား ဖြစ်သည်ကို ခုံရုံးက အသိအမှတ်ပြုလက်ခံပါသည်။ သို့သော် ရုပ်သံဆက်သွယ်ရေးနည်းလမ်းများ၏ ထူးခြားသော ဝိသေသအရ လက်ကမ်းစာစောင်များ သို့မဟုတ် ပုံနှိပ်စာရွက်များသည် ရုပ်မြင်သံကြား သို့မဟုတ် ရေဒီယိုအတွက် သင့်လျော်သည့် အခြားနည်းလမ်းများ မဟုတ်ကြသည်ကိုလည်း ခုံရုံးက လက်ခံပါသည်။[၁၆၂] အင်တာနက်၏ ထူးခြားသော စွမ်းဆောင်ရည်များကို ခုံရုံးမှ နက်နက်ရှိုင်းရှိုင်း အသိအမှတ်ပြုခြင်းသည် အင်တာနက်အပေါ်တွင်သာ ဖြစ်နိုင်သော ထုတ်ဖော်တင်ပြပြောဆိုခွင့်ပုံစံများကို ရရှိနိုင်စေပြီး အင်တာနက်အတွက် ကျိုးကြောင်းဆီလျော်သည့် အခြားနည်းမရှိကြောင်း ခုခံချေပချက်ကို အားကောင်းခိုင်မာစေပါသည်။ ထို့ကြောင့် ဆက်သွယ်ရေးနည်းလမ်းကို လက်လှမ်းမီ ရရှိခွင့်သည် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို ဖြည့်ဆည်းရန်အတွက် ပို၍ အရေးပါလာစေပါသည်။[၁၆၃]

---

[၁၅၉] အခန်း (၁-၄-၁)

[၁၆၀] အခန်း (၁-၄-၂)

[၁၆၁] အခန်း (၁-၄-၁)

[၁၆၂] အခန်း (၁)၊ အခန်း (၃-၄)၊ အခန်း (၆-၃)

[၁၆၃] အခန်း (၅-၁) နှင့် အခန်း (၅-၂)၊ အခန်း (၆-၃)-(၆-၅)

တတိယအနေဖြင့် အထိခိုက်လွယ်လူအုပ်စုများသည် သတင်းအချက်အလက်များ သို့မဟုတ် အယူအဆများကို လက်ခံရရှိရန် လိုလားသည့် အုပ်စု၏ အဖွဲ့ဝင်ဖြစ်ပါက (ဥပမာ *VgT* တွင် ကျေးလက်လူမှုအဖွဲ့အစည်းများနှင့် *Mustafa* တွင် ရွှေ့ပြောင်းအခြေချနေထိုင်သူများ) ခုံရုံးသည် ၎င်းအချက်ကို အလေးအနက်ထား ချိန်ဆလေ့လာသွားပြီး နိုင်ငံအတွက် ပိုမို ကျဉ်းမြောင်းသည့် လုပ်ပိုင်ခွင့်နယ်ပယ်ကို အသုံးပြုခဲ့ပါသည်။[၁၆၄] နောက်ဆုံးတွင်မူ ပြည်သူ့ရေးရာစောင့်ကြည့်အဖွဲ့များအဖြစ် လျှောက်လဲသူများ၏ အခန်းကဏ္ဍသည် တရားဝင်အရ သတင်းသမားများ (*Frasila*) သို့မဟုတ် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ အဖွဲ့ဝင်များ (*VgT* နှင့် *Appleby*) ဖြစ်ကြပြီး ၎င်းတို့သည် ပြည်သူ့ရေးရာဆွေးနွေးပွဲများကို မြန်ဆန်စေရန် သတင်းအချက်အလက်များကို ပေးပို့လိုကြသည်။ ၎င်းလျှောက်လဲသူများ၏ အခန်းကဏ္ဍသည် အဆိုပါ အမှုများအားလုံးအတွက် ကိုက်ညီသည့် ဆန်းစစ်ချက် အကြောင်းရင်း အဖြစ်လည်း ယူဆပါသည်။[၁၆၅]

လုပ်ဆောင်ရမည့် တာဝန်သည် ပိုမိုအားကောင်းကြောင်း ထင်မြင်ယူဆသည့်နေရာတွင် ဗဟုဝါဒ၏ အခြေခံမူများနှင့် သတင်းအချက်အလက်လက်လှမ်းမီ သုံးစွဲခွင့်တို့သည် လုပ်ဆောင်ရမည့် တာဝန်အတွက် ဆွေးနွေးချက်၏ အစိတ်အပိုင်းအဖြစ် ထွက်ပေါ်လာပါသည်။ တတိယအင်အားစုမှ ထိန်းချုပ်ထားသည့် သီးခြားသတင်းအချက်အလက်ဆက်သွယ်ရေးနည်းလမ်းကို လက်လှမ်းမီ ရရှိခွင့် သေချာစေမည့် တာဝန်ရှိမှု ဖြစ်ပါသည်။ ခုံရုံးသည် ဤယေဘုယျစည်းမျဉ်းများကို အသုံးပြုခြင်းဖြင့် အလားတူ ဆွေးနွေးချက်များသည် အင်တာနက်ဆက်သွယ်ရေးနည်းလမ်းအတွက် ရှင်းရှင်းလင်းလင်း ဖြစ်နိုင်ခြေရှိကြောင်း ဤအပိုင်းက ခုခံဆွေးနွေးထားပါသည်။ ပညာရပ်စာပေတွင် အင်တာနက်သည် အခြားသောဆက်သွယ်ရေးနည်းလမ်းနှင့် မတူဘဲ နှစ်လမ်းသွား ဆက်ဆံရေးစနစ် ဖြစ်ကြောင်းကို ပညာရပ်နယ်ပယ်ပေါင်းစုံနှင့် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့များအနေဖြင့်လည်း ကောင်းစွာ ထည့်သွင်းထားခဲ့ပါသည်။[၁၆၆] အင်တာနက်လက်လှမ်းမီ ရရှိခွင့်၏ အရေးပါမှုကို ၂၀၁၂ ခုနှစ် ပူးတွဲကြေညာစာတမ်းသည် သတင်းအချက်အလက်ရပိုင်ခွင့်နှင့် ဗဟုဝါဒတို့၏ အခြေခံမူများနှင့် ချိတ်ဆက်ထားပါသည်။ ‘ကမ္ဘာအနှံ့ရှိ လူသန်းထောင်ပေါင်းများစွာအတွက် ပြောဆိုခွင့်ပေးထားသည့် အင်တာနက်၏ ပြုပြင်ပြောင်းလဲသည့် သဘောသဘာဝသည် သတင်းအချက်အလက် လက်လှမ်းမီ ရရှိနိုင်စွမ်းနှင့် ဗဟုဝါဒကို သိသိသာသာ မြင့်မားစေကြောင်း’ ကို အသားပေးဖော်ပြထားသည်။[၁၆၇] သို့ဖြစ်၍ ရုပ်မြင်သံကြားနှင့် ရေဒီယိုအပါအဝင် ယခင်သတင်းအချက်အလက် ဆက်သွယ်ရေး နည်းလမ်းများအတွက် ခုံရုံးများက ပေးထားသည့် အကာအကွယ်များကို သေသေချာချာ အသုံးပြုနိုင်ပါသည်။ လူတဦးချင်းစီ၏ အင်တာနက်လက်လှမ်းမီ ရရှိခွင့်အပေါ် ISPs များက ဆိုးကျိုးမသက်ရောက်စေရေး သေချာစေမည့် ထိန်းသိမ်းကြပ်မတ်သည့်မူဘောင်များကို ချမှတ်ရန် အဖွဲ့ဝင်နိုင်ငံများ၏ လိုအပ်ချက်သည် အလားအလာရှိရှိ ပါဝင်ပါသည်။ အမှန်အားဖြင့် အင်တာနက်၏ ထူးခြားဝိသေသအရ ဆက်သွယ်ရေး နည်းလမ်းကို လူတိုင်း လက်လှမ်းမီ ရရှိရေး အဆင်ပြေချောမွေ့စေရေး လုပ်ဆောင်ရမည့် တာဝန်

---

[၁၆၄] အခန်း (၃-၃)၊ အခန်း (၅)-(၅-၂)၊ အခန်း (၆-၂) နှင့် (၆-၃)

[၁၆၅] အခန်း (၆-၃)

[၁၆၆] အခန်း (၁)

[၁၆၇] Joint Declaration (n. 5), Preamble.

အတွက် ပို၍ အားကောင်း ခိုင်မာသည့် ဆွေးနွေးချက်သည် ဖြစ်လာနိုင်ခြေရှိသည်။ အထူးသဖြင့် ဗဟုဝါဒနှင့် သတင်းအချက်အလက် လက်လှမ်းမီ ရရှိခွင့်၏ ရှိနှင့်ပြီးသော လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် အခြေခံမူများတွင် ဖြစ်ပါသည်။

၄-၃။ ဗဟုဝါဒကို လုံခြုံစိတ်ချစေရေး လုပ်ဆောင်ရမည့် တာဝန်များ

ဗဟုဝါဒအပေါ် ခုံရုံးမှ ထားရှိသည့် အရေးပါမှုသည် လွတ်လပ်စွာထုတ်ဖော်တင်ပြ ပြောဆိုခွင့်၏ အဓိက အခန်းကဏ္ဍမှ ထွက်ပေါ်လာပါသည်။ ဒီမိုကရေစီလူ့အဖွဲ့အစည်း၏ မရှိမဖြစ်လိုအပ်သော အခြေခံအုတ်မြစ်များ အနက် တရပ်ဖြစ်သည်သာမက တိုးတက်ဖြစ်ထွန်းမှုအတွက် အခြေခံလိုအပ်ချက်များအနက် တရပ်လည်းဖြစ်ပါသည်။[၁၆၈] ၎င်း၏ ဆုံးဖြတ်ချက်များတွင် ဖော်ပြထားသည့်အတိုင်း ခုံရုံး၏ အမြင်သဘောထားမှာ ဗဟုဝါဒ မရှိဘဲနှင့် ဒီမိုကရေစီ မရှိနိုင်ကြောင်း ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် 'ဒီမိုကရေစီ၏ အခြေခံမူဆိုင်ရာ လက္ခဏာရပ်များအနက် တရပ်မှာ ဒေါသထွက်နေသည့်တိုင်အောင် အကြမ်းဖက်မှုကို အားကိုးအားထားမပြုဘဲ နိုင်ငံ၏ ပြဿနာများကို ဆွေးနွေးတိုင်ပင်ခြင်းမှတဆင့် ဖြေရှင်းရန် အလားအလာ ရှိခြင်း' ဖြစ်ပါသည်။[၁၆၉] တပြိုင်နက်တည်းမှာပင် မီဒီယာသည် ဒီမိုကရေစီ၏ ခွဲခြားမရသည့် အစိတ်အပိုင်း၊ 'ပြည်သူ့ရေးရာ စောင့်ကြည့်အဖွဲ့'[၁၇၀] နှင့် 'သတင်းအချက်အလက်များကို ဖြန့်ချိရေးဌာန'[၁၇၁] အဖြစ်လည်း ခုံရုံးက ရှုမြင်ထားသည်။ သို့ဖြစ်၍ ပြည်သူ့အကျိုးစီးပွားဆိုင်ရာ ကိစ္စရပ်များအားလုံးအတွက် သတင်းအချက်အလက်နှင့် ယူဆချက်များကို ပေးပို့သည့် တာဝန်သည် မီဒီယာတွင် ရှိပါသည်။ တုန်လှုပ်ချောက်ချားသည့်၊ စော်ကားမော်ကားပြောဆိုသည့်၊ စိတ်အနှောင့်အယှက်ပေးသည့် သတင်းအချက်အလက်များ ပါဝင်ပါသည်။[၁၇၂] အဆိုပါ အမြင်သဘောထားများသည် ကြံ့ကြံ့ခံနိုင်စွမ်းရှိစေရန် ဗဟုဝါဒက လိုလားပါသည်။ သို့မဟုတ်ပါက ဒီမိုကရေစီလူ့အသိုက်အဝန်း ဖြစ်လာမည် မဟုတ်ပေ။ ပြည်သူ့အကျိုးစီးပွားနှင့် သက်ဆိုင်သည့် ကိစ္စပ်များအားလုံးအတွက် သတင်းစာနယ်ဇင်းမှ သတင်း အချက်အလက်နှင့် အယူအဆများကို လက်ခံရရှိခွင့်သည် ပြည်သူများထံတွင် ရှိရမည်။ ဤ ကျိုးကြောင်းဆက်စပ် စဉ်းစားချက်၊ ယူဆချက်များနှင့်အတူ နိုင်ငံသည် ဗဟုဝါဒကို အာမခံပေးသူဖြစ်ခြင်းကြောင့် လုပ်ဆောင်ရမည့် တာဝန်များ အစိုးရတွင် ရှိသည်ဟူသော ၎င်း၏ စီရင်ထုံးဥပဒေမှတဆင့် ခုံရုံးက သက်သေပြထားပါသည်။[၁၇၃] နယ်ပယ်ပေါင်းစုံရှိ ပညာရပ်စာပေ အမြောက်အများသည် ဒီမိုကရေစီလူ့အသိုက်အဝန်းအတွက် ဗဟုဝါဒနှင့် မီဒီယာဗဟုဝါဒ၏

---

[၁၆၈] *Lingens* (n. 80), para. 41; *Handyside v. the United Kingdom* (1976) Series A no 24. For a general discussion, see Aernout Nieuwenhuis, 'The Concept of Pluralism in the Case Law of the ECtHR' (2007) 3 *European Constitutional Law Review* 367.

[၁၆၉] *Manole and Others v. Moldova* ECHR 2009, para. 95. Dröge (n. 31) 380.

[၁၇၀] *Sunday Times v. United Kingdom* (1979) Series A no 30, para. 50.

[၁၇၁] *Barthold v Germany* (1985) Series A no 90, para. 58.

[၁၇၂] *Jersild v. Denmark* (1994) Series A no 298, para. 31.

[၁၇၃] *Manole* (n. 169), paras 107, 111.

အရေးပါပုံအကြောင်း ရေးသားထားပါသည်။[၁၇၄] မီဒီယာဗဟုဝါဒ၏ အခြေခံမူများနှင့် အမျိုးစုံလင်မှုကို လုပ်ဆောင်ရမည့် တာဝန်များနှင့် စပ်လျဉ်း၍ ECtHR ဥပဒေစနစ်အတွင်း မည်သို့ ပေါင်းစပ် ထည့်သွင်းထားသည်ကို ယခုအခန်း၏ ဤအပိုင်းက လေ့လာပါသည်။[၁၇၅]

Berka နှင့် Trettner က ထောက်ပြထားသကဲ့သို့ပင် ယူဆချက်တရပ်အဖြစ် ဗဟုဝါဒသည် မရေမရာ မပြတ်မသားဖြစ်ပြီး အမျိုးစုံလင်များပြားပါသည်။[၁၇၆] ဥပဒေနှင့် အခြားပညာရှင်များသည် မီဒီယာ ဗဟုဝါဒ ၄ မျိုးကို သတ်မှတ်ခဲ့ပါသည်။ ဖွဲ့စည်းတည်ဆောက်ပုံ သို့မဟုတ် ပြင်ပဆိုင်ရာ မီဒီယာဗဟုဝါဒ (ဆိုလိုသည်မှာ ဆက်သွယ်ရေးမီဒီယာ၏ အမျိုးစုံလင်များပြားမှု)၊ အကြောင်းအရာပိုင်း/ အတွင်းပိုင်း မီဒီယာဗဟုဝါဒ (ဆိုလိုသည်မှာ အယူအဆများ သို့မဟုတ် သတင်းအချက်အလက်အမျိုးစုံလင်များပြားမှု)၊ ကြော်ငြာဗဟုဝါဒ (ဆိုလိုသည်မှာ အသုံးပြုသူများက ကြော်ငြာလိုသည့် အယူအဆများ သို့မဟုတ် သတင်းအချက်အလက်) နှင့် ဆက်သွယ်ပေးပို့သည့် ဆက်သွယ်ရေးနည်းလမ်းအမျိုးစုံလင်မှု (ဆိုလိုသည်မှာ လက်ကိုင်ဖုန်းများ သို့မဟုတ် ကွန်ပျူတာများတွင် အကြောင်းအရာကို အသုံးပြုသူများက ရွှမြင်ပုံ အမျိုးစုံလင်မှု) တို့ ဖြစ်ကြသည်။[၁၇၇] လူ့အခွင့်အရေးစံနှုန်းများအတွက် ကြော်ငြာအမျိုးစုံလင်မှုသာမက ဆက်သွယ်ပေးပို့သည့် ဆက်သွယ်ရေးနည်းလမ်းအမျိုးစုံလင်မှု အသုံးချခြင်းအပေါ် ခုံရုံးနှင့် မီဒီယာပညာရှင်များက အတော်ကလေး ဆက်လက် ဆိတ်ငြိမ်နေသော်ငြား လက်တလော ပညာရပ်ဆိုင်ရာစာပေများက ဤသီးသန့်ဆန်သော ဗဟုဝါဒ အမျိုးအစားများအကြောင်း ဆွေးနွေးကြလျက် ရှိပါသည်။ လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့် တာဝန်ရှိမှုများကို ဖြည့်ဆည်းပေးခြင်းနှင့် အွန်လိုင်းပေါ်ရှိ ဗဟုဝါဒကို လုံခြုံစိတ်ချစေခြင်းတို့အတွက် အဆိုပါဗဟုဝါဒ အမျိုးအစားသည် ပို၍ ကိုက်ညီပါသည်။[၁၇၈] ဆန့်ကျင်ဘက်အားဖြင့် ဖွဲ့စည်းတည်ဆောက်ပုံပိုင်းနှင့် အတွင်းပိုင်း မီဒီယာ ဗဟုဝါဒနှစ်ခုစလုံးကို လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့များတွင် အသားပေးလာလေ့ရှိကြသည်။ ဒီမိုကရေစီ လူ့အဖွဲ့အစည်းတွင် မရှိမဖြစ် လိုအပ်သည့်အတွက် အထူးသဖြင့် ECtHR တွင် အသားပေးလာပါသည်။[၁၇၉] အခြားသော သတင်းအချက်အလက် မီဒီယာပုံစံ အမျိုးစုံကို လက်လှမ်းမီ ရရှိခွင့်ကို

---

[၁၇၄] Berka and Trettner (n. 57); Nieuwenhuis (n. 168); Philip M. Napoli, 'Exposure Diversity Reconsidered' (2011) 1 *Journal of Information Policy* 246; Natali Helberger, 'Media Diversity from the User's Perspective: An Introduction' (2011) 1 *Journal of Information Policy* 241; Philip M. Napoli and Kari Karppinen, 'Translating Diversity to Internet Governance' (2013) 18(12) *First Monday*; အခန်း (၂-၂) နှင့် (၃-၂) ကို ကြည့်ပါ။

[၁၇၅] အခန်း (၁)၊ (၂-၂) နှင့် (၆-၅) ကို ကြည့်ပါ။

[၁၇၆] Berka and Trettner (n. 57) 9.

[၁၇၇] Peggy Valcke, 'Looking For the User in Media Pluralism Regulation: Unraveling the Traditional Diversity Chain and Recent Trends of User Empowerment in European Media Regulation' (2011) 1 *Journal of Information Policy* 289; Peggy Valcke, 'From Ownership Regulations to Legal Indicators of Media Pluralism: Background, Typologies, and Methods' (2009) 6 *Journal of Media Business Studies* 19–42.

[၁၇၈] Helberger (n. 174) 241; Natali Helberger, 'Exposure Diversity as a Policy Goal' (2012) 4 *Journal of Media Law* 65.

[၁၇၉] Nieuwenhuis (n. 168).

စီမံပေးသည်သာမက (ဥပမာ ရုပ်မြင်သံကြား၊ ဗွီဒီယို စနစ်၊ ရေဒီယို၊ သတင်းစာ၊ ဘလော့များ စသည်တို့ ဖြစ်သည်) အယူအဆများနှင့် သတင်းအချက်အလက်များ မကြုံစဖူး များပြားသည့် ပမာဏကို လက်လှမ်းမီ ရရှိခွင့်ကိုလည်း စီမံပေးသည့် သတင်းအချက်အလက် ဆက်သွယ်ရေး နည်းလမ်းသည် အင်တာနက် ဖြစ်ပါသည်။[၁၈၀] ထို့အပြင် အသုံးပြုသူများသည် ဤသတင်းအချက်အလက် ဆက်သွယ်ရေး နည်းလမ်းအသုံးပြုခြင်းဖြင့် သတင်းအချက်အလက်များနှင့် အယူအဆများကို ထိတွေ့၍ အပြန်အလှန်တုံ့ပြန်သည့် နည်းလမ်းကိုလည်း အင်တာနက်သည် အကြီးအကျယ် ပြောင်းလဲခဲ့ပါသည်။[၁၈၁] အသုံးပြုသူအတွက် အမျိုးစုံလင်သည့် အရင်းအမြစ်များမှ အယူအဆများနှင့် အမြင်သဘောထား အမြောက်အမြားကို ထိတွေ့နိုင်ရေး အဆင်ပြေချောမွေ့စေသည့် ဆက်သွယ်ရေး နည်းလမ်းသည် အင်တာနက် ဖြစ်ပါသည်။ ထို့အပြင် တပြိုင်နက်တည်းမှာပင် အဆိုပါ အကြောင်းအရာကို မြင်တွေ့နိုင်သည့် နည်းလမ်းမျိုးစုံကိုလည်း စီမံပေးသည့် နည်းလမ်းသည်လည်း အင်တာနက်ပင် ဖြစ်ပါသည်။[၁၈၂]

သို့ဖြစ်၍ ဗဟုဝါဒကို လုံခြုံစိတ်ချစေခြင်းနှင့် ဆက်စပ်သည့် လုပ်ဆောင်ရမည့် တာဝန် အပေါ် ခုံရုံး၏ ယခင် စီရင်ချက်ချမှတ်ခြင်းများသည် အင်တာနက်လက်လှမ်းမီ ရရှိခြင်းကို လူ့အခွင့်အရေးတရပ်အဖြစ် ဆွေးနွေးချက်နှင့် ကိုက်ညီကြောင်း ဤအပိုင်းက ခုခံချေပဆွေးနွေးပါသည်။ အင်တာနက်ကို လူတိုင်းလက်လှမ်းမီ ရရှိခွင့် အဆင်ပြေချောမွေ့စေရေး လုပ်ဆောင်ရမည့် တာဝန် ပါဝင်ပါသည်။ ဤအပိုင်း၏ ရည်ရွယ်ချက်မှာ တည်ဆဲ စီရင်ထုံး ဥပဒေတွင် အသုံးပြုထားသည့်အတိုင်း ဗဟုဝါဒ၏ အခြေခံမူသည် နိုင်ငံအတွက် လုပ်ဆောင်ရမည့် တာဝန် တည်ရှိစေရေးကို မည်သို့ အားဖြည့်သည် သို့မဟုတ် အားကောင်းခိုင်မာစေသည်ကို ကနဦးလေ့လာရန် ဖြစ်သည်။ လက်လှမ်းမီရရှိခွင့် တားမြစ်ချက်များကို ဖယ်ရှားရေး အစိုးရမှ ဥပဒေပြဋ္ဌာန်းပေးရန် ဖြစ်သည်။ အင်တာနက်ကို လက်လှမ်းမီ သုံးစွဲခွင့် အသေအချာ ရရှိစေရေးအတွက် အခြေခံအဆောက်အဦများ ပြဋ္ဌာန်းခြင်းတို့ ပါဝင်နိုင်ပေသည်။[၁၈၃] ဒုတိယအနေဖြင့် ဗဟုဝါဒ၏ ဤအခြေခံမူကို အနာဂတ်ကာလတွင် မည်သို့ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုရန် သို့မဟုတ် အနက်ပြန်ဆိုရန် လိုအပ်သည်ကို ဤအပိုင်းက ကိုင်တွယ်ပါသည်။ အင်တာနက်၏ ထူးခြားသည့် ဝိသေသကို သေချာစေမည့် ကြော်ငြာအမျိုးစုံလင်မှုနှင့် အတိုင်းအတာတခုအထိ ပေးပို့သည့် ဆက်သွယ်ရေးနည်းလမ်း အမျိုးစုံလင်မှုတို့ကို လက်လှမ်းမီ ရရှိခွင့်ဆိုင်ရာ အမှုများကို လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့များက လေ့လာဆန်းစစ်သည့် အခါတွင် ထည့်သွင်းစဉ်းစားခြင်းလည်း ပါဝင်သည်။[၁၈၄]

---

[၁၈၀] *Times Newspapers Ltd v. the United Kingdom (nos. 1 and 2)* ECHR 2009, para. 27; Nina Vajic and Panayotis Voyatzis, 'The Internet and Freedom of Expression: A 'Brave New World' and the ECtHR's Evolving Case Law' in Josep Casadevall and others (eds), *Freedom of Expression: Essays in Honour of Nicolas Bratza* (Council of Europe 2012) 391–2.

[၁၈၁] ibid.

[၁၈၂] Helberger (n. 174); Napoli and Karppinen (n. 174).

[၁၈၃] အခန်း (၆-၅)

[၁၈၄] အခန်း (၆-၃) နှင့် အခန်း (၆-၄)

ဒီမိုကရေစီလူ့အဖွဲ့အစည်းများတွင် ဆက်သွယ်ရေးအတွက် ဗဟုဝါဒသည် ပိုင်းခြားမရသည့် အခြေအနေ ဖြစ်ကြောင်း ကြေညာသည့် အရင်းမူလ အမှုသည် *Lentia* ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံသည် ဗဟုဝါဒကို အဆုံးစွန် အာမခံပေးသူဖြစ်ရန် ကြေညာသည့် အမှုလည်း ဖြစ်ပါသည်။[၁၈၅] အခန်း (၃) တွင် လေ့လာခဲ့သည့်အတိုင်း တဦးချင်းစီ၏ လွတ်လပ်စွာထုတ်ဖော်တင်ပြ ပြောဆိုခွင့်နှင့် ဗဟုဝါဒကို အာမခံပေးသူအဖြစ် နိုင်ငံ၏ အခန်းကဏ္ဍာတို့အကြား ဟန်ချက်ညီမျှမှုကို ဤအမှုတွင် ခုံရုံးက ချဉ်းကပ်ခဲ့သည်။ ဗဟုဝါဒ၏ ရည်မှန်းချက်များကို ရရှိရန်အတွက် တဦးချင်းစီ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို တားမြစ်ရန် လိုအပ်ချက်များကို သတ်မှတ်သည့် အမြင်ရှုထောင့်မှ နေ၍ချဉ်းကပ်ခြင်း ဖြစ်သည်။[၁၈၆] *Lentia* တွင် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို တားမြစ်ခြင်းအား ဆန်းစစ်လေ့လာသည့်အခါ ထည့်သွင်းစဉ်းစားရမည့် 'ပြည်သူ့ရေးရာဝန်ဆောင်မှုအလုပ်' အချို့ကိုလည်း အပိုဒ် (၁၀) က သွယ်ဝိုက်ညွှန်းဆိုကြောင်း ခုခံချေပချက်ကို ခုံရုံး၏ စီရင်ချက်က ထောက်ခံပါသည်။[၁၈၇] သို့ရာတွင် မီဒီယာအတွက် အလိုအလျောက်နှင့် ကိုယ်တိုင်တည်ရှိနေသည့် တာဝန်မရှိသော်ငြား အပိုဒ် (၁၀) စာပိုဒ် (၂) ကို ဝေဖန်ဆန်းစစ်ချက် စာစုအောက်ရှိ အကျိုးစီးပွားများကို ချိန်ညှိခြင်းအတွက် ဆွေးနွေးချက်တခုသာ ဖြစ်ကြောင်း *Lentia* က ရှင်းရှင်းလင်းလင်း ဖော်ပြပါသည်။[၁၈၈] အမှန်အားဖြင့် ဒီမိုကရေစီ လူ့အဖွဲ့အစည်းအတွင်း မီဒီယာနှင့် ဆက်သွယ်ရေးဆိုင်ရာ ဗဟုဝါဒကို အာမခံခြင်းသည် အပိုဒ် (၁၀) မှ ဆင်းသက်လာသော်ငြား နိုင်ငံတွင် ဤသည်နှင့် ပတ်သက်သည့် မည်သည့် အခန်းကဏ္ဍ ရှိသည်ကိုမူ မသတ်မှတ်ထားကြောင်းကိုလည်း သဘွဲစွာ ဖော်ပြပါသည်။[၁၈၉] *Manole and Others v. Moldova* ၊ *Khurshid Mustafa and Tarzibachi v. Sweden* ၊ *Mouvement Raëlien Suisse v. Switzerland* နှင့် *Centro Europa v. Italy* အမှုများတွင် နိုင်ငံ၏ အခန်းကဏ္ဍ ဖြစ်သည့် ဗဟုဝါဒ စောင့်ရှောက်သူအောက်တွင် ထည့်သွင်းဖွဲ့စည်းထားသည့် လုပ်ဆောင်ရမည့် တာဝန်များနှင့် စပ်လျဉ်း၍ ပိုမို အသေးစိတ်ကျသော လမ်းညွှန်ချက်ကို ရေးဆွဲရန် ခုံရုံးတွင် အခွင့်အရေး ရလာပါသည်။ ဤအမှုများတွင် ကျိုးကြောင်းဆင်ခြင်ရာ၌ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်တွင် ပါဝင်သော သင့်လျော်သည့် အခြေခံမူများကို အသုံးပြုပါသည်။ မီဒီယာ ဗဟုဝါဒကို လုံခြုံစိတ်ချစေရန်အတွက် လုပ်ဆောင်ရမည့် တာဝန်များကို နိုင်ငံမှ ဆောင်ရွက်ရေး လိုအပ်စေသည့် အခြေခံမူများ ဖြစ်ပါသည်။ ထို့နောက် ဗဟုဝါဒစောင့်ရှောက်သူ ဖြစ်သည့် နိုင်ငံများ၏ တာဝန်တစိတ်တပိုင်းအဖြစ် ၎င်းတို့၏ တိကျသည့် တာဝန်များအပေါ် အလေးထားပါသည်။ ဤအမှုများသည် အင်တာနက်အကြောင်း မဟုတ်သော်ငြား အလုပ်တိတိကျကျ ဆောင်ရွက်ရန် နိုင်ငံများသည် မည်သည့်အတွက်ကြောင့် လိုအပ်ကြောင်းအတွက် အခြေခံ အကြောင်းပြချက်အနေဖြင့် နောင်ကာလအမှုများတွင်

---

[၁၈၅] *Informationsverein Lentia and Others v. Austria* (1993) Series A no 276.

[၁၈၆] ibid., para. 35 and 39; R Craufurd Smith, 'Do Human Rights Require Private Broadcasting? The Case of *Informationsverein Lentia and Others v Austria*' (1995) 2 *Maastricht Journal of European and Comparative Law* 64.

[၁၈၇] *Lentia* (n. 185), para. 32; Craufurd Smith (n. 187) 64–5.

[၁၈၈] *Lentia* (n. 185), para. 38–9; Craufurd Smith (n. 187) 64.

[၁၈၉] Tarlach McGonagle, 'Minority Rights and Freedom of Expression: A Dynamic Interface' (PhD thesis, University of Amsterdam, Netherlands 2008) 401.

ထည့်သွင်းစဉ်းစားနိုင်ခြေ ရှိပါသည်။ ၎င်းနောင်ကာလ အမှုများမှာ အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့် စီမံပေးမည့် အပိုဒ် (၁၀) အောက်ရှိ လုပ်ဆောင်ရမည့် တာဝန်များကို လေ့လာဆန်းစစ်မည့် အမှုများ ဖြစ်သည်။

၄-၃-၁။ ဗဟုဝါဒ လုံခြုံစိတ်ချရေး သင့်လျော်သည့် လွတ်လပ်စွာထုတ်ဖော်တင်ပြ ပြောဆိုခွင့်ဆိုင်ရာ အခြေခံမူများ

နိုင်ငံသည် ဗဟုဝါဒကို စောင့်ရှောက်သူအဖြစ် ၎င်း၏ အခန်းကဏ္ဍကို ဖြည့်ဆည်းရန်အတွက် တာဝန်များကို ရှင်းရှင်းလင်းလင်း ဖော်ထုတ်ရန် ခုံရုံးက အသုံးပြုသည့် အခြေခံမူများကို ယခုအပိုင်းတွင် လေ့လာပါသည်။ ထို့အပြင် သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ဖြစ်စဉ်နှင့် အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်အတွက် ဤအခြေခံမူများကို မည်သည့်အတိုင်းအတာအထိ အသုံးပြုနိုင်သည်ကိုလည်း ဤအပိုင်းတွင် လေ့လာပါသည်။ ဤအခန်းကဏ္ဍတွင် နိုင်ငံ၏ ရှိရင်းစွဲ လုပ်ဆောင်ရမည့် တာဝန်များကို *Lentia* တွင် ခုံရုံးက အတိအကျ မကိုင်တွယ်ထားပေ။ ထို့အတူ ဗဟုဝါဒကို အရေးကြီးကြောင်း ပြုလုပ်သည့် လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့်အခြေခံမူများကို ကာလကြာရှည် မကိုင်တွယ်ထားပေ။ သို့သော်ငြား မည်သို့ပင် ဆိုစေကာမူ ဗဟုဝါဒ သေချာစေရေး အပြုသဘောအရေးယူဆောင်ရွက်ချက်များကို ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းအောင် ပထမဆုံး ပြုလုပ်သည့် အမှုအဖြစ် ကိုးကားထားပါသည်။[၁၉၀] *Manole* တွင် မော်လ်ဒိုဗာ ပြည်သူ့ သတင်းထုတ်လွှင့်ရေးဌာန (TRM) ရှိ သတင်းသမားများ၊ တည်ဖြတ်သူများနှင့် ထုတ်လုပ်သူများသည် စိစစ်ဖြတ်တောက်သည့် စနစ်၊ နိုင်ငံရေး ဘက်လိုက်မှုများနှင့် တွေ့ကြုံကြရပါသည်။ ထို့အပြင် အပိုဒ် (၁၀) ကို ဆက်လက် ချိုးဖောက်နေရာတွင် TRM ၏ အဆင့်မြင့်စီမံခန့်ခွဲမှုမှတဆင့် စိစစ်ဖြတ်တောက်သည့် မူဝါဒများအပေါ် နိုင်ငံ့အာဏာပိုင်များက ထိန်းချုပ်မှုတို့ကိုလည်း တွေ့ကြုံရသည်။[၁၉၁] ထွက်ပေါ်လာသည့် ချိုးဖောက်မှုကို ခုံရုံးက တွေ့ရှိခဲ့ရသည်။ *အခြားအချက်များအနက်* TRM ၏ ဥပဒေစနစ်မူဘောင်အတွင်း လုံခြုံစိတ်ချမှု မရှိခြင်းနှင့် သိသာထင်ရှားသည့် ချို့ယွင်းချက်များကြောင့် ဖြစ်ပါသည်။[၁၉၂] ဗဟုဝါဒ စောင့်ရှောက်သူအဖြစ် နိုင်ငံ၏ လုပ်ဆောင်ရမည့် တာဝန်များ အတိုင်းအတာကို သတ်မှတ်ရာတွင် *Manole* စီရင်ချက်သည် အထူးပင် အရေးပါသည်။ ရုပ်သံကဏ္ဍနှင့် စပ်လျဉ်း၍ ဗဟုဝါဒကို အပြည့်စုံဆုံးနှင့် အရှင်းလင်းဆုံး ဖော်ထုတ်ရာတွင် ဆုံးဖြတ်ချက်သည် အသေးစိတ် ရှင်းလင်းပါသည်။ ထို့အပြင် အခြေခံမူများကို ဥပဒေနှင့် ကျင့်သုံးပုံအတွင်း ထိထိရောက်ရောက် အနက်ပြန်ဆိုရေး သေချာစေမည့် လုပ်ဆောင်ရမည့် တာဝန်များကို ဖော်ထုတ်ပါသည်။

Lentia တွင် လုပ်ဆောင်သည့်အတိုင်း *Manole* တွင် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် ယေဘုယျ အခြေခံမူများကို ခုံရုံးက အလေးထားပါသည်။ ဗဟုဝါဒကို အဆုံးစွန် အာမခံပေးသူအဖြစ် ဒီမိုကရေစီရှိ လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့်၏ အဓိက အခန်းကဏ္ဍကို ထည့်သွင်းလျက် အလေးထားပါသည်။[၁၉၃] ထို့နည်းတူ

---

[၁၉၀] *Manole* (n. 170), para. 95.

[၁၉၁] ibid., para. 98, 106, 111.

[၁၉၂] ibid., para. 117.

[၁၉၃] ibid., para. 95.

လွတ်လပ်စွာထုတ်ဖော်တင်ပြ ပြောဆိုခွင့်ကို အစစ်အမှန်နှင့် ထိထိရောက်ရောက် ကျင့်သုံးခြင်းသည် နိုင်ငံ၏ မတားမြစ်ရန် တာဝန်အပေါ်တွင်သာ မူတည်ခြင်းမရှိကြောင်း ခုံရုံးက အလေးထားပါသည်။ သို့သော် နိုင်ငံ၏ ဥပဒေ သို့မဟုတ် ကျင့်သုံးပုံမှတဆင့် အကာအကွယ်ပေးသည့် လုပ်ဆောင်ရမည့် တာဝန်များကို ဆောင်ရွက်ရန်လည်း လိုအပ်ပေလိမ့်မည်။[၁၉၄] အကြောင်းအရာပိုင်း သို့မဟုတ် အတွင်းပိုင်း ဗဟုဝါဒနှစ်ခုစလုံး၏ အရေးပါပုံသာမက ဖွဲ့စည်းတည်ဆောက်ပုံပိုင်း ဗဟုဝါဒ၏ အရေးပါပုံကိုလည်း ခုံရုံးက အလေးထားပါသည်။[၁၉၅]

အတွင်းပိုင်း သို့မဟုတ် အကြောင်းအရာပိုင်း ဗဟုဝါဒသည် ဒီမိုကရေစီဆွေးနွေးချက်ကို တွန်းအားပေးပြီး လူတဦး၏ အမြင်သဘောထားကို မျှဝေသည့် သတင်းအချက်လက်နှင့် အယူအဆမျိုးစုံတို့ကို လူတဦးချင်းစီမှ လက်ခံရရှိရန် အကောင်းဆုံး ဖြစ်နိုင်ခြေရှိသည့် အခွင့်အလမ်းကိုလည်း စီစဉ်ပေးပါသည်။ *Lentia* ရှိ စီရင်ချက်ကို Manole တွင် ခုံရုံးက ချဲ့ထွင်ခဲ့ပါသည်။ 'အမျိုးစုံလင်သော နိုင်ငံရေး အစီအစဉ်များကို အဆိုပြုခွင့်နှင့် ဆွေးနွေးခွင့် ရရှိရန်အတွက် ၎င်းသည် ဒီမိုကရေစီ၏ အနှစ်သာရဖြစ်ကြောင်း၊ နိုင်ငံသည် လက်တလော ဖွဲ့စည်းနေသည့် နည်းလမ်းအပေါ် သံသယဖြစ်ပွားစေသည့်အရာများမှ ဒီမိုကရေစီကို ဘေးဒုက္ခပေးခြင်း မပြုနိုင်အောင် စီမံပေးရမည် ဖြစ်ကြောင်း' ဖော်ပြထားပါသည်။[၁၉၆] ဒုတိယအနေဖြင့် အယူအဆများနှင့် အမြင်သဘောထားများ အမျိုးစုံလင် များပြားစွာ ဖြန့်ဖြူးနိုင်ရေး သေချာစေရန်အတွက် စာနယ်ဇင်း အခန်းကဏ္ဍ၏ အရေးပါပုံကို ခုံရုံးက ရှင်းပြပါသည်။ စာနယ်ဇင်းနှင့် အခြားသတင်းမီဒီယာများ၏ လွတ်လပ်ခွင့်သည် အကောင်းဆုံးဝန်းကျင်အတွက် စီမံပေးပါသည်။ နိုင်ငံရေးခေါင်းဆောင်များ၏ အမြင်သဘောထားများနှင့် အယူအဆများကို ပြည်သူများက ရှာဖွေနိုင်ပြီး အမြင်သဘောထားရရှိစေမည့် ဝန်းကျင်ဖြစ်ပါသည်။ သို့ဖြစ်၍ ခုံရုံးက အောက်ပါအတိုင်း အခိုင်အမာ ပြောဆိုပါသည်-

> နိုင်ငံရေးရာကိစ္စရပ်များနှင့် အခြားသော ပြည်သူ့ရေးရာ အကျိုးစီးပွားဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များနှင့် အယူအဆများကို ပေးပို့ရန်မှာ စာနယ်ဇင်းကို အပ်နှင်းထားသည့် တာဝန်ဖြစ်သည်။ အဆိုပါ သတင်းအချက်အလက်များနှင့် အယူအဆများကို ပေးပို့ရန် စာနယ်ဇင်းတွင် အလုပ်ရှိသည်သာမက ပြည်သူများမှ ၎င်းတို့ကို လက်ခံရရှိခွင့်လည်း ရှိပါသည်။[၁၉၇]

ဖွဲ့စည်းတည်ဆောက်မှုပိုင်း ဗဟုဝါဒရှိ *Manole* ၏ အစိတ်အပိုင်းဖြစ်သည့် အခြေခံမူသည် ရုပ်သံမီဒီယာ၏ လုပ်ဆောင်ချက်များနှင့် စည်းမျဉ်းမူဘောင်များကို အလေးပေးထားသည်။ မီဒီယာ အထူးသဖြင့် ရုပ်မြင်သံကြားနှင့် ရေဒီယိုကဲ့သို့ ရုပ်သံမီဒီယာများကို ခုံရုံးက အသိအမှတ်ပြုထားသည်။ နားထောင်သူ၏ အိမ်နီးဝန်းကျင် သို့မဟုတ် ကြည့်ရှုသူ၏ အိမ်နီးဝန်းကျင်ရှိ ဖျော်ဖြေရေးအရင်းအမြစ်များနှင့် လူတဦးချင်းစီကို ရင်းနှီးကျွမ်းဝင်စေရေး စီမံ

---

[၁၉၄] ibid.; အခန်း (၆-၅)

[၁၉၅] *Manole* (n. 170), para. 95.

[၁၉၆] ibid.

[၁၉၇] ibid., para. 98.

ပေးခြင်းအဖြစ် အသိအမှတ်ပြုပါသည်။[၁၉၈] အခြားမီဒီယာများထက် ရုပ်မြင်သံကြားနှင့် ရေဒီယိုကို ပို၍အလွယ်တကူ ရရှိနိုင်သည့် နိုင်ငံ၏ ဝေးလံခေါင်သီသော ဒေသများအတွက် ဤအချက်က အထူးပင် အရေးပါကြောင်း ခုံရုံးက အလေးထားပါသည်။ နိုင်ငံ သို့မဟုတ် အစိုးရပိုင်ထုတ်လွှင့်ရေး၏ လွှမ်းမိုးမှု အနေအထားကို အထူးပင် ကိုင်တွယ်ဖြေရှင်းခြင်းဖြင့် *Lentia* ကို ကိုးကားလျက် ခုံရုံးက အလေးထား ဖော်ပြခဲ့ပါသည်။ '၎င်း၏ တားမြစ်ကန့်သတ်တတ်သော သဘောသဘာဝအရ ရရှိနိုင်သမျှ ရုပ်သံထုတ်လွှင့်လိုင်းများအပေါ် လက်ဝါးကြီးအုပ်ခွင့်ကို အစိုးရပိုင်ထုတ်လွှင့်ရေးအား ခွင့်ပြုပေးထားသည့် လိုင်စင်စနစ်ကို အကျိုးအကြောင်းသင့် မရှင်းပြနိုင်ပါ။ ထိုသို့ လိုင်စင်စနစ်အတွက် အပူတပြင်းလိုအပ်ချက် ရှိကြောင်း သရုပ်မပြနိုင်သေးသမျှ အကျိုးအကြောင်းသင့် မရှင်းပြနိုင်ခြင်းဖြစ်သည်'။[၁၉၉]

ဖွဲ့စည်းတည်ဆောက်မှုပိုင်းနှင့် အတွင်းပိုင်း ဗဟုဝါဒနှစ်ခုစလုံးအပေါ် အလေထားသည့် နည်းလမ်းအတိုင်း စီးပွားရေး သို့မဟုတ် နိုင်ငံရေး အခွင့်အာဏာတည်ဆောက်မှုများကို အားပေးထောက်ခံခြင်း မပြုသည့် မီဒီယာ၏ အရေးပါပုံကို တရားသူကြီးချုပ်က အလေးထားပါသည်။ လူ့အဖွဲ့အစည်းအတွင်းရှိ အာဏာရှိ စီးပွားရေးအုပ်စု သို့မဟုတ် နိုင်ငံရေးအုပ်စုများမှ ရုပ်သံမီဒီယာအပေါ် လွှမ်းမိုးမှု အနေအထားရရှိနေခြင်း၏ အန္တရာယ်များကို ခုံရုံးက အလေးပေး ဖော်ပြခဲ့သည်။ ဤလွှမ်းမိုးချုပ်ကိုင်သည့် အနေအထားသည် ထုတ်လွှင့်သူများကို ဖိနှိပ်နိုင်ပြီး ၎င်းတို့၏ စိစစ်ဖြတ်တောက်မှုလွတ်လပ်ခွင့်ကို နောက်ဆုံးတွင် ဖြတ်တောက်နိုင်ကြောင်း သတိပေးထားသည်။ အခြားအမှုများအနက် *VgT v. Switzerland* ကို ကိုးကားလျက် ခုံရုံးက ရှင်းပြခဲ့သည်မှာ-

> နိုင်ငံရေးအရ သို့မဟုတ် စီးပွားရေးအရ လွှမ်းမိုး ချုပ်ကိုင်ထားသည့် အုပ်စုသည် ရုပ်သံကဏ္ဍအပေါ် ထိန်းချုပ်ခြင်း၏ သက်ရောက်မှုသည် သဘောတူစာချုပ်၏ အပိုဒ် (၁၀) တွင် ထည့်သွင်းထားသည့် ဒီမိုကရေစီ လူ့အဖွဲ့အစည်းအတွင်းရှိ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်၏ အခြေခံကျသော အခန်းကဏ္ဍကို ဖျက်ဆီးပါသည်။ အထူးသဖြင့် ပြည်သူများမှ လက်ခံရရှိခွင့်ရှိသော ယေဘုယျ အကျိုးစီးပွားဆိုင်ရာ သတင်းအချက်အလက်များနှင့် အယူအဆများကိုကို ပေးပို့သည့် နေရာတွင် ဖြစ်သည်။[၂၀၀]

အမှုကို လေ့လာဆန်းစစ်ချက်၏ အစိတ်အပိုင်းအဖြစ် မသန်စွမ်းနှင့် အကျိုးမခံစားရသည့် အုပ်စုများအတွက် လက်လှမ်းမီ ရရှိခွင့် သေချာစေခြင်း၏ ဆန့်ကျင်ဘက်ရလဒ်ကို ခုံရုံးက အသားပေး ဖော်ပြခဲ့သည်။ လူ့အဖွဲ့အစည်းအတွင်းရှိ စီးပွားရေး သို့မဟုတ် နိုင်ငံရေးအရ အာဏာရှိအုပ်စုများမှ လွှမ်းမိုးချုပ်ကိုင်ထားသည့် မီဒီယာရှိနေခြင်း၏ ဖြစ်နိုင်ခြေရှိသော ကျော်ချမ်းဖွယ် ရလဒ်များကိုလည်း အသိအမှတ်ပြုခဲ့သည်။ ထို့အပြင် တရားသူကြီး Sajo ၏ VgT2 နှင့် စပ်လျဉ်း၍ ကွဲပြားသည့်အမြင်သဘောထားစာတမ်းတွင် ပါရှိသော ခုခံချေပချက်နှင့် ဆန့်ကျင်ကွဲလွဲနေကြောင်း ခုံရုံးက ယူဆသည်။ လူ့အဖွဲ့အစည်းအတွင်းရှိ အုပ်စုများအကြား ဆက်သွယ်တင်ပြခွင့် အာဏာကွာခြားချက်များကို လျော့နည်းအောင်ပြုလုပ်ရန်အလို့ငှာ ထုတ်လွှင့်ရေးကြော်ငြာများအတွက်

---

[၁၉၈] ibid., para. 97.

[၁၉၉] ibid., para. 98.

[၂၀၀] ibid., para. 98.

လုပ်ဆောင်ရမည့် တာဝန်များအကြောင်း ဆွေးနွေးသည့်အခါတွင် ဆန့်ကျင်ကွဲလွဲခြင်း ဖြစ်သည်။[၂၀၁] အမှန်အားဖြင့် မီဒီယာသည် နိုင်ငံရေးနှင့် စီးပွားရေးအာဏာ တည်ဆောက်ပုံများကို ကျားကန်ပေးသည့်အခါတွင် လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့်ကို ပျက်စီးစေသည်ဟု *Manole* က ရိုးတိုးရိုပ်တိပ် ပြောဆိုပါသည်။ လက်ခံရရှိသူများ (ဆိုလိုသည်မှာ ကျေးလက်ပြည်သူ သို့မဟုတ် ရွှေ့ပြောင်းအခြေချမိသားစု) ၏ အမြင်ရှုထောင့်နှင့် သတင်းအချက်အလက် လိုအပ်ချက်များအပေါ် အလေးထားသည့် *Manole* နှင့် *Mustafa* တို့၏ စီရင်ချက်များကို အသုံးပြုခြင်းဖြင့် ခုခံချေပချက်ကို ပြုလုပ်နိုင်ပါသည်။ စီးပွားရေးအရ သို့မဟုတ် နိုင်ငံရေးအရ လွှမ်းမိုးချုပ်ကိုင်ခြင်း မပြုနိုင်သည့် အုပ်စုများအတွက် သင့်လျော်သော မီဒီယာနှင့် အကြောင်းအရာကို လက်လှမ်းမီ ရရှိခွင့်၏ အရေးပါပုံကို ခုံရုံးသည် ရှင်းရှင်းလင်းလင်း အသိအမှတ်ပြုထားကြောင်းကို ခုခံချေပပါသည်။ အခြားအုပ်စုများအနက် မသန်စွမ်းများ၊ ကျေးလက်ပြည်သူများနှင့် အကျိုးမခံစားရသူအုပ်စုများ ပါဝင်နိုင်ပေသည်။ ခုံရုံးအနေဖြင့် ဤအချက်ကို အမှုတွင် ထည့်သွင်းကိုင်တွယ်သည့်တိုင်အောင် ခုခံချေပချက်ကို ပြုလုပ်ပါသည်။[၂၀၂] လူအစုလိုက် အပြုံလိုက်သတ်ဖြတ်ခံရသည့်အမှုကို စုံစမ်းဖော်ထုတ်ရာတွင် တာဝန်ရှိသည့် ရာဇဝတ်တရားသူကြီး၏ လုပ်ရပ်ကို ဝေဖန်ထောက်ပြထားသည့် စာအုပ်ကို ရေးသားသည့်အတွက် သတင်းသမားတဦးသည် ပြစ်ဒဏ်စီရင်ခံရပါသည်။ ၎င်းဖြစ်ရပ်နှင့် ဆက်စပ်သည့် အမှုဖြစ်သော *Kimel v. Argentina* တွင် အမေရိကနိုင်ငံများ၏ လူ့အခွင့်အရေး ဆိုင်ရာခုံရုံး (IACtHR) သည် ECtHR မှ ချမှတ်ထားသည့် ဤစီရင်ချက်များကို ဖြည့်စွက်ပါသည်။ ဤအသရေဖျက်ခြင်းအမှုတွင် ဒီမိုကရေစီစနစ်တွင် ပွင့်လင်းမြင်သာမှုနှင့် ဗဟုဝါဒရှိ အခြေခံမူများ၏ အရေးပါပုံကို အလေးထားဖော်ပြရန် IACtHR က အခွင့်အရေး ရယူခဲ့သည်။ ဒီမိုကရေစီစနစ်တွင် 'ပြည်သူ့အကျိုးစီးပွားနှင့် သက်ဆိုင်သည့် ကိစ္စရပ်များရှိ သတင်းအချက်အလက်များနှင့် အမြင်သဘောထားများ ဖြစ်နိုင်သမျှ အများဆုံး စီးဆင်းရန် လိုအပ်ပါသည်'။[၂၀၃] လူနည်းစုဆိုင်ရာ အခြေအနေတွင် မီဒီယာဗဟုဝါဒ၏ အရေးပါပုံကို မှတ်သားရန် ကုလသမဂ္ဂ အထွေထွေမှတ်ချက် ၃၄ က အခါအခွင့် ရရှိခဲ့ပါသည်။ 'လူနည်းစု တိုင်းရင်းသားများနှင့် လူပြောနည်းသည့် ဘာသာစကားအုပ်စုများ၏ အဖွဲ့ဝင်များ အပါအဝင် မီဒီယာအသုံးပြုသူများ၏ အခွင့်အရေးများကို ကာကွယ်သည့် နည်းလမ်းတရပ်အဖြစ် သတင်းအချက်အလက်နှင့် အယူအဆအများအပြားကို ကျယ်ကျယ်ပြန့်ပြန့် လက်ခံရရှိရန်အတွက် အမှီအခိုကင်းပြီး အမျိုးစုံလင်သည့် မီဒီယာကို အားပေးရေး အဖွဲ့ဝင်နိုင်ငံများက အထူးပင် အလေးထားဆောင်ရွက်ရမည်' ကို အထွေထွေမှတ်စုတွင် ဖော်ပြခဲ့ပါသည်။[၂၀၄]

---

[၂၀၁] *VgT (no 2)* (n. 76), Dissenting Opinion Judge Sajo.

[၂၀၂] *Mustafa* (n. 76) စီရင်ချက်သည် စာပိုဒ် ၄၄ တွင် ဖော်ပြထားပါသည်။ 'သတင်းအချက်အလက်၏ နောက်ပိုင်း အမျိုးအစား [ယဉ်ကျေးမှုနှင့် ဖျော်ဖြေရေး] ၏ အရေးပါပုံကို မလျော့တွက်သင့်ပေ။ အထူးသဖြင့် ကလေး ၃ ဦးရှိသည့် ရွှေ့ပြောင်းအခြေချနေထိုင်သည့် မိသားစုအတွက် ဖြစ်သည်။ ၎င်းမိသားစုသည် ဇာတိတိုင်းပြည်၏ ယဉ်ကျေးမှုနှင့် ဘာသာစကားတို့ကို ဆက်လက်ထိတွေ့လိုကြသည်။ ထို့ကြောင့် ဆွေးနွေးလျက်ရှိသည့် ရပိုင်ခွင့်သည် လျှောက်လဲသူများအတွက် အထူးပင် အရေးကြီးခြင်း ဖြစ်သည်'။

[၂၀၃] *Kimel v. Argentina* (2008) IACtHR Series C no 177, para. 87.

[၂၀၄] UN HRC 'General Comment No 34: Article 19: Freedom of Opinion and Expression' (12 September 2011) UN Doc CCPR/C/GC/34, para. 14 [ဤနေရာမှစ၍ GC 34 ဟု ရေးသားသွားမည်].

ဤစာပိုဒ်ကို တိုက်ရိုက်လိုက်နာခြင်းဖြင့် အင်တာနက်ကဲ့သို့ သတင်းဆက်သွယ်ရေးကျင့်သုံးမှုများ တိုးပွားလာရေးကို နိုင်ငံများက ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း အထွေထွေမှတ်ချက် ၃၄ က ကိုင်တွယ် ဖြေရှင်းခဲ့ပါသည်။ ထို့အပြင် *အခြားအရာများအနက်* အင်တာနက်လက်လှမ်းမီ ရရှိရေးသေချာစေမည့် လိုအပ်သော အဆင့်များကို လုပ်ဆောင်ရန် ထည့်သွင်းစဉ်းစားရပေမည်။[၂၀၅] ထို့ကြောင့် စီးပွားရေးနှင့် နိုင်ငံရေး အာဏာ မညီမျှချက်များကို အားဖြည့်ပေးရန်အတွက် တိုင်းပြည်အတွင်းရှိ သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည် မှုပိုင်း ကွာဟချက်ကို ဖော်ပြသည့်အခါတွင် အင်တာနက်ကို *အုပ်ချုပ်သူများမှ* (*de facto*) တားမြစ်ခြင်းများအား လျှော့ချရေးအတွက် နိုင်ငံသည် ဗဟုဝါဒကို ကာကွယ်စောင့်ရှောက်သူအဖြစ် ၎င်း၏ အခန်းကဏ္ဍနှင့်အတူ လုပ်ဆောင်ရန် တာဝန်ရှိပါသည်။[၂၀၆]

အနှစ်ချုပ်ဆိုရသော် *Manole* စီရင်ချက်မှ အဓိကအားဖြင့် သက်ဆင်းလာနိုင်သည့် ရုပ်သံမီဒီယာအမှုများရှိ အတွင်းပိုင်းနှင့် ဖွဲ့စည်းတည်ဆောက်ပုံပိုင်း ဗဟုဝါဒနှင့် ဆက်စပ်နေသည့် ကနဦး လုပ်ဆောင်ရမည့် တာဝန်များ နှစ်ရပ် ရှိပါသည်။[၂၀၇] ဤတွဲဖက်သည့်တာဝန်များမှာ (၁) သမာသမတ်ကျ၍ မှန်ကန်တိကျသော သတင်းအချက် အလက်များနှင့် *အခြားအရာများအနက်* ပြည်သူများ၏ ယဉ်ကျေးမှုနှင့် နိုင်ငံရေး အမျိုးစုံလင်များပြားမှုကို ထင်ဟပ်စေသည့် အမြင်သဘောထား အများအပြားကို ပြည်သူများမှ ထိထိရောက်ရောက် လက်လှမ်းမီ ရရှိရေး သေချာစေခြင်းနှင့် (၂) ဗဟုဝါဒကို အကာအကွယ်ပေးရန်နှင့် မြှင့်တင်ရန် နိုင်ငံပိုင် အများဆိုင် သတင်းထုတ်လွှင့်ရေး စနစ်များနှင့် စပ်လျဉ်း၍ ဥပဒေပိုင်းနှင့် စည်းမျဉ်းဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ပုံများကို ပြဋ္ဌာန်းခြင်းနှင့် အသေအချာအကောင်အထည်ဖော်ခြင်းတို့ ဖြစ်သည်။ နောက်ဆုံးတွင် *Manole* စီရင်ချက်နှင့် ၎င်း၏ လုပ်ဆောင်ရန် တာဝန် ၂ ရပ်ကို ရှင်းရှင်းလင်းလင်း ဖော်ပြပါသည်။ ၎င်းမှာ ပြည်သူ့ရေးရာ ဝန်ဆောင်မှု ထုတ်လွှင့်ရေး စနစ်အတွက် မည်သည့် ဥပဒေ သို့မဟုတ် စည်းမျဉ်းမူဘောင်မဆို အလုပ်လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်းကို ခုံရုံးက လက်မခံပေ။ သို့သော်ငြား ခုံရုံးက ဖော်ပြထားသည့် ဗဟုဝါဒ၏ အခြေခံမူများကို ချမှတ်ထားသည့် မည်သည့် မူဘောင်မဆို ထည့်သွင်းဖွဲ့စည်းရမည် ဖြစ်သည်။

၄-၃-၁-၁။ သမာသမတ်ရှိပြီး မှန်ကန်တိကျသည့် သတင်းအချက်အလက်များနှင့် အမြင်သဘောထား အများအပြားကို ပြည်သူများက ထိထိရောက်ရောက် လက်လှမ်းမီ ရရှိရေး သေချာစေခြင်း[၂၀၈]

နိုင်ငံအပေါ် ပိုမို တင်းကြပ်သည့် စိစစ်ခြင်းနှင့် ပို၍ ကျဉ်းမြောင်းသော လုပ်ပိုင်ခွင့်နယ်ပယ် အသုံးပြုစေမည့် ခုံရုံး၏ သဘောဆန္ဒကို *Manole* က ဖော်ပြပါသည်။ အခြားမီဒီယာပုံစံများကို လက်လှမ်းမီ မရရှိသည့်အခါတွင်နှင့် အခြားမီဒီယာကို အကန့်အသတ်ဖြင့်သာ ရရှိလေ့ရှိသည့် ကျေးလက်နေပြည်သူများနှင့် ဆက်ဆံရသည့်အခါတွင် ဖြစ်ပါသည်။ သို့သော် တာဝန်များကို လုပ်ဆောင်ရမည့် တာဝန်၏ အစိတ်အပိုင်းအဖြစ် သတ်မှတ်သည့်အခါတွင်

---

[၂၀၅] GC 34 (n. 204), para. 15.

[၂၀၆] အခန်း (၃-၃) ကို ကြည့်ပါ။

[၂၀၇] *Manole* (n. 170), para. 100.

[၂၀၈] အခန်း (၆-၃)၊ (၆-၅-၂) ကို ကြည့်ပါ။

အခြေခံအဆောက်အဦ သို့မဟုတ် သတင်းအချက်အလက် ဆက်သွယ်ရေးနည်းလမ်း၏ အရေးပါပုံနှင့် အကြောင်းအရာကို ခုံရုံးက ပေါင်းစပ်ပါသည်။ အတွင်းပိုင်းဗဟုဝါဒနှင့် ယှဉ်တွဲ၍ ဖွဲ့စည်းတည်ဆောက်ပုံပိုင်း ဗဟုဝါဒကို ခုံရုံးက နှိုင်းချင့်သည် မနှိုင်းချင့်သည်ကို လေ့လာရာတွင် ရှုပ်ထွေးစေသည့် အကြောင်းအရာ ဖြစ်သည်။ အမှု၏ အချက်အလက်များအတွက် အထက်ပါ အခြေခံမူနှစ်ရပ်စလုံးကို အသုံးပြုခြင်းဖြင့် ပိုမို စိစစ်ရန် ထိုက်တန်သည့် လူ့အဖွဲ့အစည်း၏ သီးသန့် အစိတ်အပိုင်းများကို ခုံရုံးက အသားပေးဖော်ပြသည်။ ဆွေးနွေးလျက်ရှိသည့် အကြောင်းအရာဖြစ်သော ထုတ်လွှင့်သူသည် မော်လ်ဒိုဗာနိုင်ငံတွင် တပြည်လုံးလွှမ်းခြုံသည့် တခုတည်းသော ထုတ်လွှင့်ရေး ဖြစ်ကြောင်းကို ခုံရုံးက မှတ်သားခဲ့သည်။ ထို့အပြင် ဖဂ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူ အများစုသည် အခြားသော မီဒီယာပုံစံများကို ထိထိရောက်ရောက် လက်လှမ်းမီ မရရှိသည်ကိုလည်း ခုံရုံးက မှတ်သားပါသည်။ နိုင်ငံ့ ဒီမိုကရေစီစနစ် အချက်အချာအတွက် မှန်ကန်တိကျပြီး ဘက်မျှသည့် သတင်းများ၏ အရေးပါပုံကို အသားပေးလျက် ထုတ်လွှင့်ရေး လက်လှမ်းမီ ရရှိမှု စီမံပေးမည့် အားကောင်းခိုင်မာသော လုပ်ဆောင်ရမည့် တာဝန်ကို ခုံရုံးက ဂရုပြုပါသည်။ သို့သော် လုပ်ဆောင်ရန်တာဝန်ရှိခြင်းတွင် မည်သည့်အရာ ပါဝင်သည်ကိုမူ အသေးစိတ် ဖော်ပြထားပေ။[၂၀၉] ထို့အစား ဥပဒေစံနှုန်းများနှင့် ဥပဒေမူဘောင်ရေးဆွဲဖွံ့ဖြိုးရေး အခြေအနေတွင် ၎င်း၏ လုပ်ဆောင်ရမည့် တာဝန်များကို လေးစားလိုက်နာမှုအကြောင်းကို ခုံရုံးက ဆွေးနွေးခဲ့သည်။ ထုတ်လွှင့်ရာတွင် နိုင်ငံရေးအရတားမြစ်ချက်နှင့် ထိန်းချုပ်မှုများမှ အမှီအခိုကင်းကြောင်း သေချာစေရေးအတွက် ဖြစ်သည်။[၂၁၀] IACtHR ၏ *Kimel v. Argentina* သည် ECtHR ၏ ချဉ်းကပ်နည်းကို အထောက်အပံ့ပေးကြောင်း ထင်မြင်ရနိုင်သည်။ ၎င်း၏ စီရင်ချက်တွင် ခုံရုံးက ဖော်ပြခဲ့သည်မှာ -

> ဒီမိုကရေစီ လူ့အဖွဲ့အစည်းတွင် လွတ်လပ်စွာတွေးခေါ်ခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့်၏ အရေးပါပုံအရနှင့် လူမှုဆက်သွယ်ရေးနယ်ပယ်ရှိ ပညာရှင်များအတွက် ဖြစ်ပေါ်စေသော တာဝန်ကြီးအရ သတင်းအချက်အလက် ဖြန့်ချိရေးအပေါ် နိုင်ငံအနေဖြင့် တားမြစ်ချက်များကို နည်းပါးအောင်ပြုလုပ်သည်သာမက သာတူညီမျှ စည်းမျဉ်းများကို များနိုင်သမျှ အများဆုံး ချဲ့ထွင်ရပေမည်။ ဗဟုဝါဒကို အားပေးမြှင့်တင်လျက် သတင်းအချက်အလက် ပုံစံ အမျိုးမျိုးအကြောင်း ပြည်သူ့ရေးရာ ဆွေးနွေးပွဲတွင် ပူးပေါင်းပါဝင်စေရန် အတွက် ချဲ့ထွင်ရမည် ဖြစ်သည်။ အကျိုးဆက်အားဖြင့် သတင်းအချက်အလက် စီးဆင်းမှုကို သာတူညီမျှမှုဖြင့် ထိန်းညှိရမည်။ ဤသတ်မှတ်ချက်များအောက်တွင် မီဒီယာ၏ လုပ်ပိုင်ခွင့်အာဏာကို ကြံ့တွေ့ရသူများ၏ လူ့အခွင့်အရေး အကာအကွယ်ပေးခြင်းဖြင့် ရှင်းပြသွားရန် ဖြစ်သည်။ ထို့အပြင် အယူအဆများကို အညီအမျှ ထုတ်ဖော်တင်ပြမှုကို ခွင့်ပြုပေးသည့် ဖွဲ့စည်းတည်ဆောက်ပုံပိုင်း အခြေအနေများကို သေချာစေမည့် အားထုတ်မှုကိုလည်း ရှင်းပြသွားရန် ဖြစ်သည်။[၂၁၁]

---

[၂၀၉] *Manole* (n. 170), para. 108.

[၂၁၀] ibid., para. 109.

[၂၁၁] *Kimel* (n. 203) အပိုဒ် (၅၇)၊ အခန်း (၃-၃)၊ အခန်း (၂-၂)

စီရင်ချက်၏ ဤစာပိုဒ်ကို ပြန်လည် ကိုးကားလျက် ဒီမိုကရေစီစနစ်အတွက် အတွင်းပိုင်း ဗဟုဝါဒ၏ ကိုက်ညီဆီလျော်မှုနှင့် ၎င်းကို သေချာစေရေး နိုင်ငံ၏ လုပ်ဆောင်ရမည့် တာဝန်အပေါ် တရားသူကြီး Diego Garcia-Sayan က ထပ်မံ၍ အသေးစိတ် ရှင်းလင်းထားပါသည်။ သူက ခုခံဆွေးနွေးထားသည်မှာ-

> ဘက်မညီ အနေအထားတွင် မီဒီယာ၏ အချက်အလက်အသုံးပြု အခွင့်အာဏာဖြင့် လူတဦးချင်းစီ၏ အခွင့်အရေးများကို တခါတရံ ချိုးဖောက်သည့် လူအဖွဲ့အစည်းများအတွင်း ဆီလျော်ကိုက်ညီမှု တိုးမြှင့်လာသည့် ကိစ္စရပ်ဖြစ်ပါသည်။ စီရင်ချက်တွင် ဖော်ပြထားသကဲ့သို့ပင် ဘက်မျှစေရန် နိုင်ငံက ရှာဖွေရမည် ဖြစ်သည်။ စီရင်ချက်တွင် ရှင်းရှင်းလင်းလင်း ယူဆထားသကဲ့သို့ပင် လူတဦး၏ ဂုဏ်သိက္ခာကို အကာအကွယ်ပေးသည့် အခွင့်အရေး သေချာစေရေးအတွက်သာမက နိုင်ငံသည် ၎င်း၏ အခွင့်အရေးကို ကျင့်သုံးနိုင်ရေး အလို့ငှာ ဖြစ်သည်။ ဒီမိုကရေစီ လူအဖွဲ့အစည်းတွင် ရာဇဝတ်မှုဆိုင်ရာ တာဝန်ရှိမှု အပါအဝင် တရားရေး စီမံအုပ်ချုပ်မှုက စီမံထားသည့် ယန္တရားများကို မျှတမှုရှိခြင်းနှင့် ကျိုးကြောင်းဆီလျော်မှုရှိခြင်းဆိုင်ရာ သင့်လျော်သည့်မူဘောင်အတွင်း အသုံးပြုနိုင်ပေသည်။ ထို့အပြင် ဒီမိုကရေစီ လူအဖွဲ့အစည်းတွင် ဖြစ်ပေါ်နေသည့် လူအခွင့်အရေးတစုံလုံးအတွက် လေးစားမှုကိုလည်း အသုံးပြုနိုင်ပေသည်။[၂၁၂]

လူမှုစီးပွားမညီမျှမှုကို ကိုင်တွယ်ဖြေရှင်းရာတွင် နိုင်ငံ၏ အခန်းကဏ္ဍအကြောင်း တရားသူကြီး Diego Garcia-Sayan ၏ ခုခံချေပချက်သည် လုပ်ပိုင်ခွင့်၏ အရေးပါမှုအကြောင်း Dröge ၏ ခုခံချေပချက်နှင့် ကိုက်ညီပါသည်။ လူ့အခွင့်အရေးဆိုင်ရာ ဥရောပခုံရုံးအခြေအနေအတွင်း ပြောဆိုသည့်တိုင်အောင် ဖြစ်ပါသည်။ Dröge က အောက်ပါ အတိုင်း ရေးသားထားပါသည်-

> တာဝန်များ၏ လွှမ်းခြုံနယ်ပယ်သည် ချိုးဖောက်ခြင်း၏ မူလအစအပေါ် မူမတည်ဘဲ လူတဦးချင်းစီ အပေါ်ရှိ သက်ရောက်မှုအပေါ် မူတည်နေကြောင်းကို အလေးထား ဖော်ပြရန် [.....] အရေးကြီးပါသည်။ နိုင်ငံ၏ လိုလားချက်များသည် လူတဦးချင်းစီ၏ လွတ်လွတ်လပ်လပ် ရွေးချယ်မှုကို ပို၍ ယုတ်လျော့စေပါသည်။ အခြေခံအားဖြင့် လုပ်ဆောင်ရမည့် တာဝန်များသည် လုပ်ပိုင်ခွင့်ကို ထိန်းသိမ်းခြင်း သို့မဟုတ် ဆက်လက်တည်မြဲစေခြင်းအတွက် အမြဲရည်ရွယ်ထားပါသည်။[၂၁၃]

ယခုအခန်း၏ အကြောင်းအရာတွင် ဤအချက်က သိသာထင်ရှားပါသည်။ အဘယ့်ကြောင့်ဆိုသော် ကျေးလက်ပြည်သူများကို လူဦးရေအားလုံး၏ အစိတ်အပိုင်းတရပ်အဖြစ် နိုင်ငံသည် ဦးစားပေးရန်ကိုလည်း ပူးတွဲကြေညာစာတမ်းက အလေးထားပါသည်။ စည်းမျဉ်းစည်းကမ်းများ သို့မဟုတ် သတင်းအချက်အလက် သာတူညီမျှ

---

[၂၁၂] *Kimel* (n. 203), Concurring Opinion of Judge Diego Garcia-Sayan, အပိုဒ် (၁၁)၊ အခန်း (၃-၃)၊ အခန်း (၂-၂)

[၂၁၃] Dröge (n. 31) 389.

လက်လှမ်းမီရရှိရေး မူဝါဒများနှင့် အစီအမံများမှတဆင့် အင်တာနက် လူတိုင်း လက်လှမ်းမီ သုံးစွဲခွင့်ကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်သည့်အခါတွင် ဖြစ်သည်။[၂၁၄]

အခြေခံအဆောက်အဦကို တားမြစ်ချက်များသည် အကြောင်းအရာပိုင်း တားမြစ်ချက်များကိုလည်း မည်သို့ဖြစ်ပေါ်စေသည်ကို ခုံရုံးက ကိုင်တွယ်ဖြေရှင်းသည်။ ထို့ကြောင့် လွတ်လပ်စွာထုတ်ဖော်တင်ပြ ပြောဆိုခွင့် ကျင့်သုံးပုံအပေါ် တားမြစ်ချက်များ၏ သက်ရောက်မှုအရ အသေအချာစိစစ်ခြင်းကို လိုအပ်ပါသည်။ ဥပမာအားဖြင့် လျှောက်လဲသူ၏ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်များကို အီတလီနိုင်ငံက ချိုးဖောက်ကြောင်း *Centro Europa* တွင် ခုံရုံးက ယူဆခဲ့ပါသည်။ ဤအမှုတွင် လျှောက်လဲသူကုမ္ပဏီသည် ထုတ်လွှင့်ခွင့်လိုင်စင်ကို ရရှိထားပါသည်။ သို့သော် အမျိုးသား ထုတ်လွှင့်ခွင့် သတ်မှတ်ချက်အစီအစဉ်အရ သတ်မှတ်ထုတ်လွှင့်ကြိမ်နှုန်းများကို ကုမ္ပဏီသို့ ခွဲဝေချထားရန် နိုင်ငံသည် ပျက်ကွက်ခဲ့သည်။[၂၁၅] အခြားအရာများအနက် ဥပဒေစနစ်နှင့် စီမံအုပ်ချုပ်မှု မူဘောင်သည် သဘောတူစာချုပ်၏ ကြိုတင်သိမြင်နိုင်စွမ်း လိုအပ်ချက်နှင့် မကိုက်ညီခဲ့သည့်အပြင် ဒီမိုကရေစီ လူ့အဖွဲ့အစည်းတွင် ကုမ္ပဏီကို ထင်ရှားပြုခြင်းအား ဥပဒေအရ လိုအပ်သလို မကာကွယ်ခဲ့ကြောင်းကိုလည်း ခုံရုံးက သုံးသပ်ခဲ့ပါသည်။[၂၁၆] ဤလိုအပ်ချက်များကြောင့် ကုမ္ပဏီကို ရုပ်မြင်သံကြား ထုတ်လွှင့်ရေးကဏ္ဍတွင် လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းမှ ဟန့်တားခဲ့ပါသည်။ အကျိုးဆက်အားဖြင့် ရုပ်သံကဏ္ဍတွင် ပြိုင်ဆိုင်မှုနှင့် ပြည်သူများမှ သတင်းအချက်အလက် လက်လှမ်းမီ ရရှိမှုတို့တွင် ဆုတ်ယုတ်ခြင်း ဖြစ်ပေါ်လာပါသည်။[၂၁၇]

Manole ရှိ ရုပ်သံကဏ္ဍတွင် ဗဟုဝါဒနှင့် စပ်လျဉ်းသည့် တူညီသည့် ယေဘုယျ အခြေခံမူများကို ဤအမှုတွင် အလေးထားခဲ့ပါသည်။ သို့ရာတွင် လုပ်ဆောင်ရန်တာဝန်များအကြောင်း ပိုမို အသေးစိတ် သရုပ်ဖော်ချက်ကို ခုံရုံးက နောက်ထပ် ထည့်သွင်းလိုခဲ့သည်။ သင့်လျော်သည့် ဥပဒေမူဘောင်တရပ်ကို စီမံပေးသည့် လုပ်ဆောင်ရမည့် တာဝန် တခုတည်းထက် ပို၍ ကျယ်ပြန့်သော လုပ်ဆောင်ရန်တာဝန်များ ဖြစ်သည်။[၂၁၈] နမူနာအားဖြင့် နိုင်ငံ၏ လုပ်ဆောင်ရန်တာဝန်တခုကို လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် အခြေခံမူများ၏ အစိတ်အပိုင်းအဖြစ် ထည့်သွင်းခဲ့ပါသည်။ ထိရောက်သည့် ဗဟုဝါဒကို အာမခံချက်ပေးရန် ဆီလျော်သည့် ဥပဒေစနစ် နှင့် စီမံအုပ်ချုပ်မှု မူဘောင်ကို ချမှတ်ရန် တာဝန်ဖြစ်သည်။[၂၁၉] ဤတာဝန်ကို ဖော်ထုတ်ရာတွင် မီဒီယာဗဟုဝါဒနှင့် မီဒီယာ အကြောင်းအရာ အမျိုးစုံလင်မှုဆိုင်ရာ ၂၀၀၇ ခုနှစ် ဝန်ကြီးများကောင်စီ၏ အကြံပြုချက်ကို ခုံရုံးက အောက်ပါအတိုင်း သုံးသပ်ခဲ့ပါသည်-

> အယူအဆများနှင့် အမြင်သဘောထားများသာမက အမျိုးစုံလင်သည့် ယဉ်ကျေးမှုကို မတူကွဲပြားစွာ ထုတ်ဖော်တင်ပြမှုများကို တက်တက်ကြွကြွ မြှင့်တင်ရန်နှင့် အကာအကွယ်ပေးရန်အလို့ငှာ မီဒီယာ

---

[၂၁၄] အခန်း (၂-၂)၊ (၂-၃)၊ (၂-၄)၊ အခန်း (၆-၃)၊ (၆-၄)၊ (၆-၅) ကို ကြည့်ပါ။

[၂၁၅] *Centro Europa 7 S.R.L and Di Stefano v. Italy* ECHR 2012, para. 9.

[၂၁၆] ibid., paras 135 and 156–8.

[၂၁၇] ibid., paras 156–8.

[၂၁၈] ibid., para. 156.

[၂၁၉] ibid., para. 134.

ပိုင်ဆိုင်ခွင့်နှင့် အထူးပင် စပ်လျဉ်း၍ တည်ဆဲ စည်းမျဉ်းမူဘောင်များကို အဖွဲ့ဝင်နိုင်ငံများက လိုက်လျောညီထွေအောင် ဆောင်ရွက်ရမည်။ ထို့အပြင် မီဒီယာပွင့်လင်းမြင်သာမှုနှင့် ဖွဲ့စည်းတည်ဆောက်မှုပိုင်း ဗဟုဝါဒကိုသာမက ဖြန့်ဖြူးသည့် အကြောင်းအရာ အမျိုးစုံလင်မှုကို အာမခံချက်ပေးရန်အလို့ငှာ တိုက်တွန်းထားသည့် စည်းမျဉ်းနှင့် ဘဏ္ဍာရေးဆိုင်ရာ အရေးယူဆောင်ရွက်ချက်များကိုလည်း ချမှတ်ရမည်။[JJ၀]

ဥရောပကောင်စီ၏ ဝန်ကြီးများကော်မတီတွင် ဖော်ပြထားသည့် ဗဟုဝါဒနှင့် မီဒီယာ အမျိုးစုံလင်မှု၏ အခြေခံမူများကို ထည့်သွင်းပေါင်းစပ်လျက် ထိန်းကွပ်ကြပ်မတ်မည့် ကောင်းစွာသိရှိထားပြီးဖြစ်သော တာဝန်တရပ် ရှိကြောင်း အမှုနှစ်ရပ်စလုံးက ရှင်းရှင်းလင်းလင်း ဖော်ပြသည်။

Manole နှင့် *Centro Europa* အကြားရှိ ဤအချက်အလက် ကွာခြားချက်များသည် အပိုဒ် (၁၀) ကို ချိုးဖောက်ခြင်း တွေ့မြင်ရကြောင်း ပို၍ မသိမသာကွဲပြားသည့် လေ့လာဆန်းစစ်ချက်ကို ခုံရုံးမှ ချမှတ်ခွင့်ပြုခဲ့ပါသည်။ တားမြစ်ချက်ရှိပြီး ရိုးစင်းသည့် ဘက်မျှမှုစမ်းသပ်ချက်ကို အသုံးပြုမည်လားကို ခုံရုံးက လေ့လာထားသည့် *Manole* နှင့် မတူသည်မှာ *Centro Europa* တွင် လျှောက်လဲသူကုမ္ပဏီ၏ 'သတင်းအချက်အလက်နှင့် အယူအဆများ ပေးပို့' ခွင့်ကို အစိုးရအာဏာပိုင်များက တားမြစ်ခြင်းရှိမည်လားကို ကနဦး လေ့လာဆန်းစစ်ခဲ့ပါသည်။ အကယ်၍ တားမြစ်ချက်ရှိပါက တားမြစ်ချက်သည် 'ဥပဒေဖြင့် ပြဋ္ဌာန်းထားခြင်း' ဖြစ်ကြောင်း၊ ဥပဒေရည်ရွယ်ချက်တရပ် သို့မဟုတ် ထို့ထက်ပို၍ ရရှိစေမည်လားနှင့် ၎င်းရည်ရွယ်ချက်များ ပြည့်မီရန်အတွက် 'ဒီမိုကရေစီ လူ့အဖွဲ့အစည်းတွင် လိုအပ်' မည်လားတို့ကိုလည်း ဦးစွာ လေ့လာဆန်းစစ် ပါသည်။[JJ၁] အပိုဒ် (၁၀) အောက်ရှိ တားမြစ်ချက်အတွက် မလုပ်ဆောင်ရမည့် တာဝန်များနှင့် ဝေဖန်သုံးသပ်ချက်များအတွက် လေ့လာဆန်းစစ်ရန်အလို့ငှာ ဤသည်က စံပြမူဘောင် ဖြစ်ပါသည်။[JJJ]

တားမြစ်ချက် ရှိကြောင်း လေ့လာရာတွင် ရုပ်သံလိုင်းများစွာ ရှိစေရန် သို့မဟုတ် သီအိုရီပိုင်း ဖြစ်နိုင်ခြေအတွက် ရိုးရိုးစင်းစင်း စီမံရန် မလုံလောက်ကြောင်း ခုံရုံးက ဖော်ပြခဲ့ပါသည်။ အလားအလာရှိသော ထုတ်လွှင့်သူများတွင် ရုပ်သံစွေးကွက်ကို လက်လှမ်းမီ ရရှိခွင့် ရှိနိုင်ကြောင်း သီအိုရီဆိုင်ရာ ဖြစ်နိုင်ခြေ ပါဝင်သည်။[JJ၃] ဤနေရာတွင် နိုင်ငံ၏ မှားယွင်းသည့် ပေယျာလကန်ပြုခြင်းကို ခုံရုံးက ဖော်ပြခဲ့သည်။[JJ၄] ဒုတိယအနေဖြင့် နိုင်ငံမှ စွေးကွက်ကို ထိထိရောက်ရောက် လက်လှမ်းမီ ရရှိခွင့်ပြုရန် လိုအပ်ချက်ကို ခုံရုံးက အလေးထားခဲ့သည်။ ခုံရုံးအရဆိုသော် အစီအစဉ်အကြောင်းအရာ၏ လွှမ်းခြုံအမျိုးစုံလင်မှုအတွက် စီမံပေးရမည့် နိုင်ငံ၏ တာဝန်များနှင့် ဆက်စပ်၍ 'ထိရောက်မှု' ကို ဖွင့်ဆိုခဲ့သည်။ အစီအစဉ်များက ဦးတည်ထားသည့် လူ့အဖွဲ့အစည်းတွင် တွေ့မြင်ရသည့် အမြင်သဘောထားစုံလင်များပြားမှုကို ဖြစ်နိုင်သမျှ ထင်ဟပ်ပြလျက် ဖွင့်ဆိုခဲ့ပါသည်။ သို့ဖြစ်၍

JJ၀ ibid.

JJ၁ ibid., para. 135.

JJJ Dröge (n. 31) 390.

JJ၃ *Centro Europa* (n. 215), para. 130.

JJ၄ Dröge (n. 31) 380.

ဤတာဝန်ရှိမှုကို လက်တွေ့ကျကျ ထွက်ပေါ်လာမည့် ရလဒ်အရ နိုင်ငံမှ အကောင်အထည်ဖော်ရန် အရေးယူ ဆောင်ရွက်ချက်များ၏ အကျိုးရှိထိရောက်မှုကို ခုံရုံးက လေ့လာခဲ့ပါသည်။ ဤအမှုရှိ ခုံရုံး၏ ချဉ်းကပ်နည်းသည် ယခုအခန်း၏ ရှေ့ပိုင်းတွင် ဖော်ပြထားသည့် လုပ်ဆောင်ရမည့် တာဝန်အတွက် Dröge ၏ မူဘောင်ကို အထောက် အပံ့ပြုပါသည်။ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် အမှန်တကယ် ဖြစ်ပေါ်လာရေးအတွက် နိုင်ငံ၏ အကာအကွယ်ပေးရမည့် တာဝန်ကို ခုံရုံးက သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။ ထို့အပြင် အာမခံသူအဖြစ် ၎င်း၏ အခန်းကဏ္ဍအရ နိုင်ငံသည် ၎င်း၏ မှားယွင်းသည့် ပေယျာလကန်ပြုမှုကို ပြင်ဆင်ရမည် ဖြစ်သည်။ ထို့အပြင် အပြုသဘောလုပ်ဆောင်ချက်များ လိုအပ်သည့် အထောက်အပံ့ကိုလည်း စီမံပေးရမည်။[၂၂၅] သို့ရာတွင် ၎င်း၏ စီရင်ချက်သည် တိကျသည့် အရေးယူဆောင်ရွက်ချက်များ ရှိသည်ဟု မဆိုလိုကြောင်း ခုံရုံးက ရှင်းရှင်းလင်းလင်း အသိအမှတ်ပြုခဲ့သည်။ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် အာမခံချက်များကို ဖြည့်ဆည်းရန်အလို့ငှာ ဆောင်ရွက်ရန် လိုအပ်သည့် နည်းပညာနှင့် ငွေကြေးအရင်းအမြစ်များကို နိုင်ငံမှ ချမှတ်သုံးစွဲရန် ညွှန်ဆိုသည့် အသေးစိတ် အရေးယူဆောင်ရွက်ချက်များ ဖြစ်သည်။ ဤအမြင်ဖြင့် နိုင်ငံပိုင် ထုတ်လွှင့်ရေးစနစ်ကို နိုင်ငံမှ ချမှတ် ကျင့်သုံးရန် ခုံရုံးအနေဖြင့် မလိုအပ်ပေ။ ထို့ကြောင့် စနစ်တခု ဖန်တီးသည့် တာဝန် ပျက်ကွက်ခြင်းကို ခုံရုံးက ရပ်တန့်ခဲ့ပြီး *Mustafa* နှင့် *Frasila* အမှုအကြားရှိ ခြားနားချက်ဖြစ်သည့် ဥပဒေစည်းမျဉ်းအရ အာမခံချက် ပေးခြင်းအပေါ် အလေးထားခဲ့သည်။ *Manole* တွင် အစိုးရ ဝန်ဆောင်မှု ထုတ်လွှင့်ရေးရှိရမည်ဖြစ်သည်ဟု ပြောကြားရန် ခုံရုံးကို ကန့်သတ်ထားသည့် ငွေကြေး သို့မဟုတ် နည်းပညာဆိုင်ရာ အလေးထားစရာကိစ္စများအကြား ပိုင်းခြားချက်ကိုလည်း ပေးပါသည်။ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ဆိုင်ရာ တည်ဆဲ စည်းမျဉ်းဆိုင်ရာ ဆွေးနွေးချက် အခြေအနေတွင် ဤစီရင်ထုံးဥပဒေကို ထည့်သွင်းခြင်းဖြင့် လူတိုင်းအတွက် အဆီးအတားမရှိ ညီမျှသည့် အင်တာနက်အပေါ် နိုင်ငံ၏ ကျင့်သုံးပုံ ဆင့်ကဲတိုးတက်ခြင်းကို လေ့လာသင့်ပါသည်။ နိုင်ငံ၏ ကျင့်သုံးပုံ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လူတိုင်းအတွက် အဆီးအတားမရှိ ညီမျှသည့် အင်တာနက်ဆိုင်ရာ စည်းမျဉ်း မူဘောင်များကို နိုင်ငံများ၏ လုပ်ဆောင်ရမည့် တာဝန်တရပ်အဖြစ် ယူဆနိုင်ခြေ ရှိသည်။ လူတိုင်းအတွက် အဆီးအတားမရှိ ညီမျှသည့် အင်တာနက်ဆိုင်ရာ စည်းမျဉ်းမူဘောင်များသည် တိကျသည့် ကုမ္ပဏီများအတွက် အရေးယူဆောင်ရွက်ချက်များ (ဆိုလိုသည်မှာ ထုတ်လွှင့်ရေး စနစ်) မပါဝင်ပေ။ သို့သော်ငြား အင်တာနက်၏ ပြည်သူ့ရေးရာ ဝန်ဆောင်မှုတန်ဖိုးကို လည်ပတ်လုပ်ဆောင်ရန် ကုမ္ပဏီများအတွင်းရှိ မူဘောင်တခုကိုသာ လိုအပ်သည်။ ထိုကုမ္ပဏီများအတွက် အရေးယူဆောင်ရွက်ချက်များ မပါဝင်သည့် အတိုင်းအတာအရ လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်အာမခံချက်များကို သေချာစေမည့် နိုင်ငံ၏ လုပ်ဆောင်ရမည့် တာဝန်များတွင် ပါဝင်သည့် အစိတ်အပိုင်းဖြစ်လာရန်လိုအပ်သည်။ ထို့ကြောင့် လူတိုင်းအတွက် အဆီးအတားမရှိ ညီမျှသည့် အင်တာနက်ကဲ့သို့ စည်းမျဉ်းများသည် တဖြည်းဖြည်း ဖွံ့ဖြိုးလာရပေမည်။ စည်းမျဉ်းများအပြင် ဤစည်းမျဉ်းများကို ဖန်တီး၍ အသက်ဝင်အောင် ပြုလုပ်ရာတွင် အသုံးပြုရမည့် သို့မဟုတ် သုံးစွဲရမည့် နိုင်ငံ၏ ငွေကြေးနှင့် နည်းပညာ အရင်းအမြစ်များကိုလည်း စောင့်ကြည့်လေ့လာရမည်။ နိုင်ငံက တာဝန်ယူရမည့် 'ဝန်ထုပ်ဝန်ပိုးများ' ကို လေ့လာ ဆန်းစစ်ရန် ဖြစ်သည်။ လူတိုင်းအတွက် အဆီးအတားမရှိ ညီမျှသည့် အင်တာနက်ကဲ့သို့ စည်းမျဉ်းများကို အကောင်

---

[၂၂၅] ဤအခန်း၏ စာမျက်နှာ (၈) ကို ကြည့်ပါ။ Dröge (n. 31) 380 အခန်း (၆-၅)

အထည်ဖော်ရန် လိုအပ်သည့် အရင်းအမြစ်များသည် မြင့်မားပါက သို့မဟုတ် အချိုးညီမျှခြင်း မရှိပါက လူတိုင်းအတွက် အဆီးအတားမရှိ ညီမျှသည့် အင်တာနက်ဆိုင်ရာ စည်းမျဉ်းများသည် နိုင်ငံမှ အကောင်အထည်ဖော်ရန် တာဝန်တရပ်အဖြစ် ဖြစ်နိုင်ခြေနည်းပါးပါသည်။ သို့ရာတွင် ကုန်ကျစရိတ်များ ကျဆင်းလာပြီး ဤစည်းမျဉ်းပုံစံများကို နိုင်ငံများက ပို၍ အကောင်အထည်ဖော်လာသည့်အတွက် လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့် အာမခံချက်များ၏ နယ်ပယ်အတွင်း ဤစည်းမျဉ်းပုံစံများကို ထည့်သွင်းပေါင်းစပ်နိုင်ခြေ ပိုမို များပြားလာပါသည်။

လျှောက်လဲသူ၏ ဝက်ဆိုက်အကြောင်း ရည်ညွှန်းထားသည့် ကြော်ငြာပိုစတာကို အများပြည်သူဆိုင်နေရာတွင် ပြသမှုအပေါ် နိုင်ငံတားမြစ်ချက်၏ တရားဝင်မှုကို ခုံရုံးက လေ့လာဆန်းစစ်ထားသည့် *Mouvement Raëlien Suisse v. Switzerland* အမှုသည် *Manole* နှင့် *Centro Europa* တွင် သက်သေပြထားသည့်အတိုင်း လုပ်ဆောင်ရမည့် တာဝန်များကို အင်တာနက်အတွက် ထည့်သွင်းရန် အခွင့်အရေးဖန်တီးပေးသည်။[JJ၆] အခြားမီဒီယာအတွက် ခုံရုံး၏ ချဉ်းကပ်နည်းနှင့် ကွဲပြားလျက် တရားသူကြီး Albuquerque ၏ ကွဲပြားသည့် အမြင်သဘောထား စာတမ်းတွင် အင်တာနက်၏ ထူးခြားသည့် ဝိသေသနှင့် ပြောဆိုချက်၏ သဘောသဘာဝအပေါ် ၎င်း၏ သက်ရောက်မှုကို လေ့လာဆန်းစစ်ခဲ့ပါသည်။ သတင်းအချက်အလက် မီဒီယာရှိ ဆက်သွယ်ရေးနည်းလမ်းကို လူတဦးချင်းစီ လက်လှမ်းမီ ရရှိခွင့်၏ အရေးပါမှုအတွက် ပိုမို အားကောင်းသည့် ခုခံချေပချက်ကို လမ်းဖွင့်ပေးပါသည်။[JJ၇] *အခြားအရာများအနက်* အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကို ဗဟုဝါဒ အာမခံချက်ပေးသူအဖြစ် နိုင်ငံ၏ တာဝန်များနှင့် သူက ချိတ်ဆက်ခဲ့ပြီး အင်တာနက်၏ အရေးပါပုံကို *ပြိုင်ဘက်ကင်း* ပြည်သူ့ဖိုရမ် တခုအဖြစ် အလေးထားခဲ့သည်။[JJ၈] သို့ဖြစ်၍ အင်တာနက်မှတဆင့် ဖြန့်ချိသည့် သတင်းအချက်အလက်များနှင့် စပ်လျဉ်း၍ ပို၍ ကျဉ်းမြောင်းသည့် လုပ်ပိုင်ခွင့်နယ်ပယ်ကို နိုင်ငံအား ပေးအပ်ခြင်း ဖြစ်သည်။[JJ၉] စိတ်ဝင်စားဖွယ်ကောင်းသည်မှာ သမိုင်းတလျှောက် အဆီးအတားမရှိ အင်တိုက်အားတိုက် အဖြစ်ဆုံး ကွန်ယက်ဖြစ်သည့် အင်တာနက်၏ ထူးခြားဝိသေသကို ခုံရုံး၏ ရုပ်သံမီဒီယာ အရေးပါမှုအပေါ် အသိအမှတ်ပြုမှုနှင့် ပေါင်းစပ်၍ တရားသူကြီး Albuquerque က ချီးမွမ်းပါသည်။ လူတဦးချင်းစီကို ၎င်းတို့ကိုယ်ပိုင် အိမ် အနီးအနားဝန်းကျင်သို့ ရောက်ရှိနိုင်စွမ်း ရှိပြီး 'ပြည်သူများ၏ စုရုံးရာနေရာ' ၏ အစဉ်အလာ အရေးပါမှု ရရှိနိုင်စွမ်းကို ရုပ်သံမီဒီယာများမှတဆင့် ရရှိခြင်းကြောင့် ဖြစ်သည်။[JၨO] 'မြို့ပြတခု၏ လမ်းများနှင့် ပန်းခြံများသည် သမိုင်း အစဉ်အလာအရ ပြည်သူများအတွက် စံပြလောက်ဖွယ်နေရာဖြစ်ပါက အင်တာနက်သည် ယနေ့ခေတ်၏ ကမ္ဘာလုံးဆိုင်ရာ အယူအဆများ ရရှိနိုင်သည့် နေရာ

[JJ၆] *Mouvement* (n. 34), Dissenting opinion Albuquerque, Nature of Speech.

[JJ၇] ibid.

[JJ၈] ibid; J.M. Balkin, 'Old-School/New-School Speech Regulation' (2014) 127 *Harvard Law Review* 7 ကိုလည်း ကြည့်ပါ။ ဥရောပခုံရုံးသည် ထုတ်လွှင့်သည့်ကြိမ်နှုန်းများကို ပြည်သူ့ရေးရာ ဆွေးနွေးပွဲအဖြစ် မရှုမြင်သော်ငြား အမေရိကအခြေအနေတွင် ဆွေးနွေးထားပါသည်။

[JJ၉] *Mouvement* (n. 34), Dissenting opinion Albuquerque, Nature of Speech.

[JၨO] ibid.

ဖြစ်ကြောင်း' ကို သူက အခိုင်အမာဆိုပါသည်။[၂၃] အင်တာနက်မှ စီမံပေးသည့် ဤအရေးပါသည့် ပြည်သူ့ရေးရာ ဝန်ဆောင်မှု၏ ရလဒ်အဖြစ် သူက ခုခံပြောဆိုသည်မှာ-

> အသုံးပြုသူများသည် ၎င်းတို့ ရွေးချယ်သည့် အင်တာနက်အခြေပြု အကြောင်းအရာ၊ အသုံးပြုမှုများနှင့် ဝန်ဆောင်မှုများကို ၎င်းတို့ရွေးချယ်သည့် ပစ္စည်းကိရိယာများကို အသုံးပြု၍ ဖြစ်နိုင်ခြေ အများဆုံး လက်လှမ်းမီ သုံးစွဲခွင့်ရရှိရမည် ဖြစ်သည်။ ၎င်းတို့သည် ငွေကြေးကုန်ကျစရာမလိုဘဲ အလကားဖြစ်စေ အလကား မဟုတ်သည်ဖြစ်စေ သုံးစွဲခွင့် ရရှိစေရမည်။ လူတိုင်းအတွက်အဆီးအတားမရှိ ညီမျှသည့် အင်တာနက်၏ ဤအခြေခံမူကို အစိုးရနှင့် ပုဂ္ဂလိက အင်တာနက်ဆိုင်ရာ သက်ဆိုင်သူများ (အင်တာနက် စီမံပေးသူများ၊ အကြောင်းအရာ မျှဝေသည့် ဆက်သွယ်ရေးနည်းလမ်းများ၊ ရှာဖွေရေးအင်ဂျင်များ) အပေါ် မြင်းဆန်ရန် တာဝန်ရှိမှုကို ပြဋ္ဌာန်းပါသည်။ ထို့အပြင် အင်တာနက်လက်လှမ်းမီ သုံးစွဲရာတွင် ခွဲခြား ဆက်ဆံမှုရှိသည့်ပုံစံ အဆုံးသတ်ရေးကိုလည်း ပြဋ္ဌာန်းပေးသည်။ အသုံးပြုသူများ၏ သတင်းအချက် အလက်လွတ်လပ်ခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို ချိုးဖောက်မှုများအတွက် သက်ဆိုင်သူများအားလုံးတွင် တာဝန်ရှိကြောင်း သေချာစေမည့် နောက်ထပ် တာဝန်သည်လည်း အစိုးရများတွင် ရှိစေပါသည်။[၂၄]

အွန်လိုင်းပေါ်တွင် လွတ်လပ်စွာထုတ်ဖော်တင်ပြခွင့်နှင့် သတင်းအချက်အလက် လက်လှမ်းမီ ရရှိခွင့် ဖြည့်ဆည်းခြင်း၏ အစိတ်အပိုင်းတရပ်အဖြစ် ဖွဲ့စည်းတည်ဆောက်ပုံပိုင်းသာမက အတွင်းပိုင်း ဗဟုဝါဒ သေချာစေရေးနှင့် ဆက်စပ်သည့် အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်ကို တရားသူကြီးက ဤနေရာတွင် ချဉ်းကပ်ပါသည်။ လက်လှမ်းမီ ရရှိခွင့်သည် ဤနေရာတွင် အကြွင်းမဲ့မဟုတ်ပေ။ အကြံပြုသည်မှာ မည်သည့် ငြင်းဆန်ချက်မျှ မဟုတ်ဘဲ ခွဲခြား ငြင်းဆန်ခြင်းအကြောင်း ဖြစ်သည်။

ဤကွဲပြားသည့်အမြင်သဘောထားစာတမ်းမှတဆင့် အင်တာနက်သည် 'ပြည်သူ့ရေးရာဖို့ရမ်' မည်သို့ ဖြစ်ကြောင်း ပို၍ ရှင်းလင်းတိကျမှုပေးရာတွင် အထောက်အပံ့ပြုသည့် ခုခံချေပချက်ကို ခုံရုံးက အသုံးပြုနိုင် ပေသည်။ သို့ဖြစ်သည့်အတွက် တတိယအင်အားစု၏ တားမြစ်ချက်ကို အကာအကွယ်ပေးရန် လိုအပ်ပေသည်။ ဤကျင့်သုံးပုံအမျိုးအစားသည် ခုံရုံးက သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက် ကျဉ်းမြောင်းစေရေး အခြေအနေအတွင်း *Appleby* တွင် ၎င်းချမှတ်ခဲ့သည်ထက် ပို၍ မသိမသာကွဲပြားသည့် ချဉ်းကပ်နည်းကို ချမှတ်ခွင့် ပြုပါသည်။ Benedek နှင့် Kettemann သည် ခုခံချေပရန် *Appleby* ပါ အချက်အလက်ကို အသုံးပြုခဲ့သည်။ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့် (နှင့် ပုဂ္ဂလိပိုင် လူမှုကွန်ယက်များကို ကာကွယ်ခွင့်နှင့် ပုဂ္ဂလိက ဥပဒေစည်းကမ်းချက်များကို လိုက်နာခွင့်) ကို လက်ခံရန် ခုံရုံး၏ ဆန္ဒသဘောထားကို လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်နှင့် ချိန်ညှိရမည်ကို ခုခံဆွေးနွေးခြင်း ဖြစ်သည်။ ၎င်းတို့က အခိုင်အမာ ပြောဆိုသည်မှာ-

---

[၂၃] ibid., Dissenting opinion Albuquerque, Form of Speech.

[၂၄] ibid., Dissenting opinion Albuquerque, Nature of Interference section (အောက်ခြေမှတ်စုများကို ချန်လှပ်ထားခဲ့သည်).

> လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် လျစ်လျူရှုခြင်းကို ပို၍ များပြားစေသည့် လူမှုကွန်ယက်တွင် ဥပဒေအကြောင်းအရာအချို့ကို ထုတ်ဝေခွင့် ငြင်းဆန်ပါက ပုဂ္ဂလိကကဏ္ဍ (လူမှုကွန်ယက်စီစဉ်သူ) မှ ထုတ်ဖော်တင်ပြခြင်းကို ခွင့်ပြုရန် နိုင်ငံတွင် တာဝန်ရှိပေသည်။ သို့ရာတွင် အခြားလမ်းကြောင်းများ ရှိပြီး လျှောက်လဲသူများသည် ၎င်းတို့၏ အရေးအရာကို ကြားသိစေရန် ပြုလုပ်ခွင့်အား တရားဝင် ငြင်းဆန်မခံရပါက ဥပဒေစည်းကမ်းချက်များသည် မတို့မထိ နဂိုအတိုင်း ဆက်ရှိနေရပေမည်။[၂၃၃]

အခြားလမ်းကြောင်းများ ရှိကြောင်း Benedek နှင့် Kettemann တို့က ရှင်းလင်းအောင် ပြုလုပ်ထားသည့် အတွက် လူမှုမီဒီယာ လက်လှမ်းမီ သုံးစွဲခွင့် ခက်ခဲအောင် ပြုလုပ်ခြင်းအတွက် ခုခံဆွေးနွေးနေစဉ် ၎င်းသည် လက်သင့်ခံဖွယ်ဖြစ်ကြောင်းကိုလည်း ခုခံချေပပါသည်။ 'နောက်ကာလအချိန်တွင် ကုမ္ပဏီတခု သို့မဟုတ် နှစ်ခုသည် လူမှုကွန်ယက်စျေးကွက်တွင် ဝေစုအများစု ရရှိပြီး အမြင်သဘောထားများကို ဖယ်ထုတ်ခြင်းဖြင့် အခွင့်အရေးကို တရားဝင် လျစ်လျူရှုခြင်း များစွာ တိုးပွားလာမည်' ကို ၎င်းတို့က သုံးသပ်ပါသည်။[၂၃၄]

Manole နှင့် *Mustafa* တွင် အလေးထားခဲ့သည့်အတိုင်း အထိခိုက်လွယ် လူအုပ်စုများအတွက် သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက် အခြေအနေအတွင်း *Appleby* နှင့် *Movement Suisse* ကို အသုံးပြုခြင်းဖြင့် နိုင်ငံအတွက် လုပ်ဆောင်ရမည့် တာဝန် ထွက်ပေါ်လာနိုင်ခြေကို ခုံရုံးက တားမြစ် မထားပေ။ အင်တာနက်လက်လှမ်းမီ ရရှိနိုင်စွမ်းမရှိခြင်းကြောင့် အဆိုပါ အထိခိုက်လွယ်လူအုပ်စုများအား ၎င်းတို့၏ လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်ကို ကျင့်သုံးနိုင်ရန်နှင့် ဤပြည်သူ့ရေးရာဖိုရမ်တွင် ပါဝင်ပူးပေါင်းနိုင်ရန် မစွမ်းနိုင်အောင် ဖြစ်စေပါသည်။ ဤအမှုအမျိုးအစားတွင် IACtHR သည် စီရင်ချက်မချမှတ်သော်ငြား အထူး အစီရင်ခံစာတင်သွင်းသူ၏ OAS ရုံးသည် ၂၀၁၃ ခုနှစ် *လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်နှင့် အင်တာနက်* အစီရင်ခံစာတွင် သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက် ကျဉ်းမြောင်းစေရေးကို အကြောင်းအရာ ဗဟုဝါဒ၊ ဒီမိုကရေစီ လူ့အဖွဲ့အစည်းတွင် ပူးပေါင်းပါဝင်ခြင်းနှင့် ပြည်သူ့ရေးရာ ဝန်းကျင်ကို အဆီးအတားမရှိစေခြင်းတို့ သေချာစေရေးနှင့် ချိတ်ဆက်ထားပါသည်။ OAS အစီရင်ခံစာက ဖော်ပြသည်မှာ-

> ပြည်သူ့ရေးရာဆွေးနွေးပွဲတွင် ပါဝင်ပူးပေါင်းနိုင်သည့် ထုတ်ဖော်ပြောဆိုချက်များ၏ အရေအတွက်နှင့် အမျိုးစုံလင်မှုကို ပိုမို တိုးမြှင့်စေခြင်းသည် ဒီမိုကရေစီလုပ်ငန်းစဉ်၏ နည်းလမ်းတရပ်နှင့် ပန်းတိုင် နှစ်ခုစလုံး ဖြစ်ပါသည်။ ဤအမြင်အရ အင်တာနက်မှတဆင့် လွတ်လပ်စွာထုတ်ဖော်တင်ပြ ပြောဆိုခွင့်ကို ကျင့်သုံးရာ၌ ပြီးပြည့်စုံသည့် အာမခံချက်များသည် လက်ရှိတွင် ပြည်သူ့ရေးရာအသိုင်းအဝိုင်းကို လင်းပွင့်အောင် ပြုလုပ်ရန်အတွက် လိုအပ်ချက်တရပ်ဖြစ်ပါသည်။[၂၃၅]

---

[၂၃၃] Benedek and Kettemann (n. 102).

[၂၃၄] ibid.

[၂၃၅] OAS, *Freedom of Expression and the Internet*, Office of the Special Rapporteur for Freedom of Opinion and Expression, Catalina Botero Marino (2013), para. 18,

ဤလုပ်ဆောင်ရမည့် တာဝန်အမျိုးအစားသည် အမှုတခုချင်းစီ၏ အနေအထားများအပေါ် မူတည်၍ အလွန်ပင် ကွာခြားပေလိမ့်မည်။ သို့သော် ဖြစ်နိုင်ခြေများတွင် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်များကို ထိန်းကွပ်ခြင်းဖြင့် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် ရရှိခံစားမှုကို အကာအကွယ်ပေးခြင်း ပါဝင်သည်။ သို့တည်းမဟုတ် လူ့အဖွဲ့အစည်း၏ ဤလူမှုအစိတ်အပိုင်းများအတွက် အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့် သေချာစေမည့် စီမံအုပ်ချုပ်မှု မူဘောင်များ (လူတိုင်းအတွက် အဆီးအတားမရှိ ညီမျှသည့် အင်တာနက်နှင့် ဆက်စပ်သည့် မူဘောင်များလည်း ပါဝင်သည်) ကို စည်းမျဉ်းစည်းကမ်းဖြင့် ထိန်းကွပ်ခြင်းတို့လည်း ပါဝင်သည်။

တရားသူကြီး Albuquerque ၏ မှတ်ချက်များသည် အွန်လိုင်းပေါ်တွင် သတင်းအချက်အလက် အများအပြား ရရှိမှုကိုလည်း ရှင်းရှင်းလင်းလင်း ဖော်ပြထားသည်။ အင်တာနက်အကြောင်း ဆွေးနွေးသည့်အခါတွင် ကြုံတွေ့ရသည့် အမျိုးစုံလင်များပြားမှုသည် ပိုမို တိုး၍ အရေးပါလာသည့် ဗဟုဝါဒ ပုံစံဖြစ်ပါသည်။ နိုင်ငံရေးသိပ္ပံနှင့် မီဒီယာလေ့လာမှုနယ်ပယ်ရှိ ဟောပြောရေးသားသူအချို့သည် အင်တာနက် ပေါ်ထွက်လာမှုကို နောက်ဆုံးပေါ် သတင်းအချက်အလက်ဆက်သွယ်ရေး နည်းလမ်းအဖြစ် ဆွေးနွေးထားသည်။ ၎င်းအင်တာနက်သည် သတင်းအချက်အလက်ဆက်သွယ်ရေးလမ်းကြောင်းများ ရှားပါးမှုမှသည် သတင်းအချက်အလက်အများအပြား လက်လှမ်းမီ ရရှိမှုဆီ အပြောင်းအလဲ ဖြစ်စေပါသည်။[၂၃၆] အင်တာနက်၏ အခြေခံ အဆောက်အဦ – နှင့် ကုမ္ပဏီများသည် ၎င်းကို လက်တလောတွင် တည်ဆောက်လျက်ရှိသည် – သည် တံခါးမှူးအဖြစ် ထိထိ ရောက်ရောက် လည်ပတ်ဆောင်ရွက်နေကြောင်းကိုလည်း အခြားသူများက ခုခံဆွေးနွေးပါသည်။ အချက်အလက် အသုံးပြုသူများမှ မမြင်သာသည့်တိုင်အောင် ဖြစ်သည်။[၂၃၇] ဥပမာအားဖြင့် Napoli က ဆွေးနွေးသည်မှာ-

> အမျိုးစုံလင်များပြားမှုအရ ဤကိစ္စရပ်များကို စိတ်ကူးအယူအဆအဖြစ် ဖန်တီးရန် မအောင်မမြင်ဖြစ်ရခြင်း အတွက် အကြောင်းပြချက်တခု ရှိသည်။ ၎င်းမှာ အရင်းအမြစ်နှင့် အကြောင်းအရာ အမျိုးစုံလင် များပြားမှု၏ ရှိနှင့်ပြီးသား ပန်းတိုင်များအစား ရှာဖွေရေးအင်ဂျင်များကဲ့သို့ ကြားခံဆက်သွယ်ရေး အသစ်များနှင့် စပ်လျဉ်း၍ အလေးထားရမည့်အချက်များမှာ အမျိုးစုံလင် ထိတွေ့မှုနှင့် ပို၍ နီးနွယ်လိုဟန် ရှိသည်။ ဤအမျိုးစုံလင် ထိတွေ့မှုသည် မူဝါဒချမှတ်ရာတွင် ယခုအချိန်ထိ အနည်းအကျဉ်းသာ ဖွဲ့စည်း ပါဝင်နေသေးသည်။ အမျိုးစုံလင် များပြားမှုအရ ဖော်ထုတ်ခြင်း မရှိသေးသည့် ဤကိစ္စရပ် အများ

---

www.oas.org/en/iachr/expression/docs/reports/2014_04_08_Internet_ ENG%20_WEB.pdf အခန်း (၃-၃) ကို ကြည့်ပါ။

[၂၃၆] S. Verhulst, 'Mediation, Mediators and New Intermediaries. Implications for the Design of New Communications Policies' in P.M. Napoli (ed), *Media Diversity and Localism: Meaning and Metrics* (Lawrence Erlbaum 2007); J. Keane, 'Public Life in the Era of Communicative Abundance' (1999) 24 *Canadian Journal of Communication* 165.

[၂၃၇] Kari Karppinen, 'Rethinking Media Pluralism and Communicative Abundance' (2010) 3 *Observatorio* (OBS*); Joris Van Hoboken, *Search Engine Freedom: On the Implications of the Right to Freedom of Expression for the Legal Governance of Web Search Engines* (Kluwer Law International 2012) 299; C. Sunstein, 'The Law of Group Polarization' in J. Fishkin and P. Laslett (eds), *Debating Deliberative Democracy* (Blackwell 2003).

အပြားသည် Helberger (၂၀၁၁ ခုနှစ်) အနေဖြင့် လက်တလောတွင် 'ဒီဇိုင်းအားဖြင့် အမျိုးစုံလင်များပြားမှု' ဟု ခေါ်ဆိုသည့် အရာနှင့် တိုက်ရိုက် ကိုက်ညီကြောင်း ထင်ရပေသည်။ သို့တည်းမဟုတ် 'အမျိုးစုံလင်များပြားသည့် ရွေးချယ်မှုများ ပြုလုပ်ရန် လူများကို ကူညီပေးသည့် ဝန်ဆောင်မှု သို့မဟုတ် ကွန်ပျူတာ စနစ်' ဟုလည်း Helberger က ခေါ်ဆိုသည်။[၂၃၈]

အရင်းအမြစ်နှင့် အကြောင်းအရာ အမျိုးစုံလင်များပြားမှုကို အမျိုးစုံလင် ထိတွေ့မှုထက် သတင်းအချက်အလက် ဗဟုဝါဒ၏ အစိတ်အပိုင်းအဖြစ် OAS အစီရင်ခံစာသည် ဖော်ပြထားသော်ငြား ဤအယူအဆကို လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်နှင့် တိုက်ရိုက် ချိတ်ဆက်ထားသည်။ အစီရင်ခံစာက ဖော်ပြထားသည်မှာ-

> သတင်းအချက်အလက်ဗဟုဝါဒကို မြှင့်တင်ခြင်းနှင့် ထိန်းသိမ်းခြင်းအတွက် အင်တာနက်၏ စံပြုအခြေအနေများ ထိန်းသိမ်းရန်မှာ နိုင်ငံအပေါ် မူတည်ပါသည်။ အင်တာနက်အတွက် အပြောင်းအလဲများကို မပြုလုပ်ကြောင်း ဆိုလိုပါသည်။ ထုတ်ဖော်ပြောဆိုမှုများ၏ အရေအတွက်နှင့် ရရှိနိုင်သည့် အကြောင်းအရာ ပမာဏများ လျော့နည်းခြင်း ဖြစ်ပေါ်စေမည့် အပြောင်းအလဲများ မပြုလုပ်ခြင်း ဖြစ်သည်။ ဤအကြောင်းအရာများနှင့် စပ်လျဉ်းသည့် ပြည်သူ့ရေးရာမူဝါဒများသည် အင်တာနက်၏ အမျိုးစုံလင်မှု သဘောသဘာဝကို ကာကွယ်ပေးရမည် ဖြစ်သည်။ ထို့အပြင် အားလုံးသော သတင်းအချက်အလက်နှင့် အယူအဆ အမျိုးအစားများကို ရှာဖွေရန်နှင့် ထုတ်ဖော်ရန်အတွက် ခွင့်ပြုထားသည့် ဆက်သွယ်ရေး နည်းလမ်းများကိုလည်း မြှင့်တင်ပေးရမည် ဖြစ်သည်။ နယ်စည်းမထားဘဲ လူ့အခွင့်အရေးဆိုင်ရာ အမေရိကနိုင်ငံများ၏ သဘောတူစာချုပ်၏ အပိုဒ် (၁၃) ပါ ပြဋ္ဌာန်းချက်များကို ရရှိရန်အတွက် ဖြစ်ပါသည်။[၂၃၉]

အမှန်အားဖြင့် လူ့အခွင့်အရေးဥပဒေပညာရှင်များသည်လည်း ဤလစ်ဟာချက်ကို ဖော်ထုတ်ခဲ့ကြသည်။ လူ့အခွင့်အရေးစံနှုန်းများအပေါ် အမျိုးစုံလင်ထိတွေ့မှု အထူးသဖြင့် လွတ်လပ်စွာထုတ်ဖော်တင်ပြ ပြောဆိုခွင့်၏ အရေးပါမှုသည် ကြီးထွားလာကြောင်း ရှင်းရှင်းလင်းလင်း ဖော်ထုတ်ထားသည်။[၂၄၀] ECHR ၏ အပိုဒ် (၁၀) ပါ အခြေအနေအတွင်း Van Hoboken က ဖော်ပြသည်မှာ-

> ထို့အပြင် ချိတ်ဆက်လျက်ရှိသည်မှာ အမျိုးစုံလင်မှုနှင့် ဗဟုဝါဒလေ့လာဆန်းစစ်ချက် အများအပြားဖြင့် သရုပ်ဖော်ထားသည့် ဝန်းကျင်တွင် အွန်လိုင်းပေါ်မှ ရရှိနိုင်သည်များကို ကိုင်တွယ်ဖြေရှင်းခြင်းအစား သတင်းအချက်များနှင့် အယူအဆများထိတွေ့မှုအပေါ် အလေးထားသင့်ပါသည်။ အမျိုးစုံလင် ထိတွေ့မှုအပေါ် ရှာဖွေရေး အင်ဂျင်များ၏ သက်ရောက်မှုနှင့် ရှာဖွေရေးကြားခံကိရိယာ၏ အရည်အသွေးကို

---

[၂၃၈] Napoli and Karppinen (n. 174).

[၂၃၉] OAS, 'Freedom of Expression and the Internet' (n. 235), para. 19.

[၂၄၀] Van Hoboken (n. 237) 299; Valcke 'Looking for the User' (n. 177).

လေ့လာထားသည့် သုတေသီအချို့သည် ရှာဖွေရေးအင်ဂျင်ဘက်လိုက်မှုပုံစံအချို့ကို သတိပေးထားကြသည်။[၂၄၁]

အမျိုးစုံထိတွေ့မှုသည် မီဒီယာပညာရှင်များနှင့် လူ့အခွင့်အရေး ပညာရှင်များအတွက် ဆန်းသစ်သော အသုံးအနှုန်း ဆက်လက် ဖြစ်နေသည်မှာ ထင်ရှားပါသည်။ ထို့ကြောင့် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်နှင့် စပ်လျဉ်းသည့် ပြောဆိုဆွေးနွေးချက်များအပေါ် မည်သို့ သက်ရောက်ကြောင်း ပြောဆိုရန် စောလွန်းနေသေးပါသည်။ သို့ရာတွင် ရှာဖွေရေးအင်ဂျင် နည်းစနစ်များနှင့် လည်ပတ်သည့် အခြေခံ အဆောက်အဦသည် သုံးစွဲသူက လက်ခံရရှိသည့် သတင်းအချက်အလက်များအပေါ် တိတိပပ သက်ရောက်မှု ရှိကြောင်းကို ရှင်းရှင်းလင်းလင်း လက်ခံထားပါသည်။[၂၄၂] ထို့ကြောင့် အတိုင်းအတာတခုအထိ ရောက်ရှိသည့်တိုင်အောင် လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့များသည် နေရာအချို့တွင် လေ့လာဆန်းစစ်ရန် လိုအပ်နိုင်ခြေရှိသည့် မေးခွန်းတခုလည်း ဖြစ်သည်။ ကွဲပြားသည့်အမြင်သဘောထားစာတမ်းမှတဆင့် ဖြစ်သော်ငြား အင်တာနက်၏ ဤသရုပ်ဖော်တင်ပြချက်နှင့်အတူ အမျိုးစုံလင်ထိတွေ့မှုအယူအဆကို ခုံရုံးက ရှင်းရှင်းလင်းလင်း အသိအမှတ်ပြုထားသည်။ ထို့အပြင် ယနေ့ခေတ် ပြည်သူ့ရေးရာဆွေးနွေးပွဲဖြစ်သည့် အင်တာနက်တွင် လူများ၏ ပူးပေါင်းပါဝင်မှုအပေါ် ၎င်း၏အရေးပါပုံကိုလည်း အသိအမှတ်ပြုပါသည်။[၂၄၃]

နောက်ဆုံးတွင် *Khurshid Mustafa & Tarzibachi v. Sweden* တွင် ဗဟုဝါဒ၏ အခြေခံမူကို ခုံရုံးက အတိအကျ ဆွေးနွေးပါသည်။ ဆွေးနွေးရာတွင် အဓိကမေးခွန်းမှာ ၎င်းတို့၏ ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းရန်အတွက် ဆီလျော်သည့် အကြောင်းအရာကို လက်ခံရရှိရန် လိုအပ်သည့် အခြေခံ အဆောက်အဦကို လျှောက်လဲသူ၏ မိသားစုမှ လက်လှမ်းမီ ရရှိခွင့် ဖြစ်ပါသည်။[၂၄၄] ၎င်း၏ လေ့လာဆန်းစစ်ချက်တွင် နိုင်ငံရေးနှင့် လူမှုရေးသတင်းများသည် အပိုဒ် (၁၀) ဖြင့် အကာအကွယ်ပေးထားသည့် အရေးပါဆုံး သတင်းများ သို့မဟုတ် သတင်းအချက်အလက်များ ဖြစ်ကြောင်း အသားပေးဖော်ပြထားသော်ငြား သတင်းအချက်အလက် လွတ်လပ်စွာ လက်ခံရရှိခွင့်သည် ပြည်သူနှင့် သက်ဆိုင်သည့် ဖြစ်ရပ်များကို အစီရင်ခံတင်ပြခြင်းများအတွက်သာ ချဲ့ထွင်ခြင်း မဟုတ်ကြောင်း ခုံရုံးက ဖော်ပြခဲ့ပါသည်။ ယဉ်ကျေးမှုဆိုင်ရာ ထုတ်ဖော်တင်ပြချက်များသာမက ဖျော်ဖြေရေး စစ်စစ်များကိုပါ အခြေခံကျကျ လွှမ်းခြုံပါသည်။[၂၄၅] သို့ဖြစ်သည့်အတွက် ဤသတင်းအချက်အလက် အမျိုးအစားများအတွက် အရေးပါမှုကို တိုးမြှင့်ပေးရန်အတွက် ၎င်း၏ ယခင် စီရင်ထုံးဥပဒေကို ခုံရုံးက ချဲ့ထွင်ခဲ့ပါသည်။ ထို့နည်းတူ ၎င်းတို့မွေးရာဇာတိနိုင်ငံ၏ ယဉ်ကျေးမှုနှင့် ဘာသာစကားတို့နှင့် ဆက်လက် ထိတွေ့စေလိုသည့်

---

[၂၄၁] ibid. Van Hoboken.

[၂၄၂] Valcke ‘Looking for the User’ (n. 177) 311–13.

[၂၄၃] စစ်မှန်သော ပြည်သူ့ရေးရာ ဖိုရမ်ဖြစ်သည့် အင်တာနက်၏ အယူအဆသည် အငြင်းပွားဖွယ်ရာမရှိဘဲ မဖြစ်လာပေ။ အင်တာနက်ကို ပြည်သူ့ရေးရာဖိုရမ်အဖြစ် စဉ်းစားချက်ကို ဆန့်ကျင်သည့် အမြင်အဖြစ် ရှုမြင်ရန်အတွက် ဖြစ်သည်။ E. Barendt, Freedom of Speech (OUP 2005) 456.

[၂၄၄] McGonagle (n. 77); အခန်း (၆-၃) ကို ကြည့်ပါ။

[၂၄၅] *Mustafa* (n. 76), para. 44; အခန်း (၆-၃) ကို ကြည့်ပါ။

လျှောက်လဲသူများ၏ ဆန္ဒအတွက်လည်း အရေးပါမှုကို မြှင့်တင်ပေးခဲ့သည်။[၂၄၆] သို့ဖြစ်၍ နိုင်ငံရေးထုတ်ဖော်ပြောဆိုချက်အတွက် ယခင်က ထားရှိထားသည့် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို တိုးချဲ့ကာကွယ်ရန်အတွက် အမှုသည် ခုံရုံးကို ခွင့်ပြုခဲ့ပါသည်။ ထိုသို့တိုးချဲ့ကာကွယ်ရာတွင် လူမှုရေးအရ သို့မဟုတ် ယဉ်ကျေးမှုဓလေ့အရ တန်ဖိုးရှိသည့် အယူအဆများကို အကာအကွယ်ပေးခြင်းလည်း ထည့်သွင်းထားပါသည်။

ဘက်မလိုက်ဘဲ မှန်ကန်တိကျသည့် သတင်းအချက်အလက်များကိုသာမက အမြင်သဘောထား အများအပြားကို ပြည်သူများမှ ထိထိရောက်ရောက် လက်လှမ်းမီ ရရှိရေး လုပ်ဆောင်ရမည့် တာဝန်များအကြောင်း ဤသို့ဆွေးနွေးရာတွင် အဓိကကျသော အစိတ်အပိုင်းများစွာကို ခုံရုံးက အလေးထားခဲ့သည်။ ပထမဦးစွာ လူဦးရေ၏ သီးသန့် အစိတ်အပိုင်းများ အထူးသဖြင့် ကျေးလက်လူ့အသိုင်းအဝိုင်းကို အလေးထားခဲ့သည်။ ၎င်းတို့အတွက် နိုင်ငံ၏ လုပ်ဆောင်ရမည့် တာဝန်သည် အားအကောင်းဆုံး ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့အတွက် အယူအဆများနှင့် သတင်းအချက်အလက် အမျိုးစုံလင်စွာ ရရှိနိုင်ရေးသေချာစေရန် အထူးပင် အလေးထား ဆောင်ရွက်ရမည်။ ဒုတိယအနေဖြင့် ခုံရုံး၏ မည်သည့် စီရင်ချက်များက လူနည်းစုများကို သီးသန့် အလေးထားခဲ့ခြင်း မရှိသော်ငြား ကျေးလက်ပြည်သူများအတွက် အရေးပါမှုကို အလေးထားရာတွင် ခုံရုံးက အသုံးပြုခဲ့ခြင်းနှင့် အလားတူ အကြောင်းပြချက်များကို လျှောက်လဲချက်က အသုံးပြုပါသည်။ ထိုသို့အသုံးပြုလျက် လူ့အဖွဲ့အစည်းအတွင်းရှိ လူနည်းစုများ သို့မဟုတ် ဖယ်ကြဉ်ခံလူ့အဖွဲ့အစည်းများအတွက် အသုံးပြုနိုင်ကြောင်း လျှောက်လဲပါသည်။ တတိယအနေဖြင့် သတင်းသမားတဦး၏ ပေးပို့နိုင်စွမ်း၏ အရေးပါပုံနှင့် လက်ခံရရှိရန် အများပြည်သူ၏ အခွင့်အရေးကို ဤစီရင်ချက်များတလျှောက် တသမတ်တည်း ကိုးကားထားပါသည်။ နောက်ဆုံးတွင် သတင်းအချက်အလက် လက်လှမ်းမီ ရရှိမှုကို ဤနေရာတွင် အသားပေးဖော်ပြထားသော်ငြား နောက်လာမည့် အပိုင်းတွင် ပို၍ အလေးထားဖော်ပြသွားပေလိမ့်မည်။

၄-၃-၁-၂။ အကျိုးရှိထိရောက်သော ဥပဒေစနစ်၊ စည်းမျဉ်းစည်းကမ်းနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ ဖွဲ့စည်းတည်ဆောက်မှုများကို ချမှတ်ရန်အတွက် လုပ်ဆောင်ရမည့် တာဝန်များ[၂၄၇]

ပြည်သူ့ရေးရာနယ်ပယ်နှင့် အများဆိုင် ထုတ်လွှင့်ရေးမီဒီယာ ယူဆချက်များအကြား ခြားနားရန်လိုအပ်ကြောင်းကို *Movement Suisse* က အစကြောင်းပေးပါသည်။ အင်တာနက်လက်လှမ်းမီ ရရှိရေး စီမံပေးရန်အတွက် ဖြစ်နိုင်သော လုပ်ဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်အလို့ငှာ အများဆိုင် ထုတ်လွှင့်ရေးစနစ်များ၏ ဥပဒေစနစ်၊ စီမံအုပ်ချုပ်မှုမူဘောင်များနှင့် သက်ဆိုင်သည့် လုပ်ဆောင်ရမည့် တာဝန်များအတွက် ခုံရုံး၏ စီရင်ချက်ချမှတ်ခြင်းကို ထပ်မံ၍ လေ့လာရန် လိုအပ်သည်။ နိုင်ငံရေးဆိုင်ရာ ပြည်သူ့ရေးရာ နယ်ပယ်နှင့် အခြားပြည်သူ့ရေးရာနယ်ပယ်များအကြား၌ ခြားနားချက်ကို Garnham က ရှင်းပြပါသည်။ ပြည်သူ့သဘောထား ထည့်သွင်းစဉ်းစားရန် လိုအပ်သော နိုင်ငံရေးဆိုင်ရာ ဆုံးဖြတ်ချက် ချမှတ်ရာတွင် လူတဦးချင်းစီက နိုင်ငံရေးနှင့် သက်ဆိုင်သည့် ပြည်သူ့ရေးရာ နယ်ပယ်ကို အသုံးပြုပါသည်။ အခြားသော ပြည်သူ့ရေးရာနယ်ပယ်များမှာ ကိုယ်ပိုင်

---

[၂၄၆] ibid.

[၂၄၇] အခန်း (၆-၅-၁) ကို ကြည့်ပါ။

လက္ခဏာနှင့် လူ့အဖွဲ့အစည်းတည်ဆောက်မှု၏ ရည်ရွယ်ချက်များအတွက် ထမ်းဆောင်ပေးပါသည်။[၂၄၈] ခုခံချေပရာတွင် Karppinen သည် Garnham ၏ အချက်အလက်ကို အသုံးပြုပါသည်-

> နယ်ပယ် နှစ်မျိုးစလုံးသည် လူထုဆက်သွယ်ရေးနည်းလမ်းကို လိုအပ်သည်။ သို့သော် Garnham ကမူ အထက်ပါ နိုင်ငံရေးနှင့် သက်ဆိုင်သည့် ပြည်သူ့ရေးရာ နယ်ပယ်အားလုံးသည် နိုင်ငံရေးစနစ်၏ အတိုင်းအတာ၊ နယ်ပယ်နှင့် ကိုက်ညီရမည် ဖြစ်ပြီး ပြည်သူအားလုံးအတွက် လူတိုင်းလက်လှမ်းမီ ရရှိခွင့်နှင့် ပါဝင်ပူးပေါင်းခွင့်ကို စီမံပေးရမည် ဖြစ်ကြောင်း ပြောကြားသည်။ ခေတ်ပြိုင်မီဒီယာမူဝါဒတွင် ဤ လုပ်ငန်းဆောင်တာကို အများပြည်သူ ဝန်ဆောင်မှုပေးသည့် ထုတ်လွှင့်ရေးနှင့် အခြားသော အဖွဲ့အစည်းဆိုင်ရာ စီစဉ်မှုများအတွက် သတ်မှတ်လေ့ရှိသည်။ ဤ အဖွဲ့အစည်းဆိုင်ရာ စီစဉ်မှုများသည် မတူညီသည့် အမြင်ရှုထောင့်များ ဆုံတွေ့ရန် ဘုံနေရာများကို စီစဉ်ပေးပါသည်။[၂၄၉]

အာမခံပေးသူအဖြစ် နိုင်ငံတွင် ဗဟုဝါဒကို သေချာစေမည့် လုပ်ဆောင်ရမည့် တာဝန်များ ရှိကြောင်း ဆိုလိုသည်။ အများပြည်သူဝန်ဆောင်မှုပေးသည့် ထုတ်လွှင့်ရေးစနစ်ကို အကောင်အထည်ဖော်ရန် ရွေးချယ်မည်လား သို့မဟုတ် စည်းမျဉ်းဆိုင်ရာဖွဲ့စည်းမှုသည် သဘောတူစာချုပ်၏ အခြေခံမူများနှင့် အဝိဒ်များကို အပြည့်အဝ လိုက်နာကြောင်း သေချာစေရုံမျှသာ ဖြစ်မည်လားဆိုသည်အတွက် လုပ်ဆောင်ရန် နိုင်ငံတွင် တာဝန်ရှိပါသည်။[၂၅၀]

ယခုအခါ ဤအပိုင်းသည် ၎င်း၏ လေ့လာဆန်းစစ်ချက်အတွက် *Manole* နှင့် *Centro Europa* အမှုများအပေါ် ခုံရုံး၏ လေ့လာဆန်းစစ်ဆီသို့ ဦးတည်ပါသည်။ သင့်လျော်သည့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ မူဘောင်များကို တည်ဆောက်ရန်အတွက် နိုင်ငံတွင် လုပ်ဆောင်ရန် တာဝန်ရှိကြောင်း ခုံရုံးက သတ်မှတ်သည်ကို ဤအမှုများက ဖော်ပြပါသည်။ *Manole* တွင် နိုင်ငံ၏ အခန်းကဏ္ဍကို ဗဟုဝါဒ အာမခံပေးသူအဖြစ် မူဘောင်ကိုလည်းကောင်း၊ *Centro Europa* တွင် ECHR နှင့် ကိုက်ညီစေရန် ယေဘုယျ စည်းမျဉ်းစည်းကမ်းဆိုင်ရာ ဖွဲ့စည်းမှုကို ဖန်တီးခြင်းအဖြစ် မူဘောင်ကိုလည်းကောင်း တည်ဆောက်ရန် ဖြစ်သည်။ အမှုနှစ်ခုစလုံးတွင် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်သည် စိတ်ကူးယဉ် မဟုတ်ကြောင်း ခုံရုံးက အသားပေးဖော်ပြပါသည်။ ဤလေ့လာဆန်းစစ်ချက် ပြီးပါက အင်တာနက်လက်လှမ်းမီ ရရှိခွင့်ကို စီမံပေးမည့် ဖြစ်နိုင်ခြေရှိသော လုပ်ဆောင်ရမည့် တာဝန်များကို ဖော်ထုတ်ရာတွင် ဤတာဝန်ရှိမှုများက ကိုက်ညီကြောင်း ယခုအပိုင်းက အဆိုပြုသွားပေမည်။

Manole တွင် ဥပဒေစံနှုန်းများနှင့် ဥပဒေမူဘောင်အခြေအနေအတွင်း နိုင်ငံ၏ လုပ်ဆောင်ရန်တာဝန်ရှိမှုများကို လေးစားလိုက်နာမှုအကြောင်း ခုံရုံးက ဆွေးနွေးထားသည်။ ၎င်းဥပဒေစံနှုန်းနှင့် မူဘောင်များအတွင်း သတင်းသမားများနှင့် ထုတ်လွှင့်သူများသည် နိုင်ငံရေးတားမြစ်ချက်နှင့် ထိန်းချုပ်မှုများမှ အမှီအခိုကင်းစေရန် သေချာစေရမည် ဖြစ်သည်။ အဆိုပါ အမှီအခိုကင်းမှုဖြစ်နိုင်မည့် ထိရောက်သော ဖွဲ့စည်းတည်ဆောက်ပုံကို

---

[၂၄၈] Kari Karppinen, *Rethinking Media Pluralism* (Fordham University Press 2013) 50.

[၂၄၉] ibid.

[၂၅၀] *Manole* (n. 170), para. 100–01 and *Centro Europa* (n. 215), paras 133,134, 156.

မော်လ်ဒိုဗာနိုင်ငံ၏ ဥပဒေများက စီမံမှု မပြုထားကြောင်း ခုံရုံးက ယူဆခဲ့သည်။[၂၅၁] လေ့လာနေသည့် ဥပဒေများသည် လုံလောက်မှုမရှိသည့် ကုစားချက်များကိုသာ စီမံပေးခဲ့ကြောင်း ခုံရုံးက သုံးသပ်ခဲ့သည်။[၂၅၂] ကျယ်ကျယ်ပြန့်ပြန့် စောင့်ကြည့်ခြင်းအနေဖြင့် မော်လ်ဒိုဗာနိုင်ငံ၏ ထုတ်လွှင့်ရေးတွင် အတိုက်အခံနိုင်ငံရေးပါတီအဖွဲ့ဝင် တဦးသာ ရှိသည်ကို သတိပြုမိသည်။ အတိုက်အခံနိုင်ငံရေးပါတီမှ ကိုယ်စားပြုမှု မရှိခြင်းသည် လုံလောက်သည့် အကာအကွယ်ပေးခြင်းများကို တားမြစ်ကြောင်း ခုံရုံးက အလေးထား ဖော်ပြသည်။ အုပ်ချုပ်နေသည့် နိုင်ငံရေးပါတီ သစ္စာခံများက သတင်းသမားများ၏ လွတ်လပ်စွာထုတ်ဖော်တင်ပြ ပြောဆိုခွင့်ကို မတားမြစ်နိုင်ရေး အကာအကွယ်ပေးခြင်းများ ဖြစ်သည်။[၂၅၃] ဤအကြောင်းရင်းများအရ အပိုဒ် (၁၀) ကို ချိုးဖောက်မှု ရှိကြောင်း ခုံရုံးက သုံးသပ်ခဲ့သည်။ ထို့အပြင် ဗဟုဝါဒကို လုံခြုံစိတ်ချစွာ ကာကွယ်ပေးနိုင်မည့် လုံလောက်သော ဥပဒေ မူဘောင်ကို စီမံပေးရန်နှင့် ချိုးဖောက်မှုများအတွက် ရည်ရွယ်ချက်ရှိရှိ ပြန်လည်ကုစားမှုများ စီမံပေးရန် မော်လ်ဒိုဗာနိုင်ငံတွင် တာဝန်ရှိကြောင်းကိုလည်း သုံးသပ်ခဲ့သည်။[၂၅၄]

သို့ဖြစ်သည့်အတွက် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုပေးသည့် ထုတ်လွှင့်ရေး (Public Service Broadcasting - PSB) စနစ်သည် ဗဟုဝါဒကို အကာအကွယ်ပေးမည့် ဖြစ်နိုင်ခြေရှိသော အရေးယူဆောင်ရွက်ချက်တရပ်အဖြစ် ထမ်းဆောင်နိုင်ကြောင်း ခုံရုံးက အသိအမှတ်ပြုခဲ့သည်။ သို့သော်ငြား ဗဟုဝါဒကို ရရှိရန်အလို့ငှာ နိုင်ငံသည် PSB ကို တည်ထောင်ရန် လိုအပ်သည်ဟူသော အပိုဒ် (၁၀) ၏ တာဝန်တရပ် သတ်မှတ်ခြင်းမှလည်း ရှောင်ရှားခဲ့သည်ကိုလည်း ခုံရုံးက သိရှိခဲ့သည်။[၂၅၅] သို့ရာတွင် တရားရုံးအရဆိုသော် နိုင်ငံသည် PSB စနစ်ကို ဖန်တီးရန် ဆုံးဖြတ်ပါက ပြည်တွင်း ဥပဒေများနှင့် မူဝါဒများကို အကောင်အထည်ဖော်ခြင်းအားဖြင့် စနစ်သည် အမျိုးစုံလင်သည့် ဝန်ဆောင်မှုကိုပေးရန် အာမခံချက် ပေးရမည်။ အပိုဒ် (၁၀) အောက်တွင် ခုံရုံးမှ သတ်မှတ်ထားသော စံနှုန်းများနှင့် အခြေခံမူများနှင့် အညီ ဝန်ဆောင်မှုကို စီမံပေးရမည်။[၂၅၆] စစ်မှန်သည့်အခြားနည်းလမ်းကို ပေးစွမ်းရန် ပုဂ္ဂလိက အသံလွှင့်ရုံများသည် အားနည်းနေသမျှ ဤတာဝန်ကို အထူးသဖြင့် အသုံးပြုရမည် ဖြစ်ကြောင်း ခုံရုံးက အလေးထား ဖော်ပြသည်။ ထို့အပြင် အများဆိုင် သို့မဟုတ် နိုင်ငံပိုင်ထုတ်လွှင့်ရေးသည် နိုင်ငံသို့မဟုတ် ဒေသအတွင်း တခုတည်းသော သို့မဟုတ် လွှမ်းမိုးချုပ်ကိုင်နေသော ထုတ်လွှင့်ရေး ဖြစ်နေသမျှ ဤတာဝန်ကို အထူးအသုံးပြုပါသည်။[၂၅၇] PSB စနစ်များ၏ အကျိုးသက်ရောက်မှုကို တိုင်းတာရန်အတွက် ဝန်ကြီးများကော်မတီ (CoM) မှ ရေးဆွဲထားပြီး စာချုပ်အဖွဲ့ဝင်နိုင်ငံများမှ သဘောတူထားသည့် စံနှုန်းများကို ခုံရုံးက အသုံးပြုခဲ့သည်။[၂၅၈] နိုင်ငံ၏ ဥပဒေနှင့် စီမံအုပ်ချုပ်မှုမူဘောင် အစိတ်အပိုင်းအနေဖြင့် *Manole* နှင့် *Centro*

---

[၂၅၁] *Manole* (n. 170), para. 109.

[၂၅၂] ibid., para. 110.

[၂၅၃] ibid.

[၂၅၄] ibid., para. 109–11.

[၂၅၅] *Centro Europa* (n. 215), para. 134.

[၂၅၆] *Manole* (n. 170), para. 101.

[၂၅၇] ibid.

[၂၅၈] ibid., paras 102, 105, 107, 109.

Europa အမှုနှစ်စလုံးတွင် ဝန်ကြီးများကော်မတီ၏ အကြံပြုချက်များရှိ ရန်ပုံငွေ ထောက်ပံ့မည့် အကြံပြုချက်များကို ထည့်သွင်းခဲ့သည်။ အခြေခံမူတရပ်အနေဖြင့် နိုင်ငံသည် အရင်းအမြစ်ကို နေရာချသုံးစွဲရေးအတွက် လက်သင့်ခံဖွယ် လိုအပ်ချက် ဖြစ်ကြောင်း သက်သေပြရန်အလို့ငှာ လျှောက်လဲချက်ကို ခွင့်ပြုပါသည်။ *Manole* တွင် ခုံရုံးသည် ဝန်ကြီးများ ကော်မတီ၏ အကြံပြုချက်များမှ ရေးသားချက် အမြောက်အများကို ကိုးကားခဲ့ပါသည်။ ဥပဒေစနစ်နှင့် စီမံအုပ်ချုပ်မှု မူဘောင်အတွက် ရန်ပုံငွေကြေးသည် လိုအပ်သည့်အစိတ်အပိုင်းဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း ဖော်ပြထားသည့် အကြံပြုချက်များ ဖြစ်သည်။[၂၅၉] ဝန်ကြီးများကော်မတီမှ ရေးဆွဲထားသည့် ဆီလျော်သော အခြေခံမူများနှင့် လမ်းညွှန်ချက်များကို ဖော်ပြထားသည့် အပိုင်းအဖြစ် ပြည်သူ့ရေးရာထုတ်လွှင့်ရေး စနစ်များ၏ အနာဂတ်နှင့် စပ်လျဉ်းသော ၁၉၉၄ ခုနှစ် ဆုံးဖြတ်ချက်၊ 'PSB အမှီအခိုကင်းရေး အာမခံချက်' ဆိုင်ရာ ၁၉၉၆ ခုနှစ် ဆုံးဖြတ်ချက်နှင့် ၎င်း၏ နောက်ဆက်တွဲ ၂၀၀၀ ပြည့်နှစ် အကြံပြုချက်ကို ခုံရုံးက ထည့်သွင်းစဉ်းစားခဲ့သည်။ အကြံပြုချက်များအားလုံးအနေဖြင့် ပေါင်းစု၍ ဖော်ပြသည်မှာ -

> အများပြည်သူဆိုင်ရာဝန်ဆောင်မှုပေးသည့် ထုတ်လွှင့်ရေးအဖွဲ့များကို ငွေကြေးထောက်ပံ့ရာတွင် စီမံနေသည့် စည်းမျဉ်းများသည် အဖွဲ့ဝင်နိုင်ငံများက ကိုင်စွဲရန် ဆောင်ရွက်နိုင်သည့် အခြေခံမူအပေါ် အခြေခံသင့်သည်။ လိုအပ်ပါက ဆီလျော်ကိုက်ညီပြီး လုံခြုံစိတ်ချကာ ပွင့်လင်းမြင်သာမှုရှိသည့် ငွေကြေးမူဘောင်ကို တည်ထောင်ရမည်။ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုပေးသည့် ထုတ်လွှင့်ရေးအဖွဲ့များအတွက် ၎င်းတို့၏ ရေရှည်မျှော်မှန်းချက်များ အောင်မြင်ပြီးမြောက်ရန် လိုအပ်သည့် နည်းလမ်းကို အာမခံပေးသည့် ငွေကြေး မူဘောင် တည်ထောင်ရပေမည်။[၂၆၀]

၂၀၀၀ ပြည့်နှစ် ဝန်ကြီးများကော်မတီ၏ အကြံပြုချက်များသည် ဥပဒေစနစ်မူဘောင်၏ အခြေခံမူ စံနှုန်း ၂ ရပ်အနက် တရပ်၏ အစိတ်အပိုင်းအဖြစ် ငွေကြေးထောက်ပံ့မှုကို အများဆုံးထည့်သွင်းထားပါသည်။ ထုတ်လွှင့်ရေး ကဏ္ဍအတွက် ထိန်းကွပ်ကြပ်မတ်မည့် အာဏာပိုင်များ၏ အမှီအခိုကင်းမှုနှင့် လုပ်ဆောင်နိုင်မှု သေချာစေရေးအတွက် ဖြစ်ပါသည်။[၂၆၁] အကြံပြုချက်များက ဖော်ပြသည်မှာ-

> ရုပ်သံထုတ်လွှင့်ရေးကဏ္ဍအတွက် ထိန်းကွပ်ကြပ်မတ်မည့် အာဏာပိုင်များ၏ တာဝန်များနှင့် လုပ်ပိုင်ခွင့် အာဏာများသာမက ၎င်းတို့ကို တာဝန်ယူမှုတာဝန်ခံမှုရှိစေရေး ပြုလုပ်သည့် နည်းလမ်းများ၊ ၎င်းတို့၏ အဖွဲ့ဝင်များကို ခန့်အပ်သည့် လုပ်ငန်းစဉ်များနှင့် ၎င်းတို့အတွက် ရန်ပုံငွေထောက်ပံ့ရေး နည်းလမ်းများကို ဥပဒေဖြင့် ရှင်းရှင်းလင်းလင်း သတ်မှတ်ရမည်။[၂၆၂]

အကြံပြုချက်များ၏ ဤအသေးစိတ် အစိတ်အပိုင်းများကို ခုံရုံးသည် ၎င်း၏ စီရင်ချက်အတွက် ကျိုးကြောင်းဆင်ခြင်မှုအဖြစ် အသုံးမပြုသော်ငြား ခုံရုံးမှ အသိအမှတ်ပြုရာတွင် အသားပေးဖော်ပြထားသည်။

---

[၂၅၉] ibid., paras 51–4.

[၂၆၀] ibid., para. 52.

[၂၆၁] ibid., para. 53.

[၂၆၂] ibid.

အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုပေးသည့် ထုတ်လွှင့်ရေးကို ငွေကြေးထောက်ပံ့ခြင်းသည် အပိုဒ် (၁၀) ကို ချိုးဖောက်ခြင်းဖြစ်နိုင်ခြေအား လေ့လာရာတွင် ဆီလျော်သည့် အကြောင်းရင်းတချက်ဖြစ်ကြောင်း အသိအမှတ် ပြုထားသည်။

ဗဟုဝါဒ၏ လွှမ်းခြုံအခြေခံမူရှိ ဖွဲ့စည်းတည်ဆောက်ပုံပိုင်းနှင့် အတွင်းပိုင်း အစိတ်အပိုင်းများကို ထိထိ ရောက်ရောက် အာမခံပေးရေး နိုင်ငံ၏ အစိတ်အပိုင်းတရပ်အဖြစ် စီမံအုပ်ချုပ်မှုမူဘောင်သာမက ဥပဒေ မူဘောင်များကိုပါ *Centro Europa* က ထည့်သွင်းထားသည်။ ပြင်ဆင်ခွင့်ကို ထည့်သွင်းရေး အနက်ပြန်ဆိုနိုင်သည့် မူဘောင်များ ဖြစ်သည်။[၂၆၃] ဝန်ကြီးများကော်မတီက ရေးဆွဲထားသည့် ဥရောပစံနှုန်းများကို အသုံးပြုလျက် ဤတာဝန်ရှိမှုသည် လက်တွေ့တွင် မည်သည့်အရာကို လိုအပ်သည့်အကြောင်း ခုံရုံးက ထပ်မံ ချဲ့ထွင်ထားသည်။[၂၆၄] အထူးသင့်လျော်သည်မှာ နိုင်ငံ၏ လုပ်ဆောင်ရမည့် တာဝန်ကို ကိုးကားထားသည့် ခုံရုံး၏ ထုတ်ဖော် တင်ပြချက် ဖြစ်သည်။ ထိရောက်သည့်စနစ်တည်ဆောက်ရန်အတွက် လုံလောက်သည့် ရန်ပုံငွေ ထောက်ပံ့ပေးရန် ခုံရုံးက ထုတ်ဖော်တင်ပြထားသည်။[၂၆၅] ဝန်ကြီးများကော်မတီ၏ အကြံပြုချက်ကို ခုံရုံးက ကိုးကားထားသည်မှာ -

> အယူအဆများနှင့် အမြင်သဘောထားများကို အမျိုးစုံလင် ထုတ်ဖော်တင်ပြခြင်းများသာမက ယဉ်ကျေးမှု အမျိုးစုံလင်များပြားခြင်းကို တက်တက်ကြွကြွမြှင့်တင်ရန်နှင့် အကာအကွယ်ပေးရန်အလို့ငှာ တည်ဆဲ စည်းမျဉ်းမူဘောင်များကို အဖွဲ့ဝင်နိုင်ငံများက လိုက်လျောညီထွေပြောင်းလဲရမည် ဖြစ်သည်။ အထူးသဖြင့် မီဒီယာ ပိုင်ဆိုင်မှုနှင့် စပ်လျဉ်း၍ ဖြစ်သည်။ ထို့အပြင် မီဒီယာပွင့်လင်းမြင်သာမှုနှင့် ဖွဲ့စည်း တည်ဆောက်ပုံပိုင်း ဗဟုဝါဒကိုသာမက ဖြန့်ဖြူးသည့် အမျိုးစုံလင်သော အကြောင်းအရာများကိုပါ အာမခံချက်ပေးရန် အလို့ငှာ တိုက်တွန်းထားသည့် စည်းမျဉ်းဆိုင်ရာနှင့် ရန်ပုံငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ချက်များ ကိုလည်း ချမှတ်ရမည်။[၂၆၆]

သို့ဖြစ်၍ ထိရောက်သည့် မီဒီယာ ဗဟုဝါဒကို အာမခံချက်ပေးမည့် သင့်လျော်သော ဥပဒေစနစ်နှင့် စီမံအုပ်ချုပ်မှု မူဘောင်ကို ချမှတ်ရေးအတွက် အီတလီသည် ၎င်း၏ လုပ်ဆောင်ရမည့် တာဝန်ကို လိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်ခဲ့ကြောင်း ခုံရုံးက စီရင်ချက် ချမှတ်ခဲ့သည်။[၂၆၇] ထို့အပြင် အဆိုပါ ပျက်ကွက်မှု၏ ရလဒ် အဖြစ် လျှောက်လဲသူ၏ အခွင့်အရေးများ ချိုးဖောက်ခံရခြင်းအတွက် အစားပေးလျော်မှုနှင့် နစ်နာကြေးများကို အမြောက်အများပေးရန် ခုံရုံးက စီရင်ဆုံးဖြတ်ခဲ့ပါသည်။

ဤအမှုများနှင့် ဥရောပတွင် မီဒီယာလွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေးအပေါ် ၎င်းအမှုများ၏ သက်ရောက်မှု အကြောင်း ရေးသားသူ ပညာရှင်သည် မီဒီယာဗဟုဝါဒကို အကာအကွယ်ပေးရန်အတွက် PSB စနစ်ကို ဖန်တီးရန်

---

[၂၆၃] ibid., paras 135 and 156–8.

[၂၆၄] ibid., para. 134.

[၂၆၅] ibid.

[၂၆၆] ibid.

[၂၆၇] ibid., paras 134 and 156.

နိုင်ငံကို ခုံရုံးက တာဝန်မပေးအပ်ထားကြောင်း လက်ခံထားသည်။ သို့ရာတွင် တည်ဆောက်ပြီးပါက နိုင်ငံ၏ ပြည်တွင်းဥပဒေနှင့် ကျင့်သုံးပုံက စနစ်အနေဖြင့် အမျိုးစုံလင်များပြားသည့် ရုပ်သံ ဝန်ဆောင်မှုကို ပေးအပ်ရန် အာမခံချက်ပေးရမည် ဖြစ်သည်။[၂၆၈] သတင်းအချက်အလက်နည်းပညာခေတ်နှင့် ချဉ်းကပ်နည်းကို Hammerberg က ချိတ်ဆက်လျက် အောက်ပါအတိုင်း ဖော်ပြပါသည် -

> သတင်းအချက်အလက်နည်းပညာခေတ်တွင် မီဒီယာနယ်ပယ်သည် ပို၍ ကျယ်ပြန့်လာပြီး အပြန်အလှန် ပိုမို တုံ့ပြန်ဆောင်ရွက်လာကြသည်။ ဤအကျိုးဆက်ကြောင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုပေးသည့် ရုပ်သံထုတ်လွှင့်ရေးအယူအဆသည် အများပြည်သူဆိုင်ရာဝန်ဆောင်မှုမီဒီယာ (public service media - PSM) အဖြစ် အသွင်ပြောင်းလဲလာသည်။ ၎င်း PSM တွင် ဝန်ဆောင်မှုပေးသည့် လွှမ်းခြုံနယ်ပယ် ပိုမို ကျယ်ပြန့်လာပြီး အစဉ်အလာမီဒီယာနှင့် မီဒီယာအသစ်နှစ်မျိုးစလုံး ပါဝင်ပါသည်။[၂၆၉]

အများပြည်သူဆိုင်ရာဝန်ဆောင်မှုမီဒီယာအယူအဆသည် လူ့အခွင့်အရေးနှင့် ချိတ်ဆက်လေ့မရှိသော်ငြား မီဒီယာလွတ်လပ်ခွင့်နှင့် အမျိုးစုံလင်မှုသေချာစေရေးအတွက် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နိုင်ကြောင်း သူက ဆွေးနွေးပါသည်။ သူက အောက်ပါအတိုင်းလည်း အခိုင်အမာပြောဆိုပါသည်-

> ကောင်းစွာလုပ်ဆောင်သည့် PSM သည် လူ့အခွင့်အရေးအကာအကွယ်ပေးရာတွင် များစွာ သက်ရောက်မှု ရှိနိုင်သည်။ အထူးသဖြင့် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်တွင် ဖြစ်သည်။ ထို့အပြင် လူ့အဖွဲ့အစည်းတွင် အားလုံးထုတ်ဖော်တင်ပြနိုင်မည့် ဝန်းကျင်ကို စီမံပေးနိုင်သည်။ အနိမ့်ဆုံးအနေဖြင့် လူနည်းစုများ၊ ကလေးသူငယ်များနှင့် ဖယ်ကြဉ်ခံထားရလေ့ရှိသည့် အခြားအုပ်စုများအတွက် ဖြစ်သည်။[၂၇၀]

PSM နှင့် လူ့အခွင့်အရေးအကြား ဆက်နွယ်မှုအကြောင်း Hammerberg ၏ ခုခံချေပချက်များသည် ယခုအခန်း၏ ဆွေးနွေးချက်ကို အထောက်အပံ့ပေးသည်။ နိုင်ငံ၏ အခန်းကဏ္ဍသည် အင်တာနက်လက်လှမ်းမီသုံးစွဲခွင့်ကို ပျက်စီးစေသည့် အားထုတ်မှုများမှ ရှောင်ကြဉ်ခြင်းထက် ပိုမိုကြောင်းဟူသည့် ယခုအခန်း၏ ဆွေးနွေးချက်ကို အထောက်အပံ့ပေးခြင်း ဖြစ်သည်။

ဥပဒေမူဘောင်များကို နိုင်ငံမှ အတည်ပြုခြင်းကို လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်နှင့် သတင်းအချက်အလက် လက်လှမ်းမီ ရရှိခွင့် ဖြစ်ထွန်းစေခြင်းအတွက် နိုင်ငံ၏ တာဝန်ရှိမှုနှင့် Barata က ချိတ်ဆက်ထားသည်။ Barata က ရှင်းပြသည်မှာ-

> ဤစည်းမျဉ်းဆိုင်ရာ အစီအမံများသည် နိုင်ငံ၏ တားမြစ်ချက် မရှိခြင်းနှင့် သက်ဆိုင်သည့် မူလ လစ်ဘရယ် အယူအဆထက် ကျော်လွန်ပါသည်။ ပြည်သူများမှ သတင်းအချက်အလက်ကို သာတူညီမျှ လက်လှမ်းမီ

---

[၂၆၈] Thomas Hammarberg, 'Media Freedom and Human Rights in Europe' in Josep Casadevall and others (eds), *Freedom of Expression: Essays in Honour of Nicolas Bratza* (Council of Europe 2012) 56.

[၂၆၉] ibid.

[၂၇၀] ibid.

ရရှိရေးအတွက် အခြေအနေကို ဖန်တီးရန်နှင့် မြန်ဆန်စေရန် အစိုးရ အဖွဲ့အစည်းများ၏ လက်ထဲသို့ တရားဝင် လုပ်ပိုင်ခွင့်များ အပ်နှင်းခြင်း ဖြစ်သည်။[၂၇၁]

ခုံရုံးသည် ဤအချက်ကို ၎င်း၏ လေ့လာဆန်းစစ်ချက်တွင် ရှင်းရှင်းလင်းလင်း အသိအမှတ်ပြုထားသည်။ ၎င်းဆန်းစစ်ချက်သည် ဝန်ကြီးများကောင်စီ၏ လမ်းညွှန်ချက်များကို များစွာ ချိန်ဆထားသည်။ ထို့နည်းတူ OSCE ကဲ့သို့ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ သို့မဟုတ် အစိုးရမဟုတ်သောအဖွဲ့အစည်းများထံမှ အစီရင်ခံစာများနှင့် ကျွမ်းကျင်သူများ၏ အမြင်သဘောထားများကိုလည်း များစွာ ချိန်ဆထားသည်။ နိုင်ငံ၏ လုပ်ဆောင်ရမည့် တာဝန်ကို ချိုးဖောက်မှုဖြစ်နိုင်ခြေကို လေ့လာချိန်ဆသည့်အခါ သီးသန့် စည်းမျဉ်းဆိုင်ရာ လိုအပ်ချက်များအတွက် ခုံရုံး၏ လေ့လာဆန်းစစ်ချက်ကို ပုံဖော်ရန်ဖြစ်ပါသည်။ *Manole* တွင် အသားပေးဖော်ပြထားသကဲ့သို့ ဝန်ကြီးများကော်မတီ၏ ရန်ပုံငွေထောက်ပံ့ခြင်းဆိုင်ရာ လမ်းညွှန်ချက်များကို အများပြည်သူဆိုင်ရာဝန်ဆောင်မှုပေးသည့် ရုပ်သံထုတ်လွှင့်ရေး စနစ်အတွက် ဥပဒေစနစ်မူဘောင်၏ လိုအပ်သည့် အစိတ်အပိုင်းအဖြစ် ခုံရုံးက ထည့်သွင်းထားသည်။ ကျွန်ုပ်တို့ တွေ့မြင်ရကဲ့သို့ အင်တာနက်သည် ရုပ်သံထုတ်လွှင့်ရေးမီဒီယာ၏ ဝိသေသ လက္ခဏာရပ်များကို ဝေမျှပြီး ၎င်းတို့ထက် ပို၍ကျော်လွန်သည်မှာ သံသယဖြစ်ဖွယ်မဟုတ်ပေ။ ထို့ကြောင့် PSM နှင့် စပ်လျဉ်းသည့် နိုင်ငံ၏ လုပ်ဆောင်ရမည့် တာဝန်ကို အလားအလာရှိသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ အစီအမံများအတွက် အခြေခံအဖြစ် အသုံးပြုနိုင်သည်။ လူတိုင်းအင်တာနက် လက်လှမ်းမီ သုံးစွဲခွင့် အဆင်ပြေချောမွေ့စေရေးအတွက် နိုင်ငံများက ချမှတ်ကျင့်သုံးရန်အလို့ငှာ Frank La Rue နှင့် အခြားသော အထူးအစီရင်ခံစာတင်သွင်းသူများမှ အကြံပြုထားသည့် အစီအမံများ ဖြစ်သည်။[၂၇၂] အမှန်အားဖြင့် ဖော်ထုတ်ထားသည့် အရေးယူဆောင်ရွက်ချက် ၄ ရပ်အနက် တရပ်မှာ နိုင်ငံများသည် စည်းမျဉ်းစည်းကမ်းဆိုင်ရာ မူဘောင်များကို ချမှတ်ရန် ဖြစ်သည် (ဈေးနှုန်းသတ်မှတ်ခြင်း၊ စနစ်၊ လူတိုင်းအတွက် ဝန်ဆောင်မှုပေးရေးလိုအပ်ချက်များနှင့် လိုင်စင်ချပေးသည့် သဘောတူညီချက်များ)။ ဆင်းရဲသားများနှင့် ကျေးလက်ဒေသများအတွက် အပါအဝင် အင်တာနက်ကို ပို၍ လက်လှမ်းမီ ရရှိရေး မြန်ဆန်စေမည့် မူဘောင်များ ဖြစ်သည်။

နောက်ဆုံးတွင် မီဒီယာလုပ်ပိုင်ခွင့်၏ အတိုင်းအတာပမာဏကို ခုံရုံးက အလေးထားပါသည်။ သတင်းအချက်အလက်မီဒီယာကို အနည်းငယ်သော အခွင့်ထူးခံများမှ မထိန်းချုပ်နိုင်ရေး သေချာစေရန် နိုင်ငံမှ လုပ်ဆောင်ရန် လိုအပ်ချက်အပေါ် အလေးထား လေ့လာသည်။ လူ့အဖွဲ့အစည်းအတွင်း ဆက်သွယ်ရေး ပုံစံများအပေါ် များစွာ သက်ရောက်မှုရှိသည့် လူမှုစီးပွား အခြေအနေများကို ခုံရုံးမှ ကျယ်ကျယ်ပြန့်ပြန့် သိရှိမှုကိုလည်း အသားပေးဖော်ပြပါသည်။ အထူးသဖြင့် လူ့အဖွဲ့အစည်းအတွင်းရှိ မည်သူက အဆိုပါ လူ့အဖွဲ့အစည်း၏ အဓိက ဆက်သွယ်ရေးလမ်းကြောင်းများကို သုံးစွဲခွင့်ပေးမည်ဟူသည့် အာဏာကို များစွာ လွှမ်းမိုးချုပ်ကိုင်ထားသော လူနည်းစု၏ လက်အတွင်း စုပုံမနေစေရေး သေချာစေရန် ခုံရုံးက ရှာဖွေပါသည်။ လူနည်းစုဆိုသည်မှာ လူမှုစီးပွား

---

[၂၇၀] Joan Barata, 'The Different Concepts of Free Expression and its Link with Democracy, the Public Sphere and Other Concepts' in Monroe E. Price, Stefaan Verhulst, and Libby Morgan (eds), *Routledge Handbook of Media Law* (Routledge 2013) 126.

[၂၇၂] Joint Declaration (n. 5) 6e.

အမြင့်မားဆုံးသော လူတန်းစားအတွင်းရှိ လူများဟု ဆိုလိုသည်။ ဤအမှုတွင် သတင်းအချက်အလက် ဆက်သွယ်ရေးအာဏာ မမျှမတ ရရှိနေသူများကို ခုံရုံးက လေ့လာထားသည်။ ၎င်းလေ့လာချက်သည် လက်လှမ်းမီ မရရှိသူများကို ပို၍အလေးထားခြင်းထက် သတင်းအချက်အလက်နည်းပညာသုံးစွဲနားလည်မှုပိုင်းကွာဟချက်၏ ဆန့်ကျင်ဘက် အစွန်းရှိလူများအပေါ် အလေးထားခြင်း ဖြစ်သည်။ ဤအယူအဆအတိုင်း လိုက်နာခြင်းဖြင့် ခုံရုံးသည် လူမှုစီးပွားအနေအထားများကို လေ့လာနိုင်သည်ဟု သုံးသပ်ရန်မှာ ကျိုးကြောင်း မလျော်ညီပေ။ အထူးသဖြင့် အဓိက ဆက်သွယ်ရေးလမ်းကြောင်းများမှ ဖယ်ကြဉ်ခံထားရသည့် ကျေးလက်ပြည်သူများ၏ လူမှုစီးပွားအခြေအနေများ ဖြစ်သည်။ အဓိက ဆက်သွယ်ရေး လမ်းကြောင်းများမှ လူတဦးချင်းစီ သို့မဟုတ် လူအစုအဖွဲ့လိုက် ဖယ်ထုတ်ခံရခြင်း ပါဝင်သည်။ ထို့နောက် ဗဟုဝါဒ၏ အလားတူ အခြေခံမူကို အသုံးပြုသည်။ ထို့အပြင် ခုံရုံး၏ ချဉ်းကပ်နည်းသည် ဥရောပကောင်စီ၏ ၂၀၁၀ ပြည့်နှစ် လူတိုင်းအတွက် အဆီးအတားမရှိ ညီမျှသည့် အင်တာနက်ဆိုင်ရာ ကြေညာစာတမ်းကို ထောက်ခံပါသည်။ လူတဦးချင်းစီမှ နေ့စဉ်ဘဝတွင် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို ကျင့်သုံးရာ၌ မရှိမဖြစ် အစိတ်အပိုင်း ဖြစ်သည့် အင်တာနက်ကို ဖြစ်ပေါ်စေသည့် ထူးခြားသော နည်းလမ်းများအတွက် နိုင်ငံမှ လုပ်ဆောင်ရန် လိုအပ်ချက်နှင့် ၎င်းကြေညာ စာတမ်းအား ချိတ်ဆက်ထားသည်။ ၎င်းနိုင်ငံ၏ လိုအပ်ချက်မှာ ပွင့်လင်းမြင်သာပြီး ခွဲခြားဆက်ဆံမှု မရှိသည့် ကွန်ယက်စီမံခန့်ခွဲမှု (ဆိုလိုသည်မှာ လူတိုင်းအတွက် အဆီးအတားမရှိ ညီမျှသည့် အင်တာနက်) သေချာစေရေး ဖြစ်ပါသည်။ ၂၀၁၀ ကြေညာစာတမ်းက ဖော်ပြသည်မှာ-

> အီလက်ထရွန်းနစ်ဆက်သွယ်ရေးကွန်ယက်များသည် အယူအဆများနှင့် သတင်းအချက်များ လွတ်လပ်စွာ ဖလှယ်ရေးအတွက် အခြေခံကိရိယာများ ဖြစ်လာကြသည်။ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်နှင့် သတင်းအချက်အလက် လက်လှမ်းမီ ရရှိခွင့်၊ ဗဟုဝါဒနှင့် အမျိုးစုံလင်များပြားမှုကို သေချာစေရေး အကူအညီပေးပြီး အခြေခံရပိုင်ခွင့်များကို ရရှိခံစားရေး အထောက်အပံ့ဖြစ်စေပါသည်။ ပြိုင်ဆိုင်မှုရှိပြီး လှုပ်ရှားသက်ဝင်နေသည့် ဝန်းကျင်သည် တီထွင်ဆန်းသစ်မှုကို အားပေးပြီး၊ ကွန်ယက် တိုးမြှင့်ရရှိမှု၊ စွမ်းဆောင်နိုင်မှုနှင့် နည်းပါးသည့် ကုန်ကျစရိတ်များ ဖြစ်စေသည်။ ထို့အပြင် အင်တာနက်ပေါ်တွင် အကြောင်းအရာနှင့် ဝန်ဆောင်မှုများကို ကျယ်ကျယ်ပြန့်ပြန့်နှင့် လွတ်လွတ်လပ်လပ် ဖြန့်ဝေခြင်းကို တိုးမြှင့်နိုင်စေသည်။ သို့ရာတွင် အသုံးပြုသူများ၏ အွန်လိုင်းတွင် သတင်းအချက်အလက်များ လက်လှမ်းမီရရှိခွင့်နှင့် ဖြန့်ဖြူးအပြင် ကိရိယာနှင့် ဝန်ဆောင်မှုအသစ်များ ဖွံ့ဖြိုးမှုတို့အပေါ် ပွင့်လင်းမြင်သာမှုမရှိသော အင်တာနက်ဆက်သွယ်ရေး စီမံခန့်ခွဲမှုကြောင့် ဆိုးဆိုးဝါးဝါး သက်ရောက်မှု ရှိနိုင်ပေသည်။ ထို့အပြင် အကြောင်းအရာနှင့် ဝန်ဆောင်မှုပိုင်း ခွဲခြားဆက်ဆံခြင်း သို့မဟုတ် စက်ပစ္စည်းများ၏ ဆက်သွယ်ရေးကို ဟန့်တားခြင်းတို့ကြောင့်လည်း ဆိုးဆိုးဝါးဝါး သက်ရောက်ပါသည်။

အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးခုံရုံးများရှေ့မှောက် ရောက်ရှိလာမည့် နောင်အမှုများသည် နိုင်ငံ၏ မှားယွင်းစွာ ပေယျာလကန်ပြုခြင်းကိုလည်း စောဒကတက်နိုင်ပေသည်။ ISP ၏ ခွဲခြားဆက်ဆံသည့် ကွန်ယက်စီမံခန့်ခွဲမှုအသုံးပြုခြင်းမှ ကာကွယ်ပေးမည့် လူတိုင်းအတွက် အဆီးအတားမရှိ ညီမျှသည့် အင်တာနက် ဖြစ်စေရေး သင့်လျော်သော စည်းမျဉ်းများကို နိုင်ငံမှ လျစ်လျူရှုခြင်း ဖြစ်သည်။ အထူးသဖြင့် ISP ၏ ခွဲခြားလုပ်ဆောင်ချက်များကြောင့် ဖယ်ကြဉ်ခံလူအုပ်စုမှ သင့်လျော်သော အကြောင်းအရာကို လက်ခံရရှိခွင့် သို့မဟုတ် ပေးပို့ခွင့်အပေါ် မညီမမျှ သက်ရောက်ကြောင်း တွေ့ရှိရသည့်အခါတွင် ဖြစ်သည်။ အမေရိကန်နိုင်ငံများစနစ်၏ ၂၀၁၃ ခုနှစ်

လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်နှင့် အင်တာနက်ဆိုင်ရာ အစီရင်ခံစာတွင် အလားတူအချက်ကို ပြုလုပ်ရန် ခွဲခြားဆက်ဆံခြင်းမပြုရေးအခြေခံမူကို အသုံးပြုထားသည်။

> လူ့အခွင့်အရေးဆိုင်ရာ အမေရိကန်နိုင်ငံများ၏ သဘောတူစာချုပ်ပါ အပိုဒ် (၁-၁) (ခွဲခြားဆက်ဆံခြင်း မပြုရေး) နှင့် အပိုဒ် (၂၄) (အညီအမျှ အကာအကွယ်ရရှိခွင့်) တို့နှင့် အညီ ဦးစားပေးအရေးယူ ဆောင်ရွက်ချက်များ (Affirmative Measures) (ဥပဒေစနစ်၊ စီမံအုပ်ချုပ်ရေး သို့မဟုတ် အလားတူ) တို့ကို တန်းတူညီမျှမှုနှင့် ခွဲခြားဆက်ဆံမှုမရှိရေး အခြေအနေဖြင့် နိုင်ငံမှ ချမှတ်ရန် လိုအပ်သည်။ လွတ်လပ်စွာ ထုတ်ဖော် တင်ပြပြောဆိုခွင့်ကို လူအုပ်စုအချို့၏ ထိထိရောက်ရောက် ရရှိခံစားမှုနှင့် ကျင့်သုံးပုံကို ဖျက်ဆီး စေနိုင်သည့် လက်ရှိ ခွဲခြားဆက်ဆံသည့် အနေအထားများကို ပြောင်းပြန်လှန်ရန် သို့မဟုတ် ပြောင်းလဲရန် ဖြစ်ပါသည်။ ဤခွဲခြားဆက်ဆံမှုမပြုရေးတာဝန်ဆိုသည်မှာ အခြားအရာများအနက် နိုင်ငံအနေဖြင့် အဆီး အတားများကို ဖယ်ရှားပစ်ရန် ဖြစ်သည်။ ၎င်းအဆီးအတားများသည် လူတဦးချင်း – သို့မဟုတ် သီးသန့် ကဏ္ဍတရပ် – အား ၎င်းတို့၏ အမြင်သဘောထားများနှင့် သတင်းအချက်အလက်များကို ဖြန့်ချိခြင်းမှ တားမြစ်နေသောကြောင့် ဖြစ်သည်။[၂၇၃]

ဗဟုဝါဒအခြေခံမူကို အသုံးပြုသည့် ချဉ်းကပ်နည်းအသစ် ပါဝင်နိုင်သည်။ အင်တာနက်ကို လူတိုင်း လက်လှမ်းမီ သုံးစွဲခွင့် အဆင်ပြေချောမွေ့စေရေးအတွက် လုပ်ဆောင်ရမည့် တာဝန် ပါဝင်သည့် အမှုများတွင် အသုံးပြုခြင်း ဖြစ်သည်။[၂၇၄] သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက် အခြေအနေတွင် ဥပဒေစနစ်နှင့် စီမံအုပ်ချုပ်မှုမူဘောင်များ စီမံပေးရမည့် ဤလုပ်ဆောင်ရမည့် တာဝန်များကို ဗဟုဝါဒ၏ အလားတူ အခြေခံမူများအောက်တွင် အကာအကွယ်ပေးရမည်။ လူ့အခွင့်အရေးဆိုင်ရာ ဥရောပခုံရုံး၏ ဤအမှုနှစ်ခုတွင် စီရင်ချက်ချမှတ်ရာတွင် ခုံရုံးက အသုံးပြုသည့် ဗဟုဝါဒအခြေခံမူများ ဖြစ်သည်။ စိန်ခေါ်မှုမှာ စီမံချက် သို့မဟုတ် မူဝါဒတရပ်ကို အကောင်အထည်ဖော်ရန်အတွက် လုပ်ဆောင်ရမည့် တာဝန်ကို မပေးအပ်ထားခြင်း ဖြစ်သည်။ အမှန်အားဖြင့် အခန်းကဏ္ဍသည် ထိုနေရာတွင် မရှိကြောင်းကို ခုံရုံးက အသေအချာ ပြောဆိုခဲ့ပါသည်။

၄-၄။ သတင်းအချက်အလက်လက်လှမ်းမီ ရရှိခွင့် စီမံပေးရေး လုပ်ဆောင်ရမည့် တာဝန်များ

လွန်ခဲ့သည့် ဆယ်စုနှစ်အနည်းငယ်အတွင်း မီဒီယာနှင့် ဖွံ့ဖြိုးတိုးတက်ရေး ပညာရှင်များသာမက အစိုးရ အရာရှိများသည် အင်တာနက်၏ အရေးပါပုံကို အသိအမှတ်ပြုခဲ့ကြသည်။ အစိုးရမှ ချုပ်ကိုင်ထားသည့် သတင်းအချက်အလက်များကို ပြည်သူများမှ လက်လှမ်းမီ ရရှိရေး မြှင့်တင်သည့် ကိရိယာတခုအဖြစ် အသိအမှတ်

---

[၂၇၃] OAS ‘Freedom of Expression and the Internet’ (n. 236), para. 20.

[၂၇၄] Joint Declaration (n. 5) 6e.

ပြုသည်။[JJ၅] အစိုးရမှ ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သည့် အင်တာနက်လက်လှမ်းမီ ရရှိမှု မညီမမျှဖြစ်ခြင်းသည် သိသာသည့် စိန်ခေါ်ချက်တရပ်အဖြစ် ဆက်လက်တည်ရှိနေသည့်တိုင် ဖြစ်ပါသည်။[JJ၆] အမှန်အားဖြင့် အစိုးရ၏ သတင်းအချက်အလက်များကို ပြည်သူများမှ ပိုမို လက်လှမ်းမီ ရရှိအောင် ပြုလုပ်ခြင်းဖြင့် အစိုးရတွင် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုကို မြှင့်တင်ရေး အတော်ပင် တန်ဖိုးရှိကြောင်း အင်တာနက်က သက်သေပြနိုင်ပါသည်။[JJ၇] လက်ရှိတွင် 'ပွင့်လင်းအစိုးရမိတ်ဖက် (Open Government Partnership)' ကဲ့သို့ သဘောဆန္ဒအလျောက် ကမ္ဘာလုံးဆိုင်ရာ ကနဦးလှုပ်ရှားမှုများသည် အင်တာနက်အပါအဝင် သတင်းအချက်အလက် နည်းပညာ၏ အရေးပါပုံကို ရှင်းရှင်းလင်းလင်း အသိအမှတ်ပြုလက်ခံထားသည်။ ဒီမိုကရေစီရှင်သန်မှုတွင် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့် ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးတိုးတက်မှုကို ရရှိရေး သေချာစေရန်အတွက် အစိုးရမှ ချုပ်ကိုင်ထားသည့် သတင်းအချက်အလက်များကို လက်လှမ်းမီ ရရှိမှုနှင့် ပွင့်လင်းမြင်သာမှု တိုးမြှင့်စေရန် ဖြစ်ပါသည်။[JJ၈] သို့ရာတွင် လူတိုင်း လက်လှမ်းမီ မရရှိခြင်းကြောင့် အင်တာနက်ကို ၎င်း၏ အလားအလာ အပြည့်အဝအတိုင်း ပြသနိုင်စွမ်း လျော့ပါးစေပါသည်။ အစိုးရအတွင်း ပြည်သူများ၏ အပြည့်အဝ ပါဝင်ပူးပေါင်းရေး အသုံးပြုသည့် ဒီမိုကရေစီ ဖြစ်ထွန်းစေမည့် ကိရိယာအဖြစ် အင်တာနက်၏ အလားအလာ လျော့ပါးစေခြင်း ဖြစ်သည်။[JJ၉] အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်ကို လူ့အခွင့်အရေးတရပ်အဖြစ် လက်ရှိတွင် မယူဆသော်ငြား အင်တာနက် လက်လှမ်းမီ ရရှိသည့် ပြည်သူများနှင့် ဒီမိုကရေစီရှင်သန်မှုတွင် ၎င်းတို့၏ ပါဝင်ပူးပေါင်းမှုတို့အကြား ဆက်နွယ်ချက်ကို လူ့အခွင့်အရေးပညာရှင်များက တာရှည်ခံအောင် ပြုလုပ်ပါသည်။ ကုလသမဂ္ဂ အထူးအစီရင်ခံစာတင်သွင်းသူ Frank La Rue ၏ အစီရင်ခံစာများကို အသုံးပြု၍ Boyle နှင့် Shah တို့က အသိအမှတ်ပြုပါသည်။ နှစ်ဉာဝတွင်

JJ၅ C.C. Hood and H.Z. Margetts, *The Tools of Government in the Digital Age*, 2nd edn (Palgrave Macmillan 2007) 272; K. Janssen, 'Open Government Data and the Right to Information: Opportunities and Obstacles' (2012) 8 *The Journal of Community Informatics*; UN, 'United Nations E-Government Survey 2012: E-Government for the People' (UN 2012).

JJ၆ ယေဘုယျအားဖြင့် Stephen M. Johnson, 'The Internet Changes Everything: Revolutionizing Public Participation and Access to Government Information through the Internet' (1998) 50 *Admin L Rev* 277; Cary Coglianese, 'Citizen Participation in Rulemaking: Past, Present, and Future' (2006) 55 *Duke Law Journal* 943; Cynthia R. Farina and others, 'Regulation Room: Getting 'More, Better' Civic Participation in Complex Government Policymaking' (2013) 7 *Transforming Government: People, Process and Policy* 501 ကို ကြည့်ပါ။

JJ၇ ပွင့်လင်းအစိုးရမိတ်ဖက် ပူးတွဲကြေညာစာတမ်း (Open Government Partnership [OGP]) ကို နိုင်ငံ ၅၄ ခုက ပါဝင်အတည်ပြုခဲ့သည်။ 'သတင်းအချက်အလက်မျှဝေခြင်း၊ ပြည်သူပူးပေါင်းပါဝင်ခြင်းနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းအတွက် နည်းပညာအသစ်များက အခွင့်အလမ်းအသစ်များပေးပါသည်။ ကျွန်ုပ်တို့ [OGP အဖွဲ့ဝင်နိုင်ငံများ] သည် သတင်းအချက်အလက်များကို ပို၍ ပြည်သူမှ ရရှိစေရန်အတွက် ဤနည်းပညာအသစ်များကို ထိန်းချုပ်အသုံးချလိုကြသည်။ လူများသည် ၎င်းတို့၏ အစိုးရမှ မည်သည်တို့ကို လုပ်ဆောင်နေသည်နှင့် ဆုံးဖြတ်ချက်များအပေါ် လွှမ်းမိုးနိုင်ရန်တွက် ပြည်သူများကို တက်စွမ်းနိုင်စေမည့် နည်းလမ်းများအတိုင်း ထိန်းချုပ်ဆောင်ရွက်လိုကြသည်' ဟု ဖော်ပြထားသည်။ http://www.opengovpartnership.org

JJ၈ Johnson (n. 276) 277.

JJ၉ ibid 305.

အင်တာနက်၏ အရေးပါပုံ ပို၍ တိုးပွားလာပါသည်။ အထူးသဖြင့် အစိုးရတွင် ပွင့်လင်းမြင်သာစွာ ပူးပေါင်းပါဝင်ခြင်းနှင့် သတင်းအချက်အလက် အများအပြားကို လက်လှမ်းမီ ရရှိခွင့်ကို အဆင်ပြေချောမွေ့အောင် ပြုလုပ်ရာတွင် ဖြစ်သည်။ ထို့ကြောင့် အင်တာနက်ကို လူတိုင်း လက်လှမ်းမီ သုံးစွဲခွင့်ကို အဆင်ပြေချောမွေ့စေရန် အစိုးရတွင် လုပ်ဆောင်ရန် တာဝန်ရှိကြောင်း ခုခံချေပနိုင်ပါသည်။ လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်ကို အဆင်ပြေ ချောမွေ့စေရန်နှင့် မြှင့်တင်ရန်အတွက်နိုင်ငံများ၏ တာဝန်တစိတ်အပိုင်းအဖြစ် လုပ်ဆောင်ရပေမည်။[၂၈၀]

လက်ရှိတွင် နည်းပါးသော်ငြား အဆက်အစပ်ရှိရှိ တောင့်တင်းခိုင်မာသည့် ဥပဒေစနစ်သည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့များတွင် ရှိနေပါသည်။ သတင်းအချက်အလက် လက်လှမ်းမီ ရရှိခွင့်ကို စီမံပေးမည့် လုပ်ဆောင်ရန်တာဝန်ရှိကြောင်းကို ၎င်းဥပဒေစနစ်က သတိကြီးကြီး ထပ်လောင်းအတည်ပြုပါသည်။[၂၈၁] အထွေထွေမှတ်ချက် ၃၄ တွင် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ဖော်ပြသည်မှာ-

> သတင်းအချက်အလက် လက်လှမ်းမီ သုံးစွဲခွင့်အတွက် သက်ရောက်မှု ပေးစွမ်းရန်အလို့ငှာ အများပြည်သူအကျိုးစီးပွားနှင့် သက်ဆိုင်သော အစိုးရ၏ သတင်းအချက်အလက်များကို အများပြည်သူအသုံးပြုသည့် ဒိုမိန်းတွင် နိုင်ငံများမှ ဦးဆောင်ထည့်သွင်းရမည်။ အဆိုပါ သတင်းအချက်အလက်များကို လွယ်လင့်တကူ၊ ချက်ချင်း၊ ထိထိရောက်ရောက်နှင့် လက်တွေ့ကျကျ လက်လှမ်းမီ ရရှိမှု သေချာစေရေး မည်သည့် အားထုတ်မှုကို မဆို အဖွဲ့ဝင်နိုင်ငံများက လုပ်ဆောင်ရမည်။ သတင်းအချက်အလက်များကို လက်လှမ်းမီ သုံးစွဲခွင့် ရရှိနိုင်မည့် လိုအပ်သည့် လုပ်ထုံးလုပ်နည်းများကို အဖွဲ့ဝင်နိုင်ငံများက ပြဋ္ဌာန်းရမည်။ သတင်းအချက်အလက်လွတ်လပ်စွာ ရရှိသုံးစွဲခွင့်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းသည့် နည်းလမ်းများကဲ့သို့ ဖြစ်သည်။ သဘောတူစာချုပ်နှင့် ကိုက်ညီသည့် ရှင်းလင်းသော စည်းမျဉ်းများအရ သတင်းအချက်အလက်များ တောင်းခံရာတွင် အချိန်နှင့် တပြေးညီ စီမံဆောင်ရွက်ခြင်းကို လုပ်ထုံးလုပ်နည်းများက စီမံပေးရမည် ဖြစ်သည်။[၂၈၂]

နိုင်ငံမှ ထိန်းချုပ်ထားသည့် သတင်းအချက်အလက်များနှင့် စပ်လျဉ်း၍ သတင်းအချက်အလက်များကို လက်လှမ်းမီ ရရှိခွင့် ရှိကြောင်း လူ့အခွင့်အရေးဆိုင်ရာ ဥရောပခုံရုံးက အတိအကျ ဖော်ပြထားသော်ငြား သတင်းအချက်အလက် လက်လှမ်းမီ ရရှိခွင့်နှင့် ၎င်းကို စီမံပေးမည့် နည်းလမ်းတရပ်ဖြစ်သည့် အင်တာနက်တို့အကြား ချိတ်ဆက်ပြထားပါသည်။ *Times Newspapers Ltd v. the United Kingdom* တွင် 'သတင်းအချက်အလက် အမြောက်အများကို သိုလှောင်ပြီး ဆက်သွယ်ပေးပို့သည့် ၎င်း၏ အဆင်ပြေချောမွေ့မှုနှင့် စွမ်းဆောင်ရည်အရ

---

[၂၈၀] Kevin Boyle and Sangeeta Shah, 'Thought, Expression, Association, and Assembly' in Daniel Moeckli, Sangeeta Shah, and Sandesh Sivakumaran (eds), *International Human Rights Law* (OUP 2013) 227.

[၂၈၁] ယေဘုယျအားဖြင့် Maeve McDonagh, 'The Right to Information in International Human Rights Law' (2013) 13 *Human Rights Law Review* 25 ကို ကြည့်ပါ။

[၂၈၂] GC34 (n. 205), para. 19.

သတင်းများကို ပြည်သူများမှ လက်လှမ်းမီ ရရှိခွင့်ကို မြှင့်တင်ခြင်းနှင့် ယေဘုယျသတင်းအချက်အလက်များကို ဖြန့်ချိရာတွင် အဆင်ပြေချောမွေ့စေခြင်းတွင် အင်တာနက်သည် အရေးပါသည့် အခန်းကဏ္ဍမှ ဆောင်ရွက်ကြောင်း' ခုံရုံးက ဖော်ပြခဲ့သည်။[၂၉၃] ဤချိတ်ဆက်မှုကို သိမြင်ခြင်းဖြင့် တရားဝင်သတင်းအချက်အလက်များကို လက်လှမ်းမီ သုံးစွဲရေး စီမံရန် အစိုးရမှ လုပ်ဆောင်ရမည့် တာဝန်များကို ခုံရုံးက မည်သို့ သတိကြီးကြီး ချဉ်းကပ်သည်ကို ယခုအပိုင်းက လေ့လာပါသည်။ ထို့အပြင် ဤလေ့လာဆန်းစစ်ချက် ပြုလုပ်ရာတွင် ခုံရုံးက အသုံးပြုသည့် အဓိက အစိတ်အပိုင်းများကို ဖော်ထုတ်လျက် သုံးသပ်ပါသည်။ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကို လေ့လာဆန်းစစ်သည့် မည်သည့် နောင်ကာလ အမှုများတွင်မဆို ခုံရုံးက ချမှတ်ကျင့်သုံးနိုင်ခြေရှိသည့် အကြောင်းရင်းများ ဖြစ်ကြသည်ဟုလည်း ဆွေးနွေးလျက် လေ့လာပါသည်။[၂၉၄]

အထက်တွင် အသားပေးဖော်ပြခဲ့သည့်အတိုင်း ယခင်ကထက် သတင်းအချက်အလက် အမြောက်အများကို လက်လှမ်းမီ ရရှိခွင့် စီစဉ်ပေးသည့် အင်တာနက်၏ အရေးပါမှုကို ခုံရုံးများက နောင်ကာလ ဆန်းစစ်ချက်များအတွက် မည်သို့ ရေးဆွဲမည်နှင့် ကိုက်ညီအောင် ပြုလုပ်ပါသည်။ နိုင်ငံ၏ လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့် အာမခံချက်များ၏ အစိတ်အပိုင်းအဖြစ် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့် သေချာစေရေးအတွက် လုပ်ဆောင်ရန် တာဝန်ရှိကြောင်းကို ဆန်းစစ်မည့် နောင်ကာလလေ့လာချက်များ ဖြစ်သည်။ *Mustafa* အမှုတွင် ဆွေးနွေးထားသကဲ့သို့ပင် လက်ခံရရှိသူ၏ အမြင်ရှုထောင့်မှနေ၍ သတင်းအချက်အလက် လက်လှမ်းမီ သုံးစွဲခွင့်ကို ECtHR က အသိအမှတ်ပြုထားသည်။ နိုင်ငံမှ ချုပ်ကိုင်ထားသည့် အစိုးရ သတင်းအချက်အလက်များကို လက်လှမ်းမီ ရရှိခွင့်သည် သတင်းအချက်အလက် လက်လှမ်းမီ ရရှိခွင့်ဆိုင်ရာ ယေဘုယျ အခွင့်အရေးနှင့် မတူညီပါ။ ဤအချက်တွင် ခုံရုံးသည် အတော်ပင် ရှင်းလင်းပါသည်။ သို့ရာတွင် ယခုအခန်းတလျှောက်လုံး ဖော်ပြထားသည့် စီရင်ထုံးဥပဒေတွင် ဆွေးနွေးထားသည့်အတိုင်း ခုံရုံးသည် ၎င်း၏ ဥပဒေစနစ်ကို တဖြည်းဖြည်း ဖွံ့ဖြိုးအောင် လုပ်ဆောင်လျက်ရှိသည်။ သတင်းအချက်အလက်ပေးပို့သည့်နည်းလမ်းများ၏ ထူးခြား ဝိသေသများနှင့် သင့်လျော်သည့် အကြောင်းအရာကို အမှန်တကယ်ပေးပို့ရာတွင် အခြေခံအဆောက်အဦ၏ အရေးပါပုံတို့ကို အသိအမှတ်ပြုသည့် ဥပဒေစနစ်ဖြစ်သည်။[၂၉၅] ထို့ကြောင့် အစိုးရမှ ချုပ်ကိုင်ထားသည့် သတင်းအချက်အလက်များကို ဖြန့်ချိခြင်းဆိုင်ရာ အခြေခံအဆောက်အဦ၏ အရေးပါမှုကိုလည်း ခုံရုံးက တိတိပပ ချိတ်ဆက်ထားသည်မှာ ဖြစ်နိုင်ပါသည်။ ဤအပေါ်အခြေခံ၍ ဒီမိုကရေစီသက်ဝင်လှုပ်ရှားမှုကို ခိုင်မာအားကောင်းစေရေးနှင့် လူတဦးချင်းစီ၏ ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးမှုကို ခိုင်မာအားကောင်းစေရေးတွင် လွတ်လပ်စွာထုတ်ဖော်တင်ပြ ပြောဆိုခွင့်၏ အခြေခံကျသည့် အခန်းကဏ္ဍကို ပို၍ ပြည့်ပြည့်စုံစုံ ဖွံ့ဖြိုးလာစေမည် ဖြစ်သည်။

---

[၂၉၃] *Times Newspapers Ltd v. the United Kingdom (Nos. 1 and 2)* ECHR 2009, para. 27.

[၂၉၄] *Claude Reyes et al. v. Chile* (2006) IACtHR Series C no 151, Merits, Reparations and Costs, para. 77; *Yildirim v. Turkey* App no 3111/10 (ECtHR, 18 December 2012), paras 52, 54 (သတင်းအချက်အလက် လက်လှမ်းမီ ရရှိခွင့်နှင့် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်တို့အကြား ချိတ်ဆက်မှု); Päivi Tiilikka, 'Access to Information as a Human Right in the Case Law of the European Court of Human Rights' (2013) 5 *Journal of Media Law* 79.

[၂၉၅] *Mustafa*, *VgT*, *Frasila*, *Mouvement Suisse*, နှင့် *Manole* တို့အကြောင်း ဆွေးနွေးချက်ကို ကြည့်ပါ။

Youth Initiative for Human Rights v. Serbia တွင် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို ဖြည့်ဆည်းပေးရန်အတွက် နိုင်ငံ၏ မလုပ်ဆောင်ရမည့်တာဝန်နှင့် လုပ်ဆောင်ရမည့် တာဝန်များအနေအထားတွင် အများပြည်သူဆိုင်သတင်းအချက်အလက်များကို လက်လှမ်းမီ ရရှိခွင့် အကြောင်းကို လျှောက်လဲသူနှင့် နိုင်ငံတို့က ဆွေးနွေးခဲ့ကြပါသည်။ သို့ရာတွင် ခုံရုံးသည် ၎င်း၏ တညီတညွတ်တည်းသော စီရင်ချက်ချမှတ်ခြင်းများတွင် မည်သည့် တာဝန်ရှိမှု ပုံစံ (လုပ်ဆောင်ရန် သို့မဟုတ် မလုပ်ဆောင်ရန်) ထွက်ပေါ်လာမည့်အပေါ်တွင်မူ ခုံရုံးက နှုတ်ဆိတ်ခဲ့ပါသည်။ အပိုဒ် (၁၀) ကို ချိုးဖောက်မှုရှိကြောင်း တညီတညွတ်တည်း စီရင်ချက် ချမှတ်ခြင်း ဖြစ်ပါသည်။ လျှောက်လဲသူသည် ဘဲလ်ဂရိတ်မြို့တွင် အခြေခံလုပ်ဆောင်နေသည့် အစိုးရမဟုတ်သော အဖွဲ့အစည်း ဖြစ်သည်။ ကြားကာလဥပဒေများတွင် လူ့အခွင့်အရေးကို လေးစားလိုက်နာရေး၊ ဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီအတွက် သေချာစေမည့် အမြင်နှင့် အကောင်အထည်ဖော်ရန် စောင့်ကြည့်လေ့လာနေသည့် အဖွဲ့လည်း ဖြစ်ပါသည်။[၂၈၆] အီလက်ထရွန်းနစ်ကိရိယာအသုံးပြု၍ ထောက်လှမ်းခြင်းနှင့် သက်ဆိုင်သော အချက်အလက်အချို့ကို စီမံပေးရန် ဆားဘီးယားနိုင်ငံ၏ ထောက်လှမ်းရေးဌာနက ငြင်းဆန်ကြောင်းကို လျှောက်လဲသူက တင်ပြပါသည်။ သို့သော် ငြားလည်း သတင်းအချက်အလက်၏ နောက်ဆုံးနှင့် စည်းနှောင်ထားသည့် ဆုံးဖြတ်ချက်သည် ECHR အောက်ရှိ လျှောက်လဲသူ၏ ချိုးဖောက်မှုကို ဖြစ်ပေါ်စေပါသည်။[၂၈၇] ၎င်း၏ စောင့်ကြည့်ရေးအခန်းကဏ္ဍကို ကျင့်သုံးခြင်း အပေါ် ထောက်လှမ်းရေးဌာန၏ ငြင်းဆိုချက်က ဆိုးဆိုးဝါးဝါး သက်ရောက်ခဲ့ပါသည်။ အီလက်ထရွန်းနစ် ကိရိယာ အသုံးပြု၍ ထောက်လှမ်းသည့် ဆောင်ရွက်ချက်များအသုံးပြုခြင်းနှင့် ဆက်စပ်သည့် သတင်း အချက်အလက်များကို စီမံပေးရန် ဖြစ်ပါသည်။[၂၈၈] သတင်းအချက်အလက်လွတ်လပ်စွာ လက်ခံရရှိခွင့်သည် အခြားသူများက ဆန္ဒရှိသော သို့မဟုတ် ပေးပို့လိုသည့် သတင်းအချက်အလက်များကို လူတဦးက လက်ခံရရှိခြင်းအား နိုင်ငံမှ တားမြစ်ခြင်း ကိုသာလျှင် ခွင့်မပြုကြောင်းအဖြစ် အစိုးရက ခုခံချေပပါသည်။[၂၈၉] သို့ရာတွင် နိုင်ငံသည် ၎င်းကိုယ်ပိုင် လုပ်ဆောင် ချက်အရ ရရှိလာသည့် သတင်းအချက်အလက်များကို ကောက်ယူ၍ ဖြန့်ချိရန်အတွက် လုပ်ဆောင်ရန် နိုင်ငံတွင် တာဝန်မရှိပေ။[၂၉၀]

အမှု၏ လုပ်ဆောင်ရန်နှင့် မလုပ်ဆောင်ရန် အစိတ်အပိုင်းများတွင် (၁) နိုင်ငံက သူ၏ ထောက်လှမ်းရေး ဆောင်ရွက်ချက်များနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို စီမံပေးရန်အတွက် လျှောက်လဲသူ၏ တောင်းဆိုချက် (ဆိုလိုသည်မှာ လျှောက်လဲသူကို သတင်းအချက်အလက် စီမံပေးရန် အစိုးရ၏ လုပ်ဆောင်ရမည့် တာဝန်)၊ (၂) တောင်းဆိုချက်ကို နိုင်ငံ၏ ငြင်းဆိုမှု (ဆိုလိုသည်မှာ တားမြစ်ခြင်းမပြုသည့် မလုပ်ဆောင်ရမည့် တာဝန်)၊ (၃) ထို့နောက်ဆက်လက်၍ သတင်းအချက်အလက်ထုတ်ပြန်ပေးရန်အတွက် သတင်းအချက် ကော်မရှင်နာမင်းကြီး၏ အဓိန္ဓ (ဆိုလိုသည်မှာ လျှောက်လဲသူအတွက် အစိုးရမှ ချုပ်ကိုင်ထားသည့် သတင်း အချက်

---

[၂၈၆] *Youth Initiative for Human Rights v. Serbia* App no 48135/06 (ECtHR, 25 June 2013), para. 5.

[၂၈၇] ibid., paras 16, 22.

[၂၈၈] ibid., para. 22.

[၂၈၉] ibid., para. 23.

[၂၉၀] ibid., para. 24–6.

အလက်များကို ကောက်နှုတ်စုစည်းရန်နှင့် စီမံပေးရန်အတွက် လုပ်ဆောင်ရမည့် တာဝန်)၊ (၄) ထောက်လှမ်းရေး အဖွဲ့သည် အဆိုပါ သတင်းအချက်အလက်ကို ပိုင်ဆိုင်ခြင်းမရှိကြောင်း လျှောက်လဲသူကို အသိပေးစာ (ဆိုလိုသည်မှာ တားမြစ်ခြင်းမပြုသည့် မလုပ်ဆောင်ရမည့် တာဝန်) တို့ ပါဝင်သည်။[၂၉၁] *Tarsasag* ကို ကိုးကား၍ အစိုးရမဟုတ်သော အဖွဲ့အစည်း၏ စောင့်ကြည့်ရေးအခန်းကဏ္ဍကို လျှောက်လဲသူက ရှင်းရှင်းလင်းလင်း ကျင့်သုံးမှု အပေါ် မူတည်လျက် လျှောက်လဲသူ၏ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို သိသိသာသာ တားမြစ်ကြောင်း ခုံရုံးက စီရင်ချက် ချမှတ်ခဲ့သည်။[၂၉၂] ထို့အပြင် 'လွတ်လပ်စွာထုတ်ဖော်တင်ပြ ပြောဆိုခွင့်သည် တားမြစ်ချက်ကို ကြုံတွေ့နိုင်သော်ငြား မည်သည့်တားမြစ်ချက်မဆို ပြည်တွင်းဥပဒေအရ ဖြစ်သင့်ကြောင်း ခုံရုံးက ပြန်လည် ဖော်ထုတ်သည်။ ဤလက်ရှိအမှုတွင် ထောက်လှမ်းရေးအဖွဲ့က ချမှတ်သည့် တားမြစ်ချက်များသည် အဆိုပါ စံနှုန်းနှင့် မကိုက်ညီကြောင်း ခုံရုံးက တွေ့ရှိခဲ့သည်'။[၂၉၃] သတင်းအချက်အလက် ကော်မရှင်နာမင်းကြီး၏ အမိန့်ကို ဆားဘီးယားနိုင်ငံ ထောက်လှမ်းရေးအဖွဲ့၏ တဖက်သတ် သဘောမတူခြင်းကြောင့် ပေါ်ထွက်လာသည့် အပိုဒ် (၁၀) ကို ချိုးဖောက်ခြင်းရှိကြောင်း ခုံရုံးက စီရင်ချက်ချမှတ် ခဲ့ပါသည်။ ၎င်းပြဿနာသည် ပြည်တွင်းဥပဒေကို ဖီဆန်နေပြီး ထင်ရှားပြုခြင်းအဖြစ် သဘောသက်ရောက် ပါသည်။[၂၉၄] လုပ်ဆောင်ရမည့် တာဝန်များနှင့် မလုပ်ဆောင်ရန် တာဝန်ရှိမှုများအကြား ကွာခြားချက်ကို အစိုးရသည် ဆွေးနွေးသည့်အခါ အပိုဒ် (၁၀) သည် မလုပ်ဆောင်ရန် အပိုင်းကိုသာ လွှမ်းခြုံကြောင်း ဖော်ပြပြီး ခုံရုံးအနေဖြင့် အဆိုပါကိစ္စရပ်ကို နှုတ်ဆိတ်နေကြောင်း စောဒက တက်ပါသည်။ ထို့ကြောင့် ၎င်းတွင် ရှိမနေသည့် သတင်းအချက်အလက်များကို လက်လွှဲပေးရန် အဖွဲ့အစည်းတခု၏ ပျက်ကွက်မှုသည် မလုပ်ဆောင်ရန် တာဝန်ရှိခြင်း ဖြစ်သည်ဟု ပြောဆိုရန် ဆိုလိုသည်လား ဟူသည့် အချက်ကမူ မသဲကွဲပေ။ သို့တည်းမဟုတ် တာဝန်ရှိမှုကို ချိုးဖောက်ခြင်းရှိသည့်အတွက် ဤသတင်းအချက်အလက်ကို ကောက်နှုတ်စုစည်းကာ ဖန်တီးပေးရေး လုပ်ဆောင်ရန်တာဝန် ရှိရမည်ကို ပြောဆိုရန် အဓိပ္ပာယ် သက်ရောက်မည် မသက်ရောက်မည် ဆိုသည်မှာလည်း မရှင်းလင်းပေ။

သတင်းအချက်အလက်လက်လှမ်းမီ ရရှိခွင့်နှင့် ဆက်စပ်သည့် မလုပ်ဆောင်ရန်နှင့် လုပ်ဆောင်ရမည့် တာဝန်များကို ပိုင်းခြားခြင်း၏ ရှုပ်ထွေးမှုများကို မှတ်ချက်ပြုလျက် တရားသူကြီး Sajo နှင့် တရားသူကြီး Vuncinic တို့က မှတ်ချက်ပြုသည်မှာ-

> သတင်းအချက်အလက်လက်လှမ်းမီ သုံးစွဲခွင့် အနေအထားတွင် သတ်မှတ်ရန်အတွက် နိုင်ငံ၏ မလုပ်ဆောင်ရမည့် တာဝန်နှင့် လုပ်ဆောင်ရမည့် တာဝန်များအကြား ခြားနားရာတွင် ခက်ခဲပါသည်။

---

[၂၉၁] ibid., paras 25–6.

[၂၉၂] ibid., paras 24–6.

[၂၉၃] ibid., para. 25.

[၂၉၄] ibid., para. 26.

ခေတ်မီ အချက်အလက် စီမံခန့်ခွဲမှု၏ ရှုပ်ထွေးမှုအရ လက်လှမ်းမီ ရရှိခြင်းကို တားမြစ်ချက်မရှိခြင်းသည် သတင်းအချက်အလက်ရရှိခွင့်ကို ထိထိရောက်ရောက် ခံစားရရှိစေရေးအတွက် လုံလောက်ပါသည်။[JJ၅]

နိုင်ငံမှ ချုပ်ကိုင်ထားသည့် သတင်းအချက်အလက်များကို လက်လှမ်းမီ ရရှိခွင့်အတွက် လုပ်ဆောင်ရန် တာဝန်ရှိခြင်းများအပေါ် အားအကောင်းဆုံး ဆွေးနွေးချက်ကို လက်တလောတွင် တွေ့ရှိရပါသည်။ အများနှင့် သက်ဆိုင်သည့် အကျိုးစီးပွားဆိုင်ရာကိစ္စရပ်အကြောင်း ပြည်သူ့ရေးရာဆွေးနွေးပွဲအတွက် ဖိုရမ်တခုကို ဖြစ်ပေါ် စေရန် လှုံ့ဆော်ခြင်း သို့မဟုတ် ဖန်တီးခြင်းအတွက် လိုအပ်သော သတင်းအချက်အလက်များကို လျှောက်လဲသူက စုဆောင်းသည့်အခါတွင် ဖြစ်ပါသည်။[JJ၆] *Manole* ၊ *Frasila* နှင့် *VgT* တို့အပါအဝင် ရှေ့အပိုင်းတွင် ဆွေးနွေးခဲ့သည့် စီရင်ထုံးဥပဒေနှင့် ဤအချက်က ကိုက်ညီပါသည်။ အယူအဆများနှင့် သတင်းအချက် အလက်များကို လက်ခံရရှိရန် သို့မဟုတ် ပေးပို့ရန် ရုပ်သံဆိုင်ရာ အခြေခံအဆောက်အဦ၏ အရေးပါပုံကိုလည်း အသားပေးဖော်ပြထားပါသည်။ သို့ရာတွင် သူ၏ ဝက်ဆိုက်ကို သုံးစွဲခွင့် မရရှိနိုင်ခြင်းကြောင့် သတင်းအချက်အလက် ပေးပို့ခွင့်နှင့် လက်ခံရရှိခွင့် နှစ်ခုစလုံးကို တားမြစ်ချက်ရှိကြောင်း *Yildirim* တွင် ခုံရုံးက ရှင်းရှင်းလင်းလင်း ပြုလုပ်ခဲ့ပါသည်။ သိသာထင်ရှားသည်မှာ အမှုတခုတည်းဖြစ်သော်ငြား ခုခံချေပချက်ကို ထောက်ခံရာတွင် အသုံးပြုနိုင်ပါသည်။ *Youth Initiatives* နှင့် *Tarsasag* အမှုများတွင် ခုံရုံးက ချဉ်းကပ်ခဲ့သည့်အတိုင်း နိုင်ငံသား ဘလော့ဂါများ၏ အခြေအနေများကို ခုံရုံးက ချဉ်းကပ်နိုင်သည့် ဆွေးနွေးချက် ဖြစ်သည်။[JJ၇]

ဤအချက်နှင့် စပ်လျဉ်း၍ တရားသူကြီးများ၏ သဘောကိုက်ညီသည့် အမြင်သဘောထားစာတမ်းသည် ပညာရှင်သတင်းသမားများနှင့် သာမန်နိုင်ငံသားများအကြား ခြားနားချက် ကွယ်ပျောက်လာခြင်းကို ဂရုပြုမိခဲ့သည်။ ခုံရုံးသည် ၎င်း၏ နောင်ကာလစီရင်ထုံးတွင် ပို၍ ရှင်းလင်းချက်ပေးရန် လိုအပ်ကြောင်း ခုခံချေပပါသည်။ သာမန် အကျိုးစီးပွားနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်ကို ပေးပို့သည့် သတင်းသမားများ၏ တာဝန်ကို ဖြည့်ဆည်းသည့်အခါ အပိုဒ် (၁၀) သည် သာမန်ပြည်သူများအတွက် မည်သည့်အကာအကွယ်ပေးသည်ကို ပိုမို ရှင်းလင်းစေပါသည်။[JJ၈] ယေဘုယျအကျိုးစီးပွားအကြောင်း ပြည်သူ့ရေးရာဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များအတွက် ဤ သတင်းအချက်အလက်များကို ပြည်သူအားလုံးအတွက် တိုးချဲ့ပေးပို့ရန်အလို့ငှာ နိုင်ငံမှ ချုပ်ကိုင်ထားသည့် သတင်းအချက်အလက်များကို မည်မျှအတိုင်းအတာအထိ ပြည်သူများက လက်ခံရရှိခွင့်ရှိကြောင်း လေ့လာရန် လိုအပ်ပေလိမ့်မည်။[JJ၉] ပြည်သူများသည် မည်မျှ လက်ခံရရှိခွင့် ရှိသည်ကို လေ့လာရန်လည်း ခုံရုံးက လိုအပ်

[JJ၅] ibid., Concurring Opinion of Judges Sajo and Vucinic, para. 2.

[JJ၆] Dirk Voorhoof and Rónan Ó Fathaigh, 'The Press and NGOs' Right of Access to Official Documents under Strict Scrutiny of the European Court of Human Rights' (2013) Strasbourg Observers Blog, http://hdl.handle.net/1854/LU-4227347; Fathaigh and Voorhoof (n. 29) 107; အခန်း (၆-၃) ကို ကြည့်ပါ။

[JJ၇] *Társaság a Szabadságjogokért v. Hungary* App no 37374/05 (ECtHR, 14 April 2009), para. 27; *Youth Initiative for Human Rights* (n. 286), para. 20.

[JJ၈] *Youth Initiative for Human Rights* (n. 286), Concurring Opinion of Judges Sajo and Vucinic, para. 1.

[JJ၉] ibid.

ပေမည်။ ဤသို့အချက်အလက် လက်လှမ်းမီ ရရှိခြင်းကို မတားမြစ်ရန် သို့မဟုတ် အဆီးအတား မဖန်တီးရန် နိုင်ငံ၏ တာဝန်ရှိမှုကို မည်မျှ အကာအကွယ်ပေးသင့်သည်ကိုလည်း လေ့လာရန်လိုအပ်သည်။ အကာအကွယ်ပေးရန် လိုအပ်ပါက အခြေခံအဆောက်အဦကို လက်လှမ်းမီ ရရှိခွင့် သို့မဟုတ် ဤသတင်းအချက်အလက်ကို လက်ခံရရှိခွင့် စီမံပေးမည့် လုပ်ဆောင်ရမည့် တာဝန်အား မည်မျှ အတိုင်းအတာအထိ ထည့်သွင်းထားသည်ကိုလည်း လေ့လာရန် လိုအပ်သည်။ လူ့အခွင့်အရေးစောင့်ကြည့်ရေး အဖွဲ့များမှ ပြုလုပ်ထားသည့် ရှင်းလင်းချက်များအသုံးပြု၍ ဤမေးခွန်းများကို ယခုတိုင် ကိုင်တွယ်ဖြေရှင်းခြင်း မပြုခဲ့ပါ။ သို့ရာတွင် ဥရောပကောင်စီ၏ ဝန်ကြီးများ ကော်မတီ၏ အကြံပြုချက် CM/Rec(၂၀၀၇)၁၆ ဖြစ်သော အင်တာနက်၏ ပြည်သူ့ဝန်ဆောင်မှုတန်ဖိုး မြှင့်တင်ရေး လုပ်ဆောင်ရန်အချက်များတွင် အဆီးအတားမရှိ ပွင့်လင်းမှုအကြောင်း ဆွေးနွေးချက်၏ အစိတ်အပိုင်းဖြစ်သော အကြံပြုချက် ပါဝင်သည်။ အစိုးရချုပ်ကိုင်ထားသည့် သတင်းအချက်အလက်များကို အင်တာနက်မှတဆင့် လက်လှမ်းမီ ရရှိခွင့် စီမံပေးရန် အကြံပြုချက် ဖြစ်သည်။[၃၀၀] နောက်ဆက်တွဲတွင် လွတ်လပ်စွာထုတ်ဖော်တင်ပြ ပြောဆိုခွင့်နှင့် အင်တာနက်တွင် သတင်းအချက်အလက် လွတ်လပ်စွာ စီးဆင်းခွင့်တို့ကို အဖွဲ့ဝင်နိုင်ငံများတွင် အခိုင်အမာဖြစ်စေရန် ဝန်ကြီးများကော်မတီက ဖော်ပြခဲ့ပါသည်။ ECHR ၏ အပိုဒ် (၁၀) စာပိုဒ် (၂) အရ အခြားသော တရားဝင်အခွင့်အရေးများနှင့် အကျိုးစီးပွားများကို လိုအပ်သည့်နေရာတွင် ချိန်ဆလေ့လာပါသည်။ ECtHR က အနက်ပြန်ဆိုသည့်အတိုင်း 'အစိုးရ၏ စာရွက်စာတမ်းများ အပါအဝင် အင်တာနက်မှတဆင့် အများပြည်သူသတင်း အချက်အလက် လက်လှမ်းမီ ရရှိရေး ဒိုမိန်းကို မြှင့်တင်ပေးခြင်း [.....] အားဖြင့် အစိုးရ၏ လုပ်ငန်းစဉ်တွင် လူအားလုံး ပူးပေါင်းပါဝင်ခွင့် ပြုပါသည်။ အစိုးရအဖွဲ့များက ထိန်းသိမ်းထားသည့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များ၊ သိပ္ပံနှင့် သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များလည်း ပါဝင်သည်'။[၃၀၁]

နောက်လာမည့် အခန်းတွင် အသေးစိတ် ဆွေးနွေးသွားမည်ဖြစ်သည့်အတိုင်း သတင်းအချက်အလက် သိပ္ပံပညာနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ပညာရပ် အထူးသဖြင့် ပြည်သူ့စာကြည့်တိုက်အခြေအနေတွင် ဤဆက်နွယ်ချက်ကို ပို၍ ရှင်းရှင်းလင်းလင်း ပြုလုပ်ပါသည်။[၃၀၂] နိုင်ငံက လုပ်ဆောင်ရန် လိုအပ်ချက်များကို ပို၍ ရှင်းရှင်းလင်းလင်း ဖော်ထုတ်ရန်အတွက် ခုံရုံး၏ နောင်ကာလ အားထုတ်မှုများကို ဤအလုပ်က အထောက်အကူပြုနိုင်ပါသည်။ ဒီမိုကရေစီလူ့အဖွဲ့အစည်းနှင့် လူတဦးချင်းစီ၏ ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးမှုတွင် အခွင့်အရေး၏ မရှိမဖြစ် အခန်းကဏ္ဍကို ထည့်သွင်းထားသည့် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် အခြေခံမူများကို ကိုင်စွဲထားရန် ဖြစ်သည်။ ခြုံငုံဆိုရသော် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့များသည် ဖွံ့ဖြိုးတိုးတက်ရေးလမ်းညွှန်ချက်များကို ပေါင်းစပ်ထည့်သွင်းရန် လိုအပ်ပါသည်။ ပြည်သူ့ရေးရာသတင်းအချက်အလက်များ လက်ခံရရှိရန် အခြေခံ

---

[၃၀၀] အင်တာနက်၏ ပြည်သူ့ရေးရာဝန်ဆောင်မှုတန်ဖိုးကို မြှင့်တင်ရေး အရေးယူဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးများ ကော်မတီ၏ အကြံပြုချက် CM/Rec(2007)16 ၂၀၀၇ ခုနှစ် နိုဝင်ဘာလ ၇ ရက်

[၃၀၁] Jakubowicz (n. 16) 283.

[၃၀၂] Stuart Hamilton and Niels Ole Pors, 'Freedom of Access to Information and Freedom of Expression: The Internet as a Tool for Global Social Inclusion' (2003) 24 *Library Management* 407.

အဆောက်အဦများကို လက်လှမ်းမီ ရရှိခွင့် လိုအပ်ကြောင်း *အမှန်တကယ်* ဆွေးနွေးထားသည့် လမ်းညွှန်ချက်များ ဖြစ်သည်။

သို့ဖြစ်၍ တရားသူကြီး Sajo နှင့် တရားသူကြီး Vuncinic တို့၏ သဘောကိုက်ညီသည့် အမြင်သဘောထား စာတမ်းသည် သိသာထင်ရှားပါသည်။ သတင်းအချက်အလက်လွတ်လပ်ခွင့်နှင့် စပ်လျဉ်း၍ နိုင်ငံတကာဥပဒေရှိ ဖွံ့ဖြိုးတိုးတက်မှုများနှင့် ကိုက်ညီစေရန် အပိုဒ် (၁၀) ကို အနက်ပြန်ဆိုရန် လိုအပ်ကြောင်း အလေးထားဖော်ပြထားခြင်းကြောင့် ဖြစ်သည်။ လူ့အခွင့်အရေးကောင်စီ၏ အထွေထွေမှတ်ချက် ၃၄ ၏ အပိုဒ် ၁၈ ကိုလည်း သဘောကိုက်ညီသည့် အမြင်သဘောထားစာတမ်းက အလေးထားပါသည်။ အင်တာနက်ခေတ်တွင် သတင်းသမားများနှင့် ပြည်သူများ၏ အခြားအဖွဲ့ဝင်များအကြား ကွာခြားချက် ပျောက်ကွယ်လာခြင်းကို ခုံရုံးမှ ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သည်ကိုလည်း အလေးထားဖော်ပြသည်။ ထို့နည်းတူ ပြည်သူအားလုံးအတွက် ထမ်းဆောင်ပေးပြီး ပြည်သူအားလုံးက အသုံးပြုသည့် ပြီးပြည့်စုံသော ဒီမိုကရေစီစနစ်တွင် ပွင့်လင်းမြင်သာမှု လိုအပ်ကြောင်းကိုလည်း အသားပေးထားသည်။[၃၀၃] သို့ဖြစ်သည့်အတွက်ကြောင့် တရားသူကြီး Sajo နှင့် တရားသူကြီး Vuncinic တို့၏ သဘောကိုက်ညီသည့် အမြင်သဘောထားစာတမ်းအပါအဝင် *Youth Initiative* အမှုကို ၎င်း၏ ဆက်နွယ်မှုကြောင့် နောင်ကာလတွင် မည်သို့ အသုံးပြုမည်ကို လေ့လာရန် ထိုက်တန်ပေလိမ့်မည်။ ပြည်သူ့ရေးရာ သတင်းအချက်အလက် လက်လှမ်းမီ ရရှိရေး အခြား မည်သည့်အမှုထက် အင်တာနက်၏ ထူးခြားစွမ်းဆောင်ရည်များနှင့်သာမက သတင်းအချက်အလက်လက်လှမ်းမီ ရရှိမှုတို့နှင့်ပါ ဆက်နွယ်ခြင်း ဖြစ်သည်။ တရားသူကြီးချုပ်၏ စီရင်ချက်ဖြစ်သော သတင်းအချက်အလက် လက်လှမ်းမီ ရရှိခွင့်ကို တာမြစ်ခြင်းကို ဆန့်ကျင်ကြောင်း ထင်ရသော်ငြား *Youth Initiative* သည် အမှုများ၏ နောက်ဆက်တွဲတခုမျှသာ ဖြစ်ကြောင်း အရေးတကြီး မှတ်သားထားရန် လိုသည်။[၃၀၄] 'ဒီမိုကရေစီရှင်သန်ရေးအတွက် မရှိမဖြစ်လိုအပ်ချက်' နှင့် 'ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးတိုးတက်မှု' ကဲ့သို့သော လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်အခြေခံမူများသည် လက်တွေ့တွင် အမှန်အားဖြင့် မည်သည့်အဓိပ္ပာယ်သက်ရောက်ကြောင်းဟူသော ပို၍ ရှင်းလင်းသည့် လမ်းညွှန်ချက်များ ဖွံ့ဖြိုးတိုးတက်လာစေရေး အထောက်အကူပြုရန်အတွက် ဤအမှုများကို အသုံးပြုနိုင်ပါသည်။ ဤသို့ လေ့လာဆန်းစစ်ချက် ပုံစံသည် Dröge နှင့် ကိုက်ညီပါသည်။ လူတဦးစီ၏ လုပ်ပိုင်ခွင့်နှင့် လွတ်လပ်စွာရွေးချယ်ခွင့်တို့သည် နိုင်ငံ၏ လုပ်ဆောင်ရမည့် တာဝန်အတွက် အကြောင်းပြချက်တရပ်အဖြစ် အရေးပါကြောင်း သတ်မှတ်ထားပါသည်။[၃၀၅]

---

[၃၀၃] *Youth Initiative for Human Rights* (n. 286), Concurring Opinion of Judges Sajo and Vucinic, para. 1.

[၃၀၄] ibid; *Társaság* (n. 297); *Kenedi v. Hungary*, App no 31475/05 (ECtHR, 26 May 2009), paras 43–5.

[၃၀၅] Dröge (n. 31) 386. 'ယန္တရားများဖြင့် လုပ်ဆောင်ရမည့် တာဝန်များနှင့်စပ်လျဉ်းသည့် ဥပဒေစနစ် ရေးဆွဲခြင်းသည် လူ့အခွင့်အရေးစဉ်းစားချက်ရှိ ရှုပ်ထွေးမှု ပိုတိုးပွားလာကြောင်းကို ထင်ဟပ်နေပါသည်။ ထို့အပြင် သဘောတူစာချုပ်တွင် အကာအကွယ်ပေးထားသည့် 'အခြေခံလွတ်လပ်ခွင့်' ကို နိုင်ငံမှ တဖက်သတ်ကန့်သတ်ထားသည့် အဓိပ္ပာယ်မဲ့လွတ်လပ်ခွင့်မဖြစ်နိုင်ကြောင်း အသိအမှတ်ပြုမှုလည်း တိုးပွားလာသည်။ ပို၍ ပြီးပြည့်စုံသော လွတ်လပ်မှု အယူအဆကို လက်ခံလာသည်။ လူတဦးတွင် ပိုင်ဆိုင်နှင့်ပြီးသား အခွင့်အာဏာအပေါ် အလေးထားသည့် ယူဆချက်ကိုသာမက

ECtHR နှင့် IACtHR တို့၏ လက်တလော စီရင်ထုံးဥပဒေသည် ခုံရုံးတခုစီ၏ တဖြည်းဖြည်း တိုးတက်လာသည့် အနက်ပြန်ဆိုချက်များကို ညွှန်ပြနေပါသည်။ တရားဝင်စာရွက်စာတမ်းများ လက်လှမ်းမီ သုံးစွဲခွင့်ကို စီမံပေးရန်အတွက် နိုင်ငံတွင် လုပ်ဆောင်ရန် တာဝန်ရှိကြောင်းကို သိမြင်လက်ခံစေရန် ဖြစ်ပါသည်။ ECtHR သည် လုပ်ဆောင်ရမည့် တာဝန် ရှိနိုင်မည့် အလားအလာကို မငြင်းပယ်သော်ငြား ၎င်း၏ ချဉ်းကပ်နည်းသည် IACtHR ၏ ချဉ်းကပ်နည်းကဲ့သို့ မရှင်းလင်းပေ။ IACtHR ၏ ချဉ်းကပ်နည်းတွင် အရေးယူ ဆောင်ရွက်ချက်များကို ချမှတ်ရေး လုပ်ဆောင်ရမည့် တာဝန်ကို ရှင်းရှင်းလင်းလင်း သိမြင်လက်ခံထားကြသည်။[၃၀၆] IACtHR က ပြောဆိုသည်မှာ -

> နိုင်ငံမှချုပ်ကိုင်ထားသည့် သတင်းအချက်အလက်များကို လက်လှမ်းမီ ရရှိခွင့် အကျိုးရှိထိရောက်စွာ ပြုလုပ်ရန် သဘောတူစာချုပ်နှင့် ကိုက်ညီပြီး လိုအပ်သည့် အရေးယူဆောင်ရွက်ချက်များကို ချမှတ်မှု မပြုခြင်းဖြင့် သဘောတူစာချုပ်၏ အပိုဒ် (၂) မှ ထွက်ပေါ်လာသည့် ပြည်တွင်း ဥပဒေပြဋ္ဌာန်းချက်များကို ချမှတ်ရန်ဟူသော ယေဘုယျတာဝန်ရှိမှုကို လုပ်ဆောင်ရန် ချီလီနိုင်ငံသည် ပျက်ကွက်ခဲ့ပါသည်။[၃၀၇]

ဖွံ့ဖြိုးတိုးတက်မှုများသည် အင်တာနက်လက်လှမ်းမီ ရရှိခွင့် တခုတည်းကိုသာလျှင် စီမံပေးရန် နိုင်ငံ၏ လုပ်ဆောင်ရမည့် တာဝန် တည်ရှိရေးအတွက် အခြေခံကျကျ စီမံပေးခြင်းသည် လူ့အခွင့်အရေးခုံရုံးနှစ်ခုစလုံးတွင် အလှမ်းဝေးကွာနေပါသည်။ သို့စဉ် တည်ရှိနေသည့် အဆိုပါ လုပ်ဆောင်ရန်တာဝန်သည် အသိအမှတ်ပြုထားသည့် အင်တာနက်တွင် ရှိနေသည့် သက်ရောက်မှုကို ကိုးကားမှုမရှိဘဲ ပြုလုပ်ရန် မဖြစ်နိုင်ကြောင်း နောင်ကာလ ဆွေးနွေးချက် ရှိပါသည်။ ၎င်းနောင်ကာလဆွေးနွေးချက်သည် ပြည်သူအတွက် အစိုးရချုပ်ကိုင်ထားသည့် သတင်းအချက်အလက်များ ဖြန့်ချိရာတွင် အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးနိုင်မည် ဖြစ်သည်။ တရားသူကြီး Sajo နှင့် Vuncinic တို့မှ သွယ်ဝိုက်ပြောဆိုထားသည့်အတိုင်း ပိုမိုတိုးပွားလာသည့် နိုင်ငံများ၏ ကျင့်သုံးပုံနှင့် အင်တာနက်၏ သက်ရောက်မှုကို နိုင်ငံတကာတွင် တိုး၍ အသိအမှတ်ပြုခြင်းကို ပေါင်းစပ်ထားသည့် နောက်ထပ် လေ့လာမှုများသည် ရှင်းရှင်းလင်းလင်း ပိုမို ထုတ်ဖော်နိုင်သည့် နည်းလမ်းများကို အထောက်အကူ ပြုပါသည်။ အစိုးရ ချုပ်ကိုင်ထားသည့် သတင်းအချက်အလက်များကို လက်လှမ်းမီ ရရှိခွင့်သည် အင်တာနက်ကဲ့သို့ သတင်းအချက်အလက် နည်းပညာကို လက်လှမ်းမီ ရရှိခွင့်အပေါ် မှီတည်နေသည့် နည်းလမ်းများ ဖြစ်ပါသည်။ ထို့အပြင် လူတိုင်းအတွက် အဆီးအတားမရှိ ညီမျှသည့် အင်တာနက် စည်းမျဉ်းများ၏ သက်ရောက်မှုကို လေ့လာဆန်းစစ်သည့် လေ့လာချက်များသည်လည်း အသုံးဝင်ပါသည်။ ကျေးလက်ပြည်သူ သို့မဟုတ် ဖယ်ကြဉ်ခံ အသိုက်အဝန်းရှိ လူတဦးချင်းစီသည် အင်တာနက်မှတဆင့် အစိုးရချုပ်ကိုင်ထားသည့် သတင်းအချက်အလက်များကို လက်လှမ်းမီ ရရှိနိုင်ခွင့်ဆိုင်ရာ စည်းမျဉ်းများ ဖြစ်သည်။ ယနေ့အချိန်အထိ ဤလေ့လာဆန်းစစ်ချက် ပုံစံသည် လူ့အခွင့်အရေး

လူတဦးချင်းစီ၏ လုပ်ပိုင်ခွင့်အပေါ် ၎င်းလူကိုယ်တိုင် လုပ်ပိုင်ခွင့်အာဏာပိုများစေသည့် အယူအဆကို လက်ခံခြင်း ဖြစ်သည်။ ဤနေရာတွင် လုပ်ပိုင်ခွင့်ဆိုသည်မှာ ကိုယ်ပိုင်ပြဋ္ဌာန်းမှုရှိခြင်း၊ လွတ်လပ်ခြင်း၊ လွတ်လပ်သော ဆန္ဒ၊ လွတ်လွတ်လပ်လပ်ရွေးချယ်ခြင်းအဖြစ် သရုပ်ဖော်ပါသည်'။

၃၀၆ Roy Peled and Yoram Rabin, 'The Constitutional Right to Information' (2010) 42 *Columbia Human Rights Law Review* 390.

၃၀၇ *Claude Reyes* (n. 286), para. 103.

ဥပဒေပညာရပ်တွင် များစွာ မပါရှိသေးပေ။ အနည်းငယ်မျှ အတိုင်းအတာအထိပင် မပါရှိပေ။ အဘယ့်ကြောင့် ဆိုသော် ယခင် သတင်းအချက်အလက် နည်းပညာတွင် အင်တာနက်၏ ထူးခြားဝိသေသများ မပါရှိခြင်းကြောင့် ဖြစ်သည်။[၃၀၈] ဆန့်ကျင်ဘက်အားဖြင့် သတင်းအချက်အလက် သိပ္ပံပညာနှင့် ဖွံ့ဖြိုးရေး ပညာရပ်သည် သတင်းအချက်အလက် နည်းပညာ စည်းမျဉ်းများကို အကဲဖြတ်လေ့လာခြင်းအပေါ် အလေးထားခဲ့ပါသည်။ ထို့အပြင် အစိုးရချုပ်ကိုင်ထားသည့် သတင်းအချက်အလက်များ အပါအဝင် သတင်းအချက်အလက်များကို လက်လှမ်းမီ ရရှိခွင့်ကို တိုးမြှင့်စေပြီး သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကို ကျဉ်းမြောင်းစေရေး ရည်ရွယ်ထားသည့် ဖွံ့ဖြိုးရေးစီမံချက်များကို စောင့်ကြည့်လေ့လာမှုအပေါ်လည်း ဦးတည်ထားသည်။ ဆွေးနွေးချက်များကို အားကောင်းခိုင်မာစေရေး အကူအပံ့ဖြစ်ရန် အရေးပါသည့် အတွေးအမြင်များကို ၎င်းပညာရပ်က စီမံပေးနိုင်သည်။ အစိုးရချုပ်ကိုင်ထားသည့် သတင်းအချက်အလက်ကို လက်လှမ်းမီ ရရှိခွင့်၏ အရေးပါပုံကို ၎င်းသတင်းအချက်အလက်များကို ဖြန့်ချိရန် လိုအပ်သည့် အခြေခံ အဆောက်အဦနှင့် ပို၍ ကောင်းမွန်စွာ ချိတ်ဆက်ရန် ခုံရုံးက အသုံးပြုနိုင်သည့် ဆွေးနွေးချက်များ ဖြစ်သည်။[၃၀၉]

၄-၅။ လူတိုင်းအင်တာနက် လက်လှမ်းမီ သုံးစွဲခွင့် အဆင်ပြေချောမွေ့စေရေး အတွက် လုပ်ဆောင်ရမည့် တာဝန်များအပေါ် ဖြစ်နိုင်ခြေရှိသည့် အကျိုးသက်ရောက်မှုများ

ဤအခန်း၏ လေ့လာဆန်းစစ်ချက်သည် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့များက ထည့်သွင်းစဉ်းစားနိုင်ခြေ အများဆုံးရှိသည့် ဆွေးနွေးချက်များကို ဖော်ထုတ်ပါသည်။ အင်တာနက်ကို လူတိုင်း လက်လှမ်းမီ သုံးစွဲခွင့်အဆင်ပြေချောမွေ့စေရေး လုပ်ဆောင်ရမည့် တာဝန်များကို အထောက်အပံ့ဖြစ်စေသည့် ဆွေးနွေးချက်များ ဖြစ်သည်။[၃၁၀] ပူးတွဲကြေညာစာတမ်းတွင် ဤတာဝန်ကို ဖြည့်ဆည်းရန် နိုင်ငံများက ဆောင်ရွက်ရမည့် အရေးယူ ဆောင်ရွက်ချက် ၄ ခုကို အထူးအစီရင်ခံစာတင်သွင်းသူ ၄ ဦးက အသေးစိတ် ဖော်ပြပါသည်။ ၎င်းအရေးယူ ဆောင်ရွက်ချက်များမှာ စည်းမျဉ်းဆိုင်ရာ ယန္တရားတည်ဆောက်ရန်၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ သုံးစွဲနိုင်သည့် နေရာများအတွက် တိုက်ရိုက် အထောက်အပံ့ပေးရန်၊ အင်တာနက်ကို မည်သို့ အသုံးပြုသည်နှင့် ၎င်း၏ အကျိုးကျေးဇူးများအကြောင်း လုံလောက်သည့် အသိပညာမြှင့်တင်ပေးရန်နှင့် မသန်စွမ်းနှင့် အကျိုးမခံစားရသည့် လူများအတွက် လက်လှမ်းမီ ရရှိရေး သေချာစေရန် အထူးလုပ်ငန်းစဉ်များကို ချမှတ်ရန်တို့ ဖြစ်သည်။ ဤလုပ်ငန်းများ၏ အစိတ်အပိုင်း အချို့ကို လူ့အခွင့်အရေးဥပဒေစနစ်တွင် အတော်ပင် ကောင်းစွာ တည်ဆောက်ထားပြီးဖြစ်သည့်အတိုင်း သင့်လျော်သည့် ဥပဒေစနစ်၏ အကန့်အသတ်ဖြစ်နေသည့်

---

[၃၀၈] အခန်း (၆) ကို ကြည့်ပါ။

[၃၀၉] အခန်း (၆) ကို ကြည့်ပါ။

[၃၁၀] Joint Declaration (n. 5) 6e.

အစိတ်အပိုင်းဖြင့် ထောက်ပံ့ထားသည်ထက် အခြားအစိတ်အပိုင်းများသည် သဘောသဘာဝအားဖြင့် ပို၍ အသေးစိတ်ကျပါသည်။

၄-၅-၁။ သတင်းအချက်အလက်နှင့် နည်းပညာ လက်လှမ်းမီ ရရှိရေးနေရာများအတွက် စည်းမျဉ်းဆိုင်ရာ ယန္တရားများနှင့် တိုက်ရိုက်အထောက်အပံ့

ဤအခန်း၏ လုပ်ဆောင်ရမည့် တာဝန်များနှင့် သက်ဆိုင်သည့် စီရင်ထုံးဥပဒေဆိုင်ရာ လေ့လာဆန်းစစ်ချက်တွင် ပါရှိသည့် ထပ်တလဲလဲ ဖြစ်နေသည့် အကြောင်းအရာမှာ ဆီလျော်ပြီး ထိရောက်မှုရှိသည့် ပြည်တွင်းဥပဒေနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ မူဘောင်များမရှိခြင်း ဖြစ်သည်။ သို့ဖြစ်၍ ဗဟုဝါဒကို အာမခံချက်ပေးရန် ထိရောက်သည့် အရေးယူ ဆောင်ရွက်ချက်များကို သေချာစေရေး ခုံရုံးမှ သတ်မှတ်ထားသည့် လစ်ဟာချက်များကို ကိုင်တွယ်ဖြေရှင်းမည့် အာဏာပိုင်များ၏ တာဝန်သာမက အစိုးရမဟုတ်သူများ သို့မဟုတ် ပုဂ္ဂလိကအဖွဲ့များ၏ တားမြစ်ချက်မှ အကာအကွယ်ပေးမှုများလည်း မရှိခြင်း ဖြစ်ပါသည်။[၃၁၁] IACtHR အတွင်း အကြောင်းအရာနှင့် သက်ဆိုင်သည့် စီရင်ထုံး ဥပဒေသည် အလွန်နည်းပါးသော်ငြား OAS အထူးအစီရင်ခံစာတင်သွင်းသူ၏ ၂၀၁၃ ခုနှစ် အစီရင်ခံက စည်းမျဉ်းဆိုင်ရာယန္တရားများ လိုအပ်ကြောင်း ရှင်းလင်းစွာ ဖော်ပြထားသည်။ လူတိုင်းအတွက် အဆီးအတားမရှိ ညီမျှသည့် အင်တာနက်ဆိုင်ရာ စည်းမျဉ်းများလည်း ပါဝင်သည်။ ပူးတွဲကြေညာစာတမ်းကို သာမက သင့်လျော်သည့် ဒေသဆိုင်ရာ နိုင်ငံ၏ ကျင့်သုံးပုံကိုပါ ကိုးကားလျက် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့် သေချာစေရန် ဖြစ်ပါသည်။[၃၁၂] ထို့အပြင် ရှင်းရှင်းလင်းလင်း မဟုတ်သော်ငြား IACtHR သာမက ECtHR ပါ ပိုမို ကျယ်ပြန့်သော ချဉ်းကပ်နည်းကို ပြောင်းလဲလျက်ရှိပါသည်။ တရားဝင်စာရွက်စာတမ်းများကို လက်လှမ်းမီ ရရှိခွင့် စီမံပေးရေး လုပ်ဆောင်ရမည့် တာဝန်ကိုလည်း ယခုအခါ ထည့်သွင်းထားပါသည်။[၃၁၃] ဥပဒေစနစ်များစွာကဲ့သို့ မရှိသော်ငြား လူတိုင်းအင်တာနက် လက်လှမ်းမီ သုံးစွဲခွင့် အဆင်ပြေချောမွေ့စေရေး လုပ်ဆောင်ရမည့် တာဝန်တရပ်ကို အနက်ပြန်ဆိုခြင်းတွင်သာ စတင်ကျင့်သုံးရန် IACtHR မှ ပို၍ လိုလားနေသည်ဟု ထင်မြင်ရပါသည်။ ထို့ကြောင့် နောက်လာမည့် အဓိကျသော သုံးသပ်ချက်များ၏ အနှစ်ချုပ်သည် အခြေခံအားဖြင့် ECtHR ၏ ဥပဒေစနစ်အပေါ် အခြေခံထားပါသည်။ IACtHR ထက် ပို၍ ရှေးဆန်ခြင်း မရှိသည့်တိုင်အောင် IACtHR နှင့် ကိုက်ညီစေရန် ၎င်းအနှစ်ချုပ်ကို ကျိုးကြောင်းလျော်ညီစွာ ဆွေးနွေးနိုင်ပါသည်။

လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်သည် အခြေခံအားဖြင့် *အကာအကွယ်ပေးရမည့်* အခွင့်အရေး (*negative* right) ဖြစ်သော်လည်း အခြေအနေအချို့တွင် လုပ်ဆောင်ရမည့် တာဝန်များလည်း လိုအပ်နိုင်မည် ဖြစ်ကြောင်း ECtHR က တညီတညွတ်တည်း အခိုင်အမာဆိုပါသည်။ သို့ဖြစ်၍ ခုံရုံးမှ လိုအပ်ကြောင်း မှတ်ယူထားသည့် မည်သည့် လုပ်ဆောင်ရမည့် တာဝန်များသည် အရေးတယူဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေများတွင် ဖြစ်လာနိုင်ခြေရှိပေသည်။ အင်တာနက်လက်လှမ်းမီသုံးစွဲခွင့် မရနိုင်ခြင်းသည် အရေးတယူ ဆောင်ရွက်ရန်

---

[၃၁၁] *Reyes*, *Centro Europa*, *Manole*, *Kimel*, *VgT*, *Frasila* အကြောင်း ဤအခန်း၏ ဆွေးနွေးချက်ကို ကြည့်ပါ။

[၃၁၂] OAS, *Freedom of Expression and the Internet* (n. 235), para. 47.

[၃၁၃] McDonagh (n. 281) 33.

လိုအပ်သည့် အခြေအနေ ဖြစ်သည်။ အစိုးရများနှင့် အင်တာနက်လက်လှမ်းမီ ရရှိခွင့်ရှိသည့် လူတဦးချင်းစီသည် ၎င်းတို့အသက်ရှင်ရပ်တည်ရေးအတွက် မည်သည့် အစိတ်အပိုင်းအကြောင်း ဆက်သွယ်တင်ပြမည့် နည်းလမ်းအပေါ် မှီတည်နေသည့် အတိုင်းအတာအရ အရေးတယူဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေ ဖြစ်ပါသည်။ *Manole* နှင့် *Centro Europa* အမှုများ၏ အယူအဆကို လိုက်နာလျက် တတိယ အင်အားစု၏ တားမြစ်ချက်နှင့် သက်ဆိုင်သည့် စည်းမျဉ်းများကို ချမှတ်ရန် အစိုးရမှ *ရွေးချယ်*သည့်အခါ သို့မဟုတ် သတင်းအချက်အလက် နည်းပညာ လက်လှမ်းမီ သုံးစွဲနိုင်ရေးအစီအမံများနှင့် မူဝါဒများကို အကောင်အထည်ဖော်သည့်အခါတွင် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်ကို ထိထိရောက်ရောက် ကျင့်သုံးနိုင်ရန် သေချာစေရေး လိုအပ်သည့် ဥပဒေစနစ်နှင့် စီမံအုပ်ချုပ်မှုမူဘောင်ကို နိုင်ငံမှ စီမံ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဆိုပါ မူဘောင်များက ဗဟုဝါဒအယူအဆကို ပုံစံမျိုးစုံဖြင့် ယူဆောင်လာပေးမည် ဖြစ်သည်။ အမျိုးစုံလင် ဆက်နွယ်ချက်များသည် ဖယ်ကြဉ်ခံအုပ်စုများနှင့် လူနည်းစုအုပ်စုများတည်ရှိမှုကို ပရိသတ်နှင့် ပြောဆိုသူများ နှစ်မျိုးစလုံးအဖြစ် သေချာစေရေးအတွက် အလေးထားစေရမည် ဖြစ်သည်။ ဒုတိယအနေဖြင့် သတင်းအချက် အလက်များ စုဆောင်း လက်ခံ၍ ပေးပို့မည့် သတင်းအချက်အလက် နည်းပညာ လက်လှမ်းမီ ရရှိရေး စင်တာများကို အသုံးပြုပါသည်။ ယေဘုယျ အကျိုးစီးပွားဆိုင်ရာကိစ္စရပ်များ နှင့်/ သို့မဟုတ် ယဉ်ကျေးမှု အမွေအနှစ်ကို ထိန်းသိမ်းခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် သို့မဟုတ် ၎င်းကိစ္စရပ်များနှင့် သက်ဆိုင်သည့် ပြည်သူ့ရေးရာ ဆွေးနွေးပွဲများကို အရှိန်မြှင့်တင်ရေးနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ ဖြစ်ပါသည်။ ဤနေရာတွင် အင်တာနက် လက်လှမ်းမီ ရရှိခွင့်ကို တားမြစ်သည့် အရေးယူဆောင်ရွက်ချက်များ ပို၍ နည်းပါးသည့် လုပ်ပိုင်ခွင့် နယ်ပယ်ကို ခုံရုံးက အသုံးပြုသွားလိမ့်မည် ဖြစ်ပြီး ၎င်းလုပ်ပိုင်ခွင့် နယ်ပယ်ကို တင်းတင်းကြပ်ကြပ် စစ်ဆေးသွားလိမ့်မည် ဖြစ်သည်။ နောက်ဆုံးတွင် ယခုအခန်းတွင် ဆွေးနွေးခဲ့သည့် အမှုများရှိ လုပ်ဆောင်ရမည့် တာဝန်များ၏ ယေဘုယျ အခြေခံမူများကို ခုံရုံးမှ တညီတညွတ်တည်း အသုံးပြုထားသည်ကို လိုက်နာခြင်းဖြင့် အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်ထိပါးမှုကို ခုံရုံးမှ ဥပဒေဖြင့် ကာကွယ်စောင့်ရှောက်သွားရန် ဖြစ်နိုင်ခြေ နည်းပါးပေလိမ့်မည်။ တားမြစ်သည့် အရေးယူဆောင်ရွက်ချက်သည် ဖြည့်ဆည်းရန် ရှာဖွေသည့် ရည်ရွယ်ချက်များအတွက် အချိုးမမျှမတ ဖြစ်သည့် နေရာတွင် ကာကွယ်စောင့်ရှောက်နိုင်ခြေ နည်းပါးလိမ့်မည် နှင့် / သို့တည်းမဟုတ် တူညီသည့် နည်းအတိုင်း အသုံးပြုနိုင်မည့် ထိရောက်သည့် အခြားဆက်သွယ်ရေးနည်းလမ်းသည် လူတဦးစီထံ၌ မရှိသည့် နေရာတွင် ကာကွယ်စောင့်ရှောက်နိုင်ခြေ နည်းပါးလိမ့်မည်။ အင်တာနက်နှင့် နှိုင်းယှဉ်နိုင်သည့် အခြား ဆက်သွယ်ရေး နည်းလမ်းများ မရှိသည့်အခါတွင် အထူးပင် အရေးကြီးပါသည်။

လူတိုင်းအင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကို အဆင်ပြေချောမွေ့စေရန် နိုင်ငံမှ ရွေးချယ်ရာတွင် နိုင်ငံကို လုပ်ပိုင်ခွင့်နယ်ပယ် ကျယ်ကျယ်ပြန့်ပြန့် ပေးနိုင်ပေသည်။ အကျိုးအားဖြင့် လက်လှမ်းမီ ရရှိရေးစီမံပေးရမည်ဟူသော တာဝန်ကို ဟန့်တားနေသည့် ငွေကြေးဆိုင်ရာ အဆီးအတားများနှင့် လက်တွေ့အရင်းအမြစ်များကို ချိန်ဆရာတွင် အတော်ပင်များပြားသည့် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ကို နိုင်ငံအား ပေးအပ်ပါသည်။ နိုင်ငံတနိုင်ငံချင်းစီ သာမက နိုင်ငံများအတွင်းရှိ ဒေသများအတွက် အကန့်အသတ်သော အရင်းအမြစ်များနှင့် ငွေကြေးအဟန့်အတားများ သီးသန့်ရှိနေခြင်းက လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်၏ အစိတ်အပိုင်းတရပ်အဖြစ် သတင်းအချက်အလက်နည်းပညာ လက်လှမ်းမီရရှိခွင့်၏ သီအိုရီပိုင်းတည်ရှိမှုအပေါ် သက်ရောက်ခြင်းမရှိပါ။ အမှန်အားဖြင့် သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက် ကျဉ်းမြောင်းစေရန် ရည်ရွယ်သည့် မည်သည့်

မူဝါဒ သို့မဟုတ် အစီအမံအတွက် ရန်ပုံငွေ ခွဲဝေချထားရန် အခြေခံအားဖြင့် လိုအပ်ကြောင်း ခုံရုံးက တွေ့ရှိခဲ့သည်။ ဝန်ကြီးများကော်မတီ၏ အကြံပြုချက်ကို ECtHR၏ အသုံးပြုခြင်းအပေါ် ဤတွေ့ရှိချက်သည် အခြေခံထားပါသည်။ နိုင်ငံသည် ၎င်း၏ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုမီဒီယာကို ငွေကြေးထောက်ပံ့ပေးရန် တာဝန်ရှိကြောင်း ဝန်ကြီးများကော်မတီ၏ အကြံပြုချက်တွင် ထည့်သွင်းထားပါသည်။ အရင်းအမြစ်နှင့် ငွေကြေးအကန့်အသတ်များနှင့်သက်ဆိုင်သည့် အကြောင်းရင်းကို Dröge က အသိအမှတ် ပြုပါသည်။ 'နိုင်ငံ၏ လုပ်ကိုင်နိုင်စွမ်းများနှင့် အရင်းအမြစ်များထက် မကျော်လွန်သည့် လုပ်ဆောင်ရမည့် တာဝန်များသည်သာလျှင် [ဥရောပကောင်စီ၏] အဖွဲ့ဝင်နိုင်ငံများတွင် လက်ခံထားသည့် တာရှည်ခံသော စံပြုအမျိုးအစား ဖြစ်နိုင်ပေမည်'။[၃၁၄] သို့ဖြစ်၍ ချိန်ဆလေ့လာသည့် စမ်းသပ်ချက်၏ ရလဒ်များသည် အမှုတခုနှင့် တခု ပြောင်းလဲနိုင်မည်ဖြစ်ပြီး နိုင်ငံတနိုင်ငံစီ၏ ထူးခြား၍ သီးသန့်ဖြစ်သော အခြေအနေများနှင့် အသေးစိတ် စဉ်းစားချက်များအပေါ် များစွာ မှီတည်နိုင်ပေသည်။

၄-၅-၂။ အင်တာနက်၏ အကျိုးကျေးဇူးများနှင့် ဖြစ်နိုင်ခြေရှိသော အသုံးပြုမှုများနှင့် ဖယ်ကြဉ်ခံလူအုပ်စုများအတွက် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့် သေချာစေမည့် အထူးသီးသန့် လုပ်ထုံးလုပ်နည်းများအကြောင်း အသိပညာမြှင့်တင်ခြင်း

အင်တာနက်မှတဆင့် သတင်းအချက်အလက်နှင့် အယူအဆများကို တပြိုင်နက်တည်း လက်ခံရရှိခြင်းနှင့် ဖြန့်ချိခြင်းကို အပြန်အလှန် ထိထိရောက်ရောက် အသုံးပြုမှုသည် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာအသုံးပြုမှု၏ အကျိုးကျေးဇူးများအကြောင်း အသိပညာမြှင့်တင်ရေးလုပ်ငန်းများ လိုအပ်သည်။ ထို့အပြင် သင့်လျော်သည့် အကြောင်းအရာကို မည်သို့ သတ်မှတ်မည်နှင့် သက်ဆိုင်သည့် စွမ်းဆောင်ရည် တည်ဆောက်ခြင်းလည်း လိုအပ်သည်။ အသိပညာမြှင့်တင်ခြင်းနှင့် စွမ်းဆောင်ရည် တည်ဆောက်ခြင်း၏ အရေးပါမှုကိုသာမက မသန်စွမ်းများ၊ အမျိုးသမီးများနှင့် အခြား ဖယ်ကြဉ်ခံလူ့အဖွဲ့အစည်းများအတွက် အထူးသီးသန့် လုပ်ထုံးလုပ်နည်းများကိုပါ ဆက်သွယ်ရေးစင်တာများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သုတေသနတွင် ကောင်းစွာ လက်ခံထားရှိပြီး ဖြစ်သည်။ သို့တည်းမဟုတ် တူညီသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကို အများပြည်သူအသုံးပြုသည့်နေရာများတွင်လည်း ကောင်းစွာသိမြင်လက်ခံထားပြီး ဖြစ်သည်။ သတင်းအချက် အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက် နည်းပါးစေရန်နှင့် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်အတွက် နိုင်ငံမှ လုပ်ဆောင်ရမည့် တာဝန်များ၏ အစိတ်အပိုင်းအဖြစ် ဤအရေးယူဆောင်ရွက်ချက်များကို ပူးတွဲ ကြေညာစာတမ်းက အဆိုပြုထားသည်။ သို့သော် တည်ဆဲ ဥပဒေစနစ်တွင် ဤအရေးယူဆောင်ရွက်ချက်များသည် ယနေ့တိုင် မပါဝင်သေးကြောင်း ယခုအခန်းက တွေ့ရှိပါသည်။ ယခုအခန်းက ဖော်ပြသကဲ့သို့ပင် နောင်ကာလတွင် ဤအချက်သည် သီးခြားဖြစ်တည်နေမည်ဟု မဆိုလိုပါ။

---

[၃၁၄] Dröge (n. 31) 391.

၄-၅-၃။ ကျူးလက်ပြည်သူ သို့မဟုတ် အကျိုးခံစားခွင့် မရရှိသူများအတွက် အလေးထားခြင်း

အထူးအစီရင်ခံစာတင်သွင်းသူများထံမှ ဤအချက် ၄ ချက်စလုံးသည် ကျူးလက်ပြည်သူ သို့မဟုတ် အကျိုးခံစားခွင့် မရရှိသူများအတွက် အထူးအလေးထားရန် လိုအပ်ကြောင်း အသားပေး ဖော်ပြထားသည်။ IACtHR သည် အမှုတခုကို စီရင်ချက်ချသည့်တိုင်အောင် ၂၀၁၃ ခုနှစ် OAS အစီရင်ခံစာသည် ပူးတွဲကြေညာစာတမ်းကို ချဲ့ထွင် အသုံးပြုပါသည်။ ကြိုတင်အရေးယူဆောင်ရွက်ရန် လိုအပ်သည့် လူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းများတွင် ကျူးလက်ပြည်သူ သို့မဟုတ် ဆင်းရဲသားများအပြင် အခြားအုပ်စုများလည်း ပါဝင်ကြောင်း ဆွေးနွေးပါသည်။ OAS အစီရင်ခံစာက ဆွေနွေးသည်မှာ-

> နိုင်ငံများက ကျယ်ကျယ်ပြန့်ပြန့်လက်ခံထားသည့် သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကို ပိတိုး၍ ကျဉ်းမြောင်းစေရန် အာဏာပိုင်များမှ အားထုတ်ရန် အရေးကြီးပါသည်။ နိုင်ငံများအကြားနှင့် နိုင်ငံအချင်းချင်းအကြားရှိ ချမ်းသာကြွယ်ဝမှု၊ ကျားမကွဲပြားမှု၊ ပထဝီ အနေအထား သို့မဟုတ် လူမှုအုပ်စုများကြောင့်ဖြစ်စေအားထုတ်ရပေမည်။ 'သတင်းအချက်အလက် နည်းပညာသုံးစွဲနားလည်မှုပိုင်း ကွာဟချက်' သည် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ဆက်စပ်နေပါသည်။ ထို့မျှသာမက အသုံးပြုသူများအတွက် အသုံးတည့်ပြီး အကျိုးများသည့် အင်တာနက် လက်လှမ်းမီ သုံးစွဲနိုင်ရန်အလို့ငှာ လိုအပ်သည့် အရည်အသွေး၊ သတင်းအချက်အလက်နှင့် နည်းပညာဗဟုသုတများနှင့်လည်း ဆက်စပ်ပါသည်။ ဤပန်းတိုင်ကို ရောက်ရှိရန်အလို့ငှာ ထိရောက်သော မူဝါဒများနှင့် မဟာဗျူဟာများ အသေးစိတ်ကို နိုင်ငံများမှ ချမှတ်ရန် အရေးကြီးကြောင်း ဤရုံးက ယူဆပါသည်။ လူ့အဖွဲ့အစည်း၏ ကဏ္ဍအားလုံးရှိ လူများနှင့် အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးကာ ဤမူဝါဒများနှင့် မဟာဗျူဟာများကို ပြင်ဆင်ရပေမည်။[၃၁၅]

ယနေ့အချိန်အထိဆိုသော် ဩဇာတိက္ကမကြီးမားသော နိုင်ငံရေး၊ လူမှုရေး သို့မဟုတ် စီးပွားရေး အာဏာပိုင်ဆိုင်သူများ၏ လုပ်ပိုင်ခွင့်ကို ကန့်သတ်ရန်အလို့ငှာ ဗဟုဝါဒအပေါ် ခုံရုံးက များစွာ အလေးထားလျက်ရှိပါသည်။ အကျိုးခံစားခွင့်မရရှိသော လူအုပ်စုများ သို့မဟုတ် ဖယ်ကြဉ်ခံရသော လူအုပ်စုများအတွက် ခုံရုံးက အနည်းငယ်မျှ အလေးထားသော်ငြား ဗဟုဝါဒကို သေချာစေရေး အတူအမျှ အရေးပါသည့် ဆက်စပ်အစိတ်အပိုင်းကိုလည်း ခုံရုံးက ထပ်မံဖွံ့ဖြိုးစေရမည်ကို ယခုအခန်းက တွေ့ရှိပါသည်။ ဆိုရသော် အဖယ်ကြဉ်ခံလူများသည် သတင်းအချက်အလက် မီဒီယာကို လက်လှမ်းမီ ရရှိရေး သေချာစေရမည်။ ၎င်းမီဒီယာများသည် အများပြည်သူများဆီသို့ အဖယ်ကြဉ်ခံလူများ၏ အမြင်များကို ဖြန့်ဝေနိုင်စေမည် ဖြစ်သည်။ ထို့အပြင် အခြားသူများထံမှ သတင်း အချက်အလက်များနှင့် အယူအဆများကို လက်ခံရရှိနိုင်စေမည် ဖြစ်သည်။ ဗဟုဝါဒ၏ ဤရှုထောင့်သည် ဖွံ့ဖြိုးရေးဆိုင်ရာ ပညာရှင်များနှင့် လက်တွေ့လုပ်ဆောင်သူများအတွက် များစွာ ချန်လှပ်ထားခံရသည်။ သို့ရာတွင် အင်တာနက်၏ အချိန်နှင့်တပြေးညီ သတင်းအချက်အလက် 'နှစ်လမ်းသွား' စီးဆင်းမှုနှင့် ၎င်း၏ အကျိုးဆက်တို့ ပေါ်ထွက်လာမှု

---

[၃၁၅] OAS, *Freedom of Expression and the Internet* (n. 235), para. 39.

သည် ခုံရုံးများနှင့် ဖွံ့ဖြိုးရေးလက်တွေ့လုပ်ဆောင်သူများကို အတူတကွ အလုပ် လုပ်ကိုင်နိုင်ရန် အတွက် အလွန်ပင် အရေးကြီးပါသည်။ အင်တာနက်၏ အကျိုးဆက်မှာ ကမ္ဘာအနှံ့ရှိ လူများသည် တဦးနှင့် တဦး ဆက်သွယ်ပုံအပေါ် သက်ရောက်ခြင်း ဖြစ်သည်။

၄-ဖ။ သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကို ကိုင်တွယ်ဖြေရှင်းရန် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်အတွက် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ

လူတိုင်းအင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကို အဆင်ပြေချောမွေ့စေရေး လုပ်ဆောင်ရမည့် တာဝန်များ အကြောင်း ယခုအခန်းမှ ဆွေးနွေးရာတွင် ဗဟုဝါဒနှင့် သတင်းအချက်အလက်ရရှိခွင့်၏ လွတ်လပ်စွာထုတ်ဖော် တင်ပြပြောဆိုခွင့်ဆိုင်ရာ အခြေခံမူများသည် အဓိက အရေးပါသည်။ သို့ရာတွင် လွတ်လပ်စွာထုတ်ဖော် တင်ပြ ပြောဆိုခွင့်ဆိုင်ရာ အခြားသော အခြေခံမူများကို ချဲ့ထွင်ရာတွင် ကြုံတွေ့ရသည့် အခွင့်အလမ်းနှင့် စိန်ခေါ်ချက် နယ်ပယ်များကိုလည်း ယခုအခန်းက ဖော်ထုတ်ပါသည်။ သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကို နည်းပါးစေရေး ထိထိရောက်ရောက် အထောက်အကူပြုရန်အလို့ငှာ ကိုင်တွယ်ဆောင်ရွက်ရန် လိုအပ်သည့် အခြားအခြေခံမူများဖြစ်သည်။ အင်တာနက်၏ ထူးခြား ဝိသေသများသည် လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့များအတွက် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ဆိုင်ရာ အခြေခံမူများကို ချဲ့ထွင်ရန် အတွက် ပြိုင်ဘက်ကင်း အခွင့်အလမ်းကို ပေးပါသည်။ ၎င်းအခြေခံမူများတွင် ဗဟုဝါဒနှင့် သတင်းအချက်အလက် ရရှိခွင့်သာမက ဒီမိုကရေစီလူ့အဖွဲ့အစည်းအတွင်းရှိ လွတ်လပ်စွာထုတ်ဖော် တင်ပြပြောဆိုခွင့်၏ အခြေခံကျသော အခန်းကဏ္ဍနှင့် လူတဦးစီ၏ ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးတိုးတက်မှုကဲ့သို့ အခြားအခြေခံမူများပါဝင်သည်။ ထို့အပြင် လူများနှင့် အစိုးရများသည် တခုနှင့် တခု ဆက်သွယ်ပြောဆိုပုံအပေါ် အင်တာနက်၏ သက်ရောက်မှုသာမက ၎င်း၏ သတင်းအချက်အလက်နှင့် အယူအဆ အမျိုးစုံလင်မှုတို့ကလည်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့များအတွက် ပြိုင်ဘက်ကင်းသည့် တူညီသော အခွင့်အလမ်းကို ပေးအပ်ပါသည်။

မြန်မြန်ဆန်ဆန် ပြောင်းလဲနေသည့် မီဒီယာဝန်းကျင်၏ စိန်ခေါ်ချက်များတွင် လူ့အခွင့်အရေး မူဘောင် တရပ်ကို ပုဂ္ဂလိက အဖွဲ့များအတွက် အသုံးပြုနိုင်မည့် နယ်ပယ်တွင် ရှိနေသော လက်ရှိ အကန့်အသတ်များ ပါဝင်သည်။ အထူးသဖြင့် စည်းမျဉ်းစည်းကမ်းဖြင့် ထိန်းချုပ်ထားခြင်းမရှိသော အင်တာနက် ကြားခံဆက်သွယ် ပေးသူများသာမက ယနေ့အချိန်အထိ ဥပဒေစနစ်ရှိ အခြေခံအဆောက်အဦနှင့် အကြောင်းအရာအကြား သဲသဲကွဲကွဲ ရှင်းလင်းမှုမရှိခြင်းများ ဖြစ်သည်။ MacBride အစီရင်ခံစာ ထွက်ရှိပြီးကတည်းက လွတ်လပ်စွာထုတ်ဖော်တင်ပြ ပြောဆိုခွင့်အာမခံချက်များမှစီမံပေးသည့်အရာများကို ချဲ့ထွင်လျက်ရှိကြောင်းကို ဤအခန်းက သက်သေပြပါသည်။ ဤသက်သေပြခြင်းအပြင် ရပိုင်ခွင့်၏ အခြေခံ အကြောင်းအရာကို ချဲ့ထွင်ရာတွင် အထောက်အပံ့ ပြုခြင်းထက် ဥပဒေစည်းမျဉ်းများနှင့် ချိတ်ဆက်နေသည့် အာမခံချက်များအတွက် လုပ်ဆောင်ရမည့် တာဝန်များသည် ပို၍ ရှင်းလင်းကြောင်းကိုလည်း သက်သေပြသည်။ အခန်း (၃) တွင် ဖော်ထုတ်ထားပြီး ယခုအခန်းတွင် လေ့လာခဲ့သည့် အဓိက အဟန့်အတားများအနက် တခုမှာ အင်တာနက်သည် မည်သို့ကဲ့ပြားခြားနားကြောင်းနှင့် အကျိုးဆက် အားဖြင့် ၎င်းသည် မည်သို့သီးခြားသက်ရောက်မှုရှိသည်ကို ကွဲပြားအောင်ပြုရာတွင် လူ့အခွင့်အရေးစောင့်ကြည့်ရေး

အဖွဲ့များ၌ ဥပဒေအရ စည်းနှောင်ထားသည့် အသိအမှတ်ပြုမှုမရှိခြင်း ဖြစ်သည်။ လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့်ကို မည်သို့ကျင့်သုံးသည်နှင့် ယနေ့ခတ်တွင် အွန်လိုင်း၌ မည်သို့ ဖြည့်ဆည်းသည်တို့ကိုလည်း ကွဲပြား ခြားနားအောင်ပြုရာတွင် ဥပဒေအရ အသိအမှတ်ပြုမှု မရှိခြင်း ဖြစ်သည်။ အထူးသဖြင့် ECtHR တွင် ဖြစ်ပါသည်။

အခြေခံအားဖြင့် ထူးခြားသော သတင်းအချက်အလက် ဆက်သွယ်ရေးနည်းလမ်းတရပ်ဖြစ်သည့် အင်တာနက်သည် လူ့အခွင့်အရေးဆိုင်ရာ ဥပဒေမူဘောင်တရပ် လိုအပ်သည်။ အထူးသဖြင့် လွတ်လပ်စွာ ထုတ်ဖော် တင်ပြပြောဆိုခွင့်အတွက် ဖြစ်ပါသည်။ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်သည် မည်သို့ ဆိုလိုကြောင်းကို ပိုမို နားလည်သဘောပေါက်စေရန် ဖြစ်သည်။ အယူအဆများနှင့် သတင်းအချက်အလက်များ ဖြန့်ချိခြင်းနှင့် ဖြန့်ဝေခြင်း ကို အခြေခံအဆောက်အဦလက်လှမ်းမီ ရရှိခွင့်က မည်မျှ သက်ရောက်မှုရှိကြောင်း လူ့အခွင့်အရေး စောင့်ကြည့်ရေး အဖွဲ့များမှ နားလည်သဘောပေါက်စေသည့် နည်းလမ်းအတိုင်း ဖြစ်ပါသည်။ လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆို ခွင့်ကို ဖြည့်ဆည်းရေးအတွက် အင်တာနက်၏ အရေးပါပုံကို ပိုတိုး၍ သိမြင် လက်ခံခြင်းနှင့် လူ့အခွင့်အရေးကို ပေါင်းစပ်ခြင်းသည် အမေရိကန်နိုင်ငံများ၏ လူ့အခွင့်အရေးဆိုင်ရာ ခုံရုံးနှင့် လူ့အခွင့်အရေးဆိုင်ရာ ဥရောပခုံရုံး နှစ်ခုစလုံး၏ သဘောဆန္ဒလက္ခဏာရပ်များ ဖြစ်သည်။ လူတိုင်းအင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကို ယနေ့အချိန် အထိ မဖြေရှင်းနိုင်သေးသော်ငြား အဆင်ပြေချောမွေ့စေရန် နိုင်ငံမှ ကိုင်တွယ်ဆောင်ရွက်ကာ လုပ်ဆောင်ရမည့် တာဝန် ဖြစ်သည်။ ထို့အပြင် အထက်တွင် ဆွေးနွေးထားသကဲ့သို့ပင် လက်တလော ကာလများတွင် လူတဦးစီက သူ၏ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို ကျင့်သုံးမှုကို တားမြစ်ခြင်းမှ အကာအကွယ်ပေးမည့် လုပ်ဆောင် ရမည့် တာဝန်များအတွက် ပိုမို ကြားဝင်စွက်ဖက်ရေး ချဉ်းကပ်နည်းသည်လည်း ခုံရုံးနှစ်ခုစလုံး၏ ဆောင်ရွက် လိုသည့် လက္ခဏာရပ်ဖြစ်သည်။

အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကို အဆင်ပြေချောမွေ့စေရေး နိုင်ငံမှ လုပ်ဆောင်ရမည့် တာဝန်များ၏ လွှမ်းခြုံနယ်ပယ်ကို နောက်ထပ် လေ့လာရန်အလို့ငှာ အစိတ်အပိုင်း ၂ ရပ်ကို ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သည်။ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့် မညီမမျှဖြစ်ခြင်းကို လူ့အခွင့်အရေး ဥပဒေမူဘောင်က မည်သို့ အခြေခံကျကျ ပိုမို ကိုင်တွယ်ဖြေရှင်းမည့်အကြောင်း ကျွန်ုပ်တို့၏ နားလည်သဘောပေါက်မှုကို ၎င်းအစိတ်အပိုင်း ၂ ရပ်က ပို၍ တိုးမြှင့် နိုင်ပါသည်။ အထူးသဖြင့် အထိခိုက်လွယ်လူအုပ်စုများ သို့မဟုတ် အကျိုးခံစားခွင့် မရသူများအတွက် ဖြစ်ပါသည်။ ပထမဦးစွာ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် အခြေခံမူများဖြစ်သည့် 'ဒီမိုကရေစီလူ့အဖွဲ့ အစည်းတွင် မရှိမဖြစ် လိုအပ်ခြင်း' နှင့် 'ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်ခြင်း' သည် အခြားအခွင့် အရေးများနှင့် မည်သို့ အပြန်အလှန်ချိတ်ဆက်နေသည်ကို လေ့လာရန် လိုအပ်သည်။ အွန်လိုင်းပေါ်တွင် လူတဦး ချင်းစီက တပြိုင်နက်တည်း ပိုမိုတိုးမြှင့် ကျင့်သုံးနေသည့် အခြားအခွင့် အရေးများနှင့် ချိတ်ဆက်လေ့လာခြင်း ဖြစ်သည်။[၃၁၆] ဒုတိယအနေဖြင့် ဖွံ့ဖြိုးရေးအလေးထားသည့် WSIS အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်နှင့် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်တို့အကြား အယူအဆပိုင်းချိတ်ဆက်မှုများအပေါ် အခြေခံ၍ သတင်း

---

၃၁၆ *Mouvement Suisse* (n. 34), para. 48; *Özgür Gündem* (n. 72); *Stoll v. Switzerland* ECHR 2007-V, para. 101; *Steel and Morris v. the United Kingdom* ECHR 2005-II, para. 87.

အချက်အလက်နည်းပညာ သုံးစွဲခွင့် ရရှိရေး မူဝါဒများနှင့် အစီအမံများကို လက်ရှိ လူ့အခွင့်အရေး ဥပဒေမူဘောင်၏ အကြောင်းအရာအတွင်းမှ အကဲဖြတ်၍ စောင့်ကြည့် လေ့လာရန် အရေးကြီးပါသည်။ လူ့အဖွဲ့ အစည်းအတွင်းရှိ အဖယ်ကြဉ်အခံရဆုံး လူအုပ်စုများအတွက် 'အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်' စီမံပေးရန် တာဝန်ရှိသော မူဝါဒနှင့် အစီအမံများ ဖြစ်သည်။[၃၁၇] ဤသို့ ကျင့်သုံးရာတွင် မရှိမဖြစ် လိုအပ်ချက်သည် ကွာဟမှုများကို ဖော်ထုတ်ခြင်းဖြင့် တွေ့ရှိရပါသည်။ လက်ရှိ ဥပဒေမူဘောင်က စီမံပေးနိုင်သည့် အရာများနှင့် လူ့အခွင့်အရေးအာမခံချက်များက စီမံပေးသင့်သည့် အရာများအကြား ကွာဟမှုများ ဖြစ်သည်။

[၃၁၇] အခန်း (၂-၄) နှင့် (၂-၅) ကို ကြည့်ပါ။

အခန်း ၅။ သတင်းအချက်အလက်နည်းပညာ အားလုံး ရရှိသုံးစွဲမှု အာမခံချက်များ အားကောင်းခိုင်မာရေးအတွက် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်ကို အသေအချာ လေ့လာခြင်း

အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်အကြောင်း ပညာရပ်ဆိုင်ရာ ဆွေးနွေးလေ့လာချက်သည် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့် အာမခံချက်များအပေါ် များစွာ မူတည်ထားပါသည်။ သို့ရာတွင် အခြားအခွင့်အရေး များကို ဖြည့်ဆည်းရန်အတွက် အင်တာနက်၏ အရေးပါပုံကို အလေးထား လေ့လာခဲ့ပါသည်။[၁] ဥပမာအားဖြင့် ပူးတွဲကြေညာစာတမ်းသည် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို အလေးထားသော်ငြား အခြားလူ့အခွင့် အရေးများကို လေးစားမှုမြှင့်တင်ရန်အတွက် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်သည် လိုအပ်ကြောင်းကိုလည်း အသိအမှတ်ပြုပါသည်။[၂] အထူးအစီရင်ခံစာတင်သွင်းသူများက အခိုင်အမာပြောဆိုသည့် သင့်လျော်သော အခွင့် အရေးများတွင် အသင်းအပင်းဖွဲ့စည်းခွင့်နှင့် စုဝေးခွင့်၊ လွတ်လပ်စွာရွေးကောက်ပိုင်ခွင့်၊ ပညာသင်ကြားခွင့်၊ ကျန်းမာရေးစောင့်ရှောက်မှုရပိုင်ခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့်တို့ ပါဝင်သည်။[၃] သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကျဉ်းမြောင်းစေရေး ဆက်စပ်လွှမ်းခြုံနေသည့် ပန်းတိုင်ရရှိရန် အထောက်အပံ့ ပေးရာတွင် ဤအခြားအခွင့်အရေးများကို အသုံးပြုရန် မရှိမဖြစ်လိုအပ်ကြောင်း ယခုအခန်းက ဆွေးနွေးထား ပါသည်။ ထို့အပြင် ဤအခြားအခွင့်အရေးများကို ဖြည့်ဆည်းရာတွင် အင်တာနက်အသုံးပြုခြင်းဖြင့် ရရှိသည့် အကျိုး ကျေးဇူးကို ရှင်းရှင်းလင်းလင်း ဖော်ထုတ်ခြင်းဖြင့် လွတ်လပ်စွာထုတ်ဖော်တင်ပြ ပြောဆိုခွင့် အာမခံချက်များကို အနက်ပြန်ဆိုခြင်းအတွက် တဖြည်းဖြည်း ဖွံ့ဖြိုးလာသည့် နည်းလမ်းများကိုလည်း အပြန်အလှန်အားဖြင့် အထောက်အပံ့ပြုပါသည်။ ပူးတွဲကြေညာစာတမ်းတွင် ဖော်ပြထားသည့် အခွင့်အရေးများသည် အထူးပင် အသုံးတည့်သည့် စတင်မှတ် ဖြစ်နိုင်ပေသည်။ လူ့အခွင့်အရေး အာမခံချက်များအတွက် ပို၍ ပြီးပြည့်စုံသော မူဘောင်တရပ် ရရှိနိုင်မည့် နည်းလမ်းများကို ဖော်ထုတ်သည့် စတင်မှတ် ဖြစ်ပါသည်။ လူ့အခွင့်အရေးဆိုင်ရာ ဥရောပခုံရုံး (European Court of Human Rights - ECtHR) ၏ အခြေခံမူ နှစ်ရပ်ဖြစ်သော ဒီမိုကရေစီ လူ့အဖွဲ့ အစည်း၏ အရေးပါမှုနှင့် ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးမှုတို့ကို ထည့်သွင်းစဉ်းစားရပေမည်။ လက်တလောတွင် ဤအခြေခံမူများကို ခုံရုံးက ဖော်ပြသော်ငြား လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့် အာမခံချက်များကို ဖြည့်ဆည်းရန် နိုင်ငံ၏ တာဝန်ရှိမှုများအပေါ် မည်သို့ သက်ရောက်မှု ရှိသည်ကို ဆွေးနွေးထားခြင်း မရှိပေ။

---

[၁] Stephen Tully, 'A Human Right to Access the Internet? Problems and Prospects' (2014) 14 *Oxford Human Rights Law Review* 186.

[၂] UN OSCE 'Joint Declaration on Freedom of Expression and the Internet' (1 June 2011), para. 6a [ဤနေရာမှစ၍ ပူးတွဲကြေညာစာတမ်းဟု ရေးသားသွားမည်]

[၃] ibid.

ရှင်းရှင်းလင်းလင်းဆိုရသော် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်အမြင်ရှုထောင့်မှနေ၍ လေ့လာဆန်းစစ်ခြင်းသည် အရေးပါသော်ငြား စေ့စပ်ပြည့်စုံသည်တော့ မဟုတ်ပေ။ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကို လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်အဖြစ်မဟုတ်ဘဲ အခြားအခွင့်အရေးများကို အပြည့်အဝ ရရှိခံစားရေးအတွက် အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးသည့် နည်းလမ်းတရပ်အဖြစ် အနက်ဖွင့်ဆိုရန် ယခုအခါလိုအပ်ပါသည်။ ထို့အပြင် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် အမြင်ရှုထောင့် တခုတည်းမှ နေ၍ လေ့လာဆန်းစစ်ခြင်းသည် အကြောင်းအရာ/အခြေအနေအပေါ် မူတည်၍ မပြည့်မစုံဖြစ်ပေနိုင်သည်။ ဥပမာအားဖြင့် ဌာနေတိုင်းရင်းသားလူမျိုးတစုအကြောင်း စဉ်းစားကြည့်ကြပါစို့။ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့် တခုတည်းဖြင့်သာ စဉ်းစားပါက ၎င်းဌာနေတိုင်းရင်းသားများသည် ၎င်းတို့၏ ရပိုင်ခွင့်များအကြောင်းကို ကမ္ဘာအနှံ့ရှိ အခြားဌာနေတိုင်းရင်းသား လူမျိုးစုများနှင့် ဆက်လက် ဆက်သွယ်ပြောဆိုနိုင်ပေမည်။ ထို့အပြင် အဝေးသင် ပညာရေးအစီအစဉ်များတွင်လည်း ပါဝင်တက်ရောက်နိုင်ကြပေသည်။ လွတ်လပ်စွာထုတ်ဖော်တင်ပြ ပြောဆိုခွင့်၊ စုဝေးခွင့်၊ အသင်းအပင်းဖွဲ့စည်းခွင့်နှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်း ထိန်းသိမ်းစောင့်ရှောက်ခွင့်တို့ကို ထည့်သွင်း စဉ်းစားသည့် နမူနာတခုဖြစ်ပါသည်။ ဆက်သွယ်ရေးနည်းလမ်း၏ သိသာထင်ရှားသည့် ဝိသေသများကို အလွန်ပင် ရှင်းရှင်းလင်းလင်း ဖော်ပြထားသည့် နမူနာလည်း ဖြစ်သည်။ ဤဌာနေတိုင်းရင်းသား လူမျိုးစုသည် လက်ခံရရှိနေပြီး ပေးပို့နေသည့် အခြေအနေအကြောင်းအရာကို နိုင်ငံရေး၊ လူမှုရေး သို့မဟုတ် ပြည်သူ့ရေးရာ စကားရပ်များအဖြစ် အခြေခံအားဖြင့် အမျိုးအစား မသတ်မှတ်နိုင်ပေ။ လက်လှမ်းမီ ရရှိသုံးစွဲခွင့်သည် မည်သည့် အဓိပ္ပာယ်သက်ရောက်သည်နှင့် မတူညီသည့် ရပိုင်ခွင့်များတွင် လက်လှမ်းမီ ရရှိသုံးစွဲခွင့်အတွက် မတူညီသည့် လိုအပ်ချက်အဆင့်များရှိနိုင်ပေမည်လားကိုလည်း ဤနမူနာတွင် ထည့်သွင်းစဉ်းစားပါသည်။ ထို့ကြောင့် ကိုင်တွယ်ဖြေရှင်းရမည့် အဓိကမေးခွန်းများကို အောက်ပါအတိုင်း ဖော်ထုတ်ပါသည် -

- လူတဦးချင်းစီမှ ရပိုင်ခွင့်များကို အွန်လိုင်းတွင် ကျင့်သုံးခြင်းဖြင့် အင်တာနက်သည် အခြားမီဒီယာများနှင့် မည်သည့်အတွက်ကြောင့် ကွဲပြားသည်ကို ခုံရုံးက ပို၍ တိတိကျကျ ဖော်ထုတ်နိုင်သည့် မည်သည့်နည်းလမ်းများ ရှိပါသနည်း။
- အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်၏ အနက်အဓိပ္ပာယ်များကို အခြားအခွင့်အရေးများအမြင်ရှုထောင့်မှ နေ၍ မည်သို့ ပုံဖော်သင့်ပါသနည်း။
- အင်တာနက်လက်လှမ်းမီသုံးစွဲခွင့်ကို ဖြစ်နိုင်သမျှ ပြည့်ပြည့်စုံစုံကိုင်တွယ်ဖြေရှင်းရန် မတူညီသည့် လူ့အခွင့်အရေးစောင့်ကြည့်လေ့လာသည့်စနစ်များအား ပို၍ ကောင်းမွန်စွာ အပြည့်အစုံ ထားရှိကြပါသလား။

နောက်လာမည့် ဆွေးနွေးချက်သည် ပူးတွဲကြေညာစာတမ်းတွင် ဖော်ပြထားသည့် အခွင့်အရေးများအကြောင်း သီးသန့် စီစဉ်ထားပြီး အပိုင်း ၃ ပိုင်း နှင့် ဖွဲ့စည်းထားပါသည်။ (၁) လွတ်လပ်စွာ စုဝေးခွင့်၊ အသင်းအပင်းဖွဲ့စည်းခွင့်နှင့် လွတ်လပ်စွာရွေးကောက်ပိုင်ခွင့်တို့ကို အွန်လိုင်းတွင် ကျင့်သုံးနိုင်သည့် နည်းလမ်းများနှင့် တခုနှင့်တခု ချိတ်ဆက်ရန်အတွက် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့များက အနက်ပြန်ဆိုသည့် နည်းလမ်းများ၊ (၂) လူတဦးချင်းစီ၏ ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးမှု (ပညာသင်ကြားခွင့်၊ အလုပ်လုပ်ကိုင်ခွင့်နှင့် ကျန်းမာရေးစောင့်ရှောက်မှုရပိုင်ခွင့်) တို့နှင့် ဆက်စပ်သည့် အခွင့်အရေးများကို အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့် ဆွေးနွေးချက်များဖော်ထုတ်ခြင်းနှင့် မည်သို့ ပေါင်းစပ်ထားသည်။ အထူးသဖြင့် ပညာသင်ကြားခွင့်နှင့် ယဉ်ကျေးမှု ကဏ္ဍတွင်

ပါဝင်ပူးပေါင်းခွင့်တို့နှင့် မည်သို့မည်ပုံ ပေါင်းစပ်ထားခြင်းလည်း ဖြစ်သည်။ (၃) အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကို ခွဲခြားဆက်ဆံမှုမရှိရေး အကြောင်းအရာအတွင်း ဖော်ပြခြင်း၏ အရေးပါမှု။ သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကို ဆက်လက် ဖြစ်စေသည့် သမိုင်းကြောင်းအရ လူမှုရေးရာ မညီမျှချက်များကို ပို၍ အခြေအနေကောင်းမွန်စေသည့် ရည်ရွယ်ချက်နှင့်အတူ 'အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်' ဖြစ်သင့်ကြောင်း အလေးထားရမည်။

လူတဦးချင်းစီသည် ၎င်းတို့၏ ရပိုင်ခွင့်များကို အွန်လိုင်းတွင် မည်သို့ သိသိသာသာနှင့် အရေအတွက် အများအပြား ကျင့်သုံးသည်ကို ဤအပိုင်း တပိုင်းချင်းစီတွင် လေ့လာသွားမည် ဖြစ်သည်။ သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက် ကျဉ်းမြောင်းစေရေး အာမခံချက်များကို လူ့အခွင့်အရေး ဥပဒေ မူဘောင်အတွင်း ထည့်သွင်းပေါင်းစပ်ရမည်ဖြစ်သော ဆွေးနွေးချက်ကိုလည်း အားကောင်းခိုင်မာစေပါသည်။ နောက်ဆုံးအနေဖြင့် လူတဦးချင်းစီ၏ အွန်လိုင်းပေါ် ဤသို့ပြုမူလုပ်ဆောင်ချက်ပုံစံများတွင် အခက်အခဲရှိကြောင်း ဖော်ပြပါသည်။ ၎င်းအခက်အခဲမှာ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် အာမခံချက်များ သို့မဟုတ် အခြား အခွင့်အရေးများကို ပိုင်းခြားရန်အတွက် ထုတ်ဖော်တင်ပြချက်ဆိုင်ရာ ယခင်အမျိုးအစားများကို အသုံးပြုရာတွင် ကြုံတွေ့ရသည့် အခက်အခဲ ဖြစ်သည်။[၄]

၅-၁။ ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် မရှိမဖြစ်လိုအပ်သော အခွင့်အရေးများ

လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်၊ အသင်းအပင်းဖွဲ့စည်းခွင့်၊ စုဝေးခွင့်နှင့် လွတ်လပ်စွာ ရွေးကောက်ပိုင်ခွင့်တို့သည် တခုနှင့် တခု ချိတ်ဆက်နေကြပြီး သက်ဝင်လှုပ်ရှားနေသည့် ဒီမိုကရေစီစနစ်အတွင်း မရှိမဖြစ်အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်သည်။[၅] ဤအခွင့်အရေးတခုချင်းစီသည်လည်း ၎င်းတို့ကိုယ်ပိုင် သီးခြား အာမခံချက်များနှင့်အတူ အမှီအခိုကင်းကင်း တည်ရှိကြသည်။[၆] ဤနမူနာများသည် ထူးခြားသည့် နည်းလမ်းများကို ထပ်မံ၍ မည်သို့ ဖော်ထုတ်သည်ကို ယခုအပိုင်းက ဦးစွာ လေ့လာသည်။ သက်ဝင်လှုပ်ရှားသည့် ဒီမိုကရေစီ စနစ်အတွက် မရှိမဖြစ်လိုအပ်သည့် အခွင့်အရေးများကို ကျင့်သုံးရာတွင် နည်းလမ်းသစ်များကို အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်က ခွင့်ပြုပေးသည့် ထူးခြားသော နည်းလမ်းများဖြစ်သည်။ လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့် အာမခံချက်များဆိုင်ရာ အမြင်တခုတည်းမှတဆင့် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကို လေ့လာခြင်း

---

၄ UN HRC 'CCPR General Comment No. 25: Article 25 (Participation in Public Affairs and the Right to Vote), The Right to Participate in Public Affairs, Voting Rights and the Right of Equal Access to Public Service' (12 July 1996) UN Doc CCPR/C/21/Rev.1/Add.7, paras 8, 12, 20, and 25. [ဤနေရာမှစ၍ GC 25 ဟု ရေးသားသွားမည်].

၅ Pablo Contreras, 'National Discretion and International Deference in the Restriction of Human Rights: A Comparison Between the Jurisprudence of the European and the Inter-American Court of Human Rights' (2012) 11 Northwestern Journal of International Human Rights 48.

၆ Kevin Boyle and Sangeeta Shah, 'Thought, Expression, Association, and Assembly' in Daniel Moeckli, Sangeeta Shah, and Sandesh Sivakumaran (eds), *International Human Rights Law* (OUP 2013) 217.

သည် လူတဦးချင်းစီက အွန်လိုင်းတွင် လုပ်ဆောင်သည့် လုပ်ဆောင်ချက်များနှင့် အကြောင်းအရာ အများအပြားကို အပြည့်အစုံ အကာအကွယ်ပေးရန်အတွက် ကျဉ်းမြောင်းလွန်းပါသည်။ ထို့နောက် ဤအခွင့်အရေးများအနက် တခုစီကို ချဉ်းကပ်ရာတွင် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့များ အထူးသဖြင့် ECtHR အကြားရှိ တူညီချက်များနှင့် ခြားနားချက်များကို ဤအပိုင်းက ဖော်ထုတ်ပါသည်။ ဤလေ့လာဆန်းစစ်ချက်၏ ရည်ရွယ်ချက်မှာ လူ့အခွင့်အရေး ဥပဒေမူဘောင်သည် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်အနေဖြင့် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်ကိုသာ ကြည့်ရှုခြင်းထက် ပို၍ ကျယ်ကျယ်ပြန့်ပြန့် အနက်ပြန်ဆိုနိုင်မည့် နည်းလမ်းများကို ရှင်းရှင်းလင်းလင်း ဖော်ထုတ်ရန် ဖြစ်ပါသည်။ ဤပထမပိုင်းရှိ နမူနာအများအပြားသည် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် အမှုများရှိ အင်တာနက်ကို အရေးပါမှုအဖြစ် ECtHR က အသားပေးဖော်ပြထားသည့် နမူနာအချို့နှင့် အလားသဏ္ဌာန်တူညီပါသည်။

၅-၁-၁။ လွတ်လပ်စွာ စုဝေးခွင့်၊ အသင်းအပင်းဖွဲ့စည်းခွင့်နှင့် ရွေးကောက်ပွဲများတွင် လွတ်လပ်စွာ ပါဝင်ခွင့်တို့ကို အွန်လိုင်းတွင် ကျင့်သုံးမှု၏ အရေးပါပုံ

အခန်း (၁) တွင် မိတ်ဆက်တင်ပြထားသည့်အတိုင်း အင်တာနက်၏ ထူးခြား ဝိသေသများဖြစ်သည့် အချင်းချင်းဆက်သွယ်ခြင်း၊ ကမ္ဘာအနှံ့သတင်းအချက်အလက်များ တပြိုင်နက်တည်း လှည့်ပတ်ခြင်း၊ အချိန်နှင့်နေရာ အဆီးအတားများကို ဖယ်ထုတ်ခြင်းတို့ကို လူမှုရေးလှုပ်ရှားမှုများအကြောင်း ပညာရပ်ဆိုင်ရာ လေ့လာဆန်းစစ်ချက်များတွင် အသိအမှတ်ပြုထားနှင့်ပြီး ဖြစ်သည်။[၇] ကမ္ဘာ၏ အခြားအပိုင်းများရှိ ဒီမိုကရေစီ ဖြစ်စဉ်တွင် ပါဝင်ခြင်း၏ အခြားသော သရုပ်သကန်များနှင့် ချိတ်ဆက်လျက်ရှိသည့် ဤယေဘုယျအားပြိုင်မှုများကို အာရပ်နွေဦးတော်လှန်ရေး လေ့လာချက်သည် သရုပ်ဖော်ပြသည်။[၈] ဥပမာအားဖြင့် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းနှင့် ၂၀၁၁ ခုနှစ်အစောပိုင်းကာလ တူနီးရှားတော်လှန်ရေးအတွင်း ဆန္ဒပြမှုများကို ဆော်သြစည်းရုံးရာတွင် တွန်းအားတရပ်အဖြစ် လူမှုကွန်ယက် မီဒီယာက လုပ်ဆောင်ခဲ့ပုံကို Breuer ၊ Landman နှင့် Farquhar တို့က ထည့်သွင်းစဉ်းစား

---

[၇] အခန်း (၁) ကို ကြည့်ပါ။ လူမှုရေးရာလှုပ်ရှားမှုများနှင့် အင်တာနက် လက်လှမ်းမီ သုံးစွဲမှုဆိုင်ရာ အသေးစိတ် ပေါင်းချုပ်အတွက် C Coenen, W Hofkirchner and J M Díaz Nafría, 'New ICTs and Social Media: Revolution, Counter-Revolution and Social Change' (2012) 18 *International Review of Information Ethics*, www.i-r-i-e.net/archive.htm accessed 24 September 2014.

[၈] ယေဘုယျအားဖြင့် Henry Farrell, 'The Consequences of the Internet for Politics' (2012) 15 *Annual Review of Political Science* 35; Miriyam Aouragh and Anne Alexander, 'The Arab Spring| The Egyptian Experience: Sense and Nonsense of the Internet Revolution' (2011) 5 *International Journal of Communication* 15; M. Lynch, 'After Egypt: The Limits and Promise of Online Challenges to the Authoritarian Arab State' (2011) 9 *Perspective on Politics* 301; Todd Landman, 'A Most Unlikely Case: Chile, Pinochet and the Advance of Human Rights' (2013) 51[2] *Revista Politica* 37 ကို ကြည့်ပါ။

ပါသည်။[၉] 'ကြေကွဲဝမ်းနည်းမှုကို ဖော်ထုတ်ခြင်းနှင့် ပေါင်းစုခြင်းအတွက် အခြေခံအဖြစ် အင်တာနက်က ထမ်းဆောင်ပြီး ပေါင်းစုလုပ်ဆောင်ချက်ဆိုင်ရာ ပြဿနာများကို ကျော်လွှားရန် အကူအညီပေးသည့် သိသာထင်ရှားသော အရင်းအမြစ် တရပ်အဖြစ်လည်း ပြဋ္ဌာန်းပေးခဲ့ပါသည်။ ထို့အပြင် စနစ်အပြောင်းအလဲဖြစ်စေသည့် ဆန္ဒပြလှုပ်ရှားမှု အောင်အောင်မြင်မြင်ဖြစ်စေရန် လှုံ့ဆော်အားပေးပါသည်' ဟု ၎င်းပညာရှင်များက သုံးသပ်ပါသည်။[၁၀] အင်တာနက်၏ ပြုပြင်ပြောင်းလဲနိုင်စွမ်းရှိသည့် သက်ရောက်မှုအကြောင်း ဆွေးနွေးချက်များသည်လည်း ကမ္ဘာ့အနှံ့အပြား ပေါက်ထွက်လာလျက်ရှိသည်။ အမေရိကန်နှင့် ဥရောပအနှံ့အပြားဖြစ်ပေါ်လာသည့် 'Wall Street ကို သိမ်းယူကြ' သို့မဟုတ် မက္ကဆီကိုနိုင်ငံ၏ #YoSoy132 ကဲ့သို့ ဗိုင်းရပ်ပမာ ကူးစက်ပျံ့နှံ့သွားသော လှုပ်ရှားမှုများ ပါဝင်သည်။[၁၁]

အွန်လိုင်းတွင် စုဝေးခွင့်နှင့် အသင်းအပင်းဖွဲ့စည်းခွင့်အပြင် ဒီမိုကရေစီနည်းလမ်းတကျ ရွေးကောက်ပွဲများကို ဖြစ်ပေါ်စေပြီး ပူးပေါင်းပါဝင်စေသည့် လူတဦးချင်းစီ၏ ပြုမူဆောင်ရွက်ပုံများသည် အင်တာနက်ပေါ် အခြေခံ၍ ပြောင်းလဲလျက်ရှိသည်။[၁၂] ဥပမာအားဖြင့် 'ဝက်ဆိုက်ပေါ်တွင် နိုင်ငံရေးသတင်းအချက်အလက်များနှင့် အခွင့်အရေးများ အမြောက်အများ ပေါ်ထွက်လာခြင်းကြောင့် သတင်းအချက်အလက်နည်းပညာများကို ဘေးကင်းလုံခြုံ၍ တာဝန်ရှိရှိ သုံးစွဲခြင်း (digital citizenship) သည် နိုင်ငံရေးဖြစ်စဉ်တွင် ပြည်သူများပါဝင်ခွင့် (political citizenship) ကို ဖြစ်မြောက်စေသည့် အကြောင်းရင်းတရပ် ဖြစ်ပါသည်။ နိုင်ငံရေးစည်းရုံး လှုံ့ဆော်ချက်ဖြန့်ဝေခြင်းအတွက် အီးမေးလ်စုစည်း ပေးပို့ချက်ကို တုံ့ပြန်ခြင်းဖြင့် အွန်လိုင်းတွင် ကျင့်သုံးခြင်းဖြစ်စေ သို့မဟုတ် ဆန္ဒမဲပေးခန်းတွင် လက်တွေ့ကျင့်သုံးခြင်းဖြစ်စေ ပြီးမြောက်စေသည့် အကြောင်းရင်းတရပ် ဖြစ်ပါသည်'။[၁၃] အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်၏ အတိုင်းအတာနှင့် သက်ရောက်မှုကို ဆွေးနွေးရန် နိုင်ငံတကာအသိုက်အဝန်း၊ ပညာရှင်များ၊

---

[၉] Anita Breuer, Todd Landman, and Dorothea Farquhar, 'Social Media and Protest Mobilization: Evidence from the Tunisian Revolution' (2015) 22(4) *Democratization* 764.

[၁၀] ibid, 785.

[၁၁] N. Lucchi, 'Freedom of Expression and the Right of Access to the Internet' in M.E. Price, S. Verhulst, and L. Morgan (eds), *Routledge Handbook of Media Law* (Routledge 2013) 158; G.J. Walters, *Human Rights in an Information Age* (University of Toronto Press 2002) 19; Website of Movement Yo Soy 132 <www.yosoy1 32media.org/sin-categoria/sobre-esos-degeneracion-mexico/>; R.J. Deibert and others (eds), *Access Controlled: The Shaping of Power, Rights, and Rule in Cyberspace* (MIT Press 2010); see also generally, Farrell (n. 8).

[၁၂] Jack M. Balkin, 'Old-School/New-School Speech Regulation' (2014) 127 *Harvard Law Review* 7; For a development perspective, see generally, Farid Shirazi, Ojelanki Ngwenyama, and Olga Morawczynski, 'ICT Expansion and the Digital Divide in Democratic Freedoms: An Analysis of the Impact of ICT Expansion, Education and ICT Filtering on Democracy' (2010) 27 *Telematics and Informatics* 21.

[၁၃] N. Lucchi, 'Freedom of Expression and the Right of Access to the Internet' in M.E. Price, S. Verhulst, and L. Morgan (eds), *Routledge Handbook of Media Law* (Routledge 2013) 158; See also, K. Mossberger, C. Tolbert, and A. Hamilton, 'Measuring Digital Citizenship: Mobile Access and Broadband' (2012) 6 *International Journal of Communication* 173–4.

အစိုးရနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများအား အာရုပ်နွေဦး တော်လှန်ရေးဖြစ်ရပ်နှင့်အတူ ကိုးကားထားသည့် ဖြစ်ရပ်များက စေ့ဆော်ပါသည်။ ဒီမိုကရေစီဖြစ်ထွန်းရေး၊ စုဝေးခွင့်နှင့် အသင်းအပင်းဖွဲ့စည်းခွင့်တို့အတွက် ကိရိယာတခုအဖြစ် အင်တာနက်သည် လွတ်လပ်သည့် ရွေးကောက်ပွဲများနှင့် ပို၍ ဒီမိုကရေစီနည်းလမ်းတကျ အဖွဲ့အစည်းဖြစ်စေရေး လှုံ့ဆော်ပေးပါသည်။[၁၄]

အများပြည်သူဆိုင်ရာနေရာကို လက်လှမ်းမီ သုံးစွဲခွင့် အပါအဝင် အမှုများအား အခန်း (၄) ၏ လေ့လာဆန်းစစ်ချက်အပေါ် အခြေခံထားလျက် လူတဦးချင်းစီသည် ၎င်းတို့၏ လွတ်လပ်စွာ စုဝေးခွင့်နှင့် အသင်းအပင်းဖွဲ့စည်းခွင့်ကို ကျင့်သုံးရန် အင်တာနက်ကို မည်သို့ အသုံးပြုကြောင်းကို ယခုအပိုင်းတွင် လေ့လာပါသည်။ အင်တာနက်၏ ထူးခြားသော ဝိသေသများကို ခုံရုံးမှ အကျယ်ချဲ့ ရှင်းလင်းရန် လိုအပ်မည့် အခြေအနေများကို ဤလေ့လာဆန်းစစ်ချက်ဖြင့် ဖော်ထုတ်ရန် ကူညီပေးပါသည်။[၁၅] ဥပမာအားဖြင့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး Hillary Rodham Clinton သည် အင်တာနက်အခြေခံအဆောက်အဦ၏ ဆက်သွယ်နိုင်စွမ်းကို အများပြည်သူဆိုင်ရာနေရာတွင် စုဝေးနိုင်စွမ်းနှင့် နှိုင်းယှဉ်ပါသည်။ 'ဆိုင်ဘာဝန်းကျင်တွင် လွတ်လပ်စွာဆက်သွယ်နိုင်ခွင့်သည် လွတ်လပ်စွာ စုဝေးခွင့်နှင့် တူညီပါသည်။ [....] တကယ်တမ်းတွင် ဆိုင်ဘာဝန်းကျင်သည် ၂၁ ရာစု၏ အများပြည်သူတွေ့ဆုံသည့်နေရာ ဖြစ်ပါသည်' ဟု အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးက အခိုင်အမာ ဆိုပါသည်။[၁၆] ဤမိန့်ခွန်းကို ကိုးကားလျက် အင်တာနက်အယူအဆကို အများပြည်သူဆိုင်ရာနေရာအဖြစ် Rutzen က အသုံးချသည်။ လွတ်လပ်စွာထုတ်ဖော် တင်ပြပြောဆိုခွင့်၊ ငြိမ်းချမ်းစွာစုဝေးခွင့်တို့နှင့် ချိတ်ဆက်၍ ဖြစ်သည်။[၁၇] လွတ်လပ်စွာ စုဝေးခွင့်၏ သမြင်လက်ခံထားပြီးဖြစ်သော ရည်ရွယ်ချက်များအနက် တရပ်မှာ လူတဦးချင်းစီကို စုရုံးလာစေပြီးနောက် ဘုံအကျိုးစီးပွားများကို ပေါင်းစုထုတ်ဖော်၊ မြှင့်တင်၍ ဆွဲဆောင်စုရုံးရန် ဖြစ်ပါသည်။ အွန်လိုင်းအုပ်စုများနှင့် လူမှုကွန်ယက်များ ပုံစံဖြင့် အွန်လိုင်းတွင် စုဝေးခြင်းကို အကာအကွယ်ပေးရမည် ဖြစ်သည်။ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် အာမခံချက်များအရသာမက စုဝေးခွင့်နှင့် အသင်းအပင်းဖွဲ့စည်းခွင့် အာမခံချက်များအရပါ အကာအကွယ်ပေးသင့်သည်။[၁၈] ECtHR ရှေ့မှောက်တွင် တင်ပြသည့်အခါတွင် ရပိုင်ခွင့်မျိုးစုံ ကျင့်သုံးမှု

---

[၁၄] Breuer, Landman, and Farquhar (n. 9); Philip N. Howard and Muzammil M. Hussain, 'The Role of Digital Media' (2011) 22 *Journal of Democracy* 35; Zeynep Tufekci and Christopher Wilson, 'Social Media and the Decision to Participate in Political Protest: Observations From Tahrir Square' (2012) 62 *Journal of Communication* 363; Jan H. Pierskalla and Florian M. Hollenbach, 'Technology and Collective Action: The Effect of Cell Phone Coverage on Political Violence in Africa' (2013) 107 *American Political Science Review* 207.

[၁၅] အခန်း (၄-၂) နှင့် (၄-၃) ကို ကြည့်ပါ။ *Appleby v. United Kingdom* ECHR 2003-VI, para. 35; *Mouvement Raëlien Suisse v. Switzerland* ECHR 2012, para. 76–7; *Women on Waves and others v. Portugal* App no 31276/05 (ECtHR, 02 March 2009), Judgment (Merits and Just Satisfaction), para. 47.

[၁၆] ibid.

[၁၇] Douglas Rutzen and Jacob Zenn, 'Association and Assembly in the Digital Age' (2011) 13 *International Journal of Not-for-Profit Law*, section V.

[၁၈] ibid.

အပေါ် အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်က သက်ရောက်မှုရှိသည့် ဤနမူနာများနှင့် အခြားနမူနာ အများအပြားသည် ခုံရုံးအတွက် အခွင့်အရေး တရပ် ဖန်တီးပေးသည်။ ဖြစ်နိုင်ခြေအလားအလာရှိသည့် အမှုတခုတွင် ပါရှိသော အခြေအနေများကို ထင်ဟပ်ပြရန်အလို့ငှာ ချဲ့ထွင်အသုံးပြုမည့် တူမျှသည့် အခြားနည်းလမ်း မရှိသော ဆက်သွယ်ရေးနည်းလမ်း တရပ်အဖြစ် အင်တာနက်ကို အနက်ဖွင့်ဆိုသည့် အခွင့်အရေးဖြစ်သည်။

ထို့အပြင် ပြည်သူများပါဝင်ပူးပေါင်းမှုရှိသည့် ဒီမိုကရေစီ၏ အခြေခံမူများနှင့်အတူ အင်တာနက် အယူအဆကို အများပြည်သူဆိုင်ရာနေရာအဖြစ် အသုံးပြုလျက် Rutzen နှင့် Zenn တို့က သရုပ်ဖော်ပြပါသည်။ အစိုးရ၏ အမှားအယွင်းများကို နိုင်ငံသားများက ပြင်ဆင်ရန်အတွက် မည်သို့ တိုး၍ အသုံးပြုခြင်းအား အွန်လိုင်းတွင် စုဝေးခြင်းအဖြစ် သရုပ်ဖော်ပြပါသည်။ ဥပမာအားဖြင့် အွန်လိုင်းမှတဆင့် မေတ္တာရပ်ခံ ပန်ကြားလွှာများ ပေးပို့ခြင်း ကဲ့သို့ ဖြစ်ပါသည်။ အစဉ်အလာအရဆိုသော် ဤပန်ကြားလွှာများကို အများပြည်သူဆိုင်ရာနေရာများနှင့် လမ်းများတွင် ပြုလုပ်သည့် စုဝေးပွဲများနှင့် ဆန္ဒပြပွဲများမှတဆင့်သာ တွေ့မြင်ရပါသည်။ နိုင်ငံသားများက အစိုးရကို အွန်လိုင်းမှတဆင့် မေတ္တာရပ်ခံ ပန်ကြားလွှာပေးပို့ခြင်းကို ရပိုင်ခွင့် မျိုးစုံက အကာအကွယ်ပေးကြောင်း Rutzen နှင့် Zenn တို့က အခိုင်အမာ ဆိုပါသည်။

> သို့ရာတွင် အစိုးရကို အွန်လိုင်းမှတဆင့် မေတ္တာရပ်ခံ ပန်ကြားလွှာပေးပို့ခြင်းကို လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့်၊ လွတ်လပ်စွာစုဝေးခွင့်နှင့် အခြားသော အပြည်ပြည်ဆိုင်ရာဥပဒေ အခြေခံများဖြင့် အကာအကွယ်ပေးထားကြောင်း အားကောင်းခိုင်မာသည့် ဆွေးနွေးချက်ရှိပါသည်။ ထို့အပြင် ဆန္ဒသဘောထား ထုတ်ဖော်ပွဲများနှင့် အခြားစုဝေးပွဲများ စီစဉ်ရေး အထောက်အကူပြုရန် အင်တာနက်နှင့် အခြားနည်းပညာများကို အသုံးပြုကြသည်။ လွတ်လပ်စွာစုဝေးခွင့်သည် အမှန်တကယ် စုဝေးပွဲကိုသာမက စုဝေးပွဲပြုလုပ်ရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ချက်များကိုလည်း အကာအကွယ် ပေးပါသည်။ သို့ဖြစ်၍ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ပွဲများ စီမံဆောင်ရွက်ခြင်းကို နှောင့်ယှက်ရန် ရည်ရွယ်သည့် အဆီးအတားတုံးများကဲ့သို့ အင်တာနက် တားမြစ်ချက်များသည် အပြည်ပြည်ဆိုင်ရာ ဥပဒေကို ချိုးဖောက်ပါသည်။[၁၉]

ဤနေရာတွင် အစိုးရမှ ပေးပို့ပြီး အစိုးရမှ လက်ခံရရှိသည့် သတင်းအချက်အလက်များသည် သတင်းအချက်အလက် (ဥပမာ အစိုးရသို့ မေတ္တာရပ်ခံပန်ကြားလွှာပေးပို့ခြင်း) နှင့် ဤသတင်းအချက်အလက် ဖြန့်ချိသည့် အခြေခံအဆောက်အဦ (ဆိုလိုသည်မှာ အင်တာနက်) နှစ်ခုစလုံး အရေးပါကြောင်း သတ်မှတ်ထားရှိ ပါသည်။ အခန်း (၃) နှင့် (၄) နှစ်ခုစလုံးတွင် ဆွေးနွေးထားသည့် လက်ခံရရှိခွင့်ဆိုင်ရာ စီရင်ထုံးဥပဒေ၏ တည်ဆဲ အဓိကအပိုင်းကို ခုံရုံးက အားကောင်းခိုင်မာစေမည့် နည်းလမ်းများ ရရှိနိုင်ခြေကို ဤနမူနာက ဖော်ပြပါသည်။ Thorgeirsdóttir က ဆွေးနွေးထားသည့်အတိုင်း သတင်းအချက်အလက်ရရှိခွင့်ကို ရှိရင်းစွဲ ဖွဲ့စည်း တည်ဆောက်ပုံပိုင်း ဆိုလိုချက် ရှိပါသည်။[၂၀] ဤကဲ့သို့သောနမူနာများတွင် အစိုးရနှင့် လူတဦးချင်းစီသည် လက်ခံရရှိသူများနှင့် သတင်း

---

[၁၉] ibid.

[၂၀] Herdís Thorgeirsdóttir, *Journalism Worthy of the Name: Freedom Within the Press and the Affirmative Side of Article 10 of the European Convention on Human Rights* (Martinus Nijhoff Publishers 2005) 63.

ဖလှယ်ခြင်း၏ ပရိသတ်များနှစ်မျိုးစလုံးဖြစ်ကြသည်။ ၎င်းနမူနာများက ဤသတင်းဖလှယ်ရေး ဖြစ်ပေါ်စေသည့် ဆက်သွယ်ရေး နည်းလမ်း၏ သိသာထင်ရှားသည့် တန်ဖိုးကို လျစ်လျူရှုရေး ခက်ခဲအောင် ပြုလုပ်ပါသည်။[၂၁] သို့ဖြစ်၍ ဤသတင်း ဖလှယ်မှုကို ဖြစ်စေသည့် ဆက်သွယ်ရေး နည်းလမ်း၏ ထူးခြားသည့် သဘောသဘာဝကြောင့် ခုံရုံးမှ ၎င်းကို ကိုင်တွယ်ဖြေရှင်းရန် လိုအပ်စေပါသည်။

အွန်လိုင်းမှ မေတ္တာရပ်ခံ ပန်ကြားလွှာများကို Balkin က လည်း ကိုင်တွယ်ဖြေရှင်းပါသည်။ သို့သော် ဝန်ဆောင်မှုမှ အကျိုးရလဒ်များ ရရှိစေရေးအတွက် အခြေခံအဆောက်အဦကို လက်လှမ်းမီ ရရှိခွင့်၏ အရေးပါပုံကို လည်း ဖော်ထုတ်ပါသည်-

> ‘မေတ္တာရပ်ခံပန်ကြား’ ခွင့် တွင် အဖွဲ့အစည်းများ၊ နည်းပညာများနှင့် ကျင့်သုံးပုံများ မလွဲမကင်း ပါဝင်သည်။ ‘စုဝေးခြင်း’ ဆိုသည်မှာ နေရာတခုတွင် လူများ စုဝေးခြင်းထက် ပိုပါသည်။ စုဝေးမည့် နေရာကို သုံးစွဲခွင့်နှင့် စုဝေးမှုကို စီစဉ်ဆောင်ရွက်ခြင်းနှင့် စုဝေးသည့် နည်းလမ်းများလည်း လိုအပ်သည်။ (ယနေ့ခေတ်တွင် ထိုသို့ စုဝေးသည့် နည်းလမ်းများနှင့် စီစဉ်ဆောင်ရွက်နည်းများတွင် လူမှုမီဒီယာလည်း ပါဝင်နိုင်ပေသည်။) ၂၀ ရာစု အယူအဆတွင် အရန်အခွင့်အရေးတရပ်အဖြစ် အသိအမှတ်ပြုထားသည့် လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခွင့်သည် ၎င်းကိုယ်ပိုင် အခြေခံအဆောက်အဦအမျိုးအစားတရပ်အဖြစ် အခြား လွတ်လပ်ခွင့်များကို အထောက်အပံ့ပေးသည်သာမက ၎င်းကိုယ်တိုင်သည်ပင် အခြေခံအဆောက်အဦအပေါ် မှီတည်နေပါသည်။ လွတ်လပ်စွာပြောဆိုခွင့်ကဲ့သို့ပင် လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်သည်လည်း အခြေခံအဆောက်အဦအပေါ် မှီတည်နေပါသည်။ Meiklejohn ၏ တောင်းဆိုချက်ဖြစ်သည့် လမ်းများပေါ်တွင် ကခုန်ခြင်းသည်ပင်လျှင် ကခုန်မည့် လမ်းများကဲ့သို့ အခြေခံအဆောက်အဦ လိုအပ်သည်။[၂၂]

Balkin ၏ ဆွေးနွေးချက်သည် ‘အများပြည်သူဆိုင်ရာနေရာ’ အသုံးအနှုန်းကို မှန်မှန်ကန်ကန်အသုံးပြုရန် တိုက်တွန်းထားသည်။ ‘ဤအများပြည်သူဆိုင်ရာနေရာကို သုံးစွဲခွင့်’ သည် ဤနည်းအတိုင်း အင်တာနက်ကို အသုံးပြုရန် အင်တာနက်လိုင်းနှင့် ကျွမ်းကျင်မှုရှိသူများအတွက် ပြဿနာတရပ်ဖြစ်ကြောင်း အသိအမှတ်ပြုရန် ကြိုတင်စဉ်းစားခြင်းမပြုဘဲ မှန်မှန်ကန်ကန် အသုံးပြုရန် ဖြစ်သည်။[၂၃] သို့ဖြစ်သည့်အတွက်ကြောင့် အများပြည်သူဆိုင်ရာ နေရာတခုကို လူတဦးချင်းစီမှ သုံးစွဲနိုင်ခွင့်သည် အင်တာနက်ကို ‘ချိတ်ဆက်’ နိုင်စွမ်းနှင့် ထပ်တူထပ်မျှ တူညီနေခြင်း မဟုတ်သည့်အတွက် အများပြည်သူဆိုင်ရာနေရာ နှိုင်းယှဉ်ချက်သည် မှန်းချက်နှင့် နှမ်းထွက်မကိုက်ညီပေ။ Balkin ၏ ဆွေးနွေးချက်သည် သိသာထင်ရှားပါသည်။ အခြေခံအဆောက်အဦကို လက်လှမ်းမီသုံးစွဲခွင့်မရရှိခြင်းသည် ၂၁ ရာစု အများပြည်သူဆိုင်ရာဝန်းကျင်တွင် လူတဦးချင်းစီက ၎င်းတို့၏ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် ကျင့်သုံးနိုင်စွမ်းတခုတည်းအပေါ်သာမက စုဝေးခွင့် ကျင့်သုံးနိုင်စွမ်းအပေါ်လည်း သက်ရောက်မှုရှိကြောင်း ရှင်းရှင်းလင်းလင်း ဖော်ပြထားသည့်အတွက် ဖြစ်သည်။

---

[၂၁] Balkin (n. 12).

[၂၂] ibid.

[၂၃] ibid.

အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကို နိုင်ငံ၏ တားမြစ်ချက်သည် သတင်းအချက်အလက်နည်းပညာခေတ်တွင် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်နှင့် လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခွင့်နှစ်ခုစလုံးကို ချိုးဖောက်ခြင်း ဖြစ်ကြောင်း Rutzen နှင့် Zenn တို့က ချိတ်ဆက်ပြသည်။ အစိုးရသည် အင်တာနက်တခုလုံးကို တားမြစ်သည့်အခါတွင်လည်းကောင်း၊ လူမှုကွန်ယက်ဝက်ဆိုက်များ သုံးစွဲခွင့်ကို တားမြစ်သည့်အခါတွင်လည်းကောင်း၊ အွန်လိုင်းရှိ လူ့အခွင့်အရေးအုပ်စုများ၏ ပုဂ္ဂိုလ်ရေးအချက်အလက်များ သို့မဟုတ် အဖွဲ့ဝင်စာရင်းများကို ဖော်ထုတ်ရန် ဖိအားပေးသည့်အခါတွင် လည်းကောင်း၊ သို့မဟုတ် ICCPR ၏ အပိုဒ် (၂၂) အရ အသင်းအပင်းဖွဲ့စည်းခွင့်ကျင့်သုံးခြင်းကို တားမြစ်သည့် အခြား အရေးယူဆောင်ရွက်ချက်များကို လုပ်ဆောင်သည့်အခါတွင်လည်းကောင်း လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခွင့်သည်လည်း ဆက်စပ်သက်ရောက်မှု ခံရမည်ဖြစ်ကြောင်း ၎င်းတို့က ခုခံဆွေးနွေးသည်။[၂၄၄]

ဤနမူနာများမှ သက်ရောက်မှုကြောင့် 'အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်' အတိအကျ ရှိကြောင်း အခိုင်အမာပြောဆိုသည့် အဆိုများကို ယေဘုယျကျကျ ပြုလုပ်ရာတွင် အလိုအလျောက်တုံ့ပြန်ချက်ကို ဖြစ်စေသည်။ အမှုအချို့တွင် မှန်ကန်နိုင်မည်ဖြစ်သော်ငြား အခန်း (၃) နှင့် (၄) တွင် သက်သေပြထားသကဲ့သို့ အမှုအချို့အတွက်သာ မှန်ကန်ပါသည်။ သို့ဖြစ်၍ တည်ဆဲအပြည်ပြည်ဆိုင်ရာ လိုက်နာကိုးကားရမည့် စီရင်ထုံးများအနေဖြင့် လူ့အခွင့်အရေးကို အွန်လိုင်းတွင် လက်ရှိ အမှန်တကယ် ကျင့်သုံးနေမှုများနှင့် ချိတ်ဆက်ထားသည့် ပို၍ခိုင်မာသော အခြေခံကို လိုအပ်ပါသည်။

၅-၁-၂။ ဤအခွင့်အရေးများအကြား ဘုံတူညီချက်ကို ဥပဒေအရ အသိအမှတ်ပြုခြင်း

ဤနေရာတွင် တင်ပြထားသည့် လေ့လာဆန်းစစ်ချက်သည် လွတ်လပ်စွာထုတ်ဖော်တင်ပြခွင့်၊ စုဝေးခွင့်၊ အသင်းအပင်းဖွဲ့စည်းခွင့်နှင့် လွတ်လပ်စွာ ရွေးကောက်ပိုင်ခွင့်တို့ကို လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့များက ကွဲပြားခြားနားစွာ သို့မဟုတ် တူညီစွာ အနက်ပြန်ဆိုထားသည့် နည်းလမ်းများကို ဖော်ထုတ်ပါသည်။ လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခွင့်နှင့် စုဝေးခွင့်တို့ကို လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် အကာအကွယ်ပေးခြင်းများအရ စဉ်းစားရပေမည်။ အမြင်သဘောထားများနှင့် အယူအဆများကို ထုတ်ဖော်တင်ပြခြင်းသည် လွတ်လပ်စွာစုဝေးခွင့်နှင့် အသင်းအပင်းဖွဲ့စည်းခွင့် ရည်ရွယ်ချက်များအနက် တရပ်ဖြစ်ခြင်းကြောင့် ဖြစ်ပါသည်။[၂၄၅] ဤအခြေအနေတွင် ဗဟုဝါဒ၏ အရေးပါပုံကို ECtHR က အသိအမှတ်ပြုပါသည်။[၂၄၆] လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်ကဲ့သို့ပင် လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခွင့်နှင့် စုဝေးခွင့်တို့ကို ဒီမိုကရေစီ လူ့အဖွဲ့အစည်းရှိ ၎င်းတို့၏ အခြေခံကျသော အခန်းကဏ္ဍကို ထည့်သွင်းစဉ်းစားလျက် တင်းတင်းကြပ်ကြပ် အနက်မပြန်ဆိုသင့်ပေ။[၂၄၇] သို့ဖြစ်သည့်

---

[၂၄၄] Rutzen and Zenn (n. 17), section IV.

[၂၄၅] *Adali v. Turkey* App no 38187/97 (ECtHR, 31 March 2005), para. 266.

[၂၄၆] *Gorzelik and Others v. Poland* ECHR 2004-I, para. 92; *Young, James and Webster v. the United Kingdom* (1981) Series A no. 44, para. 63; and *Chassagnou and Others v. France* ECHR 1999-III, para. 112.

[၂၄၇] *Freedom and Democracy Party* (*ÖZDEP*) *v. Turkey* ECHR 1999-VIII, para. 37.

အတွက်ကြောင့် ဤအခွင့်အရေးများ၏ လွှမ်းခြုံနယ်ပယ်သည် လွတ်လပ်စွာ စုဝေးခွင့်နှင့် အသင်းအပင်း ဖွဲ့စည်းခွင့်တို့ကို အကာအကွယ်ပေးပါသည်။ ပုဂ္ဂိုလ်ရေးတွေ့ဆုံပွဲများ၊ အများနှင့် သက်ဆိုင်သော လမ်းမများထက် တွေ့ဆုံပွဲများ၊ အထိုင်ချတွေ့ဆုံပွဲများနှင့် ပြည်သူများစီတန်းလှည့်လည်ခြင်းတို့အတွက် အကာအကွယ်ပေးပါသည်။[၂၈] စုဝေးပွဲကို စီစဉ်ကျင်းပသည့် လူတဦးချင်း သို့မဟုတ် အုပ်စုများကိုလည်း အကာအကွယ်ပေးပါသည်။[၂၉]

လွတ်လပ်စွာရွေးကောက်ပိုင်ခွင့် အပါအဝင် ဒီမိုကရေစီရှင်သန်ရေးတွင် လူတဦးချင်းစီမှ ပူးပေါင်းပါဝင်မှု သေချာစေရေးအတွက် မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းများအဖြစ် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်၊ စုဝေးခွင့်နှင့် အသင်းအပင်းဖွဲ့စည်းခွင့်တို့ကိုလည်း အသိအမှတ်ပြုထားကြသည်။[၃၀] ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ (United Nations Human Rights Council - UNHRC) ၏ အထွေထွေမှတ်ချက် ၂၅ (GC 25) သည် ဤအခွင့်အရေးများ၏ ဘုံတူညီချက်များကို ကောင်းစွာ ဖော်ပြထားသည်။[၃၁] လူတိုင်းသည် ပြည်သူ့ရေးရာ ဆွေးနွေးပွဲတွင် ပါဝင်ရန်နှင့် ပြည်သူ့ကိုယ်စားလှယ်များနှင့် စကားပြောဆိုမှုတွင် ပါဝင်ရန် တဦးချင်းစီ၏ စွမ်းဆောင်နိုင်စွမ်းသာမက ပေါင်းစုစွမ်းဆောင်နိုင်စွမ်းကိုလည်း ပူးပေါင်းပါဝင်မှုတွင် ထည့်သွင်းထားသည်။ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်၊ စုဝေးခွင့်နှင့် အသင်းအပင်းဖွဲ့စည်းခွင့်တို့ကို သေချာအောင် ပြုလုပ်ခြင်းဖြင့်သာမက လွတ်လပ်သည့်ရွေးကောက်ပွဲများတွင် မဲဆန္ဒပေးခြင်းအတွက် အခြေခံကို ဖန်တီးပေးခြင်းဖြင့် ဤလုပ်ငန်းဆောင်တာအားလုံးကို အထောက်အပံ့ပေးပါသည်။[၃၂]

UNHRC အရဆိုသော် အများပြည်သူရေးရာကဏ္ဍတွင် ပါဝင်ပူးပေါင်းခွင့်ကို ထိထိရောက်ရောက် အသေအချာ ကျင့်သုံးရေး ဆောင်ရွက်သင့်သည့် အပြုသဘောအရေးယူဆောင်ရွက်ချက်များတွင် စာမတတ်မှု ပပျောက်ရေး၊ ဘာသာစကားအဆီးအတားနှင့် ဆင်းရဲမွဲတေမှုကို ကျော်လွှားမည့် အရေးယူဆောင်ရွက်ချက်များ ပါဝင်သည်။[၃၃] သတင်းအချက်အလက်ဗဟုဝါဒအယူအဆကို GC 25 ကလည်း ရှင်းရှင်းလင်းလင်း ဖော်ပြထားသည်။ ‘စာမတတ်သူ မဲဆန္ဒရှင်များသည် ၎င်းတို့ရွေးချယ်နိုင်ရေးအတွက် လုံလောက်သည့် သတင်းအချက်အလက် အသေအချာရရှိရေး’ အတွက် ဆန္ဒမဲပေးခြင်းဆိုင်ရာ သတင်းအချက်အလက်နှင့် ပစ္စည်းကိရိယာများကို ချမှတ် ကျင့်သုံးရမည်ဖြစ်ကြောင်းကိုလည်း အခိုင်အမာပြောဆိုထားသည်။[၃၄] GC 25 က အသေးစိတ် ဖော်ပြထားသည့် အကာကွယ်ပေးခြင်းများတွင် သတင်းအချက်အလက်နှင့် အယူအဆများ လွတ်လွတ်လပ်လပ် ဆက်သွယ်တင်ပြခြင်းအတွက် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် အာမခံချက်များပါဝင်သည်။ နိုင်ငံသားများ၊

---

[၂၈] *Adali v. Turkey* (n. 25), para. 267; and *Christians against Racism and Fascism v. the United Kingdom* (1980) DR 21, p 138 and p 148.

[၂၉] ibid.

[၃၀] GC 25 (n. 4) paras 8, 12, 20, and 25.

[၃၁] ibid.

[၃၂] ibid., para. 8.

[၃၃] ibid., para. 12.

[၃၄] ibid.

ကိုယ်စားလှယ်လောင်းများနှင့် ရွေးချယ်ခံ ပြည်သူ့ကိုယ်စားလှယ်များအကြားရှိ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးရာ ကိစ္စရပ်များအကြောင်း သတင်းအချက်အလက်နှင့် အယူအဆများ ဖြစ်ကြသည်။[၃၅]

ဤအခွင့်အရေးများအကြားရှိ ထပ်နေသည့် အဓိကအချက်များအနက် တခုမှာ လူတဦးချင်းစီသည် နိုင်ငံရေးပါတီများ သို့မဟုတ် အခြားအဖွဲ့အစည်းများမှတဆင့် တဦးချင်းအရသော်လည်းကောင်း၊ အစုအဖွဲ့ အလိုက်သော်လည်းကောင်း ထိတွေ့ပါဝင်နိုင်စွမ်းပင် ဖြစ်ပါသည်။ ပြည်သူ့ရေးရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအကြောင်းဆွေးနွေးရန်အတွက်သာမက ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်ခြင်းနှင့် တွေ့ဆုံပွဲများ ကျင်းပရန်၊ ဝေဖန်ဆန်းစစ်ခြင်းနှင့် ကန့်ကွက်ခြင်းပြုရန်။ နိုင်ငံရေးအချက်အလက်များကို ပုံနှိပ်ထုတ်ဝေရန်နှင့် ရွေးကောက်ပွဲ အတွက် စည်းရုံးလှုံ့ဆော်ရန်နှင့် နိုင်ငံရေးအယူအဆများကို ကြော်ငြာရန်တို့အတွက် ဖြစ်ပါသည်။[၃၆] ဤအခြေ အနေတွင် လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခွင့်၏ အရေးပါပုံကို GC 25 က အလေးထားပါသည်။ နိုင်ငံရေးနှင့် ပြည်သူ့ရေးရာကိစ္စရပ်များနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းများနှင့် အသင်းအပင်းများတွင် လူတဦးချင်းစီက ပူးပေါင်းပါဝင်နိုင်ရန် လိုအပ်ခြင်းကြောင့် ဖြစ်သည်။ နိုင်ငံရေးပါတီများနှင့် အဖွဲ့ဝင် တဦးချင်းစီသည် ရွေးကောက်ပွဲ လုပ်ငန်းစဉ်၏ အရေးပါသော အစိတ်အပိုင်းတရပ်အဖြစ် အသားပေး ဖော်ပြထားပါသည်။[၃၇] နိုင်ငံရေးအခြေအနေ တွင် ဤအခွင့်အရေးများသည် တခုနှင့် တခု မည်သို့ တူညီနေပြီး ဖြည့်ဆည်း ပေးနေသည်ကို GC 25 က လမ်းဖွင့် ပေးပါသည်။ သို့ရာတွင် လူတဦးချင်းစီက အင်တာနက်ကို အသုံးပြုနေကြသည့် လုပ်ဆောင်ချက် အများအပြားအရ နိုင်ငံရေးဆိုင်ရာ ကိစ္စရပ်များအတွက် လူတဦးချင်းစီမှ အင်တာနက် အသုံးပြုမှုကို စီးပွားရေး၊ လူမှုရေး သို့မဟုတ် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များအတွက် အသုံးပြုမှုမှ ပိုင်းခြားရန် နည်းလမ်းကောင်း မရှိပေ။

ECtHR ၏ အပိုဒ် (၁၀) အာမခံချက်များကို တခုတည်း အနက်ပြန်ဆိုချက်အတွင်း နိုင်ငံရေးပြောစကား ပြင်ပတွင် ခုံရုံးက အကာအကွယ်ပေးသည့်အရာအကြား ကွဲလွဲခြားနားချက် တခု ရှိပါသည်။[၃၈] တနည်းဆိုရသော် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို လူတဦးချင်းစီ၏ ကျင့်သုံးမှုကိုသာမက လူအုပ်စုတစုမှ ပေါင်းစု ကျင့်သုံးမှုကိုလည်း ခုံရုံးမှ အကာအကွယ်ပေးပါသည်။ လူ့အခွင့်အရေးမျိုးစုံ ပေါင်းစပ်ပါဝင်သည့် နောင်ကာလ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ဆိုင်ရာ အမှုများသည် ပို၍ အားကောင်းသော ဆွေးနွေးချက်များ ဖြစ်လာ ပေသည်။ အခြားသော အကာအကွယ်ပေးထားသည့် အခွင့်အရေးများကို ကျင့်သုံးပုံအတွင်း ချိတ်ဆက်ထားပါက ပိုမို များပြားသော အွန်လိုင်းပေါ်ရှိ ဆွေးနွေးတင်ပြချက်ကို အထောက်အပံ့ပြုပါသည်။

လွတ်လပ်စွာစုဝေးခွင့်နှင့် အသင်းအပင်းဖွဲ့စည်းခွင့်ကို အကာအကွယ်ပေးရမည့် နိုင်ငံ၏ တာဝန်နှင့် စပ်လျဉ်း၍ ကျိုးကြောင်းမလျော်ညီသည့် သွယ်ဝိုက်တားမြစ်ချက်များမှ နိုင်ငံသည် ရှောင်ကြဉ်ရမည်ဖြစ်ကြောင်း ECtHR က တွေ့ရှိခဲ့သည်။ ၎င်းသွယ်ဝိုက်တားမြစ်ချက်များက လူတဦးချင်းစီ၏ စုဝေးခွင့်နှင့် အသင်းအပင်း

---

[၃၅] ibid., para. 20.

[၃၆] ibid., para. 25.

[၃၇] ibid., para. 26.

[၃၈] အခန်း (၃-၂)၊ အခန်း (၄-၂)-(၄-၄) ကို ကြည့်ပါ။

ဖွဲ့စည်းခွင့် ကျင့်သုံးနိုင်စွမ်းကို အဟန့်အတားဖြစ်စေပါသည်။[၃၆] ဥပမာအားဖြင့် *Adali v. Turkey* တွင် ဆိုက်ပရက် တောင်ပိုင်း၌ ကျင်းပသည့် တွေ့ဆုံပွဲတခုကို တက်ရောက်ခွင့်ပေးရန် အာဏာပိုင်များ၏ ငြင်းပယ်မှုသည် အဆိုပါ နေရာရှိ ရပ်ရွာအဖွဲ့အစည်းနှစ်ရပ်ပေါင်းကျင်းပသည့် တွေ့ဆုံပွဲတွင် ပူးပေါင်းပါဝင်ရန် လျှောက်လဲသူကို ထားမြစ်ကြောင်း ECtHR က စီရင်ချက် ချမှတ်ပါသည်။ အကျိုးဆက်အားဖြင့် ရပ်ရွာအဖွဲ့အစည်း နှစ်ခုစလုံးမှ လူများနှင့် ငြိမ်းချမ်းစွာစုဝေးခြင်းတွင် သူမ၏ ပါဝင်ခွင့်ကို တားမြစ်ခံရပါသည်။[၄၀] ဤဆက်နွယ်ချက်တွင် ဥပဒေ ခလုတ်တံသင်းကဲ့သို့ပင် တားမြစ်ချက်သည် ဥရောပလူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (European Convention on Human Rights) (သဘောတူစာချုပ်) ကို ချိုးဖောက်မှုဖြစ်လာနိုင်ပါသည်။[၄၁] အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့် မရရှိခြင်းသည် ကျိုးကြောင်းမလျော်ညီသည့် သွယ်ဝိုက်တားမြစ်ချက်တခုကို ဖန်တီးကြောင်း များစွာ ပြောဆိုနိုင်သည်။ လျှောက်လဲသူ၏ လွတ်လပ်စွာ စုဝေးခွင့်ကို ကျင့်သုံးနိုင်စွမ်းကို အဟန့်အတား ဖြစ်စေသည့်အတွက် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့် အာမခံချက်များကို နောက်ထပ်သက်သေပြရာတွင် ဤစီရင်ထုံးသည် အသုံးတည့်နိုင်ပါသည်။

လူတဦးချင်းစီသည် ပြည်သူ့ရေးရာဆွေးနွေးပွဲတွင် ပါဝင်ပူးပေါင်းရန်နှင့် အမြင်သဘောထားများ ဖြစ်ပေါ်စေရန်အတွက် သတင်းအချက်အလက်များနှင့် အယူအဆများကို ဖြန့်ချိခြင်းနှင့် လှည့်လည်ခြင်း၏ အရေးပါပုံကို ယခင်အခန်းများတွင် လေ့လာခဲ့ပါသည်။ *Yildirim* နှင့် အခြားစီရင်ထုံးဥပဒေတွင် အများအားဖြင့် သတင်းအချက်အလက်ကို လူတဦးချင်းစီမှ လက်လှမ်းမီ ရရှိခွင့်အတွက် အရေးပါသည့် ကိရိယာတခုအဖြစ် အင်တာနက်ကို ECtHR ကလည်း အသိအမှတ်ပြုပါသည်။ သို့သော် လွတ်လပ်သည့်ရွေးကောက်ပွဲများရှိ ဆက်သွယ်ရေးနည်းလမ်း၏ အခန်းကဏ္ဍကိုလည်း ရှင်းရှင်းလင်းလင်း မှတ်ချက်ပြုထားပါသည်။ ဤအခွင့်အရေး အားလုံး၏ အပြန်အလှန်ချိတ်ဆက်နေသည့် သဘောသဘာဝအပေါ် ခုံရုံး၏ အလေးထားမှုအရ လွတ်လပ်သည့် ရွေးကောက်ပွဲများအပေါ် အင်တာနက်သည် သက်ရောက်မှုလုံဝမရှိကြောင်း ခုံရုံးအနေဖြင့် တွေ့ရှိနိုင်သည်ကို စိတ်ကူးမှန်းဆရန် ခက်ခဲပါသည်။ သို့ရာတွင် အမှုတခုနှင့် ပြည့်ပြည့်စုံစုံတင်ပြသည့်တိုင်အောင် အင်တာနက်နှင့် လွတ်လပ်သောရွေးကောက်ပွဲများကို ခုံရုံးက မည်သို့ ချိတ်ဆက်သည်ကို အတိအကျ ရှင်းရှင်းလင်းလင်း မပြုလုပ်ထားပေ။ နောက်ထပ်အမြင်သစ်များကို ရရှိရန်အတွက် လွတ်လပ်စွာရွေးကောက်ပိုင်ခွင့်သည် ဆွေးနွေးထားသည့် အခြားအခွင့်အရေးများနှင့် တူညီသည့် နည်းလမ်းနှင့် ကွဲပြားသည့်နည်းလမ်းများကို ဖော်ထုတ်ရန် လိုအပ်ပါသည်။

လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်၊ အသင်းအပင်းဖွဲ့စည်းခွင့်၊ စုဝေးခွင့်နှင့် အလားတူပင် လွတ်လပ်စွာရွေးကောက်ပိုင်ခွင့်သည်လည်း သက်ဝင်လှုပ်ရှားနေသည့် ဒီမိုကရေစီလူ့အဖွဲ့အစည်းအတွက် အခြေခံ ဖြစ်ပါသည်။[၄၂] လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ဆိုင်ရာ ဥပဒေစနစ်နှင့် လိုက်လျောညီထွေဖြစ်သည့်

---

[၃၆] *Adali* (n. 25), para. 261.

[၄၀] ibid., para. 269.

[၄၁] ibid.

[၄၂] *Hirst v. the United Kingdom (no. 2)* ECHR 2005-IX, para. 61; *United Communist Party of Turkey and Others v. Turkey* ECHR 1998-I, para. 45.

အားလျော်စွာ လွတ်လပ်စွာရွေးကောက်ပိုင်ခွင့်သည့် ရွေးကောက်ပွဲဆိုင်ရာ မည်သည့်စနစ်ကိုမျှ မိတ်ဆက်ထည့်သွင်းရန် တာဝန်ကိုမျှ ဖန်တီးခြင်းမရှိကြောင်း ခုံရုံးက သက်သေပြပါသည်။ ထို့အပြင် ဤဝန်းကျင်တွင် လုပ်ပိုင်ခွင့်နယ်ပယ် ကျယ်ကျယ်ပြန့်ပြန့်ရှိကြောင်းကိုလည်း သက်သေပြသည်။[၄၃] ဥပမာအားဖြင့် *Sitaropoulos and Giakoumopoulos* တွင် သဘောတူစာချုပ်အမှတ် (၁) ၏ အပိုဒ် (၃) က ပြဋ္ဌာန်းထားသည့် "လွတ်လပ်သော" ရွေးကောက်ပွဲများကို ခုံရုံးက ရှင်းပြပါသည်။ "လွတ်လပ်သော" ရွေးကောက်ပွဲများကို "သင့်တော်သည့် အချိန်အပိုင်းအခြားတွင် "လျှို့ဝှက်မဲ" ဖြင့် ကျင်းပပြီး "လူများက လွတ်လပ်စွာ ဆန္ဒဖော်ထုတ်နိုင်ကြောင်း သေချာစေသည့် အခြေအနေအောက်" တွင် ကျင်းပရမည်ဖြစ်သည်။ ၎င်းအပိုဒ် (၃) သည် ပြဋ္ဌာန်းချက်ထက် မကျော်လွန်ကြောင်း ခုံရုံးက ရှင်းပြပါသည်။[၄၄] *Manole* တွင် ဗဟုဝါဒ သေချာစေရေးအတွက် အများပြည်သူဆိုင်ရာ ထုတ်လွှင့်ရေးစနစ် (PBS) ဖန်တီးရန် သီးသန့်တာဝန်ကို ခုံရုံးက မချမှတ်ခဲ့ပေ။ သို့ရာတွင် နိုင်ငံက ၎င်း PBS စနစ်ကို ဖန်တီးပါက PBS သည် သဘောတူစာချုပ်၏ အခြေခံမူများနှင့် အခွင့်အရေးများကို ကိုင်စွဲထားရမည် ဖြစ်သည်။[၄၅] တနည်းဆိုရသော် ရပိုင်ခွင့်ကို ဖြည့်ဆည်းရန်အတွက် ဆောင်ရွက်ရမည့် သီးသန့်လုပ်ဆောင်ချက်ကို လိုအပ်ခွင့် ရှိကြောင်းကို ECtHR သည် အနက်မပြန်ဆိုခဲ့ပေ။ သို့ရာတွင် လုပ်ဆောင်ချက်ကို အကောင်အထည်ဖော်ပါက (ဆိုလိုသည်မှာ PBS သို့မဟုတ် ရွေးကောက်ပွဲ စနစ်ကို ချမှတ်ပါက) သဘောတူစာချုပ်၏ အပိုဒ်များနှင့် အခြေခံမူများနှင့် ကိုက်ညီရေး အစိုးရအနေဖြင့် သေချာစေရမည် ဖြစ်သည်။

သို့ရာတွင် လွတ်လပ်စွာရွေးကောက်ပိုင်ခွင့်ကို အခြားအခွင့်အရေးများနှင့် ကိုက်ညီသည့် နည်းလမ်း ၂ ခုဖြင့် အနည်းဆုံး ခွဲခြားနိုင်ပါသည်။ ပထမနည်းလမ်းမှာ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်၊ စုဝေးခွင့်နှင့် အသင်းအပင်းဖွဲ့စည်းခွင့်တို့သည် အခြေခံအားဖြင့် အကာအကွယ်ပေးရမည့် အခွင့်အရေးများ ဖြစ်ကြပြီး အခြေအနေအချို့တွင်သာ အခွင့်အရေးကို အသေအချာ ကျင့်သုံးနိုင်ရေး လုပ်ဆောင်ရမည့် အရေးယူ ဆောင်ရွက်ချက်များကို လိုအပ်ပါသည်။ သို့ရာတွင် လွတ်လပ်စွာရွေးကောက်ပိုင်ခွင့်အပေါ် ခုံရုံး၏ ချဉ်းကပ်နည်းက လုပ်ဆောင်ရမည့် အရေးယူ ဆောင်ရွက်ချက်များ လိုအပ်မည်ဖြစ်ကြောင်းကို တိုက်ရိုက်ဖော်ပြပါသည်။[၄၆] လွတ်လပ်သည့်ရွေးကောက်ပွဲများ သေချာစေရေး လုပ်ဆောင်ရမည့် အရေးယူဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အားလုံးပါဝင်ရေးကို အောက်ပါ အတိုင်း ဖော်ပြလျက် ခုံရုံးက အလေးထား ဖော်ပြပါသည်-

> သဘောတူစာချုပ် အမှတ် (၁) ၏ အပိုဒ် (၃) အောက်ရှိ အခွင့်အရေးများ၏ "ထိရောက်သော" အစိတ်အပိုင်းဖြစ်သည့် ဆန္ဒမဲပေးပိုင်ခွင့်သည် အထူးအခွင့်အရေးမဟုတ်ကြောင်းဟူသည့် အချက်ကိုလည်း

---

[၄၃] *Sitaropoulos and Giakoumopoulos v. Greece* ECHR 2012, para. 65.

[၄၄] ibid.

[၄၅] အခန်း (၄-၃) ကို ကြည့်ပါ။ *Manole and Others v. Moldova* ECHR 2009, paras 100–1.

[၄၆] အခန်း (၄-၅) ကို ကြည့်ပါ။

ခုံရုံးက ထည့်သွင်းစဉ်းစားပါသည်။ ၂၁ ရာစုတွင် ဒီမိုကရေစီနိုင်ငံအနေဖြင့် လက်ခံထားသည့် အချက်မှာ အားလုံးပါဝင်မှုကို အလေးပေးခြင်း ဖြစ်ရပေမည်'။[၄၇]

ထို့အပြင် လွတ်လပ်စွာရွေးကောက်ပိုင်ခွင့်မှ သာမန်လူထု၏ မည်သည့်အုပ်စုများ သို့မဟုတ် အတန်းအစားများကို ဖယ်ထုတ်ခြင်းအား ခုံရုံး၏ လေ့လာဆန်းစစ်ချက်တွင် များစွာ ရှေ့တန်းတင် ထားရှိပါသည်။[၄၈] ထို့ကြောင့် လူတဦးချင်းစီ၏ လွတ်လပ်စွာရွေးကောက်ပိုင်ခွင့်ကို တားမြစ်ခြင်းဖြစ်သည့်အတွက် အင်တာနက် လက်လှမ်းမီသုံးစွဲခွင့်ကို ချဉ်းကပ်ရန် ဖြစ်ပါက အကာအကွယ်ပေးရမည့် အခွင့်အရေးများဆိုသည်ထက် နိုင်ငံမှ လုပ်ဆောင်ရမည့် တာဝန်ကို ခုံရုံးအနေဖြင့် ဦးစားပေး ရှာဖွေသွားရမည် ဖြစ်သည်။ အခြေခံအားဖြင့် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်၊ စုဝေးခွင့်နှင့် အသင်းအပင်းဖွဲ့စည်းခွင့်ကို အကာအကွယ်ပေးခြင်း ဖြစ်သည်။

ဒုတိယနည်းလမ်းမှာ ဆွေးနွေးခဲ့ပြီးဖြစ်သည့်အတိုင်း လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်၊ စုဝေးခွင့်၊ အသင်းအပင်းဖွဲ့စည်းခွင့်နှင့် လွတ်လပ်စွာရွေးကောက်ပိုင်ခွင့်သည် အကြွင်းမဲ့မဟုတ်သည့်အတွက် ဤအခွင့်အရေးများ ကျင့်သုံးပုံကို တားမြစ်ချက်များအား ချိုးဖောက်ခြင်းအဖြစ် အမြဲတစေ မယူဆနိုင်ပေ။ အဆိုပါ အမှုများတွင် တားမြစ်ချက်သည် 'ဥပဒေဖြင့် ပြဋ္ဌာန်းခြင်း'၊ 'ဥပဒေနှင့်ကိုက်ညီသော ဦးတည်ချက်ကို ရရှိစေခြင်း' နှင့် 'ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် လိုအပ်ခြင်း' ဖြစ်ကြောင်း နိုင်ငံက သက်သေပြရမည် ဖြစ်သည်။ လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်၊ အသင်းအပင်းဖွဲ့စည်းခွင့်နှင့် စုဝေးခွင့်အတွက် ဥပဒေနှင့် ကိုက်ညီသော ဦးတည်ချက်များကို သဘောတူစာချုပ်၏ အပိုဒ် (၁၀) နှင့် (၁၁) တို့တွင် အတိအလင်း အသေးစိတ် ဖော်ပြထားပါသည်။ သို့ရာတွင် လွတ်လပ်စွာရွေးကောက်ပိုင်ခွင့်ပါ ဥပဒေနှင့်ကိုက်ညီသော ဦးတည်ချက်များတွင် မည်သည့် အရာများ ပါဝင်သည်ကို သဘောတူစာချုပ်က အတိအကျ အသေးစိတ် မဖော်ပြထားပေ။[၄၉] ဥပမာအားဖြင့် *Sitaropoulos နှင့် Giakoumopoulos* ရှိ ချိုးဖောက်မှုများကို လေ့လာဆန်းစစ်ခြင်းအတွက် ဤပိုင်းခြားချက်၏ ဆီလျော်ကိုက်ညီမှုကို ECtHR က ရှင်းပြပါသည်။ ပါလီမန်ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးရန်အတွက် နိုင်ငံရပ်ခြားတွင် နေထိုင်သူဂရိနိုင်ငံသားများအတွက် လုပ်ထုံးလုပ်နည်းများပါဝင်သည့် ဥပဒေပြဋ္ဌာန်းမှုမရှိခြင်းကို ကိုင်တွယ်ဖြေရှင်းထားသည့် အမှုဖြစ်သည်။ "သွယ်ဝိုက်ညွှန်းဆိုသည့် ဥပဒေနှင့် ကိုက်ညီသောဦးတည်ချက်များ" ယူဆချက်အဖြစ် ဤအချက်ကို ကိုးကားလျက် ခုံရုံးက အောက်ပါအတိုင်း ဖော်ပြထားပါသည်-

> သဘောတူညီချက် အမှတ် (၁) ၏ အပိုဒ် (၃) ရှိ "သွယ်ဝိုက်ညွှန်းဆိုထားသည့် ကန့်သတ်ချက်များ" ယူဆချက်သည် ဤပြဋ္ဌာန်းချက်အရ အာမခံချက်ပေးထားသည့် အခွင့်အရေးများကို တားမြစ်ချက်ခြင်းဖြင့် ရရှိအောင်အားထုတ်သည့် ဦးတည်ချက်များ၏ ဆီလျော်ကိုက်ညီမှုကို သတ်မှတ်ရာတွင် အဓိက အရေးပါသည် (အထက်တွင် ကိုးကားထားသည့် Mathieu-Mohin နှင့် Clerfayt ကို ကြည့်ပါ § 52)။ သဘောတူစာချုပ် အမှတ် (၁) ၏ အပိုဒ် (၃) ကို သဘောတူစာချုပ်၏ အပိုဒ် (၈) မှ (၁၁) တွင်

---

[၄၇] *Sitaropoulos and Giakoumopoulos* (n. 43), para. 67.

[၄၈] ibid.

[၄၉] *Sitaropoulos and Giakoumopoulos* (n. 43), para. 64.

ရေတွက်ထားသည့် ဦးတည်ချက်များကဲ့သို့ “ဥပဒေနှင့် ကိုက်ညီသော ဦးတည်ချက်များ” ၏ အသေးစိတ် စာရင်းဖြင့် ကန့်သတ်မထားသည့်အတွက် တားမြစ်ချက်တရပ်ကို အကျိုးသင့်အကြောင်းသင့် ရှင်းပြရန် အတွက် အဆိုပါစာရင်းတွင် မပါဝင်သည့် ဦးတည်ချက်အပေါ် စာချုပ်အဖွဲ့ဝင်နိုင်ငံများက လွတ်လွတ်လပ်လပ် မှီတည်ကြပါသည်။ သဘောတူစာချုပ်၏ ယေဘုယျရည်ရွယ်ချက်များနှင့် ဥပဒေဖိုးမိုးမှုဆိုင်ရာ အခြေခံမူများနှင့် အဆိုပါဦးတည်ချက်၏ သဟဇာတဖြစ်မှုကို အမှုတခု၏ သီးသန့်အခြေအနေအတွင်း သက်သေထူကြောင်း ပြသပါသည် (အထက်တွင် ကိုးကားထားသည့် Ždanoka ကို ကြည့်ပါ)။ သို့သော်ငြား သဘောတူစာချုပ် အမှတ် (၁)၊ အပိုဒ် (၃) ရှိ လိုအပ်ချက်များသည် ကိုက်ညီမှု ရှိမည်လားကို နောက်ဆုံးအနေဖြင့် ခုံရုံးအတွက် သတ်မှတ်ရန် ဖြစ်ပါသည်။ ဆန္ဒမဲပေးပိုင်ခွင့်နှင့် ရွေးကောက်ပွဲကျင်းပပိုင်ခွင့်တို့အား သတ်မှတ်မည့် အခြေအနေသည် လေ့လာနေသည့် အခွင့်အရေးများအား များစွာ မကန့်သတ်ကြောင်း ၎င်းကိုယ်တိုင် ကျေနပ်လက်ခံစေရမည် ဖြစ်သည်။ ၎င်းအခွင့်အရေးများ၏ အနှစ်သာရကို ထိခိုက်နှောင့်ယှက်မှုနှင့် ၎င်းတို့၏ အကျိုးရှိထိရောက်မှုကို ပိတ်ပင်ရန်အတွက် များစွာ ကန့်သတ်ခြင်း မပြုပေ။ အခွင့်အရေးများသည် ဥပဒေနှင့် ညီညွတ်ရန် လိုအပ်ချက်နှင့် ကိုက်ညီကြောင်း၊ ဥပဒေနှင့် ကိုက်ညီသည့် ဦးတည်ချက်ကို ရောက်ရှိရန်အတွက် ပြဋ္ဌာန်းခြင်းဖြစ်ကြောင်းနှင့် အသုံးပြုမည့် နည်းလမ်းသည် မညီမမျှ မဖြစ်ကြောင်း ကျေနပ်လက်ခံစေရမည် ဖြစ်သည်။[၅၀]

တနည်းဆိုရသော် ပထမဆုံးခြားနားချက်သည် ခုံရုံးအား လုပ်ဆောင်ရမည့် အရေးယူဆောင်ရွက်ချက်များကို ပို၍ ကျယ်ကျယ်ပြန့်ပြန့် အနက်ပြန်ဆိုနိုင်စေသော်ငြား ဒုတိယမြောက် ခြားနားချက်သည် အပိုဒ် (၁၀) သို့မဟုတ် (၁၁) အောက်တွင် အခွင့်အရေးပေးခြင်းထက် နိုင်ငံများမှ များစွာ လေးစား လိုက်နာရန် ပေးအပ်သည်။ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့် ငြင်းပယ်ခြင်းကို လွတ်လပ်စွာထုတ်ဖော်တင်ပြ ပြောဆိုခွင့်၊ အသင်းအပင်းဖွဲ့စည်းခွင့်နှင့် စုဝေးခွင့်တို့ကို ချိုးဖောက်ခြင်းသာမက လွတ်လပ်စွာ ရွေးကောက်ပိုင်ခွင့် ချိုးဖောက်ခြင်းအဖြစ် တင်ပြသည့် နောင်ကာလအမှုအချို့တွင် သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်အယူအဆနှင့် ၎င်း၏ သက်ရောက်မှုများအား အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ဥပဒေစံနှုန်းများကို ချိုးဖောက်ခြင်းအဖြစ် ပိုမို အားကောင်းမောင်းသန် ဆွေးနွေးလာနိုင်ခြေ ရှိပါသည်။ အခြားသော နောင်ကာလ အမှုများတွင် တားမြစ်ချက်ကို သတ်မှတ်နိုင်သော်ငြား တားမြစ်ချက်စမ်းသပ်ချက်၏ ‘ဥပဒေနှင့် ကိုက်ညီသော ဦးတည်ချက်များ’ အပိုင်းကို အသုံးပြုသည့်အခါတွင် နိုင်ငံအတွက် ပို၍ များပြားသည့် လေးစားလိုက်နာခြင်း ရှိရပေမည်။ ဥပဒေရေးဆွဲမှု၏ ဤအစောဆုံးအဆင့်ရှိ အဓိကအချက်မှာ ခုံရုံးအတွက် ချဉ်းကပ်ရန် ဖြစ်နိုင်ခြေများ ရှိခြင်း ဖြစ်သည်။ ခုံရုံးအတွက် အသုံးပြုခြင်း၏ အစိတ်အပိုင်းအဖြစ် မည်သည့် အခွင့်အရေး (များ) ကို ထည့်သွင်းမည်အပေါ် အခြေခံ၍ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကို မတူကွဲပြားစွာ ချဉ်းကပ်ခြင်း ဖြစ်သည်။

---

[၅၀] *Sitaropoulos and Giakoumopoulos* (n. 43), para. 64.

၅-၂။ လူ့အဖွဲ့အစည်းရှိ အင်တာနက်၏ အခန်းကဏ္ဍနှင့် ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံမူ

လူတဦး၏ နေ့စဉ်ဘဝရှင်သန်မှုရှိ အစိတ်အပိုင်းမျိုးစုံအတွက် ဆက်သွယ်ရေးနည်းလမ်းကို တပြိုင်နက်တည်း အသုံးပြုရန် အင်တာနက်က လူတိုင်းကို ခွင့်ပြုထားသည်။[၅၁] ECtHR သည် ၎င်းတို့၏ *Yildirim v. Turkey* လွှဲလာဆန်းစစ်ချက်တွင် ဤအချက်ကို ဖော်ထုတ်ခြင်း မပြုသော်ငြား လျှောက်လဲသူသည် 'သူ၏ ပညာရေးဆိုင်ရာ အလုပ်နှင့် အကြောင်းအရာအမျိုးမျိုးရှိ သူ၏ အမြင်သဘောထားများကို ဖော်ပြရန် အလို့ငှာ' ဝက်ဆိုက်ကို အသုံးပြုခဲ့သည်ကို အသိအမှတ်ပြုခဲ့ပါသည်။[၅၂] ထို့အပြင် သူ၏ ပညာသင်ကြားခွင့်နှင့်အတူ လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်တို့သည် ချိုးဖောက်ခံရကြောင်း လျှောက်လဲသူက တင်ပြခဲ့ပါသည်။[၅၃] ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးတိုးတက်မှုအခြေခံမူသည် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို ပို၍ ကျယ်ကျယ်ပြန့်ပြန့် အနက်ပြန်ဆိုရန် နည်းလမ်းကို ဥရောပခုံရုံးအား ပေးအပ်ပါသည်။ လူတဦးချင်းစီ၏ ထုတ်ဖော်တင်ပြခြင်း သို့မဟုတ် ဆက်သွယ်တင်ပြခြင်းဆိုင်ရာ အစိတ်အပိုင်းများကို စီးပွားရေး၊ လူမှုရေး သို့မဟုတ် ယဉ်ကျေးမှုဆိုင်ရာ လွှဲလာလိုက်စားမှုများနှင့် ပိုမို ချိတ်ဆက်ထည့်သွင်း၍ အနက်ပြန်ဆိုခြင်း ဖြစ်သည်။ သို့ဖြစ်၍ လျှောက်လဲသူသည် ၎င်းတို့၏ ခုခံချေပချက်များ၏ တစိတ်တပိုင်းအဖြစ် အင်တာနက်ကို လူမှုစီးပွားအတွက် ပို၍ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုမှုများအဖြစ် လျှောက်လဲနိုင်ပါသည်။ ယခင်ရှိနှင့်ပြီး ဆက်သွယ်ရေးစနစ်များနှင့် ကွာခြားသည့် အင်တာနက်၏ ဝိသေသများကို ခုံရုံးက ပို၍ အပြည့်အဝ လက်ခံလာစေရန် တွန်းအားပေးသည့် ခုခံဆွေးနွေးချက်များကို အဆိုပါ လျှောက်လဲချက်က အားဖြည့်ထောက်ခံပေလိမ့်မည်။

သို့ရာတွင် ဤသို့ဖြစ်နိုင်ခြေရှိပါက အပြည်ပြည်ဆိုင်ရာနှင့် ဒေသအဆင့် အထူးအစီရင်ခံစာ တင်သွင်းသူများက ဆီလျော်ကိုက်ညီအောင်ပြုလုပ်ထားသည့် ဆက်နွယ်ချက်များရှိသော်ငြား လူ့အခွင့်အရေး ဥပဒေမူဘောင် အနက်ပြန်ဆိုချက်များအနေဖြင့် ဆင့်ကဲတိုးတက်လာခြင်းကိုမူ မတွေ့ရှိရပေ။ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ဆိုင်ရာ ဥပဒေအခွင့်အရေးကို မည်သို့ အနက်ဖွင့်ဆိုရန် လိုအပ်သည်နှင့် အွန်လိုင်းတွင် အခွင့်အရေးများကျင့်သုံးခြင်းအတွက် မည်သည့် စံသတ်မှတ်ချက်ရှိသည်တို့ကို ပို၍ ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်မှုရှိသည့်တိုင်အောင် မတွေ့ရှိရခြင်း ဖြစ်သည်။

ဤဆွေးနွေးချက်ကို အဆင့်မြှင့်တင်ရန်အလို့ငှာ ဤအပိုင်းသည် လွှဲလာဆန်းစစ်ချက်ကို နယ်ပယ် ၂ ရပ်အတွက် အလေးထားဆောင်ရွက်သည်။ (၁) လူတဦးချင်းစီသည် ၎င်းတို့၏ ဘဝရှင်သန်မှု တိုးမြှင့်စေရန် ဆက်သွယ်ရေးနည်းလမ်းကို အသုံးပြုလျက်ရှိသည့် နည်းလမ်းများနှင့် ဆက်သွယ်ခြင်း၊ (၂) အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်သည် ၎င်းရပိုင်ခွင့်ကို အဆင်ပြေချောမွေ့စေရေးအတွက် အစိုးရတွင် စည်းနှောင်ထားသည့်

---

[၅၁] အခန်း (၁) ကို ကြည့်ပါ။

[၅၂] *Yildirim v. Turkey* App no 3111/10 (ECtHR, 18 December 2012), para. 46.

[၅၃] ibid., para. 71.

တာဝန်ရှိနိုင်ခြေအား ကန့်သတ်ကြောင်း အခိုင်အမာဆိုရာတွင် ရှိရင်းစွဲ အနက်ဖွင့်ဆိုချက်ဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းခြင်းတို့ ဖြစ်သည်။ ဤလေ့လာချက်မှတဆင့် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့များက ဆောင်ရွက်နေသည့် တည်ဆဲချဉ်းကပ်နည်းများအတွင်း သတင်းအချက်အလက်နည်းပညာ အားလုံးသုံးစွဲခွင့် ရရှိရေး အာမခံချက်များ အားကောင်းခိုင်မာရေးအတွက် စတင်မှတ်များကို ဖော်ထုတ်ရန်အလို့ငှာ အရေးပါသော ရှေ့လုပ်ငန်းစဉ်ကို ဆောင်ရွက်ပါသည်။ သို့ဖြစ်၍ ခုံရုံးမှ အသုံးပြုသည့် တည်ဆဲဥပဒေစနစ်နှင့် အခြေခံမူများသည် ခေတ်သစ်လူ့အဖွဲ့အစည်းတွင် ၎င်း၏ သဟဇာတဖြစ်မှုကို ထိန်းသိမ်းရန် လူ့အခွင့်အရေးဥပဒေက မည်သို့ တဖြည်းဖြည်းတိုးတက်လာသည်ကို ထောက်ပံ့ပေးသည့် နည်းလမ်းများ ရှိကြသည်။

ပညာသင်ကြားခွင့်၊ ကျန်းမာရေးစောင့်ရှောက်မှု ရရှိခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့်အတွက် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်၏ အရေးပါပုံကို ပူးတွဲကြေညာစာတမ်းက အသိအမှတ်ပြုခဲ့ပါသည်။ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကို ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးကို ဖြည့်ဆည်းပေးသည့် အစိတ်အပိုင်းအဖြစ်လည်း ဆွေးနွေးကြသည်။ ထို့ကြောင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးကို ဤအပိုင်းတွင်လည်း ထည့်သွင်းစဉ်းစားပါသည်။[၁၄] ဤစာအုပ်အနှံ့တွင် လေ့လာထားသည့် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ ၃ ခုတွင် ပညာသင်ကြားခွင့်[၁၁]၊ ကျန်းမာရေးစောင့်ရှောက်မှု ရရှိခွင့်[၁၆]နှင့် အလုပ်လုပ်ကိုင်ခွင့်[၁၇]တို့ ထည့်သွင်းထားသည်။ ကုလသမဂ္ဂ အဖွဲ့အစည်း နှင့် အမေရိကနိုင်ငံများ၏ လူ့အခွင့်အရေးဆိုင်ရာခုံရုံး (IACtHR) တို့က ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးကို ရှင်းရှင်းလင်းလင်း အသိအမှတ်ပြုထားပါသည်။[၁၈] လူနည်းစုများဆိုင်ရာ ဥရောပ မူဘောင်သဘောတူညီချက် (European Framework Convention on National Minorities) နှင့် ဒေသနှင့် လူနည်းစုဘာသာစကားများအတွက် ဥရောပပဋိညာဉ်စာတမ်း (European Charter for Regional and Minority Languages) တွင် ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများကို ဥရောပစနစ်က တရားဝင် အသိအမှတ်ပြုထားသည်မှာ မှန်ကန်သော်ငြား ယခင်အခန်းများတွင် ဖော်ပြထားသကဲ့သို့ ECtHR သည် ယဉ်ကျေးမှုကို ECtHR ၏ ပြဋ္ဌာန်းချက်

---

၁၄ Joint Declaration (n. 2), para. 6a.

၁၁ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (အထွေထွေ ညီလာခံဆုံးဖြတ်ချက် 2200 (XXI) အရ ၁၉၆၆ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ပြဋ္ဌာန်းသည်) (ICESCR) အပိုဒ် ၁၃၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများနယ်ပယ်နှင့် စပ်လျဉ်း၍ လူ့အခွင့်အရေးဆိုင်ရာ အမေရိကနိုင်ငံများ၏ သဘောတူစာချုပ်၏ နောက်ထပ် နောက်ဆက်တွဲစာချုပ် (San Salvador နောက်ဆက်တွဲစာချုပ်) (၁၉၉၉ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့တွင် အာဏာသက်ရောက်သည်) OAS သဘောတူစာချုပ်စီးရီးအမှတ် 69 (1988) အမေရိကနိုင်ငံများစနစ်ရှိ လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အခြေခံစာအုပ်စာတမ်းများတွင် ထပ်မံပုံနှိပ်ခဲ့သည်။ OEA/Ser L V/II.82 Doc 6 Rev 1 at 67 (1992) (ACHR) အပိုဒ် ၁၃၊ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ် (ဥရောပ လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်အဖြစ် ပြင်ဆင်သည်)။ (ECHR) 213 UNTS 221, နောက်ဆက်တွဲစာချုပ် ၁၊ အပိုဒ် ၂၊ ဥရောပကောင်စီ၊ 'ဥရောပလူမှုရေးပဋိညာဉ်စာတမ်း' (၁၉၆၁ ခုနှစ် အောက်တိုဘာလ ၁၈ ရက်) (ESC) အပိုဒ် ၁၇ နှင့် ၁၉။

၁၆ ICESCR အပိုဒ် ၁၂၊ ACHR အပိုဒ် ၁၀၊ ESC အပိုဒ် ၁၁

၁၇ ICESCR အပိုဒ် ၆-၇၊ ACHR အပိုဒ် ၆-၇၊ ESC အပိုဒ် ၄၊ ၇၊ ၈

၁၈ ICESCR အပိုဒ် ၁၅၊ ACHR အပိုဒ် ၂၂ နှင့် အပိုဒ် ၁၄

များတွင် အသိအမှတ်ပြုထားပါသည်။[၅၉] ဤအခြားသဘောတူစာချုပ်နှစ်ရပ်ကို လေ့လာဆန်းစစ်ချက်သည် ဤစာအုပ်၏ နယ်ပယ်ထက်ကျော်လွန်နေသော်ငြား အနာဂတ်ကာလ သုတေသနအတွက် အသုံးတည့်နိုင်ပါသည်။ အထူးသဖြင့် ဤသဘောတူစာချုပ်များတွင် အဖွဲ့ဝင်ဖြစ်သည့် နိုင်ငံများကို လေ့လာဆန်းစစ်ရာတွင် ဖြစ်သည်။[၆၀] ဆိုလိုသည်မှာ လူမှုရေးပဋိညာဉ်စာတမ်းဆိုင်ရာ ဥရောပ ကော်မတီ (European Committee on the Social Charter) သည်လည်း လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများကို အကာအကွယ်ပေးပါသည်။[၆၁] အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်နှင့် ဝန်ဆောင်မှု ဖြန့်ချိရာတွင် တိုးတက်မှုတို့အကြားနှင့် ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်ကို လက်လှမ်းမီ ရရှိခွင့်နှင့် ပညာသင်ကြားခွင့်တို့အကြား ဆက်နွယ်ချက် တည်ရှိကြောင်း ပညာရပ်စာပေက အသိအမှတ်ပြုထားသည်။[၆၂] သို့သော်ငြား သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကို ကျဉ်းမြောင်းစေရေး နိုင်ငံ၏ တာဝန်ရှိမှုများကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စံနှုန်းများက မည်သို့ ပိုမိုတိုးမြှင့် နားလည်သဘောပေါက်စေခြင်းနှင့် သက်ဆိုင်သည့် လေ့လာဆန်းစစ်ချက် အနည်းငယ်သာ ရှိပါသည်။ ၎င်းအပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စံနှုန်းများတွင် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်နှင့် သတင်းအချက်အလက် လက်လှမ်းမီ ရရှိခွင့်သာမက စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများကို ဖြည့်ဆည်းပေးခြင်းဆိုင်ရာ စံနှုန်းများပါ ပါဝင်သည်။[၆၃]

---

၅၉ လူနည်းစုများဆိုင်ရာ ဥရောပ မူဘောင် သဘောတူညီချက်ကို ၁၉၉၄ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ဥရောပကောင်စီ ဝန်ကြီးများကော်မတီက ပြဋ္ဌာန်းခဲ့သည်။ ဒေသဆိုင်ရာ သို့မဟုတ် လူနည်းစု ဘာသာစကားဆိုင်ရာ ဥရောပ ပဋိညာဉ်စာတမ်း (European Charter for Regional or Minority Languages - ECRML) ကို ပါဝင်လက်မှတ်ရေးထိုးနိုင်ရန်အတွက် ၁၉၉၂ ခုနှစ် နိုဝင်ဘာလတွင် ဖိတ်ခေါ်ခဲ့သည်။

၆၀ ယေဘုယျအားဖြင့် Tarlach McGonagle, 'Representation of Minorities: Rights of Access' (February 7, 2012) in *Media and Human Rights*, London, (Clemens Nathan Research Centre 2009) 106–126; Amsterdam Law School Research Paper No. 2012–18; Institute for Information Law Research Paper No. 2012–14. Available at SSRN: https://ssrn.com/abstract=2000616. ကို ကြည့်ပါ။

၆၁ ဥရောပကောင်စီ၏ 'လူနည်းစုများဆိုင်ရာ ဥရောပ မူဘောင် သဘောတူညီချက်' (၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်)၊ ဥရောပကောင်စီ၏ 'ဒေသဆိုင်ရာ သို့မဟုတ် လူနည်းစု ဘာသာစကားဆိုင်ရာ ဥရောပ ပဋိညာဉ်စာတမ်း' (၁၉၉၂ ခုနှစ် နိုဝင်ဘာလ ၅ ရက်)

၆၂ Vishnu Vinekar, Winston Tellis, and Elizabeth Langran, 'Using ICT and Service Learning in Rural Senegal' (2011) 12 *Issues in Information Systems* 464–72; Urmimala Sarkar and others, 'Social Disparities in Internet Patient Portal Use in Diabetes: Evidence that the Digital Divide Extends Beyond Access' (2011) 18 *Journal of the American Medical Informatics Association* 318; Susan P. Crawford, 'The New Digital Divide' *The New York Times* (3 December 2011).

၆၃ WSIS 'သတင်းအချက်အလက်အသိုက်အဝန်းနှင့် လူ့အခွင့်အရေးဆိုင်ရာ နောက်ခံအကြောင်းရင်းမှတ်စု' (၂၀၀၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်) UN Doc WSIS/PC-3/CONTR/178-E, p 2. '[လူ့]အခွင့်အရေးအခြေပြုချဉ်းကပ်နည်းသည် ICTs [သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ] ကို သတင်းအချက်အလက်များဖလှယ်ရေးနှင့် ဖြန့်ချိရေးဆိုင်ရာ နည်းလမ်းတရပ်အဖြစ်သာမက လူ့အခွင့်အရေးကို ရရှိခံစားစေရေးမြှင့်တင်ပေးသည့် ကိရိယာတခုအဖြစ်လည်း ရှုမြင်သည်။ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်၊ ပညာသင်ကြားခွင့်၊ ကျန်းမာရေးစောင့်ရှောက်မှု ရရှိခွင့်၊ စားနပ်ရိက္ခာရပိုင်ခွင့်နှင့်

ကုလသမဂ္ဂနှင့် ဒေသဆိုင်ရာကျွမ်းကျင်သူများထံမှ လက်ရှိ ဆွေးနွေးချက်များသာမက အကန့်အသတ်သာရှိသည့် ပညာရပ်ဆိုင်ရာ ရှင်းလင်းချက်မှတ်စုက အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ဆိုင်ရာ ဥပဒေအခွင့်အရေးတွင် မည်သည့်အရာ ထည့်သွင်းသင့်ကြောင်း အနက်ဖွင့်ဆိုချက်များ အများအပြားရှိနေကြောင်း စိန်ခေါ်ချက်ကို ဖော်ပြပါသည်။ အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်ဆိုင်ရာ နမူနာ ၃ ခုကို ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးနှင့် ချိတ်ဆက်ထားပါသည်။ သိပ္ပံပညာဖွံ့ဖြိုးတိုးတက်မှုနှင့် ၎င်းကို အသုံးပြုခြင်း၏ အကျိုးကျေးဇူးများ ရရှိခံစားခွင့်နှင့် ပညာသင်ကြားခွင့်တို့ ပါဝင်သည်။

သိပ္ပံပညာဖွံ့ဖြိုးတိုးတက်မှုနှင့် ၎င်းကို အသုံးပြုခြင်း၏ အကျိုးကျေးဇူးများရရှိခံစားခွင့်ဆိုင်ရာ ၂၀၁၂ ခုနှစ် အစီရင်ခံစာတွင် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများနယ်ပယ်ရှိ ကုလသမဂ္ဂ အထူးအစီရင်ခံစာ တင်သွင်းသူ Farida Shaheed က လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် အာမခံချက်များကို စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (International Covenant on Economic, Social and Cultural Rights - ICESCR) ၏ အပိုဒ် (၁၅) ပါ အာမခံချက်များနှင့် ချိတ်ဆက်ထားပါသည်။[၆၄] အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်ကို အပိုဒ် (၁၅) နှင့် ချိတ်ဆက်ကာ ၂၀၁၁ ခုနှစ် အထူးအစီရင်ခံစာတင်သွင်းသူ၏ အစီရင်ခံစာကို ကိုးကားလျက် သူမက ဆွေးနွေးထားသည်မှာ -

> အင်တာနက်နှင့် သတင်းအချက်အလက်ဆက်သွယ်ရေးနည်းပညာများကို လက်လှမ်းမီ သုံးစွဲခွင့်သည် ပိုတိုး၍ အကောင်အထည်ဖော်ရမည့် အရေးပါသည့် နယ်ပယ်ဖြစ်ပါသည်။ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ ကော်မတီ (Committee on Economic, Social and Cultural Rights) က အစိုးရများသည် အင်တာနက်အပါအဝင် သတင်းအချက်အလက်လွတ်လပ်ခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်များကို လေးစားပြီး အကာအကွယ်ပေးရမည်။ သဘောတူစာချုပ်၏ အပိုဒ် (၁၅) ကို အသေအချာအကောင်အထည်ဖော်ရေးအတွက် ဖြစ်သည် (E/C.12/Add.107, စာပိုဒ် ၆၃, and E/C.12/LYB/CO/2, စာပိုဒ် ၃၉)။ သိပ္ပံပညာနှင့် ယဉ်ကျေးမှုဆိုင်ရာ အချက်အလက်များ စီးဆင်းမှုနှင့် ဖလှယ်ရေးအတွက် အရေးပါသည့် ဆက်သွယ်ရေးနည်းလမ်းအဖြစ် အင်တာနက် ပေါ်ထွက်လာခြင်းနှင့်အတူ ၎င်းတို့ကို လွတ်လပ်စွာ ရရှိခွင့်နှင့် ၎င်း၏ ပွင့်လင်းသော သဘောသဘာဝနှင့် တည်ဆောက်ပုံတို့ကို ထိန်းသိမ်းခြင်းသည် လူများအတွက် သိပ္ပံပညာနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးကို ထိန်းသိမ်းခြင်း အလို့ငှာ အရေးပါသည်။[၆၅]

အခြားအခွင့်အရေးများဖြစ်သော သတင်းအချက်အလက်နှင့် ဝန်ဆောင်မှုများကို လူတိုင်း လက်လှမ်းမီ ရရှိခွင့်တို့ကဲ့သို့သော အခွင့်အရေးများကို ပိုမိုတိုးမြင့် ခံစားရစေပါသည်’။

[၆၄] ICESCR (n. 55) အပိုဒ် ၁၅.

[၆၅] UNHRC, ‘Report of the Special Rapporteur in the Field of Cultural Rights, Farida Shaheed: The Right to Enjoy the Benefits of Scientific Progress and its Applications’ (14 May 2012) UN Doc A/HRC/20/26, para. 36.

ဒုတိယအနေဖြင့် ဥရောပကောင်စီ၏ ပါလီမန်အစည်းအဝေး (Council of Europe's Parliamentary Assemly - PACE) နှင့် ဥရောပပါလီမန်နှစ်ခုစလုံးသည် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်တွင် ပညာရေးလက်လှမ်းမီ ရရှိခွင့် ပါဝင်ကြောင်းကို ဖော်ပြထားပါသည်။ ဥပမာအားဖြင့် PACE အထူးအစီရင်ခံစာတင်သွင်းသူ Jaana Pelkonen သည် အင်တာနက်လက်လှမ်းမီသုံးစွဲခွင့်အကြောင်း အစီရင်ခံတင်ပြလျက် ဆွေးနွေးပါသည်။ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်သည် 'လူများအတွက် ပညာရေးဆိုင်ရာစာအုပ်စာတမ်းများကို လက်လှမ်းမီရရှိခွင့်၊ ယဉ်ကျေးမှုကဏ္ဍတွင် ပါဝင်ခွင့်နှင့် အုပ်စုများဖွဲ့စည်းခွင့်ဆိုင်ရာ ဖြစ်နိုင်ခြေအသစ်များကို တစုံလုံး လမ်းဖွင့်ပေး' ကြောင်း ဆွေးနွေးပါသည်။[၆၆] PACE သို့ တင်ပြသည့် သူမ၏ အစီရင်ခံစာတွင် အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်ကို မှီငြမ်းကိုးကားနိုင်သည့် အခြေအနေအမျိုးမျိုးကို သူမက အကြံပြုထားပါသည်။

> ဥပမာအားဖြင့် ပညာသင်ကြားခွင့် (ဥပမာ ပညာသင်ကြားရေးဆိုင်ရာ စာအုပ်စာတမ်းများအသုံးပြုခြင်း) သို့မဟုတ် တရားမျှတသည့် တရားခွင် (ဥပမာ အွန်လိုင်းအငြင်းပွားမှုဖြေရှင်းချက်များ သို့မဟုတ် နည်းပညာမြင့် တရားခွင်များ)။ ပြည်တွင်းတရားရုံးအများအပြားသည် ၎င်းတို့၏ အမှုစီမံခန့်ခွဲရာတွင် အင်တာနက်ရရှိမှုအပေါ် ပိုတိုး၍ မှီတည်နေကြပြီး နိုင်ငံရေးပါတီများနှင့် ၎င်းတို့၏ ကိုယ်စားလှယ်များ ထံမှလည်း အင်တာနက် အသုံးပြုနိုင်စွမ်းများကိုလည်း မျှော်မှန်းထားကြသည် (ဥပမာ ဖင်လန်နိုင်ငံ ဥပဒေ အထောက်အကူပြု ပစ္စည်းများ၊ အီလက်ထရွန်းနစ်စနစ် နစ်နာကြေးများအတွက် အောက်တရားရုံး ကုန်ကျစရိတ်များစသည်တို့ ဖြစ်သည်)။ မျှတမှုရှိသော တရားရေးလုပ်ငန်းစဉ်နှင့် တရားစွဲဆိုခြင်း လုပ်ငန်းစဉ်တွင် ပါဝင်နေသည့် အဖွဲ့များအကြား ဘက်မျှခြင်းဆိုင်ရာ မေးခွန်းများ ထွက်ပေါ်လာပါသည်။ အငြင်းပွားမှုဖြေရှင်းချက်တွင် နည်းပညာကို အသုံးပြုဆောင်ရွက်ခြင်းသည် အင်တာနက်မှ ထွက်ပေါ်လာသည့် ဥပဒေဆိုင်ရာကိစ္စရပ်များအနက် တခုဖြစ်ပြီး အဆိုပါကိစ္စရပ်အပေါ် သုတေသနများသည် ထပ်မံ လိုအပ်ပါသည်။[၆၇]

လက်လှမ်းမီ ရရှိသုံးစွဲခြင်းဆိုင်ရာ ဖြစ်နိုင်ခြေရှိသော အနက်အဓိပ္ပာယ်အများအပြားကို ဖော်ထုတ်ရန် အတွက် အလားအလာရှိသော ပြီးပြည့်စုံသည့် အသုံးချမှုများကို သရုပ်ဖော်ပြရန် Pelkonen ၏ နမူနာများက အားထုတ်ကြသည်။ အကန့်အသတ်ဖြင့်သာ လက်လှမ်းမီ ရရှိသုံးစွဲခြင်း သို့မဟုတ် ရံဖန်ရံခါ လက်လှမ်းမီရရှိသုံးစွဲခြင်းသည် လုံလောက်နိုင်ကြောင်း ၎င်းနမူနာအချို့က ညွှန်ပြကြောင်း ထင်မြင်ရသည်။ အခန်း (၃) တွင် လေ့လာထားသည့်အတိုင်း လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို ကျင့်သုံးရန်အတွက် အင်တာနက် သုံးစွဲခွင့်အပေါ် အစိုးရ၏ တားမြစ်ချက်ကို နားလည်သဘောပေါက်ရန်အတွက် ဤအချက်က မှန်ကန်ပါသည်။ ဥပမာအားဖြင့် *Kalda v Estonia* နှင့် *Jankovic v. Lithuania* တို့သည် အကျဉ်းသားများအား ဥပဒေစာအုပ် စာတမ်းများသုံးစွဲခွင့်နှင့် ပညာသင်ကြားခွင့်ရရှိစေရန် အင်တာနက်၏ ထူးခြားစွမ်းဆောင်ရည်အကြောင်း ဖြစ်ပါသည်။ ဤအမှုများကို လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် အမြင့်ရှုထောင့်မှနေ၍ ခုံရုံးက ချဉ်းကပ်ခြင်း ဖြစ်သည့်

---

[၆၆] Council of Europe, *Report by Rapporteur Ms Jaana Pelkonen: The Right to Internet Access* (04 March 2014) Parliamentary Assembly Doc 13434.

[၆၇] ibid. 13.

အတွက် အမှု၏ အခြေအနေများသည် Pelkonen ၏ ဆွေးနွေးချက်ကို ထောက်ခံပါသည်။ တဦးချင်းစီ၏ ပညာသင်ကြားခွင့်နှင့် ဥပဒေဆိုင်ရာစာအုပ်စာတမ်းများကို လက်လှမ်းမီ သုံးစွဲခွင့်သည် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကို ကိုးကားနိုင်သည့် အခြေအနေများဖြစ်ကြောင်း ဆွေးနွေးချက် ဖြစ်သည်။ သို့ရာတွင် အမှုနှစ်ခုစလုံးတွင် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကို အဆင်ပြေချောမွေ့စေရေး တိုင်းပြည်တွင် လုပ်ဆောင်ရမည့် တာဝန်ရှိကြောင်းကို ခုံရုံးက မပြောဆိုခဲ့ပါ။ သို့သော် အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်ကို ဟန့်တားသည့် အခြေအနေအချို့တွင် ဥရောပ လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်ကို ချိုးဖောက်ကြောင်း ခုံရုံးက ၎င်း၏ သဘောဆန္ဒကိုသာ ဖော်ထုတ်ခဲ့ပါသည်။ ပြည့်စုံလုံလောက်စွာ ဖြေရှင်းခြင်းမပြုထားသည့် အခက်အခဲမှာ မည်သည့်လက်လှမ်းမီရရှိမှုအမျိုးအစားများကို ဖော်ပြနိုင်သည်ကို ပိုင်းခြားရန် လိုအပ်ချက် ဖြစ်သည်။ အင်တာနက်လက်လှမ်းမီ ရရှိရေး ‘ဥပဒေအရ’ အခွင့်အရေးမှနေ၍ ပေးအပ်ထားသည့် အခွင့်အရေးကို ကျင့်သုံးရန် များစွာ အကူအပံ့ ဖြစ်စေရန် လိုအပ်ချက် ဖြစ်ပါသည်။ လူ့အခွင့်အရေးအများအပြားကို ရရှိခံစားနိုင်ရေးအတွက် မကြုံစဖူးသော အခွင့်အလမ်းအများအပြားကို ပေးအပ်သည့် အင်တာနက်၏ သိသာထင်ရှားသော အင်္ဂါရုပ်များကို လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့များမှ အသိအမှတ်ပြုရေး ရရှိရန် အလေးထားပါသည်။ ဒုတိယ အနေဖြင့် လက်ခံထားသည့် တာဝန်ရှိမှုများ၏ လက်ရှိ အလွန်ပင် အကန့်အသတ်ရှိသော နယ်ပယ်အရ အခြေခံရပိုင်ခွင့်များအာမခံချက်များနှင့် ဥပဒေလုပ်ထုံးလုပ်နည်းအရ အာမခံချက်များသည် တည်ရှိကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့များက ပြောဆိုသည်ကို ပို၍ နားလည်သဘောပေါက်စေပါသည်။

လက်တလောတွင် ဤတောင်းဆိုချက်များပြုလုပ်ရန်အတွက် မည်သည့် စီရင်ထုံးဥပဒေ သို့မဟုတ် ခိုင်လုံသော အစီရင်ခံစာများကို ကိုးကားထားခြင်း မရှိသည့်အတွက် ဤနမူနာများကို ဥပဒေမူဘောင်အတွင်း အနက်ပြန်ဆိုရန် ခက်ခဲပါသည်။ ဤအဆိုများတွင် ဥပဒေအရ စည်းနှောင်သည့် အနေအထား မရှိသော်ငြား ပို၍ ယုံကြည်လက်ခံရဖွယ် ရှိသည်။ ဖြစ်နိုင်ခြေရှိသော လိုအပ်ချက်များဆိုင်ရာ နမူနာများသည် လက်ရှိ စီရင်ထုံးဥပဒေတွင် ထည့်သွင်းထားသည့် လိုက်နာကိုးကားရမည့် စီရင်ထုံးများနှင့် ချိတ်ဆက်နေသည့်အခါတွင် ဖြစ်သည်။ ထို့ကြောင့် တည်ဆဲဥပဒေစနစ်သည် အခြားအခွင့်အရေးများအတွင်း အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကို သက်သေပြရန်အတွက် အခြေခံအဖြစ် စိမံပေးပါသည်။

၂၀၀၉ ခုနှစ် မတ်လ ၂၆ ရက်နေ့တွင် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်သည် ပညာသင်ကြားခွင့်၏ အစိတ်အပိုင်းဖြစ်ခြင်းကြောင့် ၎င်းအင်တာနက် သုံးစွဲခွင့်ကို မတားမြစ်သင့်ကြောင်း ဥရောပပါလီမန်က ဖော်ပြခဲ့ပါသည်-

> အင်တာနက်သုံးစွဲတက်မြောက်မှု မရှိခြင်းသည် ၂၁ ရာစု၏ စာမတက်မြောက်မှုပုံစံအသစ် ဖြစ်နိုင်ပေသည်။ ထို့ကြောင့် နိုင်ငံသားတိုင်း အင်တာနက်လက်လှမ်းမီ သုံးစွဲမှု ရရှိရေး သေချာစေခြင်းသည် နိုင်ငံသားတိုင်း ကျောင်းတက်ခွင့် ရရှိရေး သေချာစေခြင်းနှင့် တူညီပါသည်။ ထို့အပြင် အဆိုပါ သုံးစွဲခွင့်ကို အစိုးရများကသော်လည်းကောင်း၊ ပုဂ္ဂလိကကုမ္ပဏီများကသော်လည်းကောင်း ဒဏ်ခတ်သည့်အနေဖြင့် ပိတ်ပင်ခြင်း မပြုရပေ။ တရားမဝင်လုပ်ဆောင်ချက်များအရ အဆိုပါ သုံးစွဲခွင့်ကို အလွဲသုံးစားမပြုရပေ။ လူတိုင်းအတွက် အဆီးအတားမရှိ ညီမျှသည့် အင်တာနက်၊ သတင်းအချက် ဖလှယ်ရေးဆိုင်ရာ ဆက်သွယ်ရေးစနစ်များ၏ စွမ်းဆောင်ရည် (interoperability)၊ အင်တာနက်ဆက်သွယ်ရေး ကိရိယာ

များကို ကမ္ဘာအနှံ့ ရောက်ရှိရေးနှင့် လူတိုင်းအသုံးပြုနိုင်သည့် ပုံစံများနှင့် စံနှုန်းများကဲ့သို့ ဆန်းသစ်ကိစ္စရပ်များနှင့် ချိတ်ဆက်ရန် အရေးကြီးပါသည်။[၆၈]

အထက်ပါ Pelkonen ၏ ဆွေးနွေးချက်နှင့် မတူသည်မှာ ဤအခိုင်အမာပြောဆိုချက်များသည် အလွန်ပင်ကျယ်ပြန့်သည့်အတွက် ဤသို့ အနက်ပြန်ဆိုခြင်း၏ ရလဒ်ကြောင့် နိုင်ငံများက တာဝန်ယူရမည့် တာဝန်ရှိမှုများကို ဖော်ထုတ်ရန် ခက်ခဲပါသည်။ ဤဆွေးနွေးချက်များကို မည်သည့်နည်းနှင့်မျှ လုံးဝ အလေးမထားခြင်း ဖြစ်လာသည်။ သို့ရာတွင် ပညာသင်ကြားခွင့်နှင့် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်တို့သည် တခုနှင့် တခု မည်သို့ အထောက်အပံ့ဖြစ်နေသည်ကို ချိတ်ဆက်ထားသည့် သုတေသန ပိုမို လိုအပ်သည်။ အထက်တွင်ပါရှိသည့် ဥရောပပါလီမန်၏ ခိုင်မာသည့်အဆိုများနှင့် ဆင်တူသည့် အာမခံချက်အမျိုးအစားကို လက်ခံမည့် နည်းလမ်းအတိုင်း ဖြစ်ပါသည်။

အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကို စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများနှင့် ချိတ်ဆက်၍ အနက်ဖွင့်ဆိုမှုဆိုင်ရာ ရှင်းရှင်းလင်းလင်းဖြစ်မှုကို ပညာရပ်ဆိုင်ရာဆွေးနွေးချက်အချို့ကလည်း ဖော်ထုတ်ခဲ့ပါသည်။ ထို့အပြင် အနည်းဆုံးသော အဓိကကျသည့် တာဝန်ရှိမှုသည် ပြဿနာအချို့ကို ပိုမို ကောင်းမွန်နိုင်မည်လားကိုလည်း ဖော်ထုတ်ခဲ့ပါသည်။[၆၉] စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများနှင့် စပ်လျဉ်းသည့် ဥပဒေစနစ်ကို အသုံးပြုထားသည့် အနိမ့်ဆုံးချဉ်းကပ်နည်း သို့မဟုတ် အဓိကကျသည့် တာဝန်ရှိမှုများရှိသင့်ကြောင်း Peter Yu က ပို၍ ယေဘုယျကျကျ ဆွေးနွေးပါသည်။[၇၀] သို့ရာတွင် လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများကို ဖြည့်ဆည်းပေးရန် နိုင်ငံ၏တာဝန်ရှိမှုများကို အသုံးပြုခြင်းသည် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများနှင့် ဆက်စပ်သည့် အကျပ်ရိုက်မှုများကို ဦးတည်နိုင်စေလိမ့်မည် ဖြစ်ကြောင်း Land က သတိပေးပါသည်။[၇၁]

ဤဆက်နွယ်ချက်အတွက် အကြောင်းရင်း ၃ ရပ်ကို Land က ဆွေးနွေးထားသည်။ ပထမဆုံး အကြောင်းရင်းမှာ ICESCR ၏ သီးသန့်လိုအပ်ချက်များကို တုံ့ပြန်ရန်ရေးဆွဲခဲ့သည့် ဥပဒေစနစ်ကို ICCPR ၏ ပြဋ္ဌာန်းချက်များအား လေ့လာဆန်းစစ်ရန် မည်သို့ အသုံးပြုမည့်အကြောင်း ရှင်းရှင်းလင်းလင်း မရှိခြင်း ဖြစ်သည်။ ဒုတိယအကြောင်းရင်းအနေဖြင့် အဓိကကျသည့် ဆောင်ရွက်ရမည့် တာဝန်အား နိုင်ငံအများစုသည် အနိမ့်ဆုံးအနေဖြင့် ရရှိရန် ကြိုးစားမည့် အန္တရာယ် ကြုံတွေ့လာနိုင်သည်။ နောက်ဆုံးတွင် အင်တာနက်ဆက်သွယ်ရေးအခြေခံအဆင့်ကို တည်ဆောက်ထားပြီးဖြစ်သော်ငြား သမရိုးကျမဟုတ်သော အမှုများရှိ ဝန်ဆောင်မှုပိုင်းကွာခြားချက်များက မညီမမျှ ဖြစ်ခြင်း ဖြစ်ပေါ်စေနိုင်သည်။[၇၂] Land ၏ ပထမဆုံးထောက်ပြသည့်အချက်သည်

---

[၆၈] Lucchi (n. 11) 167–8.

[၆၉] Peter K. Yu 'Reconceptualizing Intellectual Property Interests in a Human Rights Framework' (2007) 40 *UC Davis Law Review* 1107–8; Molly K. Land, 'Toward an International Law of the Internet' (2013) 54 *Harvard International Law Journal* 425.

[၇၀] ibid. Yu.

[၇၁] Land (n. 69) 425.

[၇၂] ibid.

ဥရောပစနစ်အတွက် မှန်ကန်ပေလိမ့်မည်။ သို့သော် အမေရိကနိုင်ငံများစနစ်အတွက် သေချာပေါက် မမှန်ကန်ပေ။ ဥရောပလူမှုရေး ပဋိညာဉ်စာတမ်းသည် ECtHR ကို ဖြည့်စွက်ရန် ရည်ရွယ်သော်ငြား လူ့အခွင့်အရေးစာချုပ်တခုစီ၏ သတိမမူခြင်းက ထင်ရှားသည့် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့နှစ်ခုတွင် မှီတည်နေပါသည်။[၇၄] အခြားတဖက်တွင်မူ အမေရိကနိုင်ငံများ စနစ်တွင် San Salvador နောက်ဆက်တွဲစာချုပ်သည် ACHR ၏ နောက်ဆက်တွဲစာချုပ်ဖြစ်ပါသည်။[၇၅] ထို့ကြောင့် ကုလသမဂ္ဂနှင့် ဥရောပစနစ်တို့နှင့် မတူသည်မှာ တူညီသည့် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့များ (ဆိုလိုသည်မှာ အမေရိကန်နိုင်ငံများဆိုင်ရာကော်မရှင် (Inter-American Commission) နှင့် IACtHR) သည် နောက်ဆက်တွဲစာချုပ်ကို အတည်ပြုလက်မှတ်ရေးထိုးသည့် နိုင်ငံများရှိ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများကိုသာမက စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေး ချိုးဖောက်မှုများကို လေ့လာဆန်းစစ်လိမ့်မည်။[၇၆] IACtHR ၏ အကျိုးရှိထိရောက်မှုကို လေ့လာသည့်အခါတွင် Shaver က ဆွေးနွေးသည်မှာ-

> နောက်ဆက်တွဲစာချုပ်ကို အတည်ပြုလက်မှတ်ရေးထိုးထားသည့် နိုင်ငံများအတွက် ၎င်းနောက်ဆက်တွဲစာချုပ်ကို အသုံးပြုရန် ခုံရုံးတွင် အခွင့်အာဏာရှိသည့်အတွက် ခုံရုံး၏ နောင်ကာလ ဥပဒေစနစ်တွင် လူမှုစီးပွားဆိုင်ရာ အခွင့်အရေးများသည် ပို၍ ကြီးမားသော အခန်းကဏ္ဍမှ ပါဝင်လိမ့်မည်မှာ ဖြစ်နိုင်ခြေရှိသည်။ သို့ဖြစ်သည့်အတွက် အဆိုပါအမှုတွင် အခွင့်အရေးကို ချိုးဖောက်ခြင်းမဟုတ်ကြောင်း သုံးသပ်ထားသော်ငြား ၂၀၀၉ ခုနှစ်တွင် အပိုဒ် (၂၆) ကို ချိုးဖောက်မှုများအား လေ့လာရန် ၎င်း၏ စွမ်းရည်ကို ခုံရုံးက အခိုင်အမာ ရှင်းရှင်းလင်းလင်း ဆိုထားကြောင်းကို အရေးတကြီး သတိချပ်ရမည်။ နောက်ဆက်တွဲစာချုပ်အဖွဲ့ဝင်မဟုတ်သည့် နိုင်ငံများအား လူမှုစီးပွားဆိုင်ရာအခွင့်အရေးများအတွက် ပန်ကြားရန် အခက်အခဲရှိသော်ငြား ဤအခွင့်အရေးများကို ကိုင်တွယ်ရန်အတွက် အခြားနည်းလမ်းများကို အမေရိကနိုင်ငံများစနစ်တွင် တွေ့ရှိပါသည်။ ကော်မရှင်သည် ၎င်း၏ အကြောင်းအရာအလိုက်နှင့် နိုင်ငံအလိုက် အစီရင်ခံစာများတွင် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများကို ထည့်သွင်းပါသည်။ ပြင်ဆင်ရန် ပန်ကြားလွှာ ပေးပို့တောင်းဆိုသည့် စနစ် (petition system) မှတဆင့် အဆိုပါ ချိုးဖောက်မှုများကို ခွင့်မပြုနိုင်သည့်နေရာတွင်ပင် ထည့်သွင်းပါသည်။[၇၆]

နောင်ကာလ အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်ဆိုင်ရာ အမှုများအတွက် ဤချဉ်းကပ်နည်းကို IACtHR သည် အသုံးပြုပါက သဘောတူစာချုပ်ပါ အာမခံချက်များကို အနက်ပြန်ဆိုခြင်းသည် ECtHR တွင် ဖြစ်နိုင်ခြေ

---

[၇၄] Karin Lukas, 'The Collective Complaint Procedure of the European Social Charter: Some Lessons for the EU?' (2014) 41 *Legal Issues of Economic Integration* 275.

[၇၅] Robert K. Goldman, 'History and Action: The Inter-American Human Rights System and the Role of the Inter-American Commission on Human Rights' (2009) 31 *Human Rights Quarterly* 872.

[၇၆] ibid.

[၇၆] Lea Shaver, 'The Inter-American Human Rights System: An Effective Institution for Regional Rights Protection' (2010) 9 *Washington University Global Studies Law Review* 662.

ရှိသည်ထက် ပို၍ ကျယ်ပြန့်ရပေမည်။ သမရိုးကျမဟုတ်သော အမှုများရှိ လက်လှမ်းမီ သုံးစွဲခွင့်၏ အရည်အသွေး အပေါ် Land ၏ နောက်ဆုံးဆက်စပ်ချက်နှင့် သဘောကိုက်ညီသည်မှာ ဤအမှုအမျိုးအစားသည် ECtHR ၏ လက်ရှိချဉ်းကပ်နည်းနှင့် ကိုက်ညီနိုင်သေးပါသည်။[၇၇] *Yildirim* နှင့် *Akdeniz* အမှုများအကြားရှိ မတူညီသည့် ကျိုးကြောင်းဆင်ခြင်မှုများတွင် မှတ်သားထားသည့်အတိုင်း ခုံရုံးထံမှ လေ့လာဆန်းစစ်ချက် လိုအပ်ခြင်းကဲ့သို့ ECtHR သည် သမရိုးကျမဟုတ်သော အမှုများကိုသာ ရှုမြင်ကြောင်း ထင်ရပေသည်။[၇၈]

Yu နှင့် Land တို့၏ အမြင်များသည် စိတ်ဝင်စားဖွယ်ရာ မေးခွန်းများကို တင်ပြပေးသည့်အတွက် အနည်းဆုံး သတ်မှတ်ချက်ထားရှိပါက လက်လှမ်းမီ ရရှိသုံးစွဲမှုဟူသည့် အနက်အဓိပ္ပာယ်သည် မည်သည်ကို ဆိုလိုကြောင်း ပိုမို ရှင်းလင်းရန် လိုအပ်ပေလိမ့်မည်။ ထို့အပြင် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ဆိုင်ရာ အနက်အဓိပ္ပာယ်သည် တွေးဆလျက်ရှိသည့် အသေးစိတ် လိုအပ်ချက်များ သို့မဟုတ် ရပိုင်ခွင့်များအပေါ် အခြေခံ၍ မည်သို့ ပြောင်းလဲကြောင်းကို ပိုမို ရှင်းလင်းရန် လိုအပ်သည်။ ဤအချက်ကို ကိုင်တွယ်ရန်အတွက် နောင်ကာလတွင် သုတေသနများ ဖွံ့ဖြိုးလာရန် လိုအပ်သည်။ ဤနေရာတွင် ဖော်ပြထားသည့် အခွင့်အရေးများကိုသာမက အခြား အခွင့်အရေးများကို ကျင့်သုံးမှုအား အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်က မည်သို့နှင့် မည်သည့်အတိုင်းအတာအထိ အထောက်အပံ့ပေးကြောင်းဟူသည့် သုတေသနဖြစ်သည်။[၇၉] အထက်တွင်ဖော်ပြထားသည့် အခွင့်အရေးအုပ်စု နှစ်ခုစလုံးအတွက် သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ဖြစ်စဉ်သည် ဆီလျော်ပြီး အရေးပါသည်။

၅-၃။ ခွဲခြားမှုမရှိခြင်း - တန်းတူညီမျှမှုဖြင့် 'အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်' ကို ပုံဖော်ခြင်း

ခွဲခြားမှုမရှိခြင်းအခြေခံမူအကြောင်း အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်နှင့် စပ်လျဉ်း၍ ဆွေးနွေးလျက် ရှိကြသည်။ ပေးပို့သည့် သတင်းအချက်အလက်၏ အရေးပါပုံနှင့် လက်ခံရရှိသည့် သတင်းအချက်အလက်၏ အရေးပါပုံတို့အရသာမက အခြေခံအဆောက်အဦကိုယ်တိုင်၏ ထူးခြား အင်္ဂါရုပ်များ၏ အရေးပါပုံအရပါ ဆွေးနွေး

---

[၇၇] အခန်း (၃) ကို ကြည့်ပါ။

[၇၈] ibid.

[၇၉] ဝန်ဆောင်မှုအရည်အသွေးဆိုင်ရာ ဆွေးနွေးချက်များအတွက် ယေဘုယျအားဖြင့် Mário Rodrigo Canazza, 'Global Effort on Bridging the Digital Divide and the Role of ICT Standardization' in *Innovations for Digital Inclusions, 2009. K-IDI 2009. ITU-T Kaleidoscope* (IEEE 2009) 1–7; Heather E. Hudson, 'Canadian and US BroadBand Policies: A Comparative Analysis' in Andrew Clement and others (eds), *Connecting Canadians: Investigations in Community Informatics* (AU Press 2012) 90; P. DiMaggio and others, 'Social Implications of the Internet' (2001) 27 *Annual Review of Sociology* 307.ကို ကြည့်ပါ။

ကြသည်။[၈၀] အင်တာနက်ကို အနောက်နိုင်ငံများမှ အလေးပေးခြင်း၏ နည်းပညာဆိုင်ရာ နမူနာတရပ်မှာ လက်တင် အက္ခရာများကို အသားပေး မှတ်ယူထားခြင်း ဖြစ်သည်။[၈၁] လက်တင်အက္ခရာမဟုတ်သည့် ဒိုမိန်းအမည်များနှင့် URLs များကို ICANN သည် လက်တလောကပင် စီစဉ်ခဲ့ပါသည်။[၈၂] ခွဲခြားဆက်ဆံခံရခြင်းမှ ကင်းဝေးခွင့်သည် အမှန်ပင် ရှိပါသည်။ သို့ရာတွင် ဤနေရာတွင် ခွဲခြားဆက်ဆံခံရခြင်းမှ ကင်းဝေးခွင့် ချိုးဖောက်ခြင်း ဖြစ်နိုင်ခြေကို ကိုင်တွယ်ဖြေရှင်းရန်မှာ ဤစာအုပ်၏ နယ်ပယ်ထက် ကျော်လွန်ပါသည်။ ထို့အစား ခွဲခြားဆက်ဆံမှု မရှိရေး အခြေခံမူဖြင့် သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကို ဖြေရှင်းရာတွင် အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်ကို ပုံဖော်ရန် လိုအပ်သည်။ သို့ဖြစ်၍ ယခုစာအုပ်က ကြိုးစားထားသကဲ့သို့ အနာဂတ် ကာလတွင် အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်ကို ချမှတ်နိုင်ပါက 'အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်' ကို လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်တွင် ထည့်သွင်းနိုင်ပြီး အခြားအခွင့်အရေးများတွင်လည်း ထည့်သွင်း နိုင်ခြေ ရှိသည်။ ချမှတ်ပြီးပါက ဤအခွင့်အရေးကို တန်းတူညီမျှမှုဘောင်အား အသုံးပြု၍ အကောင်အထည်ဖော်ရန် အရေးကြီးသည်။ လူ့အဖွဲ့အစည်းအတွင်း အထိခိုက်ဆုံးသူများက အခွင့်အရေးကို ထိထိ ရောက်ရောက် အသေအချာ ရရှိသုံးစွဲနိုင်ရန်အလို့ငှာ ဖြစ်ပါသည်။ သို့မဟုတ်ပါက တည်ဆဲ ဖွဲ့စည်းတည်ဆောက်ပုံပိုင်း မညီမျှမှုများသည် အခွင့်အရေးကို မညီမမျှ အသုံးပြုသည့် ရလဒ် ဖြစ်ပေါ်စေနိုင်သည်။ အင်တာနက်ကို အညီအမျှ လက်လှမ်းမီ သုံးစွဲခွင့်သည် မည်သည်ကို ဆိုလိုကြောင်း နောက်ထပ် ရှင်းလင်းစွာ ဖော်ထုတ်ရန်အလို့ငှာ သတင်းအချက်အလက် နည်းပညာ လူတိုင်း ရရှိသုံးစွဲရေးမူဝါဒများနှင့် အစီအမံများကို ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းတို့တွင် အခွင့်အရေးအခြေပြု စောင့်ကြပ် ကြည့်ရှုအကဲဖြတ်ဆန်းစစ်ခြင်းကို တိုးမြှင့်ရန် လိုအပ်သည်။ ထို့နည်းတူ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကို အဆင်ပြေချောမွေ့စေရေး အားထုတ်သည့် စည်းမျဉ်းများကို စောင့်ကြပ်ကြည့်ရှုအကဲဖြတ်ဆန်းစစ်ခြင်းလည်း ပါဝင်သည်။[၈၃] သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက် ကျဉ်းမြောင်းစေရေးနှင့် ဆက်စပ်သည့် မည်သည့် နောင်ကာလ ဆွေးနွေးချက်ကိုမဆို ဤသို့ပုံဖော်ခြင်းဖြင့် မည်သို့ တန်ဖိုးရှိစေသည်ကို လေ့လာခြင်းများက အရေးကြီးပါသည်။ အဆိုပါ နည်းလမ်းဖြင့် သတင်းအချက်အလက်နည်းပညာ သုံးစွဲ နားလည်မှုပိုင်း ကွာဟချက်ကို ပုံဖော်ရန် မည်သည့်အတွက်ကြောင့် လိုအပ်ကြောင်းသည်လည်း မည်သည့် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကိုမဆို အားကောင်းခိုင်မာစေရေးအတွက် ပိုမို မြင့်မားသည့် ဥပဒေရေးရာ ထောက်ခံအားပေးခြင်းအတွက် အရေးကြီး ပါသည်။

---

[၈၀] Land (n. 69) 414; UNHRC 'Report of the Independent Expert on Minority Issues, Rita Izsák' (31 December 2012) UN Doc A/HRC/22/49.

[၈၁] ယေဘုယျအားဖြင့် H. Moukdad, 'URLs in their Native Language: Opinions of Arab Users of the Internet' in *Proceedings of the Annual Conference of the Canadian Association for Information Science* (2010). ကို ကြည့်ပါ။

[၈၂] ibid.

[၈၃] အခန်း (၆-၄) ကို ကြည့်ပါ။

သတင်းအချက်အလက်နည်းပညာ အားလုံးရရှိသုံးစွဲရေးအာမခံချက်များကို ပုံဖော်ရာတွင် အရေးကြီးသည်မှာ လူ့အဖွဲ့အစည်းအတွင်းရှိ သီးခြား ဖယ်ကြဉ်ခံအုပ်စုများအတွက် အွန်လိုင်းသတင်းအချက်အလက်နှင့် ဆီလျော်သည့် အကြောင်းအရာကို ရရှိရေး၏ အရေးပါမှုအပေါ် မူတည်ပါသည်။[၈၄] လူနည်းစုများနှင့် သက်ဆိုင်သည့် အခြေအနေတွင် McGonagle က အမှန်အတိုင်းထောက်ပြထားသည်။ မီဒီယာကို လူနည်းစုများမှ လက်လှမ်းမီသုံးစွဲခွင့် ရရှိရေးသည် ၎င်းတို့အတွက် စွမ်းဆောင်မှုမြင့်မားရေး အရေးပါသည့် အရင်းအမြစ်တခု ဖြစ်နိုင်သည့်အတွက် လူ့အဖွဲ့အစည်းအတွက်သာမက ဤအကြောင်းအရာကို လက်ခံရရှိသူများအတွက်ပါ အရေးပါသည့် အကျိုးကျေးဇူးရှိစေကြောင်း ထောက်ပြထားပါသည်။[၈၅] McGonagle ၏ ဆွေးနွေးချက်သည် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ရှိ စုပေါင်းနှင့် တဦးချင်းစီဆိုင်ရာ အပိုင်းများအပေါ် IACtHR သာမက MacBride ကော်မရှင်ကပါ ပြုလုပ်သည့် ဆွေးနွေးချက်နှင့် ဆင်တူပါသည်။[၈၆] တနည်းဆိုရသော် မီဒီယာလက်လှမ်းမီသုံးစွဲရာတွင် မညီမမျှဖြစ်ခြင်းကို ဖြေရှင်းခြင်းဖြင့် ပြောဆိုတင်ပြသူများနှင့် ပရိသတ်များသည် အကျိုးကျေးဇူးရရှိပါသည်။ သတင်းအချက်အလက် မီဒီယာကို လက်လှမ်းမီ ရရှိခွင့်သည် လူ့အဖွဲ့အစည်းအတွင်း ပြည်သူ့ရေးရာဆွေးနွေးပွဲကို ပိုမို မြန်ဆန်စေရန်အတွက် သတင်းအချက်အလက်နှင့် အယူအဆများကို ပိုမို များပြားစေရေးကို ခွင့်ပြုပေးခြင်းကြောင့် ဖြစ်ပါသည်။[၈၇] McGonagle က ရှင်းပြသည်မှာ-

---

[၈၄] အွန်လိုင်းပေါ်မှ ဆီလျော်သည့် အကြောင်းအရာကို လက်လှမ်းမီ ရရှိခြင်း၏ အရေးကြီးပုံနှင့် စပ်လျဉ်း၍ ဖွံ့ဖြိုးတိုးတက်မှုအမြင်ရှုထောင့်မှဆိုသော် ယေဘုယျအားဖြင့် R. LaRose and others, 'Measuring Sustainable Broadband Adoption: An Innovative Approach to Understanding Broadband Adoption and Use' (2012) 6 *International Journal of Communication*ကို ကြည့်ပါ။ ထို့အတူ ပူးတွဲကြေညာစာတမ်းတွင် သတင်းအချက်အလက် အသိုက်အဝန်းဆိုင်ရာ ကုလသမဂ္ဂအဖွဲ့ (UN Group on the Information Society - UNGIS) မှ ဖော်ပြထားသည်မှာ 'ICTs ကိုယ်တိုင်သည် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များကို ရရှိရန် မသေချာနိုင်ပေ။ သို့သော် "မဟာဗျူဟာမြောက် မူဝါဒများ၊ လူသား စွမ်းဆောင်ရည်၊ ကိုက်ညီသည့် အသိပညာစီမံခန့်ခွဲမှု၊ သင့်လျော်သော အကြောင်းအရာ ဖွံ့ဖြိုးမှု၊ အခြေခံအဆောက်အဦ ထိထိရောက်ရောက် အသုံးချမှုနှင့် ဆောင်ရွက်နိုင်စွမ်းရှိသည့်ဝန်းကျင်" တို့နှင့် ပေါင်းစပ်ရန် လိုအပ်သည်။ ထို့အပြင် လုပ်ဆောင်ထားသည့် တိုးတက်မှုအပြင် "သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကွန်ယက်များ/ အခြေခံ အဆောက်အဦ၊ ပညာရေးနှင့် နည်းပညာ တိုးတက်မှုနှင့် တီထွင်ဆန်းသစ်မှု စနစ်များကို လက်လှမ်းမီ ရရှိရာတွင် နိုင်ငံအတွင်းနှင့် နိုင်ငံများအကြား မညီမျှမှုများ များစွာ ဆက်လက်ရှိနေဆဲဖြစ်သည်"။ ထို့အပြင် "အရေးပါသော သတင်းအချက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်နှင့် အသိပညာကွာဟချက်များ" သည်လည်း ရှိနေဆဲဖြစ်သည်'။ UN GIS '၂၀၁၅ ခုနှစ်အလွန် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် ပူးတွဲကြေညာစာတမ်း (Joint Statement on the Post-2015 Development Agenda)' (၂၀၁၃ ခုနှစ် မေလ) www.unesco.org/new/fileadmin/MULTIMEDIA/HQ/CI/CI/pdf/wsis/ungis_joint_state ment_wsis_2013.pdf

[၈၅] Tarlach McGonagle, 'The Council of Europe's Standards on Access to the Media for Minorities: A Tale of Near Misses and Staggered Successes' in Merris Amos, Jackie Harrison, and Lorna Woods (eds), *Freedom of Expression and the Media* (Martinus Nijhoff Publishers 2012) 115.

[၈၆] အခန်း (၃-၃-၁) နှင့် အခန်း (၂-၂-၃) ကို ကြည့်ပါ။

[၈၇] ibid.

မီဒီယာလုပ်ငန်းများတွင် အကျိုးရှိထိရောက်စွာ ကိုယ်စားပြုမှုရှိခြင်းနှင့် လူနည်းစုများ ပါဝင်ပူးပေါင်းခြင်း၏ အကျိုးကျေးဇူးများကို လူနည်းစုဝင်များအတွက် မည်သည့်နည်းနှင့်မျှ ကန့်သတ်ခြင်းမပြုရပေ။ မီဒီယာ လုပ်ငန်းများတွင် အကျိုးရှိထိရောက်စွာ ကိုယ်စားပြုမှုရှိခြင်းသည် မီဒီယာက လှည့်လည်ဖြန့်ချိပေးသည့် သတင်းအချက်အလက်နှင့် အယူအဆအမျိုးစုံလင်များပြားမှုကို မြင့်မားစေသည့် အသားတင် သက်ရောက်မှု ရှိစေနိုင်သည်။ ထို့အပြင် ပြည်သူ့ရေးရာဆွေးနွေးပွဲကို ပြည့်စုံကြွယ်ဝစေပါသည်။ မီဒီယာ လုပ်ငန်းများတွင် လူနည်းစုများမှ တိုး၍ ပိုမို ထိရောက်စွာ ပူးပေါင်းပါဝင်ခြင်း၏ နောက်ထပ် ဖြစ်နိုင်ခြေ ရှိသော ရလဒ်လည်း ရှိသည်။ ၎င်းမှာ လူ့အဖွဲ့အစည်းအတွင်းရှိ မတူညီသော အုပ်စုများသည် အခြားအုပ်စု များ၏ အမြင်များနှင့် တန်ဖိုးများကို ပို၍ လွယ်လင့်တကူ ထိတွေ့နိုင်ခြင်း ဖြစ်သည်။ လူ့အဖွဲ့အစည်း အတွင်းရှိ မတူညီသည့် အုပ်စုများအကြား အပြန်အလှန် အသိအမြင် တိုးမြှင့်လာခြင်း၊ ဆက်သွယ် ပြောဆိုခြင်း၊ နားလည်သဘောပေါက်ခြင်းနှင့် သည်းခံနိုင်စွမ်းရှိခြင်းတို့အတွက် အရေးပါသော အဆင့် ဖြစ်ပါသည်။[၈၈]

အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့် အခြေအနေတွင် McGonagle ၏ ဆွေးနွေးချက်ကို လေ့လာခြင်းဖြင့် အင်တာနက်သည် သတင်းအချက်အလက်ကို ရရှိရန် အများအားဖြင့် အသုံးပြုသည့် အဓိကကိရိယာဖြစ်လာသည့် အတွက် လူ့အခွင့်အရေးအာမခံချက်များသည် ပို၍ အားကောင်းလာခြေ ရှိပါသည်။ အင်တာနက်၏ ဤအပိုင်းကို ECtHR က ဆက်သွယ်ရေးနည်းလမ်း၏ ထင်ရှားသော ဝိသေသအဖြစ် အသိအမှတ်ပြုထားပြီး ၎င်း၏ စီရင်ထုံး ဥပဒေတွင် ထပ်ဆင့် အသိအမှတ်ပြုထားပါသည်။[၈၉] လူနည်းစု ကိစ္စရပ်များဆိုင်ရာ ကုလသမဂ္ဂ၏ လွတ်လပ်သော ပညာရှင်ဖြစ်သူ Rita Izsak က သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်အခြေအနေတွင် အလားတူ ဆွေးနွေးချက်များကို အောက်ပါအတိုင်း ဖော်ပြလျက် အသုံးပြုထားသည်-

> လူနည်းစုဘာသာစကားအချို့ဖြင့် ရရှိသည့် အင်တာနက်ဆိုင်ရာ အကြောင်းအရာများသည် အလွန်ပင် နည်းပါးသည်။ ပင်မဘာသာစကားများကို ကျွမ်းကျွမ်းကျင်ကျင် မရှိသူများ၊ ကျေးလက်ဒေသနှင့် ဝေးလံ ခေါင်သီသော နေရာများတွင် နေထိုင်သူများနှင့် ဆင်းရဲသားများသည် ၎င်းတို့ လက်လှမ်းမီ ရရှိသုံးစွဲရာတွင် အကျိုးခံစားခွင့် မရရှိနိုင်ပေ။ သတင်းအချက်အလက် ဟာကွက် ရှိနေပြီး ဘာသာစကား အုပ်စုအချို့ အတွက် ၎င်းဟာကွက်သည် ကြီးမားနေသည်။ အခြားသော လူအုပ်စုများသည် အွန်လိုင်းပေါ်မှ အခွင့် အရေးများနှင့် စွေးကွက်များမှ အကျိုးကျေးဇူးများ ခံစားနေရချိန်တွင် ၎င်းဘာသာစကား အုပ်စုများသည် ချန်လှပ်ထားခံကြရပြီး စီးပွားရေးနှင့် လူမှုရေးအရ ဖယ်ကြဉ်ခံထားရသူများ ဖြစ်ကြသည်။ သို့သော်ငြား ဘာသာစကားများ ထိန်းသိမ်းစောင့်ရှောက်ရာတွင် အင်တာနက်သည် အရေးပါသည့် အခန်းကဏ္ဍမှ အလားအလာရှိရှိ ပါဝင်နိုင်သည်။ ထို့အပြင် လူနည်းစုဘာသာစကားဖြင့် ရေးသားထားသည့်

---

[၈၈] McGonagle (n. 87) 115; MacBride အစီရင်ခံတွေ့ရှိချက်များတွင်လည်း ဖော်ပြထားသည်။ အခန်း (၂-၂-၃) ကို ကြည့်ပါ။

[၈၉] *Times Newspapers Ltd v. the United Kingdom (nos. 1 and 2)* ECHR 2009, para. 27; *Yildirim v. Turkey* App no 3111/10 (ECtHR, 18 December 2012), paras 52, 54; အခန်း (၃-၂)၊ အခန်း (၄-၃) နှင့် (၄-၄) ကို ကြည့်ပါ။

သတင်းအချက်အလက်များ၊ သတင်းစာနှင့် မဂ္ဂဇင်းများကို ပိုမို ဖြန့်ချိရာတွင်လည်း အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နိုင်ပေသည်။[၉၀]

လူနည်းစုများအတွက် လက်လှမ်းမီ ရရှိမှု၏ အရေးပါပုံကို Izsak က ဖော်ထုတ်ထားသည့်အတွက် McGonagle ၏ လေ့လာဆန်းစစ်ချက်သည် နောက်ထပ် အမြင်ရှုထောင့်တရပ်ကို ပေးပါသည်။ ပြောဆိုတင်ပြသူများနှင့် ပရိသတ်များ၏ အကျိုးစီးပွားအတွက် ဆီလျော်သည့် အွန်လိုင်းအကြောင်းအရာကို ဖန်တီးခြင်း၏ အရေးပါပုံကို ၎င်းအမြင်ရှုထောင့်က ဖန်တီးပေးသည်။ လူနည်းစုဘာသာစကားများဖြင့် ရေးသားထားသည့် အကြောင်းအရာသည် လူနည်းစုအတွက် ကောင်းသည့်အပြင် လူ့အဖွဲ့အစည်းတရပ်လုံးအတွက်လည်း အကျိုးရှိကြောင်း McGonagle က ဆွေးနွေးထားသည်။ McGonagle ၏ ရပ်တည်ချက်သည် IACtHR ၏ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ဆိုင်ရာ အမြင်ရှုထောင့်အခြေခံနှစ်ရပ်နှင့် MacBride အစီရင်ခံစာ တွေ့ရှိချက်များနှင့် ကိုက်ညီပါသည်။[၉၁] 'လူမှုစီးပွားအခွင့်အရေးတောင်းဆိုချက်များကို သွယ်ဝိုက် အရေးဆိုရန် IACtHR သည် စီမံပါသည်။ ခွဲခြားဆက်ဆံခံရခြင်းမှ ကင်းဝေးခွင့်ကဲ့သို့ ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများအပေါ် အခြေခံအားဖြင့် မှီတည်နေသည့် အမှုများတွင် ဤအခွင့်အရေးများကို တင်ပြထားကြောင်း' Shaver က အလေးထား ဖော်ပြပါသည်။[၉၂]

ထို့အပြင် ဗဟုဝါဒအခြေခံမူကို နည်းသစ်ဖြင့် အသုံးချနိုင်သည့် အခွင့်အရေးကိုလည်း ပေးသည်။[၉၃] ဤအမြင်ဖြင့် ခွဲခြားဆက်ဆံမှုမရှိရေး အခြေခံမူနှင့် ဗဟုဝါဒ အခြေခံမူအကြား သီအိုရီပိုင်းသာမကဘဲ လက်တွေ့ပိုင်း ဆက်သွယ်ချက်ရှိပါသည်။ ECtHR တွင် အခြေခံအဆောက်အဦလက်လှမ်းမီ သုံးစွဲခွင့် အမှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် ဗဟုဝါဒ အခြေခံမူကို အသုံးပြုထားနှင့်ပြီး ဖြစ်သည့်အတွက် ECtHR ၏ အမှုများကို လေ့လာဆန်းစစ်ချက်များအတွင်း ခွဲခြားဆက်ဆံမှုမရှိရေးကို ထည့်သွင်းပေါင်းစပ်ရန် နည်းလမ်းတခု ရရှိနိုင်ပေသည်။ လုံးဝချဉ်းကပ်နည်းအသစ်ကို ခုံရုံးမှ ချမှတ်ရန် လိုအပ်မည့်အစား ထည့်သွင်းပေါင်းစပ်နိုင်မည် ဖြစ်သည်။ ယခင်စီရင်ထုံးဥပဒေပေါ် တည်ဆောက်ထားသည့် အခြေခံအဆောက်အဦလက်လှမ်းမီ သုံးစွဲခွင့် ပါဝင်သည့် အမှုများကို လေ့လာဆန်းစစ်ရာတွင် ဖြစ်သည်။[၉၄] အင်တာနက် အခြေအနေတွင် သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်းကွာဟချက်ကို ကျဉ်းမြောင်းစေခြင်းအတွက် အကျိုးကျေးဇူး (ဥပမာ သင့်လျော်သည့် အွန်လိုင်းအကြောင်းအရာကို လူနည်းစုဘာသာစကားများဖြင့် ရရှိခြင်း) မှာ အဆိုပါ သီးခြားလူများကို အကူအညီပေးသည် သာမက လူ့အဖွဲ့အစည်းတရပ်လုံးအနေဖြင့် လူ့အဖွဲ့အစည်း၏ ဖွဲ့စည်းမှုတခုလုံးကို ထင်ဟပ်စေသည့် သတင်းအချက်အလက်နှင့် အကြောင်းအရာမျိုးစုံကို ပိုမို ရရှိစေခြင်း ဖြစ်သည်။

---

[၉၀] Izsák' (n. 82).

[၉၁] အခန်း (၃-၃) နှင့် အခန်း (၂-၂-၂) ကို ကြည့်ပါ။

[၉၂] Shaver (n. 78) 663.

[၉၃] အခန်း (၄-၃) ကို ကြည့်ပါ။

[၉၄] McGonagle (n. 87) 115.

ခွဲခြားဆက်ဆံခြင်းမရှိစေရေး ဆွေးနွေးချက်၏ နောက်ထပ် နမူနာသည် မသန်စွမ်းများအတွက် အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်ရရှိရေး၏ အရေးပါမှုနှင့် ဆက်စပ်သည်။ ကုလသမဂ္ဂ မသန်စွမ်း အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (UN Convention on the Rights of Persons with Disabilities) တွင် မသန်စွမ်းသူများသည် အင်တာနက်ကို သုံးစွဲနိုင်မည့် သင့်လျော်သည့် အရေးယူဆောင်ရွက်ချက်အားလုံးကို နိုင်ငံများက လုပ်ဆောင်ရမည်ဟူသော လိုအပ်ချက်ပါဝင်သည်။[၉၅] Tully က အသိအမှတ်ပြုထားသည့်အတိုင်း ဤအချက်က အလားအလာရှိကြောင်း ပြသသော်ငြား အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး မူဘောင်အတွက် အသစ်လွင်ဆုံးထည့်သွင်းချက်များအနက် တခု ဖြစ်သည်။[၉၆] ၂၀၁၄ ခုနှစ်တွင် မသန်စွမ်းအခွင့်အရေးများ၏ အစိတ်အပိုင်းအဖြစ် အင်တာနက်အပါအဝင် သတင်းအချက်အလက်နည်းပညာများကို လက်လှမ်းမီ သုံးစွဲခွင့်ကို အထွေထွေမှတ်ချက် (၂) (GC2) တွင် ရှင်းရှင်းလင်းလင်း ဖော်ထုတ်ထားသည်။[၉၇] အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်ကို မည်သို့ဆိုလိုကြောင်း ရှင်းလင်းအောင်ပြုလုပ်ရာတွင် GC2 က အထောက်အပံ့ပေးသည်။ လူ့အဖွဲ့အစည်းရှိ မသန်စွမ်းသို့မဟုတ် လူနည်းစု သို့မဟုတ် အဖယ်ကြဉ်ခံလူများအတွက် အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်စီမံရေး ထွန်းသစ်စအခွင့်အရေးများ၏ မည်သည့်ကောက်ကြောင်းကိုမဆို ပို၍ ရှင်းရှင်းလင်းလင်း ဖော်ထုတ်နိုင်ရေး အခြားသော လူ့အခွင့်အရေးစာချုပ်များနှင့် စောင့်ကြည့်ရေးအဖွဲ့များက အသုံးပြုနိုင်မည့် နည်းလမ်းအတိုင်း ရှင်းလင်းအောင် ပြုလုပ်ပါသည်။ 'မသန်စွမ်းများကို လူ့အဖွဲ့အစည်းအတွင်း အမှီအခိုကင်းကင်း နေထိုင်နိုင်ရေးနှင့် အပြည့်အဝနှင့် အညီအမျှ ပူးပေါင်းပါဝင်နိုင်ရေးအတွက် လက်လှမ်းမီ ရရှိရေးသည် မရှိမဖြစ်လိုအပ်ချက် ဖြစ်ကြောင်း' ဖော်ပြ၍ အထွေထွေမှတ်ချက်က လမ်းဖွင့်ပေးသည်။[၉၈] မသန်စွမ်းအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်သာမက ICCPR နှင့် ICERD တို့၏ အဓိကအစိတ်အပိုင်းအဖြစ် လက်လှမ်းမီ ရရှိသုံးစွဲခွင့်ကို GC2 က ကျယ်ကျယ်ပြန့်ပြန့် ချိတ်ဆက်ပါသည်။ ထို့အပြင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး လိုအပ်ချက်များကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်နှင့်လည်း GC2 က ချိတ်ဆက်ပါသည်။ အထူးသဖြင့် WSIS ကို ကိုးကားလျက် အင်တာနက်လက်လှမ်းမီသုံးစွဲခွင့်ကို ပြဋ္ဌာန်းထားသည့် အခြေခံမူတရပ်နှင့် လက်ရှိ နိုင်ငံမှ ဦးဆောင်ဦးရွက်ပြု အားထုတ်မှုများကို စောင့်ကြည့်လေ့လာရန်အတွက် လိုအပ်ချက်အဖြစ် GC2 က အသားပေး ဖော်ပြသည်။ အောက်ပါအတိုင်း ဖော်ပြပါသည်-

> ၂၀၀၃ ခုနှစ် ဂျနီဗာတွင် ကျင်းပသည့် သတင်းအချက်အလက်အဖွဲ့အစည်းဆိုင်ရာ ကမ္ဘာ့ထိပ်သီး အစည်းအဝေး (World Summit on Information Society) ၏ ပထမဆုံးအဆင့်ကတည်းကပင် လက်လှမ်းမီရရှိသုံးစွဲမှုကို အဓိကကျသော သတင်းအချက်အလက် ဆက်သွယ်ရေး နည်းပညာ အသိုက်အဝန်းက အသိအမှတ်ပြုခဲ့သည်။ မသန်စွမ်းအသိုက်အဝန်းမှ စတင်မိတ်ဆက်ပြီး ဦးဆောင်လျက် အယူအဆကို

---

[၉၅] UNGA 'Convention on the Rights of Persons with Disabilities' (13 December 2006) UN Doc A/RES/61/106, Article 9.2.g and Article 21 c and d.

[၉၆] ibid., Article 9.

[၉၇] Tully (n. 1) 189; Land (n. 69) 413 ကိုလည်း ကြည့်ပါ။

[၉၈] CRD, အထွေထွေမှတ်ချက် (၂) စာပိုဒ် (၁)

ထိပ်သီးညီလာခံက ချမှတ်သည့် အခြေခံမူများဆိုင်ရာ ကြေညာစာတမ်း (Declaration of Principles) တွင် ထည့်သွင်းပေါင်းစပ်ခဲ့သည်။ 'ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ အသိပညာကို မျှဝေခြင်းနှင့် ခိုင်မာအားကောင်းစေခြင်းကို သတင်းအချက်အလက် အညီအမျှ လက်လှမ်းမီ ရရှိစေရေး အဆီးအတားများကို ဖယ်ရှားခြင်းဖြင့် မြှင့်တင်နိုင်သည်။ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ ပညာရေးနှင့် သိပ္ပံပညာ လုပ်ငန်းများဆိုင်ရာ သတင်းအချက်အလက်များ ဖြစ်သည်။ ထို့အပြင် လူတိုင်း လက်လှမ်းမီနိုင်သည့် ဒီဇိုင်းနှင့် အထောက်အကူပြုနည်းပညာများ အသုံးပြုခြင်းအပါအဝင် အများပြည်သူဆိုင်ရာ သတင်းအချက်အလက် ဒိုမိန်းကို လက်လှမ်းမီ သုံးစွဲခွင့်ကို အဆင်ပြေ ချောမွေ့အောင် ပြုလုပ်ခြင်းဖြင့် တိုးမြှင့်နိုင်သည် [....] လက်လှမ်းမီ သုံးစွဲခွင့်ဆိုင်ရာစံနှုန်းများနှင့် သင့်လျော်သည့် ဥပဒေစည်းမျဉ်းများချမှတ်ခြင်းကို လက်တွေ့ကျကျ အသေအချာ အကောင်အထည်ဖော်ရေးအတွက် လုံလောက်သည့် စောင့်ကြပ်ကြည့်ရှုသည့် ယန္တရား မရှိခြင်းသည် အများအားဖြင့် တွေ့ရှိရသော စိန်ခေါ်ချက်တရပ် ဖြစ်ကြောင်း' စာပိုဒ် (၂၅) တွင် ဖော်ပြထားသည်။

လက်လှမ်းမီ ရရှိသုံးစွဲခြင်းတွင် မည်သည့်အရာ လိုအပ်သည်ဟူသော ရှုပ်ထွေးမှုကို သိမြင်ကာ အလေးအနက်ထားခြင်းဖြင့် အထွေထွေမှတ်ချက်က ဖော်ပြသည်။ 'သတင်းအချက်အလက် ဆက်သွယ်ရေး နည်းပညာ လက်လှမ်းမီ သုံးစွဲခွင့်ကို ကိုင်တွယ်ဖြေရှင်းရန်တွက် မသန်စွမ်းအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်သည် ၂၁ ရာစု၏ ပထမဆုံးသော လူ့အခွင့်အရေး သဘောတူစာချုပ် ဖြစ်သည်။ ထို့အပြင် မသန်စွမ်းများတွက် အဆိုပါ ကိစ္စရပ်နှင့် စပ်လျဉ်းပြီး အခွင့်အရေးအသစ်များ မဖန်တီးပေ' ဟူ၍ ဖော်ပြထားသည်။ ဥပဒေဖြင့် စီမံပေးထားသည့် သာမန် တန်းတူညီမျှမှုသည် မလုံလောက်ကြောင်း ဆက်လက် ရှင်းရှင်းလင်းလင်း ဖော်ပြသည်။ ယခင်ဆယ်စုနှစ်များစွာမှ အပြည်ပြည်ဆိုင်ရာ ဥပဒေသည် သမရိုးကျ တန်းတူညီမျှမှုမှသည် အခြေခံကျကျ တန်းတူညီမျှမှုသို့ အယူအဆပိုင်း ပြောင်းလဲလာပါသည်။ လက်လှမ်းမီ ရရှိသုံးစွဲမှုကို သေချာစေမည့် အပြည်ပြည်ဆိုင်ရာ တာဝန်ရှိမှုများကို ဖြည့်ဆည်းရန် နိုင်ငံများက ဆောင်ရွက်ရမည့်အရာအပေါ် ဤအရွေ့အပြောင်းက သက်ရောက်မှု ရှိသည်။ လက်လှမ်းမီ ရရှိသုံးစွဲမှု သေချာစေရေး အထွေထွေမှတ်ချက်တွင် ဖော်ပြထားသည့် တာဝန်ရှိမှုများတွင် 'စဉ်ဆက်မပြတ်နှင့် စနစ်တကျ နည်းလမ်းအတိုင်း [လက်လှမ်းမီ ရရှိရေး] အဆီးအတားများကို ဖယ်ရှားခြင်းကို .... တဖြည်းဖြည်း အကောင်အထည်ဖော်ရမည်။ ဖြည်းဖြည်းမှန်မှန် ဆောင်ရွက်ရမည်' တို့ ပါဝင်သည်။[၉၉] ချို့ယွင်းချက် အမျိုးမျိုးရှိသည့် လူများအတွက် လက်လှမ်းမီ ရရှိရေးဆိုင်ရာ ပြည်တွင်းစံနှုန်းများ ချမှတ်ခြင်း၊ ထုတ်ပြန်ကြေညာခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းတို့ကို လိုအပ်ကြောင်း အထွေထွေမှတ်စုက အခိုင်အမာဆိုသည်။ ထို့အပြင် အစိုးရပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင် လုပ်ငန်းများမှ စီမံပေးသည့် ဝန်ဆောင်မှုအမျိုးမျိုးကို လက်လှမ်းမီ ရရှိသုံးစွဲရေးအတွက် အနိမ့်ဆုံး စံနှုန်းများကိုလည်း ချမှတ်ခြင်း လိုအပ်သည်။ ဤစံနှုန်းများကို ချမှတ်ပြီးပါက 'လက်လှမ်းမီ ရရှိသုံးစွဲရေးအတွက် လက်ရှိ အဆီးအတားများကို ဖော်ထုတ်ရန် လုပ်ငန်းအစီအမံများနှင့် မဟာဗျူဟာများကို' ချမှတ် (ပြီး အကောင်အထည်ဖော်) ရမည်။ တိကျသည့် အောင်မြင် ပြီးမြောက်ရမည့် အချိန်ကာလသတ်မှတ်ချက်များ ချမှတ်ကာ အဆီးအတားများကို ဖယ်ရှားရန် လိုအပ်သည့် လူသားအရင်းအမြစ်များနှင့် ပစ္စည်းအရင်းအမြစ်

[၉၉] Para. 27–9.

များကို စီမံပေးရမည်'။[၁၀၀] နောက်ဆုံးတွင် အထွေထွေမှတ်ချက်သည် လက်လှမ်းမီ ရရှိသုံးစွဲခွင့်ကို အခြားအခွင့်အရေးများနှင့် ချိတ်ဆက်ပါသည်။ တရားစီရင်ရေးဆိုင်ရာကုစားမှု၊ ဖျော်ဖြေရေးနှင့် သက်ဆိုင်သည့် အကြောင်းအရာ အပါအဝင် လွတ်လပ်စွာထုတ်ဖော်တင်ပြ ပြောဆိုခွင့်သာမက ပညာသင်ကြားခွင့်၊ ကျန်းမာရေးစောင့်ရှောက်မှု ရပိုင်ခွင့်၊ အလုပ်လုပ်ကိုင်ခွင့်၊ နိုင်ငံရေးနှင့် ပြည်သူ့ရေးရာကဏ္ဍတွင် ပူးပေါင်းပါဝင်ခွင့်တို့လည်း ပါရှိကြသည်။[၁၀၁] ဤအထွေထွေမှတ်ချက်သည် နည်းပညာဆိုင်ရာ လမ်းညွှန်ချက်ကို ပေးပါသည်။ အင်တာနက်အပါအဝင် သတင်းအချက်အလက် နည်းပညာများ လက်လှမ်းမီ သုံးစွဲခွင့်ကို အဆင်ပြေချောမွေ့အောင်ပြုလုပ်ခြင်းသည် မသန်စွမ်းတဦးချင်းစီအတွက် သင့်လျော်သည့် အပြည်ပြည်ဆိုင်ရာ ဥပဒေစံနှုန်းများနှင့် မည်သို့ ချိတ်ဆက်သည်ဟူသော နည်းပညာဆိုင်ရာ လမ်းညွှန်ချက် ဖြစ်ပါသည်။ သို့ရာတွင် အထွေထွေမှတ်ချက်အများစုသည် အခြားသော အထိခိုက်လွယ်အုပ်စုများအတွက် အညီအမျှ မှန်ကန်ပါသည်။ သို့ဖြစ်၍ ဤသဘောတူစာချုပ်၏ လက်လှမ်းမီရရှိသုံးစွဲခွင့် စံနှုန်းများကို နိုင်ငံများက လိုက်နာမှုနှင့် သက်ဆိုင်သည့် သုတေသနနှင့် အကဲဖြတ်ဆန်းစစ်ချက်သည် ဖွံ့ဖြိုးလာသည်။ သို့ဖြစ်၍ အခြားသော စောင့်ကြပ်ကြည့်ရှုခြင်းနှင့် လေးစားလိုက်နာရေး ယန္တရားများအတွက် ဤသုတေသနနှင့် အကဲဖြတ်ဆန်းစစ်ချက်တို့က မည်သို့ အသုံးပြုရမည်ကို သတိချပ်ရန် အရေးကြီးသည်။ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကို အခြားသော အထိခိုက်လွယ်အုပ်စုများအတွက် အခွင့်အရေးများ ဖြည့်ဆည်းခြင်းနှင့် ဆက်နွယ်ချက်ကို အကဲဖြတ်ဆန်းစစ်သည့် ယန္တရားဖြစ်သည်။

ခွဲခြားဆက်ဆံမှုမရှိရေး အခြေခံမူအသုံးပြုလျက် Izsak ၏ ဆွေးနွေးချက်နှင့် McGonagle ၏ ဆွေးနွေးချက်တို့သည် ဗဟုဝါဒနှင့် အင်တာနက်၏ ထူးခြား အင်္ဂါရုပ်များနှင့် ဆက်စပ်သည့် အခန်း (၄) ပါ ဆွေးနွေးချက်များကို အထောက်အပံ့ပြုပါသည်။ အချင်းချင်း ဆက်ဆံပြောဆိုခြင်း၊ ကမ္ဘာလုံးဆိုင်ရာ တပြိုင်နက်တည်း ဆက်နွယ်ချက်နှင့် အချိန်နှင့် နေရာအဆီးအတားများကို ဖယ်ရှားခြင်းတို့ ပါဝင်သည့် အင်တာနက်၏ ထူးခြားဝိသေ ဖြစ်သည်။[၁၀၂] ခွဲခြားဆက်ဆံမှုမရှိရေးဆိုင်ရာ ၎င်းတို့၏ ဆွေးနွေးချက်များသည် ဤစဉ်းစားချက်များနှင့် ချိတ်ဆက်ထားသည်။ လူ့အဖွဲ့အစည်းတွင်းရှိ အဖယ်ကြဉ်ခံရဆုံးသူများကို အထူးအလေးထားသည့် လွှမ်းခြုံအနေအထားအတွင်း အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်နှင့် ချိတ်ဆက်၍ ဖြစ်သည်။ ယခင်အခန်း ၂ ခန်းတွင် လေ့လာခဲ့သည့် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ဆိုင်ရာ စီရင်ထုံးဥပဒေသည် စေ့စေ့စပ်စပ် စိစစ်ခြင်းကို အလေးထားခဲ့သည်။ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို ကျင့်သုံးရာတွင် သီးခြားလူအုပ်စုများ၏ စွမ်းဆောင်ရည် (ဥပမာ *Mustafa* နှင့် *Manole* အမှုများ) ကဲ့သို့ ဖြစ်သည်။ သို့သော်ငြား ခွဲခြားဆက်ဆံခံရခြင်းမှ ကင်းဝေးခွင့်သည် သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကို ကျဉ်းမြောင်းစေသည့် အာမခံချက်အား အနာဂတ်ကာလတွင် မည်သို့ ဖွံ့ဖြိုးစေသည်ကို အားကောင်းခိုင်မာ စေလိမ့်မည် ဖြစ်သည်။[၁၀၃]

---

[၁၀၀] Para. 30–3.

[၁၀၁] Disability GC 2, para. 34–8.

[၁၀၂] အခန်း (၁)၊ အခန်း (၄-၃) နှင့် အခန်း (၃-၂) ကို ကြည့်ပါ။

[၁၀၃] အခန်း (၄-၂)နှင့် (၄-၃)၊ *Khurshid Mustafa & Tarzibachi v. Sweden* App no 23883/06 (ECtHR, 16 December 2008); *Manole and Others v. Moldova* ECHR 2009.

ဤနေရာတွင် လေ့လာဆန်းစစ်ထားသည့် လက်ရှိ ပညာရပ်သည် ဖွံ့ဖြိုးရေးပညာရှင်များက မည်သို့ သိသာမြင်သာ ရှုမြင်သည်ကို ပုံဖော်ပါသည်။ ဆိုလိုသည်မှာ နည်းပညာလက်လှမ်းမီ သုံးစွဲခွင့်အတွက် အဆီးအတားများသည် လူ့အဖွဲ့အစည်းကြောင့် အင်တာနက်ပြင်ပ အဖယ်ကြဉ်ခံရခြင်းကို ကြုံတွေ့ရသည့် လူများအတွက် သိသိသာသာ ကြီးမားပါသည်။ Tully က လေ့လာတွေ့ရှိသည်မှာ-

> လူ့အခွင့်အရေးမူဘောင်တရပ်ကို အသုံးပြုခြင်းဖြင့် ချို့ယွင်းသည့် အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်ကို ပြင်ဆင်ပေးနိုင်ပြီး ချို့ငဲ့သော လူအုပ်စုများအတွက် တန်းတူညီမျှမှုကို တိုး၍ အသေအချာ ရရှိစေသည်။ အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်သည် လူမှုစီးပွားအခွင့်ထူးခံအုပ်စုများအကြားသာ စုပုံနေပြီး အကျိုးခံစားခွင့်မရှိသည့် ကဏ္ဍများ (အထူးသဖြင့် ဝေးလံခေါင်သီ သို့မဟုတ် ကျေးလက်ဒေသများနှင့် လူနည်းစုအုပ်စုများရှိ အကျိုးခံစားခွင့် မရှိသူများ) သည် သိသာသည့် အဆီးအတားများကို ကြုံတွေ့ရသည်။ ဥပမာအားဖြင့် မသန်စွမ်းနှင့် သက်ကြီးရွယ်အိုများသည် အမြင် သို့မဟုတ် အကြား ချို့ယွင်းချက်များ၊ သိမြင်မှုဆိုင်ရာ အခက်အခဲနှင့် သွက်လက်ချက်ချာမှုဆိုင်ရာ ပြဿနာများကို ကြုံတွေ့ရသည်။ နောက်ထပ် အဆီးအတားများတွင် ဝင်ငွေ၊ အခြေခံ အဆောက်အဦ၊ ကုန်ကျစရိတ်၊ စွေးနှုန်း သက်သာသည့် သို့မဟုတ် သုံးစွဲနိုင်သည့် လျှပ်စစ်မီး၊ သင်တန်း၊ နည်းပညာ ကျွမ်းကျင်မှုနှင့် ကွန်ပျူတာ ကိုင်တွယ်သုံးစွဲတတ်ခြင်း စသည်တို့ ပါဝင်သည်။[၁၀၄]

သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်၏ အခြေခံ အကြောင်းအရင်းများကို တရားရေးဆိုင်ရာလုပ်ငန်းမှတဆင့် မပြင်ဆင်နိုင်ပေ။ သို့တည်းမဟုတ် သတင်းအချက်အလက် နည်းပညာအားလုံး သုံးစွဲနိုင်ရေး ဦးတည်ထားသည့် ဖွံ့ဖြိုးရေးစီမံကိန်း တမျိုးတည်းမှတဆင့် မကုစားနိုင်ပေ။ ဤအားထုတ်မှုများသည် တခုနှင့်တခု အသုံးပြုသင့်ပြီး နယ်ပယ်များကို ဖော်ထုတ်သင့်သည်။ ဤအုပ်စုများအတွက် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့် စီမံပေးရန်အလို့ငှာ တခုစီမှ စံနှုန်းများကို ပေါင်းစပ်ထည့်သွင်းခြင်းဖြင့် အပြန်အလှန် အကျိုးဖြစ်ထွန်းစေသည့် နယ်ပယ်များကို ဖော်ထုတ်ခြင်း ဖြစ်သည်။ အွန်လိုင်းတွင် ၎င်းတို့၏ လူ့အခွင့်အရေးများကို ကျင့်သုံးနိုင်စွမ်းရှိစေသည့် နည်းလမ်းအတိုင်း ထည့်သွင်းပေါင်းစပ်ခြင်းဖြင့် အကျိုးဖြစ်ထွန်းစေပါသည်။[၁၀၅]

၅-၄။ နိဂုံးချုပ်သုံးသပ်ချက် - သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက် ကျဉ်းမြောင်းစေရေး ပို၍ ပြည့်စုံသည့် လူ့အခွင့်အရေးဥပဒေမူဘောင်တရပ် ဖန်တီးခြင်း

လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်သည် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်နှင့် လက်ရှိ အများဆုံး ချိတ်ဆက်နေသည့် လူ့အခွင့်အရေးဖြစ်သည့်တိုင်အောင် အခြားလူ့အခွင့်အရေးများ ကျင့်သုံးရာတွင် အင်တာနက်

---

[၁၀၄] Tully (n. 1) 189.

[၁၀၅] ibid.

လက်လှမ်းမီ သုံးစွဲခွင့်၏ အရေးပါပုံကို ဤအခန်းက တွေ့ရှိခဲ့သည်။ ဥပဒေဆိုင်ရာ လူ့အခွင့်အရေး မူဘောင်သည် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကို အာမခံချက်ပေးသင့်ကြောင်း ဆွေးနွေးရာတွင် အားကောင်း ခိုင်မာစေရေး ဤအရေးပါပုံက ကူညီပေးနိုင်ပါသည်။[၁၀၆] အင်တာနက်အသုံးပြုမှုနှင့် လူတဦးချင်းစီ၏ အခွင့်အရေးများ ကျင့်သုံးပုံ တို့အကြားရှိ ချိတ်ဆက်မှုများကို နောင်ကာလပညာရပ်က ပိုမို ပြသမည် ဖြစ်သည့်အတွက် လူတဦးချင်းစီ၏ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကို အထောက်အပံ့ပေးသည့် သက်သေအချက်အလက်များသည် ပိုမို အားကောင်းခိုင်မာလာကြသည်။ သို့ဖြစ်၍ ACHR ၏ အစိတ်အပိုင်းဖြစ်သည့် အမေရိကနိုင်ငံများစနစ်၏ San Salvador နောက်ဆက်တွဲစာချုပ်သည် အခွင့်အရေးအစုနှစ်ရပ်စလုံးကို တူညီသည့် စောင့်ကြည့်ရေးအဖွဲ့များမှ ကြီးကြပ်ကွပ်ကဲခွင့် ပြုပါသည်။ ပြည်သူ့ရေးရာနှင့် နိုင်ငံရေး လုပ်ဆောင်ချက်များနှင့် ချိတ်ဆက်၍သာမက လုပ်ဆောင်ချက်အများအပြားကို လွှမ်းခြုံပါဝင်သည့် အမှုတခုကို တည်ဆောက်နိုင်စွမ်း ရှိပါသည်။

လူတဦးချင်းစီက အွန်လိုင်းတွင် လက်လှမ်းမီ သုံးစွဲနိုင်သည့် အမျိုးစုံလင်သော အကြောင်းအရာများအရ ဤမျှော်မှန်းချက်သည် အလားအလာရှိပါသည်။ သို့ဖြစ်၍ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများကို အစဉ်အလာအရ ပိုမို အကာအကွယ်ပေးခြင်းအား အခြားအခွင့်အရေးများ အခြေအနေတွင် လေ့လာခြင်းပြုပါက နောက်ထပ် ရှုပ်ထွေးပါသည်။ ထို့အပြင် အွန်လိုင်းတွင် လူတဦးချင်းစီမှ တပြိုင်နက်တည်း လက်ခံရရှိပြီး ပေးပို့သည့် နည်းလမ်း အများအပြားသည် အင်တာနက်မတိုင်မီရှိ အခြားဆက်သွယ်ရေးနည်းလမ်းနှင့် မတူညီပေ။ အခွင့်အလမ်းမျိုးစုံအတွက် ဆက်သွယ်ရေးနည်းလမ်း၏ ထူးခြားမှုနှင့် အသုံးပြုမှု၏ အရေးပါပုံသည် လက်လှမ်းမီ မရရှိနေသည့် လူတဦးချင်းစီကို မည်သို့ ကာကွယ်နိုင်သည်ကို နီးနီးကပ်ကပ် လေ့လာရန် လူ့အခွင့်အရေး ဥပဒေမူဘောင်အား လိုအပ်စေသည်။ သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်၏ အစွန်းနှစ်ဖက်ရှိ လူများအကြား လူ့အခွင့်အရေးကျင့်သုံးနိုင်စွမ်းကွာခြားချက်သည် ပိုမို သိသာလာမည်ဖြစ်ပြီး လူ့အခွင့်အရေးအာမခံချက်များနှင့် ပိုမို စည်းနှောင်လာနိုင်ခြေရှိသည်။ လက်လှမ်းမီရရှိမှု မရှိသည့် လူတဦးချင်းစီသည် 'အွန်လိုင်းအသုံးပြုခြင်း' ၏ အကျိုးကျေးဇူးများမှ ပို၍ ဝေးကွာလာသည့်အတွက် ယူဆချက် တရပ်ဖြစ်သည့် သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်သည် လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်တခုတည်းသာမက အခွင့်အရေးအများအပြားကို ဖြည့်ဆည်းရန်အတွက် အရေးပါသော အစိတ်အပိုင်းအဖြစ် ပိုတိုး၍ ဖြစ်လာရန် လိုအပ်ပေမည်။[၁၀၇] ဤနိဂုံးချုပ်သုံးသပ်ချက်သည် ထပ်မံလေ့လာရန် လိုအပ်ချက် ဖြစ်စေသည်။ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့် ပိုမို အဆင်ပြေချောမွေ့စေရေး ရည်ရွယ်ထားသည့် နိုင်ငံမှ ဦးစီး ဆောင်ရွက်သည့် သတင်းအချက်အလက် နည်းပညာ အားလုံးသုံးစွဲရေးမူဝါဒများနှင့် အစီအမံများကိုသာမက ဥပဒေ စည်းမျဉ်းများကိုပါ ထပ်မံ လေ့လာရန် လိုအပ်သည်။

ဤအခန်း၏ လေ့လာဆန်းစစ်ချက်သည် နယ်ပယ်နှစ်ရပ်တွင် နောက်ထပ် သုတေသန အသေးစိတ်ကို လေ့လာဆန်းစစ်ရာ၌ အသုံးပြုနိုင်သည့် အခြေခံကို ဖန်တီးပေးသည်။ ပထမနယ်ပယ်မှာ အခြားအခွင့်အရေးများ၏

---

[၁၀၆] Pelkonen (n. 66) 13; UNGA 'Report of the Special Rapporteur on the Promotion and Protection of the Right to Freedom of Opinion and Expression, Frank La Rue' (16 May 2011) UN Doc A/HRC/17/27.

[၁၀၇] Lucchi (n. 11) 167–9.

ဥပဒေစနစ်အကြားရှိ တူညီချက်များ၊ ကွဲပြားချက်များနှင့် ဖြစ်နိုင်ခြေရှိသည့် ဝိရောဓိ ဖြစ်မှုများ ဖြစ်ပါသည်။ ဒုတိယနယ်ပယ်မှာ သတင်းအချက်အလက်နည်းပညာ အားလုံးသုံးစွဲနိုင်ရေး စည်းမျဉ်းများ၊ မူဝါဒများနှင့် အစီအမံများ ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် အကဲဖြတ်ခြင်းတို့ရှိ လက်ရှိစံနှုန်းများနှင့်အတူ ထွန်းသစ်စ ဥပဒေစနစ် ဖြစ်ပါသည်။ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်သာမက အခြားအခွင့်အရေးများနှင့် ဆက်စပ်၍ အဓိပ္ပာယ်ပြည့်ဝသော အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့် ဖြစ်ရန်အတွက် လိုအပ်သော အကြောင်းရင်း ကျယ်ကျယ်ပြန့်ပြန့် ရှိပါသည်။ သို့သော် အဆိုပါ လက်လှမ်းမီ သုံးစွဲခွင့် ရရှိရန်အတွက် 'ဥပဒေအရ အခွင့်အရေး' ရှိကြောင်း ဆွေးနွေးရန် နယ်ပယ် အကန့်အသတ်ရှိနေပါသည်။

သို့ဖြစ်၍ လူ့အခွင့်အရေးခုံရုံးများက ရေးဆွဲပြုစုထားသည့် လက်ရှိစံအဖြစ်သတ်မှတ်ထားသော စံနှုန်းများနှင့် ဥပဒေစနစ်သည် နိုင်ငံမှ ဦးစီးဆောင်ရွက်သည့် သတင်းအချက်အလက်နည်းပညာ အားလုံး သုံးစွဲရေး ဥပဒေ စည်းမျဉ်းနှင့် မူဝါဒများအရ လေ့လာဆန်းစစ်ရန် လိုအပ်သည်။ အခွင့်အရေးအခြေပြု လေ့လာဆန်းစစ်ချက်တွင် ဤအစပျိုးလုပ်ငန်းများကို လူ့အသိုက်အဝန်းအတွင်း မည်သို့ မိတ်ဆက်ထည့်သွင်းသင့်သည်အား လေ့လာဆန်းစစ်ချက် ပါဝင်ရမည်။ အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်မှ အကျိုးကျေးဇူးရရှိရန်နှင့် အသုံးပြုနိုင်စေရန် အတွက် အခြေခံအဆောက်အဦနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးတို့အရ လေ့လာဆန်းစစ်ခြင်း ဖြစ်ပါသည်။ ပူးတွဲကြေညာစာတမ်းက အကြံပြုသကဲ့သို့ပင် အင်တာနက်၏ အလားအလာရှိသော အကျိုးကျေးဇူးများအကြောင်း အသိပညာမြှင့်တင်ခြင်းကို ဤလေ့လာဆန်းစစ်ချက်၏ အစိတ်အပိုင်းအဖြစ် ထည့်သွင်းသင့်ပါသည်။ ဥပဒေ အာမခံချက်များ၏ လက်ရှိ လွှမ်းခြုံနယ်ပယ်ပြင်ပ ဖြစ်သည့်တိုင်အောင် ထည့်သွင်းရမည်။ ကျေးလက်ပြည်သူ၊ မသန်စွမ်းများ၊ အမျိုးသမီးများနှင့် အခြားလူနည်းစုများအပါအဝင် အဖယ်ကြဉ်ခံလူများအတွက် လူတိုင်း လက်လှမ်းမီ သုံးစွဲရေး အဆင်ပြေချောမွေ့စေမည့် အထူး ဆောင်ရွက်ချက်များ ပြဋ္ဌာန်းခြင်းကိုလည်း လေ့လာချက်၏ အစိတ်အပိုင်းအဖြစ် ထည့်သွင်းရမည်။ သတင်းအချက် အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကို ကျဉ်းမြောင်းစေမည့် လက်ရှိ အာမခံချက်များ၏ လွှမ်းခြုံနယ်ပယ်သည် အကန့်အသတ်ဖြစ်နေသည့်အတွက် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့များက ထည့်သွင်းစဉ်းစားရမည့် ဖြစ်နိုင်ခြေရှိသော နည်းလမ်းများကို ဤသုတေသနက ဖော်ပြပါသည်။ အနာဂတ်ကာလတွင် ပိုမိုကျယ်ပြန့်သော အကာအကွယ်များ အသေအချာ ဖြစ်စေရေးအတွက် လူ့အခွင့်အရေးစာချုပ်များကို လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့များက တဖြည်းဖြည်း တိုးတက်၍ အနက်ပြန်ဆိုသည့် နည်းလမ်းများ ဖြစ်ပါသည်။

အခန်း ၆။ သတင်းအချက်အလက်နည်းပညာ အားလုံး ရရှိသုံးစွဲရေး ဆိုင်ရာ ဖြစ်ရပ်အခြေပြုလေ့လာမှု

အခန်း (၂) တွင် ဖော်ပြထားသကဲ့သို့ပင် သတင်းအချက်အလက် နည်းပညာ အားလုံး ရရှိသုံးစွဲရေးဆိုင်ရာ မူဝါဒများနှင့် အစီအစဉ်များ ရေးဆွဲရာ၌ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို ဆီလျော်ကိုက်ညီစွာ လက်တွေ့ကျကျ စဉ်းစားခြင်းသည် သမိုင်းအစဉ်အလာအရ နည်းပါးခဲ့ပါသည်။[၁] သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကို ဖြေရှင်းကိုင်တွယ်ရန် လူ့အခွင့်အရေး အာမခံချက်များအား ချဲ့ထွင်သင့်ကြောင်း ယုံကြည်လက်ခံလောက်ဖွယ် ဆွေးနွေးချက်များရှိသော်ငြား အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေအောက်မှ အကာအကွယ်များကို ၎င်းတို့အနေဖြင့် ရရှိသည့် အတိုင်းအတာသည် လက်တလောတွင် အလွန်ပင် အကန့်အသတ်နှင့်သာ ရှိနေပါသည်။ ထို့အပြင် လွတ်လပ်စွာထုတ်ဖော် တင်ပြပြောဆိုခွင့်ကပေးသည့် အကာအကွယ်များသည် လုပ်ဆောင်ရမည့် တာဝန်များထက် မလုပ်ဆောင်ရမည့် တာဝန်များကို အဓိကအားဖြင့် အလေးထားလိုကြသည်။ လက်ရှိဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အဦကို လက်လှမ်းမီ သုံးစွဲခွင့် တားမြစ်ခြင်း အနေအထားတွင် မလုပ်ဆောင်ရမည့် တာဝန်များ ပေါ်ပေါက်လေ့ ရှိသည်။ သို့သော် ဤမလုပ်ဆောင်ရမည့် တာဝန်များသည် အရေးကြီးသော်ငြား သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကို တိုက်ရိုက် မကိုင်တွယ်ထားပေ။ သီအိုရီအရဆိုသော် လုပ်ဆောင်ရမည့် တာဝန်များသည် အဆိုပါ ဝန်ဆောင်မှုများကို ဖန်တီးရေး ဦးတည်ထားသော်ငြား သို့မဟုတ် အဆိုပါ ဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အဦကို လက်လှမ်းမီ ရရှိအောင် ပြုလုပ်ထားသော်ငြား လုပ်ဆောင်ရမည့် တာဝန်များသည် လွှမ်းခြုံနယ်ပယ်နှင့် အကျိုးသက်ရောက်မှုတွင် သေချာမှု အတော်ပင် နည်းပါးကြောင်း တွေ့ရှိရပေသည်။ အခြားတဖက်တွင်မူ ပူးတွဲကြေညာစာတမ်းသည် 'အင်တာနက် လက်လှမ်းမီသုံးစွဲခွင့် တိုးမြှင့်စေရန်အတွက် နှစ်ပေါင်းများစွာလုပ်ဆောင်ရမည့် လုပ်ငန်းအစီအမံများကို နိုင်ငံများက ချမှတ်သင့်ကြောင်း အဆိုပြုထားသည်။ ရှင်းလင်း၍ အသေးစိတ်ကျသည့် ဦးတည်ချက်များကိုသာမက ပွင့်လင်းမြင်သာမှု၊ ပြည်သူများအား အစီရင်ခံခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းဆိုင်ရာ စံနှုန်းများ' ကိုလည်း ချမှတ်သင့်ကြောင်း အဆိုပြုထားသည်။[၂]

ဆင်းရဲသားများအတွက် သတင်းအချက်အလက် လက်လှမ်းမီ ရရှိခွင့် စီမံပေးရန်အတွက် အခြေခံ ကိရိယာအဖြစ် သတင်းအချက်အလက်နည်းပညာ အားလုံး ရရှိသုံးစွဲရေး မူဝါဒများနှင့် အစီအမံများကို နိုင်ငံများက အများအားဖြင့် အသုံးပြုခဲ့ကြသည်။ လူ့အခွင့်အရေးတာဝန်ရှိမှုများ အထူးသဖြင့် လုပ်ဆောင်ရမည့် တာဝန်များကို

---

[၁] အခန်း (၂-၅) ကို ကြည့်ပါ။

[၂] UN OSCE 'Joint Declaration on Freedom of Expression and the Internet' (1 June 2011) [ဤနေရာမှ စ၍ ပူးတွဲကြေညာစာတမ်း (Joint Declaration) ဟု ရေးသားသွားမည်] Section 6f, <www.oas.org/en/iachr/expression/bas ic_documents/declarations.asp>.

အကောင်အထည်ဖော်ခြင်းအတွက် ဤအစီအမံများသည် အလွန်ပင် အသုံးတည့်ပါသည်။[၃] သို့ရာတွင် ယခင် အခန်းများတွင် ဆွေးနွေးထားသကဲ့သို့ လူ့အခွင့်အရေး ဥပဒေဆိုင်ရာ အခြေခံမူများသည် သတင်းအချက်အလက် နည်းပညာ အားလုံးရရှိသုံးစွဲမှုအစီအမံများ သို့မဟုတ် မူဝါဒများနှင့် မည်သို့ အပြန်အလှန် တုံ့ပြန်ကြောင်းကို ပို၍ ပြည့်ပြည့်စုံစုံ နားလည်သဘောပေါက်ရန် လိုအပ်သည်။ ဤအမြင်အရ သတင်းအချက်အလက် နည်းပညာ အားလုံး ရရှိသုံးစွဲရေး အစီအမံများနှင့် မူဝါဒအတွက် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်နှင့် လူ့အခွင့်အရေးတို့၏ ဆီလျော်ကိုက်ညီမှုကို အသိအမှတ်ပြုခြင်းနှင့် ဤအစပျိုးလုပ်ဆောင်မှုများရှိ လူ့အခွင့်အရေးလေ့လာဆန်းစစ်ချက်များကို ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်ခြင်းတို့အကြား ကွာဟချက် ရှိပါသည်။ ဥပဒေမူဘောင်နှင့် ဖွံ့ဖြိုးရေးအလေ့အကျင့်များ တဖြည်းဖြည်းတိုးတက်လာခြင်းကို ဤအစပျိုး အကောင်အထည်ဖော်ရမည့် လုပ်ငန်းများ၏ လူ့အခွင့်အရေးဆိုင်ရာလေ့လာဆန်းစစ်ချက်က မည်သို့ထောက်ပံ့ပေးကြောင်း နားလည် သဘောပေါက်ခြင်း ဖြစ်သည်။

ရေးသားထားသည့်အတိုင်း နိုင်ငံအများ၏ သတင်းအချက်အလက် နည်းပညာ အားလုံးရရှိသုံးစွဲရေး အစီအမံများကို မိဒီယာ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးအထောက်အပံ့ပစ္စည်းများဖွံ့ဖြိုးရေး တောင်းဆိုချက်များနှင့် သဘောကိုက်ညီကြောင်း ယူဆနိုင်သည်။ အင်တာနက်လူတိုင်း လက်လှမ်းမီ သုံးစွဲခွင့် သေချာစေရေးအတွက် ပူးတွဲကြေညာစာတမ်းက အကြံပြုထားသည့် လုပ်ငန်း ၄ ရပ် ပါဝင်သည်-

- ဆင်းရဲသားများနှင့် ကျေးလက်ဒေသနေ ပြည်သူများအတွက် အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့် ပိုမိုမြန်ဆန်ရေး ဥပဒေစည်းမျဉ်းဆိုင်ရာ ယန္တရားများ ဖန်တီးခြင်း၊
- ရပ်ရွာအခြေပြု သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ စင်တာများနှင့် အခြားဖြစ်နိုင်ခြေရှိသော သုံးစွဲနိုင်သည့်နေရာများ တည်ထောင်ခြင်းဖြင့် ရရှိသုံးစွဲခွင့်ကို အဆင်ပြေချောမွေ့စေရေး တိုက်ရိုက်အထောက်အပံ့များ စီမံခြင်း၊
- အင်တာနက်အသုံးပြုခြင်းမှ အကျိုးကျေးဇူးမည်သို့ ရရှိသည်နှင့် မည်သို့ အသုံးပြုမည်တို့ အကြောင်း လုံလောက်သည့် အသိပညာမြှင့်တင်ခြင်း၊
- မသန်စွမ်းများနှင့် အကျိုးခံစားခွင့်မရရှိသူများအတွက် အညီအမျှ လက်လှမ်းမီ ရရှိမှုသေချာစေရေး အထူးအရေးယူဆောင်ရွက်ချက်များ ချမှတ်ခြင်း။[၄]

မက္ကဆီကိုနိုင်ငံ၊ Jalisco ပြည်နယ်တွင် ဆောင်ရွက်ခဲ့သည့် သတင်းအချက်အလက်နည်းပညာ အားလုံးလက်လှမ်းမီ ရရှိသုံးစွဲရေးအစီအမံတခုကို ဖြစ်ရပ်အခြေပြုလေ့လာမှုအဖြစ် ဤအခန်းက လေ့လာဆန်းစစ်ပါသည်။ အစီအမံဖြင့် ဆောင်ရွက်ထားသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကို အများပြည်သူ လက်လှမ်းမီ သုံးစွဲနိုင်သည့် နေရာများ သို့မဟုတ် သတင်းအချက်အလက်ဆိုင်ရာ ရပ်ရွာအခြေပြုစင်တာများ

---

[၃] Chrisanthi Avgerou, 'Discourses on ICT and Development' (2010) 6 *Information Technologies and International Development* 1.

[၄] ပူးတွဲကြေညာစာတမ်း (n. 2), 6e; အခန်း (၄) နိဒါန်းကိုလည်း ကြည့်ပါ။

(digital community centres - DCCs) ကို အသုံးပြုသူများ၊ စီမံအုပ်ချုပ်သူများနှင့် အကောင်အထည်ဖော်သူများ၏ အမြင်များကို စူးစမ်းလေ့လာခြင်းဖြင့် ပူးတွဲကြေညာစာတမ်းမှ အကြံပြုထားသည့် လုပ်ငန်းများကို အစီအမံက အကောင်အထည်ဖော်ရန် မည်သို့ အားထုတ်ကြောင်းကို လေ့လာဆန်းစစ်ချက်က ဆင်ခြင်သုံးသပ်ပါသည်။ ထွက်ပေါ်လာသည့် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများနှင့် သင့်လျော်သည့် လက်လှမ်းမီ ရရှိသုံးစွဲခွင့်ကို ရရှိမည်လားတို့ကိုလည်း သုံးသပ်သည်။

ရည်ရွယ်ချက်နှင့် လွှမ်းခြုံနယ်ပယ်

ဤလေ့လာချက်၏ ရည်ရွယ်ချက်သည် အလွန်ပင်တိကျပြီး လွှမ်းခြုံနယ်ပယ်သည် သေးငယ်ပါသည်။ အကန့်အသတ်သာရှိသည့် လွှမ်းခြုံနယ်ပယ်နှင့်အတူ ဤစီမံကိန်းများ၏ တန်ဖိုးကို လေ့လာချက်က သက်သေပြနိုင်သို့မဟုတ် သက်သေမပြနိုင်ပေ။ သို့တည်းမဟုတ် လက်တွေ့အကောင်အထည်ဖော်ရာတွင် တွေ့မြင်ရသည့် စိန်ခေါ်ချက်များသည် လူတဦးချင်းစီ၏ လူ့အခွင့်အရေးများကို ချိုးဖောက်ကြောင်း သုံးသပ်နိုင်သည့် သက်သေအချက်အလက်များကိုလည်း ပေးအပ်ခြင်း မပြုပေ။ သို့ရာတွင် လေ့လာချက်မှ အရည်အသွေးအခြေပြု အမြင်ရှုထောင့်များကို ကျယ်ကျယ်ပြန့်ပြန့် ရရှိပါသည်။ သတင်းအချက်အလက်နည်းပညာ အားလုံး ရရှိသုံးစွဲရေးဆိုင်ရာ အစီအမံ၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ အထောက်အကူပစ္စည်းများ သို့မဟုတ် ရပ်ရွာအခြေပြု သတင်းအချက်အလက်စင်တာများကို အများအပြား အသုံးပြုသည့် မူဝါဒချမှတ်သူများ၊ စီမံအုပ်ချုပ်သူများနှင့် အသုံးပြုသူများ၏ အမြင်ရှုထောင့်များ ဖြစ်သည်။ ဤအမြင်ရှုထောင့် အမျိုးမျိုးသည် လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးရေးနယ်ပယ်များအကြား ပူးပေါင်းဆောင်ရွက်မှုအတွက် အထိရောက်ဆုံး လမ်းကြောင်းများကို ရှာဖွေရာတွင် လက်တွေ့ကျကျ တန်ဖိုးနှင့် စိန်ခေါ်ချက်များကို ဖော်ထုတ်ပါသည်။ (အခန်း ၂ တွင်) နယ်ပယ်နှစ်ရပ်စလုံးသည် ထိုသို့ ဆောင်ရွက်ရန် လိုအပ်ကြောင်း ဖော်ထုတ်ထားသော်ငြား အားလုံး ပိုမို ပါဝင်သည့် သတင်းအချက်အလက်အသိုက်အဝန်းရရှိရေးဆီသို့ ဆက်လက်ဦးတည်စေသည့် စံနှုန်းများသည် အပြန်အလှန် တွန်းအားပေးပြီး ပေါင်းစုရေးအတွက် သေချာစေရေး ပိုမို ဆောင်ရွက်ရန် လိုအပ်သည်။ ယခင်အခန်းများ၏ ဥပဒေ လေ့လာဆန်းစစ်ချက်မှ ထုတ်နှုတ်ထားသော သုံးသပ်ချက်များကို လက်တွေ့ကျကျ အခြေအနေများအတွက် အသုံးပြုခြင်းဖြင့် ဤအခန်းက အဆိုပါလစ်ဟာချက်ကို ကိုင်တွယ်ဖြေရှင်းသည်။ သို့ဖြစ်၍ နောက်ထပ် လိုအပ်သည့် သုတေသနအတွက် အကြံပြုထားသည့် နယ်ပယ်များကို ဖော်ထုတ်ရန် ဤလေ့လာချက်က ထမ်းဆောင်ပါသည်။ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT4D) ပညာရှင် Avgerou က ဖော်ပြသည်မှာ-

> မှန်ကန်တိကျပြီး အသေးစိတ် နားလည်သဘောပေါက်သည့် သုတေသနအတွက် အရည်အသွေး အခြေပြု သုတေသီများတွင် အခွင့်အလမ်း အများအပြား ရှိသည်။ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ တီထွင်ဆန်းသစ်မှုကို စိတ်ဝင်စားဖွယ်ရာ အတွေ့အကြုံမရှိသည့် ဒေသ သို့မဟုတ် ရပ်ရွာအဖွဲ့အစည်း အနည်းအကျဉ်းသာ ရှိပါသည်။ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကို မြှင့်တင်ရေး အစပျိုးအကောင်အထည်ဖော်ရမည့် လုပ်ငန်းများသည် ကျယ်ပြန့်ပါသည်။ အဖွဲ့အစည်း အမျိုးမျိုးမှ လွှမ်းမိုးမှုများနှင့် မူဝါဒအမျိုးမျိုး၏ ထိရောက်မှုများကိုသာမက အကောင်အထည်ဖော်ရမည့်

လုပ်ငန်းအတွက် အနက်အဓိပ္ပာယ်များ ဖြစ်ပေါ်စေခြင်းနှင့် စွမ်းဆောင်ရည်များကို ဖော်ပြရန် ၎င်းတို့တွင် ပြည့်စုံလုံလောက်သည့် သမိုင်းဖြစ်စဉ် ရှိပါသည်။[၅]

အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်အတွက် လိုအပ်သည့် အခြေခံ အဆောက်အဦကို နိုင်ငံမှ ဦးစီးဆောင်ရွက်သည့် သတင်းအချက်အလက်နည်းပညာ အားလုံး ရရှိသုံးစွဲရေး အစီအမံမှတဆင့် စီစဉ်ပေးသည့် နည်းလမ်းများကို ဤလေ့လာချက်ဖြင့် စူးစမ်းလေ့လာပါသည်။ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်သည် အခြားဆက်သွယ်ရေးနည်းလမ်းဖြင့် မဆောင်ကြဉ်းပေးနိုင်သည့် သတင်းအချက်အလက်နှင့် ဝန်ဆောင်မှုများကို ရရှိသုံးစွဲခွင့်အား လူတဦးချင်းစီအတွက် မည်သို့ စီမံပေးသည်ကိုလည်း လေ့လာပါသည်။ ဤလေ့လာချက်၏ အနှစ်သာရအနေဖြင့် သတင်းအချက်အလက်နည်းပညာ ရရှိသုံးစွဲရေး ရပ်ရွာအခြေပြုစုစည်းတာ ၁၉ ခုသို့ လေ့လာရေး သွားရောက်ခြင်း ပါဝင်သည်။ ၂၀၁၁ ခုနှစ်မှစ၍ ၃ လတာကာလအတွင်း အသုံးပြုသူ ၇၅ ဦးနှင့် စင်တာ စီမံအုပ်ချုပ်သူ ၂၂ ဦးတို့ကို ပြုလုပ်သည့် မေးခွန်းလွှာမေးမြန်းခြင်းနှင့် အင်တာဗျူးမေးမြန်းခြင်းများလည်း ပါဝင်သည်။ အသုံးပြုသူများ၏ အွန်လိုင်းသတင်းအချက်အလက် အသုံးပြုမှုနှင့် အသုံးပြုသည့် အလေ့အထများ ဆိုင်ရာ အကြမ်းဖျင်းပုံရိပ်များကို ပြုစုရန် ရည်ရွယ်ပါသည်။ ထို့အပြင် သင့်လျော်သည့် အွန်လိုင်း သတင်းအချက်အလက်နှင့် ဝန်ဆောင်မှုကို ရပ်ရွာလူထုမှ အသေအချာ ရရှိသုံးစွဲရေးအတွက် စီမံအုပ်ချုပ်သူများ၏ အခန်းကဏ္ဍကိုလည်း ပြုစုရန် ရည်ရွယ်ထားပါသည်။ အင်တာဗျူးမေးမြန်းခဲ့သည့် စီမံအုပ်ချုပ်သူများမှာ လေ့လာခဲ့သည့် စင်တာ ၁၉ ခုကို စီမံအုပ်ချုပ်သူများ ဖြစ်ကြသည်။ အင်တာဗျူးမေးမြန်းခဲ့သည့် အသုံးပြုသူများမှာ လေ့လာနေစဉ် အတောအတွင်း စင်တာတွင် ရှိနေသူများ ဖြစ်ကြသည်။ ထို့အပြင် La Agenda Digital Jalisco (JDA) ကို တပြည်နယ်လုံး အကောင်အထည်ဖော်ရာတွင် တာဝန်ရှိသူ အကြီးတန်းအရာရှိ ၄ ဦးကိုလည်း အင်တာဗျူးခဲ့သည်။ La Agenda Digital Jalisco ၏ မူဘောင်၊ ၎င်းတို့ဆောင်ရွက်သည့် အထောက်အကူပစ္စည်းများ၏ အကျိုးကျေးဇူးများနှင့် သတင်းအချက်အလက်နည်းပညာ အားလုံး ရရှိသုံးစွဲရေး အစီအမံ၏ အကောင်အထည်ဖော်ခြင်းဆိုင်ရာ စိန်ခေါ်ချက်များကို ဤအခန်းက လေ့လာပါသည်။ သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကို ကျဉ်းမြောင်းစေမည့် ဖွံ့ဖြိုးရေးအစီအမံများ၏ လက်တွေ့အကောင်အထည်ဖော်မှုနှင့် မူဝါဒပိုင်း စကားတန်ဆာဆင်ခြင်းတို့အကြား ကွာဟချက်ကို နည်းပါးစေရေး အထောက်အကူပြုရန် အလို့ငှာ ဖြစ်ပါသည်။

၆-၁။ ၂၀၁၃ ခုနှစ် La Agenda Digital Jalisco အတွက် Jalisco ၏ ဥပဒေမူဘောင်

La Agenda Digital Jalisco (JDA) ဆိုသည်မှာ မက္ကဆီကိုနိုင်ငံ ပြည်နယ်တခုလုံးအတွက် ဆက်သွယ်မှု ရရှိရေးကို ဦးတည်ထားသည့် ပြည်နယ်တခုလုံး လွှမ်းခြုံသည့် ဖွံ့ဖြိုးရေးဆိုင်ရာ (ဒေသခွဲအဆင့်) အစပျိုး အကောင်အထည်ဖော်ရမည့် လုပ်ငန်း ဖြစ်သည်။ ပြည်နယ်အတွင်း စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်

[၅] Avgerou (n. 3).

ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်း ဖြစ်သည်။[၆] JDA ၏ မူဝါဒသည် အခန်း (၂) တွင် ဆွေးနွေးထားခဲ့သည့် WSIS နှင့် MDG အခြေခံမူများကို Jalisco ၏ ဥပဒေမူဘောင်နှင့် ဖွံ့ဖြိုးရေးရည်ရွယ်ချက်များ၏ သီးသန့်အခြေအနေနှင့် အယူအဆပိုင်း ချိတ်ဆက်ထားပါသည်။[၇] ဖွံ့ဖြိုးတိုးတက်ရေးအစပျိုးလုပ်ငန်းများ၏ လွှမ်းခြုံသည့်အပိုင်းတပိုင်းမှာ ပြည်နယ်အတွင်းရှိ ကျေးလက်ပြည်သူများ သို့မဟုတ် ဆင်းရဲသားလူမှုအဖွဲ့အစည်းများအတွက် အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့် ဆောင်ကြဉ်းပေးရေး ရည်ရွယ်ထားသည့် သတင်းအချက်အလက် နည်းပညာ အားလုံး ရရှိသုံးစွဲရေး မူဝါဒနှင့် အစီအမံဖြစ်ပါသည်။[၈] JDA ၏ သတင်းအချက်အလက်နည်းပညာ အားလုံးရရှိသုံးစွဲရေး အစီအမံသည် လက်လှမ်းမီ ရရှိသုံးစွဲမှု၏ အနက်အဓိပ္ပာယ်ကို ဖော်ပြထားသည်။ အင်တာနက်ကို ချိတ်ဆက်ရန် လိုအပ်သည့် အခြေခံအဆောက်အဦကို လက်လှမ်းမီ သုံးစွဲခွင့်သာမက ကျေးလက်ပြည်သူနှင့် ဆင်းရဲသားများ၏ ဘဝတိုးတက်မြင့်မားစေမည့် အွန်လိုင်း အကြောင်းအရာနှင့် ဝန်ဆောင်မှုများကို ရရှိသုံးစွဲရန် လိုအပ်သည့် အရင်းအမြစ်များနှင့် ကျွမ်းကျင်မှုများသည်လည်း ၎င်းအနက်အဓိပ္ပာယ်တွင် ပါဝင်သည်။[၉]

ဖက်ဒရယ်အခြေခံဥပဒေတွင် အသေးစိတ်ဖော်ပြထားသည့် အခြေခံဥပဒေဆိုင်ရာ ရပိုင်ခွင့်များကို ဖြည့်ဆည်းပေးရေးသေချာစေရန် အလို့ငှာ ပြည်နယ်ဖွံ့ဖြိုးရေးအစီအမံတရပ်ကို Jalisco ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ ပုဒ်မ (၁၅) နှင့် (၅၀) တို့က ပြဋ္ဌာန်းထားသည်။ ၎င်းအခြေခံဥပဒေဆိုင်ရာ ရပိုင်ခွင့်များကို ပြည်နယ်အခြေခံဥပဒေ၏ ပုဒ်မ (၄) တွင် အသိအမှတ်ပြုထားပါသည်။[၁၀] Jalisco ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ ပုဒ်မ (၄) သည် မက္ကဆီကိုနိုင်ငံက လက်မှတ်ရေးထိုး၊ အတည်ပြု သို့မဟုတ် အဖွဲ့ဝင်အဖြစ် ပါဝင်ထားသည့် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ လူ့အခွင့်အရေး စာချုပ်များနှင့် သဘောတူညီချက်များပါ အခွင့်အရေးအားလုံးကိုလည်း အသိအမှတ်ပြုထားသည်။[၁၁]

JDA သည် Jalisco ၏ ၂၀၃၀ ပြည့်နှစ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွင် ပြဋ္ဌာန်းထားသည့် အစပျိုးလုပ်ငန်း ဖြစ်သည်။ 'အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံများအတွက် အရေးအကြီးဆုံး အခြေခံမူများ၊ ရပိုင်ခွင့်များနှင့် တာဝန်များနှင့်အတူ အခြေခံဥပဒေတွင် ထည့်သွင်းထားသည့် လူမှုရေးရာ သဘောတူညီချက် ဖြစ်ပြီး အစီအမံရေးဆွဲခြင်း၏ ရည်ရွယ်ချက်များကို သတ်မှတ်ရန်အတွက် စံနှုန်းကို ချမှတ်ထားသည်' ဟု ဖော်ပြထားပါသည်။ JDA ၏ အခြေခံသည် အခန်း (၂) တွင် လေ့လာထားသည့် WSIS စာတမ်းများ၏ ဦးစားပေးလုပ်ငန်းများကို ထင်ဟပ်

---

[၆] *La Agenda Digital Jalisco 2013, Para Impulsar el Desarrollo Economico y Social*, 2nd edn (Gobierno de Jalisco 2012) 1 (translation of title by author, *The Digital Agenda of Jalisco: To Drive Economic and Social Development*) [hereafter *La Agenda Digital Jalisco*].

[၇] ibid. 19–20.

[၈] ibid. 39–48.

[၉] ibid. 39.

[၁၀] State Constitution of Jalisco, Article 4, 15, VI, 50 http://mexico.justia.com/estatales/jalisco/constit ucion-politica-del-estado-de-jalisco/titulo-primero/capitulo-iii/ .

[၁၁] ibid., Article 4.

ထားသည်။[၁၂] စီမံကိန်း၏ ဆောင်ပုဒ် ဖြစ်သည့် 'လူမှုစီးပွား တိုးတက်ရေး Jalisco ၏ သတင်းအချက်အလက် နည်းပညာ အစီအစဉ်ဖြင့် မောင်းနှင်ပေး (Jalisco's Digital Agenda driving social and economic development)' သည် သတင်းအချက်အလက်အသိုက်အဝန်းနှင့် အစီအစဉ်၏ စီးပွားရေးနှင့် လူမှုရေးကို ချိတ်ဆက်ထားကြောင်း ရှင်းရှင်းလင်းလင်း ဖော်ပြထားသည်။[၁၃] JDA ၏ 'ယခုအခါ အလုပ်အကိုင်အများစုသည် မြင်သာထင်သာရှိသည့် ကုန်ပစ္စည်းများထုတ်လုပ်သည့် စက်ရုံများမှ မဟုတ်ဘဲ သတင်းအချက်အလက် ပုံစံမျိုးစုံကို ဖန်တီးခြင်း၊ သိုလှောင်ခြင်းနှင့် ပြုပြင်စီမံခြင်းတို့မှ ဖြစ်ကြသည်' ဟု အကောင်အထည်ဖော်ရေးအစီရင်ခံစာက မှတ်ချက်ပြုထားသည်။[၁၄] ထပ်မံ၍ ဖော်ပြသည်မှာ 'လူတဦးသည် ၎င်း၏ နေ့စဉ်ဘဝ ရှင်သန်မှုများတွင် အသုံးပြုသည့် နည်းပညာကို ပိုမို လက်လှမ်းမီရေးနှင့်အတူ .... ပို၍ ကောင်းမွန်သော စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခြေအနေများသည် ယေျဘုယျအားဖြင့် ပိုမိုကောင်းမွန်သော ဘဝများ၌ သတင်းအချက်အလက်များကို ဖန်တီးခြင်း၊ ဖြန့်ဝေခြင်း၊ ဝေမျှခြင်းနှင့် ကိုင်တွယ်အသုံးပြုခြင်းတို့မှ ရရှိလာနိုင်ကြောင်း' ဖြစ်ပါသည်။[၁၅]

သတင်းအချက်အလက်အသိုက်အဝန်းအတွက် အထောက်အပံ့သည် ထောင်စုနှစ်ပန်းတိုင်များ (MDGs) ကို ဖြည့်ဆည်းရေး အကူအညီပေးမည့် အဓိကနည်းလမ်းများကို JDA က စာရင်းပြုစုထားသည်။[၁၆] ပထမဦးစွာ သတင်းအချက်အလက် အသိုက်အဝန်း ဖွံ့ဖြိုးတိုးတက်ရေးကြောင့် ပြည်သူရေးရာမူဝါဒများကို အကောင်းဘက်မှ သက်ရောက်မှု ရှိပါသည်။[၁၇] ဒုတိယအနေဖြင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ စက်ကြိမ်များသည် ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများကို ပြည်သူများက ပိုမို လက်လှမ်းမီ ရရှိရေး ခွင့်ပြုသည်။[၁၈] တတိယအနေဖြင့် သတင်းအချက်အလက်အသိုက်အဝန်းသည် အယူအဆများဖလှယ်ရေးနှင့် ပြည်သူရေးရာကိစ္စရပ်များတွင် ပြည်သူများမှ ပူးပေါင်းပါဝင်မှု (civic participation) ကို အဆင်ပြေချောမွေ့စေသည်။[၁၉] စီးပွားရေးလုပ်ငန်းတွင်သာမက ကမ္ဘာ့အလုပ်သမားဈေးကွက်တွင်လည်း ပွင့်လင်းမြင်သာမှု ပိုကောင်းမွန်ရေးကိုလည်း ထောက်ပံ့ပေးပါသည်။[၂၀]

အားလုံးပါဝင်သည့် သတင်းအချက်အလက်အသိုက်အဝန်း သေချာစေရေးအတွက် Jalisco ၏ ၂၀၃၀ ပြည့်နှစ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်မှသာမက အပြည်ပြည်ဆိုင်ရာဥပဒေလိုအပ်ချက်များနှင့် ကတိကဝတ်များတွင် ပါဝင်သည့် ပန်းတိုင်များနှင့် လုပ်ငန်းအစီအမံများကိုလည်း JDA တွင် ပေါင်းစပ်ထားသည်။[၂၁] အားလုံးပိုမို

---

[၁၂] အခန်း (၂-၃) ကို ကြည့်ပါ။

[၁၃] *La Agenda Digital Jalisco 2013* (n. 6) 1.

[၁၄] ibid. 11.

[၁၅] ibid.

[၁၆] ibid. 18.

[၁၇] ibid.

[၁၈] ibid. 14.

[၁၉] ibid.

[၂၀] ibid. 20.

[၂၁] ibid. 39.

ပါဝင်သည့် သတင်းအချက်အလက်အသိုက်အဝန်း သေချာစေရေးအလို့ငှာ WSIS က အနက်ဖွင့်ဆိုထားသကဲ့သို့ပင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ လက်လှမ်းမီ ရရှိရေးသည် မရှိမဖြစ် လိုအပ်ချက် ဖြစ်ပါသည်။[၂၁] 'လက်လှမ်းမီ ရရှိသုံးစွဲမှု' ကို နယ်ပယ် ၃ ရပ်ဖြင့် တိုင်းတာကြောင်းကိုလည်း JDA က ဖော်ပြသည်။ တယ်လီဆက်သွယ်ရေးအခြေခံအဆောက်အဦများကို လက်လှမ်းမီရရှိမှု၊ လူသားစွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပညာရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ လုပ်ငန်းများအတွေ့အကြုံတို့ ဖြစ်သည်။[၂၃] ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်နှင့် ချိတ်ဆက်နေသည့် JDA ၏ လုပ်ငန်းအစီအမံများသည် Jalisco ပြည်နယ်၏ ဒေသအားလုံးနှင့် မြူနီစပယ်ဧရိယာအားလုံးတွင် ပညာရေး၊ ကျန်းမာရေးနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ ပြည်သူ့ရေးရာ နေရာများရှိ မြန်နှုန်းမြင့်အင်တာနက်ဆက်သွယ်ရေးအတွက် လိုအပ်သော အခြေခံအဆောက်အဦကို စီမံပေးသည်။ ဘာသာစကားမျိုးစုံနှင့် ဒေသိယစကားမျိုးစုံတို့ဖြင့် ရေးသားထားသည့် အကြောင်းအရာ၏ အရေအတွက်နှင့် အရည်အသွေးပိုမို ရရှိရေးကိုသာမက သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုတက်မြောက်ရေးနှင့် မြှင့်တင်ရေးတို့ကိုလည်း JDA က အဆိုပြုပါသည်။ သို့ရာတွင် ကျွန်ုပ်၏ သုတေသနပြုလုပ်နေစဉ်အတွင်း ဘာသာစကားမျိုးစုံ ရရှိနိုင်မှုတိုးမြှင့်ရေး အစီအမံများကို အကောင်အထည်ဖော်ခြင်းကိုမူ အဆိုပါအချိန်ထိတိုင် မတွေ့ရှိခဲ့ရပေ။[၂၄]

ရှေ့ပိုင်းတွင် ဖော်ပြထားပြီးဖြစ်သည့် မဟာဗျူဟာများ၊ လုပ်ငန်းအစီအမံများနှင့် ကတိကဝတ်များကို တခုတည်းသော ပြည်နယ်၏ အစပျိုးလုပ်ငန်းအဖြစ် ၂၀၁၃ ခုနှစ် သတင်းအချက်အလက် နည်းပညာ အစီအစဉ်က ပေါင်းစပ်ထားပါသည်။ စီမံကိန်းအမျိုးမျိုးနှင့် ပါဝင်ပတ်သက်သူ အမျိုးမျိုးပါဝင်လျက် ပိုမိုကောင်းမွန်သော ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုနှင့် အပြန်အလှန်ချိတ်ဆက်နေသော ပန်းတိုင်များနှင့် ရည်ရွယ်ချက်များရရှိရန်အတွက် ပူးပေါင်းဆောင်ရွက်သော၊ ပေါင်းစု၍ စုစည်းညီညွတ်မှုရှိသော မဟာဗျူဟာတရပ်ကို ခွင့်ပြုပေးသည်။[၂၅] အစိုးရဌာနများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့အကြား စုပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် အကျိုး

---

[၂၁] ibid. 18.

[၂၃] ibid. 23. *Mustafa* တွင် ဖော်ပြထားသော်ငြား ဤအနက်ဖွင့်ဆိုချက်သည် WSIS ၏ လက်လှမ်းမီ ရရှိသုံးစွဲမှု နားလည်သဘောပေါက်မှုစာတမ်းနှင့် ကိုက်ညီသည်။ လက်လှမ်းမီ ရရှိသုံးစွဲမှုဆိုင်ရာ လွတ်လပ်စွာထုတ်ဖော်တင်ပြ ပြောဆိုခွင့်၏ အမြင်ရှုထောင့်ထက် ပို၍ ကျယ်ပြန့်ကြောင်း ထင်ရပေသည်။ UN 'သတင်းအချက်အလက် အသိုက်အဝန်းအတွက် WSIS တူးနစ်အစီအစဉ် (WSIS Tunis Agenda for the Information Society)' (၂၀၀၅ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်) WSIS-05/TUNIS/DOC/6 (rev. 1)-E, para 29 [ဤနေရာမှစ၍ WSIS တူးနစ်အစီအစဉ် (WSIS Tunis Agenda) ဟု ရေးသားသွားမည်]; ဆီလျော်သည့် WSIS Tunis လုပ်ငန်းနယ်ပယ်များ: C2: သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးအခြေခံအဆောက်အဦ; C3: သတင်းအချက်အလက်နှင့် အသိပညာ လက်လှမ်းမီ ရရှိခွင့်; C4: စွမ်းဆောင်ရည် တည်ဆောက်ခြင်း; C6: လုပ်သာကိုင်သာရှိသည့် ဝန်းကျင်ဖန်တီးခြင်း။ အခန်း (၂-၃) ကိုလည်း ကြည့်ပါ။

[၂၄] သင့်လျော်သည့် WSIS လုပ်ငန်းနယ်ပယ်များ - WSIS တူးနစ်အစီအစဉ် (n. 23), C8: ယဉ်ကျေးမှုအမျိုးစုံလင်များပြားမှုနှင့် ကိုယ်ပိုင်လက္ခဏာ၊ ဘာသာစကား အမျိုးစုံလင်များပြားမှုနှင့် ဒေသအခြေအနေ

[၂၅] သင့်လျော်သည့် WSIS လုပ်ငန်းနယ်ပယ်များ - WSIS တူးနစ်အစီအစဉ် (n. 23), C1: ဖွံ့ဖြိုးရေးအတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို မြှင့်တင်ရာတွင် ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှု အာဏာပိုင်များနှင့် သက်ဆိုင်သူများအားလုံး။

ရလဒ်ကို ဖန်တီးပေးရန် Jalisco ၏ သတင်းအချက်အလက်နည်းပညာ အစီအစဉ် အကောင်အထည်ဖော်ခြင်းကို ဒီဇိုင်းရေးဆွဲထားပါသည်။ မြန်နှုန်းမြင့်အင်တာနက်ကို ပြည်နယ်တွင် နေထိုင်သူအားလုံးမှ ရရှိသုံးစွဲခွင့်ကို ဖန်တီးပေးရေးအတွက် လုပ်ဆောင်နိုင်ရန် ဖြစ်ပါသည်။[၂၆]

နည်းပညာဆိုင်ရာ တယ်လီဆက်သွယ်ရေး တာဝန်ရှိမှုများ၊ သီးသန့် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များနှင့် ချိတ်ဆက်ထားသော သင့်လျော်သည့် အပြည်ပြည်ဆိုင်ရာစံနှုန်းဆိုင်ရာ အမြင်ရှုထောင့် အများအပြားမှနေ၍ ဤမူဝါဒကို အကဲဖြတ်ဆန်းစစ်နိုင်သည်။ ဤအကဲဖြတ်ဆန်းစစ်ချက်၏ ဦးတည်ချက်မှာ JDA ၏ သတင်းအချက်အလက် နည်းပညာအားလုံး ရရှိသုံးစွဲရေး အစီအမံကို စာရွက်ပေါ်နှင့် လက်တွေ့အရ အသေးစိတ် လေ့လာရန် ဖြစ်သည်။ ဤစာအုပ်၏ အရှေ့ပိုင်း အခန်း (၅) ခန်းတွင် ပြုစုထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေ လေ့လာ ဆန်းစစ်ချက်မှ ရရှိလာသည့် နားလည်သဘောပေါက်မှုမှတဆင့် လေ့လာရန် ဖြစ်သည်။ အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့် စီမံပေးရေး လုပ်ဆောင်ရန် မည်သည့်တာဝန်ရှိမှုတွင်မဆို အသေးစိတ် အစီအမံ၊ မူဝါဒ သို့မဟုတ် ဝန်ဆောင်မှုကို ချမှတ်ရန် အစိုးရအတွက် တိကျသည် လိုအပ်ချက် မထည့်သွင်းထားကြောင်း အခန်း (၄) က သုံးသပ်ထားပါသည်။[၂၇] သို့ရာတွင် သတင်းအချက်အလက်နည်းပညာ အားလုံး ရရှိသုံးစွဲရေး အစီအမံကို အစိုးရမှ ပြဋ္ဌာန်းရန် ရွေးချယ်ပါက အစီအမံသည် သီအိုရီပိုင်း သို့မဟုတ် စိတ်ကူးအယူအဆမဖြစ်ရန် လိုသည့် နည်းအတိုင်း အကောင်အထည်ဖော်ရမည်ဟုလည်း အခန်း (၄) က ဆွေးနွေးထားသည်။ ထို့ကြောင့် ဤလေ့လာချက်က အထောက်အပံ့ပြုသည့် လူ့အခွင့်အရေးပညာရှင်များနှင့် ICT4D ပညာရှင်များအတွက် အရေးပါသော သုတေသန နယ်ပယ်တရပ်မှာ ဤအစီအမံများကို လက်တွေ့ကျင့်သုံးရာတွင် ကြုံတွေ့ရသည့် အကျိုးကျေးဇူးများနှင့် စိန်ခေါ်မှုများကို လေ့လာဆန်းစစ်ချက် ဖြစ်သည်။ အကောင်အထည်ဖော်ရာတွင် စိန်ခေါ်မှုများရှိပါက သုတေသနသည် အရေးတကြီး အကဲဖြတ်ဆန်းစစ်ရမည်ဖြစ်သည်။ ဤစိန်ခေါ်ချက်များသည် မည်မျှအတိုင်းအတာအထိ အင်တာနက်လက်လှမ်းမီ ရရှိရေး ဥပဒေအရ ရပိုင်ခွင့်ကို တားမြစ်ချက် နမူနာများ သို့မဟုတ် ဥပဒေအရ

---

[၂၆] ကုလသမဂ္ဂ အထွေထွေညီလာခံ 'ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာများ' (၂၀၀၉ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်) A/Res/63/202 အကျိုးရှိထိရောက်ပြီး ရေရှည်ခိုင်မြဲသော သတင်းအချက်အလက် နည်းပညာ အားလုံး ရရှိသုံးစွဲရေးစီမံကိန်းများကို ဖန်တီးရာတွင် သက်ဆိုင်သူအများအပြား ပါဝင်မှု၏ အရေးပါပုံကို စာပိုဒ် ၄၊ ၆၊ ၉ နှင့် ၁၃ တို့က အသားပေးဖော်ပြသည်။ ကုလသမဂ္ဂ အထွေထွေညီလာခံ 'လွတ်လပ်စွာ ထင်မြင်ယူဆခွင့်နှင့် ထုတ်ဖော်ပြောဆိုတင်ပြခွင့်ကို မြှင့်တင်ခြင်းနှင့် အကာအကွယ်ပေးခြင်းဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Frank La Rue ၏ အစီရင်ခံစာ' (၂၀၁၁ ခုနှစ် မေလ ၁၆ ရက်) UN Doc A/HRC/17/27 (2011 SR Report)။ အခန်း (၆)၊ အပိုင်း (ခ)၊ စာပိုဒ် (၈၆) က သုံးသပ်ထားသည်။ ၎င်းမှာ 'လူ့အခွင့်အရေးအများအပြားကို အမှန်ဖြစ်တည်လာရေး၊ မညီမျှမှု တိုက်ဖျက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုနှင့် လူသားတိုးတက်မှုတို့ကို အရှိန်မြှင့်တင်ရေးအတွက် အင်တာနက်သည် အခြေခံကျသော ကိရိယာဖြစ်လာကြောင်း မှတ်ယူလျက် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့် လူတိုင်းအသေအချာ ရရှိရေးသည် နိုင်ငံအားလုံးအတွက် ဦးစားပေးလုပ်ငန်းတရပ် ဖြစ်ရမည်။ ထို့ကြောင့် ပုဂ္ဂလိကကဏ္ဍနှင့် သင့်လျော်သော အစိုးရဝန်ကြီးဌာနများ အပါအဝင် လူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းအားလုံးမှ တဦးချင်းစီနှင့် တိုင်ပင်ဆွေးနွေးကာ ပြီးပြည့်စုံ၍ အကျိုးရှိထိရောက်သော မူဝါဒတရပ်ကို နိုင်ငံတနိုင်ငံချင်းစီက ရေးဆွဲသင့်သည်။ လူဦးရေ၏ အစိတ်အပိုင်းအားလုံးအတွက် အင်တာနက်ကို ကျယ်ကျယ်ပြန့်ပြန့် ရရှိသုံးစွဲနိုင်ရေး ပြုလုပ်ရန် ဖြစ်သည်။'

[၂၇] အခန်း (၄-၅) ကို ကြည့်ပါ။

ပေးထားသည့် လက်ရှိအာမခံချက်များ၏ အားနည်းချက် နမူနာများဖြစ်ကြသည်ဟူ၍ လေ့လာဆန်းစစ်ရန် ဖြစ်ပါသည်။

၆-၂။ JDA ၏ သတင်းအချက်အလက်နည်းပညာ အားလုံးရရှိသုံးစွဲရေး အကောင်အထည်ဖော်ခြင်းဆိုင်ရာ မူဘောင်

ဤလေ့လာချက်မှ ထွက်ပေါ်လာသည့် ရလဒ်များသည် အားကောင်းခိုင်မာသော သတင်းအချက်အလက် နည်းပညာ အားလုံး ရရှိသုံးစွဲရေးအစီအမံများကို ဖန်တီးရေး ရည်ရွယ်ချက်ကို ဖော်ပြပါသည်။ သို့ရာတွင် တကယ့် လက်တွေ့တွင် အစိုးရမှ ချမှတ်ထားသည့် အကောင်အထည်ဖော်ရေး မူဘောင်သည် ဤရည်ရွယ်ချက်ကို ရေရှည် ခိုင်မြဲသည့် အစပျိုးလုပ်ငန်းအဖြစ် အကောင်အထည်ဖော်ခြင်း မပြုပေ။[၂၅] ဤအပိုင်းရှိ တွေ့ရှိချက်များအပေါ် လေ့လာဆန်းစစ်ချက်သည် ပြည်နယ်အဆင့်စီမံကိန်း ဦးဆောင်သူများက စင်တာများသည် မည်သို့ လည်ပတ် ဆောင်ရွက်သင့်ကြောင်းဟူသည့် သီအိုရီပိုင်း မူဘောင်ကို ဖော်ထုတ်ပါသည်။ ပါဝင်သင့်သည့် အဖွဲ့အစည်းများ၊ ငွေကြေး၊ နည်းပညာနှင့် လူသားအရင်းအမြစ်များ ခွဲဝေနေရာချခြင်းနှင့် ရပ်ရွာအတွင်း လိုအပ်သည့် အထောက်အပံ့ ပစ္စည်းပစ္စယအတွက် နေရာချထားခြင်းတို့ပါဝင်သည်။

၆-၂-၁။ ပါဝင်ပူးပေါင်းသည့် အဖွဲ့အစည်းများ

သတင်းအချက်အလက်နည်းပညာဆိုင်ရာ ရပ်ရွာအခြေပြုစင်တာများရှိသည့် အဖွဲ့အစည်းများတွင် ပေါင်းစည်းညီညွတ်သော မိသားစုဆိုင်ရာ အတွင်းရေးမှူး (Secretary of the Integral Family - DIF)၊ မက္ကဆီကို အီလက်ထရွန်းနစ် သတင်းအချက်အလက် နည်းပညာဆိုင်ရာ ရပ်ရွာအခြေပြုစင်တာများ (e-Mexico Digital Community Centres - DCC)၊ ပြည်နယ်အနှံ့ ချိတ်ဆက်ထားသည့် စာကြည့်တိုက်များ (Red de Bibliotecas)၊ သက်မွေးပညာသိပ္ပံ (Institute for Adult Education - IEEA)၊ Guadalajara တက္ကသိုလ် (University of

[၂၅] Michael Best, 'Understanding Our Knowledge Gaps: Or, Do We Have an ICT4D Field? And Do We Want One?' (5 February 2010) *Publius Project* <http://publius.cc/understanding_ourknowledgegapsor_do_we_ have_ ict4dfield_and_do_we_want_o>; Michael Best and Rajendra Kumar, 'Sustainability Failures of Rural Telecentres: Challenges from the Sustainable Access in Rural India (SARI) Project' (2008) 4 *Information Technologies & International Development* 14; Sarah Parkinson and Allan C Lauzon, 'The Impact of the Internet on Local Social Equity: A Study of a Telecenter in Aguablanca, Columbia' (2008) 4 *MIT Press Journals* ITID 21.

Guadalajara - UofG)၊ ITESO တက္ကသိုလ်၊ ITESM တက္ကသိုလ်နှင့် အခြားသော အရပ်ဖက်လူမှုအဖွဲ့အစည်း အချို့တို့ ပါဝင်ကြသည်။[၂၉]

JDA ၏ သတင်းအချက်အလက်နည်းပညာ အားလုံး ရရှိသုံးစွဲရေး အဆင့်၏ ရည်ရွယ်ချက်မှာ ရပ်ရွာအခြေပြု စင်တာ အယူအဆအကောင်အထည်ဖော်ခြင်းကို ချမှတ်ရန် မဟုတ်ပါ။[၃၀] ရပ်ရွာအခြေပြု စင်တာ၏ ပြဋ္ဌာန်းချက်များနှင့် ရည်ရွယ်ချက်များအကြောင်း ရပ်ရွာဆိုင်ရာ ယူဆချက်များနှင့် အပြောင်းအလဲများကို တန်ဖိုးချင့်ရန် အရေးပါကြောင်းကို ထည့်သွင်းစဉ်းစားခဲ့ပါသည်။[၃၁] ပြည်နယ်အနှံ့ရှိ ရပ်ရွာအခြေပြု စင်တာများကို ဒီဇိုင်းရေးဆွဲရာတွင် မတူညီသည့် အဖွဲ့အစည်းများအကြားရှိ ပြောင်းလဲလျက်ရှိသည့် အမြင်များအပေါ် အခြေပြု၍ ဦးတည်အုပ်စုများဖြင့် ရည်ရွယ်ချက်များကို ဖန်တီးခဲ့ကြသည်။[၃၂]

စီမံကိန်းအတွက် ရွေးချယ်ခဲ့သည့် စင်တာများတွင် ပြည်နယ်၏ သက်တမ်းအရင့်ဆုံး သတင်းအချက်အလက်နည်းပညာ အားလုံး ရရှိသုံးစွဲရေး စီမံကိန်းများကို ကိုယ်စားပြုအစိတ်အပိုင်းဖြစ်သည့် Comunidades de Aprendizaje y Servicios Académicos (CASA) ကို ထည့်သွင်းပါသည်။[၃၃] CASAs သည် အများပြည်သူများအတွက် ရရှိသုံးစွဲမှု စီမံရေးကိုအဓိက ဦးတည်ထားကြောင်း ယူဆရသည့် ဆက်သွယ်ရေး စင်တာများ ဖြစ်သည်။[၃၄] CASAs ၏ ဥက္ကဋ္ဌမှာ Guadalajara တက္ကသိုလ်၊ ရုပ်မြင်စနစ်၏ ကျောင်းအုပ်ဖြစ်သူ Dr Manuel Moreno Castañeda ဖြစ်ပါသည်။[၃၅] Jalisco သတင်းအချက်အလက်နည်းပညာ အစီအစဉ်၏ သတင်းအချက်အလက်နည်းပညာ အားလုံး ရရှိသုံးစွဲရေးအဆင့်ကို အကောင်အထည်ဖော်ရာတွင် တာဝန်ရှိသူအဖြစ် Jalisco ပြည်နယ် အုပ်ချုပ်ရေးမှူးသည် ရုပ်မြင်စနစ်၏ ကျောင်းအုပ်ကို ခန့်အပ်ခဲ့သည်။[၃၆] ရပ်ရွာအခြေပြု သတင်းအချက်အလက်စင်တာအသစ်များကို အကောင်အထည်ဖော်ရန်အတွက် ပုံစံသစ်များဖြစ်လာရန် CASAs ကို ရည်မှန်းထားပါသည်။[၃၇] ဤအင်တာဗျူး မေးမြန်းနေစဉ်အတွင်း သတင်းအချက်အလက်နည်းပညာ အားလုံး ရရှိသုံးစွဲရေး အဆင့်ကို သတင်းအချက်အလက်

---

၂၉ ၂၀၁၁ ခုနှစ် မေလမှ စတင်၍ နှစ်ပတ်တကြိမ် အကောင်အထည်ဖော်ရေးအစည်းအဝေးများကို Dr Manuel Moreno Castañeda နှင့် သက်ဆိုင်သူများအားလုံးနှင့် ကျင်းပပါသည်။ ဤအစည်းအဝေးများအနက် ၅ ကြိမ်ကို ကျွန်ုပ်သည် တသီးပုဂ္ဂလအနေဖြင့် တက်ရောက်ခဲ့ပါသည်။

၃၀ Jalisco ပြည်နယ်အစိုးရ၊ Jalisco ပြည်နယ်၏ အထွေထွေအတွင်းရေးမှူးချုပ်၊ Dr Víctor Manuel González Romero နှင့် အင်တာဗျူး (Guadalajara, Jalisco ၂၀၁၁ ခုနှစ် ဇွန်လ ၁၀ ရက်)

၃၁ ibid.

၃၂ Guadalajara တက္ကသိုလ်၊ JDA ၏ သတင်းအချက်အလက်နည်းပညာ အားလုံးရရှိသုံးစွဲရေး အပိုင်း၏ ညွှန်ကြားရေးမှူး၊ Dr Manuel Moreno Castañeda နှင့် အင်တာဗျူး (Guadalajara, Jalisco ၂၀၁၁ ခုနှစ် ဇွန်လ ၂၅ ရက်)

၃၃ Castañeda (n. 32); Romero (n. 30); အင်္ဂလိပ်ဘာသာပြန်သူ - CASAs (Communities of Learning and Academic Services) ရေးသားသူ

၃၄ ibid.

၃၅ ibid. Romero.

၃၆ ibid.

၃၇ Castañeda (n. 32); Romero (n. 30).

နည်းပညာအားလုံးရရှိသုံးစွဲရေး အစီအမံက အကောင်အထည်ဖော် ပြီးစီးရုံမျှ ရှိသေးသည်။[၃၈] 'စင်တာအသစ်' များသည် စတင်ရုံမျှ ဖြစ်ကြောင်း ဆိုလိုသည်။[၃၉] အသုံးပြုသူများ၏ သတင်းအချက်အလက် သုံးစွဲမှု အလေ့အထများနှင့် စင်တာကို စီမံနေသည့် အုပ်ချုပ်သူများ၏ အမြင်သဘောထားကို နားလည်သဘောပေါက်ရန်အတွက် ပြည့်စုံလုံလောက်သည့် လုပ်ငန်းရှိသော စင်တာ ၄၃ ခုကို Dr Castañeda က သတ်မှတ်ခဲ့ပါသည်။ ၎င်းစင်တာများသည် အစီအစဉ် တရားဝင် မစတင်ကတည်းက တည်ရှိနေပြီး အခြား ရပ်ရွာအခြေပြုသတင်းအချက်အလက် စင်တာများက အတုယူရန်အတွက် 'စံပြစင်တာ' သို့မဟုတ် 'အကောင်းဆုံးကျင့်သုံးမှု' အဖြစ် စီမံကိန်းအတွင်း ထည့်သွင်းထားသည့်အတွက်ကြောင့် ဖြစ်သည်။ အဆိုပြု ဆက်သွယ်ရေးစင်တာ ၄၃ ခုအနက် ကျွန်ုပ်သည် ၁၉ ခုကို လေ့လာခဲ့သည်။[၄၀] စင်တာများကို အောက်ပါ စံနှုန်းများအပေါ် အခြေခံ၍ ရွေးချယ်ခဲ့သည်။ မက္ကဆီကိုနိုင်ငံ Jalisco ပြည်နယ်အတွင်း လုံခြုံရေးနှင့် ပြည်နယ်ရှိ ဒေသအများအပြားကို သွားရောက်နိုင်မည့် ထောက်ပံ့ပို့ဆောင်ရေးတို့ ဖြစ်သည်။ ပထမဦးဆုံးအနေဖြင့် လက်နက်ကိုင်အဖွဲ့အစည်းအများအပြား တိုးပွားလာခြင်းနှင့် မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သော အကြမ်းဖက်မှုများကြောင့် Jalisco ပြည်နယ်အတွင်းရှိ ဒေသများသည် သွားရောက်ရန် မလုံခြုံပေ။ ဤရပ်ရွာ အဖွဲ့အစည်းများသည် Jalisco ပြည်နယ်တွင် အဆင်းရဲဆုံးများ ဖြစ်ကြသည့်အတွက် အကယ်၍ အခြေအနေသည် သွားရောက်ရန် လုံခြုံဘေးကင်းပါက ဤလေ့လာမှုတွင် ၎င်းရပ်ရွာ ကိုယ်စားလှယ်များ၏ အမြင်သဘောထားများကို ထည့်သွင်းရန် ကျွန်ုပ် လိုလားခဲ့ပါသည်။[၄၁] ဒုတိယအနေဖြင့် JDA အတွက် ရပ်ရွာအခြေပြု သတင်းအချက်အလက်စင်တာများ၏ နည်းပညာဆိုင်ရာ အရာရှိချုပ် ဖြစ်သူ Demian Mendoza သည် ခရီးစဉ် ၅ ခု စာရင်းကို ပြုစုခဲ့သည်။ ပြည်နယ်ရှိ မတူညီသည့် ဒေသများအတွက် Guadalajara ရှိ နေထိုင်သူများထံမှ စင်တာ အရေအတွက်ကို ခရီးစဉ်တခုစီတွင် အများဆုံး ရရှိစေရန် ပြုစုထားပါသည်။ သွားရောက်လေ့လာခဲ့သည့် စင်တာ ၁၉ ခုအနက် စင်တာ ၅ ခုသည် ကျေးလက်ဒေသ၊ ၇ ခုသည် ကျေးလက်ဒေသတစိတ်တပိုင်းနှင့် ၇ ခုသည် Jalisco ပြည်နယ်အတွင်းရှိ မြို့ကြီးများ၏ ဆင်ခြေဖုံးဒေသများအဖြစ် သတ်မှတ်ပါသည်။


---

[၃၈] ibid.

[၃၉] ibid.

[၄၀] စင်တာ ၂၀ ခုသို့ လေ့လာရေးခရီးသွားရောက်ရန် ကျွန်ုပ် စီမံထားသော်ငြား La Gloria ရှိ စင်တာသို့ ရောက်ရှိနေစဉ်တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပြီးနောက် နောက်ဆုံးစင်တာသို့ သွားရောက်မည့်ခရီးစဉ်ကို ကျွန်ုပ် ဖျက်လိုက်ရသည်။

[၄၁] Government of Jalisco, Mexico. '2012 Report on Poverty and Inequality within the State of Jalisco' <www.coneval.gob.mx/coordinacion/entidades/Paginas/Jalisco/desigualdad.aspx> accessed on 25 September 2014.



ပုံ (၆-၁) တွင် ရပ်ရွာအခြေပြုသတင်းအချက်အလက်နည်းပညာစင်တာများ ပျံ့နှံ့တည်ရှိနေပုံ

၆-၂-၂။ စင်တာ၏ ရန်ပုံငွေများ

စင်တာအားလုံးသည် သတ်သတ်မှတ်မှတ် ရန်ပုံငွေမရှိဘဲ လည်ပတ်နေကြသည်။[၄၂] ရပ်ရွာအဆင့် မြူနီစပယ်အုပ်ချုပ်ရေးနှင့် Guadalajara တက္ကသိုလ်တို့အကြား သဘောတူညီချက်ဖြင့် စင်တာတိုင်းသည် လည်ပတ်နေကြသည်။[၄၃] Jalisco ပြည်နယ်အစိုးရသည် စင်တာများ အင်တာနက်ချိတ်ဆက်ရရှိရေးအတွက် တာဝန်ယူထားကြသည်။[၄၄] Guadalajara တက္ကသိုလ်သည် စင်တာကို ကွန်ပျူတာများနှင့် ဆော့ဝဲလ်များကို ရနိုင်သမျှ တပ်ဆင်ပေးသည်။[၄၅] ရပ်ရွာအဆင့် မြူနီစပယ်အုပ်ချုပ်ရေးသည် စင်တာအတွက် နေရာနှင့် စင်တာကို စီမံအုပ်ချုပ်သူဒေသခံ (များ) အတွက် လစာကို စီမံပေးသည်။ ထို့နည်းတူ စင်တာထိန်းသိမ်းစောင့်ရှောက်ရေးနှင့် လည်ပတ်ရေးအတွက် အထောက်အပံ့ပစ္စည်းများ (လျှပ်စစ်၊ ရေ စသည်) တို့ကိုလည်း စီမံပေးသည်။[၄၆] စင်တာ

---

[၄၂] Castañeda (n. 32); ရပ်ရွာအခြေပြုသတင်းအချက်အလက်နည်းပညာစင်တာ စီမံအုပ်ချုပ်သူများကို အင်တာဗျူးခြင်းဖြင့် စိစစ်ထားသည်။

[၄၃] ibid.

[၄၄] ibid.

[၄၅] ibid.

[၄၆] ibid.

အကြောင်း ပိုမိုသိရှိအောင်ဆောင်ရွက်ခြင်း အပါအဝင် ထပ်မံကုန်ကျစရိတ်များအတွက် စီမံအုပ်ချုပ်သူက ရပ်ရွာအဆင့်အုပ်ချုပ်ရေးထံသို့ တရားဝင်တောင်းခံရန် လိုအပ်သည်။[၄၇]

၆-၂-၃။ အထောက်အပံ့ပစ္စည်းအမျိုးအစားများ

ရပ်ရွာအတွင်း ရပ်ရွာအခြေပြုသတင်းအချက်အလက်နည်းပညာစင်တာများ နေရာချထားရန် ရပ်ရွာအဆင့် အုပ်ချုပ်ရေးမှ အသုံးပြုသည့် အထောက်အပံ့ ပစ္စည်းများစွာရှိကြောင်း လေ့လာရန်အတွက် စင်တာ ၁၉ ခုကို ရွေးချယ်ထားသည်။ လူဦးရေတခုလုံးအတွက်နှင့် သတင်းအချက်အလက် လိုအပ်ချက် အမျိုးစုံလင်စွာ ပံ့ပိုးပေးရန် အတွက် အချို့နေရာများသည် အခြားနေရာများထက် ပို၍ ကောင်းကောင်း တည်ရှိကြသည်။ ဤလေ့လာချက်မှ ရရှိသည့် စူးစမ်းလေ့လာချက်နှင့် အင်တာဗျူးများမှ အောင်မြင်သော စင်တာ၏ တည်နေရာသည် အထောက်အပံ့ ပစ္စည်းများကိုယ်တိုင်နှင့် ချိတ်ဆက်နေကြောင်း တွေ့ရသော်ငြား ၎င်းဝန်ဆောင်မှုပေးနေသည့် ရပ်ရွာနှင့် ၎င်းရပ်ရွာ၏ စင်တာတည်ရှိမှုအပေါ် အသိအမှတ်ပြုမှု၊ လက်ခံမှုတို့နှင့်လည်း ချိတ်ဆက်နေသည်ကို တွေ့ရှိရသည်။[၄၈] စင်တာတခုစီ၏ တည်နေရာကို သတ်မှတ်ခြင်းအတွက် မြူနီစပယ်အုပ်ချုပ်ရေးတခုစီက တာဝန်ယူကြပါသည်။ အကျိုးဆက်အားဖြင့် ရပ်ရွာအတွင်းရှိ စင်တာတခုချင်းစီအတွက် အသုံးပြုသည့် အထောက်အပံ့ ပစ္စည်းများစွာ ရှိနေပါသည်။

မြို့ပြဒေသများတွင် စင်တာ ၆ ခုအနက် ၃ ခုမှာ စာကြည့်တိုက်များအတွင်း တည်ရှိသည် (Tizapan el Alto, Zapotiltic နှင့် Tamazula de Gordiana)။ အခြား ၃ ခုအနက် တခုမှာ ပရဟိတအဖွဲ့အစည်း (Tapalpa) အတွင်း တည်ရှိပြီး ၁ ခုမှာ အစိုးရရုံးအဆောက်အအုံ (Cuatitlan) ၏ အစိတ်အပိုင်းဖြစ်ကာ ၁ ခုမှာ ကော်ပိုရေးရှင်းဘဏ်က စီစဉ်ပေးသည့် နေရာ (El Grullo) တွင် တည်ရှိသည်။

ကျေးလက်တစိတ်တပိုင်းဒေသတွင် စင်တာကို တည်ဆောက်ရန်အတွက် ရပ်ရွာအုပ်ချုပ်ရေးအဖွဲ့များသည် နေရာ ၄ ခုကို ၎င်းရမ်းခဲ့ကြသည် (Acatic ၊ San Diego Alexandria ၊ San Sebastián del Oeste နှင့် Tomatlan)။ နေရာ ၂ ခုမှာ စာသင်ကျောင်းအတွင်း တည်ရှိပြီး (Jesus Maria နှင့် Tonaya) နောက်ဆုံးတခုမှာ ယဉ်ကျေးမှု စင်တာအတွင်း တည်ရှိပါသည် (Talpa de Allende)။

လေ့လာခဲ့သည့် ကျေးလက်စင်တာများအနက် နေရာ ၃ ခုမှာ ယဉ်ကျေးမှုစင်တာများ ဖြစ်သကဲ့သို့ပင် စာကြည့်တိုက်များလည်း ဖြစ်ကြသည် (San Juan Antonio ၊ La Gloria ၊ Ayotitlan)။ နောက် တနေရာမှာ ဘုရားရှိခိုးကျောင်း၏ တစိတ်တပိုင်း ဖြစ်ပြီး (El Rincon) နောက်တနေရာမှာ စင်တာအသစ်ဆောက်လုပ်နေစဉ်

---

[၄၇] ibid. စီမံအုပ်ချုပ်သူများဖြင့် စိစစ်ထားသည်။ စီမံအုပ်ချုပ်သူအချို့အတွက် တောင်းခံလွှာကို ကြိုတင် မတောင်းခံထားသည့် အတွက် ၎င်းတို့သည် လုပ်ငန်းစဉ်ကို ၎င်းတို့အနေဖြင့် ကောင်းစွာ မသိရှိကြပေ။

[၄၈] Castañeda (n. 32); ရပ်ရွာအခြေပြုသတင်းအချက်အလက်နည်းပညာစင်တာ စီမံအုပ်ချုပ်သူများကို အင်တာဗျူးခြင်းဖြင့် စိစစ်ထားသည်။

အတောအတွင်း နေရာကို ငှားရမ်းအသုံးပြုသည် (Tuxacuesco)။ နောက်ဆုံးတနေရာမှာ စာသင်ကျောင်း ဖြစ်ပါသည် (El Limon)။

အသုံးပြုသူများနှင့် စီမံအုပ်ချုပ်သူများ၏အမြင်မှကြည့်သော် လက်ရှိအသုံးပြုသူများ သက်တောင့် သက်သာခံစားရစေပြီး အသုံးပြုသူအသစ်များကို ဆွဲဆောင်ရာတွင် အထောက်အပံ့ပစ္စည်းများ၏ သဘောသဘာဝ သည် အရေးကြီးပါသည်။[၄၉] အထူးသဖြင့် အများပြည်သူ၏ သတင်းအချက်အလက် လိုအပ်ချက်များကို ပေးစွမ်း ရာတွင် စာသင်ကျောင်းများတွင် တည်ရှိသည့် စင်တာများသည် စာကြည့်တိုက်ရှိ စင်တာများထက် ဆွဲဆောင်မှု အနည်းဆုံးဖြစ်သည်။[၅၀] Jalisco ပြည်နယ်တွင် သတင်းအချက်အလက် နည်းပညာ အားလုံး ရရှိသုံးစွဲရေး စီမံကိန်းများကို အကောင်အထည်ဖော်သည့် အတွေ့အကြုံ ၁၀ နှစ်အထက် ရှိသည့် စီမံအုပ်ချုပ်သူ Roberto Michel က သူ၏ ပြောစကားကို အောက်ပါအတိုင်း ရှင်းပြသည်-

> လွန်ခဲ့သည့် နှစ် ၅၀ က မက္ကဆီကိုနိုင်ငံတွင် ရပ်ရွာလူထုစုဝေးသည့် နေရာများအဖြစ် အသုံးပြုလေ့ ရှိသည်နှင့် မတူသည်မှာ စာသင်ကျောင်းများသည် အဆိုပါ အခန်းကဏ္ဍကို ကြာကြာ မဖြည့်ဆည်းပေး နိုင်ပေ။ ယခုအခါ စာသင်ကျောင်းများသို့ သက်ကြီးပိုင်းများသည် ၎င်းတို့၏ ကလေးများကို အကြိုအပို့ လုပ်သော်ငြား ၎င်းတို့ကိုယ်တိုင် အသုံးမပြုသည့် နေရာများ ဖြစ်ကြသည်။ စာသင်ကျောင်းများအတွင်း တည်ရှိသည့် စင်တာများသည် အသုံးပြုသူများကို ကျောင်းသို့ လာရောက်စေရေး ဆွဲဆောင်ရာတွင် စိန်ခေါ်မှု အမြဲပင် ကြုံတွေ့ရသည်။ အဘယ့်ကြောင့်ဆိုသော် အထောက်အပံ့ပစ္စည်းများသည် ၎င်းတို့ အတွက် မသင့်လျော်ကြောင်း သက်ကြီးပိုင်းများက မှတ်ယူလေ့ ရှိကြခြင်းကြောင့် ဖြစ်သည်'။[၅၁]

ဤအကြောင်းပြချက်ကြောင့် နေရာကို ကျောင်းမှ ဝေးဝေး ပြောင်းရွှေ့ရန်အတွက် Tonaya မြူနီစပယ် အုပ်ချုပ်ရေးကို သိမ်းသွင်းစည်းရုံးရန် ကြိုးစားရာတွင် Roberto သည် အချိန်များစွာ အသုံးပြုခဲ့သည်။

စာသင်ကျောင်းနှင့် မတူသည်မှာ စာကြည့်တိုက်များသည် ရပ်ရွာရှိ လူကြီးပိုင်းနှင့် ကလေးသူငယ်များသည် အတူတကွ ရင်းရင်းနှီးနှီးနေထိုင်ရန်၊ သင်ကြားရန်၊ အလုပ်လုပ်ကိုင်ရန်စသည်တို့အတွက် စုရုံးသည့်နေရာများ အဖြစ် ရှုမြင်ထားကြသည်။[၅၂] အခြားနေရာများတွင် တည်ရှိနေသည့် စင်တာများထက် စာကြည့်တိုက် သို့မဟုတ် ယဉ်ကျေးမှုစင်တာအတွင်း တည်ရှိသည့် စင်တာများတွင် မည်သည့်အချိန်မဆို အသုံးပြုသူပေါင်းစုံသည် များများ ပြားပြား ကျယ်ကျယ်ပြန့်ပြန့် ရှိနေကြကြောင်းကို လေ့လာရေးခရီးစဉ်တလျှောက်လုံး တွေ့မြင်ခဲ့ရသည်။[၅၃]

---

၄၉ CASA Tonaya y Tuxacuesco ၏ စီမံအုပ်ချုပ်သူ Roberto Michel နှင့် အင်တာဗျူး (Tuxacuesco, Jalisco ၂၀၁၁ ခုနှစ် ဇူလိုင်လ ၁၉ ရက်)။ အသုံးပြုသူများနှင့် အင်တာဗျူးရာတွင် စင်တာတိုင်းရှိ အသုံးပြုသူ အနည်းဆုံး ၁ ဦးက ဤမှတ်ချက် ပေးပါသည်။

၅၀ ibid.

၅၁ ibid.

၅၂ Guadalajara တက္ကသိုလ်၊ JDA ၏ သတင်းအချက်အလက်နည်းပညာ အားလုံးရရှိသုံးစွဲရေး အဝိုင်း၏ ညွှန်ကြားရေးမှူး၊ Dr Manuel Moreno Castañeda နှင့် အင်တာဗျူး (Guadalajara, Jalisco ၂၀၁၁ ခုနှစ် ဇူလိုင်လ ၈ ရက်)

၅၃ ibid.

ဤနေရာများသည် တဦးချင်းစီကို စင်တာနှင့် ရင်းနှီးကျွမ်းဝင်စေရန် အခွင့်အရေးကို စီမံပေးပါသည်။ ဤနေရာများတွင် အခြားသော ရပ်ရွာအဖွဲ့ဝင်များထံသို့ အလည်အပတ်သွားသည့် ၎င်းတို့တွင် ရှိနှင့်ပြီးသား 'နေ့စဉ်လက်တွေ့' အလေ့အကျင့်၏ အစိတ်အပိုင်းတရပ်အဖြစ် စီမံပေးသည်။ တဖြည်းဖြည်းချင်းဆိုသော် ဤအများပြည်သူဆိုင်ရာနေရာများတွင် ရပ်ရွာအခြေပြုသတင်းအချက်အလက် နည်းပညာစင်တာများ တည်ရှိနေခြင်းသည် ပို၍ သတိကြီးမားသည့် ရပ်ရွာအဖွဲ့ဝင်များကို ၎င်းတို့၏ နေ့စဉ်ဘဝ ပြုကျင့်နေကျ လုပ်ငန်းဆောင်တာများကို ပြောင်းလဲရန် မလိုအပ်ဘဲ လူပ်ရှားမှုများတွင် ဝင်ရောက်ကာ ပါဝင်ပူးပေါင်းမည့် အခွင့်အလမ်းကို ဖန်တီးပေးပါသည်။

၆-၂-၄။ ရရှိနိုင်သော ပစ္စည်းကိရိယာနှင့် ဆော့ဝဲလ်

Microsoft Office နှင့် အင်တာနက်ဆက်သွယ်ရေး (နေရာအပေါ် မူတည်၍ WIMAX ၊ ဂြိုလ်တု သို့မဟုတ် ဖိုင်ဘာကြိုး) အပါအဝင် စံပြဆော့ဝဲလ်များကို စင်တာအားလုံးတွင် တပ်ဆင်ထားသည်။[၁၄] မရရှိသေးသည့် သီးသန့် ပရိဂရမ်ကို အသုံးပြုသူများက တောင်းဆိုလာပါက ဆော့ဝဲလ်ကို ရရှိရန် စီမံအုပ်ချုပ်သူသည် တက္ကသိုလ် သို့မဟုတ် ရပ်ရွာအုပ်ချုပ်ရေးကို တောင်းဆိုပါသည်။[၁၅] ဤတောင်းဆိုခြင်းမှတဆင့် စင်တာအချို့တွင် ရုပ်ပုံပြုပြင်မွမ်းမံသည့် ဆော့ဝဲလ် (Photoshop) သို့မဟုတ် ဝက်ဆိုက်ဒီဇိုင်းရေးဆွဲသည့် (Web Design) ဆော့ဝဲလ် ရှိကြသည်။[၁၆] ဝက်ဆိုက်မှတဆင့် ဒေါင်းလုပ်ဆွဲနိုင်သည့် Skype သို့မဟုတ် Messenger ကဲ့သို့ အခြားဆော့ဝဲလ်များကို အသုံးပြုသူများ သို့မဟုတ် စီမံအုပ်ချုပ်သူများက အလိုရှိပါက ရရှိနိုင်ပါသည်။[၁၇]

ယခင်အခန်းများ၏ ဥပဒေရေးရာ လေ့လာဆန်းစစ်ချက်အတွက် အဓိက အစိတ်အပိုင်း ၂ ရပ်ကို အောက်ပါတွေ့ရှိချက်များက ဖြေရှင်းပါသည်။ (၁) အခြားမီဒီယာများမှ မရရှိနိုင်သည့် သတင်းအချက်အလက်နှင့် အကြောင်းအရာကို ဤအထောက်အပံ့ပစ္စည်းများက လူတဦးချင်းစီကို မည်သို့ လက်လှမ်းမီ ရရှိစေနိုင်သည်[၁၈] (၂) ဤစင်တာများမှ အကျိုးကျေးဇူးများကို အဖယ်ကြဉ်ခံလူများ သို့မဟုတ် ကျေးလက်ပြည်သူများက ရရှိနိုင်စေရန် ရပ်ရွာအခြေပြုသတင်းအချက်အလက် နည်းပညာစင်တာများက မည်သို့ ပြုလုပ်သည်[၁၉]တို့ ဖြစ်သည်။ ဤနေရာတွင် ဖော်ပြထားသည့်အတိုင်း အကြောင်းအရာ ဖြစ်ပေါ်လာခြင်းနှင့် အသုံးပြုခြင်းတို့၏ ဘက်ညီ အစိတ်

---

[၁၄] Castañeda (n. 32); Guadalajara တက္ကသိုလ်၊ La Agenda Digital အတွက် ရပ်ရွာအခြေပြုသတင်းအချက် အလက် နည်းပညာစင်တာ၏ အကြီးတန်း ပူးပေါင်း ဆောင်ရွက်သူ Mr Eduardo Moreno နှင့် အင်တာဗျူး (Guadalajara, Mexico ၂၀၁၁ ခုနှစ် ဇူလိုင်လ ၂ ရက်)၊ Guadalajara တက္ကသိုလ်၊ La Agenda Digital အတွက် ရပ်ရွာအခြေပြုသတင်း အချက်အလက်နည်းပညာစင်တာ၏ နည်းပညာအရာရှိချုပ် Mr Demian Mendoza နှင့် အင်တာဗျူး (Guadalajara, Mexico ၂၀၁၁ ခုနှစ် ဇူလိုင်လ ၃ ရက်)

[၁၅] ibid.

[၁၆] Castañeda (n. 32).

[၁၇] Castañeda (n. 32).

[၁၈] အခန်း (၄-၃) ကို ကြည့်ပါ။

[၁၉] ibid.

အပိုင်းများကို ဘက်မှုစေရန်အတွက် ပြည်နယ်သည် အနည်းဆုံးအနေဖြင့် စာရွက်ပေါ်တွင် ရှာဖွေခြင်း ဖြစ်သည်။ အခန်း (၄) တွင် ဆွေးနွေးထားသည့် အမေရိကနိုင်ငံများဆိုင်ရာ လူ့အခွင့်အရေးခုံရုံး (IACtHR) ၏ တရားသူကြီး Sayan က *Kimel v. Argentina* တွင် ဖော်ပြထားသည့် အတိုင်း ဖြစ်ပါသည်။[၆၀]

၆-၃။ ရပ်ရွာအခြေပြုသတင်းအချက်အလက်နည်းပညာ စင်တာများ၏ သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှု တက်မြောက်ရေး မြှင့်တင်ခြင်း၊ လှုပ်ရှားမှုများနှင့် ဝန်ဆောင်မှုများကို ပိုမို လက်လှမ်းမီ ရရှိခြင်း

လူ့အဖွဲ့အစည်းအတွက် အင်တာနက်၏ အရေးပါပုံကို ဥရောပစနစ်နှင့် အမေရိကနိုင်ငံများစနစ် နှစ်ခုစလုံးက အသိအမှတ်ပြုထားပါသည်။[၆၁] အမြဲကိုးကားလျက်ရှိသည့် *Times Newspaper* အမှုတွင် လူ့အခွင့် အရေးဆိုင်ရာ ဥရောပခုံရုံး (ECtHR) သည် အင်တာနက်၏ လက်လှမ်းမီ သုံးစွဲနိုင်စွမ်းနှင့် သတင်းအချက်အလက် အမြောက်အများကို သိုလှောင်၍ ဆက်သွယ်နိုင်စွမ်းကို အလေးထား ဖော်ပြသည်။[၆၂] အင်တာနက်၏ ဤအကောင် အထည်ဖော်ရမည့် လုပ်ငန်းကို ခုံရုံးက တန်ဖိုးထားပါသည်။ အဘယ့်ကြောင့်ဆိုသော် သတင်းများကို အများ ပြည်သူမှ ယေဘုယျအားဖြင့် လက်လှမ်းမီ ရရှိခြင်းနှင့် သတင်းအချက်အလက်များကို ဖြန့်ချိရေး အဆင်ပြေ ချောမွေ့ စေရေး မြှင့်တင်ပေးသည့် ၎င်း၏ စွမ်းဆောင်နိုင်စွမ်းကြောင့် ဖြစ်သည်။[၆၃] အခန်း (၃) နှင့် (၄) တွင် ဆွေးနွေးခဲ့ပြီး ဖြစ်သည့်အတိုင်း အင်တာနက်၏ အချင်းချင်း နှစ်လမ်းသွား သတင်းအချက်အလက် စီးဆင်းမှု အကောင်အထည်ဖော်ရမည့် လုပ်ငန်းကို အသိအမှတ်ပြုရာတွင် အတော်ပင် အဆင့်မမီသည်ကို တွေ့ရသည်။[၆၄] သတင်းအချက်အလက် မျှဝေသည့် ဆက်သွယ်ရေးနည်းလမ်း အမျိုးမျိုးတွင် အကြောင်းအရာကို ကြည့်ရှုနိုင်စွမ်းနှင့်

---

[၆၀] အခန်း (၄-၃) ကို ကြည့်ပါ။ *Kimel v. Argentina* (2008) IACtHR Series C no 177, para 87 and Concurring Opinion of Judge Diego Garcia-Sayan, para. 11.

[၆၁] *Times Newspapers Ltd v. the United Kingdom (nos. 1 and 2)* (nos. 3002/03 and 23676/03, para. 27, ECHR 2009; ဥရောပကောင်စီ 'အင်တာနက်အသုံးပြုသူများအတွက် လူ့အခွင့်အရေး လမ်းညွှန်ချက်ဆိုင်ရာ အဖွဲ့ဝင် နိုင်ငံများ အတွက် ဝန်ကြီးများကော်မတီများ၏ အကြံပြုချက် CM/Rec(2014)6' (၂၀၁၄ ခုနှစ် ဧပြီလ ၁၆ ရက်) https://wcd.coe.int/ViewDoc.jsp?id=2184807 last accessed 22 September 2014; OAS 'လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်နှင့် အင်တာနက်၊ လွတ်လပ်စွာ ထင်မြင်ယူဆခွင့်နှင့် ထုတ်ဖော်တင်ပြ ပြောဆိုခွင့်ဆိုင်ရာ အထူး အစီရင်ခံစာတင်သွင်းသူ Catalina Botero Marino ၏ ရုံး' (၂၀၁၃ ခုနှစ်)၊ အပိုင်း (၈) အင်တာနက် ကြားခံ ဆက်သွယ် ပေးသူများhttp://www.oas.org/en/iachr/expression/docs/reports/2014_04_08_Internet_ENG%20_WEB.pdf accessed 22 September 2014.

[၆၂] *Times Newspapers Ltd* (n. 61).

[၆၃] ibid.

[၆၄] အခန်း (၃-၂-၂) နှင့် အခန်း (၄-၅) နှင့် (၄-၆) ကို ကြည့်ပါ။

အသုံးပြုသူအတွက် အရင်းအမြစ်များစွာမှ အယူအဆများနှင့် အမြင်သဘောထား အမြောက်အများကို ထိတွေ့နိုင်ကြောင်း Helberger ၊ Napoli နှင့် Karppinen တို့က ဖော်ပြခဲ့သည့် အချက်ကိုလည်း ထင်ဟပ်ခြင်း မရှိပေ။[၆၅]

သို့ဖြစ်၍ ရပ်ရွာအခြေပြု သတင်းအချက်အလက်နည်းပညာ စင်တာများရှိ အသုံးပြုသူတဦးချင်းစီမှ အင်တာနက်၏ ဤထူးခြားအကောင်အထည်ဖော်ရမည့် လုပ်ငန်းများကို မည်သို့ အသုံးပြု၍ တန်ဖိုးထားသည်အတွက် နားလည်သဘောပေါက်မှုကို ဤလေ့လာချက်မှ ပို၍ မြှင့်တင်ပေးပါသည်။ အလေ့အကျင့်ကောင်းများမှ ထွက်ပေါ်လာသည့် စံနမူနာထဲမှ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်အတွက် အလားအလာရှိသော ဥပဒေအရ အာမခံချက်၏ အစိတ်အပိုင်းဖြစ်သော တွေ့ရှိချက်များကို ပိုင်းခြားရန် ဤလေ့လာဆန်းစစ်ချက်က ကူညီပေးပါသည်။ ရပ်ရွာအခြေပြု သတင်းအချက်အလက် နည်းပညာ စင်တာအသုံးပြုသူများ၏ ဘဝမြင့်မားရေးအတွက် အသုံးဝင်သည့်အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကို ရရှိရန်အလို့ငှာ ဖြစ်ပါသည်။ ဤအမျိုးအစားခွဲခြားမှုကို ရရှိပြီးနောက် JDA ၏ သတင်းအချက် အလက်နည်းပညာ အားလုံး ရရှိသုံးစွဲရေး အစီအမံကဲ့သို့ ဖွံ့ဖြိုးရေး အစပျိုးလုပ်ငန်းများကို လေ့လာဆန်းစစ်ရန်အတွက် လူ့အခွင့်အရေးဥပဒေ မူဘောင်တရပ်ဖြင့် ပေါင်းထည့်ထားသော တန်ဖိုးကို ယခုအခန်းက ပထမဆုံး အဆင့်အနေဖြင့် ဖော်ထုတ်ပါသည်။ အင်တာနက်ကို အခြား ဆက်သွယ်ရေး နည်းလမ်းများမှ ခွဲခြားရာတွင် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့များသည် ၎င်းတို့၏ အနက်ပြန်ဆိုချက်များကို ချဲ့ထွင်ရန် ဖြစ်ပေါ်စေနိုင်သည့် နည်းလမ်းများကိုလည်း ဖော်ထုတ်ပါသည်။ ဤရည်ရွယ်ချက်ကို ရရှိရန် စင်တာ၌ ရရှိနိုင်သည့် ဝန်ဆောင်မှုများ၊ သတင်းအချက်အလက်များနှင့် အယူအဆမူဘောင်ကို ဤအပိုင်းက စစချင်းအနေဖြင့် စီစဉ်တင်ပြပါသည်။ ဒုတိယအနေဖြင့် အသုံးပြုသူတဦးချင်းသည် ၎င်းတို့ကိုယ်ပိုင် ပြင်ပ အကျိုးစီးပွားများကို မြှင့်တင်ရန်အတွက် စင်တာထံမှ အကျိုးအမြတ်ရရှိအောင် ပြုလုပ်သည့် နည်းလမ်းများကို ယခုအပိုင်းက လေ့လာပါသည်။

၆-၃-၁။ ရပ်ရွာအခြေပြုသတင်းအချက်အလက်နည်းပညာစင်တာများတွင် ရရှိနိုင်သည့် လုပ်ငန်းဆောင်တာနှင့် ဝန်ဆောင်မှု အမျိုးစုံကို ပေးစွမ်းမည့် အစီအမံ၏ ရေရှည်မျှော်မှန်းချက်ဆိုင်ရာ JDA မူဝါဒ

မြန်နှုန်းမြင့်အင်တာနက် လက်လှမ်းမီ သုံးစွဲမှုသည် အားလုံးပါဝင်မှုနှင့် မတူညီကြောင်းကို JDA က သိမြင်လက်ခံပါသည်။[၆၆] စီးပွားရေးစီမံကိန်းဆိုင်ရာ အတွင်းဝန် Dr Víctor Manuel González Romero နှင့် အင်တာဗျူးမေးမြန်းနေစဉ်တွင် 'ဤအချက်က ယခင်အစပျိုးလုပ်ငန်းများနှင့် Jalisco ၏ သတင်းအချက်အလက် နည်းပညာ အစီအစဉ်တို့အကြားရှိ အခြေခံကျသော ခြားနားချက် ဖြစ်သည်။ Jalisco ၏ အစီအစဉ်သည် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အားလုံး ရရှိသုံးစွဲရေးကို သီးခြား အဆင့် ၂ ရပ်အဖြစ် ခွဲခြားလိုက်သည်' ဟု သူက

---

[၆၅] အခန်း (၄-၃) ကို ကြည့်ပါ။

[၆၆] Romero (n. 30).

ဆိုပါသည်။[၆၇] ဤအမြင်ဖြင့် အားလုံးပါဝင်ရေးသည် အမှန်တကယ် တွေ့မြင်ရေး သေချာစေရန် ပြည်နယ်၏ အစပျိုးလုပ်ငန်းက ရှာဖွေပါသည်။[၆၈] လူတဦးချင်းစီကို အင်တာနက်ရရှိစေရန် လိုအပ်သည့် ရုပ်ပိုင်းပစ္စည်းကိရိယာများကိုသာ စီမံပေးခြင်းနှင့် ကွာခြားသည်မှာ ဤရပ်ရွာအခြေပြု သတင်းအချက်အလက် နည်းပညာစင်တာများသည် ရပ်ရွာအတွက် သင်ယူရန်၊ အယူအဆများကို ဖလှယ်ရန်နှင့် ၎င်းတို့၏ စွမ်းရည်များကို အတူတကွ မြှင့်တင်ရန် နေရာဖန်တီးပေးရေး ရည်ရွယ်ထားသည်။[၆၉] အင်တာနက်ဆက်သွယ်ရေးမှတဆင့်သာ ရရှိနိုင်သည့် လုပ်ငန်းဆောင်တာများတွင် အသုံးပြုသူများက ပူးပေါင်းပါဝင်၍ သတင်းအချက်အလက် ရရှိနိုင်သည့် နည်းလမ်းများကို ဤအပိုင်းရှိ လေ့လာဆန်းစစ်ချက်သည် ဖော်ပြပါသည်။ ဤလုပ်ငန်းဆောင်တာများအတွက် ရပ်ရွာအခြေပြု သတင်းအချက်အလက်နည်းပညာ စင်တာများသည် အဓိကကျကြောင်းကိုလည်း သရုပ်ဖော်သည်။ အကယ်၍ ၎င်းစင်တာများ မရှိပါက သို့မဟုတ် ပိတ်ပစ်ပါက ရပ်ရွာအတွင်းရှိ လူတဦးချင်း သို့မဟုတ် အုပ်စုများ၏ လုပ်ငန်းဆောင်တာအများအပြားသည် ဆက်လက် မရှိနိုင်ပေ။ ဤတွေ့ရှိချက်များသည် ပို၍ ယေဘုယျကျသည့် သုတေသနနှင့် စတင်ချိတ်ဆက်ပါသည်။ လူတဦးချင်းစီသည် ၎င်းတို့၏ လူ့အခွင့်အရေး ကျင့်သုံးမှုအပေါ် အင်တာနက်၏ သက်ရောက်မှုအတွက် ဆွေးနွေးသည့် သုတေသနဖြစ်သည်။ ကျေးလက်ပြည်သူ သို့မဟုတ် အခြားအကျိုးခံစားခွင့် မရရှိသူများအတွက် ဤသို့ လူ့အခွင့်အရေးကျင့်သုံးနိုင်စေရေး မရှိမဖြစ် လိုအပ်သည့် ဖွံ့ဖြိုးရေးဆိုင်ရာ သီးသန့် စီမံကိန်းများနှင့် အတူ သုတေသနပြုပါသည်။[၇၀]

ရပ်ရွာအခြေပြု သတင်းအချက်အလက်နည်းပညာ စင်တာတခုစီတွင် ရရှိနိုင်သည့် ဝန်ဆောင်မှုများနှင့် လုပ်ငန်းဆောင်တာ အမျိုးစုံလင်စွာ ရှိကြသည်။ ၎င်းတို့အနက်အချို့မှာ စင်တာတခုချင်းစီတွင်သာ အမှန်တကယ် အမြဲမပြတ် အသုံးပြုကြသည်။ ပြည်နယ်အဆင့်တွင် ရပ်ရွာအခြေပြု သတင်းအချက်အလက် နည်းပညာစင်တာများအတွက် ချမှတ်ထားသည့် တပြည်နယ်လုံးလွှမ်းခြုံထားသည့် မူဝါဒဆိုင်ရာ ရည်မှန်းချက်များသည် အသုံးပြုသူတဦးချင်းစီ၏ အင်တာနက်ပြင်ပ လိုအပ်ချက်များကို ဖြေရှင်းနိုင်မည့် အခြေခံကျသော လုပ်ငန်းဆောင်တာများနှင့် ဝန်ဆောင်မှုများဖြစ်ရန် မျှော်မှန်းခဲ့သည်။ သို့ဖြစ်သည့်အတွက် အကြောင်းအရာ ကျယ်ကျယ်ပြန့်ပြန့်အတွက် အင်တာနက်မှတဆင့် သတင်းအချက်အလက်များကို လူတဦးချင်းစီမှ လက်ခံနိုင်စွမ်းနှင့် ပေးပို့နိုင်စွမ်း အဆင်ပြေချောမွေ့စေရန် ရပ်ရွာအခြေပြု သတင်းအချက်အလက်နည်းပညာ စင်တာများ၏ ဝန်ဆောင်မှုများက ရည်ရွယ်ထားသည်။ ဤရပ်ရွာတခုချင်းစီအကြောင်း လူများက ပိုမို သိရှိစေရန်အတွက် ဤစင်တာများက အထောက်အပံ့ပြုနိုင်ကြောင်း အယူအဆကို မူဝါဒဆိုင်ရာဦးဆောင်သူများက စိတ်အားထက်သန် ကြသည်။ အထူးသဖြင့် Jalisco ပြည်နယ်ကျေးလက်ဒေသရှိ ဌာနေတိုင်းရင်းသား အသိုက်အဝန်းအကြောင်း ဖြစ်သည်။

---

[၆၇] ibid; Castañeda (n. 32).

[၆၈] ကုလသမဂ္ဂ 'အခြေခံမူများဆိုင်ရာ WSIS ဂျနီဗာ ကြေညာစာတမ်း' (၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၁၀-၁၂ ရက်) WSIS-03/GENEVA/DOC/0004-E, Section A, paras 9, 12, 14 [ဤနေရာမှစ၍ WSIS ပူးတွဲကြေညာစာတမ်း (WSIS Declaration) ဟု ရေးသားသွားမည်].

[၆၉] Romero (n. 30).

[၇၀] အခန်း (၁-၁) နှင့် (၁-၄)၊ အခန်း (၃-၂)၊ အခန်း (၄-၂)-(၄-၄)၊ အခန်း (၅-၁)

ထို့အပြင် ဤဝေးလံခေါင်သီသော နေရာတွင် နေထိုင်သူများ သို့မဟုတ် အကျိုးမခံစားရသည့် ပြည်သူများအတွက် ၎င်းတို့ဘဝမြင့်မားစေမည့် နည်းလမ်းများကို ဤစင်တာများက ပေးစွမ်းနိုင်ကြောင်း အယူအဆကိုလည်း စိတ်အား ထက်သန်ကြသည်။[၇၀] အမေရိကနိုင်ငံများစနစ်၏ လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့်ဆိုင်ရာ တဦးချင်းစီနှင့် ပေါင်းစုသဘောသဘာဝအခြေခံမူနှင့် တူညီ၍ အလေးထားရမည့် အချက်များစွာတွင် ရည်ရွယ်ချက်များနှင့် မျှော်မှန်းလုပ်ငန်းများသည် အစိုးရ၏ အသိအမှတ်ပြုမှုကို ထင်ဟပ်နေသည်။ သဘောသဘာဝအရ တဦးချင်းစီနှင့် လူမှုရေးရာ နှစ်ခုစလုံးနှင့် သက်ဆိုင်သည့် ဆက်သွယ်တင်ပြခြင်းဆိုင်ရာ သက်ဝင်လှုပ်ရှားနေသော ပုံစံကို ဤနေရာများနှင့် နည်းပညာကိုယ်တိုင်က ပေးစွမ်းကြောင်း အသိအမှတ်ပြုခြင်း ဖြစ်သည်။

ဖ-၃-၁-၁။ စင်တာ၏ ရည်ရွယ်ချက်များ

Jalisco ပြည်နယ်ရှိ 'ကွန်ယက်ချိတ်ဆက်ထားသည့် ရပ်ရွာအခြေပြုစင်တာများ' အားလုံးအတွက် ဆက်စပ်လွှမ်းခြုံ ရည်ရွယ်ချက်မှာ နိုင်ငံသားများအတွက် ပံ့ပိုးမှုတရပ်စီမံပေးရန် ဖြစ်သည်။ သတင်းအချက်အလက်၊ ဝန်ဆောင်မှု၊ ပညာရေးအစီအစဉ်များနှင့် သက်ဆိုင်သည့် အချက်အလက်နည်းပညာ လက်လှမ်းမီ သုံးစွဲနိုင်ခွင့်သည် ရပ်ရွာအားလုံးရှိ နိုင်ငံသားများမှ သုံးစွဲနိုင်မည့် ပံ့ပိုးမှု ဖြစ်သည်။[၇၂] စင်တာတခုစီသည် ရပ်ရွာအတွင်း သင်ယူနိုင်သည့်ဝန်းကျင်များ ဖန်တီးရန်နှင့် အသိပညာတည်ဆောက်ရန်တို့အတွက် နေရာ ဖြစ်လာကြသည်။ ထို့နည်းတူ ရပ်ရွာအတွက်ပေးအပ်ထားသည့် အစိုးရနှင့် အခြားဝန်ဆောင်မှုများကိုလည်း ဖော်ပြထားသည့် နေရာ ဖြစ်သည်။[၇၃] ဆက်သွယ်ရေးစင်တာများ၏ စီမံအုပ်ချုပ်သူတဦးချင်းကို 'သတင်းအချက်အလက်ကို ကြားခံဆောင်ကြဉ်းပေးသူများ (infomediaries)' သို့မဟုတ် ရပ်ရေးရွာရေး ဆောင်ရွက်သူများ ဖြစ်လာရန် စွမ်းရည်မြှင့်တင်တည်ဆောက်ပေးရမည်။[၇၄] အထက်တွင် ဖော်ပြထားသည့် လွှမ်းခြုံ ရည်ရွယ်ချက်များနှင့် မတူသည့် သီးသန့် ရည်ရွယ်ချက်များသည် စင်တာအများစုတွင် မရှိကြပေ။ တရားဝင် အွန်လိုင်း သင်တန်းများတွင် ရပ်ရွာအဖွဲ့ဝင်များအား အပ်နှံခြင်းကိုသာ စင်တာအများစုက အလေးထားကြသည်။ အဆိုပါ သင်တန်းများမှာ အခြေခံပညာ၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ် သို့မဟုတ် ဘွဲ့လွန်ပညာရေး အွန်လိုင်းသင်တန်းများ ဖြစ်ကြသည်။

ဖ-၃-၁-၂။ ရပ်ရွာအခြေပြုသတင်းအချက်အလက်နည်းပညာ စင်တာတခုအတွက် မျှော်မှန်း ဝန်ဆောင်မှုများနှင့် လုပ်ငန်းဆောင်တာများ

အခြားအရာများအနက် အောက်ပါ ဝန်ဆောင်မှုများကို ပေးရန် ရပ်ရွာအခြေပြုစင်တာများက မျှော်မှန်းထားကြသည်။ ပူးပေါင်းသင်ကြားခြင်း၊ သတင်းအချက်အလက်နည်းပညာ သင်တန်း၊ ကွန်ပျူတာနှင့် အင်တာနက်ကို

---

[၇၀] Guadalajara တက္ကသိုလ်၊ JDA ၏ သတင်းအချက်အလက်နည်းပညာ အားလုံးရရှိသုံးစွဲရေး အဝိုင်း၏ ညွှန်ကြားရေးမှူး၊ Dr Manuel Moreno Castañeda နှင့် အင်တာဗျူး (Guadalajara, Jalisco ၂၀၁၁ ခုနှစ် ဇွန်လ ၂၆ ရက်)၊ Guadalajara တက္ကသိုလ်၊ လူမှုဗေဒပညာရှင်နှင့် အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဆရာ Ms Diana Ferrari နှင့် အင်တာဗျူး (Guadalajara, Jalisco ၂၀၁၁ ခုနှစ် ဇွန်လ ၂၉ ရက်)၊ Mendoza (n. 54).

[၇၂] ibid.

[၇၃] ibid.

[၇၄] ibid. ပြည်နယ်အဆင့် ပူးပေါင်းဆောင်ရွက်ရေးအစည်းအဝေးများရှိ ဆွေးနွေးချက်များ

သုံးစွဲနိုင်ရေး၊ အစိုးရ ဝန်ဆောင်မှုများ၊ ကျူတာ/ ဆရာများမှ ကြီးကြပ်ခြင်းနှင့် ရပ်ရွာတခုချင်းစီအတွင်း လူမှုရေးရာ သဟဇာတဖြစ်ခြင်းတို့ ပါဝင်သည်။[၇၅] စင်တာများတွင် ရရှိနိုင်သည့် နောက်ထပ် ဝန်ဆောင်မှုများလည်း ရှိသည်။ ပညာရေးဝန်ဆောင်မှုများ (ကွန်ပျူတာ/ အင်တာနက် သုံးစွဲတက်မြောက်ရေး သင်တန်းများ၊ Microsoft Office သင်တန်းများ၊ ကျောင်းပြင်ပသင်တန်းများ၊ အလုပ်အကိုင်၊ စွန့်ဦးတီထွင်နှင့် သတင်းအချက်အလက်လုံခြုံရေးကဲ့သို့ စဉ်ဆက်မပြတ် ပညာရေးသင်တန်းများ)[၇၆]၊ အစိုးရဝန်ဆောင်မှုများ (အစိုးရ ခွင့်ပြုချက်များ၊ လူမှုဖူလုံရေး၊ ဥပဒေ အကြံဉာဏ်တောင်းခံခြင်းနှင့် လူမှုရေးအစီအစဉ်များအတွက် အွန်လိုင်းမှ ဝန်ဆောင်မှု လျှောက်တင်ခြင်း) နှင့် ကျန်းမာရေးဝန်ဆောင်မှုများ (ရပ်ရွာ ကျန်းမာရေးစင်တာများတွင်သာ စီစဉ်ပေးခြင်း ဖြစ်သော်ငြား ပြည်နယ်အဆင့် မူဝါဒဆိုင်ရာ အစည်းအဝေးများတွင် အွန်လိုင်းမှ ကျန်းမာရေးစောင့် ရှောက်မှုရယူရန် ကြိုတင်ရက်ချိန်း တောင်းခံခြင်းများနှင့် ရောဂါရှာဖွေရေးများကို ဆွေးနွေးကြသည်)[၇၇] ရှိကြသည်။

ရပ်ရွာအခြေပြုသတင်းအချက်အလက်နည်းပညာ စင်တာများ၏ ပြည်သူ့ရေးရာလုပ်ငန်းများတွင် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ သတင်းအချက်အလက်များ၊ ရပ်ရွာနှင့် လူမှုဖူလုံရေးဝန်ဆောင်မှုများအတွက် ကြော်ငြာများနှင့် ဒေသထွက်အနုပညာနှင့် လက်မှုပညာများကို အရောင်းမြှင့်တင်ခြင်းတို့ ပါဝင်သည်။[၇၈] ရရှိနိုင်သည့် ဆက်သွယ်ရေးဝန်ဆောင်မှုများမှာ အချက်အလက်များ ရှာဖွေနည်း၊ ကွန်ပျူတာအသုံးပြုပုံ၊ အီးမေးလ် လိပ်စာ ဖွင့်နည်း၊ အွန်လိုင်းတယ်လီဖုန်းဝန်ဆောင်မှု အသုံးပြုနည်း၊ ဗွီဒီယိုစကားပြောဆိုနည်းနှင့် အွန်လိုင်း ကစားနည်းတို့ကို လမ်းညွှန်မှုပေးခြင်းတို့ ဖြစ်ကြသည်။ အထူးသီးသန့် ဝန်ဆောင်မှုများတွင် အသိပညာဖလှယ်ရေး အလုပ်ရုံဆွေးနွေးပွဲများ၊ လှုပ်ရှားမှုများနှင့် ဒေသထွက်ကုန်စည်များနှင့် ဝန်ဆောင်မှုများအတွက် စျေးကွက်စျေးနှုန်း အချက်အလက်များနှင့် အများပြည်သူလုံခြုံရေးတို့ ပါဝင်သည်။[၇၉]

---

[၇၅] Castañeda (n. 32); Guadalajara တက္ကသိုလ်၊ လူမှုဗေဒပညာရှင်နှင့် အမျိုးသမီးစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း ဆရာ Ms Diana Ferrari နှင့် အင်တာဗျူး (Tizapan El Alto ၂၀၁၁ ခုနှစ် ဇွန်လ ၂၈ ရက်)၊ Guadalajara တက္ကသိုလ်၊ La Agenda Digital အတွက် ရပ်ရွာ အခြေပြု သတင်းအချက်အလက်နည်းပညာ စင်တာ၏ နည်းပညာအရာရှိချုပ် Mr Demian Mendoza နှင့် အင်တာဗျူး (Guadalajara, Mexico ၂၀၁၁ ခုနှစ် ဇူလိုင်လ ၇ ရက်)။ ကျွန်ုပ်တက်ရောက်ခဲ့သည့် ပြည်နယ်အဆင့် ပူးပေါင်းညှိနှိုင်းရေး အစည်းအဝေးတိုင်းတွင် အစီအစဉ်၏ ရပ်ရွာအခြေပြုသတင်းအချက်အလက် နည်းပညာ စင်တာများမှတဆင့် စီစဉ်ပေးလိုသည့် ဝန်ဆောင်မှုများအကြောင်း ဆွေးနွေးကြသည်။

[၇၆] ibid.

[၇၇] Castañeda (n. 32); *La Agenda Digital Jalisco* သတင်းအချက်အလက်နည်းပညာ အားလုံး ရရှိသုံးစွဲရေး အစီအစဉ် အကောင်အထည်ဖော်ရေးဆိုင်ရာ ပြည်နယ်အဆင့် ပူးပေါင်းညှိနှိုင်းရေး အစည်းအဝေးများ (Guadalajara, Jalisco) [ဤနေရာမှစ၍ *La Agenda Digital Jalisco* ပူးပေါင်းညှိနှိုင်းရေးအစည်းအဝေး (*La Agenda Digital Jalisco* Coordination Meetings) ဟု ရေးသားသွားမည်]: ၂၀၁၁ခုနှစ် ဇွန်လ ၂၃ ရက်၊ ၂၀၁၁ ခုနှစ် ဇူလိုင်လ ၄ ရက်၊ ၂၀၁၁ ခုနှစ် ဇူလိုင်လ ၁၂ ရက်၊ ၂၀၁၁ ခုနှစ် သြဂုတ်လ ၁ ရက်၊ ၂၀၁၁ ခုနှစ် သြဂုတ်လ ၁၅ ရက်။

[၇၈] Castañeda (n. 52); Ferrari (n. 75); Mendoza (n. 75); *La Agenda Digital Jalisco* Coordination Meetings (n. 77): 23 June 2011, 1 August 2011, 15 August 2011.

[၇၉] ibid.

၆-၃-၂။ ဝန်ဆောင်မှုပေးသည့် အခြေခံအသုံးပြုသူများအတွက် လုပ်ငန်းဆောင်တာများနှင့် သတင်းအချက်အလက် လိုအပ်ချက်များ

လုပ်ဆောင်ရမည့် တာဝန်များကို ဆုံးဖြတ်သည့်အခါတွင် လူတဦးချင်းစီက အခြားသူများထံမှ ရရှိသည့် သို့မဟုတ် အခြားသူများထံပေးပို့သည့် သတင်းအချက်အလက်နှင့် အယူအဆအမျိုးအစားများနှင့် ၎င်းတို့ အသုံးပြုသည့်အခြေခံ အဆောက်အဦဟူ၍ နှစ်မျိုးစလုံးကို ECtHR က ထည့်သွင်းစဉ်းစားသည်။[၈၀] တူညီသည့် အခြားဆက်သွယ်ရေးနည်းကို မရရှိသည့်အခါတွင် ပို၍ ကျဉ်းမြောင်းသော လုပ်ပိုင်ခွင့်နယ်ပယ်ကို အသုံးပြုနိုင်သည်။ ကိစ္စရပ်တွင် ကျေးလက်ပြည်သူများ သို့မဟုတ် လူနည်းစုများ ပါဝင်သည့်အခါတွင် တင်းကြပ်သည့် စိစစ်မှုကို ပြုလုပ်ရမည်။[၈၁] ထို့ကြောင့် ဤလေ့လာချက်၏ တစိတ်တပိုင်းသည် တူညီသည့် အခြားနည်းလမ်း မရှိသည့်အခါ အဆိုပါလူများက အင်တာနက်ကို မည်သို့အသုံးပြုမည်ကို လေ့လာဆန်းစစ်ခြင်း ဖြစ်သည်။

စင်တာများ၌ အသုံးပြုသူများ၏ လှုပ်ရှားမှုများသည် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် အခြေခံမူများကို ရှင်းရှင်းလင်းလင်း ပြသပါသည်။ ECtHR နှင့် IACtHR တို့က ထောက်ခံထားသည့် ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးမှုအတွက် ဒီမိုကရေစီ လူ့အဖွဲ့အစည်းတွင် မရှိမဖြစ်လိုအပ်ခြင်းကိုသာမက သတင်းအချက်အလက်နှင့် ဗဟုဝါဒ လက်လှမ်းမီ ရရှိရေးကို ပြသပါသည်။[၈၂] စင်တာတွင် ဆောင်ရွက်သည့် လုပ်ငန်းဆောင်တာ အမျိုးမျိုးမှ တဆင့် လူတဦးချင်းစီသည် သတင်းအချက်အလက်များကို တပြိုင်နက်တည်း ပေးပို့လက်ခံရရှိခွင့်ကို ကျင့်သုံးလျက်ရှိကြသည်။ လူတဦး၏ ဘဝအစိတ်အပိုင်းအားလုံးတွင် ဆက်သွယ်ရေး၏ အရေးပါပုံသည် IACtHR ၏ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို လူတဦးချင်းစီနှင့် လူမှုရေးရာအပိုင်းများ တည်ရှိခြင်းအဖြစ် အနက်ပြန်ဆိုခြင်းကို အလေးထားဖော်ပြနေသည်။[၈၃] အသုံးပြုသူများက တန်ဖိုးထားသည့် ထုတ်ဖော်ပြောဆိုချက်၏ ကျယ်ပြန့်ပြောမှုကို ဤနမူနာများက ပြသနေသည်။ ၎င်းထုတ်ဖော်ပြောဆိုချက်သည် နိုင်ငံရေး သို့မဟုတ် စီးပွားရေးအဖြစ် အမျိုးအစားခွဲခြားရန် ခက်ခဲစေသည်။[၈၄]

တန်ဖိုးအရှိဆုံး အကျိုးကျေးဇူးများမှာ အသုံးပြုသူများ၏ အလုပ်အကိုင် တိုးတက်ခြင်းနှင့်/ သို့မဟုတ် ပညာရေးတိုးတက်မှုနှင့် အောင်မြင်မှုများနှင့် ဆက်စပ်နေကြောင်း ဖော်ပြကြသည်။ ထို့နည်းတူ ဝေးကွာနေသည့် မိသားစုနှင့် သူငယ်ချင်များနှင့် ပိုမို ဆက်သွယ်လာနိုင်ပြီး လူမှုရေးနှင့် အလုပ်အကိုင်ကွန်ယက်များ တည်ဆောက်လာနိုင်ကြောင်းလည်း ဖော်ပြကြသည်။ တူညီသည့် အခြားနည်းလမ်းများမရှိဘဲ ဆက်သွယ်နိုင်သည့် နည်းလမ်းကို ရရှိနိုင်ခွင့်အား ဤရပ်ရွာအခြေပြုသတင်းအချက်အလက်နည်းပညာစင်တာများက ပေးအပ်သည့် နည်းများအပေါ်

---

[၈၀] အခန်း (၄-၂)၊ (၄-၃)၊ (၄-၅) ကို ကြည့်ပါ။

[၈၁] အခန်း (၄-၂)၊ (၄-၃)၊ (၄-၅) ကို ကြည့်ပါ။

[၈၂] အခန်း (၃-၂-၂) ကိုကြည့်ပါ။ အခန်း (၄-၃) နှင့် (၄-၄) ကို ကြည့်ပါ။ အခန်း (၅-၁) နှင့် (၅-၂) ကို ကြည့်ပါ။

[၈၃] International Commission for the Study of Communication Problems, *Many Voices, One World* (UNESCO 1980) (MacBride Report), 54.

[၈၄] အခန်း (၄-၂) နှင့် (၄-၃) ကို ကြည့်ပါ။

နမူနာများက ဦးတည်ထားသည်။ သတင်းစာ၊ ရုပ်မြင်သံကြား၊ ရေဒီယို သို့မဟုတ် အခြား ဆက်သွယ်ရေးနည်းလမ်းများကို သုံးစွဲခြင်းဖြင့် မဆောင်ရွက်နိုင်သည့် လုပ်ငန်းများ ဖြစ်သည်။ သို့ဖြစ်၍ ဤရုပ်ရှာများအပေါ် အင်တာနက် အကျိုးကျေးဇူး၏ ထူးခြားတန်ဖိုးကို ယခုအပိုင်းက ဖော်ပြပါသည်။ လက်တွေ့ကျကျ အနေအထားဖြင့် အင်တာနက်၏ အရေးပါပုံအကြောင်း ဥပဒေဆိုင်ရာ ထုတ်နှုတ် ဆွေးနွေးချက်ကို အခြေခံသွားမည် ဖြစ်သည်။

စင်တာများတွင် ၎င်းတို့၏ ပထမဆုံးအတွေ့အကြုံများအကြောင်း မေးမြန်းခဲ့သည့်အခါ အခြားဒေသတွင် နေထိုင်သည့် မိသားစုဝင် သို့မဟုတ် သူငယ်ချင်းနှင့် အဆက်အသွယ်ရလိုသည့်အတွက် လာရောက်ခြင်း ဖြစ်ကြောင်း အသုံးပြုသူများက အများအားဖြင့် ပြန်လည်ဖြေဆိုကြသည်။ စင်တာကို စစချင်း အသုံးပြုသူများသည် အမေရိကန်နိုင်ငံ သို့မဟုတ် မက္ကဆီကိုနိုင်ငံ၏ အခြားနေရာတွင် နေထိုင်သည့် မိသားစုဝင်နှင့် စကားပြောဆိုရန် သို့မဟုတ် အီးမေးလ်ပေးပို့ရန် ဖြစ်ကြကြောင်း စီမံအုပ်ချုပ်သူအများစုက ထုတ်ဖော်ပြောဆိုသည်။ ထို့နောက် ဒေသရှိ တက္ကသိုလ်များက ဖွင့်လှစ်သည့် အွန်လိုင်း အလယ်တန်း သို့မဟုတ် အထက်တန်း ဒီပလိုမာ အစီအစဉ်ကို ဝင်ရောက်လျှောက်ထားကြသည်။[၈၅] အသုံးပြုသူအချို့သည် စစချင်းတွင် အွန်လိုင်းသင်တန်း တက်ရောက်ရန် လာရောက်ကြပြီးနောက် နိုင်ငံရပ်ခြားတွင် နေထိုင်သူ မိသားစုနှင့် သူငယ်ချင်းများအတွက် အီးမေးလ်ကို ပြောင်းလဲအသုံးပြု သို့မဟုတ် လူမှုမီဒီယာကို ပြောင်းလဲအသုံးပြုကြသည်။[၈၆]

ရုပ်ရှာအတွက် စင်တာ၏ သင့်လျော်မှုနှင့် တန်ဖိုးများကို ပြသသည့် နမူနာများစွာ ရှိပါသည်။ ဥပမာအားဖြင့် Jalisco ပြည်နယ်၏ တောင်ပေါ်ဒေသတွင် နေထိုင်သော ဌာနေတိုင်းရင်းသား အသိုက်အဝန်းတွင် Ayotitlan မှ ရုပ်ရှာအခြေပြု သတင်းအချက်အလက်နည်းပညာ စင်တာ စီမံအုပ်ချုပ်သူ Magdalena က မှတ်ချက်ပြုထားသည်။ ၎င်းတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ ဆက်လက်ရှင်သန်စေရန်အတွက် Nahual လူမျိုးများ၏ တနယ်ရပ်ခြားတွင် နေထိုင်သူများအကြား ပြောဆိုဆက်သွယ်ရန် သူမနှင့် အခြားအသုံးပြုသူများက စင်တာကို အသုံးပြုကြကြောင်း မှတ်ချက်ပေးသည်။[၈၇] အင်တာဗျူးမေးမြန်းချိန်တွင် ၎င်းတို့ပိုင်မြေတွင် သတ္တုတူးဖော်ရေး ဆောင်ရွက်နေသည့် နိုင်ငံခြားကုမ္ပဏီများကို ကန့်ကွက်ဆန္ဒပြရန်အတွက် သူမနှင့် အခြားသူများက အင်တာနက် လှုပ်ရှားမှုတခုကို စတင်ရန် ကြိုးစားနေကြသည်။[၈၈] သူမ၏ အဓိက လုပ်ဖော်ကိုင်ဖက်များမှာ Veracruz ၊ Oaxaca နှင့် စပိန်နိုင်ငံတို့တွင် ရှိနေကြသည့်အတွက် စင်တာသာမရှိပါက ဤအလုပ်ကို မည်သို့ ဆက်လုပ်ရမည်ကို

---

[၈၅] CASAs Tamazula de Gordiano စီမံအုပ်ချုပ်သူ Josefina Chavez နှင့် အင်တာဗျူး (Tamazula de Gordiano, Jalisco ၂၀၁၁ ခုနှစ် ဇူလိုင်လ ၁၄ ရက်)၊ CASAs Tizapan el Alto စီမံအုပ်ချုပ်သူ Lucia Mendez Buenrostro နှင့် အင်တာဗျူး (Tizapan El Alto, Jalisco ၂၀၁၁ ခုနှစ် ဇွန်လ ၂၆ နှင့် ၂၇ ရက်)၊ CASAs Zapotiltic စီမံအုပ်ချုပ်သူ Marlene Aguilar နှင့် အင်တာဗျူး (Zapotiltic, Jalisco ၂၀၁၁ ခုနှစ် ဇူလိုင်လ ၁၃ ရက်)၊ CASAs San Miguel Hidalgo စီမံအုပ်ချုပ်သူ Oda Belen Brambila နှင့် အင်တာဗျူး (El Limon, Jalisco ၂၀၁၁ ခုနှစ် ဇူလိုင်လ ၂၀ ရက်)၊ CASAs Ayotitlan စီမံအုပ်ချုပ်သူ Magdalena Flores နှင့် အင်တာဗျူး (Ayotitlan, Jalisco ၂၀၁၁ ခုနှစ် ဇူလိုင်လ ၁၈ ရက်)၊ Michel (n. 49).

[၈၆] ibid.

[၈၇] Flores (n. 85).

[၈၈] ibid.

သူမအနေနှင့် မသိကြောင်းကိုလည်း ပြောကြားသည်။[၈၉] အသုံးပြုသူအချို့က ၎င်းတို့တဦးချင်းစီ၏ သုတေသန လုပ်ငန်း ဖြစ်သော ၎င်းတို့၏ ရိုးရာ ဂီတများကို မှတ်တမ်းတင်ကာ ဗွီဒီယိုထုတ်မည့်အကြောင်း ဆွေးနွေးကြသည်။ Magdalena ၏ အကူအညီဖြင့် အခြားသူများက ယဉ်ကျေးမှုစင်တာတွင် ၎င်းတို့၏ ဌာနေဓလေ့ရိုးရာနှင့် ဆက်စပ်နေသည့် အချက်အလက်များနှင့် ရှေးဟောင်းပစ္စည်းများကို ဒီဂျစ်တယ်ပုံစံဖြင့် ပြောင်းလဲသိမ်းဆည်ရန် စီမံနေကြသည်။

Tizapan ၊ Zapotiltic နှင့် Tamazula de Gordiana စင်တာများသည် အလုပ်အကိုင်နှင့် လုပ်ငန်းဆိုင်ရာ စွမ်းဆောင်ရည်များ မြင့်မားစေသည့် အလုပ်ရုံ ဆွေးနွေးပွဲကို စီစဉ်ကျင်းပကြသည်။[၉၀] Zapotiltic တွင် ကွန်ပျူတာ သုတေသန သင်တန်းသည် အစားအစာတာရှည်ခံအောင် ထားသိုခြင်း တိုးတက်စေရန် အထူးပင် အလေးပေး ထားသည်။[၉၁] Zapotiltic သည် ထုပ်ပိုးမှုနှင့် သယ်ယူပို့ဆောင်ရေး လိုအပ်သည့် အသီးအနှံများကို စိုက်ပျိုးရောင်းချသည့် စိုက်ပျိုးရေးရွာဖြစ်သည်။[၉၂] လက်သမားများအကြား ဤကျွမ်းကျင်မှုများ မြင့်မားစေရန်အတွက် ဤသင်တန်းက သတင်းအချက်အလက်နှင့် အရင်းအမြစ်များကို ရှာဖွေသည်။[၉၃] Tizapan တွင် စီမံအုပ်ချုပ်သူနှင့် အသုံးပြုသူများက Tizapan el Alto ကို သန့်ရှင်းရေးလုပ်ပြီး စွန့်ပစ်ပစ္စည်း ပြန်လည်ပြုပြင်အသုံးပြုသည့် အစီအစဉ်ကို စတင်လိုကြသည်။ စီမံအုပ်ချုပ်သူနှင့် စိတ်ပါဝင်စားသည့် အသုံးပြုသူများသည် ဤစီမံကိန်းပုံစံ အကြောင်းကို အွန်လိုင်းမှတဆင့် အချက်အလက် ရရှိကြပြီး အကြံဉာဏ်ကို ကြိုက်နှစ်သက်သည့် ရပ်ရွာအဖွဲ့ဝင်များကို စတင်စကားပြောဆိုကြသည်။ အင်တာဗျူးမေးမြန်းချိန်တွင် စီမံကိန်းကို စတင်ရုံမျှသာ ရှိသေးသည်။[၉၄]

Tonaya နှင့် Tuxcacuesco တို့တွင် ထောပတ်သီး စိုက်ပျိုးထုတ်လုပ်မှု မြှင့်တင်ရေးနှင့် ၎င်းတို့ ထွက်ကုန်များကို စီးပွားရေးဆန်ဆန်ထုတ်လုပ်ရန်အတွက် သင်တန်းများကို စင်တာနှစ်ခုက ပူးပေါင်းစီစဉ် ကြသည်။[၉၅] မြေပဲ စိုက်ပျိုးရေးမှ အခွန်ဝင်ငွေ အဓိကရသောမြို့ဖြစ်သည့် Tuxcacuesco သည် မြေပဲ စိုက်ပျိုး ထုတ်လုပ်ရေးနှင့် ရောင်းချရေးအလုပ်ရုံဆွေးနွေးပွဲကို အလားတူ ကျင်းပပါသည်။[၉၆] သီးခြားအနေဖြင့် သဘာဝ အခြေခံခရီးသွား အစပျိုးလုပ်ငန်းများကို El Limon နှင့် La Gloria တို့၏ ကျေးလက်ဒေသများတွင် စတင်လျက် ရှိသည်။ စင်တာနှစ်ခုစလုံးတွင် စီမံအုပ်ချုပ်သူနှင့် အသုံးပြုသူများသည် ၎င်းတို့၏ ကွန်ပျူတာသင်တန်းမှ ရရှိသည့် ကျွမ်းကျင်မှုများကို ကောင်းကောင်းပေါင်းစပ် အသုံးချပြီးနောက် နေရာတခုချင်းစီ၏ သဘာဝအလှကို ခရီးသွား

---

[၈၉] ibid.

[၉၀] Buenrostro (n. 85); Aguilar (n. 85); Chavez (n. 85).

[၉၁] Aguilar (n. 85).

[၉၂] ibid.

[၉၃] ibid.

[၉၄] Buenrostro (n. 85); အသုံးပြုသူ နံပါတ် ၂ နှင့် နံပါတ် ၄ တို့ဖြင့် အင်တာဗျူး (Tizapan al Alto, Jalisco ၂၀၁၁ ခုနှစ် ဇွန်လ ၂၆ ရက်).

[၉၅] Michel (n. 49).

[၉၆] ibid.

များအား ဆွဲဆောင်ခြင်းဖြင့် ဝင်ငွေများကို ရရှိပါသည်။[၉၇] အစပျိုးလုပ်ငန်းများအားလုံးသည် ပြည်နယ်၏ ညွှန်ကြားချက်ဖြင့် စတင်ခြင်းမဟုတ်ဘဲ စီမံအုပ်ချုပ်သူတဦးချင်းစီ၏ ဦးဆောင်မှုဖြင့် စတင်ခြင်း ဖြစ်သည်။

စင်တာသည် ရပ်ရွာအတွင်း ကွန်ပျူတာများနှင့် အင်တာနက်ကို များစွာ မည်သို့ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုမည်ကို စီမံအုပ်ချုပ်သူအားလုံးက အလေးထားကြသည်။[၉၈] ၎င်းတို့၏ ရပ်ရွာများအတွင်း နေထိုင်သူများအတွက် နိုင်ငံရပ်ခြားတွင် နေထိုင်သူ သို့မဟုတ် မက္ကဆီကိုနိုင်ငံအနှံ့နေထိုင်သူ မိသားစုများနှင့် သက်ဆိုင်သည့် မရှိမဖြစ် သတင်းအချက်အလက်နှင့် လိုအပ်သည့် သတင်းအချက်အလက်များကို ရှာဖွေခြင်းအတွက် စင်တာများသည် တခုတည်းသော ဖြစ်နိုင်ခြေရှိသည့် နည်းလမ်းတရပ်အဖြစ် ကိုယ်စားပြုကြောင်း အခြားသူများက အလေးထားပြောဆိုသည်။ ပညာရေးတိုးတက်မြင့်မားမှု သို့မဟုတ် ဌာနေတိုင်းရင်းသားလူမျိုးဆိုင်ရာ ကွန်ယက်များနှင့် ချိတ်ဆက်ခြင်းအတွက်လည်း တခုတည်းသော ဖြစ်နိုင်သည့်နည်းလမ်းအဖြစ်လည်း ကိုယ်စားပြုပါသည်။[၉၉]

လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ အတွင်း MacBride အစီရင်ခံစာမှ ရှင်းရှင်းလင်းလင်း ဖော်ပြထားသကဲ့သို့ပင် ဆက်သွယ်ရေးသည် နေရာဒေသတိုင်းရှိ ဖွံ့ဖြိုးရေးနှင့် လူမှုဘဝတို့၏ အရေးပါသည့် အစိတ်အပိုင်း ဖြစ်သည်။ ဒီမိုကရေစီ ရှင်သန်ရေး ပူးပေါင်းပါဝင်နိုင်ရန်အတွက် အင်တာနက်သည် မရှိမဖြစ် လိုအပ်သည့်အတွက် ဖြစ်ပါသည်။[၁၀၀] ဤနမူနာများသည် MacBride ၏ ရေရှည်မျှော်မှန်းချက်၏ ဆီလျော်ကိုက်ညီမှုကို အသားပေးထားသည်။ သတင်းအချက်အလက် နည်းပညာသုံးစွဲနားလည်မှုပိုင်း ကွာဟချက် ကျဉ်းမြောင်းစေရေးသည် အဖယ်ကြဉ်ခံလူများအတွက် အကျိုးများစေသည်သာမကဘဲ လူမှုအသိုက်အဝန်း တခုလုံးအတွက်လည်း အကျိုးများစေကြောင်းကိုလည်း အသားပေး ဖော်ပြသည်။ အဖယ်ကြဉ်ခံလူများသည် ယခုအခါ သတင်းအချက်အလက်များကို လက်ခံရရှိကာ ပေးပို့နိုင်ကြပြီ ဖြစ်သည်။[၁၀၁] ဤလေ့လာချက် အနေအထားအတွင်း အင်တာနက် လက်လှမ်းမီ ရရှိခွင့်ကို စီမံပေးရန် နိုင်ငံများတွင် ဥပဒေနှင့် စည်းနှောင်ထားသော လုပ်ဆောင်ရန် တာဝန်များ ရှိကြောင်း ဆွေးနွေးရန်အတွက် တည်ဆဲ ဥပဒေမူဘောင်တွင် နယ်ပယ် အကန့်အသတ်သာ ရှိပါသည်။ သို့သော်ငြား ဤအပိုင်းတွင် ကျွန်ုပ်တို့ တွေ့မြင်ရသကဲ့သို့ ဤလေ့လာချက်၏ တွေ့ရှိချက်များတွင် ဖော်ထုတ်ထားသည့် ကိစ္စရပ်များနှင့် လွတ်လပ်စွာထုတ်ဖော် တင်ပြပြောဆိုခွင့် အခြေခံမူများအကြား တူညီချက်များ ရှိသည်။ ECtHR နှင့် IACtHR နှစ်ခုစလုံး၏ ဆုံးဖြတ်ချက်များတွင် ကျောထောက်နောက်ခံပြုထားသည့် လွတ်လပ်စွာထုတ်ဖော် တင်ပြပြောဆိုခွင့် အခြေခံမူများ ဖြစ်သည်။ ထို့အပြင် လူ့အခွင့်အရေးကာကွယ်ပေးရန် အလိုအပ်ဆုံးဖြစ်နေသည့် လူများကို

---

[၉၇] Brambila (n. 85); CASAs La Gloria စီမံအုပ်ချုပ်သူ Amado Valenzuela နှင့် အင်တာဗျူး (La Gloria, Jalisco ၂၀၁၁ ခုနှစ် ဇူလိုင်လ ၂၂ ရက်)၊ CASA San Miguel Hidalgo အသုံးပြုသူ နံပါတ် ၃ နှင့် နံပါတ် ၅ တို့ဖြင့် အင်တာဗျူး (El Limon, Jalisco ၂၀၁၁ ခုနှစ် ဇူလိုင်လ ၂၀ ရက်)၊ CASA La Gloria အသုံးပြုသူ နံပါတ် ၁ နှင့် နံပါတ် ၂ တို့ဖြင့် အင်တာဗျူး (La Gloria, Jalisco ၂၀၁၁ ခုနှစ် ဇူလိုင်လ ၂၂ ရက်)

[၉၈] Buenrostro (n. 85).

[၉၉] Flores (n. 85); Michel (n. 49); Brambila (n. 85).

[၁၀၀] MacBride Report (n. 83), para. 54.

[၁၀၁] ibid, 25.

အကောင်းဆုံး ကာကွယ်ပေးရန်အတွက် တည်ဆဲအခြေခံမူများကို အနက်ပြန်ဆိုရာတွင် တဖြည်းဖြည်း တိုးတက်လာသည့် အရေးပါသော နည်းလမ်းများကိုလည်း ဤနမူနာများက ဖော်ပြပါသည်။ ဤနေရာတွင် ဖော်ပြထားသည့် အတိုင်း အွန်လိုင်းတွင် ထုတ်ဖော်ပြောဆိုခြင်းနှင့် ဆက်သွယ်ခြင်းပုံစံများသည် အချက်အလက် အခြေမပြုသော်ငြား ပြည်သူများ၏ သတင်းများကို လက်လှမ်းမီ ရရှိခွင့် မြင့်မားစေနိုင်သည့် အင်တာနက်၏ စွမ်းဆောင်ရည်ထက် ကောင်းစွာ ကျော်လွန်နေပါသည်။ သို့တည်းမဟုတ် ယေဘုယျအားဖြင့် သတင်းအချက်အလက်များ ဖြန့်ချိရေးကို အဆင်ပြေချောမွေ့စေသည့် စွမ်းဆောင်ရည်ထက် ကျော်လွန်ပါသည်။[၁၀၂]

၆-၃-၃။ အင်တာနက်နှင့် ၎င်း၏ အကျိုးကျေးဇူးများအကြောင်း အသိပညာမြှင့်တင်ရာတွင် စီမံအုပ်ချုပ်သူ၏ အရေးပါမှု

ဆက်သွယ်ရေးစင်တာများ၏ စီမံအုပ်ချုပ်သူအတွက် သင်တန်းပေးခြင်းနှင့် စွမ်းဆောင်ရည်တည်ဆောက်ခြင်း၏ အရေးပါပုံကို ဖွံ့ဖြိုးရေးစာပေတွင် ကောင်းစွာထည့်သွင်းထားပြီး ဖြစ်သည်။[၁၀၃]ဤလေ့လာချက်ရှိ အသုံးပြုသူများသည် အင်တာနက်ကို မည်သို့ လက်လှမ်းမီ ရရှိကြောင်း အရေးပါသည့် အကြောင်းရင်းလည်း ဖြစ်သည်။ အသုံးပြုသူများ၏ ဘဝများအတွက် တန်ဖိုးရှိမှုကို ဆောင်ကြဉ်းပေးပြီး အွန်လိုင်းတွင် ၎င်းတို့၏ လူ့အခွင့် အရေးကျင့်သုံးနိုင်ရေး ကူညီပေးသော နည်းလမ်းအတိုင်း လက်လှမ်းမီ ရရှိနိုင်စေသည်။ သတင်းအချက်အလက် နည်းပညာ သုံးစွဲတက်မြောက်မှုသည် သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက် ကျဉ်းမြောင်းစေရေးအတွက် အဓိကအပိုင်း ဖြစ်သည်။ ဥရောပကောင်စီ၊ အမေရိကနိုင်ငံများအဖွဲ့နှင့် ကမ္ဘာ့ကုလသမဂ္ဂတို့မှ အလေးနက်ထားသည့် အင်တာနက် 'လက်လှမ်းမီ သုံးစွဲခွင့်' ကို စီမံပေးပါသည်။[၁၀၄] အင်တာဗျူးထားသည့် အသုံးပြုသူများအနက် ၇၆ ရာခိုင်နှုန်းသည် ၎င်းတို့၏ စင်တာစီမံအုပ်ချုပ်သူသည် အရေးပါကြောင်း ပြောကြားကြသည်။ စင်တာကို သွားရောက်ရန် ရွေးချယ်ခြင်းနှင့် အွန်လိုင်း လုပ်ငန်းဆောင်တာ အသစ်များသို့မဟုတ် ဝန်ဆောင်မှုအသစ်များကို သင်ယူရာတွင် အရေးပါခြင်း ဖြစ်သည်။ စီမံအုပ်ချုပ်သူတဦးချင်းအဆင့်ရှိ အလေ့အထကောင်းသည် သတင်းအချက်အလက် နည်းပညာ အားလုံး ရရှိသုံးစွဲရေး အစီအစဉ်၏ တရားဝင် အင်္ဂါရုပ်မဟုတ်ပေ။ အကျိုးဆက်အားဖြင့် စီမံအုပ်ချုပ်သူ၏ အရေးပါမှုနှင့် ရပ်ရွာကို ဝန်ဆောင်မှုပေးရန် ၎င်းတို့အား သင်တန်းပေးခြင်းကို ပြည်နယ်အဆင့် မူဝါဒနှင့် အစီအမံများရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် အကဲဖြတ်

---

[၁၀၂] *Times Newspapers Ltd* (n. 61), para. 49.

[၁၀၃] ယေဘုယျအားဖြင့် Stuart Hamilton and Niels Ole Pors 'Freedom of Access to Information and Freedom of Expression: The Internet as a Tool for Global Social Inclusion' (2003) 24 *Library Management* 407 ကို ကြည့်ပါ။

[၁၀၄] ဥရောပကောင်စီ 'အင်တာနက်အသုံးပြုသူများအတွက် လူ့အခွင့်အရေး လမ်းညွှန်ချက်ဆိုင်ရာ အဖွဲ့ဝင် နိုင်ငံများအတွက် ဝန်ကြီးများကော်မတီများ၏ အကြံပြုချက် CM/Rec(2014)6' (၂၀၁၄ ခုနှစ် ဧပြီလ ၁၆ ရက်)၊ ပညာရေးနှင့် စာတတ်မြောက်မှု အပိုင်း၊ စာပိုဒ် (၂)၊ OAS 'လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်နှင့် အင်တာနက်၊ လွတ်လပ်စွာ ထင်မြင်ယူဆခွင့်နှင့် ထုတ်ဖော်တင်ပြ ပြောဆိုခွင့်ဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Catalina Botero Marino ၏ ရုံး' (၂၀၁၃ ခုနှစ်) para. 48; 2011 SR Report (n. 28), para. 88၊ WSIS 'အခြေခံမူများနှင့် လုပ်ငန်းအစီအမံဆိုင်ရာ ဂျနီဗာ ကြေညာစာတမ်း' (၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၁၀-၁၂ ရက်)၊ WSIS 'WSIS+ ၁၀ ရလဒ်စာတမ်းများ- ဂျနီဗာ ၂၀၁၄' (ITU 2014).

ဆန်းစစ်ခြင်းတို့တွင် ထည့်သွင်းသင့်ကြောင်း ယခုအခန်းက ဆွေးနွေးထားပါသည်။ လေ့လာချက်၏ အင်တာဗျူးများအပေါ် အခြေခံ၍ စီမံအုပ်ချုပ်သူ၏ အခန်းကဏ္ဍကို ရပ်ရွာအတွက် သတင်းအချက်အလက် ကြားခံဆောင်ကြဉ်းပေးသူအဖြစ် သတ်မှတ်ထားသည်။ အွန်လိုင်းပေါ်မှ အသင့်လျော်ဆုံး သတင်းအချက်အလက်နှင့် အကြောင်းအရာကို ကူညီရှာဖွေပေးရာတွင် ဖြစ်သည်။[၁၀၅] အသုံးပြုသူ အရေအတွက် မြင့်မားသည့် သက်ဝင်လှုပ်ရှားမှုအရှိဆုံး စင်တာများသည် အခြေခံအားဖြင့် အကောင်းဆုံး အထောက်အပံ့ပစ္စည်း၊ ဆော့ဝဲလ် သို့မဟုတ် အင်တာနက်ချိတ်ဆက်မှုပေးသည့် စင်တာများမဟုတ်ပေ။ သို့သော် စီမံသူများက ရပ်ရွာအတွက် အသင့်လျော်ဆုံး ဝန်ဆောင်မှုများနှင့် လုပ်ငန်းဆောင်တာများကို ပေးသည့် စင်တာများ ဖြစ်သည်။

ရပ်ရွာရှိ ဖယ်ကြဉ်ခံရဆုံး လူများကို ဝန်ဆောင်မှုပေးရာ၌ အောင်မြင်စေရန်အလို့ငှာ ဆက်သွယ်ရေး စင်တာရှိ သတင်းအချက်အလက် ကြားခံဆောင်ကြဉ်းပေးသူများနှင့် ရပ်ရေးရွာရေး ဆောင်ရွက်သူများ၏ အရေးပါပုံကို လေ့လာထားသည့် Wanasundera နှင့် Colle တို့၏ သုတေသနကို ဤလေ့လာချက်က ထောက်ခံပါသည်။[၁၀၆] စီမံအုပ်ချုပ်သူအများစုသည် ရပ်ရွာ၏ အင်တာနက်ပြင်ပ လှုပ်ရှားမှုများကို စင်တာနှင့် ချိတ်ဆက်ထားသည့် လုပ်ငန်းဆောင်တာအများအပြားကို အကောင်အထည်ဖော်လျက်ရှိကြသည်။ ၎င်းတို့သည် ရပ်ရွာပြင်ပ လုပ်ငန်းမျိုးစုံတွင်လည်း ပါဝင်ကြသည်။ ဥပမာ Tizapan el Alto အတွက် စီမံအုပ်ချုပ်သူဖြစ်သော Lucia သည် ရပ်ရွာအရေးတွင် ပူးပေါင်းပါဝင်ပြီး အထူးသဖြင့် ဘုရားကျောင်းနှင့် အမျိုးသမီးအဖွဲ့များတွင် တက်တက်ကြွကြွ ပါဝင်သည်။ အဆိုပါနေရာများတွင် လူများအား သူမ၏ စင်တာသို့ လာရောက်လည်ပတ်ရန် ပုံမှန် ဖိတ်ခေါ်လေ့ရှိသည်။[၁၀၇] အခြားသော ရပ်ရွာအဖွဲ့များအား ၎င်းတို့အစည်းအဝေးကို စင်တာတွင် ကျင်းပခွင့် ပြုပါသည်။[၁၀၈] ရပ်ရွာရှိ လှုပ်ရှားမှုအများအပြားတွင် Lucia ကို တွေ့မြင်နိုင်ကြောင်း ဤစင်တာအသုံးပြုသူများက မိန့်မှတ်ချက် ပြုကြသည်။[၁၀၉] အတွေ့အကြုံ ၁၀ နှစ်ရှိသော Roberto က Tuxacuesco တွင် စင်တာကို တည်ထောင်ရန်အလို့ငှာ စင်တာကို မည်သို့ အသုံးပြုနိုင်သည်ကို သူ့အနေဖြင့် တအိမ်တက် တအိမ်ဆင်း လိုက်လံ ရှင်းပြခဲ့ပါသည်။ ထို့အပြင် လူတဦးချင်းစီအား စင်တာသို့ သွားရောက်ပါက ဘာလုပ်ချင်သည်ကိုလည်း မေးမြန်းပါသည်။[၁၁၀] Roberto ၏ စင်တာကောင်းကျိုး ဆွေးနွေးခြင်းအကြောင်း တဦချင်း၏ အတွေ့အကြုံများကို Tuxacuesco စင်တာ အသုံးပြုသူများက မျှဝေကြသည်။ ထို့နောက် စစချင်းအိမ်လည်ပြီးသည့်နောက် အသုံးပြုသူများ၏ တုံ့ပြန်ချက်ကို မေးမြန်း

---

[၁၀၅] Dr Moreno မှသည် စီမံအုပ်ချုပ်သူများအထိ ဤအကြောင်းကို အဆင့်တိုင်းတွင် ဆွေးနွေးကြသည်။ Roberto Michel (n. 49); Aguilar (n. 85); Buenrostro (n. 85); Magdelena and Users 2, 3, 4, 6 (Ayotitlan, Jalisco, 20 July 2011). emphasized the role of the administrators; Flores (n. 85)ကဲ့သို့ ဖြစ်သည်။

[၁၀၆] L. Wanasundera, *Public Access to Information & ICTs Final Report: Sri Lanka* (University of Washington Center for Information & Society 2008) 135–136; Royal D. Colle, 'Memo to Telecenter Planners' (2005) 21 *The Electronic Journal of Information Systems in Developing Countries*.

[၁၀၇] Buenrostro (n. 85).

[၁၀၈] ibid.

[၁၀၉] အသုံးပြုသူ နံပါတ် ၁၊ ၃၊ ၄၊ ၅၊ ၇ တို့နှင့် အင်တာဗျူး (Tizapan el Alto, Jalisco ၂၀၁၁ ခုနှစ် ၂၆ နှင့် ၂၇)

[၁၁၀] Michel (n. 49).

ပါသည်။ ၎င်းတို့၏ လိုအပ်ချက်များနှင့် ရပ်ရွာအတွင်းရှိ အခြား အသုံးပြုနိုင်ခြေ ရှိသူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းရန် စင်တာသည် ဆက်လက် ကိုက်ညီကြောင်း သေချာစေရန်အလို့ငှာ မေးမြန်းပါသည်။[၁၁၁]

စင်တာစီမံအုပ်ချုပ်သူအချို့ကို ကိရိယာပစ္စည်းများအတွက် စောင့်ကြည့်သူမျှအဖြစ်သာ ရှုမြင်ကြလေ့ ရှိသည်။ အထောက်အပံ့ကိရိယာများကို အသုံးပြုသူလိုအပ်ချက်များအတွက် ကိုက်ညီအောင် ပြုလုပ်ရာတွင် သတင်းအချက်အလက်စီမံခန့်ခွဲသူများ၊ ဆရာများနှင့် ခေါင်းဆောင်များအဖြစ် မရှုမြင်ကြပေ။[၁၁၂] သို့ရာတွင် စင်တာနှင့် ၎င်း၏ ဝန်ဆောင်မှုများအား ရပ်ရွာအဖွဲ့အစည်းနှင့် ချိတ်ဆက်ပေးရာတွင် အဓိကကျသည့် အကောင်အထည်ဖော်ရမည့် လုပ်ငန်းကို နားလည်သဘောပေါက်သည့် စီမံခန့်ခွဲသူများသည် ရပ်ရွာအတွက် စင်တာ၏ အင်တာနက်ပြင်ပ တန်ဖိုးကို အသုံးပြုသူများမှ လက်ခံလာစေရေး အထောက်အပံ့ဖြစ်စေပါသည်။ ဤအစပျိုး လုပ်ငန်းသည် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကို ဖန်တီးပေးခြင်းဆိုသည်မျှထက် မည်သို့ ပိုသာကြောင်း ရှင်းရှင်းလင်းလင်း ပြောဆိုရန်အတွက် Roberto သည် Dr Moreno ထံမှ ဆောင်ပုဒ်တခုကို အသုံးပြုခဲ့သည်။[၁၁၃] 'ဤစီမံကိန်းသည် ရပ်ရွာအတွင်းသို့ ကွန်ပျူတာတလုံးနှင့် ရောက်ရှိခြင်း မဟုတ်ဘဲ ရပ်ရွာလုပ်ငန်းအတွက် အဆိုပြုချက်များနှင့် ရောက်ရှိလာခြင်း ဖြစ်သည်။ ဤစီမံကိန်း၏ အဆင့်အားလုံး၌ အောင်မြင်စေရန် စီမံကိန်းအတွက် ဆန္ဒမရှိပါက စီမံကိန်းသည်လည်း အောင်မြင်နိုင်မည် မဟုတ်ပေ' ဟု သူက ရှင်းပြပါသည်။[၁၁၄]

'သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသည် ရောက်ရှိလာပြီး ဤနေရာတွင် တည်ရှိနေပါသည်။ ၎င်းတို့ကို အသုံးပြုရန် မသိရှိသူများက ကျန်ရစ်နေခဲ့ပေလိမ့်မည်' ဟု Tizapan ၏ စီမံအုပ်ချုပ်သူဖြစ်သော Lucia က ရှင်းပြပါသည်။[၁၁၅] ရပ်ရွာအတွက် ပြည်နယ်၏ အစပျိုးလုပ်ငန်းသည် တန်ဖိုးရှိကြောင်း ရပ်ရွာအဆင့် အစိုးရ အရာရှိများကို နားလည်သဘောပေါက်စေရန်အလို့ငှာ ၎င်းတို့နှင့် အလုပ်လုပ်ကိုင်သည့် ဆက်ဆံရေးကို Lucia က တည်ဆောက်လျက်ရှိသည်။ 'ဒါက အရာရှိများအား စင်တာအကြောင်း သိရှိစေမည့် နည်းဖြစ်ပြီး ကျွန်ုပ်တို့သည် ၎ကိုအမြဲတစေတောင်းနေခြင်းမဟုတ်ဘဲ အချိန်တိုင်း ကြိုးစားဆောင်ရွက်နေသည်များကိုလည်း သိရှိစေကြောင်း' သူမက ရှင်းပြပါသည်။[၁၁၆] ဤသို့ဖြင့် စင်တာမှ လိုအပ်သည့် အရင်းအမြစ်များကို စီမံပေးရန် အစိုးရ အရာရှိများထံ တောင်းဆံသည့်အခါ ၎င်းတို့က သိမြင်လက်ခံလာရန် လွယ်ကူစေသည်ကို တွေ့ရှိရကြောင်း သူမက ဆိုပါသည်။[၁၁၇] သင့်လျော်သည့် အွန်လိုင်းသတင်းအချက်အလက်နှင့် အကြောင်းအရာတို့ကို စင်တာမှ ရရှိခြင်း

---

[၁၁၁] အသုံးပြုသူ နံပါတ် ၂၊ ၅၊ ၆ တို့နှင့် အင်တာဗျူး (Tuxacuesco, Jalisco ၂၀၁၁ ခုနှစ် ဇူလိုင်လ ၁၉ ရက်)

[၁၁၂] JDA ၏ အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်၏ အဆင့်အားလုံးနှင့် အင်တာဗျူးမေးမြန်းခြင်းဖြင့် စင်တာ စီမံအုပ်ချုပ်သူ၏ 'ကိုယ်ရည်ကိုယ်သွေးအကြောင်းအရာ' ၏ အရေးပါပုံကို အလေးထားကြသည်။ စင်တာများဆီသို့ လေ့လာရေးခရီး သွားရောက်သည့်အခါတွင်လည်း ဤအချက်ကို ကျွန်ုပ် တွေ့မြင်ခဲ့သည်။

[၁၁၃] Michel (n. 49).

[၁၁၄] ibid.

[၁၁၅] Buenrostro (n. 85).

[၁၁၆] ibid.

[၁၁၇] ibid.

မှတဆင့် သစ်သီးများကို ရေရှည်ထားခံအောင် ဗူးများဖြင့် ထုပ်ပိုးထုတ်လုပ်ခြင်း တိုးမြှင့်မည့် နည်းလမ်းများ ဖော်ထုတ်ရန်အတွက် Zapotiltic တွင် စီမံအုပ်ချုပ်သူဖြစ်သည့် Marlen သည် လယ်သမားများနှင့် အလုပ် လုပ်ကိုင်ခဲ့ပါသည်။[၁၁၈] ဤနမူနာများသည် စီမံအုပ်ချုပ်သူများအကြားရှိ အလေ့အကျင့်ကောင်းများကို ဖော်ပြပါသည်။ အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်၏ ယေဘုယျအလားအလာကို စင်တာ၏ လုပ်ငန်းများနှင့် ရပ်ရွာနှင့် ထိတွေ့ဆက်ဆံမှုတို့ဖြင့် ၎င်းတို့က ချိတ်ဆက်ခဲ့ကြသည်။ စင်တာရှိနေသည့်အတွက် အသုံးပြုသူတဦးချင်းစီနှင့် ရပ်ရွာသည် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးအရ အကောင်းဘက်သို့ သက်ရောက်မှု ကျယ်ကျယ် ပြန့်ပြန့် ရှိသည့် နည်းလမ်းကိုလည်း ဤနမူနာများက ပြသသည်။

အချက်အလက်အခြေမပြုသော်ငြား ဤဖြစ်ရပ်အခြေပြုလေ့လာမှုသည် ဤရပ်ရွာများတွင် အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်၏ အရေးပါပုံကို ဖော်ပြပါသည်။ အခြားသော ဆက်သွယ်ရေးနည်းလမ်းက အစားမထိုးနိုင်သည့် နည်းဖြင့် ဖော်ပြသည်။ ရှေ့ပိုင်းအခန်းများတွင် ပညာရပ်စာပေများကို လေ့လာချက်သည် နေ့စဉ်ဘဝရှိ အင်တာနက်၏ သိသာထင်ရှားပုံကို အသားပေးဖော်ပြထားသည်။ ဤလုပ်ငန်းဆောင်တာများ ဆောင်ရွက်ရာတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၏ အရေးပါပုံကို လေ့လာဆန်းစစ်ချက်နှင့် ဤပညာရပ်စာပေ အမျိုးအစားက ချိတ်ဆက်ရမည်ဖြစ်ကြောင်း ယခုအခန်းက ဆွေးနွေးထားသည်။[၁၁၉] ကျွေးလက် ပြည်သူများသို့မဟုတ် အကျိုးခံစားခွင့်မရသူများအတွက် နားလည်သဘောပေါက်ရန် ဤအချက်က အထူးပင် အရေးပါသည်။ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ပစ္စည်းကိရိယာများကို ၎င်းတို့မှ လက်လှမ်းမီ ရရှိခြင်းသည် ဤလုပ်ငန်းဆောင်တာများကို သိမြင်စေမည့် ၎င်းတို့၏ ရွေးချယ်ပိုင်ခွင့်များသာ ဖြစ်ကြသည်။ အထူးသဖြင့် အမှန်တကယ်ဖြစ်ပျက်နေသည်ထက် ECtHR နှင့် IACtHR နှစ်ခုစလုံးသည် ကျွေးလက်ပြည်သူများ သို့မဟုတ် အကျိုးခံစားခွင့်မရသူများအတွက် ပို၍ စေ့စေ့စပ်စပ် စိစစ်ပေးထားခြင်းကြောင့် ဖြစ်သည်။[၁၂၀]

ဤစင်တာများကခွင့်ပြုပေးသည့် လုပ်ငန်းဆောင်တာ အများအပြားကို အခြားမီဒီယာများကို ရရှိသုံးစွဲခြင်းဖြင့် မစီမံပေးနိုင်ကြောင်း နမူနာများကိုလည်း ဤလေ့လာချက်က ဖော်ပြပေးပါသည် (ဆိုလိုသည်မှာ အဝေးသင်ပညာရေး၊ Skype သို့မဟုတ် လူမှုမီဒီယာမှတဆင့် မိသားစုဝင်များကို အချိန်နှင့်တပြေးညီ လွတ်လွတ်လပ်လပ် ဆက်သွယ်ပြောကြားခြင်းနှင့် မက္ကဆီကိုနိုင်ငံအနှံ့ ဌာနေတိုင်းရင်းသားကွန်ယက်ကို ခိုင်မာ အားကောင်းစေခြင်း တို့ဖြစ်သည်)။[၁၂၁] အင်တာနက်၏ အကျိုးကျေးဇူးများကို ဤသို့ သရုပ်ဖော်ပြခြင်းဖြင့် သတင်းအချက်အလက် နည်းပညာ အားလုံးရရှိသုံးစွဲရေး အစပျိုးလုပ်ငန်းများအတွက် လိုအပ်ချက်ကိုလည်း တိုက်ရိုက် ဖော်ပြသည်။ .ဤသတင်းအချက်အလက်နည်းပညာ အားလုံးရရှိသုံးစွဲရေး အစပျိုးလုပ်ငန်းကဲ့သို့ ဖွံ့ဖြိုးရေး အစီအစဉ်များသည် အများအားဖြင့် အခြားသော အင်တာနက်လက်လှမ်းမီ ရရှိရေး အခွင့်အလမ်းများနှင့် ကင်းကွာခဲ့ပါသည်။ အင်တာနက်မှ ပေးသည့် အကျိုးကျေးဇူးများတွင် ပါဝင်နိုင်စွမ်းဖြစ်သော အခွင့်အလမ်းများ ဖြစ်သည်။ ဤအခြေခံ

---

[၁၁၈] Aguilar (n. 85).

[၁၁၉] အခန်း (၁) ကို ကြည့်ပါ။

[၁၂၀] အခန်း (၁-၃)၊ အခန်း (၂-၃)၊ အခန်း (၄-၅)၊ အခန်း (၅-၁) နှင့် (၅-၂) ကို ကြည့်ပါ။

[၁၂၁] အခန်း (၁၃-၂)၊ အခန်း (၄-၂) နှင့် (၄-၃) ကို ကြည့်ပါ။

မှုများကို လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့များက လူ့အဖွဲ့အစည်းအတွင်းရှိ အထိခိုက်ခံရဆုံးသူများကို အကာအကွယ်ပေးသည့်နည်းဖြင့် အနက်ပြန်ဆိုနိုင်ရေး အနာဂတ်ကာလ သုတေသနက ကူညီပံ့ပိုး ပေးရမည်။

၆-၄။ သတင်းအချက်အလက်နည်းပညာ အားလုံး ရရှိသုံးစွဲရေး အစီအစဉ် ထိထိရောက်ရောက် အကောင်အထည်ဖော်ရေးကို တားဆီးနေသည့် စိန်ခေါ်ချက်များ သို့မဟုတ် အဆီးအတားများ

ယခင်အပိုင်းများတွင် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့် အမျိုးအစား ၂ ရပ်ကို လေ့လာခဲ့ပါသည်။ ပထမ အမျိုးအစားမှာ ICT အထောက်အပံ့ပစ္စည်းကိရိယာများနှင့် သတင်းအချက်အလက်ဝန်ဆောင်မှုများကို ဖြန့်ဖြူးရန် အတွက် အကောင်အထည်ဖော်ရေး မူဘောင်ဖြစ်ပြီး ဒုတိယအမျိုးအစားမှာ ရပ်ရွာအခြေပြု သတင်း အချက်အလက် နည်းပညာစင်တာများမှတဆင့် ဖြည့်ဆည်းပေးသည့် သတင်းအချက်အလက် လိုအပ်ချက်များ ဖြစ်သည်။ အမျိုးအစားနှစ်ခုစလုံးတွင် ပြည်နယ်၏ မျှော်မှန်း အကျိုးရလဒ်နှင့် အမှန်တကယ် ရရှိသည့် အကျိုးရလဒ်တို့အကြား ကွာဟချက် ရှိပါသည်။ စင်တာ ၁၉ ခုကို လေ့လာရေးခရီး သွားရောက်ပြီးသည့် နောက် Dr Manuel Moreno နှင့် နောက်ဆုံးအင်တာဗျူး ပြုလုပ်ခဲ့ပါသည်။[၁၂၂] Jalisco ပြည်နယ်မြို့တော် Guadalajara ရှိ သတင်းအချက်အလက် နည်းပညာ အားလုံး ရရှိသုံးစွဲရေးစီမံကိန်း ဆောင်ရွက်နေသည့် အခြားအရာရှိများထက် ကျွန်ုပ်သည် စင်တာများသို့ ပိုမို သွားရောက်ခဲ့ကြောင်း ဤအင်တာဗျူးတွင် သူက ကျွန်ုပ်ကို ပြောကြားပါသည်။[၁၂၃] တနည်းဆိုရသော် JDA ၏ ရပ်ရွာအခြေပြုစင်တာများသည် ၎င်းတို့ တည်ရှိသည့် ရပ်ရွာကို မည်သို့ ဝန်ဆောင်မှု ပေးသင့်ကြောင်း ရေရှည် မျှော်မှန်းချက်ကို ပေါ်လွင်အောင် အလုပ်လုပ်ကိုင်လျက်ရှိသည့် ဤအရာရှိများသည် ရပ်ရွာတခုချင်းစီ၏ သီးသန့် လိုအပ်ချက်မျိုးစုံနှင့် ရင်းနှီးကျွမ်းဝင်အောင် ပြုလုပ်ခြင်းမရှိဘဲ လုပ်ကိုင်နေကြသည်။ ပြည်နယ်အဆင့်တွင် ပါဝင် လုပ်ကိုင်နေသည့် လူတိုင်းသည် စင်တာတခုချင်းစီကို မသွားရောက်နိုင်သည်ကို နားလည်နိုင်သော်ငြား တဦးတယောက်မျှ မသွားရောက်ခြင်းက စိုးရိမ်ဖွယ်ဖြစ်သည်။ စင်တာများသို့ ကွန်ပျူတာ သယ်ပို့ပေးရန် တာဝန် ရှိသည့် အကောင်အထည်ဖော်သူများမှအပ အရာရှိ တဦးမျှ မသွားရောက်ခြင်း ဖြစ်သည်။ အနည်းဆုံးအနေဖြင့် ဤစင်တာများတွင် စီမံကိန်းအကောင်အထည်ဖော်ခြင်းအပေါ် ပြည်နယ်အဆင့် စောင့်ကြည့် သုံးသပ်အကဲဖြတ် ခြင်းကို လုပ်ဆောင်သင့်သည်။ မျှော်မှန်း ရည်ရွယ်ချက်များနှင့် ဝန်ဆောင်မှုများသည် လက်တွေ့တွင် အဆိုပါ ရပ်ရွာများအတွက် သင့်လျော်ကိုက်ညီကြောင်း သေချာစေရန် ဖြစ်သည်။

ဤလေ့လာချက်တွင် တွေ့ရှိရသည့် ကနဦး စိန်ခေါ်ချက် ၂ ရပ်မှာ (၁) ဝန်ဆောင်မှုကို ဟန့်တားခြင်း သို့မဟုတ် မလုံလောက်သည့် ဝန်ဆောင်မှုများ နှင့် (၂) စီမံအုပ်ချုပ်သူများကို သင်တန်းပို့ချမှုမရှိခြင်းတို့ ဖြစ်သည်။ ယခင်အခန်းများ၏ ဥပဒေဆိုင်ရာ တွေ့ရှိချက်များနှင့် လေ့လာဆန်းစစ်သည့်အခါတွင် ဤပြဿနာများကို

---

[၁၂၂] Guadalajara တက္ကသိုလ်၊ JDA ၏ သတင်းအချက်အလက်နည်းပညာ အားလုံးရရှိသုံးစွဲရေး အဝိုင်း၏ ညွှန်ကြားရေးမှူး၊ Dr Manuel Moreno Castañeda နှင့် အင်တာဗျူး (Guadalajara, Jalisco ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၇ ရက်)။

[၁၂၃] ibid.

ကုစားရာတွင် လက်ရှိ လူ့အခွင့်အရေးဥပဒေမူဘောင်သည် မျှော်မှန်းထားသဘောက် မပြည့်စုံကြောင်း ဤတွေ့ရှိချက်များက ယူဆသည်။ သို့ရာတွင် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့် အနက်အဓိပ္ပာယ်များအတွင်း မည်သည့် အစိတ်အပိုင်းများ ထည့်သွင်းရန် လိုအပ်မည်ကို ပိုင်းခြားနားလည်ရန် အမှန်ပင် ကူညီပေးသည်။ တည်ဆဲ ဥပဒေ အာမခံချက်၏ မည်သည့်အစိတ်အပိုင်းအဖြစ် အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်က ပါဝင်ကြောင်း အနက် ဖွင့်ဆိုခြင်း ဖြစ်သည်။ သို့ဖြစ်၍ အလားတူလေ့လာဆန်းစစ်ချက်ပုံစံများကို ဆောင်ရွက်နေသည့် နောင်ကာလ သုတေသနသည် ICT4D အသိုက်အဝန်းများနှင့် လူ့အခွင့်အရေးအဖွဲ့များအတွက် အကျိုးကျေးဇူး ဖန်တီးပေးသည်။ လူ့အခွင့်အရေးအခြေခံ သတင်းအချက်အလက်နည်းပညာ အားလုံးရရှိသုံးစွဲရေး စီမံကိန်းများ၏ မရှိမဖြစ် အစိတ်အပိုင်းများကို ဖော်ထုတ်ခြင်းဖြင့်လည်းကောင်း၊ သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက် ကျဉ်းမြောင်းစေရေး ပိုမို များပြားသည့် အကာအကွယ်ပေးရန်အတွက် လူ့အခွင့်အရေး ခုံရုံးများသည် ၎င်းတို့၏ အနက်ဖွင့်ဆိုချက်များကို တဖြည်းဖြည်းတိုးတတ်စေရေး သေချာစေခြင်းဖြင့်လည်းကောင်း အကျိုး ဖြစ်ထွန်းစေပါသည်။

၆-၄-၁။ ပိတ်ပင်ခံရသည့် ဝန်ဆောင်မှုများ သို့မဟုတ် ပြည့်စုံလုံလောက်မှုမရှိသည့် ဝန်ဆောင်မှုများ

အထက်တွင်တင်ပြထားသည့် အကောင်အထည်ဖော်ရေးမူဘောင်သည် အဓိပ္ပာယ်ပြည့်ဝသော အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကို လွှမ်းခြုံစီမံပေးရန် အသေအချာ ရည်ရွယ်ထားပါသည်။ သို့ရာတွင် တကယ့် လက်တွေ့တွင်မူ လက်လှမ်းမီ ရရှိသုံးစွဲမှုကို နယ်ပယ် ၃ ရပ်တွင် မြှင့်တင်နိုင်သည်။ ရရှိသည့် ထုတ်လွှင့်လိုင်း၊ စင်တာအထောက်အကူပြုပစ္စည်းကိရိယာများနှင့် စင်တာဖွင့်လှစ်သည့် အချိန်ကာလတို့ ဖြစ်သည်။ ဤစိန်ခေါ်ချက် အားလုံးရှိအရာမှာ JDA ၏ သတင်းအချက်အလက်နည်းပညာ အားလုံး ရရှိသုံးစွဲရေး စီမံကိန်းအတွက် ရန်ပုံငွေ လမ်းကြောင်း အမြဲရှိရေး လိုအပ်ချက် ဖြစ်ပါသည်။

အင်တာနက်အမြန်နှုန်းသည် လူတဦးချင်းစီက ပူးပေါင်းပါဝင်သည့် သို့မဟုတ် လုပ်ဆောင်သည့် အွန်လိုင်း လုပ်ငန်းဆောင်တာများကို တိတိပပ သက်ရောက်မှုရှိပါသည်။ ဆက်သွယ်ရေးမြန်နှုန်း မြင့်လေလေ သတင်းအချက် အလက်နှင့် အယူအဆများကို တပြိုင်နက်တည်း ဖလှယ်နိုင်ရန်အတွက် ဗီဒီယိုထုတ်လွှင့်ခြင်း၊ စာလွှာချက်ချင်း ပေးပို့ခြင်းနှင့် လူမှုမီဒီယာတို့မှတဆင့် အပြန်အလှန် ပိုမို တုံ့ပြန်ခြင်း ပြုလုပ်နိုင်လေလေ ဖြစ်သည်။ ဤအကောင် အထည်ဖော်ရမည့် လုပ်ငန်းအားလုံးကို ပညာရပ်စာပေများတွင် အရေးပါသော အွန်လိုင်းကိရိယာများအဖြစ် အသားပေးဖော်ပြထားသည်။ ၎င်းအွန်လိုင်း ကိရိယာများမှာ လူတဦးချင်းစီက ၎င်းတို့၏ အခွင့်အရေးများကို အွန်လိုင်းတွင် ကျင့်သုံးရန် အသုံးပြုသည့် ကိရိယာများ ဖြစ်ကြသည်။[၁၂၄] ဤလေ့လာချက်တွင် ထုတ်လွှင့်လိုင်း မရှိခြင်းကို ရပ်ရွာအခြေပြုသတင်းအချက်အလက်နည်းပညာ စင်တာများ၏ အခက်အခဲဆိုင်ရာ အကြောင်းရင်း တရပ်အဖြစ် အသုံးပြုသူများနှင့် စီမံခန့်ခွဲသူများက အကြိမ်ကြိမ် ပြောကြားခဲ့သည်။ စာသင်ကျောင်းမှ ပေးသည့်

[၁၂၄] အခန်း (၁)၊ အခန်း (၂-၄)၊ အခန်း (၃-၂)၊ အခန်း (၅-၁) နှင့် (၅-၂) ကို ကြည့်ပါ။

အိမ်စာများ၊ အဝေးရောက်မိသားစုဝင်များနှင့် ဆက်သွယ်ပြောဆိုခြင်း သို့မဟုတ် ဘဝရှင်သန်မှုများ၊ ယဉ်ကျေးမှု သို့မဟုတ် စီးပွားရေးလုပ်ငန်းများအကြောင်းကို YouTube သို့မဟုတ် အခြားဝက်ဆိုက်များတွင် ဗွီဒီယိုတင်ခြင်း သို့မဟုတ် ကြည့်ရှုခြင်းတို့ကို အထောက်အပံ့ပေးရာတွင် အခက်အခဲ ဖြစ်စေပါသည်။

အင်တာနက်ဝန်ဆောင်မှုဖြန့်ဖြူးခြင်း၏ အရည်အသွေးသည်လည်း လူ့အခွင့်အရေးအခြေပြု ဆွေးနွေးချက် တခုတည်းအပေါ် လုံးလုံးလျားလျား မှီတည်နေခြင်း၏ စိန်ခေါ်ချက်ကို သရုပ်ဖော်ပြသည်။ အင်တာနက်ဝန် ဆောင်မှုသည် အလွန်အမင်း နှေးကွေးကာ တခါတရံတွင် လုံးဝပျက်သွားကြောင်းကို စင်တာစီမံအုပ်ချုပ်သူ ၄ ဦးက ပြောကြားသည်။[၁၂၅] ကျေးလက်ဒေသများတွင်တည်ရှိသည့် စင်တာများအားလုံးသည်လည်း အင်တာနက် ဆက်သွယ်မှု နှေးကွေးကြောင်း ပြောကြားသည်။[၁၂၆] ဤစင်တာများအနက် စင်တာ ၂ ခုသည် အင်တာနက် မြန်နှုန်း မြှင့်ရန်အတွက် ဇရိယာတိုင်ကို မကြာသေးမီကပင် လက်ခံရရှိခဲ့သည်။ ပို၍ မြန်ဆန်သောအင်တာနက်အတွက် နှစ်ပေါင်းများစွာ တောင်းဆိုပြီးမှသာ ရရှိခြင်း ဖြစ်သည်။[၁၂၇] စင်တာအတွက် အသုံးပြုသည့် ဆက်သွယ်ရေး လိုင်းသည် ပိုမို မြန်ဆန်သော ဆက်သွယ်ရေး လိုအပ်သည့် လုပ်ငန်းများဆောင်ရွက်မှုကို ဟန့်တားကြောင်း စင်တာ စီမံအုပ်ချုပ်သူတဦးက ပြောကြားသည်။ ဝက်ဆိုက်တွင် စကားပြောဆိုခြင်း၊ ဗွီဒီယိုဖြင့် ဆွေးနွေးပွဲကျင်းပခြင်း၊ လူမျိုးနှင့်ဆိုင်သော တေးသီချင်းများ သို့မဟုတ် အခမ်းအနားများကဲ့သို့ ယဉ်ကျေးမှုအရ ထင်ရှားသော ဗွီဒီယိုများကို အင်တာနက်တွင် တင်ခြင်းကဲ့သို့ လုပ်ငန်းများကို နှောင့်နှေးပါသည်။[၁၂၈] အင်တာနက်အမြန်နှုန်းနှင့် ထုတ်လွှင့်လိုင်း များသည် ထင်ရှားကျော်ကြားသည့် လူမှုမီဒီယာစာမျက်နှာများအပါအဝင် ဝက်ဆိုက်အားလုံးကို အပြည့်အဝနှင့် ကောင်းကောင်း လက်လှမ်းမီ သုံးစွဲနိုင်ရေးအတွက် အများအားဖြင့် ပြည့်စုံလုံလောက်မှု မရှိပေ။[၁၂၉]

လက်ရှိ အထောက်အပံ့ပစ္စည်းကိရိယာနှင့် ဆော့ဝဲလ်များသည် အရည်အသွေးနှင့် အခြေအနေအမျိုးမျိုးကို ဖော်ပြနေသည်။ 'အဓိပ္ပာယ်ရှိသော' လက်လှမ်းမီ ရရှိသုံးစွဲမှုနှင့် လက်လှမ်းမီ ရရှိသုံးစွဲရေး ဥပဒေရပိုင်ခွင့်တို့အကြား ပိုင်းခြားရန် လိုအပ်ကြောင်းကို အကြံပြုထားသည်။ မြို့ပြစင်တာတခုတည်းတွင်သာ ပစ္စည်းကိရိယာအားလုံးသည် ကျေနပ်ဖွယ်အခြေအနေတွင် ရှိနေကြောင်း ယူဆထားသည်။[၁၃၀] အခြားစီမံအုပ်ချုပ်သူသည် ကွန်ပျူတာကို တခါမျှ အသုံးပြုခြင်း မရှိသည့်အတွက် အရည်အသွေးနှင့် အနေအထားကို မသိရှိကြောင်း ဝန်ခံပါသည်။ သို့ရာတွင်

---

[၁၂၅] Brambila (n. 85); CASA Cuautitlan စီမံအုပ်ချုပ်သူ Sandra Yadira Rodriguez နှင့် အင်တာဗျူး (Cuautitlan, Jalisco ၂၀၁၁ ခုနှစ် ဇူလိုင်လ ၁၇ ရက်)၊ CASA Talpa de Allende စီမံအုပ်ချုပ်သူ Erick Rodriguez နှင့် အင်တာဗျူး (Talpa de Allende ၂၀၁၁ ခုနှစ် ဇူလိုင်လ ၂၁ ရက်)၊ CASA Jesus Maria စီမံအုပ်ချုပ်သူ Rogelio Alvarez နှင့် အင်တာဗျူး (Jesus Maria, Jalisco ၂၀၁၁ ခုနှစ် ဇူလိုင်လ ၅ ရက်)၊

[၁၂၆] Valenzuela (n. 97); Flores (n. 85); CASA El Rincon စီမံအုပ်ချုပ်သူ Maria Adriana Negrete နှင့် အင်တာဗျူး (El Rincon, Jalisco၂၀၁၁ ခုနှစ် ဇူလိုင်လ ၁၃ ရက်)၊ CASA San Antonio စီမံအုပ်ချုပ်သူ Elda luz Martínez Heredia နှင့် အင်တာဗျူး (Juanacaxtle, Jalisco၂၀၁၁ ခုနှစ် ဇွန်လ ၃၀ ရက်)

[၁၂၇] Valenzuela (n. 97); Flores (n. 85).

[၁၂၈] Flores (n. 85).

[၁၂၉] Brambila (n. 85).

[၁၃၀] Buenrostro (n. 85).

လွန်ခဲ့သည့် ၆ လအတွင်း မည်သည့် တိုင်တန်းချက်ကိုမျှ လက်ခံရရှိခြင်း မရှိပေ။[၁၃၁] ကွန်ပျူတာများသည် အလုပ်လုပ်သော်ငြား အလွန်အမင်း ဟောင်းနွမ်းနေပြီး ဒေတာများကို များစွာသိုမှီးသိမ်းဆည်းထားကာ RAM ပိုင်းလည်း များစွာအသုံးပြုထားပြီးဖြစ်ကြောင်း စင်တာ ၃ ခုက ပြောကြားသည်။[၁၃၂] အဆင့်မမီတော့သည့် ကွန်ပျူတာနှင့် ဆော့ဝဲလ်အအိုအဟောင်းများအကြောင်း နောက်ထပ်စင်တာတခုကလည်း ဆွေးနွေးပါသည်။ ကွန်ပျူတာများသည် ပြုပြင်ထိန်းသိမ်းရန် လိုအပ်ကြောင်း စီမံခန့်ခွဲသူ တဝက်ကျော်က ပြောဆိုသည်။ တနှစ်ကျော်မှသာ ပြုပြင်ထိန်းသိမ်းရေးလာရောက်ကြောင်းလည်း ပြောကြားသည်။ ဤနမူနာများကို ဥပဒေ ရပိုင်ခွင့်၏ အစိတ်အပိုင်းအဖြစ် မစဉ်းစားပါက သမရိုးကျမဟုတ်သည့် ဖြစ်စဉ်များသည် အချိန်တခု ရောက်သည့်အခါတွင် သတင်းအချက်အလက် နည်းပညာအားလုံးရရှိသုံးစွဲရေး အစီအစဉ်များသည် လက်တွေ့ထက် စိတ်ကူးယဉ် သို့မဟုတ် သီအိုရီအရသာ ဖြစ်သွားနိုင်ပေသည်။

ထုတ်လွှင့်လိုင်း၏ အရေးပါပုံကို အထက်တွင် ဖော်ပြထားသော်ငြား ထုတ်လွှင့်လိုင်းမြန်နှုန်းများတွင် အတက်အကျရှိမည်မှာ သေချာပါသည်။ အစိုးရမှ စီစဉ်ပေးရန် ဥပဒေကြောင်းအရ တာဝန်ရှိကြောင်း ကျိုးကြောင်းလျော်ညီသည့် မျှော်မှန်းချက်ပြင်ပရှိ အကြောင်းရင်းများကြောင့် ဖြစ်သည်။ လေ့လာချက်က ဖော်ထုတ်ထားသည့် နည်းပညာဆိုင်ရာ ပြဿနာအများစုသည် နိုင်ငံ၏ လုပ်ပိုင်ခွင့်နယ်ပယ် သို့မဟုတ် တားမြစ်ချက်အတွင်း ရှိကြောင်း ထင်ရပေသည်။ ထို့ကြောင့် မည်သည့် ဖြစ်နိုင်ခြေရှိသော လုပ်ဆောင်ရမည့် တာဝန်မျိုးမဆို 'နိုင်ငံအတွက် မဖြစ်နိုင်သော သို့မဟုတ် အချိုးမညီသော ဝန်ထုပ်ဝန်ပိုးကို ကိုယ်စားပြုခြင်း' မဟုတ်ပေ။[၁၃၃] ဆိုခဲ့ပါအတိုင်း ပြင်ဆင်ရန်လိုအပ်သည့် အင်တာနက်ပြတ်တောက်မှုများ သို့မဟုတ် စင်တာများရှိနေပြီး ထိုသို့ ပြင်ဆင်ခြင်းမရှိပါက မျှော်မှန်းထားသည့် ဝန်ဆောင်မှုများကို နှစ်ပေါင်းများစွာ မရရှိခြင်းသည် ဆိုဝါးသည့် ဖြစ်ရပ် ဖြစ်ပါသည်။ ဆိုးရွားသည့် ချို့ယွင်းမှုပုံစံကို ဖန်တီးပေးနေသည့် စနစ်တကျ ဖြစ်တည်လာသော ပြဿနာရပ်များကို ဖော်ထုတ်သတ်မှတ်ရန်အတွက် နောက်ထပ် လေ့လာမှု ပြုလုပ်ရန် အဆိုပါ ဆိုးဝါးသည့်ဖြစ်ရပ်သည် ထိုက်တန်ပါသည်။

လေ့လာခဲ့သည့် စင်တာထက်ဝက်ကျော်တွင် တွေ့ရှိရသည့် လေ့လာချက်အရ အထက်တွင် ဖော်ပြထားသည့် နည်းပညာပြဿနာများကို ကြိမ်ဖန်များစွာ ကြုံတွေ့ရခြင်းကြောင့် စီမံခန့်ခွဲသူများသည် အခြားသူများထက် ကွန်ပျူတာများကို အသုံးပြုလိုသည့် ကျောင်းသားများ သို့မဟုတ် ပညာရှင်များကို ဦးစားပေး သတ်မှတ်လိုကြခြင်း ဖြစ်သည်။ လူမှုကွန်ယက်မီဒီယာကို နမူနာတရပ်အဖြစ် အသုံးပြုလျက် ထုတ်လွှင့်လိုင်း မရှိခြင်းကြောင့်လည်းကောင်း သို့မဟုတ်/နှင့် အသုံးပြုနိုင်သည့် ကွန်ပျူတာအရေအတွက်ကြောင့်လည်းကောင်း လူမှုကွန်ယက်မီဒီယာ အသုံးပြုမှုကို စီမံခန့်ခွဲသူများက တားမြစ် သို့မဟုတ် ကန့်သတ်ကြောင်းကိုလည်း မကြာခဏ ပြောဆို

---

[၁၃၁] Flores (n. 85); CASA Tapalpa စီမံအုပ်ချုပ်သူ Rosario Guadalupe Garcia Zamora နှင့် အင်တာဗျူး (Tapalpa, Jalisco ၂၀၁၁ ခုနှစ် ဇူလိုင်လ ၁၅ ရက်)

[၁၃၂] Valenzuela (n. 97); Brambila (n. 85).

[၁၃၃] *Frasila and Ciocirlan v. Romania* App no 25329/03 (ECtHR, 10 May 2012), para. 50; အခန်း (၄-၂) နှင့် (၄-၃) ကို ကြည့်ပါ။

သည်။[၁၃၄] လူမှုကွန်ယက်မီဒီယာသည် အသုံးဝင်သည့် အရာမဟုတ်ကြောင်း စီမံခန့်ခွဲသူအချို့က ထင်မြင် ယူဆကြသည့်အတွက်ကြောင့် ပို၍ 'အကျိုးရှိရှိ' အသုံးပြုခြင်းများအတွက် လူမှုကွန်ယက်မီဒီယာ အသုံးပြုခြင်းကို အားမပေး သို့မဟုတ် တားမြစ်ခြင်းဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း သိမြင်ရပါသည်။[၁၃၅]

ကွန်ပျူတာများကို အသုံးပြုလိုသူများပြားသည့်အခါတွင် စင်တာများရှိ အရင်းအမြစ်များကို အချိန်မီ စီမံခန့်ခွဲသည့် နည်းလမ်းများကို စီမံခန့်ခွဲသူအချို့က တီထွင်အသုံးပြုကြသည်။ ကျေးလက်တိုင်း စင်တာတခုသည် အသုံးပြုသူ ၃ မျိုး ပိုင်းခြားထားသည့် စနစ်တခု ချမှတ်ထားသည်။[၁၃၆] ပထမဆုံးနှင့် အသုံးပြုခွင့်အရဆုံးမှာ Guadalajara တက္ကသိုလ်၏ အွန်လိုင်း ပညာရေးအစီအစဉ်များကို တက်ရောက်နေသည့် ကျောင်းသားများ ဖြစ်သည်။[၁၃၇] ဒုတိယအမျိုးအစားတွင် အခြားတက္ကသိုလ်၊ အခြေခံပညာမူလတန်း၊ အလယ်တန်း သို့မဟုတ် အထက်တန်း တက်ရောက်သူ ကျောင်းသားများ ပါဝင်သည်။ နောက်ဆုံးအမျိုးအစားမှာ သာမန်ပြည်သူများ ဖြစ်သည်။ ကျောင်းပိတ်ချိန်တွင် ဤစင်တာကို ကျွန်ုပ် သွားရောက်လေ့လာသည့်အခါတွင် စင်တာတွင် မည်သူ တဦးမျှ ရှိမနေပါ။[၁၃၈] အကောင်အထည်ဖော်သည့် အမျိုးအစားခွဲခြားအသုံးပြုသည့်စနစ်သည် သာမန် ပြည်သူများ အသုံးပြုမှုကို အားလျော့စေသည်။ စင်တာလုပ်ငန်းဆောင်တာများတွင် သာမန်ပြည်သူများ၏ ပါဝင်မှုကို တန်ဖိုး အနည်းဆုံးသတ်မှတ်ထားကြောင်း သိမြင်လာသည့်အခါတွင် အသုံးမပြုကြခြင်း ဖြစ်သည်။[၁၃၉] အမှန်အားဖြင့် အခြားစင်တာများသည် တရားဝင်သင်ကြားရေးအစီအစဉ်များနှင့် အလုပ်ရုံဆွေးနွေးပွဲများတွင် တက်ရောက်စာရင်း သွင်းမှု တိုးလာသည်။ အတိအကျဆိုရသော် အများပြည်သူထံ ပို၍ ပျံ့နှံ့ရောက်ရှိခြင်းနှင့် စင်တာ စီမံအုပ်ချုပ် သူများနှင့် ပြည်သူများသည် ယုံကြည်မှုရရှိခြင်းသာမက ပြည်သူများ၏ ကိုယ်ပိုင် လိုအပ်ချက်များ၊ ရည်ရွယ်ချက် များနှင့် စပ်လျဉ်း၍ စင်တာ၏ ရည်ရွယ်ချက်များကို နားလည်သဘောပေါက်လာခြင်းတို့ကြောင့် ဖြစ်သည်။[၁၄၀] ရပ်ရွာအတွင်းရှိ တည်ရှိဆဲ ကွဲပြားမှုများအရ ဤကဲ့သို့သော အမျိုးအစားခွဲခြားသည့်စနစ်များကို ဖယ်ရှားခြင်းထက် ပြန်လည် အသားပေးခြင်း ပြုလုပ်ရမည်။

စီမံအုပ်ချုပ်သူများက ချမှတ်သည့် ဤဆုံးဖြတ်ချက်သည် ပြည်နယ်အဆင့်တွင် မျှော်မှန်းထားသည်နှင့် ဆန့်ကျင်ဘက် ဖြစ်နေသည်။ အမှန်အားဖြင့် လူမှုကွန်ယက်မီဒီယာအသုံးပြုခြင်းကို လေ့လာဆန်းစစ်ပြီးနောက် အားပေးရမည်။ သို့မှသာ အသုံးပြုသူများသည် အင်တာနက်နှင့် ၎င်း၏ ဖြစ်နိုင်ခြေရှိသောအရာများနှင့် ရင်းနှီး

---

[၁၃၄] Brambila (n. 85); CASA San Sebastian del Oeste စီမံအုပ်ချုပ်သူ Marco Antonio Leon နှင့် အင်တာဗျူး (San Sebastian del Oeste, Jalisco ၂၀၁၁ ခုနှစ် ဇူလိုင်လ ၂၁ ရက်)၊ CASA Tapalpa စီမံအုပ်ချုပ်သူ Rosario Guadalupe Garcia Zamora နှင့် အင်တာဗျူး (Tapalpa, Jalisco ၂၀၁၁ ခုနှစ် ဇူလိုင်လ ၁၅ ရက်)

[၁၃၅] ibid.

[၁၃၆] Leon (n. 134).

[၁၃၇] ibid.

[၁၃၈] ibid.

[၁၃၉] ibid.

[၁၄၀] Buenrostro (n. 85); Michel (n. 49); Aguilar (n. 85).

ကျွမ်းဝင်မှု ရရှိစေမည်ဖြစ်ကြောင်း Dr Moreno က ပြောဆိုခဲ့ပါသည်။[၁၄၁] ချိတ်ဆက်ထားသည့် စင်တာများအတွက် ရရှိနိုင်မည့် ထုတ်လွှင့်လိုင်းများကို မည်သို့ မြှင့်တင်ရန်နှင့် သက်ဆိုင်သည့် မေးခွန်းများကို ဖြေရှင်းရမည်။ ပြည်နယ်အဆင့် ရည်မှန်းချက်များကို စံသတ်မှတ်ချက်အား စင်တာအားလုံးမှ အသေအချာ ရရှိစေနိုင်ရေးအတွက် ဖြစ်ပါသည်။ ရှိနှင့်ပြီးသားလူမှုစီးပွား မညီမျှချက်များကို မရည်ရွယ်ဘဲ ပိုမိုအားကောင်းအောင် စီမံအုပ်ချုပ်သူများက မပြုလုပ်စေရေး သေချာစေရန်အတွက် စံသတ်မှတ်ခြင်း သို့မဟုတ် သင်တန်းပို့ချခြင်းများသည် အရေးကြီးသည်။ လူတိုင်းအတွက် ဝန်ဆောင်မှုကို အမှန်တကယ် အသေအချာ ရရှိစေရေးအတွက် ဖြစ်ပါသည်။

ထို့အပြင် လေ့လာချက်အတွက် အင်တာဗျူးထားသည့် အသုံးပြုသူအများစုသည် လူများပိုမို ဝင်ရောက်နိုင်ရေးအတွက် အသုံးပြုချိန် ပိုမိုပေးရန် လိုအပ်ကြောင်း ပြောကြားသည်။ တနလ်ာနေ့မှသည် သောကြာနေ့အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ စင်တာဖွင့်လှစ်ချိန်သည် အလုပ်လုပ်ကိုင်နေသည့် လူကြီးပိုင်းများအတွက် စင်တာကိုအသုံးပြုရန် အလွန်ပင် ခက်ခဲပါသည်။ အင်တာဗျူးခဲ့သည့် စင်တာများအနက် ၃ ခုသာလျှင် စနေ/တနင်္ဂနွေပိတ်ရက်များနှင့် ညပိုင်းအထိ ဖွင့်လှစ်ကြသည်။ ရပ်ရွာအခြေပြု စင်တာအတွက် ရပ်ရွာအုပ်ချုပ်ရေးမှ စီမံခန့်ခွဲသူ ၂ ဦးကို ခန့်အပ်ပေးထားခြင်းထက် စင်တာတွင် ကူညီရန် ရပ်ရွာမှ စီစဉ်ပေးထားသည့် လုပ်အားပေးဝန်ထမ်း ရှိခြင်းကြောင့် ဖြစ်နိုင်ပါသည်။

ဤနေရာတွင် စာရင်းပြုစုထားသည့် ပိတ်ပင်ခြင်းခံရသော ဝန်ဆောင်မှုများသည် အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်အတွက် ဥပဒေရပိုင်ခွင့်၏ လက်ရှိလွှမ်းခြုံနယ်ပယ်ပြင်ပတွင် ရှိနေခြင်းဖြစ်နိုင်သည်။ *Manole* နှင့် *Centro* တို့၏ ယူဆချက်အတိုင်း လိုက်နာလျက် သတင်းအချက်အလက်နည်းပညာ အားလုံး ရရှိသုံးစွဲရေး အစီအစဉ်များနှင့် မူဝါဒများကို နိုင်ငံက အကောင်အထည်ဖော်ရန် ရွေးချယ်သည့်အခါ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို ထိထိရောက်ရောက်ကျင့်သုံးနိုင်မှု သေချာစေရေး လိုအပ်မည့် ဥပဒေနှင့် စီမံအုပ်ချုပ်မှုမူဘောင်ကို နိုင်ငံက စီမံဆောင်ရွက်ရမည်။[၁၄၂] ၎င်းကို အခန်း (၄) တွင် အဆိုပြုခဲ့ပါသည်။ အများအကျိုးအတွက် သတင်းအချက်အလက်များကို စုဆောင်း၊ လက်ခံရရှိပြီး ပေးပို့ရာတွင်အသုံးပြုသည့် သို့မဟုတ် ယဉ်ကျေးမှု အမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် အသုံးပြုသည့် ရပ်ရွာအခြေပြု သတင်းအချက်အလက် နည်းပညာ စင်တာများအတွက် ကျဉ်းမြောင်းသည့် လုပ်ပိုင်ခွင့်နယ်ပယ်ကို ပေးအပ်ရမည်။ ထို့အပြင် အခြားသော မီဒီယာများ မရရှိသည့် အခြေအနေများအတွက် တင်းကြပ်သည့် စိစစ်မှုကိုလည်း ပေးရနိုင်ခြေရှိပေသည်။ ဥပမာအားဖြင့် အဆိုပါ စီမံအုပ်ချုပ်မှုနှင့် စည်းမျဉ်းဥပဒေဆိုင်ရာ လွှဲမှားမှုများသည် လူတဦးချင်းစီ သို့မဟုတ် အုပ်စုလိုက် စွမ်းဆောင်ရည်ကို ပိတ်ပင်ခြင်းနှင့် ဆက်စပ်နေသည့် ကိစ္စရပ်များတွင် ကျဉ်းမြောင်းသည့် လုပ်ပိုင်ခွင့်နယ်ပယ်သည် ဖြစ်နိုင်ခြေရှိသည်။ လူမျိုးများကဲ့သို့ အခြားဌာနေတိုင်းရင်းသား ကွန်ယက်များ၊ အစိုးရနှင့် နိုင်ငံတကာ အသိုက်အဝန်းနှင့် အဆက်အသွယ်ပြုလိုသည့်အခါတွင် ဖြစ်သည်။ ထို့အပြင် ဤသတင်းအချက်အလက် နည်းပညာ အားလုံး ရရှိသုံးစွဲရေး မူဝါဒ၏ ဘာသာစကားမျိုးစုံဖြင့် ဆောင်ရွက်နိုင်စွမ်းကို အကောင်အထည်မဖော်ရသေးပါက ၎င်းတို့၏ ဥပဒေ

---

[၁၄၁] Castañeda (n. 52).

[၁၄၂] *Manole and Others v. Moldova* ECHR 2009, para. 107 and 111. *Centro Europa 7 S.R.L and Di Stefano v. Italy* ECHR 2012, para. 134 and 156.

စည်းမျဉ်းသို့မဟုတ် စီမံအုပ်ချုပ်မှုဆိုင်ရာ မူဘောင်ရှိ ချို့ယွင်းချက်များအတွက် လုပ်ပိုင်ခွင့်နယ်ပယ်သည် နည်းပညာပြဿနာများထက် ပို၍ ကျဉ်းမြောင်းပါသည်။ ဝန်ဆောင်မှု သို့မဟုတ် ရုပ်ပိုင်း ကိရိယာတွင် အများအားဖြင့် ဖြစ်ပွားသည့် နည်းပညာပြဿနာများဖြစ်သည်။[၁၄၃] ဤအုပ်စုတွင် ရရှိသည့် အင်တာနက်လက်လှမ်းမီသုံးစွဲခွင့်သည် ရပ်ရွာအခြေပြုစင်တာများမှတဆင့်သာ ဖြစ်ပြီး ဤရပိုင်ခွင့်ကို တမင် ဖယ်ထုတ်ပါကလည်းကောင်း သို့မဟုတ် ဝန်ဆောင်မှုနှင့် သတင်းအချက်အလက်များကို ၎င်းတို့၏ ဘာသာစကားဖြင့် မရရှိနိုင်ပါကလည်းကောင်း ဤလူနည်းစုများကို အင်တာနက် မရရှိအောင် ပိတ်ပင်ထားကြောင်း စောဒကတက်နိုင်ပါသည်။ ထို့အပြင် အကျိုးဆက်အားဖြင့် ဤလူနည်းစုကို ၎င်းတို့၏ လွတ်လပ်စွာထုတ်ဖော် တင်ပြပြောဆိုခွင့်၊ စုဝေးခွင့်၊ ယဉ်ကျေးမှုကဏ္ဍတွင် ပါဝင်ပူးပေါင်းခွင့်စသည့် ရပိုင်ခွင့်များကို ကျင့်သုံးခြင်းမှ တားမြစ်ခြင်းဖြစ်ကြောင်းလည်း စောဒကတက်နိုင်သည်။[၁၄၄] ယခင်အခန်းများတွင် အသားပေးဖော်ပြထားပြီး ဖြစ်သည့်အတိုင်း လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို များစွာ ကျယ်ကျယ်ပြန့်ပြန့် အနက်ပြန်ဆိုခြင်းအရ IACtHR တွင် အထူးပင် မှန်ကန်ပါသည်။[၁၄၅]

လွှမ်းခြုံဆိုရသော် ဖော်ပြထားသည့်နမူနာများသည် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်၏ အနက်အဓိပ္ပာယ်ကို ပိုမို ကောင်းမွန်စွာ ထုတ်ဖော်တင်ပြနိုင်သည့် နယ်ပယ်များကို ညွှန်ပြနေပါသည်။ အကျိုးရှိ ထိရောက်သော လက်လှမ်းမီ ရရှိသုံးစွဲမှု သို့မဟုတ် အဓိပ္ပာယ်ပြည့်ဝသော လက်လှမ်းမီ ရရှိသုံးစွဲမှုကို ဖြစ်စေသည့် အရာကို လက်ရှိတွင် ဥပဒေဖြင့် အကာအကွယ်ပေးထားသည့် လက်လှမ်းမီ ရရှိခွင့်နှင့် နှိုင်းယှဉ်ခြင်းဖြင့် ဖော်ထုတ်ပါသည်။ အထက်တွင်ဖော်ပြထားသည့်အတိုင်း နိုင်ငံက လုပ်ဆောင်ရမည့် တာဝန်ထက် နိုင်ငံမှ လက်လှမ်းမီ ရရှိမှုကို မပိတ်ပင်ရေးအတွက် မလုပ်ဆောင်ရမည့် တာဝန်ကို ချိုးဖောက်သည့်အခါတွင် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့များက အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကို ထိန်းသိမ်းရန် အများဆုံး ဖြစ်လာနိုင်ခြေ ရှိသည်။ အင်တာနက်လက်လှမ်းမီ ရရှိသုံးစွဲခွင့်ကို ဖြစ်ပေါ်စေသည့်အရာကို ရှင်းရှင်းလင်းလင်း ပြုလုပ်ခြင်းနှင့် အဖယ်ကြဉ်ခံလူများအတွက် အင်တာနက်မည်သည့်အတွက်ကြောင့် မရရှိသည်ကိုလည်း ရှင်းလင်းအောင် ပြုလုပ်ခြင်းဖြင့် ကျေးလက်ပြည်သူ သို့မဟုတ် အဖယ်ကြဉ်ခံလူများအတွက် လက်လှမ်းမီ ရရှိသုံးစွဲခွင့် ပိတ်ပင်ခြင်းဆိုင်ရာ အမှုများကို အနာဂတ်ကာလတွင် လေးလေးနက်နက် လေ့လာဆန်းစစ်ရာတွင် အကူအညီ ပေးလိမ့်မည် ဖြစ်သည်။ သို့ဖြစ်၍ သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက် ကျဉ်းမြောင်းစေရေးအတွက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ဥပဒေအပေါ်တွင်သာ လုံးလုံးလျားလျား မှီတည်နေခြင်းသည် ယခုအခါ ဤပြဿနာများကို ဖြေရှင်းရာတွင် မအောင်မြင် ဖြစ်နိုင်ပေလိမ့်မည်။ အဆိုပါ ပြဿနာများမှာ Jalisco ပြည်နယ်မှ ဖြေရှင်းရမည့် ပြဿနာများ ဖြစ်သည်။

---

[၁၄၃] အခန်း (၃-၃)၊ အခန်း (၄-၃) နှင့် အခန်း (၅-၂) ကို ကြည့်ပါ။

[၁၄၄] အခန်း (၄-၃)၊ အခန်း (၄-၄) ကို ကြည့်ပါ။

[၁၄၅] အခန်း (၃-၃)၊ အခန်း (၄-၅)၊ အခန်း (၅-၁) နှင့် အခန်း (၅-၂) ကို ကြည့်ပါ။

၆-၄-၂။ စီမံအုပ်ချုပ်သူများအတွက် နည်းစနစ်တကျ သင်တန်းပို့ချမှုမရှိခြင်း

အခွင့်အရေးတရပ်သည် အလေ့အကျင့်ကောင်းတခုမှ များစွာ ကွာခြားနေသရွေ့ ၎င်းအခွင့်အရေးကို မချိုးဖောက်ရန် အနည်းဆုံး လိုအပ်ချက်တရပ်အဖြစ် မည်သည့်အရာကို လက်ခံနိုင်မည်အား ဤတွေ့ရှိချက်များက ပြသသည်။ စင်တာတခုချင်းစီအဆင့်တွင် တွေ့ရှိရသည့် အလေ့အကျင့်ကောင်းများသည် ရပ်ရွာအခြေပြု သတင်းအချက်အလက်နည်းပညာ စင်တာများရှိ စီမံအုပ်ချုပ်သူများ၏ အဓိကကျသော အခန်းကဏ္ဍကြောင့် တိုက်ရိုက်ရရှိလာသည့် ရလဒ်ဖြစ်သည်။ အင်တာနက်၏ အကျိုးကျေးဇူးများကို လက်တွေ့သိမြင်ရေး သေချာစေသည့် အခန်းကဏ္ဍ ဖြစ်သည်။ သို့ရာတွင် အထက်၌ ဆွေးနွေးခဲ့သည့် အောင်မြင်မှု တခုချင်းစီကို စံပြုအလေ့အကျင့်အဖြစ် ဤလေ့လာချက်အတွက် အင်တာဗျူးဖြေဆိုသူ စီမံအုပ်ချုပ်သူများအားလုံးတွင် မတွေ့ရှိရပေ။ အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်ကို ဖွံ့ဖြိုးရေးရပ်တည်ချက်မှနေ၍ စဉ်ဆက်မပြတ်ဆိုသလို ကိုင်တွယ် ဖြေရှင်းကာ အသားပေးဖော်ပြထားသည့် ပြဿနာတရပ်ဖြစ်သည်။[၁၄၆] သို့ရာတွင် လက်လှမ်းမီ ရရှိ သုံးစွဲရေးအတွက် ဥပဒေအရ အခွင့်အရေး၏ အစိတ်အပိုင်းတရပ် ဖြစ်ကြောင်း ကောက်ချက်ချရန် ခက်ခဲပေလိမ့်မည်။ လက်လှမ်းမီ ရရှိသုံးစွဲမှုသည် အခြေခံကျသော လုပ်ဆောင်ရမည့် တာဝန်တရပ်သာမက စီမံအုပ်ချုပ်သူ၏ လုပ်ရည်ကိုင်ရည်နှင့် သက်ဆိုင်သည့် အရည်အသွေးအခြေပြုကိစ္စရပ်တခု ပို့ဖြစ်ပါသည်။ ထိုနေရာတွင် အဆင်ပြေချောမွေ့စေရေး လူတယောက်ရှိရမည်ဟူသော ရပိုင်ခွင့် ရှိကြောင်း တစုံတယောက်က ပြောဆိုကောင်းပြောဆိုနိုင်မည်ဖြစ်သော်ငြား လက်ရှိ ဥပဒေ၏ လွှမ်းခြုံနယ်ပယ်အတွင်း ဆွေးနွေးငြင်းခုံရန် အလွန်ပင် ခက်ခဲမည်ဟု ထင်ရသည်။ စီမံအုပ်ချုပ်သူအနေဖြင့် ၎င်းတို့၏ အလုပ်ကို ကောင်းစွာ လုပ်ကိုင်ကြောင်း အာမခံချက်အား မည်သည့်တာဝန်ရှိမှုတွင်မဆို ပါရှိနိုင်သည်ဟူသည့် ဥပဒေ၏ လက်ရှိနယ်ပယ်အတွင်း ဖြစ်သည်။

ထင်ပေါ်နေသည့် JDA ၏ သတင်းအချက်အလက်နည်းပညာ အားလုံးရရှိသုံးစွဲရေး အစီအစဉ်အတွင်း စီမံအုပ်ချုပ်သူများအတွက် စနစ်တကျ သင်တန်းပို့ချမှုများ မရှိပေ။ ရပ်ရွာအခြေပြုသတင်းအချက်အလက် နည်းပညာ စင်တာများကို စီမံအုပ်ချုပ်မှု သို့မဟုတ် ရပ်ရွာ၏ အွန်လိုင်းပြင်ပ သတင်းအချက်အလက် လိုအပ်ချက်များကို ပေးခြင်းနှင့် သက်ဆိုင်သော အကြောင်းအရာများအတွက် သင်တန်းပို့ချခြင်း မရှိကြပေ။ လေ့လာချက်၏ အခြေခံကျကျ သုံးသပ်ချက်များအနက် တခုမှာ JDA ၏ သတင်းအချက်အလက်နည်းပညာ အားလုံးရရှိသုံးစွဲရေး အစီအစဉ်ရှိ စီမံအုပ်ချုပ်သူများအတွက် အကြံပြုချက် ဖြစ်သည်။ စင်တာကို မည်သို့ စီမံအုပ်ချုပ်သည်ဟူသော အလေ့အကျင့်ကောင်းများနှင့် အယူအဆများကို မျှဝေပေးရန်ဟူသော အကြံပြုချက် ဖြစ်ပါသည်။ အများအားဖြင့် သင်တန်းပို့ချချိန် ပုံမှန်မရှိခြင်းနှင့် သင်တန်းပို့ချမှုများမရှိခြင်းတို့က လူများကို ဝန်ဆောင်မှုပေးရန် ရည်ရွယ်ထားသည့် စင်တာများ၏ တန်ဖိုးများကိုယုတ်လျော့စေပါသည်။ အထိခိုက်လွယ်လူများကို စင်တာက မည်သို့ ဆွဲဆောင်မည်နှင့် ရပ်ရွာအတွက် အွန်လိုင်းပြင်ပ သတင်းအချက်အလက်များကို မည်သို့ ပေးမည်တို့အကြောင်း ပို့ချမည့် သင်တန်းများ ဖြစ်သည်။

---

[၁၄၆] အခန်း (၂-၄) ကို ကြည့်ပါ။

ယေဘုယျအားဖြင့် ဤစာအုပ်အတွက် အထူးပင်ကိုက်ညီပြီး အထက်တွင် ဖော်ပြထားသည့် နမူနာများအနှံ့ တွေ့မြင်ရသကဲ့သို့ အခြေခံအဆောက်အဦလက်လှမ်းမီ သုံးစွဲခွင့်ထက် ကျော်လွန်သည့် အကြောင်းရင်းများစွာ ရှိပါသည်။ လက်ရှိစင်တာအသုံးပြုသူများ၏ သတင်းအချက်လက် လိုအပ်ချက်များကို ဝန်ဆောင်မှုပေးရန်အလို့ငှာ လည်းကောင်း၊ အသုံးပြုသူအသစ်များ အထူးသဖြင့် အဖယ်ကြဉ်ခံရပ်ရွာများမှ အသုံးပြုသူအသစ်များကို ဆောင်ကြဉ်းပေးမည့် စင်တာ၏ တန်ဖိုးကို မြှင့်တင်ရန်အလို့ငှာလည်းကောင်း၊ စင်တာဝန်ဆောင်မှုများအတွင်း ရပ်ရွာလိုအပ်ချက်များကို ထည့်သွင်းပေါင်းစပ်ရန် အလို့ငှာလည်းကောင်း လိုအပ်သည့် အခြေခံ အဆောက်အဦများ ဖြစ်ကြသည်။ အွန်လိုင်းပြင်ပ လိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက် စင်တာကို အသုံးပြုရေးနှင့် ဆီလျော်ကိုက်ညီစေရေး သေချာစေခြင်းအဖြစ် စီမံအုပ်ချုပ်သူတဦးချင်းစီသည် ၎င်းတို့၏ အခန်းကဏ္ဍကို ရှုမြင်သည့် နမူနာများ ရှင်းရှင်းလင်းလင်း ရှိကြသည်။[၁၄၇] ဤစီမံအုပ်ချုပ်သူများတွင် စာကြည့်တိုက်မှူးများ သို့မဟုတ် ပညာသင်ကြားပေးသူများအဖြစ် အတွေ့အကြုံများရှိကြသည်။ သို့တည်းမဟုတ် လူများက စွမ်းဆောင်ရည်အသစ်များကို မည်သို့ သင်ယူသည် သို့မဟုတ် ဆီလျော်သည့် သတင်းအချက်အလက်များကို မည်သို့ ရရှိအောင်ပြုလုပ်သည်ကို လေ့လာဆန်းစစ်ရာတွင် အတွေ့အကြုံအချို့ပေးသည့် အခြား အလုပ်အကိုင်များရှိကြသည်။ တနည်းဆိုရသော် ရပ်ရွာတခု၏ သတင်းအချက်အလက် လိုအပ်ချက်များကို လေ့လာဆန်းစစ်ပြီးနောက် အလိုအပ်ဆုံးလူများကို ဦးတည်ချက်ထားခြင်းသည် အလိုအလျောက်သိမြင်လာခြင်းမဟုတ်ဘဲ သင်ကြားပေးရမည် ဖြစ်သည်။[၁၄၈] ဤသို့ ပုံနှံ့ရောက်ရှိခြင်း ပုံစံကို ပြုလုပ်ရန် သင်တန်းပို့ချခြင်းသည် စံသတ်မှတ်ထားခြင်းမဟုတ်သည့်အတွက် အလေ့အကျင့်ကောင်းများသည် အစီအစဉ်အတိုင်းအတာထက် စင်တာတခုချင်းစီအတိုင်းအတာ၌ ဆက်လက် ရှိနေမည် ဖြစ်သည်။

Dr Moreno အပါအဝင် ပြည်နယ်အဆင့် အကောင်အထည်ဖော်သူများသည် သင်တန်းပို့ချမှုမရှိခြင်းကို သိမြင်လက်ခံခဲ့ကြပြီး ဤချို့ယွင်းအားနည်းချက်ကို ပြင်ဆင်ရန် လိုအပ်ကြောင်းကိုလည်း လက်ခံပါသည်။ သို့ရာတွင် အကောင်အထည်ဖော်သူ အများအပြားသည် စီမံကိန်းပြင်ပမှ နည်းပြများကို ခေါ်ဆောင်၍ စီမံအုပ်ချုပ်သူများကို ဤအကြောင်းအရာများအား သင်ကြားပေးလိုကြသည်။ ထို့နည်းတူ အစီအစဉ် စီမံအုပ်ချုပ်သူအားလုံးကို Guadalajara သို့ လာရောက်စေလိုကြသည်။[၁၄၉] လုံလောက်သည့် အရင်းအမြစ်များ မရှိဘဲ စံပြုအလေ့အကျင့် ဖြစ်လာနိုင်ခြေ မရှိကြောင်း ထင်ရသည်။ ဤလေ့လာချက်တွင် တွေ့မြင်ရသည့် စီမံအုပ်ချုပ်သူတဦးချင်းစီ၏ အလေ့အကျင့်ကောင်းများအရ ပုံမှန် သင်တန်းပို့ချရေး သေချာစေရန်အတွက် ကုန်ကျစရိတ်နည်းပါးပြီး ပိုမို ထိရောက်အကျိုးများနိုင်ခြေရှိသည့် နည်းလမ်းများကို အသုံးပြုနိုင်သည်။ ဤသို့အားဖြင့် စီမံအုပ်ချုပ်သူများသည် အများစုတွေ့ကြုံရသည့် စိန်ခေါ်ချက်များကို ကိုယ်တိုင် ဖော်ထုတ်နိုင်ပြီး ၎င်းတို့၏ စင်တာများတွင် ၎င်းတို့အတွက်

---

၁၄၇ Aguilar (n. 85); Buenrostro (n. 85); Michel (n. 49); Chavez (n. 85).

၁၄၈ Ricardo Gomez and Kemly Camacho, 'Users of ICT at Public Access Centers: Age, Education, Gender, and Income Differences in Users' in Susheel Chhabra (ed), *ICT Influences on Human Development, Interaction, and Collaboration* (IGI 2013) 16.

၁၄၉ *La Agenda Digital Jalisco* ပူးပေါင်းညှိနှိုင်းရေးအစည်းအဝေးများ (n. 77), ၂၀၁၁ ခုနှစ် ဇွန်လ ၂၃ ရက်

အကူအပံ့ဖြစ်စေသည့် ဖြေရှင်းနည်းများကို ဆွေးနွေးနိုင်ကြသည်။ ဤစီမံအုပ်ချုပ်သူများကို အသုံးပြု၍ စွမ်းဆောင်ရည်မြှင့်တင်ခြင်းဖြင့် စင်တာများ၏ ဆက်စပ်လွှမ်းခြုံနေသော ရည်ရွယ်ချက်များကို ရရှိရန် စီမံအုပ်ချုပ်သူ၏ အခန်းကဏ္ဍကို ပို၍ ပြီးပြည့်စုံသော အမြင်ကို ရရှိရေး အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးပါသည်။ လက်တလောတွင် စင်တာကို စီမံအုပ်ချုပ်နေစဉ်အတွင်း တွေ့ကြုံရသည့် စိန်ခေါ်ချက်များနှင့် အောင်မြင်မှုများ အကြောင်း စီမံအုပ်ချုပ်သူများက တဦးနှင့် တဦး ပြောဆိုကြသည့် ဖြစ်ရပ် နှစ်ခုသာ ရှိပါသည်။[၁၅၀]

၆-၄-၃။ သတင်းအချက်အလက်နည်းပညာ အားလုံး ရရှိသုံးစွဲရေး အစီအစဉ်များအတွက် အဓိက ရန်ပုံငွေထောက်ပံမှု မရှိခြင်း

ဤစိန်ခေါ်ချက်များ၏ ဆက်စပ်လွှမ်းခြုံနေသည့် အရာမှာ သတ်သတ်မှတ်မှတ် ဘဏ္ဍာငွေခွဲဝေချထားမှု မရှိခြင်းဖြစ်ပြီး တရားဝင် ရန်ပုံငွေထောက်ပံ့မည့် ကတိကဝတ်များ မရှိခြင်းလည်း ပါဝင်သည်။ ဤသို့ ပျက်ကွက်ခြင်းက စင်တာ၏ အကောင်းဆုံး လုပ်ဆောင်နိုင်မှုအတွက် အဓိက ခလုတ်တံသင်းကို ဖန်တီးပါသည်။ ရပ်ရွာတခုချင်းစီအတွက် အကိုက်ညီဆုံး ဝန်ဆောင်မှုများကို စီမံပေးရာတွင်သာမက အထောက်အပံ့ပစ္စည်း ကိရိယာများအတွက် အပြောင်းအလဲဖြစ်နေသည့် လိုလားချက်များ သို့မဟုတ် လိုအပ်ချက်များကိုစီမံရာတွင်ပါ အကောင်းဆုံး လုပ်ကိုင်နိုင်ခြင်း ဖြစ်သည်။ ဤအမျိုးအစားများနှင့် အံဝင်ဂွင်ကျမဖြစ်သည့် ရပ်ရွာအဖွဲ့ဝင်များကို တသီးတခြားစီ မဖြစ်စေသည့် သို့မဟုတ် နှင်ထုတ်ခြင်း မပြုသည့် နည်းအတိုင်း စင်တာမှ စီမံလုပ်ကိုင်ခြင်း ဖြစ်သည်။[၁၅၁] ရန်ပုံငွေအထောက်အပံ့သည် စီမံအုပ်ချုပ်သူများမှ ၎င်းတို့၏ လုပ်ငန်းဆောင်တာကို ပြည့်ပြည့်ဝဝ လုပ်ကိုင်ရန်အတွက် မက်လုံးပေးဆွဲဆောင်မှုအပေါ်လည်း သက်ရောက်မှုရှိသည်။ ၎င်းတို့သည် ရပ်ရွာ အုပ်ချုပ်ရေး အဖွဲ့ထံမှ သတ်မှတ်လစာထက် လျှော့၍ ရလေ့ရှိကြပြီး လုံးဝ လစာ မရရှိကြသည်လည်း ကြုံခဲ့ရသည်။ ဥပမာ အားဖြင့် စီမံအုပ်ချုပ်သူ ၂ ဦးသည် နှစ်ပေါင်းများစွာ လစာမရရှိကြကြောင်း ဝန်ခံခဲ့ကြသည်။ သို့သော် ၎င်းတို့၏ ရည်မှန်းချက်ကို ယုံကြည်ပြီး ၎င်းတို့၏ ရပ်ရွာများအတွက် စီမံကိန်းအောင်မြင်အောင် ပြုလုပ်ရန် ခံယူထားကြသည့် အတွက်ကြောင့် ဆက်လက်၍ စင်တာများကို စီမံအုပ်ချုပ်နေကြပါသည်။[၁၅၂] ထို့အပြင် နောင်များမကြာမီတွင် လစာ ရရှိကြမည်ဟုလည်း ယုံကြည်မျှော်လင့်ကြပါသည်။[၁၅၃] စီစဉ်ထားရှိသည့် အစီအစဉ်များ ချဲ့ထွင်ရန်နှင့် စင်တာကို အဆင့်မြှင့်တင်ရန်အတွက် ရန်ပုံငွေအထောက်အပံ့သည် အများအားဖြင့် မရရှိကြပေ။ ထို့အပြင် ငွေတောင်းခံလွှာများပေးပို့တင်ပြရန် စင်တာတခုချင်းစီအတွက် ပြည်နယ်အဆင့်တွင် တရားဝင်စနစ်ကို မတည်ဆောက်ထားပေ။[၁၅၄]

---

[၁၅၀] Roberto Michel သည် Oda Belen နှင့် Magdelena တို့နှင့် အမြဲပုံမှန် စကားပြောဆိုခဲ့သည်။ ဤစီမံအုပ်ချုပ်သူအားလုံးက ပြောသည်မှာ ဤသည်က အင်တာဗျူး ဖြစ်ကြောင်းပင် ဖြစ်ပါသည်။ Michel (n. 49); Brambila (n. 85); Flores (n. 85).

[၁၅၁] Guadalajara တက္ကသိုလ်၊ လူမှုဗေဒပညာရှင်နှင့် အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဆရာ Ms Diana Ferrari နှင့် အင်တာဗျူး (Guadalajara, Jalisco ၂၀၁၁ ခုနှစ် ဇူလိုင်လ ၁၁ ရက်)။

[၁၅၂] Valenzuela (n. 97); Michel (n. 49).

[၁၅၃] ibid.

[၁၅၄] Guadalajara တက္ကသိုလ်၊ La Agenda Digital အတွက် ရပ်ရွာအခြေပြုသတင်းအချက်အလက်နည်းပညာစင်တာ၏ အကြီးတန်း ပူးပေါင်း ဆောင်ရွက်သူ Mr Eduardo Moreno နှင့် အင်တာဗျူး (Guadalajara, Mexico ၂၀၁၁ ခုနှစ် ဩဂုတ်လ

စက်ပစ္စည်းကိရိယာများ လဲလှယ်ရန်နှင့် အရင်းအမြစ်များပိုမို ရရှိရန်အတွက် ရန်ပုံငွေ ထပ်မံရရှိနိုင်သည့် လုပ်ငန်းစဉ်သည် ရပ်ရွာအဆင့် သို့မဟုတ် ပြည်နယ်အဆင့်တွင် များကွာ ကွာခြားနေပါသည်။ ထို့အပြင် ရန်ပုံငွေ တောင်းခံသည့် လုပ်ငန်းစဉ်သည် အများအားဖြင့် ရှည်ကြာတက်ပြီး နှေးကွေးလေးလံ၍ ကို့ယိုးကားယားနိုင်ကာ ဦးစားပေးအဖြစ်လည်း လုံလုံလောက်လောက် သတ်မှတ်မထားကြောင်း ပြည်နယ်အဆင့် အကောင်အထည်ဖော်သူများနှင့် စီမံအုပ်ချုပ်သူများက ပြောဆိုကြသည်။[၁၅၅] ဝေးလံခေါင်သီသော ကျေးလက်ဒေသများတွင် အထူးပင် ကြုံတွေ့ရသည့် ကိစ္စရပ်ဖြစ်သည်။[၁၅၆] ရန်ပုံငွေအထောက်အပံ့နှင့် သက်ဆိုင်သည့် စိန်ခေါ်ချက်များကို အဖွဲ့အစည်းတည်ဆောက်မှုပိုင်းအဆင့်တွင် ကိုင်တွယ်ဖြေရှင်းသင့်ပါသည်။ အစပျိုးလုပ်ငန်းအတွက် ငွေများကို ခွဲဝေချထားရန်အတွက် အများဆိုင်လုပ်ငန်းလည်ပတ်ဆောင်ရွက်မည့် ရန်ပုံငွေတွင် ထည့်သွင်းထားခြင်း မရှိဘဲ ပူးပေါင်းပါဝင်လျက်ရှိသည့် အဖွဲ့အစည်းများအပေါ်တွင်သာ အစီအစဉ်က လက်ရှိတွင် မှီတည်နေသည်။ ဤလက်ရှိ အခြေအနေအတွင်း Guadalajara တက္ကသိုလ်က စီမံကိန်းအတွက် အရင်းအမြစ်များကို ခွဲဝေချထားခြင်း မပြုကြောင်း ဆုံးဖြတ်ပါက JDA ၏ သတင်းအချက်အလက်နည်းပညာ အားလုံး ရရှိသုံးစွဲရေးအစီအစဉ်ကို ဆက်လက် အကောင်အထည်မဖော်နိုင်ပေ။[၁၅၇]

၆-၅။ နိဂုံးချုပ်သုံးသပ်ချက် - သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက် ကျဉ်းမြောင်းစေရေးအထောက်အပံ့ပေးမည့် အပြန်အလှန် အားဖြည့်ပေးနေသည့် သုတေသနအလားအလာများ

MacBride အစီရင်ခံစာထုတ်ပြန်ခဲ့သည့်အချိန်ကတည်းကစ၍ ရေတွက်သော် ဥပဒေစနစ်သည် ဆယ်စုနှစ် ၃ ခု ကြာမြင့်ပြီးသည့်တိုင်အောင် သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကို ကျဉ်းမြောင်းစေရေး ဖြစ်နိုင်သမျှ လုပ်ဆောင်ရမည့် တာဝန်များနှင့် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် ဆိုင်ရာ ဥပဒေအာမခံချက်များတွင် လစ်ဟာချက်များ သိသိသာသာ ရှိနေကြောင်း ဤဖြစ်ရပ်အခြေပြု လေ့လာမှုက ရှင်းရှင်းလင်းလင်း ဖော်ထုတ်ပါသည်။[၁၅၈] ဤနေရာတွင် ပြုလုပ်သည့် ကနဦးသုတေသနအရ အခြေအနေတရပ်သည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့တခု၏ သတ်မှတ်ချက်ကို ပြည့်မီနိုင်ရန်

---

၂ ရက်)၊ Guadalajara တက္ကသိုလ်၊ La Agenda Digital အတွက် ရပ်ရွာအခြေပြုသတင်းအချက်အလက်နည်းပညာစင်တာ၏ နည်းပညာအရာရှိချုပ် Mr Demian Mendoza နှင့် အင်တာဗျူး (Guadalajara, Mexico ၂၀၁၁ ခုနှစ် ဩဂုတ်လ ၂ ရက်)

[၁၅၅] Guadalajara တက္ကသိုလ်၊ La Agenda Digital အတွက် ရပ်ရွာအခြေပြုသတင်းအချက်အလက်နည်းပညာစင်တာ၏ အကြီးတန်း ပူးပေါင်း ဆောင်ရွက်သူ Mr Eduardo Moreno နှင့် အင်တာဗျူး (Guadalajara, Mexico ၂၀၁၁ ခုနှစ် ဇူလိုင်လ ၃ ရက်)၊ Mendoza (n. 54); Michel (n. 49); Flores (n. 85); Valenzuela (n. 97).

[၁၅၆] Flores (n. 85); Valenzuela (n. 97).

[၁၅၇] ပူးပေါင်းညှိနှိုင်းရေးအစည်းအဝေးပြီးသည့်နောက် ဤစီမံကိန်းအတွက် Dr Moreno ၏ ဦးဆောင်မှုအကြောင်း ပြည်နယ်အဆင့် အကောင်အထည်ဖော်သူများနှင့် အလွတ်တန်း ဆွေးနွေးပြောဆိုချက်များ ၂၀၁၁ ခုနှစ် ဇူလိုင်လ ၁၂ ရက်

[၁၅၈] အခန်း (၄-၅) နှင့် (၄-၆) ကို ကြည့်ပါ။

မဖြစ်နိုင်ပေ။ သို့ရာတွင် ICT4D လေ့လာချက်များမှ ထွက်ပေါ်လာသည့် သုံးသပ်ချက်များကို ဤသုတေသနက ထောက်ခံပါသည်။ အခွင့်အရေးအခြေပြုလေ့လာဆန်းစစ်ချက်မှနေ၍ ဥပဒေစည်းမျဉ်းမူဘောင်နှင့် စီမံအုပ်ချုပ်မှုမူဘောင်ရှိ အားနည်းချွတ်ယွင်းချက်များကို ပိုမို နားလည်သဘောပေါက်စေရန် ကူပံ့ပေးသည့် ICT4D လေ့လာချက်များဖြစ်သည်။ ဥပဒေအရတာဝန်ရှိမှုအဖြစ် လက်ရှိတွင် ယူဆထားသည့် အရာ၏ အတော်ပင် အကန့်အသတ်ရှိသော လွှမ်းခြုံနယ်ပယ်ကို ပြည့်မီရန် မလိုအပ်ဘဲ ဤသုတေသနက အထောက်အပံ့ပြုပါသည်။ ဤအားထုတ်မှုအတွက် ပူးပေါင်းဆောင်ရွက်မှုများသည် လက်ရှိကာလ လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့များက စီစဉ်ပေးသည်ထက် ပို၍ ကျယ်ပြန့်သော ကုစားချက်များကို ဖော်ထုတ်ရန် အကူအညီပေးလိမ့်မည်။ ထို့အပြင် WSIS အကောင်အထည် ဖော်ရေးလုပ်ငန်းစဉ်ကိုလည်း အကူအညီပေးလိမ့်မည် ဖြစ်သည်။[၁၅၉]

လက်ရှိ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့များ၏ အခြေခံမူများ ရှိနေခြင်းကို ဤလေ့လာချက်ကလည်း ဖော်ပြပါသည်။ သတင်းအချက်အလက်နည်းပညာ အားလုံး ရရှိသုံးစွဲရေးအာမခံချက်များကို အားကောင်းခိုင်မာရေး အခြေခံတည်ဆောက်ရန်အတွက် အဆိုပါအခြေခံမူများကို ဤစာအုပ်က အသုံးပြုပါသည်။[၁၆၀] သတင်း အချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကျဉ်းမြောင်းစေရေးအတွက် လက်ရှိ ဥပဒေ အာမခံချက်များတွင် အကန့်အသတ်များ ရှိနေသည့်အတွက် အရေးပါသည့်နည်းလမ်းများကို ဤလေ့လာချက်က ဖော်ထုတ်ပါသည်။ အခြားသော သတင်းအချက်အလက်နည်းပညာ အားလုံး ရရှိသုံးစွဲရေး အစီအစဉ်များကို အခွင့်အရေး အခြေပြုလေ့လာဆန်းစစ်ချက်ပြုလုပ်ခြင်းဖြင့် လက်လှမ်းမီ ရရှိသုံးစွဲရေး ဥပဒေဆိုင်ရာ ရပိုင်ခွင့်၏ အနက်အဓိပ္ပာယ်ကို အဓိပ္ပာယ်ပြည့်ဝသော အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်နှင့် နှိုင်းယှဉ်၍ ထပ်မံ ကောင်းမွန်အောင် ပြုလုပ်နိုင်သည့် နည်းလမ်းများကို ဖော်ပြခြင်း ဖြစ်သည်။ အထူးသဖြင့် ကျေးလက်ဒေသ သို့မဟုတ် အဖယ်ကြဉ်ခံလူများ၏ လိုအပ်ချက်ကို ဖြေရှင်းရာတွင် ဖြစ်သည်။

ECtHR နှင့် IACtHR နှစ်ခုစလုံးက လက်ရှိတွင် အသုံးပြုနေသည့် သတင်းအချက်အလက် လက်လှမ်းမီရရှိခွင့်နှင့် ဗဟုဝါဒတို့၏ အခြေခံမူများကို လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် အာမခံချက်များကို ချဲ့ထွင်ရေး အထောက်အပံ့ပြုရာတွင် အသုံးပြုနိုင်ပါသည်။ သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက် နည်းပါးစေခြင်းကို ၎င်းအာမခံချက်များအတွင်း ထည့်သွင်းရန် ဖြစ်ပါသည်။[၁၆၁] ထို့အပြင် အခန်း (၅) တွင် ဆွေးနွေးခဲ့သည့်အတိုင်း အခြားသော အခြေခံမူများသည်လည်း လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် အာမခံချက်များကို ဖြည့်စွက်ပေးနိုင်သည်။ ၎င်းအခြေခံမူများတွင် ခွဲခြားဆက်ဆံခံရခြင်းမှ ကင်းဝေးခွင့်၊ ကိုယ်ရည် ကိုယ်သွေးဖွံ့ဖြိုးမှုနှင့် ဒီမိုကရေစီလူ့အဖွဲ့အစည်းတို့သာမက ပညာသင်ကြားခွင့်အပါအဝင် အခြားသော ရပိုင်ခွင့်များ ပါဝင်သည်။ ဤအလုပ်ကို ဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်းမှတဆင့် ဩဇာသုံးပြောဆိုမှုများထက် ပို၍ အားကောင်း ခိုင်မာသော ဥပဒေဆွေးနွေးချက်များကို ဖွံ့ဖြိုးအောင် ပြုလုပ်နိုင်သည်။ နိုင်ငံများက *လုပ်ဆောင်သင့်သည်*ထက် ၎င်းတို့

---

[၁၅၉] WSIS Outcomes Document (n. 104) 28.

[၁၆၀] အခန်း (၄-၆) နှင့် အခန်း (၅-၄) ကို ကြည့်ပါ။

[၁၆၁] အခန်း (၃-၄) နှင့် အခန်း (၄-၆)

*မဖြစ်မနေလုပ်ဆောင်ရမည်*အပေါ် ဥပဒေပိုင်း ဆွေးနွေးချက်များ ဖြစ်သည်။ ဤအပိုင်းနှင့် စပ်လျဉ်း၍ ဤဖြစ်ရပ် အခြေပြုလေ့လာမှုသည် တော်သင့်ရုံမျှ ဖြစ်သော်ငြား အရေးပါသည့် အစပျိုးမှုကို ဆောင်ကြဉ်းပေး ပါသည်။

အခန်း ၇။ နိဂုံးချုပ်သုံးသပ်ချက်

ဤစာအုပ်၏ အဓိက ဦးတည်ချက်မှာ တည်ဆဲ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် အခြေအနေအတွင်း သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက် ကျဉ်းမြောင်းစေရေး ပန်းတိုင်ကို ကျိုးကြောင်းဆီလျော်စွာ အကဲဖြတ် ဆန်းစစ်ရန် ဖြစ်ပါသည်။ ဤလေ့လာဆန်းစစ်ချက်အတွက် အဓိကအပိုင်းမှာ မေးခွန်း ၂ ရပ်ကို လေ့လာခြင်း ဖြစ်သည်။ ပထမမေးခွန်းမှာ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ဟူသော အခွင့်အရေး ရှိပါသလား။ အကယ်၍ ရှိပါက အဆိုပါအခွင့်အရေးသည် မည်သို့ အလားသဏ္ဌာန်တူပါသနည်းနှင့် မည်မျှ ကျယ်ကျယ်ပြန့်ပြန့် ရှိပါသနည်း။ ဒုတိယမေးခွန်းမှာ အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့် ရှိပါက သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကို ကျော်လွှားရန် တာဝန်ရှိပါသလား။ အပြည်ပြည်ဆိုင်ရာ ဥပဒေသည် အင်တာနက်လက်လှမ်းမီသုံးစွဲခွင့်ကို အသိအမှတ်ပြုသော်ငြား လက်ရှိတွင် နယ်ပယ် အကန့်အသတ် အနည်းအကျဉ်းသာ ရှိသေးသည်။ လေ့လာထားသည့်အတိုင်း အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေ မူဘောင်၏ အစိတ်အပိုင်းအဖြစ် အာမခံချက်များကို အားကောင်းခိုင်မာစေရန် လက်ရှိ ဥပဒေစနစ်အပေါ် တည်ဆောက်ထားသည့် နည်းလမ်းများ ရှိကြသည်။ ဥပဒေအကာအကွယ်ပေးခြင်း၏ လွှမ်းခြုံ နယ်ပယ်ကို ကျယ်ပြန့်စေရန် အကူအညီပေးခြင်းသာမက ဥပဒေနှင့် ဆက်စပ်နယ်ပယ်များဖြစ်သည့် ဖွံ့ဖြိုးရေးနှင့် အင်တာနက် စီမံအုပ်ချုပ်မှု အသိုက်အဝန်းများအနေဖြင့် နောင်ကာလ ဖွံ့ဖြိုးမှုများအတွက် အစီအစဉ်တရပ်ကို တည်ထောင်ခြင်းအတွက် လမ်းကြောင်းတရပ်ကို ဤသုံးသပ်ချက်များက စီမံပေးပါသည်။

ဤလွှမ်းခြုံသုံးသပ်ချက်များကို အထောက်အပံ့ပေးသည့် တွေ့ရှိချက်များအား အဓိကကျသည့် အကြောင်းအရာ နှစ်ရပ်ဖြင့် ဤနေရာတွင် တင်ပြထားပါသည်။ အခြေခံအဆောက်အဦ လက်လှမ်းမီ သုံးစွဲခွင့်နှင့် အကြောင်းအရာလက်လှမ်းမီ ရရှိခွင့်တို့အကြား ဆက်နွယ်ချက်နှင့် အွန်လိုင်းပေါ်တွင် ထုတ်ဖော်ပြောဆိုချက်များကို အမျိုးအစားသတ်မှတ်ခြင်း အခက်အခဲများ ဖြစ်ကြသည်။ ဤအကြောင်းအရာများသည် အဓိကကျသည့် နယ်ပယ်များကို ဖော်ပြပါသည်။ အဆိုပါနယ်ပယ်များတွင် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်သာမက အခြားသော အာမခံချက်များကို ပို၍ အင်တိုက်အားတိုက်ရှိသည့် အနက်ပြန်ဆိုချက်များ ရှိစေရန် ဥပဒေ လိုအပ်ပါသည်။ သို့မှသာ ယခင်ကာလကဲ့သို့ ဤရပိုင်ခွင့်များ၏ အခြေခံ အကြောင်းအရာကို ကွယ်ပျောက်ခြင်း မရှိစေဘဲ ယနေ့ခေတ်ကာလ အခြေအနေများနှင့် လိုက်လျောညီထွေရှိစေသည့် နည်းလမ်းအတိုင်း လွှမ်းခြုံ နယ်ပယ်သည် ပြောင်းလဲနိုင်ပေသည်။ တနည်းဆိုရသော် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့များ၏ လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်နှင့် အခြားလူ့အခွင့်အရေးများကို အနက်ပြန်ဆိုရာ၌ တဖြည်းဖြည်း ဖွံ့ဖြိုးလာစေမည့် နယ်ပယ်များ ဖြစ်သည်။ အင်တာနက်၏ ထူးခြားအင်္ဂါရပ်များကို တိကျမှန်ကန်စွာ အနက်ပြန်ဆိုရန်အလို့ငှာ ဖြစ်ပါသည်။ ပို၍ ကျယ်ပြန့်သော သတင်းအချက်အလက် နည်းပညာ အားလုံး ရရှိသုံးစွဲရေး အာမခံချက်များကို ပေးစွမ်းနိုင်ခြေရှိသည့် နယ်ပယ်ကို ကျိုးကြောင်းလျော်ညီစွာ ဖော်ထုတ်နိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ စံနှုန်းများကို အသေးစိတ်စီစဉ်လျက်ရှိကြသည်။ ဤစာအုပ်ပါ အကြောင်းအရာအနှံ့အပြားတွင် သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်၊ အင်တာနက်လက်လှမ်းမီ ရရှိမှုတို့၏ အသေးစိတ် အနက်ဖွင့်ဆိုချက်များနှင့် နိဒါန်းပိုင်းတွင် တင်ပြထားခဲ့သည့် ‘အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်’ တို့၏ ဖြစ်နိုင်ခြေ ရှိသော

အနက်ဖွင့်ဆိုချက်သည် အခက်အခဲများကို အမှန်တကယ်ပင် ဖန်တီးပေးသည်။ အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်၏ လွှမ်းခြုံနယ်ပယ်ကို ချဲ့ထွင်ရာတွင် ကြုံတွေ့ရသော အခက်အခဲများ ဖြစ်သည်။

ဤလေ့လာချက်များမှတဆင့် အစီအစဉ်တရပ်ကို တည်ဆောက်ပါသည်။ အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းအနေဖြင့် ပညာရပ်အသိုက်အဝန်းနှင့် အဖွဲ့အစည်းအမျိုးမျိုးတို့၏ အားသာချက်များကို အသုံးပြုမည့် ဆက်လက်လုပ်ဆောင်ရန်လိုအပ်မည့် အချက်ဖြစ်ပါသည်။ သို့မှသာ သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ရှိ တူညီသည့်ပြဿနာကို ဖြေရှင်းရန် တဦးချင်းစီက ပါဝင်နိုင်ပေမည်ဖြစ်သည်။ သို့ဖြစ်သည့်အတွက် တရားစီရင်ရာတွင် လိုက်နာကိုးကားရမည့် စီရင်ထုံးများသည် လူ့အခွင့်အရေး အာမခံချက်များ၏ နောင်ကာလ အနက်ပြန်ဆိုချက်များကို ပုံဖော်ရမည်ဖြစ်သည်။ အကာအကွယ်ပေးရန် အလိုအပ်ဆုံးဖြစ်သူများအတွက် လူ့အခွင့်အရေးအာမခံချက်များသည် မည်သို့ အမှန်တကယ်ဖြစ်တည်လာနိုင်ကြောင်းကို ထင်ဟပ်ပြရန်အတွက် အဆိုပါ အနက်ပြန်ဆိုချက်များသည် တဖြည်းဖြည်းချင်း ဖွံ့ဖြိုးလာနိုင်ပြီး ဆင့်ကဲ ဖွံ့ဖြိုးလာရပေမည်။

၇-၁။ အခြေခံအဆောက်အဦလက်လှမ်းမီ သုံးစွဲခွင့်နှင့် အကြောင်းအရာ လက်လှမ်းမီ ရရှိခွင့်

ကုလသမဂ္ဂ၏ အစောပိုင်းကာလများမှသည် လက်ရှိ WSIS အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်နှင့် IGF တို့အထိ သတင်းအချက်အလက်နည်းပညာလက်လှမ်းမီ သုံးစွဲရာတွင် မညီမမျှဖြစ်ခြင်းသည် လူတဦးချင်းစီမှ တဦးနှင့် တဦး ပေးပို့လက်ခံနိုင်စွမ်းရှိသည့် သတင်းအချက်အလက်နှင့် အကြောင်းအရာကို အကန့်အသတ်ဖြစ်စေကြောင်း အသိအမှတ်ပြုလက်ခံကြလျက် ရှိသည်။ အယူအဆပိုင်းအားကောင်းခိုင်မာသည့် ၁၉၈၀ ပြည့်နှစ် MacBride အစီရင်ခံစာသည် အခြေခံအဆောက်အဦ၊ သတင်းအချက်အလက်နှင့် အကြောင်းအရာပိုင်း လက်လှမ်းမီရရှိသုံးစွဲရာတွင်ရှိ မညီမမျှဖြစ်မှုများကို ဖြေရှင်းခြင်း၏ အရေးပါပုံကို အသားပေးဖော်ပြခဲ့ပါသည်။[၁] လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်အာမခံချက်များ၏ အစိတ်အပိုင်းအဖြစ်လည်းကောင်း၊ သို့မဟုတ် ဆက်သွယ်တင်ပြနိုင်ရေး ရပိုင်ခွင့်အသစ်အဖြစ်လည်းကောင်း လက်လှမ်းမီ ရရှိသုံးစွဲမှုကို စီစဉ်ပေးရန် အစိုးရမှ လုပ်ဆောင်ရမည့် တာဝန်တရပ်ရေးဆွဲခြင်းမှတဆင့် ရရှိနိုင်ကြောင်း ၎င်းအစီရင်ခံစာက အကြံပြုထားခဲ့သည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေမူဘောင်၏ အရေးပါပုံကို MacBride အစီရင်ခံစာက ဖော်ထုတ်ပါသည်။ သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကို ဖြေရှင်းရန်နှင့် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကို သိမြင်လက်ခံအောင် ပြုလုပ်ရာတွင် တိုးတက်မှုရရှိရန်တို့အတွက် ဖြစ်သည်။ အခြေခံအဆောက်အဦများကို လက်လှမ်းမီသုံးစွဲခွင့် အထူးသဖြင့် အင်တာနက်သုံးစွဲခွင့်ကို အဆင်ပြေချောမွေ့စေရေး နိုင်ငံများအပေါ် လုပ်ဆောင်ရမည့် တာဝန်များကို မည်မျှအတိုင်းအတာအထိ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေက ချမှတ်ထားသည်ကို အကဲဖြတ်ဆန်းစစ်ရန် ယနေ့အချိန်အထိ သုတေသနအနည်းငယ်မျှသာ လုပ်ဆောင်ထားကြသည်။ အစီရင်ခံစာ

[၁] International Commission for the Study of Communication Problems, *Many Voices, One World* (UNESCO 1980) [ဤနေရာမှစ၍ MacBride အစီရင်ခံစာ (MacBride Report) ဟု ရေးသားသွားမည်].

ထုတ်ပြန်သည့်အချိန်ကတည်းကစ၍ လူ့အခွင့်အရေးအာမခံချက်များသည် မည်သို့ ဖွံ့ဖြိုးလာသည်ကို ဤစာအုပ်က လေ့လာဆန်းစစ်ထားသည်။ အကြောင်းအရာ လက်လှမ်းမီ ရရှိနိုင်စွမ်းအပေါ် အခြေခံအဆောက်အဦအနေဖြင့် သက်ရောက်မှုရှိကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့များက သိမြင်လက်ခံသည့် နည်းလမ်းများကို ပို၍ ကောင်းမွန်စွာ ထင်ဟပ်စေရန် ဆန်းစစ်ထားပါသည်။

အင်တာနက်လက်လှမ်းမီ သုံးစွဲမှုနှင့် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်တို့အကြားရှိ ဆက်နွယ်ချက်ကို နိုင်ငံ၏ မလုပ်ဆောင်ရမည့် တာဝန်များမှနေ၍ ပထမဆုံး လေ့လာခဲ့ပါသည်။ လေ့လာ ဆန်းစစ်ချက်သည် လူ့အခွင့်အရေးဆိုင်ရာ ဥရောပခုံရုံး (European Court of Human Rights - ECtHR) ၏ အမှုဖြစ်သည့် *Yildirim v. Turkey* ကို အဓိကထား လေ့လာခဲ့သည်။ ၎င်းအမှုသည် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့် တားမြစ်ခြင်းနှင့် ဆက်တိုက်ဆိုသလို အရေးပါသည့် အကြောင်းအရာ လက်လှမ်းမီ ရရှိခွင့်ကို တိုက်ရိုက် ကိုင်တွယ် ဖြေရှင်းထားသည့် ပထမဆုံးအမှုဖြစ်သည်။[၂] နိုင်ငံသည် ရရှိသုံးစွဲခွင့်ကို စီစဉ်ပေးရန်အတွက် လုပ်ဆောင်ရမည့် တာဝန်ကို ပြဋ္ဌာန်းခြင်းထက် ၎င်းရရှိသုံးစွဲခွင့်ကို တားမြစ်ခြင်းမပြုရမည့် မလုပ်ဆောင်ရမည့် တာဝန်ကို ချိုးဖောက်သည့် အခြေအနေများတွင် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကို ချမှတ်ကျင့်သုံးရန် အများစု ဖြစ်နိုင်ခြေရှိကြောင်း လေ့လာဆန်းစစ်ချက်က သုံးသပ်ပါသည်။

Yildirim v Turkey တွင် အင်တာနက်လက်လှမ်းမီ ရရှိရေး စီမံပေးရန် နှံ့စပ်ထိရောက်မှုရှိသော လုပ်ဆောင်ရမည့် တာဝန်များကို နိုင်ငံမှ ချမှတ်ရန် သဘောတူစာချုပ်အနေဖြင့် လိုလားကြောင်းကို ခုံရုံးက အနက်မဖွင့်ဆိုခဲ့ပေ။ သို့ရာတွင် ခုံရုံးအနေဖြင့် အနာဂတ်ကာလတွင် ကျယ်ကျယ်ပြန့်ပြန့် အသေးစိတ် ရှင်းလင်းရမည့် ကိစ္စရပ်အများအပြားကို စီရင်ချက်က ချန်ရစ်ထားပါသည်။ ဥပမာ အခြားအမှုများတွင် လူတဦးချင်းစီ၏ သတင်းအချက်အလက် ပေးပို့ခွင့်နှင့် ၎င်းသတင်းအချက်အလက်ကို လူအများမှ လက်ခံရရှိခွင့်သည် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်၏ အခြေခံကျသော အကြောင်းပြချက် တရပ်အဖြစ် ခုံရုံးက အလေးထားခဲ့သည်။ ဆန့်ကျင်ဘက်အားဖြင့် *Yildirim* တွင် လျှောက်လဲသူ၏ သတင်းအချက်အလက် လက်ခံရရှိခွင့်နှင့် ပေးပို့ခွင့် နှစ်မျိုးစလုံးကို တားမြစ်ခြင်းကို ခုံရုံးက လက်ခံခဲ့သည်။ ထို့ကြောင့် အင်တာနက်အတွက် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် အာမခံချက်များကို အံဝင်ဝင်ကျ အသုံးပြုနိုင်ကြောင်းကို ပြသပါသည်။ သို့ရာတွင် တပြိုင်နက်တည်းမှာပင် သတင်းအချက်အလက်နှစ်လမ်းသွားစီးဆင်းမှု အပါအဝင် အင်တာနက်၏ ထူးခြား အင်္ဂါရုပ်များကို ပို၍ ကျယ်ကျယ်ပြန့်ပြန့် သိမြင်လက်ခံခြင်း အနည်းငယ်သာ စီစဉ်ပေးခြင်းကို ခုံရုံးက ဟန့်တားခဲ့သည်။ မရေတွက်နိုင်လောက်သည့် သတင်းအချက်အလက်အမြောက်အများကို သိုလှောင် သိမ်းဆည်းကာ ဖြန့်ချိနိုင်သည့် ဆက်သွယ်ရေးနည်းလမ်း၏ စွမ်းရည်ကို အလေးထားသည့် အမှုတွင် အင်တာနက်၏ သရုပ်ကို ထပ်လောင်းပြောဆိုခဲ့သည်။[၃] *Kalda* တွင် အကြောင်းအရာကို လက်လှမ်းမီ ရရှိမှု (အကျဉ်းသားတဦး၏ ခုံရုံးကြားနာစစ်ဆေးမှုများကို အထောက်အပံ့ပေးသည့် သတင်းအချက်အလက်) သည် အင်တာနက်မှတဆင့်သာ ရရှိနိုင်ကြောင်း သုံးသပ်ရန်အတွက် ခုံရုံးသည်

---

[၂] *Yildirim v. Turkey* App no 3111/10 (ECtHR, 18 December 2012).

[၃] *Times Newspapers Ltd v. the United Kingdom (nos. 1 and 2)* ECHR 2009, para. 27.

အခြားဆက်သွယ်ရေးနည်းလမ်း ဆန်းစစ်ချက်ကို အသုံးပြုခဲ့သည်။ အထူးအစီရင်ခံစာတင်သွင်းသူ La Rue ၏ အစီရင်ခံစာကို အသုံးပြုလျက် အင်တာနက်၏ ထူးခြားသော လုပ်ငန်းဆောင်တာကို ခုံရုံးက ထောက်ပြခဲ့သည်။ အကြောင်းအရာ အများအပြား (ဝန်ဆောင်မှုနှင့် သတင်းအချက်အလက်) တို့သည် အင်တာနက်မှတဆင့်သာ ရရှိကြောင်း ထောက်ပြပါသည်။ အကြောင်းအရာပိုင်း လက်လှမ်းမီ ရရှိမှုနှင့် အခြေခံအဆောက်အဦ လက်လှမ်းမီ သုံးစွဲမှုအကြောင်း ပိုကျယ်ပြန့်သော ဆွေးနွေးချက်များကို ဤအမှု၏ သီးခြားအခြေအနေများနှင့် ခုံရုံးက ချိတ်ဆက်ပါသည်။ အက်စတိုးနီးယားနိုင်ငံ၏ အင်တာနက်ဝက်ဆိုက်များ သုံးစွဲခြင်းကို တသီးတသန့် ပိတ်ပင်ခြင်းသည် အကျဉ်းသား၏ လွတ်လပ်စွာ ထုတ်ဖော် တင်ပြပြောဆိုခွင့်ကို ချိုးဖောက်ခြင်းဖြစ်ကြောင်း သုံးသပ်ချက်ချမှတ်ရန် ဖြစ်သည်။ ဆက်သွယ်ရေး နည်းလမ်းတရပ်အဖြစ် အင်တာနက်၏ ထူးခြားမှုကို အသိအမှတ်ပြုလက်ခံရန် ပို၍ နီးစပ်လာသည့် အဆင့် ဖြစ်သည်။ သို့ရာတွင် အခြားမီဒီယာများနှင့် အင်တာနက်ကို ခြားနားအောင် ပြုလုပ်သည့် အချင်းချင်း ဆက်သွယ်ပြောဆိုခြင်းဟူသည့် အသိသာဆုံးသော ဝိသေသများကို အသိအမှတ်ပြုလက်ခံခြင်းမရှိဘဲ ပြည့်စုံကြွယ်ဝသော အနက်ပြန်ဆိုချက်ကို အသုံးပြုနိုင်စွမ်းသည် ခုံရုံးတွင် ရှိနေသေးသည်။ လူတဦးချင်းစီသည် ၎င်းတို့၏ ရပိုင်ခွင့်များကို အွန်လိုင်းတွင် မည်သို့ကျင့်သုံးကြောင်း သီးခြား အနေအထားများကို ထင်ဟပ်မည့် အနက်ပြန်ဆိုချက် ဖြစ်သည်။ လျှောက်လဲသူ၏ သတင်းအချက်အလက် ပေးပို့ လက်ခံရရှိခွင့်သာမက အင်တာနက်၏ ထူးခြားအင်္ဂါရုပ်များကဲ့သို့ ဤအစိတ်အပိုင်းနှစ်ရပ်သည် အဓိကကျသော အပိုင်းများဖြစ်လာသည်။ မီဒီယာအမျိုးမျိုးအတွက် ဖြစ်သော်ငြား တည်ဆဲစီရင်ထုံးဥပဒေကို မည်သို့ အသုံးပြုကြောင်း အကြံပြုချက်များ လမ်းညွှန်ပေးရန် ဖြစ်သည်။ သတင်းအချက်အလက်နည်းပညာ အားလုံးရရှိသုံးစွဲရေး အာမခံချက်များအတွက် အနာဂတ်ကာလတွင် ပို၍ ကျယ်ပြန့်သော အကာအကွယ်များကို မည်သို့ပေးရန်အတွက် စတင်မှတ်များကို ဖော်ထုတ်ရန် ရည်ရွယ်ပါသည်။

အင်တာနက်လက်လှမ်းမီ သုံးစွဲမှုကို ပိတ်ပင်ခြင်းမပြုရေး နိုင်ငံ၏ မလုပ်ဆောင်ရမည့် တာဝန်များအား ခုံရုံးမှ ပထမဆုံး လေ့လာဆန်းစစ်ရာတွင် နိုင်ငံ၏ ဥပဒေစနစ်ရှိ ချို့ယွင်းချက်များကို လေ့လာခြင်းအား ၎င်း၏ လေ့လာဆန်းစစ်ချက်တွင် ခုံရုံးက အလေးထားခဲ့ပါသည်။ တားမြစ်ချက်သည် ဥပဒေဖြင့် ပြဋ္ဌာန်းထားခြင်း ဟုတ်မဟုတ် လေ့လာသည့်အခါတွင် ဖြစ်သည်။[၄] ဥပဒေနှင့် စီမံအုပ်ချုပ်မှု မူဘောင်ရှိ ဤချို့ယွင်းချက်များသည် အလွန်အမင်း ကျယ်ပြောသော တားမြစ်အရေးယူချက်များဖြစ်စေပြီး အကျိုးဆက်အားဖြင့် လွတ်လပ်စွာထုတ်ဖော် တင်ပြပြောဆိုခွင့် အာမခံချက်များကို ချိုးဖောက်ခြင်း ဖြစ်စေပါသည်။ ဤအမြင်ဖြင့် နိုင်ငံသည် အရေးယူဆောင်ရွက်ရန် လိုအပ်သည် (ဆိုလိုသည်မှာ တားမြစ်ချက်အမိန့်များအတွက် ဥပဒေ ပြုပြင်ပြောင်းလဲခြင်း၊ သို့မဟုတ် စီမံအုပ်ချုပ်ရေးလုပ်ထုံးလုပ်နည်းများကို ပိုမိုကောင်းမွန်အောင် ပြုလုပ်ခြင်း ဖြစ်သည်)။ သို့မှသာ အလားတူ ချိုးဖောက်မှုကို ထပ်မံ မတွေ့မြင်ရမည် ဖြစ်သည်။ တရားသူကြီး Albuquerque က သူ၏ သဘောကိုက်ညီသည့် အမြင်သဘောထား စာတမ်းတွင် ဆွေးနွေးထားသည့်အတိုင်း တူရကီနိုင်ငံ၏ ဥပဒေစနစ်ရှိ ဤချို့ယွင်းအားနည်းချက်များနှင့် ၎င်းတို့ကို ပြုပြင်ရန် လိုအပ်ချက်တို့သည် နိုင်ငံများအတွက်သာမက ခုံရုံး

---

[၄] *Yildirim* (n. 2) 55–65.

အတွက်ပါ မရှိမဖြစ်အရေးပါသည့် အရာဖြစ်ကြောင်း သင်္ကေတဖြစ်ပါသည်။[၅] ဥပဒေစည်းမျဉ်းနှင့် စီမံအုပ်ချုပ်မှု မူဘောင်များသည် အင်တာနက်မည်သို့ အသုံးပြုနိုင်သည်ကို လုံလုံလောက်လောက် ထင်ဟပ်ပြနိုင်ပေသည်။ သို့သော် အင်တာနက်သည် ၎င်းမပေါ်မီက ရှိနှင့်ပြီးသော ဆက်သွယ်ရေးနည်းလမ်းများနှင့် ကွာခြားသည့် လက္ခဏာရပ်များကိုမူ ရှင်းရှင်းလင်းလင်း မဖော်ပြပေ။[၆] ခုံရုံးအနေဖြင့် ၎င်း၏ ချဉ်းကပ်နည်းကို ရှင်းရှင်းလင်းလင်း ဖော်ပြရန် မရှိမဖြစ်အရေးပါကြောင်း တင်ပြခဲ့သည်။ သို့မှသာ ခုံရုံးသည် ၎င်း၏ ရှိနှင့်ပြီးသား စီရင်ထုံးဥပဒေကို တသမတ်တည်း အသုံးပြုနိုင်မည် ဖြစ်သည်။ သို့သော် အင်တာနက်၏ နည်းပညာအသစ်နှင့် လူ့အဖွဲ့အစည်းတွင် သိမြင်လက်ခံထားနှင့်ပြီးသော အင်တာနက်၏ သိသာထင်ရှားမှုကို ပို၍ ဆီလျော်စွာ ထင်ဟပ်ပြနိုင်ရေး ခုံရုံး၏ အနက်ဖွင့်ဆိုချက်ကို လိုက်လျောညီထွေဖြစ်စေမည် ဖြစ်သည်။[၇]

Yildirim ရှိ ခုံရုံး၏ ရှင်းလင်းသော ချဉ်းကပ်နည်းတွင် အခြေခံမူများ မပါရှိသော်ငြား အမှု၏ ယေဘုယျ အကြောင်းအရာများတွင်မူ ရှင်းလင်းစွာ ပါရှိသည်။ ဗဟုဝါဒအခြေခံမူများနှင့် နိုင်ငံမဟုတ်သည့် လုပ်ဆောင်သူများ၏ အခန်းကဏ္ဍကို ထည့်သွင်းထားသည်။ *Kalda* နှင့် *Jankvoskis* တို့ရှိ ချဉ်းကပ်နည်းတွင် ခုံရုံးက အသုံးပြုထားသည့် ဤအခြေခံမူများသာမက သတင်းအချက်အလက်လက်လှမ်းမီ ရရှိခွင့်တို့ကို ပူးတွဲကြေညာစာတမ်းတွင် အလေးထားဖော်ပြခဲ့သည်။ အင်တာနက် လူတိုင်း လက်လှမ်းမီ သုံးစွဲခွင့် အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ရာတွင် အလားအလာရှိသည့် လုပ်ဆောင်ရမည့် တာဝန်များကို လေ့လာဆန်းစစ်ခြင်းအတွက် လမ်းညွှန်ပေးသည့် အစိတ်အပိုင်းများ ဖြစ်လာကြသည်။ အင်တာနက် လူတိုင်း လက်လှမ်းမီ သုံးစွဲရေး မြှင့်တင်ရန်နှင့် အဆင်ပြေချောမွေ့စေရန်အတွက် လုပ်ဆောင်ရမည့် တာဝန်များကို ပူးတွဲကြေညာစာတမ်းက အကြံပြုပါသည်။ ဥပဒေစည်းမျဉ်းဆိုင်ရာယန္တရား တည်ဆောက်ခြင်း၊ လက်လှမ်းမီ ရရှိသုံးစွဲရေးအတွက် တိုက်ရိုက် အထောက်အပံ့ စီမံခြင်း၊ အင်တာနက်အသုံးပြုခြင်းနှင့် အကျိုးကျေးဇူးများအကြောင်း အသိပညာမြှင့်တင်ခြင်းနှင့် အထူးလုပ်ဆောင်ချက်များကို ချမှတ်ခြင်းတို့ကို အကြံပြုပါသည်။ နှစ်ပေါင်းများစွာ အကောင်အထည်ဖော်ရမည့် လုပ်ငန်းအစီအမံများကို သာမက တိုးတက်မှုကို ပွင့်လင်းမြင်သာသည့်နည်းဖြင့် အကဲဖြတ် ဆန်းစစ်ခြင်းကိုလည်း နိုင်ငံများမှ ချမှတ်ကျင့်သုံးရန် ပူးတွဲကြေညာစာတမ်းက တိုက်တွန်းသည်။ လုပ်ဆောင်ရမည့် တာဝန်များ အကြောင်း အခန်း (၄) ၏ လေ့လာဆန်းစစ်ချက်သည် အင်တာနက်လူတိုင်းလက်လှမ်းမီ သုံးစွဲရေး အဆင်ပြေ ချောမွေ့အောင် ဆောင်ရွက်မည့် အလားအလာရှိသော တာဝန်ရှိမှု အခြေအနေအတွင်းရှိ နားလည် သဘောပေါက်မှုကို မြင့်မားစေသည်။ ထို့ကြောင့် သတင်းအချက်အလက် နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကို ကျဉ်းမြောင်းစေမည် ဖြစ်ပါသည်။

ECtHR သည် လေ့လာဆန်းစစ်ချက် ပြုလုပ်သည့်အခါတွင် စံသတ်မှတ်ချက်များ ရှိကြောင်း လေ့လာရန် အတွက် ၎င်းအခန်းက အမှုများစွာကို လေ့လာပါသည်။ အများပြည်သူနှင့် တစိတ်တပိုင်း သက်ဆိုင်သည့် နေရာများ (*Appleby*)၊ အများပြည်သူဆိုင်ရာ နေရာများ (*Mouvement Suisse*)၊ ရေဒီယိုအသံလွှင့်ရုံ (*Frasila*)၊ ဂြိုဟ်တု စလောင်း (*Mustafa*)၊ ထုတ်လွှင့်ရေးလုပ်ငန်း (*VgT* နှင့် *Vgt2*) နှင့် ရေဒီယိုထုတ်လွှင့်လိုင်းများ ခွဲဝေချထားခြင်း

---

[၅] *Yildirim* (n. 2), Concurring Opinion of Judge Albuquerque.

[၆] ibid.

[၇] ibid.

(*Centro Europa*) တို့ ပါဝင်သည့် အခြေခံ အဆောက်အဦ လက်လှမ်းမီ သုံးစွဲခွင့်ဆိုင်ရာ အမှုများ ပါဝင်သည်။[၈] ဗဟုဝါဒ သေချာစေခြင်း၏ အစိတ်အပိုင်းအဖြစ် ဖြစ်နိုင်ခြေရှိသော လုပ်ဆောင်ရမည့် တာဝန်များကို ဖော်ထုတ်ထားသည့် *Manole and Others v. Moldova* ကိုလည်း လေ့လာပါသည်။[၉] အနာဂတ်ကာလတွင် သတင်း အချက်အလက် နည်းပညာအားလုံး ရရှိသုံးစွဲရေးအာမခံချက်များကို အားကောင်းခိုင်မာစေရေးအတွက် သင့်လျော်သည့် စံနှုန်း ၄ ရပ် ရှိသည်။ (၁) လက်လှမ်းမီ ရရှိသုံးစွဲမှု၏ အကြောင်းအရာနှင့် ရည်ရွယ်ချက်က မည်သည့်အရာ ဖြစ်သနည်း။ (၂) အကြောင်းအရာကို မည်သူများက လက်ခံရရှိလိုသူနှင့် ပေးပို့လိုသူများ ဖြစ်သနည်း။ (၃) ဆွေးနွေးလျက်ရှိသည့် ဆက်သွယ်ရေးနည်းပညာကို လက်လှမ်းမီ ရရှိခြင်း မရှိပါက အခြား မီဒီယာကို အသုံးပြုနိုင်ပါသလား။ (၄) လုပ်ဆောင်ရမည့် တာဝန်သည် သဘောသဘာဝအားဖြင့် အခြေခံရပိုင်ခွင့် သို့မဟုတ် ဥပဒေ လုပ်ထုံးလုပ်နည်းများမှ တဆင့် ရပိုင်ခွင့် ဖြစ်ပါသလား။ အင်တာနက်၏ ထူးခြားအင်္ဂါရုပ်များကို အထူးပင် ထည့်သွင်းစဉ်းစားလျက် အခြေခံအဆောက်အဦလက်လှမ်းမီ သုံးစွဲခွင့်နှင့် အကြောင်းအရာလက်လှမ်းမီ ရရှိခွင့်တို့၏ အပြန်အလှန် မှီတည်နေမှုအပေါ် ဤနေရာတွင် သုံးသပ်ချက်များက အခြေခံထားသည်။

သတင်းအချက်အလက်ပါ အကြောင်းအရာကို ကာကွယ်ပေးထားကြောင်း လေ့လာရန်အတွက် စွပ်စွဲထားသည့် ချိုးဖောက်မှုများဆိုင်ရာ အကြောင်းအရာဖြစ်သည့် သတင်းအချက်အလက်၏ အကြောင်းအရာကို ECtHR က ဦးစွာ လေ့လာပါမည်။ ဥပမာဆိုရသော် *Yildirim* ၊ *Kalda* ၊ *Jankovskis* နှင့် *Akdeniz* တို့ရှိ ECtHR ၏ မတူညီသည့် စီရင်ချက်များထွက်ပေါ်လာစေသည့် သတင်းအချက်အလက်ဆိုင်ရာ သီးခြား အကြောင်းအရာများ ဖြစ်သည်။[၁၀] *Yildirim* တွင် ၎င်း၏ ကိုယ်ပိုင်ဝက်ဆိုက်ရှိသည့် ကျောင်းသားတဦးသည် သူက ထုတ်လုပ်ထားသည့် သတင်းအချက်အလက်ကို ရရှိသုံးစွဲရေးအား ရည်ရွယ်ချက်ရှိရှိဖြင့် တားမြစ်ခံရကြောင်း လျှောက်လဲပါသည်။ အဆိုပါ သတင်းအချက်အလက်သည် သူ၏ ပညာရေးအတွက် တန်ဖိုးရှိပြီး ပုဂ္ဂလိက အကျိုးစီးပွား အများအပြား လည်း ရှိပါသည်။[၁၁] *Akdeniz* တွင် အမှုသည် လက်သင့်ခံဖွယ်မဟုတ်ကြောင်း ခုံရုံးက တွေ့ရှိခဲ့သည်။ ထို့အပြင် တားမြစ်ခံရသည့် အကြောင်းအရာပိုင်း လွှမ်းခြုံနယ်ပယ်သည် အတော်ပင် ကျဉ်းမြောင်းပြီး *Yildirim* နှင့် မတူသည်မှာ အဆိုပါ ရရှိသုံးစွဲမှုသည် အလွန်အရေးပါကြောင်းကို လျှောက်လဲသူများက အကျိုးသင့် အကြောင်းသင့် မပြသနိုင်ကြောင်းကိုလည်း ခုံရုံးက ရှင်းရှင်းလင်းလင်း ဖော်ပြပါသည်။[၁၂] နှစ်များစွာ ကြာမြင့်ပြီးနောက် *Kalda* နှင့်

---

[၈] *Appleby v. United Kingdom* ECHR 2003-VI, para 35; *VgT Verein gegen Tierfabriken v. Switzerland* ECHR 2001-VI, Judgment; *VgT Verein gegen Tierfabriken v. Switzerland (no 2)* App no 32772/02 (ECtHR, 30 June 2009); *Khurshid Mustafa & Tarzibachi v. Sweden* App no 23883/06 (ECtHR, 16 December 2008); *Frasila and Ciocirlan v. Romania* App no 25329/03 (ECtHR, 10 May 2012); *Mouvement Raëlien Suisse v. Switzerland* ECHR 2012, para. 76–7; *Women on Waves and others v. Portugal* App no 31276/05 (ECtHR, 02 March 2009), Judgment (Merits and Just Satisfaction); *Centro Europa 7 S.R.L and Di Stefano v. Italy* ECHR 2012.

[၉] *Manole and Others v. Moldova* ECHR 2009.

[၁၀] *Akdeniz v. Turkey* App no 20877/10 (ECtHR, 3 November 2014), Section II; *Yildirim* (n. 2).

[၁၁] *Yildirim* (n. 2), para. 7.

[၁၂] *Akdeniz* (n. 10), Section II.

Jankvoskis တို့တွင် အကျဉ်းသားများအတွက် အင်တာနက်ဝက်ဆိုက်များ သုံးစွဲခွင့်ကို အက်စတိုးနီးယားနှင့် လစ်သူရေးနီးယားနိုင်ငံများ၏ ပိတ်ပင်မှုသည် အင်တာနက်တွင်သာရရှိနိုင်သည့် ကာကွယ်ထားသော အကြောင်းအရာများ ရရှိသုံးစွဲခွင့်အား ဟန့်တားခြင်းဖြစ်ကြောင်း ခုံရုံးက သုံးသပ်ခဲ့သည်။ ဤပထမဆုံးလေ့လာ ဆန်းစစ်ချက်များတွင် ကာကွယ်ထားသည့် အကြောင်းအရာနှင့် ၎င်းအကြောင်းအရာကို ရရှိရန်အတွက် တခုတည်းသောအရာအဖြစ် ရှုမြင်ထားသည့် ဆက်သွယ်ရေးနည်းလမ်းသည် လွတ်လပ်စွာထုတ်ဖော်တင်ပြ ပြောဆိုခွင့်အာမခံချက်များအတွက် ခွဲခြားမရသော အစိတ်အပိုင်းများ ဖြစ်ကြသည်။ ကာကွယ်ထားသည့် အကြောင်းအရာများတွင် အကျဉ်းသား၏ ခုံရုံးတရားစွဲဆိုခြင်းများနှင့် သက်ဆိုင်သည့် တရားဝင် စာအုပ်စာတမ်းများနှင့် ပညာရေးနှင့် အလုပ်အကိုင်သတင်းအချက်အလက်များ ပါဝင်သည်။

ဒုတိယအနေဖြင့် လူ့အဖွဲ့အစည်းတွင် သတင်းအချက်အလက်ပေးပို့သူများကို စောင့်ကြည့်လေ့လာသူအဖြစ် ရှုမြင်သည့်အခါတွင် ၎င်းပေးပို့သူများသည် စာနယ်ဇင်း၏ အစိတ်အပိုင်း သို့မဟုတ် စာနယ်ဇင်း၏ လုပ်ငန်းတာဝန်ကို ထမ်းဆောင်နေသည့်နေရာတွင် တားမြစ်ချက်များအပေါ် ခုံရုံးက စေ့စေ့စပ်စပ် စိစစ်ပါသည်။ ထို့အပြင် သတင်းအချက်အလက်နှင့် အယူအဆ များပြားစုံလင်စွာ ရရှိသုံးစွဲမှု ရှိစေရေး သေချာစေရန် အကူအညီပေးသည့် ပေးပို့သူများ၏ တည်ရှိမှုကိုလည်း ဂရုတစိုက် စိစစ်ခြင်းဖြင့် ချင့်ချိန်ရမည်။ နောက်လာမည့် အပိုင်းတွင် ဆွေးနွေးသွားမည့်အတိုင်း ဖြစ်ပါသည်။ ကျေးလက်ပြည်သူများနှင့် လူနည်းစုများအတွက် သတင်း အချက်အလက်မျိုးစုံကို အသေအချာ လက်လှမ်းမီ ရရှိရေး နည်းလမ်းအတိုင်း လွတ်လပ်စွာထုတ်ဖော် တင်ပြပြောဆိုခွင့် အာမခံချက်များကို အနက်ပြန်ဆိုရာတွင် ဗဟုဝါဒ၏ အခြေခံမူကို အသုံးပြုပါသည်။ ဗဟုဝါဒကို ခုံရုံးမှ အသုံးပြုရာတွင် လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေး ဩဇာလွှမ်းမိုးမှုရှိသည့် အုပ်စုများ၏ တဦးတည်း လက်ဝါးကြီးအုပ်လွှမ်းမိုးမှုများကို ကန့်သတ်ရန် လိုအပ်ကြောင်းကိုလည်း အလေးထားသည်။ အာဏာရှိ လူအုပ်စုများနှင့် အထက်တန်းလွှာများမှ မီဒီယာကို လက်ဝါးကြီးအုပ် လွှမ်းမိုးမှုတားမြစ်ခြင်းလည်း ပါဝင်သည်။ မီဒီယာလုပ်ပိုင်ခွင့် ချုပ်ကိုင်ထားခြင်းအပေါ် ခုံရုံးမှ ဦးတည်လေ့လာချက်နှင့် မီဒီယာကို လူ့အထက်တန်းလွှာ လူနည်းစုမှ သတင်းအချက်အလက်မီဒီယာကို မထိန်းချုပ်ရေး သေချာမှုရှိစေရန် နိုင်ငံများအတွက် လိုအပ်ကြောင်း ၎င်းအမှု၏ အလေးထားမှုသည် ခုံရုံး၏ နားလည်သဘောပေါက်မှုကို ဖော်ပြနေပါသည်။ လူ့အဖွဲ့အစည်းအတွင်းရှိ ဆက်သွယ်ပြောဆိုခြင်းပုံစံများအပေါ် များစွာ သက်ရောက်မှုရှိနေသည့် ကျယ်ပြောသော လူမှုစီးပွားအခြေအနေများအကြောင်း ခုံရုံးမှ နားလည်သဘောပေါက်ခြင်း ဖြစ်ပါသည်။ အကျိုးခံစားခွင့် မရရှိသည့် လူများကို အကာအကွယ်ပေးရန် ဥပဒေအလားအလာသည် သတင်းအချက်အလက်များကို ဖြန့်ချိရန်နှင့် လက်ခံရရှိရန်အတွက် လိုအပ်သော မီဒီယာကို ရရှိသုံးစွဲခွင့် ရှိစေရေး သေချာစေရန် ချဲ့ထွင်ရမည်ဖြစ်သည်။ ၎င်းသတင်းအချက်အလက်သည် အဆိုပါလူများ၏ အယူအဆများနှင့် အမြင်သဘောထားများကို ထိထိရောက်ရောက်ဖော်ပြရန်အတွက် အရေးကြီးပါသည်။ ထို့အပြင် ၎င်းတို့၏ ယဉ်ကျေးမှု အမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက်လည်း အရေးကြီးပါသည်။ ဤအခြေခံမူသည် အပြန်အလှန်အားဖြင့် သတင်းအချက်အလက်နည်းပညာ အားလုံး ရရှိသုံးစွဲရေး အာမခံချက်များကိုလည်း အထောက်အပံ့ပေးပါသည်။ အထူးသဖြင့် နိုင်ငံအတွင်း သတင်းအချက် အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်သည် အဆိုပါ လူမှုရေးမညီမျှမှုများကို အားကောင်းစေကြောင်း ပြသသည့်အခါတွင် ဖြစ်ပါသည်။ တနည်းဆိုရသော် ဗဟုဝါဒ အာမခံပေးသူအဖြစ် အခန်းကဏ္ဍရှိသည့် နိုင်ငံသည် အင်တာနက်အတွက် *အမှန်တကယ်ကြံ့တွေ့နေရသည့်* အဆီးအတားများကို လျှော့ချရန်အတွက် လုပ်ဆောင်ရန် တာဝန်ရှိကြောင်း

ထင်မြင်ယူဆနိုင်ပါသည်။ ဥပမာဆိုရသော် နိုင်ငံမှ ဦးစီး ဆောင်ရွက်သည့် သတင်းအချက်အလက် နည်းပညာ အားလုံးရရှိသုံးစွဲရေး အစီအစဉ်၏အစိတ်အပိုင်းအဖြစ် ရပ်ရွာများသို့ကွန်ပျူတာများနှင့် အင်တာနက်ဆက်သွယ်ရေး ခွဲဝေချထားရန် ပျက်ကွက်ခြင်းသည် လက်တွေ့ကျသည့် ရည်ရွယ်ချက်အားလုံးကို မပေးဘဲ ပိတ်ပင်ထားခြင်းပင် ဖြစ်ပါသည်။ ခွင့်ပြုထားသည့် လုပ်ငန်းသည် တိုးချဲ့ထားသော အချိန်ကာလတခုအတွက် ဆောင်ရွက်ရန် *လက်တွေ့ အားဖြင့်* ဖြစ်နိုင်ခြေမရှိသည့်အတွက်ကြောင့် ဖြစ်သည်။ သို့ဖြစ်၍ ဤအချက်ကို တားမြစ်ချက် သို့မဟုတ် အဆီး အတားအဖြစ် ခုံရုံးက ဖြစ်နိုင်ခြေရှိရှိ ယူဆခဲ့ပါသည်။ သတင်းအချက်အလက်နှင့် အယူအဆများကို လူတဦးချင်းစီမှ ပေးပို့ခွင့်နှင့် လက်ခံရရှိခွင့်တို့ကို ကျင့်သုံးရာ၌ တားမြစ်ခြင်း သို့မဟုတ် အဟန့်အတား ဖြစ်စေခြင်းအဖြစ် ယူဆခဲ့ ပါသည်။

တတိယအနေဖြင့် ခုံရုံးမှ အားစိုက်ထုတ်သည့် အကာအကွယ်ပေးခြင်းများ၏ လွှမ်းခြုံနယ်ပယ်ကို သတ်မှတ်ရာတွင် မတူကွဲပြားသည့် သတင်းအချက်အလက်နည်းပညာများအပေါ် ခုံရုံး၏ သိမြင် ခွဲခြားနိုင်စွမ်းသည် အရေးပါသော အကြောင်းရင်းတရပ်အဖြစ် တွေ့မြင်ရပါသည်။ အကျိုးရှိထိရောက်သော အလားတူနည်းလမ်းကို စီစဉ်ရန် ရရှိနိုင်သည့် အခြားနည်းလမ်းများ မရှိကြောင်း ခုံရုံးက တွေ့ရှိရပါက တားမြစ်ချက်များကို ပို၍ စေ့စေ့စပ်စပ် စိစစ်ပေလိမ့်မည်။ ထို့အပြင် ကျဉ်းမြောင်းသော လုပ်ပိုင်ခွင့် နယ်ပယ်ကို နိုင်ငံ၏ ချိုးဖောက်မှုများအဖြစ် သတ်မှတ် ပေလိမ့်မည်။ အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့် တားမြစ်ခြင်းအပါအဝင် အမှုအားလုံးတွင် သတင်းအချက် အလက်ဆက်သွယ်ရေးနည်းလမ်းတခုအဖြစ် အင်တာနက်၏ များပြားသော စွမ်းဆောင်ချက်များကို ခုံရုံးက အလေးထားခဲ့သည်။ အကယ်၍ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်သည် အတိတ်ကာလ ၎င်း၏ လက်ရှိ အကန့် အသတ်သာရှိနေသော လွှမ်းခြုံနယ်ပယ်ကို ချဲ့ထွင်ရန် ဖြစ်ပါက လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့များထံမှောက် သယ်ဆောင်လာမည့် နောင်အမှုများသည် အင်တာနက်၏ ထူးခြား ဝိသေသများကို အသုံးပြုခြင်းဖြင့် ပို၍ ရှင်းရှင်း လင်းလင်း ဖြစ်စေရပေမည်။ အင်တာနက်၏ ထူးခြားဝိသေသများကြောင့် အခြားမီဒီယာများကို အလားအလာ ရှိသည့် နည်းလမ်းအဖြစ် အသုံးမပြုနိုင်အောင် ပြုလုပ်ထားသည်။

နောက်ဆုံးတွင် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် ကျင့်သုံးမှုနှင့် ဆက်စပ်သော လုပ်ထုံးလုပ်နည်း မှတဆင့် အသေအချာ အာမခံချက်ပေးစေရေး လုပ်ဆောင်ရမည့် တာဝန်များအတွက် များစွာ ဖြစ်နိုင်ခြေ ရှိပါသည်။ အခြေခံရပိုင်ခွင့်အာမခံချက်တရပ် စီစဉ်ပေးရန် ခုံရုံးအား တောင်းဆိုသည့်အတွက် ဤဖြစ်နိုင်ခြေသည် ရှင်းလင်းမှု အတော်ပင် နည်းပါးပြီး အတော်ပင် အကန့်အသတ် သိသိသာသာ ရှိပေသည်။ အစိုးရနှင့် မသက်ဆိုင်သည့် တားမြစ်ချက် အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းသည့် ဥပမာမှာ *Appleby* နှင့် *Frasila* အမှုများအကြားရှိ လုပ်ဆောင်ရမည့် တာဝန်များ၏ သဘောသဘာဝကွာခြားချက် ဖြစ်ပါသည်။[၁၃] အမှုနှစ်ခု စလုံးသည် အခြေခံ အဆောက်အဦလက်လှမ်းမီ ရရှိခြင်းအကြောင်း ဖြစ်သော်ငြား *Appleby* တွင် ပုဂ္ဂလိကပိုင် အဆောက်အဦကို သုံးစွဲခွင့် စီမံပေးရေး ပုဂ္ဂလိကအဖွဲ့အစည်းအား ဖိအားပေးရန် အစိုးရထံတွင် အခြေခံအားဖြင့် တာဝန်ရှိစေရေး

---

[၁၃] *Frasila* (n. 8); *Appleby* (n. 8).

ခုံရုံးထံ တောင်းဆိုပါသည်။[၁၄] *Frasila* တွင် လုပ်ဆောင်ရမည့် တာဝန်ကို ဥပဒေလုပ်ထုံးလုပ်နည်းအရ ပို၍ အလေးထားခဲ့ပါသည်။[၁၅] လိုအပ်သည့် အရေးယူဆောင်ရွက်မှုများကို ချမှတ်ရန် လျှောက်လဲသူများက နိုင်ငံကို တောင်းဆိုခဲ့ပါသည်။ ပုဂ္ဂလိကအဖွဲ့ နှစ်ခုအကြား အငြင်းပွားမှုနှင့် စပ်လျဉ်း၍ ပြည်တွင်းတရားရုံးများက ချမှတ်ထားသည့် ဥပဒေစီရင်ချက်များကို နိုင်ငံမှ အသေအချာ လိုက်နာလုပ်ဆောင်ရေးအတွက် အရေးယူ ဆောင်ရွက်ချက်များကို တောင်းဆိုခြင်း ဖြစ်သည်။[၁၆]

ထို့အပြင် ဗဟုဝါဒသေချာစေရေး လုပ်ဆောင်ရမည့် တာဝန်များကို ဖြေရှင်းကိုင်တွယ်လျက်ရှိသည့် အမှုများအတွက်လည်း ကျိုးကြောင်းညီညွတ်ပါသည်။ အများပြည်သူဆိုင်ရာ ရုပ်သံထုတ်လွှင့်ရေးစနစ်များ၏ ဥပဒေနှင့် စီမံအုပ်ချုပ်မှုမူဘောင်များကို ချမှတ်ခြင်းနှင့် ဆောင်ရွက်ခြင်းတို့တွင် အဆိုပါ လွှမ်းမိုးချုပ်ကိုင်မှုကို တားဆီးရမည့် နိုင်ငံ၏ လုပ်ဆောင်ရမည့် တာဝန်များအပေါ် ECtHR ၏ စီရင်ချက်များက မူတည်ထားပါသည်။ အထူးသဖြင့် အဓိက ဆက်သွယ်ရေးလမ်းကြောင်းများကို ရရှိသုံးစွဲခွင့်သတ်မှတ်သည့် အခွင့်အာဏာသည် သေးငယ်သော်ငြား ဩဇာလွှမ်းမိုးမှုရှိသည့် လူအုပ်စု၏ လက်အတွင်း စုပုံရှိမနေစေရေး သေချာစေရန် ခုံရုံးက ရှာဖွေထားပါသည်။ နိုင်ငံများက အများပြည်သူဆိုင်ရာ မီဒီယာစနစ်များကို ချမှတ်ကျင့်သုံးရန် ခုံရုံးက မလိုလားသော်ငြား ချမှတ်ကျင့်သုံးပြီးဖြစ်ပါက ၎င်းတို့၏ လုပ်ငန်းဆောင်တာများကို တင်းတင်းကြပ်ကြပ် ထိန်းကွပ် ကြပ်မတ်လိုသည့် သဘောဆန္ဒကို ခုံရုံးက ပြသပါသည်။ စနစ်များကြောင့် ပိုမိုအားကောင်းသော စီးပွားရေးနှင့် နိုင်ငံရေးအာဏာ မညီမျှမှု မဖြစ်စေရေး သေချာစေရန် ဖြစ်သည်။ အကယ်၍ နိုင်ငံသည် အများပြည်သူဆိုင်ရာ ရုပ်သံထုတ်လွှင့်ရေးစနစ်ကို ဖန်တီးရန် ဆုံးဖြတ်ပါက ပြည်တွင်းဥပဒေများနှင့် မူဝါဒများကို အကောင်အထည်ဖော်ခြင်းဖြင့် ဗဟုဝါဒဝန်ဆောင်မှုကို စနစ်က စီမံပေးရေး အာမခံရမည်ဖြစ်သည်။ အပိုဒ် (၁၀) အောက်ရှိ ခုံရုံးမှ ချမှတ်ထားသည့် စံနှုန်းများ၊ အခြေခံမူများနှင့် ကိုက်ညီအောင် စီမံရပေမည်။ *Manole* ထက် Centro Europa တွင် ခုံရုံးက ပိုမို ပြောဆိုခဲ့သည်။ သို့သော် ဥပဒေနှင့် စီမံအုပ်ချုပ်မှုမူဘောင်များသည် အခြေခံ အဆောက်အဦများကို အသေအချာ စီမံပေးနိုင်စွမ်းရှိရေးသာကိုလျှင် တောင်းဆိုဆဲ ဖြစ်သည် (ဤကိစ္စရပ်တွင် ရေဒီယိုအသံလွှင့်လိုင်းများ ခွဲဝေချထားခြင်း ဖြစ်သည်)။ ရုပ်သံထုတ်လွှင့်ရေး ကုမ္ပဏီကို စီမံပေးထားကြောင်း နိုင်ငံက ပြောဆိုခဲ့ပြီး ဖြစ်သည်။[၁၇]

နိုင်ငံမှ ဦးစီးဆောင်ရွက်သည့် သတင်းအချက်အလက်နည်းပညာ အားလုံးရရှိသုံးစွဲရေး အစီအစဉ်များ၏ လူ့အခွင့်အရေးအခြေပြု လေ့လာဆန်းစစ်ချက်များအတွက် ဤစီမံကိန်းများ၏ လက်ရှိ ဆီလျော်ကိုက်ညီမှုကို အကဲဖြတ်ဆန်းစစ်သည့်အခါတွင် ဤလုပ်ဆောင်ရမည့် တာဝန်များ၏ လွှမ်းခြုံနယ်ပယ် အကန့်အသတ်ရှိခြင်းသည် ရှင်းလင်းသော သက်သေပင်ဖြစ်သည်။ အခန်း (၆) ပါ ဖြစ်ရပ်အခြေပြုလေ့လာမှုသည် လွှမ်းခြုံနယ်ပယ်အရ အသေးစိတ် ပြည့်စုံလုံလောက်မှု မရှိပေ။ အခန်း (၄) တွင် လေ့လာထားသည့် လက်ရှိ လူ့အခွင့်အရေး အာမခံချက်များကို ချိုးဖောက်ခြင်းအဖြစ် ယူဆနိုင်ခြေရှိလောက်သည့် အမှုများကို တည်ဆောက်ရန် မလုံလောက်ပေ။

---

[၁၄] *Appleby* (n. 8), para. 34

[၁၅] *Frasila* (n. 8), para. 50.

[၁၆] ibid.

[၁၇] *Centro Europa* (n. 8), para. 156; *Manole* (n. 9), para. 111.

ထို့ကြောင့် လူ့အခွင့်အရေးကာကွယ်ခြင်းဆိုင်ရာ နယ်ပယ်အတွင်း သတင်းအချက်အလက် နည်းပညာ အားလုံးရရှိသုံးစွဲရေးအာမခံချက်များကို အနက်ပြန်ဆိုရန်အတွက် အနာဂတ်ကာလတွင် လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့များ၏ စွမ်းဆောင်ရည် ခိုင်မာအားကောင်းစေရေး အကူအညီပေးရန် လိုအပ်သည်။

၇-၂။ အွန်လိုင်းပေါ်ရှိ ထုတ်ဖော်ပြောဆိုချက်များကို အမျိုးအစား သတ်မှတ်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ

အွန်လိုင်းအကြောင်းအရာများနှင့် လုပ်ဆောင်ချက်များအမျိုးစုံလင်များပြားမှုအကြောင်း မှတ်တမ်းတင်ထားသည့် လူ့အခွင့်အရေးပညာရပ်သာမက အခြားနယ်ပယ်များရှိ ပညာရပ်စာပေ အများအပြားသည် ယခုအခါရှိနေပါသည်။ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်သည် အကြောင်းအရာနှင့် အကျိုးစီးပွား ကျယ်ကျယ်ပြန့်ပြန့်ကို လွှမ်းခြုံထားကြောင်းကို အခန်း (၃) နှင့် (၄) တွင် သက်သေပြထားပါသည်။ ၎င်းမှာ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေသည် နိုင်ငံရေးအကြောင်းအရာ သို့မဟုတ် အများပြည်သူအကျိုးစီးပွားဆိုင်ရာ ယေဘုယျအကြောင်းအရာများအား တားမြစ်ချက်များကို တင်းတင်းကြပ်ကြပ် စိစစ်ရန် လိုအပ်ကြောင်း ဖြစ်ပါသည်။ ဤစာအုပ်အနှံ့အပြားတွင် အွန်လိုင်းပေါ်ရှိ ထုတ်ဖော်ပြောဆိုချက်များသည် သဘောသဘာဝအားဖြင့် အမျိုးစုံလင်ကြောင်း ဖော်ပြထားသည်။ အများပြည်သူအကျိုးစီးပွားဆိုင်ရာ ပြည်သူ့ရေးရာဆွေးနွေးပွဲ၊ ဒီမိုကရေစီရှင်သန်ရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်အတွက်သာမက ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ သိသာထင်ရှားစွာ အထောက်အပံ့ပြုနိုင်ကြောင်း ဖော်ပြထားပါသည်။ သို့ဖြစ်၍ အွန်လိုင်းပေါ်ရှိ ထုတ်ဖော်ပြောဆိုချက် အမျိုးစုံလင်စွာ ပါဝင်သည့် အမှုများသည် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်၏ ခိုင်မာစွာ ချမှတ်ထားနှင့်ပြီးသော အခြေခံမူများအတွက် အနက်ပြန်ဆိုချက်အသစ်များကို ဆောင်ကြဉ်းပေးပါသည်။ ဗဟုဝါဒနှင့် သတင်းအချက်အလက် ရရှိသုံးစွဲခွင့် အခြေခံမူများသာမက ဒီမိုကရေစီရှင်သန်ရေးနှင့် ကိုယ်ရည် ကိုယ်သွေးဖွံ့ဖြိုးတိုးတက်မှုအတွက် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်၏ အရေးပါပုံတို့ ပါဝင်သည်။ ဥပမာအားဖြင့် *Yildirim* တွင် လျှောက်လဲသူ၏ ပညာရေးမြင့်မားမှုအတွက်သာမက အများပြည်သူအကျိုးစီပွားဆိုင်ရာ အကြောင်းအရာများအတွက် ၎င်း၏ ဝက်ဆိုက်ကို အသုံးပြုခြင်းကို လျှောက်လဲသူက တင်ပြသည့်အပြင် ခုံရုံးကလည်း အသိအမှတ်ပြုလက်ခံပါသည်။ *Jankovskis* တွင် လျှောက်လဲသူက သုံးစွဲလိုသည့် ဝက်ဆိုက်သည် သဘောသဘာဝအားဖြင့် ပညာရေးနှင့် အလုပ်အကိုင် တန်ဖိုးရှိကြောင်းကို လျှောက်လဲသူက လျှောက်တင်သည့်အပြင် ခုံရုံးကလည်း အသိအမှတ်ပြုလက်ခံပါသည်။ သို့ဖြစ်၍ သဘောသဘာဝအားဖြင့် အများပြည်သူအကျိုးစီးပွား သို့မဟုတ် နိုင်ငံရေးမဟုတ်သည့်အတွက် ပညာရေးနှင့် အလုပ်အကိုင်တန်ဖိုးရှိခြင်းနှင့် အရေးပါမှုတို့သည် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်က စီမံပေးသည့် အာမခံချက်များဖြစ်ရန် ထိုက်တန်နေသေးပါသည်။ ဤအမြင်အရ လျှောက်လဲသူ၏ ပညာသင်ကြားခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့်ကို ချိုးဖောက်ခြင်း ဖြစ်နိုင်ခြေရှိမှုများကို ထည့်သွင်းစဉ်းစားရန် ခုံရုံးအနေဖြင့် မလိုအပ်ကြောင်း ထင်ရပေသည်။ သို့ဖြစ်၍ အမှန်ဖြစ်တည်လာမည့် အခွင့်အလမ်း အမြောက်အများရှိလာသည်။ ထုတ်ဖော်တင်ပြပြောဆိုခြင်းနှင့် ဆက်သွယ်ခြင်းတို့၏ အရေးပါပုံအကြောင်း ပြည့်စုံကြွယ်ဝသည့် အနက်ဖွင့်ဆိုချက်များအားထင်ဟပ်စေရန်သာမက အကာအကွယ်ပေးခြင်းများကိုအားကောင်း ခိုင်မာစေရန် အကူအညီပေးမည့် အခွင့်အလမ်းများဖြစ်သည်။ အထိခိုက်ခံရဆုံးသူများအား အင်တာနက်၏ များစွာသော အလားအလာတို့မှ ခံစားခွင့်မရအောင် ဖယ်ထုတ်ထားခြင်း မပြုရေး သေချာစေရမည် ဖြစ်သည်။

အစဉ်အလာအားဖြင့် မြင့်မြင့်မားမား ကာကွယ်ပေးထားသည့် နိုင်ငံရေး ထုတ်ဖော်ပြောဆိုချက်မျှထက် ပို၍ ကျယ်ပြန့်သော ထုတ်ဖော်ပြောဆိုချက် အမျိုးအစားများကို မည်သည့်အချိန်တွင်နှင့် မည်သို့ အသိအမှတ်ပြုမည်ကို အသုံးပြုရာတွင် ခုံရုံးသည် တသမတ်တည်း မဖြစ်ကြောင်း ထင်ရပေသည်။ ဥပမာအားဖြင့် *Yildirim* ၊ *Kalda* ၊ *Jankvoskis* ၊ *Mustafa* ၊ *Tarsasag* နှင့် *Youth Initiative* ကဲ့သို့ အမှုများတွင် ထုတ်ဖော်ပြောဆိုချက် အများအပြားကို ECtHR က အကာအကွယ်ပေးထားသည်။ နိုင်ငံရေးထုတ်ဖော်ပြောဆိုချက်၊ ဥပဒေ ကုစားချက်များကို ရရှိခြင်းနှင့် နားလည်သဘောပေါက်ခြင်းဆိုင်ရာ ထုတ်ဖော်ပြောဆိုချက်နှင့် အများပြည်သူ အကျိုးစီးပွားဆိုင်ရာ ပြည်သူ့ရေးရာဆွေးနွေးပွဲနှင့် သက်ဆိုင်သည့် ထုတ်ဖော်ပြောဆိုချက်သာမက လူတဦး၏ ပညာရေး၊ အလုပ်၊ ဖျော်ဖြေရေးနှင့် သက်ဆိုင်သည့် ထုတ်ဖော်ပြောဆိုချက်ကို အကာအကွယ်ပေးပါသည်။ သို့ရာတွင် *Mouvement Suisse* နှင့် *Appleby* ကဲ့သို့ အမှုများတွင် သို့မဟုတ် *Akdeniz* ၏ ခွင့်ပြုနိုင်သည့် စီရင်ချက်တွင် အများပြည်သူ အကျိုးစီးပွားဖြစ်စေ သို့မဟုတ် ဖျော်ဖြေရေးဖြစ်စေ ထုတ်ဖော်ပြောဆိုချက်ကို အပိုဒ် (၁၀) ဖြင့် အကာအကွယ် မပေးထားပေ။ သို့တည်းမဟုတ် အပိုဒ် (၁၀) နှင့် လုံးဝ မသက်ဆိုင်ကြောင်း ရှုမြင်ထားသည်။ အထက်ဖော်ပြပါ စံနှုန်းများဖြင့် ခုံရုံး၏ ထုတ်ဖော်ပြောဆိုချက်များ အသုံးပြုခြင်းနှင့် အကာအကွယ်ပေးခြင်းတို့တွင် မည်သည့် အတွက်ကြောင့် တသမတ်တည်း မဖြစ်သည့်အကြောင်း သိမြင်စေပါသည်။ ဤလေ့လာဆန်းစစ်ချက်၏ ရည်ရွယ်ချက်သည် သတင်းအချက်အလက်နည်းပညာ အားလုံး ရရှိသုံးစွဲရေး အာမခံချက်များကို အားကောင်း ခိုင်မာစေရေး အခြားရပိုင်ခွင့်မူဘောင်များကို ဤစာအုပ်က မည်သည့်အတွက်ကြောင့် လေ့လာခြင်းနှင့် တိုက်ရိုက် ကိုက်ညီစေပါသည်။ သတင်းအချက်အလက်နည်းပညာ အားလုံး ရရှိသုံးစွဲမှု ဖွံ့ဖြိုးရေးအစီအစဉ်များနှင့် အနာဂတ် ကာလတွင် အခြားသော စီမံအုပ်ချုပ်မှုနှင့် ဥပဒေစည်းမျဉ်းဆိုင်ရာ ဆောင်ရွက်ချက်များ (လူတိုင်းအတွက် အဆီးအတားမရှိ ညီမျှသည့် အင်တာနက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ အပါအဝင်) သည် ထုတ်ဖော်ပြောဆိုချက် ပုံစံ အများအပြားကို လက်လှမ်းမီ ရရှိခွင့်နှင့် ဆင်ပြေချောမွေ့စေရေး မည်သို့ စီမံပေးသည်ကို ပို၍ နားလည် သဘောပေါက်စေရန် လိုအပ်ချက် ဖြစ်စေပါသည်။ အထူးသဖြင့် အဖယ်ကြဉ်ခံလူများနှင့် ကျေးလက်ပြည်သူများ အတွက် ဖြစ်ပါသည်။

ပထမဦးစွာ သတင်းအချက်အလက်ပေးပို့သူသည် လူ့အဖွဲ့အစည်းအတွက် စောင့်ကြည့်ရေးအလုပ်ကို ထမ်းဆောင်သည့်အခါ သို့မဟုတ် အစီအစဉ်မျိုးစုံ အသေအချာဖြစ်လာစေရေးကို လုပ်ဆောင်သည့်အခါ (ဥပမာ ရေဒီယိုသတင်းတင်ဆက်သူ၊ အစိုးရမဟုတ်သည့် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့အစည်း၊ လွတ်လပ်သည့် ရုပ်သံထုတ်လွှင့်သူ၊ လူနည်းစု သို့မဟုတ် အဖယ်ကြဉ်ခံလူအုပ်စု သို့မဟုတ် ကျေးလက်ဒေသမှ လူတဦး) ထုတ်ဖော် ပြောဆိုချက်ကို ခုံရုံးမှ ပို၍ အကာအကွယ်ပေးရမည်။ ထို့အပြင် ဤသတင်းအချက်အလက်များကို မည်သူက လက်ခံရရှိသည် (နှင့် မည်သူက ပေးပို့သည်) ကိုလည်း ခုံရုံးက တန်ဖိုးချင့်ပါသည်။ ကျေးလက်ပြည်သူ သို့မဟုတ် အစဉ်အလာအရ လူ့အဖွဲ့အစည်းရှိ ပို၍ အထိခိုက်လွယ်သော လူ့အသိုင်းအဝိုင်းတွင် ပါဝင်သူများ (ဥပမာ အီရတ် လူမျိုး ရွှေ့ပြောင်း အခြေချနေထိုင်သူ မိသားစုများ) ကို ပိုမို အလေးပေးကာ တန်ဖိုးချင့်သည်။ ဒုတိယအနေဖြင့် တူညီသည့် တခြား ဆက်သွယ်ရေးနည်းလမ်းကိုလည်း များစွာ တန်ဖိုးချင့်တွက်ပါသည်။ သို့ဖြစ်၍ သီးသန့် ထုတ်ဖော် ပြောဆိုချက် အမျိုးအစားကို ရရှိရန် အခြားတူညီသည့် နည်းလမ်းများမရှိသည့်အခါ အကာအကွယ်ပိုမို ပေးရန် ခုံရုံးက ကြိုးစားပါသည်။ လူတဦးစီ သို့မဟုတ် အဖွဲ့အစည်း၏ လွတ်လပ်စွာထုတ်ဖော်တင်ပြ ပြောဆိုခွင့်ကို တားမြစ်ချက်အား ပြန်လည်ကုစားရန် နိုင်ငံတွင် လုပ်ဆောင်ရန် တာဝန်အပ်နှင်းခြင်း အပါအဝင် ဖြစ်သည်။ ဥပမာ

Mustafa တွင် အဆိုပါအချိန်က အကြောင်းအရာကို ဂြိုဟ်တုထုတ်လွှင့်မှုကသာ ရရှိနိုင်ခြင်း ဖြစ်သည်။ အခြားတဖက်တွင်မူ *Akdeniz* တွင် ခုံရုံးက ရှင်းရှင်းလင်းလင်း မပြောဆိုထားသော်ငြား ဆွေးနွေးလျက်ရှိသည့် တေးဂီတကို အလားတူအခြားနည်းလမ်းမှတဆင့် ရရှိနိုင်ခြေရှိသည်။

နောက်ဆုံးတွင် အထက်ပါ သုံးသပ်ချက်များနှင့် အလားတူပင် နိုင်ငံအပေါ် ချမှတ်ထားသည့် လုပ်ဆောင်ရမည့် တာဝန်များ၏ လွှမ်းခြုံနယ်ပယ်သည် ကျဉ်းမြောင်းနေဆဲ ဖြစ်သည်။ သတင်းအချက်အလက် ရရှိခွင့် အားကောင်း ခိုင်မာစေရေးအသိအမှတ်ပြုထားသည့် စီရင်ထုံးဥပဒေနှင့် ဝေဖန်ရှင်းလင်းချက်ကိုလည်း ဆွေးနွေးထားသည်။ လက်ရှိတွင် အစိုးရချုပ်ကိုင်ထားသည့် သတင်းအချက်အလက်များကို အသေအချာရရှိရေးအပေါ် ခုံရုံးက များစွာ အလေးထားပါသည်။ အများပြည်သူ၊ ဥပဒေကုစားမှုရှာဖွေသူ၊ သို့မဟုတ် အများပြည်သူအကျိုးစီးပွားဆိုင်ရာ အကြောင်းကိစ္စများတွင် နိုင်ငံရေးအရဆွေးနွေးချက်များအတွက် လိုအပ်သည့် အစိုးရပိုင် သတင်းအချက်အလက်များ ဖြစ်ကြသည်။ စီရင်ထုံးဥပဒေတွင်သာမက အမေရိကနိုင်ငံများဆိုင်ရာ လူ့အခွင့်အရေး ခုံရုံး၏ *Reyes* စီရင်ချက်တွင်ပါ လက်တလော ဖွံ့ဖြိုးတိုးတက်မှုများ ရှိသော်ငြား လုပ်ဆောင်ရမည့် တာဝန်များသည် အခြေခံရပိုင်ခွင့်ထက် ဥပဒေလုပ်ထုံးလုပ်နည်းဖြင့်သာ ပိုမို စီမံပေးလျက်ရှိနေသည်။[၁၈] လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်သည် သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကို ကျဉ်းမြောင်းစေရေးမည်သို့ အထောက်အပံ့ပြုသင့်ကြောင်းအပေါ်သာ လုံးလုံးလျားလျား အခြေခံထားသည့် လေ့လာဆန်းစစ်ချက်မှသည် လူ့အခွင့်အရေးဥပဒေမူဘောင်တွင် ပိုမိုကျယ်ပြန့်သော တာဝန်ရှိကြောင်း ဆွေးနွေးထားသည့် လေ့လာဆန်းစစ်ချက်သို့ ပြောင်းရွှေ့ကာ ဤစာအုပ်က လေ့လာခဲ့ခြင်း ဖြစ်သည်။ ဤအကြောင်းရင်းခံကြောင့် ပိုမိုနားလည်သဘောပေါက်ရန်အတွက် စာအုပ်၏ ဖြစ်ရပ်အခြေပြုလေ့လာမှုကို ထည့်သွင်းရန် အရေးကြီးပါသည်။ အစိုးရမှ အကောင်အထည်ဖော်သည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ အကူအပံ့ပစ္စည်းများမှတဆင့် အင်တာနက် ရရှိသုံးစွဲမှုသည် မည်သို့ မရှိမဖြစ်အရေးပါသည်ကို နားလည်သဘောပေါက်ရန် လိုအပ်သည်။ တူညီသည့် အခြားနည်းမှတဆင့် မရရှိနိုင်သည့် ထုတ်ဖော်ပြောဆိုချက် အမျိုးအစားများကို ရရှိနိုင်ရေး စီမံရာတွင် မရှိမဖြစ်အရေးပါခြင်း ဖြစ်သည်။

၇-၃။ အပြည်ပြည်ဆိုင်ရာဥပဒေစံနှုန်းများကို အသေးစိတ်လေ့လာခြင်း

ဤစာအုပ်၏ ဥပဒေပိုင်းလေ့လာချက်သည် လူ့အခွင့်အရေးခုံရုံး ၂ ခုဖြစ်သော ECtHR နှင့် IACtHR ကို အခြေခံအားဖြင့် ဦးတည်ထားသည်။ အကြောင်းရင်း ၃ ရပ်ရှိပါသည်။ ပထမအကြောင်းရင်းမှာ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်နှင့် ကိုက်ညီသော အဖွဲ့ဖြိုးဆုံး ဥပဒေစနစ်သည် ဤခုံရုံးများတွင် ရှိကြသည်။ ယနေ့အချိန်ထိဆိုရသော် အင်တာနက်လက်လှမ်းမီသုံးစွဲခွင့် တားမြစ်ခြင်းနှင့် သက်ဆိုင်သည့်အမှုကို ကိုင်တွယ်ဖြေရှင်းသည့် တခုတည်းသော အဖွဲ့မှာ ECtHR ပင် ဖြစ်သည်။ ဒုတိယအကြောင်းရင်းမှာ အင်တာနက် လက်လှမ်းမီသုံးစွဲခွင့်ကို လူ့အခွင့်အရေးအဖြစ် ကြေညာထားသည့် နိုင်ငံများ၏ တည်ဆဲ ကျင့်သုံးပုံသည် ဤစနစ် နှစ်ရပ်

[၁၈] *Claude-Reyes et al. v. Chile* (2006) Series C no 151, para. 76–7.

အတွင်းသာ ရှိသည်။ နောက်ဆုံးအကြောင်းရင်းအနေဖြင့် ACHR ၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည့် မက္ကဆီကိုနိုင်ငံတွင် စာအုပ်အတွက် ကွင်းဆင်းသုတေသနကို ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ ဆီလျော်ကိုက်ညီသော တည်ဆဲစီရင်ထုံးဥပဒေ အများအပြားသည် ECtHR အတွင်း ပါဝင်နေသည့်အတွက် စောင့်ကြည့်ရေးအဖွဲ့များအကြားရှိ အသုံးတည့်သည့် ခြားနားချက်များကို စာအုပ်က ဖော်ထုတ်ပါသည်။ ကြေညာထားသည့် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့် ထွက်ပေါ် စေသည့် နိုင်ငံ၏ကျင့်သုံးပုံ အများအပြားသည် အဆိုပါစောင့်ကြည့်ရေးအဖွဲ့များတွင် တည်ရှိပါသည်။

အခန်း (၃) တွင် သက်သေပြထားသကဲ့သို့ သည် မူလဘူတအားဖြင့် အကာအကွယ်ပေးရမည့် အခွင့်အရေး အဖြစ် အပိုဒ် (၁၀) ကို ECtHR က အနက်ပြန်ဆိုထားသော်ငြား အခြေအနေအချို့တွင် လုပ်ဆောင်ရမည့် တာဝန်များ လိုအပ်ပေသည်။ ရပိုင်ခွင့်သည် သီအိုရီပိုင်း သို့မဟုတ် စိတ်ကူးအယူအဆမျှသာမဟုတ်ဘဲ အကျိုးရှိ ထိရောက်၍ လက်တွေ့ကျကျ သေချာစေရေးအတွက်ဖြစ်ပါသည်။ သို့ရာတွင် ECtHR နှင့် မတူသည်မှာ IACtHR သည် အပိုဒ် (၁၃) အာမခံချက်များကို လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်အာမခံချက်များ၏ အကြောင်းအရာအပေါ် အလေးထားလျက် အနက်ပြန်ဆိုထားသည်။ ဤများစွာခြားနားချက်များက သုံးသပ်ချက်တရပ်ကို ထွက်ပေါ် စေသည်။ ECtHR က ဆုံးဖြတ်ခဲ့သည့် အာမခံချက်များသည် အပိုဒ် (၁၀) အာမခံချက်များထက် ကျော်လွန်ကြောင်း မချဲ့ထွင်ထားပါက IACtHR သည် ECtHR က စီရင်ချက်ချမှတ်ခဲ့ သကဲ့သို့ပင် အများအားဖြင့် ချမှတ်ပေလိမ့်မည် ဖြစ်ကြောင်း သုံးသပ်ခြင်း ဖြစ်သည်။ သို့သော်ငြားလည်း အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့် စီမံပေးရေး နိုင်ငံ၏ လုပ်ဆောင်ရမည့် တာဝန်များနှင့် IACtHR သည် မဆက်စပ်ထားကြောင်း သတိချပ်ရမည်။ *Yildirim* ၊ *Kalda* နှင့် *Jankvoskis* တို့၏ လေ့လာသည့် အကြောင်းအရာတို့နှင့် အလားတူ အင်တာနက် အသုံးပြုသူများမှ အကြောင်း အရာကို ရရှိခြင်းအား တားမြစ်ချက် သို့မဟုတ် အခြားပိတ်ပင်သော လုပ်ဆောင်ချက်များကိုလည်း ကိုင်တွယ် မဖြေရှင်းထားပေ။

အခြေခံကျသည့်အကြောင်းရင်း ၃ ရပ်ကြောင့် IACtHR သည် ECtHR ထက်ပို၍ အပိုဒ် (၁၃) ပါ အကာအကွယ်ပေးခြင်းများကို ပို၍ ကျယ်ကျယ်ပြန့်ပြန့် အနက်ပြန်ဆိုထားဟန်ရှိပါသည်။ အချက်အလက်ပိုင်းနှင့် စံပြပိုင်း ရောယှက်နေသည့် အမြင်ရှုထောင့် အခြေခံမူ၊ တားမြစ်ချက်များကို ပို၍ နည်းပါးစွာ အသုံးပြုခြင်းနှင့် သမိုင်းအရ တည်ရှိနေသည့် လူမှုစီးပွားမညီမျှမှုနှင့် ဘက်မမျှမှုတို့ကို ပြင်ဆင်တည့်မတ်မှုအပေါ် အလေးထားခြင်းတို့ ဖြစ်သည်။ IACtHR က အနက်ပြန်ဆိုထားသည့် ACHR ၏ အပိုဒ် (၁၃) ပါ လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့် အာမခံချက်များ၏ အကြောင်းအရာနှင့် လွှမ်းခြုံနယ်ပယ်ကို ECHR ၏ အပိုဒ် (၁၀) အရ လွှမ်းခြုံပါဝင်သည့် အာမခံချက်များထက် ပို၍ ကျယ်ကျယ်ပြန့်ပြန့် အနက်ပြန်ဆိုထားပါသည်။ ယနေ့အချိန်အထိ ECtHR က အနက် အဓိပ္ပာယ်ကောက်ယူထားသည့်အတိုင်း ဖြစ်ပါသည်။ ရပိုင်ခွင့်အပေါ် ခွင့်ပြုနိုင်သည့် တားမြစ်ချက်များအတွက် မလုပ်ဆောင်ရမည့် တာဝန်များအဖြစ် ပိုမို အလေးထားခြင်းနှင့် ဆန့်ကျင်ဘက်အဖြစ် IACtHR ၏ ဆုံးဖြတ်ချက် များသည် အကြောင်းအရာပိုင်းကို ပို၍ ဦးတည်ထားပါသည်။ ဆိုလိုသည်မှာ လွတ်လပ်စွာ ထုတ်ဖော်တင်ပြ ပြောဆိုခွင့်၏ လွှမ်းခြုံနယ်ပယ်အတွင်း မည်သည့်အရာက ကျရောက်သည်ဟူသော အကြောင်းအရာပိုင်း ဖြစ်သည်။ သတင်းအချက်အလက်များ၊ အယူအဆများနှင့် အမြင်သဘောထားများကို တက်နိုင်သမျှ လက်လှမ်းမီ ရရှိခွင့်နှင့် အမျိုးစုံလင်စွာ အကျယ်ပြန့်ဆုံး လှည့်လည်ဖြန့်ချိရေးကို ခုံရုံး၏ ဆုံးဖြတ်ချက်များက တသမတ်တည်း အလေးထား ဖော်ပြသည်။ ECHR နှင့် မတူသည်မှာ ကြိုတင်တားမြစ်ချက်နှင့် စိစစ်ဖြတ်တောက်မှုကို ACHR က အတိအကျ တားမြစ်ထားသည်။ လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်အတွင်း ထည့်သွင်းဖွဲ့စည်းထားသည့် အာမခံချက်

များ၏ ကျယ်ပြန့်သော အမြင်နှင့် တားမြစ်ချက်အရ IACtHR သည် ဆွေးနွေးချက်များကို သဘောပေါက် လက်ခံနိုင်ကြောင်း တွေ့မြင်ရသည်။ ဆင့်ပွား စိစစ်ဖြတ်တောက်မှုနှင့် စပ်လျဉ်းသည့် *Yildirim* စီရင်ချက်ကို ချမှတ်ကျင့်သုံး၍ ချဲ့ထွင်ထားသည့် ဆွေးနွေးချက်များဖြစ်သည်။ ထိုမျှသာမက အကျဉ်းသားများ၏ ၎င်းတို့နှင့် ဆိုင်သော တရားစီရင်ရေးဆိုင်ရာ လုပ်ဆောင်ချက်များသာမက ပညာရေး၊ အလုပ်အကိုင်နှင့် စပ်လျဉ်းသော သတင်းအချက်အလက်များကို လက်လှမ်းမီ သုံးစွဲခွင့်နှင့် သက်ဆိုင်သည့် *Kalda* နှင့် *Jankovskis* တို့၏ စီရင်ချက်များကို ချမှတ်ကျင့်သုံး၍ ချဲ့ထွင်ထားသည့် ဆွေးနွေးချက်များလည်း ဖြစ်သည်။ *Akdeniz* တွင် လျှောက်လဲသူများက တင်ပြသည့် အချက်အလက် အနေအထားနှင့် ကျိုးကြောင်းဆင်ခြင်ချက်အရ (ဆိုလိုသည်မှာ ပိတ်ပင်ခြင်းခံရသည့် တေးဂီတ ဝက်ဆိုက် ၂ ခုကို မည်သည့်အတွက်ကြောင့် သုံးစွဲခွင့် လိုအပ်ကြောင်း ကျိုးကြောင်း ဖော်ပြချက် သို့မဟုတ် အကြောင်းပြချက် မရှိခြင်း ဖြစ်သည်) အပိုဒ် (၁၃) သည် ဆက်လက်အသက်မဝင်ကြောင်း IACtHR သည် အလားတူ စီရင်ချက် ချမှတ်သည့် အလားအလာရှိသည်။ သို့သော် အောက်တွင် ရှင်းပြထားသည့်အတိုင်း နောင်ကာလ အမှုများတွင် ပို၍ ကျယ်ပြန့်သော အာမခံချက်များကို ခုံရုံးမှ စီရင်ဆုံးဖြတ်မည်ဖြစ်ကြောင်း မဆိုလိုပါ။

အမှန်အားဖြင့် အပိုဒ် (၁၃) ပါ အာမခံချက်များ၏ ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံမှုပေါ် ခုံရုံး၏ အသားပေးမှုသည် 'အချက်အလက်ပိုင်းနှင့် စံပြပိုင်း ရောယှက်နေသည့် အမြင်ရှုထောင့် (dual dimension)' အခြေခံမှုအပေါ် ၎င်း၏ အသားပေးမှုနှင့် ဖွံ့ဖြိုးလာမှုတို့ကို ထင်ဟပ်ဖော်ပြနေသည်။ လွတ်လပ်စွာထုတ်ဖော်တင်ပြ ပြောဆိုခွင့် ဆိုင်ရာ တဦးချင်းစီနှင့် လူမှုရေးအမြင်ရှုထောင့်များသည် အပြန်အလှန် အမှီသဟဲပြုနေပြီး ပိုင်းခြား မရကြောင်း ထင်မြင်ရပြီး တပြိုင်နက်တည်း အာမခံချက်ပေးရမည် ဖြစ်သည်။ ပေါင်းစု လူမှုရေးအမြင် ရှုထောင့်အပေါ် အသားပေးခြင်းသည် အထူးပင် အရေးကြီးသည်။ လူများက အွန်လိုင်းရှိ အကြောင်းအရာနှင့် သတင်းအချက်အလက်များကို အသုံးပြုရာတွင် လွန်စွာ အားတက်သရော်ရှိပြီး အပြန်အလှန် တုံ့ပြန်မှုရှိသော နည်းလမ်းများနှင့် ဆက်စပ်သည့် ကိစ္စရပ်များအတွက် အရေးကြီးပါသည်။

သတင်းများ၊ အယူအဆများနှင့် အမြင်သဘောထားများကို ပြည်သူများမှ ရရှိရေးနှင့် အကျယ်ပြန့်ဆုံးဖြန့်ချိရေးနှစ်ခုစလုံးအတွက် အပိုဒ် (၁၃) က ပြဋ္ဌာန်းထားကြောင်း IACtHR စီရင်ချက်များ တသမတ်တည်း ကိုင်စွဲထားသည်။ ရွေးချယ်သည့် မီဒီယာမှတဆင့် ပေးပို့ခွင့်သာမက လက်ခံရရှိခွင့်တို့၏ ပိုင်းခြားမရခြင်းကိုလည်း အလေးပေးထားသည်။ အချက်အလက်ပိုင်းနှင့် စံပြပိုင်း ရောယှက်နေသည့် အမြင်ရှုထောင့်အခြေခံမှုကို အင်တာနက်ဖြင့် OAS အထူးအစီရင်ခံစာတင်သွင်းသူက အတိအကျ ချိတ်ဆက်ထားသည်။ လူတဦးချင်းစီအမြင် ရှုထောင့်အတွက်သာမက ပေါင်းစုအမြင်ရှုထောင့်အတွက်ပါ ဖြည့်ဆည်းပေးရန်အတွက် လက်လှမ်းမီရရှိသုံးစွဲမှု၏ သိသာသည့် ဝိသေသများကို ကိုးကားလျက် ချိတ်ဆက်ထားပါသည်။ အထူးအစီရင်ခံတင်သွင်းသူက သိမြင်ထားသည့် ဤပြိုင်စံကင်းသော ဝိသေသများတွင် အင်တာနက်၏ ဘက်ပေါင်းစုံရောက်ရှိပြန့်နှံ့နိုင်ပြီး တုံ့ပြန်တက်သည့် သဘာဝ၊ အမြန်နှုန်း၊ ကမ္ဘာအဝှမ်း လွှမ်းခြုံနိုင်မှု၊ အတော်ပင် နည်းပါးသည့် စျေးနှုန်းနှင့် ဗဟို ချုပ်ကိုင်မှုမရှိဘဲ လွတ်လပ်ပွင့်လင်းသည့် ဒီဇိုင်းတို့ ပါဝင်သည်။ အခန်း (၆) တွင် တွေ့မြင်ခဲ့သည့်အတိုင်း ရပ်ရွာအခြေပြုသတင်းအချက်အလက်နည်းပညာ စင်တာများရှိ လူတဦးချင်းစီသည် အခြားတပါးတွင် နေထိုင်သူ အုပ်စုများနှင့် မိသားစုဝင်များနှင့် ဆက်သွယ်ပြောဆိုနေစဉ်မှာပင် အလယ်တန်းကျောင်း သင်ခန်းစာများကို တက်ရောက်သင်ကြားနေကြသည်။ အခြားသူများသည် ဌာနေတိုင်းရင်းသားပိုင် နယ်မြေများနှင့် ၎င်းတို့၏ ရပိုင်ခွင့်များကို ကာကွယ်ရန်အတွက် လှုပ်ရှားမှုများကို စီစဉ်ရေး အခြား ဌာနေတိုင်းရင်းသား အဖွဲ့များနှင့် ကွန်ယက်

ချိတ်ဆက်နေစဉ်မှာပင် ၎င်းတို့၏ ရပ်ရွာစီးပွားရေးလုပ်ငန်းများ တိုးမြှင့်စေသည့် လုပ်ငန်းခွင် သင်တန်း တက်ရောက်နေကြသည်။ အွန်လိုင်းလုပ်ဆောင်ချက်များကို တခုနှင့် တခု လွယ်လင့်တကူ အမျိုးအစား မခွဲခြားနိုင်ကြောင်းကို နမူနာများက ပြသသည်။ လူတဦးချင်းစီသည် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့်ကို ၎င်းတဦးချင်းစီအတွက်နှင့် လူမှုရေးအမြင်ရှုထောင့်အတွက်ပါ ချိတ်ဆက်၍ အမြဲတစေ ကျင့်သုံးလျက်ရှိကြပါသည်။

တားမြစ်ချက်တရပ်သည် အပိုဒ် (၁၃) ကို ချိုးဖောက်ခြင်း ရှိ မရှိ ဆန်းစစ်သည့်အခါတွင် IACtHR သည် ၎င်းနှင့် အလားတူ အဖွဲ့အစည်းဖြစ်သည့် ဥရောပခုံရုံးက အသုံးပြုသည့်အတိုင်း ၃ ပိုင်း ပါဝင်သည့် လေ့လာဆန်းစစ်ချက်ကို အသုံးပြုပါသည်။ အရေးယူဆောင်ရွက်ချက်သည် ဥပဒေဖြင့် ပြဋ္ဌာန်းထားခြင်း ဟုတ် မဟုတ်၊ အပိုဒ် (၁၃) တွင် အသေးစိတ်ပါရှိသည့် ချွင်းချက်များအရ လုပ်ပိုင်ခွင့် ပေးထားခြင်း ရှိ မရှိနှင့် ဒီမိုကရေစီ လူ့အဖွဲ့အစည်းတွင် လိုအပ်မှု ရှိ မရှိတို့ကို လေ့လာဆန်းစစ်ခြင်း ဖြစ်သည်။ သို့ရာတွင် သတိချပ်ရမည်မှာ အားပြိုင်နေသည့် ရပိုင်ခွင့်များ၊ အကျိုးစီးပွားများနှင့် မျှတမှုရှိခြင်းတို့ကို ချိန်ဆရာတွင် တားမြစ်ချက်၏ အနည်းငယ်မျှသော အတိုင်းအဆသည် IACtHR က ချမှတ်ထားသည့် တားမြစ်ချက်များနှင့် ကိုက်ညီနိုင်ခြေ ရှိပါသည်။ ခွင့်ပြုနိုင်သည့် အကန့်အသတ်များအား ဤသို့လျှော့ချထားသည့် အတိုင်းအတာသည် ACHR ၏ အခြေခံအပိုင်းတွင် ပါရှိသည့် ပို၍ သုံးသပ်ချက်ပြုထားသည့် သဘောထားအမြင်မှ ဆင်းသက်လာသည့် အတိုင်းအတာတရပ် ဖြစ်သည်။ ဖော်ပြပြီး ဖြစ်သကဲ့သို့ အပိုဒ် (၁၃) သည် ကြိုတင်တားမြစ်ချက်များကို အတိအကျ ဟန့်တားထားပါသည်။ ထို့အပြင် ချွင်းချက်များကို ကန့်သတ်ထားရမည်ဖြစ်ပြီး တင်းတင်းကြပ်ကြပ် စိစစ်ရန် ထိထိရောက်ရောက် အလေးထားသည့် အနက်ပြန်ဆိုခြင်းဆိုင်ရာစည်းမျဉ်းများကို ချမှတ်ထားပါသည်။ ထို့အပြင် အပိုဒ် ၁၃ (၂) က ခွင့်ပြုထားသည့် တားမြစ်ချက်များကို အပိုဒ် ၁၃ (၃) က ရှင်းရှင်းလင်းလင်း ကန့်သတ်ထားသည်။ ချမှတ်ထားသည့် စာချုပ်ပါ ဖော်ပြထားသည့် ဤပြဋ္ဌာန်းချက်များသည် ECHR နှင့် ICCPR တို့တွင် ပါရှိသည့် ပြဋ္ဌာန်းချက်များနှင့် မနှိုင်းယှဉ်နိုင်ပေ။ ခွင့်ပြုနိုင်သည့် တားမြစ်ချက်များနောက်တွင် ချက်ချင်းဆိုသလိုပင် အပိုဒ် ၁၃ (၃) ကို ထားရှိခြင်းဖြင့် အပိုဒ် ၁၃ (၂) ပါ တားမြစ်ချက်များကို ကျဉ်းမြောင်းစွာ အနက်အဓိပ္ပာယ် ကောက်ယူနိုင်ရေးအတွက် အတိအကျ ရည်ရွယ်ထားကြောင်း အစီရင်ခံတင်ပြသူများက ဆွေးနွေးလျက်ရှိကြသည်။[၁၉] 'လူမှုရေး' အမြင်ရှုထောင့်နှင့် ပြည်သူများ၏ လက်ခံရရှိခွင့်တို့အပေါ် IACtHR က အလေးအနက်ထားခြင်းသည် လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် အာမခံချက်များ၏ ကျယ်ပြန့်သော အကြောင်းအရာအတွက် ခုံရုံးသည် ပို၍ နားလည်သဘောပေါက်ဟန် ရှိကြောင်းကိုလည်း ညွှန်းဆိုပါသည်။ ရပိုင်ခွင့်၏ ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံမှုကို တားမြစ်ချက်များအားပိုမို ခံနိုင်ရရှိစေခြင်း

[၁၉] Pablo Contreras, 'National Discretion and International Deference in the Restriction of Human Rights: A Comparison Between the Jurisprudence of the European and the Inter-American Court of Human Rights' (2012) 11 *Northwestern Journal of International Human Rights* 37; Herdís Thorgeirsdóttir, *Journalism Worthy of the Name: Freedom Within the Press and the Affirmative Side of Article 10 of the European Convention on Human Rights* (Martinus Nijhoff Publishers 2005) 63; Lea Shaver, 'The Inter-American Human Rights System: An Effective Institution for Regional Rights Protection' (2010) 9 *Washington University Global Studies Law Review* 662.

ဖြင့်သာမက တားမြစ်ချက်ကြောင့် ထိခိုက်လွယ်မှုကိုလည်း တပါတည်း မြှင့်တင်ခြင်းဖြင့် နားလည်သဘော ပေါက်အောင် ပြုလုပ်ပါသည်။

ဆက်စပ်ပြီး အတူအမျှ သိသာထင်ရှားသည်မှာ နိုင်ငံ၏ တားမြစ်ချက်များနှင့် စပ်လျဉ်း၍ ပဋိပက္ခ ဖြစ်နေသည့် အကျိုးစီးပွားအမျိုးမျိုးကို IACtHR က ဂရုတစိုက် စဉ်းစားချင့်ချိန်ရာတွင် ECtHR ၏ လုပ်ပိုင်ခွင့် နယ်ပယ်အခြေခံမူသည် အားနည်းချက်များ ရှိနေခြင်း ဖြစ်သည်။ အမှုများတွင် အသိအမှတ်ပြုလက်ခံပြီး တခါတရံတွင် ဆွေးနွေးကြသည့် လုပ်ပိုင်ခွင့်နယ်ပယ် အယူအဆသည် အချင်းများဖွယ် ဖြစ်ပြီး IACtHR သည် ၎င်းအယူအဆကို တရားဝင် လက်ခံခြင်း မပြုထားပေ။ အထူးသဖြင့် 'လုပ်ပိုင်ခွင့်နယ်ပယ်' သည် ACHR နှင့် ကိုက်ညီသည်လားဆိုသည်မှာ မေးခွန်းထုတ်ဖွယ် ဖြစ်သည်။ အတိအကျဆိုရသော် အပိုဒ် (၂၉) တွင် အသေးစိတ် ပါဝင်သည့် အနက်ပြန်ဆိုခြင်းဆိုင်ရာ အခြေခံမူများနှင့် ကိုက်ညီသည်လား ဆိုသည်ပင်။ သို့သော်ငြားလည်း အမှုတခုရှိ ဆီလျော်သည့် စဉ်းစားချက်အားလုံးကို နှိုင်းချင့်ရာတွင် ခုံရုံးသည် နိုင်ငံများမှ တားမြစ်ချက်များ ပြဋ္ဌာန်းခြင်းကို လိုက်လျောခွင့်ပြုပေးသည်။ တားမြစ်ချက်၏ တရားဝင်ဖြစ်မှုကို အကဲဖြတ်ဆန်းစစ်ရာတွင် IACtHR သည် လိုက်လျောခွင့်ပြုသည့် အတိုင်းအတာတရပ်ကို နိုင်ငံများသို့ ပေးအပ်သော်ငြား ဤစာအုပ် အနှံ့တွင် ပါဝင်သည့် အမှုများကို ပြန်လည်သုံးသပ်ခြင်းဖြင့် တားမြစ်ချက်အတွက် လက်ခံနိုင်စွမ်း နည်းပါးလာခြင်းကို ထင်သာမြင်သာ ဖော်ပြနေပါသည်။ သို့ဖြစ်၍ ဥရောပအခြေအနေအတွင်း အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကို ဖြစ်သင့်သည်ဟူသော ကျွန်ုပ်တို့၏ နားလည်သဘောပေါက်မှုကို လုပ်ပိုင်ခွင့်နယ်ပယ်အခြေခံမူသည် မြှင့်တင်ပေး ပါသည်။ သို့သော် ဤအခြေခံမူကို လက်ခံထားခြင်းမပြုထားသည့် IACtHR သာမက UNHRC ကဲ့သို့ လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့များက အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်ကို မည်သို့ ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံ၍ အနက်ပြန်ဆိုနိုင်မည်အပေါ် ဤအခြေခံမူက အဟန့်အတား မဖြစ်စေပါ။

နောက်ဆုံးတွင် မညီမျှမှု၊ ခွဲခြားဆက်ဆံခြင်းနှင့် လူမှုအသိုက်အဝန်းမှ ဖယ်ကြဉ်ခြင်းပုံစံများဖြင့် ရုပ်လုံး ဖော်ထားသည့် သမိုင်းနှင့်ချီ ရှိနေသည့် အခြေအနေတရပ်အတွင်း ACHR သည် ရှေ့သို့တက်လှမ်းခဲ့ကြောင်း IACtHR က အထူး အသားပေး ဖော်ပြခဲ့သည်။ ထို့ကြောင့် အဆိုပါ သမိုင်းနှင့်ချီ ရှိနေသည့် မညီမျှမှုများကို ကျော်လွှားရန် အတွက် ACHR ၏ လူ့အခွင့်အရေးအကာကွယ်ပေးမှုများနှင့် အာမခံချက်များကို အနက်ပြန်ဆိုကာ တွန်းအားပေး သင့်သည်။ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့် (အထူးသဖြင့် ပြည်သူ့ရေးရာ ဖိုရမ်နှင့် ဆွေးနွေးပွဲများတွင် ထိထိရောက်ရောက် ပူးပေါင်းပါဝင်မှု) မရှိခြင်းကြောင့် အကျိုးခံစားခွင့် မရရှိသူများသည် ၎င်းတို့၏ လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့် ကျင့်သုံးခြင်းမှ ကန့်သတ်တားမြစ်ခံရသည့် အတိုင်းအတာအတွက် နိုင်ငံတွင် ပိုမို ကြီးလေးသည့် လုပ်ဆောင်ရမည့် တာဝန်ရှိပါသည်။ IACtHR တွင် ဖော်ပြထားသည့် အင်တာနက် အခြေခံ အဆောက်အဦလိုအပ်ချက်ကို တည်ဆောက်ရန် တာဝန်ရှိသည်။ ရုပိုင်ခွင့် နှစ် 'စုံ' စလုံး၊ ပြည်သူ့ရေးရာ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ရုပိုင်ခွင့်များကို ကြီးကြပ်ရန် IACtHR ၏ စွမ်းဆောင်ရည်သည် ဤလူ့အခွင့် အရေးစောင့်ကြည့်ရေးစနစ်အတွက် အထူးပင် အကျိုးဖြစ်ထွန်းစေပါသည်။ အင်တာနက် လက်လှမ်းမီ သုံးစွဲခွင့်ရှိ ကြာရှည်တည်ရှိနေသော မညီမျှမှုများ၏ သက်ရောက်မှုခံရသည့် ရုပိုင်ခွင့် အများအပြားကို ၎င်းလူ့အခွင့်အရေး စောင့်ကြည့်ရေးစနစ်မှ အပြည့်အဝ အနက်ဖွင့်ဆိုရန်အတွက် အကျိုးဖြစ်ထွန်းစေခြင်း ဖြစ်သည်။ သို့ဖြစ်၍ အထင်ကရဖြစ်သည့် *Reyes* အမှုတွင် ပြုလုပ်ခဲ့သည့်အတိုင်း အပိုဒ် (၁၃) အာမခံချက်များအပေါ်သာ အခြေခံ၍ အမှုကို အကဲဖြတ်ဆန်းစစ်ရန် IACtHR က ရွေးချယ်သည့်အခါ လျှောက်လဲသူသည် လျှောက်တင်ချက်ကို

ပြုလုပ်နိုင်သည်။ အင်တာနက် ပိတ်ပင်ခြင်းဖြင့် လူတဦး သို့မဟုတ် လူ့အဖွဲ့အစည်းအပေါ် ရှိ သက်ရောက်မှုများကို အပြည့်အစုံ ဖော်ပြ၍ လျှောက်လဲခြင်း ဖြစ်သည်။ အထူးသဖြင့် လူ့အဖွဲ့အစည်းအတွင်း အဖယ်ကြဉ်ခံရပြီးသား သို့မဟုတ် အထိခိုက်လွယ်ဖြစ်ပြီးသား လူများအပေါ် သက်ရောက်မှုကို လျှောက်လဲပါသည်။

အထက်တွင် ပိုင်းခြားထားသည့် အင်္ဂါရပ်များ၏ ဆင့်ကဲသက်ရောက်မှုသည် သုံးသပ်ချက်တရပ် ပြုလုပ်ရန် အထောက်အပံ့ပြုလေ့ရှိသည်။ နိုင်ငံများမှ အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့် တားမြစ်ခြင်းများအပေါ် IACtHR က ပို၍ ကျယ်ကျယ်ပြန့်ပြန့် ထိန်းချုပ်လိမ့်မည်ဟူသော သုံးသပ်ချက်ဖြစ်သည်။ သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်ကျဉ်းမြောင်းစေရေးအတွက် အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကို စီမံပေးရန် နိုင်ငံများအပေါ် လုပ်ဆောင်ရမည့် တာဝန်များ ချမှတ်ရန် ပို၍ လိုလားမည်ဖြစ်ကြောင်းကိုလည်း ကောက်ချက်ချပါသည်။

၇-၄။ သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်နှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်းကို ချိတ်ဆက်ခြင်း - သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက် ကျဉ်းမြောင်းစေရေးအတွက် ပညာရပ်စုံချိတ်ဆက်ထားသည့် အစီအစဉ်ချမှတ်ခြင်း

ယူးတွဲကြေညာစာတမ်းပါ တာဝန်များ အထူးသဖြင့် လုပ်ဆောင်ရမည့် တာဝန်များ အကြောင်းအရာ၏ အဓိကဆိုလိုရင်းသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေမူဘောင်ဖြင့် အားထုတ်ထားသည့် လက်ရှိ အကာအကွယ်များကို အနှစ်ချုပ် ထင်ဟပ်ပြသည်ထက် သဘောသဘာဝအားဖြင့် အောင်မြင်မှုအတွက် ခိုင်ကျည်သော သန္ဓိဌာန် ရှိပါသည်။ သို့ပင်ဖြစ်သော်ငြား အရေးပါသည့် အခြေခံကို စာအုပ်က သက်သေပြထားပါသည်။ ၎င်းအခြေခံရှိ ဤခိုင်ကျည်သော သန္ဓိဌာန်များအနက် အချို့ကို အနာဂတ်ကာလတွင် ပိုမို အဆင့်မြှင့်တင်နိုင်သည်။ လူ့အခွင့်အရေး သဘောတူစာချုပ်များသည် အချိန်မရွေးပြင်ဆင်နိုင်သည့် စာချုပ်များ ဖြစ်ကြသည်။ ၎င်းတို့မှ ပေးထားသည့် အကာအကွယ်များနှင့် ဆန့်ကျင်သည့် အကာအကွယ်များသည် လူ့အဖွဲ့အစည်းအတွင်းရှိ အထိခိုက်လွယ်ဆုံးသူများကို ကာကွယ်ပေးရမည်။ ထို့ကြောင့် သတင်းအချက်အလက် နည်းပညာ အားလုံးရရှိသုံးစွဲရေး အာမခံချက်များ၏ လက်ရှိ လွှမ်းခြုံနယ်ပယ်သည် အလွန်ပင် အကန့်အသတ်ရှိနေကြောင်း တွေ့ရှိရသော်ငြား ဖြစ်နိုင်သည့်နယ်ပယ်တွင် သတင်းအချက်အလက်နည်းပညာ အားလုံးရရှိသုံးစွဲရေး အာမခံချက်များကို ထပ်မံ အားကောင်းခိုင်မာစေမည့် အလုပ်အတွက် တန်ဖိုးကြီးကြီးမားမား ရှိပါသည်။ ဤအားထုတ်မှုကို မြှင့်တင်ရာတွင် အထောက်အပံ့ပေးခြင်းအဖြစ် လူ့အခွင့်အရေး အာမခံချက်များအတွက် ပိုမို ပြီးပြည့်စုံသည့် မူဘောင်တရပ် ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ပြုသည့် သုတေသနပြုနိုင်မည့် နယ်ပယ် ၃ ရပ်ကို ဤစာအုပ်က ဖော်ထုတ်ပါသည်။ တပြိုင်နက်တည်းမှာပင် တည်ဆဲလူ့အခွင့်အရေးဥပဒေစနစ်နှင့် ကိုက်ညီမြဲ ရှိနေပါသည်။ သုတေသန နယ်ပယ်များမှာ (၁) အွန်လိုင်းလုပ်ဆောင်ချက်များ၏ အကြောင်းအရာနှင့် ရည်ရွယ်ချက်၊ (၂) တူညီသည့် အခြားဆက်သွယ်ရေးနည်းလမ်း ရရှိနိုင်ခြင်း ရှိ မရှိ၊ (၃) အလားအလာရှိရှိ တဖြည်းဖြည်း တိုးတက်လာသော အခြေခံ

ရပိုင်ခွင့်နှင့် ဥပဒေလုပ်ထုံးလုပ်နည်းအရ အာမခံချက်များနှင့် စပ်လျဉ်းသည့် သုတေသန နယ်ပယ်တို့ ဖြစ်သည်။ သုတေသနတွင် ပါဝင်သည့် အသေးစိတ် အကြောင်းအရာများမှာ -

- ယနေ့အချိန်အထိ ဥပဒေစနစ်အတွင်း ရှင်းရှင်းလင်းလင်း ဖော်ထုတ်ထားသည်ထက် လူ့အဖွဲ့အစည်းအတွက် အင်တာနက်မှ ထမ်းဆောင်ပေးသည့် မြောက်များလှစွာသော လုပ်ငန်းဆောင်တာများအား လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့များက အသိအမှတ်ပြုလက်ခံရန် အထောက်အပံ့ပေးနိုင်ခြင်း၊
- အင်တာနက်လူတိုင်း လက်လှမ်းမီ ရရှိရေး အဆင်ပြေချောမွေ့စေရန်အတွက် ဖြစ်နိုင်ခြေရှိသော မည်သည့် လုပ်ဆောင်ရမည့် တာဝန်ကိုမဆို အဆင့်မြှင့်တင်နိုင်မည်လားအား လေ့လာရန်အတွက် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာရပိုင်ခွင့်များကို အကာအကွယ်ပေးခြင်း၊ ဖြည့်ဆည်းပေးခြင်းတို့နှင့် သက်ဆိုင်သည့် ဥပဒေစနစ်ကို လေ့လာဆန်းစစ်ခြင်း၊
- ထိခိုက်လွယ်လူ့အဖွဲ့အစည်းများမှ အင်တာနက်အသုံးပြုခြင်းအပေါ် အရည်အသွေးအခြေပြုနှင့် အရေအတွက်အခြေပြုသုတေသနနှစ်ရပ်စလုံး ပြုနိုင်သည့် *အခြားအရာများအနက်* အင်တာနက် စီမံအုပ်ချုပ်မှု၊ ICT4D ၊ ဆက်သွယ်ရေးနှင့် မီဒီယာပညာကဲ့သို့ တည်ဆဲ ဘာသာရပ်စုံ ချိတ်ဆက်နေသည့် ပညာရပ်ကို အသုံးပြုခြင်း၊ အခြားအလားတူ ဆက်သွယ်ရေးနည်းလမ်းမှ တဆင့် မဆောင်ရွက်နိုင်သည့်နည်းလမ်းဖြင့် အင်တာနက်ကို အသုံးပြုခြင်း ဖြစ်သည်၊
- နိုင်ငံမှ ဦးစီးဆောင်ရွက်သည့် သတင်းအချက်အလက်နည်းပညာ အားလုံးလက်လှမ်းမီ ရရှိသုံးစွဲရေး အားထုတ်မှုများအတွက် အကောင်အထည်ဖော်ရေးမူဘောင်များကို မည်သို့ ထိန်းကွပ်ကြပ်မတ်သည်နှင့် စီမံအုပ်ချုပ်သည်ကို လေ့လာခြင်း၊
- အင်တာနက် လူတိုင်းအညီအမျှရရှိသုံးစွဲရေးကဲ့သို့ နိုင်ငံ၏ ဥပဒေစည်းမျဉ်းများချမှတ်ကျင့်သုံးပုံကို လေ့လာခြင်း၊ နိုင်ငံတခုချင်းစီ၏ ဥပဒေစည်းမျဉ်းများတွင် တူညီသည့် အစိတ်အပိုင်းများ ရှိကြောင်းကို ဦးစွာဖော်ထုတ်ရန်နှင့် ထိုသို့ တူညီသည့်အစိတ်အပိုင်းများ ရှိပါက အဆိုပါ ဥပဒေစည်းမျဉ်းများသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေမူဘောင်နှင့် ကိုက်ညီမှု ရှိ မရှိကို ဖော်ထုတ်ခြင်း၊
- အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်သည် လူ့အခွင့်အရေးဖြစ်ကြောင်း ကြေညာထားသည့် အက်စတိုးနီးယား၊ ဖင်လန်၊ ချီလီနှင့် ကော်စတာရီကာကဲ့သို့ နိုင်ငံများရှိ နိုင်ငံ၏ ကျင့်သုံးပုံကို လေ့လာဆန်းစစ်ခြင်း၊[JO] ဤအခြေခံရပိုင်ခွင့်ကို အကောင်အထည်ဖော်ရန် ISPs ကဲ့သို့ အစိုးရ

[JO] အခန်း (၁) footnote 23 ကို ကြည့်ပါ။ လူတိုင်းအတွက်ဝန်ဆောင်မှု တာဝန်ရှိမှုများအတွက် Estonia (Art. 70 of the *Electronic Communications Act 2004*), Finland (Art. 60c(2) of the *Communications Market Act 2003*) and Spain (Art. 52 of the *Sustainable Economy Act 2011*). အခြေခံဥပဒေအရ အာမခံချက်များအတွက် Greece (*The Constitution of Greece* (as revised by the parliamentary resolution of 6 April 2001 of the VIIth Revisionary Parliament), <www.nis.gr/npimages/docs/Constitution_EN.pdf>); ပို၍သိသာထင်ရှားသည်မှာ ပြင်သစ်နိုင်ငံသည်

မဟုတ်သည့် လုပ်ဆောင်သူများနှင့် နိုင်ငံများသည် မည်သို့ အလုပ်လုပ်ကိုင်သည့်အကြောင်း အထူးပင် တန်ဖိုးရှိသည့် လေ့လာမှု ပြုခြင်း။

ဤအနာဂတ်ကာလ လေ့လာမှုပုံစံများမှ ရရှိလာသည့် သုံးသပ်ချက်များနှင့် လေ့လာတွေ့ရှိချက်များသည် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့များက စီစဉ်ပေးမထားသည့် လူ့အခွင့်အရေးအာမခံချက်များကို လွှမ်းခြုံအားကောင်း ခိုင်မာစေရန်အတွက် အခွင့်အရေးများသည် တခုနှင့် တခု အားဖြည့်ပေးသည့် နည်းလမ်းများကို ဖော်ထုတ်နိုင်ပါသည်။ လူ့အခွင့်အရေးဥပဒေနယ်ပယ်မှ ကိုင်တွယ်ဖြေရှင်းရန်အတွက် ဦးစားပေးလုပ်ငန်းများကို သတ်မှတ်ခြင်းတခုတည်းကိုသာလျှင် ဤသုတေသနအစီအစဉ်က အထောက်အပံ့ပြုခြင်း မဟုတ်ပေ။ လူ့အခွင့်အရေးဥပဒေမူဘောင်များသည် WSIS နှင့် IGF မူဝါဒဆွေးနွေးချက်များအတွင်း ပိုမို ပေါင်းစပ် ထည့်သွင်းရေးကို အင်တာနက်စီမံအုပ်ချုပ်မှု၊ ICT4D နှင့် မီဒီယာမူဝါဒပညာရှင်များမှ ကူညီပေးနိုင်မည့် ပြည့်စုံသောနည်းလမ်းများကိုလည်း ရှင်းရှင်းလင်းလင်းဖော်ထုတ်ပေးပါသည်။ သတင်းအချက်အလက်နည်းပညာ သုံးစွဲနားလည်မှုပိုင်း ကွာဟချက်သည် လူ့အခွင့်အရေးစိန်ခေါ်ချက်တရပ်မျှသာ မဟုတ်ပေ။ ၎င်းကွာဟချက်ကို ကျော်လွှားရန်အတွက် လူ့အခွင့်အရေးဥပဒေသည် တာဝန်အားလုံးကို ပြဋ္ဌာန်းထားခြင်း မရှိပေ။ သို့ရာတွင် လူ့အခွင့်အရေးဥပဒေသည် လက်ရှိ ၎င်းထံတွင် ရှိနေသည့်အကာအကွယ်များထက် ပို၍ ရရှိအောင် လုပ်ဆောင်သင့်သည်။ ဤပန်းတိုင်ကို လူ့အခွင့်အရေးဥပဒေက ရောက်ရှိနိုင်ရေးအတွက် ယခုစာအုပ်သည် လမ်းပြမြေပုံတရပ်ကို စီစဉ်ပေးပါသည်။

အင်တာနက်လက်လှမ်းမီ သုံးစွဲခွင့်ကို လွတ်လပ်စွာထုတ်ဖော်တင်ပြပြောဆိုခွင့် အာမခံချက်များတွင် ရှင်းရှင်းလင်းလင်း ထည့်သွင်း ကြေညာထားသည်။ (Conseil constitutionnel, Décision n° 2009-580 DC du 10 juin 2009, § 12, <www.conseil-constitutionnel.fr/decision/2009/2009580dc.htm>); and Costa Rica (Sala Constitucional De La Corte Suprema De Justicia, Judgment of 30 July 2010, sentencia: 12790, expediente: 09-013141-0007-CO).

ကိုးကားသည့် စာစုစာရင်း

Abramovich, V., 'Automonia y Subsidiariedad: El Sistema Interamericano de Derechos Humanos frente a los Sistemas de Justicia Nacionales' in C.R. Garavito (coordinador), *El Derecho en America Latina: Un Mapa para el Pensamiento Juridico del Diglo XXI* (Siglo XXI 2011).

Additional Protocol to the American Convention on Human Rights in the Area of Economic, Social and Cultural Rights (Protocol of San Salvador) (entered into force 16 November 1999) OAS Treaty Series No 69 (1988) reprinted in Basic Documents Pertaining to Human Rights in the Inter-American System OEA/Ser L V/II.82 Doc 6 Rev 1 at 67 (1992) (ACHR).

African Charter on Human and Peoples' Rights (adopted 27 June 1981, entered into force 21 October 1986) (1982) 21 ILM 58 (African Charter).

Aguilar, M., Administrator of CASAs Zapotiltic (Interview, Zapotiltic, Jalisco, 13 July 2011).

Akandji-Kombe, J.-F., *Positive Obligations under the European Convention on Human Rights* (Council of Europe 2007).

Alston, P., 'Ships Passing in the Night: The Current State of the Human Rights and Development Debate Seen through the Lens of the Millennium Development Goals' (2005) 27 *Human Rights Quarterly* 755.

Alston, P. and Goodman, R., *International Human Rights* (OUP 2012).

Alvarez, R., Administrator of CASA Jesus Maria (Interview, Jesus Maria, Jalisco, 5 July 2011).

American Convention on Human Rights, 'Pact of San Jose, Costa Rica' (adopted 22 November 1969, entered into force 18 July 1978) OAS Treaty Series No 36 (ACHR) www.u nhcr. org/r efwor ld/do cid/3 ae6b3 6510. html. Accessed on 20 April 2019.

American Declaration of the Rights and Duties of Man, OAS Res XXX adopted by the Ninth International Conference of American States (1948) reprinted in Basic Documents Pertaining to Human Rights in the Inter-American System OEA/Ser L V/II.82 Doc 6 Rev 1 at 17 (1992).

Aouragh, M. and Alexander, A., 'The Arab Spring: The Egyptian Experience: Sense and Nonsense of the Internet Revolution' (2011) 5 *International Journal of Communication* 15.

Arai-Takahashi, Y., *The Margin of Appreciation Doctrine and the Principle of Proportionality in the Jurisprudence of the ECHR* (Intersentia 2002).

Arai-Takahashi, Y., 'The Margin of Appreciation Doctrine: A Theoretical Analysis of Strasbourg's Variable Geometry' in A. Føllesdal, B. Peters, and G. Ulfstein (eds), *Constituting Europe: The European Court of Human Rights in a National, European and Global Context* (Cambridge University Press 2013).

Arnardóttir, O.M., *Equality and Non-discrimination under the European Convention on Human Rights* (Vol 74, Martinus Nijhoff Publishers 2003).

Balkin, J.M., 'Old-School/New-School Speech Regulation' (2014) 127 *Harvard Law Review* 127: 7.

Barata, J., 'The Different Concepts of Free Expression and its Link with Democracy, the Public Sphere and Other Concepts' in M.E. Price, S. Verhulst, and L. Morgan (eds), *Routledge Handbook of Media Law* (Routledge 2013).

Barendt, E., *Broadcasting Law: A Comparative Study* (Clarendon Press 1995).

Barendt, E., *Freedom of Speech* (OUP 2005).

Benedek, W. and Kettemann, M.C., *Freedom of Expression and the Internet* (Council of Europe 2013).

Benkler, Y., *The Wealth of Networks* (Yale University Press 2006).

Benvenisti, E., 'Margin of Appreciation, Consensus, and Universal Standards' (1999) 31 *Journal of International Law and Politics* 843.

Berka, W., 'Public Service Media under Article 10 of the European Convention on Human Rights' (PhD thesis, University of Vienna, Austria, 2013).

Berka, W. and Trettner, H., 'Public Service Media Under Article 10 of the European Court of Human Rights. A Study on Behalf of the European Broadcasting Union, December 2013' (2013) 8 http://www3.ebu.ch/files/live/sites/ebu/files/Knowledge/Publication%20Library/Art%2010%20Study_final.pdf. Accessed on June 2014–17 July 2018.

Best, M.L., 'Can the Internet be a Human Right?' (2004) 4 *Human Rights and Human Welfare* 23.

Best, M.L., 'Understanding Our Knowledge Gaps: Or, Do We Have an ICT4D Field? And Do We Want One?' *Publius Project* (5 February 2010),

http://publius.cc/understanding_ourknowledgegapsor_do_we_have_ict4dfield_anddo_we_want_o. Accessed on 10 September 2014.

Best, M.L. and Kumar, R., 'Sustainability Failures of Rural Telecentres: Challenges from the Sustainable Access in Rural India (SARI) Project' (2008) 4 *Information Technologies & International Development* 14.

Blanchard, M., *Exporting the First Amendment: The Press-Government Crusade of 1945–1952* (Longman 1986).

Boyd-Barrett, O., 'Global Communication Orders' in W.B. Gudykunst and B. Moly (eds), *Handbook of International and Intercultural Communication*, 2nd edn (Sage Publications Inc. 2002).

Boyle, K. and Shah, S., 'Thought, Expression, Association, and Assembly' in D. Moeckli, S. Shah, and S. Sivakumaran (eds), *International Human Rights Law* (OUP 2013).

Brambila, O.B., Administrator of CASAs San Miguel Hidalgo (Interview, El Limon, Jalisco, 20 July 2011).

Brecht, B., 'Radio as a Means of Communication: A Talk in the Function of Radio'. (1979) 20 *Screen* 24.

Breuer, A., Landman, T., and Farquhar, D., 'Social Media and Protest Mobilization: Evidence from the Tunisian Revolution' (2015) 22(4) *Democratization* 764.

Brown, A., 'Human Rights, Competition Law, and Access to Essential Technologies' in I. Brown (ed.), *Research Handbook on Governance of the Internet* (Elgar 2013).

Brown, I., *Online Freedom of Expression, Assembly, Association and the Media in Europe* (Report, Council of Europe Conference of Ministers on Freedom of Expression and Democracy in the Digital Age, MCM(2013)007, 15 October 2013), http://ssrn.com/abstract=2341656. Accessed on November 2013–September 2018.

Brown, I. and Marsden, C.T., *Regulating Code: Good Governance and Better Regulation in the Information Age* (MIT Press 2013).

Buenrosto, L.M., Administrator of CASAs Tizapan el Alto (Interview, Tizapan El Alto, Jalisco, 26 and 27 June 2011).

Buyse, A., 'Tacit Citing – The Scarcity of Judicial Dialogue between the Global and the Regional Human Rights Mechanisms in Freedom of Expression Cases' in T.

McGonagle and Y. Donders (eds), *The United Nations and Freedom of Expression and Information: Critical Perspectives* (CUP 2015).

Calabrese, A., 'The Promise of Civil Society: A Global Movement for Communication Rights' (2004) 18 *Continuum: Journal of Media and Cultural Studies* 317.

Canazza, M.R., 'Global Effort on Bridging the Digital Divide and the Role of ICT Standardization' in *Innovations for Digital Inclusions, 2009. K-IDI 2009. ITU-T Kaleidoscope* (IEEE 2009).

Carlsson, U., *News and the Third World: A Study of International News Flows* (Studentlietteratur 1981).

Carlsson, U., *A New International Information Order? The Work of the MacBride Commission* (Goteborgs Universitet, Institutionen for Journalistik Och Masskommunikation 1991).

Carlsson, U., 'From NWICO to Global Governance of the Information Society' in O. Hemer and T. Tufte (eds), *Media and Glocal Change: Rethinking Communication for Development* (CLACSO 2005).

Carmi, G.E., 'Dignity-The Enemy from Within: A Theoretical and Comparative Analysis of Human Dignity as a Free Speech Justification' (2006) 9 *Journal of Constitutional Law* 969.

CASA, San Miguel Hidalgo Users 3 and 5 (Interview, El Limon, Jalisco, 20 July 2011).

CASA, La Gloria Users 1 and 2 (Interview, La Gloria, Jalisco, 22 July 2011).

Castañeda, M.M., Director of the Digital Inclusion Portion of the JDA, University of Guadalajara (Interview, Guadalajara, Jalisco, 25 June, 26 June, 8 July, 17 August 2011).

Cerf, V.G., Op-Ed, 'Internet Access Is Not a Human Right' *New York Times* (5 January 2012) A25.

Chakravartty, P., 'Governance Without Politics: Civil Society, Development and the Postcolonial State' (2007) 1 *International Journal of Communication* 297.

Chavez, J., Administrator of CASAs Tamazula de Gordiano (Interview, Tamazula de Gordiano, Jalisco, 14 July 2011).

Clapham, A., *Human Rights in the Private Sphere* (OUP 1993).

Clapham, A., *Human Rights Obligations of Non-state Actors* (OUP 2006).

Clayton, R. and Tomlinson, H., *The Law of Human Rights*, 2nd edn (OUP 2009).

Clinton, H.R., 'Remarks on Internet Freedom' (The Newseum, 21 January 2010), www.state.gov/secretary/rm/2010/01/135519.htm Accessed on 28 June 2014.

Coenen, C., Hofkirchner, W., and Nafría, J.M.D., 'New ICTs and Social Media: Revolution, Counter-Revolution and Social Change' (2012) *International Review of Information Ethics* 18 www.i-r-i-e.net/archive.htm. Accessed on October 2018.

Coglianese, C., 'Citizen Participation in Rulemaking: Past, Present, and Future' (2006) 55 *Duke Law Journal* 943.

Colle, R.D., 'Memo to Telecenter Planners' (2005) 21 *The Electronic Journal of Information Systems in Developing Countries* 1–13.

Contreras, P., 'National Discretion and International Deference in the Restriction of Human Rights: A Comparison Between the Jurisprudence of the European and the Inter-American Court of Human Rights' (2012) 11 *Northwestern Journal of International Human Rights* 37.

Convention for the Protection of Human Rights and Fundamental Freedoms (European Convention on Human Rights, as amended) (ECHR) 213 UNTS 221.

Council of Europe, European Social Charter (18 October 1961).

Council of Europe, European Charter for Regional or Minority Languages (5 November 1992) (ETS No 148).

Council of Europe, Framework Convention for the Protection of National Minorities (1 February 1995) (ETS No 157).

Council of Europe, 'Recommendation CM/Rec(2007)16 of the Committee of Ministers to Member States on Measures to Promote the Public Service Value of the Internet' (7 November 2007).

Council of Europe, *Report by Rapporteur Ms Jaana Pelkonen: The Right to Internet Access* (04 March 2014) Parliamentary Assembly Doc 13434.

Council of Europe, 'Recommendation CM/Rec(2014) 6 of the Committee of Ministers to Member States on a Guide to Human Rights for Internet Users' (16 April 2014), https://wcd.coe.int/ViewDoc.jsp?id=2184807 Accessed on 2 September 2018.

Crawford, S.P., 'The New Digital Divide' *New York Times* (3 December 2011) 14–18.

d'Arcy J., 'Direct Broadcast Satellites and the Right to Communicate' (1969) 118 *EBU Review* 14.

Deibert, R.J., Palfrey, J., Rohozinski, R., and Zittrain, J. (eds), *Access Controlled: The Shaping of Power, Rights, and Rule in Cyberspace* (MIT Press 2010).

DiMaggio, P., Hargittai, E., Neuman, W.R., and Robinson, J.P., 'Social Implications of the Internet' (2001) 27 *Annual Review of Sociology* 307.

Donnelly, J., *Universal Human Rights in Theory and Practice* (Cornell University Press 2013).

Drake, W.J. and Jorgensen, R.F., 'Introduction' in R.F. Jorgensen (ed.), *Human Rights in the Global Information Society* (MIT Press 2006).

Dröge, C., *Positive Verpflichtungen der Staaten in der Europäischen Menschenrechtskonvention* (Springer 2003).

Dueck, J. and Rempel, M., 'Human Rights and Technology: Lessons from Alice in Wonderland' in J. Lannon and E. Halpin (eds), *Human Rights and Information Communication Technologies: Trends and Consequences of Use* (IGI Global 2012).

Dutton, W.H., *Freedom of Connection, Freedom of Expression: The Changing Legal and Regulatory Ecology Shaping the Internet* (UNESCO 2011).

Dutton, W.H. and Peltu, M., 'The New Politics of the Internet. Multi-Stakeholder Policy-Making and the Internet Technocracy' in A. Chadwick and P.N. Howard (eds), *Routledge Handbook of Internet Politics* (Routledge 2009).

Early, L., 'Article 10 Issues of Fairness, Proof and Evidence' in J. Casadevall, E. Myjer, M. O'Boyle, and A. Austin (eds), *Freedom of Expression: Essays in Honor of Nicolas Bratza, President of the European Court of Human Rights* (Wolf Legal Publishers 2012).

Economides, N., '"Net Neutrality", Non-Discrimination and Digital Distribution of Content through the Internet' (2008) 4 *I/S: A Journal of Law and Policy for the Information Society* 209.

Eek, H., *Freedom of Information: As a Project of International Legislation* (Lundequistska 1953).

Epstein, D., 'Manufacturing Internet Policy Language: The Inner Workings of the Discourse Construction at the Internet Governance Forum'. TPRC 2011 (2011) http://ssrn.com/abstract=1989674. Accessed on 1 November 2018.

European Parliament, 'Recommendation of 26 March 2009 to the Council on Strengthening Security and Fundamental Freedoms on the Internet',

www.europarl.europa.eu/sides/getDoc.do?pubRef=-//EP//TEXT+TA+P6-TA-2009-0194+0+DOC+XML+V0//EN Accessed on 24 March 2019.

Farina, C.R., Epstein, D., Heidt, J., and Newhart, M.J., 'Regulation Room: Getting "More, Better" Civic Participation in Complex Government Policymaking' (2013) 7 *Transforming Government: People, Process and Policy* 501.

Farrell, H., 'The Consequences of the Internet for Politics' (2012) 15 *Annual Review of Political Science* 35.

Fathaigh, R.O. and Voorhoof, D., 'The European Court of Human Rights, Media Freedom and Democracy' in M.E. Price, S. Verhulst, and L. Morgan (eds), *Routledge Handbook of Media Law* (Routledge 2013).

Ferrari, D., Sociologist and Women's Empowerment Course Instructor, University of Guadalajara (Interview, Guadalajara, Jalisco, 29 June, 11 July 2011; Tizapan El Alto, 28 June 2011).

Fitzmaurice, W., 'The New World Information and Communication Order: Is the International Programme for the Development of Communication the Answer?' (1982) 15 *NYU Journal of International Law and Politics* 960.

Flores, M., Administrator of CASAs Ayotitlan (Interview, Ayotitlan, Jalisco, 18 July 2011).

Franklin, M.I., 'How Does the Way We Use the Internet Make a Difference?' in J. Edkins and M. Zehfuss (eds), *Global Politics: A New Introduction*, 2nd edn (Routledge 2013).

Frau-Meigs, D., Nicey, J., Tupper, P., Palmer, M., and Pohle, J. (eds), *From NWICO to WSIS: 30 Years of Communication Geopolitics-Actors and Flows, Structures and Divides* (Intellect 2012).

Fukuda-Parr, S., 'A Right to Development Critique of Millennium Development Goal 8' in UNCHR, *Realizing the Right to Development: Essays in Commemoration of 25 Years of the United Nations Declaration on the Right to Development* (UNHCR 2013) HR/PUB/12/4.

Garnham, N., *Emancipation, the Media and Modernity: Arguments about the Media and Social Theory* (OUP 2000).

Gerbner, G., Mowlana, H., and Nordenstreng, K. (eds), *The Global Media Debate: Its Rise, Fall and Renewal* (Ablex 1993).

Goldman, R.K., 'History and Action: The Inter-American Human Rights System and the Role of the Inter-American Commission on Human Rights' (2009) 31 *Human Rights Quarterly* 872.

Government of Costa Rica, 'Sala Constitucional De La Corte Suprema De Justicia, Judgment of 30 July 2010, sentencia' 12790, expediente: 09-013141-0007-CO.

Government of Estonia, *Electronic Communications Act 2004*, Art. 70.

Government of Finland, *Communications Market Act 2003*, Art. 60c(2).

Government of France, 'Conseil constitutionnel, Décision n° 2009-580 DC du 10 juin 2009' § 12, www.conseil-constitutionnel.fr/decision/2009/2009580dc.htm Accessed on 12 March 2014.

Government of Greece, *The Constitution of Greece* (as revised by the parliamentary resolution of 6 April 2001 of the VIIth Revisionary Parliament), www.nis.gr/npimages/docs/Constitution_EN.pdf Accessed on 30 September 2014.

Government of Jalisco, Mexico, www.j alisc o.gob .mx/e s/jal isco/ guada lajar a. Accessed on 13 March 2019.

Government of Jalisco, *State Constitution of Jalisco*, Arts 4, 15, VI, 50, http://mexico.justia.com/estatales/jalisco/constitucion-politica-del-estado-de-jalisco/titulo-primero/capitulo-iii/ Accessed on 25 May 2015.

Government of Jalisco, *2012 Report on Poverty and Inequality within the State of Jalisco* www.coneval.gob.mx/coordinacion/entidades/Paginas/Jalisco/desigualdad.aspx Accessed on 23 May 2015.

Government of Spain, *Sustainable Economy Act 2011*, Art. 42.

Greenwalt, K., 'Free Speech Justifications' (1989) 89 *Columbia Law Review* 119.

Gross, L., 'Some International Law Aspects of the Freedom of Information and the Right to Communicate' in K. Nordenstreng and H. Schiller (eds), *National Sovereignty and International Communication* (Ablex Publishing Company 1979).

Gumucio-Dagron A, 'Right to Communicate – From the Summit to the People' in (2005) *Information for Development – Human Rights and ICTs* Vol. 3, No. 7.

Gumucio-Dagron Alfonso, Playing with fire: power, participation, and communication for development, Development in Practice (2009) 19:4–5, 453–465, DOI: 10.1080/09614520902866470

Hamelink, C., *The Politics of World Communication: A Human Rights Perspective* (Sage Publications 1994).

Hamelink, C. and Hoffmann, J., 'The State of the Right to Communicate' (2008) 7 *Global Media Journal* 6.

Hamilton, S. and Pors, N.O., 'Freedom of Access to Information and Freedom of Expression: The Internet as a Tool for Global Social Inclusion' (2003) 24 *Library Management* 407.

Hammarberg, T., 'Media Freedom and Human Rights in Europe' in J. Casadevall, E. Myjer, M. O'Boyle, and A. Austin (eds), *Freedom of Expression: Essays in Honor of Nicolas Bratza, President of the European Court of Human Rights* (Wolf Legal Publishers 2012).

Haq, K., *Dialogue for a New Order* (Pergamon Press 1980).

Harris, D., O'Boyle, M., Bates, E., and Buckley, C., *Harris, O'Boyle and Warbrick: Law of the European Convention on Human Rights*, 2nd edn (OUP 2009).

Hattotuwa, S., 'Untying the Gordian Knot: ICT for Conflict Transformation and Peacebuilding' (2004) 2 *Dialogue* 39.

Helberger, N., 'Media Diversity from the User's Perspective: An Introduction' (2011) 1 *Journal of Information Policy* 241.

Helberger, N., 'Exposure Diversity as a Policy Goal' (2012) 4 *Journal of Media Law* 65.

Hennebel, L., 'The Inter-American Court of Human Rights: The Ambassador of Universalism' (2011) *Quebec Journal of International Law Special Edition* 57.

Heredia, E.L.M., Administrator of CASA San Antonio (Interview, Juanacaxtle, Jalisco, 30 June 2011).

Herr, R.E., 'Can Human Rights Law Support Access to Communication Technology? A Case Study under Article 10 of the Right to Receive Information' (2013) 22 *Information and Communications Technology Law* 1.

Hert, Paul De., and Kloza, Dariusz, 'Internet (Access) as a New Fundamental Right: Inflating the Current Rights Framework?' (2012) *European Journal of Law and Technology*, [S.l.], v. 3, n. 3, December 2012. ISSN 2042-115X. Available at: <http://ejlt.org/article/view/123/268>. Date accessed: 20 April 2019.

Hetland, P., 'Internet Between Utopia and Dystopia' (2012) 33 *Nordicom Review* 3.

Hood, C.C. and Margetts, H.Z., *The Tools of Government in the Digital Age*, 2nd edn (Palgrave Macmillan 2007).

Howard, P.N. and Hussain, M.M., 'The Role of Digital Media' (2011) 22 *Journal of Democracy* 35.

Hudson, H.E., 'Canadian and US BroadBand Policies: A Comparative Analysis' in A. Clement, M. Gurstein, G. Longford, M. Moll, and L.R. Shade (eds), *Connecting Canadians: Investigations in Community Informatics* (AU Press 2012).

Hur, K.K., 'A Critical Analysis of International News Flow Research' (1984) 1 *Critical Studies in Mass Communication* 365.

IGF, '8th Meeting of the Internet Governance Forum (IGF): Chair's Summary' (22–25 October 2013), www.intgovforum.org/cms/Chair%27s%20Summary%20IGF%202013%20Final.Nov1v1.pdf Accessed on 20 November 2018.

IGF, Internet Rights and Principles Dynamic Coalition, *Annual Report and Minutes of the Annual Meeting* (IGF 2013).

IGF, 'Transcript of the 2013 Main Session on Human Rights, Freedom of Expression, and Free Flow of Information' (24 October 2013), www.intgovforum.org/cms/2013-bali/igf-2013-transcripts/121-igf-2013/preparatory-process-42721/1421-focus-session-openness-human-rights-freedom-of-expression-and-free-flow-of-information-on-the-internet Accessed on 12 November 2018.

IGF, 'Draft Programme 2014 Internet Governance Forum, Istanbul, Annex III'.

Inkeles A., *Public Opinion in Soviet Russia: A Study in Mass Persuasion* (Harvard University Press 1950).

Innis, H., *Bias of Communication* (University of Toronto Press 1951).

International Commission for the Study of Communication Problems, *Many Voices, One World* (UNESCO 1980) (MacBride Report).

International Covenant on Civil and Political Rights (adopted 16 December 1966, entered into force 23 March 1976) 999 UNTS 171 (ICCPR).

International Covenant on Economic, Social and Cultural Rights (adopted by General Assembly resolution 2200 (XXI) of 16 December 1966) (ICESCR).

Internet Policy Observatory, 'The Fair of Competing Narratives: Civil Society(ies) after NETmundial' (10 September 2014), http://globalnetpolicy.org/tag/netmundial/

Internet Society 'Internet Society Submission to the Office of the High Commissioner for Human Rights in Response to the Consultation on the Right to Privacy in the Context of the UN General Assembly Resolution 68/167', www.internetsociety.org/sites/default/files/ISOC-OHCHR%20submission-2014.pdf. Accessed on 13 July 2018.

ITU Website, *International Telegraph Conference* (Paris, 1865), www.itu.int/en/history/Pages/PlenipotentiaryConferences.aspx?conf=1&dms=S0201000001. Accessed on 6 September 2014.

Jakubowicz, K., *Media Revolution in Europe: Ahead of the Curve* (Council of Europe 2011).

Janssen, K., 'Open Government Data and the Right to Information: Opportunities and Obstacles' (2012) *The Journal of Community Informatics* 8. http://ci-journal.net/index.php/ciej/article/view/952/954.

Johnson, S.M., 'The Internet Changes Everything: Revolutionizing Public Participation and Access to Government Information through the Internet' (1998) 50 *Administrative Law Review* 277.

Joint Declarations of UN Special Rapporteur on the Promotion and Protection of the Right to Freedom of Opinion and Expression, OAS Special Rapporteur on Freedom of Expression the Representative on Freedom of the Media from the Organization for Security and Co-operation in Europe (OSCE), and the Rapporteur for the African Commission on Human and Peoples' Rights, www.oas.org/en/iachr/expression/basic_documents/declarations.asp. Accessed on 1 December 2019.

Jørgensen, R.F., 'Framing the Net: How Discourse Shapes Law and Culture.' (PhD thesis, Roskilde University, Denmark, 2012).

Jørgensen, R.F., 'An Internet Bill of Rights?' in I. Brown (ed.), *Research Handbook on Governance of the Internet* (Elgar 2013).

Karppinen, K., 'Rethinking Media Pluralism and Communicative Abundance' (2010) 11 *Observatorio Journal* 151–159.

Karppinen, K., *Rethinking Media Pluralism* (Fordham University Press 2013).

Katzenbach, C., 'Media Governance and Technology' in M.E. Price, S. Verhulst, and L. Morgan (eds), *Routledge Handbook of Media Law* (Routledge 2013).

Keane, J., 'Public Life in the Era of Communicative Abundance' (1999) 24 *Canadian Journal of Communication* 165.

Kettemann, M.C., 'The UN Human Rights Council Resolution on Human Rights on the Internet: Boost or Bust for Online Human Rights Protection?' (2012) 1 *Human Security Perspectives* 145.

Kluver, R., Jankowski, N.W., Foot, K., and Schneider, S.M. (eds), *The Internet and National Elections: A Comparative Study of Web Campaigning* (Routledge 2014), 1–5.

Krueger, B.S., 'A Comparison of Conventional and Internet Political Mobilization' (2006) 34 *American Politics Research* 759.

Kulesza, J., 'Freedom of Information in the Global Information Society–The Question of the Internet Bill of Rights' (2008) 1 *University of Warmia and Mazury in Olsztyn Law Review* 85.

La Agenda, Digital Jalisco State-level Coordination Meetings on the Implementation of the Digital Inclusion Program (Guadalajara, Jalisco, 23 June 2011, 4 July 2011, 12 July 2011, 1 August 2011, 15 August 2011).

Lakomy, M. and Lakomy, L., 'The Future of the Internet—A Pessimistic Scenario' (2013) *Media Studies* 55. http://mediastudies.eu/Numery/2013_4_55/lakomy-en.pdf.

Land, M.K., 'Toward an International Law of the Internet' (2013) 54 *Harvard International Law Journal* 399.

Landman, T., 'A Most Unlikely Case: Chile, Pinochet and the Advance of Human Rights' (2013) 51(2) *Revista Política* (2013) 37.

Landman, T. and Carvalho, E., *Measuring Human Rights* (Routledge 2010).

LaRose, R., DeMaagd, K., Chew, H.E., Tsai, H.S., Steinfield, C., Wildman, S.S., and Bauer, J.M., 'Measuring Sustainable Broadband Adoption: An Innovative Approach to Understanding Broadband Adoption and Use' (2012) *International Journal of Communication* 6. https://ijoc.org/index.php/ijoc/article/view/1776.

Lavrysen, L., 'Protection by the Law: The Positive Obligation to Develop a Legal Framework to Adequately Protect ECHR Rights' in Y. Haeck and E. Brems (eds), *Human Rights and Civil Liberties in the 21st Century* (Springer 2014).

Legg, A., *The Margin of Appreciation in International Human Rights Law: Deference and Proportionality* (OUP 2012).

Leon, M.A., Administrator of CASA San Sebastian del Oeste (Interview, San Sebastian del Oeste, Jalisco, 21 July 2011).

Letsas, G., *A Theory of Interpretation of the European Convention on Human Rights* (OUP 2007).

Leuf, B., *Peer to Peer: Collaboration and Sharing over the Internet* (Addison-Wesley Longman Publishing Co Inc 2002).

Leye, V., 'UNESCO's Communication Policies as Discourse: How Change, Human Development and Knowledge Relate to Communication' (2009) 31 *Media, Culture, and Society* 939.

Lixinski, L., 'Treaty Interpretation by the Inter-American Court of Human Rights: Expansionism at the Service of the Unity of International Law' (2010) 21 *European Journal of International Law* 601.

Lucchi, N., 'Access to Network Services and Protection of Constitutional Rights: Recognizing the Essential Role of Internet Access for the Freedom of Expression' (2011) 19 *Cardozo Journal of International and Comparative Law* 645.

Lucchi, N., 'Freedom of Expression and the Right of Access to the Internet' in M.E. Price, S. Verhulst, and L. Morgan (eds), *Routledge Handbook of Media Law* (Routledge 2013).

Lucchi, N., 'Internet Content Governance and Human Rights' (2013) 16 *Vanderbilt Journal of Entertainment and Technology Law* 40.

Lucchi, N., 'The Role of Internet Access in Enabling Individual's Rights and Freedoms' (29 June 2013) European University Institute - RSCAS Working Paper No. 2013/47.

Lukas, K., 'The Collective Complaint Procedure of the European Social Charter: Some Lessons for the EU?' (2014) 41 *Legal Issues of Economic Integration* 275.

Lupu, Y. and Voeten, E., 'Precedent in International Courts: A Network Analysis of Case Citations by the European Court of Human Rights' (2012) 42 *British Journal of Political Science* 414.

Lynch, M., 'After Egypt: The Limits and Promise of Online Challenges to the Authoritarian Arab State' (2011) 9 *Perspective on Politics* 301.

Mac Síthigh D., 'From Freedom of Speech to the Right to Communicate' in M.E. Price, S. Verhulst, and L. Morgan (eds), *Routledge Handbook of Media Law* (Routledge 2013).

Mahoney, P., 'Marvellous Richness of Diversity or Invidious Cultural Relativism' (1998) 19(1) *Human Rights Law Journal* 1–6.

Mansell, R., 'The Life and Times of the Information Society' (2010) 28 *Prometheus* 167.

Mansell, R. and Nordenstreng, K., 'Great Media and Communication Debates: WSIS and the MacBride Report' (2006) 3 *Information Technologies and International Development* 15.

Masmoudi, M., 'Correlations between NWICO and Information Society: Reflections of a NWICO actor' in D. Frau-Meigs, J. Nicey, M. Palmer, J. Pohle, and P. Tupper (eds), *From NWICO to WSIS: 30 Years of Communication Geopolitics-Actors and Flows, Structures and Divides* (Intellect 2012).

McDonagh, M., 'The Right to Information in International Human Rights Law' (2013) 13 *Human Rights Law Review* 25.

McGonagle, T., 'Representation of Minorities: Rights of Access' (7 February 2012). *Media and Human Rights* (London: Clemens Nathan Research Centre) 106–126, 2009; Amsterdam Law School Research Paper No. 2012–18; Institute for Information Law Research Paper No. 2012-14. Available at SSRN: https://ssrn.com/abstract=2000616.

McGonagle, T., 'Promoting Cultural Diversity in the Irish Broadcasting Sector: An Assessment of International Standards and Best Practices with a View to Their Operationalisation in an Irish Context' (Research paper, Amsterdam Law School, Netherlands, 2012).

McGonagle, T., 'The Council of Europe's Standards on Access to the Media for Minorities: A Tale of Near Misses and Staggered Successes' in M. Amos, J. Harrison, and L. Woods (eds), *Freedom of Expression and the Media* (Martinus Nijhoff Publishers 2012).

McIver, W., Birdsall, W., and Rasmussen, M. 'The Internet and the Right to Communicate' (2003) *First Monday* 8. https://www.firstmonday.org/article/view/1102/1022.

McKenna, A., 'The Right to Communicate: A Continuing Victim of Historical Links to the NWICO and UNESCO?' in D. Frau-Meigs, J. Nicey, M. Palmer, J. Pohle, and P. Tupper (eds), *From NWICO to WSIS: 30 Years of Communication Geopolitics-Actors and Flows, Structures and Divides* (Intellect 2012).

McLuhan, M., *Understanding Media: The Extensions of Man* (MIT Press 1994).

Mendoza, D., Chief Technician of DCC for La Agenda Digital, University of Guadalajara (Interview, Guadalajara, Mexico, 3 July, 7 July, 2 August 2011).

Merrills, J.G., *The Development of International Law by the European Court of Human Rights* (Manchester University Press 1995).

Michel, R., Administrator of CASA Tonaya y Tuxacuesco (Interview, Tuxacuesco, Jalisco, 19 July 2011).

Modoux, A., 'Past Witnesses' Present Comments' in D. Frau-Meigs, J. Nicey, M. Palmer, J. Pohle, and P. Tupper (eds), *From NWICO to WSIS: 30 Years of Communication Geopolitics-Actors and Flows, Structures and Divides* (Intellect 2012).

Mody, B. and Lee, A., 'Differing Traditions of Research on International Media Influence' in W.B. Gudykunst and B. Moly (eds), *Handbook of International and Intercultural Communication*, 2nd edn (Sage Publications Inc 2002).

Moreno, E., Senior Coordinator of DCC for La Agenda Digital, University of Guadalajara (Interview, Guadalajara, Mexico, 2 July, 3 July, 2 August 2011).

Morozov, E., *The Net Delusion: How Not to Liberate the World* (Penguin UK 2011).

Morozov, E., *The Net Delusion: The Dark Side of Internet Freedom* (Public Affairs 2011).

Mortimer, R., *The Third World Coalition in International Politics* (Praeger 1980).

Mossberger, K., Tolbert, C., and Hamilton, A., 'Measuring Digital Citizenship: Mobile Access and Broadband'. (2012) 6 *International Journal of Communication* 173.

Mossberger, K., Tolbert, C.J., and Stansbury, M., *Virtual Inequality: Beyond the Digital Divide* (Georgetown University Press 2003).

Moukdad, H., 'URLs in their Native Language: Opinions of Arab Users of the Internet' in *Proceedings of the Annual Conference of the Canadian Association for Information Science* (CAIS 2010).

Movement Yo Soy 132, www.yosoy132media.org/sin-categoria/sobre-esos-degeneracion-mexico/. Accessed on 15 September 2014.

Mowbray, A., *The Development of Positive Obligations under the ECHR by the European Court of Human Rights* (Hart 2004).

Mowbray, A., 'The Creativity of the European Court of Human Rights' (2005) 5 *Human Rights Law Review* 57.

Mowbray, A., 'A Study of the Principle of Fair Balance in the Jurisprudence of the European Court of Human Rights' (2010) 10 *Human Rights Law Review* 316.

Mowlana, H., *International Flow of Information: A Global Report and Analysis* (UNESCO 1985).

Mueller, M.L., Kuerbis, B.N., and Pagé, C., 'Democratizing Global Communication? Global Civil Society and the Campaign for Communication Rights in the Information Society' (2007) 1 *International Journal of Communication* 272.

Mueller, M.L., Mathiason, J., and Klein, H., 'The Internet and Global Governance: Principles and Norms for a New Regime' (2007) 13 *Global Governance* (2007) 237.

Mun-cho, K. and Jong-Kil, K., 'Digital Divide: Conceptual Discussions and Prospect' in W. Kim, T.-W. Ling, Y.-J. Lee, and S.-S. Park (eds), *The Human Society and the Internet: Internet Related Socio-Economic Issues* (Springer 2001).

Napoli, P.M., 'Exposure Diversity Reconsidered' (2011) 1 *Journal of Information Policy* 246.

Napoli, P.M. and Karppinen, K., 'Translating Diversity to Internet Governance'. (2013) 18(12) *First Monday*. https://firstmonday.org/ojs/index.php/fm/article/view/4307/3799.

Naughton, J., *From Gutenberg to Zuckerberg: What You Really Need to Know about the Internet* (Quercus 2011).

Negrete, M.A., Administrator of CASA El Rincon (Interview, El Rincon, Jalisco, 13 July 2011).

Nelson, M., *War of the Black Heavens: The Battles of Western Broadcasting in the Cold War* (Brassy's 2003).

Nieuwenhuis, A., 'The Concept of Pluralism in the Case Law of the ECtHR'. (2007) 3 *European Constitutional Law Review* 367.

Nordenstreng, K., 'Defining the New International Information Order' in G. Gerbner and M. Siefert (eds), *World Communications: A Handbook* (Longman 1984).

Nordenstreng, K., *The Mass Media Declaration of UNESCO* (Ablex 1984).

Nordenstreng, K., *New International Information and Communication Order: Sourcebook* (International Organization of Journalists 1991).

Nordenstreng, K., 'Legal Status and Significance' in G. Gerbner, H. Mowlana, and K. Nordenstreng (eds), *The Global Media Debate: Its Rise, Fall and Renewal* (Ablex 1993).

Nordenstreng, K., 'The Forgotten History of Global Communication Negotiations at the League of Nations' in D. Stauffacher and W. Kleinwächter (eds), *The World Summit on the Information Society: Moving from the Past into the Future* (UN ICT Task Force 2005).

Nordenstreng, K., 'MacBride Report as a Culmination of NWICO' (2010) *Les Enjeux de l'information et la communication* 3.

Nordenstreng, K., 'Media Policy' in R. Mansell and M. Raboy (eds), *The Handbook of Global Media and Communication Policy* (Wiley-Blackwell 2011).

Nordenstreng, K., 'The New World Information and Communication Order: Testimony of an Actor' in F. Deppe, W. Meixner, and G. Pallaver (eds), *Widerworte. Philosophie Politik Kommunikation. Festschrift für Jörg Becker* (Innsbruck University Press 2011).

Nordenstreng, K., 'The History of NWICO and Its Lessons' in D. Frau-Meigs, J. Nicey, M. Palmer, J. Pohle, and P. Tupper (eds), *From NWICO to WSIS: 30 Years of Communication Geopolitics-Actors and Flows, Structures and Divides* (Intellect 2012).

Nordenstreng, K. and Schiller, H. (eds), *National Sovereignty and International Communication* (Ablex Publishing Company 1979).

Norris P., 'The Restless Searchlight: Network News Framing of the Post-Cold War World' (1995) 12 *Political Communication* 367.

Norris, P., *Digital Divide: Civic Engagement, Information Poverty, and the Internet Worldwide* (CUP 2001).

O'Donnell, T.A., 'The Margin of Appreciation Doctrine: Standards in the Jurisprudence of the European Court of Human Rights' (1982) 4 *Human Rights Quarterly* 491.

O'Flaherty, M., 'Freedom of Expression: Article 19 of the International Covenant on Civil and Political Rights and the Human Rights Committee's General Comment No 34' (2012) 12 *Human Rights Law Review* 25.

OAS, *IACHR 2011 Annual Report*, Volume 2 (2011) OEA/Ser L/V/II.

OAS, *Freedom of Expression and the Internet*, Office of the Special Rapporteur for Freedom of Opinion and Expression, Catalina Botero Marino (2013), www.oas.org/en/iachr/expression/docs/reports/2014_04_08Internet_ENG%20_WEB.pdf. Accessed on 5 March 2019.

OAS, 'Pact of San Jose, Costa Rica', www.cidh.oas.org/basicos/english/Basic4.Amer.Conv.Ratif.htm Accessed on 29 June 2014.

OGP, 'Open Government Partnership [OGP] Declaration', www.opengovpartnership.org. Accessed on 20 September 2014.

Open Society's Justice Initiative Brief, www.opensocietyfoundations.org/sites/default/files/echr-yildirim-written-comments-20110706.pdf. Accessed on 17 July 2018.

Osah, J.U., Khene, C.P., and Foster, G., 'Critical Themes of Process Assessment in Rural ICT4D Projects: An Analysis of Assessment Approaches' (2013) 60 *The Electronic Journal of Information Systems in Developing Countries* 1.

Padovani, C., 'Debating Communication Imbalances from the MacBride Report to the World Summit on the Information Society: An Analysis of a Changing Discourse' (2005) 1 *Global Media and Communication* 316.

Padovani, C. and Nordenstreng, K., 'From NWICO to WSIS: Another World Information and Communication Order?' (2005) 1 *Global Media and Communication* 264.

Palmer, M., 'NWICO and the Cold War: Issues and Perspectives' (UNESCO History Conference: UNESCO and the Cold War, Heidelberg, March 2010).

Papacharissi, Z., 'The Virtual Sphere: The Internet as a Public Sphere' (2002) 4 *New Media & Society* 9.

Park, S., 'The United Nations Human Rights Council's Resolution on Protection of Freedom of Expression on the Internet as a First Step in Protecting Human Rights Online' (2013) 38 *North Carolina Journal of International Law and Commercial Regulation* 1129.

Parkinson, S. and Lauzon, A.C., 'The Impact of the Internet on Local Social Equity: A Study of a Telecenter in Aguablanca, Columbia' (2008) 4 *MIT Press Journals ITID* 21.

Peled, R. and Rabin, Y., 'The Constitutional Right to Information' (2010) 42 *Columbia Human Rights Law Review* 388.

Pellonpaa, M., 'The Principle of Subsidiarity and Margin of Appreciation' in J. Casadevall, E. Myjer, M. O'Boyle, and A. Austin (eds), *Freedom of Expression: Essays in Honor of Nicolas Bratza, President of the European Court of Human Rights* (Wolf Legal Publishers 2012).

Peha, J.M., Lehr, W.H., and Wilkie, S., 'The State of the Debate on Network Neutrality' (Carnegie Mellon University, Department of Engineering and Public Policy Paper 29 2007). https://repository.cmu.edu/epp/29. Accessed on 5 November 2018.

Penney, J.W., 'Internet Access Rights: A Brief History and Intellectual Origins' (2011) 38 *Wm Mitchell Law Review* 10.

Pierskalla, J.H. and Hollenbach, F.M., 'Technology and Collective Action: The Effect of Cell Phone Coverage on Political Violence in Africa' (2013) 107 *American Political Science Review* 207.

Raboy, M., 'The WSIS as a Political Space in Global Media Governance' (2004) 18 *Continuum: Journal of Media & Cultural Studies* 348.

Rodriguez, E., Administrator of CASA Talpa de Allende (Interview, Talpa de Allende, 21 July 2011).

Rodriguez, S.Y., Administrator of CASA Cuautitlan (Interview, Cuautitlan, Jalisco, 17 July 2011).

Romero, V.M.G., Secretary General of the State of Jalisco, State Government of Jalisco (Interview, Guadalajara, Jalisco, 10 June 2011).

Rowbottom, J., 'Animal Defenders International: Speech, Spending, and a Change of Direction in Strasbourg' (2013) 5 *Journal of Media Law* 1.

Ruiz, E.S., 'Current Aspects of the MacBride Report: A Latin American Viewpoint' in *25 Years of the MacBride Report* (Portal Comunicación 2005), www.portalcomunicacion.com/informe_macbride/eng/articles.asp Accessed on 5 September 2014.

Rutzen, D. and Zenn, J., 'Association and Assembly in the Digital Age' (2011) *International Journal of Not-for-Profit Law* 13. http://www.icnl.org/research/journal/vol13iss4/special_1.htm.

Sarkar, U., Karter, A.J., Liu, J.Y., Adler, N.E., Nguyen, R., López, A., and Schillinger, D., 'Social Disparities in Internet Patient Portal Use in Diabetes: Evidence that the Digital Divide Extends Beyond Access' (2011) 18 *Journal of the American Medical Informatics Association* 318.

Schiller, H.I., 'Transnational Media and National Development' in K. Nordenstreng and H. Schiller (eds), *National Sovereignty and International Communication* (Ablex Publishing Company 1979).

Schollmeier, R., 'A Definition of Peer-to-Peer Networking for the Classification of Peer-to-Peer Architectures and Applications' in *IEEE International Conference on Peer-to-Peer Computing* (IEEE Computer Society 2001), 0101–0101.

Servon, L.J., *Bridging the Digital Divide: Technology, Community and Public Policy* (John Wiley & Sons 2008).

Sey, A., Coward, C., Bar, F., Sciadas, G., Rothschild, C., and Koepke, L., 'Connecting People for Development: Why Public Access ICTs Matter'. (2013), http://tascha.uw.edu/publications/connecting-people-for-development Accessed on 28 August 2014.

Sey, A. and Fellows, M., 'Loose Strands: Searching for Evidence of Public Access ICT Impact on Development' in *Proceedings of the 2011 iConference* (ACM 2011), 189–194.

Shah, D.V., Cho, J., Eveland, W.P., and Kwok, N., 'Information and Expression in a Digital Age Modeling Internet Effects on Civic Participation' (2005) 32 *Communication Research* 531.

Shaver, L., 'The Inter-American Human Rights System: An Effective Institution for Regional Rights Protection' (2010) 9 *Washington University Global Studies Law Review* 662.

Shelton, D.E., 'All Aboard? Electronic Filing and the Digital Divide' (2001) 40 *American Bar Association Judge's Journal* 331–368.

Shirazi, F., Ngwenyama, O., and Morawczynski, O., 'ICT Expansion and the Digital Divide in Democratic Freedoms: An Analysis of the Impact of ICT Expansion, Education and ICT Filtering on Democracy' (2010) 27 *Telematics and Informatics* 21.

Shtern, J., Landry, N., and Raboy, M., 'The Least Imperfect Form of Global Governance Yet? Civil Society and Multi-stakeholder Governance of Communication' in D. Frau-Meigs, J. Nicey, M. Palmer, J. Pohle, and P. Tupper (eds), *From NWICO to WSIS: 30 Years of Communication Geopolitics-Actors and Flows, Structures and Divides* (Intellect 2012).

Singh, J.P., 'Towards Knowledge Societies in UNESCO and Beyond' in D. Frau-Meigs, J. Nicey, M. Palmer, J. Pohle, and P. Tupper (eds), *From NWICO to WSIS: 30 Years of Communication Geopolitics-Actors and Flows, Structures and Divides* (Intellect 2012).

Slaughter, A.-M., 'A Typology of Transjudicial Communication' (1994) 29 *University of Richmond Law Review* 99.

Slaughter, A.-M., 'A Global Community of Courts' (2003) 44 *Harvard International Law Journal* 191.

Sluijs, J.P., 'From Competition to Freedom of Expression: Introducing Article 10 ECHR in the European Network Neutrality Debate' (2012) 12 *Human Rights Law Review* 509–554.

Sreberny-Mohammadi, A., Nordenstreng, K., Stevenson, R., and Ugboajah, F. (eds), *Foreign News in the Media: International Reporting in Twenty-Nine Countries* (UNESCO 1985).

Stevenson, R.L. and Shaw, D.L. (eds), *Foreign News and the New World Information Order* (Iowa State University Press 1984).

Sunstein, C., 'The Law of Group Polarization' in J. Fishkin and P. Laslett (eds), *Debating Deliberative Democracy* (Blackwell 2003).

Sunstein, C., 'Democracy and the Internet' in J. van den Hoven and J. Weckert (eds), *Information Technology and Moral Philosophy* (CUP 2008).

Tănase v. Moldova [GC], no. 7/08, § 162, ECHR (2010).

Thorgeirsdóttir, H., *Journalism Worthy of the Name: Freedom Within the Press and the Affirmative Side of Article 10 of the European Convention on Human Rights* (Martinus Nijhoff Publishers 2005).

Tiilikka, P., 'Access to Information as a Human Right in the Case Law of the European Court of Human Rights' (2013) 5 *Journal of Media Law* 79.

Tizapan Users 1,3,4,5, 7 (Interview, Tizapan el Alto, Jalisco, 26 and 27 June 2011).

Torrijo, X.F., 'La Proteccion de la Libertad de Expresion en el Sistema Interamericano de Derechos Humanos y la Promocion de la Democracia' (2002) 13 *Revista de Derecho (Universidad de Valdivia)* 225.

Tremblay, G., 'The MacBride Report, Always Topical' in *25 Years of the MacBride Report* (Portal Comunicación 2005), www.portalcomunicacion.com/informe_macbride/eng/articles.asp.

Trindade, A.C., 'Reflexiones Sobre el Future del Sistema Interamericano de Proteccion de los Derechos Humanos' in J.E. Mendez and F. Cox (eds), *El Futuro del Sistema Interamericano de Proteccion a los Derecho Humanos* (San José, Costa Rica: Instituto Interamericano de Derechos Humanos 1998).

Tufekci, Z. and Wilson, C., 'Social Media and the Decision to Participate in Political Protest: Observations From Tahrir Square' (2012) 62 *Journal of Communication* 363.

Tully, S., 'A Human Right to Access the Internet? Problems and Prospects' (2014) 14 *Oxford Human Rights Law Review* 186.

Tuxacuesco Users 2, 5, 6 (Interview, Tuxacuesco, Jalisco, 19 July 2011).

UN, 'United Nations Conference on Freedom of Information Final Act' Res no 1 (23 March–21 April 1948) E/CONF.6/79.

UN, 'Note by the Secretary-General, Opinion of the United Nations Conference on Freedom of Information on Articles 17 and 18 of the Draft International [on an International Bill of Rights] and Article 17 of the Draft International Covenant on Human Rights' (30 April 1948) E/CN.4/84.

UN, 'WSIS Geneva Declaration of Principles' (10–12 December 2003) WSIS-03/GENEVA/DOC/0004-E.

UN, 'WSIS Geneva Plan of Action' (10–12 December 2003) WSIS-03/GENEVA/DOC/0005.

UN, 'WSIS Tunis Agenda for the Information Society' (18 November 2005) WSIS-05/TUNIS/DOC/6 (rev. 1)-E.

UN, 'WSIS Tunis Commitment' (18 November 2005) WSIS-05/TUNIS/DOC/7-E.

UN, 'United Nations E-Government Survey 2012: E-Government for the People' (2012).

UN, United Nations Document E/Conf.6/C.1/SR/8 - 1948.

UN ECOSOC, 'Freedom of Information' (28 April 1961) 819, http://daccessdds-ny.un.org/doc/UNDOC/GEN/NR0/758/66/IMG/NR075866.pdf?OpenElement. Accessed on 20 September 2015.

UN GIS, 'Joint Statement on the Post-2015 Development Agenda' (May 2013), www.unesco.org/new/fileadmin/MULTIMEDIA/HQ/CI/CI/pdf/wsis/ungis_joint_statement_wsis_2013.pdf. Accessed on September 2018.

UN OSCE, 'Joint Declaration on Freedom of Expression and the Internet' (1 June 2011), www.oas.org/en/iachr/expression/basic_documents/declarations.asp. Accessed on.

UNCHR, 'Right to Freedom of Opinion and Expression' (5 March 1993) Res 1993/45.

UNCHR, 'Fact Sheet No. 27: Seventeen Frequently Asked Questions about the United Nations Special Rapporteurs' (2001), www.ohchr.org/Documents/Publications/FactSheet27en.pdf. Accessed on 15 May 2015.

UNESCO, 'Declaration on Fundamental Principles concerning the Contribution to the Mass Media to Strengthening Peace and International Understanding, to the Promotion of Human Rights and to Countering Racialism, Apartheid and Incitement to War' (22 November 1978).

UNGA, 'Resolution 59' (14 December 1946), www.un.org/documents/ga/res/1/ares1.htm. Accessed on 27 September 2014.

UNGA, 'International Co-operation to Assist in the Development of Information Media in Less Developed Countries' (7 December 1962) Res 1778 (XVII).

UNGA, Res 33/115 (18 December 1978).

UNGA, 'High Commissioner for the Promotion and Protection of All Human Rights' (20 December 1993) A/RES/48/141.

UNGA, 'United Nations Millennium Declaration' (18 September 2000) A/RES/55/2.

UNGA, 'World Summit on the Information Society' (31 January 2002) A/RES/56/183.

UNGA, 'Convention on the Rights of Persons with Disabilities' (13 December 2006) UN Doc A/RES/61/106.

UNGA, 'Information and Communication Technologies for Development' (28 January 2009) A/Res/63/202.

UNGA, 'Report of the Special Rapporteur on the Promotion and Protection of the Right to Freedom of Opinion and Expression, Frank La Rue' (16 May 2011) UN Doc A/HRC/17/27.

UNGA, 'Promotion and Protection of the Right to Freedom of Opinion and Expression' (10 August 2011) UN Doc A/66/290.

UNGA, 'Resolution on The Promotion, Protection and Enjoyment of Human Rights on the Internet' (29 June 2012) UN Doc A/HRC/20/L13.

UNHRC, 'CCPR General Comment No. 25: Article 25 (Participation in Public Affairs and the Right to Vote), The Right to Participate in Public Affairs, Voting Rights and the Right of Equal Access to Public Service' (12 July 1996) UN Doc CCPR/C/21/Rev.1/Add.7.

UNHRC, 'Mandate of the Special Rapporteur on the Promotion and Protection of the Right to Freedom of Opinion and Expression' (28 March 2008) Res 7/36.

UNHRC, 'General Comment No 34: Article 19: Freedom of Opinion and Expression' (12 September 2011) UN Doc CCPR/C/GC/34.

UNHRC, 'Report of the Special Rapporteur in the Field of Cultural Rights, Farida Shaheed: The Right to Enjoy the Benefits of Scientific Progress and its Applications' (14 May 2012) UN Doc A/HRC/20/26.

UNHRC, 'Report of the Independent Expert on Minority Issues, Rita Izsák' (31 December 2012) UN Doc A/HRC/22/49.

Universal Declaration of Human Rights (adopted 10 December 1948 UNGA Res 217 A(III) (UDHR).

Unwin, P.T.H. (ed.), *ICT4D: Information and Communication Technology for Development* (CUP 2009).

US Department of State Publication 3687, International Organization and Conference Series III, 43.

Vajic, N. and Voyatzis, P., 'The Internet and Freedom of Expression: A "Brave New World" and the ECtHR's Evolving Case-law' in J. Casadevall, E. Myjer, M. O'Boyle, and A. Austin (eds), *Freedom of Expression: Essays in Honor of Nicolas Bratza, President of the European Court of Human Rights* (Wolf Legal Publishers 2012).

Valcke, P., 'From Ownership Regulations to Legal Indicators of Media Pluralism: Background, Typologies, and Methods' (2009) 6 *Journal of Media Business Studies* 19.

Valcke, P., 'Looking for the User in Media Pluralism Regulation: Unraveling the Traditional Diversity Chain and Recent Trends of User Empowerment in European Media Regulation' (2011) 1 *Journal of Information Policy* 289.

Valenzuela, A., Administrator of CASAs La Gloria (Interview, La Gloria, Jalisco, 22 July 2011).

Van Alstyne, W., *First Amendment: Cases and Materials*, 2nd edn. (Foundation Press 1995).

Van De Donk, W., Loader, B.D., Nixon, P.G., and Rucht, D. (eds), *Cyberprotest: New Media, Citizens and Social Movements* (Routledge 2004).

Van Hoboken, J., *Search Engine Freedom: On the Implications of the Right to Freedom of Expression for the Legal Governance of Web Search Engines* (Kluwer Law International 2012).

Verhulst, S., 'Mediation, Mediators and New Intermediaries: Implications for the Design of New Communications Policies' in P.M. Napoli (ed), *Media Diversity and Localism: Meaning and Metrics* (Lawrence Erlbaum 2007).

Vinekar, V., Tellis, W., and Langran, E., 'Using ICT and Service Learning in Rural Senegal' (2011) 12 *Issues in Information Systems* 464–472.

Voorhoof, D., 'The Right to Freedom of Expression and Information under the European Human Rights System: Towards a More Transparent Democratic Society' (RSCAS 2014), http://cadmus.eui.eu/handle/1814/29871. Accessed on 15 March 2015.

Voorhoof, D. and Cannie, H., 'Freedom of Expression and Information in a Democratic Society: The Added but Fragile Value of the European Convention on Human Rights' (2010) 72 *International Communication Gazette* 407.

Voorhoof, D. and Fathaigh, R.O., 'The Press and NGOs' Right of Access to Official Documents under Strict Scrutiny of the European Court of Human Rights'. Strasbourg Observers Blog (2013), http://hdl.handle.net/1854/LU-4227347. Accessed on 15 April 2015.

Walters, G.J., *Human Rights in an Information Age* (University of Toronto Press 2002).

Wanasundera, L., *Public Access to Information & ICTs Final Report: Sri Lanka* (University of Washington Center for Information & Society 2008).

Weber, R.H., 'ICT Policies Favouring Human Rights' in J. Lannon and E. Halpin (eds), *Human Rights and Information Communication Technologies: Trends and Consequences of Use* (IGI Global 2012).

Whitton, J.B., 'The United Nations Conference on Freedom of Information and the Movement Against International Propaganda' (1949) 43 *The American Journal of International Law* 73.

Willets, P., *The Non-Aligned Movement: The Origins of a Third World Alliance* (F Pinter 1978).

WSIS, 'Resolution 73 of the ITU Plenipotentiary Conference' (Minneapolis, 1998).

WSIS, 'Background Note on the Information Society and Human Rights' (27 October 2003) UN Doc WSIS/PC-3/CONTR/178-E.

WSIS, 'Shaping Information Societies for Human Needs: Civil Society Declaration to the World Summit on the Information Society' (8 December 2003), www.itu.int/wsis/docs/geneva/civil-society-declaration.pdf. Accessed on 20 September 2014.

WSIS, 'The Geneva Declaration of Principles and Plan of Action' (10–12 December 2003), introductory letter by Pascal Couepin, www.itu.int/wsis/docs/promotional/brochure-dop-poa.pdf. Accessed on 14 March 2017.

WSIS, 'Statement by Mr. Bertrand Ramcharan, Acting High Commissioner for Human Rights, Geneva' (11 December 2003).

WSIS, Official List of Participants: www.itu.int/wsis/docs2/tunis/final-list-participants.pdf. Accessed on 15 September 2014.

WSIS, 'WSIS +10 High-Level Event Outcomes Document' (2014).

WSIS, 'WSIS+10 Outcome Documents: Geneva 2014' (ITU 2014).

Xenos, D., *The Positive Obligations of the State under the European Convention of Human Rights* (Routledge 2012).

Yu, P.K., 'Reconceptualizing Intellectual Property Interests in a Human Rights Framework' (2007) 40 *UC Davis Law Review* 1041–1149.

Zamora, R.G.G., Administrator of CASA Tapalpa (Interview, Tapalpa, Jalisco, 15 July 2011).



Taylor & Francis eBooks

www.taylorfrancis.com

A single destination for eBooks from Taylor & Francis with increased functionality and an improved user experience to meet the needs of our customers.

90,000+ eBooks of award-winning academic content in Humanities, Social Science, Science, Technology, Engineering, and Medical written by a global network of editors and authors.

TAYLOR & FRANCIS EBOOKS OFFERS:

- A streamlined experience for our library customers
- A single point of discovery for all of our eBook content
- Improved search and discovery of content at both book and chapter level

REQUEST A FREE TRIAL

support@taylorfrancis.com

Routledge
Taylor & Francis Group

CRC Press
Taylor & Francis Group



https://kantkawtaw-library.org


LINE
TALK